ရန်ကုန်မြို့

ကျောင်းတော်ရာ ရွှေကျင်ဆရာတော် ဘုရားကြီးနှင့်

စစ်တွေမြို့

အနောက် ပေါက်တောချောင် တောရ

နာဇီ[illegible]ုန်းတော်ကြီးတို့၏

သဒ္ဓိဝိဟာရိက ဖြစ်ဘူးသူ

## အရှင် တိက္ခိန္ဒြိယ

ရေးသားစီရင်အပ်သော

# သမုပ္ပါဒနိရောဓဂကျမ်း

ပဌမတွဲ

သာသနာ ၂၅၁၅ ကောဇာ ၁၃၃၃ စက်တင်ဘာ ၁၉၇၁

၂၁၃၇၅

ရန်ကုန်မြို့

ကျောင်းတော်ရာ ရွှေကျင်ဆရာတော် ဘုရားကြီးနှင့်

စစ်တွေမြို့

အနောက် ပေါက်တောချောင် တောရ

နာဇီဘုန်းတော်ကြီးတို့၏

သဒ္ဓိဝိဟာရိက ဖြစ်ဘူးသူ

# အရှင်တိက္ခိန္ဒြိယ

ရေးသားစီရင်အပ်သော

# သမ္ပုပ္ပါဒနိရောဓဂကျမ်း

## ပဌမတွဲ

ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း

ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၅ ကောဇာ ၁၃၃၃ စက်တင်ဘာ ၁၉၇၁

ရန်ကုန်မြို့၊ ကမ္ဘာအေး စာတိုက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ အတွင်းရေးမှူး (အုပ်ချုပ်ရေး
အရာရှိချုပ်) ဦးလှမောင် M.A., M.S., B.L. (မှတ်ပုံတင်အမှတ်
၀ကျ၉/၀၅၂၂) က ပုံနှိပ်ထုတ်ဝေသည်။

## ဦးတိက္ခိန္ဒြိယ အရှင်သူမြတ်၏

# အတ္ထုပ္ပတ္တိစာတမ်း

ဇေယျတု....သုံးလူမြတ်စွာ စောသတ္ထာ၏ သာသနာတော်သက္ကရာဇ် ၂၄၁၄-ခု ကောဇာသက္ကရာဇ် ၁၂၃၂-ခု ဥတုဂိမ္ဟန္တ ဝါဆိုလဆန်းပက္ခ ၁၂-ရက် **စနေနေ့** နံနက် ၄-နာရီကျော်အချိန်၌ **စစ်တွေမြို့** ဘောက်သီးစုရပ် **စာရေးကြီး ဦးရဲဘော်**၏ ဇနီးဖြစ်သော စာရေးကြီးကတော် **ဒေါ်မြပန်းဦး**မှ မြတ်စွာဘုရား**ရှင်၏** သာသနာတော်မြတ်ကြီးကို အထူးအားဖြင့် အဓိပညာ ဝိပဿနာသာသနာတော်မြတ်ကို စည်ပင်ပြန့်ပွါး ထွန်းကားအောင် ဆောင်ရွက်နိုင်မည့် သားရတနာကို ဖွားမြင်တော်မူသည်။ ငယ်မည်မှာ **မောင်သာမာဦး** ဖြစ်သည်။

ဆရာတော် ဦးတိက္ခိန္ဒြိယ အလောင်းလျာ မောင်သာမာဦးမှာ ညီအစ်ကို အရင်း ၂-ယောက်ရှိသည်၊ ၎မောင်သာမာဦးက အစ်ကိုကြီးဖြစ်၍ ညီငယ်မှာ မောင်ပေါ်ထွန်း (နောင်အခါ မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီး ဖြစ်လာသည့် ဆာပေါ်ထွန်း) ဖြစ်သည်။

အခြား မောင်သာမာဦး၏ ဝမ်းကွဲများမှာ—

၁။ ဦးသာဇံဦး၊ ရွှေစလွယ်ရ စက်ရှင်မင်းကြီး၊ ဖျာပုံမြို့။

၂။ ဦးစောရဖူး၊ ဒိစတြိတ်အရေးပိုင်မင်း၊ တောင်ငူမြို့။

၃။ ဦးမောင်ထွန်းအောင်၊ အထူးရာဘက်တရားသူကြီး၊ ပုသိမ်မြို့။

၄။ ဦးရွှေသာ၊ ပုလိပ်အင်စပိတ္တော်၊ ဖျာပုံမြို့တို့ ဖြစ်သည်။

**မောင်သာမာဦးကို အရွယ်သို့ရောက်သောအခါ မိဘများသည် ခေတ်ပညာ အတန်းကျောင်း၌ ထားရာ ၇-တန်းကို မြန်မာတပြည်လုံး၌ ပဌမ ရခဲ့သည်။**

မောင်သာမာဦးကို မိဘများက သာသနာတော်၏ အမွေကို ခံယူနိုင်ရန် ဗုဒ္ဓဘာသာများ၏ ထုံးတမ်းစဉ်လာအရ စစ်တွေမြို့အနောက် ပေါက်တော ချောင်တောရ (ယခု ဘုရားလေးဆူကျောင်း) **နာဇီဆရာတော်** ဘုရား၏ အထံ တော်၌ ရှင်သာမဏေပြုသည်။

ကိုရင်သာမာဦးကို **ကိုရင်တိဿ** ဟု ဥပဇ္ဈာယ်နာဇီဆရာတော်ဘုရားက ဘွဲ့ သနားတော်မူသည်။

ကိုရင်တိဿသည် မွေ့လျော်သဖြင့် သာသနာတော်၌ ပျော်ပိုက်၍ နေခဲ့ရာ အသက် ၂၀-စေ့သောအခါ ဥပဇ္ဈာယ် နာဇီဆရာတော်ဘုရားက ရဟန်းပြု၍ ပေးတော်မူပါသည်။

ရဟန်းတော် ဦးတိဿသည် ရန်ကုန်မြို့သို့ ကြွလာ၍ **ကျောင်းတော်ရာ ရွှေကျင်ဆရာတော်** ဘုရားကြီး၏ အထံတော်၌ ပိဋကကျမ်းဂန်ပညာအဝဝတို့ကို သင်ကြားနာယူလျက် ကျောင်းတော်ရာ ရွှေကျင်တိုက်၌ သီတင်းသုံးတော်မူပါသည်။

ရဟန်းတော် ဦးတိဿသည် တဖန် ဇလန္ဒိယသို့ ကြွရောက်လျက် ဇလန္ဒိယ၌ သုံးနှစ် သီတင်းသုံးတော်မူပါသည်။

ဇလန္ဒိယမှတဖန် သီဟိုဠ်သို့ ကြွရောက်လျက် သီဟိုဠ်၌ ငါးနှစ်သီတင်းသုံးတော်မူပါသည်။ သီဟိုဠ်၌ သီတင်းသုံးတော်မူစဉ် သီဟိုဠ်ဒက္ခိဏသာခါ ဗောဓိပင် ဘုရားဂုဏ်တော်ကို အာရုံပြုလျက် လွန်စွာ ကြည်ညိုလှသဖြင့် လက်ဝဲဘက် လက်ညှိုးကိုဖြတ်လျက် ဆီဆွတ်သောအဝတ်ဖြင့် ရစ်ပတ်၍ ဒက္ခိဏသာခါ ဗောဓိပင်အား ဆီမီးပူဇော်တော်မူပါသည်။

သီဟိုဠ်မှ ပြန်ကြွလာပြီးနောက် စစ်တွေခရိုင် တောကျောင်းတကျောင်းတွင် သီတင်းသုံးနေတော်မူရာ ကြီးကျယ်စွာ မကျန်းမမာဖြစ်တော်မူသဖြင့် ပရိသုဒ္ဓိပြု၍ လူထွက်တော်မူသည်။

နောက်မကြာမီပင် သံဝေဂရလျက် ရသေ့ပြုလုပ်၍ မဟာမြိုင်တော၌ တရားအားထုတ်၍နေပြီး နောက်တဖန် စစ်ကိုင်းသို့ ကြွရောက်ပြီးလျှင် သမ္ဗုဏ္ဏာရာမ၌ သီတင်းသုံးတော်မူသည်။

၎င်းမှ ကြံခင်းမြို့ ကန်ကလေးတောရသို့ ကြွရောက်ပြီး နေစဉ် ကျောင်းအမကြီး ဒေါ်ဖော့၏ လျှောက်ကြားချက်ဖြင့် ညောင်တုန်းမြို့ ရွှေဟသ်ာတောရသို့ ကြွရောက်ပြီး ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီးကိုဥပဇ္ဈာယ်ပြု၍ (ထိုအခါ၌ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင် ဆရာတော်ဘုရားကြီးသည် ညောင်တုန်းမြို့ ရွှေဟသ်ာတောရ၌ သီတင်းသုံးတော်မူသည်) ဆရာတော်ဘုရားက **ဦးတိက္ခိန္ဒြိယဟူသောဘွဲ့ဖြင့်** သနားတော်မူသည်။

ဦးတိက္ခိန္ဒြိယ အရှင်မြတ်သည် ကြိမ်ချောင်း၌၎င်း၊ လေးမျက်နှာ၌၎င်း သီတင်းသုံးတော်မူဘူးသည်၊ မြင်းခြံ၌ သီတင်းသုံးတော်မူစဉ် ထူးဆန်းလှစွာသော အိပ်မက်ကို မြင်မက်ပြီးနောက် ဤဝိပဿနာလမ်းစဉ်ကို ထိုးထွင်းသိမြင်တော်မူပြီးလျှင် ကျင့်ကြံ ကြိုးကုတ် အားထုတ်တော်မူရာ တပည့်ဒါယကာ ရှင်

လူ အားလုံးကပင် အရိယာ သူတော်စင် မထေရ်မြတ်ဟူ၍ ယုံကြည် သဒ္ဓါရှင်လန်းစွာဖြင့် ဆည်းကပ် ကိုးကွယ်ကြလေသည်။

ထို ဦးတိက္ခိန္ဒြိယအရှင်မြတ်သည် ထိုထိုမြို့ရွာတို့သို့ လှည့်လည်လျက် တရားဓမ္မတို့ကို ဟောကြား ပြသ ဆုံးမတော်မူစဉ် ကြံခင်းမြို့ ကန်ကလေးတောရ၌ သီတင်းသုံးတော်မူခိုက် သူရဲတန်းသူကြီး ဦးသုခ၏ ပင့်လျှောက်ချက်ဖြင့် သူရဲတန်း ပန်းတောင်းမြို့တို့သို့ ကြွရောက် တရားဟောတော်မူရာ ပန်းတောင်းမြို့ ဒါယကာ-ဒါယိကာမများ၏ ပင့်လျှောက်ချက်ဖြင့် ပန်းတောင်းကြေးဘုရားကြီး အနီး ကျောင်း၌ တဝါ သီတင်းသုံးတော်မူပါသည်။

ထိုနောက် ကျောင်းဒါယကာကြီး ဦးရွှေထိုက်၏ ပင့်လျှောက်ချက်ဖြင့် ရွှေတောင်မြို့ ရွှေပြောင်ပြောင်ဘုရားအတွင်းသို့ ကြွရောက် တရား ဟောကြားတော်မူပါသည်။ ထိုအခါ ဦးဘိုးဆိုင်၊ ဦးစံညွန့်၊ ဦးသစ်၊ ဦးရွှေထိုက်၊ ဦးအောင်ကျော်တို့သည် ယခု အမ္ဗာရာမတိုက်တည်ရာ သရက်ခြံဥယျာဉ်ကို ဝယ်ယူကြပြီးလျှင် ၁၂၈၂-ခုနှစ် အမ္ဗာရာမကျောင်းတိုက်ကို တည်ထောင်ကြလျက် ဦးတိက္ခိန္ဒြိယအရှင်မြတ်ကို ကိုးကွယ်ကြလေသည်။

ဦးတိက္ခိန္ဒြိယအရှင်မြတ်သည် ရွှေတောင်မြို့ အမ္ဗာရာမကျောင်းတိုက်၌ မိမိလည်း အားထုတ်၊ သူတပါးတို့အားလည်း ဟောကြား ပြသလျက် သီတင်းသုံးတော်မူစဉ် ကျောင်းဒါယကာကြီး ဦးစံညွန့် ကွယ်လွန်ပြီး တနေ့သောအခါ၌ စကြံကျောင်းကြီးပေါ် ကုတင်အထက်၌ တရားအားထုတ်တော်မူရာ ရှေးရှေးအားထုတ်စဉ်အခါများကထက် တရားအမြင် ပေါက်တော်မူသည်။

ဦးနာရဒ (စစ်တွေမြို့-အာကျတ်တော်ကုန်း-ဆရာတော်) အား ဆရာတော်သည် မိမိတရားအမြင်ပေါက်ပုံတို့ကို မိန့်ကြားတော်မူပါသည်။ ထိုအခါမှစ၍ တပည့် ရှင်,လူ အားလုံးကပင် အလွန်ရင့်သန်သည့် အရိယာ သူတော်စင်ဟု နှလုံးပိုက် ယုံကြည်ကာ ဆထက်ထမ်းပိုး တိုး၍ ပူဇော်ကြသည်။

ဤသို့ ကမ္မဋ္ဌာန်းဘာဝနာ တရားအရာ၌ စာတွေ့ကိုယ်တွေ့နှင့် ပြည့်စုံတော်မူသော ဦးတိက္ခိန္ဒြိယ အရှင်မြတ်သည်—

သမုပ္ပါဒ နိရောဓဂကျမ်း

ဓမ္မစကြာ အမေး အဖြေကျမ်း

ပရမတ္ထာဒိနယဒဿနကျမ်း

ဝေဒနာနုပဿနာကျမ်း

နိရောဓ ဝိနိစ္ဆယကျမ်း

ဗုဒ္ဓါနုဿတိကျမ်း

ပဋ္ဌာဗျာကရဏကျမ်း

ဝိညာဏာနုပဿနာကျမ်း

နိဗ္ဗာနတ္ထ ဝိနိစ္ဆယကျမ်း

သင်္ဂြိုဟ်နိဿျသစ်ကျမ်း

စတုသစ္စာနုပဿနီကျမ်း

တိဟေတုက ဝိနိစ္ဆယကျမ်း

ဣဿျာဒိပကာသနီကျမ်း

မဟာသတိပဋ္ဌာနသုတ် နိဿယနှင့် အဖြေကျမ်း

အစရှိသော ကျမ်းပေါင်းများစွာတို့ကို ပြုစုတော်မူသည်။

ယင်းသို့ ကျမ်းပေါင်းများစွာကို ပြုစုတော်မူကာ မိမိသိမြင်ထားသည့်တရားသဘောတို့ကို ဖော်ပြ၍ သာသနာပြုခြင်းဖြင့် အားရတင်းတိမ်ခြင်း ရှိတော်မမူသော ဆရာတော် ဦးတိက္ခိန္ဒြိယသည် တရားသိမြင်လိုသူ လူအပေါင်းတို့အား ကိုယ်တိုင် တွေ့ဆုံဟောပြောလိုသောကြောင့်—

မည်သည့်မြို့က မဆို တရားဓမ္မကို သိလိုနာခံမှတ်သားလေ့ကျက်လို၍ ပင့်ခေါ်လျှင် အကြောင်းညီညွတ်ပါက ခွင့်ပေးပါကြောင်း၊ မြတ်စွာဘုရား သာသနာတော် ပွင့်လင်းဘို့ရာ အကျိုးဆောင်လျက် အစဉ်ရှိပါကြောင်း၊ သမထ ဝိပဿနာ တရားအလုပ်ကို ကျနစွာ လုပ်လိုသူ အပေါင်းတို့သည်— ရွှေတောင်မြို့-ရှမ်းတန်းထိပ်၊ အမ္ဗာရာမတိုက်သို့ လာရောက်၍ တရားအလုပ် ကြိုးစားကြရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်—

ဟူ၍ အရှင်မြတ်၏ ကျမ်းအချို့၌ ဘိတ်ခေါ်စာ ထည့်သွင်းထားပေသည်။

ဤသို့လျှင် လောကအကျိုး၊ သာသနာအကျိုး၊ မိမိ၏အကျိုး၊ သူတပါးတို့၏ အကျိုးတို့ကို သည်ပိုးတော်မူလျက် ၁၃၀၃-ခု၊ ဝါဆိုလပြည့်ကျော် ၁၁-ရက် သောကြာနေ့ ညဉ့် ၈-နာရီ အချိန်၌ ဘဝနတ်ထံ ပျံလွန်တော်မူသည် ဖြစ်ပါကြောင်း။

**အရှင်ဦးတိက္ခိန္ဒြိယ-ဝိပဿနာအဖွဲ့။**

ရန်ကုန်မြို့။

# နိဒါန်း

ဤသမုပ္ပါဒ နိရောဓဂကျမ်း ပဌမပိုင်းကို ရေးသားခြင်း၏ အကြောင်းကား ကျိုက်လတ်မြို့နေ ဥစ္စာများစွာရှိသော မြေပိုင်ရှင် ဦးမောင်ကြီးသည် ပဋိစ္စ-သမုပ္ပါဒ်၏ လည်ကြောင်းနှင့် လွတ်ကြောင်းတို့ကို အများသိရလျှင် သာသနာတော်၌ များစွာအကျိုးရှိမည်ကိုမြင်၍ ရေးသားရန် လျှောက်ထားခြင်းကြောင့် သာသနာတော်မြတ်၏ နက်နဲသိမ်မွေ့သော တရားကို သိထိုက်သော သူတို့ သိလွယ်စေခြင်းငှါလည်းကောင်း၊ နက်နဲသိမ်မွေ့သော သာသနာတော်တရားကို သိထိုက်သော သူတို့ သိကြတိုင်း သိကြတိုင်း သာသနာတော် စည်ပင်ထွန်းလင်းခြင်းသို့ ရောက်၏၊ ထိုသို့ သာသနာတော် စည်ပင် ထွန်းလင်းခြင်း အကျိုးငှါလည်းကောင်း ဤသမုပ္ပါဒနိရောဓဂကျမ်း ပဌမပိုင်းကို ရေးသား ပြုလုပ်လေသတည်း၊ ထိုကျမ်းသည် သာသနာတော်ကိုလည်း ထွန်းလင်းစေသတည်း၊ ကြည့်ရှုသော သူတို့လည်း နက်နဲသိမ်မွေ့သော တရားကို သိနိုင်ကြစေသတည်း။

နိဒါန်း ပြီးပြီ။

## ကုသိုလ်ကောင်းမှုကို မဆိုင်းဘဲ ပြုရမည်

အဇ္ဇေဝ ကိစ္စံ ကာတဗ္ဗံ၊
ကော ဇညာ မရဏံ သုဝေ။
န ဟိ နော သင်္ဂရံ တေန၊
မဟာသေနေန မစ္စုနာ။

ကိစ္စံ၊ ပြုဘွယ်ကိစ္စ ကုသိုလ်ကောင်းမှု ဟူသမျှကို။ အဇ္ဇေဝ၊ ယနေ့ကပင် ကြိုတင်၍။ ကာတဗ္ဗံ၊ ပြုလုပ်အပ်၏။ သုဝေ မရဏံ၊ နက်ဖြန်ကျမှ သေမည် ဟူ၍။ ကော ဇညာ၊ မည်သူတဦးတယောက် ထွင်းဖောက်၍ သိနိုင်ပါအံ့နည်း။ မဟာသေနေန၊ များသော စစ်သည် အခြံအရံရှိသော။ တေန မစ္စုနာ၊ ထို သေမင်းနှင့်။ နော၊ ငါတို့အား။ သင်္ဂရံ၊ နှစ်ဦးသဘောတူ အချိန်းအချက် စကား ဆက်သွယ်ခြင်းသည်။ န ဟိ၊ မရှိသည်သာလျှင်တည်း။



ယခုပစ္စက္ခဘဝ၌ ကျွတ်ထိုက်သူဝေနေယျအပေါင်းကို သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာအဖြစ် ရောက်နိုင်ရန် အမြိုမြိုသို့ လှည့်လည်၍ တရားဓမ္မဆုံးမသူ (ဦးတိက္ခိန္ဒြိယ ပုံတော်)

မည်သည့်မြို့ကမဆို တရားဓမ္မကို သိလို နာခံမှတ်သား လေ့ကျက်လို၍ ပင့်ခေါ်လျှင် အကြောင်းညီညွတ်လျှင် ခွင့်ပေးပါကြောင်း၊ မြတ်စွာဘုရား သာသနာတော် ပွင့်လင်းကြဘို့ရာ အကျိုးဆောင်လျက် အစဉ်ရှိပါကြောင်း၊ သမထ ဝိပဿနာ တရားအလုပ်ကို ကျနစွာ လုပ်လိုသူအပေါင်းတို့သည်—

ရွှေတောင်မြို့ ရှမ်းတန်းထိပ် အမ္ဗာရာမတိုက်သို့ လာရောက်၍ တရားအလုပ် ကြိုးစားတော်မူရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

## သမုပ္ပါဒနိရောဓဂကျမ်း

# မာတိကာ

---

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ရတနတ္တယပဏာမအချီး .... .... | ၁ |
| သမုပ္ပါဒနိရောဓဂပုဒ်တို့၏ ဝစနတ္ထနှင့် ကျမ်း၏လဒ္ဓဂုဏ်ကို ပြဆိုချက် | ၅ |
| **အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ အခဏ်း** .... .... | ၁၂-၁၇၇ |
| ရှဉ်တို့၏သဘောလက္ခဏာစသည်ကို မသိနိုင်ပုံ .... .... | ၁၂ |
| ဝိညာဏဓာတ် ၇-ပါးတို့၏ သဘောလက္ခဏာကို ပြဆိုချက် .... | ၂၁ |
| ဖဿစသော အညသမာန်းစေတသိက်တို့၏ သဘောလက္ခဏာတို့ကို ပြဆိုချက် .... .... | ၂၄ |
| မောဟစသော အကုသိုလ်စေတသိက်တို့၏ သဘောလက္ခဏာတို့ကို ပြဆိုချက် .... .... | ၂၈ |
| သဒ္ဓါစသော သောဘနစေတသိက်တို့၏ သဘောလက္ခဏာစသည် တို့ကို ပြဆိုချက် .... .... | ၃၂ |
| ဩတ္တပ္ပ၏ ဓမ္မဝဝတ္ထာန် ၄-ပါးကို အဝိဇ္ဇာက မသိပုံ.... .... | ၃၃ |
| အလောဘ၏ ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၃၃ |
| အဒေါသ၏ ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၃၃ |
| တတြမဇ္ဈတ္တတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၃၄ |
| ကာယပဿဒ္ဓိ၏ ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၃၄ |
| စိတ္တပဿဒ္ဓိ၏ ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၃၄ |
| ကာယလဟုတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၃၅ |
| စိတ္တလဟုတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၃၅ |
| ကာယမုဒုတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၃၆ |
| စိတ္တမုဒုတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၃၆ |
| ကာယကမ္မညတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၃၆ |
| စိတ္တကမ္မညတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၃၇ |
| ကာယပါဂုညတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၃၇ |
| စိတ္တပါဂုညတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၃၈ |
| ကာယုဇုကတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၃၈ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| စိတ္တဇုကတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး | .... | .... | ၃၉ |
| သမ္မာဝါစာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး | .... | .... | ၃၉ |
| သမ္မာကမ္မန္တ၏ ဓမ္မဝဝတ္ထာန် ၄-ပါး | .... | .... | ၄၀ |
| သမ္မာအာဇီဝ၏ ဓမ္မဝဝတ္ထာန် ၄-ပါး | .... | .... | ၄၀ |
| ကရုဏာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး | .... | .... | ၄၀ |
| မုဒိတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး | .... | .... | ၄၁ |
| ပညိန္ဒြေ၏ ဓမ္မဝဝတ္ထာန် ၄-ပါးကို အဝိဇ္ဇာက မသိပုံ | | .... | ၄၁ |
| နိဗ္ဗာန်၏ လက္ခဏာစသည်ကို အဝိဇ္ဇာက မသိပုံ | .... | .... | ၄၂ |
| ပညတ်နှစ်ပါးကို အဝိဇ္ဇာက မသိပုံ | .... | .... | ၄၂ |
| အဝိဇ္ဇာ၏ သဘောလက္ခဏာ စသည်တို့ကို ပြဆိုချက် | | .... | ၄၃ |
| အဝိဇ္ဇာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး | .... | .... | ၄၃ |
| မဟာဘုတ်ဥပါဒါရုပ်တို့ကို ပြဆိုချက် | .... | .... | ၄၄ |
| မဟာဘုတ်ခေါ်ပုံ ရှင်းချက် | .... | .... | ၄၅ |
| ဥပါဒါရုပ်ခေါ်ပုံ ရှင်းချက် | .... | .... | ၄၇ |
| ရုပ်သည် သဘောတရားမျှ ဖြစ်ပုံ | .... | .... | ၄၈ |
| **အတိတ်အနာဂတ်စသော ရုပ် ၁၁-ရာသီတို့ကို ပြဆိုချက်** | | | ၄၉ |
| အတိတ်ရုပ် | .... | .... | ၄၉ |
| အနာဂတ်ရုပ် | .... | .... | ၅၀ |
| ပစ္စုပ္ပန်ရုပ် | .... | .... | ၅၁ |
| သုတ္တန်နည်း ကာလသုံးပါး ခွဲပုံ | .... | .... | ၅၃ |
| အဘိဓမ္မာနည်း ကာလသုံးပါး ခွဲပုံ | .... | .... | ၅၄ |
| အဋ္ဌကထာနည်း ကာလသုံးပါး ခွဲပုံ | .... | .... | ၅၆ |
| အဒ္ဓါအစွမ်းဖြင့် ကာလသုံးပါး | .... | .... | ၅၆ |
| သန္တတိအစွမ်းဖြင့် ကာလသုံးပါး | .... | .... | ၅၇ |
| ဥတုဇရုပ် အာဟာရဇရုပ် ကာလသုံးပါး | .... | .... | ၅၈ |
| စိတ္တဇရုပ် ကာလသုံးပါး | .... | .... | ၅၈ |
| ကမ္မဇရုပ် ကာလသုံးပါး | .... | .... | ၅၉ |
| သမယအစွမ်းဖြင့် ကာလသုံးပါး | .... | .... | ၅၉ |
| ခဏအစွမ်းဖြင့် ကာလသုံးပါး | .... | .... | ၆၀ |
| ကာလခွဲပုံ မုချနည်းနှင့် ဥပစာနည်း | .... | .... | ၆၁ |
| မုချခွဲနည်းကို ယူသင့်ပုံ | .... | .... | ၆၂ |
| ရုပ်ကို အဇ္ဈတ္တ ဗဟိဒ္ဓ ခွဲပုံ | .... | .... | ၆၃ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အဇ္ဈတ္တရုပ် .... .... | ၆၃ |
| ဗဟိဒ္ဓရုပ် .... .... | ၆၃ |
| ရုပ်ကို ဩဠာရိက သုခုမ ခွဲပုံ .... .... | ၆၄ |
| ဩဠာရိက=ကြမ်းတမ်းသောရုပ် .... .... | ၆၄ |
| သုခုမ=နူးညံ့သောရုပ် .... .... | ၆၆ |
| ရုပ်ကို ဟီန ပဏီတ ခွဲပုံ .... .... | ၆၆ |
| ဟီန=ယုတ်ညံ့သောရုပ် .... .... | ၆၆ |
| ပဏီတ=မြင့်မြတ်သောရုပ် .... .... | ၆၇ |
| စက္ခုစသော ရုပ်များကိုလည်း ဟီန ပဏီတ ခွဲသင့်ပုံ .... | ၆၈ |
| အဆင့်ဆင့် ထောက်ဆ၍ ရုပ်ကို ဟီန ပဏီတ ခွဲပုံ .... | ၆၉ |
| ရုပ်ကို ဒူရ သန္တိက=အနီး အဝေး ခွဲပြခြင်း .... .... | ၇၂ |
| ဝေးသော=ဒူရရုပ်ဖြစ်ပုံ .... .... | ၇၂ |
| ဝေးသော=ဒူရရုပ် ၁၆-ပါး .... .... | ၇၃ |
| နီးသော=သန္တိကရုပ် ၁၂-ပါး .... .... | ၇၄ |
| နီးသော=သန္တိကရုပ် ဖြစ်ပုံ ရှင်းချက် .... .... | ၇၅ |
| ရူပက္ခန္ဓာခေါ် ကြောင်းနှင့် ခန္ဓသဒ္ဒါ ရူပသဒ္ဒါတို့၏အနက်ကို ပြဆိုချက် | ၇၅ |
| ခန္ဓသဒ္ဒါအနက် .... .... | ၇၆ |
| ရူပသဒ္ဒါအနက် .... .... | ၇၇ |
| **အတိတ် အနာဂတ် စသော ဝေဒနာ ၁၁-ရာသီတို့ကို ပြဆိုချက်** | ၇၇ |
| ဝေဒနာကို ကာလသုံးပါး ခွဲပုံ .... .... | ၇၇ |
| ဝေဒနာသုံးမျိုး .... .... | ၇၇ |
| အတိတ်ဝေဒနာ .... .... | ၇၈ |
| အနာဂတ်ဝေဒနာ .... .... | ၇၉ |
| ပစ္စုပ္ပန်ဝေဒနာ .... .... | ၈၀ |
| ဝေဒနာကို သန္တတိအစွမ်းအားဖြင့် ကာလသုံးပါး ခွဲပုံ .... | ၈၁ |
| ဝေဒနာကို ခဏ၏အစွမ်းဖြင့် ကာလသုံးပါး ခွဲပုံ .... .... | ၈၂ |
| ဝေဒနာကို အဇ္ဈတ္တ ဗဟိဒ္ဓ=အတွင်း အပ ခွဲပုံ .... .... | ၈၃ |
| အတွင်း အဇ္ဈတ္တ ဝေဒနာ .... .... | ၈၃ |
| ကုသလတိက်ဖြင့် ဝေဒနာကို ဩဠာရိက သုခုမ=အကြမ်း အနု ခွဲပုံ | ၈၆ |
| အကုသိုလ်ဝေဒနာ ရုန့်ရင်းရပုံ ရှင်းချက် .... .... | ၈၆ |
| ကုသိုလ်နှင့် အဗျာကတဝေဒနာ နူးညံ့ရပုံ ရှင်းချက် .... | ၈၇ |

အကြောင်းအရာ စာမျက်နှာ


အဝိဇ္ဇာသင်္ခါရတို့ကို ဝိပဿနာရှုရန် .... .... ၁၄၂
နိရောဓဓာတ်ကြီး ဖြစ်ပေါ်ခြင်း .... .... ၁၄၃
နိဗ္ဗာန်မမြင်က မဂ်ဖိုလ်မရနိုင် .... .... ၁၄၄
နိဗ္ဗာန်မြင်မှ မဂ်ဖိုလ်ရပုံ .... .... ၁၄၄
သစ္စာလေးပါးကို တပြိုင်နက် မဂ်မြင်ပုံ၏ သာဓကပါဠိတို့နှင့် ဥပမာ
ဥပမေယျပါဠိတို့ကို ပြခြင်း .... .... ၁၄၅
မဂ်ကိစ္စလေးချက်ဖြစ်ပုံ .... .... ၁၄၇
အာရုံပြုသိနှင့် ကိစ္စသိ အထူး .... .... ၁၄၈

မဂ်စိတ်ဖြစ်ခိုက် ၎င်းမဂ်စိတ်၌ ပါဝင်သော စေတသိက်တရားတို့နှင့်
တကွ ဗောဓိပက္ခိယတရားတို့ ကိစ္စပြုလုပ်ပုံကို ပြဆိုချက် ၁၅၀

သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး .... .... ၁၅၀
ပကိဏ်းစေတသိက် ၆-ပါး .... .... ၁၅၁
သဗ္ဗာကုသလသာဓာရဏစေတသိက် ၁၉-ပါး .... .... ၁၅၁
ဝိရတီ ၃-ပါး .... .... ၁၅၄
မဂ်ဉာဏ်၏ ဗောဓိပက္ခိယ ကိစ္စ ၅-ပါး .... .... ၁၅၄
သတိစေတသိက်၏ ကိစ္စ ၈-ပါး .... .... ၁၅၆
ဝီရိယစေတသိက်၏ ကိစ္စ ၉-ပါး .... .... ၁၅၇
ဧကဂ္ဂတာစေတသိက်၏ ကိစ္စ ၄-ပါး .... .... ၁၅၉
သဒ္ဓါစေတသိက်၏ ကိစ္စ ၂-ပါး .... .... ၁၆၀
သမ္မာဝါစာ၏ ကိစ္စ ၁-ပါး .... .... ၁၆၀
သမ္မာကမ္မန္တ၏ ကိစ္စ ၁-ပါး .... .... ၁၆၁
သမ္မာအာဇီဝ၏ ကိစ္စ ၁-ပါး .... .... ၁၆၁
ပီတိနှင့် ပဿဒ္ဓိတို့၏ ကိစ္စ .... .... ၁၆၁
တတြမဇ္ဈတ္တတာ၏ ကိစ္စ ၁-ပါး .... .... ၁၆၁
ဆန္ဒနှင့် စိတ်တို့၏ ကိစ္စ ၁-ပါးစီ .... .... ၁၆၂
ဝိတက်၏ ကိစ္စ ၁-ပါး .... .... ၁၆၂

သောတာပတ္တိမဂ်နောင် ဖိုလ်ဖြစ်ပုံ, ပစ္စဝေက္ခဏာဇောတို့ ဖြစ်ပုံ,
အထက်မဂ်တို့ ဖြစ်ပုံတို့ကို ပြဆိုချက် .... .... ၁၆၂

မဂ္ဂဝီထိဖြစ်ပုံ .... .... ၁၆၂
ပစ္စဝေက္ခဏာဝီထိဖြစ်ပုံ .... .... ၁၆၃
နိဗ္ဗာန်ကို ဒိဋ္ဌမြင်လျက် အပြောခက်ပုံ .... .... ၁၆၃

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| သောတာပန်၏ အကျိုးတရား | .... | .... | ၁၆၄ |
| အထက်မဂ်ဖိုလ် ၃-ပါး ဆိုက်ရောက်ပုံ | .... | .... | ၁၆၅ |
| သကဒါဂါမ်ဖြစ်ပုံ | .... | .... | ၁၆၅ |
| အနာဂါမ်ဖြစ်ပုံ | .... | .... | ၁၆၆ |
| ရဟန္တာဖြစ်ပုံ | .... | .... | ၁၆၆ |
| ကိစ္စ ၄-ဖြာ သစ္စာ ၄-ချက် | .... | .... | ၁၆၆ |
| မဂ်တရား ချုပ်ပြီးနောက် မဂ်ကိစ္စ ထင်ရှားနေပုံ | .... | .... | ၁၆၈ |
| မဂ်ပယ်အပ်သော ကိလေသာတို့ အဘာဝဖြစ်ပုံ | .... | .... | ၁၆၈ |
| ရာဂက္ခယပုဒ် အနက် ၃-မျိုး | .... | .... | ၁၆၈ |
| ရာဂကုန်ကြောင်း နိဗ္ဗာန် | .... | .... | ၁၆၉ |
| ရာဂကုန်ရာ အရဟတ္တဖိုလ် | .... | .... | ၁၇၁ |
| ရာဂက္ခယပုဒ် ဝိဂ္ဂိုဟ် ၃-မျိုး | .... | .... | ၁၇၂ |
| ရာဂကုန်ခြင်း ၂-မျိုး | .... | .... | ၁၇၄ |
| နိရောဓသမာပတ် သခ်တ အသခ်တမဟုတ် | .... | .... | ၁၇၆ |
| သံသရာစက်ပြတ်ပုံကို ပြဆိုချက် | .... | .... | ၁၇၇ |
| **သခ်ါရပစ္စယာ ဝိညာဏံ အခဏ်း** | .... | .... | ၁၇၉၊ ၄၆၄ |
| သခ်ါရကြောင့်ဖြစ်သော ဝိညာဉ်တို့ကို အနုစိတ်၍ ပြဆိုချက် | | .... | ၁၇၉ |
| အကျိုးဝိညာဏ် ၃၂-ပါး | .... | .... | ၁၇၉ |
| ဖိုလ်စိတ်သည် သခ်ါရ၏ အကျိုးမဟုတ် | .... | .... | ၁၈၁ |
| လောကီဝိပါက်စိတ် သခ်ါရ၏ အကျိုးဖြစ်ပုံ ရှင်းချက် | | .... | ၁၈၂ |
| ကာမကုသိုလ် အကျိုး ဝိညာဉ် ၁၆-ပါး | .... | .... | ၁၈၄ |
| ရူပကုသိုလ် အကျိုး ဝိညာဉ် ငါးပါး | .... | .... | ၁၈၅ |
| ပုညာဘိသခ်ါရ အကျိုး ဝိညာဏ် ၂၁-ပါး | .... | .... | ၁၈၆ |
| အာနေဉ္ဇာဘိသခ်ါရ အကျိုး ဝိညာဏ် ၄-ပါး | .... | .... | ၁၈၆ |
| အပုညာဘိသခ်ါရ အကျိုး ဝိညာဏ် ၇-ပါး | .... | .... | ၁၈၇ |
| ပဋိသန္ဓေ ပဝတ္တိဝိညာဏ် ၂-ပါး | .... | .... | ၁၈၈ |
| ပဋိသန္ဓေဝိညာဏ် | .... | .... | ၁၈၉ |
| စုတိနှင့် ပဋိသန္ဓေ ဆက်စပ်ပုံ | .... | .... | ၁၈၉ |
| ပဋ္ဌာန်းနည်း ရှင်းချက် | .... | .... | ၁၈၉ |
| ပဋိသန္ဓေစိတ်ခေါ်ပုံရှင်းချက် | .... | .... | ၁၉၀ |
| ပဝတ္တိဝိညာဏ် | .... | .... | ၁၉၁ |
| ဘုံအားဖြင့် ပဋိသန္ဓေဝိညာဏ် ခွဲပုံ | .... | .... | ၁၉၁ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| အပါယ်ပဋိသန္ဓေဝိညာဏ် ဖြစ်ပုံ | .... | ... | ၁၉၂ |
| အဟိတ် ကာမ သုဂတိ ပဋိသန္ဓေ | .... | .... | ၁၉၂ |
| သဟိတ် ကာမပဋိသန္ဓေ | .... | .... | ၁၉၃ |
| ရူပ ပဋိသန္ဓေဝိညာဏ်ဖြစ်ပုံ | .... | .... | ၁၉၄ |
| အရူပ ပဋိသန္ဓေဝိညာဏ် | .... | .... | ၁၉၅ |
| အသညသတ် ပဋိသန္ဓေ | .... | .... | ၁၉၇ |
| ဝိညာဏ်ဖြစ်သည်ဟု ပြောခြင်း ရှင်းချက် | .... | .... | ၁၉၇ |
| **ပဋိသန္ဓေ ဘဝင် စုတိတို့၏ အာရုံဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်တို့ကို ပြဆိုချက်** | .... | .... | ၁၉၈ |
| ကံအာရုံ ပြဆိုချက် | .... | .... | ၁၉၈ |
| ကမ္မနိမိတ်အာရုံ | .... | .... | ၁၉၉ |
| ဂတိနိမိတ်အာရုံ | .... | .... | ၁၉၉ |
| ပဋိသန္ဓေ ဝိညာဉ်အာရုံ ၃-မျိုး | .... | .... | ၂၀၀ |
| ပဋိသန္ဓေစိတ်နှင့် ပညတ်အာရုံ | .... | .... | ၂၀၂ |
| ပဋိသန္ဓေစိတ်နှင့် အာရုံ ၅-ပါး | .... | .... | ၂၀၂ |
| ဋီကာအဓိပ္ပါယ်ရှင်းချက် | .... | .... | ၂၀၃ |
| ဘဝင်နှင့် စုတိစိတ်တို့၏ အာရုံ | .... | .... | ၂၀၅ |
| ဘုံအားဖြင့် ပဋိသန္ဓေစိတ် အာရုံခွဲပုံ | .... | .... | ၂၀၆ |
| **သေခါနီးကာလ၌ နိမိတ်သုံးပါးတို့တွင် တပါးပါးထင်သော်လည်း မရဏာသန္နဇောမကျမီ တင်ကူး၍ ထင်ပုံကို ပြဆိုချက်** | | | ၂၀၈ |
| နိမိတ်အာရုံ ကေန်ထင်လာပုံ | .... | .... | ၂၀၈ |
| ကမ္မနိမိတ် ထင်ဟန်ပုံစံ | .... | .... | ၂၁၀ |
| ရဟန္တာ၌ နိမိတ်မထင်ခြင်း | .... | .... | ၂၁၁ |
| ပုထုဇန်သေက္ခတို့ ကေန္တနိမိတ်ထင်ခြင်း | .... | .... | ၂၁၁ |
| လျင်မြန်သော သေခြင်းတမျိုး | .... | .... | ၂၁၂ |
| မရဏာသန္နဇောမကျမီ နိမိတ်ထင်ခြင်း | .... | .... | ၂၁၃ |
| အဋ္ဌကထာ အဓိပ္ပါယ် ရှင်းချက် | .... | .... | ၂၁၄ |
| **ကာမသုဂတိဘုံမှ စုတေ၍ ဒုဂ္ဂတိဘုံ၌ ပဋိသန္ဓေ ဝိညာဏ်စိတ် ဖြစ်ပုံကို ပြဆိုချက်** | .... | .... | ၂၁၅ |
| **ဘဝကူးပုံ အစီအစဉ်** | .... | .... | ၂၁၅ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| လူဘုံမှ အပါယ်ဘုံသို့ ဘဝကူးဟန် .... .... | ၂၁၆ |
| သေခါနီး ဝီထိကျပုံ .... .... | ၂၁၇ |
| ဝေါဟာရသေ ပရမတ္ထသေ ၂-မျိုး .... .... | ၂၁၇ |
| အပါယ်ပဋိသန္ဓေဖြစ်ပုံ .... .... | ၂၁၈ |
| အတိတ်မရဏာသန္နဇောနှင့် ပစ္စုပ္ပန်ပဋိသန္ဓေ အာရုံတူပုံ .... | ၂၁၉ |
| နတ်ဘုံမှ အပါယ်ဘုံသို့ဖြစ်ဟန် .... .... | ၂၂၂ |
| ပဉ္စဒွါရဝီထိ သေခါနီးဖြစ်ပုံ .... .... | ၂၂၃ |
| ဘဝင်နှစ်ကြိမ်ဖြစ်ပုံ .... .... | ၂၂၃ |
| အာဝဇ္ဇန်းဖြစ်ပုံ .... .... | ၂၂၃ |
| စက္ခုဝိညာဏ်ဖြစ်ပုံ .... .... | ၂၂၃ |
| သောတဝိညာဏ်ဖြစ်ပုံ .... .... | ၂၂၃ |
| ဃာနဝိညာဏ်ဖြစ်ပုံ .... .... | ၂၂၄ |
| ဇိဝှါဝိညာဏ်ဖြစ်ပုံ .... .... | ၂၂၄ |
| ကာယဝိညာဏ်ဖြစ်ပုံ .... .... | ၂၂၄ |
| သမ္ပဋိစ္ဆိုင်းဖြစ်ပုံ .... .... | ၂၂၄ |
| သန္တီရဏဖြစ်ပုံ .... .... | ၂၂၄ |
| ဝုဋ္ဌောဖြစ်ပုံ .... .... | ၂၂၅ |
| ဇောဖြစ်ပုံ .... .... | ၂၂၅ |
| တဒါရုံဖြစ်ပုံ .... .... | ၂၂၅ |
| ဘဝင်စုတိစိတ်ဖြစ်ပုံ .... .... | ၂၂၅ |
| လူသေသည်ကို အဘိဓမ္မာဖြင့် ရှင်းချက် .... .... | ၂၂၅ |
| အပါယ်ပဋိသန္ဓေစိတ် ဖြစ်ပေါ်ပုံ .... .... | ၂၂၆ |
| မရဏာသန္နဇောနှင့် ပဋိသန္ဓေစိတ် အာရုံတူပုံ .... .... | ၂၂၆ |
| **ကာမသုဂတိဘုံမှ စုတေ၍ ကာမသုဂတိဘုံ၌ ပဋိသန္ဓေဝိညာဏ် ဖြစ်ပုံကို ပြဆိုချက်** .... .... | ၂၂၉ |
| နတ်ပြည်၌ဖြစ်မည့် နိမိတ်အာရုံများ .... .... | ၂၂၉ |
| လူ့ဘုံမှ နတ်ဘုံဖြစ်မည့် ဝီထိပုံ .... .... | ၂၃၀ |
| လူနှင့်နတ် ပဋိသန္ဓေဖြစ်ပုံ .... .... | ၂၃၁ |
| ကာမသုဂတိ မရဏာသန္နဇောနှင့် ပဋိသန္ဓေစိတ် အာရုံတူပုံ .... | ၂၃၂ |
| အတိတ်ကံ အာရုံတူပုံ .... .... | ၂၃၂ |
| အတိတ်ကမ္မနိမိတ်အာရုံတူပုံ .... .... | ၂၃၂ |
| ပစ္စုပ္ပန်ဂတိနိမိတ်အာရုံတူပုံ .... .... | ၂၃၂ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဘဝင်စိတ်နှင့် စုတိစိတ်များ .... .... | ၂၃၅ |
| ကာမသုဂတိပဝတ္တိဝိညာဉ် .... .... | ၂၃၅ |
| သေခါနီး ငါးဒွါရ၌ နိမိတ်ထင်ပုံ .... .... | ၂၃၆ |
| စက္ခုဒွါရ၌ ထင်ပုံ .... .... | ၂၃၆ |
| သောတဒွါရ၌ ထင်ပုံ .... .... | ၂၃၆ |
| ဃာနဒွါရ၌ ထင်ပုံ .... .... | ၂၃၆ |
| ဇိဝှါဒွါရ၌ ထင်ပုံ .... .... | ၂၃၆ |
| ကာယဒွါရ၌ ထင်ပုံ .... .... | ၂၃၇ |
| ငါးဒွါရ၌ မရဏာသန္နဝီထိဖြစ်ပုံ .... .... | ၂၃၇ |
| ဘဝင် ၂-ကြိမ် .... .... | ၂၃၇ |
| ပဉ္စဒွါရာဝဇ္ဇန်း .... .... | ၂၃၇ |
| စက္ခုဝိညာဏ် .... .... | ၂၃၇ |
| သောတဝိညာဏ် .... .... | ၂၃၈ |
| ဃာနဝိညာဏ် .... .... | ၂၃၈ |
| ဇိဝှါဝိညာဏ် .... .... | ၂၃၈ |
| ကာယဝိညာဏ် .... .... | ၂၃၈ |
| သမ္ပဋိစ္ဆိုင်းစိတ် .... .... | ၂၃၈ |
| သန္တီရဏစိတ် .... .... | ၂၃၈ |
| ဝုဋ္ဌောစိတ် .... .... | ၂၃၉ |
| ဇော ၅-ကြိမ် .... .... | ၂၃၉ |
| တဒါရုံ ၂-ကြိမ် .... .... | ၂၃၉ |
| စုတိစိတ် ၁-ကြိမ် .... .... | ၂၃၉ |
| လူနှင့်နတ် ပဋိသန္ဓေဖြစ်ပုံ .... .... | ၂၃၉ |
| ကာမသုဂတိဘုံ၌ သေခါနီးဇောနှင့် ပဋိသန္ဓေစိတ်အာရုံတူပုံ .... | ၂၄၀ |
| ရူပါရုံကမ္မနိမိတ်တူပုံ .... .... | ၂၄၀ |
| သဒ္ဒါရုံကမ္မနိမိတ်တူပုံ .... .... | ၂၄၀ |
| ဂန္ဓာရုံကမ္မနိမိတ်တူပုံ .... .... | ၂၄၀ |
| ရသာရုံကမ္မနိမိတ်တူပုံ .... .... | ၂၄၁ |
| ဖောဋ္ဌဗ္ဗာရုံကမ္မနိမိတ်တူပုံ .... .... | ၂၄၁ |
| ကာမသုဂတိပဝတ္တိဝိညာဏ် .... .... | ၂၄၂ |
| **ဒုဂ္ဂတိဘုံမှစုတေ၍ ဒုဂ္ဂတိဘုံ၌ ပဋိသန္ဓေဝိညာဏ်ဖြစ်ပုံကို ပြဆိုချက်** | ၂၄၄ |
| အပါယ်ကျမည့် နိမိတ် ၃-ပါး .... .... | ၂၄၄ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အပါယ်မရဏာသန္နဝီထိ .... .... | ၂၄၄ |
| အပါယ်ဘုံသားသေပုံနှင့် ပရမတ်အမြင် .... .... | ၂၄၅ |
| အပါယ်ပဋိသန္ဓေဖြစ်ပုံ .... .... | ၂၄၅ |
| အပါယ်မရဏာသန္နဇောနှင့် ပဋိသန္ဓေအာရုံတူပုံ .... .... | ၂၄၆ |
| ကံအာရုံတူပုံ .... .... | ၂၄၆ |
| ကမ္မနိမိတ်တူပုံ .... .... | ၂၄၇ |
| ဂတိနိမိတ်တူပုံ .... .... | ၂၄၇ |
| အပါယ်ဘုံမှ အပါယ်ဘုံကျမည့် မရဏာသန္န ပဥ္စဝိညာဏဝီထိဖြစ်ပုံ | ၂၄၇ |
| ယုတ်ညံ့သော အာရုံထင်ပုံ .... .... | ၂၄၇ |
| ဘဝင် ၂-ကြိမ် .... .... | ၂၄၇ |
| ပဥ္စဒွါရာဝဇ္ဇန်း .... .... | ၂၄၇ |
| စက္ခုဝိညာဏ် .... .... | ၂၄၇ |
| သောတဝိညာဏ် .... .... | ၂၄၈ |
| ဃာနဝိညာဏ် .... .... | ၂၄၈ |
| ဇိဝှါဝိညာဏ် .... .... | ၂၄၈ |
| ကာယဝိညာဏ် .... .... | ၂၄၈ |
| သမ္ပဋိစ္ဆိုင်း .... .... | ၂၄၈ |
| သန္တီရဏ .... .... | ၂၄၉ |
| ဝုဋ္ဌော .... .... | ၂၄၉ |
| ဇော ၅-ကြိမ် .... .... | ၂၄၉ |
| တဒါရုံ ၂-ကြိမ် .... .... | ၂၄၉ |
| စုတိစိတ် .... .... | ၂၄၉ |
| သေခြင်းကို ပရမတ်ဖြင့် ရှင်းချက် .... .... | ၂၄၉ |
| အပါယ်ဘုံသား ပြန်ဖြစ်ပုံ .... .... | ၂၅၀ |
| အပါယ် မရဏာသန္နဇောနှင့် အပါယ်ပဋိသန္ဓေ အာရုံတူပုံ .... | ၂၅၁ |
| ရူပါရုံကမ္မနိမိတ်တူပုံ .... .... | ၂၅၁ |
| သဒ္ဒါရုံကမ္မနိမိတ်တူပုံ .... .... | ၂၅၁ |
| ဂန္ဓာရုံကမ္မနိမိတ်တူပုံ .... .... | ၂၅၁ |
| ရသာရုံကမ္မနိမိတ်တူပုံ .... .... | ၂၅၁ |
| ဖောဋ္ဌဗ္ဗာရုံကမ္မနိမိတ်တူပုံ .... .... | ၂၅၂ |
| အပါယ်ပဝတ္တိဝိညာဏ်ဖြစ်ပုံ .... .... | ၂၅၃ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ဒုဂ္ဂတိဘုံမှစုတေ၍ ကာမသုဂတိဘုံ၌ ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပုံကိုပြဆိုချက် | .... | .... | ၂၅၄ |
| သုဂတိဘုံဖြစ်မည့် နိမိတ် ၃-ပါး | .... | .... | ၂၅၄ |
| မနောဒွါရ မရဏာသန္နဝီထိ | .... | .... | ၂၅၄ |
| စုတိစိတ်ဖြစ်ပုံ | .... | .... | ၂၅၅ |
| အပါယ်သားသေပုံကို ပရမတ္ထသဘောဖြင့် ရှင်းချက် | | .... | ၂၅၅ |
| ကာမသုဂတိ ပဋိသန္ဓေစိတ် ဖြစ်ပေါ်ပုံ | .... | .... | ၂၅၆ |
| လူ နတ်ဖြစ်ပုံကို ပရမတ္ထအားဖြင့် ရှင်းချက် | .... | .... | ၂၅၆ |
| အပါယ်မရဏာသန္နဇောနှင့် ကာမသုဂတိပဋိသန္ဓေအာရုံ တူပုံ | | .... | ၂၅၇ |
| အတိတ်ကံ အာရုံတူပုံ | .... | .... | ၂၅၇ |
| အတိတ်ကမ္မနိမိတ်တူပုံ | .... | .... | ၂၅၇ |
| ပစ္စုပ္ပန်ဂတိနိမိတ်တူပုံ | .... | .... | ၂၅၇ |
| ကာမသုဂတိဘုံရောက်မည့် အပါယ်သား၏ သေခါနီး ငါးဒွါရဝီထိ ဖြစ်ပုံ | .... | .... | ၂၅၇ |
| ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ | .... | .... | ၂၅၈ |
| ပဉ္စဒွါရာဝဇ္ဇန်း | .... | .... | ၂၅၈ |
| စက္ခုဝိညာဏ် | .... | .... | ၂၅၈ |
| သောတဝိညာဏ် | .... | .... | ၂၅၈ |
| ဃာနဝိညာဏ် | .... | .... | ၂၅၈ |
| ဇိဝှါဝိညာဏ် | .... | .... | ၂၅၈ |
| ကာယဝိညာဏ် | .... | .... | ၂၅၉ |
| သမ္ပဋိစ္ဆိုင်းစိတ် | .... | .... | ၂၅၉ |
| သန္တီရဏစိတ် | .... | .... | ၂၅၉ |
| ဇော ၅-ကြိမ် | .... | .... | ၂၅၉ |
| တဒါရုံ ၂-ကြိမ် | .... | .... | ၂၅၉ |
| အပါယ်စုတိတကြိမ် | .... | .... | ၂၅၉ |
| အပါယ်ဘုံသားသေပုံကို အဘိဓမ္မာသဘောဖြင့် ရှင်းချက် | | .... | ၂၆၀ |
| လူနတ် ပဋိသန္ဓေစိတ် ဖြစ်ပေါ်ပုံ | .... | .... | ၂၆၀ |
| အပါယ်မရဏာသန္နဇောအာရုံကို ကာမသုဂတိပဋိသန္ဓေစိတ်က ယူပုံ | | | ၂၆၁ |
| ရူပါရုံကမ္မနိမိတ် | .... | .... | ၂၆၁ |
| သဒ္ဒါရုံကမ္မနိမိတ် | .... | .... | ၂၆၁ |
| ဂန္ဓာရုံကမ္မနိမိတ် | .... | .... | ၂၆၁ |

အကြောင်းအရာ စာမျက်နှာ

ရသာရုံကမ္မနိမိတ် .... .... ၂၆၂
ဖောဋ္ဌဗ္ဗာရုံကမ္မနိမိတ် .... .... ၂၆၂
လူနှင့်နတ် ပဝတ္တိဝိညာဏ် .... .... ၂၆၂

**ကာမသုဂတိဘုံမှစုတေ၍ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ ပဋိသန္ဓေဝိညာဏ်စိတ်ဖြစ်ပုံကို ပြဆိုချက်** .... .... ၂၆၃

ကာမသုဂတိဘုံမှ ရူပပဌမစျာန်ဘုံသို့ ရောက်ပုံ .... .... ၂၆၃
ပဌမစျာန် ရူပဘုံရောက်မည့် ကမ္မနိမိတ် ၂၅-ပါး .... .... ၂၆၃
ပဌမစျာန်ဘုံရောက်မည့် မရဏာသန္နဝီထိ .... .... ၂၆၃
ကာမသုဂတိစုတိစိတ် .... .... ၂၆၃
အဘိဓမ္မာသဘောဖြင့် သေပုံကိုပြချက် .... .... ၂၆၄
ရူပ ပဌမစျာန်ဘုံသာ ပဋိသန္ဓေဖြစ်ပုံ .... .... ၂၆၄
ရူပ ပဌမစျာန်ဘုံ ပဝတ္တိဝိညာဏ်စိတ် .... .... ၂၆၅
ကာမသုဂတိဘုံမှ ရူပ ဒုတိယစျာန်ဘုံသို့ ရောက်ပုံ .... ၂၆၅
ဒုတိယစျာန်ဘုံရောက်မည့် ကမ္မနိမိတ် ၁၄-ပါး .... .... ၂၆၅
ဒုတိယစျာန်ဘုံသွားမည့် မရဏာသန္နဝီထိ .... .... ၂၆၆
ပရမတ္ထသဘောဖြင့် သေပုံကို ရှင်းချက် .... .... ၂၆၆
ဒုတိယစျာန် ပဋိသန္ဓေဖြစ်ပုံ .... .... ၂၆၇
ဒုတိယစျာန်ဘုံ ပဝတ္တိဝိညာဏ် .... .... ၂၆၈
ကာမသုဂတိဘုံမှ ရူပ တတိယစျာန်ဘုံသို့ ရောက်ပုံ .... ၂၆၈
တတိယစျာန်ဘုံရောက်မည့် ကမ္မနိမိတ် ၁၄-ပါး .... .... ၂၆၈
တတိယစျာန်ဘုံ ပဋိသန္ဓေစိတ် .... .... ၂၆၉
ကာမသုဂတိဘုံမှ ရူပ စတုတ္ထစျာန်ဘုံသို့ရောက်ပုံ .... .... ၂၇၀
စတုတ္ထစျာန်ဘုံရောက်မည့် ကမ္မနိမိတ် ၁၂-ပါး .... .... ၂၇၀
ပဉ္စမစျာန်ဘုံ ပဋိသန္ဓေစိတ် .... .... ၂၇၁

**ကာမသုဂတိဘုံမှ စုတေ၍ အရူပ(၄)ဘုံ၌ ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်ပုံ အသီးသီးကို ပြဆိုချက်** .... .... ၂၇၂

အာကာသာနဉ္စာယတနကုသိုလ် ကမ္မနိမိတ် .... .... ၂၇၂
အာကာသာနဉ္စာယတန ပဋိသန္ဓေစိတ် .... .... ၂၇၂
သမ္ပယုတ်တရားများနှင့် ပဝတ္တိဝိညာဏ် .... ... ၂၇၃
ကာမဘုံမှ ဝိညာဏဉ္စာယတနဘုံရောက်မည့် မရဏာသန္နဝီထိ .... ၂၇၄
အာကာသာနဉ္စာ ကုသိုလ်ကမ္မနိမိတ် .... .... ၂၇၄

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဝိညာဏဥ္စာယတန ပဋိသန္ဓေစိတ် .... .... | ၂၇၄ |
| သဟဇာတ်တရားများနှင့် ပဝတ္တိဝိညာဏ် .... .... | ၂၇၅ |
| ကာမဘုံမှ အာကိဉ္စညာယတနဘုံရောက်မည့် မရဏာသန္နဝီထိ .... | ၂၇၆ |
| ဝိညာဏဥ္စာယတနကုသိုလ် ကမ္မနိမိတ် .... .... | ၂၇၆ |
| အာကိဉ္စညာယတန ပဋိသန္ဓေစိတ် ... .... | ၂၇၆ |
| ပဋိသန္ဓိ သမ္ပယုတ္တဓမ္မနှင့် ပဝတ္တိဝိညာဏ် .... .... | ၂၇၇ |
| ကာမသုဂတိဘုံမှ နေဝသညာဘုံရောက်မည့် မရဏာသန္နဝီထိ .... | ၂၇၈ |
| အာကိဉ္စညာကုသိုလ် ကမ္မနိမိတ် .... .... | ၂၇၈ |
| နေဝသညာ ပဋိသန္ဓေစိတ် .... .... | ၂၇၈ |
| ပဋိသန္ဓိသဟဇာတဓမ္မနှင့် ပဝတ္တိဝိညာဏ် .... .... | ၂၇၉ |
| ကာမသုဂတိဘုံမှ စုတေ၍ အသညသတ်ဘုံ၌ ရုပ် ပဋိသန္ဓေဖြစ်ပုံကို ပြဆိုချက် .... .... | ၂၈၀ |
| ဝါယောကသိုဏ်း ပညတ်ကမ္မနိမိတ် .... .... | ၂၈၁ |
| အသညသတ် ရုပ်ပဋိသန္ဓေ .... .... | ၂၈၁ |
| **ဝေဟပ္ဖိုလ်တိုင်ရှိသော ရူပ(၁၀)ဘုံမှ စုတေ၍ ကာမသုဂတိဘုံ၌ ပဋိသန္ဓေဝိညာဏ်ဖြစ်ပုံကို ပြဆိုချက်** .... .... | ၂၈၅ |
| ကာမဘုံရောက်မည့် ရူပဗြဟ္မာ၏ သေခါနီးဝီထိ .... .... | ၂၈၅ |
| ရူပဗြဟ္မာ စုတိစိတ် .... .... | ၂၈၆ |
| ဗြဟ္မာသေပုံ ပရမတ္ထဖြင့် ရှင်းချက် .... .... | ၂၈၆ |
| ကာမသုဂတိ ပဋိသန္ဓေစိတ် .... .... | ၂၈၆ |
| ကာမသုဂတိ ပဝတ္တိဝိညာဏ် .... .... | ၂၈၇ |
| ကာမဘုံရောက်မည့် ရူပဗြဟ္မာ၏ သေခါနီး စက္ခုသောတဒွါရဝီထိ | ၂၈၈ |
| ရူပါရုံ,သဒ္ဒါရုံ,ကမ္မနိမိတ် .... .... | ၂၈၈ |
| ရူပဘဝင် ၂-ကြိမ် .... .... | ၂၈၈ |
| ပဉ္စဒွါရာဝဇ္ဇန်း .... .... | ၂၈၉ |
| စက္ခုဝိညာဏ် .... .... | ၂၈၉ |
| သောတဝိညာဏ် .... .... | ၂၈၉ |
| သမ္ပဋိစ္ဆိုင်း .... .... | ၂၈၉ |
| သန္တီရဏ .... .... | ၂၈၉ |
| ဝုဋ္ဌောစိတ် .... .... | ၂၉၀ |
| ကာမကုသိုလ်ဇော .... .... | ၂၉၀ |
| ရူပစုတိစိတ် .... .... | ၂၉၀ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ကာမသုဂတိပဋိသန္ဓေစိတ် | .... | .... | ၂၉၀ |
| ပြဟ္မာမရဏာသန္နဇောနှင့် ကာမပဋိသန္ဓေအာရုံတူပုံ | | .... | ၂၉၁ |
| ရူပါရုံကမ္မနိမိတ်တူပုံ | .... | .... | ၂၉၁ |
| သဒ္ဒါရုံကမ္မနိမိတ်တူပုံ | .... | .... | ၂၉၁ |
| ကာမသုဂတိပဝတ္တိဝိညာဏ် | .... | .... | ၂၉၂ |
| **ဝေဟပ္ဖိုလ်တိုင်ရှိသော ရူပ(၁၀)ဘုံမှ စုတေ၍ ၎င်း(၁၀)ဘုံ၌ပင် ထပ်မံ၍ ပဋိသန္ဓေဝိညာဏ်ဖြစ်ပုံကို ပြဆိုချက်** | | .... | **၂၉၄** |
| ပညတ်ကမ္မနိမိတ်ထင်ပုံ | .... | .... | ၂၉၄ |
| ရူပဘဝင် ၂-ကြိမ် | .... | .... | ၂၉၄ |
| မနောဒွါရာဝဇ္ဇန်း | .... | .... | ၂၉၅ |
| မရဏာသန္နဇော ၅-ကြိမ် | .... | .... | ၂၉၅ |
| ရူပစုတိစိတ် | .... | .... | ၂၉၅ |
| ရူပပဋိသန္ဓေစိတ် | .... | .... | ၂၉၅ |
| ရူပဘုံသားတို့၏ ပဝတ္တိဝိညာဏ် | .... | .... | ၂၉၆ |
| **ဝေဟပ္ဖိုလ်, အသညသတ်, အကနိဋ္ဌ ကြဉ်သော ရူပ( ၁၃ )ဘုံမှ စုတေ၍ အသညသတ် ကြဉ်သော ရူပ(၁၅)ဘုံ၌ ပဋိသန္ဓေဝိညာဏ်ဖြစ်ပေါ်ပုံကို ပြဆိုချက်** | .... | .... | **၂၉၇** |
| ရူပအရိယာတို့၏ မရဏာသန္နဝီထိ | .... | .... | ၂၉၇ |
| အရိယာပြဟ္မာတို့ အထက်ဘုံ ပဋိသန္ဓေဖြစ်ခြင်း .... | | .... | ၂၉၈ |
| ပဋိသန္ဓေသမ္ပယုတ်တရားနှင့် ပဝတ္တိဝိညာဏ် | .... | .... | ၂၉၉ |
| **ဝေဟပ္ဖိုလ်တိုင်ရှိသော ရူပ(၁၀)ဘုံမှ စုတေ၍ အရူပ(၄)ဘုံ၌ ပဋိသန္ဓေဝိညာဏ် ဖြစ်ပုံကို ပြဆိုချက်** | .... | .... | **၂၉၉** |
| အရူပပြဟ္မာဖြစ်မည့် ကမ္မနိမိတ် ၄-မျိုး | .... | .... | ၂၉၉ |
| စလနဘဝင်, ဉပစ္ဆေဒဘဝင် | .... | .... | ၃၀၀ |
| မနောဒွါရာဝဇ္ဇန်း | .... | .... | ၃၀၀ |
| စုတေခါနီး မဟာကုသိုလ်ဇော ၅-ကြိမ် | .... | .... | ၃၀၀ |
| ရူပပြဟ္မာစုတိစိတ် | .... | .... | ၃၀၁ |
| အရူပပြဟ္မာပဋိသန္ဓေစိတ် | .... | .... | ၃၀၁ |
| အရူပပဋိသန္ဓေ သမ္ပယုတ်တရားများ | .... | .... | ၃၀၂ |
| အာကာသာနဉ္စာယတနပဋိသန္ဓေအာရုံ | .... | .... | ၃၀၂ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ဝိညာဏဉ္စာယတနပဋိသန္ဓေအာရုံ | .... | .... | ၃၀၂ |
| အာကိဉ္စညာယတနပဋိသန္ဓေအာရုံ | .... | .... | ၃၀၂ |
| နေဝသညာပဋိသန္ဓေအာရုံ | .... | .... | ၃၀၂ |
| ဝေဟပ္ဖိုလ်အကနိဋ္ဌဘုံမှ အရိယာတို့ အခြားဘုံမရောက်ပုံ | | .... | ၃၀၂ |
| အရိယာပြဟ္မာတို့ အောက်ဘုံသို့ မဆင်းပုံ | .... | .... | ၃၀၂ |
| အရူပပဝတ္တိဝိညာဏ်စိတ် | .... | .... | ၃၀၃ |
| **အရူပ( ၄ )ဘုံမှ စုတေ၍ အရူပ( ၄ )ဘုံ၌ ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပုံကို ပြဆိုချက်** | .... | .... | **၃၀၄** |
| အာကာသာနဉ္စာဘုံမှ အရူပ ၄-ဘုံသို့ ဖြစ်ပုံ | .... | .... | ၃၀၄ |
| အရူပ ၄-ဘုံရောက်မည့် ကမ္မနိမိတ် ၄-ပါး | .... | .... | ၃၀၄ |
| အရူပဘဝင် ၂-ကြိမ် | .... | .... | ၃၀၄ |
| မနောဒွါရာဝဇ္ဇန်း | .... | .... | ၃၀၅ |
| အရူပပြဟ္မာ၏ မရဏာသန္နဇော | .... | .... | ၃၀၅ |
| အာကာသာနဉ္စစုတိစိတ် | .... | .... | ၃၀၅ |
| အရူပပြဟ္မာ ပဋိသန္ဓေစိတ် | .... | .... | ၃၀၅ |
| အရူပ ပဋိသန္ဓေ ၄-ပါး၏ အာရုံ | .... | .... | ၃၀၆ |
| ဝိညာဏဉ္စာဘုံမှ အရူပ ၃-ဘုံသို့ ရောက်ပုံ | .... | .... | ၃၀၇ |
| အထက် အရူပဘုံ ၃-ဘုံရောက်မည့် ကမ္မနိမိတ် ၃-ပါး | | .... | ၃၀၇ |
| ဝိညာဏဉ္စစုတိစိတ် | .... | .... | ၃၀၈ |
| အထက် အရူပ ပဋိသန္ဓေ ၃-ပါးဖြစ်ပုံ | .... | .... | ၃၀၉ |
| အာကိဉ္စညာဘုံမှ အရူပနှစ်ဘုံသို့ ရောက်ပုံ | .... | .... | ၃၁၀ |
| အာကိ˚, နေဝါဘုံရောက်မည့် ကမ္မနိမိတ် ၂-ပါး | ... | .... | ၃၁၀ |
| အာကိဉ္စညာစုတိစိတ် | .... | .... | ၃၁၁ |
| အာကိ˚, နေဝါ ပဋိသန္ဓေစိတ် | .... | .... | ၃၁၁ |
| အာကိဉ္စညာ ပဋိသန္ဓေစိတ်အာရုံ | .... | .... | ၃၁၂ |
| နေဝသညာ ပဋိသန္ဓေစိတ်အာရုံ | .... | .... | ၃၁၂ |
| အာကိ˚, နေဝါဘုံ ပဝတ္တိဝိညာဏ် | .... | .... | ၃၁၂ |
| **အရူပ ၄-ဘုံမှစုတေ၍ ကာမသုဂတိဘုံ၌ ပဋိသန္ဓေဝိညာဏ်ဖြစ်ပုံကို ပြဆိုချက်** | .... | .... | **၃၁၃** |
| အရူပဘုံမှ ကာမသုဂတိဘုံရောက်မည့် နိမိတ် ၃-ပါး | | .... | ၃၁၃ |
| အရူပဘဝင် ၂-ကြိမ် | .... | .... | ၃၁၃ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| မနောဒွါရာဝဇ္ဇန်း | .... | .... | ၁၁၃ |
| အရူပဗြဟ္မာ၏ မရဏာသန္နဇော | .... | .... | ၁၁၄ |
| အရူပ စုတိစိတ် | .... | .... | ၁၁၄ |
| အရူပဗြဟ္မာသေခြင်းကို ပရမတ်သဘောဖြင့် ရှင်းချက် | | .... | ၁၁၄ |
| ကာမသုဂတိပဋိသန္ဓေစိတ် | .... | .... | ၁၁၄ |
| ကာမသုဂတိပဋိသန္ဓေ ၃-မျိုးဖြစ်ပုံ | .... | .... | ၁၁၅ |
| ဂဗ္ဘသေယျပဋိသန္ဓေ | .... | .... | ၁၁၅ |
| သံသေဒဇနှင့် ဥပပါတ် | .... | .... | ၁၁၅ |
| ကာမသုဂတိ ပဝတ္တိဝိညာဏ် | .... | .... | ၁၁၅ |
| အသညသတ်ဘုံမှ ကာမသုဂတိဘုံသို့ ဖြစ်ပုံ | .... | .... | ၁၁၆ |
| ပဝတ္တိဝိညာဏ်အပြားကို ပြဆိုချက် | .... | .... | ၁၁၆ |
| ပဝတ္တိဝိညာဏ် ၂-မျိုး | .... | .... | ၁၁၆ |
| ဝိပါက်စိတ်များကို ပြဆိုချက် | .... | .... | ၁၁၇ |
| စက္ခုဒွါရဝီထိဖြစ်ပုံ | .... | .... | ၁၁၇ |
| စလန, ဥပစ္ဆေဒဘဝင် ၂-ချက် | .... | .... | ၁၁၇ |
| ပဉ္စဒွါရာဝဇ္ဇန်းတချက် | .... | .... | ၁၁၇ |
| စက္ခုဝိညာဏ်တချက် | .... | .... | ၁၁၇ |
| သမ္ပဋိစ္ဆိုင်းတချက် | .... | .... | ၁၁၈ |
| သန္တီရဏတချက် | .... | .... | ၁၁၈ |
| ဝုဋ္ဌောတချက် | .... | .... | ၁၁၈ |
| ဇောစိတ် ၇-ချက် | .... | .... | ၁၁၈ |
| တဒါရုံ ၂-ချက် | .... | .... | ၁၁၈ |
| ဘဝင်ကျခြင်း | .... | .... | ၁၁၈ |
| စက္ခုဒွါရဝီထိမှ ဝိပါက်စိတ်များ | .... | .... | ၁၁၉ |
| သောတဒွါရဝီထိစသည် | .... | .... | ၁၁၉ |
| မနောဒွါရဝီထိမှ ဝိပါက်စိတ် | .... | .... | ၁၁၉ |
| အပုညာဘိသင်္ခါရအကျိုးစိတ်များ | .... | .... | ၁၁၉ |
| ကာမပုညာဘိသင်္ခါရအကျိုးစိတ်များ | .... | .... | ၁၂၀ |
| ရူပပုညာဘိသင်္ခါရအကျိုးစိတ်များ | .... | .... | ၁၂၁ |
| အာနေဉ္ဇာဘိသင်္ခါရအကျိုးစိတ်များ | .... | .... | ၁၂၂ |
| ပဝတ္တိဝိညာဏ် ၃၂-ပါး | .... | .... | ၁၂၃ |
| ဖိုလ်စိတ်ကို သင်္ခါရအကျိုး မဆိုရပုံ | .... | .... | ၁၂၅ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အကြောင်းအကျိုးနှစ်ပါးစပ်၍ ဝိညာဏ်ဖြစ်ပုံနှင့် ပဋိစ္စသမုပ္ပါဒ် နည်းလေးပါးစသည်ကို ပြဆိုချက်** .... .... | ၃၂၅ |
| ဝိညာဏ်ဖြစ်အောင် ပြုလုပ်သူမရှိပုံ .... .... | ၃၂၅ |
| အကြောင်းနှင့်အကျိုး ဆက်စပ်ဖြစ်နေခြင်း .... .... | ၃၂၆ |
| အကြောင်းနှင့်အကျိုးမှတပါး သတ္တဝါမရှိ .... .... | ၃၂၇ |
| အကြောင်းကိုစွဲ၍ အကျိုးဖြစ်ပုံ .... .... | ၃၂၈ |
| ဝိုင်ယာလက် ဥပမာ .... .... | ၃၂၈ |
| အကြောင်းအကျိုးဆက်၍ သံသရာစက် လည်နေခြင်း .... | ၃၂၉ |
| ပစ္စုပ္ပန်ဖြစ်ပုံထောက်၍ အတိတ်အနာဂတ် သိနိုင်ခြင်း .... | ၃၃၀ |
| ကြောင်းကျိုးမသိက ဒိဋ္ဌိဖြစ်ပုံ .... .... | ၃၃၁ |
| ဥစ္ဆေဒနှင့် နတ္ထိကဒိဋ္ဌိ ၂-မျိုး .... .... | ၃၃၁ |
| သဿတနှင့် အတ္ထိတာဒိဋ္ဌိ ၂-မျိုး .... .... | ၃၃၁ |
| မိစ္ဆာဒိဋ္ဌိမှ လွတ်ရန်နည်း .... .... | ၃၃၂ |
| ဒိဋ္ဌိမလွတ်လျှင် သံသရာမှ မကျွတ်နိုင်ပုံ .... .... | ၃၃၂ |
| တိုက်တွန်းချက် ဥယျောဇဉ် .... .... | ၃၃၄ |
| ပဋိစ္စသမုပ္ပါဒ် နည်းလေးပါး .... .... | ၃၃၅ |
| ဧကတ္တနည်း .... .... | ၃၃၅ |
| နာနတ္တနည်း .... .... | ၃၃၅ |
| အဗျာပါရနည်း .... .... | ၃၃၆ |
| ဧဝံဓမ္မတာနည်း .... .... | ၃၃၆ |
| **အကြောင်းအကျိုးတရားတို့ကို သုံးသပ်၍ မဂ်ဉာဏ်,ဖိုလ်ဉာဏ် ဖြစ်ပုံကို အမြွက်မျှ ပြဆိုချက်** .... .... | ၃၃၇ |
| ဖြစ်ပျက်မြင်က မဂ်ဖိုလ်ရနိုင်ပုံ .... .... | ၃၃၇ |
| ဝိညာဏ်၌ လက္ခဏာယာဉ် ၃-ပါးတင်ပုံ .... .... | ၃၃၈ |
| ဘဝင်စိတ်၌ လက္ခဏာယာဉ် ၃-ပါးတင်ပုံ .... .... | ၃၃၉ |
| ဘဝင်စိတ်များကို ဝိပဿနာရှုပုံ .... .... | ၃၄၀ |
| ဘဝနိကန္တိကဇော ဝီထိဖြစ်ပုံ .... .... | ၃၄၁ |
| ဘဝင် ၁၅-ကြိမ် .... .... | ၃၄၂ |
| မနောဒွါရာဝဇ္ဇန်း .... .... | ၃၄၂ |
| လောဘဇော ၇-ကြိမ် .... .... | ၃၄၂ |
| မူလ ဘဝင်ကျခြင်း .... .... | ၃၄၂ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| စက္ခုဒွါရိက ဝီထိစိတ်များ၌ ပဌာန်းပစ္စည်းတပ်ပုံ.... | | .... | ၃၄၃ |
| သောတဒွါရဝီထိ စသည်ဖြစ်ခြင်း | .... | .... | ၃၄၄ |
| ဘဝ၏ နောက်ဆုံးစိတ် | .... | .... | ၃၄၄ |
| စိတ်ကို ကုသိုလ် ဝိပါက် ကြိယာ ခွဲပြခြင်း | .... | .... | ၃၄၄ |
| ဝိပါက်စိတ်များ | .... | .... | ၃၄၄ |
| ကြိယာစိတ်များ | .... | .... | ၃၄၄ |
| ကုသိုလ်စိတ်များ | .... | .... | ၃၄၄ |
| အကုသိုလ်စိတ်များ | .... | .... | ၃၄၄ |
| ကံ၏ တရားကိုယ် | .... | .... | ၃၄၅ |
| စိတ်ဝိညာဏ်ဟူသမျှ ဝိပဿနာရှုပုံ | .... | .... | ၃၄၅ |
| အနိစ္စသဘော ထင်မြင်ခြင်း | .... | .... | ၃၄၅ |
| ဒုက္ခသဘော ထင်မြင်ခြင်း | .... | .... | ၃၄၅ |
| အနတ္တသဘော ထင်မြင်ခြင်း | .... | .... | ၃၄၅ |
| ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ ၂-ပါး | .... | .... | ၃၄၆ |
| ဒုက္ခသစ္စာဖြစ်ပုံ ရှင်းချက် | .... | .... | ၃၄၆ |
| သမုဒယသစ္စာဖြစ်ပုံ ရှင်းချက် | .... | .... | ၃၄၇ |
| သမုဒယသစ္စာနှင့် လက္ခဏာယာဉ် ၃-ပါး | .... | .... | ၃၄၇ |
| အကြောင်းသင်္ခါရနှင့် အကျိုးဝိညာဏ်စပ်ပုံ | .... | .... | ၃၄၈ |
| ဝဋ္ဋဒုက္ခအစုကြီးသာ ဖြစ်နေခြင်း | .... | .... | ၃၄၈ |
| ဝဋ္ဋဒုက္ခအစုဟုရှု၍ နိဗ္ဗာန်မြင်နိုင်ခြင်း | .... | .... | ၃၄၉ |
| နိဗ္ဗာန်မြင်နိုင်ပုံ ရှင်းလင်းချက် | .... | .... | ၃၄၉ |
| နိဗ္ဗာန်၏သဘောကို ပြဆိုချက် | .... | .... | ၃၅၀ |
| မဂ်တရား,ဖိုလ်တရား ဖြစ်လာပုံ | .... | .... | ၃၅၀ |
| သစ္စာ ၄-ပါးကို ထိုးထွင်းသိပုံ | .... | .... | ၃၅၁ |
| သစ္စာလေးပါး၌ သိပုံ ၄-မျိုး | .... | .... | ၃၅၃ |
| အသင်္ခတနိဗ္ဗာန်နှင့်စပ်၍ စိစစ်ချက်များ | .... | .... | ၃၅၄ |
| နိဗ္ဗာန်၌ ပြိုးပြက်လက်ပြောင် အဆင်းအရောင် မရှိပုံ | | .... | ၃၅၄ |
| နိဗ္ဗာန်၌ ရူပါရုံ မရှိပုံ | .... | .... | ၃၅၄ |
| နိဗ္ဗာန်၌ ခေတ် ၄-ပါး မရှိပုံ | .... | .... | ၃၅၄ |
| နိဗ္ဗာန်၌ ဥပါဒါရုပ်များ မရှိပုံ | .... | .... | ၃၅၆ |
| နိဗ္ဗာန်သည် ရုပ်တို့၏ တည်ရာမဟုတ် | .... | .... | ၃၅၆ |
| ပါဠိတော်အဓိပ္ပါယ်ရှင်းချက် | .... | .... | ၃၅၉ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အဆင်းပရမတ်နှင့် အကြောင်း ၄-ပါး .... .... | ၃၆၁ |
| ရူပါရုံ၏ ထင်ရာဒွါရ .... .... | ၃၆၂ |
| သုဒ္ဓမနောဒွါရ၌ ရူပါရုံထင်ပုံ .... .... | ၃၆၃ |
| ဘုရားရှင်၏ ရူပါရုံ စကြဝဠာအနန္တ၌ ဖြစ်ပုံ .... .... | ၃၆၄ |
| မင်္ဂလမြတ်စွာဘုရား၏ ရောင်ခြည်တော် .... .... | ၃၆၄ |
| ဘုရားရှင်တို့ ရောင်ခြည်တော် ကွန့်မြူးနိုင်ပုံ .... .... | ၃၆၆ |
| အာနာပါနနိမိတ်ရောင်သည် လေ၏အရောင်မဟုတ်ပုံ .... | ၃၆၇ |
| အာနာပါနနိမိတ်အရောင် သညာဇဖြစ်ပုံ .... .... | ၃၆၈ |
| သညာဇအရောင် ပညတ်ဖြစ်ခြင်း .... .... | ၃၆၉ |
| ဝိပဿနာပွါးသူ၌ အရောင်လင်းပုံ .... .... | ၃၆၉ |
| အရောင်အလင်းက ဝိပဿနာညစ်ညူးစေပုံ .... .... | ၃၇၀ |
| နိဗ္ဗာန်ကို ပြိုးပြိုးပြက်ဟု ဟောရပုံ ရှင်းချက် .... .... | ၃၇၂ |
| အဋ္ဌကထာအာဘောဖော်ပုံ .... .... | ၃၇၃ |
| မြတ်စွာဘုရား၏ ဟောရိုးအစဉ်အလာ .... .... | ၃၇၄ |
| စိတ်ကို ပြိုးပြိုးပြက်အရောင်ဟု ဟောပုံ ရှင်းချက်.... .... | ၃၇၄ |
| အဋ္ဌကထာဆရာ ရှင်းပြပုံ .... .... | ၃၇၆ |
| အခြားပါဠိတော် အဋ္ဌကထာပြဆိုပုံများ .... .... | ၃၇၆ |
| ပညာကို အရောင်အဖြစ် ဟောပုံ .... .... | ၃၇၇ |
| အလင်းထွတ်ခေါင် ပညာရောင် .... .... | ၃၇၉ |
| ပညာရောင်အမျိုးမျိုး နှိုင်းယှဉ်ချက် .... .... | ၃၈၀ |
| နိဗ္ဗာန်၏ အရောင်သဘော .... .... | ၃၈၀ |
| **ကိလေသာကုန်မှု, ခန္ဓာကုန်မှု, ကိလေသာကုန်ပြီးမှ စိတ်သန္တာန်၌ ပေါ်လာသော ချမ်းမှုတို့သည် မဂ်၏အာရုံ အသခ်တဓာတ် နိဗ္ဗာန် ဟုတ်မဟုတ်သည်ကို ပြဆိုချက်** .... .... | ၃၈၁ |
| မဂ်၏အာရုံ ရှင်းပြချက် .... .... | ၃၈၁ |
| ကိလေသာကုန်ပုံ .... .... | ၃၈၁ |
| နိဗ္ဗာန်နှင့် ကိလေသာခန္ဓာကုန်ခြင်းတို့ မတူပုံ .... .... | ၃၈၃ |
| **အသခ်တဓာတ်နိဗ္ဗာန်၌ ရုပ်ထူး နာမ်ထူး ရှိမရှိကို ပြဆိုချက်** .... | ၃၈၅ |
| နိဗ္ဗာန်၌ ရုပ်နာမ်အထူးမရှိပုံ .... .... | ၃၈၅ |

အကြောင်းအရာ စာမျက်နှာ

**သင်္ခတ အသင်္ခတပညတ်တို့၏ လက္ခဏာအပြားကို ရွေးချယ်၍ မဂ်၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ကို ပြဆိုချက်** .... ၃၈၆

သိအပ်သော ဉေယျတရား ၃-ပါး .... .... ၃၈၆
သင်္ခတတရားအဓိပ္ပါယ် .... .... ၃၈၇
အသင်္ခတတရား ပြဆိုချက် .... .... ၃၈၈
ပညတ်တရားကို ပြဆိုချက် .... .... ၃၈၈
သင်္ခတလက္ခဏာ ၃-ပါး .... .... ၃၈၈
အသင်္ခတလက္ခဏာ ၃-ပါး .... .... ၃၈၉
မြတ်စွာဘုရားအလိုတော် ဖော်ပြချက် .... .... ၃၉၀
ပညတ်၌ ဥပါဒ်ဌီဘင် မရှိပုံ .... .... ၃၉၁
နိဗ္ဗာန်ကို သိမြင်ရန်နည်းကို ပြဆိုချက် .... .... ၃၉၂
အဝိဇ္ဇာ၏ အပြစ်ဒေါသများ .... .... ၃၉၂
စကြဝဠာအနန္တရှိ အဝိဇ္ဇာတို့၏သဘော .... .... ၃၉၃
သင်္ခါရတို့၏ အပြစ်ဒေါသများ .... .... ၃၉၃
စကြဝဠာအနန္တရှိ သင်္ခါရတို့၏သဘော .... .... ၃၉၅
ဝိညာဏ်၏ အပြစ်ဒေါသများ .... .... ၃၉၆
စကြဝဠာအနန္တရှိ ဝိညာဏ်တို့၏သဘော .... .... ၃၉၇
လက္ခဏာရေး ၃-ပါး ထင်လာပုံ .... .... ၃၉၈
နိဗ္ဗိန္ဒဉာဏ်ဖြစ်ပုံ .... .... ၃၉၈
မုဥ္စိတုကမျတာဉာဏ် .... .... ၃၉၈
နေက္ခမ္မဝိတက်ဖြစ်ပုံ .... .... ၃၉၈
နိဗ္ဗာန်ကို မှန်းဆ၍ သိလာပုံ .... .... ၃၉၉
နိဗ္ဗာန်သည် ပရမတ္ထထင်ရှားရှိပုံ .... .... ၄၀၀
နိဗ္ဗာန်၌ အိုနာသေမှု မရှိပုံ .... .... ၄၀၂

**နိဗ္ဗာန်၌ ဌီတည်နေမှုရှိကြောင်း ပြဆိုချက်** .... .... **၄၀၃**

နိဗ္ဗာန်နှင့် ပညတ် ထူးခြားပုံ .... .... ၄၀၃
ပါဠိတော်အဓိပ္ပါယ်ရှင်းချက် .... ၄၀၅၊၄၁၁၊၄၄၉
ပဏ္ဏာသအဋ္ဌကထာဖွင့်ပြချက် .... .... ၄၀၅
သီလက္ခန်အဋ္ဌကထာပြဆိုချက် .... .... ၄၀၆
**နိဗ္ဗာန်သို့ပြေးဝင်သောဉာဏ်ဖြစ်ပုံ** .... .... ၄၀၈
**သန္တိပဒဉာဏ်** .... .... ၄၁၀

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| သခ်တဍ္ဍိနှင့် အသခ်တဍ္ဍိ | .... | .... | ၄၁၁ |
| ဂေါတြဘုဉာဏ် နိဗ္ဗာန်ကို မြင်ခြင်း | .... | .... | ၄၁၂ |
| သောတာပတ္တိမဂ်ဉာဏ်ဖြစ်ပေါ်ပုံ | .... | .... | ၄၁၃ |
| အနိစ္စဟုရှု၍ မဂ်တရား ရပုံ | .... | .... | ၄၁၃ |
| အပေါင်းဆိုလျှင် အစိပ်ပါဝင်ခြင်း | .... | .... | ၄၁၄ |
| ဒုက္ခဟုရှု၍ မဂ်ရပုံ | .... | .... | ၄၁၆ |
| အနတ္တဟုရှု၍ မဂ်ရပုံ | .... | .... | ၄၁၇ |
| ခန္ဓာ ၅-ပါးကို ဇာတိမမွေစသည်ရှု၍ မဂ်ရပုံ | .... | .... | ၄၁၈ |
| သခ်တ အသခ်တသဘောကို ရှု၍ မဂ်ရနိုင်ပုံ | .... | .... | ၄၁၉ |
| မဂ်ရစေနိုင်သည့် ဝိပဿနာ ၄၀ | .... | .... | ၄၂၀ |
| နိဗ္ဗာန်သဘော၌ အမြင်မှား ပျောက်ခြင်း | .... | .... | ၄၂၀ |
| အနုလောမိကခန္တိဉာဏ်ဖြင့် မဂ်ရပုံ | .... | .... | ၄၂၀ |
| **သခ်တ၏ ဆန့်ကျင်ဘက်အားဖြင့် နိဗ္ဗာန်ကိုမြင်၍ မဂ်တရားရပုံ ဝိထိ ပြဆိုချက်** | .... | .... | ၄၂၂ |
| နိဗ္ဗာန်ကို နိစ္စဟုသိ၍ သောတာပတ္တိမဂ်ရပုံ ဝိထိ | .... | .... | ၄၂၂ |
| ဘဝင် ၂-ကြိမ် | .... | .... | ၄၂၂ |
| မနောဒွါရာဝဇ္ဇန်း | .... | .... | ၄၂၂ |
| ပရိကံ ဥပစာ အနုလုံဇောများ | .... | .... | ၄၂၂ |
| ဂေါတြဘုဇော | .... | .... | ၄၂၃ |
| သောတာပတ္တိမဂ်ဇောတကြိမ် | .... | .... | ၄၂၃ |
| သောတာပတ္တိဖိုလ်ဇော ၂-၃–ကြိမ် | .... | .... | ၄၂၃ |
| ဘဝင်ကျခြင်း | .... | .... | ၄၂၃ |
| နိဗ္ဗာန်ကို သုခဟု သိ၍ သောတာပတ္တိမဂ်ရပုံ ဝိထိ | .... | .... | ၄၂၄ |
| နိဗ္ဗာန်ကို အနတ္တဟု သိ၍ သောတာပတ္တိမဂ်ရပုံ ဝိထိ | | .... | ၄၂၅ |
| မဂ်၏သစ္စာ ၄-ပါး၌ ကိစ္စ ၄-ချက်ဖြင့် သိပုံ | .... | .... | ၄၂၆ |
| နိရောဓသစ္စာ၌ မျက်မှောက်ပြုခြင်းကိစ္စ | .... | .... | ၄၂၆ |
| ဒုက္ခသစ္စာ၌ ပိုင်းခြား သိခြင်းကိစ္စ | .... | .... | ၄၂၆ |
| သမုဒယသစ္စာ၌ ပယ်ခြင်းကိစ္စ | .... | .... | ၄၂၇ |
| မဂ္ဂသစ္စာ၌ပွါးများခြင်း ကိစ္စ | .... | .... | ၄၂၇ |
| ကိလေသာ အဘာဝကို နိဗ္ဗာန်ဟု ယူသောဝါဒ | .... | .... | ၄၂၈ |
| ဖိုလ်စိတ်၏ ငြိမ်းခြင်းကို နိဗ္ဗာန်ဟု ယူသောဝါဒ | | .... | ၄၂၉ |
| အရောင်အလင်းကို နိဗ္ဗာန်ဟုယူသောဝါဒ | .... | .... | ၄၂၉ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| သန္တိပဒဉာဏ်နှင့် သောတာပတ္တိမဂ်အထူး | .... | .... | ၄၃၀ |
| မှောင်တွင်း၌ လမ်းလျှောက်သောသူဥပမာ | .... | .... | ၄၃၁ |
| ဥပမာနှင့် ဥပမေယျ ဟပ်ပြချက် | .... | .... | ၄၃၁ |
| သကဒါဂါမိမဂ်ဖြစ်ပုံ | .... | .... | ၄၃၂ |
| အနာဂါမိမဂ်ဖြစ်ပုံ | .... | .... | ၄၃၂ |
| အရဟတ္တမဂ်ဖြစ်ပုံ | .... | .... | ၄၃၂ |
| ကိလေသာနှင့် ခန္ဓာ အစဉ်ပြတ်ပုံ | .... | .... | ၄၃၃ |
| **သဉပါဒိသေသ အနုပါဒိသေသနိဗ္ဗာန်နှစ်ပါးတို့၏ အဆုံးအဖြတ်နှင့် တကွ ရှင်းနိဗ္ဗာန်တို့ကို ဂေါတြဘုဉာဏ် မဂ်ဉာဏ်တို့သည် အာရုံ ပြု မပြုကို ပြဆိုချက်** | .... | .... | ၄၃၄ |
| သဉပါဒိသေသအဓိပ္ပါယ် | .... | .... | ၄၃၄ |
| သဉပါဒိသေသနိဗ္ဗာန် အရကောက်ပြချက် | .... | .... | ၄၃၅ |
| အကြောင်းနိဗ္ဗာန်နှင့် အကျိုးနိဗ္ဗာန် | .... | .... | ၄၃၇ |
| အသင်္ခတဓာတ်ကို နိဗ္ဗာန်ခေါ် ပုံ ရှင်းချက် | .... | .... | ၄၃၇ |
| အရဟတ္တဖိုလ်ကို နိဗ္ဗာန်ခေါ် ပုံ ရှင်းချက် | .... | .... | ၄၃၈ |
| အဘာဝပညတ်ကို နိဗ္ဗာန်ခေါ် သေးပုံ | .... | .... | ၄၃၉ |
| ပါဠိတော်ယူဆပုံ ရှင်းချက် | .... | .... | ၄၄၀ |
| ရာဂက္ခယပုဒ်ဝိဂ္ဂြိုဟ် | .... | .... | ၄၄၂ |
| အနုပါဒိသေသ နိဗ္ဗာန်ကို အာရုံပြုပုံ | .... | .... | ၄၄၆ |
| အနုပါဒိသေသနိဗ္ဗာန် ၂-မျိုး | .... | .... | ၄၄၆ |
| အဘာဝပညတ် အနုပါဒိသေသနိဗ္ဗာန် | .... | .... | ၄၄၆ |
| ပါဠိတော်ဆိုလိုရင်းဖော်ပြချက် | .... | .... | ၄၄၇ |
| အသင်္ခတဓာတ် အနုပါဒိသေသနိဗ္ဗာန် | .... | .... | ၄၄၈ |
| အနုပါဒိသေသပုဒ် ဝိဂ္ဂြိုဟ်နှင့် ဉာဉ်ကောက် | .... | .... | ၄၄၉ |
| ကိလေသာဒုက္ခနှင့် ခန္ဓာဒုက္ခတို့ ချုပ်ရာ | .... | .... | ၄၅၀ |
| အထူးသတိပြုရန် အချက်ကို ပြဆိုချက် | .... | .... | ၄၅၁ |
| အထူးသတိပြုရန် | .... | .... | ၄၅၁ |
| အသင်္ခတဓာတ် အနုပါဒိသေသနိဗ္ဗာန် | .... | .... | ၄၅၂ |
| အဘာဝပညတ် အနုပါဒိသေသနိဗ္ဗာန် | .... | .... | ၄၅၂ |
| ရုပ်နာမ်ကို ရဟန္တာ ခေါ် ပုံ | .... | .... | ၄၅၃ |
| ပုဂ္ဂိုလ် သတ္တဝါ အရေအတွက်မှ လွတ်ခြင်း | .... | .... | ၄၅၅ |
| ပါဠိတော် အဓိပ္ပါယ် ဒုတိယနည်း | .... | .... | ၄၅၆ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| နိဗ္ဗာန်တပါးမှ နှစ်ပါးဖြစ်ပုံ | .... | .... | ၄၅၈ |
| ကျမ်းပြု ဆရာတော်၏ တိုက်တွန်းချက် | .... | .... | ၄၅၉ |
| ကျမ်းပြုဆရာတော်၏ အာသီသ | .... | .... | ၄၆၁ |
| **ပဉ္စမပိုင်း နိဂုံး** | .... | .... | **၄၆၃** |
| ကျမ်းပြုရန် တောင်းပန်သူ | .... | .... | ၄၆၃ |
| ကျမ်းဆရာ၏ နေရာဌာန | .... | .... | ၄၆၃ |
| ကျမ်းဆရာ ဇာတိနှင့် ဘွဲ့နာမည် | .... | .... | ၄၆၄ |
| ကျမ်း၏ အပိုင်းအခြား | .... | .... | ၄၆၄ |
| ကျမ်းပြီးသည့်ကာလ | .... | .... | ၄၆၄ |

မာတိကာ ပြီး၏။

# သမုပ္ပါဒနိဒါနရောဂကျမ်း

## ပဥ္စမတွဲ

---

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**ရတနတ္တယပဏာမအချီး**

၁။ ဂမ္ဘီရပစ္စယေ ဓမ္မေ၊ အတီတေ စ အနာဂတေ။
ပစ္စုပ္ပန္နေ စ ဒုဒ္ဒသေ၊ နိပုဏေ တဿ အတ္ထကံ။

၂။ သံပကာသယိ သတ္တာနံ၊ သမ္ဗုဒ္ဓေါ လောကနာယကော။
နိရောဓုပ္ပါဒသံဒဿီ၊ နတွာန တံ တိဓာ ဇိနော။

၃။ သံသာရမုတ္တကာမေဟိ၊ နိစ္စံ သဒ္ဓေဟိ သေဝိတံ။
သေဝိတေ ခေမ ပါပေန္တံ၊ နတွာ ဓမ္မံ သုခံ ကရံ။

၄။ ဒက္ခိဏေယျံ ဝရံ ခေတ္တံ၊ ပဝုပ္ပန္နံ အနုတ္တရံ။
ဇနာနံ ပုညဗီဇာနိ၊ နတွာ သံဃံ နိဒေါသကံ။

၅။ ပက္ခိပိတွာန ဗုဒ္ဓဿ၊ လောကနာထဿ သာသနေ။
သာမဏေရံ ကရိတွာန၊ ဒတွာနုပဇ္ဈမေ မမံ။

၆။ ဝဇ္ဇာဝဇ္ဇာနုသာသန္တာ၊ ယေ အာစေရာ စ နိဿိတာ။
ပရိယတ္တိံသု ဆေကတ္တံ၊ နတွာ မေ တေ စ ဝါစကာ။

၇။ ကိဥ္စိ ဓမ္မတ္ထဓိပ္ပါယေ၊ အဗုဇ္ဈိ ဂန္ထပဿိယ။
ယေသံ သိရေန အာစေရေ၊ တေစာဟံ ဂန္ထကာရကေ။

၈။ ကျိုက်လပ် ဉာတိ စ ဝေါဟာရေ၊ ပုရေ သန္တိနိဝေသ ဝိတော။
ခုဒ္ဒရာဇာနမာဝါသော၊ နာနာဂေဟေဟိ ဘူသနေ။

၉။ သဒ္ဓေန ဓမ္မကာမေန၊ နိဝါသိနာ သုယာစိတော။
ဦးမောင်ကြီး နာမဓေယျေန၊ သန္တစိတ္တေန မိမတာ။

## သမုပ္ပါဒနိရောဓဂကျမ်း

၁၀။ သမုပ္ပါဒံ နိရောဓဉ္စ၊ သဒ္ဓမ္မဇောတိကေန စ။
လေခေတုံ တေန ကဿာမိ၊ သမုပ္ပါဒနိရောဓဂံ။

၁၁။ ဣစ္စန္တော ဝဋ္ဋမောက္ခံ တံ၊ နိစ္စံ ပဿန္တု သဇ္ဇနာ။
အမတံ တေပိ ပါပေန္တု၊ ဝိဂဋ္ဋံ ခေမ ကေဝလံ။

၁-၂။ အဟံ၊ ငါမရှိဘဲ ငါဟုသမုတ် နာမ်ရုပ်အစုသည်။ ဇိနော၊ မာရ်ငါးပါးကို အောင်တော်မူပြီးထသော။ နိရောဓုပ္ပါဒသံဒဿီ၊ ဖြစ်ပေါ်မှု မရှိကြောင်းသဘော ဖြစ်ကြောင်းသဘောတို့ကို ကောင်းစွာမြင်လေ့ရှိတော်မူထသော။ လောကနာယကော၊ ကျွတ်ထိုက်သော သတ္တဝါတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်ထသော။ သမ္ဗုဒ္ဓေါ၊ သစ္စာလေးပါး တရားတို့ကို ဆရာမရှိဘဲ ကိုယ်တော်တိုင်သာလျှင် အကြွင်းမရှိ ထိုးထွင်း၍ သိတော်မူပြီးသော ဘုရားရှင်သည်။ သတ္တာနံ၊ သတ္တဝါတို့အား။ ဒုဒ္ဒသော၊ မြင်နိုင်ခဲကုန်ထသော။ နိပုဏော၊ သိမ်မွေ့ကုန်ထသော။ အတီတေ စ၊ ဖြစ်၍လည်း လွန်လေကုန်ပြီးထသော။ အနာဂတေ စ၊ နောင်ဖြစ်လတ္တံ့သည်လည်း ဖြစ်ကုန်ထသော။ ပစ္စုပ္ပန္နေ စ၊ ဖြစ်ဆဲလည်း ဖြစ်ကုန်ထသော။ ဂမ္ဘီရပစ္စယေ၊ နက်နဲသော အကြောင်းတရားသာလျှင်ဖြစ်၍ ဖြစ်ကုန်ထသော။ ဓမ္မေ စ၊ သဘောတရားတို့ကိုငင်း။ တဿ၊ ထိုအကြောင်းတရား၏။ အတ္ထကဉ္စ၊ အကျိုးတရားအပေါင်းကိုငင်း။ သံပကာသယိ၊ ကောင်းစွာပြတော်မူလေပြီ။ တံ၊ ထိုမြတ်စွာဘုရားကို။ တိခါ၊ သဟဇာတစေတနာ ကံသာလျှင်အကြောင်းခံရှိသော သုံးဒွါရတို့ဖြင့်။ နတွာန၊ ရှိခိုးပြီး၍။

၃။ သံသာရမုတ္တကာမေဟိ၊ ခန္ဓာအာယတနဓာတ်တို့၏ မပြတ် မလပ် ဆက်ကာဆက်ကာ ဖြစ်ပေါ်ခြင်းတည်းဟူသော သံသရာမှလွတ်ခြင်းကို အလိုရှိကုန်သော။ သန္တေဟိ၊ သူတော်ကောင်းတို့သည်။ နိစ္စံ၊ အမြဲ။ သေဝိတံ၊ မှီဝဲအပ်ထသော။ သေဝိတော၊ မိမိကို မှီဝဲကုန်သော သူတော်ကောင်းတို့ကို။ ခေမံ၊ ဘေးမရှိရာ နိဗ္ဗာန်သဘောသို့။ ပါပေန္တံ၊ အပြားအားဖြင့် ရောက်စေတော်မူထသော။ သုခံ၊ ချမ်းသာခြင်းကို။ ကရံ၊ ပြုတော်မူတတ်ထသော။ ဓမ္မံ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ္တိတည်းဟူသော ဆယ်ပါးသော တရားတော်မြတ်ကို။ တိခါ...တို့ဖြင့်။ နတွာ၊ ရှိခိုးပြီး၍။

၄။ ဇနာနံ၊ ကောင်းမှုကို ဖြစ်စေတတ်ကုန်သော သတ္တဝါတို့၏။ ပုညဗီဇာနိ၊ ကောင်းမှုတည်းဟူသော မျိုးစေ့တို့ကို။ ပဝပ္ပနံ၊ အပြားအားဖြင့် စိုက်ပျိုးရာလည်း ဖြစ်ထသော။ အနုတ္တရံ၊ အတုမရှိသော။ ခေတ္တံ၊ လယ်မြေကောင်း သဖွယ်လည်း ဖြစ်ထသော။ ဒက္ခိဏေယျံ၊ တမလွန်လောကကို ယုံကြည်၍ လှူအပ်သော အလှူကိုလည်း ခံခြင်းငှါ ထိုက်ထသော။ ဝရံ၊ ပုထုဇ္ဇန်သံဃာ

တော်တို့ထက်လည်း မြတ်ထသော။ နိဒ္ဒေါသကံ၊ အပြစ်ဒေါသအပေါင်းမှလည်း ကင်းစင်ထသော။ ဝါ၊ အပြစ်ဒေါသအပေါင်းလည်း မရှိထသော။ သံဃံ၊ မဂ္ဂဋ္ဌာန်လေးယောက်, ဖလဋ္ဌာန် လေးယောက်ဟုဆိုအပ်သော ရှစ်ယောက်သော အရိယာ သံဃာတော်အပေါင်းကို။ တိဓာ၊....တို့ဖြင့်။ နတွာ၊ ရှိခိုးပြီး၍။

၅။ မေ၊ ငါဟု သမုတ် နာမ်ရုပ်အစုအား။ ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ဆရာ၏ အဖြစ်ကို။ ဒတွာန၊ ပေးပြီး၍။ မမံ၊ ငါဟု သမုတ် နာမ်ရုပ်အစုကို။ လောက-နာထဿ၊ သတ္တလောက၏ အစီးအပွါးကို **အခါခပ်သိမ်း** တောင့်တတော်မူထသော။ ဗုဒ္ဓဿ၊ သစ္စာလေးပါး တရားတို့ကို အကြွင်းမရှိ ထိုးထွင်း၍သိတော်မူပြီးထသော ဘုရားရှင်၏။ သာသနေ၊ အဆုံးအမတော် တည်းဟူသော သာသနာတော်၌။ ပက္ခိပိတွာန၊ သွတ်သွင်းကုန်ပြီး၍။ သာမဏေရံ၊ သာမဏေ၏ အဖြစ်ကို။ ကရိတွာန၊ ပြုကုန်ပြီး၍။

၆။ ဝဇ္ဇာဝဇ္ဇာနုသာသန္တာ၊ ငယ်သောအပြစ် ကြီးသောအပြစ်တို့ကို အစဉ်ဆုံးမကုန်ထသော။ ယေ အာစရာ၊ အကြင် ကျောင်းတော်ရာ ရွှေကျင် ဆရာတော်ဘုရားကြီး, စစ်တွေမြို့ အနောက် ပေါက်တောချောင် တောရ နာဇီဘုန်းတော်ကြီးတည်းဟူသော ဥပဇ္ဈာယ်ဆရာတို့သည်။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ တေ အာစရေ စ၊ ထိုဥပဇ္ဈာယ်ဆရာတို့ကိုရင်း။ ယေ အာစရာ၊ အကြင်ဆရာတို့ကို။ နိဿိတာ၊ အမှီသဟဲ ပြုအပ်ကုန်ပြီ။ တေ အာစရေ စ၊ ထိုဆရာတို့ကိုရင်း။ ယေ အာစရာ၊ အကြင် ဆရာတို့သည်။ မေ၊ ငါ့အား။ ပရိယတ္တိံသု၊ ပရိယတ်တို့၌။ ဆေကတ္တံ၊ လိမ္မာစေခြင်းငှါ။ ဝါစကာ၊ ပို့ချဘူးကုန်ပြီ။ တေ အာစရေ စ၊ ထိုစာပေကျမ်းဂန်တို့ကို ပို့ချဘူးကုန်သော ဆရာတို့ကိုရင်း။ တိဓာ၊.... တို့ဖြင့်။ နတွာ၊ ရှိခိုးပြီး၍။

၇။ ယေသံ၊ အကြင်ဆရာတို့၏။ ဂန္ထံ၊ ကျမ်းကို။ ပဿိယ-ပဿိတွာ၊ ကြည့်ရှု၍။ ကိဥ္စိ၊ စိုးစဉ်းမျှဖြစ်ကုန်သော။ ဓမ္မတ္ထဓိပ္ပါယေ၊ သဒ္ဒါအနက် အဓိပ္ပါယ်တို့ကို။ အဟံ၊ ငါသည်။ အဗုဇ္ဈိံ၊ ထိုးထွင်း၍ သိရလေပြီ။ ဂန္ထကာရကေ၊ ကျမ်းကိုပြုတတ်ကုန်သော။ တေ အာစရေ စ၊ ထိုဆရာတို့ကိုလည်း။ သိရေန၊ ဦးခေါင်းဖြင့်။ နတွာ၊ ရှိခိုးပြီး၍။

၈။ ခုဒ္ဒရာဇာနံ၊ ဘုရင်ခံမင်းတို့အောက် ငယ်ကုန်သော မင်းလည်းဖြစ်ကုန်သော ဝန်ထောက် မြို့အုပ်တို့၏။ အာဝါသေ၊ နေရာလည်းဖြစ်ထသော။ နာနာ-ဂေဟေဟိ၊ အထူးထူးသော အိမ်တို့ဖြင့်။ ဘူသနေ၊ တင့်တင့်တယ်တယ် တန်းဆာဆင်အပ်ထသော။ ကျိုက်လတ်ဣတိ စ၊ ကျိုက်လတ်ဟူ၍လည်း။ ဝေါဟာရေ၊ ခေါ်ဝေါ်သမုတ်အပ်ထသော။ သန္တနိသေဝိတေ၊ သူတော်ကောင်းတို့သည် အမြဲ မှီဝဲအပ်သော။ ပုရေ၊ မြို့၌။

၉။ နိဝါသိနာ၊ အမြဲ နေလေ့ရှိသော။ သဒ္ဓေန၊ သဒ္ဓါတရားလည်း ရှိထသော။ ဓမ္မကာမေန၊ လောကုတ္တရာတရားကိုးပါးကိုလည်း အလိုရှိထသော။ သန္တစိတ္တေန၊ ငြိမ်သက်သော စိတ်နှလုံးလည်း ရှိထသော။ ဦးမောင်ကြီး နာမဓေယျေန၊ ဦးမောင်ကြီးဟူ၍လည်း အမည်ရှိထသော။ သဒ္ဓမ္မဇောတိကေန စ၊ သူတော်ကောင်းတို့၏တရား ထွန်းတောက်ခြင်းကို အလိုရှိထသော ဥပါသကာသည်လည်း။ (စ-သဒ္ဒါကား တပါးသော တောင်းပန်သူတို့ကိုလည်း ဆည်းသေး၏ဟု မှတ်ကြလေ။)

၁၀။ သမုပ္ပါဒဉ္စ၊ ဝဋ္ဋဒုက္ခတို့၏ ဖြစ်ကြောင်းဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရားကိုငင်း။ နိရောဓဉ္စ၊ ဝဋ္ဋဒုက္ခတို့၏တဖန်ဖြစ်ပေါ်ခြင်းမရှိဘဲ ကွယ်ပျောက်ကြောင်းသဘောတရားကိုငင်း။ လေခေတုံ၊ ရေးသားစေခြင်းငှါ။ သုယာစိတော၊ ကောင်းစွာ တောင်းပန်အပ်ပြီ။ တေန၊ ထိုသို့ တောင်းပန်အပ်သည်၏ အဖြစ်ကြောင့်။ သမုပ္ပါဒနိရောဓံ၊ ဝဋ္ဋဒုက္ခတို့၏ ဖြစ်ပေါ်ကြောင်း ဝဋ္ဋဒုက္ခတို့ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ကြောင်းဖြစ်သော သဘောတရားကို သိအပ်ကြောင်းဖြစ်သော ကျမ်းကို။ ဝါ၊ ဝဋ္ဋဒုက္ခတို့၏ ဖြစ်ပေါ်ကြောင်း, ဝဋ္ဋဒုက္ခတို့၏ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ကြောင်းဖြစ်သော သဘော တရားကို သိအပ်ကြောင်းဖြစ်သော ကျမ်း၏ အဖြစ်ကြောင့် **သမုပ္ပါဒနိရောဓဂ** မည်သော ကျမ်းကို။ ကဿာမိ၊ ရေးသားပြုလုပ်ပေအံ့။

၁၁။ ဝဋ္ဋမောက္ခံ၊ ဝဋ္ဋဆင်းရဲမှ လွတ်ခြင်းကို။ ဣစ္ဆန္တာ၊ အလိုရှိကုန်သော။ သဇ္ဇနာ၊သူတော်ကောင်းတို့သည်။ တံ၊ ထိုသမုပ္ပါဒနိရောဓဂကျမ်းကို။ နိစ္စံ၊ အမြဲ။ ပဿန္တု၊ ရှုကြည့်ကြစေကုန်သတည်း။ တေပိ၊ ထိုရှုကြည့်ကုန်သော သူတော်ကောင်းတို့သည်လည်း။ အမတံ၊ သေကြေ ပျက်စီးခြင်းမရှိသော။ ပိဝဋ္ဋံ၊ ဝဋ္ဋသုံးပါးမှ ကင်းလွတ်ရာ သဘောဖြစ်သော။ ခေမံ၊ ဘေးမရှိရာသဘောဖြစ်သော။ ကေဝလံ၊ သင်္ခါရတရားတို့နှင့် ရောယှက်ခြင်းမရှိသော အသခ်တဓာတ်ဟုဆိုအပ်သော နိဗ္ဗာန်သဘောသို့။ ပါပေန္တု၊ အာရုံပြုသောအားဖြင့် ရောက်နိုင်ကြစေကုန်သတည်း။

ဤတွင် ရတနတ္တယပဏာမ ပြချက် ပြီး၏။

## သမုပ္ပါဒနိရောဓဂ ပုဒ်တို့၏ ဝစနတ္ထနှင့် ကျမ်း၏ လဒ္ဓဂုဏ်ကို ပြဆိုချက်

သမုပ္ပါဒ နိရောဓဂ ကျမ်းကို ရေးသားပါအံ့ဟု ဝန်ခံအပ်သည်နှင့် အညီ သမုပ္ပါဒ နိရောဓဂ ဟူသောပုဒ်၌ သမုပ္ပါဒ ဆိုအပ်သည်မှာ တခြားတရားကို မဆိုအပ်၊ သင်္ခါရ စသော အကျိုးဝဋ်တရားတို့၏ ဖြစ်ကြောင်းဖြစ်သော အဝိဇ္ဇာ အစရှိသော အကြောင်း ဝဋ်တရားကို ဆိုလိုသည်။

ဆိုကြောင်းကိုလည်း "သမံ ဥပ္ပဇ္ဇတိ ဖလံ ဧတသ္မာတိ သမုပ္ပါဒေါ"ဟူသော ဝစနတ္ထ အားလျော်စွာ သိရာ၏။ ဧတသ္မာ ကာရဏာ၊ ထိုအဝိဇ္ဇာအစရှိသော အကြောင်းမှ။ သမံ၊ ညီညွတ်သည်၏အဖြစ်သို့။ ဂန္တွာ၊ ရောက်၍။ ဖလံ၊ သင်္ခါရ အစရှိသော အကျိုးတရားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထိုသို့ ဖြစ်ကြောင်းဖြစ်သည်၏အဖြစ်ကြောင့်။ သော ကာရဏော၊ ထိုအဝိဇ္ဇာ အစရှိသော အကြောင်းတရားသည်၊ သမုပ္ပါဒေါ၊ သမုပ္ပါဒ မည်၏။

သမံ ဥပ္ပဇ္ဇတိ ဖလံ ဧတသ္မာတိ-ကား အပါဒါနသာဓနေ ကိတ်ဝိဂ္ဂိုဟ်။ သမုပ္ပါ-ဒေါကား ကိတ်ပုဒ်၊ သံသဒ္ဒူပပဒ ဥရှေးရှိသော ပဒဓာတ်၊ ပဝတ္တန အနက်ဟော၊ ဏ ပစ္စည်း။

သမုပ္ပဇ္ဇတိ ဟူသော ကတ္တုတ္ထကြိယာ၏ အရကား သင်္ခါရအစရှိသော ပဋိစ္စ သမုပ္ပန္န တရားဟု ဆိုအပ်သော အကျိုးပစ္စယုပ္ပန်တရားတို့၏ ဖြစ်ပေါ်မှုဥပါဒ် သည် မုချရ၏။ အပါဒါနတ္ထကြိယာ၏ အရကား ထိုသင်္ခါရအစရှိသော အကျိုး ဝဋ္ဋဒုက္ခတရားတို့အား ထိုက်သည်အားလျော်စွာ ကျေးဇူးပြုတတ်သော အဝိဇ္ဇာ အစရှိသော အကြောင်းတရားတို့၏ ဟေတု သဟဇာတ အစရှိသော ပစ္စယသတ္တိ သည် ဖလူပစာရအားဖြင့် ရ၏။ ဏပစ္စည်း၏အရကား ထိုမုချဥပစာရအားဖြင့် မှတ်အပ်သော အဝိဇ္ဇာ အစရှိသော အကြောင်းတရားကိုသာ ရပေ၏။

ထို့ကြောင့် သမုပ္ပါဒေါဆိုလျှင် သင်္ခါရအစရှိသောအကျိုး ဝဋ္ဋဒုက္ခတရားတို့၏ ဖြစ်ပေါ်ကြောင်းဖြစ်သော အဝိဇ္ဇာအစရှိသော အကြောင်းတရားကိုသာ ရပေ၏ ဟု မှတ်ကြလေ။ ဤကား သမုပ္ပါဒ၏အရကို ပြဆိုချက်ပေတည်း။

နိရောဓဆိုသည်မှာ ထိုအဝိဇ္ဇာအစရှိသော အကြောင်းအကျိုး ဝဋ်တရားတို့၏ ဖြစ်ပေါ်ခြင်း မရှိဘဲ ကွယ်ပျောက်ခြင်း၏ အကြောင်းတရားဖြစ်သော မဖြစ် မပျက်သော သဘောလက္ခဏာရှိသော အသင်္ခတဓာတ်သဘော နိဗ္ဗာန်ကိုဆို သည်။

ဆိုကြောင်းကိုလည်း နိရုဇ္ဈန္တိ န ပဝတ္တန္တိ ဧတေနာတိ နိရောဓော-ဟူသော ဝစနတ္ထအားလျော်စွာ သိရာ၏။ ဧတေန၊ ထိုနိဗ္ဗာန်သဘောကြောင့်။ အဝိဇ္ဇာ-ဒယော၊ အဝိဇ္ဇာအစရှိသော ပဋိစ္စသမုပ္ပါဒ်တရားတို့သည်။ နိရုဇ္ဈန္တိ န ပဝတ္တန္တိ၊ ဖြစ်ပေါ်ခြင်းမရှိကုန်။ ဣတိတသ္မာ၊ ထိုအဝိဇ္ဇာ အစရှိသော ပဋိစ္စသမုပ္ပါဒ်တရားတို့၏ ဖြစ်ပေါ်ခြင်းမရှိဘဲ ကွယ်ပျောက်ခြင်း၏ အကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်။ သော သဘာဝေါ၊ ထိုအသင်္ခတဓာတ် နိဗ္ဗာန်သဘောသည်။ နိရောဓော၊ နိရောဓမည်၏။

နိရုဇ္ဈန္တိ န ပဝတ္တန္တိ ဧတေနာတိ-ကား ဟေတုသာဓနကိတ်ဝိဂြိုဟ်။ နိရောဓော ကား ကိတ်ပုဒ်၊ နိရှေးရှိသော ရုဓဓာတ်၊ အပဝတ္တန အနက်ဟော၊ ဏပစ္စည်း၊ နိရှေးရှိသော ရုဓဓာတ်၏ အပဝတ္တန အနက်ဟောကြောင်းကို နိရုဇ္ဈန္တိဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို န ပဝတ္တန္တိ ဟူ၍ ဣတိဝုတ်အဋ္ဌကထာရှင်သည် သံဝဏ္ဏနာ ပြုတော်မူသည်ကို ထောက်၍ငင်း၊ သုတ်သီလက္ခန် အဋ္ဌကထာရှင်သည် ကေဝဋ္ဋ သုတ်အဖွင့် စာမျက်နှာ(၃၂၆)၌ နိရုဇ္ဈန္တိ ဟူသောပုဒ်ကို အပဝတ္တံ ဟောတိ-ဟူ၍ အတ္ထသံဝဏ္ဏနာ ပြုတော်မူသည်ကို ထောက်၍ငင်း သိကြလေ။

နိရုဇ္ဈန္တိဟူသော ကတ္တုတ္ထကြိယာ၏ အရကား ဖြစ်ပေါ်မှုမရှိဘဲ ကွယ်လေကုန်သော အဝိဇ္ဇာ အစရှိကုန်သော ပဋိစ္စသမုပ္ပါဒ် ဝဋ္ဋဒုက္ခတရားတို့၏ အဘာဝ ပညတ်သည် မုချရ၏။ ဟေတွတ္ထကြိယာ၏အရကား ထိုအဝိဇ္ဇာအစရှိကုန်သော ပဋိစ္စသမုပ္ပါဒ်တရားတို့၏ ဖြစ်ပေါ်မှုမရှိဘဲ ကွယ်လေခြင်း၏ အကြောင်းရင်း ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်၏ ပကတူပနိဿယပစ္စယသတ္တိ သည် ဖလူပစာရအားဖြင့် ရ၏။ ဏပစ္စည်း၏အရကား ထိုမုချူပစာရအားဖြင့် မှတ်အပ်သော အသင်္ခတဓာတ် နိဗ္ဗာန်ရ၏။ ထို့ကြောင့် သမုပ္ပါဒ နိရောဓ ဟူ သောပုဒ်၌ နိရောဓသဒ္ဒါသည် အဝိဇ္ဇာအစရှိသော ဝဋ္ဋဒုက္ခတရားတို့၏ ဖြစ်ပေါ် မှုမရှိဘဲ ကွယ်ခြင်း၏အကြောင်းဖြစ်သော မဂ်ဖိုလ်တို့၏ အာရမ္မဏ ပစ္စယသတ္တိ ဖြစ်သော အသင်္ခတဓာတ်ကိုသာ ဧကန်ထွန်းပြလေသည်ဟု မှတ်ကြလေ။ ထိုသို့ မှတ်အပ်ကြောင်းကိုလည်း ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဆယ်ကြောင်းပေ ဿား ချုပ် ဝမ်းဘက် (ဆဋ္ဌမူ စာမျက်နှာ-၁၁၃)၌—

> နိရောဓောတိ နိဗ္ဗာနံ။ နိဗ္ဗာနဉ္ဟိ အာဂမ္မ ဒုက္ခံ နိရုဇ္ဈတီတိ နိရော-ဓောတိ ဝုစ္စတိ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍ သိကြလေ။

မြန်မာပြန်ကား—

နိရောဓောတိ၊ နိရောဓောဟူသည်ကား။ နိဗ္ဗာနံ၊ မီးတဆဲ့တပါးတို့၏ ငြိမ်း ကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ပင်တည်း။ ဟိ၊ ထိုစကားသည်

မှန်၏။ နိဗ္ဗာနံ၊ မီးတဆဲ့တပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို။ အာဂမ္မ၊ စွဲ၍။ ဒုက္ခံ၊ ဝဋ်ဆင်းရဲသည်။ နိရုဇ္ဈတိ န ပဝတ္တတိ၊ ဖြစ်ပေါ်ခြင်း မရှိ။ ဣတိတသ္မာ၊ ထိုသို့ ဝဋ္ဋဒုက္ခတို့၏ ဖြစ်ပေါ်ခြင်း မရှိကြောင်း ဖြစ်သည်၏ အဖြစ်ကြောင့်။ နိရောဓောတိ၊ နိရောဓဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား မဂ်၏ အာရုံဖြစ်သော ပရမတ္ထအားဖြင့် ထင်ရှားရှိသော အသင်္ခတဓာတ်နိဗ္ဗာန်ကိုပင် နိရောဓဟု ခေါ်ဆိုအပ်လေသည်။ အဘယ်ကြောင့် ခေါ်ဆိုအပ်လေသနည်းဟူမူ ထိုအသင်္ခတဓာတ်နိဗ္ဗာန်ကို သင်္ခတနယ်က မဂ်ဖြင့် အာရုံပြု၍ သင်္ခတတရားဖြစ်သော အဝိဇ္ဇာအစရှိသော ဝဋ္ဋဒုက္ခတရားတို့သည် ဖြစ်ပေါ်ခြင်းမရှိဘဲ ကွယ်ပျောက်ရလေကုန်၏။ ထိုသို့ ကွယ်ပျောက်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ၎င်း အသင်္ခတဓာတ် နိဗ္ဗာန်ကိုပင် နိရောဓဟု ခေါ်ဆိုအပ်လေသည်။ ဤကား အဋ္ဌကထာရှင်၏ အလိုတော်ဖြစ်သော အဓိပ္ပါယ်တည်း။ ဤအဋ္ဌကထာရှင်၏ အလိုတော်ကိုထောက်၍ ဝဋ္ဋဒုက္ခတို့၏ ဖြစ်ပေါ်ခြင်းမရှိဘဲ ကွယ်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကိုပင် နိရောဓဟု ခေါ်ဆိုအပ်ကြောင်းကို မုချ သိကြလေကုန်။ ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး။ သမ္မောဟဝိနောဒနီအဋ္ဌကထာ သစ္စဝိဘင်းအဖွင့် စာမျက်နှာနံပါတ် (၇၉)၌—

ဒုက္ခဿ ဝါ အနုပ္ပါဒနိရောဓပစ္စယတ္တာ ဒုက္ခနိရောဓန္တိ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

ဝါ၊ တနည်းကား။ ဒုက္ခဿ၊ အလုံးစုံသော ဝဋ်ဆင်းရဲ၏။ အနုပ္ပါဒနိရောဓ-ပစ္စယတ္တာ၊ နောင်တဖန်ဥပါဒ်အားဖြင့် ဖြစ်ပေါ်ခြင်း မရှိသည်သာလျှင်ဖြစ်သော နိရောဓ၏ အကြောင်း၏ အဖြစ်ကြောင့်။ ဒုက္ခနိရောဓန္တိ၊ ဒုက္ခနိရောဓဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား အဘယ်ကြောင့် အသင်္ခတဓာတ်နိဗ္ဗာန်ကို နိရောဓဟု ခေါ်ဆိုအပ်လေသနည်းဟူမူ ဝဋ်ဆင်းရဲတို့၏ နောင်တဖန် ဥပါဒ်အားဖြင့် ဖြစ်ပေါ်ခြင်း မရှိဘဲ ကွယ်ပျောက်ခြင်းတည်းဟူသော အဘာဝပညတ်သာလျှင်ဖြစ်သော အနုပ္ပါဒနိရောဓ၏ အကြောင်းခံဖြစ်သောကြောင့် နိရောဓဟု ခေါ်ဆိုအပ်လေသည် ဟူလို။ ဤသို့ ပြဆိုအပ်သည်ကို ထောက်၍လည်း ဝဋ္ဋဒုက္ခတို့၏ ဖြစ်ပေါ်ခြင်း မရှိဘဲ ကွယ်ပျောက်ခြင်း အဘာဝပညတ်ဟု ဆိုအပ်သော အနုပ္ပါဒနိရောဓ၏ အကြောင်းခံဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကိုပင် စင်စစ် နိရောဓဟု ခေါ်အပ်ကြောင်းကို ထင်ရှားသိကြလေ။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး။ သုတ်မဟာဝါအဋ္ဌကထာ စာမျက်နှာနံပါတ် (၃၆)၌—

ယသ္မာ တံ အာဂမ္မ။လ။ သဗ္ဗံ ဒုက္ခံ နိရုဇ္ဈတိ။ တသ္မာ။လ။ နိရော-
ဓောတိ ဝုစ္စတိ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

စ၊ အဘိုတပါးကို ဆိုဦးအံ့။ ယသ္မာ၊ အကြင်ကြောင့်။ တံ၊ ထိုအသခ်တ
ခေတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ စွဲ၍။လ။ သဗ္ဗံ၊ အလုံးစုံသော။ ဒုက္ခံ၊
ဝဋ်ဆင်းရဲသည်။ နိရုဇ္ဈတိ၊ ဖြစ်ပေါ်ခြင်းမရှိ။ တသ္မာ၊ ထိုသို့ဝဋ်ဆင်းရဲတရား
တို့၏ ဖြစ်ပေါ်ခြင်း မရှိခြင်း၏ အကြောင်းခံ ဖြစ်သည်၏ အဖြစ်ကြောင့်။လ။
နိရောဓောတိ၊ နိရောဓဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာကို ထောက်၍လည်း အလုံးစုံသော ဝဋ်
ဒုက္ခတို့၏ ဖြစ်ပေါ်ခြင်း မရှိခြင်း၏ အကြောင်းခံဖြစ်သော အသခ်တခေတ်
နိရောဓသစ္စာကိုပင် နိရောဓဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး။ သမ္မောဟဝိနောဒနီ
အဋ္ဌကထာ နိရောဓသစ္စာအဖွင့် စာမျက်နှာ (၁၀၆) ၌—

နိဗ္ဗာနဉ္ဟိ အာဂမ္မ တဏှာ အသေသာ ဝိရဇ္ဇတိ နိရုဇ္ဈတိ။ တသ္မာ
တံ တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓောတိ ဝုစ္စတိ။

ဟူ၍ ပြဆိုအပ်သော ပါဠ်တို့တွင် နိရောဓော-ဟူသော ပါဠ်ကို ထောက်၍
သိလေဦး။

ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ နိဗ္ဗာနံ၊ အသခ်တခေတ် နိဗ္ဗာန်ကို။ အာဂမ္မ၊
စွဲ၍။ တဏှာ၊ တပ်တတ်သော တဏှာသည်။ အသေသာ၊ အကြွင်းမရှိမူ၍။
ဝိရဇ္ဇတိ၊ ကင်းလည်းကင်း၏။ နိရုဇ္ဈတိ၊ ဖြစ်ပေါ်ခြင်းလည်း မရှိ။ တသ္မာ၊
ထိုသို့ တဏှာ၏ အကြွင်းမရှိ ကင်းကြောင်း ဖြစ်ပေါ်ခြင်း မရှိကြောင်း၏
အဖြစ်ကြောင့်။ တံ၊ ထိုမဂ်၏အာရုံဖြစ်သော အသခ်တခေတ် နိဗ္ဗာန်ကို။
တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓောတိ၊ တဿာယေဝ။လ။နိရော-
ဓော-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား အသခ်တခေတ် နိဗ္ဗာန်ကို အကြောင်းပြု၍သာလျှင် သမု-
ဒယသစ္စာဖြစ်သော တဏှာသည် အကြွင်းမရှိ ကင်းရ ဖြစ်ပေါ်ခြင်းမရှိဘဲ
ကွယ်ရလေသည်။ ထိုကြောင့် ၎င်းအသခ်တခေတ် နိရောဓသစ္စာ နိဗ္ဗာန်ကိုပင်
ဝိရာဂနိရောဓဟု အမည်တပ်၍ ခေါ်ဆိုအပ်လေသည်ဟူလို။ ဤပြဆိုအပ်
သော အဋ္ဌကထာစကားရပ်တို့တွင် နိရောဓဟူသော သဒ္ဒါပုဒ်ကို ထောက်၍
လည်း တဏှာစသော ဝဋ်ဒုက္ခတို့၏ ဖြစ်ပေါ်ခြင်း မရှိဘဲ ကွယ်ကြောင်းဖြစ်
သော အသခ်တခေတ်နိဗ္ဗာန်ကိုပင် နိရောဓဟူ၍ ခေါ်ဆိုအပ်ကြောင်းကို ထင်
ရှားသိကြလေကုန်။

ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နိရောဓသစ္စာအဖွင့် စာမျက်နှာနံပါတ် (၁၃၉)၌—

ယသ္မာ ပန တံ အာဂမ္မ တဏှာ ဝိရဇ္ဇတိ စေဝ နိရုဇ္ဈတိ စ၊ တသ္မာ ဝိရာဂေါတိ စ နိရောဓောတိ စ ဝုစ္စတိ။

ဟူ၍ ပြဆိုအပ်သောပါဠိတို့တွင် နိရောဓောဟူသောပုဒ်ကို ထောက်၍လည်း သိလေဦး။

ယသ္မာ ပန၊ အကြင်ကြောင့်ကား။ တံ၊ ထိုနိဗ္ဗာန်ကို။ အာဂမ္မ၊ စွဲ၍။ တဏှာ၊ တပ်တတ်သော တဏှာသည်။ ဝိရဇ္ဇတိ စေဝ၊ ကင်းလည်း ကင်း၏။ နိရုဇ္ဈတိ စ၊ ဖြစ်ပေါ်မှုလည်း မရှိ။ တသ္မာ၊ ထိုသို့ တဏှာ၏ ကင်းကြောင်း ဖြစ်ပေါ်မှုမရှိကြောင်း၏ အဖြစ်ကြောင့်။ တံ၊ ထိုနိဗ္ဗာန်ကို။ ဝိရာဂေါတိ စ၊ ဝိရာဂဟူ၍၎င်း။ နိရောဓောတိ စ၊ နိရောဓဟူ၍၎င်း။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား အသင်္ခတဓာတ် နိဗ္ဗာန်ကို မင်္ဂဖြင့် အာရုံပြု၍ တဏှာသည် စင်စစ် ကင်းရ ဖြစ်ပေါ်ခြင်း မရှိရလေသည်။ ထိုသို့ တဏှာ၏ ကင်းရ ဖြစ်ပေါ်ခြင်း မရှိရခြင်း၏ အကြောင်းဖြစ်သောကြောင့် ထိုအသင်္ခတဓာတ် နိဗ္ဗာန်ကိုပင် ဝိရာဂ,နိရောဓဟု အမည်တပ်၍ ခေါ်ဆိုအပ်လေသည် ဟူလို။ ။ဤသို့ ပြဆိုအပ်သော အဋ္ဌကထာကို ထောက်၍လည်း တဏှာစသော ဝဋ္ဋဒုက္ခတို့၏ ဖြစ်ပေါ်ခြင်း မရှိကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာကိုပင် စင်စစ် နိရောဓဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေကုန်။

ဤ အဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ပါရာဇိကဏ် အဋ္ဌကထာ စာမျက်နှာ(၁၇၃) သုဒိန္နဝဏ္ဏနာ အဖွင့်၌—

နိဗ္ဗာနံ ဟိ တံ အာဂမ္မ အာရဗ္ဘ ပဋိစ္စ ရာဂေါ ဝိရဇ္ဇတိ, န ဟောတိ။ တသ္မာ ရာဂဝိရာဂေါတိ ဝုစ္စတိ။ လ။ ယသ္မာ စ တံ အာဂမ္မ တေဘူမကဝဋ္ဋံ ဥပစ္ဆိဇ္ဇတိ။ တသ္မာ ဝဋ္ဋူပစ္ဆေဒေါတိ ဝုစ္စတိ။ ယသ္မာ ပန တံ အာဂမ္မ သဗ္ဗသော တဏှာက္ခယံ ဂစ္ဆတိ, ဝိရဇ္ဇတိ, နိရုဇ္ဈတိ။ တသ္မာ တဏှာက္ခယော ဝိရာဂေါ နိရောဓောတိ ဝုစ္စတိ။

ဟူ၍ မိန့်ဆိုအပ်သော ပါဠိတို့ဘွင် နိရောဓောဟူသော သဒ္ဒါပုဒ်ကို ထောက်၍လည်း သိကြလေဦး။

ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ တံ နိဗ္ဗာနံ၊ ထိုအသင်္ခတသဘောနိဗ္ဗာန်ကို။ အာဂမ္မ၊ စွဲ၍။ အာရဗ္ဘ၊ စွဲ၍။ ပဋိစ္စ၊ စွဲ၍။ ရာဂေါ၊ တပ်တတ်သော သဘောသည်။ ယသ္မာ၊ အကြင်ကြောင့်။ ဝိရဇ္ဇတိ၊ ကင်း၏။ န ဟောတိ၊ ဖြစ်ပေါ်ခြင်းမရှိ။ တသ္မာ၊ ထိုသို့ ရာဂ၏ ကင်းကြောင်း ဖြစ်ပေါ်ခြင်း မရှိကြောင်း၏ အဖြစ်ကြောင့်။ တံ၊ ထို အသင်္ခတဓာတ် နိဗ္ဗာန်ကို။ ရာဂ-

ဝိရာဂေါတိ၊ ရာဂဝိရာဂဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ လ။ စ၊ အဘို့တပါးကို ဆိုဦးအံ့။ ယသ္မာ၊ အကြင်ကြောင့်။ တံ၊ ထိုနိဗ္ဗာန်ကို။ အာဂမ္မ၊ စွဲ၍။ တေဘုမ္မက ဝဋ္ဋံ၊ ဘုံသုံးပါး၌ဖြစ်သော ဝဋ္ဋတရားသည်။ ဥပစ္ဆိဇ္ဇတိ၊ ပြတ်၏။ တသ္မာ၊ ထိုသို့ ဝဋ္ဋပြတ်ကြောင်း၏ အဖြစ်ကြောင့်။ တံ၊ ထိုနိဗ္ဗာန်ကို။ ဝဋ္ဋု-ပစ္ဆေဒေါတိ၊ ဝဋ္ဋုပစ္ဆေဒဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပန၊ အဘို့တပါးကို ဆိုဦးအံ့။ ယသ္မာ၊ အကြင်ကြောင့်။ တံ၊ ထိုနိဗ္ဗာန်ကို။ အာဂမ္မ၊ စွဲ၍။ သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ တဏှာ၊ တပ်တတ်သော တဏှာသည်။ ခယံ၊ ကုန်ခြင်းသို့။ ဂစ္ဆတိ စ၊ ရောက်လည်းရောက်၏။ ဝိရဇ္ဇတိ စ၊ ကင်းလည်းကင်း၏။ နိရုဇ္ဈတိ စ၊ ဖြစ်ပေါ်ခြင်းလည်း မရှိ။ တသ္မာ၊ ထိုတဏှာ၏ ကုန်ကြောင်း ကင်းကြောင်း ဖြစ်ပေါ်မှုမရှိကြောင်း၏ အဖြစ်ကြောင့်။ တံ၊ ထိုနိဗ္ဗာန်ကို။ တဏှာက္ခယော ဝိရာဂေါ နိရောဓောတိ၊ တဏှာက္ခယော ဝိရာဂေါ နိရောဓော ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား အသင်္ခတဓာတ် နိဗ္ဗာန်ကို အကြောင်းပြု၍ ရာဂကင်းခြင်း ဝဋ္ဋပြတ်ခြင်း တဏှာကုန်ခြင်း ကင်းခြင်း ဖြစ်ပေါ်မှု မရှိရခြင်းသည် ဖြစ်၏။ ထိုသို့ ဖြစ်ခြင်းကြောင့် အကြောင်းခံဖြစ်သော ၎င်း အသင်္ခတဓာတ် နိဗ္ဗာန်ကို ပင် ရာဂ ဝိရာဂ ဝဋ္ဋုပစ္ဆေဒ တဏှာက္ခယ ဝိရာဂ နိရောဓဟူ၍ အမည်တပ်ပြီးလျှင် ခေါ်ဝေါ်အပ်ကြရလေသည် ဟူလို။ ဤသို့ ပြဆိုအပ်သော အဋ္ဌကထာ ပါဌ်တို့တွင် နိရောဓဟူသော သဒ္ဒါပုဒ်ကို ထောက်၍ တဏှာစသော ဝဋ္ဋတရားတို့၏ ဖြစ်ပေါ်မှုမရှိကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကိုပင် စင်စစ် နိရောဓဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေကုန်။ ထိုသို့ သိကြကုန်လျှင်လည်း (ဤ သမုပ္ပါဒ နိရောဓဂ)ကျမ်း၌ လာသော နိရောဓသဒ္ဒါ၏ အနက်သဘောကို လည်း စင်စစ် အဝိဇ္ဇာစသော ပဋိစ္စသမုပ္ပါဒ် ဝဋ္ဋဒုက္ခတရားတို့၏ ဖြစ်ပေါ်ခြင်း မရှိဘဲ ကွယ်လေခြင်း တည်းဟူသော အနုပ္ပါဒ အဘာဝသို့ ရောက်ကြောင်းဖြစ်သော မဂ်၏ အာရမ္မဏ ပစ္စယသတ္တိဟု ဆိုအပ်သော အသင်္ခတဓာတ် နိဗ္ဗာန် သဘောတခုကိုသာ ကောက်ယူအပ်ကြောင်း သိအပ်ကြောင်းကို အမြဲစွဲယူ မှတ်သားကြလေကုန်။ ဤတွင် နိရောဓ၏အရဖြစ်သော အနက် သဘာဝတ္ထကို ဖော်ပြချက် ပြီး၏။

သမုပ္ပါဒေါ စ နိရောဓော စ သမုပ္ပါဒနိရောဓံ။ (ဒွန်သမာသ်အရာ၌ နပုံး-လိင်၏အဖြစ် ဧကဝုစ်သဉ္ဇာ၏ အဖြစ်ကို ငဲ့သည်။) သမုပ္ပါဒေါ စ၊ ဝဋ္ဋဒုက္ခတရား တို့၏ ဖြစ်ပေါ်ကြောင်း တရားလည်း။ နိရောဓော စ၊ ဝဋ္ဋဒုက္ခတရားတို့၏ ဖြစ် ပေါ်မှုမရှိဘဲ ကွယ်ကြောင်းတရားလည်း။ သမုပ္ပါဒနိရောဓံ၊ ဝဋ္ဋဒုက္ခတရားတို့၏ ဖြစ်ပေါ်ကြောင်း ဝဋ္ဋဒုက္ခတရားတို့၏ ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ကြောင်းတရား။ (အဓိပ္ပါယ်မှာ သံသရာ၌ တဝဲလည်လည် ဖြစ်ပေါ်နေသော အဝိဇ္ဇာ အစရှိ

သော ပဋိစ္စသမုပ္ပါဒ် တရားနှင့် ၎င်း တရားတို့၏ ကွယ်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ရ၏ဟူလို။ ဤကား အဓိပ္ပါယ်တည်း။)

**သမုပ္ပါဒနိရောဓံ** ဂမ္ဘီရော အနေနာတိ သမုပ္ပါဒနိရောဓဂံ။ ကရဏသာဓနေ ကိတ်ဝိဂြိုဟ် ပြုသည်။ **အနေန**၊ ဤကျမ်းဖြင့်။ သမုပ္ပါဒနိရောဓံ၊ ဝဋ္ဋဒုက္ခတို့၏ ဖြစ်ပေါ်ကြောင်း ဝဋ္ဋဒုက္ခတို့၏ ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ကြောင်းဖြစ်သော တရားကို။ ဂမ္ဘီရော၊ သိအပ်၏။ ဋ္ဌတိတသ္မာ၊ ထိုသို့ သိအပ်ကြောင်း ဖြစ်သော သတ္တိကြောင့်။ တံ ပကရဏံ၊ ထိုကျမ်းသည်။ သမုပ္ပါဒနိရောဓဂံ၊ သမုပ္ပါဒ-နိရောဓဂမည်၏။

သမုပ္ပါဒနိရောဓံ ဂမ္ဘီရော အနေနာတိ-ကား ကရဏသာဓနကိတ်ဝိဂြိုဟ်။ သမုပ္ပါဒနိရောဓဂံကား ကိတ်ပုဒ်၊ သမုပ္ပါဒနိရောဓ သဒ္ဒူပပဒ ဂမုဓာတ်၊ ဍဏ အနက်ဟော၊ ကွိပစ္စည်း။ ဂမုဓာတ်၏ ကတ္တုတ္ထကြိယာ၏အရကား ကျမ်း၌ လာသော သမုပ္ပါဒနိရောဓတရားတို့ကို အာရုံပြု၍ သိတတ်သောဉာဏ်သည် မုချ ရ၏။ ကမ္မတ္ထကြိယာ၏ အရကား – ၎င်းဉာဏ်အား အာရမ္မဏပစ္စည်းတပ်သော သမုပ္ပါဒနိရောဓဂတရားသည် ဖလူပစာရအားဖြင့် ရ၏။ ကရဏတ္ထကြိယာ၏ အရကား ထိုသမုပ္ပါဒနိရောဓဂကျမ်း၏ ပကတူပနိဿယပစ္စယသတ္တိသည် ဌာနူ-ပစာရအားဖြင့် ရ၏။ ကွိပစ္စည်း၏အရကား ထိုမုချဥပစာရအားဖြင့် မှတ်အပ်သောကျမ်း ရ၏။ ထို့ကြောင့် **သမုပ္ပါဒနိရောဓဂကျမ်း** ဆိုလျှင် အဝိဇ္ဇာ စသော ပဋိစ္စသမုပ္ပါဒ်တရား ထိုပဋိစ္စသမုပ္ပါဒ်တရားနှင့် ဆန့်ကျင်ဘက် ဖြစ်လျက် တည်သော ဝဋ္ဋဒုက္ခတို့၏ ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ကြောင်းဖြစ်သော နိရောဓဟု ခေါ်အပ်သော အသင်္ခတဓာတ်နိဗ္ဗာန် ဤဆိုအပ်ပြီးသော တရားသဘော နှစ်ပါးကို သိအပ်ကြောင်းဖြစ်သော ကျမ်းကို ဆိုလိုသည်ဟု မှတ်ကြလေကုန်။

ဤတွင် သမုပ္ပါဒနိရောဓဂကျမ်း၏ လဒ္ဓဂုဏ်ကို ဖော်ပြချက် ပြီး၏။

# အဝိဇ္ဇာပစ္စယာ သင်္ခါရာ အခန်း

## ရုပ်တို့၏ သဘောလက္ခဏာစသည်ကို မသိနိုင်ပုံ

ထိုသမုပ္ပါဒနိရောဓဂေကျမ်း၌ ပြဆိုအပ်သော တရားနှစ်ပါးတို့တွင် သမုပ္ပါဒ၏ အရဖြစ်သော ဝဋ္ဋဒုက္ခတို့၏ ဖြစ်ပေါ်ကြောင်းတရားကို ရှေးဦးစွာ ဖော်ထုတ် ရေးသားပေအံ့။

ဝဋ္ဋတို့၏ ဖြစ်ကြောင်းတရား ဆိုအပ်သည်မှာ တခြားတရားကို မဆိုအပ်၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ စသည်ဖြင့် ဟောတော်မူအပ်သော ပဋိစ္စသမုပ္ပါဒ် တရားကို ဆိုလိုသည်။ ထိုအဝိဇ္ဇာပစ္စယာ သင်္ခါရာ စသည်ဖြင့် ဟောတော်မူအပ် ကုန်သော ပဋိစ္စသမုပ္ပါဒ်တရားတို့တွင် အဝိဇ္ဇာဆိုသည်မှာ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိတတ်သော သတ္တဝါအသက်နှင့်မရောသော သက်သက်သော ခန္ဓာအစဉ်၌ ဖြစ်ပေါ်နေသော မောဟစေတသိက်ဟု ခေါ် အပ်သော ပရမတ္ထတရားသဘောကို ဆိုလိုသည်။ ထိုပရမတ္ထ သဘောတရား ဖြစ်သော မောဟသာလျှင် ဖြစ်သော အဝိဇ္ဇာတရားသည် ထိုထိုသို့သော သဘောတရားတို့၏ ဟုတ်မှန်သော သဘောလက္ခဏာစသည်တို့ကို ဇင်စစ် မသိ သည်သာလျှင်ကတည်း။

ထိုကဲ့သို့ မသိပုံကို ထင်စွာ ပြဦးအံ့—

ပထဝီဓာတ်သည် အတူဖြစ်သော ကလာပ်ရုပ်တို့၏ တည်ရာ သဘောမျှသာ ဖြစ်၏။ ထိုတည်ရာသဘောသည် သတ္တဝါ, အသက်လည်း မဟုတ်၊ ပြရန်အမှုန့်, သဏ္ဌာန်, အရိပ်အရောင်စသည်လည်း မရှိသော စင်စစ် အမာခံသဘောဟူ၍ သာလျှင် မှတ်ကြောင်းလက္ခဏာ၊ အတူဖြစ်သော သဟဇာတ်ရုပ်တို့၏ တည်ရာ ကိစ္စ၊ (ကိစ္စဟူ၍ ညွှန်းရာတိုင်း၌ ရသဟူ၍ပင် မှတ်လေ။) အတူဖြစ်သော ရုပ်တို့ကို ချီပိုးထမ်းဆောင် ခံယူနေသော သဘောဟူ၍သာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော ပစ္စုပဋ္ဌာန်၊ မိမိမှကြွင်းသော ဘုတ်သုံးပါး သာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ပထဝီဓာတ်၏ ဟုတ်မှန် သော သဘောလက္ခဏာစသည်တို့ကို မသိမမြင်နိုင်သောသဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

အာပေါဓာတ်သည် မိမိနှင့်အတူဖြစ်သော ရုပ်တို့ကို တပေါင်းတည်း ဖြစ်ပွါး စေရန် ဖွဲ့တွယ်ကပ်ထားသော သဘောမျှသာ ဖြစ်၏။ ၎င်းသဘောသည်လည်း သတ္တဝါ, အသက်, အမှုန့် စသည် မဟုတ်၊ စင်စစ် ခန္ဓာဖြစ်စဉ်၌ တခုဘခုသော ရုပ်ကလာပ်တို့၌ တည်ရှိသော မိမိနှင့်အတူဖြစ်သော ရုပ်တို့သို့ ယိုစီးပြန့်နှံ့တတ်

သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ သဟဇာတ်ရုပ်တို့ကို တပေါင်းတည်း ဖြစ်ပွါးစေမှုကိစ္စ၊ အတူဖြစ်သော သဟဇာတ်ရုပ်တို့ကို မကွဲမပြားစေရန် စည်းလုံးပေါင်းစုတတ်သော သဘောဟူ၍သာလျှင် ရှုကြည့်သောသူတို့၏ဉာဏ်အား ရှေးရှုထင်စေတတ်သော ပစ္စုပဋ္ဌာန်၊ မိမိမှကြွင်းသော ဘုတ်သုံးပါးသာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု အာပေါဓာတ်၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

တေဇောဓာတ်သည် ခန္ဓာအစဉ်၌ မိမိနှင့်အတူဖြစ်သော ရုပ်တို့ကို ရင့်ကျက်စေတတ်သော သဘောမျှသာ ဖြစ်၏။ ၎င်းသဘောသည်လည်း သတ္တဝါ, အသက်, အမှုန့်စသည် မဟုတ်၊စင်စစ် ပူနွေးသည်၏အဖြစ်သာလျှင် မှတ်ကြောင်းလက္ခဏာ၊ အတူဖြစ်သော ရုပ်တို့ကို ရင့်ကျက်စေတတ်သော ကိစ္စ၊ အတူဖြစ်သော ရုပ်တို့၏ ပျောင်းပျော့နူးညံ့သည်၏အဖြစ်ကို အစဉ်ပေးတတ်သော သဘောဟူ၍သာလျှင် ရှုကြည့်သောသူတို့၏ဉာဏ်အား ရှေးရှုထင်စေတတ်သော ပစ္စုပဋ္ဌာန်၊ မိမိမှကြွင်းသော ဘုတ်သုံးပါးသာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု တေဇောဓာတ်၏ ဟုတ်မှန်သော သဘောလက္ခဏာစသည်ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ဝါယောဓာတ်သည် အတူဖြစ်ကုန်သော ရုပ်တို့ကို ကောင်းစွာ လှုပ်စေတတ်သော သဘောမျှသာ ဖြစ်ပေ၏။ ၎င်းသဘောသည်လည်း သတ္တဝါ, အသက်, အမှုန့် စသည် မဟုတ်၊ စင်စစ် မိမိနှင့်အတူဖြစ်သော ရုပ်တို့ကို တွန်းတတ်, ကန်တတ်, ခိုင်စေတတ်, ထောက်ပံ့တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ အတူဖြစ်သော ရုပ်တို့ကို လှုပ်စေခြင်းကိစ္စ၊ အတူဖြစ်သော ရုပ်တို့ကို တပါးသော ရုပ်ကလာပ်တို့ရှိရာသို့ ရောက်အောင် ရှေးရှုဆောင်တတ်သော သဘောဟူ၍သာလျှင် ရှုကြည့်သောသူတို့၏ဉာဏ်အား ရှေးရှုထင်စေတတ်သော ပစ္စုပဋ္ဌာန်၊ မိမိမှ ကြွင်းသော ဘုတ်သုံးပါးသာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ဝါယောဓာတ်၏ ဟုတ်မှန်သော သဘော လက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

စက္ခုပသာဒသည် စက္ခုဝိညာဏ်၏တည်ရာ သဘောမျှသာ ဖြစ်၏။ ၎င်းသဘောသည်လည်း သတ္တဝါ, အသက်, အမှုန့်, သဏ္ဌာန် စသည် မဟုတ်၊ စင်စစ် မိမိ၏မှီရာဘုတ်တို့ကို ကြည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ ရူပါရုံတို့၌ ကျက်စားစေရန် အာဝဇ္ဇန်းစိတ်စသည်တို့ကို ဆွဲငင်ဆောင်သွားခြင်းကိစ္စ၊ စက္ခုဝိညာဏ်စိတ်၏ တည်ရာအဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ မိမိမှီရာဖြစ်သော မဟာဘုတ် ၄-ပါးသာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏

ဟု စက္ခုပသာဒရုပ်၏ ဟုတ်မှန်သော သဘောလက္ခဏာစသည်ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

သောတပသာဒသည် သောတဝိညာဏ်စိတ်၏ တည်ရာ သဘောမျှသာ ဖြစ်၏။ ၎င်းသဘောသည်လည်း သတ္တဝါ, အသက်, အမှုန့်, သဏ္ဍာန် စသည် မဟုတ်၊ စင်စစ် မိမိ၏မှီရာဖြစ်သော ဘုတ်တို့ကို ကြည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ သဒ္ဒါရုံတို့၌ ကျက်စားစေရန် အာဝဇ္ဇန်းစိတ်စသည်တို့ကို ဆွဲငင်ဆောင်သွားခြင်းကိစ္စ၊ သောတဝိညာဏ်စိတ်၏ တည်ရာ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှု ထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ မိမိ၏မှီရာဖြစ်သော မဟာဘုတ် ၄-ပါးသာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု သောတပသာဒရုပ်၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သောသဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ဃာနပသာဒသည် ဃာနဝိညာဏ်စိတ်၏ တည်ရာသဘောမျှသာ ဖြစ်ပေ၏။ ၎င်းသဘောသည်လည်း သတ္တဝါ, အသက်, အမှုန့်, သဏ္ဍာန် စသည် မဟုတ်၊ စင်စစ် မိမိ၏ မှီရာဘုတ်တို့ကို ကြည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ ဂန္ဓာရုံတို့၌ ကျက်စားစေရန် အာဝဇ္ဇန်းစိတ် စသည်တို့ကို ဆွဲငင် ဆောင်သွားခြင်း ကိစ္စ၊ ဃာနဝိညာဏ်စိတ်၏ တည်ရာ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ မိမိ၏ မှီရာဖြစ်သော မဟာဘုတ် ၄-ပါးသာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ဃာနပသာဒရုပ်၏ ဟုတ်မှန်သော သဘောလက္ခဏာစသည်ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ဇိဝှါပသာဒသည် ဇိဝှါဝိညာဏ်စိတ်၏ တည်ရာသဘောမျှသာ ဖြစ်ပေ၏။ ၎င်းသဘောသည်လည်း သတ္တဝါ, အသက်, အမှုန့်, သဏ္ဍာန် စသည် မဟုတ်၊ စင်စစ် မိမိ၏ မှီရာဘုတ်တို့ကို ကြည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ ရသာရုံတို့၌ ကျက်စားစေရန် အာဝဇ္ဇန်းစိတ် စသည်တို့ကို ဆွဲငင်ဆောင်သွားခြင်း ကိစ္စ၊ ဇိဝှါဝိညာဏ်စိတ်၏ တည်ရာ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ မိမိ၏မှီရာဖြစ်သော မဟာဘုတ် ၄-ပါးသာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ဇိဝှါပသာဒရုပ်၏ ဟုတ်မှန်သော သဘောလက္ခဏာစသည်ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ကာယပသာဒသည် ကာယဝိညာဏ်စိတ်၏ တည်ရာ သဘောမျှသာ ဖြစ်ပေ၏။ ၎င်းသဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှန် စသည် မဟုတ်၊ စင်စစ် မိမိ၏မှီရာဘုတ်တို့ကို ကြည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ ဖောဋ္ဌဗ္ဗာရုံတို့၌ ကျက်စားစေရန် အာဝဇ္ဇန်းစိတ် စသည်တို့ကို ဆွဲငင်ဆောင်သွားခြင်းကိစ္စ၊ ကာယဝိညာဏ်စိတ်၏ တည်ရာအဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ မိမိ၏ မှီရာဖြစ်သော မဟာဘုတ် ၄-ပါးသာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ကာယပသာဒရုပ်၏ ဟုတ်မှန်သော သဘောလက္ခဏာစသည်ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ရူပဟုခေါ်အပ်သော ဝဏ္ဏရုပ်သည် စက္ခုဝိညာဏ်စိတ်၏ အာရုံသဘောမျှသာ ဖြစ်၏။ ၎င်းသဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှန် စသည် မဟုတ်၊ စင်စစ် စက္ခုပသာဒ၌ ရှေးရှုထိခိုက်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ စက္ခုဝိညာဏ်စိတ်၏ အာရုံအဖြစ်ကိစ္စ၊ စက္ခုဝိညာဏ်စိတ်၏ ကျက်စားရာ အာရုံဟူ၍သာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ မိမိ၏ မှီရာဖြစ်သော မဟာဘုတ် ၄-ပါးသာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ဝဏ္ဏရုပ်၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

အသံဟု ခေါ်အပ်သောသဒ္ဒရုပ်သည် သောတဝိညာဏ်စိတ်၏ အာရုံသဘောမျှသာ ဖြစ်၏။ ၎င်းသဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှန် စသည် မဟုတ်၊စင်စစ် သောတပသာဒ၌ ရှေးရှုထိခိုက်တတ်သောသဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ သောတဝိညာဏ်စိတ်၏ အာရုံအဖြစ်ကိစ္စ၊ သောတဝိညာဏ်စိတ်၏ ကျက်စားရာအာရုံဟူ၍သာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ မိမိ၏မှီရာဖြစ်သော မဟာဘုတ် ၄-ပါးသာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ ဟု သဒ္ဒရုပ်၏ ဟုတ်မှန်သောသဘောလက္ခဏာ စသည်ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

အနံ့ဟု ခေါ်အပ်သော ဂန္ဓရုပ်သည် ဃာနဝိညာဏ်စိတ်၏ အာရုံသဘောမျှသာ ဖြစ်၏။ ၎င်းသဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှန် စသည် မဟုတ်၊ စင်စစ် ဃာနပသာဒ၌ ရှေးရှုထိခိုက်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ ဃာနဝိညာဏ်စိတ်၏ အာရုံအဖြစ်ကိစ္စ၊ ဃာနဝိညာဏ်စိတ်၏ ကျက်စားရာ အာရုံ ဟူ၍သာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ မိမိ၏မှီရာဖြစ်သော မဟာဘုတ်

၄-ပါးသာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ ဟု ဂန္ဓရုပ်၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

အရသာဟု ခေါ်အပ်သော ရသရုပ်သည် ဇိဝှါဝိညာဏ်စိတ်၏ အာရုံသဘောမျှသာ ဖြစ်၏။ ၎င်းသဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှုန့် စသည် မဟုတ်၊ စင်စစ် ဇိဝှါပသာဒ၌ ရှေးရှုထိခိုက်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ ဇိဝှါဝိညာဏ်စိတ်၏ အာရုံအဖြစ်ကိစ္စ၊ ဇိဝှါဝိညာဏ်စိတ်၏ ကျက်စားရာ အာရုံဟူ၍သာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ မိမိ၏မှီရာဖြစ်သော မဟာဘုတ် ၄-ပါးသာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ ဟု ရသရုပ်၏ ဟုတ်မှန်သောသဘောလက္ခဏာ စသည်ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

အတွေ့ဟု ခေါ်အပ်သော ဖောဋ္ဌဗ္ဗရုပ်သည် ကာယဝိညာဏ် စိတ်၏ အာရုံသဘောမျှသာ ဖြစ်၏။ ၎င်းသဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှုန့် စသည် မဟုတ်၊ စင်စစ် ကာယပသာဒ၌ ရှေးရှုထိခိုက်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ ကာယဝိညာဏ်စိတ်၏ အာရုံအဖြစ်ကိစ္စ၊ ကာယဝိညာဏ်စိတ်၏ ကျက်စားရာ အာရုံဟူ၍သာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ မိမိ၏မှီရာ မဟာဘုတ် ၄-ပါးသာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ ဟု ဖောဋ္ဌဗ္ဗရုပ်၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ဣတ္ထိဘာဝရုပ်သည် ဤသူကား မိန်းမတည်းဟု ခေါ်ဝေါ်သမုတ်ခြင်း၏ အကြောင်း သဘောသတ္တိမျှသာ ဖြစ်ပေ၏။ ၎င်းသဘော သတ္တိသည်လည်း သတ္တဝါ၊ အသက်၊ အမှုန့် စသည် မဟုတ်၊ စင်စစ် မိန်းမဟု ခေါ်ဝေါ်သမုတ်အပ်သည်အားလျော်စွာ ပညာရှိတို့၏ အသိဉာဏ်ဖြစ်ခြင်း၏ အကြောင်းသဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ မိန်းမတည်းဟု အသိဉာဏ်ဖြစ်ခြင်းငှါ ပြခြင်းကိစ္စ၊ ဤကား မိန်းမတည်းဟု သိစေနိုင်ရန် အသွင်အပြင် အလုပ်အကိုင် အပြုအမူ ထူးခြားခြင်း၏ အကြောင်း၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘောပစ္စုပဋ္ဌာန်၊ ဣတ္ထိဘာဝရုပ်ကိုဖြစ်စေတတ်သော ကံသည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ ဟု ဣတ္ထိဘာဝရုပ်၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ပုမ္ဘာဝရုပ်သည် ဤသူကား ယောကျ်ားဘဲဟု ခေါ်ဝေါ်သမုတ်ခြင်း၏ အကြောင်းသဘော သတ္တိမျှသာ ဖြစ်ပေ၏။ ၎င်းသဘောသတ္တိသည်လည်း သတ္တဝါ၊ အသက်၊ အမှန် စသည် မဟုတ်။ စင်စစ် ယောကျ်ားဟု ခေါ်ဝေါ် သမုတ်အပ်သည်အားလျော်စွာ ပညာရှိတို့၏ အသိဉာဏ်ဖြစ်ခြင်း၏ အကြောင်း သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ ယောကျ်ားဘဲဟု အသိဉာဏ် ဖြစ်ခြင်းငှါ ပြခြင်းကိစ္စ၊ ဤကား ယောကျ်ားဘဲဟု သိစေနိုင်ရန် အသွင်အပြင် အလုပ်အကိုင် အပြုအမူ ထူးခြားခြင်း၏ အကြောင်း၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ ပုမ္ဘာဝရုပ်ကို ဖြစ်စေတတ်သော ကံသည်သာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ ဟု ပုမ္ဘာဝရုပ်၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်ကို မသိမမြင်နိုင်သောသဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏

ဟဒယဝတ္ထုရုပ်သည် မနောဓာတ်, မနောဝိညာဏဓာတ်တို့၏ တည်ရာ သဘောမျှသာ ဖြစ်ပေ၏။ ၎င်းသဘောသည်လည်း သတ္တဝါ, အသက်, အမှန် စသည် မဟုတ်၊ စင်စစ် မနောဓာတ်, မနောဝိညာဏဓာတ်တို့၏ မှီရာသဘော ဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ မနောဓာတ်, မနောဝိညာဏဓာတ်တို့၏ တည်ရာကိစ္စ၊ ထိုမနောဓာတ်, မနောဝိညာဏဓာတ်တို့ကိုပင် တည်ရာ၏အဖြစ် ဖြင့် လွန်စွာ ရွက်ဆောင်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ မိမိ၏မှီရာ မဟာဘုတ် လေးပါးသာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု ဟဒယဝတ္ထု ရုပ်၏ ဟုတ်မှန်သော သဘောလက္ခဏာစသည်တို့ကို မသိမမြင်နိုင်သော သဘော သည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ဇီဝိတိန္ဒြေရုပ်သည် မိမိနှင့်အတူတကွဖြစ်သော ကမ္မဇရုပ်တို့၏ တည်ကြောင်း မျှသာ ဖြစ်ပေ၏။ ၎င်းရုပ်သဘောသည်လည်း သတ္တဝါ, အသက်, အမှန် စသည် မဟုတ်၊ စင်စစ် မိမိနှင့်အတူဖြစ်ကုန်သော ကမ္မဇရုပ်တို့ကို စောင့်ရှောက်တတ် သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ ၎င်းအတူဖြစ်သော ရုပ်တို့ကို မိမိနှင့်အတူတကွ ဖြစ်စေခြင်းကိစ္စ၊ ၎င်းရုပ်တို့ကို ဥပါဒ်မှ ဌီခဏသို့ ရောက်အောင် တည်စေနိုင်ခြင်း၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ အတူတကွဖြစ်ကုန် သော ၎င်းကမ္မဇရုပ်တို့သာလျှင် မိမိ၏ နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ ၏ဟု ဇီဝိတိန္ဒြေရုပ်၏ ဟုတ်မှန်သော သဘောလက္ခဏာစသည်တို့ကို မသိမမြင် နိုင်သောသဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

အာဟာရဟု ခေါ်အပ်သော ဩဇာရုပ်သည် ရူပကာယအား ထောက်ပံ့ တတ်, အားကို ပြုတတ်သော သဘောမျှသာ ဖြစ်ပေ၏။ ၎င်းသဘောသည်

လည်း သတ္တဝါ, အသက်, အမှန့် စသည် မဟုတ်၊ စင်စစ် ဩဇာသာလျှင် ရှစ်ခု မြောက်သော အာဟာရကြောင့်ဖြစ်သော ရုပ်ကို ဖြစ်စေတတ်သော သဘော ဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ ဩဇာသာလျှင် ရှစ်ခုမြောက်ဖြစ်သော အာဟာရဇရုပ်တို့ကို လွန်စွာ အဆက်ဆက် ဖြစ်ပွါးစေရန် အကြောင်းခံသော အားဖြင့် ဆောင်ခြင်းကိစ္စ၊ စတုဇကာယအား ထောက်ပံ့နိုင်စေသည်၏ အဖြစ် ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ အလုပ်အလွေ့ကို ပြု၍ မျိုအပ်သော ဝတ္ထုသာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု အာဟာရဟု ခေါ်အပ်သော ဩဇာရုပ်၏ ဟုတ်မှန်သော သဘောလက္ခဏာစသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

အာကာသရုပ်သည် မှေးခြစ်ခြင်းငှါ မတတ်ကောင်းသော သဘောမျှသာ ဖြစ်ပေ၏။ ၎င်းသဘောသည်လည်း သတ္တဝါ,အသက်,အမှန့် စသည်မဟုတ်၊စင်စစ် ရုပ်ကလာပ်တခုနှင့်တခုကို မရောမယှက်စေဘဲ သီးသန့်ပိုင်းခြား၍ ထားတတ် သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ တခုတခုသော ကလာပ် ရုပ်တို့၏ ထက်ဝန်းကျင်မှုဖြစ်သော အဆုံးအစွန်းကို ပြခြင်းကိစ္စ၊ ကလာပ်ရုပ် တို့ကို သီးသန့်ပိုင်းခြားထားတတ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူ တို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ ပိုင်းခြားအပ် သော ကလာပ်ရုပ်တို့သာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု အာကာသရုပ်၏ ဟုတ်မှန်သော သဘောလက္ခဏာစသည်တို့ကို မသိမမြင်နိုင် သောသဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ကာယဝိညတ်ရုပ်သည် ရှုပကာယလှုပ်ခြင်းဖြင့် ထိုလှုပ်သောသူ၏ အဓိပ္ပါယ် ကို သူတပါးတို့အား သိစေခြင်း၏ အကြောင်းသဘောမျှသာ ဖြစ်ပေ၏။ ၎င်း သဘောသည်လည်း သတ္တဝါ,အသက်, အမှန့် စသည် မဟုတ်၊ စင်စစ် ရှေ့သို့ တက် ခြင်း, နောက်သို့ဆုတ်ခြင်းစသည်ကို ဖြစ်စေတတ်သော စိတ်လျှင်ဖြစ်ကြောင်း ရှိသော ဝါယောဓာတ်နှင့် အတူတကွဖြစ်သော ရှုပကာယကို ခိုင်ခံ့စေခြင်း, တည်စေခြင်း, ကောင်းစွာလှုပ်စေခြင်း၏ သဟကာရီအကြောင်းဟု ဆိုအပ် သော အခြင်းအရာအထူးဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ ပြုလုပ်သော သူ၏ အလိုဆန္ဒကို ဖော်ပြခြင်းကိစ္စ၊ ရှုပကာယလှုပ်ခြင်း၏ အကြောင်း၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ မိမိနှင့် အတူတကွ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ် သည်သာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု ကာယဝိညတ်ရုပ်၏ ဟုတ်မှန်သောသဘော လက္ခဏာစသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ဝစီဝိညတ်ရုပ်သည် နှုတ်မြွက်ပြောဆိုသောစကားဖြင့် ထိုပြောသောသူ၏ အလိုဆန္ဒအဓိပ္ပါယ်ကို သူတပါးတို့အား သိစေခြင်း၏ အကြောင်းသဘောသတ္တိ မျှသာ ဖြစ်ပေ၏။ ၎င်းသဘောသည်လည်း သတ္တဝါ, အသက်, အမှုန့် စသည် မဟုတ်၊ စင်စစ် တိဿ ဖုဿစသော နှုတ်မြွက်ခြင်းအထူးကို ဖြစ်စေတတ်သော စိတ်ကြောင့်ဖြစ်သော ပထဝီဓာတ်၏ အက္ခရာ ဖြစ်ရာဌာနဌ်တည်သော ကမ္ဘဇ ပထဝီဓာတ်ကို ထိခိုက်ခြင်း၏ သဟကာရီအကြောင်းသဘောဟု ဆိုအပ်သော အခြင်းအရာ အထူးဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ ပြောဆိုသောသူ၏ အလိုဆန္ဒကို ဖော်ပြခြင်းကိစ္စ၊ နှုတ်မြွက်ပြောဆိုသံ၏ ဖြစ်ခြင်း၏ အကြောင်း အဖြစ်ကိုသာလျှင် ရှုကြည့်သော သူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ မိမိနှင့်အတူဘက္ခ စိတ်ကြောင့်ဖြစ်သော ပထဝီဓာတ်သာ လျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ဝစီဝိညတ်ရုပ်၏ ဟုတ်မှန် သော သဘောလက္ခဏာ စသည်ကို မသိ မမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ရူပဿ လဟုတာရုပ်သည် စိတ်ကြောင့်, ဥတုကြောင့်, အာဟာရကြောင့် ဖြစ်ကုန်သော ရုပ်တို့၏ ပေါ့ပါးလျင်မြန်သည်၏ အဖြစ်သဘောမျှသာ ဖြစ်၏။ ၎င်းသဘောသည်လည်း သတ္တဝါ, အသက်, အမှုန့် စသည် မဟုတ်၊ စင်စစ် ဆိုအပ် ပြီးသော တိဇရုပ်တို့၏ မလေးမနှန့်သည်၏ အဖြစ်သဘော ဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ ရုပ်တို့၏ လေးလံသည်၏ အဖြစ်ကို ပယ်ဖျောက်ခြင်း ကိစ္စ၊ လျင်မြန်စွာ ပြန်လှန်စေနိုင်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သော သူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ ပေါ့ပါးသော ရုပ်သာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု လဟုတာရုပ်၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိ မမြင်နိုင်သော သဘော သည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ရူပဿ မုဒုတာရုပ်သည် စိတ်ကြောင့်, ဥတုကြောင့်, အာဟာရကြောင့် ဖြစ်ကုန်သော ရုပ်တို့၏ နူးညံ့သည်၏ အဖြစ်သဘောမျှသာ ဖြစ်၏။ ၎င်း သဘောသည်လည်း သတ္တဝါ, အသက်, အမှုန့် စသည် မဟုတ်၊ စင်စစ် တိဇရုပ်တို့၏ ကြမ်းတမ်းခက်တရော်မရှိသည်၏ အဖြစ်ဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ ရုပ်တို့၏ ကြမ်းတမ်းသည်၏ အဖြစ်ကို ပယ်ဖျောက်ခြင်း ကိစ္စ၊ အလုံးစုံသော ကိုယ်ဖြင့် ပြုအပ်သောအမှုကိစ္စတို့အား မဆန့်ကျင်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ နူးညံ့သောရုပ်သာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု မုဒုတာရုပ် ၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘော သည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ရူပဿ ကမ္မညတာရုပ်သည် စိတ်ကြောင့်, ဥတုကြောင့်, အာဟာရကြောင့် ဖြစ်ကုန်သော ရုပ်တို့၏ ကိုယ်ဖြင့်ပြုအပ်သော အမှုအားလျော်စွာ ခံ့သော သဘောမျှသာ ဖြစ်၏။ ၎င်းသဘောသည်လည်း သတ္တဝါ,အသက်,အမှုန့်စသည် မဟုတ်၊ စင်စစ် တိဇရုပ်တို့၏ ကိုယ်ဖြင့်ပြုအပ်သော အမှုအားလျော်သည်၏ အဖြစ် ကောင်းသည်၏ အဖြစ်ဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ ရုပ်တို့၏ မခံ့သည်၏ အဖြစ်ကို ပယ်ဖျောက်ခြင်း ကိစ္စ၊ ရုပ်တို့၏ အားမနည်းစေသည်၏ အဖြစ်ကို၊ (ဝါ) ရုပ်တို့၏ အားနည်းခြင်း မရှိစေသည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ ခံ့ကျန်းသောရုပ်သာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ကမ္မညတာရုပ်၏ ဟုတ်မှန်သောသဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ဥပစယဟု ခေါ်အပ်သော ဇာတိရုပ်သည် ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇ ရုပ်တို့၏ ရှေးဦးအစ ဖြစ်ပေါ်ခြင်း သဘောမျှသာ ဖြစ်၏။ ၎င်းသဘောသည် လည်း သတ္တဝါ, အသက်, အမှုန့် စသည် မဟုတ်၊ စင်စစ် ပစ္စုပ္ပန် မျက်မှောက် ဘဝ၌ ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်တို့၏ လက်ဦးအစ ဖြစ်ပေါ်ခြင်း သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ ရှေးဘဝ၌ဖြစ်သော စုတေ့စိတ်၏ ဘင်စွန်းမှ ယခုပစ္စက္ခမျက်မှောက်ဘဝ၌ ရုပ်တို့ကို ပေါ်လာစေခြင်းကိစ္စ၊ ယခု ပစ္စုပ္ပန်မျက်မှောက်ဘဝ၌ ထင်ရှားစေရန် ရုပ်တို့ကိုဆောင်နှင်းထားတတ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘောပစ္စုပဋ္ဌာန်၊ ရှေးဦးအစ ဖြစ်ပေါ်မှုရှိသော ရုပ်တို့သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ဥပစယရုပ်၏ ဟုတ်မှန်သော သဘော လက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာ သဘော ဖြစ်ပေ၏။

သန္တတိဟု ဆိုအပ်သော ဇာတိရုပ်သည် ရှေးဦးအစဖြစ်ပေါ်ပြီးသော ကမ္မဇ, စိတ္တဇ,ဥတုဇ,အာဟာရဇရုပ်တို့၏ အစဉ်မပြတ် ဆက်ကာဆက်ကာ စေ့စပ်ဖွဲ့ယှက် သောအားဖြင့် ဖြစ်ပေါ်ခြင်းသဘောမျှသာ ဖြစ်ပေ၏။ ၎င်းသဘောသည်လည်း သတ္တဝါ, အသက်, အမှုန့်စသည် မဟုတ်။ စင်စစ် ရှေးဦးအစ ဖြစ်ပေါ်ပြီးသော ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇ ရုပ်တို့၏ ဆက်ကာဆက်ကာ အစဉ်မပြတ် ဖြစ်ပေါ်ခြင်း သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ ထို ဆိုအပ်ပြီး သော ရုပ်တို့၏ ဆက်ကာဆက်ကာ ဖြစ်ပေါ်မှုကို အစဉ်ဖွဲ့ခြင်းကိစ္စ၊ ထို ဆိုအပ်ပြီး သော ရုပ်တို့၏ ဆက်ကာဆက်ကာ ဖြစ်ပေါ်မှုအစဉ်ကို မပြတ်စေတတ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ ဆက်ကာဆက်ကာ ဖြစ်ပေါ်မှုကို အစဉ်ဖွဲ့အပ်သော ရုပ်သာ

လျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု သန္တတိရုပ်၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ဇရတာရုပ်သည် ဖြစ်ပေါ်ခြင်းသို့ရောက်သော ရုပ်တို့ကို ရင့်ရော်စေတတ်သော သဘောသတ္တိမျှသာ ဖြစ်၏။ ၎င်းသဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှန် စသည် မဟုတ်၊ စင်စစ် ဖြစ်ပေါ်ခြင်းသို့ရောက်သော ရုပ်တို့ကို ရင့်ရော်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ ဖြစ်ပေါ်သော ရုပ်တို့၏ အားနည်းသည်၏အဖြစ်ကို ကပ်ဆောင်တတ်သောကိစ္စ၊ ရုပ်တို့ကို ဖြစ်ပေါ်စအဖြစ်မှ ကင်းစေခြင်း, ရုပ်တို့ကို အားနည်းစေခြင်းကို ပြုတတ်သော သဘော၏အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ ရင့်ရော်ခြင်းသို့ရောက်သော ရုပ်တို့သာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု ဇရတာရုပ်၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

အနိစ္စတာရုပ်သည် ရင့်ရော်ခြင်းသို့ရောက်ကုန်သော ရုပ်တို့ကို ကွယ်ပျောက်စေတတ်သော သဘောသတ္တိမျှသာ ဖြစ်ပေ၏။ ၎င်းသဘောသည်လည်း သတ္တဝါ, အသက်, အမှန် စသည် မဟုတ်၊ စင်စစ် ရင့်ရော်ခြင်းသို့ ရောက်ကုန်သော ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်တို့၏ ပျက်ခြင်းသဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ ရင့်ရော်ခြင်းသို့ရောက်ကုန်သော ရုပ်တို့ကို ကွယ်နစ်စေခြင်းကိစ္စ၊ ၎င်းရင့်ရော်ခြင်းသို့ ရောက်ကုန်သော ရုပ်တို့ကို ကုန်စေတတ်, ပျက်စေတတ်သောသဘော၊ (ဝါ) ရင့်ရော်ခြင်းသို့ ရောက်ကုန်သော ရုပ်တို့၏ ကုန်ရာပျက်ရာ သဘောဟူ၍သာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ ပျက်ခြင်း,ကုန်ခြင်းသို့ရောက်သော ရုပ်သာလျှင် နီးစွာသော ဖြစ်ကြောင်းပဒဋ္ဌာန်ရှိပေ၏ဟု အနိစ္စတာရုပ်၏ ဟုတ်မှန်သော သဘောလက္ခဏာစသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ဤတွင် ရုပ်တို့၏သဘောလက္ခဏာ စသည်တို့ကို
မသိမမြင်နိုင်ပုံကို ဖော်ပြချက် ပြီး၏။

---

## ဝိညာဏခေတ် ၇-ပါးတို့၏ သဘောလက္ခဏာကို ပြဆိုချက်

စက္ခုဝိညာဏခေတ်သည်လည်း သတ္တဝါ, အသက်, အမှန်, သဏ္ဌာန်, အရိပ်, အရောင် စသည် မဟုတ်၊ စင်စစ် ရူပါရုံကို အာရုံပြု၍သိတတ်သော သဘော

ဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ ရူပါရုံမျှကို အာရုံပြု၍ မြင်ခြင်းကိစ္စ၊ ရူပါရုံသို့သာလျှင် ရှေးရှုသည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သော သူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ ထိုစက္ခုဝိညာဏ် စိတ်အား အနန္တရပစ္စည်း စသည်တတ်သော အခြားမဲ့ဖြစ်၍ ချုပ်ပြီးသော ပဉ္စဒွါရာဝဇ္ဇန်းစိတ်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု စက္ခုဝိညာဏဓာတ်၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

သောတဝိညာဏဓာတ်သည်လည်း သတ္တဝါ,အသက်, အမှုန့် စသည် မဟုတ်၊ စင်စစ် သဒ္ဒါရုံကို အာရုံပြု၍သိတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ သဒ္ဒါရုံကို အာရုံပြု၍ ကြားခြင်းကိစ္စ၊ သဒ္ဒါရုံသို့သာလျှင် ရှေးရှုသည်၏အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ ထိုသောတဝိညာဏ်စိတ်အား အနန္တရပစ္စည်းစသည်တတ်သော အခြားမဲ့ဖြစ်၍ ချုပ်ပြီးသော ပဉ္စဒွါရာဝဇ္ဇန်းစိတ်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု သောတဝိညာဏဓာတ်၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ဃာနဝိညာဏဓာတ်သည်လည်း သတ္တဝါ, အသက်, အမှုန့် စသည် မဟုတ်၊ စင်စစ် ဂန္ဓာရုံကို အာရုံပြု၍ သိတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ ဂန္ဓာရုံကို အာရုံပြု၍ နမ်းခြင်းကိစ္စ၊ ဂန္ဓာရုံသို့သာလျှင် ရှေးရှုသည်၏အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ ထိုဃာနဝိညာဏ်စိတ်အား အနန္တရပစ္စည်း စသည်တတ်သော အခြားမဲ့ဖြစ်၍ ချုပ်ပြီးသော ပဉ္စဒွါရာဝဇ္ဇန်းစိတ်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု ဃာနဝိညာဏဓာတ်၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ဇိဝှါဝိညာဏဓာတ်သည်လည်း သတ္တဝါ, အသက်, အမှုန့် စသည် မဟုတ်၊ စင်စစ် ရသာရုံကို အာရုံပြု၍သိတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ ရသာရုံကို အာရုံပြု၍ လျက်ခြင်းကိစ္စ၊ ရသာရုံသို့သာလျှင် ရှေးရှုသည်၏အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ ထိုဇိဝှါဝိညာဏ်စိတ်အား အနန္တရပစ္စည်းစသည်တတ်သော အခြားမဲ့ဖြစ်၍ ချုပ်ပြီးသော ပဉ္စဒွါရာဝဇ္ဇန်းစိတ်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ဇိဝှါဝိညာဏဓာတ်၏ ဟုတ်မှန်သော

သဘောလက္ခဏာစသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာ သဘော ဖြစ်ပေ၏။

ကာယဝိညာဏခေတ်သည်လည်း သတ္တဝါ, အသက်, အမှန့် စသည် မဟုတ်၊ စင်စစ် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ သိတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ ဖောဋ္ဌဗ္ဗာရုံကိုအာရုံပြု၍ တွေ့ထိတတ်သောကိစ္စ၊ ဖောဋ္ဌဗ္ဗာရုံသို့သာလျှင် ရှေးရှုသည်၏အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ ထိုကာယဝိညာဏ်စိတ်အား အနန္တရပစ္စည်းစသည်တတ်သော အခြားမဲ့ဖြစ်၍ ချုပ်ပြီးသော ပဥ္စဒွါရာဝဇ္ဇန်းစိတ်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု ကာယဝိညာဏခေတ်၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

မနောခေတ်သုံးပါးတို့တွင် ပဥ္စဒွါရာဝဇ္ဇန်းစိတ်ဟု ခေါ်အပ်သော မနော-ခေတ်သည်လည်း သတ္တဝါ, အသက်, အမှန့် စသည် မဟုတ်၊ စင်စစ် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဟုဆိုအပ်သော အာရုံ ငါးပါးတို့တွင် တပါးပါးကို ထိုက်သည်အားလျော်စွာ သိတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ ၎င်းအာရုံငါးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဆင်ခြင်ခြင်း ကိစ္စ၊ ၎င်းအာရုံငါးပါးတို့တွင် တပါးပါးကို ဆင်ခြင်တတ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ ထိုပဥ္စဒွါရာဝဇ္ဇန်းစိတ်အား အနန္တရပစ္စည်း စသည် တတ်သော အခြားမဲ့ဖြစ်၍ ချုပ်ပြီးသော ဘဝင်ုပစ္ဆေဒစိတ်သည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ပဥ္စဒွါရာဝဇ္ဇန်းစိတ်ဟု ခေါ်အပ်သော မနောခေတ်၏ ဟုတ်မှန်သော သဘောလက္ခဏာစသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

သမ္ပဋိစ္ဆိုင်းဟု ခေါ်အပ်သော မနောခေတ် နှစ်ပါးသည်လည်း သတ္တဝါ, အသက်, အမှန့် စသည် မဟုတ်၊ စင်စစ် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့တွင် တပါးပါးကို ထိုက်သည် အားလျော်စွာ သိတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ ၎င်း အာရုံငါးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ခံလင့်ခြင်းကိစ္စ၊ ၎င်းအာရုံငါးပါးတို့တွင် တပါးပါးကို ခံလင့်တတ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ ထို သမ္ပဋိစ္ဆိုင်းစိတ်အား အနန္တရပစ္စည်းစသည်တတ်သော အခြားမဲ့ဖြစ်၍ ချုပ်ပြီးသော ပဥ္စဝိညာဏ်တို့တွင် တပါးပါးသော ဝိညာဏ်စိတ်သည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု သမ္ပဋိစ္ဆိုင်းဟုခေါ်အပ်သော မနောခေတ်၏ ဟုတ်မှန်သောသဘော

လက္ခဏာစသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ထိုပြဆိုအပ်ပြီးကုန်သော ဒွေပဉ္စဝိညာဏ် တဆယ်၊ မနောဓာတ်သုံးပါးတို့မှ ကြွင်းကုန်သော ၇၆-ပါးကုန်သော မနောဝိညာဏဓာတ်တို့သည်လည်း သတ္တဝါ၊ အသက်၊ အမှန့် စသည် မဟုတ်ကုန်၊ စင်စစ် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဟု ဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တပါးပါးကို ထိုက်သည်အားလျော်စွာ သိတတ်သော သဘောတို့ဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ စုံစမ်းတတ် မှတ်တတ်သည်၏အဖြစ် စသော မိမိ မိမိတို့၏ ဆိုင်ရာ ဆိုင်ရာ ပြုလုပ်တတ်သော ကိစ္စ၊ ထိုထိုသို့သော ကိစ္စကို ပြုလုပ်တတ်သော သဘောတို့ဟူ၍သာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ မိမိ မိမိတို့အား အနန္တရပစ္စည်း စသည်တတ်သော အခြားမဲ့ဖြစ်၍ ချုပ်ပြီးသော စိတ်သည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ၇၆-ပါးသော မနောဝိညာဏဓာတ်တို့၏ ဟုတ်မှန်သော သဘော လက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ဤတွင် ဝိညာဏဓာတ် ၇-ပါးတို့၏ သဘောလက္ခဏာ
စသည်တို့ကို မသိမမြင်ပုံကို ဖော်ပြချက် ပြီး၏။

---

## ဖဿစသော အညသမာန်းစေတသိက်တို့၏
## သဘောလက္ခဏာတို့ကို ပြဆိုချက်

ထိုဝိညာဏဓာတ်တို့ကို တွယ်မှီ၍ ဖြစ်ကုန်သော စေတသိက်ဟုခေါ် အပ်သော သဘောတရားတို့တွင် ဖဿသဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှန့်၊ သဏ္ဌာန်၊ အရိပ်၊ အရောင် စသည် မဟုတ်၊ စင်စစ် အာရုံ ခြောက်ပါးတို့တွင် တပါးပါးကို တွေ့ဆုံတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ စိတ်ကို အာရုံ၌ ထိခိုက်စေတတ်သော ကိစ္စ၊ စိတ်အာရုံတို့ကို ပေါင်းဆုံစေသည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ ထင်သော အာရုံသည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ဖဿ၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သောသဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ဝေဒနာဟု ဆိုအပ်သော ခံစားတတ်သောသဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှန့် စသည် မဟုတ်၊ စင်စစ် အာရုံခြောက်ပါးတို့တွင် တပါးပါးကို

ထိုက်သည်အားလျော်စွာ ခံစားတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ သုံးဆောင်ခြင်း ကိစ္စ၊ သမ္ပယုတ်တရားတို့ကို သာယာချမ်းမြေ့စေမှု,မသာမယာ ဆင်းရဲစေမှု,သာယာချမ်းမြေ့စေသည်လည်းမဟုတ် မသာမယာ ဆင်းရဲစေသည်လည်း မဟုတ်သော အခြင်းအရာကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ တွေ့ဆုံတတ်သော ဖဿသဘောသာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု ဝေဒနာ၏ ဟုတ်မှန်သော သဘော လက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သောသဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

သညာသဘောသည်လည်း သတ္တဝါ, အသက်, အမှန် စသည်မဟုတ်၊ စင်စစ် အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ မှတ်တတ်သော သဘောဟူ၍ သာလျှင် မှတ်ကြောင်းလက္ခဏာ၊ နောက်၌သိရန် အမှတ်ထားခြင်းကို ပြုခြင်း ကိစ္စ၊ အကြင်အကြင် ယူအပ်ပြီးသော မှတ်ကြောင်းနိမိတ်၏ အစွမ်းအားဖြင့် နှလုံးသွင်းခြင်းကို ပြုလုပ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ သိမှတ်အပ်သော အာရုံသည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု သညာ၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သောသဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

စေတနာသဘောသည်လည်း သတ္တဝါ, အသက်, အမှန် စသည် မဟုတ်၊ စင်စစ် အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ အတူဖြစ်ကုန်သော သမ္ပယုတ်တရားတို့ကို အာရုံ၌ ဖြစ်အောင် စေ့ဆော်တတ်သော သဘောဟူ၍ သာလျှင် မှတ်ကြောင်းလက္ခဏာ၊ သမ္ပယုတ်တရားတို့ကို အာရုံ၌ဖြစ်အောင် အားထုတ်တတ်သောကိစ္စ၊ သမ္ပယုတ်တရားတို့ကို အသီးအသီး မိမိ မိမိတို့၏ ကိစ္စကို ပြုလုပ်နိုင်စေရန် စီရင်တတ်သော သဘောဟူ၍သာလျှင် ရှုကြည့်သော သူတို့၏ဉာဏ်အား ရှေးရှုထင်ဇစေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ထင်သောအာရုံသည်သာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု စေတနာ၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ဧကဂ္ဂတာသဘောသည်လည်း သတ္တဝါ, အသက်, အမှန် စသည် မဟုတ်၊ စင်စစ် အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ မိမိနှင့် အတူဖြစ်ကုန်သော သမ္ပယုတ်တရားတို့ကို မပျံ့ မလွင့် မရွေ့စေဘဲ ၎င်းအာရုံတခုတည်း၌ တည်စေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ ၎င်းအာရုံ တခုတည်း၌ မိမိနှင့်အတူဖြစ်သော သမ္ပယုတ်တရားတို့ကို ဖရိုဖရဲ မကျဲစေဘဲ

တပေါင်းတည်း ဖြစ်ပွါးစေမှု ကိစ္စ၊ ၎င်းအာရုံတခုတည်း၌ သမ္မယုတ်တရားတို့ကို မတုန်မလှုပ် ငြိမ်သက်စေတတ်သော သဘောဟူ၍သာလျှင် ရှုကြည့်သော သူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ သမ္မယုတ် တရားသာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု ဧကဂ္ဂတာ၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ဇီဝိတိန္ဒြေ သဘောသည်သည်း သတ္တဝါ၊ အသက်၊ အမှုန့် စသည် မဟုတ်၊ စင်စစ် အဘူဖြစ်ကုန်သော သမ္မယုတ်တရားတို့ကို စောင့်ရှောက်တတ် အစိုးရ တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ အတူတကွဖြစ်ကုန် သော သမ္မယုတ်တရားတို့ကို ဥပါဒ်မှ ဌီကာလတိုင်အောင် ဖြစ်စေတတ်သော ကိစ္စ၊ သမ္မယုတ်တရားတို့ကို ဥပါဒ်မှ ဌီကာလတိုင်အောင် တည်စေတတ်သော သဘော၏အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေ တတ်သောသဘော ပစ္စုပဋ္ဌာန်၊ သမ္မယုတ်တရားသာလျှင် နီးစွာသောဖြစ် ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု ဇီဝိတိန္ဒြေ၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သောသဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

မနသိကာရသဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှုန့် စသည် မဟုတ်၊ စင်စစ် စိတ်ကို အာရုံသို့ ပြေးဝင်စေတတ်သော သဘောဟူ၍သာလျှင် မှတ် ကြောင်းလက္ခဏာ၊ စိတ်ကို အာရုံ၌ ယှဉ်စေတတ်သော ကိစ္စ၊ အာရုံသို့ ရှေးရှု တတ်သော သဘောဟူ၍သာလျှင် ရှုကြည့်သော သူတို့၏ ဉာဏ်အား ရှေးရှု ထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ မိမိပြုသော အာရုံသာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု မနသိကာရ၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ် ပေ၏။

ဝိတက်သဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှုန့် စသည် မဟုတ်၊ စင်စစ် အာရုံသို့ သမ္မယုတ်တရားတို့ကို ရောက်အောင် တင်ဆောင်တတ်သော သဘော ဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ အာရုံ၌ သမ္မယုတ်တရားတို့ကို ထိ ခိုက် ခေါက်စေတတ်သော ကိစ္စ၊ အာရုံ၌ သမ္မယုတ်တရားတို့ကို ရောက်အောင် ဆောင်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှု ထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ သမ္မယုတ်တရားသာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်၊ တနည်း–အာရုံသာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ဝိတက်၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ဝိစာရသဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှုန့် စသည် မဟုတ်၊ စင်စစ် အာရုံကို စမ်းသပ် ဆုပ်နယ် သုံးသပ်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ မိမိနှင့် အတူဖြစ်ကုန်သော သမ္ပယုတ်တရားတို့ကို အာရုံ၌ ယှဉ်စေတတ်သော ကိစ္စ၊ အာရုံ၌ သမ္ပယုတ်တရားတို့ကို အစဉ်ဖွဲ့တတ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သော သူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ သမ္ပယုတ်တရား၊ သို့မဟုတ် အာရုံသည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ဝိစာရ၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

အဓိမောက္ခသဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှုန့် စသည် မဟုတ်၊ စင်စစ် အာရုံကို ဆုံးဖြတ်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ ဆုံးဖြတ်သည့်အတိုင်းမှ မရွေ့လျောစေတတ်သော ကိစ္စ၊ ဆုံးဖြတ်သည့်အတိုင်းမှ မတုန်မလှုပ်တတ်သော သဘော၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ဆုံးဖြတ်အပ်သော အာရုံတရားသာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု အဓိမောက္ခ၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ဝီရိယသဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှုန့် စသည် မဟုတ်၊ စင်စစ် အားထုတ်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ အတူတကွ ဖြစ်ကုန်သော သမ္ပယုတ်တရားတို့ကို ခိုင်ခံ့စေတတ်သောကိစ္စ၊ အာရုံ၌ သမ္ပယုတ်တရားတို့ကို မဆုတ်မနစ်စေသည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သော သူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ အားထုတ်အပ်သော ဝတ္ထုအာရုံသာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ဝီရိယ၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ပီတိသဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှုန့် စသည် မဟုတ်၊ စင်စစ် အာရုံကို နှစ်သက်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ ကိုယ်စိတ်နှစ်ပါးကို ပြည့်ဖြိုးစေတတ်၊ ဝါ-ကိုယ်စိတ်နှစ်ပါးသို့ ပျံ့နှံ့တတ်သော ကိစ္စ၊ ကိုယ်စိတ်နှစ်ပါးကို တက်ကြွစေတတ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သော သူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ နှစ်သက်အပ်သော အာရုံသည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ပီတိ၏ ဟုတ်မှန်သော သဘော လက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

သဘော ပစ္စုပဋ္ဌာန်၊ ဝိပ္ပယုတ် လောဘသာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု မာန၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိ မမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ဒေါသ သဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှုန့် စသည် မဟုတ်၊ စင်စစ် အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ ကြမ်းတမ်းသော သဘော ဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ ထိုအာရုံသို့ မုန်းသောအားဖြင့်၊ (ဝါ) မနှစ်လိုသောအားဖြင့် ပြင်းစွာ သက်ဝင်ခြင်းကိစ္စ၊ ၎င်းအာရုံကို ပြစ်မှားတတ် သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ် သောသဘော ပစ္စုပဋ္ဌာန်၊ ဖွဲ့ ငြိုးသော ရန်ငြိုးရှိသော ဝတ္ထုအာရုံသည်သာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ဒေါသ၏ ဟုတ်မှန်သော သဘော လက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာ သဘော ဖြစ်ပေ၏။

ဣဿာသဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှုန့် စသည် မဟုတ်၊ စင်စစ် သူတပါးတို့၏ စည်းစိမ်ကို ငြူစူစောင်းမြောင်းတတ်သော သဘောဟူ၍သာ လျှင် မှတ်ကြောင်းလက္ခဏာ၊ သူတပါးတို့၏ စည်းစိမ်၌ စိတ်၏ မမွေ့လျော်ခြင်း ကို ပြုလုပ်တတ်သောကိစ္စ၊ သူတပါးတို့၏ စည်းစိမ်မှ မျက်ကွယ်ဖြစ်လိုသော သဘောကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ မနှစ်လိုအပ်သော သူတပါး၏ စည်းစိမ်သာလျှင် နီးစွာ သော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု ဣဿာ၏ ဟုတ်မှန်သော သဘော လက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာ သဘော ဖြစ်ပေ၏။

မစ္ဆရိယသဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှုန့် စသည် မဟုတ်၊ စင်စစ် မိမိ၏စည်းစိမ်ကို လျှို့ဝှက်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ မိမိ၏စည်းစိမ်ကို သူတပါးတို့နှင့် ဆက်ဆံခြင်း၌ သည်းမခံနိုင်သော ကိစ္စ၊ မိမိ၏စည်းစိမ်၌ သူတပါးတို့၏ ဆက်ဆံခြင်းကို အလိုမရှိ တွန့်လိပ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ မိမိ၏စည်းစိမ်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု မစ္ဆရိယ၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင် နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ကုက္ကုစ္စသဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှုန့် စသည် မဟုတ်၊ စင်စစ် ပြုအပ်ပြီးသော ဒုစရိုက်၊ မပြုအပ်သေးသော သုစရိုက်တို့ကို အကြောင်းပြု၍ နောင်တ တဖန် ပူပန်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ ပြုအပ်ပြီးသော ဒုစရိုက်၊ မပြုအပ်သေးသော သုစရိုက်တို့ကို အကြောင်းပြု၍

အဖန်တလဲလဲ စိုးရိမ်ခြင်းကို ပြုလုပ်ခြင်းကိစ္စ၊ ပြုအပ်ပြီးသော ဒုစရိုက်, မပြုအပ်သေးသော သုစရိုက်ကို အကြောင်းပြု၍ နောက်၌ နှလုံးမသာမယာ ဖြစ်တတ်သည်၏အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ ပူပန်ခြင်းကို ဖြစ်စေတတ်သော ပြုအပ်ပြီးသော ဒုစရိုက်, မပြုအပ်သေးသော သုစရိုက်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု ကုက္ကုစ္စ၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ထိနသဘောသည်လည်း သတ္တဝါ, အသက်, အမှန့် စသည် မဟုတ်၊ စင်စစ် အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ အားမထုတ်တတ်သောသဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ အားထုတ်ခြင်းကိစ္စကို ပယ်ဖျောက်တတ်သောကိစ္စ၊ အားထုတ်ခြင်းမှ ဆုတ်နစ်တွန့်တိုသည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ ပျင်းရိမှု စသည်တို့ကို ဖြစ်စေရန် မသင့်မတင့် နှလုံးသွင်းခြင်းသာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု ထိန၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သောသဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

မိဒ္ဓသဘောသည်လည်း သတ္တဝါ, အသက်, အမှန့် စသည် မဟုတ်၊ စင်စစ် အားထုတ်ထိုက်သော အလုပ်အကိုင်တို့၌ အားမထုတ်တတ် မခံ့တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ အားထုတ်ထိုက်သော အလုပ်အကိုင်တို့မှ ဆုတ်နစ်တတ်သောကိစ္စ၊ စေတသိက်တရားတို့ကို မခံ့စေတတ်သည်၏ အဖြစ်ဟု ဆိုအပ်သော ငိုက်မျဉ်းထိုင်းမှိုင်းတတ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ ငိုက်မျဉ်းထိုင်းမှိုင်းခြင်းတို့ကို ဖြစ်စေရန် မသင့်မတင့် နှလုံးသွင်းခြင်းကို ပြုလုပ်တတ်သော သဘောတရားသည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု မိဒ္ဓ၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ဝိစိကိစ္ဆာသဘောသည်လည်း သတ္တဝါ,အသက်,အမှန့် စသည် မဟုတ်၊စင်စစ် အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ ယုံမှားတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ အာရုံကို ဆုံးဖြတ်ခြင်းငှါ မတတ်နိုင်ဘဲ တုန်လှုပ်နေခြင်းကိစ္စ၊ အာရုံကို မဆုံးဖြတ်နိုင်သည်၏ အဖြစ်သာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ မသင့်မတင့် နှလုံးသွင်းခြင်းကို ပြုလုပ်တတ်သော သဘောတရားသည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု ဝိစိကိစ္ဆာ၏ ဟုတ်မှန်သော သဘော

လက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာ သဘော ဖြစ်ပေ၏။

## သဒ္ဓါစသော သောဘနစေတသိက်တို့၏ သဘောလက္ခဏာ စသည်တို့ကို ပြဆိုချက်

သဒ္ဓါသဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှန့် စသည် မဟုတ်၊ စင်စစ် ရတနာသုံးပါးတို့၏ ဂုဏ်ကို အာရုံပြု၍ ယုံကြည်သက်ဝင်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ မိမိနှင့်အတူတကွ ဖြစ်ကုန်သော သမ္ပယုတ်တရားတို့ကို ကြည်လင်စေတတ်သော ကိစ္စ၊ မိမိနှင့်အတူတကွ ဖြစ်ကုန်သော သမ္ပယုတ်တရားတို့ကို မနောက်ကျုစေသည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ ကြည်ညိုထိုက်သော မိမိ၏ အာရုံဟု ဆိုအပ်သော ရတနာသုံးပါးတို့၏ ဂုဏ်သည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု သဒ္ဓါ၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

သတိ သဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှန့် စသည် မဟုတ်၊ စင်စစ် ရတနာသုံးပါးတို့၏ဂုဏ်ကို အာရုံပြု၍ အောက်မေ့တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ၊ ရတနာသုံးပါးတို့၏ဂုဏ်ကို အာရုံပြု၍ သမ္ပယုတ်တရားတို့ကို မမေ့မလျော့စေတတ်သော ကိစ္စ၊ သမ္ပယုတ်တရားတို့ကို ထို ရတနာသုံးပါးတို့၏ ဂုဏ်၌ မပြဘ်ဖြစ်စေရန် စောင့်ရှောက်တတ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ ရတနာသုံးပါးတို့၏ ဂုဏ်ဟု ဆိုအပ်သော မိမိပြုအပ်သော အာရုံ၊ သို့မဟုတ် မြဲမြံသော သညာသည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု သတိ၏ ဟုတ်မှန်သော သဘော လက္ခဏာစသည်တို့ကို မသိမမြင်နိုင် သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ဟိရီသဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှန့် စသည် မဟုတ်၊ စင်စစ် မကောင်းမှုမှ ရှက်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ ရှက်သော အခြင်းအရာအားဖြင့် မကောင်းမှုကို မပြုမလုပ်ခြင်းကိစ္စ၊ မကောင်းမှုမှ တွန့်လိပ်တတ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ မိမိကိုယ်ကို အလေးအမြတ် ပြုအပ်သော တရားသည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ဟိရီ၏ ဟုတ်မှန်သော သဘော လက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

## ဿြဋ္ဌာပ၏ ဝမ္မ၀၀ထ္ထာန် ၄-ပါးကို အဝိဇ္ဇာက မသိပုံ

ဿြဋ္ဌာပသဘောသည်လည်း သတ္တဝါ, အသက်, အမှန် စသည် မဟုတ်၊ စင်စစ် မကောင်းမှုမှ ထိတ်လန့်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ ထိတ်လန့်သော အခြင်းအရာအားဖြင့် မကောင်းမှုကို မပြုမလုပ် တတ်သော ကိစ္စ၊ မကောင်းမှုမှ တွန့်လိပ်တတ်သည်၏အဖြစ်ကိုသာလျှင် ရှုကြည့် သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ သူတပါးဟု ဆိုအပ်သော အလေးအမြတ် ပြုအပ်သော တရားသည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ဿြဋ္ဌာပ၏ ဟုတ်မှန်သော သဘော လက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာ သဘော ဖြစ်ပေ၏။

## အလောဘ၏ ဝမ္မ၀၀ထ္ထာန် ၄-ပါး

အလောဘသဘောသည်လည်း သတ္တဝါ, အသက်, အမှန် စသည် မဟုတ်၊ စင်စစ် အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ မမက်မောတတ် မကပ် ငြိတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ ဝတ္ထုအာရုံကို မသိမ်းဆည်းခြင်း ကိစ္စ၊ ဝတ္ထုအာရုံကို မကပ်ငြိတတ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ မကပ်ငြိအပ်သော အာရုံ၊ သို့မဟုတ် အသင့်အတင့် နှလုံးသွင်းခြင်းကို ပြုတတ် သော သဘောတရားသည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ ၏ဟု အလောဘ၏ ဟုတ်မှန်သော သဘော လက္ခဏာစသည်တို့ကို မသိမမြင် နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

## အဒေါသ၏ ဝမ္မ၀၀ထ္ထာန် ၄-ပါး

အဒေါသသဘောသည်လည်း သတ္တဝါ, အသက်, အမှန် စသည် မဟုတ်၊ စင်စစ် အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ မကြမ်းတမ်း မဆန့် ကျင်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်တတ်သော ကိစ္စ၊ ဝါ-ပူပန်ခြင်းကို ပယ်ဖျောက်တတ်သော ကိစ္စ၊ သမ္ပယုတ်တရားတို့ကို ချမ်းအေးစေသည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူ တို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ မပြစ်မှားအပ် သော အာရုံ၊ သို့မဟုတ် အသင့် အတင့် နှလုံးသွင်းခြင်းကို ပြုလုပ်တတ်သော တရားသည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု အဒေါသ၏ ဟုတ်မှန်သော သဘော လက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘော သည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

## တတြမဇ္ဈတ္တတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

တတြမဇ္ဈတ္တတာသဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှန့် စသည် မဟုတ်၊ စင်စစ် အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ သမ္ပယုတ် တရားတို့ကို ပျင်းရိခြင်း ပျံ့လွင့်ခြင်း စသော အယုတ်အလွန်တို့သို့ မကျရောက် စေဘဲ ကောင်းစွာ ညီညွတ် တည့်မတ်စေရန် ရှက်ဆောင်တတ်သော သဘော ဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ ပျင်းရိခြင်း တည်းဟူသော ယုတ်လျော့ ခြင်း, ပျံ့လွင့်ခြင်းတည်းဟူသော လွန်ခြင်း စသော အကုသိုလ်တရားတို့ကို တားမြစ်တတ်သော ကိစ္စ၊ သမ္ပယုတ်တရားတို့ကို ၎င်းပြဆိုခဲ့ပြီးသော အကုသိုလ် ပက္ခသို့ မကျမရောက်စေဘဲလျက် ကြား၌ တည်စေတတ်သည်၏ အဖြစ်ကိုသာ လျှင် ရှုကြည့်သော သူတို့၏ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စု- ပဋ္ဌာန်၊ မိမိနှင့်အတူဖြစ်ကုန်သော သမ္ပယုတ်တရားတို့သည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု တတြမဇ္ဈတ္တတာ၏ ဟုတ်မှန်သော သဘော လက္ခဏာစသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

## ကာယပဿဒ္ဓိ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

ကာယပဿဒ္ဓိသဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှန့် စသည် မဟုတ်၊ စင်စစ် အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ မိမိနှင့် အတူတကွ ဖြစ်ကုန်သော စေတသိက်တရားတို့ကို ကိလေသာတည်းဟူသော အပူအလောင် သဘောသို့ မကျမရောက်စေဘဲ ၎င်းကိလေသာ အပူအလောင် သဘောမှ ငြိမ်းအေးစေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ ကိလေသာ အပူအလောင်တို့ကို နှိမ်နင်းခြင်း ကိစ္စ၊ သမ္ပယုတ်ဖြစ်ကုန်သော စေတသိက်တရားတို့ကို မတုန်မလှုပ်စေဘဲ အေးမြသည်၏အဖြစ်ကို စင်စစ် ပြုလုပ်တတ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှု ထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ မိမိနှင့်အတူဖြစ်ကုန်သော စေတသိက် တရားတို့သည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ကာယ- ပဿဒ္ဓိ၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

## စိတ္တပဿဒ္ဓိ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

စိတ္တပဿဒ္ဓိသဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှန့် စသည် မဟုတ်၊ စင်စစ် အာရုံခြောက်ပါးတို့တွင် တပါးပါးကိုအာရုံပြု၍ မိမိနှင့်အတူဖြစ်သော စိတ်ကို ကိလေသာတည်းဟူသော အပူအလောင်သဘောသို့မကျမရောက်စေဘဲ

ဝင်းကိလေသာ အပူအလောင်သဘောမှ ငြိမ်းအေးစေတတ်သော သဘောဟူ၍ သာလျှင် မှတ်ကြောင်း လက္ခဏာ၊ စိတ်၌ ဖြစ်ပေါ်လတ္တံ့သော ကိလေသာ အပူအလောင်တို့ကို နှိမ်နင်းခြင်း ကိစ္စ၊ မိမိနှင့်အတူဖြစ်သော စိတ်ကို မတုန်မလှုပ် စေဘဲ အေးမြသည်၏အဖြစ်ကို စင်စစ် ပြုလုပ်တတ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ မိမိနှင့်အတူဖြစ်သော စိတ်ဟုခေါ်အပ်သောသဘောသည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု စိတ္တပဿဒ္ဓိ၏ ဟုတ်မှန်သောသဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာ သဘော ဖြစ်ပေ၏။

## ကာယလဟုတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

ကာယလဟုတာသဘောသည်လည်း သတ္တဝါ, အသက်, အမှန် စသည် မဟုတ်၊ စင်စစ် အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ သမ္ပယုတ် ဖြစ်ကုန်သော စေတသိက်တရားတို့သို့ ကျရောက်လတ္တံ့သော လေးလံတတ် သော ကိလေသာတရားတို့ကို ငြိမ်းစေတတ်သော သဘော ဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊သမ္ပယုတ်ဖြစ်ကုန်သော စေတသိက်တရားတို့ကို လေးလံ စေတတ်သည်၏ အဖြစ်ဟု ဆိုအပ်သော ကိလေသာတရားတို့ကို နှိမ်နင်းခြင်း ကိစ္စ၊ သမ္ပယုတ်တရားတို့ကို မနှံ့နှေးစေတတ်သည်၏အဖြစ်ကိုသာလျှင် ရှုကြည့် သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ သမ္ပယုတ်ဖြစ်သော စေတသိက်တရားသာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ကာယလဟုတာ၏ ဟုတ်မှန်သော သဘော လက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

## စိတ္တလဟုတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

စိတ္တလဟုတာသဘောသည်လည်း သတ္တဝါ, အသက်,အမှန် စသည် မဟုတ်၊ စင်စစ် အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ မိမိနှင့်အတူဖြစ်သော စိတ်ဟု ခေါ်အပ်သော သဘောသို့ ကျရောက်လတ္တံ့သော လေးလံတတ်သော ကိလေသာတရားတို့ကို ငြိမ်းစေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ အတူဖြစ်သော စိတ်ဟုခေါ်အပ်သော သဘောကို လေးလံစေတတ် သည်၏အဖြစ်ဟုဆိုအပ်သော ကိလေသာ တရားတို့ကို နှိမ်နင်းခြင်း ကိစ္စ၊မိမိနှင့် အတူဖြစ်သော စိတ်ဟု ခေါ်အပ်သော သဘောကို မနှံ့နှေးစေတတ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ မိမိနှင့်အတူဖြစ်သော စိတ်ဟု ခေါ်အပ်သော သဘော တရားသည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု စိတ္တ-

လဟုတာ၏ ဟုတ်မှန်သော သဘော လက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

## ကာယမုဒုတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

ကာယမုဒုတာသဘောသည်လည်း သတ္တဝါ, အသက်,အမှုန့် စသည် မဟုတ်၊ စင်စစ် အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ သမ္ပယုတ်ဖြစ်ကုန်သော စေတသိက် တရားတို့သို့ ကျရောက်လတ္တံ့သော ကြမ်းတမ်း ခက်ထန်သော ကိလေသာတရားတို့ကို ငြိမ်းစေတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ သမ္ပယုတ်ဖြစ်ကုန်သော စေတသိက်တရားတို့ကို ကြမ်းတမ်း ခက်ထန်စေသည်၏ အဖြစ်ဟု ဆိုအပ်သော ကိလေသာတရားတို့ကို နှိမ်နင်းခြင်း ကိစ္စ၊ သမ္ပယုတ်ဖြစ်ကုန်သော စေတသိက်တရားတို့ကို နူးညံ့စေတတ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ သမ္ပယုတ်ဖြစ်ကုန်သော စေတသိက်တရားသည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ကာယမုဒုတာ၏ ဟုတ်မှန်သော သဘော လက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

## စိတ္တမုဒုတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

စိတ္တမုဒုတာသဘောသည်လည်း သတ္တဝါ, အသက်, အမှုန့် စသည် မဟုတ်၊ စင်စစ် အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ အတူတကွဖြစ်သော စိတ်ဟု ခေါ်အပ်သော သဘောသို့ ကျရောက်လတ္တံ့သော ကြမ်းတမ်း ခက်ထန်တတ်သော ကိလေသာတရားတို့ကို ငြိမ်းစေတတ်သောသဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ အတူဖြစ်သော စိတ်ဟု ခေါ်အပ်သော သဘောကို ကြမ်းတမ်းခက်ထန်စေတတ်သည်၏ အဖြစ်ဟု ဆိုအပ်သော ကိလေသာတရားတို့ကို နှိမ်နင်းခြင်း ကိစ္စ၊ အတူဖြစ်သော စိတ်ဟု ခေါ်အပ်သော သဘောကို နူးညံ့စေတတ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ မိမိနှင့်အတူတကွဖြစ်သော စိတ်ဟု ခေါ်အပ်သော သဘောတရားသည်သာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု စိတ္တမုဒုတာ၏ ဟုတ်မှန်သော သဘောလက္ခဏာစသည်တို့ကို မသိမမြင်နိုင်သောသဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

## ကာယကမ္မညတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

ကာယကမ္မညတာ သဘောသည်လည်း သတ္တဝါ, အသက်, အမှုန့် စသည် မဟုတ်၊ စင်စစ် အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ မိမိနှင့်အတူ

တက္က ဖြစ်ကုန်သော စေတသိက်တရားတို့သို့ ကျရောက်လတ္တံ့သော ကောင်းသောအမှု၌ မခံ့တတ်သော သဘော၏ အဖြစ်ဟုဆိုအပ်သော ကိလေသာတရားတို့ကို ငြိမ်းစေတတ်သော သဘော ဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ မိမိနှင့်အတူဖြစ်ကုန်သော စေတသိက်ဟုခေါ်အပ်သောတရားတို့ကို ကောင်းသောအမှု၌ မခံ့စေတတ်သည်၏ အဖြစ်ဟုဆိုအပ်သော ကိလေသာတရားတို့ကို နှိမ်နင်းခြင်း ကိစ္စ၊ မိမိနှင့်အတူ ဖြစ်ကုန်သော စေတသိက်ဟုခေါ်သော သဘောတရားတို့၏ ကောင်းသောအာရုံကို အာရုံပြုတတ်သည်၏ အဖြစ်နှင့် ပြည့်စုံစေသည်၏အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ မိမိနှင့်အတူတကွဖြစ်ကုန်သော စေတသိက် တရားတို့သည်သာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု ကာယကမ္မညတာ စေတသိက်၏ ဟုတ်မှန်သောသဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

## စိတ္တကမ္မညတာ၏ ဓမ္မ၀၀တ္ထာန် ၄-ပါး

စိတ္တကမ္မညတာ စေတသိက်သဘောသည်လည်း သတ္တဝါ, အသက်, အမှုန့် စသည် မဟုတ်၊စင်စစ် အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ မိမိနှင့်အတူဖြစ်သော စိတ် ဟုခေါ်အပ်သောသဘောသို့ ကျရောက်လတ္တံ့သော ကောင်းသောအမှု၌ မခံ့တတ်သောသဘော၏ အဖြစ်ဟု ဆိုအပ်သော ကိလေသာတရားတို့ကို ငြိမ်းစေတတ်သောသဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ မိမိနှင့်အတူဖြစ်သော စိတ် ဟု ခေါ်အပ်သော သဘောတရားကို ကောင်းသော အမှု၌ မခံ့စေတတ်သည်၏ အဖြစ်ဟုဆိုအပ်သော ကိလေသာ တရားတို့ကို နှိမ်နင်းခြင်း ကိစ္စ၊ မိမိနှင့် အတူဖြစ်သော စိတ်ဟု ခေါ်အပ်သော သဘောတရားတို့၏ ကောင်းသောအာရုံကို အာရုံပြုတတ်သည်၏အဖြစ်နှင့် ပြည့်စုံစေသည်၏အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ မိမိနှင့်အတူတကွဖြစ်သော စိတ်ဟု ခေါ်အပ်သော သဘောသည်သာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု စိတ္တကမ္မညတာစေတသိက်၏ ဟုတ်မှန်သောသဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သောသဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

## ကာယပါဂုညတာ၏ ဓမ္မ၀၀တ္ထာန် ၄-ပါး

ကာယပါဂုညတာ စေတသိက် သဘောသည်လည်း သတ္တဝါ,အသက်, အမှုန့် စသည် မဟုတ်၊စင်စစ် အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ မိမိနှင့်အတူတကွ ဖြစ်ကုန်သော စေတသိက်တရားတို့ကို နာကျင်စေတတ်သော ကိလေသာတရားတို့ကို ဝင်ခွင့်မပေးမူ၍ ၎င်းစေတသိက်တို့၏ မနာကျင်သည်၏

အဖြစ်ကိုသာလျှင် ပြုလုပ်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ မိမိနှင့်အတူဖြစ်ကုန်သော စေတသိက်တို့ကို နာကျင်စေတတ်သည်၏ အဖြစ်ကို ပြုတတ်ကုန်သော ကိလေသာတရားတို့ကို နှိမ်နင်းခြင်း ကိစ္စ၊ မိမိနှင့် အတူတကွဖြစ်ကုန်သော စေတသိက်တို့၏ အပြစ်မရှိသည်၏ အဖြစ်ကို ပြုလုပ်တတ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ မိမိနှင့်အတူဖြစ်ကုန်သော စေတသိက်တရားတို့သည်သာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု ကာယပါဂုညတာ စေတသိက်၏ ဟုတ်မှန်သောသဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

## စိတ္တပါဂုညတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

စိတ္တပါဂုညတာ စေတသိက်သဘောသည်လည်း သတ္တဝါ, အသက်, အမှန့်စသည် မဟုတ်၊ စင်စစ် အာရုံခြောက်ပါးတို့တွင် တပါးပါးကိုအာရုံပြု၍ မိမိနှင့် အတူဖြစ်သော စိတ်ဟု ခေါ်အပ်သော သဘောကို နာကျင်စေတတ်သော ကိလေသာတရားတို့ကို ဝင်ခွင့်မပေးမူ၍ ၎င်းစိတ်သဘော၏ မနာကျင်သည်၏ အဖြစ်ကိုသာလျှင် ပြုလုပ်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ မိမိနှင့်အတူတကွဖြစ်သော စိတ်သဘောကို နာကျင်စေတတ်သည်၏ အဖြစ်ကို ပြုတတ်ကုန်သော ကိလေသာတရားတို့ကို နှိမ်နင်းခြင်း ကိစ္စ၊ မိမိနှင့် အတူတကွဖြစ်သော စိတ်သဘော၏ အပြစ်မရှိသည်၏ အဖြစ်ကို ပြုလုပ်တတ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ မိမိနှင့်အတူဖြစ်သော စိတ်ဟု ခေါ်အပ်သော သဘောသည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု စိတ္တပါဂုညတာ စေတသိက်၏ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

## ကာယုဇုကတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

ကာယုဇုကတာစေတသိက် သဘောသည်လည်း သတ္တဝါ, အသက်, အမှန့်စသည် မဟုတ်၊စင်စစ် အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ မိမိနှင့် အတူတကွဖြစ်ကုန်သော စေတသိက်တရားတို့ကို ကောက်ကျစ်စေတတ်ကုန်သော ကိလေသာတို့ကို ဝင်ခွင့်မပေးမူ၍ ၎င်းစေတသိက်တရားတို့၏ ဖြောင့်မတ်သည်၏ အဖြစ်ကိုသာလျှင် ပြုလုပ်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ မိမိနှင့် အတူတကွဖြစ်ကုန်သော စေတသိက်တရားတို့ကို ကောက်ကျစ်စေတတ်သည်၏ အဖြစ်ကို ပြုတတ်ကုန်သော ကိလေသာတရားတို့ကို နှိမ်နင်းခြင်း ကိစ္စ၊ မိမိနှင့် အတူတကွဖြစ်ကုန်သော စေတသိက်တရားတို့၏

မကောက်မကျစ် ဖြောင့်မတ်သည်၏ အဖြစ်ကို ပြုလုပ်တတ်သည်၏ အဖြစ်ကို သာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေး ရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ မိမိနှင့် အတူဖြစ်ကုန်သော စေတသိက်တရားတို့သည်သာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ကာယုဇုကတာစေတသိက်၏ ဟုတ်မှန်သော သဘောလက္ခဏာစသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

## စိတ္တုဇုကတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

စိတ္တုဇုကတာစေတသိက် သဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှုန့် စသည် မဟုတ်၊ စင်စစ် အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ မိမိနှင့် အတူတကွဖြစ်သော စိတ်ဟု ခေါ်အပ်သောသဘောကို ကောက်ကျစ်စေတတ်ကုန်သော ကိလေသာတရားတို့ကို ဝင်ခွင့်မပေးမူ၍ ၎င်းနှင့်အတူဖြစ်သော စိတ်သဘော၏ မကောက်မကျစ် ဖြောင့်မတ်သည်၏ အဖြစ်ကိုသာလျှင် ပြုလုပ်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ မိမိနှင့် အတူတကွဖြစ်သော စိတ်သဘောကို ကောက်ကျစ်စေသည်၏အဖြစ်ကို ပြုတတ်ကုန်သော ကိလေသာ တရားတို့ကို နှိမ်နင်းခြင်း ကိစ္စ၊ မိမိနှင့် အတူတကွဖြစ်သော စိတ်သဘော၏ မကောက်မကျစ် ဖြောင့်မတ်သည်၏ အဖြစ်ကို ပြုလုပ်တတ်သည်၏ အဖြစ်ကို သာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေး ရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ မိမိနှင့် အတူတကွဖြစ်သော စိတ်သဘောသည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု စိတ္တုဇုကတာစေတသိက်၏ ဟုတ်မှန်သော သဘောလက္ခဏာစသည်တို့ကို မသိမမြင်နိုင်သောသဘောသည် စင်စစ် အဝိဇ္ဇာ သဘော ဖြစ်ပေ၏။

## သမ္မာဝါစာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

သမ္မာဝါစာစေတသိက်သဘောသည်လည်း သတ္တဝါ၊ အသက်၊ အမှုန့် စသည် မဟုတ်၊ စင်စစ် အသက်မွေးမှုနှင့်မစပ်ဘဲ ဖြစ်သော မုသာဝါဒစသော ဝစီဒုစရိုက်လေးပါးတို့ကို မလွန်ကျူးတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ ထိုဆိုအပ်ပြီးသော ဒုစရိုက်တို့မှ တွန့်လိပ်ဆုတ်နစ်တတ်သော ကိစ္စ၊ ထိုဝစီဒုစရိုက်တို့ကို မပြုမကျင့်တတ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေး ရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ ဟိရီ, ဩတ္တပ္ပဟု ဆိုအပ်သော ရှက်တတ်လန့်တတ်သော သဘောစသော တရားတို့သည်သာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု သမ္မာဝါစာ၏ ဟုတ်မှန်သော သဘော လက္ခဏာစသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

## သမ္မာကမ္မန္တ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

သမ္မာကမ္မန္တ စေတသိက်သဘောသည်လည်း သတ္တဝါ,အသက်,အမှု‌နှ‌ စသည် မဟုတ်၊ စင်စစ် အသက်မွေးမှုနှင့် မစပ်ယှက်ဘဲဖြစ်သော ပါဏာတိပါတစသော ကာယဒုစရိုက်သုံးပါးတို့ကို မလွန်ကျူးတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ ထိုဆိုအပ်ပြီးသော ကာယဒုစရိုက်တို့မှ တွန့်လိပ် ဆုတ်နစ်တတ်သော ကိစ္စ၊ ထိုကာယဒုစရိုက်တို့ကို မပြုမကျင့်တတ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘောပစ္စုပဋ္ဌာန်၊ ဟိရီ,ဩတ္တပ္ပဟု ဆိုအပ်သော ရှက်တတ် လန့်တတ်သော သဘောစသော တရားတို့သည်သာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု သမ္မာကမ္မန္တ၏ ဟုတ်မှန်သော သဘောလက္ခဏာစသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

## သမ္မာအာဇီဝ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

သမ္မာအာဇီဝ စေတသိက် သဘောသည်လည်း သတ္တဝါ, အသက်, အမှုနှ‌ စသည် မဟုတ်၊ စင်စစ် အသက်မွေးမှုနှင့်စပ်၍ ဖြစ်သော မုသာဝါဒစသော ဝစီဒုစရိုက်လေးပါး, ပါဏာတိပါတစသော ကာယဒုစရိုက်သုံးပါး, ပေါင်း ဒုစရိုက်ခုနစ်ပါးတို့ကို မလွန်ကျူးတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ ထိုဆိုအပ်ပြီးသော ဒုစရိုက်ခုနစ်ပါးတို့မှ တွန့်လိပ်ဆုတ်နစ်တတ်သော ကိစ္စ၊ ထိုဒုစရိုက်ခုနစ်ပါးတို့ကို မပြုမကျင့်တတ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောသဘော ပစ္စုပဋ္ဌာန်၊ ဟိရီ,ဩတ္တပ္ပ,အပ္ပိစ္ဆတာဟု ဆိုအပ်သော ရှက်မှု, လန့်မှု,အလိုနည်းသည်၏အဖြစ်စသော သဘောတရားတို့သည်သာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏ဟု သမ္မာအာဇီဝစေတသိက်၏ ဟုတ်မှန်သော သဘောလက္ခဏာစသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

## ကရုဏာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

ကရုဏာ စေတသိက်သဘောသည်လည်း သတ္တဝါ, အသက်, အမှုနှ‌ စသည် မဟုတ်၊ စင်စစ် တပါးသော သတ္တဝါတို့၏ ဆင်းရဲကို ပယ်လိုသော အခြင်းအရာအားဖြင့်ဖြစ်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ တပါးသော သတ္တဝါတို့၏ ဆင်းရဲကို သည်းမခံနိုင်ခြင်း ကိစ္စ၊ တပါးသော သတ္တဝါကို မနှိပ်စက်တတ် မညှဉ်းပန်းတတ်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ ဆင်းရဲ ပင်ပန်းခြင်းဖြင့် နှိပ်စက်ခံနေရသော ကိုးကွယ်ရာ မရှိသော သတ္တဝါတို့ကို မြင်ရခြင်းသည်

သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ကရုဏာ စေတသိက်၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သောသဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

## မုဒိတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး

မုဒိတာသဘောသည်လည်း သတ္တဝါ, အသက်, အမှန့် စသည် မဟုတ်၊ စင်စစ် သုခိတသတ္တဝါတို့ကို အာရုံပြု၍ ဝမ်းမြောက်တတ်သော သဘောဟူ၍ သာလျှင် မှတ်ကြောင်း လက္ခဏာ၊ သုခိတသတ္တဝါတို့ကို အာရုံပြု၍ မွေ့လျော်တတ်သော ကိစ္စ၊ သုခိတသတ္တဝါတို့ကို အာရုံပြု၍ မမွေ့လျော်တတ်သော သဘောတရားကို ဖျက်ဆီးတတ်သည်၏အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော သုခိတသတ္တဝါတို့ကို မြင်ရခြင်းသည်သာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု မုဒိတာစေတသိက်၏ ဟုတ်မှန်သော သဘောလက္ခဏာစသည်တို့ကို မသိ မမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာ သဘော ဖြစ်ပေ၏။

## ပညိန္ဒြေ၏ ဓမ္မဝဝတ္ထာန် ၄-ပါးကို အဝိဇ္ဇာက မသိပုံ

ပညိန္ဒြေစေတသိက်သည်လည်း သတ္တဝါ, အသက်, အမှန့် စသည် မဟုတ်၊ စင်စစ် ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို ထိုးထွင်း၍ သိတတ် အစိုးရတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ မိမိ ပြုအပ်သော အာရုံသဘောကို ဟုတ်တိုင်းမှန်စွာ ထွန်းလင်း ပြတတ်သော ကိစ္စ၊ မိမိ ပြုအပ်သော ဟုတ်မှန်တိုင်းသော အာရုံ၌ တွေဝေခြင်း မရှိသည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သော သူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ အသင့်အတင့် နှလုံးသွင်းခြင်းကို ပြုတတ်သော သဘောတရား၊ သို့မဟုတ် သမာဓိတရားသာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏ဟု ပညိန္ဒြေ စေတသိက်၏ ဟုတ်မှန်သော သဘော လက္ခဏာ စသည်တို့ကို မသိ မမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ဤတွင် စေတသိက်ဟု ခေါ်အပ်ကုန်သော သဘောတရား
၅၂-ပါးတို့၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကို မသိမမြင်ပုံကို
ဖော်ပြချက် ပြီး၏။

(ဤ ပြဆိုအပ်ပြီးကုန်သော စိတ် စေတသိက် ရုပ်တရားတို့၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏ ပါဠိဘာသာကို လိုလျှင် အဋ္ဌသာလိနီအဋ္ဌကထာ

စိတ္တုပ္ပါဒကဏ္ဍ ရူပကဏ္ဍ အဖွင့်တို့၌ရင်း, ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ခန္ဓနိဒ္ဒေသအဖွင့်တို့၌ရင်း ကြည့်ရှု၍ ယူကြလေ။)

## နိဗ္ဗာန်၏ လက္ခဏာ စသည်တို့ကို အဝိဇ္ဇာက မသိပုံ

နိဗ္ဗာန်ဟုခေါ် ဝေါ် အပ်သော မီးတဆယ့်တပါးတို့၏ မကပ်နိုင်ရာ မသီနိုင်ရာ မလောင်နိုင်ရာဖြစ်သော စိတ် စေတသိက် ရုပ်တည်းဟူသော သင်္ခါရတရားတို့နှင့် မရောမယှက်သော မဖြစ် မပျက်ဘဲ အမြဲ တည်နေသော သဘောသည်လည်း သတ္တဝါ, အသက်, အမှန့်, သဏ္ဌာန်, အရိပ်, အရောင် စသည် မဟုတ်၊ စင်စစ် သတ္တဝါဟု ခေါ် အပ်သော ခန္ဓာအစဉ်၌ ကျရောက်နေသော ရာဂ အစရှိသော မီးတို့ကို အကြွင်းမရှိ မဂ်ဖြင့် ငြိမ်းစေရန် အကြောင်းခံ သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊ မိမိ၏ သဘော လက္ခဏာမှ အခါခပ်သိမ်း မရွေ့လျောခြင်း ကိစ္စ၊ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့သော စိတ် စေတသိက် ရုပ်တည်းဟူသော သင်္ခါရနိမိတ်မှ အခါခပ်သိမ်း ကင်းလျက် တည်သည်၏ အဖြစ်ကိုသာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန် ရှိပေ၏-ဟု နိဗ္ဗာန်-ဟု ခေါ် အပ်သော သဘော၏ ဟုတ်မှန်သော သဘော လက္ခဏာ စသည်တို့ကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာ သဘော ဖြစ်ပေ၏။

ဤတွင် နိဗ္ဗာန်၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန်တို့ကို
မသိမမြင်ပုံကို ပြဆိုချက် ပြီး၏။

(ၚင်းနိဗ္ဗာန်၏ လက္ခဏာ စသည်ကို ဖော်ပြအပ်သော ပါဠိကို အလိုရှိမူ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ နိရောဓသစ္စာအဖွင့်၌ ယူကြလေ။)

ဤတွင် ပရမတ္ထတရား ၄-ပါးတို့၏ လက္ခဏာစသည်ကို
ပြဆိုချက် ပြီး၏။

---

## ပညတ်နှစ်ပါးကို အဝိဇ္ဇာက မသိပုံ

အတ္ထပညတ်သည်လည်း သတ္တဝါ, အသက်လည်း မဟုတ်၊ ပရမတ္ထ သဘော လက္ခဏာအားဖြင့်လည်း ထင်ရှားမရှိသော ပရမတ္ထ သဘောတရားတို့ကိုမှီ၍ အနက်အားဖြင့်သိအပ်သော ထင်ရှားရှိသော ပရမတ္ထတရားတို့၏ စုဝေးသော အခြင်းအရာမျှသာ ဖြစ်ပေ၏ဟု ဟုတ်မှန်သော အတ္ထပညတ်၏ အခြင်းအရာကို မသိမမြင်နိုင်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

နာမပညတ်သည်လည်း သတ္တဝါ, အသက်လည်း မဟုတ်၊ ပရမတ်အတ္ထ သဘော လက္ခဏာအားဖြင့်လည်း ထင်ရှားမရှိသော ပရမတ်အတ္ထ ပညတ် အတ္ထနှစ်ပါးတို့ကို သိလွယ်စေခြင်းငှါ ခေါ်ဝေါ်ပြောဆိုအပ်သော အမည်နာမ မျှသာ ဖြစ်၏။ ထိုသို့ ခေါ်ဝေါ်ပြောဆိုအပ်သောအမည်ကို အစဥ်မှီး၍ ကြားနာ ရသောသူတို့သည် အတ္ထနှစ်ပါးကို မှချသိကြရကုန်၏၊ ထိုအတ္ထနှစ်ပါးကို မှချသိ စေတတ်သော အမည်နာမ ဟူသမျှသည် စင်စစ် နာမ ပညတ် ဖြစ်ပေ၏ဟု ဟုတ် တိုင်းမှန်စွာ မသိတတ်သောသဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ဤပြဆိုအပ်ပြီးသော ပညတ်နှစ်ပါးသည် ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့သော တရားလည်း မဟုတ်၊ သဘောလက္ခဏာအားဖြင့်လည်း ထင်ရှားမရှိသော ထင် ရှားရှိသော ပရမတ္ထသဘောကို မှီ၍ သိအပ်သော အခြင်းအရာမျှသာဖြစ်၍ ကာလဝိမုတ် အဘာဝတရားမျှသာ ဖြစ်၏ဟု ဉာဏ်ဖြင့် သိကြလေ။

ဤတွင် ပညတ်ကို မသိပုံကို ဖော်ပြချက် ပြီး၏။

---

## အဝိဇ္ဇာ၏ သဘောလက္ခဏာစသည်တို့ကို ပြဆိုချက်

**အဝိဇ္ဇာ၏ဓမ္မဝဝတ္ထာန် ၄-ပါး။** ။ထိုဆိုအပ်ပြီးကုန်သော ပရမတ်ပညတ်တရား တို့၏ ဟုတ်မှန်သော သဘောလက္ခဏာစသည် တို့ကို မသိမမြင်တတ်သော သဘောတရားသည်သာလျှင် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ကြောင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စာမျက်နှာ (၁၅၉)ပညာဘူမိနိဒ္ဒေသ၌—

အညာဏလက္ခဏာ အဝိဇ္ဇာ၊ သမ္မောဟနရသာ၊ ဆာဒနပစ္စုပဋ္ဌာနာ၊ အာသဝပဒဋ္ဌာနာ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍ သိလေ။

အနက်သိကြောင်း မြန်မာပြန်ကား—

အဝိဇ္ဇာ၊ အဝိဇ္ဇာဟု ခေါ်အပ်သော သဘောသည်။ အညာဏလက္ခဏာ၊ ပရမတ်တရား,ပညတ်တရားတို့၏ ဟုတ်မှန်သော သဘောလက္ခဏာစသည်တို့ကို မသိတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ ရှိပေ၏။ သမ္မောဟနရသာ၊ ပရမတ်,ပညတ်သဘောတို့၌ ပြင်းစွာတွေဝေခြင်း ကိစ္စ ရှိ၏။ ဆာဒန-ပစ္စုပဋ္ဌာနာ၊ ပရမတ် ပညတ်တို့၏ ဟုတ်မှန်သော သဘောလက္ခဏာစသည်တို့ကို ဖုံးလွှမ်းတတ်သော သဘောဟူ၍သာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော ပစ္စုပဋ္ဌာန် ရှိပေ၏။ အာသဝပဒဋ္ဌာနာ၊ အာသဝေါ တရားသာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏။

ဤသို့ပြဆိုအပ်သော ပါဠိတို့တွင် အညာဏလက္ခဏာ အဝိဇ္ဇာ- ဟူသော ပါဠိကို ထောက်၍ ပရမတ်, ပညတ်တရားတို့၏ ဟုတ်မှန်သောသဘောလက္ခဏာ စသည်တို့ကို မသိတတ်သော သဘောတရားသည်ပင် စင်စစ် အဝိဇ္ဇာမည် ကြောင်းကို ထင်ရှားသိကြလေကုန်။ ထိုနည်းအတူ သမ္မောဟဝိနောဒနီ အဋ္ဌကထာ စာမျက်နှာ (၁၂၉)ပဋိစ္စသမုပ္ပါဒ် အဖွင့်၌လည်း ပြဆိုအပ်လေသည်သာ တည်း။ ဤပြဆိုပြီးသော အဋ္ဌကထာတို့ဖြင့်သာ သိအပ်သည်မဟုတ်သေး၊ အဋ္ဌသာလိနီအဋ္ဌကထာ စာမျက်နှာ(၂၉၆)အကုသလစိတ် အဖွင့်၌—

ဝိဇ္ဇာယ ပဋိပက္ခဘာဝတော န ဝိဇ္ဇာတိ အဝိဇ္ဇာ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

အနက်သိကြောင်း မြန်မာပြန်ကား—

ဝိဇ္ဇာယ၊ ပရမတ္ထတရား ပညတ်တရားတို့၏ ဟုတ်မှန်သော သဘောလက္ခဏာ စသည်တို့ကို ထိုးထွင်း၍သိတတ်သော ပညိန္ဒြေ စေတသိက်ဟု ဆိုအပ်သော ဝိဇ္ဇာသဘောနှင့်။ ပဋိပက္ခဘာဝတော၊ ဆန့်ကျင်ဘက်သဘော၏ အဖြစ်ကြောင့်။ ဝိဇ္ဇာ၊ ဟုတ်မှန်သောသဘောလက္ခဏာစသည်တို့ကို သိတတ်သောဝိဇ္ဇာသည်။ န၊ မဟုတ်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။ အဝိဇ္ဇာ၊ ဟုတ်မှန် သော သဘောလက္ခဏာစသည်တို့ကို သိတတ်သော သဘောမဟုတ်။

ဤသို့ပြဆိုသော အဋ္ဌကထာကို ထောက်၍လည်း ဟုတ်မှန်သောသဘော လက္ခဏာစသည်တို့ကို မသိတတ်သော သဘောသည်သာလျှင် စင်စစ် အဝိဇ္ဇာ ဖြစ်ကြောင်းကို ထင်ရှားသိကြလေကုန်။

## မဟာဘုတ် ဥပါဒါရုပ်တို့ကို ပြဆိုချက်

ထိုဆိုအပ်ပြီးသော အဝိဇ္ဇာသဘောသည် ပြဆိုအပ်ပြီးသော သဘော လက္ခဏာစသည်တို့ကိုသာ မသိသည် မဟုတ်သေး၊ ခန္ဓာ, အာယတန ,ဓာတ်, သစ္စာတို့၏ သဘောလက္ခဏာ စသည်တို့ကိုလည်း မသိသည်သာလျှင်ကတည်း။ မသိပုံကို ပြဆိုဦးအံ့။ ရှေး၌ပြဆိုအပ်ပြီးကုန်သော ရုပ် ၂၈-ပါးတို့တွင် ပထဝီ, အာပေါ, တေဇော, ဝါယော ဤလေးပါးကို မဟာဘုတ်ဟု ခေါ်အပ်သည်။ ကျန်သောရုပ်တို့ကို ဥပါဒါရုပ်ဟု ခေါ်အပ်ကုန်သည်၊ ခေါ်အပ်ကြောင်းကို လည်း ဓမ္မသင်္ဂဏီပါဠိတော် ရူပကဏ္ဍ စာမျက်နှာ (၁၄၅)၌—

> တတ္ထ ကတမံ သဗ္ဗံ ရူပံ၊ စတ္တာရော စ မဟာဘူတာ စတုန္နဉ္စ မဟာ-ဘူတာနံ ဥပါဒါယ ရူပံ။ ဣဒံ ဝုစ္စတိ သဗ္ဗံ ရူပံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ သိကြလေ။

အနက်သိကြောင်း မြန်မာပြန်ကား—

တတ္ထ၊ ထို သဗ္ဗဥ္စ ရူပံ အသင်္ခတာ စ ဓာတု-ဟူသော ပုဒ်နှစ်ခုတို့၏အပေါင်း၌။ ကတမံ၊ အဘယ်တရားသည်။ သဗ္ဗံ၊ အလုံးစုံသော။ ရူပံ၊ ရုပ်မည်သနည်း။ စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ စ၊ မဟာဘုတ်မည်သော ပထဝီ, အာပေါ, တေဇော, ဝါယောဟု ဆိုအပ်ကုန်သော ရုပ်တို့သည်၎င်း။ စတုန္နံ၊ လေးပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်မည်ကုန်သော ရုပ်တို့ကို။ ဥပါဒါယ၊ စွဲ၍။ ပဝတ္တံ၊ ဖြစ်သော။ ရူပဉ္စ၊ မဟာဘုတ်တို့မှ ကြွင်းသော စက္ခု စသော ရုပ်သည်၎င်း။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤရုပ်အပေါင်းကို။ သဗ္ဗံ၊ အလုံးစုံ သော။ ရူပံ ဣတိ၊ ရုပ်ဟူ၍။ ဝါ၊ ထင်ရှားဖောက်ပြန်တတ်သော သဘောဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သော ဓမ္မသင်္ဂဏီ ပါဠိတော်ကိုထောက်၍ ပထဝီ, အာပေါ, တေဇော, ဝါယော ဤလေးပါးကို မဟာဘုတ်ဟု ခေါ်ဆိုအပ်ကြောင်း၊ ကျန်ရုပ်ကို ထိုမဟာဘုတ်မှီ၍ ဖြစ်သောကြောင့် ဥပါဒါရုပ်ဟု ခေါ်ဆိုအပ် ကြောင်းကို ထင်ရှားသိကြလေကုန်။ ဤပါဠိတော်ဖြင့်သာ သိအပ်သည် မဟုတ် သေး၊ ခန္ဓဝိဘင်း စာမျက်နှာ(၁)၌လည်း—

စတ္တာရော စ မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယ ရူပံ။

ဟူ၍ ဟောတော်မူသည်ကို ထောက်၍ သိကြလေဦး။ မြန်မာပြန်ကို ရှေးနည်း ကိုမှီ၍ သိကြလေ။

ဤဆိုအပ်သော ခန္ဓဝိဘင်းပါဠိ တော်ကို ထောက်၍လည်း ပထဝီ, အာပေါ, တေဇော, ဝါယော ဤလေးပါးကို မဟာဘုတ်ဟု ခေါ်ဆိုအပ်ကြောင်း, ကျန် သော ရုပ်တို့ကို ဥပါဒါရုပ်ဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေ။

**မဟာဘုတ်ခေါ်ပုံ ရှင်းချက်။** ။ထို ဆိုအပ်ပြီးကုန်သော ရုပ်တို့တွင် ပထဝီ အစရှိကုန်သော လေးပါးကုန်သော ရုပ်တို့ကို အဘယ်ကြောင့် မဟာဘုတ်ဟု ခေါ်ဆိုအပ်ကုန်သနည်းဟူမူ ဥပါဒိန္နကဟုခေါ် ဆိုအပ်သော သတ္တဝါဟု သမုတ်အပ်သော ခန္ဓာအစဉ်၌၎င်း၊ အနုပါဒိန္နကဟု ခေါ်ဆိုအပ်သော တော တောင် ရေ မြေ စသည်ဖြင့် သမုတ်အပ်သော ရုပ်တို့ ၏ ဖြစ်စဉ်၌၎င်း၊ ထိုရုပ်လေးပါးတို့သည်သာလျှင် များစွာ စုပေါင်း၍ အကြီး အကျယ် အထုအထည် အခြင်းအရာအားဖြင့် ထင်ရှားကုန်၏။ ထိုသို့ ထင်ရှားခြင်းကြောင့်လည်း ထိုပထဝီစသောရုပ်တို့ကို မဟာဘုတ်ဟု ခေါ်ဆို အပ်ကုန်သည်။

တနည်းလည်း ၎င်းမဟာဘုတ်တို့သည် စုပေါင်းကုန်ပြီးလျှင် မျက်လှည့်သည် ဘီလူးမ ဘုတ်များ လှည့်ပတ်သလို မိမိတို့၏ သဘောလက္ခဏာတို့ကို ဖုံးလွှမ်းလျက် မမြင်မထင်စေဘဲ ယောကျ်ားမိန်းမ စသော အသွင်အပြင်ဖြင့် သာလျှင် ထင်စေလျက် အဝိဇ္ဇာ မောဟဖြင့် တွေဝေမိုက်မဲသော သူတို့ကို လှည့်ပတ်တတ်ကုန်၏။ ထိုသို့ လှည့်ပတ်တတ်သောကြောင့်လည်း ထိုပထဝီစသော ရုပ်တို့ကို မဟာဘုတ်ဟု ခေါ်ဆိုအပ်ကုန်၏။

တနည်းလည်း ထိုပထဝီစသော ရုပ်တို့ကို များစွာသော အဝတ်တို့ဖြင့် တန်းဆာဆင်ယင်ရခြင်း၊ အစာအာဟာရတို့ဖြင့် ပြုပြင်ရခြင်း အစရှိသော များစွာသော အကြောင်းတို့ဖြင့် ရှက်ဆောင်အပ်သည်၏ အဖြစ်ကြောင့်လည်း မဟာဘုတ်ဟု ခေါ်ဆိုအပ်ကုန်သည်။

တနည်းလည်း ၎င်းမဟာဘုတ်တို့သည် အချမ်းအပူစသော ဆန့်ကျင်ဘက်ဖြစ်ကုန်သော အကြောင်းတရားတို့ဖြင့် အကြီးအကျယ် ထင်ရှားဖောက်ပြန်ပျက်စီးတတ်ကုန်၏။ ထိုသို့ အကြီးအကျယ် ထင်ရှားဖောက်ပြန် ပျက်စီးတတ်ကုန်သည်၏ အဖြစ်ကြောင့်လည်း ထိုပထဝီစသော ရုပ်တို့ကို မဟာဘုတ်ဟု ခေါ်ဆိုအပ်ကုန်သည်။ ထိုသို့ ခေါ်ဆိုအပ်ကြောင်းကိုလည်း အဋ္ဌသာလိနီ အဋ္ဌကထာ စာမျက်နှာနံပါတ်(၃၃၆) ရူပကဏ္ဍ အဖွင့်၌—

> တေသု ဟိ မဟန္တပါတုဘာဝတော, မဟာဘူတသာမညတော, မဟာပရိဟာရတော, မဟာဝိကာရတော။လ။ ဧတေဟိ ကာရဏေဟိ မဟာဘူတာနီတိ ဝုစ္စန္တိ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်လေ။

အနက်သိကြောင်း မြန်မာပြန်ကား—

ဟိ ဝိတ္ထာရေမိ၊ ထိုစကားကိုချဲ့ဦးအံ့။ တေသု ရူပါနိ၊ ထိုပထဝီ, အာပေါ, တေဇော, ဝါယောဟု ဆိုအပ်ကုန်သော လေးပါးကုန်သော ရုပ်တို့ကို။ မဟန္တပါတုဘာဝတော စ၊ အကြီးအကျယ် အထုအထည် အခြင်းအရာအားဖြင့် ထင်ရှားကုန်သည်၏ အဖြစ်ကြောင့်၎င်း။ မဟာဘူတသာမညတော စ၊ မျက်လှည့်သည် ဘီလူးမဟု ဆိုအပ်ကုန်သော ဘုတ်တို့ လှည့်ပတ်ကုန်သကဲ့သို့ ကြီးစွာလှည့်ပတ်တတ်ကုန်သည်၏အဖြစ်ကြောင့်၎င်း။ မဟာပရိဟာရတော စ၊ များစွာသော အကြောင်းတို့ဖြင့် ဆောင်အပ်သည်၏ အဖြစ်ကြောင့်၎င်း။ မဟာဝိကာရတော စ၊ အကြီးအကျယ် ဖောက်ပြန်ခြင်း ရှိကုန်သည်၏ အဖြစ်ကြောင့်၎င်း။လ။ ဧတေဟိ၊ ဤသို့။ ဧတေဟိ၊ ဤဆိုအပ်ကုန်ပြီးသော။ ကာရဏေဟိ၊

အကြောင်းတို့ကြောင့်။ မဟာဘူတာနီတိ၊ မဟာဘုတ်တို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာစကားကို ထောက်၍ မဟာဘုတ်ဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေကုန်။

**ဥပါဒါရုပ်ခေါ်ပုံ ရှင်းချက်။** ။ကျန်သော စက္ခု စသော နှစ်ဆဲ့လေးပါးသော ရုပ်ကို အဘယ်ကြောင့် ဥပါဒါရုပ်ဟု ခေါ်ဆိုအပ်သနည်းဟူမူ မဟာဘုတ်တို့ကို စွဲမှီ၍ ဖြစ်တတ်သောကြောင့် ဥပါဒါရုပ်ဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်ကြောင်းကိုလည်း အဋ္ဌသာလိနီအဋ္ဌကထာရှင်သည် စာမျက်နှာနံပါတ်(၃၃၉)ရူပကဏ္ဍအဖွင့်၌—

> စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယ ရူပန္တိ ဥပယောဂတ္ထေ သာမိဝစနံ၊ စတ္တာရိ မဟာဘူတာနိ ဥပါဒါယ နိဿာယ အမုဉ္စိတွာ ပဝတ္တရူပန္တိ အတ္ထော။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်လေ။

အနက်သိကြောင်း မြန်မာပြန်ကား—

စတုန္နံ မဟာဘူတာနံ ဥပါဒါယ ရူပန္တိ တွေ၊စတုန္နံ မဟာဘူတာနံ ဥပါဒါယ ရူပံ ဟူသော ဤပါဌ်၌။ ဥပယောဂတ္ထေ၊ ဒုတိယာအနက်၌။ သာမိဝစနံ၊ ဆဋ္ဌီဝိဘတ်တည်း။ စတ္တာရိ၊ လေးပါးကုန်သော။ မဟာဘူတာနိ၊ မဟာဘုတ်တို့ကို။ ဥပါဒါယ နိဿာယ၊ မှီ၍။ အမုဉ္စိတွာ၊ မလွတ်မူ၍။ ပဝတ္တရူပံ၊ ဖြစ်သောရုပ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာစကားကိုထောက်၍ မဟာဘုတ်တို့ကို မှီ၍ ဖြစ်သောရုပ်ကို စင်စစ် ဥပါဒါရုပ်ဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေ။

ဤပြဆိုအပ်ကုန်ပြီးသော မဟာဘုတ်လေးပါး ဥပါဒါရုပ် ၂၄-ပါးတို့မှ လွတ်၍ ရူပက္ခန္ဓာ၌ အကျုံးဝင်သော တခြားတပါးသော ရုပ်တရားဟူ၍ မရှိလေပြီ။ ထို ၂၈-ပါးသော ရုပ်သည်သာလျှင် အလုံးစုံသော ရူပက္ခန္ဓာ၌ အကျုံးဝင်သော ရုပ်တရား ဖြစ်လေတော့၏။ ထို့ကြောင့် ဘုရားရှင်သည် ဟောတော်မူအပ်သော ဣဒံ ဝုစ္စတိ သဗ္ဗံ ရူပံ- ဟူသောပုဒ်ကို အဋ္ဌသာလိနီ အဋ္ဌကထာရှင်သည် စာမျက်နှာနံပါတ်(၃၃၉)ရူပကဏ္ဍအဖွင့်၌—

> ဣဒံ ဝုစ္စတိ သဗ္ဗံ ရူပန္တိ ဣဒံ စတ္တာရိ မဟာဘူတာနိ ပဒပဋိပါဋိယာ နိဒ္ဒိဋ္ဌာနိ တေဝီသတိ ဥပါဒါရူပါနီတိ သတ္တဝီသတိပ္ပဘေဒံ သဗ္ဗံ ရူပံ နာမ။

ဟူ၍ ဖွင့်ပြအပ်သည်ကို ထောက်လေ။

အနက်သိကြောင်း မြန်မာပြန်ကား—

ဣဒံ ဝုစ္စတိ သဗ္ဗံ ရူပန္တိ၊ ဣဒံ ဝုစ္စတိ သဗ္ဗံ ရူပံ ဟူသည်ကား။ စတ္တာရိ၊ လေးပါးကုန်သော။ မဟာဘူတာနိ၊ မဟာဘုတ်တို့လည်းကောင်း။ ပဒပဋိပါဋိယာ၊ ဒေသနာ ပုဒ်အစဉ်ဖြင့်။ နိဒ္ဒိဋ္ဌာနိ၊ ညွှန်ပြအပ်ကုန်သော။ တေဝီသတိ၊ နှစ်ဆဲ့သုံးပါးကုန်သော။ ဥပါဒါရူပါနိ၊ ဥပါဒါရုပ်တို့လည်းကောင်း။ ဣတိ၊ ဤသို့။ သတ္တဝီသတိပ္ပဘေဒံ၊ ၂၇-ပါး အပြားရှိသော။ ဣဒံ ရူပံ၊ ဤရုပ်သည်။ သဗ္ဗံ၊ အလုံးစုံသော။ ရူပံ နာမ၊ ရုပ်မည်သည်။ ဟောတိ၊ ဖြစ်၏။

ဤပြဆိုအပ်သော ဓမ္မသင်္ဂဏီပါဠိတော်၌ ရုပ်၏အရေအတွက် ၂၇-ပါးသာ လာရှိသည်မှာ ဟဒယဝတ္ထုရုပ်ကို ဒေသနာ ဘေဒကြောင့် ဟောတော်မမူ။ ထို့ကြောင့် ၂၇-ပါးသာ လာရှိလေသည်။ ထိုသို့ပင် ဓမ္မသင်္ဂဏီပါဠိတော်၌ ဟောတော်မမူသော်လည်း ပဋ္ဌာန်းကျမ်း၌မူကား ဟဒယဝတ္ထုရုပ်ကို ထည့်၍ ဟောတော်မူလေသည်သာတည်း။ ထိုသို့ပင် ပဋ္ဌာန်းကျမ်း၌ ဟဒယဝတ္ထုရုပ်ကို ဟောအပ်သော်လည်း အဋ္ဌသာလိနီအဋ္ဌကထာရှင်သည် ဓမ္မသင်္ဂဏီပါဠိတော်ကိုသာလျှင် ဖွင့်ပြအပ်သည်၏ အဖြစ်ကြောင့် ပါဠိတော်အစဉ်အားဖြင့်လာသော ဥပါဒါရုပ် ၂၃-ပါးကို ထည့်၍ ရေတွက်ပြီးလျှင် ရုပ်၏ အရေအတွက် ၂၇-ပါးကိုသာ ရေတွက်၍ ပြလေသည်။ ထိုသို့ပင် ပြအပ်သော်လည်း ပဋ္ဌာန်းကျမ်း၌ ဟောတော်မူအပ်သော ဟဒယဝတ္ထုရုပ်ကိုပါ ထည့်၍ ရေတွက်သော် ရုပ်အရေအတွက် ၂၈-ပါးဖြစ်ပေ၏ဟု မှတ်သားကြလေ။

**ရုပ်သည် သဘောတရားမျှ ဖြစ်ပုံ။** ။ဤဆိုအပ်ပြီးကုန်သော ရုပ်တို့ သည်သာလျှင် အစမထင် သံသရာကစ၍ ဖြစ်ပေါ်ကြပြီးလျှင် ချုပ်ပျက်၍ ကုန်ခဲ့ကြကုန်၏။ ထိုရုပ်တို့မှတပါး မိန်းမယောကျ်ား သတ္တဝါဟူ၍လည်းကောင်း၊ ကိုယ်ကောင်ကြီးဟူ၍လည်းကောင်း၊ ရှင်သော အသက်ဟူ၍လည်းကောင်း မရှိလေပြီ၊ ထိုသို့ မရှိကြောင်းကို ပြတော်မူလိုသော မြတ်စွာဘုရားသည် ဓမ္မသင်္ဂဏီပါဠိတော်၌ "အဗျာကတာ ဓမ္မာ" ဟူ၍ဟောတော်မူလေသည်။

**ထိုသို့** ဟောတော်မူအပ်သော အဗျာကတာ ဓမ္မာ-ဟူသော ပုဒ်တွင် **ဓမ္မာ** ဟူသောပုဒ်ကို ၎င်းပါဠိတော်ကို ဖွင့်ပြအပ်သော အဋ္ဌသာလိနီ အဋ္ဌကထာရှင်သည် စာမျက်နှာ ၇၁-၌ "နိဿတ္တနိဇ္ဇီဝသဘာဝါ" ဟူ၍ ဖွင့်ပြတော်မူလေသည်။ ဓမ္မာ နိဿတ္တနိဇ္ဇီဝသဘာဝါ၊ သတ္တဝါလည်းမဟုတ် အသက်လည်း မဟုတ် မိမိ၏ မှတ်ကြောင်းလက္ခဏာဖြင့် ထင်ရှားကုန်သော သဘောတရားတို့သည်။ သန္တိ၊ ရှိကုန်၏။ ဤကား အနက်သိကြောင်း မြန်မာပြန်တည်း။

အဓိပ္ပါယ်ကား – ဓမ္မာ-ဟူ၍ ဟောတော်မူခြင်းသည် စင်စစ် ထိုရုပ်နာမ် **သ**ဘောတရားတို့တွင် တစုံတခုသော သဘောတရားမျှသည်လည်း သတ္တဝါ, အသက် မဟုတ်၊ မိမိမိမိတို့၏ မှတ်ကြောင်း လက္ခဏာအားဖြင့်သာ ထင်ရှားကုန်သော တရားသဘောတို့**သာ**လျှင် ဖြစ်ကုန်သည်ဟူလို။ ၎င်းတရားတို့သည် သတ္တဝါ, အသက် မဟုတ်သည်သာ မဟုတ်သေး၊ သဘာဝါ-ဟူသော ဗျတိရိက်ကိုထောက်၍လည်း ၎င်းသဘောတို့၌ အမှုန့်, အမွှား, အလုံး, အခဲ, ကိုယ်ကောင် စသည်ဖြင့်လည်း ပြဆိုရန် တစုံတခုမျှ မရှိသည်၏ အဖြစ်ကိုလည်း စင်စစ် သိစေတော်မူလေသည်သာတည်း။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍လည်း ထိုရုပ်သဘောတို့၌ သတ္တဝါ, အသက်, အမှုန့်, အမွှား, ကိုယ်ကောင် စသော တရားမျိုးသည် တစုံတခုမျှ မပါမရှိ။ သက်သက် မိမိ မိမိတို့၏ မှတ်ကြောင်းလက္ခဏာမျှသာ ထင်ရှားရှိသည်ဟူ၍ သိကြလေကုန်။ အကယ်၍ ထိုဆိုအပ်ပြီးသော ရုပ် ၂၈-ပါးတို့တွင် တပါးပါးကို ငါဆိုသောသတ္တဝါပင် ဖြစ်၏ဟု စွဲလမ်းယူခဲ့အံ့။ ထိုသို့ယူသောအခါ "ရူပံ အတ္တတော သမနုပဿတိ" ဟူ၍ဟောတော်မူအပ်သောဒေသနာတော်နှင့်အညီ ရုပ်ကို အတ္တစွဲသော သက္ကာယဒိဋ္ဌိ အယူသာ ဖြစ်လေ၏။ အကယ်၍ ရုပ်မှလွတ်၍ ငါဆိုသော သတ္တဝါ ရှိသည်ဟု စွဲလမ်းယူခဲ့အံ့။ ထိုသို့ယူသောအခါ—

ရူပဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ရူပံ၊ ရူပသ္မိံ ဝါ အတ္တာနံ သမနုပဿတိ—

ဟူ၍ဟောတော်မူအပ်သော ဒေသနာနှင့်အညီ ၎င်းရုပ်ကို အတ္တနိယဟု စွဲယူသောသက္ကာယဒိဋ္ဌိ အယူသာ ဖြစ်လေ၏။ အကယ်၍ ၎င်းရုပ်အစုတို့၌ ကိုယ်ကောင်ရှိ၏၊ ရှင်သော အသက်ရှိ၏ဟူ၍ စွဲယူခဲ့အံ့။ ထိုသို့ စွဲယူသောအခါ "တံ ရူပံ ဇီဝဉ္စေဝ သရီရဉ္စ" ဟူ၍ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောတော်**မူအပ်သော** အန္တဂ္ဂါဟိကဒိဋ္ဌိအယူသာ ဖြစ်လေတော့၏။ ထို့ကြောင့် ထို ရုပ်သဘောတို့တွင် တပါးပါးသော ရုပ်၌လည်း သတ္တဝါ, အသက်, အကောင်ဟူ၍ မုချမရှိကြောင်းကို ထင်ရှားသိကြလေကုန်။

## အတိတ် အနာဂတ်စသော ရုပ် ၁၁-ရာသီတို့ကို ပြဆိုချက်

**အတိတ်ရုပ်။** ။ထိုသတ္တဝါ, အသက်, အကောင်စသည် မဟုတ်သော ၎င်းရုပ်သဘောတို့သည် သာလျှင် အစမထင် သံသရာအဆက်ဆက်ကစ၍ ယခုဘဝတိုင်အောင် မပြတ်မလပ် အကြောင်းအကျိုးစပ်၍ ဖြစ်ကုန်ပြီးလျှင် ချုပ်ကြလေကုန်ပြီ။ ထိုချုပ်ကြကုန်ပြီးသော ရုပ်သဘောတို့ကို အတိတ်ရုပ်ဟု ဟောတော်မူသည်။ ဟောတော်မူအပ်ကြောင်းကိုလည်း—

> တတ္ထ ကတမံ ရူပံ အတီတံ၊ ယံ ရူပံ အတီတံ နိရုဒ္ဓံ ဝိဂတံ ဝိပရိဏတံ အတ္ထင်္ဂတံ အဗ္ဘတ္ထင်္ဂတံ ဥပ္ပဇ္ဇိတွာ ဝိဂတံ အတီတံ အတီတံသေန သင်္ဂဟိတံ စတ္တာရော စ မဟာဘူတာ စတုန္နဥ္စ မဟာဘူတာနံ ဥပါဒါယ ရူပံ၊ ဣဒံ ဝုစ္စတိ ရူပံ အတီတံ။

ဟူ၍ ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ (၁) ၌ လာရှိသည်ကိုထောက်၍ သိကြလေ"

အနက်သိကြောင်း မြန်မာပြန်ကား—

တတ္ထ၊ ထိုအတိတ်စသော မာတိကာ၌။ ကတမံ၊ အဘယ်မည်သော။ ရူပံ၊ ထင်ရှားဖောက်ပြန်တတ်သောကြောင့် ရုပ်ဟူ၍ အမည်ရသော သဘောသည်။ အတီတံ၊ လွန်လေပြီးသော အတိတ်ရုပ်မည်သနည်း။ ယံ ရူပံ၊ အကြင်ထင်ရှားဖောက်ပြန်တတ်သောကြောင့် ရုပ်ဟူ၍ အမည်ရသောသဘောသည်။ အတီတံ၊ ဖြစ်၍ လွန်လေပြီ။ နိရုဒ္ဓံ၊ ဖြစ်ပြီး၍ ကွယ်ချုပ်လေပြီ။ ဝိဂတံ၊ ကင်းလေပြီ။ ဝိပရိဏတံ၊ ဖောက်ပြန်လေပြီ။ အတ္ထင်္ဂတံ၊ ကွယ်လေပြီ။ အဗ္ဘတ္ထင်္ဂတံ၊ အလွန်ကွယ်ခြင်းသို့ ရောက်လေပြီ။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ ဝိဂတံ၊ ကင်းလေပြီ။ အတီတံ၊ ဖြစ်ဆဲသဘောမှ လွန်လေပြီ။ အတီတံသေန၊ လွန်လေပြီးသော အဘို့ဖြင့်။ သင်္ဂဟိတံ၊ ရေတွက်အပ်သော။ စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ စ၊ မဟာဘုတ် အမည်ကို ရကုန်သော ထင်ရှားဖောက်ပြန်တတ်ကုန်သော ရုပ်သဘောတို့သည်၎င်း။ စတုန္နံ၊ လေးပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်ခေါ်အပ်သော ရုပ်သဘောတို့ကို။ ဥပါဒါယ၊ စွဲမှီ၍။ ပဝတ္တံ၊ ဖြစ်သော။ ရူပဉ္စ ထင်ရှားဖောက်ပြန်တတ်သည်၏ အဖြစ်ကြောင့် ရုပ်ဟူ၍ အမည်ရသော သဘောသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသို့ သဘောရှိသော ရုပ်ဟု ခေါ်ဝေါ်အပ်သောသဘောကို။ အတီတံ၊ အတိတ်ဖြစ်သော။ ဝါ၊ ဖြစ်၍လွန်လေပြီးသော။ ရူပံ၊ ရုပ်ဟူ၍။ ဝါ၊ ထင်ရှားဖောက်ပြန်တတ်သော သဘောဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ကို ထောက်၍ လွန်လေပြီးသော ရုပ်သဘောတို့ကို အတိတ်ရုပ်ဟု ခေါ်ဆိုအပ်ကြောင်းကို မုချ သိကြလေကုန်။

အနာဂတ်ရုပ်။ ။နောင် ဆက်သွယ်၍ ဖြစ်ပေါ်လတ္တံ့သော သဘောတို့သည်လည်း ထို ရုပ်တို့သာလျှင်တည်း။ ထို ရုပ်သဘောမှတပါး သတ္တဝါ၊ အသက်၊ ကိုယ်ကောင် စသည်ဖြစ်မှု မရှိလတ္တံ့။ စင်စစ် ထိုရုပ်တို့သည် အကြောင်းတိုက်ဆိုင်တိုင်း၌ ဖြစ်ပေါ်လတ္တံ့သတည်း။ ထိုဖြစ်ပေါ်လတ္တံ့သော ရုပ်ကို အနာဂတ်ရုပ်ဟု ဟောတော်မူအပ်သည်။ ဟောတော်မူအပ်ကြောင်းကိုလည်း—

တတ္ထ ကတမံ ရူပံ အနာဂတံ၊ ယံ ရူပံ အဇာတံ အဘူတံ အသဥ္စာတံ အနိဗ္ဗတ္တံ အနဘိနိဗ္ဗတ္တံ အပါတုဘူတံ အနုပ္ပန္နံ အသမုပ္ပန္နံ အနုဋ္ဌိတံ အသမုဋ္ဌိတံ အနာဂတံ အနာဂတံသေန သင်္ဂဟိတံ စတ္တာရော စ မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယ ရူပံ၊ ဣဒံ ဝုစ္စတိ ရူပံ အနာဂတံ။

ဟူ၍ ခန္ဓဝိဘင်းပါဠိတော်စာမျက်နှာ(၁)၌ လာသည်ကို ထောက်၍ သိကြလေ။

အနက်သိကြောင်း မြန်မာပြန်ကား—

တတ္ထ၊ ထိုအတိတ်စသော မာတိကာ၌။ ကတမံ၊ အဘယ်မည်သော။ ရူပံ၊ ထင်ရှားဖောက်ပြန်တတ်သောကြောင့် ရုပ်ဟူ၍ အမည်ရသော ပထဝီစသော သဘောသည်။ အနာဂတံ၊ အနာဂတ်ရုပ်မည်သနည်း။ ဝါ၊ ပေါ်လာလတ္တံ့သောရုပ် မည်သနည်း။ ယံ ရူပံ၊ အကြင်ရုပ်ဟုခေါ်အပ်သော ပထဝီစသော သဘောသည်။ အဇာတံ၊ ဥပါဒ်သောအားဖြင့် ဖြစ်ပေါ်ခြင်း မရှိသေး။ အဘူတံ၊ ဥပါဒ်ဌီသို့ ရောက်သည်၏ အစွမ်းအားဖြင့် ထင်ရှားခြင်း မရှိသေး။ အသဥ္စာတံ၊ ဥပါဒ်တည်းဟူသော ဖြစ်ပေါ်ဆဲ ဌီခဏဟု ဆိုအပ်သော ရင့်ဆဲသို့ ရောက်သည်၏ အစွမ်းအားဖြင့် ကောင်းစွာဖြစ်ပေါ်မှု မရှိသေး။ အနိဗ္ဗတ္တံ၊ ဥပါဒ်သောအားဖြင့် ဖြစ်ပေါ်မှု မရှိသေး။ အနဘိနိဗ္ဗတ္တံ၊ ဥပါဒ်ခဏ ဌီခဏသို့ ရောက်သောအားဖြင့် ဖြစ်ပေါ်မှုမရှိသေး။ အပါတုဘူတံ၊ ဥပါဒ်ဌီသို့ရောက်သည်၏အစွမ်းအားဖြင့် ထင်ရှားခြင်း မရှိသေး။ အနုပ္ပန္နံ၊ ဥပါဒ်သည်၏ အစွမ်းအားဖြင့် ဖြစ်ပေါ်မှု မရှိသေး။ အသမုပ္ပန္နံ၊ ဥပါဒ်ခဏ ဌီခဏသို့ရောက်သည်၏ အစွမ်းအားဖြင့် ကောင်းစွာဖြစ်ပေါ်မှု မရှိသေး။ အနုဋ္ဌိတံ၊ ဥပါဒ်သော အားဖြင့် တည်မှုမရှိသေး။ အသမုဋ္ဌိတံ၊ ဥပါဒ်ခဏ ဌီခဏသို့ရောက်သည်၏ အစွမ်းအားဖြင့် ကောင်းစွာတည်မှု မရှိသေး။ အနာဂတံ၊ ဥပါဒ်သောအားဖြင့် ရောက်လာမှု မရှိသေး။ အနာဂတံသေန၊ ဥပါဒ်သောအားဖြင့် ရောက်လာမှု မရှိသေးသော တရားအဘို့ဖြင့်။ သင်္ဂဟိတံ၊ ရေတွက်အပ်သော။ စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ စ၊ မဟာဘုတ်ဟု ခေါ်အပ်ကုန်သော ပထဝီစသော ရုပ်သဘောတို့သည်၎င်း။ စတုန္နံ၊ လေးပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်တို့ကို။ ဥပါဒါယ၊ စွဲမှီ၍။ ပဝတ္တံ၊ ဖြစ်သော။ ရူပဉ္စ၊ စက္ခုစသော ရုပ်သည်၎င်း။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသို့ သဘောရှိသော ရုပ်သဘောကို။ အနာဂတံ၊ အနာဂတ်ဖြစ်သော။ ဝါ၊ ဖြစ်ပေါ်ခြင်းသို့ ရောက်လတ္တံ့သော။ ရူပံ၊ ရုပ်သဘောဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ကို ထောက်၍ ဖြစ်ပေါ်လတ္တံ့သော ရုပ်သဘောကို အနာဂတ်ရုပ်ဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေ။

**ပစ္စုပ္ပန်ရုပ်။** ။ပစ္စုပ္ပန်ဟု ခေါ်အပ်သော ယခုမျက်မှောက် ဖြစ်ဆဲ၌လည်း ထို ရုပ်သဘောတို့သည်သာလျှင် ဖြစ်ဆဲ ဖြစ်ကုန်၏။ ထို ရုပ်

သဘောမှတပါး သတ္တဝါ၊ ကိုယ်ကောင်၊ အသက် ဟူ၍ ဖြစ်မှုမရှိပေ။ ထိုသတ္တဝါ၊ ကိုယ်ကောင်၊ အသက်မဟုတ်သော ဖြစ်ဆဲဖြစ်သော ရုပ်သဘောတွေကို စင်စစ် ပစ္စုပ္ပန်ရုပ်ဟု ခေါ်အပ်သည်။ ခေါ်အပ်ကြောင်းကိုလည်း ခန္ဓဝိဘင်း ပါဠိတော် စာမျက်နှာ (၂)၌ —

တတ္ထ ကတမံ ရူပံ ပစ္စုပ္ပန္နံ၊ ယံ ရူပံ ဇာတံ ဘူတံ သဉ္ဇာတံ နိဗ္ဗတ္တံ အဘိနိဗ္ဗတ္တံ ပါတုဘူတံ ဥပ္ပန္နံ သမုပ္ပန္နံ ဥဋ္ဌိတံ သမုဋ္ဌိတံ ပစ္စုပ္ပန္နံ ပစ္စုပ္ပန္နံ-သေန သင်္ဂဟိတံ စတ္တာရော စ မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယ ရူပံ၊ ဣဒံ ဝုစ္စတိ ရူပံ ပစ္စုပ္ပန္နံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်လေ။

အနက်သိကြောင်း မြန်မာပြန်ကား—

တတ္ထ၊ ထိုအတိတ်စသော မာတိကာ၌။ ကတမံ၊ အဘယ်မည်သော။ ရူပံ၊ ရုပ်ဟု ခေါ်အပ်သော သဘောသည်။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ရုပ် မည်သနည်း။ ဝါ၊ ဖြစ်ပေါ်ဆဲဖြစ်သော ရုပ်မည်သနည်း။ ယံ ရူပံ၊ အကြင်ရုပ်သဘောသည်။ ဇာတံ၊ ဥပါဒ်သည်၏ အစွမ်းဖြင့် ဖြစ်ပေါ်ဆဲ။ ဘူတံ၊ ဥပါဒ်ခဏ ဌီခဏသို့ ရောက်သောအားဖြင့် ထင်ရှားဆဲ။ သဉ္ဇာတံ၊ ဥပါဒ်ခဏ ဌီခဏသို့ ရောက်သည်၏ အစွမ်းအားဖြင့် ကောင်းစွာဖြစ်ပေါ်ဆဲ။ နိဗ္ဗတ္တံ၊ ဥပါဒ်သည်၏ အစွမ်းအားဖြင့် ဖြစ်ပေါ်ဆဲ။ အဘိနိဗ္ဗတ္တံ၊ ဥပါဒ်ခဏ ဌီခဏသို့ ရောက်သည်၏ အစွမ်းအားဖြင့် အလွန်ဖြစ်ပေါ်ဆဲ။ ပါတုဘူတံ၊ ဥပါဒ်ခဏ ဌီခဏသို့ ရောက်သည်၏ အစွမ်းအားဖြင့် ထင်ရှားစွာဖြစ်ဆဲ။ ဥပ္ပန္နံ၊ ဥပါဒ်သည်၏ အစွမ်းဖြင့် ဖြစ်ပေါ်ဆဲ။ သမုပ္ပန္နံ၊ ဥပါဒ်ခဏ ဌီခဏသို့ ရောက်သောအားဖြင့် ကောင်းစွာဖြစ်ဆဲ။ ဥဋ္ဌိတံ၊ ဥပါဒ်သို့ ရောက်သောအားဖြင့် တည်ဆဲ။ သမုဋ္ဌိတံ၊ ဥပါဒ်ခဏ ဌီခဏသို့ ရောက်သောအားဖြင့် ကောင်းစွာတည်ဆဲ။ ပစ္စုပ္ပန္နံ၊ ဖြစ်ကြောင်းတရားကိုစွဲ၍ ဥပါဒ်ဌီဘင်၏ အစွမ်းအားဖြင့် ဖြစ်ဆဲ။ ပစ္စုပ္ပန္နံသေန၊ ဥပါဒ်ဌီဘင်၏ အစွမ်းအားဖြင့် ဖြစ်ဆဲ ဖြစ်သော တရားအဘို့ဖြင့်။ သင်္ဂဟိတံ၊ ရေတွက်အပ်သော။ စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ စ၊ မဟာဘုတ် ခေါ်အပ်သော ပထဝီစသော ရုပ်သဘောတို့သည်၎င်း။ စတုန္နံ၊ လေးပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ် ခေါ်အပ်သော ရုပ်သဘောတို့ကို။ ဥပါဒါယ၊ စွဲမှီ၍။ ပဝတ္တံ၊ ဖြစ်သော။ ရူပဉ္စ၊ ရုပ်ဟုခေါ်အပ်သော သဘောသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသို့ သဘောရှိသော ရုပ်သဘောကို။ ပစ္စုပ္ပန္နံ၊ ဖြစ်ဆဲ ဖြစ်သော။ ရူပံ၊ ရုပ်သဘောဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ကိုထောက်၍ ဥပါဒ်ဌီဘင်၏ အစွမ်းအားဖြင့် ဖြစ်ဆဲ ဖြစ်သော ရုပ်ကို ပစ္စုပ္ပန်ရုပ်ဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေကုန်။

**သုတ္တန်နည်း ကာလ ၃-ပါး ခွဲပုံ။** ။ဤ ပြဆိုအပ်ပြီးသော ရုပ်တို့၏ အတိတ်, အနာဂတ်, ပစ္စုပ္ပန်၏ အဖြစ်ကို ဝေဘန်ရာ၌ သုတ္တန်ဒေသနာနည်းအားဖြင့် ပဋိသန္ဓေကစ၍ စုတိတိုင်အောင် ဖြစ်သော ဘဝဖြင့် ပိုင်းခြားဝေဘန်အပ်၏။ အဘိဓမ္မာ ဒေသနာတော် နည်းအားဖြင့် ဥပါဒ်ဌီဘင်ဟု ဆိုအပ်သော ခဏတ္တယဖြင့် ဝေဘန်အပ်၏။ ထိုကဲ့သို့ ဝေဘန်အပ်ပုံကို တင်စွာပြဦးအံ့။ အောက်အဝီစိမှစ၍ အကနိဋ္ဌတိုင်အောင် ထိုထိုသို့သောဘုံ၌ ပဋိသန္ဓေကစ၍ စုတိတိုင်အောင် ထိုအတွင်း၌ ဖြစ်သမျှသော ရုပ်ဟူသမျှကို တဘဝ၌ဖြစ်သော ရုပ်ဟု သုတ္တန်နည်းအားဖြင့် ခေါ်အပ်သည်။ ထိုကဲ့သို့ ဘဝအပိုင်းအခြားအားဖြင့် တဘဝ,တဘဝ၌ ဖြစ်သောရုပ်ကို ပစ္စုပ္ပန်ရုပ်ဟု သုတ္တန်ဒေသနာတော် နည်းအားဖြင့် ခေါ်အပ်သည်။ ထိုပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ဆဲဖြစ်သော တဘဝ၌ဖြစ်သောရုပ်မှ ရှေးရှေးဘဝတို့၌ဖြစ်၍ လွန်လေပြီးသော ရုပ်ဟူသမျှသည် သုတ္တန်နည်းအားဖြင့် အတိတ်ခေါ်အပ်သော ရုပ်မည်၏။ ထိုဖြစ်ဆဲ ဖြစ်သော ဘဝမှ နောက်နောက်၌ ဆက်ကာဆက်ကာ ထိုထိုဘုံ၌ ဖြစ်ပေါ်လတ္တံ့သော ရုပ်ဟူသမျှသည် သုတ္တန်နည်းအားဖြင့် အနာဂတ်ရုပ် မည်၏။ ထိုသို့ မည်ကြောင်းကိုလည်း ခန္ဓဝိဘင်း အဋ္ဌကထာ စာမျက်နှာ (၇)၌-—

> ဣဒံ ပန အတီတာနာဂတပစ္စုပ္ပန္နံ နာမ သုတ္တန္တပရိယာယတော အဘိဓမ္မနိဒ္ဒေသတောတိ ဒုဝိဓံ။ တံ သုတ္တန္တပရိယာယေ ဘဝေန ပရိစ္ဆိန္နံ။ ပဋိသန္ဓိတော ဟိ ပဋ္ဌာယ အတီတဘဝေသု နိဗ္ဗတ္တံ ရူပံ အနန္တရဘဝေ ဝါ နိဗ္ဗတ္တံ ဟောတု ကပ္ပကောဋိသတသဟဿမတ္ထကေ ဝါ၊ သဗ္ဗံ အတီတမေဝ နာမ။ စုတိတော ပဋ္ဌာယ အနာဂတဘဝေသု နိဗ္ဗတ္တနကရူပံ အနန္တရဘဝေ ဝါ နိဗ္ဗတ္တံ ဟောတု ကပ္ပကောဋိသတသဟဿမတ္ထကေ ဝါ၊ သဗ္ဗံ အနာဂတမေဝ နာမ။ စုတိပဋိသန္ဓိအန္တရေ ပဝတ္တရူပံ ပစ္စုပ္ပန္နံ နာမ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်လေ။

အနက်သိကြောင်း မြန်မာပြန်ကား—

ဣဒံ ပန အတီတာနာဂတပစ္စုပ္ပန္နံ နာမ။ ဤအတိတ် အနာဂတ် ပစ္စုပ္ပန်မည်သည်ကား။ သုတ္တန္တပရိယာယတော စ၊ သုတ္တန်ပရိယာယ်အားဖြင့်၎င်း။ အဘိဓမ္မနိဒ္ဒေသတော စ၊ အဘိဓမ္မာနိဒ္ဒေသအားဖြင့်၎င်း။ ဣတိ၊ ဤသို့။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုအတိတ် အနာဂတ် ပစ္စုပ္ပန်ကို။ သုတ္တန္တပရိယာယေ၊ သုတ္တန်ပရိယာယ်၌။ ဘဝေန၊ ဘဝဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြားအပ်၏။ ဟိ ကထံ ပရိစ္ဆိန္နံ၊ အဘယ်သို့ ပိုင်းခြားအပ်သနည်းဟူမူကား။ ပဋိသန္ဓိ

တော၊ ပဋိသန္ဓေအခါမှ။ ပဋ္ဌာယ၊ စ၍။ အတီတဘဝေသု၊ လွန်လေပြီးသော ဘဝတို့၌။ နိဗ္ဗတ္တံ၊ ဖြစ်ပြီးသော။ ရူပံ၊ ရုပ်ခေါ်အပ်သော သဘောသည်။ အနန္တရဘဝေ ဝါ၊ အခြားမဲ့လွန်လေပြီးသော ဘဝ၌မူလည်း။ နိဗ္ဗတ္တံ၊ ဖြစ်သည်။ ဟောတု၊ ဖြစ်စေ။ ကပ္ပကောဋိသတသဟဿမတ္ထကေ ဝါ၊ ကမ္ဘာ ကုဋေတသိန်းထက်၌မူလည်း။ နိဗ္ဗတ္တံ၊ ဖြစ်သည်။ ဟောတု၊ ဖြစ်စေ။ သဗ္ဗံ၊ အလုံးစုံသော ရုပ်သဘောသည်။ အတီတမေဝ နာမ၊ အတိတ်ရုပ်မည်သည်သာလျှင်ကတည်း။ (ဝါသဒ္ဒါဖြင့် ထိုထက်အလွန်ကိုလည်း သိကြလေ။) စုတိတော၊ စုတေ့စိတ်မှ။ ပဋ္ဌာယ၊ စ၍။ အနာဂတဘဝေသု၊ အနာဂတ်ဘဝတို့၌။ နိဗ္ဗတ္တနကရူပံ၊ ဖြစ်ပေါ်လတ္တံ့သော ရုပ်သဘောသည်။ **အနန္တရဘဝေ** ဝါ၊ အခြားမဲ့ဖြစ်လတ္တံ့သော ဘဝ၌မူလည်း။ နိဗ္ဗတ္တံ၊ ဖြစ်လတ္တံ့သည်။ ဟောတု၊ ဖြစ်စေ။ ကပ္ပကောဋိသတသဟဿမတ္ထကေ ဝါ၊ ကမ္ဘာကုဋေတသိန်းထက်၌မူလည်း။ နိဗ္ဗတ္တံ၊ ဖြစ်လတ္တံ့သည်။ ဟောတု၊ ဖြစ်စေ။ သဗ္ဗံ၊ အလုံးစုံသော ရုပ်သဘောသည်။ အနာဂတမေဝ နာမ၊ အနာဂတ်ရုပ်သဘောမည်သည်သာလျှင်ကတည်း။ စုတိပဋိသန္ဓိအန္တရေ၊ စုတိပဋိသန္ဓေတို့၏အကြား၌။ ပဝတ္တံ၊ ဖြစ်ဆဲဖြစ်သော။ ရူပံ၊ ရုပ်သဘောသည်။ ပစ္စုပ္ပန္နံ နာမ၊ ပစ္စုပ္ပန်မည်သည်။ ဟောတိ၊ ဖြစ်၏။ ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ သုတ္တန်နည်းအားဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဖြစ်သော ရုပ်ကို ပိုင်းခြား ဝေဘန်အပ်ပုံကို သိကြလေ။

**အဘိဓမ္မာနည်း ကာလ ၃-ပါး ခွဲပုံ။** ။အဘိဓမ္မာနိဒ္ဒေသ၏ အစွမ်းအားဖြင့်ကား ဥပါဒ်ဌီဘင်ဟု ဆိုအပ်သော ခဏတ္တယ အားဖြင့်သာ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော ရုပ်သဘော**ကို** ပိုင်းခြားဝေဘန်အပ်၏။ ထိုသို့ ဝေဘန်အပ်ပုံကို ထင်စွာ ပြဦးအံ့။ အကြင်အကြင် ဥပါဒ် ဌီ ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ပြီး၍ ချုပ်ကွယ်လေပြီးသော ရုပ်သဘောဟူသမျှသည် အတိတ်ရုပ်မည်၏။ ထိုခဏတ္တယသို့ မရောက်လာသေး၊ ဖြစ်ပေါ်လတ္တံ့သော ရုပ်သဘောဟူသမျှသည် အနာဂတ်ရုပ်မည်၏။ ဥပါဒ်ဌီဘင်ဟု ဆိုအပ်သော ခဏတ္တယသို့ ရောက်ဆဲဖြစ်၍ ဖြစ်ဆဲဖြစ်နေသော ရုပ်သဘောသည် ပစ္စုပ္ပန်ဖြစ်သော ရုပ်မည်၏။ ထိုသို့ မည်ကြောင်းကို ထင်ရှား ပြတော်မူလိုသော အဋ္ဌကထာ ဆရာသည် ခန္ဓဝိဘင်းအဖွင့် စာမျက်နှာ(၇)၌—

အဘိဓမ္မနိဒ္ဒေသေ ပန ခဏေန ပရိစ္ဆိန္နံ။ တယော ဟိ ရူပဿ ခဏာ ဥပ္ပါဒေါ ဌိတိ ဘင်္ဂေါတိ။ ဣမေ တယော ခဏေ ပတွာ နိရုဒ္ဓံ ရူပံ သမနန္တရနိရုဒ္ဓံ ဝါ ဟောတု အတီတေ ကပ္ပကောဋိသတသဟဿမတ္ထကေ ဝါ၊ သဗ္ဗံ အတီတမေဝ နာမ။ တယော ခဏေ အသမ္ပတ္တံ ရူပံ ဧကစိတ္တက္ခဏမတ္တေန ဝါ အသမ္ပတ္တံ ဟောတု အနာဂတေ ကပ္ပ-

> ကောဋ္ဌိသတသဟဿမတ္တကေ ဝါ၊ သဗ္ဗံ အနာဂတမေဝ နာမ။ ဣမေ
> တယော ခဏေ သမ္ပတ္တံ ရူပံ ပန ပစ္စုပ္ပန္နံ နာမ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ပန၊ သုတ္တန်နည်းမှတပါး အဘိဓမ္မာနိဒ္ဒေသနည်းကို ပြဦးအံ့။ အဘိဓမ္မ-နိဒ္ဒေသေ၊ အဘိဓမ္မာနိဒ္ဒေသ၌။ ဝါ၊ သုတ္တန်ထက်ထူးသော သဘောတရားတို့ကို ညွှန်ပြရာ၌။ ခဏေန၊ ခဏအားဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြားအပ်၏။ ဟိ ဝိတ္ထာရေမိ၊ ထိုစကားကို ချဲ့ဦးအံ့။ ရူပဿ၊ ရုပ်ခေါ်အပ်သော သဘောတရား၏။ ခဏာ၊ ခဏတို့သည်။ ဥပ္ပါဒေါ၊ ဥပါဒ်ရင်း။ ဝါ၊ ဖြစ်ပေါ်ဆဲခဏရင်း။ ဌိတိ၊ ဌီရင်း။ ဝါ၊ တည်ဆဲခဏရင်း။ ဘင်္ဂေါ၊ ဘင်ရင်း။ ဝါ၊ ပျက်ဆဲခဏရင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးကုန်သော။ ခဏာ၊ ခဏတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣမေ၊ ဤဆိုအပ်ကုန်ပြီးသော။ တယော၊ သုံးပါးကုန်သော။ ခဏေ၊ ခဏတို့သို့။ ပတ္တာ၊ ရောက်၍။ နိရုဒ္ဓံ၊ ချုပ်ကွယ်ပြီးသော။ ရူပံ၊ ရုပ်သည်။ သမနန္တရနိရုဒ္ဓံ ဝါ၊ အခြားမဲ့ကာလ၌ ချုပ်ပြီးသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ အတီတေ၊ လွန်လေပြီးသောကာလ၌။ ကပ္ပကောဋ္ဌိသတသဟဿမတ္တကေ ဝါ၊ ကမ္ဘာကုဋေ တသိန်းထက်၌မူလည်း။ နိရုဒ္ဓံ၊ ချုပ်ပြီးသည်။ ဟောတု၊ ဖြစ်စေ။ သဗ္ဗံ၊ အလုံးစုံသော ရုပ်သည်။ အတီတမေဝ နာမ၊ အတိတ်ရုပ်မည်သည်သာလျှင်ကတည်း။ ဝါ၊ လွန်လေပြီးသော ရုပ်မည်သည်သာလျှင်ကတည်း။ တယော၊ သုံးပါးကုန်သော။ ခဏေ၊ ခဏတို့သို့။ အသမ္ပတ္တံ၊ မရောက်သေးသော။ ရူပံ၊ ရုပ်သည်။ ဧကစိတ္တက္ခဏမတ္တေန ဝါ၊ တခုသော စိတ္တက္ခဏမျှသို့လည်း။ အသမ္ပတ္တံ၊ မရောက်သေးသည်။ ဟောတု၊ ဖြစ်စေ။ အနာဂတေ၊ နောင်ကာလ၌။ ကပ္ပ-ကောဋ္ဌိသတသဟဿမတ္တကေ ဝါ၊ ကမ္ဘာ ကုဋေတသိန်းထက်သို့မူလည်း။ အသမ္ပတ္တံ၊ မရောက်သေးသည်။ ဟောတု၊ ဖြစ်စေ။ သဗ္ဗံ၊ အလုံးစုံသော ရုပ်သည်။ အနာဂတမေဝ နာမ၊ အနာဂတ်ရုပ်မည်သည်သာလျှင်ကတည်း။ ဣမေ၊ ဤဆိုအပ်ကုန်ပြီးသော။ တယော၊ သုံးပါးကုန်သော။ ခဏေ၊ ခဏတို့သို့။ သမ္ပတ္တံ၊ ရောက်ဆဲဖြစ်သော။ ရူပံ ပန၊ ရုပ်သည်ကား။ ပစ္စုပ္ပန္နံ နာမ၊ ပစ္စုပ္ပန် ရုပ်မည်သည်။ ဝါ၊ ဖြစ်ဆဲဖြစ်သော ရုပ်မည်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော ရုပ်တို့ကို အဘိဓမ္မာနိဒ္ဒေသဖြင့် ပိုင်းခြားဝေဘန်အပ်ပုံကို သိကြလေကုန်။ ဤပြဆိုအပ်ပြီးသော သုတ္တန်နည်း, အဘိဓမ္မာနည်း နှစ်ပါးတို့တွင် အဘိဓမ္မာနည်းဖြင့်သာလျှင် ခန္ဓဝိဘင်းကို ဘုရားရှင်သည် ဝေဘန် ဟောတော်မူအပ်၏။ ထိုသို့ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့် ဤအတိတ်, အနာဂတ်, ပစ္စုပ္ပန်

ဖြစ်သော ရုပ်တို့ကိုလည်း ခန္ဓဝိဘင်းအတိုင်း အဘိဓမ္မာနည်းဖြင့်သာလျှင် ဘုရားရှင်သည် ညွှန်ပြအပ်၏ဟု သိကြလေကုန်။ ထိုသို့ သိအပ်ကြောင်းကိုလည်း အဋ္ဌကထာရှင်သည် ၎င်းအဖွင့် စာမျက်နှာ ( ၇ )၌—

အဘိဓမ္မနိဒ္ဒေသေနေဝ အတီတာနာဂတပစ္စုပ္ပန္နရူပံ နိဒ္ဒိဋ္ဌန္တိ ဝေဒိတဗ္ဗံ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

အဘိဓမ္မနိဒ္ဒေသေနေဝ၊ အဘိဓမ္မာနိဒ္ဒေသဖြင့်သာလျှင်။ အတီတာနာဂတ-ပစ္စုပ္ပန္နရူပံ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော ရုပ်ကို။ နိဒ္ဒိဋ္ဌံ၊ ညွှန်ပြအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ရုပ်ကို အဘိဓမ္မာနိဒ္ဒေသဟု ဆိုအပ်သော ခဏတ္တယဖြင့်သာလျှင် စင်စစ် ညွှန်ပြအပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

**အဋ္ဌကထာနည်း ကာလ ၃-ပါး ခွဲပုံ။** ။၎င်း အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော ရုပ်ကို တနည်းအားဖြင့် အဋ္ဌကထာရှင်တို့ ဝေဘန်ပုံကို ပြဆိုဦးအံ့။ ထိုဝေဘန်လတ္တံ့သော ကာလသုံးပါးတို့တွင် အတိတ်သည်လည်း **အဒ္ဓါ**နအတိတ်, **သန္တတိ**အတိတ်, **သမယ**အတိတ်, **ခဏ**အတိတ်အားဖြင့် လေးပါး အပြား ရှိ၏။ ထိုနည်းအတူ အနာဂတ်လည်း လေးပါး၊ ပစ္စုပ္ပန်လည်း လေးပါးစီပင် ရှိပေ၏။

**အဒ္ဓါအစွမ်းဖြင့် ကာလ ၃-ပါး။** ။ထိုလေးပါးစီတို့တွင် မျက်မှောက်ဖြစ်ပေါ်ဆဲဖြစ်သော ပဋိသန္ဓေမှ ရှေးအဘို့ကာလ၌ ဖြစ်ပြီးသော ရုပ်ဟူသမျှသည် အတိတ်ရုပ် မည်၏။ စုတိမှ နောက်အဘို့၌ ဖြစ်ပေါ်လတ္တံ့သော ရုပ်ဟူသမျှသည် အနာဂတ်ရုပ် မည်၏။ ပဋိသန္ဓေနှင့် စုတိအကြား၌ ဖြစ်ပေါ်နေသော ရုပ်ဟူသမျှသည် ပစ္စုပ္ပန်ရုပ် မည်၏။ ထိုသို့ မည်ကြောင်းကိုလည်း အဋ္ဌကထာရှင်သည် ခန္ဓဝိဘင်းအဖွင့် စာမျက်နှာ( ၇ )၌—

> အပရော နယော၊ ဧကဿ ဘဝဿ ရူပံ အဒ္ဓါ သန္တတိ သမယ ခဏဝသေန စတုဓာ အတီတံ နာမ ဟောတိ။ တထာ အနာဂတပစ္စုပ္ပန္နံ။ အဒ္ဓါ-ဝသေန တာဝ ဧကဿ ဧကဿ ဘဝေ ပဋိသန္ဓိတော ပုဗ္ဗေ အတီတံ၊ စုတိတော ဥဒ္ဓံ အနာဂတံ၊ ဥဘိန္နမန္တရေ ပစ္စုပ္ပန္နံ။

ဟူ၍ မိန့်ပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

အပရော၊ တပါးသော။ နယော၊ နည်းကို။ မယာ၊ ငါ အဋ္ဌကထာဆရာသည်။ ဝုစ္စတေ၊ ဆိုဦးအံ့။ ဟိ ကထံ ဝုစ္စတေ၊ အဘယ်သို့ ဆိုအပ်သနည်း။ ရူပံ၊ ဤရုပ်သည်။ အဒ္ဓါ သန္တတိ သမယ ခဏဝသေန၊ အဒ္ဓါ၊ သန္တတိ၊ သမယ၊ ခဏ တို့၏ အစွမ်းအားဖြင့်။ စတုဓာ၊ လေးပါးသော အဘို့အားဖြင့်။ အတီတံ နာမ၊ အတိတ် မည်၏။ တထာ၊ ထိုအတူ။ စတုဓာ၊ လေးပါးသော အဘို့အားဖြင့်။ အနာဂတပစ္စုပ္ပန္နံ နာမ၊ အနာဂတ် ပစ္စုပ္ပန်လည်း မည်၏။ အဒ္ဓါဝသေန၊ အဒ္ဓါ၏အစွမ်းအားဖြင့်။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ တာဝ၊ သန္တတိစသည် တို့၏ ရှေးဦးစွာ။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုအပ်၏။ ဧကဿ၊ တယောက် သော သတ္တဝါ၏။ ဧကသ္မိံ၊ တခုသော။ ဘဝေ၊ ဖြစ်ရာဘဝ၌။ ပဋိသန္ဓိတော၊ ပဋိသန္ဓေ တည်သောအခါမှ။ ပုဗ္ဗေ၊ ရှေး၌။ နိဗ္ဗတ္တရူပံ၊ ဖြစ်ပြီးသောရုပ်သည်။ အတီတံ၊ အတိတ်ရုပ် မည်၏။ စုတိတော၊ စုတိမှ။ ဥဒ္ဓံ၊ အထက်၌။ နိဗ္ဗတ္တရူပံ၊ ဖြစ်ပေါ်လတ္တံ့သော ရုပ်သည်။ အနာဂတံ၊ အနာဂတ်ရုပ် မည်၏။ ဥဘိန္နံ၊ ပဋိသန္ဓေ စုတိနှစ်ပါးတို့၏။ အန္တရေ၊ အကြား၌။ နိဗ္ဗတ္တရူပံ၊ ဖြစ်ဆဲ ဖြစ်သော ရုပ်သည်။ ပစ္စုပ္ပန္နံ နာမ၊ ပစ္စုပ္ပန်ရုပ် မည်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ အဒ္ဓါ၏ အစွမ်းအားဖြင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ရုပ်တို့ကို သိကြလေ။

**သန္တတိအစွမ်းဖြင့် ကာလ ၃-ပါး။** ။သဘောတူသော တခုသော ဥတုကြောင့် ဖြစ်သော ရုပ်သည်ရင်း၊ တခုသော အာဟာရကြောင့်ဖြစ်သော ရုပ်သည်ရင်း၊ ရှေ့နောက်၏ အစွမ်းအားဖြင့်ပင် ဖြစ်သော်လည်း သန္တတိ၏အစွမ်းဖြင့် ပစ္စုပ္ပန်မည်သည်သာလျှင်ကတည်း။ ထို သဘောတူသော ဥတု အာဟာရကြောင့်ဖြစ်သောရုပ်မှ တပါးသော ရှေးအဘို့၌ ဖြစ်ပြီးသော သဘောမတူသော ဥတု အာဟာရကြောင့်ဖြစ်ပြီးသော ရုပ်ဟူသမျှ သည် သန္တတိ၏အစွမ်းဖြင့် အတိတ် မည်၏။ နောင်ဖြစ်ပေါ်လတ္တံ့သော သဘော မတူသော ဥတု အာဟာရကြောင့် ဖြစ်လတ္တံ့သော ရုပ်ဟူသမျှသည် သန္တတိ၏ အစွမ်းအားဖြင့် အနာဂတ်မည်၏။ ထိုသို့မည်ကြောင်းကို သိစေတော်မူလိုသော အဋ္ဌကထာရှင်သည် ခန္ဓဝိဘင်းအဖွင့် စာမျက်နှာ(၇)၌—

> သန္တတိဝသေန သဘာဂဧကဥတုသမုဋ္ဌာနံ ဧကာဟာရသမုဋ္ဌာနဉ္စ ပုဗ္ဗာပရိယဝသေန ပဝတ္တမာနမ္ပိ ပစ္စုပ္ပန္နံ၊ တတော ပုဗ္ဗေ ဝိသဘာဂ-ဥတုအာဟာရသမုဋ္ဌာနံ အတီတံ၊ ပစ္ဆာ အနာဂတံ။

ဟူ၍ မိန့်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

သန္တတိဝသေန၊ သန္တတိ၏ အစွမ်းဖြင့်။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုအပ်၏။ သဘာဂဧကဥတုသမုဋ္ဌာနဥ္စ၊ သဘော တူသော တခုသော ဥတုကြောင့်ဖြစ်သော ရုပ်သည်၎င်း။ ဧကာဟာရသမုဋ္ဌာနဥ္စ၊ တခုသော အာဟာရကြောင့်ဖြစ်သော ရုပ်သည်၎င်း။ ပုဗ္ဗာပရိယဝသေန၊ ရှေ့ နောက်၏အစွမ်းဖြင့်။ ပဝတ္တမာနမ္ပိ၊ ဖြစ်သော်လည်း။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်မည်၏။ တတော၊ ထိုပစ္စုပ္ပန်မှ။ ပုဗ္ဗေ၊ ရှေး၌။ ဝိသဘာဂဥတုအာဟာရသမုဋ္ဌာနံ၊ သဘောမတူသော ဥတုအာဟာရကြောင့် ဖြစ်သော ရုပ်သည်။ အတီတံ၊ အတိတ်မည်၏။ ပစ္ဆာ၊ နောက်၌။ ပဝတ္တံ၊ ဖြစ်လတ္တံ့သော။ ရူပံ၊ ရုပ်သည်။ အနာဂတံ၊ အနာဂတ်မည်၏။

## ဥတုဇရုပ်,အာဟာရဇရုပ် ကာလ ၃-ပါး

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ သဘောတူသော တခုသောဥတု တခု သော အာဟာရကြောင့်ဖြစ်သော ရုပ်သည် ပစ္စုပ္ပန်၊ သဘောမတူသောဥတု, သဘောမတူသောအာဟာရကြောင့် ရှေးကဖြစ်ခဲ့ပြီးသော ရုပ်ဟူသမျှသည် အတိတ်၊ နောင်ကို ဥတု အာဟာရတို့ကြောင့် ဖြစ်ပေါ်လတ္တံ့သော ရုပ်ဟူသမျှ သည် အနာဂတ်မည်၏ဟူ၍ သန္တတိ၏ အစွမ်းအားဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကို သိကြလေ။ ဤတွင် သန္တတိ၏အစွမ်းအားဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဖြစ်သော ဥတုဇ၊ အာဟာရဇ- ရုပ်ကို ပြချက် ပြီး၏။

**စိတ္တဇရုပ် ကာလ ၃-ပါး။** ။တခုတခုသော စက္ခုဒွါရ၊ သောတဒွါရ၊ ဃာန ဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရဝီထိတို့၌ဖြစ်သော စိတ္တဇရုပ်သည်၎င်း၊ တခုတခုသော မနောဒွါရဝီထိ တကြိမ် တကြိမ်သော သမာပတ်တို့၌ဖြစ်သော စိတ္တဇရုပ်သည်၎င်း ပစ္စုပ္ပန်ဖြစ်သော သန္တတိရုပ် မည်၏။ ထိုပစ္စုပ္ပန်ဖြစ်သောရုပ်မှ ရှေး၌ဖြစ်ပြီးသော ရုပ်ဟူသမျှသည် အတိတ် ဖြစ်သော သန္တတိရုပ် မည်၏။ နောက်မှ ဖြစ်ပေါ်လတ္တံ့သော စိတ္တဇရုပ် ဟူသမျှ သည် အနာဂတ် သန္တတိရုပ် မည်၏။ ထိုသို့ မည်ကြောင်းကို သိစေတော်မူလို သော အဋ္ဌကထာရှင်သည် ၎င်းခန္ဓဝိဘင်းအဖွင့် စာမျက်နှာ (၇) ၌—

> စိတ္တဇံ ဧကဝီထိ ဧကဇဝန ဧကသမာပတ္တိသမုဋ္ဌာနံ ပစ္စုပ္ပန္နံ၊ တတော ပုဗ္ဗေ အတီတံ၊ ပစ္ဆာ အနာဂတံ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။ အနက်သိကြောင်း မြန်မာပြန်ကား—

ဧကဝီထိ ဧကဇဝန ဧကသမာပတ္တိသမုဋ္ဌာနံ၊ တခုသောဝီထိ တကြိမ်သော ဇော တကြိမ်သော သမာပတ်၌ ဖြစ်သော။ စိတ္တဇံ၊ စိတ်ကြောင့်ဖြစ်သော

ရုပ်သည်။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်မည်၏။ တတော၊ ထိုပစ္စုပ္ပန် စိတ္တဇရုပ်မှ။ ပုဗ္ဗေ၊ ရှေး၌။ ဥပ္ပန္နံ၊ ဖြစ်သော။ စိတ္တဇံ၊ စိတ်ကြောင့်ဖြစ်သောရုပ်သည်။ အတီတံ၊ အတိတ်မည်၏။ ပစ္ဆာ၊ နောက်၌။ ပဝတ္တံ၊ ဖြစ်လတ္တံ့သော။ စိတ္တဇံ၊ စိတ်ကြောင့်ဖြစ်သောရုပ်သည်။ အနာဂတံ၊ အနာဂတ်မည်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ သန္တတိ၏အစွမ်းဖြင့် အတိတ် အနာဂတ် ပစ္စုပ္ပန် စိတ္တဇရုပ်တို့ ဖြစ်ပုံကို ထင်ရှားသိကြလေ။

**ကမ္မဇရုပ် ကာလ ၃-ပါး။** ။ကမ္မဇရုပ်၌မူကား အသီးအခြား သန္တတိ၏ အစွမ်းအားဖြင့် အတိတ်စသည်မရှိ။ ထိုသို့ပင် မရှိသော်လည်း ဆိုအပ်ပြီးသော ဥတုဇ၊ အာဟာရ စိတ္တဇတို့ကို ထောက်ပံ့တတ်သော ကမ္မဇရုပ်တို့ကိုလည်း ထိုရုပ်နှင့် အတူတကွတွဲဘက်ခြင်းကိုပြု၍ သန္တတိ အတိတ်စသည်ကို သိကြလေ။ ထိုသို့ သိအပ်ကြောင်းကိုလည်း ၎င်းအဋ္ဌကထာရှင်သည် ခန္ဓဝိဘင်း အဖွင့် စာမျက်နှာ(၇)၌—

> ကမ္မသမုဋ္ဌာနဿ ပါဋိယေက္ကံ သန္တတိဝသေန အတီတာဒိဘေဒေါ နတ္ထိ၊ တေသညေဝ ပန ဥတုအာဟာရစိတ္တသမုဋ္ဌာနာနံ ဥပတ္ထမ္ဘကဝသေန တဿ အတီတာဒိဘာဝေါ ဝေဒိတဗ္ဗော။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်လေ။

အနက်သိကြောင်း မြန်မာပြန်ကား—

ကမ္မသမုဋ္ဌာနဿ၊ ကံကြောင့် ဖြစ်သော ရုပ်၏။ ပါဋိယေက္ကံ၊ အသီး။ သန္တတိဝသေန၊ သန္တတိ၏အစွမ်းဖြင့်။ အတီတာဒိဘေဒေါ၊ အတိတ်အစရှိသော အပြားသည်။ နတ္ထိ၊ မရှိ။ ဥတုအာဟာရစိတ္တသမုဋ္ဌာနာနံ၊ ဥတု အာဟာရ စိတ်ကြောင့် ဖြစ်ကုန်သော။ တေသညေဝ ပန ရူပါနံ၊ ထိုရုပ်တို့ကိုသာလျှင်။ ဥပတ္ထမ္ဘကဝသေန၊ ထောက်ပံ့ခိုင်စေသည်၏အဖြစ်ကိုပြုတတ်သည်၏အစွမ်းဖြင့်။ တဿ၊ ထိုကမ္မဇရုပ်၏။ အတီတာဒိဘာဝေါ၊ အတိတ်အစရှိသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဤသို့ပြဆိုအပ်သည်ကိုထောက်၍ ကမ္မဇရုပ်၏ သန္တတိ၏အစွမ်းဖြင့် အတိတ်စသည်၏အပြားကို ထင်ရှားသိကြလေကုန်။ ဤတွင် သန္တတိ၏ အစွမ်းဖြင့် စိတ္တဇရုပ် ကမ္မဇရုပ်တို့၏ အတိတ်, အနာဂတ်, ပစ္စုပ္ပန်တို့ကို ပြချက်ပြီး၏။

**သမယအစွမ်းဖြင့် ကာလ ၃-ပါး။** ။တခုသော မုဟုတ်ကာလ၌၎င်း တခုသော နံနက်အခါ ကာလ၌၎င်း တခုသော မွန်းတည့်အခါကာလ၌၎င်း တခုသောညနေ အခါကာလ၌၎င်း တခုသော ညအဘို့

ဖြစ်သော အခါကာလ၌ရင်း၊ ဤဆိုအပ်ပြီးသော နေ့ညအခါ စသည်တို့တွင် တခုခုသော အခါကာလအတွင်း၌ ဖြစ်ပေါ်နေသော ရုပ်ဟူသမျှသည် သမယ ၏ အစွမ်းဖြင့် ပစ္စုပ္ပန်ရုပ် မည်၏။ ထိုအခါကာလမှ ရှေးအဘို့၌ ဖြစ်ခဲ့ပြီးသော ရုပ်ဟူသမျှသည် အတိတ်ရုပ် မည်၏။ ထိုပစ္စုပ္ပန်ကာလသို့ မရောက်လာသေး သော နောက်ကာလ၌ ဖြစ်ပေါ်လတ္တံ့သော ရုပ်ဟူသမျှသည် အနာဂတ်ရုပ် မည်၏။ ထိုသို့ မည်ကြောင်းကို ပြတော်မူလိုသော အဋ္ဌကထာရှင်သည် ၎င်း ခန္ဓဝိဘင်းအဖွင့် စာမျက်နှာ(၇) ၌—

> သမယဝသေန ဧကမုဟုတ္တ ပုဗ္ဗဏှ သာယန္ဟ ရတ္တိဒိဝါဒီသု သမယေ-သု သန္တာနဝသေန ပဝတ္တမာနံ တံ တံ သမယံ ပစ္စုပ္ပန္နံ နာမ၊ တတော ပုဗ္ဗေ အတီတံ၊ ပစ္ဆာ အနာဂတံ။

ဟူ၍ မိန့်လေပြီ။

.မြန်မာပြန်ကား—

သမယဝသေန၊ သမယ၏ အစွမ်းဖြင့်။ ဧက မုဟုတ္တ ပုဗ္ဗဏှ သာယန္ဟ ရတ္တိ-ဒိဝါဒီသု၊ တခုသော မုဟုတ် ကာလ နံနက်အဘို့ ညချမ်းအဘို့ ညဥ့် နေ့ အစရှိ ကုန်သော။ သမယေသု၊ အခါကာလ သမယတို့တွင်။ သန္တာနဝသေန၊ ဖြစ် စဉ်၏အစွမ်းဖြင့်။ ပဝတ္တမာနံ၊ ဖြစ်သော။ တံတံ သမယံ၊ ထိုထိုသို့သော အခါ သမယ၌ အကျုံးဝင်သောရုပ်သည်။ ပစ္စုပ္ပန္နံ နာမ၊ ပစ္စုပ္ပန်ရုပ်မည်၏။ တတော၊ ထိုပစ္စုပ္ပန်ရုပ်မှ။ ပုဗ္ဗေ၊ ရှေးအခါကာလသမယ၌။ ပဝတ္တံ၊ ဖြစ်ပြီးသော။ ရူပံ၊ ရုပ်သည်။ အတီတံ၊ အတိတ်ဖြစ်သောရုပ် မည်၏။ ပစ္ဆာ၊ နောက်အခါကာလ သမယ၌။ ပဝတ္တံ၊ ဖြစ်ပေါ်လတ္တံ့သော။ ရူပံ၊ ရုပ်သည်။ အနာဂတံ၊ အနာ-ဂတ်ကာလ၌ ဖြစ်လတ္တံ့သောရုပ် မည်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ သမယ၏ အစွမ်းဖြင့်ဖြစ်သော အတိတ် အနာဂတ် ပစ္စုပ္ပန်ရုပ်ကို ထင်ရှားသိကြလေ။ (တမုဟုတ်ဆိုသည်မှာ လက် ဖျစ်ဆယ်တွက်သည် တခဏ။ ခဏဆယ်ခုသည် တလယ။ ထိုလယ ဆယ်ခုသည် ခဏလယ။ ထိုခဏလယ ဆယ်ခုသည် တမုဟုတ်အခါ မည်၏ဟု သိကြလေ။) ဤတွင် သမယ၏အစွမ်းဖြင့် အတိတ်,အနာဂတ်,ပစ္စုပ္ပန်ရုပ်တို့ကို ပြချက်ပြီး၏။

**ခဏအစွမ်းဖြင့် ကာလ ၃-ပါး။** ။ဥပါဒ် ဌီ ဘင်ဟု ဆိုအပ်သော ခဏငယ် သုံး ချက်၌ အကျုံးဝင်သော ရုပ်သည် ပစ္စုပ္ပန်ရုပ် မည်၏၊ ထိုပစ္စုပ္ပန်ဖြစ်သော ခဏမှ ရှေးအဘို့၌ ဖြစ်ခဲ့ပြီးသော ရုပ်ဟူသမျှသည် အတိတ်ရုပ် မည်၏။ နောက်ဖြစ်လတ္တံ့သော ရုပ်ဟူသမျှသည် အနာဂတ်ရုပ် မည်၏။ ထိုသို့မည်ကြောင်းကို သိစေလိုသော အဋ္ဌကထာရှင်သည် ၎င်းခန္ဓဝိဘင်း အဖွင့် စာမျက်နှာ (၇-၈)၌—

ခဏာဝသေန ဥပ္ပါဒါဒိက္ခဏတ္တယပရိယာပန္နံ ပစ္စုပ္ပန္နံ နာမ၊ တတော ပုဗ္ဗေ အတီတံ၊ ပစ္ဆာ အနာဂတံ။

ဟူ၍ မိန့်လေပြီ။

မြန်မာပြန်ကား—

**ခဏာဝသေန**၊ ခဏအစွမ်းဖြင့်။ ဥပ္ပါဒါဒိက္ခဏတ္တယပရိယာပန္နံ၊ ဥပါဒ်အစရှိသော ခဏသုံးခုတို့၏ အပေါင်း၌ အကျုံးဝင်သောရုပ်သည်။ ပစ္စုပ္ပန္နံ နာမ၊ ပစ္စုပ္ပန်ရုပ် မည်၏။ ဝါ၊ ဖြစ်ဆဲဖြစ်သောရုပ်မည်၏။ တတော၊ ထိုပစ္စုပ္ပန်ဖြစ်သောရုပ်မှ။ ပုဗ္ဗေ၊ ရှေး၌။ နိဗ္ဗတ္တံ၊ ဖြစ်ပြီးသော။ ရူပံ၊ ရုပ်သည်။ အတီတံ၊ အတိတ်ဖြစ်သောရုပ်မည်၏။ ပစ္ဆာ၊ နောက်၌။ နိဗ္ဗတ္တံ၊ ဖြစ်လတ္တံ့သော။ ရူပံ၊ ရုပ်သည်။ အနာဂတံ၊ အနာဂတ်ဖြစ်သော ရုပ်မည်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ခဏ၏ အစွမ်းအားဖြင့် ဖြစ်သော အတိတ်,အနာဂတ်,ပစ္စုပ္ပန်ရုပ်ကို သိကြလေ။

## ကာလခွဲပုံမှုချနည်းနှင့် ဥပစာနည်း

ဤပြဆိုအပ်ကုန်ပြီးသော အဒ္ဓါန,သန္တတိ,သမယ,ခဏ၏အစွမ်းဖြင့် ဖြစ်ကုန်သော ရုပ်တို့တွင် အဒ္ဓါ, သန္တတိ, သမယတို့၌ဖြစ်သော အတိတ်စသောရုပ်တို့ကို ပြဆိုခြင်းသည် ပရိယာယ် ဥပစာရနည်းမျှသာ ဖြစ်လေသည်။ ခဏ၏ အစွမ်းဖြင့် ပြဆိုခြင်းသည်သာလျှင် မှုချတိုက်ရိုက်ဖြစ်သည်။ ထိုသို့ ဖြစ်ကြောင်းကိုလည်း ထင်ရှားသိစေတော်မူလိုသော အဋ္ဌကထာရှင်သည် ခန္ဓဝိဘင်းအဖွင့် စာမျက်နှာ (၈) ၌—

ဧတ္ထ စ ခဏာဒိကထာဝ နိပ္ပရိယာယာ၊ သေသာ သပရိယာယာ။

ဟူ၍ မိန့်လေပြီ။ မြန်မာပြန်ကား—

စ၊ အထူးကို ဆိုဦးအံ့။ ဧတ္ထ၊ ထိုဆိုအပ်ပြီးသော အဒ္ဓါနစသော စကားတို့တွင်။ ခဏာဒိကထာဝ၊ ခဏအစရှိသည်ကို ဆိုသော စကားသည်သာလျှင်။ (အာဒိသဒ္ဒါဖြင့် အတိက္ကန္တ ဟေတု ကိစ္စစသည်၏အစွမ်းဖြင့် ပြအပ်သော နည်းတပါးကို ယူလေ။) နိပ္ပရိယာယာ၊ မှုချဖြစ်သော စကားတည်း။ **သေသာ**၊ ခဏစသည်မှ ကြွင်းသော အဒ္ဓါန,သန္တတိ,သမယတို့ကို ဆိုအပ်သောစကားသည်။ သပရိယာယာ၊ ပရိယာယ် ဥပစာရနှင့် တကွဖြစ်သော စကားပေတည်း။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ ခဏစသည်ကိုဆိုသော စကားသည်သာလျှင် မှုချတိုက်ရိုက် ပြဆိုအပ်သော စကားဖြစ်ကြောင်း ကျန်သောအဒ္ဓါ, သန္တတိ,သမယ၏ အစွမ်းဖြင့် ပြဆိုအပ်သော စကားရပ်များသည် ဥပစာရပရိယာယ်

စကားဖြစ်ကြောင်းကို ထင်ရှားသိကြလေကုန်။ ထိုတိုက်ရိုက် ဥပစာရနည်း နှစ်ပါးတို့တွင် ဤခန္ဓာတို့ကို ဝေဘန်ရာ၌ အဘိဓမ္မာနိဒ္ဒေသ၏ အစွမ်းအားဖြင့် ဖြစ်သော ခဏတ္တယစသည်ဖြင့် တိုက်ရိုက်ပြအပ်သော အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကိုသာ မုချအားဖြင့် ယူအပ်၏။ ထိုသို့ ယူအပ်ကြောင်းကိုလည်း ၎င်း သမ္မောဟဝိနောဒနီအဋ္ဌကထာချင်သည် ခန္ဓဝိဘင်းအဖွင့် စာမျက်နှာ(၈)၌—

တာသု နိပ္ပရိယာယကထာ ဣဓ အဓိပ္ပေတာ။

ဟူ၍ မိန့်ဆိုသည်ကို ထောက်၍ သိလေ။

မြန်မာပြန်ကား—

တာသု၊ ထိုနှစ်ပါးကုန်သော ကထာတို့တွင်။ နိပ္ပရိယာယကထာ၊ တိုက်ရိုက်ဆိုအပ်သော စကားကိုသာလျှင်။ ဣဓ၊ ဤခန္ဓာတို့ကို ဝေဘန်ရာ၌။ အဓိပ္ပေတာ၊ အလိုရှိအပ်၏။

## မုချခွဲနည်းကို ယူသင့်ပုံ

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ ခဏတ္တယ၏ အစွမ်းဖြင့် ပြဆိုအပ်သော တိုက်ရိုက်စကားကိုသာ အလိုရှိအပ်ကြောင်းကို မုချသိကြလေကုန်။

ထိုသို့ ခဏိက၏ အစွမ်းဖြင့် ပြဆိုအပ်သော စကားကိုသာ မုချအလိုရှိအပ်ပါလျက် အဘယ်ကြောင့် သန္တတိ သမယ တို့ကို အဋ္ဌကထာ ဆရာတို့ ပြဆိုအပ်လေသနည်းဟူမူ ဝိပဿနာ ရှုကုန်သော ပုဂ္ဂိုလ်တို့အား ကျေးဇူးပြုခြင်း အကျိုးငှါ သန္တတိ,သမယ ကထာတို့ကို ဆိုအပ်လေသည်ဟူလို။ ထို အဓိပ္ပါယ်ကို သိစေခြင်းငှါ မူလဋီကာချင်သည် ခန္ဓဝိဘင်းအဖွင့် စာမျက်နှာ (၇)၌—

သန္တတိ သမယကထာ ဝိပဿကာနံ ဥပကာရတ္ထာယ အဋ္ဌကထာသု ကထိတာ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။ မြန်မာပြန်ကား—

ဝိပဿကာနံ၊ ဝိပဿနာရှုကုန်သော ပုဂ္ဂိုလ်တို့အား။ ဥပကာရတ္ထာယ၊ ကျေးဇူးပြုခြင်း၏ အကျိုးငှါ။ သန္တတိသမယကထာ၊ သန္တတိ သမယကထာကို။ ဝါ၊ သန္တတိ၏အစွမ်း, သမယ၏အစွမ်းဖြင့် ဖြစ်သော စကားကို။ အဋ္ဌကထာသု၊ အဋ္ဌကထာတို့၌။ ဝါ၊ ပါဠိတော်အနက်ကို ဖွင့်ဆိုအပ်ရာဖြစ်သော ကျမ်းတို့၌။ အာစရိယေဟိ၊ အဋ္ဌကထာဆရာတို့သည်။ ကထိတာ၊ ဆိုတော်မူအပ်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ သမယ သန္တတိ တို့၏ အစွမ်းဖြင့် အတိတ် အနာဂတ် ပစ္စုပ္ပန်ရုပ်တို့ကို ပြဆိုခြင်းသည် စင်စစ် ဝိပဿနာရှုကုန်သော ပုဂ္ဂိုလ်

တို့အား ကျေးဇူးပြုခြင်း၏ အကျိုးငှါ ဆိုတော်မူကြလေသည်ဟု မှတ်ကြလေ။ ဤတွင် အတိတ်, အနာဂတ်, ပစ္စုပ္ပန်တို့ကို ဖော်ပြအပ်သောအချက် ပြီး၏။

## ရုပ်ကို အဇ္ဈတ္တ, ဗဟိဒ္ဓ ခွဲပုံ

**အဇ္ဈတ္တရုပ်။** ။မိမိဟု ခေါ်အပ်သော ခန္ဓာဖြစ်စဉ်၌လည်း ထိုဆိုအပ်ပြီးသော မဟာဘုတ် ဥပါဒါရုပ်တို့သည်သာလျှင် ထိုက်သည်အားလျော်စွာ ဖြစ်နေကြကုန်၏။ ထိုရုပ်တို့မှတပါး သတ္တဝါ, ကိုယ်ကောင်, ရှင်နေသော အသက်ဟူ၍ ဖြစ်မှုမရှိ၊ ထိုသတ္တဝါ, ကိုယ်ကောင်, အသက်မဟုတ်သော မိမိ၏ ခန္ဓာအစဉ်၌ ဖြစ်နေကြကုန်သော ရုပ်သဘောတို့ကို အဇ္ဈတ္တရုပ်ဟုခေါ်အပ်သည်။ ခေါ်အပ်ကြောင်းကိုလည်း ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ (၂)၌—

> တတ္ထ ကတမံ ရူပံ အဇ္ဈတ္တံ၊ ယံ ရူပံ တေသံ တေသံ သတ္တာနံ အဇ္ဈတ္တံ ပစ္စတ္တံ နိယကံ ပါဋိပုဂ္ဂလိကံ ဥပါဒိန္နံ စတ္တာရော စ မဟာဘူတာ စတုန္နဥ္စ မဟာဘူတာနံ ဥပါဒါယ ရူပံ။ ဣဒံ ဝုစ္စတိ ရူပံ အဇ္ဈတ္တံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ သိကြလေကုန်။

အနက်သိကြောင်း မြန်မာပြန်ကား—

**တတ္ထ၊** ထိုအတိတ် အနာဂတ် ပစ္စုပ္ပန်စသည်ကို ပြဆိုအပ်ရာဖြစ်သော မာတိကာ စကားရပ်၌။ ကတမံ၊ အဘယ်မည်သော။ ရူပံ၊ ရုပ်သည်။ အဇ္ဈတ္တံ၊ အဇ္ဈတ္တရုပ် မည်သနည်း။ ယံ ရူပံ၊ အကြင်ရုပ်သည်။ တေသံ တေသံ သတ္တာနံ၊ ထိုထိုသို့သော သတ္တဝါတို့၏။ အဇ္ဈတ္တံ၊ မိမိဟု ခေါ်ဆိုအပ်သော ခန္ဓာဖြစ်စဉ်၌ အကျုံးဝင်သော။ ပစ္စတ္တံ၊မိမိဟု ခေါ်ဆိုအပ်သော ခန္ဓာဖြစ်စဉ်ကို စွဲ၍ဖြစ်သော။ နိယကံ၊ မိမိဟု ခေါ်အပ်သော ခန္ဓာအစဉ်၌ အမြဲဖြစ်သော။ ပါဋိပုဂ္ဂလိကံ၊ အသီးအခြားသော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော။ ဥပါဒိန္နံ၊ တဏှာဒိဋ္ဌိ ကပ်အပ်သော ကံသည် အကျိုးအားဖြင့် ယူအပ်သည်လည်းဖြစ်သော။ စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ စ၊ မဟာဘုတ်တို့သည်၎င်း။ စတုန္နံ၊ လေးပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်တို့ကို။ ဥပါဒါယ၊ စွဲမှီ၍။ ပဝတ္တံ၊ ဖြစ်သော။ ရူပဥ္စ၊ ရုပ်သည်၎င်း။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသို့သဘောရှိသောရုပ်ကို။ အဇ္ဈတ္တံ၊ အဇ္ဈတ္တဖြစ်သော။ ရူပံ၊ ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ကိုထောက်၍ အဇ္ဈတ္တရုပ်ဟု ခေါ်ဆိုအပ်ကြောင်းကို တင်ရှားသိလေ။

**ဗဟိဒ္ဓရုပ်။** ။မိမိမှ တပါးသော သတ္တဝါဟု ခေါ်အပ်သော ခန္ဓာဖြစ်စဉ်၌လည်း ထိုဆိုအပ်ပြီးသော မဟာဘုတ် ဥပါဒါရုပ်တို့သည်သာလျှင် ထိုက်သည်အားလျော်စွာ ဖြစ်နေကြကုန်၏။ ထိုရုပ်တို့မှတပါး သတ္တဝါ,

အသက်,အကောင် ဟူ၍ ဖြစ်တော့သည် မဟုတ်။ ထို သတ္တဝါ, အသက်, အကောင် မဟုတ်သော သူတပါးသန္တာန်၌ ထိုက်သည်အားလျော်စွာ ဖြစ်နေကြသော မဟာဘုတ် ဥပါဒါရုပ်တို့ကို ဗဟိဒ္ဓရုပ်ဟု ခေါ်အပ်ကုန်သည်။ ခေါ်အပ်ကြောင်း ကိုလည်း ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ (၂)၌—

> တတ္ထ ကတမံ ရူပံ ဗဟိဒ္ဓါ၊ ယံ ရူပံ တေသံ တေသံ ပရသတ္တာနံ ပရပုဂ္ဂလာနံ အဇ္ဈတ္တံ ပစ္စတ္တံ နိယကံ ပါဋိပုဂ္ဂလိကံ ဥပါဒိန္နံ စတ္တာရော စ မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယ ရူပံ၊ ဣဒံ ဝုစ္စတိ ရူပံ ဗဟိဒ္ဓါ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ သိလေ။

မြန်မာပြန်ကား—

တတ္ထ၊ ထိုအတိတ်စသည်ကို ပြဆိုရာဖြစ်သော မာတိကာ၌။ ကတမံ၊ အဘယ် မည်သော။ ရူပံ၊ ရုပ်သည်။ ဗဟိဒ္ဓါ၊ ဗဟိဒ္ဓရုပ် မည်သနည်း။ ယံ ရူပံ၊ အကြင် ရုပ်သည်။ တေသံ တေသံ ပရသတ္တာနံ၊ ထိုထိုကုန်သော တပါးသော သတ္တဝါ တို့၏။ ပရပုဂ္ဂလာနံ၊ တပါးကုန်သော ပုဂ္ဂိုလ်တို့၏။ အဇ္ဈတ္တံ၊ မိမိဟု ခေါ်ဆို အပ်သော ခန္ဓာဖြစ်စဉ်၌ အကျုံးဝင်သော။ ပစ္စတ္တံ၊ မိမိဟု ခေါ်ဆိုအပ်သော ခန္ဓာဖြစ်စဉ်ကို စွဲ၍ဖြစ်သော။ နိယကံ၊ မိမိဟု ခေါ်ဆိုအပ်သော ခန္ဓာအစဉ်၌ အမြဲဖြစ်သော။ ပါဋိပုဂ္ဂလိကံ၊ အသီးအခြားသော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော။ ဥပါဒိန္နံ၊ တဏှာဒိဋ္ဌိ ကပ်အပ်သော ကံသည် အကျိုးအားဖြင့် ယူအပ်သည်လည်း ဖြစ်သော။ စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ စ၊ မဟာဘုတ်တို့ သည်၎င်း။ စတုန္နံ၊ လေးပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်တို့ကို။ ဥပါဒါယ၊ စွဲမှီ၍။ ပဝတ္တံ၊ ဖြစ်သော။ ရူပဉ္စ၊ ရုပ်သည်၎င်း။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသို့ သဘောရှိသော ရုပ်ကို။ ဗဟိဒ္ဓါ၊ ဗဟိဒ္ဓဖြစ်သော။ ရူပံ၊ ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ကို ထောက်၍ ဗဟိဒ္ဓရုပ်ဟု ခေါ် ဆိုအပ်ကြောင်းကို သိလေ။

## ရုပ်ကို ဩဠာရိက, သုခုမ ခွဲပုံ

**ဩဠာရိက=ကြမ်းတမ်းသောရုပ်။** ။ထို ပြဆိုအပ်ကုန်ပြီးသော ရုပ်တို့တွင် စက္ခုပသာဒရုပ်, သောတပသာဒရုပ်, ဃာနပသာဒရုပ်, ဇိဝှါပသာဒရုပ်, ကာယပသာဒရုပ်, ရူပါရုံတည်းဟူသော အဆင်းရုပ်, သဒ္ဒါရုံတည်းဟူသော အသံရုပ်, ဂန္ဓာရုံတည်းဟူသော အနံ့ရုပ်, ရသာရုံတည်းဟူသော အရသာရုပ်, ဖောဋ္ဌဗ္ဗာရုံဟု ခေါ်အပ်သော ပထဝီ,

ဖောဋ္ဌဗ္ဗ, ဝါယောတည်းဟူသော တွေ့ထိအပ်သောရုပ်။ ဤ ဆိုအပ်ပြီးသော တဆဲ့နှစ်ပါးသော ရုပ်တို့ကို တဏှာဒိဋ္ဌိစသော တရားတို့သည် များသော အားဖြင့် အာရုံပြုသည်၏အစွမ်းအားဖြင့် ကျရောက်အပ်သည်၏ အဖြစ်ကြောင့်၎င်း၊ အချင်းချင်း ထိခိုက်သဖြင့် ရုန့်ရင်းသည်၏ အဖြစ်ကြောင့်၎င်း ဩဠာရိကရုပ်ဟု ခေါ်ဆိုအပ်သည်။ ထိုသို့ ဩဠာရိကရုပ်ဟု ခေါ်ဆိုအပ်ကြောင်းကို လည်း ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ (၂)၌—

တတ္ထ ကတမံ ရူပံ ဩဠာရိကံ၊ စက္ခာယတနံ သောတာယတနံ ဃာနာယတနံ ဇိဝှါယတနံ ကာယာယတနံ ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ၊ ဣဒံ ဝုစ္စတိ ရူပံ ဩဠာရိကံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ သိလေ။

မြန်မာပြန်ကား—

တတ္ထ၊ ထိုအတိတ် စသည်တို့ကို ပြဆိုရာဖြစ်သော မာတိကာ၌။ ကတမံ၊ အဘယ်မည်သော။ ရူပံ၊ ရုပ်သည်။ ဩဠာရိကံ၊ ဩဠာရိကရုပ် မည်သနည်း။ စက္ခာယတနံ၊ စက္ခုဝိညာဏ် စိတ္တုပ္ပါဒ်တို့၏ ဖြစ်ရာသဘောဟုဆိုအပ်သော စက္ခုပသာဒရုပ်သည်၎င်း။ သောတာယတနံ၊ သောတဝိညာဏ် စိတ္တုပ္ပါဒ်တို့၏ဖြစ်ရာသဘောဟု ဆိုအပ်သော သောတပသာဒရုပ်သည်၎င်း။ ဃာနာယတနံ၊ ဃာနဝိညာဏ် စိတ္တုပ္ပါဒ်တို့၏ ဖြစ်ရာသဘောဟု ဆိုအပ်သော ဃာနပသာဒရုပ်သည်၎င်း။ ဇိဝှါယတနံ၊ ဇိဝှါဝိညာဏ် စိတ္တုပ္ပါဒ်တို့၏ ဖြစ်ရာသဘောဟု ဆိုအပ်သော ဇိဝှါပသာဒရုပ်သည်၎င်း။ ကာယာယတနံ၊ ကာယဝိညာဏ် စိတ္တုပ္ပါဒ်တို့၏ ဖြစ်ရာသဘောဟုဆိုအပ်သော ကာယပသာဒရုပ်သည်၎င်း။ ရူပါယတနံ၊ စက္ခုဝိညာဏ် စိတ္တုပ္ပါဒ်တို့၏ အာရုံပြုသောအားဖြင့် ဖြစ်ရာသဘောဟု ဆိုအပ်သော ရူပါရုံတည်းဟူသော အဆင်းသဘောသည်၎င်း။ သဒ္ဒါယတနံ၊ သောတဝိညာဏ် စိတ္တုပ္ပါဒ်တို့၏ အာရုံပြုသောအားဖြင့် ဖြစ်ရာသဘောဟုဆိုအပ်သော သဒ္ဒါရုံတည်းဟူသော အသံသဘောသည်၎င်း။ ဂန္ဓာယတနံ၊ ဃာနဝိညာဏ် စိတ္တုပ္ပါဒ်တို့၏ အာရုံပြုသောအားဖြင့် ဖြစ်ရာသဘောဟု ဆိုအပ်သော ဂန္ဓာရုံတည်းဟူသော အနံ့သဘောသည်၎င်း။ ရသာယတနံ၊ ဇိဝှါဝိညာဏ် စိတ္တုပ္ပါဒ်တို့၏ အာရုံပြုသောအားဖြင့် ဖြစ်ရာသဘောဟုဆိုအပ်သော ရသာရုံတည်းဟူသော အရသာသဘောသည်၎င်း။ ဖောဋ္ဌဗ္ဗာယတနံ၊ ကာယဝိညာဏ် စိတ္တုပ္ပါဒ်တို့၏ အာရုံပြုသောအားဖြင့် ဖြစ်ရာသဘောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံတည်းဟူသော တွေ့ထိအပ်သော အတွေ့သဘောသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသို့

သဘောရှိသော ရုပ်ကို။ ဩဠာရိကံ၊ ရုန့်ရင်းသော။ ရူပံ၊ ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ပြဆိုအပ်သည်ကိုထောက်၍ ဩဠာရိကရုပ်ကို ထင်ရှားသိကြလေကုန်။

**သုခုမ=နူးညံ့သောရုပ်။** ။ထို ဩဠာရိကရုပ်မှ ကြွင်းကျန်သော အာပေါ စသော တဆဲ့ခြောက်ပါးသောရုပ်ကို ရုန့်ရင်းခြင်း မရှိသည်၏အဖြစ်ကြောင့် သုခုမရုပ်ဟု ခေါ်ဆိုအပ်သည်။ ခေါ်ဆိုအပ်ကြောင်းကိုလည်း ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ ( ၂ ) ၌—

> တတ္ထ ကတမံ ရူပံ သုခုမံ၊ အာပေါ ဣတ္ထိန္ဒြိယံ ပုရိသိန္ဒြိယံ ဇီဝိတိန္ဒြိယံ ကာယဝိညတ္တိ ဝစီဝိညတ္တိ အာကာသဓာတု ရူပဿ လဟုတာ ရူပဿ မုဒုတာ ရူပဿ ကမ္မညတာ ရူပဿ ဥပစယော ရူပဿ သန္တတိ ရူပဿ ဇရတာ ရူပဿ အနိစ္စတာ ကဗဠီကာရော အာဟာရော၊ ဣဒံ ဝုစ္စတိ ရူပံ သုခုမံ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ သိလေ။

မြန်မာပြန်ကား—

တတ္ထ၊ ထို အတိတ်စသည်တို့ကို ပြဆိုရာဖြစ်သော မာတိကာ၌။ ကတမံ၊ အဘယ်မည်သော။ ရူပံ၊ ရုပ်သည်။ သုခုမံ၊ သုခုမရုပ် မည်သနည်း။ အာပေါ၊ အာပေါရုပ်သည်၎င်း။ ဣတ္ထိန္ဒြိယံ၊ ဣတ္ထိန္ဒြေရုပ်သည်၎င်း။လ။ ကဗဠီကာရော အာဟာရော။ ကဗဠီကာရ အာဟာရဟု ခေါ်အပ်သော ဩဇာရုပ်သည်၎င်း။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသို့ သဘောရှိသောရုပ်ကို။ သုခုမံ၊ သိမ်မွေ့သော။ ရူပံ၊ ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ဆိုအပ်သည်ကို ထောက်၍ သုခုမရုပ်ကို သိကြလေ။

## ရုပ်ကို ဟီန,ပဏီတခွဲပုံ

**ဟီန=ယုတ်ညံ့သောရုပ်။** ။ထို ဆိုအပ်ပြီးကုန်သော ရုပ်တို့တွင် အကြင်အကြင် ရုပ်သည် အကုသိုလ်ကံကြောင့်ဖြစ်၏၊ထိုအကုသိုလ်ကံကြောင့်ဖြစ်သော ရုပ်သည် စင်စစ် မနှစ်သက်အပ် နှလုံးကို မပွါးစေအပ်သောကြောင့် ဟီနရုပ် မည်၏။ အကြင်အကြင် ရုပ်သည်လည်း အကုသိုလ်စိတ်ကြောင့် ဖြစ်၏။ ထိုအကုသိုလ်စိတ်ကြောင့် ဖြစ်သော ရုပ်သည်လည်း ဟီနရုပ် မည်၏။ တနည်းလည်း လောက၌ အလယ် အလတ် ဖြစ်ကုန်သော သူကြွယ် စသော လူတို့သည် အကြင် အကြင် ရူပါရုံ စသော ရုပ်ကို အယုတ်ဟူ၍လည်း သမုတ်အပ်၏။ စက်ဆုပ်အပ်၏။ ထိုအယုတ်ဟု သမုတ်အပ်,စက်ဆုပ်အပ်သော

ရူပါရုံ စသော ယုတ်သည် ဟီနရုပ် မည်၏။ ထိုသို့ ဟီနရုပ်မည်ကြောင်းကိုလည်း ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ(၂)၌—

တတ္ထ ကတမံ ရူပံ ဟီနံ၊ ယံ ရူပံ တေသံ တေသံ သတ္တာနံ ဥညာတံ အဝညာတံ ဟီဠိတံ ပရိဘူတံ အစိတ္တီကတံ ဟီနံ ဟီနမတံ ဟီနသမ္မတံ အနိဋ္ဌံ အကန္တံ အမနာပံ၊ ရူပါ သဒ္ဒါ ဂန္ဓာ ရသာ ဖောဋ္ဌဗ္ဗာ၊ ဣဒံ ဝုစ္စတိ ရူပံ ဟီနံ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်လေ။

မြန်မာပြန်ကား—

တတ္ထ၊ ထိုအတိတ်စသည်ကို ပြဆိုအပ်ရာ မာတိကာ၌။ ကတမံ၊ အဘယ်မည်သော။ ရူပံ၊ ရုပ်သည်။ ဟီနံ၊ ဟီနရုပ် မည်သနည်း။ ဝါ၊ ယုတ်သော ရုပ်မည်သနည်း။ ယံ ရူပံ၊ အကြင်ရုပ်ကို။ တေသံ တေသံ သတ္တာနံ၊ ထိုထိုသို့သော သတ္တဝါတို့သည်။ ဥညာတံ၊ အယုတ်အားဖြင့် သိအပ်၏။ အဝညာတံ၊ နှိပ်စက်၍ သိအပ်၏။ ဟီဠိတံ၊ စက်ဆုပ်အပ်၏။ ဝါ၊ စွန့်အပ်၏။ ပရိဘူတံ၊ ထိုရုပ်တို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း ဟူ၍ နှုတ်ဖြင့် ပြောဆိုလျက် နှိပ်စက်အပ်၏။ အစိတ္တီကတံ၊ အရိအသေ အလေးအမြတ် မပြုအပ်။ ဟီနံ၊ ယုတ်၏။ ဟီနမတံ၊ ယုတ်၏ဟူ၍ သိအပ်၏။ ဟီနသမ္မတံ၊ ယုတ်၏ဟူ၍ သမုတ်အပ်၏။ အနိဋ္ဌံ၊ မချစ်အပ်။ အကန္တံ၊ အလိုမရှိအပ်။ အမနာပံ၊ နှလုံးကိုမပွါးစေအပ်။ တံ ရူပံ၊ ထိုသို့ သဘောရှိသောရုပ်သည်။ ရူပါ၊ ရူပါရုံ အဆင်းတို့သည်၎င်း။ သဒ္ဒါ၊ သဒ္ဒါရုံ အသံတို့သည်၎င်း။ ဂန္ဓာ၊ ဂန္ဓာရုံ အနံ့တို့သည်၎င်း။ ရသာ၊ ရသာရုံ အရသာတို့သည်၎င်း။ ဖောဋ္ဌဗ္ဗာ၊ ဖောဋ္ဌဗ္ဗာရုံ အတွေ့သဘောတို့သည်၎င်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣဒံ၊ ဤသို့ သဘောရှိသော ရုပ်ကို။ ဟီနံ၊ ယုတ်သော။ ရူပံ၊ ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ကို ထောက်၍ ဟီနရုပ်ကို သိကြလေ။

**ပဏီတ = မြင့်မြတ်သော ရုပ်။** ။အကြင် အကြင် ရုပ်သည် ကုသိုလ်ကံကြောင့် ဖြစ်၏။ ထို ကုသိုလ်ကံကြောင့် ဖြစ်သောရုပ်သည် စင်စစ် နှစ်သက်အပ် နှလုံးကို ပွါးစေအပ်သောကြောင့် ပဏီတရုပ် မည်၏။ တနည်းလည်း အကြင် အကြင်ရုပ်သည် ကုသိုလ်စိတ်၊ ဝိပါက်စိတ်၊ ကြိယာစိတ်တို့ကြောင့် ဖြစ်၏။ ထိုရုပ်သည်လည်း ပဏီတရုပ် မည်၏။ တနည်းလည်း လောက၌ အလယ်အလတ် ဖြစ်ကုန်သော သူကြွယ်စသော မဇ္ဈိမက သတ္တဝါတို့သည် အကြင်အကြင် ရူပါရုံစသော ရုပ်ကို အမွန်အမြတ် အားဖြင့်လည်း သမုတ်အပ်၏၊ နှစ်သက်လည်း နှစ်သက်အပ်၏။ မြတ်လည်း မြတ်နိုး

အပ်၏။ ထိုနှစ်သက်အပ် မြတ်နိုးအပ်သော ရုပ်ဟူသမျှသည် ပဏီတရုပ်မည်၏။ ထိုသို့ မည်ကြောင်းကိုလည်း ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ (၂) ၌—

> တတ္ထ ကတမံ ရူပံ ပဏီတံ၊ ယံ ရူပံ တေသံ တေသံ သတ္တာနံ အနုညာတံ အနဝညာတံ အပဟီဠိတံ အပရိဘူတံ စိတ္တီကတံ ပဏီတံ ပဏီတမတံ ပဏီတသမ္မတံ ဣဋ္ဌံ ကန္တံ မနာပံ၊ ရူပါ သဒ္ဒါ ဂန္ဓာ ရသာ ဖောဋ္ဌဗ္ဗာ၊ ဣဒံ ဝုစ္စတိ ရူပံ ပဏီတံ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍ သိကြလေ။ မြန်မာပြန်ကား—

တတ္ထ၊ ထိုအတိတ်စသည်ကို ပြဆိုအပ်ရာ မာတိကာ၌။ ကတမံ၊ အဘယ် မည်သော။ ရူပံ၊ ရုပ်သည်။ ပဏီတံ၊ ပဏီတရုပ် မည်သနည်း။ ဝါ၊ မွန်မြတ်သောရုပ် မည်သနည်း။ ယံ ရူပံ၊ အကြင်ရုပ်ကို။ တေသံ တေသံ သတ္တာနံ၊ ထိုထိုသော သတ္တဝါတို့သည်။ အနုညာတံ၊ အယုတ်အားဖြင့် မသိအပ်။ အနဝညာတံ၊ နှိပ်စက်၍ မသိအပ်။ အပဟီဠိတံ၊ မစက်ဆုတ်အပ်။ ဝါ၊ မစွန့်အပ်။ အပရိဘူတံ၊ မနှိပ်စက်အပ်။ စိတ္တီကတံ၊ အရိုအသေ အလေးအမြတ် ပြုအပ်၏။ ပဏီတံ၊ မြတ်၏။ ပဏီတမတံ၊ မြတ်၏ဟု သိအပ်၏။ ပဏီတသမ္မတံ၊ မြတ်၏ဟု သမုတ်အပ်၏။ ဣဋ္ဌံ၊ ချစ်အပ်၏။ ကန္တံ၊ အလိုရှိအပ်၏။ မနာပံ၊ နှလုံးကို ပွါးစေအပ်၏။ တံ ရူပံ၊ ထိုသို့ သဘောရှိသော ရုပ်သည်။ ရူပါ၊ ရူပါရုံ အဆင်းတို့သည်ငင်း။ သဒ္ဒါ၊ သဒ္ဒါရုံ အသံတို့သည်ငင်း။ ဂန္ဓာ၊ ဂန္ဓာရုံ အနံ့တို့သည်ငင်း။ ရသာ၊ ရသာရုံ အရသာတို့သည်ငင်း။ ဖောဋ္ဌဗ္ဗာ၊ ဖောဋ္ဌဗ္ဗာရုံ အတွေ့တို့သည်ငင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣဒံ၊ ဤသို့ သဘောရှိသော ရုပ်ကို။ ပဏီတံ၊ မြတ်သော။ ရူပံ၊ ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ပဏီတရုပ်ကို သိကြလေ။

### စက္ခု စသောရုပ်များကိုလည်း ဟီန ပဏီတ ခွဲသင့်ပုံ

ဤ ပြဆိုအပ်ပြီးသော ဟီနပဏီတအရာ၌ ရူပါရုံစသော ငါးပါးသောအာရုံကို ပြခန်းလျက် ခုနစ်ပါးသော ရုပ်တို့ကို ဆိုတော်မူခြင်းသည် စင်စစ် ထင်ရှားသည်၏ အဖြစ်ကြောင့်သာ ဆိုတော်မူအပ်လေသည်။ ထိုသို့ပင် ဆိုတော်မူအပ်သော်လည်း စက္ခုစသော ရုပ်တို့ကိုလည်း စင်စစ် ဆိုအပ်ကုန်သည်သာတည်း။ ထိုသို့ ဆိုအပ်ကြောင်းကိုလည်း မူလဋီကာရှင်သည် ခန္ဓဝိဘင်းအဖွင့် စာမျက်နှာ (၉)၌—

> တ္တေ စ ပါကဋ္ဌေဟိ ရူပါဒီဟိ နယော ဒဿိတောတိ စက္ခာဒီသုပိ ဟီန ပဏီတတာ ယောဇေတဗ္ဗာ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်လေ။

မြန်မာပြန်ကား —

စ၊ အထူးကို ဆိုဦးအံ့။ ဧတ္တ၊ ဤဟီနပဏီတကို ပြဆိုရာ၌။ ပါကဋ္ဌေဟိ၊ ထင်ရှားကုန်သော။ ရူပါဒီဟိ၊ ရူပါရုံအစရှိသည်တို့ဖြင့်။ နယော၊ သိကြောင်း ဖြစ်သောနည်းကို။ ဒဿိတော၊ ပြအပ်၏။ ဣတိ တသ္မာ၊ ထိုသို့ထင်ရှားကုန်သော ရူပါရုံစသည်တို့ဖြင့်သာ သိကြောင်းဖြစ်သောနည်းကို ပြအပ်သည်၏ အဖြစ်ကြောင့်။ စက္ခာဒီသုပိ၊ စက္ခုအစရှိသည်တို့၌လည်း။ ဟီနပဏီတတာ၊ အယုတ်အမြတ်၏အဖြစ်ကို။ ယောဇေတဗ္ဗာ၊ ယှဉ်အပ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ကျန်သော စက္ခုစသော ရုပ်တို့ကိုလည်း စင်စစ် ဟီနပဏီတ ဟူ၍ ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေကုန်။

## အဆင့်ဆင့်ထောက်ဆ၍ ရုပ်ကို ဟီန ပဏီတခွဲပုံ

တနည်း အဆင့်ဆင့် ထောက်ဆ၍လည်း ဟီနပဏီတရုပ်ကို သိအပ်သေး၏။ သိအပ်ပုံမှာ–ငရဲသူတို့၏ ရုပ်သည် ယုတ်၏၊ ငရဲသူတို့၏ ရုပ်ကို ထောက်၍ တိရစ္ဆာန်တို့၏ ရုပ်သည် မြတ်၏၊ ထိုတိရစ္ဆာန်တို့၏ ရုပ်သည် ပြိတ္တာတို့၏ ရုပ်ကို ထောက်၍ ယုတ်၏၊ ပြိတ္တာတို့၏ရုပ်သည် မြတ်၏၊ ထိုပြိတ္တာတို့၏ ရုပ်သည်လည်း ဇနပုဒ်သူတို့၏ ရုပ်ကို ထောက်၍ ယုတ်၏၊ ဇနပုဒ်သူတို့၏ ရုပ်သည် မြတ်၏။

ထိုဇနပုဒ်သူတို့၏ ရုပ်သည်လည်း အခွန်အတုတ်စားသော ရွာစားတို့၏ ရုပ်ကို ထောက်၍ ယုတ်၏၊ အခွန်အတုတ်စားသော ရွာစားတို့၏ ရုပ်သည် မြတ်၏၊ ထိုရွာစားတို့၏ ရုပ်သည်လည်း ယုတ်၏၊ ထိုထက် ဇနပုဒ်ကို အစိုးရသောသူတို့၏ ရုပ်သည် မြတ်၏။ ထိုဇနပုဒ်ကို အစိုးရသော သူတို့၏ ရုပ်သည် ယုတ်သေး၏၊ ထိုထက် ပဒေသရာဇ်မင်းတို့ ရုပ်သည် မြတ်၏၊ ထိုပဒေသရာဇ်မင်းတို့၏ ရုပ်သည်လည်း ယုတ်၏၊ ထိုထက် စက္ကဝတီမင်း၏ ရုပ်သည် မြတ်၏။

ထိုစက္ကဝတီမင်း၏ ရုပ်သည်လည်း ယုတ်သေး၏၊ ထိုထက် ဘုမ္မစိုးနတ်တို့၏ ရုပ်သည် မြတ်၏၊ ထိုဘုမ္မစိုးနတ်တို့၏ ရုပ်သည်လည်း ယုတ်သေး၏၊ ထိုထက် စာတုမဟာရာဇ် နတ်တို့၏ ရုပ်သည် မြတ်၏၊ ထိုစာတုမဟာရာဇ် နတ်တို့၏ ရုပ်သည်လည်း ယုတ်သေး၏၊ ထိုထက် တာဝတိံသာနတ်တို့၏ ရုပ်သည် မြတ်၏၊ ထိုတာဝတိံသာနတ်တို့၏ ရုပ်သည်လည်း ယုတ်သေး၏၊ထိုထက် ယာမာနတ်တို့၏ ရုပ်သည် မြတ်၏၊ ဤနည်းကိုမှီ၍ အကနိဋ္ဌတိုင်အောင် ယူလေ၊ အကနိဋ္ဌ ဗြဟ္မာတို့၏ ရုပ်သည် အမြတ်ဆုံး မည်၏။

ဤသို့သောနည်းဖြင့် အယုတ်အမြတ်ကို ထောက်ဆ၍ သိကြလေကုန်။ ထိုသို့ သိအပ်ကြောင်းကိုလည်း ဘုရားရှင်သည် ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ (၂)၌—

တံ တံ ဝါ ပန ရူပံ ဥပါဒါယုပါဒါယ ရူပံ ဟီနံ ပဏီတံ ဒဋ္ဌဗ္ဗံ။

ဟူ၍ မိန့်ဆိုသည်ကို ထောက်၍ သိကြလေ။

မြန်မာပြန်ကား—

တံ တံ ဝါ ပန ရူပံ၊ ထိုထိုသော ရုပ်ကို။ ဥပါဒါယုပါဒါယ၊ ထောက်၍ ထောက်၍။ ဟီနံ ပဏီတံ ရူပံ၊ ယုတ်သောရုပ် မြတ်သောရုပ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍ရင်း၊ ဤပါဠိတော်ကို ဖွင့်ပြအပ်သော အဋ္ဌကထာ စာမျက်နှာ(၁၁)၌လည်း—

> တံ တံ ဝါ ပနာတိ ဧတ္ထ န ဟေဋ္ဌိမနယော ဩလောကေတဗ္ဗော။ န ဟိ ဘဂဝါ သမ္မုတိမနာပံ ဘိန္ဒတိ။ ပုဂ္ဂလမနာပံ ပန ဘိန္ဒတိ။ တသ္မာ တံတံဝါပနဝသေနေဝ ဥပါဒါယုပါဒါယ ဟီနပဏီတတာ ဝေဒိတဗ္ဗာ။
>
> နေရယိကာနဉ္ဟိ ရူပံ ကောဋ္ဌပ္ပတ္တံ ဟီနံ နာမ၊ တံ ဥပါဒါယ တိရစ္ဆာ-နေသု နာဂသုပဏ္ဏာနံ ပဏီတံ နာမ။ တေသံ ရူပံ ဟီနံ၊ တံ ဥပါဒါယ ပေတာနံ ရူပံ ပဏီတံ နာမ။ တေသမ္ပိ ဟီနံ၊ တံ ဥပါဒါယ ဇနပဒါနံ ရူပံ ပဏီတံ နာမ။
>
> တေသမ္ပိ ဟီနံ၊ တံ ဥပါဒါယ ဂါမဘောဇကာနံ ရူပံ ပဏီတံ နာမ။ တေသမ္ပိ ဟီနံ၊ တံ ဥပါဒါယ ဇနပဒသာမိကာနံ ရူပံ ပဏီတံ နာမ။ တေသမ္ပိ ရူပံ ဟီနံ၊ တံ ဥပါဒါယ ပဒေသရာဇူနံ ရူပံ ပဏီတံ နာမ။ တေသမ္ပိ ရူပံ ဟီနံ၊ တံ ဥပါဒါယ စက္ကဝတ္တိရညော ရူပံ ပဏီတံ နာမ။
>
> တဿာပိ ဟီနံ၊ တံ ဥပါဒါယ ဘုမ္မဒေဝါနံ ရူပံ ပဏီတံ နာမ။ တေသမ္ပိ ဟီနံ။ တံ ဥပါဒါယ စာတုမဟာရာဇိကာနံ ဒေဝါနံ ရူပံ ပဏီတံ နာမ။ တေသမ္ပိ ဟီနံ။ တံ ဥပါဒါယ တာဝတိံသာနံ ဒေဝါနံ ရူပံ ပဏီတံ နာမ။ လ။ အကနိဋ္ဌဒေဝါနံ ပန ရူပံ မတ္ထကပ္ပတ္တံ ပဏီတံ နာမ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍ရင်း သိကြလေကုန်။

အနက်သိကြောင်း မြန်မာပြန်ကား—

တံ တံ ဝါ ပနာတိ ဧတ္ထ၊ တံ တံ ဝါ ပန-ဟူသော ဤပါဌ်၌။ ဟေဋ္ဌိမနယော၊ အောက်၌ ပြဆိုအပ်ပြီးသောနည်းကို။ န ဩလောကေတဗ္ဗော၊ မကြည့်အပ်။ ဟိ ကသ္မာ၊ အဘယ်ကြောင့်။ ဟေဋ္ဌိမနယော၊ ကို။ န ဩလောကေတဗ္ဗော၊ မကြည့်အပ်သနည်း။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သမ္မုတိမနာပံ၊ လောက၌

အလယ်အလတ်ဖြစ်သော သူတို့သည် သမုတ်အပ်သော နှစ်လိုဘွယ်ကို။ န ဘိန္ဒတိ၊ မဖျက်။ ပန၊ မဖျက်သည်မှတပါး ဖျက်သည်ကို ဆိုဦးအံ့။ ပုဂ္ဂလ-မနာပံ၊ ပုဂ္ဂိုလ်သည် ဖောက်ပြန်၍ နှစ်သက်အပ်သော အဆင်းစသည်ကို။ ဘိန္ဒတိ၊ ဖျက်၏။ တသ္မာ၊ ထို့ကြောင့်။ ဟေဋ္ဌိမနယော၊ အောက်၌ ပြဆိုအပ်ပြီးသော နည်းကို။ န ဩလောကေတဗ္ဗော၊ မကြည့်အပ်။ ယသ္မာ၊ အကြင်ကြောင့်။ ပုဂ္ဂလမနာပံ၊ ပုဂ္ဂိုလ်သည် ဖောက်ပြန်၍ နှစ်သက်အပ်သော အဆင်းစသည်ကို။ ဘိန္ဒတိ၊ ဖျက်၏။ တသ္မာ၊ ထိုသို့ ဖျက်အပ်သည်၏အဖြစ်ကြောင့်။ တံတံဝါပနဝသေနေဝ၊ ထိုထိုသို့သော သတ္တဝါတို့၏ အစွမ်းအားဖြင့်သာလျှင်။ ဥပါဒါယုပါဒါယ၊ ထောက်၍ ထောက်၍။ ဟီနပဏီတတာ၊ ယုတ်သည်၏အဖြစ် မြတ်သည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ဟိ ဝိတ္ထာရေမိ၊ ထိုစကားကို ချဲဦးအံ့။ နေရယိကာနံ၊ ငရဲ၌ဖြစ်ကုန်သော သတ္တဝါတို့၏။ ရူပံ၊ ရုပ်သည်။ကောဋ္ဌိပ္ပတ္တံ၊ အဆုံးသို့ရောက်သော။ ဟီနံ နာမ၊ အယုတ်မည်၏။ တံ၊ ထိုငရဲ၌ ဖြစ်သော သတ္တဝါတို့၏ ရုပ်ကို။ ဥပါဒါယ၊ ထောက်၍။ တိရစ္ဆာနေသု၊ တိရစ္ဆာန်တို့တွင်။ နာဂသုပဏ္ဏာနံ၊ နဂါး ဂဠုန် တို့၏။ ရူပံ၊ ရုပ်သည်။ ပဏီတံ နာမ၊ မြတ်သောရုပ်မည်၏။ တေသံ၊ ထိုနဂါး ဂဠုန်တို့၏။ ရူပမ္ပိ၊ ရုပ်သည်လည်း။ ဟီနံ နာမ၊ ယုတ်သည်မည်၏။ တံ၊ ထိုနဂါး ဂဠုန်တို့၏ရုပ်ကို။ ဥပါဒါယ၊ ထောက်၍။ ပေတာနံ၊ ပြိတ္တာတို့၏။ ရူပံ၊ ရုပ်သည်။ ပဏီတံ နာမ၊ မြတ်သည်မည်၏။ တေသမ္ပိ၊ ထိုပြိတ္တာတို့၏လည်း။ ရူပံ၊ ရုပ်သည်။ ဟီနံ၊ ယုတ်၏။ တံ၊ ထိုပြိတ္တာတို့၏ ရုပ်ကို။ ဥပါဒါယ၊ ထောက်၍။ ဇနပဒါနံ၊ ဇနပုဒ်၌ နေကုန်သောသူတို့၏။ ရူပံ၊ ရုပ်သည်။ ပဏီတံ နာမ၊ မြတ်သည်မည်၏။

တေသမ္ပိ၊ ထိုဇနပုဒ်၌ နေကုန်သောသူတို့၏လည်း။ ရူပံ၊ ရုပ်သည်။ ဟီနံ၊ ယုတ်၏။ တံ၊ ထိုဇနပုဒ်၌ နေကုန် သော သူတို့၏ရုပ်ကို။ ဥပါဒါယ၊ ထောက်၍။ ဂါမဘောဇကာနံ၊ ရွာစားတို့၏။ ရူပံ၊ ရုပ်သည်။ ပဏီတံ နာမ၊ မြတ်သည်မည်၏။ တေသံ၊ ထိုရွာစားတို့၏။ ရူပမ္ပိ၊ ရုပ်သည်လည်း။ ဟီနံ၊ ယုတ်၏။ တံ၊ ထိုရွာစားတို့၏ရုပ်ကို။ ဥပါဒါယ၊ စွဲ၍။ ဝါ၊ ထောက်၍။ ဇနပဒသာမိကာနံ၊ ဇနပုဒ်ကို အစိုးရသောသူတို့၏။ ရူပံ၊ ရုပ်သည်။ ပဏီတံ နာမ၊ မြတ်သည်မည်၏။ တေသမ္ပိ၊ ထိုဇနပုဒ်ကို အစိုးရသော သူတို့၏လည်း။ ရူပံ၊ ရုပ်သည်။ ဟီနံ၊ ယုတ်၏။ တံ၊ ထိုဇနပုဒ်ကို အစိုးရသော သူတို့၏ရုပ်ကို။ ဥပါဒါယ၊ ၍။ ပဒေသရာဇူနံ၊ ပဒေသရာဇ်မင်းတို့၏။ ရူပံ၊ ရုပ်သည်။ ပဏီတံ နာမ၊ မည်၏။ တေသမ္ပိ၊ ထိုပဒေသရာဇ် မင်းတို့၏လည်း။ ရူပံ၊ ရုပ်သည်။ ဟီနံ၊ ၏။ တံ၊ ထိုပဒေသရာဇ်မင်းတို့၏ ရုပ်ကို။ ဥပါဒါယ၊ ၍။ စက္ကဝတ္တိရညော၊ စကြာမင်း၏။ ရူပံ၊ သည်။ ပဏီတံ နာမ၊ မည်၏။

တဿာပိ၊ ထိုစကြာမင်း၏လည်း။ ရူပံ၊ သည်။ ဟီနံ၊ ၏။ တံ၊ ထိုစကြာမင်း၏ ရုပ်ကို။ ဉပါဒါယ၊ ၍။ ဘုမ္မဒေဝါနံ၊ ဘုမ္မစိုးနတ်တို့၏။ ရူပံ၊ သည်။ ပဏီတံ နာမ၊ မည်၏။ တေသမ္ပိ၊ ထိုဘုမ္မစိုးနတ်တို့၏လည်း။ ရူပံ၊ သည်။ ဟီနံ၊ ၏။ တံ၊ ထိုဘုမ္မစိုးနတ်တို့၏ ရုပ်ကို။ ဉပါဒါယ၊ ၍။ စာတုမဟာရာဇိကာနံ၊ စာတုမဟာရာဇ်ဘုံ၌ ဖြစ်ကုန်သော။ ဒေဝါနံ၊ နတ်တို့၏။ ရူပံ၊ သည်။ ပဏီတံ-နာမ၊ မည်၏။ တေသမ္ပိ၊ ထိုစာတုမဟာရာဇ်ဘုံ၌ ဖြစ်ကုန်သော နတ်တို့၏လည်း။ ရူပံ၊ သည်။ ဟီနံ၊ ယုတ်၏။ တံ၊ ထိုစာတုမဟာရာဇ်ဘုံ၌ ဖြစ်ကုန်သော နတ်တို့ ရုပ်ကို။ ဉပါဒါယ၊ ၍။ တာဝတိံသာနံ၊ တာဝတိံသာ ဘုံ၌ဖြစ်ကုန်သော။ ဒေဝါနံ၊ နတ်တို့၏။ ရူပံ၊ သည်။ ပဏီတံ နာမ၊ မည်၏။ပေ။ အကနိဋ္ဌဒေဝါနံ ပန၊ အကနိဋ္ဌဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့၏ကား။ ရူပံ၊ ရုပ်သည်။ မတ္ထကပ္ပတ္တံ၊ အထွတ်အထိပ်သို့ရောက်သော။ ပဏီတံ နာမ၊ မြတ်သောရုပ်မည်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ယုတ်သောရုပ် မြတ်သောရုပ်တို့၏ အဖြစ်ကို သိကြလေ။

## ရုပ်ကို ဒူရ သန္တိက=အနီး အဝေးခွဲပြခြင်း

**ဝေးသော=ဒူရရုပ်ဖြစ်ပုံ။** ။ထိုဆိုအပ်ပြီးသော ရုပ် (၂၈) ပါးတို့တွင် အာပေါဓာတ်ဣတ္ထိန္ဒြေ စသော (၁၆) ပါးကုန်သော သုခုမရုပ်တို့သည် ရှိကုန်၏။ ထိုသုခုမရုပ်တို့ကို သိမ်းဆည်းခြင်းငှါ ခဲယဉ်းသည်၏ အဖြစ်ကြောင့်၎င်း၊ လက္ခဏာတို့ကို ထိုးထွင်း၍ သိနိုင်ခဲသည်၏ အဖြစ်ကြောင့်၎င်း၊ ဤဆိုအပ်ပြီးသော အကြောင်းနှစ်ပါးတို့ကြောင့် ဒူရရုပ်ဟု ခေါ်ဆိုအပ်သည်၊ ခေါ်ဆိုအပ်ကြောင်းကိုလည်း သမ္မောဟဝိနောဒနီအဋ္ဌကထာရှင်သည် ခန္ဓဝိဘင်းအဖွင့် စာမျက်နှာ (၁၁) ၌—

> ဣမသ္မိံ ပန ဒုကေ ဒုပ္ပရိဂ္ဂဟဋ္ဌေန လက္ခဏာဒုပ္ပဋိဝိဇ္ဈတာယ သုခုမ-ရူပံ ဒူရေတိ ကထိတံ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်လေ။ မြန်မာပြန်ကား—

ဣမသ္မိံ ပန ဒုကေ၊ ဤဒုက်၌ကား။ ဒုပ္ပရိဂ္ဂဟဋ္ဌေန၊ သိမ်းဆည်းနိုင်ခဲသော အနက်ကြောင့်၎င်း။ လက္ခဏာဒုပ္ပဋိဝိဇ္ဈတာယ၊ လက္ခဏာကို ထိုးထွင်း၍ သိနိုင်ခဲသည်၏အဖြစ်ကြောင့်၎င်း။ သုခုမရူပံ၊ သုခုမရုပ်ကို။ ဝါ၊ သိမ်မွေ့သောရုပ်ကို။ ဒူရေတိ၊ ဝေးသောရုပ်ဟူ၍။ ကထိတံ၊ ဆိုတော်မူအပ်၏။

ဤသို့ ပြဆိုအပ်သောအဋ္ဌကထာစကားကို ထောက်၍ ဒူရရုပ်ကို သိလေ။

**ဝေးသော=ဒူရရုပ် ၁၆-ပါး။** ။ထိုအာပေါစသော သုခုမရုပ်ကို ဒူရရုပ်ဟု ခေါ်ဆိုအပ်ကြောင်းကို အဋ္ဌကထာဖြင့်သာ **သိအပ်သည်** မဟုတ်သေး။ ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ (၂)၌လည်း—

> တတ္ထ ကတမံ ရူပံ ဒူရေ၊ အာပေါ ဣတ္ထိန္ဒြိယံ ပုရိသိန္ဒြိယံ ဇီဝိတိန္ဒြိယံ ကာယဝိညတ္တိ ဝစီဝိညတ္တိ အာကာသဓာတု ရူပဿ လဟုတာ ရူပဿ မုဒုတာ ရူပဿ ကမ္မညတာ ရူပဿ ဥပစယော ရူပဿ သန္တတိ ရူပဿ ဇရတာ ရူပဿ အနိစ္စတာ ကဗဠီကာရော အာဟာရော၊ ယံ ဝါ ပနညမ္ပိ အတ္ထိ ရူပံ အနာသန္နေ အနုပကဋ္ဌေ ဒူရေ အသန္တိကေ၊ ဣဒံ ဝုစ္စတိ ရူပံ ဒူရေ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

**အနက်သိကြောင်းကား—**

တတ္ထ၊ ထိုအတိတ်**စ**သည်ကို ပြဆိုအပ်ရာ မာတိကာ၌။ ကတမံ၊ အဘယ်မည်သော။ ရူပံ၊ ရုပ်သည်။ ဒူရေ၊ ဒူရရုပ်မည်သနည်း။ အာပေါ၊ အာပေါရုပ်သည်ငင်း။ ဣတ္ထိန္ဒြိယံ၊ ဣတ္ထိန္ဒြေရုပ်**သ**ည်ငင်း။ ပုရိသိန္ဒြိယံ၊ ပုရိသိန္ဒြေရုပ်သည်ငင်း။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေရုပ်သည်ငင်း။ ကာယဝိညတ္တိ၊ ကာယဝိညတ်ရုပ်သည်ငင်း။ ဝစီဝိညတ္တိ၊ ဝစီဝိညတ်ရုပ်သည်ငင်း။ အာကာသဓာတု၊ အာကာသဓာတ်သည်ငင်း။ ရူပဿ လဟုတာ၊ ရူပဿ လဟုတာရုပ်သည်ငင်း။ ရူပဿ မုဒုတာ၊ ရူပဿ မုဒုတာရုပ်သည်ငင်း။ ရူပဿ ကမ္မညတာ၊ ရူပဿ ကမ္မညတာရုပ်သည်ငင်း။ ရူပဿ ဥပစယော၊ ရူပဿ ဥပစယရုပ်**သ**ည်ငင်း။ ရူပဿ သန္တတိ၊ ရူပဿသန္တတိရုပ်သည်ငင်း။ ရူပဿ ဇရတာ၊ ရူပဿ ဇရတာရုပ်**သ**ည်ငင်း။ ရူပဿ အနိစ္စတာ၊ ရူပဿအနိစ္စတာရုပ်သည်ငင်း။ ကဗဠီကာရော အာဟာရော၊ ကဗဠီကာရ အာဟာရရုပ်သည်ငင်း။ အညမ္ပိ၊ တပါးလည်းဖြစ်သော။ ယံ ဝါ ပန ရူပံ၊ အကြင်ရုပ်သည်။ အတ္ထိ၊ ရှိ၏။ တံ ရူပံ၊ ထိုရုပ်သည်။ အနာသန္နေ၊ မနီးသည်။ အနုပကဋ္ဌေ၊ မကပ်အပ်သည်။ ဒူရေ၊ ဝေးသည်။ အသန္တိကေ၊ မနီးသည်။ ဟောတိ၊ ဖြစ်အံ့။ ဣဒံ၊ ဤသို့သဘောရှိသော။ ရူပံ၊ ရုပ်ကို။ ဒူရေ၊ ဒူရရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ကိုထောက်၍ အာပေါ်, ဣတ္ထိန္ဒြေ**စ**သော ၁၆-ပါးသော သုခုမရုပ်ကိုသာလျှင် ဒူရရုပ်ဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေကုန်။

**နီးသော=သန္တိကရုပ် ၁၂-ပါး။** ။ကျန်သော စက္ခု၊ **သော**တ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ-ဟု ဆိုအပ်သော ၁၂-ပါးသော ဩဠာရိကရုပ်ကို သန္တိကရုပ်ဟု ခေါ်ဆိုအပ်**သည်**။ **ခေါ်ဆိုအပ်ကြောင်းကိုလည်း** ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ-(၃) ၌—

> တတ္ထ ကတမံ ရူပံ **သန္တိကေ**၊ စက္ခာယတနံ၊ သောတာယတနံ၊ ဃာနာယတနံ၊ ဇိဝှါယတနံ၊ ကာယာယတနံ။
>
> ရူပါယတနံ၊ သဒ္ဒါယတနံ၊ ဂန္ဓာယတနံ၊ ရသာယတနံ၊ ဖောဋ္ဌဗ္ဗာယတ**နံ**၊ ယံ ဝါ ပနညမ္ပိ အတ္ထိ ရူပံ၊ **အာ**သန္နေ ဥပကဋ္ဌေ အဝိဒူရေ သန္တိကေ၊ ဣဒံ ဝုစ္စတိ ရူပံ သန္တိကေ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ သိလေ။

အနက်သိကြောင်းကား—

တတ္ထ၊ ထိုအတိတ်စသည်ကို ပြဆိုအပ်ရာ မာတိကာ၌။ ကတမံ၊ အဘယ်မည်သော။ ရူပံ၊ ရုပ်**သည်**။ သန္တိကေ၊ သန္တိကရုပ် မည်သနည်း။ ဝါ၊ နီးကပ်သော ရုပ်မည်**သ**နည်း။ စက္ခာယတနံ၊ စက္ခုဒွါရ၌ ဖြစ်ကုန်သော စိတ္တုပ္ပါဒ်တို့၏ အဖြစ်ကို ချဲ့တတ်သော မျက်စိအကြည်ဟု ဆိုအပ်သော စက္ခုပသာဒ ရုပ်သည်ငှင်း။ သောတာယ**တ**နံ၊ သောတဒွါရ၌ ဖြစ်ကုန်**သော** စိတ္တုပ္ပါဒ်တို့၏ အဖြစ်ကို ချဲ့တတ်**သော** နား အကြည်ဟု ဆိုအပ်သော သောတပသာဒရုပ်သည်ငှင်း။ ဃာနာယတနံ၊ ဃာနဒွါရ၌ဖြစ်သော စိတ္တုပ္ပါဒ်တို့၏အဖြစ်ကို ချဲ့တတ်သော နှာခေါင်းအကြည်ဟု ဆိုအပ်သော ဃာနပသာဒရုပ်သည်ငှင်း။ ဇိဝှါယတနံ၊ ဇိဝှါဒွါရ၌ဖြစ်သော စိတ္တုပ္ပါဒ်တို့၏ အဖြစ်ကို ချဲ့တတ်သော လျှာ အကြည်ဟု ဆို**အပ်**သော ဇိဝှါပသာဒရုပ်**သည်**ငှင်း။ **ကာ**ယာယတနံ၊ ကာယဒွါရ၌ဖြစ်သော **စိ**တ္တုပ္ပါဒ်တို့၏**အ**ဖြစ်ကို ချဲ့တတ်**သော** တကိုယ်လုံး၌ရှိသော အတွေ့တို့၏ ထိရာ အကြည်ဟု ဆိုအပ်**သော** ကာယပသာဒ ရုပ်သည်ငှင်း။

ရူပါယတနံ၊ **အဆင်းကို** အာရုံပြု၍ ဖြစ်ကုန်သော စိတ္တုပ္ပါဒ်တို့၏ အဖြစ်**ကို** ချဲ့တတ်သော ရူပါရုံဟု ဆိုအပ်**သော** အဆင်း**သ**ဘောသည်ငှင်း။ သဒ္ဒါယတနံ၊ **အသံကို**အာရုံပြု၍ ဖြစ်ကုန်**သော** စိတ္တုပ္ပါဒ်တို့၏ အဖြစ်ကို ချဲ့တတ်သော သဒ္ဒါရုံဟုဆိုအပ်သော အသံသဘော**သ**ည်ငှင်း။ ဂန္ဓာယတနံ၊ အနံ့ကို အာရုံပြု၍ ဖြစ်ကုန်သော စိတ္တုပ္ပါဒ်တို့၏ အဖြစ်ကို ချဲ့တတ်သော ဂန္ဓာရုံဟုဆိုအပ်သော အနံ့သဘောသည်ငှင်း။ ရသာယတနံ၊ အရ**သာ**ကိုအာရုံပြု၍ ဖြစ်ကုန်သော စိတ္တုပ္ပါဒ်တို့၏အဖြစ်ကို ချဲ့တတ်သော ရသာရုံဟုဆိုအပ်သော အရသာ သဘောသည်**ငှင်း**။ ဖောဋ္ဌဗ္ဗာယတနံ၊ တွေ့ထိအပ်သော ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ဖြစ်ကုန်သော စိတ္တုပ္ပါဒ်တို့၏ အဖြစ်ကို ချဲ့တတ်သော ဖောဋ္ဌဗ္ဗာရုံဟုဆိုအပ်သော

ပထဝီ, တေဇော, ဝါယောတည်းဟူသော ရုပ်သဘောသည်ငင်း။ အညမ္ပိ၊ တပါးလည်းဖြစ်သော။ ယံ ဝါ ပန ရူပံ၊ အကြင်ရုပ်သည်။ အတ္ထိ၊ ရှိ၏။ တံ ရူပံ၊ ထိုရုပ်သည်။ အာသန္နေ၊ နီးသည်။ ဥပကဋ္ဌေ၊ ကပ်အပ်သည်။ အဝိဒူရေ၊ မဝေးသည်။ သန္တိကေ၊ နီးသည်။ ဟောတိ၊ ဖြစ်၏။ ဣဒံ၊ ဤသို့ သဘော ရှိသော။ ရူပံ၊ ရုပ်ကို။ သန္တိကေ၊ သန္တိကရုပ်ဟူ၍။ ဝါ၊ နီးသောရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍ စကျွစသော ၁၂-ပါးသောရုပ်ကို သန္တိကရုပ်ဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေ။

### နီးသော=သန္တိကရုပ်ဖြစ်ပုံရှင်းချက်

အဘယ်ကြောင့် ငင်းဩဠာရိကရုပ် ၁၂-ပါးကို သန္တိကရုပ်ဟု ခေါ်ဆိုအပ် လေသနည်းဟူမူ ကောင်းစွာသိမ်းဆည်းလွယ်သည်၏အဖြစ်ကြောင့်ငင်း၊ ငင်း တရားတို့၏သဘောလက္ခဏာကို ထိုးထွင်း၍ သိလွယ်သည်၏အဖြစ်ကြောင့်ငင်း သန္တိကရုပ်ဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်ကြောင်းကိုလည်း သမ္မောဟဝိနောဒနီအဋ္ဌကထာရှင်သည် ခန္ဓဝိဘင်းအဖွင့် စာမျက်နှာ (၁၁)၌--

> သုခပရိဂ္ဂဟဋ္ဌေန လက္ခဏသုပ္ပဋိဝိဇ္ဈတာယ ဩဠာရိကရူပံ သန္တိ- ကေတိ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်လေ။

အနက်သိကြောင်းကား—

သုခပရိဂ္ဂဟဋ္ဌေန၊ သိမ်းဆည်းလွယ်သည်၏ အနက်ကြောင့်ငင်း။ လက္ခဏသု- ပ္ပဋိဝိဇ္ဈတာယ၊ သဘောလက္ခဏာကို ထိုးထွင်း၍ သိလွယ်သည်၏ အဖြစ်ကြောင့် ငင်း။ ဩဠာရိကရူပံ၊ ရုန့်ရင်းသော ရုပ် ၁၂-ပါးကို။ သန္တိကေတိ၊ သန္တိက ရုပ်ဟူ၍။ ဝါ၊ နီးသောရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ဩဠာရိကရုပ် ၁၂-ပါးကို သန္တိကရုပ်ဟု ခေါ်ဆိုအပ်ကြောင်းကို သိကြလေ။

### ရူပက္ခန္ဓာခေါ်ကြောင်းနှင့် ခန္ဓသဒ္ဒါ ရူပသဒ္ဒါတို့၏ အနက်ကို ပြဆိုချက်

ဤပြဆိုအပ်ပြီးသော အတိတ်ဖြစ်သောရုပ်၊ အနာဂတ်ဖြစ်သောရုပ်၊ ပစ္စုပ္ပန် ဖြစ်သောရုပ်၊ အဇ္ဈတ္တဖြစ်သောရုပ်၊ ဗဟိဒ္ဓဖြစ်သောရုပ်၊ ဩဠာရိကဖြစ်သော ရုပ်၊ သုခုမဖြစ်သောရုပ်၊ ဟီနဖြစ်သောရုပ်၊ ပဏီတဖြစ်သောရုပ်၊ ဒူရဖြစ်သော

ရုပ်၊ သန္တိကဖြစ်သောရုပ်၊ ဤတဆဲ့တဌာနဥ္ဖြစ်သော ရုပ်ဟူသမျှကို ပေါင်းစု ခြင်းကို ပြု၍သာလျှင် ရူပက္ခန္ဓာဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ် ကြောင်းကိုလည်း ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ(၁)၌—

တတ္ထ ကတမော ရူပက္ခန္ဓော၊ ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ တဒေကဇ္ဈံ အဘိသညူဟိတွာ အဘိသံခိပိတွာ အယံ ဝုစ္စတိ ရူပက္ခန္ဓော။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ သိကြလေ။

မြန်မာပြန်ကား—

**တတ္ထ**၊ ထိုခန္ဓာငါးပါးတို့တွင်။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာသည်။ **ကတမော**၊ အဘယ်နည်း။ အတီတာနာဂတပစ္စုပ္ပန္နံ၊ ဖြစ်ပြီး ဖြစ်လတ္တံ့ ဖြစ်ဆဲ၌ အကျုံး ဝင်သော။ ယံကိဉ္စိ၊ အလုံးစုံသော။ ယံ ရူပံ၊ အကြင်ရုပ်သည်ငင်း။ **အဇ္ဈတ္တံ** ဝါ၊ မိမိသန္တာန်၌လည်းဖြစ်သော။ ဗဟိဒ္ဓါ ဝါ၊ အပသန္တာန်၌လည်းဖြစ်သော။ ယံကိဉ္စိ၊ အလုံးစုံသော။ ယံ ရူပံ၊ အကြင်ရုပ်သည် ငင်း။ ဩဠာရိကံ ဝါ၊ ရုန့်ရင်းသည်လည်း ဖြစ်သော။ သုခုမံ ဝါ၊ သိမ်မွေ့သည်လည်းဖြစ်သော။ ယံကိဉ္စိ၊ အလုံးစုံသော။ ယံ ရူပံ၊ အကြင်ရုပ်သည်ငင်း။ ဟီနံ ဝါ၊ ယုတ်သည်လည်းဖြစ်သော။ ပဏီတံ ဝါ၊ မြတ်သည်လည်းဖြစ်သော။ ယံကိဉ္စိ၊ အလုံးစုံသော။ ယံ ရူပံ၊ အကြင် ရုပ်သည်ငင်း။ ဒူရေ ဝါ၊ ဝေးသည်လည်းဖြစ်သော။ သန္တိကေ ဝါ၊ နီးသည်လည်း ဖြစ်သော။ ယံကိဉ္စိ၊ အလုံးစုံသော။ ယံ ရူပံ၊ အကြင်ရုပ်သည်ငင်း။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံသောရုပ်ကို။ ဧကဇ္ဈံ၊ တပေါင်းတည်း။ အဘိသညူ-ဟိတွာ၊ ပေါင်း၍။ **အဘိသံခိပိတွာ**၊ ချုံး၍။ အယံ သဘာဝေါ၊ ဤသို့ ရုပ်တို့၏ ပေါင်းစုခြင်းသဘောကို။ ရူပက္ခန္ဓောတိ၊ ရူပက္ခန္ဓာဟူ၍။ ဝါ၊ ရုပ်တို့၏ **အပေါင်း အစုဟူ၍**။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူသည်ကို ထောက်၍ ရူပက္ခန္ဓာဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေ။

**ခန္ဓသဒ္ဒါအနက်။** ။ဤရူပက္ခန္ဓာ၌ ခန္ဓသဒ္ဒါသည် အပေါင်းဟူသော ရာသိ အနက်ကို ဟော၏။ ထိုသို့ ဟောကြောင်းကိုလည်း—

အယဉ္စ ခန္ဓဋ္ဌော နာမ ပိဏ္ဍဋ္ဌော ပူဂဋ္ဌော ဃဋ္ဌော ရာသဋ္ဌော၊ တသ္မာ “ရာသိလက္ခဏာ ခန္ဓာ”တိ ဝေဒိတဗ္ဗာ။

ဟူ၍ စာမျက်နှာ(၂)၌ သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင် မိန့်ဆိုအပ်သည်ကို ထောက်၍ သိလေ။

မြန်မာပြန်ကား—

ဟိ၊ ထိုစကားကို မြဲစွာ ဆိုဦးအံ့။ အယံ ခန္ဓေ္ဘ နာမ၊ ဤခန္ဓာအနက်မည်သည်ကား။ ပိဏ္ဍဋ္ဌော၊ အပေါင်းဟူသောအနက်။ ပူဂဋ္ဌော၊ အပေါင်းဟူသောအနက်။ ဃဋ္ဋဋ္ဌော၊ အပေါင်းဟူသောအနက်။ ရာသဋ္ဌော၊ အပေါင်းဟူသောအနက်။ တသ္မာ၊ ထိုကြောင့်။ ခန္ဓာ၊ ခန္ဓာတို့သည်။ ရာသိလက္ခဏာ၊ အပေါင်းဟူသော မှတ်ကြောင်းလက္ခဏာရှိကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ဤသို့ ဖွင့်ပြတော်မူအပ်သော သမ္မောဟဝိနောဒနီ အဋ္ဌကထာစကားကို ထောက်၍ ခန္ဓာ၏ ရာသိလက္ခဏာရှိကြောင်းကို ထင်ရှားသိကြလေကုန်။

**ရူပသဒ္ဒါအနက်။** ။ရုပ်ဆိုသည်မှာ ထင်ရှားဖောက်ပြန်တတ်သော သဘောကို ဆိုသည်။ ထိုသို့ ဆိုအပ်ကြောင်းကိုလည်း—

ရုပ္ပတီတိ ခေါ ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ။

ဟူ၍ (သံ ၂၊၇၁ ၌) ဟောတော်မူအပ်သည်ကို ထောက်၍ သိလေ။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ တို့။ ယသ္မာ၊ အကြင်ကြောင့်။ ရုပ္ပတိ၊ ဖောက်ပြန်ပျက်စီးတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ ဖောက်ပြန်ပျက်စီးတတ်သည်၏ အဖြစ်ကြောင့်။ ရူပန္တိ၊ ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ကို ထောက်၍ ဖောက်ပြန်ပျက်စီးတတ်သော သဘောကိုပင် ရုပ်ဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေ။

ထိုပြဆိုအပ်ပြီးသော ရုပ်၏ ဖောက်ပြန်တတ်သော သဘော၊ ခန္ဓာ၏ စုပေါင်းခြင်းလက္ခဏာတို့ကို မသိတတ်သော သဘောသည် စင်စစ် အဝိဇ္ဇာ သဘော ဖြစ်၏။

## အတိတ် အနာဂတ် စသော ဝေဒနာ ၁၁-ရာသီတို့ကို ပြဆိုချက် ဝေဒနာကို ကာလသုံးပါးခွဲပုံ

ထိုနည်းအတူ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့၏ စုပေါင်းခြင်းသဘောကို မသိတတ်သော သဘောသည်လည်း အဝိဇ္ဇာသဘောသာလျှင်တည်း။ ထိုဝေဒနာစသည်တို့၏ စုပေါင်းပုံကိုလည်း အနည်းငယ် သိသာရုံ ဖော်ပြဦးအံ့။

**ဝေဒနာသုံးမျိုး။** ။ဝေဒနာသည် အာရုံကို ခံစားတတ်သည်၏ အစွမ်းအားဖြင့် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာဟူ၍

သုံးပါးရှိ၏။ ထိုသုံးပါးတို့တွင် သာသာယာယာ ချမ်းချမ်းမြေ့မြေ့ ခံစားတတ်သောသဘောသည် စင်စစ် **သုခဝေဒနာ** သဘောဖြစ်၏။ ကျင်ကျင်နာနာ မသက်မသာ ခံစားတတ်သော သဘောသည် စင်စစ် **ဒုက္ခဝေဒနာ**သဘော ဖြစ်၏။ အလယ်အလတ် ကြားဖြစ်၍ ခံစားတတ်သော သဘောသည် စင်စစ် **အဒုက္ခမသုခဝေဒနာ** သဘောဖြစ်၏။

**အတိတ်ဝေဒနာ။** ။ထိုဝေဒနာသုံးပါး တရားသည်သာလျှင် ရှေးရှေးဘဝ အစမထင် သံသရာကပင် ယခုဘဝတိုင်အောင် ဖြစ်၍ ဖြစ်၍ ချုပ်ပျောက်နေကြ၏။ ထိုသို့ဖြစ်၍ ချုပ်ပျောက်နေကြသော ဝေဒနာမှ တပါး ခံစားတတ်သော သတ္တဝါ ရှင်နေသောအသက်ဟူ၍ မရှိလေပြီ။ စင်စစ် ထိုခံစားတတ်သော သဘော ဝေဒနာ တရားတို့သည်သာလျှင် ရှေးရှေးကလည်း ဖြစ်၍ ချုပ်ကွယ်ကြကုန်ပြီ။ ထိုကွယ်ကုန်ပြီးသော ဝေဒနာတို့ကို အတိတ်ဝေဒနာဟု ခေါ်ဆိုအပ်ကုန်သည်။ ထိုသို့ ခေါ်ဆိုအပ်ကြောင်း ကိုလည်း ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ (၃)၌—

> တတ္ထ ကတမာ ဝေဒနာ အတီတာ၊ ယာ ဝေဒနာ အတီတာ နိရုဒ္ဓါ ဝိဂတာ ဝိပရိဏတာ အတ္ထင်္ဂတာ အဗ္ဘတ္ထင်္ဂတာ ဥပ္ပဇ္ဇိတွာ ဝိဂတာ အတီတာ အတီတံသေန သင်္ဂဟိတာ သုခါ ဝေဒနာ ဒုက္ခာ ဝေဒနာ အဒုက္ခမသုခါ ဝေဒနာ၊ အယံ ဝုစ္စတိ ဝေဒနာ အတီတာ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ သိလေ။

မြန်မာပြန်ကား—

တတ္ထ၊ ထိုအတိတ်စသည်ကို ပြဆိုအပ်ရာ မာတိကာ၌။ ကတမာ၊ အဘယ်မည်သော။ ဝေဒနာ၊ ဝေဒနာသည်။ ဝါ၊ ခံစားတတ်သောသဘောသည်။ အတီတာ၊ အတိတ်ဝေဒနာမည်သနည်း။ ယာ ဝေဒနာ၊ အကြင် ဝေဒနာသည်။ ဝါ၊ အကြင် ခံစားတတ်သော သဘောသည်။ အတီတာ၊ လွန်လေပြီ။ နိရုဒ္ဓါ၊ ချုပ်လေပြီ။ ဝိဂတာ၊ ကင်းလေပြီ။ ဝိပရိဏတာ၊ ဖောက်ပြန်လေပြီ။ ဝါ၊ မိမိ၏သဘောကို စွန့်လေပြီ။ အတ္ထင်္ဂတာ၊ ကွယ်လေပြီ။ အဗ္ဘတ္ထင်္ဂတာ၊ အလွန်ကွယ်ခြင်းသို့ ရောက်လေပြီ။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပေါ်ပြီး၍။ ဝိဂတာ၊ ကင်းလေပြီ။ အတီတာ၊ အဖြစ်မှ လွန်သွားလေပြီ။ အတီတံသေန၊ အဖြစ်မှ လွန်သွားလေသောအဘို့ဖြင့်။ သင်္ဂဟိတာ၊ ရေတွက်အပ်သော။ သုခါ၊ မိမိနှင့်အတူဖြစ်သော သိမှုစသော တရားတို့ကို သာယာ ချမ်းမြေ့စေတတ်သော။ ဝေဒနာ၊ အာရုံ၏ အရသာကို ခံစားတတ်သော သဘောသည်၎င်း။ ဒုက္ခာ၊ မိမိနှင့်အတူဖြစ်သော သိမှုစသော တရားတို့ကို မသက်မသာ ဆင်းရဲစေတတ်သော။ ဝေဒနာ၊ အာရုံ၏ အရသာကို ခံစားတတ်သော သဘောသည်၎င်း။ အဒုက္ခမသုခါ၊ မိမိနှင့် အတူ

တကွဖြစ်ကုန်သော သိမှု စသော သမ္ပယုတ်တရားတို့ကို မသက်မသာ ဆင်းရဲစေသည်လည်း မဟုတ် သာယာ ချမ်းမြေ့စေသည်လည်း မဟုတ်သော။ ဝေဒနာ၊ အာရုံ၏ အရသာကို ခံစားတတ်သော သဘောသည်ဝင်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤဆိုအပ်ပြီးသော သဘောရှိသော ဝေဒနာကို။ အတီတာ၊ အတိတ်ဖြစ်သော။ ဝါ၊ လွန်လေပြီးသော။ ဝေဒနာ၊ ခံစားတတ်သော သဘော ဝေဒနာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤဆိုအပ်သည်ကို ထောက်၍ လွန်လေပြီးသော ဝေဒနာတို့ကို အတိတ်ဝေဒနာဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေကုန်။

**အနာဂတ်ဝေဒနာ။** ။နောင်အခါ ခံစားလတ္တံ့သော သဘောတရားသည်လည်း စင်စစ် သတ္တဝါ၊ အသက် မဟုတ်။ ရှေး၌ဆိုအပ်ပြီးသော ဝေဒနာ သုံးပါး တရားသည်သာလျှင်တည်း။ ထိုဖြစ်ပေါ်လတ္တံ့သော ဝေဒနာသုံးပါး တရားကိုပင် အနာဂတ်ဝေဒနာတရားဟူ၍ ခေါ်ဆိုအပ်သည်။ ထိုသို့ ခေါ်ဆိုအပ်ကြောင်းကိုလည်း ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ (၃) ၌—

> တတ္ထ ကတမာ ဝေဒနာ အနာဂတာ။ ယာ ဝေဒနာ အဇာတာ အဘူတာ အသဉ္ဇာတာ အနိဗ္ဗတ္တာ အနဘိနိဗ္ဗတ္တာ အပါတုဘူတာ အနုပ္ပန္နာ အသမုပ္ပန္နာ အနုဋ္ဌိတာ အသမုဋ္ဌိတာ အနာဂတာ အနာဂတံသေန သင်္ဂဟိတာ သုခါ ဝေဒနာ ဒုက္ခာ ဝေဒနာ အဒုက္ခမသုခါ ဝေဒနာ၊ အယံ ဝုစ္စတိ ဝေဒနာ အနာဂတာ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍ သိလေ။

မြန်မာပြန်ကား—

တတ္ထ၊ ထိုအတိတ် စသည်ကို ပြဆိုအပ်ရာ မာတိကာ၌။ ကတမာ၊ အဘယ်မည်သော။ ဝေဒနာ၊ သည်။ အနာဂတာ၊ နောင်ဖြစ်ပေါ်လတ္တံ့သော ဝေဒနာမည်သနည်း။ ယာ ဝေဒနာ၊ အကြင် ခံစားတတ်သောဝေဒနာသည်။ အဇာတာ၊ ဥပါဒ်သောအားဖြင့် ဖြစ်ပေါ်မှု မရှိသေး။ အဘူတာ၊ ဖြစ်ပေါ်ဆဲ တည်ဆဲခဏတို့သို့ ရောက်သည်၏ အစွမ်းဖြင့် မထင်ရှားသေး။ အသဉ္ဇာတာ၊ ဥပါဒ်ခဏ ဌီခဏသို့ ရောက်သည်၏ အစွမ်းဖြင့် ကောင်းစွာဖြစ်ပေါ်မှု မရှိသေး။ အနိဗ္ဗတ္တာ၊ ဥပါဒ်၏အစွမ်းဖြင့် ဖြစ်ပေါ်ဆဲ မရှိသေး။ အနဘိနိဗ္ဗတ္တာ၊ ဥပါဒ် ဌီခဏတို့သို့ ရောက်သည်၏အစွမ်းဖြင့် ဖြစ်ပေါ်မှု မရှိသေး။ အပါတုဘူတာ၊ ဥပါဒ်ခဏ ဌီခဏတို့သို့ ရောက်သည်၏ အစွမ်းဖြင့်။ ဝါ၊ ဖြစ်ပေါ်ဆဲ တည်ဆဲခဏတို့သို့ ရောက်သည်၏အစွမ်းဖြင့် မထင်ရှားလာသေး။ အနုပ္ပန္နာ၊ ဥပါဒ်သောအားဖြင့် ဖြစ်ပေါ်မှု မရှိသေး။ အသမုပ္ပန္နာ၊ ဥပါဒ်ခဏ ဌီခဏသို့ ရောက်သောအားဖြင့် ကောင်းစွာ ဖြစ်ပေါ်မှု မရှိသေး။ အနုဋ္ဌိတာ၊ ဖြစ်ပေါ်ဆဲခဏသို့ ရောက်သည်၏

အစွမ်းဖြင့် မတည်လာသေး။ အသမုဋ္ဌိတာ၊ ဖြစ်ပေါ်ဆဲတည်းဟူသော ဥပါဒ်ခဏ တည်ဆဲတည်းဟူသော ဌီခဏသို့ ရောက်သည်၏ အစွမ်းဖြင့် ကောင်းစွာ မတည်လာသေး။ အနာဂတာ၊ ဥပါဒ်သည်၏အစွမ်းဖြင့် ပေါ်လာမှုမရှိသေး။ အနာဂတံသေန၊ အနာဂတ်အဘို့ဖြင့်။ သင်္ဂဟိတာ၊ ရေတွက်အပ်သော။ သုခါ၊ သော။ ဝေဒနာ၊ သည်ရင်း။ ဒုက္ခာ၊ သော။ ဝေဒနာ၊ သည်ရင်း။ အဒုက္ခမသုခါ၊ သော။ ဝေဒနာ၊ သည်ရင်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤဆိုအပ်ပြီးသောသဘောရှိသော ဝေဒနာကို။ အနာဂတာ၊ ဖြစ်ပေါ်လတ္တံ့သော ဝေဒနာ, ခံစားတတ်သော သဘောဝေဒနာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ကို ထောက်၍ ဖြစ်ပေါ်လတ္တံ့သော ဝေဒနာသုံးပါးကိုပင် အနာဂတ်ဝေဒနာဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေ။

**ပစ္စုပ္ပန်ဝေဒနာ။** ။ယခု ဖြစ်ဆဲဖြစ်၍ ခံစားနေသော သဘောတရားလည်း ရင်း ဝေဒနာသဘောတရားသာလျှင်ကတည်း။ ရင်း ဖြစ်ဆဲဖြစ်၍ ခံစားနေသော ဝေဒနာသဘောကိုလည်း စင်စစ် ပစ္စုပ္ပန်ဝေဒနာဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်အပ်ကြောင်းကိုလည်း ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ(၃)၌—

> တတ္ထ ကတမာ ဝေဒနာ ပစ္စုပ္ပန္နာ၊ ယာ ဝေဒနာ ဇာတာ ဘူတာ သဉ္ဇာတာ နိဗ္ဗတ္တာ အဘိနိဗ္ဗတ္တာ ပါတုဘူတာ ဥပ္ပန္နာ သမုပ္ပန္နာ ဥဋ္ဌိတာ သမုဋ္ဌိတာ ပစ္စုပ္ပန္နာ ပစ္စုပ္ပန္နံသေန သင်္ဂဟိတာ သုခါ ဝေဒနာ ဒုက္ခာ ဝေဒနာ အဒုက္ခမသုခါ ဝေဒနာ၊ အယံ ဝုစ္စတိ ဝေဒနာ ပစ္စုပ္ပန္နာ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ သိကြလေ။

မြန်မာပြန်ကား—

တတ္ထ၊ ထိုအတိတ်စသည်ကို ပြဆိုအပ်ရာ မာတိကာ၌။ ကတမာ၊ အဘယ်မည်သော။ ဝေဒနာ၊ သည်။ ပစ္စုပ္ပန္နာ၊ ဖြစ်ဆဲဖြစ်သော ဝေဒနာမည်သနည်း။ ယာ ဝေဒနာ၊ အကြင်ဝေဒနာသည်။ ဇာတာ၊ ဥပါဒ်၏အစွမ်းဖြင့် ဖြစ်ပေါ်ဆဲ။ ဘူတာ၊ ဥပါဒ်ခဏ ဌီခဏသို့ ရောက်သည်၏ အစွမ်းဖြင့် ထင်ရှားဆဲ။ သဉ္ဇာတာ၊ ဥပါဒ်ခဏ ဌီခဏသို့ ရောက်သည်၏ အစွမ်းဖြင့် ကောင်းစွာဖြစ်ပေါ်ဆဲ။ နိဗ္ဗတ္တာ၊ ဥပါဒ်သည်၏ အစွမ်းဖြင့် ဖြစ်ပေါ်ဆဲ။ အဘိနိဗ္ဗတ္တာ၊ ဥပါဒ်ခဏ ဌီခဏသို့ ရောက်သည်၏ အစွမ်းဖြင့် လွန်စွာဖြစ်ပေါ်ဆဲ။ ပါတုဘူတာ၊ ဥပါဒ်ခဏ ဌီခဏသို့ ရောက်သည်၏ အစွမ်းဖြင့် ထင်ရှားဆဲ။ ဥပ္ပန္နာ၊ ဥပါဒ်သည်၏ အစွမ်းဖြင့်

ဖြစ်ပေါ်ဆဲ။ သမုပ္ပန္နာ၊ ဥပ္ပါဒ်ခဏ ဌီခဏသို့ ရောက်သည်၏ အစွမ်းဖြင့် ကောင်းစွာဖြစ်ပေါ်ဆဲ။ ဥဋ္ဌိတာ၊ ဥပ္ပါဒ်ခဏသို့ ရောက်သည်၏ အစွမ်းဖြင့် တည်ဆဲ။ သမုဋ္ဌိတာ၊ ဥပ္ပါဒ်ခဏ ဌီခဏသို့ ရောက်သည်၏ အစွမ်းဖြင့် ကောင်းစွာတည်ဆဲ။ ပစ္စုပ္ပန္နာ၊ ဖြစ်ဆဲဖြစ်၏။ ပစ္စုပ္ပန္နံသေန၊ ဖြစ်ဆဲဖြစ်သော အဘို့ဖြင့်။ သင်္ဂဟိတာ၊ ရေတွက်အပ်သော။ သုခါ၊ သော။ ဝေဒနာ၊ သည်ငှင်း။ ဒုက္ခာ၊ သော။ ဝေဒနာ၊ သည်ငှင်း။ အဒုက္ခမသုခါ၊ သော။ ဝေဒနာ၊ သည်ငှင်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤဆိုအပ်ပြီးသော သဘောရှိသော ဝေဒနာကို။ ပစ္စုပ္ပန္နာ၊ သော။ ဝေဒနာ၊ ခံစားတတ်သော သဘောဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍ ဖြစ်ဆဲဖြစ်သော ခံစားခြင်း သဘောဟူသမျှကို ပစ္စုပ္ပန်ဝေဒနာဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေကုန်။

## ဝေဒနာကို သန္တတိအစွမ်းအားဖြင့် ကာလသုံးပါးခွဲပုံ

ဤပြဆိုခဲ့ပြီးသော ဝေဒနာတို့၏ အတိတ် အနာဂတ် ပစ္စုပ္ပန်၏ အဖြစ်ကို သန္တတိ၏အစွမ်း, ခဏတ္တယ၏အစွမ်းဖြင့် ပိုင်းခြား၍ သိရာ၏။ သိပုံမှာ တခုသော ပဉ္စဒွါရဝီထိ၊ တခုသော မနောဒွါရဝီထိ၌ အကျုံးဝင်၍ ဖြစ်ဆဲဖြစ်သော ဝေဒနာသည်လည်း ပစ္စုပ္ပန်ဝေဒနာမည်၏။ တကြိမ် ဝင်စားဆဲဖြစ်သော သမာပတ်၌ အကျုံးဝင်၍ ဖြစ်ဆဲဖြစ်သော ဝေဒနာသည်လည်း ပစ္စုပ္ပန်ဝေဒနာမည်၏။ တခုတည်းသော အဘို့ရှိသော အာရုံ၌ ကောင်းစွာယှဉ်၍ဖြစ်သော ဖြစ်ဆဲဖြစ်သော ဝေဒနာသည်လည်း ပစ္စုပ္ပန်ဝေဒနာမည်၏ဟု မှတ်။ ထိုသို့ မှတ်စေလိုသော အဋ္ဌကထာရှင်သည် သမ္မောဟဝိနောဒနီအဋ္ဌကထာ ခန္ဓဝိဘင်းအဖွင့် စာမျက်နှာနံပါတ်(၁၃)၌—

> တဿာ သဗ္ဗပကာရာယပိ သန္တတိဝသေန ခဏာဒိဝသေန စ အတီတာဒိဘာဝေါ ဝေဒိတဗ္ဗော။ တတ္ထ သန္တတိဝသေန ဧကဝီထိဧကဇဝနဧကသမာပတ္တိပရိယာပန္နာ ဧကဝိဓဝိသယသမာယောဂပဝတ္တာ စ ပစ္စုပ္ပန္နာ။

ဟူ၍ မိန့်ပြီ။

မြန်မာပြန် အနက်သိကြောင်းကား—

သဗ္ဗပကာရာယပိ၊ အလုံးစုံသော အပြားရှိသည်လည်းဖြစ်သော။ တဿာ၊ ထိုဝေဒနာ၏။ သန္တတိဝသေန စ၊ သန္တတိ၏အစွမ်းအားဖြင့်ငှင်း။ ခဏာဒိဝသေန စ၊ ခဏအစရှိသည်တို့၏ အစွမ်းဖြင့်ငှင်း။ အတီတာဒိဘာဝေါ၊ အတိတ် အစရှိသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ တတ္ထ၊ ထိုသန္တတိ ခဏ အစရှိ

သည်တို့တွင်။ သန္တတိဝသေန၊ သန္တတိ၏ အစွမ်းအားဖြင့်။ ကေဝိထိကေဇဝန ကေသမာပတ္တိပရိယာပန္နာ စ၊ တခုသောဝီထိ တကြိမ်သော ဇောဝါရ တကြိမ် ဝင်စားသော သမာပတ်၌ အကျုံးဝင်သည်လည်းဖြစ်သော။ ကေဝိဓဝိသယ- သမာယောဂပဝတ္တာ စ၊ တခုတည်းသော အာရုံရှိသော အာရုံ၌ ကောင်းစွာ ယှဉ်သည်လည်းဖြစ်ထသော။ ဝေဒနာ၊ ခံစားတတ်သော သဘောဝေဒနာသည်။ ပစ္စုပ္ပန္နာ၊ ဖြစ်ဆဲဖြစ်သော ဝေဒနာမည်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ပစ္စုပ္ပန်ဖြစ်သော ဝေဒနာ၏ အဖြစ်ကို သိကြလေ။

ထိုဆိုအပ်ပြီးသော သန္တတိ၏ အစွမ်းဖြင့်ဖြစ်၍ လွန်လေပြီးသော ဝေဒနာ ဟူသမျှသည် အတိတ်ဝေဒနာမည်၏။ ထိုဆိုအပ်ပြီးသော သန္တတိ၏ အစွမ်းဖြင့် ဖြစ်ပေါ်မှုမရှိသေးသော နောင်ဖြစ်ပေါ်လတ္တံ့သော ဝေဒနာဟူသမျှသည် အနာဂတ်ဝေဒနာမည်၏။ ထိုသို့မည်ကြောင်းကို ထင်ရှားသိစေတော်မူလိုသော ရှင်းအဋ္ဌကထာရှင်သည် စာမျက်နှာ(၁၃)၌—

တတော ပုဗ္ဗေ အတီတာ၊ ပစ္ဆာ အနာဂတာ။

ဟူ၍ မိန့်ပြီ။

မြန်မာပြန်ကား—

တတော၊ ထိုသန္တတိ၏အစွမ်းဖြင့်ဖြစ်သော ဝေဒနာမှ။ ပုဗ္ဗေ၊ ရှေး၌။ နိဗ္ဗတ္တာ၊ ဖြစ်ပြီးသော။ ဝေဒနာ၊ ခံစားတတ်သော သဘောဝေဒနာသည်။ အတီတာ၊ အတိတ်မည်၏။ ပစ္ဆာ၊ ထိုသန္တတိ၏အစွမ်းဖြင့် ဖြစ်ဆဲဖြစ်သော ဝေဒနာမှ နောက်၌။ နိဗ္ဗတ္တာ၊ ဖြစ်လတ္တံ့သော။ ဝေဒနာ၊ ခံစားတတ်သော သဘောဝေဒနာသည်။ အနာဂတာ၊ အနာဂတ်မည်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ သန္တတိ၏အစွမ်းဖြင့် အတိတ် အနာဂတ် မည်သော ဝေဒနာကို သိကြလေ။

## ဝေဒနာကို ခဏ၏ အစွမ်းဖြင့် ကာလသုံးပါးခွဲပုံ

ဥပ္ပါဒ်ဋ္ဌီဘင်ဟု ဆိုအပ်သော ခဏငယ်သုံးခုတို့၌ အကျုံးဝင်၍ ဖြစ်ဆဲ ဖြစ်သော မိမိ၏ခံစားမှုကိစ္စကို ပြုဆဲဖြစ်သော ဝေဒနာသည် ခဏ၏အစွမ်းဖြင့် ပစ္စုပ္ပန်မည်၏။ ထိုခဏငယ်သုံးခုတို့၏ အတွင်း၌ဖြစ်သော ဝေဒနာမှ ရှေးအဘို့ ကာလတို့၌ ဖြစ်ပြီးသော ဝေဒနာဟူသမျှသည် အတိတ်မည်၏။ ထိုဥပ္ပါဒ်ဋ္ဌီဘင် ဟု ဆိုအပ်သော ခဏငယ်သုံးချက်အတွင်း၌ ဖြစ်ဆဲဖြစ်သော ခံစားဆဲဖြစ်သော ဝေဒနာမှ နောက်အဘို့၌ ဖြစ်ပေါ်လတ္တံ့သော ဝေဒနာဟူသမျှသည် အနာဂတ်

ဝေဒနာမည်၏။ ထိုသို့မည်ကြောင်းကို ထင်ရှားသိစေတော်မူလိုသော သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် စာမျက်နှာ(၁၃)၌—

> ခဏာဒိဝသေန ခဏတ္တယပရိယာပန္နာ ပုဗ္ဗန္တာပရန္တမဇ္ဈဂတာ သ-ကိစ္စဥ္စ ကုရုမာနာ ဝေဒနာ ပစ္စုပ္ပန္နာ၊ တတော ပုဗ္ဗေ အတီတာ၊ ပစ္ဆာ အနာဂတာ။

ဟူ၍ မိန့်အပ်ပြီ။ မြန်မာပြန်ကား—

ခဏာဒိဝသေန၊ ခဏ စသည်တို့၏ အစွမ်းဖြင့်။ ခဏတ္တယပရိယာပန္နာ၊ ဥပ္ပါဒ်ဋ္ဌီဘင်ဟု ဆိုအပ်သော ခဏငယ်သုံးခုတို့၏အပေါင်း၌ အကျုံးဝင်သော။ ပုဗ္ဗန္တာပရန္တမဇ္ဈဂတာ၊ ရှေးအဘို့ နောက်အဘို့ အလယ်အဘို့တို့၌ဖြစ်သော။ သကိစ္စဥ္စ၊ မိမိ၏ခံစားခြင်းကိစ္စကိုလည်း။ ကုရုမာနာ၊ ပြုတတ်သော။ ဝေဒနာ၊ ခံစားတတ်သော သဘောဝေဒနာသည်။ ပစ္စုပ္ပန္နာ၊ ဖြစ်ဆဲဖြစ်သော ဝေဒနာမည်၏။ တတော၊ ထိုပစ္စုပ္ပန်ဖြစ်သော ဝေဒနာမှ။ ပုဗ္ဗေ၊ ရှေး၌။ နိဗ္ဗတ္တာ၊ ဖြစ်ပြီးသော။ ဝေဒနာ၊ ခံစားတတ်သော သဘောဝေဒနာသည်။ အတီတာ၊ အတိတ်ဝေဒနာမည်၏။ ဝါ၊ လွန်လေပြီးသော ဝေဒနာမည်၏။ ပစ္ဆာ၊ ဖြစ်ဆဲဖြစ်သော ဝေဒနာမှ နောက်၌။ နိဗ္ဗတ္တာ၊ ဖြစ်လတ္တံ့သော။ ဝေဒနာ၊ ခံစားတတ်သော သဘောဝေဒနာသည်။ အနာဂတာ၊ အနာဂတ်ဝေဒနာမည်၏။ ဝါ၊ ဖြစ်ပေါ်လတ္တံ့သော ဝေဒနာမည်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ခဏ၏အစွမ်းဖြင့် ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော ဝေဒနာကို ထင်ရှားသိကြလေ။

ထိုပြဆိုအပ်ကုန်ပြီးသော သန္တတိ ခဏအစွမ်းဖြင့် ဖြစ်ကုန်သော ဝေဒနာတို့တွင် ခဏ၏အစွမ်းဖြင့်ဖြစ်သော ဝေဒနာသည်သာလျှင် တိုက်ရိုက်မုချအားဖြင့် ပစ္စုပ္ပန်မည်၏။ ထိုသို့မည်ကြောင်းကိုလည်း ရူပက္ခန္ဓာ၌ ပြဆိုခဲ့ပြီးသောနည်းကို မှီ၍ သိလေ။

ဤတွင် အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ဝေဒနာကို ပြချက် ပြီး၏။

---

## ဝေဒနာကို အဇ္ဈတ္တ ဗဟိဒ္ဓ=အတွင်းအပခွဲပုံ

**အတွင်းအဇ္ဈတ္တဝေဒနာ။** ။မိမိဟု ခေါ်အပ်သော အဇ္ဈတ္တသန္တာန်၌ ဖြစ်နေသော ခံစားမှုသဘောဟုဆိုအပ်သော ဝေဒနာဟူသမျှတို့သည်လည်း ရှေး၌ပြဆိုခဲ့ပြီးသော ဝေဒနာတရား သုံးပါးတို့သာလျှင်ကတည်း။ ထိုဝေဒနာတရား သုံးပါးတို့၏ ခံစားသည်မှတပါး ခံစားတတ်သော

သတ္တဝါဟူ၍ မရှိလေပြီ။ ထိုသို့ သတ္တဝါမရှိဘဲလျက် ခံစားတတ်သော သတ္တဝါ ကေန်ရှိသည်ဟု စွဲယူလျှင် ဝေဒနံ အတ္တတော သမနုပဿတိစသည်ဖြင့် ဟောတော်မူအပ်သော အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိသို့သာ ကျရောက်လေတော့သည်ဟု မှတ်။ အကယ်၍ ထိုဝေဒနာသဘော၌ အကောင်အသက်ရှိ၏ဟု စွဲယူလျှင် သဿတဒိဋ္ဌိ ဇီဝဒိဋ္ဌိသို့သာ ကျရောက်လေသည်ဟု မှတ်။ စင်စစ်မှာ အကောင်, သတ္တဝါ, အသက် မဟုတ်သော ထိုဝေဒနာတရား သုံးပါးသည်သာလျှင် မိမိဟု ခေါ်အပ်သော အဇ္ဈတ္တသန္တာန်၌ မပြတ်မလပ် အာရုံအကြောင်းခံအားလျော်စွာ ခံစားနေပေ၏။ ထိုသို့ ခံစားနေသော ဝေဒနာတို့ကို အဇ္ဈတ္တဝေဒနာဟု ခေါ်အပ်သည်။ ခေါ်အပ်ကြောင်းကိုလည်း ထင်ရှား သိစေတော်မူလိုသော ဘုရားရှင်သည် ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ(၃)၌—

> တတ္ထ ကတမာ ဝေဒနာ အဇ္ဈတ္တာ၊ ယာ ဝေဒနာ တေသံ တေသံ သတ္တာနံ အဇ္ဈတ္တံ ပစ္စတ္တံ နိယကာ ပါဋိပုဂ္ဂလိကာ ဥပါဒိန္နာ သုခါ ဝေဒနာ ဒုက္ခာ ဝေဒနာ အဒုက္ခမသုခါ ဝေဒနာ၊ အယံ ဝုစ္စတိ ဝေဒနာ အဇ္ဈတ္တာ။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

တတ္ထ၊ ထိုအတိတ်စသည်ကို ပြဆိုအပ်ရာ မာတိကာ၌။ ကတမာ၊ အဘယ်မည်သော။ ဝေဒနာ၊ ခံစားတတ်သော သဘောသည်။ အဇ္ဈတ္တာ၊ အဇ္ဈတ္တဝေဒနာမည်သနည်း။ ယာ ဝေဒနာ၊ အကြင်ဝေဒနာသည်။ တေသံ တေသံ၊ ထိုထိုကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ အဇ္ဈတ္တံ၊ မိမိဟု ခေါ်ဆိုအပ်သော ခန္ဓာဖြစ်စဉ်၌ အကျုံးဝင်သော။ ပစ္စတ္တံ၊ မိမိဟု ခေါ်ဆိုအပ်သော ခန္ဓာဖြစ်စဉ်ကို စွဲ၍ ဖြစ်ထသော။ နိယကာ၊ မိမိဟု ခေါ်ဆိုအပ်သော ခန္ဓာအစဉ်၌ မြဲသော အားဖြင့် ဖြစ်ထသော။ ပါဋိပုဂ္ဂလိကာ၊ အသီးအခြားသော ပုဂ္ဂိုလ်၏ဥစ္စာ ဖြစ်ထသော။ ဥပါဒိန္နာ၊ တဏှာ ဒိဋ္ဌိကပ်အပ်သောကံသည် အကျိုးအားဖြင့် ယူအပ်သော။ သုခါ၊ မိမိနှင့်အတူဖြစ်သော သဟဇာတ်တရားတို့ကို သာယာချမ်းမြေ့စေတတ်သော။ ဝေဒနာ၊ အာရုံ၏အရသာကို ခံစားတတ်သောသဘောသည်ငှင်း။ ဒုက္ခာ၊ မိမိနှင့်အတူဖြစ်သော သဟဇာတ်တရားတို့ကို မသက်မသာ ဆင်းရဲစေတတ်သော။ ဝေဒနာ၊ အာရုံ၏ အရသာကို ခံစားတတ်သော သဘောသည်ငှင်း။ အဒုက္ခမသုခါ၊ မိမိနှင့်အတူဖြစ်သော သဟဇာတ်တရားတို့ကို မသက်မသာ ဆင်းရဲစေတတ်သည်လည်းမဟုတ်, သာယာချမ်းမြေ့စေတတ်သည်လည်း မဟုတ်သော။ ဝေဒနာ၊ အာရုံ၏အရသာကို ခံစားတတ်သောသဘောသည်ငှင်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤဆိုအပ်ပြီးသော သဘောရှိသော ဝေဒနာကို။ အဇ္ဈတ္တာ၊

မိမိ ခန္ဓာအစဉ်၌ အကျုံးဝင်သော။ ဝေဒနာ၊ ခံစားတတ်သော သဘောဝေဒနာ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်ကို ထောက်၍ အဇ္ဈတ္တ-ဝေဒနာကို ထင်ရှားသိကြလေ။

ဗဟိဒ္ဓဟု ခေါ်အပ်သော သူတပါးတို့၏ ခန္ဓာဖြစ်စဉ်၌လည်း ထိုဆိုအပ်ပြီးသော ဝေဒနာတရား သုံးပါးသည်သာလျှင် အာရုံနှင့် တိုက်ဆိုင်တိုင်း ခံစားနေ၏။ ထိုဝေဒနာမှတပါး ခံစားတတ်သော သတ္တဝါဟူ၍ မရှိလေပြီ။ ထို သတ္တဝါမဟုတ်သော ခံစားတတ်သော ဝေဒနာတရားကိုသာလျှင် ဗဟိဒ္ဓသန္တာန်၌ ဖြစ်သောအခါ ဗဟိဒ္ဓဝေဒနာဟု ခေါ်သည်၊ ခေါ်အပ်ကြောင်းကိုလည်း ခန္ဓ-ဝိဘင်းပါဠိတော် စာမျက်နှာ ( ၃ )၌—

> တတ္ထ ကတမာ ဝေဒနာ ဗဟိဒ္ဓါ။ ယာ ဝေဒနာ တေသံ တေသံ ပရ-သတ္တာနံ ပရပုဂ္ဂလာနံ အဇ္ဈတ္တံ ပစ္စတ္တံ နိယကာ ပါဋိပုဂ္ဂလိကာ ဥပါဒိန္နာ သုခါ ဝေဒနာ ဒုက္ခာ ဝေဒနာ အဒုက္ခမသုခါ ဝေဒနာ။ အယံ ဝုစ္စတိ ဝေဒနာ ဗဟိဒ္ဓါ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်လေ။

မြန်မာပြန်ကား—

တတ္ထ၊ ၌။ ကတမာ၊ သော။ ဝေဒနာ၊ သည်။ ဗဟိဒ္ဓါ၊ ဗဟိဒ္ဓဝေဒနာ မည်သနည်း။ ဝါ၊ အပသန္တာန်၌ဖြစ်သော ဝေဒနာ မည်သနည်း။ ယာ ဝေဒနာ၊ သည်။ တေသံ တေသံ၊ ထိုထိုကုန်သော။ ပရသတ္တာနံ၊ မိမိမှ တပါးကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ ပရပုဂ္ဂလာနံ၊ တပါးကုန်သော ပုဂ္ဂိုလ်တို့၏။ အဇ္ဈတ္တံ၊ သော။ ပစ္စတ္တံ၊ သော။ နိယကာ၊ သော။ ပါဋိပုဂ္ဂလိကာ၊ သော။ ဥပါဒိန္နာ၊ သော။ သုခါ၊ သော။ ဝေဒနာ၊ သည်၎င်း။ ဒုက္ခာ၊ သော။ ဝေဒနာ၊ သည်၎င်း။ အဒုက္ခမသုခါ၊ သော။ ဝေဒနာ၊ သည်၎င်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ကို။ ဗဟိဒ္ဓါ၊ သော။ ဝါ၊ သော။ ဝေဒနာ၊ ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍ ၎င်း ဝေဒနာသုံးပါးကိုပင် ဗဟိဒ္ဓသန္တာန်၌ ဖြစ်သောအခါ ဗဟိဒ္ဓ ဝေဒနာဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှား သိကြလေကုန်။

ဤတွင် အဇ္ဈတ္တ ဗဟိဒ္ဓဝေဒနာကို ပြချက် ပြီး၏။

## ကုသလတိက်ဖြင့် ဝေဒနာကို ဩဠာရိက, သုခုမ=အကြမ်းအနုခွဲပုံ

ထို ဆိုအပ်ပြီးသော ဝေဒနာသုံးပါးတို့တွင် အကြင် အကြင် ဝေဒနာသည် အကုသိုလ်တရားနှင့် ယှဉ်၍ ဖြစ်၏။ ထိုထို ဝေဒနာသည် ရုန့်ရင်း၏။ အကြင် အကြင် ဝေဒနာသည် ကုသိုလ် အဗျာကတ တရားတို့နှင့် ယှဉ်၍ ဖြစ်၏။ ထိုထို ဝေဒနာသည် သိမ်မွေ့၏။ ထိုသို့ ရုန့်ရင်း သိမ်မွေ့သည်၏အဖြစ်ကို သိစေလို တော်မူသော ဘုရားရှင်သည် ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ ( ၄ )၌—

> တတ္ထ ကတမာ ဝေဒနာ ဩဠာရိကာ သုခုမာ။ အကုသလာ ဝေဒနာ ဩဠာရိကာ။ ကုသလာဗျာကတာ ဝေဒနာ သုခုမာ။

ဟူ၍ ဟောတော်မူလေပြီ။ မြန်မာပြန်ကား—

တတ္ထ၊ ၌။ ကတမာ၊ သော။ ဝေဒနာ၊ သည်။ ဩဠာရိကာ သုခုမာ၊ ရုန့်ရင်းသိမ်မွေ့သော ဝေဒနာ မည်သနည်း။ အကုသလာ၊ အကုသိုလ်တရားနှင့် ယှဉ်၍ဖြစ်သော။ ဝေဒနာ၊ သည်။ ဩဠာရိကာ၊ ရုန့်ရင်း၏။ ကုသလာ-ဗျာကတာ၊ ကုသိုလ် အဗျာကတ တရားနှင့် ယှဉ်၍ဖြစ်သော။ ဝေဒနာ၊ သည်။ သုခုမာ၊ သိမ်မွေ့၏။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍ ရုန့်ရင်းသော ဝေဒနာ, သိမ်မွေ့သော ဝေဒနာကို သိကြလေ။

## အကုသိုလ်ဝေဒနာရုန့်ရင်းရပုံ ရှင်းချက်

အဘယ်ကြောင့် အကုသိုလ်နှင့်ယှဉ်သော ဝေဒနာသည် ရုန့်ရင်းလေသနည်းဟူမူ ကိလေသာတည်းဟူသော ပူပန်ခြင်းနှင့်တကွ ဖြစ်တတ်သောကြောင့်၎င်း၊ ဆင်းရဲသော အကျိုးကို ပေးတတ်သောကြောင့်၎င်း ရုန့်ရင်းလေသည်။ ထိုကြောင့် ၎င်းအကုသိုလ်နှင့် ယှဉ်သော ဝေဒနာကို ရုန့်ရင်းသော ဝေဒနာဟု ဟောတော်မူအပ်လေသည်။ ထိုသို့ ဟောတော်မူအပ်ကြောင်းကို သိစေတော်မူလိုသော အဋ္ဌကထာရှင်သည် ခန္ဓဝိဘင်း အဖွင့် စာမျက်နှာ (၁၃)၌—

> တတ္ထ အကုသလာ တာဝ သဒရထဋ္ဌေန ဒုက္ခဝိပါကဋ္ဌေန စ ဩဠာရိကာ။

ဟူ၍ မိန့်လေပြီ။ မြန်မာပြန်ကား—

တတ္ထ၊ ထိုဝေဒနာတို့တွင်။ အကုသလာ၊ အကုသိုလ်ဖြစ်သောဝေဒနာကို။ ကုသလာဒိတော၊ ကုသိုလ် ဝေဒနာ စသည်မှ။ တာဝ၊ ရှေးဦးစွာ။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုအပ်၏။ အကုသလာ၊ အကုသိုလ်နှင့် ယှဉ်၍ဖြစ်သော ဝေဒနာသည်။ သဒရထဋ္ဌေန စ၊ ကိလေသာတည်းဟူသော ပူပန်ခြင်းနှင့်တကွ

ဖြစ်ခြင်းဟူသော အနက်ကြောင့်၎င်း။ ဒုက္ခဝိပါကဋ္ဌေန စ၊ ဆင်းရဲသောအကျိုး ကို ဖြစ်စေတတ် ပေးတတ်သော အနက်ကြောင့်၎င်း။ ဩဠာရိကာ၊ ရုန့်ရင်း၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ အကုသိုလ်နှင့် ယှဉ်၍ဖြစ်သော ဝေဒနာ သည် စင်စစ် ရုန့်ရင်းသည်၏အဖြစ်ကို ထင်ရှားသိကြလေ။

## ကုသိုလ်နှင့် အဗျာကတဝေဒနာ နူးညံ့ရပုံရှင်းချက်

ကုသိုလ်အဗျာကတတရားနှင့်ယှဉ်၍ဖြစ်သော ဝေဒနာတရားသည် အဘယ် ကြောင့် သိမ်မွေ့လေသနည်းဟူမူ ကုသိုလ်နှင့်ယှဉ်သော ဝေဒနာသည် ကိလေ သာတည်းဟူသော ပူပန်ခြင်းကင်းသောကြောင့်၎င်း၊ ချမ်းသာသော အကျိုးကို ဖြစ်စေတတ်ပေးတတ်သောကြောင့်၎င်း သိမ်မွေ့၏။ အဗျာကတတရားနှင့် ယှဉ်၍ ဖြစ်သော ဝေဒနာသည် ကာယကံစသည်တို့ကို အားထုတ်ခြင်း မရှိခြင်းကြောင့် ၎င်း၊ အကျိုးကို မဖြစ်စေတတ်သောကြောင့်၎င်း သိမ်မွေ့၏။ ထိုအကြောင်းကို သိစေတော်မူလိုသောအဋ္ဌကထာရှင်သည် ခန္ဓဝိဘင်းအဖွင့် စာမျက်နှာ(၁၃)၌–

> ကုသလာ နိဒ္ဒရဆဋ္ဌေန သုခဝိပါကဋ္ဌေန စ သုခုမာ။ အဗျာကတာ နိရုဿာဟဋ္ဌေန အဝိပါကဋ္ဌေန စ သုခုမာ။

ဟူ၍ မိန့်လေပြီ။ မြန်မာပြန်ကား—

ကုသလာ၊ ကုသိုလ်နှင့် ယှဉ်၍ဖြစ်သောဝေဒနာသည်။ နိဒ္ဒရထဋ္ဌေန စ၊ ကိလေသာတည်းဟူသော ပူပန်ခြင်းမရှိသော သဘောကြောင့်၎င်း။ သုခ-ဝိပါကဋ္ဌေန စ၊ ချမ်းသာသော အကျိုးကို ဖြစ်စေတတ် ပေးတတ်သော သဘောကြောင့်၎င်း။ သုခုမာ၊ သိမ်မွေ့၏။ အဗျာကတာ၊ ဝိပါက်အဗျာကတ ကိရိယာအဗျာကတနှင့် ယှဉ်သောဝေဒနာသည်။ နိရုဿာဟဋ္ဌေန စ၊ ကာယကံ စသည်ကို အားထုတ်ခြင်းမရှိသော သဘောကြောင့်၎င်း။ အဝိပါကဋ္ဌေန စ၊ အကျိုးကို မပေးတတ်သော သဘောကြောင့်၎င်း။ သုခုမာ၊ သိမ်မွေ့၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ကုသိုလ်အဗျာကတတရားတို့နှင့် ယှဉ်၍ ဖြစ်သော ဝေဒနာ၏ သိမ်မွေ့ပုံကို သိကြလေ။

## တနည်း ဝေဒနာကို ကုသလတိက်ဖြင့် အကြမ်းအနုခွဲပုံ

တနည်းလည်း ကုသိုလ်အကုသိုလ်တရားနှင့် ယှဉ်၍ဖြစ်သော ဝေဒနာသည် ရုန့်ရင်း၏။ ဝိပါက်အဗျာကတ ကိရိယာအဗျာကတတရား နှစ်ပါးနှင့်ယှဉ်၍ ဖြစ်သော ဝေဒနာသည် သိမ်မွေ့၏။ ထို့ကြောင့် ခန္ဓဝိဘင်းပါဠိတော် စာမျက် နှာ(၄)၌—

ကုသလာကုသလာ ဝေဒနာ ဩဠာရိကာ။ အဗျာကတာ ဝေဒနာ သုခုမာ—ဟူ၍ ဟောတော်မူလေပြီ။ မြန်မာပြန်ကား—

ကုသလာကုသလာ၊ ကုသိုလ် အကုသိုလ်နှင့်ယှဉ်၍ဖြစ်သော ဝေဒနာသည်။ ဩဠာရိကာ၊ ရုန့်ရင်း၏။ အဗျာကတာ၊ ဝိပါက်အဗျာကတ ကိရိယာအဗျာကတနှင့်ယှဉ်၍ဖြစ်သော ဝေဒနာသည်။ သုခုမာ၊ သိမ်မွေ့၏။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍ ကုသိုလ် အကုသိုလ်နှင့်ယှဉ်သော ဝေဒနာ၏ ရုန့်ရင်းပုံ၊ အဗျာကတတရားနှင့်ယှဉ်သော ဝေဒနာ၏ သိမ်မွေ့ပုံကို ထင်ရှားသိကြလေ။

## သဝိပါကဝေဒနာကြမ်း၍ အဝိပါကဝေဒနာနုပုံ

အဘယ်ကြောင့် ကုသိုလ် အကုသိုလ်ဝေဒနာသည် ရုန့်ရင်းလေသနည်း။ အဗျာကတဝေဒနာသည် သိမ်မွေ့လေသနည်းဟူမူ ကုသိုလ် အကုသိုလ်ဝေဒနာသည် ကာယကံစသည်ကို အားထုတ်ခြင်း ရှိသည်၏ အဖြစ်ကြောင့်၎င်း၊ အကျိုးကို ဖြစ်စေတတ်သောကြောင့်၎င်း ရုန့်ရင်း၏။ အဗျာကတဝေဒနာသည် ကာယကံစသည်ကို အားမထုတ်တတ်သည်၏ အဖြစ်ကြောင့်၎င်း၊ အကျိုးကို မပေးတတ်သည်၏အဖြစ်ကြောင့်၎င်း သိမ်မွေ့၏။ ထို့ကြောင့် အဋ္ဌကထာရှင်သည် ခန္ဓဝိဘင်းအဖွင့် စာမျက်နှာ(၁၃)၌—

ကုသလာကုသလာ သဉဿာဟဋ္ဌေန သဝိပါကဋ္ဌေန စ ဩဠာရိကာ။ အဗျာကတာ ဝုတ္တနယေနေဝ သုခုမာ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။ မြန်မာပြန်ကား—

ကုသလာကုသလာ၊ ကုသိုလ် အကုသိုလ်နှင့် ယှဉ်သောဝေဒနာသည်။ သဉဿာဟဋ္ဌေန စ၊ ကာယကံစသည်ကို အားထုတ်ခြင်းရှိသည်၏အဖြစ်ကြောင့်၎င်း။ သဝိပါကဋ္ဌေန စ၊ အကျိုးကို ပေးခြင်းရှိသည်၏ အဖြစ်ကြောင့်၎င်း။ ဩဠာရိကာ၊ ရုန့်ရင်း၏။ အဗျာကတာ၊ အဗျာကတတရားနှင့် ယှဉ်သော ဝေဒနာသည်။ ဝုတ္တနယေနေဝ၊ ကာယကံစသည်ကို အားထုတ်ခြင်းမရှိသည်၏ အဖြစ် အကျိုးကို ဖြစ်စေခြင်း မရှိသည်၏အဖြစ်ကို ပြဆိုအပ်ပြီးသောနည်းဖြင့်သာလျှင်။ သုခုမာ၊ သိမ်မွေ့၏။

ဤသို့ ဖွင့်ပြအပ်သော အဋ္ဌကထာစကားကို ထောက်၍ ကုသိုလ်ဝေဒနာ အကုသိုလ်ဝေဒနာသည် ရုန့်ရင်းသည်၊ အဗျာကတဝေဒနာသည် သိမ်မွေ့သည်၏ အဖြစ်ကို ထင်ရှားသိကြလေ။

## ဝေဒနာတိက်ဖြင့် ဝေဒနာအကြမ်းအနုခွဲပုံ

တနည်းလည်း ဒုက္ခဖြစ်သော ဝေဒနာသည် ရုန့်ရင်း၏။ သုခဝေဒနာ အဒုက္ခမသုခဝေဒနာသည် သိမ်မွေ့၏၊ ထိုအကြောင်း ကို ထင်ရှားသိစေတော်မူလိုသော ဘုရားရှင်သည် ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ (၄) ၌—

ဒုက္ခာ ဝေဒနာ ဩဠာရိကာ။ သုခါ စ အဒုက္ခမသုခါ စ ဝေဒနာ သုခုမာ။

ဟူ၍ ဟောတော်မူအပ်ပြီ။ မြန်မာပြန်ကား—

ဒုက္ခာ၊ သော။ ဝေဒနာ၊သည်။ ဩဠာရိကာ၊ ရုန့်ရင်း၏။ သုခါ စ၊ မိမိနှင့် အတူဖြစ်သော သဟဇာတ်တရားတို့ကို သာယာချမ်းမြေ့စေတတ်သည်လည်း ဖြစ်သော။ အဒုက္ခမသုခါ စ၊ မိမိနှင့်အတူဖြစ်သော **သဟဇာတ်တရားတို့ကို** **ဆင်းရဲစေတတ်သည်လည်း** မဟုတ်, သာယာ ချမ်းမြေ့စေတတ်သည်လည်း မဟုတ်သော ဝေဒနာသည်။ သုခုမာ၊ သိမ်မွေ့၏။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍ ဒုက္ခဝေဒနာ၏ ရုန့်ရင်းခြင်း၊ သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့၏ သိမ်မွေ့ခြင်းကို ထင်ရှားသိကြလေကုန်။

## ဝေဒနာတိက်ဖြင့် ခွဲနည်း၌ ရှင်းချက်

ထိုဝေဒနာတို့တွင် ဒုက္ခဝေဒနာသည် အဘယ်ကြောင့် ရုန့်ရင်းလေသနည်း ဟူမူ ဒုက္ခဝေဒနာသည် မသာယာအပ်သော သဘောကြောင့်၎င်း၊ သည်းခံနိုင်ခဲသော သဘောကြောင့်၎င်း ရုန့်ရင်း၏။ ထို့ကြောင့် **အဋ္ဌကထာ**ရှင်သည် ၎င်း ခန္ဓဝိဘင်းအဖွင့် စာမျက်နှာ(၁၃)၌—

ဒုက္ခာ အသာတဋ္ဌေန ဒုက္ခဋ္ဌေန စ ဩဠာရိကာ။

ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ဒုက္ခာ၊ ဒုက္ခဝေဒနာသည်။ အသာတဋ္ဌေန စ၊ မသာယာအပ်သော သဘောကြောင့်၎င်း။ ဒုက္ခဋ္ဌေန စ၊ သည်းမခံနိုင်သော သဘောကြောင့်၎င်း။ ဩဠာရိကာ၊ ရုန့်ရင်း၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ ဒုက္ခ ဝေဒနာ၏ ရုန့်ရင်းသည်၏ အဖြစ်ကို ထင်ရှားသိကြလေ။

သုခဝေဒနာသည် အဘယ်ကြောင့် သိမ်မွေ့လေသနည်းဟူမူ သာယာအပ်သော သဘောကြောင့်၎င်း၊ သည်းခံနိုင်လွယ်သော သဘောကြောင့်၎င်း၊ (ဝါ) ချမ်းသာကို ဖြစ်စေတတ်သော သဘောကြောင့်၎င်း သိမ်မွေ့၏။ ထိုအကြောင်းကို သိစေလိုတော်မူသော အဋ္ဌကထာရှင်သည် စာမျက်နှာ(၁၃)၌–

သုခါ သာတဋ္ဌေန သုခဋ္ဌေန စ သုခုမာ။

ဟူ၍ မိန့်လေပြီ။ မြန်မာပြန်ကား—

သုခါ၊ သော။ ဝေဒနာ၊ သည်။ သာတဋ္ဌေန စ၊ သာယာအပ်သော သဘောကြောင့်၎င်း။ သုခဋ္ဌေန စ၊ သည်းခံနိုင်လွယ်သော သဘောကြောင့်၎င်း။ ဝါ၊ ချမ်းသာကို ဖြစ်စေတတ်သော သဘောကြောင့်၎င်း။ သုခုမာ၊ သိမ်မွေ့၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ သုခဝေဒနာ၏ သိမ်မွေ့သည်၏ အဖြစ်ကို သိကြလေ။

အဒုက္ခမသုခဝေဒနာသည် အဘယ်ကြောင့် သိမ်မွေ့လေသနည်းဟူမူ ငြိမ်သက်ခြင်း သဘောကြောင့်၎င်း၊ မြတ်သော သဘောကြောင့်၎င်း သိမ်မွေ့၏။ ထိုအကြောင်းကို ထင်ရှားသိစေလိုတော်မူသော အဋ္ဌကထာရှင်သည် စာမျက်နှာ (၁၃)၌——

သန္တဋ္ဌေန စ ပဏီတဋ္ဌေန စ သုခုမာ။

ဟူ၍ မိန့်လေပြီ။ မြန်မာပြန်ကား—

အဒုက္ခမသုခါ၊ သော။ ဝေဒနာ၊ သည်။ သန္တဋ္ဌေန စ၊ ငြိမ်သက်ခြင်း သဘောကြောင့်၎င်း။ ပဏီတဋ္ဌေန စ၊ မြတ်သောသဘောကြောင့်၎င်း။ သုခုမာ၊ သိမ်မွေ့၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ အဒုက္ခမသုခဝေဒနာ၏ သိမ်မွေ့သည်၏ အဖြစ်ကို ထင်ရှားသိကြလေ။

## တနည်း ဝေဒနာတိက်ဖြင့် ဝေဒနာအကြမ်းအနုခွဲပုံ

တနည်းလည်း ဒုက္ခဝေဒနာ သုခဝေဒနာ ဤနှစ်ပါးသည် ရုန့်ရင်း၏။ အဒုက္ခမသုခဝေဒနာသည် သိမ်မွေ့၏။

**သုခနှင့် ဒုက္ခဝေဒနာ ရုန့်ရင်းရပုံ။** ။အဘယ်ကြောင့် သုခဝေဒနာ ဒုက္ခဝေဒနာ နှစ်ပါးသည် ရုန့်ရင်းလေသနည်းဟူမူ သုခ ဒုက္ခ ဝေဒနာနှစ်ပါးသည် တကိုယ်လုံး၌ ချောက်ချားလျက် ဖြစ်တတ်သည်၏ အဖြစ်ကြောင့်၎င်း၊ တကိုယ်လုံးကို နှိပ်၍ ဖြစ်တတ်သည်၏ အဖြစ်ကြောင့်၎င်း

ရုန့်ရင်း၏။ ထိုအကြောင်းကို သိစေလိုသော အဋ္ဌကထာရှင်သည် ခန္ဓဝိဘင်းအဖွင့် စာမျက်နှာ(၁၃)၌—

သုခါ ဒုက္ခာ ဓေါဘနဋ္ဌေန ဖရဏဋ္ဌေန စ ဩဠာရိကာ။

ဟူ၍ မိန့်လေပြီ။

မြန်မာပြန်ကား—

သုခါ၊ သုခ ဝေဒနာသည်ရင်း။ ဒုက္ခာ၊ ဒုက္ခဝေဒနာသည်ရင်း။ ခေါဘနဋ္ဌေန စ၊ တကိုယ်လုံးကို ချောက်ချားစေတတ်သော သဘောကြောင့်ရင်း။ ဖရဏဋ္ဌေန စ၊ တကိုယ်လုံးကို နှံ့တတ်သော သဘောကြောင့်ရင်း။ ဩဠာရိကာ၊ ရုန့်ရင်း၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ သုခဝေဒနာ ဒုက္ခဝေဒနာတို့၏ ရုန့်ရင်းသည်၏ အဖြစ်ကို ထင်ရှားသိကြလေ။

**ဥပေက္ခာဝေဒနာနူးညံ့ရပုံ။**　။အဘယ်ကြောင့် အဒုက္ခမသုခဝေဒနာသည် သိမ်မွေ့လေသနည်းဟူမူ ရှေးက ပြဆိုအပ်ပြီးသော ငြိမ်သက်ခြင်းသဘော မြတ်သော သဘောကြောင့်သာလျှင်သိမ်မွေ့၏ဟု မှတ်လေ။ ထိုသို့ မှတ်စေလိုတော်မူသော အဋ္ဌကထာ ရှင်သည်စာမျက်နှာ(၁၃)၌—

အဒုက္ခမသုခါ ပန ဝုတ္တနယေနေဝ သုခုမာ။

ဟူ၍ မိန့်လေပြီ။

မြန်မာပြန်ကား—

အဒုက္ခမသုခါ ပန၊ အဒုက္ခမသုခ ဝေဒနာသည်ကား။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဟုဆိုအပ်သော ငြိမ်သက်ခြင်းသဘော မြတ်သော သဘောကြောင့်သာလျှင်။ သုခုမာ၊ သိမ်မွေ့၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ အဒုက္ခမသုခဝေဒနာ၏ သိမ်မွေ့သည်၏ အဖြစ်ကို ထင်ရှားသိကြလေ။

**သမာပန္န,အသမာပန္နဖြင့် ခွဲပုံ။**　။တနည်းလည်း သမာပတ် မဝင်စားသောသူ၏ ဝေဒနာသည် ရုန့်ရင်း၏။ သမာပတ်ဝင်စားသောသူ၏ ဝေဒနာသည် သိမ်မွေ့၏။ ထို့ကြောင့် (ဆဋ္ဌမူ)ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ(၄)၌—

အသမာပန္နဿ ဝေဒနာ ဩဠာရိကာ၊ သမာပန္နဿ ဝေဒနာ သုခုမာ။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား—

အသမာပန္နဿ၊ သမာပတ် မဝင်စားသောသူ၏။ ဝေဒနာ၊ သည်။ ဩဠာ- ရိကာ၊ ရုန့်ရင်း၏။ သမာပန္နဿ၊ သမာပတ် ဝင်စားသောသူ၏။ ဝေဒနာ၊ **သည်**။ သုခုမာ၊ သိမ်မွေ့၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ သမာပတ် မဝင်စားသောသူ၏ ဝေဒနာ ရုန့်ရင်းသည်၏အဖြစ်။ သမာပတ်ဝင်စားသောသူ၏ ဝေဒနာ သိမ်မွေ့သည်၏ အဖြစ်ကို ထင်ရှားသိကြလေ။

ထို ဝေဒနာနှစ်ပါးတို့တွင် အဘယ်ကြောင့် သမာပတ် မဝင်စားသောသူ၏ ဝေဒနာသည် ရုန့်ရင်းလေသနည်းဟူမူ သမာပတ်မဝင်စားသောသူ၏ ဝေဒနာ သည် အထူးထူးသော အာရုံ၌ ပျံ့လွင့်သည်၏ အဖြစ်ကြောင့် ရုန့်ရင်း၏။ ထို အကြောင်းကို သိစေလိုတော်မူသော အဋ္ဌကထာရှင်သည် စာမျက်နှာ(၁၃)၌ –

အသမာပန္နဿ ဝေဒနာ နာနာရမ္မဏေ ဝိက္ခိတ္တဘာဝတော ဩဠာ- ရိကာ။

ဟူ၍ မိန့်ဆိုလေပြီ။ မြန်မာပြန်ကား—

အသမာပန္နဿ၊ သမာပတ်မဝင်စားသူ၏။ ဝေဒနာ၊ **သည်**။ နာနာရမ္မဏေ၊ အထူးထူးသော အာရုံ၌။ ဝိက္ခိတ္တဘာဝတော၊ ပျံ့လွင့်သည်၏ အဖြစ်ကြောင့်။ ဩဠာရိကာ၊ ၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ သမာပတ် မဝင်စားသောသူ၏ ဝေဒနာ ရုန့်ရင်းသည်၏အဖြစ်ကို ထင်ရှား သိကြလေ။

**သမာပန္န ဒုက်ခွဲပုံရှင်းချက်။** ။အဘယ်ကြောင့် သမာပတ် ဝင်စားသောသူ၏ ဝေဒနာသည် သိမ်မွေ့လေသနည်းဟူမူ သမာပတ် ဝင်စားသောသူ၏ ဝေဒနာသည် တခုတည်းသော အာရုံ နိမိတ်၌သာလျှင် အာရုံ ပြုသောအားဖြင့် ဖြစ်တတ်သည်၏ အဖြစ်ကြောင့် သိမ်မွေ့၏။ ထိုအကြောင်းကို ထင်ရှားသိစေတော်မူလိုသော အဋ္ဌကထာရှင်သည် စာမျက်နှာ (၁၄)၌—

သမာပန္နဿ ဝေဒနာ ဧကတ္တနိမိတ္တေယေဝ စရတီတိ သုခုမာ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

မြန်မာပြန်ကား—

သမာပန္နဿ၊ သမာပတ် ဝင်စားသောသူ၏။ ဝေဒနာ၊ သည်။ ဧကတ္တ- နိမိတ္တေယေဝ၊ တခုတည်း၏ အဖြစ်ဟု ဆိုအပ်သော အာရုံနိမိတ်၌သာလျှင်။

စရတိ၊ အာရုံပြုသောအားဖြင့် ဖြစ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ သုခုမာ၊ သိမ်မွေ့၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ သမာပတ် ဝင်စားသောသူ၏ ဝေဒနာ သိမ်မွေ့သည်၏အဖြစ်ကို ထင်ရှား သိကြလေ။

**သာသဝ, အနာသဝဖြင့် ခွဲခြင်း။** ။တနည်းလည်း အာသဝေါတရားတို့၏ အာရုံဖြစ်သော လောကီဝေဒနာသည် ရုန့်ရင်း၏။ အာသဝေါတရားတို့၏ အာရုံမဟုတ်သော လောကုတ္တရာ ဝေဒနာသည် သိမ်မွေ့၏။ အဘယ်ကြောင့် အာသဝေါတရားတို့၏ အာရုံဖြစ်သော လောကီဝေဒနာသည် ရုန့်ရင်းလေသနည်းဟူမူ လောကီဝေဒနာသည် အာသဝေါတရားတို့၏ ဖြစ်ကြောင်း၏ အဖြစ်ကြောင့် ရုန့်ရင်း၏။ ထိုအကြောင်းကို သိစေလိုသော အဋ္ဌကထာရှင်သည် ခန္ဓဝိဘင်းအဖွင့် စာမျက်နှာ (၁၄)၌—

သာသဝါ အာသဝုပ္ပတ္တိဟေတုတော ဩဠာရိကာ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

မြန်မာပြန်ကား—

သာသဝါ၊ အာသဝေါတရားတို့၏ အာရုံဖြစ်သော လောကီ ဝေဒနာသည်။ အာသဝုပ္ပတ္တိဟေတုတော၊ အာသဝေါတရားတို့၏ ဖြစ်ခြင်း၏ အကြောင်း ကြောင့်။ ဩဠာရိကာ၊ ရုန့်ရင်း၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ အာသဝေါတရားတို့၏ အာရုံဖြစ်သော လောကီ ဝေဒနာ၏ ရုန့်ရင်းသည်၏ အဖြစ်ကို ထင်ရှား သိကြလေ။

**သာသဝဒုက်ခွဲပုံရှင်းချက်။** ။အဘယ်ကြောင့် အာသဝေါတရားတို့၏ အာရုံ မဟုတ်သော လောကုတ္တရာ ဝေဒနာသည် သိမ်မွေ့လေသနည်းဟူမူ လောကုတ္တရာ ဝေဒနာသည် အာသဝေါတရားတို့၏ ဖြစ်ခြင်း၏ အကြောင်းမဟုတ်သောကြောင့် သိမ်မွေ့၏။ ထို အကြောင်းကို ထင်ရှားသိစေ လိုသော အဋ္ဌကထာရှင်သည် စာမျက်နှာ(၁၄)၌—

အနာသဝါ ဝုတ္တဝိပရိယာယေန သုခုမာ။

ဟူ၍ မိန့်ပြီ။ မြန်မာပြန်ကား—

အနာသဝါ၊ အာသဝေါတရားတို့၏ အာရုံမဟုတ်သော လောကုတ္တရာဝေဒနာ သည်။ ဝုတ္တဝိပရိယာယေန၊ ဆိုအပ်ပြီးသည်မှပြန်သောအားဖြင့်။ သုခုမာ၊ သိမ်မွေ့၏။

ဤသို့ ဆိုအပ်သည်ကို ထောက်၍ လောကုတ္တရာ ဝေဒနာ၏ သိမ်မွေ့သည်၏ အဖြစ်ကို ထင်ရှား သိကြလေ။

ဤတွင် ဩဠာရိက သုခုမ ဝေဒနာတို့ကို ပြခဏ်း ပြီး၏။

---

### ဝေဒနာကို အယုတ်, အမြတ် ခွဲပုံ

ဟီနပဏီတဖြစ်သော ဝေဒနာတို့ကိုလည်း ၎င်းဩဠာရိက သုခုမ ဝေဒနာတို့ကို မှီ၍ပင် သိအပ်၏။ အဘယ်သို့ သိအပ်သနည်းဟူမူ အကြင် ရုန့်ရင်းသော ဝေဒနာသည် ရှိ၏။ ထိုရုန့်ရင်းသော ဝေဒနာသည်ပင် ရုန့်ရင်းခြင်းကြောင့် ယုတ်၏။ အကြင် သိမ်မွေ့သော ဝေဒနာသည် ရှိ၏။ ထိုသိမ်မွေ့သော ဝေဒနာသည်ပင် သိမ်မွေ့ခြင်းကြောင့် မြတ်၏။ ထိုအကြောင်းကို ထင်ရှား သိစေလိုသော အဋ္ဌကထာရှင်သည် ခန္ဓဝိဘင်း အဖွင့် စာမျက်နှာ (၁၇) ၌—

ယာ ဩဠာရိကာ၊ သာ ဟီနာ။ ယာ သုခုမာ၊ သာ ပဏီတာ။

ဟူ၍ မိန့်လေပြီ။

မြန်မာပြန်ကား—

ယာ ဝေဒနာ၊ အကြင် ဝေဒနာသည်။ ဩဠာရိကာ၊ ရုန့်ရင်း၏။ သာ၊ ထို ရုန့်ရင်းသော ဝေဒနာသည်။ ဟီနာ၊ ယုတ်၏။ ယာ၊ အကြင် ဝေဒနာသည်။ သုခုမာ၊ သိမ်မွေ့၏။ သာ၊ ထိုဝေဒနာသည်။ ပဏီတာ၊ မြတ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ယုတ်သောဝေဒနာ မြတ်သောဝေဒနာ တို့ကို ထင်ရှား သိကြလေ။

ဤတွင် အယုတ် အမြတ်ဖြစ်သော ဝေဒနာကို ပြခဏ်း ပြီး၏။

---

### ဝေဒနာကို အနီး, အဝေး ခွဲပုံ

**ကုသလတိက်ဖြင့် ခွဲခြင်း။** ။ထိုပြဆိုအပ်ခဲ့ပြီးသော ဝေဒနာတို့တွင် အကုသိုလ်ဖြစ်သော ဝေဒနာသည် ကုသိုလ် အဗျာကတ ဝေဒနာတို့မှ ဝေး၏။ ကုသိုလ် အဗျာကတဖြစ်သော ဝေဒနာသည် အကုသိုလ် ဝေဒနာမှ ဝေး၏။ ထိုသို့ ဝေးကြောင်းကိုလည်း ခန္ဓဝိဘင်း ပါဠိတော် စာမျက်နှာ ( ၄ )၌—

တတ္ထ ကတမာ ဝေဒနာ ဒူရေ။ အကုသလာ ဝေဒနာ ကုသလာ-ဗျာကတာဟိ ဝေဒနာဟိ ဒူရေ။ ကုသလာဗျာကတာ ဝေဒနာ အကု-သလာယ ဝေဒနာယ ဒူရေ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ သိလေ။

မြန်မာပြန်ကား—

တတ္ထ၊ ၌။ ကတမာ၊ သော။ ဝေဒနာ၊ သည်။ ဒူရေ၊ ဝေးသော ဝေဒနာ မည်သနည်း။ အကုသလာ၊ အကုသိုလ်ဖြစ်သော။ ဝေဒနာ၊ သည်။ ကုသလာ-ဗျာကတာဟိ၊ ကုသိုလ် အဗျာကတဖြစ်ကုန်သော။ ဝေဒနာဟိ၊ ဝေဒနာတို့မှ။ ဒူရေ၊ ဝေး၏။ ကုသလာဗျာကတာ၊ ကုသိုလ် အဗျာကတဖြစ်သော။ ဝေဒနာ၊ သည်။ အကုသလာယ၊ အကုသိုလ်ဖြစ်သော။ ဝေဒနာယ၊ ဝေဒနာမှ။ ဒူရေ၊ ဝေး၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ကို ထောက်၍ ဝေဒနာတရားတို့၏ ဝေးပုံကို ထင်ရှား သိကြလေ။

**တနည်းလည်း** ကုသိုလ် ဝေဒနာသည် အကုသိုလ် အဗျာကတ ဝေဒနာတို့မှ ဝေး၏။ အကုသိုလ် အဗျာကတဝေဒနာသည် ကုသိုလ် ဝေဒနာမှ ဝေး၏။ ထိုသို့ ဝေးကြောင်းကိုလည်း ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ ( ၄ )၌—

ကုသလာ ဝေဒနာ အကုသလာဗျာကတာဟိ ဝေဒနာဟိ ဒူရေ။ အကုသလာဗျာကတာ ဝေဒနာ ကုသလာယ ဝေဒနာယ ဒူရေ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ သိလေ။

မြန်မာပြန်ကား—

ကုသလာ၊ ကုသိုလ်ဖြစ်သော။ ဝေဒနာ၊ သည်။ အကုသလာဗျာကတာဟိ၊ အကုသိုလ်အဗျာကတဖြစ်ကုန်သော။ ဝေဒနာဟိ၊ တို့မှ။ ဒူရေ၊ ဝေး၏။ အကု-သလာဗျာကတာ၊ အကုသိုလ်အဗျာကတဖြစ်သော။ ဝေဒနာ၊ သည်။ ကုသ-လာယ၊ ကုသိုလ်ဖြစ်သော။ ဝေဒနာယ၊ မှ။ ဒူရေ၊ ဝေး၏။

ဤသို့ ဆိုအပ်သည်ကို ထောက်၍ ဝေဒနာ၏ ဝေးပုံကို သိကြလေ။

**တနည်းလည်း** အဗျာကတဖြစ်သော ဝေဒနာသည် ကုသိုလ် အကုသိုလ်ဖြစ်သော ဝေဒနာတို့မှ ဝေး၏။ ကုသိုလ် အကုသိုလ်ဝေဒနာသည် အဗျာကတဝေဒ-နာမှ ဝေး၏။ ထိုသို့ ဝေးကြောင်းကို သိစေလိုသော ဘုရားရှင်သည် ခန္ဓဝိဘင်း ပါဠိတော် စာမျက်နှာ(၄)၌—

အဗျာကတာ ဝေဒနာ ကုသလာကုသလာဟိ ဝေဒနာဟိ ဒူရေ။
ကုသလာကုသလာ ဝေဒနာ အဗျာကတာယ ဝေဒနာယ ဒူရေ။

ဟူ၍ ဟောတော်မူအပ်လေပြီ။ မြန်မာပြန်ကား—

အဗျာကတာ၊ အဗျာကတဖြစ်သော။ ဝေဒနာ၊ သည်။ ကုသလာကုသလာ-ဟိ၊ ကုသိုလ် အကုသိုလ်ဖြစ်ကုန်သော။ ဝေဒနာဟိ၊ တို့မှ။ ဒူရေ၊ ဝေး၏။ ကုသလာကုသလာ၊ ကုသိုလ် အကုသိုလ်ဖြစ်သော။ ဝေဒနာ၊ သည်။ အဗျာ-ကတာယ၊ အဗျာကတဖြစ်သော။ ဝေဒနာယ၊ မှ။ ဒူရေ၊ ဝေး၏။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍ ဝေဒနာ၏ ဝေးပုံကို သိကြလေ။

**ဝေဒနာတိက်ဖြင့် ခွဲခြင်း။** ။တနည်းလည်း ဒုက္ခဝေဒနာသည် သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့မှ ဝေး၏။ သုခဝေဒနာ အဒုက္ခမသုခဝေဒနာသည် ဒုက္ခဝေဒနာမှ ဝေး၏။ ထိုအကြောင်းကို သိစေလိုသော ဘုရားရှင်သည် ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ(၄)၌—

ဒုက္ခာ ဝေဒနာ သုခါယ စ အဒုက္ခမသုခါယ စ ဝေဒနာဟိ ဒူရေ။
သုခါ စ အဒုက္ခမသုခါ စ ဝေဒနာ ဒုက္ခာယ ဝေဒနာယ ဒူရေ။

ဟူ၍ မိန့်ပြီ။

မြန်မာပြန်ကား—

ဒုက္ခာ၊ ဒုက္ခဖြစ်သော။ ဝေဒနာ၊ သည်။ သုခါယ စ၊ သုခလည်းဖြစ်သော။ အဒုက္ခမသုခါယ စ၊ အဒုက္ခမသုခလည်းဖြစ်သော။ ဝေဒနာဟိ၊ ဝေဒနာတို့မှ။ ဒူရေ၊ ဝေး၏။ သုခါ စ၊ သုခလည်းဖြစ်သော။ အဒုက္ခမသုခါ စ၊ အဒုက္ခမသုခလည်းဖြစ်သော။ ဝေဒနာ၊ သည်။ ဒုက္ခာယ၊ ဒုက္ခဖြစ်သော။ ဝေဒနာယ၊ ဝေဒနာမှ။ ဒူရေ၊ ဝေး၏။

ဤသို့ ဆိုအပ်သည်ကို ထောက်၍ ဝေဒနာ၏ ဝေးပုံကို ထင်ရှားသိကြလေ။

**တနည်းလည်း** သုခဝေဒနာသည် ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာနှစ်ပါးမှ ဝေး၏။ ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာနှစ်ပါးသည် သုခဝေဒနာမှ ဝေး၏။ ထိုသို့ ဝေးကြောင်းကို ထင်ရှားသိစေတော်မူလိုသော ဘုရားရှင်သည် ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ(၄)၌—

သုခါ ဝေဒနာ ဒုက္ခာယ စ အဒုက္ခမသုခါယ စ ဝေဒနာဟိ ဒူရေ။
ဒုက္ခာ စ အဒုက္ခမသုခါ စ ဝေဒနာ သုခါယ ဝေဒနာယ ဒူရေ။

ဟူ၍ ဟောတော်မူအပ်ပြီ။ မြန်မာပြန်ကား—

သုခါ၊ သုခဖြစ်သော။ ဝေဒနာ၊ သည်။ ဒုက္ခာယ စ၊ ဒုက္ခလည်းဖြစ်သော။ အဒုက္ခမသုခါယ စ၊ အဒုက္ခမသုခလည်းဖြစ်သော။ ဝေဒနာယဟိ၊ ဝေဒနာတို့မှ။ ဒူရေ၊ ဝေး၏။ ဒုက္ခာ စ၊ ဒုက္ခလည်းဖြစ်သော။ အဒုက္ခမသုခါ စ၊ အဒုက္ခမသုခလည်းဖြစ်သော။ ဝေဒနာ၊ သည်။ သုခါယ၊ သုခဖြစ်သော။ ဝေဒနာယ၊ မှ။ ဒူရေ၊ ဝေး၏။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍ ဝေဒနာ၏ ဝေးပုံကို သိကြလေ။

**တနည်းလည်း** အဒုက္ခမသုခဝေဒနာသည် သုခ ဒုက္ခဝေဒနာနှစ်ပါးမှ ဝေး၏။ သုခဝေဒနာ ဒုက္ခဝေဒနာနှစ်ပါးသည် အဒုက္ခမသုခဝေဒနာမှ ဝေး၏။ ထိုသို့ ဝေးကြောင်းကို ထင်ရှားသိစေတော်မူလိုသော ဘုရားရှင်သည် ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ(၄)၌—

> အဒုက္ခမသုခါ ဝေဒနာ သုခဒုက္ခာဟိ ဝေဒနာဟိ ဒူရေ။ သုခဒုက္ခာ ဝေဒနာ အဒုက္ခမသုခါယ ဝေဒနာယ ဒူရေ။

ဟူ၍ ဟောတော်မူအပ်လေပြီ။

မြန်မာပြန်ကား——

အဒုက္ခမသုခါ၊ အဒုက္ခမသုခဖြစ်သော။ ဝေဒနာ၊ သည်။ သုခဒုက္ခာဟိ၊ သုခဒုက္ခဖြစ်ကုန်သော။ ဝေဒနာဟိ၊ ဝေဒနာတို့မှ။ ဒူရေ၊ ဝေး၏။ သုခဒုက္ခာ၊ သုခဒုက္ခဖြစ်သော။ ဝေဒနာ၊ သည်။ အဒုက္ခမသုခါယ၊ အဒုက္ခမသုခဖြစ်သော။ ဝေဒနာယ၊ မှ။ ဒူရေ၊ ဝေး၏။

ဤသို့ ဆိုအပ်သည်ကို ထောက်၍ ဝေဒနာ၏ ဝေးပုံကို ထင်ရှား သိကြလေ။

**သမာပန္န, အသမာပန္နဖြင့် ခွဲခြင်း။** ။တနည်းလည်း သမာပတ်ဝင်စားခြင်း မရှိသောသူ၏ ဝေဒနာသည် သမာပတ်ဝင်စားသောသူ၏ ဝေဒနာမှ ဝေး၏။ သမာပတ်ဝင်စားသောသူ၏ ဝေဒနာသည် သမာပတ် မဝင်စားသောသူ၏ ဝေဒနာမှ ဝေး၏။ ထိုသို့ ဝေးကြောင်းကို သိစေတော်မူလိုသော ဘုရားရှင်သည် ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ(၄)၌—

> အသမာပန္နဿ ဝေဒနာ သမာပန္နဿ ဝေဒနာယ ဒူရေ။ သမာပန္နဿ ဝေဒနာ အသမာပန္နဿ ဝေဒနာယ ဒူရေ။

ဟူ၍ ဟောတော်မူအပ်ပြီ။

မြန်မာပြန်ကား——

အသမာပန္နဿ၊ သမာပတ် မဝင်စားသောသူ၏။ ဝေဒနာ၊ သည်။ သမာပန္နဿ၊ သမာပတ်ဝင်စားသောသူ၏။ ဝေဒနာယ၊ မှ။ ဒူရေ၊ ဝေး၏။ သမာ-

ပန္နဿ၊ သမာပတ်ဝင်စားသောသူ၏။ ဝေဒနာ၊ သည်။ အသမာပန္နဿ၊ ၏။ ဝေဒနာယ၊ မှ။ ဒူရေ၊ ဝေး၏။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍ ဝေဒနာ၏ ဝေးပုံကို သိကြလေ။

**သာသဝ, အနာသဝဖြင့် ခွဲခြင်း။** ။တနည်းလည်း အာသဝေါတရားတို့၏ အာရုံဖြစ်သော လောကီဝေဒနာသည် အာသဝေါ တရားတို့၏ အာရုံ မဟုတ်သော လောကုတ္တရာ ဝေဒနာမှ ဝေး၏။ အာသဝေါတရားတို့၏ အာရုံမဟုတ်သော လောကုတ္တရာ ဝေဒနာသည် အာသဝေါတရားတို့၏ အာရုံဖြစ်သော လောကီဝေဒနာမှ ဝေး၏။ ထိုသို့ ဝေးကြောင်းကို သိစေလိုသော ဘုရားရှင်သည် ခန္ဓဝိဘင်း ပါဠိတော် စာမျက်နှာ (၄)၌—

> သာသဝါ ဝေဒနာ အနာသဝါယ ဝေဒနာယ ဒူရေ။ အနာသဝါ ဝေဒနာ သာသဝါယ ဝေဒနာယ ဒူရေ။

ဟူ၍ ဟောတော်မူအပ်လေပြီ။

မြန်မာပြန်ကား—

သာသဝါ၊ အာသဝေါတရားတို့၏ အာရုံဖြစ်သော။ ဝေဒနာ၊ သည်။ အနာသဝါယ၊ အာသဝေါတရားတို့၏ အာရုံမဟုတ်သော။ ဝေဒနာယ၊ မှ။ ဒူရေ၊ ဝေး၏။ အနာသဝါ၊ အာသဝေါတရားတို့၏ အာရုံမဟုတ်သော။ ဝေဒနာ၊ သည်။ သာသဝါယ၊ အာသဝေါတရားတို့၏ အာရုံဖြစ်သော။ ဝေဒနာယ၊ မှ။ ဒူရေ၊ ဝေး၏။

ဤသို့ ဆိုအပ်သည်ကိုထောက်၍ ဝေဒနာ၏ ဝေးပုံကို သိလေ။ ဤသို့ ပြဆိုအပ်ပြီးသော ဝေဒနာတို့တွင် အဘယ်ကြောင့် တပါးတပါးသော ဝေဒနာသည် မိမိမှ ကျန်သော ဝေဒနာမှ ဝေးကြလေသနည်းဟူမူ သဘောမတူကြခြင်းကြောင့်၎င်း၊ တပါးနှင့် တပါး ကိစ္စမတူခြင်းကြောင့်၎င်း ဝေးကြလေသည်။ ထိုအကြောင်းကို သိစေလိုသော သမ္မောဟဝိနောဒနီ အဋ္ဌကထာ ရှင်သည် ခန္ဓဝိဘင်းအဖွင့် စာမျက်နှာ (၁၇)၌—

> ဒူရဒုကနိဒ္ဒေသေ အကုသလဝေဒနာ ဝိသဘာဂဋ္ဌေန ဝိသံသဋ္ဌေန စ ကုသလာဗျာကတာဟိ ဒူရေ။ ဣမိနာ နယေန သဗ္ဗပဒေသု ဒူရတာ ဝေဒိတဗ္ဗာ။

ဟူ၍ မိန့်ဆိုအပ်လေသည်။

မြန်မာပြန်ကား—

ဒူရဒုကနိဒ္ဒေသေ၊ ဒူရဒုက်ကို ညွှန်ပြရာ၌။ အကုသလဝေဒနာ၊ အကုသိုလ် ဝေဒနာသည်။ ဝိသဘာဂဋ္ဌေန စ၊ သဘောမတူသော အနက်ကြောင့်ရင်း။ ဝိသံသဋ္ဌေန စ၊ ကိစ္စမတူသော အနက်ကြောင့်ရင်း။ ကုသလာဗျာကတာဟိ၊ ကုသိုလ်အဗျာကတ ဖြစ်ကုန်သော ဝေဒနာတို့မှ။ ဒူရေ၊ ဝေး၏။ ဣမိနာ နယေန၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ သဗ္ဗပဒေသု၊ အလုံးစုံသောပုဒ်တို့၌။ ဒူရတာ၊ ဝေးသည်၏ အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ တပါးတပါးသော ဝေဒနာသည် မိမိမှ ကျန်သော ဝေဒနာတို့မှ ဝေးပုံကို ထင်ရှားသိကြလေကုန်။ ဤတွင် ဝေဒနာ ချင်းချင်း ဝေးပုံကို ပြချက်ပြီး၏။

**ဝေဒနာချင်းနီးပုံ။** ။ထို ပြဆိုအပ်ပြီးသော ဝေဒနာတို့တွင် အကုသိုလ်ဖြစ်သော ဝေဒနာသည် အကုသိုလ်ဖြစ်သော ဝေဒနာနှင့်၊ ကုသိုလ်ဖြစ်သော ဝေဒနာသည် ကုသိုလ်ဖြစ်သော ဝေဒနာနှင့်၊ အဗျာကတ ဖြစ်သော ဝေဒနာသည် အဗျာကတဖြစ်သော ဝေဒနာနှင့်၊ ဒုက္ခဝေဒနာသည် ဒုက္ခဝေဒနာနှင့်၊ သုခဝေဒနာသည် သုခဝေဒနာနှင့်၊ အဒုက္ခမသုခဝေဒနာသည် အဒုက္ခမသုခဝေဒနာနှင့်၊ သမာပတ်မဝင်စားသောသူ၏ ဝေဒနာသည် သမာပတ် မဝင်စားသောသူ၏ ဝေဒနာနှင့်၊ သမာပတ် ဝင်စားသောသူ၏ ဝေဒနာသည် သမာပတ်ဝင်စားသောသူ၏ ဝေဒနာနှင့်၊ အာသဝေါတရားတို့၏ အာရုံဖြစ် သော ဝေဒနာသည် အာသဝေါတရားတို့၏ အာရုံဖြစ်သော ဝေဒနာနှင့်၊ အာသဝေါတရားတို့၏ အာရုံမဟုတ်သော လောကုတ္တရာဝေဒနာသည် အာသဝေါတရားတို့၏ အာရုံမဟုတ်သော လောကုတ္တရာဝေဒနာနှင့် နီးစပ်ကြပေ၏။ အဘယ်ကြောင့် နီးစပ်ကြလေသနည်းဟူမူ အချင်းချင်း သဘောတူသော အဘို့ရှိသောကြောင့်ရင်း၊ တူသောကိစ္စရှိသောကြောင့်ရင်း နီးစပ်ကြပေ၏။ ထိုသို့ နီးစပ်ကြောင်းကို ထင်ရှားသိစေတော်မူလိုသော အဋ္ဌကထာရှင်သည် ရင်းခန္ဓဝိဘင်းအဖွင့် စာမျက်နှာ (၁၇)၌—

> အကုသလာ ပန အကုသလာယ သဘာဂဋ္ဌေန သရိက္ခဋ္ဌေန စ
> သန္တိကေ နာမ။ ဣမိနာ နယေန သဗ္ဗပဒေသု သန္တိကတာ ဝေဒိတဗ္ဗာ။

ဟူ၍ မိန့်ပြီ။

မြန်မာပြန်ကား—

ပန၊ ဝေဒနာချင်းချင်းဝေးသည်ကို ပြဆိုပြီးသည်မှတပါး ဝေဒနာချင်းချင်း နီးသည်ကို ပြဆိုဦးအံ့။ အကုသလာ၊ အကုသိုလ်ဝေဒနာသည်။ အကုသလာယ၊

အကုသိုလ်ဝေဒနာနှင့်၊ သဘာဂဋ္ဌေန စ၊ တူသောအဘို့ရှိသော အနက်ကြောင့် ၎င်း။ သရိက္ခဋ္ဌေန စ၊ တူသောကိစ္စရှိသော အနက်ကြောင့်၎င်း။ သန္တိကေ နာမ၊ နီးသည်မည်၏။ ဣမိနာ နယေန၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ သဗ္ဗပဒေသု၊ အလုံးစုံသောပုဒ်တို့၌။ သန္တိကတာ၊ နီးသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ အကုသိုလ်ဝေဒနာသည် အကုသိုလ်ဝေဒနာချင်း၊ ကုသိုလ်ဝေဒနာသည် ကုသိုလ်ဝေဒနာချင်း၊ ။ပ။ လောကုတ္တရာ ဝေဒနာသည် လောကုတ္တရာဝေဒနာချင်း နီးစပ်ပုံကို ထင်ရှားသိကြလေ။ ပါဠိအကျယ်ကိုလိုလျှင် ခန္ဓဝိဘင်းပါဠိတော်၌ ယူကြလေ။

ဤတွင် ဝေဒနာတို့၏ ဒူရသန္တိကကို ပြချက် ပြီး၏။

---

## ဝေဒနာက္ခန္ဓာဟု ခေါ်အပ်ကြောင်းကို ပြဆိုချက်

**ဝေဒနာက္ခန္ဓာ။** ။ဤဆိုအပ်ပြီးသော အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ ဩဠာရိက သုခုမ ဟီန ပဏီတ ဒူရ သန္တိက-ဟု ဆိုအပ်သော တဆဲ့တပါးသော အရာ၌ဖြစ်သော ဝေဒနာတရားတို့ကို ဉာဏ်ဖြင့် ပေါင်းစု၍ကြည့်သော် မိန်းမ-ယောကျ်ား လူနတ်ဗြဟ္မာဟူ၍ မမြင်ပြီ။ စင်စစ် ဝေဒနာတရား အစုအဝေးကိုသာ မြင်ရလေ၏၊ ထိုသို့မြင်ရသော ဝေဒနာတရား အစုအဝေးကို ဝေဒနာက္ခန္ဓာဟု ခေါ်ဆိုအပ်လေသည်။ ခေါ်ဆိုအပ်ကြောင်းကိုလည်း ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ(၃)၌——

> တတ္ထ ကတမော ဝေဒနာက္ခန္ဓော၊ ယာ ကာစိ ဝေဒနာ အတီတာ-နာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယာ ဒူရေ သန္တိကေ ဝါ၊ တဒေကဇ္ဈံ အဘိ-သညူဟိတွာ အဘိသံခိပိတွာ အယံ ဝုစ္စတိ ဝေဒနာက္ခန္ဓော။

ဟူ၍ မိန့်လေပြီ။

မြန်မာပြန်ကား——

တတ္ထ၊ ထိုခန္ဓာငါးပါးတို့တွင်။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာသည်။ ကတမော၊ အဘယ်နည်း။ အတီတာနာဂတပစ္စုပ္ပန္နာ၊ အတိတ် အနာဂတ် ပစ္စုပ္ပန်၌ အကျုံးဝင်သော။ ယာ ကာစိ၊ အလုံးစုံသော။ ယာ ဝေဒနာ၊ အကြင် ဝေဒနာသည်၎င်း။ အဇ္ဈတ္တံ ဝါ၊ အဇ္ဈတ္တသန္တာန်၌လည်းဖြစ်သော။ ဗဟိဒ္ဓါ ဝါ၊ ဗဟိဒ္ဓသန္တာန်၌လည်းဖြစ်သော။ ယာ ကာစိ၊ သော။ ယာ ဝေဒနာ၊ ၎င်း။

ဩဠာရိကာ ဝါ၊ ရုန့်ရင်းသည်လည်းဖြစ်သော။ သုခုမာ ဝါ၊ သိမ်မွေ့သည်လည်း ဖြစ်သော။ ယာ ကာစိ၊ သော။ ယာ ဝေဒနာ၊ ၎င်း။ ဟီနာ ဝါ၊ ယုတ်သည် လည်းဖြစ်သော။ ပဏီတာ ဝါ၊ မြတ်သည်လည်းဖြစ်သော။ ယာ ကာစိ၊ သော။ ယာ ဝေဒနာ၊ ၎င်း။ ဒူရေ ဝါ၊ ဝေးသည်လည်းဖြစ်သော။ သန္တိကေ ဝါ၊ နီးသည် လည်းဖြစ်သော။ ယာ ကာစိ၊ သော။ ယာ ဝေဒနာ၊ အကြင်ဝေဒနာသည်၎င်း။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုအလုံးစုံသော ဝေဒနာကို။ ဧကဇ္ဈံ၊ တပေါင်းတည်း။ အဘိသညူဟိတွာ၊ ပေါင်း၍။ အဘိသံခိပိတွာ၊ ချုံး၍။ အယံ သဘာဝေါ၊ ဤဆိုအပ်ပြီးသော ဝေဒနာတို့၏ ပေါင်းစုခြင်း သဘောကို။ ဝေဒနာက္ခန္ဓောတိ၊ ဝေဒနာက္ခန္ဓာဟူ၍။ ဝါ၊ ခံစားတတ်သောအစုဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဆိုအပ်သည်ကို ထောက်၍ ဝေဒနာက္ခန္ဓာဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှား သိကြလေ။

**ခန္ဓသဒ္ဒါ၏ အနက်များ။** ။ဤဝေဒနာက္ခန္ဓာ၌ ခန္ဓသဒ္ဒါသည် အပေါင်းဟူသော ရာသိလက္ခဏာ အနက်ကို ဟောပေ၏။ ဟော ကြောင်းကို ရှေး ရူပက္ခန္ဓာကို ဖွင့်ပြရာ၌ ပြဆိုအပ်ခဲ့သောနည်းအတိုင်း သိကြ လေ။ ဤပြဆိုအပ်ပြီးသော ဝေဒနာတို့၏ အပေါင်းအစုဟူသော ရာသိလက္ခဏာ ကို ဟုတ်မှန်သောအတိုင်း မသိတတ်သောသဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏ဟု မှတ်။

ဤတွင် ဝေဒနာက္ခန္ဓာကို မသိပုံကို ဖော်ပြချက် ပြီး၏။

---

## သညာက္ခန္ဓာကိုမသိပုံကို ပြဆိုချက်

**သညာက္ခန္ဓာ။** ။သညာက္ခန္ဓာကို ဟောပြောရာ၌လည်း ဝေဒနာက္ခန္ဓာနှင့် ထပ်တူထပ်မျှသာ ဟောတော်မူ၏။ ဝေဒနာအရာ၌ သညာ ကို ပြောင်းလွှဲ၍ ထည့်ရုံမျှသာ ထူး၏။ ထို့ကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ ဩဠာရိက သုခုမ ဟီန ပဏီတ ဒူရ သန္တိက အရာတို့ကို ဝေဒနာ၌ ဟောတော်မူသည်ကိုမှီ၍ သိကြလေ။

ထို တဆဲ့တရာသီအတွင်း၌ရှိသော မှတ်တတ်သော သဘော သညာတို့ကို ဉာဏ်ဖြင့် ပေါင်းစု၍ ကြည့်သော် စင်စစ် လူ နတ် ဗြဟ္မာ သတ္တဝါ ဟူ၍ မမြင်၊ မှတ်တတ်သော သဘော အစုအဝေးကိုသာ မြင်လေတော့၏။ ထိုမှတ်တတ် သော အစုအဝေးကို သညာက္ခန္ဓာဟု ခေါ်အပ်သည်၊ ခေါ်အပ်ကြောင်းကိုလည်း ထင်ရှားသိစေတော်မူလိုသော ဘုရားရှင်သည် ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ (၅)၌—

တတ္ထ ကတမော သညာက္ခန္ဓော၊ ယာ ကာစိ သညာ အတီတာ-
နာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ
ဟီနာ ဝါ ပဏီတာ ဝါ ယာ ဒူရေ သန္တိကေ ဝါ၊ တဒေကဇ္ဈံ အဘိ-
သညူဟိတွာ အဘိသံခိပိတွာ အယံ ဝုစ္စတိ သညာက္ခန္ဓော။

ဟူ၍ ဟောတော်မူအပ်လေပြီ။

မြန်မာပြန်ကား—

တတ္ထ၊ ထိုတွင်။ သညာက္ခန္ဓော၊ သညာက္ခန္ဓာသည်။ ဝါ၊ မှတ်တတ်သော သဘောအစုသည်။ ကတမော၊ အဘယ်နည်း။ အတီတာနာဂတပစ္စုပ္ပန္နာ၊ ဖြစ်ပြီး ဖြစ်လတ္တံ့ ဖြစ်ဆဲဖြစ်သော။ ယာ ကာစိ၊ အလုံးစုံသော။ ယာ သညာ၊ အကြင် မှတ်တတ်သော သဘောသည်ငင်း။ အဇ္ဈတ္တံ ဝါ၊ မိမိသန္တာန်၌လည်း ဖြစ်ထသော။ ဗဟိဒ္ဓါ ဝါ၊ သူတပါးသန္တာန်၌လည်း ဖြစ်ထသော။ ယာ ကာစိ၊ သော။ ယာ သညာ၊ အကြင် သညာသည်ငင်း။ ဩဠာရိကာ ဝါ၊ ရုန့်ရင်းသည်လည်းဖြစ်သော။ သုခုမာ ဝါ၊ သိမ်မွေ့သည်လည်း ဖြစ်သော။ ယာ ကာစိ၊ သော။ ယာ သညာ၊ ငင်း။ ဟီနာ ဝါ၊ ယုတ်သည်လည်းဖြစ်သော။ ပဏီတာ ဝါ၊ မြတ်သည်လည်းဖြစ်သော။ ယာ ကာစိ၊ သော။ ယာ သညာ၊ ငင်း။ ဒူရေ ဝါ၊ ဝေးသည်လည်းဖြစ်သော။ သန္တိကေ ဝါ၊ နီးသည်လည်းဖြစ်သော။ ယာ ကာစိ၊ သော။ ယာ သညာ၊ ငင်း။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုသညာဟူသမျှကို။ ဧကဇ္ဈံ၊ တပေါင်းတည်း။ အဘိသညူဟိတွာ၊ ပေါင်း၍။ အဘိသံခိပိတွာ၊ ချုံး၍။ အယံ သဘာဝေါ၊ ဤဆိုအပ်ပြီးသော သညာတို့၏ ပေါင်းစုခြင်း သဘောကို။ သညာက္ခန္ဓောတိ၊ သညာက္ခန္ဓာဟူ၍။ ဝါ၊ မှတ်တတ်သောသဘော အစုဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဆိုအပ်သည်ကို ထောက်၍ တဆဲ့တရာသီအတွင်း၌ရှိသော မှတ်တတ်သော သဘောသညာတို့ကို ပေါင်းစု၍ သညာက္ခန္ဓာဟု ခေါ်ဆိုကြောင်းကို ထင်ရှား သိကြလေ။ ထိုဆိုအပ်ပြီးသော မှတ်တတ်သော သဘောအစုအဝေးကို မသိမမြင်တတ်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ဤတွင် သညာက္ခန္ဓာကို ဖုံးလွှမ်းမသိပုံကို ဖော်ပြချက် ပြီး၏။

---

### သင်္ခါရက္ခန္ဓာကိုမသိပုံကို ပြဆိုချက်

**သင်္ခါရက္ခန္ဓာ။** ။ထိုဆိုအပ်ပြီးသော ဝေဒနာ သညာတို့ကို ထား၍ကြွင်းသော ဖဿစသော စေတသိက်ငါးဆယ်ကို သင်္ခါရက္ခန္ဓာဟု ခေါ်အပ်သည်။ အဘယ်ကြောင့် ငင်းဖဿစသော စေတသိက်ငါးဆယ်ကို သင်္ခါရက္ခန္ဓာဟု

ခေါ်အပ်သနည်းဟူမူ – ၎င်းဖဿစသော စေတသိက် ငါးဆယ် သဘောတို့သည် သာလျှင် အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ ဩဠာရိက သုခုမ ဟီန ပဏီတ ဒူရ သန္တိကဟု ဆိုအပ်သော တဆဲ့တရာသီအတွင်း၌ မိမိ မိမိတို့၏ သဘော လက္ခဏာအားဖြင့် ပြုပြင်လျက် တည်ကြပေကုန်၏။ ထိုသဘောတို့မှတပါး လူနတ် ပြဟ္မာ သတ္တဝါပြုပြင်သည်ဟူ၍ မရှိလေပြီ။ ထို့ကြောင့် ထိုတဆဲ့တရာသီအတွင်း၌ ဖြစ်သော ပြုပြင်တတ်သော ဖဿစသော သဘောတရားတို့ကို ဉာဏ်ဖြင့် ပေါင်းစု ၍ ကြည့်သော် ထိုပြုပြင်တတ်သော ဖဿစသော သင်္ခါရအစုအဝေးကိုသာ စင်စစ် မြင်လေ၏။ ထိုသဘောအစုမှတပါး လူနတ်ပြဟ္မာ သတ္တဝါကို မမြင်လေပြီ။ ထို ပြုပြင်တတ်သော ဖဿစသော သင်္ခါရသဘော အစုအဝေးကိုပင် သင်္ခါရက္ခန္ဓာ ဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိစေလို တော်မူသော မြတ်စွာဘုရားသည် ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ (၇·၈)၌—

> တတ္ထ ကတမော သင်္ခါရက္ခန္ဓော၊ ယေ ကေစိ သင်္ခါရာ အတီတာနာ-ဂတပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယေ ဒူရေ သန္တိကေ ဝါ၊ တဒေကဇ္ဈံ အဘိသညူဟိတွာ အဘိသံခိပိတွာ အယံ ဝုစ္စတိ သင်္ခါရက္ခန္ဓော။

ဟူ၍ ဟောတော်မူအပ်လေပြီ။ မြန်မာပြန် အနက်သိကြောင်းကား—

တတ္ထ၊ ထိုခန္ဓာငါးပါးတို့တွင်။ သင်္ခါရက္ခန္ဓော၊သင်္ခါရက္ခန္ဓာသည်။ကတမော၊ အဘယ်နည်း။ အတီတာနာဂတပစ္စုပ္ပန္နာ၊ ဖြစ်ပြီး ဖြစ်လတ္တံ့ ဖြစ်ဆဲဖြစ်ကုန် သော။ ယေ ကေစိ၊ အလုံးစုံကုန်သော။ ယေ သင်္ခါရာ၊ အကြင် ဖဿစသော သင်္ခါရတရားတို့သည်၎င်း။ အဇ္ဈတ္တံ ဝါ၊ မိမိသန္တာန်၌လည်း ဖြစ်ကုန်သော။ ဗဟိဒ္ဓါ ဝါ၊ သူတပါးသန္တာန်၌လည်း ဖြစ်ကုန်သော။ ယေ ကေစိ၊ အလုံးစုံကုန် သော။ ယေ သင်္ခါရာ၊ အကြင် ဖဿစသော သင်္ခါရတရားတို့သည်၎င်း။ ဩဠာရိကာ ဝါ၊ ရုန့်ရင်းသည်လည်း ဖြစ်ကုန်သော။ သုခုမာ ဝါ၊ သိမ်မွေ့သည် လည်း ဖြစ်ကုန်သော။ ယေ ကေစိ၊ ကုန်သော။ ယေ သင်္ခါရာ၊ တို့သည်၎င်း။ ဟီနာ ဝါ၊ ယုတ်သည်လည်းဖြစ်ကုန်သော။ ပဏီတာ ဝါ၊ မြတ်သည်လည်း ဖြစ်ကုန်သော။ ယေ ကေစိ၊ ကုန်သော။ ယေ သင်္ခါရာ၊ တို့သည်၎င်း။ ဒူရေ ဝါ၊ ဝေးသည်လည်း ဖြစ်ကုန်သော။ သန္တိကေ ဝါ၊ နီးသည်လည်း ဖြစ်ကုန်သော။ ယေ ကေစိ၊ ကုန်သော။ ယေ သင်္ခါရာ၊ တို့သည်၎င်း။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ တံ၊ ထိုဆိုအပ်ပြီးသော အလုံးစုံသော သင်္ခါရတရားကို။ ဧကဇ္ဈံ၊ တပေါင်း တည်း။ အဘိသညူဟိတွာ၊ ပေါင်း၍။ အဘိသံခိပိတွာ၊ ချုံး၍။ အယံ သဘာ-ဝေါ၊ ဤဆိုအပ်ပြီးသော ဖဿစသော သင်္ခါရတို့၏ သဘောအပေါင်းကို။ သင်္ခါ-ရက္ခန္ဓောတိ၊ သင်္ခါရက္ခန္ဓာဟူ၍။ ဝါ၊ သင်္ခါရသဘောအပေါင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်ကို ထောက်၍ တဆဲ့တရာသီ အတွင်း၌ရှိသော သင်္ခါရစသော တရားတို့ကို စုပေါင်းလိုက်သော် စင်စစ် သတ္တ ဝါစသည် မရှိ၊ သင်္ခါရအစုအပေါင်းမျှသာ ကျန်ရှိကြောင်းကို ထင်ရှား သိကြ လေကုန်။ ထိုသင်္ခါရတရားတို့၏ အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ ဩဠာရိက သုခုမ ဟီန ပဏီတ ဒူရ သန္တိကတို့ကို ဝေဒနာ၌ ပြဆိုသော နည်း အတိုင်း သိကြလေ။ ဤဆိုအပ်ပြီးသော သင်္ခါရတရားတို့၏ စုပေါင်းခြင်း လက္ခဏာကို ဟုတ်တိုင်းမှန်စွာ မသိတတ်သော သဘောသည် စင်စစ် အဝိဇ္ဇာ သဘော ဖြစ်ပေ၏။

ဤတွင် သင်္ခါရက္ခန္ဓာကို မသိပုံကို ဖော်ပြချက် ပြီး၏။

---

## ဝိညာဏက္ခန္ဓာကိုမသိပုံကို ပြဆိုချက်

**ဝိညာဏက္ခန္ဓာ။** ။ဝိညာဏက္ခန္ဓာ ဆိုအပ်သည်မှာ— အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ ဩဠာရိက သုခုမ ဟီန ပဏီတ ဒူရ သန္တိကဟု ဆိုအပ်သော တဆဲ့တရာသီအတွင်း၌ရှိသော အသိဝိညာဏ်သဘော တို့ကို စုပေါင်း၍ ဝိညာဏက္ခန္ဓာဟု ခေါ်ဆိုအပ်သည်၊ ခေါ်ဆိုအပ်ကြောင်း ကိုလည်း ခန္ဓဝိဘင်းပါဠိတော် စာမျက်နှာ(၁၀)၌—

> တတ္ထ ကတမော ဝိညာဏက္ခန္ဓော၊ ယံ ကိဉ္စိ ဝိညာဏံ အတီတာ- နာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ တဒေကဇ္ဈံ အဘိသညူဟိတွာ အဘိ- သံခိပိတွာ အယံ ဝုစ္စတိ ဝိညာဏက္ခန္ဓော။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ သိလေ။ မြန်မာပြန်ကား—

တတ္ထ၊ တို့တွင်။ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာသည်။ ဝါ၊ အသိဝိညာဏ် တို့၏ အပေါင်းသည်။ ကတမော၊ အဘယ်နည်း။ အတီတာနာဂတပစ္စုပ္ပန္နံ၊ ဖြစ်ပြီး ဖြစ်လတ္တံ့ ဖြစ်ဆဲဖြစ်သော။ ယံ ကိဉ္စိ၊ အလုံးစုံသော။ ယံ ဝိညာဏံ၊ အကြင်အာရုံကို ရှေးသွားပြု၍ သိတတ်သော သဘောသည်ရှိ၏။ အဇ္ဈတ္တံ ဝါ၊ မိမိသန္တာန်၌လည်းဖြစ်သော။ ဗဟိဒ္ဓါ ဝါ၊ သူတပါးသန္တာန်၌လည်းဖြစ်သော။ ယံ ကိဉ္စိ၊ သော။ ယံ ဝိညာဏံ၊ သည်ရှိ၏။ ဩဠာရိကံ ဝါ၊ ရုန့်ရင်းသည်လည်း ဖြစ်သော။ သုခုမံ ဝါ၊ သိမ်မွေ့သည်လည်းဖြစ်သော။ ယံ ကိဉ္စိ၊ သော။ ယံ ဝိညာဏံ၊ သည်ရှိ၏။ ဟီနံ ဝါ၊ ယုတ်သည်လည်းဖြစ်သော။ ပဏီတံ ဝါ၊ မြတ် သည်လည်းဖြစ်သော။ ယံ ကိဉ္စိ၊ သော။ ယံ ဝိညာဏံ၊ သည်ရှိ၏။ ဒူရေ ဝါ၊ ဝေးသည်လည်းဖြစ်သော။ သန္တိကေ ဝါ၊ နီးသည်လည်းဖြစ်သော။ ယံ ကိဉ္စိ၊

သော။ ယံ ဝိညာဏံ၊ သည့်ငင်း။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုဆိုအပ်ပြီးသော အလုံးစုံ အသိသဘော ဝိညာဏ်ကို။ ဧကဇ္ဈံ၊ တပေါင်းတည်း။ အဘိသညှူဟိတ္ဝာ၊ ပေါင်း ၍။ အဘိသံခိပိတ္ဝာ၊ ချုံး၍။ အယံ သဘာဝေါ၊ ဤဆိုအပ်ပြီးသော အသိ ဝိညာဏ်တို့၏ အပေါင်းကို။ ဝိညာဏက္ခန္ဓောတိ၊ ဝိညာဏက္ခန္ဓာဟူ၍။ ဝါ၊ အသိသဘောတို့၏ အပေါင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဆိုအပ်သည်ကိုထောက်၍ တဆဲ့တရာသီအတွင်း၌ရှိသော အသိ-ဝိညာဏ်တို့ကို ပေါင်းစု၍ ဝိညာဏက္ခန္ဓာဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှား သိကြလေ။ ထိုအသိ ဝိညာဏ်အစုမှတပါး သတ္တဝါ့အသက်ဟူ၍ စင်စစ် မရှိ ကြောင်းကိုလည်း သိကြလေ။ ထိုဆိုအပ်ပြီးသော အသိဝိညာဏ်တို့၏ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိက တို့ကို ဝေဒနာ၌ ပြဆိုအပ်သော နည်းအတိုင်းပင် သိကြလေ။ ထိုဆိုအပ်ပြီး သော အသိဝိညာဏ်တို့၏ အစုအပေါင်းဟု ဆိုအပ်သော ရာသိလက္ခဏာကို မသိတတ်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်၏ဟု မှတ်ကြလေ။

ဤတွင် ဝိညာဏက္ခန္ဓာကိုမသိပုံကို ဖော်ပြချက် ပြီး၏။

---

## ခန္ဓာတို့၏ ရာသိလက္ခဏာကို မသိပုံ

ထိုဆိုအပ်ပြီးသော ခန္ဓာငါးပါးတို့၏ အပေါင်းအစုဟူသော ရာသိလက္ခဏာ ကို မသိတတ်သော သဘောကိုပင် စင်စစ် အဝိဇ္ဇာဟု ခေါ်ဆိုအပ်ကြောင်းကို လည်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စာမျက်နှာ (၁၅၇) ပညာဘူမိနိဒ္ဒေသ၌—

ခန္ဓာနံ ရာသဋ္ဌံ။ပ။ အဝိဒိတံ ကရောတီတိပိ အဝိဇ္ဇာ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်လေ။ အနက်သိကြောင်း မြန်မာပြန်ကား—

ခန္ဓာနံ၊ ခန္ဓာတို့၏။ ရာသဋ္ဌံ၊ အပေါင်းဟူသော အနက်ကို။ပ။ အဝိဒိတံ၊ မသိခြင်းကို။ ကရောတိ၊ ပြုတတ်၏။ ဣတိပိ၊ ထို့ကြောင့်လည်း။ အဝိဇ္ဇာ၊ အဝိဇ္ဇာ မည်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ ခန္ဓာတို့၏ အစုအပေါင်းဟူသော ရာသိ လက္ခဏာကို မသိတတ်သော သဘောကိုပင် စင်စစ် အဝိဇ္ဇာ ဟု ခေါ်ဆိုအပ် ကြောင်းကို ထင်ရှားသိကြလေ။ ထိုနည်းအတူ သမ္မောဟဝိနောဒနီ အဋ္ဌကထာ ပဋိစ္စသမုပ္ပါဒ်အဖွင့် စာမျက်နှာ (၁၂၇)၌လည်း—

ခန္ဓာနံ ရာသဋ္ဌံ။ပ။ အဝိဒိတံ ကရောတီတိ အဝိဇ္ဇာ။

ဟူ၍ မိန့်ဆိုလေသေး၏။ အနက်အဓိပ္ပါယ်မှာ ထပ်တူသာတည်း။

## အာယတနဓာတ်သစ္စတို့၏ အဆုံးအဖြတ်ကို ပြဆိုချက်
## အာယတန ၁၂ပါးကို အဝိဇ္ဇာက မသိပုံ

ဝင်းအဝိဇ္ဇာသည် ခန္ဓာတို့၏ အပေါင်းအစုဟူသော ရာသိလက္ခဏာကိုသာ မသိတတ်သည်မဟုတ်သေး၊ အာယတန ဓာတ် သစ္စာတို့၏ သဘောလက္ခဏာကိုလည်း မသိသည်သာလျှင်ကတည်း။ မသိပုံကို ထင်စွာ ပြဦးအံ့။

**အတွင်းအာယတန ၆-ပါး။** ။ရှေး၌ဖော်ပြဆိုအပ်ခဲ့ပြီးသော ရုပ်၂၈-ပါးတို့တွင် စက္ခုပသာဒဟု ခေါ်ဆိုအပ်သော မျက်စိအကြည်သည် **စက္ခာယတန** မည်၏။ သောတပသာဒဟု ခေါ်ဆိုအပ်သော **နားအကြည်**သည် **သောတာယတန** မည်၏။ ဃာနပသာဒဟု ခေါ်ဆိုအပ်သော **နှာခေါင်း**အကြည်သည် **ဃာနာယတန** မည်၏။ ဇိဝှါပသာဒဟု ခေါ်ဆိုအပ်သော လျှာအကြည်သည် **ဇိဝှါယတန** မည်၏။ တကိုယ်လုံးနှံ့၍တည်သော ကာယပသာဒဟု ခေါ်ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံတို့၏ ထိခိုက်ရာ အကြည်သဘောသည် **ကာယာ-ယတန** မည်၏။ အလုံးစုံသော စိတ်တခုယုတ်ကိုးဆယ်သည် **မနာယတန** မည်၏။

**အပြင်အာယတန ၆-ပါး။** ။ရူပဟု ခေါ်ဆိုအပ်သော အဆင်းသဘောသည် **ရူပါယတန** မည်၏။ သဒ္ဒဟု ခေါ်ဆိုအပ်သော အသံသဘောသည် **သဒ္ဒါယတန** မည်၏။ ဂန္ဓဟု ခေါ်ဆိုအပ်သော အနံ့သဘောသည် **ဂန္ဓာယတန** မည်၏။ ရသဟု ခေါ်ဆိုအပ်သော အရသာသဘောသည် **ရသာယတန** မည်၏။ ဖောဋ္ဌဗ္ဗဟု ခေါ်ဆိုအပ်သော ပထဝီ တေဇော ဝါယော တည်းဟူသော တွေ့ထိအပ်သော သဘောသည် **ဖောဋ္ဌဗ္ဗာယတန** မည်၏။ ကျန်သောရုပ် ၁၆-ပါးနှင့် စေတသိက် ၅၂-ပါး နိဗ္ဗာန်သဘောသည် **ဓမ္မာယတန** မည်၏။

**အာယတန မည်ပုံ။** ။ဝင်း ပြဆိုအပ်ခဲ့ပြီးသော တရားသဘော ဟူသမျှကို အဘယ်ကြောင့် အာယတနဟု ခေါ်ဆိုအပ်သနည်းဟူမူ စိတ်စေတသိက် တရားတို့သည် ဝင်းအာယတန ခေါ်အပ်သော တရားတို့ကို ထိုက်သည် အားလျော်စွာ အမှီတကဲ သဟဲပြုလျက် မိမိ မိမိတို့၏ ကိစ္စအားဖြင့် အားထုတ်ကုန်၏။ ထိုသို့ စိတ်စေတသိက် တရားတို့၏ ကိစ္စအားဖြင့် အားထုတ်ရာ ဌာနဖြစ်သောကြောင့် ဝင်းစက္ခုပသာဒ စသော တရားတို့ကို အာယတနဟု ခေါ်ဆိုအပ်လေသည်။ ခေါ်ဆိုအပ်ကြောင်းကိုလည်း သမ္မောဟဝိနောဒနီ အဋ္ဌ-ကထာ အာယတနအဖွင့် စာမျက်နှာ(၄၂)၌—

စက္ခုရူပါဒီသု ဟိ တံတံဒွါရာရမ္မဏာ စိတ္တစေတသိကာ ဓမ္မာ သေန သေန အနုဘဝနာဒိနာ ကိစ္စေန အာယတန္တိ ဃဋန္တိ ဝါယမန္တီတိ ဝုတ္တံ ဟောတိ။

ဟူ၍ မိန့်အပ်သည်ကို ထောက်၍ သိလေ။

အနက်သိကြောင်း မြန်မာပြန်ကား—

ဟိ ဝိတ္ထာရေမိ၊ ထိုစကားကိုချဲ့ဦးအံ့။ စက္ခုရူပါဒီသု၊ စက္ခုရူပါရုံစသည်တို့၌။ တံတံဒွါရာရမ္မဏာ၊ ထိုထိုဒွါရ အာရုံရှိကုန်သော။ စိတ္တစေတသိကာ၊ စိတ်-စေတသိက်ဖြစ်ကုန်သော။ ဝါ၊ အာရုံကို သိတတ်သော သဘော, အာရုံကို သိတတ်သော သဘောကိုမှီ၍ ဖြစ်ကုန်သော။ ဓမ္မာ၊ သတ္တဝါ,အသက် မဟုတ်ကုန်သော သဘောတရားတို့သည်။ သေန သေန၊ မိမိ မိမိတို့၏ သတ္တိဖြစ်သော။ အနုဘဝနာဒိနာ၊ ခံစားခြင်း အစရှိသော။ ဝါ၊ ခံစားခြင်း မှတ်ခြင်း စေ့ဆော်ခြင်း အစရှိသော။ ကိစ္စေန၊ ကိစ္စဖြင့်။ ဝါ၊ ပြုလုပ်မှုဖြင့်။ အာယတန္တိ ဃဋန္တိ ဝါယမန္တိ၊ အားထုတ်တတ်ကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား—

စက္ခု သောတ ဃာန ဇိဝှါ ကာယ မန ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဓမ္မဟု ဆိုအပ်ကုန်သော အာယတနဟု ခေါ်ဆိုအပ်ကုန်သော သဘောတရားအပေါင်းတို့ကို ထိုထို ဒွါရ ထိုထို အာရုံကို အမှီတကဲ သဟဲပြု၍ ဖြစ်ကုန်သော စိတ်စေတသိက်တရားတို့သည် စင်စစ် အမှီတကဲ သဟဲပြုကုန်၍သာလျှင် မိမိ မိမိတို့၏ကိစ္စဖြင့် အားထုတ်ကြကုန်၏။ ထိုသို့အားထုတ်ကုန်သော စိတ် စေတသိက်တရားတို့၏ အမှီတကဲ သဟဲပြုကုန်၍ အားထုတ်ရာဌာနဖြစ်သောကြောင့် ထို စက္ခုစသော တရားအပေါင်းကို အာယတနဟု ခေါ်ဆိုအပ်လေသည် ဟူလို။ ဤကား အဓိပ္ပါယ်။

ဝိဂ္ဂြိုဟ်ပြုလိုသော် အာယတန္တိ ဧတ္ထာတိ အာယတနာနိ-ဟူ၍ အဓိကရဏ-သာဓ် ပြုစေတော်မူလို၏။

ဧတ္ထ၊ ဤစက္ခုစသော ၁၂-ပါးသော အာယတနတရား၌။ စိတ္တစေတသိကာ၊ စိတ် စေတသိက်တရားတို့သည်။ အာယတန္တိ၊ အားထုတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ အားထုတ်ရာ ဌာနဖြစ်သည်၏ အဖြစ်ကြောင့်။ တာနိ၊ ထိုစက္ခုစသော တရားတို့သည်။ အာယတနာနိ၊ အာယတနတို့ မည်ကုန်၏။

အာယတန္တိ ဧတ္ထာတိ-ကား အဓိကရဏသာဓနကိတ်ဝိဂ္ဂြိုဟ်၊ အာယတနာနိ-ကား ကိတ်ပုဒ်၊ အာ-ရှေးရှိသော ယတ-ဓာတ်၊ ယု-ပစ္စည်း။ အာယတန္တိ-

ဟူသော ကတ္တတ္ထကြိယာ၏ အရကား ထိုစက္ခု ရူပါရုံစသောတရားတို့ကို ဒွါရ အာရုံအားဖြင့် အမှီတကဲ သဟဲပြု၍ဖြစ်ကုန်သော စိတ် စေတသိက်တရားဟု ဆိုအပ်ကုန်သော ပစ္စယုပ္ပန်အကျိုးတရားသည် မုချအားဖြင့် ရ၏။ အဓိကရဏ ကြိယာ၏အရကား ထို အကျိုးပစ္စယုပ္ပန်တရားဖြစ်ကုန်သော စိတ် စေတသိက် တရားတို့အား ဒွါရအာရုံအားဖြင့် ကျေးဇူးပြုတတ်ကုန်သော ရုပ်အာယတန နာမ်အာယတနတရားတို့၏ ဥပနိဿယ အာရမ္မဏ အစရှိသော ပစ္စယသတ္တိသည် ဌာနူပစာရတ္ထအားဖြင့် ရ၏။ ယ-ပစ္စည်း၏ အရကား ထိုမုချဉပစာရအားဖြင့် မှတ်အပ်သော အာယတနတရား ၁၂-ပါး ရ၏။

ထို့ကြောင် စက္ခုရူပါရုံစသော တရားအပေါင်းကို စိတ် စေတသိက်တရား တို့၏ အမှီတကဲ သဟဲပြု၍ အားထုတ်ရာဌာနဖြစ်သောကြောင့် အာယတနဟု ခေါ်ဆိုအပ်လေသည်။

တနည်းလည်း ထိုအာယတနဟု ဆိုအပ်သော တရားတို့သည် မိမိကို ဒွါရ အာရုံအားဖြင့် အမှီတကဲ သဟဲပြုကုန်သော အကျိုးတရားဖြစ်ကုန်သော အာယ ဖြစ်သော စိတ် စေတသိက်တရားတို့ကို အစဉ်မပြတ် ချဲ့ထွင်တတ်ကုန်၏။ ထိုသို့ အကျိုးတရားဖြစ်ကုန်သော စိတ် စေတသိက်တရားတို့ကို ချဲ့တတ်ကုန်သော သတ္တိကြောင့် ထိုဒွါရအာရုံဖြစ်ကုန်သော စက္ခု ပသာဒ ရူပါရုံ စသော တရား တို့ကို အာယတနဟု ခေါ်ဆိုအပ်ကုန်သည်။ ထိုသို့ ခေါ်ဆိုအပ်ကြောင်းကို လည်း သမ္မောဟဝိနောဒနီအဋ္ဌကထာရှင်သည် အာယတနအဖွင့် စာမျက်နှာ (၄၂)၌—

> တေ စ ပန အာယဘူတေ ဓမ္မေ တောနိ တနောန္တိ ဝိတ္ထာရေန္တီတိ ဝုတ္တံ ဟောတိ။

ဟူ၍ မိန့်ပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

အာယဘူတေ၊ ဒွါရအာရုံတို့၌ ဖြစ်သည်ဖြစ်၍ ဖြစ်ကုန်သော။ တေ စ ပန ဓမ္မေ၊ ထို စိတ် စေတသိက်တရားတို့ကို။ တောနိ၊ ထိုစက္ခုပသာဒ ရူပါရုံစသော တရားတို့သည်။ တနောန္တိ ဝိတ္ထာရေန္တိ၊ ချဲ့တတ်ကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား—

အာယတနဟုခေါ်ဆိုအပ်သောတရားအပေါင်းသည် ဒွါရအာရုံ၏အဖြစ်ဖြင့် အကျိုးတရားဖြစ်ကုန်သော အာယ-ဟု ခေါ်ဆိုအပ်ကုန်သော စိတ်စေတသိက် တရားတို့ကို ချဲ့တတ်သည်၏အဖြစ်ကြောင့် ၎င်း စက္ခု ရူပါရုံစသော အကြောင်း

ရင်းဖြစ်သော တရားအပေါင်းကိုပင် အာယတနဟု ခေါ်ဆိုအပ်လေသည်။ ဤကား အဓိပ္ပါယ်။

ဝိဂြိုဟ်ပြုလိုသော် တံတံဒွါရာရမ္မဏေသု အာယန္တိ ပဝတ္တန္တီတိ အာယာ-ဟု အာယ-ကို ရှေးဦးစွာ ဝိဂြိုဟ်ပြုရာ၏။

ယေ ဓမ္မာ၊ အကြင် စိတ် စေတသိက်တရားတို့သည်။ တံတံဒွါရာရမ္မဏေသု၊ ထိုထိုသို့သော ဒွါရအာရုံတို့၌။ အာယန္တိ ပဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ ဒွါရအာရုံတို့၌ ဖြစ်တတ်ကုန်သည်၏အဖြစ်ကြောင့်။ တေ ဓမ္မာ၊ ထို စိတ် စေတသိက်တရားတို့သည်။ အာယာ၊ အာယ မည်ကုန်၏။

အာယန္တိ ပဝတ္တန္တိ-ကား ကတ္တုသာဓနကိတ်ဝိဂြိုဟ် အာယာ-ကား ကိတ်ပုဒ်၊ အယဓာတ်၊ ပဝတ္တန အနက်ဟော၊ ဏ-ပစ္စည်း၊ အာယန္တိ-ဟူသော ကတ္တုတ္ထ ကြိယာ၏အရကား ထိုထိုသို့သော ဒွါရအာရုံ၌ဖြစ်ကုန်သော စိတ် စေတသိက် တရားတို့၏ ဖြစ်ပေါ်မှု ဥပါဒ်သည် မုချ ရ၏။ ထိုဖြစ်ပေါ်မှုဥပါဒ်ကို ပြီးစေတတ် ကုန်သော စိတ် စေတသိက်တရားတို့သည် ဖလူပစာရအားဖြင့် ရကုန်၏။ တနည်း–ထိုဖြစ်ပေါ်မှု ဥပါဒ်၏ မှီရာဖြစ်သော စိတ် စေတသိက်တရားတို့သည် ဌာနူပစာရအားဖြင့် ရကုန်၏။ ဏ-ပစ္စည်း၏အရကား ထိုမုချဥပစာရအားဖြင့် မှတ်အပ်သော စိတ် စေတသိက်တရားကိုသာ ရပေ၏။ ထို့ကြောင့် အာယ ဆိုလျှင် စိတ် စေတသိက်တရားကိုသာ ခေါ်ဆိုအပ်သည်ဟု မှတ်ကြလေ။ ဤတွင် အာယပုဒ်၏ အရကို ပြချက်ပြီး၏။

ထိုနောက်မှတဖန် အာယေ တနောန္တိ ဝိတ္ထာရေန္တီတိ အာယတနာနိ ဟု ဝိဂြိုဟ်ပြုရာ၏။

ယာနိ၊ အကြင်စက္ခုစသော တရားတို့သည်။ အာယေ၊ ထိုထိုဒွါရအာရုံ၌ ဖြစ်ကုန်သော စိတ် စေတသိက်တရားတို့ကို။ တနောန္တိ ဝိတ္ထာရေန္တိ၊ ချဲ့တတ် ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တာနိ၊ ထိုစက္ခုစသော တရားတို့သည်။ အာယတနာနိ၊ အာယတနတို့ မည်ကုန်၏။

အာယေ တနောန္တိ ဝိတ္ထာရေန္တီတိကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ အာယ-တနာနိ-ကား ကိတ်ပုဒ်၊ အာယသဒ္ဒူပပဒ တနုဓာတ် ဝိတ္ထာရအနက်ဟော၊ အပစ္စည်း။

တနောန္တိ ဝိတ္ထာရေန္တိ-ဟူသော ကတ္တုတ္ထကြိယာ၏ အရကား အာယ ဟု ဆိုအပ်သော စိတ် စေတသိက်တရားတို့ကို ဒွါရအာရုံအားဖြင့် ချဲ့တတ်ကုန်သော စက္ခု ရူပါရုံစသောတရားတို့၏ ပကတူပနိဿယ အာရမ္မဏစသော ပစ္စယသတ္တိ သည် မုချရ၏၊ ၎င်းပစ္စယသတ္တိမန္တဖြစ်သော စက္ခု ရူပါရုံစသော ဒွါရအာရုံ

တရားတို့သည် ဌာနူပစာရအားဖြင့် ရ၏၊ အပစ္စည်း၏ အရကား ထိုမုချဉပစာရ အားဖြင့် မှတ်အပ်သော အာယတနတရား(၁၂)ပါး ရ၏။

ဤသို့ ပြဆိုအပ်သော ဝိဂ္ဂိုဟ်အရကို ထောက်၍လည်း အာယဟု ခေါ်ဆို အပ်သော အကျိုးဖြစ်သော စိတ် စေတသိက်တရားတို့ကို ဒွါရ အာရုံ၏ အဖြစ် ဖြင့် ချဲ့ထွင်တတ်ကုန်သော စက္ခု ရူပါရုံစသော တရားအပေါင်းကိုပင် အာယကို ချဲ့ထွင်တတ်ကုန်သော အနက်သဘောကြောင့် အာယတန ဟု ခေါ်ဆိုအပ် ကြောင်းကို ထင်ရှားသိကြလေကုန်။

ထိုမှတပါးလည်း အာယတနဟူသော ပုဒ်အနက်သဘာဝတ္ထတို့ကို ဖော်ပြ ချက်တို့သည် များစွာ ရှိသေး၏။ ထိုသို့ပင် ရှိသော်လည်း ကျမ်းကျယ်လွန်း မည်ကို စိုး၍ မရေးသားပြီ။ အကျဉ်းအားဖြင့် ဤပြဆိုအပ်သော နည်းနှစ်ပါး ဖြင့်ပင် အာယတနဟူသောပုဒ်၏ သဘောလက္ခဏာကို သိလောက်လေပြီ။ အကျယ်ကို လိုလျှင် သမ္မောဟဝိနောဒနီအဋ္ဌကထာ အာယတနအဖွင့်၌ ယူကြ လေ။

ဤသို့ ပြဆိုအပ်ပြီးသော အာယတန၏ သဘောလက္ခဏာကို မသိတတ် သောသဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်၏။ ထိုသို့ဖြစ်ကြောင်းကို လည်း သမ္မောဟဝိနောဒနီအဋ္ဌကထာ ပဋိစ္စသမုပ္ပါဒ်အဖွင့် စာမျက်နှာ ၁၂၇-နှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပညာဘူမိအဖွင့် စာမျက်နှာ ၁၅၇-၌—

အာယတနာနံ အာယတနဋ္ဌံ။လ။ အဝိဒိတံ ကရောတီတိ အဝိဇ္ဇာ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။ အနက်သိကြောင်း မြန်မာပြန်ကား—

ယာ ဓမ္မဇာတိ၊ အကြင်သဘောတရားသည်။ အာယတနာနံ၊ အာယတန တရားတို့၏။ အာယတနဋ္ဌံ၊ အားထုတ်ရာဟူသောအနက်, ချဲ့ထွင်တတ်သော သဘောစသော အနက်ကို။လ။ အဝိဒိတံ၊ မသိခြင်းကို။ ကရောတိ၊ ပြုတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သာ ဓမ္မဇာတိ၊ ထိုသဘောတရားသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ အာယတန၏ သဘောလက္ခဏာကို မသိတတ်သော သဘောသည် စင်စစ် အဝိဇ္ဇာဖြစ်ကြောင်းကို ထင်ရှားသိကြ လေ။

## ဓာတ် ၁၈-ပါးကို အဝိဇ္ဇာက မသိပုံ

**ဓာတ် ၁၈-ပါး ခွဲပုံ။** ။ငင်းအဝိဇ္ဇာသည် ပြဆိုအပ်ပြီးသော အာယတန သဘောလက္ခဏာကိုသာ မသိသည် မဟုတ်သေး၊ ဓာတ်တို့၏ သဘောလက္ခဏာကိုလည်း မသိသည်သာလျှင်ကတည်း။ မသိပုံကို

ထင်ရှားပြဦးအံ့။ ရှေး၌ ပြဆိုအပ်ခဲ့ပြီးသော ရုပ်နာမ်တရားတို့တွင် **စက္ခု**ပသာဒရုပ်သည် **စက္ခုဓာတ်** မည်၏၊ သောတပသာဒရုပ်သည် **သောတဓာတ်** မည်၏၊ **ဃာန**ပသာဒရုပ်သည် **ဃာနဓာတ်** မည်၏၊ ဇိဝှါပသာဒရုပ်သည် **ဇိဝှါဓာတ်** မည်၏၊ ကာယပသာဒရုပ်သည် **ကာယဓာတ်** မည်၏၊ အဆင်း ရူပါရုံသည် **ရူပဓာတ်** မည်၏၊ အသံ သဒ္ဒါရုံသည် **သဒ္ဒဓာတ်** မည်၏၊ အနံ့ ဂန္ဓာရုံသည် **ဂန္ဓဓာတ်** မည်၏၊ အရသာတည်းဟူသော ရသာရုံသည် **ရသဓာတ်** မည်၏၊ **အ**တွေ့ဟု ဆိုအပ်သော ပထဝီ တေဇော ဝါယော သဘောတရား သုံးပါးသည် **ဖောဋ္ဌဗ္ဗဓာတ်** မည်၏၊ ကျန်သော သုခုမရုပ် ၁၆-ပါး၊ စေတသိက် ၅၂-ပါး နိဗ္ဗာန် ဤ တရားသဘောဟူသမျှသည် **ဓမ္မဓာတ်** မည်၏၊ စိတ်တခုယုတ် ကိုးဆယ်တို့တွင် စက္ခုဝိညာဏ်ဒွေးသည် **စက္ခုဝိညာဏဓာတ်** မည်၏၊ သောတဝိညာဏ်ဒွေးသည် **သောတဝိညာဏဓာတ်** မည်၏၊ ဃာနဝိညာဏ်ဒွေးသည် **ဃာနဝိညာဏဓာတ်** မည်၏၊ ဇိဝှါဝိညာဏ်ဒွေးသည် **ဇိဝှါဝိညာဏဓာတ်** မည်၏၊ ကာယဝိညာဏ်ဒွေးသည် **ကာယဝိညာဏဓာတ်** မည်၏၊ သမ္ပဋိစ္ဆိုင်းဒွေး ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဤသုံးပါးသောစိတ်သည် **မနောဓာတ်** မည်၏၊ ကျန်သော စိတ် ၇၆-ပါးသည် **မနောဝိညာဏဓာတ်** မည်၏၊ ဤသို့လျှင် ဓာတ် ၁၈-ပါး ဖြစ်၏။

**ဓာတ်မည်ပုံ။** ။ထို ၁၈-ပါးသော ဓာတ်သည် စင်စစ် အကောင်အထည် ဒြဗ် သဏ္ဌာန်မှုငြင်း၊ သတ္တဝါ, အသက်မှုငြင်း ဆိတ်လျက် မိမိ မိမိတို့၏ ပရမတ္ထသဘော လက္ခဏာမျှသာ အသီး အသီး ဆိုင်ရာ ဆိုင်ရာ ရှိကြပေ၏၊ ထိုသို့ အသီး အသီး ဆိုင်ရာ ဆိုင်ရာ မိမိ မိမိတို့၏ သဘော လက္ခဏာမျှသာ ရှိခြင်းကြောင့်၎င်း၊ အကောင်အထည် ဒြဗ် သဏ္ဌာန် သတ္တဝါ အသက်မှ ဆိတ်သည်၏ အဖြစ်ကြောင့်၎င်း ထိုစက္ခုစသော သဘောတရားတို့ကို ဓာတ်ဟူ၍ ခေါ်ဆိုအပ်လေကုန်သည်။ ထိုသို့ ခေါ်ဆိုအပ်ကြောင်းကိုလည်း သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် ဓာတုဝိဘင်းအဖွင့် စာမျက်နှာ(၅၂)၌—

သဘာဝသုညတနိဿတ္တဋ္ဌေန။လ။ ဓာတု။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

**အနက်သိကြောင်း** မြန်မာပြန်ကား—

သဘာဝသုညတနိဿတ္တဋ္ဌေန၊ မိမိ၏လက္ခဏာဖြင့် ထင်ရှားရှိသော ပရမတ္ထသဘောဟူသောအနက် အကောင် အထည် ဒြဗ် သဏ္ဌာန် အသက်ဟူသမျှမှ ဆိတ်ခြင်းဟူသောအနက် သတ္တဝါမဟုတ်သော အနက်သဘောကြောင့်။လ။ ဓာတု၊ဓာတ်မည်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ဓာတ်မည်ကြောင်းကို ထင်ရှား သိကြလေ။ ထိုဆိုအပ်ပြီးသော ဓာတ်တို့၏သဘောလက္ခဏာကို မသိတတ်သော

သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်၏။ ထိုသို့ ဖြစ်ကြောင်းကို သိစေလိုသော သမ္မောဟဝိနောဒနီအဋ္ဌကထာရှင်သည် ပဋိစ္စသမုပ္ပါဒ်အဖွင့် စာမျက်နှာ(၁၂၇)၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ပညာဘူမိအဖွင့် စာမျက်နှာ(၁၅၇)၌—

ဓာတူနံ သုညဋ္ဌံ။လ။ အဝိဒိတံ ကရောတီတိ အဝိဇ္ဇာ။

ဟူ၍ မိန့်ဆိုတော်မူကြလေပြီ။

ယာ ဓမ္မဇာတိ၊ အကြင်သဘောတရားသည်။ ဓာတူနံ၊ ဓာတ်တို့၏။ သုညဋ္ဌံ၊ အကောင် အထည် ဒြပ် သဏ္ဌာန် အသက် သတ္တဝါမှ ဆိတ်သော အနက်သဘောကို။လ။ အဝိဒိတံ၊ မသိခြင်းကို။ ကရောတိ၊ ပြုတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ အကောင် အထည် ဒြပ် သဏ္ဌာန် အသက် သတ္တဝါမှ ဆိတ်သည်၏ အဖြစ်ကို မသိခြင်းကို ပြုတတ်သောကြောင့်။ သာ ဓမ္မဇာတိ၊ ထိုသဘောတရားသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ဓာတ်တို့၏ သဘောလက္ခဏာကို မသိတတ်သောသဘောကိုပင် စင်စစ် အဝိဇ္ဇာဟု ခေါ်ဝေါ်အပ်ကြောင်းကို ထင်ရှားသိကြလေ။

**သစ္စာလေးပါး အဆုံးအဖြတ်ကို ပြဆိုချက်**

**သစ္စာ ၄-ပါး မသိပုံ။** ။ငင်းအဝိဇ္ဇာသဘောသည် ဓာတ်တို့၏ သဘောလက္ခဏာကိုသာ မသိတတ်သည် မဟုတ်သေး၊ သစ္စာတရား သစ္စာ၏ သဘောလက္ခဏာတို့ကိုလည်း မသိတတ်သည်သာလျှင်ကတည်း။ မသိပုံကို ထင်စွာ ပြဦးအံ့။

**စက္ခုပသာဒ ဒုက္ခသစ္စာဖြစ်ပုံ။** ။စက္ခုပသာဒရုပ်သည် ဒုက္ခသစ္စာတရားဖြစ်၏။ အဘယ်ကြောင့် စက္ခုပသာဒရုပ်ကို ဒုက္ခသစ္စာတရားဟု ခေါ်ဆိုအပ်လေသနည်းဟူမူ ငင်းစက္ခုပသာဒရုပ်သည် ဖြစ်ခြင်းတည်းဟူသော ဇာတိဘေးနှင့်ငင်း၊ ရင့်ရော်ခြင်းတည်းဟူသော ဇရာဘေးနှင့်ငင်း၊ အနာနှိပ်စက်ခြင်းတည်းဟူသော ဗျာဓိဘေးနှင့်ငင်း၊ ပျက်စီးခြင်းတည်းဟူသော မရဏဘေးနှင့်ငင်း ကေန် ဆက်ဆံ ပေါင်းသင်းရသည်၏အဖြစ်ကြောင့် ငင်းဘေးတို့၏တည်ရာသဘော နှိပ်စက်အပ်ရာသဘောသာ ကေန် ဖြစ်ပေ၏။

ထိုသို့ ဇာတိစသော ဘေးတို့၏တည်ရာ နှိပ်စက်အပ်ရာ သဘော၏အဖြစ်ကြောင့် စင်စစ် စက်ဆုပ်အပ်သော သဘောအမှန် ဖြစ်ပေ၏။ ထိုသို့ စက်ဆုပ်အပ်သော အနက်သဘော အမှန်ဖြစ်သောကြောင့်ငင်း၊ ထိုစက္ခုဟုခေါ်သော မျက်စိအကြည်သည် ဖြစ်ပေါ်လျှင် ပျက်မြဲဓမ္မတာ ရှိသည်၏အဖြစ်ကြောင့် ဖြစ်ပေါ်လျှင် ကေန် ပျက်စီးတတ်ပေ၏၊ ထိုသို့ ပျက်စီးတတ်သောကြောင့်

မြဲခြင်းတည်းဟူသော အနှစ်သာရမရှိဘဲ အချည်းနှီးသဘောသာလျှင် ကေန် ရှိပေ၏၊ ထိုသို့ မြဲခြင်း အနှစ်မရှိ အချည်းနှီးသဘောသာ ကေန်ရှိသည်၏ အဖြစ်ကြောင့်ငင်း၊ ငင်းမျက်စိအကြည်ကိုပင် အပျက်တရားသည် ကေန် နှိပ်စက်ပေ၏။

ထိုသို့ အပျက်တရား၏အနှိပ်စက်ကို ခံရခြင်းကြောင့် ငင်းစက္ခုပသာဒရုပ်၌ ချမ်းသာခြင်းတည်းဟူသော သုခ အနှစ်သာရသည် စိုးစိမျှ မရှိလေပြီ။ စင်စစ် အချည်းနှီးသဘောသာ ရှိပေ၏။ ထိုသို့ သုခအနှစ်သာရ မရှိ၊ အချည်းနှီး သဘောလျှင် ရှိသည်၏အဖြစ်ကြောင့်ငင်း၊ ငင်းစက္ခုပသာဒရုပ်သည် ငါ သူ သတ္တဝါ မိမိစသော အတ္တတရား မဟုတ်၊ စင်စစ် အနတ္တတရားသဘောသာလျှင် ဖြစ်ပေ၏။ ထိုသို့ ဖြစ်ခြင်းကြောင့် ငင်းစက္ခုပသာဒ၌ အတ္တဟူသော အနှစ် သာရသည် စိုးစိမျှ မရှိ၊ အချည်းနှီးသဘောသာလျှင် ကေန် ရှိပေ၏။

ထိုသို့ အတ္တအနှစ်သာရ မရှိ၊ အချည်းနှီးသဘောသာလျှင် ရှိသည်၏အဖြစ် ကြောင့်ငင်း၊ ငင်းမျက်စိအကြည်ဟု ခေါ်ဆိုအပ်သော စက္ခုပသာဒရုပ်၌ မနှစ် သက်အပ်သော ဒုက္ခဟု ဆိုအပ်သော မကောင်းသော အနံ့သဘောသည်လည်း ကေန် တည်ရှိပေ၏။ ထိုသို့ တည်ရှိခြင်းကြောင့် ငင်းစက္ခုပသာဒရုပ်ကို ပညာ မျက်စိဖြင့် ရှုကြည့်သော် စင်စစ် တင့်တယ်၏ဟု ယူရန် သုဘအနှစ်သည် ငင်းစက္ခု ပသာဒအား ကေန် မရှိလေပြီ၊ မတင့်တယ်သော အသုဘသဘောသာလျှင် မုချ ရှိပေ၏။ ထိုသို့ သုဘအနှစ်သာရ မရှိ၊ စင်စစ် အသုဘသဘောသာလျှင် ရှိခြင်းကြောင့် ငင်းစက္ခုပသာဒရုပ်သဘောသည် စင်စစ် အချည်းနှီးသဘော ဖြစ်ပေ၏။

ထိုသို့ သုဘအနှစ်သာရ မရှိ၊ အချည်းနှီးသဘော ဖြစ်သည်၏ အဖြစ်ကြောင့် ငင်း၊ ဤဆိုအပ်ပြီးသော စက်ဆုပ်အပ်သော သဘော၊ အချည်းနှီးဖြစ်သော အမှန်သဘောကြောင့်သာလျှင် ငင်းစက္ခုပသာဒရုပ်ကို ဒုက္ခသစ္စာတရား ဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်ကြောင်းကိုလည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သမ္မာသမ္ဗုဒ္ဓအဖွင့် စာမျက်နှာ (၁၉၆)၌—

စက္ခုံ ဒုက္ခသစ္စံ။

ဟု မိန့်ဆိုအပ်လေပြီ။

စက္ခုံ၊ မျက်စိအကြည်သည်။ ဒုက္ခသစ္စံ၊ စက်ဆုပ်ဘွယ် အချည်းနှီး သဘော တရားအမှန် မည်၏။

**ဒုက္ခသစ္စာပုဒ် ရှင်းပြချက်။** ။ဤဒုက္ခသစ္စံ၌ ဒု-သဒ္ဒါသည် စက်ဆုပ်အပ်သော အနက်ကို ဟော၏။ ခံ-သဒ္ဒါသည် အချည်းနှီး

ဟူသော အနက်ကို ဟော၏။ ထိုသို့ ဟောကြောင်းကိုလည်း သမ္မောဟ-ဝိနောဒနီအဋ္ဌကထာ သစ္စဝိဘင်းအဖွင့် စာမျက်နှာ (၇၈)၌—

> ဣဓ ဒု-ဣတိ အယံ သဒ္ဒေါ ကုစ္ဆိတေ ဒိဿတိ။ ကုစ္ဆိတဉှိ ပုတ္တံ ဒုပုတ္တောတိ ဝဒန္တိ။ ခံ-သဒ္ဒေါ ပန တုစ္ဆေ။ တုစ္ဆဉှိ အာကာသံ ခန္တိ ဝုစ္စတိ။ ဣဒဉ္စ ပဌမသစ္စံ ကုစ္ဆိတံ အနေကဥပဒ္ဒဝါဓိဋ္ဌာနတော၊ တုစ္ဆံ ဗာလ-ဇနပရိကပ္ပိတဓုဝသုဘသုခတ္တဘာဝဝိရဟိတတော။ တသ္မာ ကုစ္ဆိတတ္တာ တုစ္ဆတ္တာ စ ဒုက္ခန္တိ ဝုစ္စတိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

ထိုနည်းအတူ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သစ္စာအဖွင့်၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ သစ္စာအဖွင့်တို့၌လည်း ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ဣဓ၊ ဤဒုက္ခသစ္စံဟူသောပုဒ်၌။ သမဘိနိဝိဋ္ဌော၊ ကောင်းစွာ အကျုံး ဝင်သော။ ဒု-ဣတိ အယံ သဒ္ဒေါ၊ ဒု-ဟူသော ဤသဒ္ဒါကို။ ကုစ္ဆိတေ၊ စက်ဆုပ်အပ်သော အနက်၌။ ဒိဿတိ၊ ရှုအပ်၏။ ဟိ တဒေဝ သစ္စံ၊ ထိုစကားသည် မှန်၏။ ကုစ္ဆိတံ၊ စက်ဆုပ်အပ်သော။ ပုတ္တံ၊ သားကို။ ဒုပုတ္တောတိ၊ ဒုပုတ္တဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။ ခံ-သဒ္ဒေါ ပန၊ ခံ-သဒ္ဒါကိုကား။ တုစ္ဆေ၊ အချည်းနှီး၌။ ဒိဿတိ၊ ရှုအပ်၏။ ဟိ တဒေဝ သစ္စံ၊ ထိုစကားသည် မှန်၏။ တုစ္ဆံ၊ အချည်းနှီးသော။ အာကာသံ၊ ကောင်းကင်ကို။ ခန္တိ၊ ခံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣဒဉ္စ ပဌမ-သစ္စံ၊ ဤ ရှေးဦးစွာဖြစ်သော ဒုက္ခသစ္စာကိုလည်း။ အနေကဥပဒ္ဒဝါဓိဋ္ဌာနတော၊ တပါးမက များစွာသော ဘေးရန်တို့၏ တည်ရာဖြစ်ခြင်းကြောင့်။ ကုစ္ဆိတံ၊ စက်ဆုပ်အပ်၏။ ဗာလဇနပရိကပ္ပိတဓုဝသုဘသုခတ္တဘာဝဝိရဟိတတော၊ သူမိုက်တို့သည် ကြံဆအပ်သော မြဲခြင်း၏ အဖြစ်, တင့်တယ်ခြင်း၏ အဖြစ်, ချမ်းသာခြင်း၏ အဖြစ်, သတ္တဝါ သတ္တဝါ၏ ဥစ္စာဟူသော အတ္တ၏ အဖြစ်မှ ကင်းခြင်းကြောင့်။ တုစ္ဆံ၊ အချည်းနှီးသာ ဖြစ်၏။ တသ္မာ ကုစ္ဆိတတ္တာ စ၊ ထိုသို့ စက်ဆုပ်အပ်သည်၏အဖြစ်ကြောင့်၎င်း။ တသ္မာ တုစ္ဆတ္တာ စ၊ ထိုသို့ အချည်းနှီး တရားသာ ဖြစ်သည်၏ အဖြစ်ကြောင့်၎င်း။ ဒုက္ခန္တိ၊ ဒုက္ခဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ပြဆိုအပ်သည်ကို ထောက်၍ ဒု-သဒ္ဒါသည် စက်ဆုပ်အပ်သောအနက်, ခံ-သဒ္ဒါသည် အချည်းနှီးဟူသော အနက်ကို ဟောပြကြောင်း ထင်ရှား သိကြလေ။ ။သစ္စ-သဒ္ဒါသည် မှန်သော အနက်ကို ဟော၏၊ ဟောကြောင်းကိုလည်း သမ္မောဟဝိနောဒနီအဋ္ဌကထာ သစ္စဝိဘင်းအဖွင့် စာမျက်နှာ(၇၀)နှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သစ္စာအဖွင့် စာမျက်နှာ (၁၂၇)တို့၌—

တဏှာဝိပရိတဘူတဘာဝေါ သစ္စဋ္ဌောတိ ဝေဒိတဗ္ဗော။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍၎င်း၊

ဣဒံ ဒုက္ခန္တိ ဘိက္ခဝေ တထမေတံ အဝိတထမေတံ အနညထမေတံ။

ဟူ၍ သစ္စသံယုတ်ပါဠိတော် စာမျက်နှာ (၃၇၇) ၌လာသည်ကို ထောက်၍၎င်း သိကြလေ။

အနက်သိကြောင်း မြန်မာပြန်ကား—

တဏှာဝိပရိတဘူတဘာဝေါ၊ မချွတ်မယွင်း မှန်ကန်သော သဘော, မဖောက်မပြန်သော သဘော, ဟုတ်မှန်သော သဘောကို။ သစ္စဋ္ဌောတိ၊ သစ္စာအနက်ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ။(ဤကား အဋ္ဌကထာပါဌ်၏ မြန်မာပြန်တည်း။)

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ ဒုက္ခန္တိ ဧတံ ဝစနံ၊ ဤ ဣဒံ ဒုက္ခံ ဟူသော စကားသည်။ တထံ၊ ဟုတ်မှန်၏။ ဧတံ၊ ဣဒံ ဒုက္ခံဟူသော ဤစကားသည်။ အဝိတထံ၊ မချွတ်မယွင်း။ ဧတံ၊ ဣဒံ ဒုက္ခံ-ဟူသော ဤစကားသည်။ အနညထံ၊ တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း မရှိ။ ။(ဤကား ပါဠိတော်၏ မြန်မာပြန်တည်း။)

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ သစ္စသဒ္ဒါသည် မှန်သောအနက်ကို ဟောပြကြောင်းကို ထင်ရှား သိကြလေ။

ထို့ကြောင့် ဒုက္ခသစ္စာဆိုလျှင် စက်ဆုပ်ဖွယ် အချည်းနှီးတရား အမှန်ဟု ဆိုလိုသည်။ ထိုသို့ ဆိုခြင်းကြောင့် စက္ခုံ ဒုက္ခသစ္စံ-ဟုဆိုလျှင် မျက်စိအကြည်သဘောသည် စင်စစ် စက်ဆုပ်ဘွယ် အချည်းနှီးတရားသာ ဖြစ်၏ဟု မှတ်သားကြလေ ဆိုသည်။

**သောတပသာဒစသည် ဒုက္ခသစ္စာဖြစ်ပုံ။** ။ထိုနည်းအတူ သောတ ဃာန ဇိဝှါ ကာယ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ စသော ကျန် ရုပ်ဟူသမျှတို့လည်း စက္ခုကဲ့သို့ ဒုက္ခသစ္စာသာလျှင်ကတည်း။ အဘယ်ကြောင့်ဆိုသော် ၎င်းရုပ်တို့ကိုလည်း ဇာတိဇရာ မရဏစသော ဘေးတို့သည် မပြတ်မလပ်ပေါ် လာတိုင်း နှိပ်စက်အပ်သည်၏အဖြစ်ကြောင့် စင်စစ် စက်ဆုပ်အပ်၏။ ထိုသို့ စက်ဆုပ်အပ်သောကြောင့်၎င်း ၎င်းရုပ်တို့သည် မြဲခြင်း နိစ္စ အနှစ်သာရ၊ ချမ်းသာသော သုခ အနှစ်သာရ၊ တင့်တယ်သော သုဘ တည်းဟူသော အနှစ်သာရ၊ သတ္တဝါ, သတ္တဝါ၏ ဥစ္စာဟူသော အတ္တ အနှစ်သာရတို့မှလည်း စင်စစ် ကင်းသောကြောင့် အချည်းနှီး သဘောတို့သာ ကျန်

ဖြစ်ကြပေကုန်၏။ ထိုသို့ အချည်းနှီးသဘော၏ အဖြစ်ကြောင့်ၝင်း၊ ဤဆိုအပ်ပြီးသော စက်ဆုပ်ဘွယ် အချည်းနှီးသဘောသာလျှင် အမှန်ဖြစ်ကုန်သော ကြောင့်ၝင်း ရုပ်တရားတို့ကို ဒုက္ခသစ္စာတရားဟု ခေါ်ဆိုအပ်လေသည် ဟူလို။

**နာမ်ခန္ဓာများ ဒုက္ခသစ္စာဖြစ်ပုံ။** ။ထိုဆိုအပ်ပြီးသော ရုပ်တို့နည်းတူ အလုံးစုံသော လောကီစိတ် ၈၁-ပါး၊ ထိုစိတ်တို့နှင့် ယှဉ်၍ဖြစ်သော စေတသိက်တရား။ ဤဆိုအပ်ပြီးသော နာမက္ခန္ဓာတရားတို့သည်လည်း စင်စစ် ဒုက္ခသစ္စာတရားတို့သာလျှင်ကတည်း။ အဘယ်ကြောင့်ဆိုသော် ၝင်းနာမက္ခန္ဓာတရားတို့သည် မပြတ်မလပ် ဖြစ်ပေါ်ရခြင်းတည်းဟူသော ဇာတိဘေး၊ ရင့်ရော်ခြင်းတည်းဟူသော ဇရာဘေး၊ ပျက်စီးခြင်းတည်းဟူသော မရဏဘေးတို့နှင့် မပြတ်မလပ် တွေ့ကြုံရခြင်းကြောင့် စင်စစ် စက်ဆုပ်အပ်သော သဘောတို့သာလျှင် အမှန် ဖြစ်ပေ၏။

ထိုသို့ စက်ဆုပ်အပ်သော သဘောအမှန်ဖြစ်ခြင်းကြောင့်ၝင်း၊ၝင်းနာမက္ခန္ဓာတရားတို့သည် ဖြစ်ပေါ်ကုန်လျှင် စင်စစ် ပျက်စီးရကုန်၏။ ထိုသို့ ပျက်စီးရကုန်သောကြောင့် ၝင်းတရားတို့၌ မြဲခြင်းတည်းဟူသော နိစ္စအနှစ်သည် စင်စစ် မရှိလေ။ ထိုသို့ နိစ္စ အနှစ်မရှိသောကြောင့်ၝင်း၊ ၝင်းနာမက္ခန္ဓာတရားတို့ ဖြစ်ပေါ်လာလျှင် စင်စစ် အပျက်တရားသဘောသည် အမြဲနှိပ်စက်ပေ၏၊ ထိုသို့ အပျက်၏ အနှိပ်စက်ကို မပြတ်မလပ် ခံနေရခြင်းကြောင့် ၝင်းနာမက္ခန္ဓာတရားတို့၌ ချမ်းသာသောသုခ အနှစ်သာရသည်လည်း ကေန် မရှိလေပြီ၊ ထိုသို့ သုခ အနှစ်သာရ မရှိခြင်းကြောင့်ၝင်း၊ ၝင်း နာမက္ခန္ဓာတရားတို့တွင် ဘယ်တရားသဘောမျှလည်း ငါ့,သူ့,သတ္တဝါ,မိမိစသော အတ္တတရားမဟုတ်၊ စင်စစ် အနတ္တတရားသဘောသာလျှင် ဖြစ်ပေ၏။ ထိုသို့ အနတ္တတရားသဘောသာလျှင် အမှန်ဖြစ်ခြင်းကြောင့် ၝင်း နာမက္ခန္ဓာတရားတို့၌ အတ္တဟူသော အနှစ်သာရသည်လည်း ကေန် မရှိလေပြီ၊ ထိုသို့ အတ္တဟူသော အနှစ်သာရမရှိခြင်းကြောင့်လည်း စင်စစ် အချည်းနှီး သဘောတရားတို့သာ ကေန် အမှန်ဖြစ်ပေ၏၊ ထိုသို့ အချည်းနှီးသဘော အမှန်ဖြစ်ခြင်းကြောင့်ၝင်း၊ ဤဆိုအပ်ပြီးသော စက်ဆုပ်ဘွယ် အချည်းနှီး အမှန်သဘောဖြစ်ခြင်းကြောင့်ၝင်း နာမက္ခန္ဓာတရားအပေါင်းသည် စင်စစ် ဒုက္ခသစ္စာတရား ဖြစ်လေသည် ဟူလို။ ထိုဆိုအပ်ပြီးသော ရုပ်နာမ်တရား နှစ်ပါးစလုံးသည် စင်စစ် ဒုက္ခသစ္စာတရားဖြစ်ကြောင်းကို သမ္မောဟဝိနောဒနီ အဋ္ဌကထာ ဓာတုဝိဘင်းအဖွင့် စာမျက်နှာ(၆၈)၌—

ရူပါရူပံ ပဉ္စက္ခန္ဓံ၊ တံ ဟောတိ ဒုက္ခသစ္စံ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်လေ။

မြန်မာပြန်ကား—

ရူပါရူပံ၊ ရုပ်နာမ်တရားသည်။ ပဉ္စက္ခန္ဓံ၊ ငါးပါးသော ခန္ဓာမည်၏။ တံ၊ ထို ငါးပါးသော ခန္ဓာတရားသည်။ ဒုက္ခသစ္စံ၊ စက်ဆုပ်ဘွယ် အချည်းနှီးတရား အမှန်မည်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ လောကီရုပ်နာမ်ဟူသမျှသည် စင်စစ် ဒုက္ခသစ္စာတရား အမှန်ဖြစ်ကြောင်းကို ထင်ရှားသိကြလေ။ ထို ဒုက္ခသစ္စာတရားကို ဟုတ်တိုင်းမှန်စွာ မသိတတ်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

**သမုဒယသစ္စာ။** ။ထိုဆိုအပ်ပြီးသော ဖြစ်ပွါးနေသော ဒုက္ခသစ္စာဖြစ်သော ရုပ်နာမ်တရားသည် စင်စစ် ရှေးဘဝက နှစ်သက်တွယ်တာခဲ့သော ပုရိမတဏှာကြောင့်သာလျှင် ဖြစ်ပေ၏။ ထိုသို့ဖြစ်ခြင်းကြောင့် ရှေးဘဝက တွယ်တာခဲ့သော ပုရိမတဏှာကိုပင် သမုဒယသစ္စာဟု ခေါ်ဝေါ်အပ်လေသည်၊ ထိုသို့ ခေါ်ဝေါ်အပ်ကြောင်းကိုလည်း ၎င်းဓာတုဝိဘင်းအဋ္ဌကထာ စာမျက်နှာ (၆ဂ-၉)၌ပင်—

တံသမုဋ္ဌာပိကာ ပုရိမတဏှာ သမုဒယသစ္စံ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

မြန်မာပြန် အနက်သိကြောင်းကား—

တံ၊ ထိုဒုက္ခသစ္စာကို။ သမုဋ္ဌာပိကာ၊ ဖြစ်စေတတ်သော။ ပုရိမတဏှာ၊ ရှေးဘဝ၌ဖြစ်သော တွယ်တာခင်မင် မွတ်သိပ်ခဲ့သော တဏှာသည်။ သမုဒယ-သစ္စံ၊ သမုဒယသစ္စာမည်၏။ ဝါ၊ ဖြစ်ကြောင်းတရားအမှန်မည်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ရှေးဘဝ၌ တွယ်တာခဲ့သော တဏှာသည် စင်စစ် သမုဒယသစ္စာဖြစ်ကြောင်းကို ထင်ရှားသိကြလေ။ ထို ဖြစ်ကြောင်းဖြစ်သော သမုဒယသစ္စာကို ဟုတ်တိုင်းမှန်စွာ မသိတတ်သောသဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်၏။

**နိရောဓသစ္စာ။** ။ထို ဒုက္ခသစ္စာ သမုဒယသစ္စာနှစ်ပါးတို့၏ နောင်တဖန် ဖြစ်ပေါ်မှု မရှိကြောင်းဖြစ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော ဖြစ်ပေါ်ခြင်းသဘောဇာတိနှင့် စင်စစ် ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်ပေါ်သော လက္ခဏာရှိသော အဇာတိသဘောဟု ဆိုအပ်သော အသင်္ခတဓာတ်သည် နိရောဓသစ္စာ နိဗ္ဗာန်မည်၏။ ထိုသို့ မည်ကြောင်းကိုလည်း——

ဟူသော ကတတ္တကြိယာ၏ အရကား ထိုစက္ခု ရူပါရုံစသောတရားတို့ကို ဒွါရ အာရုံအားဖြင့် အမှီတကဲ သဟဲပြု၍ဖြစ်ကုန်သော စိတ် စေတသိက်တရားဟု ဆိုအပ်ကုန်သော ပစ္စယုပ္ပန်အကျိုးတရားသည် မုချအားဖြင့် ရ၏။ အဓိကရဏ ကြိယာ၏အရကား ထို အကျိုးပစ္စယုပ္ပန်တရားဖြစ်ကုန်သော စိတ် စေတသိက် တရားတို့အား ဒွါရအာရုံအားဖြင့် ကျေးဇူးပြုတတ်ကုန်သော ရုပ်အာယတန နာမ်အာယတနတရားတို့၏ ဥပနိဿယ အာရမ္မဏ အစရှိသော ပစ္စယသတ္တိသည် ဌာနူပစာရတ္တအားဖြင့် ရ၏။ ယု-ပစ္စည်း၏ အရကား ထိုမုချဥပစာရအားဖြင့် မှတ်အပ်သော အာယတနတရား ၁၂-ပါး ရ၏။

ထို့ကြောင့် စက္ခုရူပါရုံစသော တရားအပေါင်းကို စိတ် စေတသိက်တရား တို့၏ အမှီတကဲ သဟဲပြု၍ အားထုတ်ရာဌာနဖြစ်သောကြောင့် အာယတနဟု ခေါ်ဆိုအပ်လေသည်။

တနည်းလည်း ထိုအာယတနဟု ဆိုအပ်သော တရားတို့သည် မိမိကို ဒွါရ အာရုံအားဖြင့် အမှီတကဲ သဟဲပြုကုန်သော အကျိုးတရားဖြစ်ကုန်သော အာယ ဖြစ်သော စိတ် စေတသိက်တရားတို့ကို အစဉ်မပြတ် ချဲ့ထွင်တတ်ကုန်၏။ ထိုသို့ အကျိုးတရားဖြစ်ကုန်သော စိတ် စေတသိက်တရားတို့ကို ချဲ့တတ်ကုန်သော သတ္တိကြောင့် ထိုဒွါရအာရုံဖြစ်ကုန်သော စက္ခု ပသာဒ ရူပါရုံ စသော တရား တို့ကို အာယတနဟု ခေါ်ဆိုအပ်ကုန်သည်။ ထိုသို့ ခေါ်ဆိုအပ်ကြောင်းကို လည်း သမ္မောဟဝိနောဒနီအဋ္ဌကထာရှင်သည် အာယတနအဖွင့် စာမျက်နှာ (၄၂)၌—

တေ စ ပန အာယဘူတေ ဓမ္မေ တောနိ တနောန္တိ ဝိတ္ထာရေန္တီတိ ဝုတ္တံ ဟောတိ။

ဟူ၍ မိန့်ပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

အာယဘူတေ၊ ဒွါရအာရုံတို့၌ ဖြစ်သည်ဖြစ်၍ ဖြစ်ကုန်သော။ တေ စ ပန ဓမ္မေ၊ ထို စိတ် စေတသိက်တရားတို့ကို။ တောနိ၊ ထိုစက္ခုပသာဒ ရူပါရုံစသော တရားတို့သည်။ တနောန္တိ ဝိတ္ထာရေန္တိ၊ ချဲ့တတ်ကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား—

အာယတနဟုခေါ်ဆိုအပ်သောတရားအပေါင်းသည် ဒွါရအာရုံ၏အဖြစ်ဖြင့် အကျိုးတရားဖြစ်ကုန်သော အာယ-ဟု ခေါ်ဆိုအပ်ကုန်သော စိတ်စေတသိက် တရားတို့ကို ချဲ့တတ်သည်၏အဖြစ်ကြောင့် ၎င်း စက္ခု ရူပါရုံစသော အကြောင်း

ရင်းဖြစ်သော တရားအပေါင်းကိုပင် အာယတနဟု ခေါ်ဆိုအပ်လေသည်။ ဤကား အဓိပ္ပါယ်။

ဝိဂ္ဂဟ်ပြုလိုသော် တံတံဒွါရာရမ္မဏေသု အာယန္တိ ပဝတ္တန္တီတိ အာယာ-ဟု အာယ-ကို ရှေးဦးစွာ ဝိဂ္ဂဟ်ပြုရာ၏။

ယေ ဓမ္မာ၊ အကြင် စိတ် စေတသိက်တရားတို့သည်။ တံတံဒွါရာရမ္မဏေသု၊ ထိုထိုသို့သော ဒွါရအာရုံတို့၌။ အာယန္တိ ပဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ ဒွါရအာရုံတို့၌ ဖြစ်တတ်ကုန်သည်၏အဖြစ်ကြောင့်။ တေ ဓမ္မာ၊ ထို စိတ် စေတသိက်တရားတို့သည်။ အာယာ၊ အာယ မည်ကုန်၏။

အာယန္တိ ပဝတ္တန္တိ-ကား ကတ္တုသာဓနကိတ်ဝိဂ္ဂဟ် အာယာ-ကား ကိတ်ပုဒ်၊ အယဓာတ်၊ ပဝတ္တန အနက်ဟော၊ ဏ-ပစ္စည်း၊ အာယန္တိ-ဟူသော ကတ္တုကြိယာ၏အရကား ထိုထိုသို့သော ဒွါရအာရုံ၌ဖြစ်ကုန်သော စိတ် စေတသိက် တရားတို့၏ ဖြစ်ပေါ်မှု ဥပါဒ်သည် မုချ ရ၏။ ထိုဖြစ်ပေါ်မှုဥပါဒ်ကို ပြီးစေတတ် ကုန်သော စိတ် စေတသိက်တရားတို့သည် ဖလူပစာရအားဖြင့် ရကုန်၏။ တနည်း—ထိုဖြစ်ပေါ်မှု ဥပါဒ်၏ မှီရာဖြစ်သော စိတ် စေတသိက်တရားတို့သည် ဌာနူပစာရအားဖြင့် ရကုန်၏။ ဏ-ပစ္စည်း၏အရကား ထိုမုချဥပစာရအားဖြင့် မှတ်အပ်သော စိတ် စေတသိက်တရားကိုသာ ရပေ၏။ ထို့ကြောင့် အာယ ဆိုလျှင် စိတ် စေတသိက်တရားကိုသာ ခေါ်ဆိုအပ်သည်ဟု မှတ်ကြလေ။ ဤတွင် အာယပုဒ်၏ အရကို ပြချက်ပြီး၏။

ထိုနောက်မှတဖန် အာယေ တနောန္တိ ဝိတ္ထာရေန္တီတိ အာယတနာနိ ဟု ဝိဂ္ဂဟ်ပြုရာ၏။

ယာနိ၊ အကြင်စက္ခုစသော တရားတို့သည်။ အာယေ၊ ထိုထိုဒွါရအာရုံ၌ ဖြစ်ကုန်သော စိတ် စေတသိက်တရားတို့ကို။ တနောန္တိ ဝိတ္ထာရေန္တိ၊ ချဲ့တတ် ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တာနိ၊ ထိုစက္ခုစသော တရားတို့သည်။ အာယတနာနိ၊ အာယတနတို့ မည်ကုန်၏။

အာယေ တနောန္တိ ဝိတ္ထာရေန္တီတိကား ကတ္တုသာဓနကိတ်ဝိဂ္ဂဟ်၊ အာယ-တနာနိ-ကား ကိတ်ပုဒ်၊ အာယသဒ္ဒူပပဒ တနုဓာတ် ဝိတ္ထာရအနက်ဟော၊ အပစ္စည်း။

တနောန္တိ ဝိတ္ထာရေန္တိ-ဟူသော ကတ္တုကြိယာ၏ အရကား အာယ ဟု ဆိုအပ်သော စိတ် စေတသိက်တရားတို့ကို ဒွါရအာရုံအားဖြင့် ချဲ့တတ်ကုန်သော စက္ခု ရူပါရုံစသောတရားတို့၏ ပကတူပနိဿယ အာရမ္မဏစသော ပစ္စယသတ္တိ သည် မုချရ၏၊ ၎င်းပစ္စယသတ္တိမန္တဖြစ်သော စက္ခု ရူပါရုံစသော ဒွါရအာရုံ

တရားတို့သည် ဌာနူပစာရအားဖြင့် ရ၏၊ အပစ္စည်း၏ အရကား ထိုမှချဉပစာရ အားဖြင့် မှတ်အပ်သော အာယတနတရား(၁၂)ပါး ရ၏။

ဤသို့ ပြဆိုအပ်သော ဝိဂ္ဂဟ်အရကို ထောက်၍လည်း အာယဟု ခေါ်ဆို အပ်သော အကျိုးဖြစ်သော စိတ် စေတသိက်တရားတို့ကို ဒွါရ အာရုံ၏ အဖြစ် ဖြင့် ချဲ့ထွင်တတ်ကုန်သော စက္ခု ရူပါရုံစသော တရားအပေါင်းကိုပင် အာယကို ချဲ့ထွင်တတ်ကုန်သော အနက်သဘောကြောင့် အာယတန ဟု ခေါ်ဆိုအပ် ကြောင်းကို ထင်ရှားသိကြလေကုန်။

ထိုမှတပါးလည်း အာယတနဟူသော ပုဒ်အနက်သဘာဝတ္ထုတို့ကို ဖော်ပြ ချက်တို့သည် များစွာ ရှိသေး၏။ ထိုသို့ပင် ရှိသော်လည်း ကျမ်းကျယ်လွန်း မည်ကို စိုး၍ မရေးသားပြီ။ အကျဉ်းအားဖြင့် ဤပြဆိုအပ်သော နည်းနှစ်ပါး ဖြင့်ပင် အာယတနဟူသောပုဒ်၏ သဘောလက္ခဏာကို သိလောက်လေပြီ။ အကျယ်ကို လိုလျှင် သမ္မောဟဝိနောဒနီအဋ္ဌကထာ အာယတနအဖွင့်၌ ယူကြ လေ။

ဤသို့ ပြဆိုအပ်ပြီးသော အာယတန၏ သဘောလက္ခဏာကို မသိတတ် သောသဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်၏။ ထိုသို့ဖြစ်ကြောင်းကို လည်း သမ္မောဟဝိနောဒနီအဋ္ဌကထာ ပဋိစ္စသမုပ္ပါဒ်အဖွင့် စာမျက်နှာ ၁၂၇-နှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပညာဘူမိအဖွင့် စာမျက်နှာ ၁၅၇-၌—

အာယတနာနံ အာယတနဋ္ဌံ။လ။ အဝိဒိတံ ကရောတီတိ အဝိဇ္ဇာ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။ အနက်သိကြောင်း မြန်မာပြန်ကား—

ယာ ဓမ္မဇာတိ၊ အကြင်သဘောတရားသည်။ အာယတနာနံ၊ အာယတန တရားတို့၏။ အာယတနဋ္ဌံ၊ အားထုတ်ရာဟူသောအနက်၊ ချဲ့ထွင်တတ်သော သဘောစသော အနက်ကို။လ။ အဝိဒိတံ၊ မသိခြင်းကို။ ကရောတိ၊ ပြုတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သာ ဓမ္မဇာတိ၊ ထိုသဘောတရားသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ အာယတန၏ သဘောလက္ခဏာကို မသိတတ်သော သဘောသည် စင်စစ် အဝိဇ္ဇာဖြစ်ကြောင်းကို ထင်ရှားသိကြ လေ။

## ဓာတ် ၁၈-ပါးကို အဝိဇ္ဇာက မသိပုံ

**ဓာတ် ၁၈-ပါး ခွဲပုံ။** ။ငင်းအဝိဇ္ဇာသည် ပြဆိုအပ်ပြီးသော အာယတန သဘောလက္ခဏာကိုသာ မသိသည် မဟုတ်သေး၊ ဓာတ်တို့၏ သဘောလက္ခဏာကိုလည်း မသိသည်သာလျှင်ကတည်း။ မသိပုံကို

ထင်ရှားပြဦးအံ့။ ရှေး၌ ပြဆိုအပ်ခဲ့ပြီးသော ရုပ်နာမ်တရားတို့တွင် စက္ခုပသာ-ဒရုပ်သည် **စက္ခုဓာတ်** မည်၏၊ သောတပသာဒရုပ်သည် **သောတဓာတ်** မည်၏၊ ဃာနပသာဒရုပ်သည် **ဃာနဓာတ်** မည်၏၊ ဇိဝှါပသာဒရုပ်သည် **ဇိဝှါဓာတ်** မည်၏၊ ကာယပသာဒရုပ်သည် **ကာယဓာတ်** မည်၏၊ အဆင်း ရူပါရုံသည် **ရူပဓာတ်** မည်၏၊ အသံ သဒ္ဒါရုံသည် **သဒ္ဒဓာတ်** မည်၏၊ အနံ့ ဂန္ဓာရုံသည် **ဂန္ဓဓာတ်** မည်၏၊ အရသာတည်းဟူသော ရသာရုံသည် **ရသဓာတ်** မည်၏၊ **အတွေ့**ဟု ဆိုအပ်သော ပထဝီ တေဇော ဝါယော သဘောတရား သုံးပါးသည် **ဖောဋ္ဌဗ္ဗဓာတ်** မည်၏၊ ကျန်သော သုခုမရုပ် ၁၆-ပါး၊စေတသိက် ၅၂-ပါး နိဗ္ဗာန် ဤ **တရားသဘော**ဟူသမျှသည် **ဓမ္မဓာတ်** မည်၏၊ စိတ်တခုယုတ် ကိုးဆယ်တို့တွင် စက္ခုဝိညာဏ်ဒွေးသည် **စက္ခုဝိညာဏဓာတ်** မည်၏၊ သောတဝိညာဏ်ဒွေးသည် **သောတဝိညာဏဓာတ်** မည်၏၊ ဃာနဝိညာဏ်ဒွေးသည် **ဃာနဝိညာ-ဏဓာတ်** မည်၏၊ ဇိဝှါဝိညာဏ်ဒွေးသည် **ဇိဝှါဝိညာဏဓာတ်** မည်၏၊ ကာယ-ဝိညာဏ်ဒွေးသည် **ကာယဝိညာဏဓာတ်** မည်၏၊ သမ္ပဋိစ္ဆိုင်းဒွေး ပဉ္စဒွါရာ-ဝဇ္ဇန်းစိတ် ဤသုံးပါးသောစိတ်သည် **မနောဓာတ်** မည်၏၊ ကျန်သော စိတ် ၇၆-ပါးသည် **မနောဝိညာဏဓာတ်** မည်၏၊ ဤသို့လျှင် ဓာတ် ၁၈-ပါး ဖြစ်၏။

**ဓာတ်မည်ပုံ။** ။ထို ၁၈-ပါးသော **ဓာတ်သ**ည် စင်စစ် အကောင်အထည် ဒြဗ် သဏ္ဌာန်မှုရင်း၊ သတ္တဝါ, အသက်မှုရင်း **ဆိတ်လျက်** မိမိ မိမိတို့၏ ပရမတ္ထသဘော လက္ခဏာမျှသာ အသီး အသီး ဆိုင်ရာ ဆိုင်ရာ ရှိကြပေ၏၊ ထိုသို့ **အသီး** အသီး ဆိုင်ရာ ဆိုင်ရာ မိမိ မိမိတို့၏ သဘော လက္ခဏာမျှသာ ရှိခြင်းကြောင့်ရင်း၊ အကောင်အထည် ဒြဗ် သဏ္ဌာန် သတ္တဝါ အသက်မှ ဆိတ်သည်၏ အဖြစ်ကြောင့်ရင်း **ထို**စက္ခုစသော သဘောတရားတို့ကို ဓာတ်ဟူ၍ ခေါ်ဆိုအပ်လေကုန်သည်။ ထိုသို့ ခေါ်ဆိုအပ်ကြောင်းကိုလည်း သမ္မော-ဟဝိနောဒနီ အဋ္ဌကထာရှင်သည် ဓာတုဝိဘင်း**အဖွင့်** စာမျက်နှာ(၅၂)၌—

သဘာဝသုညတနိဿတ္တဋ္ဌေန။လ။ ဓာတု။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

သဘာဝသုညတနိဿတ္တဋ္ဌေန၊ မိမိ၏လက္ခဏာဖြင့် ထင်ရှားရှိသော ပရမတ္ထ သဘောဟူသောအနက် အကောင် **အထည်** ဒြဗ် သဏ္ဌာန် အသက်ဟူသမျှမှ ဆိတ်ခြင်းဟူသောအနက် သတ္တဝါမဟုတ်သော အနက်သဘောကြောင့်။လ။ ဓာတု၊ဓာတ်မည်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ဓာတ်မည်ကြောင်းကို ထင်ရှား သိကြလေ။ ထိုဆိုအပ်ပြီးသော ဓာတ်တို့၏သဘောလက္ခဏာကို မသိတတ်သော

သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်၏။ ထိုသို့ ဖြစ်ကြောင်းကို သိစေလိုသော သမ္မောဟဝိနောဒနီအဋ္ဌကထာရှင်သည် ပဋိစ္စသမုပ္ပါဒ်အဖွင့် စာမျက်နှာ(၁၂၇)၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ပညာဘူမိအဖွင့် စာမျက်နှာ(၁၅၇)၌—

ဓာတူနံ သုညဋ္ဌံ။လ။ အဝိဒိတံ ကရောတီတိ အဝိဇ္ဇာ။

ဟူ၍ မိန့်ဆိုတော်မူကြလေပြီ။

ယာ ဓမ္မဇာတိ၊ အကြင်သဘောတရားသည်။ ဓာတူနံ၊ ဓာတ်တို့၏။ သုညဋ္ဌံ၊ အကောင် အထည် ဒြပ် သဏ္ဌာန် အသက် သတ္တဝါမှ ဆိတ်သော အနက်သဘောကို။လ။ အဝိဒိတံ၊ မသိခြင်းကို။ ကရောတိ၊ ပြုတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ အကောင် အထည် ဒြပ် သဏ္ဌာန် အသက် သတ္တဝါမှ ဆိတ်သည်၏ အဖြစ်ကို မသိခြင်းကို ပြုတတ်သောကြောင့်။ သာ ဓမ္မဇာတိ၊ ထိုသဘောတရားသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ဓာတ်တို့၏ သဘောလက္ခဏာကို မသိတတ်သောသဘောကိုပင် စင်စစ် အဝိဇ္ဇာဟု ခေါ်ဝေါ်အပ်ကြောင်းကို ထင်ရှားသိကြလေ။

**သစ္စာလေးပါး အသုံးအဖြတ်ကို ပြဆိုချက်**

**သစ္စာ ၄-ပါး မသိပုံ။** ။ငင်းအဝိဇ္ဇာသဘောသည် ဓာတ်တို့၏ သဘောလက္ခဏာကိုသာ မသိတတ်သည် မဟုတ်သေး၊ သစ္စာတရား သစ္စာ၏ သဘောလက္ခဏာတို့ကိုလည်း မသိတတ်သည်သာလျှင်ကတည်း။ မသိပုံကို ထင်စွာ ပြဦးအံ့။

**စက္ခုပသာဒ ဒုက္ခသစ္စာဖြစ်ပုံ။** ။စက္ခုပသာဒရုပ်သည် ဒုက္ခသစ္စာတရားဖြစ်၏။ အဘယ်ကြောင့် စက္ခုပသာဒရုပ်ကို ဒုက္ခသစ္စာတရားဟု ခေါ်ဆိုအပ်လေသနည်းဟူမူ ငင်းစက္ခုပသာဒရုပ်သည် ဖြစ်ခြင်းတည်းဟူသော ဇာတိဘေးနှင့်ငင်း၊ ရင့်ရော်ခြင်းတည်းဟူသော ဇရာဘေးနှင့်ငင်း၊ အနာနှိပ်စက်ခြင်းတည်းဟူသော ဗျာဓိဘေးနှင့်ငင်း၊ ပျက်စီးခြင်းတည်းဟူသော မရဏဘေးနှင့်ငင်း ကေန် ဆက်ဆံ ပေါင်းသင်းရသည်၏အဖြစ်ကြောင့် ငင်းဘေးတို့၏တည်ရာသဘော နှိပ်စက်အပ်ရာသဘောသာ ကေန် ဖြစ်ပေ၏။

ထိုသို့ ဇာတိစသော ဘေးတို့၏တည်ရာ နှိပ်စက်အပ်ရာ သဘော၏အဖြစ်ကြောင့် စင်စစ် စက်ဆုပ်အပ်သော သဘောအမှန် ဖြစ်ပေ၏။ ထိုသို့ စက်ဆုပ်အပ်သော အနက်သဘော အမှန်ဖြစ်သောကြောင့်ငင်း၊ ထိုစက္ခုဟုခေါ်သော မျက်စိအကြည်သည် ဖြစ်ပေါ်လျှင် ပျက်မြဲဓမ္မတာ ရှိသည်၏အဖြစ်ကြောင့် ဖြစ်ပေါ်လျှင် ကေန် ပျက်စီးတတ်ပေ၏၊ ထိုသို့ ပျက်စီးတတ်သောကြောင့်

မြဲခြင်းတည်းဟူသော အနှစ်သာရမရှိဘဲ အချည်းနှီးသဘောသာလျှင် ကေန် ရှိပေ၏၊ ထိုသို့ မြဲခြင်း အနှစ်မရှိ အချည်းနှီးသဘောသာ ကေန်ရှိသည်၏ အဖြစ်ကြောင့်ငှင်း၊ ငှင်းမျက်စိအကြည်ကိုပင် အပျက်တရားသည် ကေန် နှိပ်စက် ပေ၏။

ထိုသို့ အပျက်တရား၏အနှိပ်စက်ကို ခံရခြင်းကြောင့် ငှင်းစက္ခုပသာဒရုပ်၌ ချမ်းသာခြင်းတည်းဟူသော သုခ အနှစ်သာရသည် စိုးစိမျှ မရှိလေပြီ။ စင်စစ် အချည်းနှီးသဘောသာ ရှိပေ၏။ ထိုသို့ သုခအနှစ်သာရ မရှိ၊ အချည်းနှီး သဘောလျှင် ရှိသည်၏အဖြစ်ကြောင့်ငှင်း၊ ငှင်းစက္ခုပသာဒရုပ်သည် ငါ သူ သတ္တဝါ မိမိစသော အတ္တတရား မဟုတ်၊ စင်စစ် အနတ္တတရားသဘောသာလျှင် ဖြစ်ပေ၏။ ထိုသို့ ဖြစ်ခြင်းကြောင့် ငှင်းစက္ခုပသာဒ၌ အတ္တဟူသော အနှစ် သာရသည် စိုးစိမျှ မရှိ၊ အချည်းနှီးသဘောသာလျှင် ကေန် ရှိပေ၏။

ထိုသို့ အတ္တအနှစ်သာရ မရှိ၊ အချည်းနှီးသဘောသာလျှင် ရှိသည်၏အဖြစ် ကြောင့်ငှင်း၊ ငှင်းမျက်စိအကြည်ဟု ခေါ်ဆိုအပ်သော စက္ခုပသာဒရုပ်၌ မနှစ် သက်အပ်သော ဒုဂန္ဓဟု ဆိုအပ်သော မကောင်းသော အနံ့သဘောသည်လည်း ကေန် တည်ရှိပေ၏။ ထိုသို့ တည်ရှိခြင်းကြောင့် ငှင်းစက္ခုပသာဒရုပ်ကို ပညာ မျက်စိဖြင့် ရှုကြည့်သော် စင်စစ် တင့်တယ်၏ဟု ယူရန် သုဘအနှစ်သည် ငှင်းစက္ခု ပသာဒအား ကေန် မရှိလေပြီ၊ မတင့်တယ်သော အသုဘသဘောသာလျှင် မုချ ရှိပေ၏။ ထိုသို့ သုဘအနှစ်သာရ မရှိ၊ စင်စစ် အသုဘသဘောသာလျှင် ရှိခြင်းကြောင့် ငှင်းစက္ခုပသာဒရုပ်သဘောသည် စင်စစ် အချည်းနှီးသဘော ဖြစ်ပေ၏။

ထိုသို့ သုဘအနှစ်သာရ မရှိ၊ အချည်းနှီးသဘော ဖြစ်သည်၏ အဖြစ်ကြောင့် ငှင်း၊ ဤဆိုအပ်ပြီးသော စက်ဆုပ်အပ်သော သဘော၊ အချည်းနှီးဖြစ်သော အမှန်သဘောကြောင့်သာလျှင် ငှင်းစက္ခုပသာဒရုပ်ကို ဒုက္ခသစ္စာတရား ဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်ကြောင်းကိုလည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သမ္မာသမ္ဗုဒ္ဓအဖွင့် စာမျက်နှာ (၁၉၆)၌—

စက္ခုံ ဒုက္ခသစ္စံ။

ဟု မိန့်ဆိုအပ်လေပြီ။

စက္ခုံ၊ မျက်စိအကြည်သည်။ ဒုက္ခသစ္စံ၊ စက်ဆုပ်ဘွယ် အချည်းနှီး သဘော တရားအမှန် မည်၏။

**ဒုက္ခသစ္စာပုဒ် ရှင်းပြချက်။** ။ဤဒုက္ခသစ္စံ၌ ဒု-သဒ္ဒါသည် စက်ဆုပ်အပ်သော အနက်ကို ဟော၏။ ခံ-သဒ္ဒါသည် အချည်းနှီး

ဟူသော အနက်ကို ဟော၏။ ထိုသို့ ဟောကြောင်းကိုလည်း သမ္မောဟ-ဝိနောဒနီအဋ္ဌကထာ သစ္စဝိဘင်းအဖွင့် စာမျက်နှာ (၇၈)၌—

ကလဓ ဒု-ကြတိ အယံ သဒ္ဒေါ ကုစ္ဆိတေ ဒိဿတိ။ ကုစ္ဆိတဥ္စိ ပုတ္တံ ဒုပုတ္တောတိ ဝဒန္တိ။ ခံ-သဒ္ဒေါ ပန တုစ္ဆေ။ တုစ္ဆဉ္စိ အာကာသံ ခန္တိ ဝုစ္စတိ။ ဣဒဥ္စ ပဌမသစ္စံ ကုစ္ဆိတံ အနေကဥပဒ္ဒဝါဓိဋ္ဌာနတော၊ တုစ္ဆံ ဗာလ-ဇနပရိကပ္ပိတဓုဝသုဘသုခတ္တဘာဝဝိရဟိတတော။ တသ္မာ ကုစ္ဆိတတ္တာ တုစ္ဆတ္တာ စ ဒုက္ခန္တိ ဝုစ္စတိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

ထိုနည်းအတူ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သစ္စာအဖွင့်၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ သစ္စာအဖွင့်တို့၌လည်း ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ကလဓ၊ ဤဒုက္ခသမ္ဗန္ဓဟူသောပုဒ်၌။ သမဘိနိဝိဋ္ဌော၊ ကောင်းစွာ အကျုံး ဝင်သော။ ဒု-ကြတိ အယံ သဒ္ဒေါ၊ ဒု-ဟူသော ဤသဒ္ဒါကို။ ကုစ္ဆိတေ၊ စက်ဆုပ်အပ်သော အနက်၌။ ဒိဿတိ၊ ရှုအပ်၏။ ဟိ တဒေဝ သစ္စံ၊ ထိုစကားသည် မှန်၏။ ကုစ္ဆိတံ၊ စက်ဆုပ်အပ်သော။ ပုတ္တံ၊ သားကို။ ဒုပုတ္တောတိ၊ ဒုပုတ္တဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။ ခံ-သဒ္ဒေါ ပန၊ ခံ-သဒ္ဒါကိုကား။ တုစ္ဆေ၊ အချည်းနှီး၌။ ဒိဿတိ၊ ရှုအပ်၏။ ဟိ တဒေဝ သစ္စံ၊ ထိုစကားသည် မှန်၏။ တုစ္ဆံ၊ အချည်းနှီးသော။ အာကာသံ၊ ကောင်းကင်ကို။ ခန္တိ၊ ခံ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣဒဥ္စ ပဌမ-သစ္စံ၊ ဤ ရှေးဦးစွာဖြစ်သော ဒုက္ခသစ္စာကိုလည်း။ အနေကဥပဒ္ဒဝါဓိဋ္ဌာနတော၊ တပါးမက များစွာသော ဘေးရန်တို့၏ တည်ရာဖြစ်ခြင်းကြောင့်။ ကုစ္ဆိတံ၊ စက်ဆုပ်အပ်၏။ ဗာလဇနပရိကပ္ပိတဓုဝသုဘသုခတ္တဘာဝဝိရဟိတတော၊ သူမိုက်တို့သည် ကြံဆအပ်သော မြဲခြင်း၏ အဖြစ်, တင့်တယ်ခြင်း၏ အဖြစ်, ချမ်းသာခြင်း၏ အဖြစ်, သတ္တဝါ သတ္တဝါ၏ ဥစ္စာဟူသော အတ္တ၏ အဖြစ်မှ ကင်းခြင်းကြောင့်။ တုစ္ဆံ၊ အချည်းနှီးသာ ဖြစ်၏။ တသ္မာ ကုစ္ဆိတတ္တာ စ၊ ထိုသို့ စက်ဆုပ်အပ်သည်၏အဖြစ်ကြောင့်၎င်း။ တသ္မာ တုစ္ဆတ္တာ စ၊ ထိုသို့ အချည်းနှီးတရားသာ ဖြစ်သည်၏ အဖြစ်ကြောင့်၎င်း။ ဒုက္ခန္တိ၊ ဒုက္ခဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ပြဆိုအပ်သည်ကို ထောက်၍ ဒု-သဒ္ဒါသည် စက်ဆုပ်အပ်သောအနက်, ခံ-သဒ္ဒါသည် အချည်းနှီးဟူသော အနက်ကို ဟောပြကြောင်း ထင်ရှား သိကြလေ။ ။သစ္စ-သဒ္ဒါသည် မှန်သော အနက်ကို ဟော၏၊ ဟောကြောင်းကိုလည်း သမ္မောဟဝိနောဒနီအဋ္ဌကထာ သစ္စဝိဘင်းအဖွင့် စာမျက်နှာ(၇၀)နှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သစ္စာအဖွင့် စာမျက်နှာ (၁၂၇)တို့၌—

တစ္ဆာဝိပရီတဘူတဘာဝေါ သစ္စဋ္ဌောတိ ဝေဒိတဗ္ဗော။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍ငင်း၊

ဣဒံ ဒုက္ခန္တိ ဘိက္ခဝေ တထမေတံ အဝိတထမေတံ အနညထမေတံ။

ဟူ၍ သစ္စသံယုတ်ပါဠိတော် စာမျက်နှာ (၃၇၇) ၌လာသည်ကို ထောက်၍ငင်း သိကြလေ။

အနက်သိကြောင်း မြန်မာပြန်ကား—

တစ္ဆာဝိပရီတဘူတဘာဝေါ၊ မချွတ်မယွင်း မှန်ကန်သော သဘော,မဖောက် မပြန်သော သဘော, ဟုတ်မှန်သော သဘောကို။ သစ္စဋ္ဌောတိ၊ သစ္စာအနက် ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ။(ဤကား အဋ္ဌကထာပါဌ်၏ မြန်မာပြန် တည်း။)

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ ဒုက္ခန္တိ တော် ဝစနံ၊ ဤ ဣဒံ ဒုက္ခံ ဟူသော စကား သည်။ တထံ၊ ဟုတ်မှန်၏။ တော်၊ ဣဒံ ဒုက္ခံဟူသော ဤစကားသည်။ အဝိတထံ၊ မချွတ်မယွင်း။ တော်၊ ဣဒံ ဒုက္ခံ-ဟူသော ဤစကားသည်။ အနညထံ၊ တပါး သော အခြင်းအရာအားဖြင့် ဖြစ်ခြင်း မရှိ။ ။(ဤကား ပါဠိတော်၏ မြန်မာ ပြန်တည်း။)

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ သစ္စံသဒ္ဒါသည် မှန်သောအနက်ကို ဟော ပြကြောင်းကို ထင်ရှား သိကြလေ။

ထို့ကြောင့် ဒုက္ခသစ္စာဆိုလျှင် စက်ဆုပ်ဖွယ် အချည်းနှီးတရား အမှန်ဟု ဆိုလိုသည်။ ထိုသို့ ဆိုခြင်းကြောင့် စက္ခုံ ဒုက္ခသစ္စံ-ဟုဆိုလျှင် မျက်စိအကြည် သဘောသည် စင်စစ် စက်ဆုပ်ဘွယ် အချည်းနှီးတရားသာ ဖြစ်၏ဟု မှတ်သား ကြလေ ဆိုသည်။

**သောတပသာဒစသည် ဒုက္ခသစ္စာဖြစ်ပုံ။** ။ထိုနည်းအတူ သောတ ဃာန ဇိဝှါ ကာယ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ

စသော ကျန် ရုပ်ဟူသမျှတို့လည်း စက္ခုကဲ့သို့ ဒုက္ခသစ္စာသာလျှင်ကတည်း။ အဘယ်ကြောင့်ဆိုသော် ၎င်းရုပ်တို့ကိုလည်း ဇာတိဇရာ မရဏစသော ဘေး တို့သည် မပြတ်မလပ်ပေါ်လာတိုင်း နှိပ်စက်အပ်သည်၏အဖြစ်ကြောင့် စင်စစ် စက်ဆုပ်အပ်၏။ ထိုသို့ စက်ဆုပ်အပ်သောကြောင့်၎င်း ၎င်းရုပ်တို့သည် မြဲခြင်း နိစ္စ အနှစ်သာရ၊ ချမ်းသာသော သုခ အနှစ်သာရ၊ တင့်တယ်သော သုဘ တည်းဟူသော အနှစ်သာရ၊ သတ္တဝါ, သတ္တဝါ၏ ဥစ္စာဟူသော အတ္တ အနှစ် သာရတို့မှလည်း စင်စစ် ကင်းသောကြောင့် အချည်းနှီး သဘောတို့သာ ကေန်

ဖြစ်ကြပေကုန်၏။ ထိုသို့ အချည်းနှီးသဘော၏ အဖြစ်ကြောင့်ငှင်း၊ ဤ ဆိုအပ်ပြီးသော စက်ဆုပ်ဘွယ် အချည်းနှီးသဘောသာလျှင် အမှန်ဖြစ်ကုန်သောကြောင့်ငှင်း ရုပ်တရားတို့ကို ဒုက္ခသစ္စာတရားဟု ခေါ်ဆိုအပ်လေသည် ဟူလို။

**နာမ်ခန္ဓာများ ဒုက္ခသစ္စာဖြစ်ပုံ။** ။ထိုဆိုအပ်ပြီးသော ရုပ်တို့နည်းတူ အလုံးစုံသော လောကီစိတ် ၈၁-ပါး၊ ထိုစိတ်တို့နှင့် ယှဉ်၍ဖြစ်သော စေတသိက်တရား။ ဤဆိုအပ်ပြီးသော နာမက္ခန္ဓာတရားတို့သည်လည်း စင်စစ် ဒုက္ခသစ္စာတရားတို့သာလျှင်ကတည်း။ အဘယ်ကြောင့်ဆိုသော် ငှင်းနာမက္ခန္ဓာတရားတို့သည် မပြတ်မလပ် ဖြစ်ပေါ်ရခြင်းတည်းဟူသော ဇာတိဘေး၊ ရင့်ရော်ခြင်းတည်းဟူသော ဇရာဘေး၊ ပျက်စီးခြင်းတည်းဟူသော မရဏဘေးတို့နှင့် မပြတ်မလပ် တွေ့ကြုံရခြင်းကြောင့် စင်စစ် စက်ဆုပ်အပ်သော သဘောတို့သာလျှင် အမှန် ဖြစ်ပေ၏။

ထိုသို့ စက်ဆုပ်အပ်သော သဘောအမှန်ဖြစ်ခြင်းကြောင့်ငှင်း၊ငှင်းနာမက္ခန္ဓာတရားတို့သည် ဖြစ်ပေါ်ကုန်လျှင် စင်စစ် ပျက်စီးရကုန်၏။ ထိုသို့ ပျက်စီးရကုန်သောကြောင့် ငှင်းတရားတို့၌ မြဲခြင်းတည်းဟူသော နိစ္စအနှစ်သည် စင်စစ် မရှိလေ။ ထိုသို့ နိစ္စ အနှစ်မရှိသောကြောင့်ငှင်း၊ ငှင်းနာမက္ခန္ဓာတရားတို့ ဖြစ်ပေါ်လာလျှင် စင်စစ် အပျက်တရားသဘောသည် အမြဲနှိပ်စက်ပေ၏၊ ထိုသို့ အပျက်၏ အနှိပ်စက်ကို မပြတ်မလပ် ခံနေရခြင်းကြောင့် ငှင်းနာမက္ခန္ဓာတရားတို့၌ ချမ်းသာသောသုခ အနှစ်သာရသည်လည်း ကေန် မရှိလေပြီ၊ ထိုသို့ သုခ အနှစ်သာရ မရှိခြင်းကြောင့်ငှင်း၊ ငှင်း နာမက္ခန္ဓာတရားတို့တွင် ဘယ်တရားသဘောမျှလည်း ငါ့၊ သူ့၊ သတ္တဝါ၊ မိမိစသော အတ္တတရားမဟုတ်၊ စင်စစ် အနတ္တတရားသဘောသာလျှင် ဖြစ်ပေ၏။ ထိုသို့ အနတ္တတရားသဘောသာလျှင် အမှန်ဖြစ်ခြင်းကြောင့် ငှင်း နာမက္ခန္ဓာတရားတို့၌ အတ္တဟူသော အနှစ်သာရသည်လည်း ကေန် မရှိလေပြီ၊ ထိုသို့ အတ္တဟူသော အနှစ်သာရမရှိခြင်းကြောင့်လည်း စင်စစ် အချည်းနှီး သဘောတရားတို့သာ ကေန် အမှန်ဖြစ်ပေ၏၊ ထိုသို့ အချည်းနှီးသဘော အမှန်ဖြစ်ခြင်းကြောင့်ငှင်း၊ ဤဆိုအပ်ပြီးသော စက်ဆုပ်ဘွယ် အချည်းနှီး အမှန်သဘောဖြစ်ခြင်းကြောင့်ငှင်း နာမက္ခန္ဓာတရားအပေါင်းသည် စင်စစ် ဒုက္ခသစ္စာတရား ဖြစ်လေသည် ဟူလို။ ထိုဆိုအပ်ပြီးသော ရုပ်နာမ်တရား နှစ်ပါးစလုံးသည် စင်စစ် ဒုက္ခသစ္စာတရားဖြစ်ကြောင်းကို သမ္မောဟဝိနောဒနီ အဋ္ဌကထာ ဓာတုဝိဘင်းအဖွင့် စာမျက်နှာ (၆၇)၌—

ရူပါရူပံ ပဉ္စက္ခန္ဓံ၊ တံ ဟောတိ ဒုက္ခသစ္စံ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်လေ။

မြန်မာပြန်ကား—

ရူပါရူပံ၊ ရုပ်နာမ်တရားသည်။ ပဉ္စက္ခန္ဓံ၊ ငါးပါးသော ခန္ဓာမည်၏။ တံ၊ ထို ငါးပါးသော ခန္ဓာတရားသည်။ ဒုက္ခသစ္စံ၊ စက်ဆုပ်ဘွယ် အချည်းနှီးတရား အမှန်မည်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ လောကီရုပ်နာမ်ဟူသမျှသည် စင်စစ် ဒုက္ခသစ္စာတရား အမှန်ဖြစ်ကြောင်းကို ထင်ရှားသိကြလေ။ ထို ဒုက္ခသစ္စာတရားကို ဟုတ်တိုင်းမှန်စွာ မသိတတ်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

**သမုဒယသစ္စာ။** ။ထိုဆိုအပ်ပြီးသော ဖြစ်ပွါးနေသော ဒုက္ခသစ္စာဖြစ်သော ရုပ်နာမ်တရားသည် စင်စစ် ရှေးဘဝက နှစ်သက်တွယ်တာခဲ့သော ပုရိမတဏှာကြောင့်သာလျှင် ဖြစ်ပေ၏။ ထိုသို့ဖြစ်ခြင်းကြောင့် ရှေးဘဝက တွယ်တာခဲ့သော ပုရိမတဏှာကိုပင် သမုဒယသစ္စာဟု ခေါ်ဝေါ်အပ်လေသည်၊ ထိုသို့ ခေါ်ဝေါ်အပ်ကြောင်းကိုလည်း ၎င်းဓာတုဝိဘင်းအဋ္ဌကထာ စာမျက်နှာ (၆၇-၉)၌ပင်—

တံသမုဋ္ဌာပိကာ ပုရိမတဏှာ သမုဒယသစ္စံ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

မြန်မာပြန် အနက်သိကြောင်းကား—

တံ၊ ထိုဒုက္ခသစ္စာကို။ သမုဋ္ဌာပိကာ၊ ဖြစ်စေတတ်သော။ ပုရိမတဏှာ၊ ရှေးဘဝ၌ဖြစ်သော တွယ်တာခင်မင် မွတ်သိပ်ခဲ့သော တဏှာသည်။ သမုဒယသစ္စံ၊ သမုဒယသစ္စာမည်၏။ ဝါ၊ ဖြစ်ကြောင်းတရားအမှန်မည်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ရှေးဘဝ၌ တွယ်တာခဲ့သော တဏှာသည် စင်စစ် သမုဒယသစ္စာဖြစ်ကြောင်းကို ထင်ရှားသိကြလေ။ ထို ဖြစ်ကြောင်းဖြစ်သော သမုဒယသစ္စာကို ဟုတ်တိုင်းမှန်စွာ မသိတတ်သောသဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်၏။

**နိရောဓသစ္စာ။** ။ထို ဒုက္ခသစ္စာ သမုဒယသစ္စာနှစ်ပါးတို့၏ နောင်တဖန် ဖြစ်ပေါ်မှု မရှိကြောင်းဖြစ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော ဖြစ်ပေါ်ခြင်းသဘောဇာတိနှင့် စင်စစ် ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်ပေါ်သော လက္ခဏာရှိသော အဇာတိသဘောဟု ဆိုအပ်သော အသင်္ခတဓာတ်သည် နိရောဓသစ္စာ နိဗ္ဗာန်မည်၏။ ထိုသို့ မည်ကြောင်းကိုလည်း

ဥဘိန္နံ အပ္ပဝတ္တိ နိရောဓသစ္စံ။

ဟူ၍ ၎င်း ဓာတုဝိဘင်းအဋ္ဌကထာ စာမျက်နှာ (၆၉)၌ပင် မိန့်ဆိုအပ်လေပြီ။ ထိုနည်းအတူ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သမ္မာသမ္ဗုဒ္ဓအဖွင့်၌လည်း မိန့်ဆိုအပ်လေသည်။

အနက်သိကြောင်း မြန်မာပြန်ကား—

ဥဘိန္နံ၊ ဒုက္ခသမုဒယနှစ်ပါးစုံတို့၏။ အပ္ပဝတ္တိ=အပ္ပဝတ္တိနိမိတ္တံ၊ ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းဖြစ်သော အသင်္ခတဓာတ်သဘောသည်။ နိရောဓသစ္စံ၊ နိရောဓသစ္စာမည်၏။ ဝါ၊ ဒုက္ခသမုဒယတို့၏ ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ကြောင်းတရားအမှန်မည်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ဒုက္ခသမုဒယနှစ်ပါးတို့၏ ဖြစ်ပေါ်မှုမရှိခြင်း၏အကြောင်းခံဖြစ်သော မဖြစ်ပေါ်သော သဘောလက္ခဏာရှိသော အသင်္ခတဓာတ်သဘောကိုပင် စင်စစ် နိရောဓသစ္စာဟု ခေါ်ဆိုအပ်ကြောင်းကို တင်ရှားသိကြလေ။

**မဂ္ဂသစ္စာ။** ။ထိုနိရောဓသစ္စာ၏ သဘော လက္ခဏာကို ဟုတ်တိုင်းမှန်စွာ မသိတတ်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်၏။ ထိုနိရောဓသစ္စာကို မတွေ့မဝေ ထိုးထွင်း၍ အပြားအားဖြင့် သိတတ်သော သမ္မာဒိဋ္ဌိသာလျှင် ပြဋ္ဌာန်းခြင်းရှိသော မဂ္ဂင်ရှစ်ပါး တရားသည် မဂ္ဂသစ္စာ မည်၏။ ထိုသို့ မည်ကြောင်းကိုလည်း ၎င်းဓာတုဝိဘင်းအဖွင့် စာမျက်နှာ(၆၉)၌—

တံ ပဇာနနော မဂ္ဂေါ မဂ္ဂသစ္စံ။

ဟု မိန့်ပြီ။

မြန်မာပြန် အနက်သိကြောင်းကား—

တံ၊ ထိုနိရောဓသစ္စာနိဗ္ဗာန်ကို။ ပဇာနနော၊ မတွေ့မဝေ အပြားအားဖြင့် သိတတ်သော သမ္မာဒိဋ္ဌိအမှူးရှိသော။ မဂ္ဂေါ၊ မဂ္ဂင်ရှစ်ပါးတရားသည်။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာ မည်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ နိရောဓသစ္စာ အသင်္ခတဓာတ် နိဗ္ဗာန်ကို မတွေ့မဝေ အပြားအားဖြင့် သိတတ်သော သမ္မာဒိဋ္ဌိ အမှူးရှိသော မဂ္ဂင်ရှစ်ပါး တရားသည်သာလျှင် စင်စစ် မဂ္ဂသစ္စာဖြစ်ကြောင်းကို ထင်ရှားသိကြလေ။ ထိုမဂ္ဂသစ္စာသဘောကို ဟုတ်တိုင်းမှန်စွာ မသိတတ်သော သဘောသည် စင်စစ် အဝိဇ္ဇာသဘော ဖြစ်ပေ၏။

ထိုဆိုအပ်ပြီးသော သစ္စာလေးပါးတရားကို ဟုတ်တိုင်းမှန်စွာ မသိတတ်သော သဘောကိုပင် စင်စစ် အဝိဇ္ဇာဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိစေတော်မူလိုသော သဗ္ဗညုတဉာဏ်တော်ရှင်သည် မဟာဝဂ္ဂသံယုတ် ပါဠိတော် စာမျက်နှာ(၃၇၆)၌—

> ယံ ခေါ ဘိက္ခု ဒုက္ခေ အညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ၊ ဒုက္ခနိရောဓေ အညာဏံ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အညာဏံ။ အယံ ဝုစ္စတိ ဘိက္ခု အဝိဇ္ဇာ။

ဟူ၍ ဟောတော်မူအပ်လေပြီ။

မြန်မာပြန် အနက်သိကြောင်းကား—

ဘိက္ခု၊ ရဟန်း။ ခေါ၊ စင်စစ်။ ဒုက္ခေ၊ စက်ဆုပ်ဖွယ် အချည်းနှီးဖြစ်သော ဒုက္ခသစ္စာ၌။ ယံ အညာဏံ၊ အကြင်မသိတတ်သော သဘောသည်ရှင်း။ ဒုက္ခသမုဒယေ၊ ဒုက္ခ၏ဖြစ်ကြောင်းဖြစ်သော သမုဒယသစ္စာ၌။ ယံ အညာဏံ၊ အကြင်မသိတတ်သော သဘောသည်ရှင်း။ ဒုက္ခနိရောဓေ၊ ဒုက္ခတို့၏ မရှိရာ သဘောဖြစ်သော။ ဝါ၊ ဒုက္ခတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော။ ဝါ၊ ဒုက္ခတို့၏ တဖန် ပေါ်မှုမရှိဘဲ ကွယ်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်တရား၌။ ယံ အညာဏံ၊ အကြင်မသိတတ်သော သဘောသည်ရှင်း။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ၊ ဒုက္ခတို့၏ မရှိရာ။ ဝါ၊ ဒုက္ခတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော။ ဝါ၊ ဒုက္ခတို့၏ နောင်တဖန် ပေါ်မှုမရှိဘဲ ကွယ်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်သို့ အာရုံပြု၍ ရောက်တတ်သော သမ္မာဒိဋ္ဌိ အမှူးရှိသော မဂ္ဂင်ရှစ်ပါး တည်းဟူသော အကျင့်တရား၌။ ယံ အညာဏံ၊ အကြင် မသိတတ်သော သဘောသည်ရှင်း။ အတ္ထိ၊ ရှိ၏။ ဘိက္ခု၊ ရဟန်း။ အယံ၊ ဤဆိုအပ်ပြီးသော သစ္စာလေးပါးတရား၌ မသိတတ်သော သဘောကို။ အဝိဇ္ဇာ၊ အဝိဇ္ဇာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ အမှန်တရားလေးပါးကို ဟုတ်တိုင်းမှန်စွာ မသိတတ်သောသဘောကို စင်စစ် အဝိဇ္ဇာဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေ။

ဤတွင် အဝိဇ္ဇာပစ္စယာ သင်္ခါရာဟူသော ဒေသနာတော်၌ လာသော အဝိဇ္ဇာသဘောကို ဖော်ပြချက် ပြီး၏။

အဝိဇ္ဇာအခန်း ပြီး၏။

## သင်္ခါရသဒ္ဒါ၏အနက်နှင့် ပုညာဘိသင်္ခါရ စသည်တို့ကို ပြဆိုချက်

ထိုဆိုအပ်ပြီးသော အဝိဇ္ဇာသဘောကြောင့်သာလျှင် သင်္ခါရတရားမျိုးသည် ကေန်ဖြစ်ရပေ၏။ ထိုဖြစ်သော သင်္ခါရတရားသဘောကို ပြဆိုအပ်သော သင်္ခါရသဒ္ဒါသည် စင်စစ် ပြုပြင်တတ်သော အနက်သဘောကို ဟော၏။ ဟောကြောင်းကိုလည်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပညာဘူမိအဖွင့် စာမျက်နှာ(၁၅၈)၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ ပဋိစ္စသမုပ္ပါဒ်အဖွင့် စာမျက်နှာ (၁၂၇)၌—

သင်္ခတမဘိသင်္ခရောန္တီတိ သင်္ခါရာ။

ဟူ၍ မိန့်ပြီ။

အနက်သိကြောင်းကား—

ယေ ဓမ္မာ၊ အကြင်သဘော တရားတို့သည်။ သင်္ခတံ၊ ပြုပြင်အပ်သော သဘောတရားကို။ အဘိသင်္ခရောန္တိ။ ပြုပြင်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ ပြုပြင်တတ်သော သတ္တိကြောင့်။ တေ ဓမ္မာ၊ ထိုသဘောတရားတို့သည်။ သင်္ခါရာ၊ သင်္ခါရတရားတို့ မည်ကုန်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ သင်္ခါရသဒ္ဒါ၏ ပြုပြင်တတ်သော အနက်သဘောကို သိကြလေ။ ထိုပြုပြင်တတ်သော သင်္ခါရသည် ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရအားဖြင့် သုံးပါး၊ ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရအားဖြင့် သုံးပါး၊ ဤသို့လျှင် ခြောက်ပါးဖြစ်၏။ ထိုသို့ဖြစ်ကြောင်းကိုလည်း—

> ပုညာပုညာနေဉ္ဇာဘိသင်္ခါရာ တယော။ ကာယဝစီစိတ္တသင်္ခါရာ တယောတိ ဣမေ ဆ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။

ဟူ၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ ပညာဘူမိ, ပဋိစ္စသမုပ္ပါဒ် အဖွင့်တို့၌ မိန့်ပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

တယော၊ သုံးပါးကုန်သော။ ပုညာပုညာနေဉ္ဇာဘိသင်္ခါရာ၊ ကိလေသာတို့ကို သုတ်သင်သောအားဖြင့် ပြုပြင်တတ်သော ပုညာဘိသင်္ခါရ, ကိလေသာတို့ကို မသုတ်သင်ဘဲလျက် ကိလေသာတို့နှင့်တကွဖြစ်၍ ပြုပြင်တတ်သော အပုညာဘိသင်္ခါရ, နီဝရဏ တရားတို့ဖြင့် (ဝါ၊) နီဝရဏ တရားတို့ကြောင့် တုန်လှုပ်ခြင်းမရှိသောအားဖြင့် ပြုပြင်တတ်သော အာနေဉ္ဇာဘိသင်္ခါရတို့ရင်း။ တယော၊ သုံးပါးကုန်သော။ ကာယဝစီစိတ္တသင်္ခါရာ၊ ကာယဝိညတ်ပြဋ္ဌာန်းသော ကိုယ်ဖြင့် လှုပ်၍ ပြုပြင်တတ်သော ကာယသင်္ခါရ, ဝစီဝိညတ်ပြဋ္ဌာန်းသော

နှုတ်ဖြင့်မြွက်၍ ပြုပြင်တတ်သော ဝစီသင်္ခါရ ,ဝိညတ်ကင်းလျက် သက်သက်သော စိတ်ဖြင့်သာလျှင် ပြုပြင်တတ်သော စိတ္တသင်္ခါရတို့ငှင်း။ ဣတိ ဣမေ ဆ၊ ဤ ခြောက်ပါးတို့သည်။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ အဝိဇ္ဇာဟူသော အကြောင်း ကြောင့် ဖြစ်ကုန်သော သင်္ခါရတရားတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**သင်္ခါရတရားကိုယ်။** ။ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ အဝိဇ္ဇာကြောင့် ဖြစ်သော သင်္ခါရတို့ကို သိလေ။ ထိုအလုံးစုံသော ခြောက်ပါးအပြားရှိသော သင်္ခါရတရားတို့သည် စင်စစ် လောကီဖြစ်သော ကုသိုလ် အကုသိုလ် စေတနာမျှသာ ဖြစ်၏။ ထိုသို့ဖြစ်ကြောင်းကိုလည်း —

တေ သဗ္ဗေပိ လောကိယကုသလာကုသလစေတနာမတ္တမေဝ။

ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (နှာ-၁၅၈)၊သမ္မောဟဝိနောဒနီအဋ္ဌကထာ ပညာဘူမိ, ပဋိစ္စသမုပ္ပါဒ်အဖွင့်(နှာ-၁၂၇) တို့၌ မိန့်အပ်လေပြီ။

**အနက်သိကြောင်းကား—**

တေ သဗ္ဗေပိ၊ ထိုအလုံးစုံခြောက်ပါးကုန်သော သင်္ခါရတရားတို့သည်လည်း။ လောကိယကုသလာကုသလစေတနာမတ္တမေဝ၊ လောကီဖြစ်သော ကုသိုလ် အကုသိုလ် စေတနာမျှသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ လောကီကုသိုလ် အကုသိုလ်စေတနာမျှ ဖြစ်ကြောင်းကို ထင်ရှားသိကြလေကုန်။

ထိုစေတနာသည်လည်း ဒါန သီလ ဘာဝနာ ဝေယျာဝစ္စ အပစာယန ပတ္တိဒါန ပတ္တာနုမောဒန ဓမ္မသဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မတို့၏ အစွမ်းဖြင့် ဖြစ်သော ကာမကုသိုလ်စေတနာရှစ်ပါး၊ ဘာဝနာ၏အစွမ်းဖြင့်ဖြစ်သော ရူပ ကုသိုလ်စေတနာငါးပါး၊ ဘာဝနာ၏အစွမ်းဖြင့်သာလျှင်ဖြစ်သော အရူပကုသိုလ် စေတနာလေးပါး၊ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိတို့၏ အစွမ်းဖြင့်ဖြစ်သော အကုသိုလ်စေတနာ ၁၂-ပါး၊ ဤသို့လျှင် တခုယုတ်သုံးဆယ် ဖြစ်၏။ ထိုစေတနာတို့တွင် ကာမကုသိုလ်စေတနာရှစ်ပါး၊ ရူပကုသိုလ်စေတနာ ငါးပါး၊ ဤတဆဲ့သုံးပါးကုန်သော စေတနာတို့သည် **ပုညာဘိသင်္ခါရ** တရားတို့ မည်ကုန်၏၊ အကုသိုလ်စေတနာ ၁၂-ပါးတို့သည် **အပုညာဘိသင်္ခါရ** တရားတို့ မည်ကုန်၏။ အရူပကုသိုလ်စေတနာလေးပါးတို့သည် **အာနေဉ္ဇာဘိသင်္ခါရ**တရား တို့ မည်ကုန်၏။ထိုသို့ မည်ကြောင်းကိုလည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပညာဘူမိနိဒ္ဒေသ စာမျက်နှာ (၁၆၁)၌—

ဝိတ္တာရတော ပနေတ္ထ ပုညာဘိသင်္ခါရော ဒါနသီလာဒိဝသေန ပဝတ္တာ အဋ္ဌ ကာမာဝစရကုသလစေတနာ စ ဘာဝနာဝသေနေဝ ပဝတ္တာ ပဉ္စ ရူပါဝစရကုသလစေတနာ စာတိ တေရသ စေတနာ ဟောန္တိ။ အပုညာဘိသင်္ခါရော ပါဏာတိပါတာဒိဝသေန ပဝတ္တာ ဒွါဒသ အကုသလစေတနာ။ အာနေဉ္ဇာဘိသင်္ခါရော ဘာဝနာဝသေနေဝ ပဝတ္တာ စတဿော အရူပါဝစရကုသလစေတနာ စာတိ တယောပိ သင်္ခါရာ ဧကူနတိံသ စေတနာ ဟောန္တိ။

ဟူ၍ မိန့်အပ်သည်ကို ထောက်၍ သိကြလေ။

အနက်သိကြောင်းကား—

ပန၊ အကျဉ်းမှတပါး အကျယ်ကို ဆိုဦးအံ့။ ဝိတ္တာရတော၊ အကျယ်အားဖြင့်။ ဧတ္ထ၊ ဤသင်္ခါရဟူသောပါဌ်၌။ ဒါနသီလာဒိဝသေန၊ အလှူပေးခြင်း သီလဆောက်တည်ခြင်း စသည်တို့၏ အစွမ်းဖြင့်။ ပဝတ္တာ၊ ဖြစ်ကုန်သော။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ကာမာဝစရကုသလစေတနာ စ၊ ကာမာဝစရကုသိုလ်စေတနာတို့ငှင်း။ ဝါ၊ ကာမဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်ကုန်သော ကုသိုလ်စေတနာတို့ငှင်း။ ဘာဝနာဝသေနေဝ၊ ကသိုဏ်း စသည်တို့၏ ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ရူပါဝစရဈာန်ကို ပွါးများလေ့လာသည်၏ အစွမ်းဖြင့်သာလျှင်။ ပဝတ္တာ၊ ဖြစ်ကုန်သော။ ပဉ္စ၊ ငါးပါးကုန်သော။ ရူပါဝစရကုသလစေတနာ စ၊ ရူပါဝစရကုသိုလ်စေတနာတို့ငှင်း။ ဝါ၊ ရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်ကုန်သော ကုသိုလ်စေတနာတို့ငှင်း။ ဣတိ၊ ဤသို့။ တေရသ၊ တဆဲ့သုံးပါးကုန်သော။ စေတနာ၊ စေ့ဆော် ပြုလုပ်တတ်ကုန်သော စေတနာတရားတို့သည်။ ပုညာဘိသင်္ခါရော၊ ပုညာဘိ သင်္ခါရမည်သည်။ ဟောတိ၊ ဖြစ်၏။ ပါဏာတိပါတာဒိဝသေန၊ ဝေါဟာရ အားဖြင့် သတ္တဝါ၏အသက်, ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို ကျစေခြင်း စသည် တို့၏ အစွမ်းဖြင့်။ ပဝတ္တာ၊ ဖြစ်ကုန်သော။ ဒွါဒသ၊ တဆဲ့နှစ်ပါးကုန်သော။ အကုသလစေတနာ၊ ကုသိုလ်နှင့် ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့် အကုသိုလ်ဟု ခေါ်အပ်သော စေတနာတရားတို့သည်။ အပုညာဘိသင်္ခါရော၊ အပုညာဘိ သင်္ခါရမည်သည်။ ဟောတိ၊ ဖြစ်၏။ ဘာဝနာဝသေနေဝ၊ အရူပဈာန်ကို ပွါးများ လေ့လာသည်၏ အစွမ်းဖြင့်သာလျှင်။ ပဝတ္တာ၊ ဖြစ်ကုန်သော။ စတဿော၊ လေးပါးကုန်သော။ အရူပါဝစရကုသလစေတနာ၊ အရူပါဝစရ ကုသိုလ်စေတနာတို့သည်။ ဝါ၊ အရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်ကုန်သော ကုသိုလ် စေတနာတို့သည်။ အာနေဉ္ဇာဘိသင်္ခါရော၊ အာနေဉ္ဇာဘိသင်္ခါရမည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ တယောပိ၊

သုံးပါးလည်း ဖြစ်ကုန်သော။ သင်္ခါရာ၊ ပြုပြင်တတ်ကုန်သော သင်္ခါရတရားတို့သည်။ ဣေနုတိ ့သ စေတနာ၊ တခုယုတ်သုံးဆယ်သော စေတနာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့ပြဆိုအပ်သည်ကိုထောက်၍ စေတနာ တခုယုတ်သုံးဆယ်ဖြစ်ကြောင်း၊ ထိုစေတနာ တခုယုတ်သုံးဆယ်တို့တွင် ကာမကုသိုလ် ရူပကုသိုလ်စေတနာ တဆဲ့သုံးပါးသည် ပုညာဘိသင်္ခါရမည်ကြောင်း၊ အရူပကုသိုလ် စေတနာ လေးပါးသည် အာနေဉ္စာဘိသင်္ခါရ မည်ကြောင်း၊ အကုသိုလ် စေတနာ ၁၂-ပါးသည် အပုညာဘိသင်္ခါရမည်ကြောင်းကို ထင်ရှား သိကြလေကုန်။

**ကာယသင်္ခါရ။** ။ထိုပြဆိုအပ်ခဲ့ပြီးသော စေတနာ တခုယုတ်သုံးဆယ်တို့တွင် ကာမာဝစရကုသိုလ် စေတနာရှစ်၊ အကုသိုလ်စေတနာ တဆဲ့နှစ်၊ ပေါင်း နှစ်ဆယ်ကုန်သောစေတနာတို့သည် ကာယဝိညတ်ကို ဖြစ်စေ၍ ကာယဒွါရကြောင့် ဖြစ်ကုန်သောကြောင့် ကာယသင်္ခါရ မည်ကုန်၏။ ထိုသို့မည်ကြောင်းကိုလည်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှင်သည် ပညာဘူမိနိဒ္ဒေသအဖွင့် စာမျက်နှာ (၁၆၂)၌ —

> ကာယဝိညတ္တိံ သမုဋ္ဌာပေတွာ ဟိ ကာယဒွါရတော ပဝတ္တာ အဋ္ဌ ကာမာဝစရကုသလစေတနာ၊ ဒွါဒသ အကုသလစေတနာတိ သမဝီသတိ စေတနာ ကာယသင်္ခါရော နာမ။

ဟူ၍ မိန့်အပ်ပြီ။

အနက်သိကြောင်းကား—

ဟိ၊ ထိုစကားကို ချဲ့အံ့။ ကာယဝိညတ္တိံ၊ ကာယဝိညတ်ကို။ သမုဋ္ဌာပေတွာ၊ ဖြစ်စေ၍။ ကာယဒွါရတော၊ ကာယဒွါရကြောင့်။ ပဝတ္တာ၊ ဖြစ်ကုန်သော။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ကာမာဝစရကုသလစေတနာ၊ ကာမာဝစရကုသိုလ်စေတနာတို့ငှင်း။ ဝါ၊ ကာမဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်ကုန်သော ကုသိုလ် စေတနာတို့ငှင်း။ ဒွါဒသ၊ ၁၂-ပါးကုန်သော။ အကုသလစေတနာ၊ အကုသိုလ် စေတနာတို့ငှင်း။ ဣတိ၊ ဤသို့။ သမဝီသတိ၊ အမျှနှစ်ဆယ်ကုန်သော။ စေတနာ၊ စေတနာတို့သည်။ ဝါ၊ စေ့ဆော်ပြုလုပ်တတ်ကုန်သောတရားတို့သည်။ ကာယသင်္ခါရော နာမ၊ ကာယသင်္ခါရမည်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ကာမာဝစရကုသိုလ် စေတနာရှစ်၊ အကုသိုလ် စေတနာ ၁၂၊ ပေါင်း နှစ်ဆယ်ကုန်သော စေတနာတို့သည် စင်စစ် ကာယသင်္ခါရမည်ကြောင်းကို ထင်ရှား သိလေ။

**ဝစီသင်္ခါရ။** ။ထိုနှစ်ဆယ်ကုန်သော စေတနာတို့သည်သာလျှင် ဝစီဝိညတ်ကို ဖြစ်စေ၍ ဝစီဒွါရကြောင့်ဖြစ်သောကြောင့် ဝစီသင်္ခါရလည်း မည်၏။ ထိုသို့ မည်ကြောင်းကိုလည်း ၎င်းဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ပညာ-ဘူမိနိဒ္ဒေသအဖွင့် စာမျက်နှာ(၁၆၂)၌—

တာ ဧဝ ဝစီဝိညတ္တိံ သမုဋ္ဌာပေတွာ ဝစီဒွါရတော ပဝတ္တာ ဝစီ-သင်္ခါရော နာမ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်လေ။

အနက်သိကြောင်းကား—

ဝစီဝိညတ္တိံ၊ ဝစီဝိညတ်ကို။ သမုဋ္ဌာပေတွာ၊ ဖြစ်စေ၍။ ဝစီဒွါရတော၊ ဝစီဒွါရကြောင့်။ ပဝတ္တာ၊ ဖြစ်ကုန်သော။ တာ ဧဝ၊ ထိုအမျှနှစ်ဆယ်ကုန်သော စေတနာတို့သည်သာလျှင်။ ဝစီသင်္ခါရော နာမ၊ ဝစီသင်္ခါရမည်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ထို နှစ်ဆယ်ကုန်သော စေတနာတရားတို့သည်သာလျှင် စင်စစ် ဝစီသင်္ခါရမည်ကြောင်းကို ထင်ရှား သိကြလေ။

**စိတ္တသင်္ခါရ။** ။ထိုဆိုအပ်ပြီးသော ကာယဝိညတ် ဝစီဝိညတ်တို့ကို မဖြစ်စေဘဲ သက်သက်သော မနောဒွါရ၌ဖြစ်သော အကုသိုလ် စေတနာ ၁၂-ပါး၊ မဟာကုသိုလ် စေတနာ ရှစ်ပါး၊ ရူပကုသိုလ် စေတနာ ငါးပါး၊ အရူပ-ကုသိုလ် စေတနာ လေးပါး၊ ပေါင်း တခုယုတ် သုံးဆယ်ကုန်သော စေတနာတို့သည် စိတ္တသင်္ခါရ မည်၏။ ထိုသို့ မည်ကြောင်းကိုလည်း ၎င်းဝိသုဒ္ဓိမဂ် အဋ္ဌ-ကထာရှင်သည် စာမျက်နှာ (၁၆၂)၌—

ဉဘောပိ ဝိညတ္တိယော အသမုဋ္ဌာပေတွာ မနောဒွါရေ ဥပ္ပန္နာ ပန သဗ္ဗာပိ ဧကူနတိံသတိ စေတနာ စိတ္တသင်္ခါရောတိ။

ဟူ၍ မိန့်အပ်ပြီ။

မြန်မာပြန်ကား—

ပန၊ ကာယသင်္ခါရ ဝစီသင်္ခါရတို့မှတပါး စိတ္တသင်္ခါရကို ဆိုဦးအံ့။ ဉဘောပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ ဝိညတ္တိယော၊ ကာယဝိညတ် ဝစီဝိညတ်တို့ကို။ အသမုဋ္ဌာပေတွာ၊ မဖြစ်စေမူ၍။ မနောဒွါရေ၊ မနောဒွါရ၌။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ ဧကူနတိံသတိ စေတနာ၊ တခုယုတ်သုံးဆယ်ကုန်သော စေတနာတို့သည်။ စိတ္တသင်္ခါရော၊ စိတ္တသင်္ခါရ မည်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ဝိညတ်တို့ကို မဖြစ်စေမူ၍ သက်သက်သော မနောဒွါရ၌ဖြစ်ကုန်သော တခုယုတ်သုံးဆယ်ကုန်သော စေတနာတို့ကို စိတ္တသင်္ခါရဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှား သိကြလေကုန်။

**သင်္ခါရချင်း နှီးနှောပုံ။** ။ထိုဆိုအပ်ပြီးသော ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရဘို့သည် ရှေး၌ ပြဆိုအပ်ပြီးသော ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရတို့၌သာ သက်ဝင်လေကုန်၏။ အဘယ်သို့ သက်ဝင်လေသနည်းဟူမူ အကြင်အခါ ကာယဒုစရိုက်တို့မှ ကြဉ်ရှောင်၏။ ထိုကြဉ်ရှောင်သောသူအား ကာယသင်္ခါရသည် ဖြစ်၏၊ ထိုကာယသင်္ခါရသည် တခြားသောတရား မဟုတ်၊ ပုညာဘိသင်္ခါရခေါ်သော ရှစ်ပါးသော ကာမာဝစရကုသိုလ် စေတနာတို့တွင် တပါးပါးသော စေတနာ တရားသည်သာလျှင် ဖြစ်၏။ အကြင်အခါ ဝစီဒုစရိုက်တို့မှ ကြဉ်ရှောင်၏။ ထိုကြဉ်ရှောင်သော သူအား ဝစီသင်္ခါရသည် ဖြစ်၏။ ထိုဝစီသင်္ခါရသည်လည်း တခြားတရား မဟုတ်။ ပုညာဘိသင်္ခါရဟု ခေါ်အပ်သော ရှစ်ပါးသော ကာမာဝစရ ကုသိုလ် စေတနာတို့တွင် တပါးပါးသော စေတနာတရားသာလျှင်ကတည်း။

အကြင်အခါ ဝိညတ်နှစ်ပါးကို မဖြစ်စေမူ၍ သက်သက်သော မနောဒွါရဖြင့်သာ ကာမကုသိုလ် ရူပကုသိုလ်တို့ကို ပြုလုပ်ခဲ့အံ့။ ထိုအခါ တဆဲ့သုံးပါးသော ကာမကုသိုလ်, ရူပကုသိုလ် စေတနာတို့သည် စိတ္တသင်္ခါရ မည်၏။ ထိုစိတ္တသင်္ခါရသည်လည်း တခြားတရားမဟုတ်၊ ပုညာဘိသင်္ခါရဟု ခေါ်အပ်သော ကာမကုသိုလ် ရူပကုသိုလ် စေတနာတို့သာလျှင်တည်း။

အကြင်အခါ မနောဒွါရဖြင့်သာ အရူပကုသိုလ်ကို ပြုလုပ်ခဲ့အံ့။ ထိုအခါ၌လည်း စိတ္တသင်္ခါရသာလျှင် ဖြစ်၏။ ထိုစိတ္တသင်္ခါရသည်လည်း တခြားတရား မဟုတ်။ အာနေဉ္ဇာဘိသင်္ခါရဟု ခေါ်အပ်သော အရူပကုသိုလ် စေတနာသာလျှင်တည်း။

အကြင်အခါ အကုသိုလ် တရားတို့ကို ကာယဒွါရဖြင့် ပြုလုပ်ခဲ့အံ့။ ထိုအခါ ကာယသင်္ခါရ ဖြစ်၏။ အကြင်အခါ နှုတ်မြွက်၍ ဝစီဒွါရဖြင့် ပြုလုပ်ခဲ့အံ့။ ထိုအခါ ဝစီသင်္ခါရ ဖြစ်၏။ အကြင်အခါ ကိုယ်နှုတ်တို့ကို မဖြစ်စေဘဲ သက်သက်စိတ်ဖြင့်သာ ပြုလုပ်ခဲ့အံ့။ ထိုအခါ စိတ္တသင်္ခါရ ဖြစ်၏။ ထို ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရဟု ဆိုအပ်သော အကုသိုလ် တရားဟူသမျှသည် စင်စစ် အပုညာဘိသင်္ခါရဟု ခေါ်အပ်သော စေတနာ ၁၂-ပါးတို့တွင် တပါးပါးသည်သာလျှင် ဖြစ်ပေ၏။

ထိုသို့ ဖြစ်ခြင်းကြောင့် အလုံးစုံသော ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရဟုဆိုအပ်သော သင်္ခါရတရားသုံးပါးတို့သည် စင်စစ် ပုညာဘိသင်္ခါရ အပုညာဘိ-

**သ**င်္ခါရ **အာ**နေဉ္ဇာဘိသင်္ခါရတရားတို့၌သာလျှ**င်** သက်ဝင်လေကုန်၏ဟု မှတ်ကြလေ။ ထိုသို့ မှတ်စေလိုသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှင်သည် ပညာဘူမိအဖွင့် စာမျက်နှာ(၁၆၂)၌—

ဣတိ အယံ တိကော ပုရိမတ္တိကမေဝ ပဝိသတီတိ အတ္ထတော ပုညာဘိသင်္ခါရာဒိနံယေဝ ဝသေန အဝိဇ္ဇာယ ပစ္စယဘာဝေါ ဝေဒိ- တဗ္ဗော။

ဟူ၍ မိန့်အပ်ပြီ။

မြန်မာပြန် **အ**နက်သိကြောင်းကား—

ဣတိ ဝုတ္တနယေန၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ အယံ တိကော၊ ဤကာယ သင်္ခါရတိက်သည်။ ပုရိမတ္တိကမေဝ၊ ရှေးဖြစ်သော ပုညာဘိသင်္ခါရ တိက်သို့သာ လျှင်။ ပဝိသတိ၊ ဝင်**၏**။ ဣတိ တသ္မာ၊ ထိုသို့ ဝင်သည်၏ အဖြစ်ကြောင့်။ အတ္ထ- တော၊ အနက်အားဖြင့်။ ပုညာဘိသင်္ခါရာဒီနံယေဝ၊ ပုညာဘိသင်္ခါရ အစရှိသည် တို့၏သာလျှင်။ ဝသေန၊ အစွမ်းဖြင့်။ အဝိဇ္ဇာယ၊ မသိတတ်သော သဘောဟု ဆိုအပ်သော အဝိဇ္ဇာ**၏**။ ပစ္စယဘာဝေါ၊ သင်္ခါရတို့အား ကျေးဇူးပြုတတ်သည် ၏ **အ**ဖြစ်ကို။ ဝေဒိတဗ္ဗော၊ **သိအပ်၏**။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ ကာယသင်္ခါရတိက်သည် ပုညာဘိသင်္ခါရ တိက်သို့သာလျှင် စင်စစ် သက်ဝင်ကြောင်းကို ထင်ရှားသိကြလေ။

ဤပြဆိုအပ်သော အဋ္ဌကထာဖြင့်သာ သိရသည်မဟုတ်သေး။ ၎င်**း**ဝိသုဒ္ဓိ မဂ်ကို ဖွင့်သော မဟာဋီကာ ဒုတိယအုပ် စာမျက်နှာ (၂၆၃)၌—

အယံ တိကော **ကာ**ယသင်္ခါရတ္တိကော။ ပုရိမတ္တိကန္တိ ပုညာဘိ- **သ**င်္ခါရတ္တိကံ။ ပဝိသတီတိ ကထံ ပဝိသတိ။ ပုညာဘိသင်္ခါရော ဟိ အဋ္ဌ- ကာမာဝစရ**စေ**တနာပဘေဒေါ ကာယဒုစ္စရိတတော ဝိရမန္တဿ သိယာ ကာယသင်္ခါရော။ ဝစီဒုစ္စရိတတော ဝိရမန္တဿ သိယာ ဝစီသင်္ခါရော။ မနောဒ္ဒါရေ ပန ဥပ္ပန္နာ တေရသာပိ စေတနာ ပုညာဘိသင်္ခါရော စ ဟောတိ စိတ္တသင်္ခါရော စ။ အပုညာဘိသင်္ခါရောပိ ကာယဒုစ္စရိတ- ဝသေန ပဝတ္တိယံ သိယာ ကာယသင်္ခါရော။ ဝစီဒုစ္စရိတဝသေန ပဝတ္တိ- ယံ သိယာ ဝစီသင်္ခါရော။ ဒွေ ဒွါရာနိ မုဉ္စိတွာ မနောဒွါရေ ပဝတ္တိယံ သိယာ စိတ္တသင်္ခါရော **အာ**နေဉ္ဇာဘိသင်္ခါရော စာတိ **ဧ**ဝံ ဒုတိယတ္တိကော ပုရိမတ္တိကမေဝ ပဝိသတိ။

ဟူ၍ ဖွင့်ပြအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန် အနက်သိကြောင်းကား—

အယံ တိကောတိ၊ အယံ တိကော ဟူသည်ကား။ ကာယသင်္ခါရတ္တိကော၊ ကာယသင်္ခါရတိက်သည်။ ပုရိမတ္တိကန္တိ၊ ပုရိမတ္တိကံ ဟူသည်ကား။ ပုညာဘိသင်္ခါရတ္တိကံ၊ ပုညာဘိသင်္ခါရတိက်သို့။ ပဝိသတီတိ၊ ပဝိသတိဟူသည်ကား။ ကထံ ပဝိသတိ၊ အဘယ်သို့ ဝင်သနည်း။ အဋ္ဌကာမာဝစရစေတနာပဘေဒေါ၊ ရှစ်ပါးသော ကာမာဝစရ စေတနာ အပြားရှိသော။ ပုညာဘိသင်္ခါရော ဟိ ပုညာဘိသင်္ခါရော ဧဝ၊ ပုညာဘိသင်္ခါရသည်သာလျှင်။ ကာယဒုစ္စရိတတော၊ ကာယဒုစရိုက် တရားတို့မှ။ ဝိရမန္တဿ၊ ကြဉ်ရှောင်သောသူအား။ ကာယသင်္ခါရော၊ ကာယသင်္ခါရသည်။ သိယာ၊ ဖြစ်ရာ၏။ ဝစီဒုစ္စရိတတော၊ ဝစီဒုစရိုက်တို့မှ။ ဝိရမန္တဿ၊ ကြဉ်ရှောင်သောသူအား။ ဝစီသင်္ခါရော၊ ဝစီသင်္ခါရမည်သည်။ သိယာ၊ ဖြစ်ရာ၏။ မနောဒွါရေ ပန၊ မနောဒွါရ၌ကား။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ တေရသာပိ၊ တဆဲ့သုံးပါးလည်း ဖြစ်ကုန်သော။ စေတနာ၊ စေ့ဆော်ပြုလုပ်တတ်ကုန်သော စေတနာသဘောတရားတို့သည်။ ပုညာဘိသင်္ခါရော စ၊ ပုညာဘိသင်္ခါရသည်လည်း။ ဟောတိ၊ ဖြစ်၏။ စိတ္တသင်္ခါရော စ၊ စိတ္တသင်္ခါရသည်လည်း။ ဟောတိ၊ ဖြစ်၏။ အပုညာဘိသင်္ခါရောပိ၊ အပုညာဘိသင်္ခါရသည်လည်း။ ကာယဒုစ္စရိတဝသေန၊ ကာယဒုစရိုက်၏ အစွမ်းဖြင့်။ ပဝတ္တိယံ၊ ဖြစ်ခြင်းသည်။ သတိ၊ သော်။ ကာယသင်္ခါရော၊ ကာယသင်္ခါရမည်သည်။ သိယာ၊ ဖြစ်ရာ၏။ ဝစီဒုစ္စရိတဝသေန၊ ဝစီဒုစရိုက်၏အစွမ်းဖြင့်။ ပဝတ္တိယံ၊ သည်။ သတိ၊ သော်။ ဝစီသင်္ခါရော၊ ဝစီသင်္ခါရမည်သည်။ သိယာ၊ ဖြစ်ရာ၏။ ဒွေ၊ နှစ်ပါးကုန်သော။ ဒွါရာနိ၊ ကာယဒွါရ ဝစီဒွါရတို့ကို။ မုဉ္စိတွာ၊ လွှတ်၍။ မနောဒွါရေ၊ မနောဒွါရ၌။ ပဝတ္တိယံ၊ ဖြစ်ခြင်းသည်။ သတိ၊ သော်။ စိတ္တသင်္ခါရော၊ စိတ္တသင်္ခါရမည်သည်။ သိယာ၊ ၏။ အာနေဉ္ဇာဘိသင်္ခါရော စ၊ အာနေဉ္ဇာဘိသင်္ခါရသည်လည်း။ စိတ္တသင်္ခါရော၊ စိတ္တသင်္ခါရမည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ ဧဝံ၊ ဤသို့။ ဒုတိယတ္တိကော၊ နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ကာယသင်္ခါရတိက်သည်။ ပုရိမတ္တိကမေဝ၊ ရှေးဖြစ်သော ပုညာဘိသင်္ခါရတိက်သို့ သာလျှင်။ ပဝိသတိ၊ ဝင်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရ တို့သည် ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရတို့၌သာလျှင် စင်စစ် ဝင်ရောက်လေကြောင်းကို အောက်၌ ပြဆိုခဲ့သည့်အတိုင်း ထင်ရှား သိကြလေကုန်။

အကယ်၍ ကာယသင်္ခါရစသည်တို့သည် ပုညာဘိသင်္ခါရ စသည်တို့၌သာ ဝင်ရောက်သည်ဖြစ်ခဲ့အံ့။ ထိုသို့ ဝင်ရောက်ခဲ့သော် အဘယ်ကြောင့် ကာယ သင်္ခါရစသည်တို့ကို ဟောတော်မူအပ်ကုန်လေသနည်းဟု မေးငြားအံ့၊ ၎င်းကို

အားထုတ်သောအခါ၌ ထိုပုညာဘိသင်္ခါရစသော စေတနာတို့သည် ကေန် ဒွါရ တို့၌ ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ခြင်းကြောင့် ၎င်းပုညာဘိသင်္ခါရ စေတနာတို့၏ ဒွါရ၌ ဖြစ်သည်၏အဖြစ်ကို ထင်စွာပြခြင်းအကျိုးငှါ ကာယသင်္ခါရစသည်ကို ထပ်မံ၍ ဟောတော်မူအပ်လေသည် ဟူလို။ ဤကား အဖြေတည်း။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ပညာဘူမိအဖွင့် စာမျက်နှာ (၁၆၂)၌—

> ဣတရေသု ပန တီသု ကာယသဉ္စေတနာ ကာယသင်္ခါရော။ ဝစီ-သဉ္စေတနာ ဝစီသင်္ခါရော။ မနောသဉ္စေတနာ စိတ္တသင်္ခါရော။ အယံ တိကော ကမ္မာယူဟနက္ခဏေ ပုညာဘိသင်္ခါရာဒီနံ ဒွါရတော ပဝတ္တိ-ဒဿနတ္ထံ ဝုတ္တော။

ဟူ၍ မိန့်ဆိုအပ်လေသည်။

**အနက်သိကြောင်းကား—**

ပန၊ ပုညာဘိသင်္ခါရ စသည်မှတပါး ကာယသင်္ခါရ စသည်တို့ကို ဆိုဦးအံ့။ ဣတရေသု၊ ဤမှ တပါးကုန်သော။ တီသု၊ သုံးပါးကုန်သော ကာယသင်္ခါရ စသည်တို့တွင်။ ကာယသဉ္စေတနာ၊ ကာယဒွါရဖြင့် ဖြစ်စေအပ်သော စေတနာ သည်။ ကာယသင်္ခါရော၊ ကာယသင်္ခါရမည်၏။ ဝစီသဉ္စေတနာ၊ ဝစီဒွါရဖြင့် ဖြစ်စေအပ်သော စေတနာသည်။ ဝစီသင်္ခါရော၊ ဝစီသင်္ခါရမည်၏။ မနော-သဉ္စေတနာ၊ မနောဒွါရဖြင့် ဖြစ်စေအပ်သော စေတနာသည်။ စိတ္တသင်္ခါရော၊ စိတ္တသင်္ခါရမည်၏။ အယံ တိကော၊ ဤတိက်ကို။ ကမ္မာယူဟနက္ခဏေ၊ ကံကို အားထုတ်သောခဏ၌။ ပုညာဘိသင်္ခါရာဒီနံ၊ ပုညာဘိသင်္ခါရ အစရှိသည်တို့၏။ ဒွါရတော၊ ဒွါရအားဖြင့်။ ဝါ၊ ဖြစ်ကြောင်းဖြင့်။ ပဝတ္တိဒဿနတ္ထံ၊ ဖြစ်ခြင်းကို ပြခြင်းငှါ။ ဝုတ္တော၊ ဆိုအပ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ကာယသင်္ခါရတိက်ကို ကံကို အားထုတ် သောခဏ၌ ပုညာဘိသင်္ခါရတို့၏ ဒွါရ၌ဖြစ်ခြင်းကို ပြခြင်းငှါ ဟောတော်မူအပ် ကြောင်းကို ထင်ရှားသိကြလေ။

## အဝိဇ္ဇာကြောင့် သင်္ခါရ ၃-မျိုးဖြစ်ပုံကို ပြဆိုချက်

**အပုညာဘိသင်္ခါရ ဖြစ်ပုံ။** ။ထိုဆိုအပ်ပြီးသော ပုညာဘိသင်္ခါရ စသော သင်္ခါရ သုံးမျိုးတို့တွင် အပုညာဘိ သင်္ခါရ သည် အဝိဇ္ဇာကြောင့် ဘယ်လိုဖြစ်သနည်းဟူမူ အောက်၌ ပြဆိုခဲ့ပြီးသော စိတ် စေတသိက် ရုပ်တို့၏ သဘောလက္ခဏာတို့ကိုငြင်း၊ ခန္ဓာ အာယတန ဓာတ်တို့၏ သဘောလက္ခဏာတို့ကိုငြင်း။ ဒုက္ခသစ္စာ စသည်တို့၏ သဘော လက္ခဏာတို့ကိုငြင်း ဟုတ်မှန်သောအတိုင်း မသိမူ၍ ငါဟူ၍ငြင်း၊ ငါ၏ သား

မယားစသည် ဟူ၍၎င်း၊ အဝိဇ္ဇာဖြင့် ထင်မှတ်လျက် မိမိ၏ ချမ်းသာမှု သား မယားစသည်တို့၏ ချမ်းသာမှုကို တဏှာဖြင့် တောင့်တလျက် အပါယ်၌ ဖြစ်လတ္တံ့သော ဒုက္ခစသည်ကို မသိမမြင် တွေဝေသည်ဖြစ်၍ ဒုက္ခဖြစ်ကြောင်း ဖြစ်သော သတ်မှု၊ ခိုးမှု၊ မိစ္ဆာစာရ အမှုမျိုးတို့ကို လွန်ကျူးကျော်နင်း ကိုယ်ဖြင့် ပြုလုပ်ခြင်းတည်းဟူသော ကာယကံသောင်းကျန်းမှုဟု ဆိုအပ်သော အပုညာဘိသင်္ခါရသည် ဖြစ်၏။

လိမ်လည်၍ မဟုတ်မမှန် ပြောဆိုမှု၊ ချစ်သောသူနှစ်ဦးတို့၏ကြား၌ ကွဲပြားအောင် ကုန်းတိုက်မှု၊ ဆဲရေးခြိမ်းခြောက် ပြောဆိုမှု၊ အနှစ်မရှိသော ပြိန်ဖျင်းသောစကားကို ပြောဆိုမှု တည်းဟူသော ဝစီကံသောင်းကျန်းမှုဟု ဆိုအပ်သော အပုညာဘိသင်္ခါရသည် ဖြစ်၏။

သူတပါးစည်းစိမ်ကို မိမိရလိုမှုဖြင့် ရှေးရှုကြံစည်မှု၊ သူတပါးတို့ပျက်စီးအောင် ကြံစည်မှု၊ မိစ္ဆာအမြင်ဟု ဆိုအပ်သော မှားသော အယူကို စွဲယူမှုတည်းဟူသော မနောကံသောင်းကျန်းမှုဟု ဆိုအပ်သော အပုညာဘိသင်္ခါရသည် ဖြစ်၏။

ထိုသို့ ဖြစ်လေသမျှသော အကုသိုလ်ကံ စေတနာဟု ဆိုအပ်သော အပုညာဘိသင်္ခါရ တရားတို့သည် စင်စစ် အောက်၌ ဖော်ပြထားခဲ့သော ခန္ဓာအာယတနဓာတ်တို့၏ သဘောလက္ခဏာ စသည်တို့ကို မသိတတ်သော အဝိဇ္ဇာသဘောကြောင့်သာ ကေန် ဖြစ်ပေ၏ဟု မှတ်။ အကယ်၍ ငါ, သူ, သတ္တဝါလည်း မဟုတ်၊ သားမယား စသည်လည်း မဟုတ်၊ ခန္ဓာ အာယတန ဓာတ် သစ္စာစသော သဘောတရားတို့သာလျှင် ကေန် အမှန် ဟုတ်ပေ၏ဟု ဟုတ်တိုင်းမှန်စွာ ဝိဇ္ဇာဉာဏ်ဖြင့်သာ ထိုးထွင်း၍ သိနေခဲ့အံ့။ ထိုသို့ သိနေသော အခါကာလတိုင်း၌ပင် ထိုအပုညာဘိသင်္ခါရတည်းဟူသော အကုသိုလ် ကံ စေတနာတို့သည် စင်စစ် ဖြစ်မှု မရှိပေရာ။ ဝိဇ္ဇာဉာဏ်ပြဋ္ဌာန်းသော ကုသိုလ် တရားတို့သည်သာလျှင် စင်စစ် ဖြစ်နေလေရာ၏။ ထိုဆိုအပ်ပြီးသော ဝိဇ္ဇာဉာဏ် ပြဋ္ဌာန်းသော ကုသိုလ်တရားတို့ ဖြစ်မှု မရှိမူ၍ အပုညာဘိသင်္ခါရတည်းဟူသော အကုသိုလ်ကံ စေတနာတို့ ဖြစ်ပေါ်လာရခြင်းသည် ထို ဆိုအပ်ပြီးသော ခန္ဓာ-အာယတန ဓာတ် သစ္စာတို့ကို မုချ မသိခြင်းကြောင့် ငါ, ငါ၏ သား မယား စသည်ဖြင့် ထင်မှတ်လျက် တဏှာဖြင့် တွယ်တာပြီးလျှင် သတ်မှု စသော အကုသိုလ်ကံတည်းဟူသော အပုညာဘိသင်္ခါရတို့ကို ပြုလုပ်ကြရလေသည်။ ထိုသို့ ပြုလုပ်ကြရခြင်းကြောင့် အလုံးစုံသော အပုညာဘိသင်္ခါရ အကုသိုလ်ကံ စေတနာတို့သည် စင်စစ် အဝိဇ္ဇာကြောင့်သာ ဖြစ်ပေ၏ဟု မှတ်ကြလေ။

ထိုသို့ မှတ်စေတော်မူလိုသော ဘုရားဟုခေါ်အပ်သော အတုမရှိ ပညာရှင်သည် နိဒါနဝဂ္ဂသံယုတ်ပါဠိတော် စာမျက်နှာ(၂၄၅)၌—

ကတမေ စ ဘိက္ခဝေ သင်္ခါရာ။ တယောမေ ဘိက္ခဝေ သင်္ခါရာ ကာယသင်္ခါရော ဝစီသင်္ခါရော စိတ္တသင်္ခါရော။ ဣမေ ဝုစ္စန္တိ ဘိက္ခဝေ သင်္ခါရာ။

ကတမာ စ ဘိက္ခဝေ အဝိဇ္ဇာ။ ဒုက္ခေ အညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ၊ ဒုက္ခနိရောဓေ အညာဏံ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါယ အညာဏံ။ အယံ ဝုစ္စတိ ဘိက္ခဝေ အဝိဇ္ဇာ။ ဣတိ ခေါ ဘိက္ခဝေ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။

ဟူ၍ ဟောဘော်မူအပ်လေသည်။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ တို့။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ကတမေ စ၊ အဘယ်သည် တို့နည်း။ ဘိက္ခဝေ၊ တို့။ သင်္ခါရာ၊ တို့သည်။ ဣမေ တယော၊ ဤ သုံးပါးတို့ တည်း။ ကတမေ တယော၊ အဘယ်သုံးပါးတို့နည်းဟူမူကား။ ကာယသင်္ခါရော၊ ကာယသင်္ခါရငှင်း။ ဝစီသင်္ခါရော၊ ဝစီသင်္ခါရငှင်း။ စိတ္တသင်္ခါရော၊ စိတ္တသင်္ခါရ ငှင်း။ ဣမေ တယော၊ ဤသုံးပါးတို့တည်း။ ဣမေ၊ ဤဆိုအပ်ကုန်ပြီးသော သင်္ခါရတို့ကို။ သင်္ခါရာ၊ သင်္ခါရတရားတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

ဘိက္ခဝေ၊ တို့။ အဝိဇ္ဇာ၊ အဝိဇ္ဇာတရားသည်။ ကတမာ စ၊ အဘယ်တရားနည်း။ ဒုက္ခေ၊ စက်ဆုပ်ဖွယ် အချည်းနှီးဖြစ်သော ရုပ်နာမ်တရားတည်းဟူသော ဒုက္ခ-သစ္စာ၌။ အညာဏံ၊ မသိခြင်း သဘောသည်ငှင်း။ ဒုက္ခသမုဒယေ၊ ဒုက္ခသစ္စာ ဖြစ်သော ရုပ်နာမ်တရား၏ ဖြစ်ပေါ်ကြောင်းဖြစ်သော တဏှာ တည်းဟူသော သမုဒယသစ္စာတရား၌။ အညာဏံ၊ မသိခြင်းသဘောသည်ငှင်း။ ဒုက္ခနိရောဓေ၊ ဒုက္ခသစ္စာဖြစ်သော ရုပ် နာမ်တရားတို့၏ ဖြစ်ပေါ်မှုမရှိဘဲလျက် အခါခပ်သိမ်း ကွယ်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာ၌။ တနည်းကား – နိရောဓေ၊ ဒုက္ခသစ္စာဖြစ်သော ရုပ် နာမ်တရားတို့၏ မရှိရာသဘောဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာ၌။ တနည်းကား – နိရောဓေ၊ ဒုက္ခသစ္စာဖြစ်သော ဖြစ်ပေါ်မှု လက္ခဏာရှိသော ရုပ်နာမ်တရားတို့၏ ဆန့်ကျင်ဘက်ဖြစ်လျက် အခါ ခပ်သိမ်း တည်နေသော မဖြစ်ပေါ်မှု သဘောလက္ခဏာရှိသော အသင်္ခတဓာတ် တည်းဟူသော နိရောဓသစ္စာ၌။ အညာဏံ၊ မသိခြင်းသဘောသည်ငှင်း။ ဒုက္ခ-နိရောဓဂါမိနိပဋိပဒါယ၊ ဒုက္ခတို့၏ ဖြစ်ပေါ်မှုမရှိကြောင်းဖြစ်သော အသင်္ခတ-ဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ဒိဋ္ဌ အာရုံပြု၍ ရောက်တတ်သော အရိယာမဂ်တည်းဟူသော အကျင့်တရား၌။ အညာဏံ၊ မသိခြင်းသဘောသည် ငှင်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤဆိုအပ်ပြီးသော သစ္စာလေးပါးတရား၌ မသိခြင်း တည်းဟူသော သဘောကို။ အဝိဇ္ဇာ၊ အဝိဇ္ဇာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ တို႔။ ဣတိ ခေါ ဣတိ ဝေ၊ ဤသို့ သဘောရှိသည်သာလျှင်ဖြစ်သော။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ အဝိဇ္ဇာကြောင့်သာလျှင် ကာယကံ သောင်းကျန်းမှု၊ ဝစီကံ သောင်းကျန်းမှု၊ မနောကံ သောင်းကျန်းမှုတည်းဟူသော အကုသိုလ် အပုညာဘိသင်္ခါရဖြစ်ကြောင်းကို ထင်ရှားသိကြလေကုန်။

**ပုညာဘိသင်္ခါရ ဖြစ်ပေါ်ပုံ။** ။ထိုဆိုအပ်ပြီးသော အပုညာဘိသင်္ခါရတရားသည် သာလျှင် အဝိဇ္ဇာကြောင့် ဖြစ်သည် မဟုတ်သေး။ ပုညာဘိသင်္ခါရတရားမျိုးသည်လည်း အဝိဇ္ဇာကြောင့် ဖြစ်သည်သာလျှင်ကတည်း။ ဖြစ်ပုံကို ပြဆိုဦးအံ့။ ငါ,သူ,သတ္တဝါ မဟုတ်သော ဖြစ်ပျက်နေသော ရုပ် နာမ်ဓမ္မတို့၏ သဘော လက္ခဏာ ဒုက္ခချက် စသည်တို့ကို ဟုတ်မှန်သောအတိုင်း မသိမူ၍ သူဌေး, မင်း, နတ်စသည်ထင်လျက် သူဌေးအဖြစ်, မင်းအဖြစ်, နတ်အဖြစ်စသည်ကို တဏှာဖြင့်တောင့်တပြီးလျှင် စင်စစ် ဒုက္ခကိုပင် သုခဟူ၍ အဝိဇ္ဇာဖြင့်ထင်မှတ်လျက် သူဌေး, မင်း, နတ်စသည်တို့၏ ခန္ဓာဒုက္ခဖြစ်ပေါ်ကြောင်းဖြစ်သော အလှူပေးခြင်း၊ သီလဆောက်တည်ခြင်းအစရှိသော ကာမာဝစရကုသိုလ်ဟုဆိုအပ်သော ပုညာဘိသင်္ခါရကို များစွာအားထုတ်၍ ဆည်းပူးပေ၏။ ထိုသို့ ဆည်းပူးခြင်းသည် စင်စစ် ဒုက္ခဖြစ်ကြောင်းဖြစ်သော သမုဒယသစ္စာကို မသိမမြင်တတ်သော အဝိဇ္ဇာကြောင့် ဖြစ်၏။ ထိုသို့ ဖြစ်ခြင်းကြောင့် ၎င်း ပုညာဘိသင်္ခါရဟု ဆိုအပ်သော ကာမာဝစရကုသိုလ်ကံစေတနာသည်လည်း စင်စစ် အဝိဇ္ဇာသဘောကြောင့်သာ ဧကန် ဖြစ်ပေ၏ဟု မှတ်။

ထိုကာမာဝစရကုသိုလ်ကံစေတနာဟု ဆိုအပ်သော ပုညာဘိသင်္ခါရသည် သာလျှင် အဝိဇ္ဇာကြောင့် ဖြစ်သည်မဟုတ်သေး။ ရူပါဝစရဖြစ်သော ပုညာဘိသင်္ခါရသည်လည်း အဝိဇ္ဇာကြောင့်ပင် ဖြစ်ပေ၏။ ဖြစ်ပုံကို ထင်ရှားပြဦးအံ့။ ဗြဟ္မာသတ္တဝါမဟုတ်သော ဗြဟ္မာဟု ခေါ်ဝေါ်အပ်သော ရုပ်နာမ်ခန္ဓာတို့၏ သဘောလက္ခဏာစသည်တို့ကို၎င်း၊ ဖြစ်ပျက်ခြင်းဖြင့် နှိပ်စက်ခံရသော ဒုက္ခစသည်ကို၎င်း ဟုတ်တိုင်းမှန်စွာ မသိမူ၍ ပြင်းစွာတွေဝေလျက် ဗြဟ္မာဟု ခေါ်ဝေါ်အပ်သော ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ပေါ်မှု ဒုက္ခအမှန်ကိုပင် သုခဟူ၍ အဝိဇ္ဇာဖြင့် ထင်မှတ်၍ ဗြဟ္မာဖြစ်လိုသော တဏှာသာလျှင် အကြောင်းခံပြီးလျှင် ဗြဟ္မာ့ပြည်၌ ဖြစ်ကြောင်းဖြစ်သော ဘာဝနာဖြင့်ပြီးသော ရူပါဝစရကုသိုလ်စေတနာ မနောကံကို များစွာအားထုတ်၍ ဆည်းပူးပေ၏။ ထိုသို့ အားထုတ်၍ ဆည်းပူးတိုင်း ရူပါဝစရ ပုညာဘိသင်္ခါရ ဘာဝနာမယ မနောကံစေတနာသည် များစွာဖြစ်၏။ ထိုသို့ဖြစ်သော ရူပါဝစရကုသိုလ်ကံ ပုညာဘိသင်္ခါရစေတနာသည် ဗြဟ္မာဖြစ်လိုသောတဏှာ, ဗြဟ္မာမဟုတ်သည်ကို ဗြဟ္မာဟု ထင်စေတတ်

သော အဝိဇ္ဇာ၊ ပြဟ္မာဟု ခေါ်ဆိုအပ်သော ခန္ဓာ၏ ဖြစ်ပေါ်ရခြင်းဒုက္ခကို သုခဟု ထင်မှတ်စေတတ်သော အဝိဇ္ဇာ၊ ဒုက္ခဖြစ်ကြောင်းကို သုခဖြစ်ကြောင်းဟု ထင်မှတ်စေတတ်သော အဝိဇ္ဇာသဘောတို့ကြောင့်သာ ကေန် ဖြစ်ရပေ၏။ ထိုသို့ ဖြစ်ရခြင်းကြောင့် ရူပါဝစရပုညာဘိသင်္ခါရသည်လည်း စင်စစ် အဝိဇ္ဇာသဘောကြောင့်သာ ဖြစ်ပေ၏။

**အာနေဉ္ဇာဘိသင်္ခါရ ဖြစ်ပေါ်ပုံ။** ။ထိုရူပါဝစရပုညာဘိသင်္ခါရသည်သာလျှင် အဝိဇ္ဇာသဘောကြောင့် ဖြစ်သည်မဟုတ်သေး။ အာနေဉ္ဇာဘိသင်္ခါရဟု ခေါ်ဆိုအပ်သော အရူပါဝစရဘာဝနာမယကုသိုလ်မနောကံစေတနာသည်လည်း အဝိဇ္ဇာသဘောကြောင့်သာ ဖြစ်ပေ၏။ ဖြစ်ပုံကို ထင်စွာ ပြဦးအံ့။ အရူပပြဟ္မာဟု ခေါ်ဆိုအပ်သော သတ္တဝါကောင်မဟုတ်ပါဘဲလျက် ရုပ်မရှိသော နာမက္ခန္ဓာတရားသက်သက် ဖြစ်ပျက်နေသော ဝဋ္ဋဆင်းရဲကိုပင် စင်စစ် ဖြစ်ပျက်နေသော ဝဋ္ဋဆင်းရဲသဘောသာလျှင် ဖြစ်၏ဟု မသိမူ၍ ပြင်းစွာ တွေဝေပြီးလျှင် ရုပ်မရှိသော နာမက္ခန္ဓာတရားတို့၏ ဖြစ်ခြင်းဒုက္ခကိုပင် သုခဟု ထင်မှတ်လျက် တဏှာဖြင့် တောင့်တပြီးလျှင် ဒုက္ခဖြစ်ကြောင်းဖြစ်သော အရူပါဝစရ ဘာဝနာမယ ကုသိုလ်ကံ စေတနာတည်းဟူသော အာနေဉ္ဇာဘိသင်္ခါရကို များစွာအားထုတ်၍ ဆည်းပူးပေ၏။ ထိုသို့ အားထုတ်၍ ဆည်းပူးတိုင်း အရူပါဝစရဘာဝနာမယ ကုသိုလ်ကံစေတနာတို့သည် များစွာ ဖြစ်ကုန်၏။

ထိုသို့ ဖြစ်ကုန်သမျှသော အရူပါဝစရကုသိုလ်ကံစေတနာဟု ဆိုအပ်သော အာနေဉ္ဇာဘိသင်္ခါရတို့သည် အရူပါဝစရပြဟ္မာအဖြစ်ကို တောင့်တသောတဏှာ၊ အရူပပြဟ္မာမဟုတ်သည်ကို အရူပပြဟ္မာဟု ထင်စေတတ်သော အဝိဇ္ဇာ၊ အရူပဘုံ၌ဖြစ်သော နာမ်ခန္ဓာဒုက္ခကိုပင် သုခဟူ၍ ထင်စေတတ်သော အဝိဇ္ဇာ၊ ဒုက္ခဖြစ်ကြောင်းဖြစ်သော အရူပါဝစရကုသိုလ်ကံကိုပင် သုခဖြစ်ကြောင်းဟု ထင်စေတတ်သော အဝိဇ္ဇာ၊ ဤဆိုအပ်ပြီးသော အဝိဇ္ဇာသဘောတို့ကြောင့်သာ ကေန် ဖြစ်ရကုန်၏။ ထိုသို့ ဖြစ်ရကုန်သောကြောင့် အရူပါဝစရ အာနေဉ္ဇာဘိသင်္ခါရတရားတို့သည်လည်း စင်စစ် အဝိဇ္ဇာသဘောကြောင့်သာ ကေန် ဖြစ်ရကုန်၏။

အကယ်၍ ကာမ ရူပ အရူပဘုံ၌ဖြစ်ပေါ်နေသော ရုပ်နာမ်ခန္ဓာတရားတို့ကို စင်စစ် သတ္တဝါလည်း မဟုတ်။ သတ္တဝါ၏ ပိုင်ဆိုင်သော ဥစ္စာလည်း မဟုတ်။ သက်သက်သော ရုပ်နာမ်ခန္ဓာဒုက္ခအစုမျှသာ ဖြစ်၏ဟု ဟုတ်တိုင်းမှန်စွာ ဝိဇ္ဇာဉာဏ်ဖြင့်သာ သိခဲ့သည် ဖြစ်အံ့။ ထိုကာမ ရူပ အရူပဘုံ၌ ခန္ဓာဒုက္ခဖြစ်အောင် ၎င်း ကာမကုသိုလ် ရူပကုသိုလ် အရူပကုသိုလ်တည်းဟူသော ပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရတရားတို့ကို စင်စစ် မပြုမလုပ်လေပြီ။ စင်စစ် ကာမ ရူပ

အရူပဘုံ၌ဖြစ်အောင် ၎င်းကာမကုသိုလ် ရူပကုသိုလ် အရူပကုသိုလ်ကံစေတနာတို့ကို အားထုတ်ပြုလုပ်ကြသည်မှာ စင်စစ် ဒုက္ခစသည်တို့ကို မသိမမြင်တတ်သော အဝိဇ္ဇာကြောင့်သာ ကေန် အားထုတ် ပြုလုပ်ကြလေသည်ဟု မှတ်ကြလေ။ ထိုသို့ မှတ်စေလိုသော ဘုရားရှင်သည်—

> အဝိဒ္ဒါ ဘိက္ခဝေ အဝိဇ္ဇာဂတော ပုညာဘိသင်္ခါရံပိ အဘိသင်္ခရောတိ။ အပုညာဘိသင်္ခါရံပိ အဘိသင်္ခရောတိ။ အာနေဉ္ဇာဘိသင်္ခါရံပိ အဘိသင်္ခရောတိ။ ယတော စ ခေါ ဘိက္ခဝေ ဘိက္ခုနော အဝိဇ္ဇာ ပဟီနာ၊ ဝိဇ္ဇာ ဥပ္ပန္နာ၊ သော အဝိဇ္ဇာဝိရာဂါ ဝိဇ္ဇုပ္ပါဒါ နေဝ ပုညာဘိသင်္ခါရံ အဘိသင်္ခရောတိ။[၁]

စသည်ဖြင့် ဟောတော်မူအပ်လေပြီ။

မြန်မာပြန်အနက်သိကြောင်းကား—

ဘိက္ခဝေ၊ တို့။ အဝိဒ္ဒါ၊ ပညာမရှိသော။ ဝါ၊ ဟုတ်မှန်သော တရားကို မသိသော။ အဝိဇ္ဇာဂတော၊ အဝိဇ္ဇာ၌ဖြစ်သော သူသည်။ ပုညာဘိသင်္ခါရံပိ၊ ပုညာဘိသင်္ခါရကိုလည်း။ အဘိသင်္ခရောတိ၊ ပြုလုပ်၏။ အပုညာဘိသင်္ခါရံပိ၊ အပုညာဘိသင်္ခါရကိုလည်း။ အဘိသင်္ခရောတိ၊ ပြုလုပ်၏။ အာနေဉ္ဇာဘိသင်္ခါရံပိ၊ အာနေဉ္ဇာဘိသင်္ခါရကိုလည်း။ အဘိသင်္ခရောတိ၊ ပြုလုပ်၏။ ဘိက္ခဝေ၊ တို့။ ယတော စ၊ အကြင်ကြောင့်ကား။ ဘိက္ခုနော၊ ရဟန်းသည်။ ဝါ၊ ရဟန်းအား။ အဝိဇ္ဇာ၊ မသိတတ်သော အဝိဇ္ဇာကို။ ပဟီနာ၊ ပယ်အပ်ပြီးသည်။ ဝိဇ္ဇာ၊ သိတတ်သော ဝိဇ္ဇာတရားသည်။ ဥပ္ပန္နာ၊ ဖြစ်ပေါ်သည်။ သိယာ၊ ဖြစ်ငြားအံ့။ သော၊ ထိုအဝိဇ္ဇာကင်း၍ ဝိဇ္ဇာဖြစ်သော ရဟန်းသည်။ အဝိဇ္ဇာဝိရာဂါ၊ အဝိဇ္ဇာကင်းခြင်းကြောင့်။ ဝိဇ္ဇုပ္ပါဒါ၊ ဝိဇ္ဇာဖြစ်ခြင်းကြောင့်။ ပုညာဘိသင်္ခါရံ၊ ပုညာဘိသင်္ခါရကို။ နေဝ အဘိသင်္ခရောတိ၊ မပြုသာလျှင်ကတည်း။

ဤသို့ ဟောတော်မူအပ်သည်ကိုထောက်၍ အဝိဇ္ဇာကြောင့်သာလျှင် ပုညာဘိ သင်္ခါရစသော တရားတို့ကို ကေန်ပြုလုပ်ကြောင်း, ဟုတ်တိုင်းမှန်စွာ သိသော ဝိဇ္ဇာဉာဏ်ကြောင့် ၎င်းပုညာဘိသင်္ခါရစသည်တို့ကို ကေန် မပြုလုပ်ကြောင်းကို ထင်ရှားသိကြလေကုန်။

ထိုသို့ သိကြလျှင်လည်း ဤလောက၌ အချို့သော သူတို့သည် လူနတ်ဖြစ်စေရန် ကာမကုသိုလ် ပုညာဘိသင်္ခါရကို။ အချို့သောသူတို့သည် ဗြဟ္မာဖြစ်စေရန် ရူပါဝစရကုသိုလ် ပုညာဘိသင်္ခါရကို။ အချို့သော သူတို့သည် အရူပ ဗြဟ္မာဖြစ်စေရန် အရူပကုသိုလ် အာနေဉ္ဇာဘိသင်္ခါရတို့ကို အလိုရှိတိုင်း ဆိုင်ရာဆိုင်ရာ

---

၁။ ဝိသုဒ္ဓိ ၂၊ နှာ-၁၇၄။ သမ္မောဟဝိနောဒနီ-နှာ ၁၃၈-၉။

ပြုလုပ်ကြပေ၏။ ထိုသို့ ပြုလုပ်လေသမျှသည် စင်စစ်ဒုက္ခစသည်ကို မသိတတ်သော အဝိဇ္ဇာကြောင့်ပင် ကေန် ပြုလုပ်ကြလေသည်ဟု မှတ်။ ထိုသို့ မှတ်စေတော်မူလိုသော ဘုရားရှင်သည် နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် စာမျက်နှာ (၂၇၅)၌—

အဝိဇ္ဇာပစ္စယာ စ သာမံ ဝါ တံ အာနန္ဒ ကာယသင်္ခါရံ အဘိသင်္ခရောတိ။လ။ ပရေ ဝါ ယံ တံ အာနန္ဒ ကာယသင်္ခါရံ အဘိသင်္ခရောန္တိ ။လ။ သာမံ ဝါ တံ အာနန္ဒ ဝစီသင်္ခါရံ အဘိသင်္ခရောတိ။လ။ ပရေ ဝါ ယံ တံ အာနန္ဒ ဝစီသင်္ခါရံ အဘိသင်္ခရောန္တိ။လ။ သာမံ ဝါ တံ အာနန္ဒ မနောသင်္ခါရံ အဘိသင်္ခရောတိ။လ။ ပရေ ဝါ ယံ တံ အာနန္ဒ မနောသင်္ခါရံ အဘိသင်္ခရောန္တိ။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန် အနက်သိကြောင်းကား—

အာနန္ဒ၊ အာနန္ဒာ။ အဝိဇ္ဇာပစ္စယာ စ၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့်လည်း။ သာမံ ဝါ၊ မိမိကိုယ်တိုင်လည်း။ တံ ကာယသင်္ခါရံ၊ ထိုကိုယ်ဖြင့် ပြုလုပ်အပ်သော ကာမကုသိုလ် အကုသိုလ်ဟု ဆိုအပ်သော ကာယသင်္ခါရကို။ အဘိသင်္ခရောတိ၊ ပြုလုပ်၏။လ။ အာနန္ဒ၊ အာနန္ဒာ။ ပရေ ဝါ၊ သူတပါးတို့သည်လည်း။ ယံ တံ ကာယသင်္ခါရံ၊ အကြင် ကိုယ်ဖြင့်ပြုလုပ်အပ်သော ကာမကုသိုလ် အကုသိုလ်ဟု ဆိုအပ်သော ကာယသင်္ခါရကို။ အဘိသင်္ခရောန္တိ၊ ပြုလုပ်ကြကုန်၏။လ။ အာနန္ဒ၊ အာနန္ဒာ။ သာမံ ဝါ၊ မိမိကိုယ်တိုင်လည်း။ တံ ဝစီသင်္ခါရံ၊ ထိုနှုတ်ဖြင့် ပြုလုပ်အပ်သော ကာမကုသိုလ် အကုသိုလ်ဟု ဆိုအပ်သော ဝစီသင်္ခါရကို။ အဘိသင်္ခရောတိ၊ ပြုလုပ်၏။လ။ အာနန္ဒ၊ အာနန္ဒာ။ ပရေ ဝါ၊ သူတပါးတို့သည်လည်း။ ယံ တံ ဝစီသင်္ခါရံ၊ အကြင်နှုတ်ဖြင့် ပြုလုပ်အပ်သော ကာမကုသိုလ် အကုသိုလ်ဟု ဆိုအပ်သော ဝစီသင်္ခါရကို။ အဘိသင်္ခရောန္တိ၊ ပြုလုပ်ကြကုန်၏။လ။ အာနန္ဒ၊ အာနန္ဒာ။ သာမံ ဝါ၊ မိမိကိုယ်တိုင်လည်း။ တံ မနောသင်္ခါရံ၊ ထိုစိတ်ဖြင့် ပြုလုပ်အပ်သော ကာမကုသိုလ် ရူပကုသိုလ်ဟုဆိုအပ်သော ပုညာဘိသင်္ခါရ, အကုသိုလ်ဟု ဆိုအပ်သော အပုညာဘိသင်္ခါရ, အရူပကုသိုလ်ဟု ဆိုအပ်သော အာနေဉ္ဇာဘိသင်္ခါရတည်းဟူသော မနောသင်္ခါရကိုလည်း။ အဘိသင်္ခရောတိ၊ ပြုလုပ်၏။လ။ အာနန္ဒ၊ အာနန္ဒာ။ ပရေ ဝါ၊ သူတပါးတို့သည်လည်း။ ယံ တံ မနောသင်္ခါရံ၊ အကြင်စိတ်ဖြင့် ပြုလုပ်အပ်သော ကာမကုသိုလ် ရူပကုသိုလ်ဟု ဆိုအပ်သော ပုညာဘိသင်္ခါရ, အကုသိုလ်ဟု ဆိုအပ်သော အပုညာဘိသင်္ခါရ, အရူပကုသိုလ်ဟု ဆိုအပ်သော အာနေဉ္ဇာဘိသင်္ခါရတည်းဟူသော မနောသင်္ခါရကိုလည်း။ အဘိသင်္ခရောန္တိ၊ ပြုလုပ်ကြကုန်၏။

ဤသို့ ဟောတော်မူအပ်သည်ကိုဆောက်၍ မိမိကိုယ်တိုင်လည်း ဒုက္ခစသည်ကို မသိတတ်သော အဝိဇ္ဇာကြောင့်သာလျှင် ပုညာပုည အာနေဥ္စာဘိသင်္ခါရတို့ကို ကေန် ပြုလုပ်ကြကြောင်း။ သူတပါးတို့လည်း ဒုက္ခစသည်ကို မသိတတ်သော အဝိဇ္ဇာကြောင့်သာ ပုညာပုည အာနေဥ္စာဘိသင်္ခါရတို့ကို ကေန် ပြုလုပ်ကြောင်းကို ထင်ရှားသိကြလေကုန်။

## အဝိဇ္ဇာသည် သင်္ခါရတို့အား ပဋ္ဌာန်းပစ္စည်းဖြင့် ကျေးဇူးပြုပုံကို ပြဆိုချက်

**ကာမပုညာဘိသင်္ခါရအား ကျေးဇူးပြုပုံ**။ ။ထိုဆိုအပ်ပြီးသော သင်္ခါရဘရားသုံးပါးတို့တွင် ပုညာဘိသင်္ခါရအား ဒုက္ခစသည်ကို မသိတတ်သော အဝိဇ္ဇာသည် **ဥပနိဿယ အာရမ္မဏ** ပစ္စည်းနှစ်ပါးဖြင့် အကြောင်းခံပေ၏။ အကြောင်းခံကြောင်းကို ထင်စွာပြဦးအံ့။ အကြင်အခါ လူနတ်ဟု ခေါ်ဝေါ်အပ်သော ရုပ်နာမ်ခန္ဓာတို့၏ သဘောလက္ခဏာတို့ကိုငင်း၊ စက်ဆုပ်စရာ အချည်းနှီးဖြစ်သော ဒုက္ခသစ္စာသဘောကိုငင်း မသိမူ၍ လူနတ်ဟူ၍ စင်စစ် မှတ်ထင်လျက် လူနတ်၏အဖြစ်ကို လိုချင်စွဲလမ်း၍ လူနတ်ဖြစ်ကြောင်းဟု ဆိုအပ်သော ကာမကုသိုလ်ကို ပြုလုပ်ကြပေ၏။ ထိုအခါ လူနတ်သတ္တဝါဟု ထင်စေတတ်သော အဝိဇ္ဇာသဘောသည် ထိုကာမကုသိုလ်အား **ဥပနိဿယ**ပစ္စည်းတပ်၏။ အကြင်အခါ အဝိဇ္ဇာသဘောကို လွန်မြောက်လို၍ ဒါနစသော ကာမကုသိုလ်ကို ပြုလုပ်၏၊ ထိုအခါ၌လည်း ငင်းအဝိဇ္ဇာသည် ငင်းကာမကုသိုလ်အား **ဥပနိဿယ**ပစ္စည်းတပ်၏။ အကြင်အခါ ငင်းအဝိဇ္ဇာသဘောကို အာရုံပြု၍ အနိစ္စ စသည်ဖြင့် ဆင်ခြင်သုံးသပ်၏၊ ထိုအခါ၌လည်း ငင်းအဝိဇ္ဇာသည် **အာရမ္မဏိက**ဖြစ်သော ကာမကုသိုလ်အား **အာရမ္မဏ**ပစ္စည်းတပ်၏။

ဤသို့လျှင် အဝိဇ္ဇာသဘောသည် ပုညာဘိသင်္ခါရဟု ဆိုအပ်သော ကာမကုသိုလ်အား နှစ်ပါးသောပစ္စည်းဖြင့် အကြောင်းခံပေ၏ဟု မှတ်။

**ရူပပုညာဘိသင်္ခါရအား ကျေးဇူးပြုပုံ**။ ။အကြင်အခါ ဗြဟ္မာ့ပြည်၌ ဖြစ်ပေါ်သော ရုပ်နာမ်ခန္ဓာတို့၏ သဘောလက္ခဏာစသည်တို့ကိုငင်း၊ ဗြဟ္မာ့ပြည်၌ဖြစ်သော ရုပ်နာမ်ခန္ဓာတို့သည် စင်စစ် ဇာတိစသော ဘေးတို့၏ တည်ရာဖြစ်သည်၏အဖြစ်ကြောင့် စက်ဆုပ်အပ်သည်၏ အဖြစ်ကိုငင်း၊ နိစ္စ, သုခ, အတ္တတည်းသော အနှစ်မရှိခြင်းကြောင့် အချည်းနှီး၏ အဖြစ်ကိုငင်း စင်စစ် မသိမူ၍ ပြင်းစွာတွေဝေပြီးလျှင် ဗြဟ္မာ၏ အဖြစ်သည် ချမ်းသာလှသည်ဟု တဏှာဖြင့် တောင့်တလျက် ဗြဟ္မာဖြစ်အောင် ရူပါဝစရဈာန်တည်းဟူသော ပုညာဘိသင်္ခါရတို့ကို ပြုလုပ်၏။

ထိုအခါ၌လည်း ဖြဟ္မာဟု ထင်စေတတ်သော အဝိဇ္ဇာ, ဖြဟ္မာ၏ ရုပ်နာမ် ခန္ဓာဒုက္ခကို သုခဟု ထင်စေတတ်သော အဝိဇ္ဇာသည် ဖြဟ္မာဖြစ်အောင် ပြုလုပ်တတ်သော ဖြဟ္မာဖြစ်ကြောင်းဖြစ်သော ရူပါဝစရပုညာဘိသင်္ခါရအား **ဥပ-နိဿယပစ္စည်း** တပ်၏။

အကြင်အခါ အဝိဇ္ဇာမှ လွန်မြောက်လို၍ ရူပါဝစရဈာန်ကို ရအောင် အားထုတ်ခြင်းကြောင့် ရူပါဝစရဈာန်ကို ရ၏။ ထိုအခါ ၎င်းအဝိဇ္ဇာသည် ၎င်းရူပါဝစရပုညာဘိသင်္ခါရကုသိုလ်အား **ဥပနိဿယပစ္စည်း** တပ်၏။ အကြင်အခါ အဘိညာဥ်စိတ်ဖြင့် တွေဝေမသိတတ်သော အဝိဇ္ဇာဟု ခေါ်အပ်သော မောဟတရားနှင့်တကွဖြစ်သောစိတ်ကို အာရုံပြု၍ ထင်ရှားစွာသိ၏။ ထိုသိသော အခါ၌လည်း ၎င်းအာရုံဖြစ်သော အဝိဇ္ဇာမောဟတရားသည် ၎င်းအဘိညာဥ် ဖြစ်သော ရူပါဝစရပုညာဘိသင်္ခါရကုသိုလ်အား **အာရမ္မဏပစ္စည်း**ဖြင့် အကြောင်း ခံပေ၏။

ဤသို့လျှင် ကာမကုသိုလ်ပုညာဘိသင်္ခါရ, ရူပါဝစရကုသိုလ်ပုညာဘိသင်္ခါရ တို့အား အဝိဇ္ဇာသည် **ဥပနိဿယ အာရမ္မဏ** နှစ်ပစ္စည်းဖြင့် အကြောင်း ခံကြောင်းကို ထင်ရှားသိကြလေ။

ထိုသို့ နှစ်ပစ္စည်းဖြင့် အကြောင်းခံကြောင်းကို ထင်ရှားသိစေလိုသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ပညာဘူမိအဖွင့် စာမျက်နှာ (၁၇၃) ၌—

> **သာ** ဟိ အဝိဇ္ဇံ ခယတော ဝယတော သမ္မသနကာလေ **ကာမာဝစရာနံ** ပုညာဘိသင်္ခါရာနံ အာရမ္မဏပစ္စယေန ပစ္စယော ဟောတိ။
>
> အဘိညာစိတ္တေန သမောဟစိတ္တံ ဇာနနကာလေ ရူပါဝစရာနံ။ အဝိဇ္ဇာသမတိက္ကမတ္ထာယ ပန ဒါနာဒီနိ စေဝ ကာမာဝစရပုညကြိယ-ဝတ္ထူနိ ပူရေန္တဿ, ရူပါဝစရဈာနာနိ စ ဥပ္ပါဒေန္တဿ ဒွိန္နမ္ပိ တေသံ ဥပနိဿယပစ္စယေန ပစ္စယော ဟောတိ။
>
> တထာ အဝိဇ္ဇာသမ္မူဠ္ဟတ္တာ ကာမဘာဝရူပဘာဝသမ္ပတ္တိယော ပတ္ထေတွာ တာနေဝ ပုညာနိ ကရောန္တဿ။

ဟူ၍ မိန့်အပ်ပြီ။

ထိုနည်းအတူ သမ္မောဟဝိနောဒနီအဋ္ဌကထာ ပဋိစ္စသမုပ္ပါဒ်အဖွင့် စာမျက်နှာ (၁၃၉)၌လည်း မိန့်အပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား —

ဟိ ဝိတ္ထာရေမိ၊ ထိုစကားကိုချဲ့ဦးအံ့။ သာ၊ ထိုအဝိဇ္ဇာသည်။ အဝိဇ္ဇံ၊ မသိတတ်သော သဘော အဝိဇ္ဇာကို။ ခယတော၊ ကုန်သောအားဖြင့်၎င်း။ ဝယတော၊

ပျက်သောအားဖြင့်ငင်း။ သမ္မသနကာလေ၊ သုံးသပ်သောအခါ၌။ ကာမာဝစ-ရာနံ၊ ကာမာဝစရဖြစ်ကုန်သော။ ပုညာဘိသင်္ခါရာနံ၊ ပုညာဘိသင်္ခါရတို့အား။ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

အဘိညာစိတ္တေန၊ အဘိညာဉ်စိတ်ဖြင့်။ သမောဟစိတ္တံ၊ မောဟနှင့်တကွ ဖြစ်သော စိတ်ကို။ ဇာနနကာလေ၊ သိသောအခါ၌။ ရူပါဝစရာနံ၊ ရူပါဝစရ ဖြစ်ကုန်သော။ ပုညာဘိသင်္ခါရာနံ၊ ပုညာဘိသင်္ခါရတို့အား။ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

အဝိဇ္ဇာသမတိက္ကမတ္ထာယ ပန၊ မသိတတ်သော သဘော အဝိဇ္ဇာတို့ကို လွန်မြောက်ခြင်း အကျိုးငှါကား။ ဒါနာဒီနိ စေဝ၊ အလှူပေးခြင်း စသည် သာလျှင် ဖြစ်ကုန်သော။ ကာမာဝစရပုညကြိယဝတ္ထူနိ၊ ကာမာဝစရပုညကြိယ ဝတ္ထုတို့ကို။ ဝါ၊ ကာမဘုံ၌ ကျင်လည်ကြောင်း ဖြစ်သော ကုသိုလ်တို့ကို ပြုလုပ် ကြောင်းဖြစ်သော ဝတ္ထုတို့ကို။ ပူရေန္တဿ စ၊ ပြည့်စေသောသူအားငင်း။ ရူပါ-ဝစရဇ္ဈာနာနိ စ၊ ရူပါဝစရဈာန်တို့ကိုလည်း။ ဥပ္ပါဒေန္တဿ စ၊ ဖြစ်စေသော သူအားငင်း။ ဒွိန္နမ္ပိ၊ နှစ်ပါးလည်း ဖြစ်ကုန်သော။ တေသံ၊ ထိုပုညာဘိသင်္ခါရ တို့အား။ ဥပနိဿယပစ္စယေန၊ ဥပနိဿယပစ္စည်းဖြင့်။ ဝါ၊ အားကြီးစွာသော အကြောင်း၏အဖြစ်ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ၏။

တထာ၊ ထိုအတူ။ အဝိဇ္ဇာသမ္မူဠ္ဟတ္တာ၊ အဝိဇ္ဇာဖြင့် ပြင်းစွာ တွေဝေသည်၏ အဖြစ်ကြောင့်။ ကာမဘဝရူပဘဝသမ္ပတ္တိယော၊ ကာမဘုံ ရူပဘုံတို့၌ဖြစ်သော စည်းစိမ်တို့ကို။ ပတ္ထေတွာ၊ တောင့်တ၍။ တာနေဝ ပုညာနိ၊ ထိုကာမကုသိုလ် ရူပကုသိုလ်ဟုဆိုအပ်ကုန်သော ပုညာဘိသင်္ခါရတို့ကို။ ကရောန္တဿ၊ ပြုလုပ် သောသူအား။ ဥပနိဿယပစ္စယေန၊ ဥပနိဿယပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ကာမကုသိုလ် ရူပကုသိုလ်ဟု ဆိုအပ် သော ပုညာဘိသင်္ခါရအား အဝိဇ္ဇာသည် နှစ်ပါးသောပစ္စည်းဖြင့် အကြောင်း ခံပုံကို ထင်ရှားသိကြလေကုန်။

**အပုညာဘိသင်္ခါရအား ကျေးဇူးပြုပုံ။** ။ငင်းအဝိဇ္ဇာသည် ပုညာဘိသင်္ခါရ-အားသာလျှင် အကြောင်း ခံသည် မဟုတ်သေး၊ အပုညာဘိသင်္ခါရအားလည်း အကြောင်းခံသည်သာလျှင် ကတည်း။ အကြောင်းခံပုံကို ထင်စွာ ပြဦးအံ့။

အကြင်အခါ လောဘနှင့်ယှဉ်သော **အဝိဇ္ဇာ**ကို **အာရုံ**ပြု၍ ရာဂဒိဋ္ဌိ စသော စိတ္တုပ္ပါဒ်တို့သည် ဖြစ်၏။ ထိုအခါ ၎င်းအာရုံဖြစ်သော အဝိဇ္ဇာသည် အာရမ္မဏကဖြစ်သော ရာဂ ဒိဋ္ဌိ စသော စိတ္တုပ္ပါဒ်၌ရှိသော အကုသိုလ် စေတနာ အပုညာဘိသင်္ခါရအား **အာရမ္မဏပစ္စည်း**ဖြင့် အကြောင်းခံလျက် ကျေးဇူးပြုပေ၏။ အကြင်အခါ ၎င်းလောဘနှင့်ယှဉ်သော အဝိဇ္ဇာကို အလေးအမြတ်ပြု၍ သာယာသော အစွမ်းဖြင့် လောဘ ဒိဋ္ဌိစသော စိတ္တုပ္ပါဒ်သည် ဖြစ်၏။ ထိုအခါ ၎င်းအာရုံဖြစ်သော အဝိဇ္ဇာသည် ၎င်းအာရမ္မဏိကဖြစ်သော လောဘ ဒိဋ္ဌိစသော စိတ္တုပ္ပါဒ်၌ရှိသော အကုသိုလ် စေတနာ အပုညာဘိသင်္ခါရအား **အာရမ္မဏ အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ** ပစ္စည်းတို့ဖြင့် ကျေးဇူးပြုပေ၏။

အကြင်အခါ အဝိဇ္ဇာဖြင့် ပြင်းစွာ တွေဝေ၍ အပြစ်ကို မမြင်သောကြောင့် သူ၏အသက်ကို သတ်မှု၊ သူ၏ဥစ္စာကို ခိုးယူမှု အစရှိသော မကောင်းမှုတို့ကို ပြုလုပ်၏၊ ထိုမကောင်းမှုတို့ကို ပြုလုပ်သောအခါ ၎င်းအဝိဇ္ဇာသည် **သတ်မှု ခိုးမှု**စသည်တို့ကြောင့်ဖြစ်သော အကုသိုလ် အပုညာဘိသင်္ခါရအား **ဥပနိဿယ** ပစ္စည်းဖြင့် ကျေးဇူးပြုပေ၏။ **အ**ကြင်အခါ သတ္တဝါဟုခေါ်အပ်သော ခန္ဓာအစဉ်၌ အကုသိုလ်ဟုခေါ်အပ်သော ဇော စိတ္တုပ္ပါဒ်တို့သည် ခုနစ်ကြိမ် ခုနစ်ကြိမ်စီ ဖြစ်ပေါ်ကြ၏။ ထိုသို့ ဖြစ်ပေါ်ကြကုန်သော **ဇော** ခုနစ်ကြိမ် ခုနစ်ကြိမ်တို့တွင် ရှေးရှေးဖြစ်သော အကုသိုလ်ဇောတို့၌ ပါရှိသော မောဟဟု ခေါ်အပ်သော အဝိဇ္ဇာသည် နောက် နောက် ဇော စိတ္တုပ္ပါဒ်တို့၌ရှိသော အပုညာဘိသင်္ခါရစေတနာအား **အနန္တရ သမနန္တရ အနန္တရူပနိဿယ အာသေဝန နတ္ထိ ဝိဂတ**ဟုဆိုအပ်သော ခြောက်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ထို ပြဆိုအပ်ခဲ့ပြီးသော **အ**ကုသိုလ် ဇော ခုနစ်ကြိမ်တို့ ဖြစ်ကြရာတွင် တကြိမ် တကြိမ်သော အကုသိုလ် ဇော စိတ္တုပ္ပါဒ်၌ တပါး တပါးသော အဝိဇ္ဇာဟု ခေါ်အပ်သော မောဟသည် အတူတကွ ပါရှိ၏၊ ထိုအတူတကွပါရှိသော မောဟဟု ခေါ်အပ်သော အဝိဇ္ဇာသည် မိမိနှင့် အတူဖြစ်သော အပုညာဘိသင်္ခါရဟု ခေါ်အပ်သော အကုသိုလ်စေတနာအား **ဟေတု သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ**ဟု ဆိုအပ်သော ခုနစ်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ထိုသို့ကျေးဇူးပြုကြောင်းကို ထင်ရှား**သိ**စေတော်မူလိုသော ဝိသုဒ္ဓိမဂ် **အဋ္ဌကထာ**ရှင်သည် ပညာဘူမိအဖွင့် စာမျက်နှာ (၁၇၃)၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် ပဋိစ္စသမုပ္ပါဒ်အဖွင့် စာမျက်နှာ (၁၃၈) ၌—

သော ဟိ အဝိဇ္ဇံ အာရဗ္ဘ ရာဂါဒီနံ ဥပ္ပဇ္ဇနကာလေ အာရမ္မဏပစ္စယေန၊ ဂရုံ ကတွာ အဿာဒနကာလေ အာရမ္မဏာဓိပတိအာရမ္မဏူပနိဿယေဟိ၊ အဝိဇ္ဇာသမ္မူဠ္ဟဿ အနာဒီနဝဒဿာဝိနော ပါဏာတိ-

ပါတာဒီနိ ကရောန္တသ ဥပနိဿယပစ္စယေန၊ ဒုတိယဇ္ဈာနာဒီနံ အနန္တရ-
သမနန္တရအနန္တရူပနိဿယာသေဝနနတ္ထိဝိဂတပစ္စယေဟိ၊ ယံကိဉ္စိ အကု-
သလံ ကရောန္တဿ ဟေတုသဟဇာတအညမညနိဿယသမ္ပယုတ္တအတ္ထိ-
အဝိဂတပစ္စယေဟိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

မြန်မာပြန်ကား—

ဟိ ဝိတ္ထာရေမိ၊ ထိုစကားကို ချဲ့ဦးအံ့။ သော၊ ထိုအဝိဇ္ဇာသည်။ အဝိဇ္ဇံ၊ အဝိဇ္ဇာတရားကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ရာဂါဒီနံ၊ တပ်ခြင်းစသည်တို့၏။ ဥပ္ပဇ္ဇနကာလေ၊ ဖြစ်သောအခါ၌။ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ၏။ အဝိဇ္ဇာ၊ မသိတတ်သော သဘော အဝိဇ္ဇာကို။ ဂရုံ၊ အလေးအမြတ်ကို။ ကတွာ၊ ပြု၍။ အဿာဒနကာလေ၊ သာယာသောအခါ၌။ အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယေဟိ၊ အာရမ္မဏာ-ဓိပတိ အာရမ္မဏူပနိဿယပစ္စည်းတို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အဝိဇ္ဇာသမ္မူဠှော၊ အဝိဇ္ဇာဖြင့် ပြင်းစွာ တွေဝေထသော။ အနာဒီနဝဒဿာဝီနော၊ ပါဏာတိပါတ စသည်ကို ပြုလုပ်ရာ၌ အပြစ်ကို မြင်လေ့မရှိထသော။ ပါဏာတိပါတာဒီနိ၊ သူ၏ အသက်ကို ချခြင်းစသည်တို့ကို။ ကရောန္တဿ၊ ပြုလုပ်သောသူအား။ ဥပနိဿယပစ္စယေန၊ ဥပနိဿယပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ၏။ ဒုတိယဇ္ဈာနာဒီနံ၊ နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဇောအစရှိသည်တို့အား။ အနန္တရ သမနန္တရ အနန္တ-ရူပနိဿယာသေဝနနတ္ထိဝိဂတပစ္စယေဟိ၊ အနန္တရပစ္စည်း သမနန္တရပစ္စည်း အနန္တရူပနိဿယပစ္စည်း အာသေဝနပစ္စည်း နတ္ထိပစ္စည်း ဝိဂတပစ္စည်းတို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ယံကိဉ္စိ၊ အကြွင်းအကျန်မရှိ အလုံးစုံသော။ အကုသလံ၊ အကုသိုလ်ကို။ ကရောန္တဿ၊ ပြုသောသူအား။ ဟေတု သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတပစ္စယေဟိ၊ ဟေတုပစ္စည်း သဟဇာတပစ္စည်း အညမညပစ္စည်း နိဿယပစ္စည်း သမ္ပယုတ္တပစ္စည်း အတ္ထိပစ္စည်း အဝိဂတပစ္စည်းတို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ အဝိဇ္ဇာသည် အပုညာဘိသင်္ခါရအား ကျေးဇူးပြုပုံကို ထင်ရှားသိကြလေ။

**အာနေဉ္ဇာဘိသင်္ခါရအား ကျေးဇူးပြုပုံ။** ။ဝင်းအဝိဇ္ဇာသည် ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရအား သာလျှင် ကျေးဇူးပြုသည် မဟုတ်သေး၊ အရူပါဝစရကုသိုလ်ဟု ဆိုအပ်သော အာနေဉ္ဇာ-

ဘိသင်္ခါရအားလည်း ကျေးဇူးပြုသေးသည်သာလျှင်တည်း။ ကျေးဇူးပြုပုံကို ထင်စွာပြဦးအံ့။

အကြင်အခါ အရူပဘုံ၌ဖြစ်သော နာမက္ခန္ဓာတို့၏ သဘောလက္ခဏာစသည်တို့ကိုင်၊ ၎င်း အရူပဘုံ၌ဖြစ်သော နာမက္ခန္ဓာတို့သည် စင်စစ် ဇာတိစသော ဘေးတို့၏ တည်ရာဖြစ်၍ စက်ဆုပ်အပ်သည်၏ အဖြစ်ကိုင်၊ နိစ္စ, သုခ, အတ္တ တည်းဟူသော အနှစ်သာရမှ ကင်းသည်၏အဖြစ်ကြောင့် စင်စစ် အချည်းနှီး တရားသာလျှင် ကေန်အမှန်ဖြစ်သည်၏ အဖြစ်ကိုင်၊ မသိမူ၍ ပြင်းစွာ တွေဝေပြီးလျှင် အရူပဗြဟ္မာ၏ အဖြစ်သည်သာလျှင် ကေန် ချမ်းသာလှပေ၏ ဟု တဏှာဖြင့် တောင့်တလျက် အရူပဘုံ၌ ဖြစ်စေတတ်သော အာနေဉ္ဇာဘိသင်္ခါရကို ပြုလုပ်၏။ ထိုသို့ ပြုလုပ်သောအခါ၌ ၎င်းအရူပဘုံ၌ဖြစ်သော ဒုက္ခစသည်တို့ကို မသိစေတတ်, သုခထင်စေတတ်သော အဝိဇ္ဇာသည် ၎င်းအာနေဉ္ဇာဘိ-သင်္ခါရအား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။ ထိုသို့ ကျေးဇူးပြုသည်၏ အဖြစ်ကို ထင်စွာသိစေလိုသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ပညာဘူမိအဖွင့် စာမျက်နှာ (၁၇၃)၊ သမ္မောဟဝိနောဒနီအဋ္ဌကထာရှင်သည် ပဋိစ္စသမုပ္ပါဒ်အဖွင့် စာမျက်နှာ (၁၃၉)၌—

> အာနေဉ္ဇာဘိသင်္ခါရာနံ ဥပနိဿယပစ္စယေနေဝ ဧကဓာ ပစ္စယော မတာ၊ သော ပနဿာ ဥပနိဿယဘာဝေါ ပုညာဘိသင်္ခါရေ ဝုတ္တနယေ-နေဝ ဝေဒိတဗ္ဗော။

ဟူ၍ မိန့်အပ်ပြီ။

မြန်မာပြန် အနက်သိကြောင်းကား—

အာနေဉ္ဇာဘိသင်္ခါရာနံ၊အာနေဉ္ဇာဘိသင်္ခါရတို့အား။ ဥပနိဿယပစ္စယေနေဝ၊ ဥပနိဿယပစ္စည်းဖြင့်သာလျှင်။ ဧကဓာ၊ တပါးသောအဘို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြု၏ဟူ၍။ မတာ၊ သိအပ်၏။ ပန၊ အထူးကို ဆိုဦးအံ့။ အဿာ၊ ထိုအဝိဇ္ဇာ၏။ သော ဥပနိဿယဘာဝေါ၊ ထိုဥပနိဿယပစ္စည်း၏ အဖြစ်ကို။ ပုညာဘိသင်္ခါရေ၊ ပုညာဘိသင်္ခါရ၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ အာနေဉ္ဇာဘိသင်္ခါရအား ဥပနိဿယပစ္စည်း၏အဖြစ်ဖြင့် ကျေးဇူးပြုပုံကို ထင်ရှားသိကြလေ။

## အဝိဇ္ဇာသင်္ခါရတို့ကို သုံးသပ်ပုံနှင့် သစ္စာလေးပါးကို တပြိုင်နက်မြင်၍ မဂ်ဖြစ်ပုံကို ပြဆိုချက်

**သင်္ခါရ၏ အပြစ်များ။** ။ဤသို့လျှင် အဝိဇ္ဇာသည် ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရတို့အား ထိုက်သည် အားလျော်စွာ ကျေးဇူးပြုတတ်သည်၏အဖြစ်ကြောင့် အဝိဇ္ဇာသည် သင်္ခါရတရားတို့၏ ဖြစ်ကြောင်းအမှန်ဖြစ်ပေ၏၊ ထိုသို့ ဖြစ်ကြောင်းအမှန်ဖြစ်သော အဝိဇ္ဇာသည် နတ်,လူ,ဗြဟ္မာ,သတ္တဝါ, အသက် မဟုတ်၊ စင်စစ် ဟုတ်မှန်သော သဘောလက္ခဏာစသည်တို့ကို မသိတတ်သော တွေဝေသော မောဟတရားသည်သာလျှင် ဖြစ်၏၊ ထိုမောဟတရားဖြစ်သော အဝိဇ္ဇာသည် စင်စစ် သင်္ခါရတရားတို့၏ ဖြစ်ကြောင်းအမှန်ဖြစ်သောကြောင့် သမုဒယသစ္စာတရား အမှန်ဖြစ်ပေ၏၊ ထိုသမုဒယသစ္စာဖြစ်သော အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရတရားသုံးပါးတို့သည် စင်စစ် အကျိုးတရားဖြစ်၏၊ ထိုအကျိုးတရားဖြစ်သော ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရတရားတို့သည် ဖြစ်ပေါ်ခြင်းတည်းဟူသော ဇာတိဘေး ရင့်ရော်ခြင်းတည်းဟူသော ဇရာဘေး ပျက်စီးခြင်းတည်းဟူသော မရဏဘေးနှင့်လည်း မကင်းသောကြောင့် ထိုဆိုအပ်ပြီးသော ဘေးတို့၏ တည်ရာသဘောသာလျှင် အမှန်ဖြစ်ပေ၏။

ထိုဆိုအပ်ပြီးသော ဘေးတို့၏တည်ရာသဘောဖြစ်သောကြောင့် ၎င်းသင်္ခါရတရားတို့သည် စင်စစ် စက်ဆုပ်အပ်သောသဘော အမှန်ဖြစ်ပေ၏၊ ၎င်းသင်္ခါရတရားတို့သည် နတ်,လူ,ဗြဟ္မာ,သတ္တဝါစသည်မဟုတ်၊ ပြုလုပ်တတ်သော စေတနာသဘောမျှသာ ဖြစ်သောကြောင့် နတ်, လူ, ဗြဟ္မာ, သတ္တဝါဟူသော အတ္တမဟုတ်လေရကား စင်စစ် အနတ္တသဘောသာလျှင် ဖြစ်ပေ၏၊ ထိုသို့ အနတ္တသဘောဖြစ်ခြင်းကြောင့် အတ္တဟူသော အနှစ်သာရမှလည်း ကင်း၏။ ၎င်းသင်္ခါရတရား သုံးပါးတို့သည် ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း ရင့်ခြင်း ပျက်ခြင်းသို့သာ ရောက်ကုန်၍ ချုပ်ကွယ်ကြကုန်၏၊ ထိုသို့ ချုပ်ကွယ်ခြင်းကြောင့် စင်စစ် မြဲခြင်းလည်း မရှိကုန်၊ မမြဲတတ်သော အနိစ္စသဘောသာလျှင် အမှန်ဖြစ်ကုန်၏။ ထိုသို့ အနိစ္စသဘောအမှန်ဖြစ်ကုန်သောကြောင့် ၎င်းသင်္ခါရတရားသုံးပါးတို့သည် စင်စစ် နိစ္စဟူသော အနှစ်သာရမှလည်း ကင်းကုန်၏၊ ၎င်း သင်္ခါရတရားသုံးပါးတို့ကို ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း ရင့်ခြင်းတည်းဟူသော ဇရာ ပျက်ခြင်းတည်းဟူသော မရဏသဘောတို့သည် စင်စစ် နှိပ်စက်အပ်ကုန်၏။ ထိုသို့ ဇရာမရဏတို့၏ အနှိပ်စက်ကို ခံရသောကြောင့် ၎င်းသင်္ခါရ တရားတို့သည် စင်စစ် ဒုက္ခတရားသာလျှင် အမှန်ဖြစ်ကုန်၏။ ထိုသို့ ဒုက္ခအမှန်ဖြစ်သောကြောင့် သုခဟူသော အနှစ်သာရမှလည်း ကင်းကုန်၏။ ထိုဆိုအပ်ပြီးသော အတ္တသာရ, နိစ္စသာရ,သုခသာရတို့မှ ကင်းသည်၏အဖြစ်ကြောင့် စင်စစ် အချည်းနှီး တရား

သာလျှင် အမှန်ဖြစ်ပေကုန်၏။ ထိုသို့ စက်ဆုပ်အပ်သော အချည်းနှီးတရား၏ အဖြစ်ကြောင့် ၎င်းသင်္ခါရတရားသုံးပါးတို့သည် စင်စစ် ဒုက္ခသစ္စာတရားသာလျှင် အမှန် ဖြစ်ပေကုန်၏။

ထိုဆိုအပ်ပြီးသော သင်္ခါရတရားသုံးပါးတည်းဟူသော ဒုက္ခသစ္စာ၊ အောက်၌ ပြဆိုအပ်ခဲ့ပြီးသော အဝိဇ္ဇာတည်းဟူသောအကြောင်း သမုဒယသစ္စာ၊ ဤသစ္စာတရားနှစ်ပါး အကြောင်းအကျိုးတို့သည်သာလျှင် အစမထင်သော သံသရာ အဆက်ဆက်ကစ၍ ယခုဘဝတိုင်အောင် အဆက်မပြတ် ဖြစ်ပွါးနေကြ၏။ နောင်ကို ဆက်သွယ်၍ဖြစ်လတ္တံ့ကုန်သော တရားတို့လည်း ၎င်းအဝိဇ္ဇာသင်္ခါရ တရားတို့သည်သာလျှင်တည်း။ ၎င်းတရားတို့မှလွတ်၍ လူနတ်ဗြဟ္မာ သတ္တဝါ ဖြစ်သည်ဟူ၍ စင်စစ် မရှိလေပြီ။ ၎င်းအဝိဇ္ဇာသင်္ခါရတည်းဟူသော အကြောင်း အကျိုး အဆက်ဆက် ဖြစ်ပွါးနေသည်ကိုပင် လူနတ်ဗြဟ္မာ သတ္တဝါဖြစ်သည်ဟု လောကဝေါဟာရအားဖြင့် ခေါ်ဝေါ်ပြောဆိုသမုတ်အပ်လေသည်။ ထိုသို့ပင် ခေါ်ဝေါ်သမုတ်အပ်သော်လည်း ၎င်းတရားတို့သည် စင်စစ် လူနတ်ဗြဟ္မာ သတ္တဝါမဟုတ်၊ ထပ်တလဲလဲ ဖြစ်ပေါ်ပြီးလျှင် ထပ်တလဲလဲ ဇရာမရဏတို့၏ အနှိပ်စက်ကိုသာ ခံနေရကုန်သော သတ္တ, ဇီဝ, သုခ စသည်နှင့် မရောသော သက်သက်သော ဝဋ္ဋဆင်းရဲအစုတို့သာလျှင် ဖြစ်ကုန်၏။ ထိုသို့ဖြစ်ခြင်းကြောင့် ဘုရားရှင်သည်--

ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ဟူ၍ ဟောတော်မူအပ်လေသည်။

**အဝိဇ္ဇာသင်္ခါရတို့ကို ဝိပဿနာရှုရန်။** ။ထိုသို့ ဟောတော်မူအပ်သော သမုဒယ သစ္စာဖြစ်သော အဝိဇ္ဇာတည်းဟူသော အကြောင်းတရား, ဒုက္ခသစ္စာဖြစ်သော သင်္ခါရတည်းဟူသော အကျိုးတရား၊ ဤဆိုအပ်ပြီးသော အကြောင်းအကျိုးတရား နှစ်ပါးတို့သည်သာလျှင် သတ္တဝါ, အသက်, သုခစသည် မဟုတ်ပါဘဲလျက် မပြတ်မလပ် ဖြစ်နေသော ဝဋ္ဋဆင်းရဲအစုတို့သာ ကေန်ဖြစ်ကုန်၏ဟု ဝိပဿနာဉာဏ်ဖြင့် အဖန်တလဲလဲ ရှုကြည့်နေကြရမည်။ ထိုသို့ ရှုကြည့်၍နေကြလျှင် ဝဋ္ဋဆင်းရဲအစုမျှသာ ကေန်ဖြစ်နေကြောင်းကို တရေးရေးမြင်ကြလေ၏။ ထိုသို့ တရေးရေး မြင်ကြလျှင် စင်စစ် ဖြစ်လိုသော ဆန္ဒမရှိဘဲ မဖြစ်လိုသော ဆန္ဒသာ ကေန်ဖြစ်ကြလေတော့၏။ ထိုသို့ မဖြစ်လိုသော ဆန္ဒအားကြီး၍ ၎င်း အကြောင်းအကျိုးတရားတို့မှ လွတ်ရာသဘော, လွန်မြောက်ရာသဘောကို ရှာလေလျှင် ၎င်းတို့၏ ဖြစ်ပေါ်ခြင်းမှ ဆန့်ကျင်ဘက် ဖြစ်လျက်တည်သော မဖြစ်ပေါ်ခြင်းသဘော လက္ခဏာရှိသော အသင်္ခတဓာတ် သဘောတရားကိုသာလျှင် ဉာဏ်ဖြင့် တွေ့လေတော့၏။

အဘယ်ကြောင့် တွေ့ရလေသနည်းဟူမူ ဖြစ်ပေါ်ခြင်း လက္ခဏာမှ လွန်မြောက်လျှင် မဖြစ်ပေါ်သော သဘောလက္ခဏာရှိသော ဆန့်ကျင်ဘက်ဖြစ်သော သဘောတရားမှတပါး တခြားတရား မရှိနိုင်သည်၏ အဖြစ်ကြောင့်တည်း။

**နိရောဓဓာတ်ကြီး ဖြစ်ပေါ်ခြင်း။** ။ဥပမာ အပူသဘောမှ လွန်မြောက်လျှင် အပူ၏ ဆန့်ကျင်ဘက်ဖြစ်သော အေးသဘောသည် တည်ရှိသကဲ့သို့ငှင်း၊ အမိုက်မှ လွန်မြောက်လျှင် အမိုက်၏ ဆန့်ကျင်ဘက်ဖြစ်သော အလင်းသဘောသည် တည်ရှိလေသကဲ့သို့ငှင်း ထိုနည်းအတူ ဖြစ်ပေါ်ခြင်းရှိသော သဘောတရားတို့မှ လွန်မြောက်လျှင် စင်စစ် မဖြစ်ပေါ်ခြင်း သဘောလက္ခဏာရှိသော သဘောတရားသာလျှင် ကေန် တည်ရှိမြဲပေတည်း။ ထိုကဲ့သို့ ရှိမြဲဓမ္မတာသဘောကို ဉာဏ်မျက်စိဖြင့် မြင်ကြလျှင် စင်စစ်ဖြစ်ပေါ်နေသော အကြောင်းအကျိုးတရား ဝဋ္ဋဒုက္ခတို့မှ လွန်မြောက်ရာကို ရှာသော ယောဂီပုဂ္ဂိုလ်တို့သည် ၎င်းတို့မှ လွန်မြောက်၍တည်သော မဖြစ်ပေါ်သော သဘောလက္ခဏာရှိသော အသင်္ခတဓာတ်ကိုသာလျှင် ဉာဏ်ဖြင့် ကေန်တွေ့ကြရကုန်၏။ ထိုသို့ ဉာဏ်ဖြင့်တွေ့အပ်သော ၎င်းအသင်္ခတဓာတ် သဘောသည် ဖြစ်ပေါ်မှုသဘောမှ ကင်းသည်၏ အဖြစ်ကြောင့် ရင့်ရော်ခြင်းလည်း မရှိ၊ ပျက်စီးခြင်းလည်း မရှိလေပြီ။ ထိုသို့ ရင့်ရော်ခြင်း,ပျက်စီးခြင်း မရှိသော ၎င်းအသင်္ခတ သဘောသည် စင်စစ် နိစ္စတရားလည်း ဖြစ်ပေ၏။

ဇရာမရဏတရားတို့၏ အနှိပ်စက်ကို မခံရသောကြောင့် သုခတရားလည်း ဖြစ်ပေ၏။ ထိုနိစ္စ သုခဖြစ်သော မဖြစ်ပျက်သော သဘောလက္ခဏာရှိသော ၎င်းအသင်္ခတဓာတ် သဘောသည် စင်စစ် သတ္တဝါဟု ခေါ်ဆိုအပ်သော အတ္တမဟုတ်၊ ဓမ္မသဘော သက်သက်သာလျှင် ဖြစ်လေခြင်းကြောင့် အနတ္တ တရားသာလျှင် ကေန် ဖြစ်ပေ၏။ ထိုသို့ အနတ္တ တရားဖြစ်ကြောင်းကိုလည်း ဝိနည်း-ပရိဝါ ပါဠိတော် စာမျက်နှာ(၁၅၇)၌---

နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိ နိစ္ဆယာ။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်လေ။ ထိုအနတ္တသဘော ဖြစ်သော အသင်္ခတဓာတ်၏ နိစ္စသုခအဖြစ်ကို ဉာဏ်ဖြင့်ထောက်ဆ၍ သိကုန်သော ယောဂီပုဂ္ဂိုလ်တို့သည် သတ္တဝါ, အသက်,သုခ စသည်နှင့်မရောသော သက်သက်သော အကြောင်းအကျိုး တရားမျှသာဖြစ်သော အဝိဇ္ဇာသင်္ခါရ တရားတို့၏ မပြတ်မလပ်ဖြစ်ပျက်မှု အနိစ္စချက်, မပြတ်မလပ် အနှိပ်စက်ခံရမှု ဒုက္ခချက်တို့ကို တရေးရေးရှုမြင်လေလေ ၎င်းတရားတို့မှ လွန်မြောက်၍တည်သော မဖြစ်ပေါ်သော သဘောလက္ခဏာရှိသော အသင်္ခတဓာတ်တရား တပါးသည်သာလျှင် စင်စစ် နိစ္စသုခ၏အဖြစ်၌ တည်မှန်းကို သိလေလေသာ ဖြစ်၏။ ထိုသို့ နိစ္စ သုခ၏

အဖြစ်၌တည်မှန်းကို သိလေလေ ၎င်းနိရောဓသစ္စာ အသင်္ခတဓာတ်သဘောသို့ ရောက်လိုသောဆန္ဒ အားကြီးလေလေသာ ဖြစ်၏။ ထိုသို့ ရောက်လိုသောဆန္ဒ အားကြီးလတ်၍ မိမိ၏စိတ်ကို စေလွှတ်ဖန် များလတ်သော် အကြင်အခါ ဉာဏ် ရင့်ခြင်းသို့ရောက်၍ မဂ်ဖြစ်ခဲ့အံ့၊ ထိုအခါ နိရောဓသစ္စာဖြစ်သော အသင်္ခတဓာတ် သဘောကို ထင်ထင်လင်းလင်း သဘောကျ၍ ပိုင်ပိုင်နိုင်နိုင်ထိုးထွင်း၍ သိမြင် လေတော့၏။ ထိုသို့နိရောဓသစ္စာကို ပိုင်ပိုင်နိုင်နိုင် ထင်ထင်လင်းလင်း ထိုးထွင်း၍ သိမြင်ခိုက်၌ သစ္စာလေးပါးလုံးကို တပြိုင်နက် တချက်တည်း ထိုးထွင်း၍ သိမြင် သည်သာလျှင်ကတည်း။ သိမြင်ပုံကို ထင်စွာပြဦးအံ့။

**နိဗ္ဗာန်မမြင်က မဂ်ဖိုလ်မရနိုင်။** ။အကြင်မျှလောက် လောကီမဂ်ဖြင့်အကြောင်း သမုဒယ အကျိုးဒုက္ခတရားတို့ကို မရပ်မစဲ တသဲသဲဖြစ်ပျက်ခြင်းသည် နိုပ်စက်နှိပ်စက်အပ်သည်ကို မြင်နေ၍ နိစ္စသုခဖြစ် သော သဘောတရားကို ရှာဖွေလတ်သော် ၎င်းတို့မှ လွန်မြောက်၍ တည်သော မဖြစ်မပျက်သော သဘောလက္ခဏာရှိသော နိရောဓသစ္စာ အသင်္ခတဓာတ် သဘောနိဗ္ဗာန်ကို ထောက်ဆ၍ မသိသေး၊ ထိုမျှလောက် သင်္ခါဖြစ်သော တရား တို့တွင် တပါးပါးကိုသော်၎င်း၊ ၎င်းသင်္ခတတရားတို့၏ မရှိခြင်း အဘာဝပညတ် ကိုသော်၎င်း နိစ္စသုခသဘောအဖြစ်ဖြင့် တကယ်စွဲယူလေရာ၏။ ထိုသို့ယူသမျှ ကာလပတ်လုံး နိစ္စသုခ သဘောစစ်မဟုတ်သည်ကို နိစ္စသုခသဘောစစ်ဟု စွဲယူ သော အယူသည် မိစ္ဆာသဘောသာလျှင်ဖြစ်၍ မဂ်ကိုလည်း မဖြစ်စေနိုင်၊ မိစ္ဆာ အယူကိုလည်း မကင်းစေနိုင်ဟု မှတ်ကြလေ။

အကြင်အခါ သင်္ခတဓာတ်၏ ဆန့်ကျင်ဘက်ဖြစ်သော အသင်္ခတဓာတ် တည်း ဟူသော ပရမတ္ထသဘောအားဖြင့် ထင်ရှားရှိနေသော မဖြစ်မပျက်သော သဘော နိရောဓသစ္စာနိဗ္ဗာန်ကို ပိုင်ပိုင်နိုင်နိုင် မသိသေးဘဲ ထောက်ဆ၍သာ အကယ်၍ သိသည်ဖြစ်ခဲ့အံ့၊ ထိုမျှလောက်သော ကာလပတ်လုံး မိမိသန္တာန်၌ လောကုတ္တရာမဂ်ဖြစ်ပြီဟု မဆုံးဖြတ်နိုင်ဘဲ မဂ်၌လည်း ယုံမှားမကင်း၊ နိရောဓ သစ္စာနိဗ္ဗာန်ကိုလည်း တကယ်မြင်ပြီဟု ပိုင်ပိုင်နိုင်နိုင်မဆိုနိုင်ဘဲ ရှိလေတော့၏။ ထိုကဲ့သို့ရှိနေသမျှ ကာလပတ်လုံး ဝိစိကိစ္ဆာစသော ကိလေသာနုသယသည် မကင်းဘဲရှိလေတော့၏ဟု မှတ်။

**နိဗ္ဗာန်မြင်မှ မဂ်ဖိုလ်ရပုံ။** ။အကြင်အခါ ဖြစ်ပေါ်ပြီး၍ ကွယ်ကုန်ပြီးသော အကြောင်းအကျိုးအဆက်ဆက် ဖြစ်ဆဲဖြစ်နေသော အကြောင်းအကျိုးအဆက်ဆက် နောင်ဖြစ်ပေါ်လတ္တံ့သောအကြောင်းအကျိုး အဆက်ဆက်တည်းဟူသော ဒုက္ခတရားတို့မှ လွန်မြောက်၍ နိစ္စသုခအဖြစ်ဖြင့် တည်နေသော မဖြစ်ပေါ်သော သဘောလက္ခဏာရှိသော အသင်္ခတဓာတ် နိရောဓ

သစ္စာနိဗ္ဗာန်ကို ထင်ထင်လင်းလင်းထိုးထွင်း၍ သိမြင်ခဲ့သည်ဖြစ်အံ့၊ ထိုသို့သိမြင်ခိုက် နိရောဓသစ္စာတည်းဟူသော နိစ္စသုခတရားစစ်ကိုလည်း အာရုံပြုသောအားဖြင့် ထိုးထွင်းသိမြင်ခြင်းကြောင့် ယုံမှားသံသယ စသော တရားဟူသမျှသည်လည်း ကင်းလေ၍ မြင်အပ်သောတရား၌ တွေဝေစရာမရှိ ဖြစ်လေတော့၏။ ထိုနိရောဓသစ္စာ၌သာလျှင် တွေဝေခြင်းကင်းသည် မဟုတ်သေး၊ ၎င်းတရားနှင့် ဆန့်ကျင်ဘက်ဖြစ်သော သင်္ခတ တရားတည်းဟူသော နိစ္စသုခမရှိသော အကြောင်းအကျိုးအဆက်ဆက် ဖြစ်ခြင်းဟု ဆိုအပ်သော အနိစ္စ ဒုက္ခ စသော တရားသဘောကိုလည်း အာရုံမပြုဘဲ ပဋိပက္ခသဘောအားဖြင့် အနိစ္စ ဒုက္ခ သဘောစသည်သာ အမှန်ဟုတ်တော့သည်ဟု ပိုင်းခြား၍ သိခြင်းကိစ္စသည်လည်း ၎င်းနိရောဓသစ္စာကို မြင်ခိုက် တပြိုင်နက်ပြီးလေ၏။ နောင်တဖန် နိစ္စလေလော သုခလေလောဟု တွေးတောစရာ တွေဝေစရာ မရှိလေပြီ။ တပြိုင်နက် တွေဝေခြင်း ကင်းလေတော့၏။

၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို ပိုင်ပိုင်နိုင်နိုင် ထင်ထင်လင်းလင်း ထိုးထွင်း၍ သိမြင်သော ဉာဏ်သည် ဘာဝနာအစွမ်းဖြင့်ဖြစ်သော လောကုတ္တရာမဂ်ဉာဏ် ဖြစ်၏။ ထိုမဂ်ဉာဏ်သည် မိမိဖြစ်ခိုက် မိမိတည်းဟူသောမဂ်ကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာသဘောကိုလည်း တပြိုင်နက် ဖျက်ဆီး၍ မိမိတည်းဟူသော မဂ်ဉာဏ်သည် ဖြစ်ပေါ်မှုရှိလေသလော ဖြစ်ပေါ်မှု မရှိလေသလောဟု တွေးတောယုံမှားခြင်း စသည်ကို တပြိုင်နက် တချက်တည်း ပြတ်တောက်စေပြီးလျှင် မတွေမဝေသော အသမ္မောဟကိစ္စအားဖြင့် မိမိကို ထင်လင်းသိမှုကိစ္စကိုလည်း တပြိုင်နက် တချက်တည်း ပြီးစေ၏။ ၎င်းနိရောဓသစ္စာသဘောကို မြင်ခိုက် မဂ်၌၎င်း၊ နိရောဓသစ္စာ နိဗ္ဗာန်၌၎င်း၊ သင်္ခတဖြစ်သော အကြောင်းအကျိုး ဖြစ်ပျက်နေသော ဒုက္ခသစ္စာ တရားတို့၌၎င်း၊ အယူမှားမှု ယုံမှားမှုစသော ကိလေသာတရားတို့သည် တပြိုင်နက် တချက်တည်း ၎င်းမဂ်ကြောင့်ပင် အကြွင်းမရှိ ပြတ်လည်းပြတ်၏။ ပြတ်လေပြီးသော ကိလေသာတို့၌လည်း ပြတ်ကင်းလေသလော မပြတ်ကင်းလေသလောဟု တဖန် တွေးတောယုံမှားမရှိအောင် တွေဝေစေတတ်သော မောဟတရားကိုလည်း အကြွင်းမရှိ ဖျက်ဆီး၍ ၎င်းမဂ်ပယ်၍ ပြတ်ကင်းသော ကိလေသာတည်းဟူသော သမုဒယသစ္စာ၌ မတွေမဝေသော အသမ္မောဟကိစ္စ ဟု ဆိုအပ်သော သိခြင်းကိစ္စကိုလည်း တပြိုင်နက်တချက်တည်း ပြီးစေ၏။

## သစ္စာလေးပါးကို တပြိုင်နက် မဂ်မြင်ပုံ၏ သာဝကပါဠိတို့နှင့် ဥပမာ, ဥပမေယျပါဠိတို့ကို ပြခြင်း

ဤသို့လျှင် နိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍ သိမြင်တတ်သော လောကုတ္တရာမဂ်ဖြစ်ခိုက် ၎င်းမဂ်ဉာဏ် တပါးတည်းသည် သစ္စာလေးပါး တရားတို့ကို

တပြိုင်နက် တချက်တည်း ထိုးထွင်း၍ သိခြင်းကိစ္စကို ပြီးစေ၏ ဟု မှတ်ကြလေ။ ထိုသို့ မှတ်စေတော်မူလိုသော သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် သစ္စဝိဘင်း မဂ္ဂသစ္စာအဖွင့် စာမျက်နှာ (၁၀၉)၌—

သော ဝေံ ကမ္မံ ကရောန္တော စတ္တာရိ သစ္စာနိ ဧကေန ပဋိဝေဓေန ပဋိဝိဇ္ဈတိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

မြန်မာပြန် အနက်သိကြောင်းကား—

သော၊ ထိုယောဂါဝစရပုဂ္ဂိုလ်သည်။ ဧဝံ၊ ဤသို့။ ကမ္မံ၊ သင်္ခတဖြစ်သော ဒုက္ခသစ္စာတရားတို့ကို လောကီဉာဏ်ဖြင့် ပိုင်းခြားသိ၍ နိရောဓသစ္စာနိဗ္ဗာန်သို့ စေလွှတ်သောအမှုကို။ ကရောန္တော၊ ပြုသည်ရှိသော်။ စတ္တာရိ၊ လေးပါးကုန်သော။ သစ္စာနိ၊ အမှန်တရားတို့ကို။ ဧကေန၊ တပါးတည်းသော။ ပဋိဝေဓေန၊ ထိုးထွင်း၍ သိတတ်သော မဂ်ဉာဏ်ဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ နိရောဓသစ္စာကို အာရုံပြု၍ ထိုးထွင်း၍ သိတတ်သော မဂ်ဉာဏ် အခိုက် ၎င်းမဂ်ဉာဏ်သည် သစ္စာလေးပါး တရားတို့ကို တပြိုင်နက် ထိုးထွင်း၍ သိကြောင်းကို ထင်ရှားသိကြလေ။ ၎င်းမဂ်သည် သစ္စာလေးပါးတို့ကို တပြိုင်နက် သိရာ၌လည်း နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းတည်းဟူသော သိခြင်းဖြင့် သိ၏။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းတည်းဟူသော သိခြင်းဖြင့် သိ၏။ သမုဒယ သစ္စာကို ပယ်ခြင်း တည်းဟူသော သိခြင်းဖြင့် သိ၏။ မိမိတည်းဟူသော မဂ်ကို ပွါးခြင်း ဟု ဆိုအပ်သော ဘာဝနာ တည်းဟူသော သိခြင်းဖြင့် သိ၏။ ထိုသို့ သိခြင်းကို ထင်ရှားသိစေတော်မူလိုသော သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် သစ္စဝိဘင်း မဂ္ဂသစ္စာအဖွင့် စာမျက်နှာ (၁၀၉)၌—

ဒုက္ခံ ပရိညာပဋိဝေဓေန ပဋိဝိဇ္ဈတိ၊ သမုဒယံ ပဟာနပဋိဝေဓေန၊ နိရောဓံ သစ္ဆိကိရိယပဋိဝေဓေန၊ မဂ္ဂံ ဘာဝနာပဋိဝေဓေန ပဋိဝိဇ္ဈတိ။

ဟူ၍ မိန့်ဆိုတော်မူအပ်လေပြီ။

မြန်မာပြန်ကား—

ဒုက္ခံ၊ ဒုက္ခသစ္စာကို။ ပရိညာပဋိဝေဓေန၊ ပိုင်းခြား၍သိခြင်း တည်းဟူသော သိခြင်းဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍ သိ၏။ သမုဒယံ၊ သမုဒယသစ္စာကို။ ပဟာနပဋိဝေဓေန၊ ပယ်ခြင်းတည်းဟူသော သိခြင်းဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍ သိ၏။ နိရောဓံ၊ နိရောဓသစ္စာနိဗ္ဗာန်ကို။ သစ္ဆိကိရိယပဋိဝေဓေန၊ မျက်မှောက်

ပြုခြင်း တည်းဟူသော သိခြင်းဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍ သိ၏။ မဂ္ဂံ၊ မဂ္ဂသစ္စာကို။ ဘာဝနာပဋိဝေဓေန၊ ပွါးခြင်း တည်းဟူသော သိခြင်းဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍ သိ၏။

**မဂ်ကိစ္စလေးချက်ဖြစ်ပုံ။** ။ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း တည်းဟူသော သိခြင်းဖြင့်၊ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းတည်းဟူသော သိခြင်းဖြင့်၊ သမုဒယသစ္စာကို ပယ်ခြင်း တည်းဟူသော သိခြင်းဖြင့်၊မိမိတည်းဟူသော မဂ်ကိုပွါးခြင်း တည်းဟူသော သိခြင်းဖြင့် တပြိုင်နက် သိပုံကို ထင်ရှားသိကြလေကုန်။ ထိုသို့ မဂ်ဉာဏ် တပါးတည်းသည် သစ္စာလေးချက်တို့ကို တပြိုင်နက် တချက်တည်း သိခြင်း ကိစ္စတို့ကို ပြီးပုံကို ဥပမာဆိုသည်ရှိသော် ဆီမီးသည် တပြိုင်နက် တချက်တည်း မီးစာကိုလည်း လောင်ကျွမ်းစေ၏၊ အမိုက်ကိုလည်း ပယ်ဖျောက်၏၊ အလင်းကိုလည်း ဖြစ်စေ၏၊ ဆီကိုလည်း ကုန်ခန်းစေ၏၊ ဤဆိုအပ်ခဲ့ပြီးသော ကိစ္စလေးပါးကို တပြိုင်နက် ပြုသကဲ့သို့ (ဤကား–ဥပမာ။)

ထိုနည်းအတူ လောကုတ္တရာမဂ်ဉာဏ်သည်လည်း နိရောဓသစ္စာကို အာရုံပြု၍ ဖြစ်ခိုက် မရှေးမနှောင်းပြုလျက် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းတည်းဟူသော သိခြင်းဖြင့် သိခြင်းကိစ္စ၊ သမုဒယသစ္စာကို ပယ်ခြင်းတည်းဟူသော သိခြင်းဖြင့် သိခြင်းကိစ္စ၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း တည်းဟူသော သိခြင်းဖြင့် သိခြင်းကိစ္စ၊ မဂ္ဂသစ္စာကို ပွါးခြင်းတည်းဟူသော သိခြင်းဖြင့် သိခြင်းကိစ္စ၊ ဤဆိုအပ်ပြီးသော ကိစ္စလေးချက်တို့ကို တပြိုင်နက် တချက်တည်း ပြီးစေ၏ဟု မှတ်။ ထိုသို့ မှတ်စေလိုတော်မူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ဉာဏဒဿန ဝိသုဒ္ဓိအဖွင့် စာမျက်နှာ (၃၃၁)၌—

> ယထာ ပဒီပေါ အပုဗ္ဗံ အစရိမံ ဧကက္ခဏေန စတ္တာရိ ကိစ္စာနိ ကရောတိ၊ဝဋ္ဋိံ ဈာပေတိ၊အန္ဓကာရံ ဝိဓမတိ၊အာလောကံ ပရိဝိဒံသေတိ၊ သိနေဟံ ပရိယာဒိယတိ၊ ဧဝမေဝ မဂ္ဂဉာဏံ အပုဗ္ဗံ အစရိမံ ဧကက္ခဏေန စတ္တာရိ သစ္စာနိ အဘိသမေတိ၊ဒုက္ခံ ပရိညာဘိသမယေန အဘိသမေတိ၊ သမုဒယံ ပဟာနာဘိသမယေန အဘိသမေတိ၊မဂ္ဂံ ဘာဝနာဘိသမယေန အဘိသမေတိ၊ နိရောဓံ သစ္ဆိကြိယာဘိသမယေန အဘိသမေတိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

မြန်မာပြန် **အနက်သိကြောင်းကား—**

ပဒီပေါ၊ ဆီမီးသည်။ ဝဋ္ဋိံ၊ မီးစာကို။ ဈာပေတိ၊ လောင်ကျွမ်းစေ၏။ အန္ဓကာရံ၊ အမိုက်မှောင်ကို။ ဝိဓမတိ၊ ပျောက်လွင့်စေ၏။ အာလောကံ၊ အလင်းကို။ ပရိဝိဒံသေတိ၊ ဖြစ်စေ၏။ သိနေဟံ၊ ဆီကို။ ပရိယာဒိယတိ၊ ကုန်

စေ၏။ ဣတိ၊ ဤသို့။ စတ္တာရိ၊ လေးပါးကုန်သော။ ကိစ္စာနိ၊ ကိစ္စတို့ကို။ ဝါ၊ ပြုအပ်သော အမှုတို့ကို။ အပုဗ္ဗံ အစရိမံ၊ မရှေးမနှောင်း။ ဧကက္ခဏေန၊ တပြိုင်နက် တချက်တည်းဖြင့်။ ကရောတိ ယထာ၊ ပြုသကဲ့သို့။ ဧဝမေဝ၊ ဤဆီမီး ဥပမာ အတူသာလျှင်။ မဂ္ဂဉာဏံ၊ လောကုတ္တရာ မဂ်ဉာဏ်သည်လည်း။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ ပရိညာဘိသမယေန၊ ပိုင်းခြား၍သိခြင်း တည်းဟူသော သိခြင်းဖြင့်။ အဘိသမေတိ၊ ထိုးထွင်း၍ သိ၏။ သမုဒယံ၊ သမုဒယသစ္စာကို။ ပဟာနာဘိသမယေန၊ ပယ်ခြင်းတည်းဟူသော သိခြင်းဖြင့်။ အဘိသမေတိ၊ ထိုးထွင်း၍ သိ၏။ မဂ္ဂံ၊ မဂ္ဂသစ္စာကို။ ဘာဝနာဘိသမယေန၊ ပွါးခြင်း တည်းဟူသော သိခြင်းဖြင့်။ အဘိသမေတိ၊ ထိုးထွင်း၍ သိ၏။ နိရောဓံ၊ နိရောဓသစ္စာ-နိဗ္ဗာန်ကို။ သစ္ဆိကြိယာဘိသမယေန၊ မျက်မှောက်ပြုခြင်း တည်းဟူသော သိခြင်းဖြင့်။ အဘိသမေတိ၊ ထိုးထွင်း၍ သိ၏။ ဣတိ၊ ဤသို့။ အပုဗ္ဗံ အစရိမံ၊ မရှေးမနှောင်း။ ဧကက္ခဏေန၊ တပြိုင်နက် တချက်တည်းဖြင့်။ စတ္တာရိ၊ လေးပါးကုန်သော။ သစ္စာနိ၊ အမှန်တရားတို့ကို။ အဘိသမေတိ၊ ထိုးထွင်း၍ သိ၏။

**အာရုံပြုသိနှင့် ကိစ္စသိ အထူး။** ။ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ လောကုတ္တရာ မဂ်ဉာဏ်သည် မိမိဖြစ်ခိုက် မရှေးမနှောင်းပြုလျက် သစ္စာလေးပါးတို့ကို တပြိုင်နက် တချက်တည်း သိပုံကို ထင်ရှား သိကြလေ။ ၎င်းလောကုတ္တရာမဂ်သည် မိမိဖြစ်ခိုက်၌ သစ္စာလေးပါးတို့ကို တပြိုင်နက် တချက်တည်း ထိုးထွင်း၍ သိခြင်းကို ပြီးစေသော်လည်း အလုံးစုံသော သစ္စာလေးပါးတရားတို့ကိုပင် အာရုံပြု၍ သိခြင်းကိစ္စကို ပြီးစေသည် မဟုတ်၊ နိရောဓသစ္စာ တပါးကိုသာလျှင် အာရုံပြု၍ သိခြင်းကိစ္စကို ပြီးစေလေသည်။ ကျန်သော သစ္စာသုံးပါးကို မူကား ကိစ္စအားဖြင့်သာ ပြီးစေသည်ဟု မှတ်။ ထိုသို့ မှတ်စေတော်မူလိုသော သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် သစ္စဝိဘင်း မဂ္ဂသစ္စာအဖွင့် စာမျက်နှာ (၁၀၉) ၌—

> တီသု ကိစ္စတော ပဋိဝေဓော ဟောတိ၊ နိရောဓေ အာရမ္မဏပဋိ-ဝေဓော။

ဟူ၍ မိန့်အပ်ပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

တီသု၊ သုံးပါးကုန်သော ဒုက္ခ သမုဒယ မဂ္ဂသစ္စာတို့၌။ ကိစ္စတော၊ ဒုက္ခ-သစ္စာကို ပိုင်းခြား၍သိခြင်းကိစ္စ, သမုဒယသစ္စာကို ပယ်ခြင်း တည်းဟူသော သိခြင်းကိစ္စ, မဂ္ဂသစ္စာကို ပွါးခြင်း တည်းဟူသော သိခြင်းကိစ္စအားဖြင့်။ ပဋိ-ဝေဓော၊ မတွေ့မဝေထိုးထွင်း၍ သိသည်။ ဟောတိ၊ဖြစ်၏။ နိရောဓေ၊ နိရောဓ

သစ္စာ နိဗ္ဗာန်၌။ အာရမ္မဏပဋိဝေဓေ၊ အာရုံပြုသော အားဖြင့် ထိုးထွင်း၍ သိသည်။ ပဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ နိရောဓသစ္စာတပါးကိုသာ အာရုံပြု၍ သိမှု၊ ကျန်သော သစ္စာသုံးပါးကို အာရုံမပြုဘဲ ကိစ္စအားဖြင့် သိမှုတို့ကို ထင်ရှား သိကြလေ။ ဤသို့လျှင် လောကုတ္တရာမဂ်သည် နိရောဓသစ္စာကို အာရုံပြု ခိုက် မျက်မှောက်ပြုအပ်သော ကိစ္စကို မျက်မှောက်ပြု၍, ပိုင်းခြား၍ သိအပ် သော ကိစ္စကို ပိုင်းခြားသိ၍, ပယ်အပ်သော ကိစ္စကို ပယ်မှုပြု၍, ပွါးအပ် သော မဂ္ဂဘာဝနာကိစ္စကို ပွါးဆဲပြု၍ တပြိုင်နက် တချက်တည်း ကိစ္စအားဖြင့် သစ္စာလေးချက်တို့ကို ထိုးထွင်း၍ သိ၏။ ထိုသို့ သိခြင်းကို ထင်ရှားပြလိုသော သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် သစ္စဝိဘင်း အဖွင့် စာမျက်နှာ (၈၂)၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ရှင်သည် သစ္စနိဒ္ဒေသ စာမျက်နှာ (၁၄၂) ဉာဏကိစ္စ အဖွင့်၌—

> ပဋိဝေဓဉာဏံ လောကုတ္တရံ နိရောဓမာရမ္မဏံ ကတွာ ကိစ္စတော စတ္တာရိပိ သစ္စာနိ ပဋိဝိဇ္ဈတိ။

ဟူ၍ မိန့်အပ်လေပြီ။

မြန်မာပြန် အနက်သိကြောင်းကား —

ပဋိဝေဓဉာဏံ၊ သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိသော ဉာဏ်သည်။ လောကုတ္တရံ၊ လောကုတ္တရာ တရားဖြစ်၍။ နိရောဓံ၊ နိရောဓသစ္စာနိဗ္ဗာန်ကို။ အာရမ္မဏံ၊ အာရုံကို။ ကတွာ၊ ပြု၍။ ကိစ္စတော၊ ပိုင်းခြား၍ သိခြင်းကိစ္စ, ပယ်ခြင်းကိစ္စ, မျက်မှောက်ပြုခြင်း ကိစ္စ, ပွါးခြင်း ကိစ္စအားဖြင့်။ စတ္တာရိပိ၊ လေးပါးလည်း ဖြစ်ကုန်သော။ သစ္စာနိ၊ အမှန်တရားတို့ကို။ ပဋိဝိဇ္ဈတိ၊ ထိုး ထွင်း၍ သိ၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ နိရောဓသစ္စာကို အာရုံပြုခိုက် တပြိုင် နက် တချက်တည်း ကိစ္စအားဖြင့် သစ္စာလေးပါး တရားတို့ကို ထိုးထွင်း၍သိပုံကို ထင်ရှားသိကြလေ။ ဤအဋ္ဌကထာရှင်တို့၏ စကားဖြင့်သာ သိရသည်မဟုတ် သေး။ ဘုရားရှင်သည်လည်း ထိုလောကုတ္တရာမဂ်ခဏ၌ ၎င်းမဂ်သည် သစ္စာ လေးပါးလုံးကို တပြိုင်နက် သိမြင်ပုံကို—

> ယော ဘိက္ခဝေ ဒုက္ခံ ပဿတိ၊ ဒုက္ခသမုဒယမ္ပိ သော ပဿတိ၊ ဒုက္ခနိရောဓမ္ပိ ပဿတိ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒမ္ပိ ပဿတိ။

စသည်ဖြင့် မဟာဝဂ္ဂသံယုတ်ပါဠိတော် စာမျက်နှာ (၃၈၂) ၌ ဟောတော် မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

အနက်သိကြောင်းကား—

ဘိက္ခဝေ၊ ရဟန်းတို့။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ ပဿတိ၊ လောကုတ္တရာ မဂ်ဖြင့် ပိုင်းခြားသည်၏ အစွမ်းအားဖြင့် ထိုးထွင်း၍ သိမြင်၏။ သော ပုဂ္ဂလော၊ ထိုဒုက္ခသစ္စာကို လောကုတ္တရာမဂ်ဖြင့် ထိုးထွင်းသိမြင်သော ပုဂ္ဂိုလ်သည်။ ဒုက္ခသမုဒယမ္ပိ၊ ဒုက္ခဖြစ်ကြောင်း ဖြစ်သော သမုဒယသစ္စာကိုလည်း။ ပဿတိ၊ ပယ်စွန့်သည်၏ အစွမ်းအားဖြင့် ထိုးထွင်းသိမြင်၏။ ဒုက္ခနိရောဓမ္ပိ၊ ဝဋ္ဋဒုက္ခတို့၏ နောင်တဖန် ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကိုလည်း။ ပဿတိ၊ မျက်မှောက်ပြုသည်၏အစွမ်းအားဖြင့် ထိုးထွင်းသိမြင်၏။ ဒုက္ခနိရောဓဂါမိနိပဋိပဒမ္ပိ၊ ဒုက္ခတို့၏ နောင်တဖန် ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာကို အာရုံပြု၍ရောက်သော မဂ်တည်းဟူသော အကျင့်တရားကိုလည်း။ ပဿတိ၊ ဘာဝနာ၏အစွမ်းအားဖြင့် ထိုးထွင်း၍ သိမြင်၏။

ဤသို့ ဟောတော်မူအပ်သော ဘုရားရှင်၏စကားတော်ကို ထောက်၍လည်း နိရောဓသစ္စာကို အာရုံပြု၍မြင်သော လောကုတ္တရာမဂ်ဉာဏ်ဖြင့် ၎င်းမဂ်သည် သစ္စာလေးပါးလုံးကို ဆိုင်ရာကိစ္စကိုပြုလျက် တပြိုင်နက် တချက်တည်းထိုးထွင်း၍ သိမြင်ပုံကို ထင်ရှားသိကြလေ။

### မဂ်စိတ်ဖြစ်ခိုက် ၎င်းမဂ်စိတ်၌ပါဝင်သော စေတသိက်တရားတို့နှင့်တကွ ဗောဓိပက္ခိယတရားတို့ ကိစ္စပြုလုပ်ပုံကို ပြဆိုချက်

**သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး။** ။ထိုသစ္စာလေးပါးတို့ကို တပြိုင်နက် ထိုးထွင်း၍ သိမြင်တတ်သော လောကုတ္တရာမဂ်ဉာဏ်သည် မိမိချည်းသာ ဖြစ်သည်မဟုတ်၊ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော သမ္ပယုတ်တရားတို့နှင့်လည်း အတူတကွ ဖြစ်သည်သာတည်း။ ဖြစ်ပုံကို ထင်စွာပြဦးအံ့။ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို ရှေ့သွားအာရုံပြု၍ သိသော သဘောသည် စင်စစ် မဂ်ဉာဏ်နှင့် ယှဉ်၍ဖြစ်သော စိတ်ဟုခေါ်အပ်သော ပရမတ္ထသဘောတရား ဖြစ်၏၊ ၎င်းစိတ်ဟု ခေါ်အပ်သော ပရမတ္ထတရားသိမှုကို နိဗ္ဗာန်အာရုံနှင့် တွေ့ဆုံစေတတ်သော သဘောသည် ဖဿ ဟု ခေါ်အပ်သော ပရမတ္ထသဘောဖြစ်၏၊ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ သိခိုက် ရှင်လန်းသော အခြင်းအရာဖြင့်ဖြစ်သော သဘောသည် ဝေဒနာ ဟု ခေါ်အပ်သော ပရမတ္ထသဘော ဖြစ်၏၊ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို သိခိုက် ၎င်းအာရုံကို မှတ်တတ်သော သဘောသည် **သညာ** ဟု ခေါ်အပ်သော ပရမတ္ထသဘော ဖြစ်၏။ ၎င်းနိရောဓ

သစ္စာနိဗ္ဗာန်ကို အာရုံပြု၍ သိခိုက် သိအောင်စေ့ဆော်တတ်သော သဘောသည် **စေတနာ** ဟု ခေါ်အပ်သော ပရမတ္ထသဘော ဖြစ်၏။ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ သိခိုက် ၎င်းအာရုံတခုတည်း၌ သိမှု စသည်တို့ကို မပျံ့မလွင့် တည်စေတတ်သော သဘောသည် **ဧကဂ္ဂတာ** ဟု ခေါ်အပ်သော ပရမတ္ထသဘောတရား ဖြစ်၏၊ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ သိခိုက် သိမှုစသော သဘောတရားတို့ကို စောင့်ရှောက်တတ်သော သဘောသည် **ဇီဝိတိန္ဒြေ** ဟု ခေါ်အပ်သော ပရမတ္ထသဘောတရား ဖြစ်၏။ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ သိခိုက် ၎င်းသိမှုသဘောကို ၎င်းအာရုံနှင့်ယှဉ်စေတတ် ၎င်းအာရုံသို့ သက်ဝင်စေတတ်သော သဘောသည် **မနသိကာရ** ဟု ခေါ်အပ်သော ပရမတ္ထသဘောတရားဖြစ်၏။

**ပကိဏ်းစေတသိက် ၆-ပါး။**　။၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ သိခိုက် ၎င်းသိမှုစသော သဘောတို့ကို ၎င်းအာရုံသို့ ရောက်အောင် တင်တတ်သောသဘောသည် **ဝိတက်**ဟု ခေါ်အပ်သော ပရမတ္ထသဘောတရား ဖြစ်၏။ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ သိခိုက် ၎င်းသိမှုစသည်တို့ကို ၎င်းအာရုံ၌ သုံးသပ်စေတတ် ယှဉ်စေတတ်သော သဘောသည် **ဝိစာရ** ဟု ခေါ်အပ်သော ပရမတ္ထသဘောတရား ဖြစ်၏၊ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ သိခိုက် ၎င်းအာရုံကို ဆုံးဖြတ်တတ်သော သဘောသည် **အဓိမောက္ခ** ဟု ခေါ်အပ်သော ပရမတ္ထသဘောတရား ဖြစ်၏၊ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ သိခိုက် ၎င်းသိမှုစသည်တို့ကို ၎င်းအာရုံ၌ဖြစ်အောင် အားထုတ်တတ်သော သဘောသည် **ဝီရိယ** ဟု ခေါ်အပ်သော ပရမတ္ထသဘောတရား ဖြစ်၏။ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ သိခိုက် ၎င်းအာရုံကို နှစ်သက်တတ်သော သဘောသည် **ပီတိ** ဟု ခေါ်အပ်သော ပရမတ္ထသဘော တရား ဖြစ်၏၊ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ သိခိုက် ၎င်းအာရုံကို အလိုရှိတတ် ၎င်းအာရုံ၌ဖြစ်အောင် ပြုလုပ်လိုတတ်သော သဘောသည် **ဆန္ဒ** ဟု ခေါ်အပ်သော ပရမတ္ထသဘောတရား ဖြစ်၏။

**သဗ္ဗာကုသလသာဓာရဏစေတသိက် ၁၉-ပါး။**　။၎င်း နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍သိခိုက် သိမှု စသည်တို့ကို ကြည်လင်စေတတ် ၎င်းအာရုံဖြစ်သော နိဗ္ဗာန်၏ သဘောလက္ခဏာ စသည်တို့ကို ယုံကြည်တတ်သော သဘောသည် **သဒ္ဓါ** ဟု ခေါ်အပ်သော ပရမတ္ထသဘောတရား ဖြစ်၏။ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ သိခိုက် ၎င်းအာရုံကို အောက်မေ့တွေးတောတတ်သော သဘောသည် **သတိ** ဟု ခေါ်အပ်သော ပရမတ္ထသဘော ဖြစ်၏။ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ သိခိုက် မကောင်းမှုမှ စက်ဆုပ်တတ်သော သဘော, မကောင်းမှုမှ လန့်တတ်

သော သဘောတို့သည် ပါရှိကုန်၏၊ ထိုပါရှိသော သဘောတို့တွင် မကောင်းမှုမှ စက်ဆုပ်တတ်သော သဘောသည် **ဟိရီ** ဟု ခေါ်အပ်သော ပရမတ္ထသဘော ဖြစ်၏။ မကောင်းမှုမှ လန့်တတ်သော သဘောသည် **ဩတ္တပ္ပ** ဟု ခေါ်အပ်သော ပရမတ္ထသဘောတရားသာ ဖြစ်၏။ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ သိခိုက် ၎င်းအာရုံ၌ မကပ်ငြိတတ်သော သဘောသည် **အလောဘ**ဟု ခေါ်အပ်သော ပရမတ္ထသဘော ဖြစ်၏။ ၎င်းအာရုံကို မပြစ်မှားတတ်သော သဘောသည် **အဒေါသ** ဟု ခေါ်အပ်သော ပရမတ္ထသဘောတရား ဖြစ်၏။ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ သိခိုက် ၎င်းသိမှုစသော သဘောတရားတို့ကို ယုတ်မှုတည်းဟူသော ထိနမိဒ္ဓ ကိလေသာလွှန်မှုတည်းဟူသော ဥဒ္ဓစ္စ စသော ကိလေသာတို့သို့ မရောက်စေမူ၍ ၎င်းကိလေသာတို့မှ လွတ်မှုဟု ဆိုအပ်သော အလယ်၌ တည်စေတတ်သော သဘောသည် **တတြမဇ္ဈတ္တတာ** ဟု ခေါ်အပ်သော ပရမတ္ထသဘော ဖြစ်၏။

၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍သိခိုက် ပူပန်စေတတ်သော ကိလေသာတို့သည် ကင်းလေခြင်းကြောင့် သိတတ်သောသဘော၏ ငြိမ်းချမ်းမှုလည်း ထင်၏။ ၎င်းသိမှုနှင့်အတူဖြစ်ကုန်သော တွေ့မှု ခံစားမှုစသော သမ္ပယုတ်တရားဟု ခေါ်အပ်သော စေတသိက်ဘို့၏ ငြိမ်းချမ်းမှုလည်း ထင်၏။ ထိုသို့ထင်သော ငြိမ်းချမ်းမှုနှစ်ပါးတို့တွင် သိမှု၏ငြိမ်းချမ်းမှုသဘောသည် **စိတ္တပဿဒ္ဓိ**ဟု ခေါ်အပ်သော ပရမတ္ထသဘော ဖြစ်၏။ တွေ့မှု ခံစားမှုစသည်တို့၏ ငြိမ်းချမ်းမှုသဘောသည် **ကာယပဿဒ္ဓိ**ဟု ခေါ်အပ်သော ပရမတ္ထ သဘောတရားဖြစ်၏။

၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍သိခိုက် လေးလံတတ်သော ကိလေသာတရားဟူသမျှတို့သည် ကင်းလေ၏။ ထိုသို့ လေးလံတတ်သော ကိလေသာတို့မှ ကင်းခြင်းကြောင့် သိမှု၏ ပေါ့ပါးသည်၏ အဖြစ်သည်လည်း ထင်၏။ သိမှုနှင့် အတူဖြစ်သော တွေ့မှု ခံစားမှု စသည်တို့၏ ပေါ့ပါးသည်၏ အဖြစ်သည်လည်း ထင်၏။ ထိုထင်သော ပေါ့ပါးသည်၏အဖြစ် သဘောနှစ်ခုတို့တွင် သိမှု၏ ပေါ့ပါးသည်၏ အဖြစ်သဘောသည် **စိတ္တလဟုတာ**ဟု ခေါ်အပ်သော ပရမတ္ထသဘော ဖြစ်၏။ တွေ့မှု ခံစားမှုစသော စေတသိက်တို့၏ ပေါ့ပါးသည်၏ အဖြစ်သဘောသည် **ကာယလဟုတာ**ဟု ခေါ်အပ်သော ပရမတ္ထသဘော ဖြစ်၏။

၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍သိခိုက် ကြမ်းတမ်းသော သဘောရှိသော ကိလေသာဟူသမျှသည် ကင်းလေ၏။ ထိုကြမ်းတမ်းသော ကိလေသာတို့ ကင်းလေခြင်းကြောင့် စိတ်ဟုခေါ်အပ်သော သိမှု၏ နူးညံ့သည်၏ အဖြစ်သဘောသည်လည်း ထင်၏။ စေတသိက်ဟု ခေါ်အပ်သော တွေ့မှု ခံစားမှုစသည်တို့၏ နူးညံ့သည်၏ အဖြစ်သဘောသည်လည်း ထင်၏။ ထိုထင်သော သဘောနှစ်ပါးတို့တွင် စိတ်ဟုခေါ်အပ်သော သိမှု၏ နူးညံ့သည်၏ အဖြစ်

သဘောသည် **စိတ္တမုဒုတာ**ဟု ခေါ်အပ်သော ပရမတ္ထသဘော ဖြစ်၏။ စေတသိက်ဟု ခေါ်အပ်သော တွေ့မှု ခံစားမှုစသည်တို့၏ နူးညံ့သည်၏ အဖြစ်သဘောသည် **ကာယမုဒုတာ**ဟု ခေါ်အပ်သော ပရမတ္ထသဘောတရား ဖြစ်၏။

ၿငင်းနိုရောဓသစ္စာနိဗ္ဗာန်ကို **အာ**ရုံပြု၍သိခိုက် ကောင်းသောအာရုံကို အာရုံပြုခြင်းတည်းဟူသော အမှု၌မခံ့စေတတ်သော ကိလေသာဟူသမျှသည်လည်း **ကင်း**၏၊ ထိုသို့ ကင်းလေခြင်းကြောင့် စိတ်ဟု ခေါ်**အပ်**သော သိမှု၏ ကောင်းသော**အာ**ရုံကို အာရုံပြုမှု၌ ခံ့သည်၏အဖြစ်သည်လည်း ထင်၏။ စေတသိက်ဟု ခေါ်အပ်သော တွေ့မှု ခံစားမှု စသည်တို့၏ ကောင်းသော အာရုံကို အာရုံပြုမှု၌ ခံ့သည်၏အဖြစ်သည်လည်း ထင်၏။ ထိုသို့ ထင်သော ခံ့မှု၏အဖြစ်နှစ်ပါးတို့တွင် စိတ်ဟု ခေါ်အပ်သော သိမှု၏ ခံ့မှု၏အဖြစ်သဘောသည် **စိတ္တကမ္မညတာ**ဟု ခေါ်အပ်သော ပရမတ္ထသဘော ဖြစ်၏။ စေတသိက်ဟု ခေါ်အပ်သော တွေ့မှု ခံစားမှု စသည်တို့၏ ခံ့မှု၏အဖြစ်သည် **ကာယကမ္မညတာ**ဟု ခေါ်အပ်သော ပရမတ္ထသဘော ဖြစ်၏။

ၿငင်းနိုရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍သိခိုက် စိတ် စေတသိက်ဟု ခေါ်အပ်သော အာရမ္မဏိကသဘောတို့ကို နာကျင်စေတတ်သော ကိလေသာ ဟူသမျှသည် ကင်း၏။ ထိုသို့ နာကျင်စေတတ်သော ကိလေသာ ကင်းခြင်းကြောင့် စိတ်ဟုခေါ်အပ်သော သိမှုကို မနာကျင်စေတတ်သော သဘော၏ အဖြစ်သည်လည်း ထင်၏။ စေတသိက်ဟု ခေါ်အပ်သော တွေ့မှု ခံစားမှုစသည်တို့ကို မနာကျင်စေတတ်သောသဘော၏ အဖြစ်သည်လည်း ထင်၏။ ထိုထင်သော သဘောနှစ်ပါးတို့တွင် စိတ်ဟုခေါ်အပ်သော သိမှုကို မနာကျင်စေတတ်သော သဘော၏အဖြစ်သည် **စိတ္တပါဂုညတာ**ဟု ခေါ်အပ်သော ပရမတ္ထသဘော ဖြစ်၏။ စေတသိက်ဟုခေါ်အပ်သော တွေ့မှု ခံစားမှု စသည်တို့ကို မနာကျင်စေတတ်သော သဘော၏အဖြစ်သည် **ကာယပါဂုညတာ**ဟု ခေါ်အပ်သော ပရမတ္ထသဘော ဖြစ်၏။

ၿငင်းနိုရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍သိခိုက် စိတ် စေတသိက်ဟု ခေါ်အပ်သော ပရမတ္ထသဘောတို့ကို ကောက်ကျစ်စေတတ်သော ကိလေသာဟူသမျှသည်လည်း ကင်းလေ၏။ ထိုသို့ ကောက်ကျစ်စေတတ်သော ကိလေသာဟူသမျှတို့ ကင်းခြင်းကြောင့် စိတ်ဟု ခေါ်အပ်သော သိမှု၏ မကောက်ကျစ် ဖြောင့်မတ်သည်၏ အဖြစ် သဘောသည်လည်း ထင်၏။ စေတသိက်ဟု ခေါ်အပ်သော တွေ့မှု ခံစားမှုစသည်တို့၏ မကောက်ကျစ် ဖြောင့်မတ်သည်၏ အဖြစ်သဘောသည်လည်း ထင်၏။ ထိုသို့ ထင်သော သဘောနှစ်ပါးတို့တွင် စိတ်ဟု ခေါ်အပ်သော သိမှု၏ မကောက်ကျစ် ဖြောင့်မတ်သည်၏ အဖြစ်သဘောသည် **စိတ္တုဇုကတာ**ဟု ခေါ်အပ်သော ပရမတ္ထသဘော ဖြစ်၏။ စေတသိက်ဟု ဆိုအပ်သော

တွေ့မှု ခံစားမှုစသည်တို့၏ မကောက်ကျစ် ဖြောင့်မတ်သည်၏ **အ**ဖြစ်သဘော သည် **ကာယုဇုကတာ**ဟု ခေါ်အပ်သော ပရမတ္ထသဘော ဖြစ်၏။

**ဝိရတိ ၃ ပါး။** ။ငင်းနိဗ္ဗာနသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ သိခိုက် အပါယ် ကျကြောင်းဖြစ်သော မိစ္ဆာဝါစာတို့ကို အကြွင်းမရှိ ပယ်၍ သမ္မယုတ်တရားတို့ကို ဝစီကံ၏ အစွမ်းဖြင့် ကောင်းစွာသိမ်းဆည်းတတ်သော သဘောသည်လည်း ပါရှိ၏။ ထိုသဘောသည် **သမ္မာဝါစာ**ဟု ခေါ်အပ်သော ပရမတ္ထသဘော ဖြစ်၏။ ငင်း နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ သိခိုက် အပါယ်ကျကြောင်းဖြစ်သော မိစ္ဆာကမ္မန္တတို့ကို အကြွင်းမရှိ ပယ်၍ သမ္မယုတ် တရားတို့ကို ကာယကံ၏ အစွမ်းဖြင့် ကောင်းစွာဖြစ်စေတတ်သော သဘော သည်လည်း ပါရှိ၏။ ထိုသဘောသည် **သမ္မာကမ္မန္တ**ဟု ခေါ်အပ်သော ပရမတ္ထ သဘောဖြစ်၏။ ငင်း နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ သိခိုက် အပါယ်ကျ ကြောင်းဖြစ်သော မိစ္ဆာအာဇီဝတရားတို့ကို အကြွင်းမရှိ ပယ်၍ သမ္မယုတ် တရားတို့ကို အသက်မွေးမှုနှင့် စပ်၍ဖြစ်သော ကာယကံမှု၊ ဝစီကံမှု၏ အစွမ်း အားဖြင့် ဖြူစင်စေတတ်သော သဘောသည်လည်း ပါရှိ၏။ ထိုသဘောသည် **သမ္မာအာဇီဝ**ဟု ခေါ်အပ်သော ပရမတ္ထသဘောဖြစ်၏။

ဤသို့လျှင် နိရောဓသစ္စာနိဗ္ဗာန်ကို **အာ**ရုံပြု၍ ထင်ထင်လင်းလင်း သိတတ် သော လောကုတ္တရာမဂ်ဉာဏ်သည် ပြဆိုအပ်ခဲ့ပြီးသော အာရုံကို ရှေးသွားပြု၍ သိတတ်သော စိတ်ဟုခေါ်အပ်သော ပရမတ္ထသဘောတရား တပါး၊ မိမိမှ ကြွင်းသော စေတသိက်ဟု ခေါ်**အ**ပ်သော ဖဿ ဝေဒနာစသော စေတသိက် (၃၅)ပါး၊ ပေါင်း (၃၆)ပါးသော သမ္မယုတ်တရားနှင့်လည်း အတူတကွ ဖြစ် ပေ၏။ ထို့ကြောင့် မဂ်ဉာဏ်ဖြစ်ခိုက် ငင်း လောကုတ္တရာဖြစ်သော မဂ်ဉာဏ်ပါ တပြိုင်နက် တချက်တည်း (၃၇)ပါးသော သဘောတရားတို့သည် ဆိုင်ရာ ဆိုင် ရာ မိမိ မိမိတို့၏ ကိစ္စကိုပြုလျက် ပါကြပေ၏။ ထို(၃၇)ပါးတို့တွင် စိတ်ဟု ခေါ် အပ်သော ပရမတ္ထသဘောသည်ကား တပါးတည်းသာ ဖြစ်၏။ ကျန်သော (၃၆) ပါးသော သဘောတို့သည်ကား ထိုစိတ်နှင့် အတူတကွဖြစ်လျက် သမ္မယုတ္တ လက္ခဏာအားဖြင့် ယှဉ်ကုန်သော **စေတသိက်**ဟု ခေါ်အပ်သော သဘောတို့ သည်သာလျှင် ဖြစ်ကုန်၏။

**မဂ်ဉာဏ်၏ ဗောဓိပက္ခိယကိစ္စ ၅-ပါး။** ။ထို(၃၆)ပါးကုန်သော စေတသိက်တို့ တွင် နိဗ္ဗာန်ကို ထိုးထွင်းသိမြင်တတ် သော လောကုတ္တရာမဂ်ဉာဏ်သည် သမ္မာဒိဋ္ဌိ မဂ္ဂင်ကိစ္စကိုငင်း၊ ဓမ္မဝိစယ- သမ္ဗောဇ္ဈင်ကိစ္စကိုငင်း၊ ပညိန္ဒြေကိစ္စကိုငင်း၊ ပညာဗလကိစ္စကိုငင်း၊ ဝီမံသိဒ္ဓိပ္ပါဒ် ကိစ္စကိုငင်း ဤဆိုအပ်ပြီးသော ငါးကိစ္စကို တပြိုင်နက် တချက်တည်း ပြီးစေ၏။

အဘယ်ကဲ့သို့ ပြီးစေသနည်းဟူမူ—ၾငင်း လောကုတ္တရာဖြစ်သော မဂ်ဉာဏ်သည် နိရောဓသစ္စာနိဗ္ဗာန်ကို ကောင်းစွာမြင်ခြင်းကို ပြီးစေ၏။ ထို့ကြောင့် ၎င်းမဂ်ဉာဏ်ကိုပင် သမ္မာဒိဋ္ဌိဟူ၍လည်း ခေါ်အပ်သည်။ ၎င်း မဂ်ဉာဏ်ကိုပင် ဘုရားအစရှိသော သူတော်ကောင်းတို့သည် ရှာမှီးအပ်သောကြောင့်၎င်း၊ ၎င်း မဂ်ဉာဏ်သည်ပင် နိရောဓသစ္စာနိဗ္ဗာန်ကို ရှာမှီးတတ်သောကြောင့်၎င်း၊ ၎င်း မဂ်ဉာဏ်သည်ပင် နိရောဓသစ္စာကို အာရုံပြုသောအားဖြင့် ရောက်၍ ဒိဋ္ဌိစသော ကိလေသာတို့ကို အကြွင်းမရှိ သတ်ပြီးလျှင် ဝဋ်မှ ထုတ်ဆောင်တတ်သော ကြောင့်၎င်း မဂ္ဂလည်း မည်၏။ ဤပြဆိုအပ်ခဲ့ပြီးသော အကြောင်းတို့ကြောင့် ၎င်း လောကုတ္တရာမဂ်ဉာဏ်သည် **သမ္မာဒိဋ္ဌိမဂ္ဂင်** ကိစ္စကိုလည်း ပြီးစေလေသည်။

၎င်းမဂ်ဉာဏ်သည်ပင် နိရောဓသစ္စာတည်းဟူသော သတ္တဝါ, အသက် မဟုတ်သော သဘောတရားတည်းဟူသော ဓမ္မကို ဟုတ်တိုင်းမှန်စွာ သိတတ်သော ကြောင့် **ဓမ္မဝိစယ**လည်း မည်၏။ ဟုတ်မှန်သော တရားသဘောကို ထိုးထွင်း၍ သိတတ်သောပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ ဖြစ်သောကြောင့်၎င်း၊ ဟုတ်မှန်သော တရားသဘောကို ထိုးထွင်း၍ သိကြောင်းဖြစ်သော ညီညွတ်သော တရား အပေါင်း၏ အကြောင်းအင်္ဂါဖြစ်သောကြောင့်၎င်း ဗောဇ္ဈင်လည်း မည်၏။ ဤပြဆိုခဲ့ပြီးသော အကြောင်းတို့ကြောင့် ၎င်းလောကုတ္တရာမဂ်ဉာဏ်သည် **ဓမ္မဝိစယသမ္ဗောဇ္ဈင်** ကိစ္စကိုလည်း ပြီးစေ၏။

၎င်းလောကုတ္တရာကြောင့်ဖြစ်သော မဂ်ဉာဏ်သည် နိရောဓသစ္စာနိဗ္ဗာန် သဘောကို မတွေ့မဝေ အပြားအားဖြင့် ထိုးထွင်း၍ သိ၏။ ထိုသို့သိသော ကြောင့် ပညာလည်း မည်၏။ မိမိနှင့် ဆန့်ကျင်ဘက်ဖြစ်သော တွေဝေတတ်သော မောဟစသော ကိလေသာတို့ကို နှိပ်နင်းခြင်းကိုလည်း ပြု၏။ ဟုတ်မှန်သော တရားကို မြင်ခြင်း၌ အစိုးရခြင်းကိုလည်း ပြု၏။ ဤသို့ နှိမ်နင်းခြင်း အစိုးရခြင်းကို ပြုသောကြောင့် ၎င်းမဂ်ဉာဏ်သည်သာလျှင် ဣန္ဒြေ၏အဖြစ်သို့ လည်း ရောက်ပေ၏။ ဤပြဆိုအပ်ခဲ့ပြီးသော မတွေ့မဝေသိမှု နှိမ်နင်းခြင်း အစိုးရခြင်းကို ပြုမှုတို့ကြောင့် ၎င်း လောကုတ္တရာမဂ်ဉာဏ်သည် **ပညိန္ဒြေကိစ္စ** ကိုလည်း ပြီးစေ၏။

၎င်း လောကုတ္တရာမဂ်ဉာဏ်သည် နိရောဓသစ္စာနိဗ္ဗာန်သဘောကို မတွေ့မဝေ အပြားအားဖြင့် ထိုးတွင်း၍ သိခြင်းကြောင့် ပညာလည်း မည်၏။ ဆန့်ကျင်ဘက် ကိလေသာတို့သည် မတုန်လှုပ်စေနိုင်ခြင်းကြောင့် အားတည်းဟူသော ဗလလည်း မည်၏။ ထိုသို့ အပြားအားဖြင့် သိတတ် မတုန်လှုပ်တတ်သော သတ္တိနှစ်ပါးကြောင့်သာလျှင် ၎င်း လောကုတ္တရာမဂ်ဉာဏ်ကိုပင် ပညာဗလဟု ခေါ်ဆိုအပ်လေသည်။ ထို့ကြောင့် **ပညာဗလကိစ္စ**ကိုလည်း ပြီးစေ၏။

ငင်း လောကုတ္တရာမဂ်ဉာဏ်သည် နိရောဓသစ္စာ နိဗ္ဗာန်သဘောကို စုံစမ်းသောအားဖြင့် မတွေ့မဝေ သိတတ်၏၊ ထို့ကြောင့် ဝီမံသဟူ၍လည်း ခေါ်အပ်၏။ အလိုရှိအပ်သော မဂ်ကုသိုလ်ကို ပြည့်စုံစေတတ်သော အကြောင်းတရားဖြစ်သောကြောင့် ဣဒ္ဓိပါဒလည်း မည်၏။ ဤသို့လျှင် ငင်းလောကုတ္တရာမဂ်ဉာဏ်ကိုပင် စုံစမ်းသောအားဖြင့် မတွေ့မဝေ သိတတ် အလိုရှိအပ်သော မဂ်ကုသိုလ်ကို ပြည့်စုံစေတတ်သော အကြောင်းတရား၏ အဖြစ်ကြောင့် **ဝီမံ-သိဒ္ဓိပ္ပါဒ**ဟု ဆိုအပ်လေသည်။ ထို့ကြောင့် ဝီမံသိဒ္ဓိပ္ပါဒ် ကိစ္စကိုလည်း ပြီးစေ၏။

ဤသို့လျှင် လောကုတ္တရာ မဂ်ဉာဏ်တပါးတည်းသည် ဆိုအပ်ခဲ့ပြီးသော သမ္မာဒိဋ္ဌိ မဂ္ဂင်ကိစ္စ၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကိစ္စ၊ ပညိန္ဒြေကိစ္စ၊ ပညာဗလကိစ္စ၊ ဝီမံသိဒ္ဓိပ္ပါဒ်ကိစ္စ ဤဆိုအပ်ပြီးသော ငါးပါးသောကိစ္စကို တပြိုင်နက် တချက်တည်း ပြီးစေလေသည်ဟု မှတ်ကြလေ။

**သတိစေတသိက်၏ကိစ္စ ၈-ပါး။** ။ငင်းလောကုတ္တရာ မဂ်စိတ်ဖြစ်ခိုက်၌ ပါရှိသော စေတသိက် ၃၆-ပါးတို့တွင် သတိဟု ခေါ်အပ်သော ပရမတ္ထသဘောသည် ငင်းနိရောဓ သစ္စာကို အာရုံပြု၍ဖြစ်ခိုက် သမ္မာသတိကိစ္စ၊ သတိသမ္ဗောဇ္ဈင်ကိစ္စ၊ သတိန္ဒြေကိစ္စ၊ သတိဗလကိစ္စ၊ သတိ-ပဋ္ဌာန် ၄-ပါးကိစ္စ ဤဆိုအပ်ပြီးသော ကိစ္စရှစ်ပါးကို တပြိုင်နက် ပြီးစေ၏။ ပြီးစေပုံကို ထင်ရှားပြဦးအံ့။ ငင်းနိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြု၍ အောက်မေ့တတ်သော သတိကိုပင် ကောင်းစွာ အောက်မေ့တတ်သည်၏ အဖြစ်ကြောင့် **သမ္မာသတိ**ဟူ၍လည်း ခေါ်ဆိုအပ်လေသည်။ ငင်းသမ္မာသတိကိုပင် ဘုရားအစရှိသော သူတော်ကောင်းတို့သည် ရှာမှီးအပ်သည်၏ အဖြစ်ကြောင့်၎င်း၊ ငင်းသတိသည် နိရောဓသစ္စာ နိဗ္ဗာန်ကို ရှာမှီးတတ်သောကြောင့်၎င်း၊ ငင်းသတိသည် နိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့်ရောက်၍ မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့ကို အကြွင်းမရှိ သတ်ပြီးလျှင် ဝဋ္ဋဒုက္ခမှ ထုတ်ဆောင်တတ်သည်၏ အဖြစ်ကြောင့်၎င်း ဤဆိုအပ်ပြီးသော အကြောင်းတို့ကြောင့် ငင်းသတိကိုပင် **မဂ္ဂ**ဟူ၍လည်း ခေါ်ဆိုအပ်လေသည်။ ဤသို့လျှင် ငင်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ မဂ်ဖြစ်ခိုက်၌ပါသော သတိသည် သမ္မာ-သတိဟူသော အမည်၊ မဂ္ဂဟူသော အမည်၊ ဤဆိုအပ်ပြီးသော အမည်နှစ်ပါးကို ရအပ်သည်၏အဖြစ်ကြောင့် **သမ္မာသတိ** မဂ္ဂင်ကိစ္စကိုလည်း ပြီးစေသည်။

ငင်းသတိသည်ပင် နိရောဓသစ္စာ နိဗ္ဗာန်ကို ထိုးထွင်း၍ သိတတ်သော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါလည်း ဖြစ်၏၊ ငင်းနိရောဓ သစ္စာကို ထိုးထွင်း၍ သိကြောင်းဖြစ်သော ညီညွတ်သော တရားအပေါင်း၏ အကြောင်းအင်္ဂါလည်း ဖြစ်ပေ၏၊

ထိုသို့ဖြစ်ခြင်းကြောင့် ၎င်းသတိကိုပင် သတိသမ္ဗောဇ္ဈင်ဟု ခေါ်အပ်လေသည်။ ထို့ကြောင့် **သတိသမ္ဗောဇ္ဈင်ကိစ္စကိုလည်း** ပြီးစေ၏။

၎င်းသတိသည်ပင် မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာသတိကိစ္စတတ်သော ကိလေသာတရားတို့ကို နှိမ်လည်း နှိမ်နင်းတတ်၏၊ သမ္ပယုတ်တရားတို့ကို ၎င်းနိဗ္ဗာန်အာရုံ၌ကပ်၍ တည်စေတတ်သည်၏ အဖြစ်၌ အစိုးလည်း ရ၏၊ ထိုသို့ နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ အောက်မေ့တတ် ဆန့်ကျင်ဘက် ကိလေသာတို့ကို နှိမ်နင်းတတ် အစိုးရတတ်သော သတ္တိကြောင့် ၎င်း လောကုတ္တရာမဂ်နှင့် ယှဉ်သော သတိကိုပင် သတိန္ဒြေဟု ခေါ်အပ်လေသည်။ ထို့ကြောင့် **သတိန္ဒြေကိစ္စကိုလည်း** ပြီးစေ၏။

၎င်းနိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြု၍ အောက်မေ့တတ်သော သတိကို ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့သည် စင်စစ် မတုန်လှုပ် စေအပ်သည်၏ အဖြစ်ကြောင့် ဗလဟု ခေါ် ဆိုအပ်လေသည်။ ထို့ကြောင့် **သတိဗလကိစ္စကိုလည်း** ပြီးစေ၏။

၎င်းနိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြု၍ အောက်မေ့တတ်သော လောကုတ္တရာ သတိတပါးတည်းသည်သာလျှင် စင်စစ် ရုပ်ကာယ၌ သုဘဟူ၍ စွဲလမ်း အောက်မေ့မှု၊ ဝေဒနာတရား၌ သုခဟူ၍ တကယ်ထင်မှတ် အောက်မေ့မှု၊ စိတ်တရားတို့၌ နိစ္စဟူ၍ တကယ်အောက်မေ့မှု၊ သညာသင်္ခါရစသော ဓမ္မသဘော အပေါင်း၌ အတ္တဟူ၍ တကယ်ထင်မှတ်အောက်မေ့မှု ဟု ဆိုအပ်သော မိစ္ဆာသတိတို့ကို အကြွင်းမရှိ ပယ်စွန့်သော အခြင်းအရာအားဖြင့် ဖြစ်သောကြောင့် လေးပါးသော **သတိပဋ္ဌာန်ကိစ္စကို** တပြိုင်နက် တချက်တည်း ပြီးစေ၏။ ထို့ကြောင့် သတိပဋ္ဌာန် လေးပါး၏ ကိစ္စကိုလည်း ပြီးစေလေသည်။

ဤသို့လျှင် လောကုတ္တရာမဂ် ဖြစ်ခိုက်၌ပါသော သတိတရား တပါးတည်းသည် ပြဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း ရှစ်ပါးသော ကိစ္စကို တပြိုင်နက် တချက်တည်း ပြီးစေတတ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေ။

**ဝီရိယစေတသိက်၏ကိစ္စ ၉-ပါး။** ။၎င်းလောကုတ္တရာမဂ် ဖြစ်ခိုက်၌ ဖြစ်ပေါ်ရှိကြကုန်သော စေတသိက် ၃၆-ပါးတို့တွင် ဝီရိယ ဟု ခေါ်အပ်သော စေတသိက်သည် ပါရှိ၏။ ထိုဝီရိယ ဟု ခေါ်အပ်သော ပရမတ္ထ သဘောတရားသည် ၎င်း နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ အားထုတ်ခိုက် သမ္မာဝါယာမ မဂ္ဂင်ကိစ္စ၊ ဝီရိယသမ္ဗောဇ္ဈင်ကိစ္စ၊ ဝီရိယိန္ဒြေကိစ္စ၊ ဝီရိယဗလကိစ္စ၊ ဝီရိယိဒ္ဓိပ္ပါဒ်ကိစ္စ၊ သမ္မပ္ပဓာန်(၄)ကိစ္စ၊ ဤဆိုအပ်ပြီးသော (၉)ပါးသော ကိစ္စကို တပြိုင်နက် တချက်တည်း ပြီးစေ၏။

ပြီးပုံကို ထင်ရှားပြဦးအံ့။ ၎င်းနိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြု၍ သမ္ပယုတ္တ တရားတို့ကို ၎င်းအာရုံ၌ဖြစ်စေရန် အားထုတ်သော ဝီရိယဟုခေါ်အပ်သော ပရမတ္ထသဘောကို ကောင်းစွာ အားထုတ်သောကြောင့် သမ္မာဝါယာမ ဟူ၍ လည်း ခေါ်အပ်၏။ ၎င်းဝီရိယသဘောကိုပင် ဘုရားအစရှိသော သူတော် ကောင်းတို့သည် ရှာမှီးအပ်သောကြောင့်၎င်း၊ ၎င်းဝီရိယသည်ပင် နိရောဓသစ္စာ နိဗ္ဗာန်ကို ရှာမှီးတတ်သောကြောင့်၎င်း၊ ၎င်းဝီရိယသည်ပင် နိဗ္ဗာန်ကို အာရုံပြု သောအားဖြင့်ရောက်၍ ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာဝါယာမနှင့်တကွ ဖြစ် သော ကိလေသာတို့ကို အကြွင်းမရှိသတ်၍ ဝဋ္ဋဒုက္ခမှ ထုတ်ဆောင်တတ်သော ကြောင့်၎င်း၊ ၎င်းလောကုတ္တရာမဂ်၌ ရှိသော ဝီရိယကို မဂ္ဂဟု ခေါ်အပ်လေ သည်။

ဤပြဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သမ္မာဝါယာမမဂ္ဂဟူသော အမည်နှစ်ပါးကို ရအပ်သည်၏အဖြစ်ကြောင့် ၎င်းဝီရိယသည် **သမ္မာဝါယာမမဂ္ဂင်္ဂကိစ္စကိုလည်း** ပြီးစေ၏။

၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍။ပ။ အားထုတ်တတ်သော ဝီရိယဟု ခေါ်အပ်သော ပရမတ္ထသဘောသည်သာလျှင် နိရောဓသစ္စာနိဗ္ဗာန်ကိုထိုးထွင်း၍ သိတတ်သော ပုဂ္ဂိုလ်၏အကြောင်းအင်္ဂါလည်း ဖြစ်၏။ နိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍ သိကြောင်းဖြစ်သော ညီညွတ်သော တရားအပေါင်း၏ အကြောင်း အင်္ဂါလည်း ဖြစ်၏။ ထို့ကြောင့် **ဝီရိယသမ္ဗောဇ္ဈင်္ဂကိစ္စကိုလည်း ပြီးစေ၏။**

၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍။ပ။ အားထုတ်တတ်သော ဝီရိယဟု ခေါ်အပ်သော ပရမတ္ထသဘောသည် ဆန့်ကျင်ဘက်ဖြစ်သော အားမထုတ်တတ် ပျင်းရိတတ်သော ကိလေသာတို့ကို နှိမ်နင်းတတ်သည်၏ အဖြစ်ကြောင့်၎င်း၊ သမ္ပယုတ်တရားတို့ကို ချီးပင့်သည်၏အဖြစ်၌ အစိုးရသည်၏ အဖြစ်ကြောင့်၎င်း **ဝီရိယိန္ဒြေကိစ္စကိုလည်း** ဖြစ်စေ၏။

၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍။ပ။ အားထုတ်တတ်သော ဝီရိယဟု ခေါ်အပ်သော ပရမတ္ထသဘောကို ပျင်းရိခြင်းကိုဖြစ်စေတတ်သော ကိလေသာ တို့သည် စင်စစ် မလှုပ်ရှားနိုင်။ ထိုသို့မလှုပ်ရှားအပ်သည်၏အဖြစ်၌ တည်သည်၏ အဖြစ်ကြောင့် ၎င်းဝီရိယကို ဗလဟု ခေါ်အပ်သည်။ ထို့ကြောင့် ၎င်းဝီရိယသည် **ဝီရိယဗလကိစ္စကိုလည်း** ပြီးစေ၏။

၎င်းဝီရိယသည်သာလျှင် အလိုရှိအပ်သောလောကုတ္တရာမဂ်ကုသိုလ်ကို ပြည့်စုံ စေတတ်သော အကြောင်းတရားလည်း ဖြစ်၏။ ထို့ကြောင့် **ဝီရိယိဒ္ဓိပါဒ်ကိစ္စ** ကိုလည်း ပြီးစေ၏။

၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော။ ပ။ ဝီရိယဟုခေါ်အပ်သော ပရမတ္ထ သဘောတရားသည်သာလျှင် ဖြစ်ခဲ့ပြီးသော ကိလေသာတို့၏ သတ္တိဟု ဆိုအပ်သော နောင်ဖြစ်ပေါ်လတ္တံ့သော ကိလေသာတရားတို့၏ ဖြစ်ပေါ်ရန် အကြောင်းခံဖြစ်သော အနုသယကိလေသာ တည်းဟူသော ဥပ္ပန္န အကုသိုလ်ကိုလည်း ပယ်သတ်ခြင်းကိစ္စ၊ ၎င်းအနုသယကိလေသာတို့ကြောင့်ဖြစ်ပေါ်လတ္တံ့သော အကုသိုလ်တရားတို့သည်လည်း အကြောင်းခံသတ္တိကုန်လေခြင်းကြောင့် တဖန် ဖြစ်ပေါ်ရန် မရှိလေတော့ပြီ၊ ထိုသို့မရှိလေခြင်းကြောင့် ဖြစ်ပေါ်မှု မရှိသေးသော အနုပ္ပန္နအကုသိုလ်ကိုလည်း နောင်တဖန် ဖြစ်ပေါ်မှု မရှိအောင် ပြုလုပ်ခြင်းကိစ္စ၊ သံသရာ အဆက်ဆက်က ဖြစ်ပေါ်မှု မရှိစဘူးသော လောကုတ္တရာမဂ်တည်းဟူသော အနုပ္ပန္နကုသိုလ်ကိုလည်း ဖြစ်ပေါ်အောင် ပြုလုပ်အားထုတ်ခြင်းကိစ္စ၊ သံသရာအဆက်ဆက်က ဖြစ်ခဲ့ပြီးသော ဥပ္ပန္နကုသိုလ် ဟူသမျှတို့ကို ၎င်းမဂ်ကုသိုလ်နှင့် ပေါင်းစပ်စေပြီးလျှင် ပွါးများစေခြင်းကို ပြုလုပ်ခြင်းကိစ္စ၊ ဤဆိုအပ်ပြီးသော ၄-ပါးသောကိစ္စတို့ကို တပြိုင်နက်တချက်တည်း ပြီးအောင် အားထုတ်တတ်သောကြောင့် ၎င်းဝီရိယဟု ခေါ်အပ်သော ပရမတ္ထ သဘောသည်ပင် စင်စစ် **သမ္မပ္ပဓာန် (၄) ကိစ္စ**ကိုလည်း ပြီးစေ၏။

ဤသို့လျှင် လောကုတ္တရာမဂ် အခိုက်၌ပါရှိသော ဝီရိယသည် သမ္မာဝါယာမ မဂ္ဂင်ကိစ္စ၊ ဝီရိယသမ္ဗောဇ္ဈင်ကိစ္စ၊ ဝီရိယိန္ဒြေကိစ္စ၊ ဝီရိယဗလကိစ္စ၊ ဝီရိယိဒ္ဓိပါဒ် ကိစ္စ၊ **သမ္မပ္ပဓာန်**(၄)ကိစ္စ၊ ဤဆိုအပ်ပြီးသော ၉-ပါးသောကိစ္စကို တပြိုင်နက် တချက်တည်း ပြီးစေ၏ဟု မှတ်ကြလေ။

**ဧကဂ္ဂတာစေတသိက်၏ ကိစ္စ ၄-ပါး။** ။၎င်းလောကုတ္တရာ မဂ်ဖြစ်ခိုက် ဖြစ်ပေါ်ကြကုန်သော စေတသိက် ၃၆-ပါးတို့တွင် ဧကဂ္ဂတာဟု ခေါ်အပ်သော စေတသိက်သဘောသည်လည်း ပါရှိ၏။ ၎င်း**စေတသိက်**ဖြစ်သော **ဧကဂ္ဂတာ**ဟု ခေါ်ဝေါ်သော ပရမတ္ထသဘောသည် သမ္မာသမာဓိမဂ္ဂင်ကိစ္စ၊ သမာဓိသမ္ဗောဇ္ဈင်ကိစ္စ၊ သမာဓိန္ဒြေကိစ္စ၊ သမာဓိဗလ ကိစ္စ၊ ဤဆိုအပ်ပြီးသော ကိစ္စ ၄-ပါးကို တပြိုင်နက်တချက်တည်း ပြီးစေ၏။

ပြီးစေပုံကို ထင်ရှားပြဦးအံ့။ ၎င်းဧကဂ္ဂတာဟု ခေါ်အပ်သော ပရမတ္ထ သဘောသည် နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ သမ္ပယုတ္တတရားတို့ကို မပျံ့မလွင့် စေဘဲ ကောင်းစွာတည်စေတတ်၏။ ထိုသို့မပျံ့မလွင့် ကောင်းစွာ တည်စေတတ်သည်၏အဖြစ်ကြောင့် သမ္မာသမာဓိဟူသော အမည်ကိုလည်း ရ၏။ ရှေး၌ပြဆိုအပ်ခဲ့သောနည်းအတိုင်း ရှာမှီးအပ် ရှာမှီးတတ် ဝဋ်မှ ထုတ်ဆောင်တတ်သည်၏ အဖြစ်ကြောင့် မဂ္ဂင်ဟူသော အမည်ကိုလည်း ရ၏။ ထို့ကြောင့် **သမ္မာသမာဓိ မဂ္ဂင်ကိစ္စ**ကိုလည်း ပြီးစေ၏။

သမာဓိဟူသော အမည်ကိုရသော ၎င်းဧကဂ္ဂတာဟု ခေါ်အပ်သော ပရမတ္ထသဘောသည် ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍ သိတတ်သော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါဖြစ်သောကြောင့်၎င်း၊ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍ သိကြောင်းဖြစ်သော ညီညွတ်သော တရားအပေါင်း၏ ဖြစ်ကြောင်း အင်္ဂါ ဖြစ်သည်၏ အဖြစ်ကြောင့်၎င်း **သမာဓိသမ္ဘောဇ္ဈင်ကိစ္စကိုလည်း** ပြီးစေ၏။

၎င်းသမာဓိ အမည်ကိုရသော နိရောဓသစ္စာကို အာရုံပြု၍ ဖြစ်သော ဧကဂ္ဂတာဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောသည် ဆန့်ကျင်ဘက်ဖြစ်သော ပျံ့လွင့်တတ်သော ကိလေသာတို့ကို နှိမ်နင်းတတ်သည်၏ အဖြစ်ကြောင့်၎င်း၊ သမ္ပယုတ်တရားတို့ကို မပျံ့မလွင့်တည်စေခြင်း၌ အစိုးရသည်၏ အဖြစ်ကြောင့် ၎င်း **သမာဓိန္ဒြေကိစ္စကိုလည်း** ပြီးစေ၏။

၎င်းသမာဓိအမည်ကိုရသော နိရောဓသစ္စာကို အာရုံပြု၍ဖြစ်သော ၎င်း ဧကဂ္ဂတာဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောကိုပင် ဆန့်ကျင်ဘက်ဖြစ်သော ပျံ့လွင့်စေတတ်သော ကိလေသာတရားတို့သည် စင်စစ် မတုန်မလှုပ်စေအပ်သည်၏ အဖြစ်ကြောင့် ဗလဟု ခေါ်ဆိုအပ်လေသည်။ ထိုကြောင့် **သမာဓိ ဗလကိစ္စကိုလည်း** ပြီးစေ၏။

ဤသို့လျှင် လောကုတ္တရာမဂ်၌ရှိသော ဧကဂ္ဂတာဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောသည် ပြဆိုအပ်ပြီးသော သမ္မာသမာဓိမဂ္ဂင်ကိစ္စ၊ သမာဓိ သမ္ဘောဇ္ဈင်ကိစ္စ၊ သမာဓိန္ဒြေကိစ္စ၊ သမာဓိဗလကိစ္စ ဤဆိုအပ်ပြီးသော ၄-ပါး သောကိစ္စတို့ကို တပြိုင်နက် တချက်တည်း ပြီးစေသည်၏ အဖြစ်ကို ထင်ရှား သိကြလေ။

**သဒ္ဓါစေတသိက်၏ ကိစ္စ ၂-ပါး။** ။၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်သော လောကုတ္တရာမဂ် အခိုက်၌ ပါရှိသော သဒ္ဓါဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောသည်လည်း မယုံကြည်တတ်သော ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့ကို နှိမ်နင်းတတ်သည်၏ အဖြစ်ကြောင့်၎င်း၊ သမ္ပယုတ်တရားတို့ကို ကြည်လင်စေခြင်း၌ အစိုးရသည်၏ အဖြစ်ကြောင့်၎င်း **သဒ္ဓိန္ဒြေကိစ္စ၊** ၎င်းသဒ္ဓါဟု ခေါ်အပ်သော သဘောသည် သာလျှင် ဆန့်ကျင်ဘက်ဖြစ်သော မကြည်ညို မယုံကြည်တတ်သော ကိလေသာ တို့ဖြင့် တုန်လှုပ်ခြင်း မရှိသည်၏ အဖြစ်ကြောင့် **သဒ္ဓါဗလကိစ္စ** ဤဆိုအပ် ပြီးသော ကိစ္စနှစ်ပါးကို တပြိုင်နက် တချက်တည်း ပြီးစေ၏။

**သပ္ပာဝိစာ၏ ကိစ္စ ၁-ပါး။** ။၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော ၎င်းလောကုတ္တရာမဂ်အခိုက်၌ ပါရှိသော သမ္မာ ဝါစာဟု ခေါ်အပ်သော ဝိရတီ တည်းဟူသော ပရမတ္ထသဘောသည် နိရောဓ

သစ္စာနိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ရောက်၍ မိစ္ဆာဝါစာကို ဖြစ်စေတတ်သော ကိလေသာတို့ကို အကြွင်းမရှိ ပယ်သတ်၍ ဝင်မှ ထုတ်ဆောင်တတ်သည်၏ အဖြစ်ကြောင့် **သမ္မာဝါစာမဂ္ဂင်ကိစ္စကို ပြီးစေလေသည်**။

**သမ္မာကမ္မန္တ၏ကိစ္စ ၁-ပါး**။ ။ငင်းမဂ်အခိုက်၌ ပါရှိသော သမ္မာကမ္မန္တဟု ခေါ်ဆိုအပ်သော ဝိရတီတည်းဟူသော ပရမတ္ထသဘောသည်လည်း နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ရောက်၍ မိစ္ဆာကမ္မန္တအမှုကို ဖြစ်စေတတ်သော ကိလေသာတို့ကို အကြွင်းမရှိ ပယ်သတ်ပြီးလျှင် ဝင်မှ ထုတ်ဆောင်တတ်သည်၏ အဖြစ်ကြောင့် **သမ္မာကမ္မန္တမဂ္ဂင်ကိစ္စကို ပြီးစေလေသည်**။

**သမ္မာအာဇီဝ၏ ကိစ္စ ၁-ပါး**။ ။ငင်းလောကုတ္တရာ မဂ်အခိုက်၌ ပါရှိသော သမ္မာအာဇီဝဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောသည် ငင်းနိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ရောက်၍ မိစ္ဆာအာဇီဝကို ဖြစ်စေတတ်သော ကိလေသာတို့ကို အကြွင်းမရှိ ပယ်သတ်ပြီးလျှင် ဝင်မှထုတ်ဆောင်တတ်သည်၏ အဖြစ်ကြောင့် သမ္မာအာဇီဝ မဂ္ဂင်ကိစ္စကို ပြီးစေလေသည်။

**ပီတိနှင့် ပဿဒ္ဓိတို့၏ ကိစ္စ**။ ။ငင်းလောကုတ္တရာမဂ်အခိုက်၌ ပါရှိသော ပီတိဟု ခေါ်အပ်သော ပရမတ္ထ သဘော သည်ငင်း၊ စိတ္တပဿဒ္ဓိ၊ ကာယပဿဒ္ဓိဟုခေါ်ဆိုအပ်သော ပရမတ္ထသဘောတို့သည်ငင်း၊ ငင်းနိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍ သိတတ်သောပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ ဖြစ်သည်၏ အဖြစ်ကြောင့်ငင်း၊ ငင်းနိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍ သိကြောင်းဖြစ်သော ညီညွတ်သော တရားအပေါင်း၏ ဖြစ်ကြောင်းအင်္ဂါ ဖြစ်သည်၏ အဖြစ်ကြောင့်ငင်း **ပီတိသမ္ဗောဇ္ဈင်ကိစ္စ, ပဿဒ္ဓိသမ္ဗောဇ္ဈင်ကိစ္စ** တို့ကိုလည်း ဆိုင်ရာဆိုင်ရာ ပြီးစေကြလေသည်။

**တတြမဇ္ဈတ္တတာ၏ကိစ္စ ၁-ပါး**။ ။ငင်းလောကုတ္တရာ မဂ်ဖြစ်ခိုက် ပါရှိသော တတြမဇ္ဈတ္တတာဟု ခေါ်အပ်သော ပရမတ္ထသဘောသည် ငင်းနိရောဓသစ္စာနိဗ္ဗာန်အာရုံ၌ သမ္ပယုတ်တရားတို့ကို ယုတ်သော ကိလေသာ, လွန်လောကိလေသာတို့သို့မကျမရောက်စေဘဲ ငင်းကိလေသာတို့မှ လွတ်ကင်းစေပြီးလျှင် တဖြောင့်တည်း တည့်မတ်စွာ ကျရောက်စေတတ်သည်၏ အဖြစ်ကြောင့် ဥပေက္ခာဟူသော အမည်ကိုလည်း ရ၏။ ငင်းနိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍ သိတတ်သော အရိယာပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ၏ အဖြစ်ကြောင့်ငင်း၊ ထိုးထွင်း၍ သိကြောင်းဖြစ်သော ညီညွတ်သောတရားအပေါင်း၏ ဖြစ်ကြောင်း အင်္ဂါ၏အဖြစ်ကြောင့်ငင်း ဗောဇ္ဈင်ဟူသော အမည်ကိုလည်း ရလေသည်။ ထိုဆိုအပ်ပြီးသော အမည်နှစ်ပါးကို ရလေခြင်းကြောင့်

ငင်းတကြာမဇ္ဈတ္တတာ စေတသိက်သည် **ဥပေက္ခာ သမ္ဗောဇ္ဈင်ကိစ္စကို** ပြီးစေလေသည်။

**ဆန္ဒနှင့်စိတ်တို့၏ကိစ္စ ၁-ပါးစီ။** ။ငင်းလောကုတ္တရာ မဂ်ဖြစ်ခိုက်၌ ပါရှိသော ဆန္ဒဟု ခေါ်အပ်သော ပရမတ္ထသဘော, စိတ်ဟု ခေါ်အပ်သော ပရမတ္ထသဘောတို့သည် အလိုရှိအပ်သော လောကုတ္တရာ မဂ်ကုသိုလ်ကို ပြည့်စုံစေတတ် ကုန်သော အကြောင်းတရားတို့ ဖြစ်ကုန်၏။ ထို့ကြောင့် ငင်းတရားသဘောတို့သည် ဆိုင်ရာဆိုင်ရာ **ဆန္ဒိဒ္ဓိပ္ပါဒ်, စိတ္တိဒ္ဓိပ္ပါဒ်ကိစ္စ** တို့ကို ပြီးစေကုန်၏။

**ဝိတက်၏ကိစ္စ ၁-ပါး။** ။ငင်းနိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြု၍ လောကုတ္တရာ မဂ်ဉာဏ်ဖြစ်ခိုက် ပါရှိသော ဝိတက်ဟု ခေါ်အပ်သော ပရမတ္ထသဘောသည် ငင်းနိရောဓသစ္စာနိဗ္ဗာန်သို့ သမ္ပယုတ် တရားတို့ကို ကောင်းစွာ ရောက်အောင် တင်တတ်သည်၏ အဖြစ်ကြောင့် သမ္မာသင်္ကပ္ပဟူသော အမည်ကိုလည်း ရ၏။ ရှေး၌ ပြဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း ရှာမှီးအပ် ရှာမှီးတတ် ဝဋ်မှထုတ်ဆောင်တတ်သည်၏ အဖြစ်ကြောင့် မဂ္ဂဟူသော အမည်ကိုလည်း ရ၏။ ထိုဆိုအပ်ပြီးသော အမည်နှစ်ပါးတို့ကို ရသည်၏ အဖြစ်ကြောင့် ငင်းဝိတက်သည် **သမ္မာသင်္ကပ္ပ မဂ္ဂင်ကိစ္စ** ကိုလည်း ပြီးစေလေသည်။

ဤသို့လျှင် နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ လောကုတ္တရာ မဂ်ဉာဏ်ဖြစ်ခိုက် ငင်းမဂ်ဉာဏ်သည် ပြဆိုအပ်ခဲ့ပြီးသော (၃၇) ပါးကုန်သော ဗောဓိပက္ခိယ တရားရတနာတို့ဖြင့် ဆန်းကြယ်စွာ တပြိုင်နက် တချက်တည်း ဖြစ်လေ၏။

## သောတာပတ္တိမဂ်နောင် ဖိုလ်ဖြစ်ပုံ, ပစ္စဝေက္ခဏာ ဇောတို့ ဖြစ်ပုံ, အထက်မဂ်တို့ ဖြစ်ပုံတို့ကို ပြဆိုချက်

**မဂ္ဂဝီထိဖြစ်ပုံ။** ။ငင်းရှေးဦးစွာ ဖြစ်သောမဂ်ကို သောတာပတ္တိမဂ်ဟု ခေါ်အပ်သည်။ ငင်းသောတာပတ္တိမဂ်သည် တကြိမ်တည်း သာလျှင် ဖြစ်၍ချုပ်၏။ ထိုမဂ်ချုပ်ပြီးသည်နောက် ငင်းမဂ်သည် မြင်အပ်သော နိရောဓသစ္စာနိဗ္ဗာန်ကိုပင် အာရုံပြု၍ ငင်းမဂ်၏ အကျိုးဖြစ်သော ဖိုလ်စိတ္တုပ္ပါဒ် (၃၇) ပါးသည် ဖိုလ်ဇောကိစ္စ နှစ်ကြိမ်သော်၎င်း၊ သုံးကြိမ်သော်၎င်း ဖြစ်၍ ချုပ်ကွယ်လေ၏။ **အဘယ်ကြောင့် ဖိုလ်ဇောသည် နှစ်ကြိမ် သော်၎င်း၊ သုံးကြိမ် သော်၎င်း ဖြစ်လေသနည်းဟူမူ—**

ငင်းမဂ္ဂဝီထိ၌ ငင်းမဂ်စိတ် ဖြစ်မှုမရှိမီ ရှေးအဘို့က ငင်းနိရောဓသစ္စာကို အာရုံပြု၍ ဂေါတြဘူဇောတကြိမ်၊ ငင်းဂေါတြဘူ၏ရှေ့က သင်္ခါရကို အာရုံပြု၍ မန္ဒပုဂ္ဂိုလ်ဖြစ်အံ့၊ ပရိကံ, ဥပစာ, အနုလုံဟူ၍ ကာမဇော သုံးကြိမ်၊ အကယ်၍ တိက္ခပုဂ္ဂိုလ် ဖြစ်အံ့၊ ဥပစာ, အနုလုံဟူ၍ ကာမဇော နှစ်ကြိမ် ဖြစ်၍ ချုပ်ခဲ့၏၊

ထို့ကြောင့် မန္ဒပုဂ္ဂိုလ်အား ပရိကံ, ဥပစာ, အနုလုံဟု ခေါ်အပ်သော သင်္ခါရ အာရုံရှိသော ကာမဇော သုံးကြိမ်၊ နိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြုသော ဂေါတြဘူဟု ခေါ်အပ်သော ကာမဇော တကြိမ်၊ ၎င်းနိရောဓ သစ္စာနိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော လောကုတ္တရာမဂ်ဇော တကြိမ်၊ ဤသို့လျှင် ဇောငါးကြိမ် ပြည့်လေသောကြောင့် ဇောခုနစ်ကြိမ်ပြည့်ရန် နှစ်ကြိမ်သာလျှင် လိုတော့သည် ဖြစ်၍ ဖိုလ်ဇော နှစ်ကြိမ်ဖြစ်လေသည်။ တိက္ခပုဂ္ဂိုလ်၌မူကား– ပရိကံဟု ခေါ် အပ်သော ကာမဇောတကြိမ် ယုတ်သည်၏ အဖြစ်ကြောင့် ဖိုလ်ဇော သုံးကြိမ် ဖြစ်ရလေသည်။ ထို့ကြောင့် ဖိုလ်ဇော နှစ်ကြိမ်သော်၎င်း၊ သုံးကြိမ်သော်၎င်း ဖြစ်၍ ချုပ်၏ဟု ဆိုအပ်လေသည်။ ထိုဖိုလ်ဇောတို့ ချုပ်ပြီးနောက် ၎င်းနိရောဓ သစ္စာကို အာရုံပြုတတ်သော လောကုတ္တရာ စိတ်အစဉ်သည် ကွယ်လေ၍ ဘဝင် စိတ် အစဉ်သာ ဖြစ်လေတော့၏။ ထိုဘဝင်စိတ် အစဉ်ဖြစ်ပြီးနောက် ပစ္စဝေက္ခ-ဏာ ဇောတို့သည် ကျကုန်၏။

**ပစ္စဝေက္ခဏာ ဝီထိဖြစ်ပုံ။** ။ကျပုံကို ထင်စွာပြဦးအံ့။ မဂ်ဖြင့်မြင်အပ်ပြီးသော နိရောဓသစ္စာ နိဗ္ဗာန်ကိုပင် အာရုံပြု၍ ဤမြင်အပ် ပြီးသော သဘောတရားသည် စင်စစ် မဖြစ်မပျက်ဘဲ တည်သော သဘော တရားပေတည်း ဟု အောက်မေ့တွေးတော ဆင်ခြင်လိုက်၏။ ထိုအခါ နိဗ္ဗာန်ကို အာရုံပြု၍ ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဝီထိဇော ဖြစ်၏၊ ဩော် ရှေးရှေး ကမမြင်စဘူး မသိစဘူးသော မဖြစ်မပျက်သော သဘောကို ထင်လင်းစွာမြင် တတ်သော ဉာဏ်အမြင်သို့ ရောက်ပေပြီဟု ဆင်ခြင်အောက်မေ့လိုက်၏၊ ထိုအခါ မဂ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာ ဝီထိဇော ဖြစ်၏၊ ယခုမူကား– ရှေးရှေးက မမြင်စဘူး မသိစဘူးသော မဖြစ်မပျက်သော သဘောနိဗ္ဗာန်ကို မြင်ပြီး သိပြီး သော ဉာဏ်အဖြစ်ကို ရပေပြီဟု တွေးတော အောက်မေ့ ဆင်ခြင်လိုက်၏။ ထိုအခါ မဂ်၏အကျိုး ဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိဇော ဖြစ်၏။ ယခုအခါ အမြင်မှားမှု ယုံမှားမှု စသော တရားတို့သည် မရှိလေပြီ၊ ကုန်လေပြီ ဟု တွေးတော ဆင်ခြင်လိုက်၏။ ထိုအခါ ပယ်အပ်သော ကိလေသာကို ဆင်ခြင် သော ပစ္စဝေက္ခဏာဝီထိဇော ဖြစ်၏။ ထိုမှ တပါးသော ကိလေသာတို့သည် ကျန်သေး၏ ဟု တွေးတောဆင်ခြင်လိုက်၏။ ထိုအခါ ကျန်သော ကိလေသာ တို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဝီထိဇော ဖြစ်၏။

**နိဗ္ဗာန်ကို ဒိဋ္ဌမြင်လျက် အပြော ခက်ပုံ။** ။ဤသို့ ဆင်ခြင်ပြီးသော သောတာပန် အဖြစ်သို့ ရောက်ပြီးသော ပုဂ္ဂိုလ်သည် ဘယ်အခါ ကာလ၌မဆို နိရောဓသစ္စာနိဗ္ဗာန်၌၎င်း၊ မိမိရအပ်ပြီးသော မဂ်၌၎င်း၊ ဖိုလ်၌၎င်း တွေးတော ယုံမှားခြင်း မရှိလေပြီ၊ မကြာ မကြာ ၎င်းရအပ်ပြီးသော မဂ်တရား ဖိုလ်တရားတို့ကို ဆင်ခြင်၍ ရွှင်လန်းဝမ်းမြောက်သော စိတ်အစဉ်

သည်သာလျှင် ဖြစ်လေတော့၏။ ၎င်းမဂ်ဖြစ်ခိုက်၌ နိရောဓသစ္စာနိဗ္ဗာန်သဘော ကို မြင်တွေ့ရပုံကိုလည်း သူတပါးတို့အား ပြန်၍ မပြောတတ်သလောက် ဖြစ်နေ၏။ ထင်လင်းစွာ တွေ့ကြုံလိုက်ရသည် ဟူ၍သာ ပြောရလေတော့၏ဟု မှတ်ကြလေ။

**သောတာပန်၏ အကျိုးတရား။** ။ဤ နိရောဓသစ္စာကို ရှေးဦးစွာ မြင်သော မဂ်ကို သောတာပတ္တိမဂ်ဟု ခေါ်ဆိုအပ်**လေသည်**။ ၎င်းမဂ်အခိုက်၌ ဒိဋ္ဌိ, ဝိစိကိစ္ဆာ-စသော ကိလေသာတို့သည် ကုန်ဆဲဖြစ်၍ ဖိုလ်အခိုက်သို့ ရောက်လျှင် ၎င်းကိလေသာတို့သည် ကုန်ပြီး၍ မရှိခြင်းဟု ဆိုအပ်သော အဘာဝ ပညတ်အဖြစ်သို့သာ ရောက်လေတော့၏။ ထိုကိလေသာတည်းဟူသော အကြောင်းတရားတို့ မရှိလေခြင်းကြောင့် အပါယ်၌ ဖြစ်လတ္တံ့သော ခန္ဓာတည်းဟူသော ဝဋ္ဋဒုက္ခ၊ ကာမသုဂတိခုနစ်ဘုံ၌ ခုနစ်ဘဝအထက်၌ ဖြစ်လတ္တံ့သော ဝဋ္ဋဒုက္ခဟူသမျှတို့သည်လည်း အကြွင်းအကျန် မရှိ ကုန်ခန်းလေ၍ နောင်တဖန် ဖြစ်ပေါ်ခြင်းသို့ မရောက်ဘဲ ကွယ်လေတော့၏။ ထိုသို့ကွယ်လေခြင်းကြောင့် အခါခပ်သိမ်း ၎င်းခန္ဓာ ဝဋ္ဋဒုက္ခတို့သည် မရှိသည်၏ အဖြစ်ဟု ဆိုအပ်သော အဘာဝပညတ်သို့သာ ရောက်လေတော့၏ဟု မှတ်ကြလေ။ ၎င်းကိလေသာ ခန္ဓာတို့၏ မရှိခြင်းတည်းဟူသော အဘာဝ ပညတ်သည် စင်စစ် မဂ်၏အာရုံဖြစ်သော နိဗ္ဗာန် မဟုတ် အဘာဝပညတ်သာလျှင်တည်း။ မဂ်၏အာရုံဖြစ်သော နိဗ္ဗာန်မူကား မဖြစ်ပေါ်သော လက္ခဏာ၊ မပျက်စီးသော လက္ခဏာအားဖြင့် ထင်ရှားတည်ရှိသော ကိလေသာခန္ဓာတို့နှင့် မရောသော သက်သက် ကိလေသာ ခန္ဓာတို့မှ လွတ်နေသော ပရမတ္ထအားဖြင့် ထင်ရှားရှိနေသော သဘောပေတည်းဟု သေချာစွာ မှတ်သား၍ အာရုံပြုကြလေ။

ဤတွင် အဝိဇ္ဇာ သင်္ခါရဟုဆိုအပ်သော အကြောင်းအကျိုး တရားနှစ်ပါးကို သုံးသပ်၍ သစ္စာလေးပါးကို တပြိုင်နက် သိမြင်တတ်သော သောတာပတ္တိမဂ်ဉာဏ်ဖြစ်ပုံကို ထင်ရှားသိစေရန် ပြဆိုအပ်သော အချက်ပေတည်း။ ။ပြဆိုအပ်တိုင်းလည်း ဧကန် မဂ်ဖြစ်နိုင်ကြောင်းကို ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်စာမျက်နှာ (၃၀၁) ၌—

> သင်္ခါရာ ဒုက္ခသစ္စံ၊ အဝိဇ္ဇာ သမုဒယသစ္စံ၊ ဥဘိန္နမ္ပိ နိဿရဏံ နိရောဓသစ္စံ၊ နိရောဓပဇာနနာ မဂ္ဂသစ္စံ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်လေ။

**အနက်သိကြောင်း မြန်မာပြန်ကား—**

သင်္ခါရာ၊ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ တရားတို့သည်။ ဒုက္ခသစ္စံ၊ စက်ဆုပ်ဘွယ် အချည်းနှီးအမှန် မည်၏။ အဝိဇ္ဇာ၊ အကြောင်း

ဖြစ်သော မသိတတ်သော အဝိဇ္ဇာတရားသည်။ သမုဒယသစ္စံ၊ သင်္ခါရ တရားတို့၏ ဖြစ်ကြောင်း အမှန် မည်၏။ ဥဘိန္နမ္ပိ၊ ထိုအဝိဇ္ဇာသင်္ခါရ အကြောင်း အကျိုးတရားနှစ်ပါးတို့၏လည်း။ ဝါ၊ ထိုအဝိဇ္ဇာသင်္ခါရအကြောင်းအကျိုးတရား နှစ်ပါးတို့မှလည်း။ နိဿရဏံ၊ ထွက်မြောက်ရာဖြစ်သော မဖြစ်မပေါ်သော သဘောလက္ခဏာရှိသော အသင်္ခတဓာတ် နိဗ္ဗာန်တရားသည်။ နိရောဓသစ္စံ၊ နိရောဓသစ္စာ မည်၏။ ဝါ၊ ဖြစ်ပေါ်တတ်သော အဝိဇ္ဇာ သင်္ခါရတရားတို့၏ နောင်တဖန် ဖြစ်ပေါ်မှုမရှိဘဲလျက် ကွယ်ခြင်း၏ အကြောင်းခံ အမှန်တရား ဖြစ်ပေ၏။ နိရောဓပဇာနနာ၊ နိရောဓသစ္စာကို မတွေ့မဝေ အပြားအားဖြင့် ထင်လင်းစွာ သိတတ်သော လောကုတ္တရာဖြစ်သော သမ္မာဒိဋ္ဌိမဂ်ပညာသည်။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာ မည်၏။ ဝါ၊ နိရောဓသစ္စာကို ထင်လင်းစွာ အာရုံပြုသော အားဖြင့်ရောက်၍ ဒိဋ္ဌိ ဝိစိကိစ္ဆာစသော ကိလေသာတို့ကို အကြွင်းမရှိ သတ်၍ ဝဋ္ဋမှ ထုတ်ဆောင်တတ်သော တရားအမှန် ဖြစ်၏။

အဓိပ္ပါယ်မှာ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့သော အကျိုးဖြစ်သော သင်္ခါရ အဆက်ဆက်သည် ရှေးက ဖော်ပြခဲ့ပြီးသည်အတိုင်း စက်ဆုပ်ဘွယ် အချည်းနှီး အမှန်ဖြစ်သောကြောင့် ဒုက္ခသစ္စာ၊ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့သော အဝိဇ္ဇာ အဆက်ဆက်သည် စင်စစ် သင်္ခါရ၏ အကြောင်းခံ အမှန်ဖြစ်သောကြောင့် သမုဒယသစ္စာ၊ ထို ဒုက္ခ သမုဒယ နှစ်ပါးတို့၏ (ဝါ) နှစ်ပါးတို့မှ ထွက်မြောက်ရာဖြစ်သော မဖြစ်မပေါ်သော သဘောလက္ခဏာရှိသော အသင်္ခတဓာတ်သည် ၎င်းအကြောင်းအကျိုး နှစ်ပါးတို့၏ ကွယ်ကြောင်း အမှန် ဖြစ်သောကြောင့် နိရောဓသစ္စာ၊ ထိုနိရောဓသစ္စာကို မတွေ့မဝေ အပြားအားဖြင့် ထင်လင်းစွာ သိမြင်တတ်သော သမ္မာဒိဋ္ဌိမဂ်ပညာသည် အကြောင်းအကျိုး ဝဋ္ဋဒုက္ခ တရားတို့မှ ထုတ်ဆောင်တတ်သော အကျင့်တရား အမှန်ဖြစ်သောကြောင့် မဂ္ဂသစ္စာ အမှန်ဖြစ်ပေ၏ ဟူလို။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ အဝိဇ္ဇာသင်္ခါရတရားတို့ကို သုံးသပ်၍ စင်စစ် မဂ်ဖြစ်နိုင်ကြောင်းကို ထင်ရှား သိကြလေကုန်။

ဤတွင် သောတာပတ္တိမဂ်စခန်း ပြီး၏။

---

## အထက် မဂ် ဖိုလ် ၃-ပါး ဆိုက်ရောက်ပုံ

**သကဒါဂါမ် ဖြစ်ပုံ။** ။သောတာပန်ဖြစ်ပြီးသောပုဂ္ဂိုလ်သည် ရှေး၌ ပြဆိုအပ် ပြီးသောနည်းအတိုင်း အဝိဇ္ဇာ သင်္ခါရ တည်းဟူသော အကြောင်းအကျိုး အဆက်ဆက်တို့ကို သုံးသပ်ပြန်၍ နိရောဓသစ္စာ နိဗ္ဗာန်သို့

စေလွှတ်ဖန်များလတ်သော် ဒုတိယတကြိမ် ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို ထင်ထင်လင်းလင်း ဒိဋ္ဌမျက်မှောက် တွေ့ကြုံ ဆိုက်ရောက်ပြန်လေ၏၊ ထိုသို့ ဆိုက်ရောက်သောအခါ သကဒါဂါမိမဂ်သို့ ရောက်ပြန်လေ၏။ ၎င်းမဂ်ကြောင့် ရုန့်ရင်းသော ကာမရာဂ ဗျာပါဒတရားတို့သည် ကုန်ခန်း၍ သကဒါဂါမိဖိုလ်သို့ ရောက်သောအခါ မရှိခြင်း အဘာဝပညတ်၏ အဖြစ်သို့ ရောက်လေ၏။

**အနာဂါမ်ဖြစ်ပုံ။** ။ထိုနောက် တဖန် သုံးသပ်ပြန်၍ နိရောဓသစ္စာ နိဗ္ဗာန်သို့ စေလွှတ်ဖန်များလတ်သော် တတိယတကြိမ် ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို ထင်ထင်လင်းလင်း ဒိဋ္ဌမျက်မှောက် တွေ့ကြုံဆိုက်ရောက်ပြန်လေ၏။ ထိုသို့ ဆိုက်ရောက်သောအခါ အနာဂါမ်သို့ ရောက်ပြန်လေ၏။ ၎င်းအနာဂါမိမဂ်ကြောင့် သိမ်မွေ့သော ကာမရာဂ ဗျာပါဒတရားတို့သည် ကုန်ခန်း၍ အနာဂါမိဖိုလ်သို့ ရောက်သောအခါ ဘာမျှမရှိသည့်၏အဖြစ်ဟု ဆိုအပ်သော အဘာဝပညတ်သို့ ရောက်လေ၏။

**ရဟန္တာဖြစ်ပုံ။** ။ထိုနောက်တဖန် ၎င်းအကြောင်းအကျိုးတရား အဆက်ဆက်တို့ကို ဈေးနည်းအတိုင်း သုံးသပ်ပြန်၍ နိရောဓသစ္စာနိဗ္ဗာန်သို့ စေလွှတ်ဖန်များလတ်သော် စတုတ္ထတကြိမ် ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို ထင်ထင်လင်းလင်း ဒိဋ္ဌမျက်မှောက် တွေ့ကြုံဆိုက်ရောက် မြင်ပြန်လေ၏။ ထိုသို့ ဆိုက်ရောက်၍ မြင်သောအခါ အရဟတ္တမဂ်သို့ ရောက်လေ၏။ ၎င်းအရဟတ္တမဂ်ကြောင့် ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာစသော ကိလေသာဟူသမျှတို့သည် အကြွင်းအကျန်မရှိဘဲ ကုန်ခန်းဆဲဖြစ်ပြီးလျှင် အရဟတ္တဖိုလ်သို့ ရောက်သောအခါ ဘာမျှမရှိသည့်၏အဖြစ်ဟု ဆိုအပ်သော အဘာဝပညတ်သို့သာ ရောက်လေတော့၏။

**ကိစ္စ ၄-ပြာ သစ္စာ ၄-ချက်။** ။၎င်းအဘာဝအဖြစ်သို့ရောက်သော ကိလေသာဟူသမျှသည် ကိစ္စအားဖြင့် ပယ်အပ်သော ပဟာတဗ္ဗကိစ္စဖြစ်၏၊ ၎င်းကို ကုန်ခန်းစေတတ်သောမဂ်သည် ကိစ္စအားဖြင့် ပွါးအပ်သော ဘာဝိတဗ္ဗကိစ္စဖြစ်၏၊ ၎င်းပဟာတဗ္ဗကိစ္စဖြစ်သော ကိလေသာတို့ကို ကုန်ခန်းစေတတ်သော ဘာဝိတဗ္ဗကိစ္စဖြစ်သော မဂ်၏ အာရုံဖြစ်သော အသင်္ခတဓာတ်ဟု ဆိုအပ်သော နိရောဓသစ္စာနိဗ္ဗာန်သည် ကိစ္စအားဖြင့် ဒိဋ္ဌမျက်မှောက် မြင်အပ်သော သစ္ဆိကာတဗ္ဗကိစ္စဖြစ်၏၊ သံသရာအဆက်ဆက်၌ မပြတ်မလပ် ဖြစ်ပျက်နေသော ဒုက္ခသစ္စာတရားသည် ကိစ္စအားဖြင့် ပိုင်းခြား၍ သိအပ်သော ပရိညေယျကိစ္စဖြစ်၏။ ထို့ကြောင့် ရှေးဦးစွာ ပရိညေယျကိစ္စဖြစ်သော ဒုက္ခသစ္စာတရားကို အနိစ္စစသော အခြင်းအရာအားဖြင့် အဖန်ဖန် သုံးသပ်ဖန် များလတ်သော် ၎င်းတရားတို့၏ အပြစ်ကို မြင်လေ၏။ ထိုသို့

မြင်ပြီးမှ ၎င်းတို့၏ဖြစ်ကြောင်းကို ရှာလတ်သော် ဖြစ်ကြောင်းဖြစ်သော သမုဒယသစ္စာကို မြင်လေ၏။ ထိုဖြစ်ကြောင်းဖြစ်သော သမုဒယသစ္စာနှင့် အကျိုးဖြစ်သော ဒုက္ခသစ္စာတရားတို့သည်သာလျှင် အဇ္ဈတ္တသန္တာန်၌လည်း မပြတ်မလပ် ဖြစ်ပေါ်၍ ပျက်စီးခြင်းတရား၏ အနိုင်စက်ကိုသာလျှင် ခံရကြပြီးလျှင် ကွယ်ကြလေကုန်၏။ သူတပါးဟု ဆိုအပ်သော ဗဟိဒ္ဓသန္တာန်၌လည်း ၎င်းအကြောင်းအကျိုးဖြစ်သော အဝိဇ္ဇာသင်္ခါရတရားတို့သည်သာလျှင် ဖြစ်ပေါ်ကြ၍ ပျက်စီးခြင်းတရား၏ အနိုင်စက်ကိုသာလျှင် ခံရကြပြီးလျှင် ကွယ်ကြလေကုန်၏။

အစမထင် သံသရာအဆက်ဆက်၌ ဖြစ်ပြီး၍ ပျက်စီးခြင်းတရား၏ အနိုင်စက်ကို ခံပြီးလျှင် ကွယ်ကြကုန်သော တရားစုလည်း ၎င်းအကြောင်းအကျိုးဖြစ်သော အဝိဇ္ဇာသင်္ခါရတရားစုသာ ဖြစ်၏၊ ယခု ဖြစ်ဆဲဘဝ၌လည်း ၎င်းအကြောင်းအကျိုးဖြစ်သော အဝိဇ္ဇာသင်္ခါရတရားစုသည်သာလျှင် ဖြစ်ပေါ်၍ ပျက်စီးခြင်းတရား၏ အနိုင်စက်ကို ခံရပြီးလျှင် ကွယ်ပျောက်ဆဲ ဖြစ်ပေ၏၊ နောင်ကိုဆက်သွယ်၍ဖြစ်ပေါ်လတ္တံ့သော တရားစုလည်း တခြားတရားမဟုတ်၊ ၎င်းအကြောင်းအကျိုးဖြစ်သော အဝိဇ္ဇာသင်္ခါရတို့သာလျှင်ကတည်းဟု ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ပေါ်လတ္တံ့သော အကြောင်းအကျိုးအဆက်ဆက် ဝဋ္ဋဒုက္ခတရားတို့ကို အဖန်ဖန် သုံးသပ်၍ ၎င်းတို့၏ အပြစ်တွေကို မြင်ပြီးလျှင် ၎င်းတရားတို့၌ အလွန်ငြီးငွေ့စေလျက် လွတ်လိုသောဆန္ဒဖြင့် ၎င်းတို့မှ လွတ်ရာသဘောကို ရှာလတ်သော် တခြားတရားကို မမြင်ဘဲ ၎င်းဖြစ်ပေါ်မှုရှိသော အကြောင်းအကျိုးတရား ဝဋ္ဋဒုက္ခတို့နှင့် ဆန့်ကျင်ဘက် ဖြစ်လျက်တည်သော မဖြစ်ပေါ်သော လက္ခဏာရှိသော အသင်္ခတဓာတ်ဖြစ်သော မပျက်စီးသော သဘောကို အာရုံပြု၍ လောကီဉာဏ်ဖြင့် ထောက်ဆသောအားဖြင့် သိလေ၏။

ထိုသို့ လောကီဉာဏ်ဖြင့်သိ၍ အဖန်ဖန် အာရုံပြုလတ်သော် ဉာဏ်သည် ရင့်၍ မဂ်ဖြစ်ထိုက်သောအခါ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက်ဒိဋ္ဌ ထင်ထင်လင်းလင်း တွေ့မြင်ခြင်းသို့ ရောက်လေ၏၊ ထိုသို့ တွေ့မြင်သောအခါ အာရုံဖြစ်သော မဖြစ်မပျက်သောသဘော အသင်္ခတဓာတ်သည် နိရောဓသစ္စာဖြစ်၏။ ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကိုမြင်သော ဉာဏ်သည် မဂ္ဂသစ္စာဖြစ်၏။ ထိုမဂ်သည် ပိုင်းခြား၍ သိအပ်သော ဒုက္ခကိုလည်း ပိုင်းခြား၍သိ၏။ ပယ်အပ်သော ကိစ္စဖြစ်သော ကိလေသာကိုလည်း ပယ်စွန့်ခြင်းကိုလည်း ပြု၏၊ ၎င်းပယ်စွန့်ခြင်းကိုလည်း ပယ်စွန့်ဆဲ၌ပင် သိခြင်းကိစ္စကိုလည်း ပြီးစေ၏၊မျက်မှောက်ပြုအပ်သော သစ္ဆိကာတဗ္ဗဖြစ်သော နိရောဓသစ္စာကိုလည်း မျက်မှောက်ပြုသောအားဖြင့် မတွေ့မဝေ သိ၏။ ဘာဝေတဗ္ဗကိစ္စဖြစ်သော မဂ္ဂဘာဝနာကိုလည်း ဖြစ်လည်းဖြစ်စေ၏၊ သိလည်း သိ၏။

**မဂ်တရားချုပ်ပြီးနောက် မဂ်ကိစ္စ ထင်ရှားနေပုံ။** ။ဤသို့လျှင် **လောကုတ္တရာ** မဂ်သည် တကြိမ်တည်း ဖြစ်လျက် ကိစ္စလေးချက်စလုံးကို တပြိုင်နက် တချက်တည်း ပြီးစေပြီးလျှင် ချုပ်ကွယ်လေတော့၏။ ထိုမဂ်သည် ကွယ်လေငြားသော်လည်း ၎င်းမဂ်ပြုအပ်သော ကိစ္စမူကား **အခါခပ်သိမ်း** ထင်ရှားလေသည်သာတည်း။

ထင်ရှားပုံကို ထင်စွာပြဦးအံ့။ ၎င်းမဂ် ပိုင်းခြား၍သိအပ်ပြီးသော ဒုက္ခသစ္စာ တရားသည်လည်း ထိုမဂ်ဖြစ်ပြီးသော ပုဂ္ဂိုလ်၏ သန္တာန်၌ အာရုံပြုတိုင်း ပြုတိုင်း ထင်ရှားလေတော့သည်သာလျှင်တည်း။ အာရုံဖြစ်သော နိရောဓသစ္စာ၌လည်း တွေ့ဝေမှုကင်းလျက် အခါခပ်သိမ်း အလိုရှိတိုင်းရှိတိုင်း အာရုံပြု၍ မတွေ့မဝေ သိလေတော့၏။ ဖြစ်ပြီးသော မဂ်ကိုလည်း အာရုံပြု၍ ဆင်ခြင်အပ်တိုင်း, ဆင်ခြင်အပ်တိုင်း မိမိသန္တာန်၌ ဖြစ်ဘူးသည်ကို မတွေ့မဝေ သိလေတော့၏။ ၎င်းမဂ်ပယ်ပြီးသော ကိလေသာဟူသမျှတို့သည်လည်း ဘယ်နံ့ရော အခါမှ ပေါ်လာတော့သည်မဟုတ်၊ စင်စစ် ဖြစ်ပေါ်ခြင်းမရှိဘဲ ကုန်ခန်းလေပြီးလျှင် အဘာဝအဖြစ်သို့သာ ရောက်လေတော့၏။

ဤသို့လျှင် မဂ်သည် ကွယ်လေငြားသော်လည်း ၎င်းမဂ်ပြုအပ်သော ကိစ္စတို့မူကား ထင်ရှားလေသည်သာတည်းဟု မှတ်ကြလေ။

**မဂ်ပယ်အပ်သော ကိလေသာတို့ အဘာဝဖြစ်ပုံ** ၎င်းမဂ်ပယ်အပ်သော ကိလေသာတို့သည် စင်စစ် မရှိခြင်း အဘာဝသို့ ရောက်သည်၏ အဖြစ်ကို ဣတိဝုတ် အဋ္ဌကထာရှင်သည် စာမျက်နှာ (၁၅၉)၌—

ရာဂက္ခယောတိ ရာဂဿ ခယော၊ ခီဏာကာရော အဘာဝေါ။

ဟူ၍ မိန့်အပ်ပြီ။

ရာဂက္ခယောတိ၊ ရာဂက္ခယော ဟူသည်ကား။ ရာဂဿ၊ တပ်တတ်သော သဘောဖြစ်သော ရာဂ၏။ ခယော၊ ကုန်ခြင်းသည်။ ခီဏာကာရော၊ ကုန်သော အခြင်းအရာသည်။ အဘာဝေါ၊ မရှိခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သော ပါဠိတို့တွင် အဘာဝေါ ဟူသော ပါဠိကိုထောက်၍ ကုန်သော ကိလေသာတို့၏ စင်စစ် မရှိခြင်း အဘာဝသို့ ရောက်သည်ကို ထင်ရှား သိကြလေ။

**ရာဂက္ခယပုဒ် အနက် ၃-မျိုး။** ။ဤရာဂက္ခယောဟူသော ပါဠိသည် နိဗ္ဗာန်ကိုလည်း ဟော၏။ အရဟတ္တ ဖိုလ်ကိုလည်း ဟော၏၊ ရာဂတည်းဟူသော ကိလေသာတို့၏ ကုန်ကာမတ္တ, မရှိကာမတ္တကို

လည်း ဟော၏။ ထိုသို့ဟောရာတို့တွင် အကယ်၍ ရာဂက္ခယောဟူသော ပါဠိ-သည် အသင်္ခတဓာတ် နိဗ္ဗာန်ကိုသာ ဟောခဲ့သည်ဖြစ်အံ့။ "ရာဂက္ခယော၊ ရာဂကုန်ကြောင်း"ဟု အနက်သိအောင် မြန်မာပြန်ဆိုရာ၏။ "ရာဂကုန်ခြင်း" ဟူ၍ မြန်မာပြန်မှုကို မပြုရာ။ အဘယ်ကြောင့်နည်းဆိုသော် အသင်္ခတဓာတ်၌ ပြကတေ့မူလကိုက သင်္ခတဓာတ်နှင့် မရောမယှက် သက်သက်လွတ်နေသော တရားမျိုး၏ အဖြစ်ကြောင့်၎င်း၊ သင်္ခတ တည်းဟူသော ကိလေသာတို့သည် မူလကိုက မရှိသည်၏ အဖြစ်ကြောင့်၎င်း ကုန်စရာမရှိလေပြီ၊ ထို့ကြောင့် "ကိလေသာ ကုန်ခြင်း"ဟူ၍ မြန်မာပြန်ကို မပြုအပ်ဟု မှတ်ကြလေ။ စင်စစ် "ကိလေသာ တို့၏ ကုန်ကြောင်း"ဟူ၍သာ ပြန်ရာ၏။ ထိုသို့ပြန်မှ အသင်္ခတ၏ အနက်သဘာ-ဝတ္တကို ဟုတ်တိုင်းမှန်စွာ သိလိမ့်မည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းအသင်္ခတ-ဓာတ် နိရောဓသစ္စာနိဗ္ဗာန်သဘောကို သင်္ခတသဘောဖြစ်သော မဂ်သည် မြဲစွာအာရုံပြု၍ သင်္ခတ သဘောဖြစ်သော ကိလေသာတို့ကို ကုန်ခန်းစေလေ သည်။ ထိုမဂ်ကြောင့် ကုန်ခန်းသော သင်္ခတကိလေသာတို့ မရှိမှုသည် မဂ်၏ အာရုံဖြစ်သော သင်္ခိတတဗ္ဗ တရားဖြစ်သော နိရောဓသစ္စာနိဗ္ဗာန် သဘော မဟုတ်ပေ၊ ၎င်းနိရောဓသစ္စာကို အကြောင်းခံ၍ ကုန်ခန်းရသော ကိလေသာ တည်းဟူသော သမုဒယသစ္စာ ပဟာတဗ္ဗတရားသာလျှင် ကေန် ဖြစ်လေသည်။ ထို ကိလေသာတို့၏ ကုန်ခန်းမှုသည် ပရမတ္ထသဘောလည်း မဟုတ်၊ စင်စစ် ကိလေသာတို့၏ မရှိမှု အဘာဝပညတ်သာလျှင်တည်း။ ထို့ကြောင့် ၎င်း ကိလေသာတို့၏ မရှိမှုသည် နိရောဓသစ္စာနိဗ္ဗာန်မဟုတ်၊ စင်စစ် နိရောဓသစ္စာ-နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိနေသော ဖြစ်ပေါ်မှုနှင့် ဆန့်ကျင်ဘက် ဖြစ်သော မဖြစ်ပေါ်မှု သဘောလက္ခဏာရှိသော မပျက်စီးသော သဘော ပေတည်း။

**ရာဂကုန်ကြောင်း နိဗ္ဗာန်။** ။ထိုတရားသည် သင်္ခတတရားတို့ ရှိစဉ်ကပင် ပဋိပက္ခ အားဖြင့် ထင်ရှား ရှိနေသည် သာတည်း။ ထိုသို့ ရှိနေခြင်းကြောင့် သင်္ခတ ဒေါသကိုမြင်လျှင် ၎င်း၏ ဆန့်ကျင်ဘက်ဖြစ် သော အသင်္ခတဓာတ်ကို အာရုံပြု၍ မဂ်ဉာဏ်ဖြင့် ရောက်ကြရလေသည်။ ထိုသို့ ရောက်ခြင်းကြောင့် ကိလေသာတို့သည် ကုန်ခန်းရလေသည်။ ထို့ကြောင့် အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည် ကိလေသာတို့၏ ကုန်ကြောင်းသာ ကေန်အမှန်ဖြစ်ပေ၏။ ထို့ကြောင့် "ရာဂကုန်ကြောင်း" ဟူ၍သာလျှင် မြန်မာ ပြန်ရာ၏။ "ရာဂကုန်ခြင်း"ဟူ၍ မြန်မာမပြန်ရာ၊ "ရာဂကုန်ကြောင်း"ဟု မြန်မာ ပြန်မှသာလျှင် ပါဠိတော် အဋ္ဌကထာရှင်တို့၏ အယူနှင့်လည်း လျော်ညီ၍ ဟုတ်မှန်သော အနက် သဘာဝတ္တကို ကေန်သိကြလိမ့်မည်။ ထို့ကြောင့် "ရာဂ ကုန်ကြောင်း" ဟူ၍ မြန်မာပြန်ဆိုရာ၏။ ရာဂကုန်ကြောင်းဖြစ်သော သဘော

တရားသည်သာလျှင် ကေန် နိရောဓသစ္စာနိဗ္ဗာန် ဖြစ်၏ဟုမှတ်။ ထိုသို့ မှတ်စေလိုတော်မူသော သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် အာယတန ဝိဘင်းအဖွင့် စာမျက်နှာ(၄၇)၌—

ယသ္မာ ပနေတံ အာဂမ္မ ရာဂါဒယော ခီယန္တိ၊ တသ္မာ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ ဝုတ္တံ။ အယမေတ္ထ အာစရိယာနံ သမာနတ္ထကထာ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။ အနက်သိကြောင်း မြန်မာပြန်ကား။

ယသ္မာ ပန၊ အကြင်ကြောင့်ကား။ ဧတံ၊ ထိုအသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ စွဲ၍။ ဝါ၊ မဂ်ဖြင့်ရောက်၍။ ရာဂါဒယော၊ ရာဂအစရှိသော ကိလေသာတို့သည်။ ခီယန္တိ၊ ကုန်လေကုန်၏။ တသ္မာ၊ ထိုသို့ရာဂအစရှိသည်တို့၏ ကုန်ကြောင်း၏ အဖြစ်ကြောင့်။ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ။ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော ဟူ၍။ ဝါ၊ ရာဂကုန်ကြောင်း ဒေါသကုန်ကြောင်း မောဟကုန်ကြောင်းဟူ၍။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ ဧတ္ထ၊ ဤအသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို ဆိုရာ၌။ အာစရိယာနံ၊ အဋ္ဌကထာဆရာတို့၏။ သမာနတ္ထကထာ၊ တူသည်သာလျှင် ဖြစ်သော အဆုံးအဖြတ်စကားပေတည်း။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာကို ထောက်၍လည်း ရာဂစသော ကိလေသာတို့၏ ကုန်ကြောင်း တရားကိုသာလျှင် စင်စစ် နိရောဓသစ္စာနိဗ္ဗာန်ဟု ပြဆိုအပ်သည်ကို ထင်ရှား သိကြလေ။ ဤအဋ္ဌကထာဖြင့်သာ သိအပ်သည်မဟုတ်သေး၊ ဘုရားရှင်သည်လည်း—

ဧဝံ အဝိဇ္ဇာ စ တဏှာ စ တံ အာဂမ္မ တမှိ ခီဏံ တမှိ ဘဂ္ဂံ။[၁]

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍လည်း သိလေဦး။

ဧဝံ၊ ဤသို့။ အဝိဇ္ဇာ စ၊ ဟုတ်မှန်သောသဘောကို မသိတတ်သော အဝိဇ္ဇာသည်၎င်း။ တဏှာ စ၊ တွယ်တာတတ်သော တဏှာသည်၎င်း။ တံ၊ ထိုအသင်္ခတဓာတ် နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ စွဲ၍။ ဝါ၊ အာရုံပြုသောအားဖြင့် ရောက်၍။ တမှိ၊ ထိုနိဗ္ဗာန်ကြောင့်။ ခီဏံ၊ ကုန်လေပြီ။ တမှိ၊ ထိုနိဗ္ဗာန်ကြောင့်။ ဘဂ္ဂံ၊ ကျိုးပျက်လေပြီ။

---

၁။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ နှာ (၅၁) ၌ အကိုးပြထားသောပါဠိ ဖြစ်သည်။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍ အဝိဇ္ဇာ စသော ကိလေသာတို့၏ ကုန်ကြောင်းဖြစ်သော သဘောကိုသာလျှင် စင်စစ် နိရောဓသစ္စာ အသင်္ခတဓာတ်ဟု သိစေတော်မူအပ်သည်၏အဖြစ်, ရာဂစသည်တို့၏ ကုန်ခြင်းသည် စင်စစ် နိရောဓသစ္စာ နိဗ္ဗာန်မဟုတ်ဟူသော အနက်ကို သိစေတော်မူသည်၏အဖြစ်ကို ထင်ရှား သိကြလေကုန်။

**ရာဂကုန်ရာ အရဟတ္တဖိုလ်။** ။ငင်းရာဂက္ခယော ဟူသော ပါဌ်သည် အကယ်၍ အရဟတ္တဖိုလ်ကိုသာလျှင် ဟောခဲ့သည်ဖြစ်အံ့၊ ထိုအခါ ရာဂက္ခယောဟူသော ပါဌ်၏ အနက်သိကြောင်း မြန်မာပြန်ကို ရာဂကုန်ရာ ဟူ၍ ပြန်ဆိုရာ၏။ ထိုသို့ ပြန်ဆိုမှုလည်း အဋ္ဌကထာနှင့် ညီညွတ်၍ ဟုတ်မှန်သော အနက်သဘာဝတ္တကို ကောင်းသိကြလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ရာဂတို့၏ ကုန်ရာသဘောသည်သာလျှင် စင်စစ် အရဟတ္တဖိုလ်ဖြစ်ခြင်းကြောင့်တည်း။ ထိုသို့ ဖြစ်ကြောင်းကို ထင်ရှား သိစေတော်မူလိုသော အဋ္ဌကထာရှင်သည် အာယတန ဝိဘင်းအဖွင့် စာမျက်နှာ (၄၉)၌—

> ရာဂါဒီနံ ခီဏန္တေ ဥပ္ပန္နတ္တာ အရဟတ္တံ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ ဝုစ္စတိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။ မြန်မာပြန် အနက်သိကြောင်းကား—

ရာဂါဒီနံ၊ တပ်တတ်သော ရာဂ အစရှိသည်တို့၏။ ခီဏန္တေ၊ ကုန်သော အဆုံး၌။ ဥပ္ပန္နတ္တာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ။ ရာဂကုန်ရာ ဒေါသကုန်ရာ မောဟကုန်ရာ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာကို ထောက်၍လည်း ရာဂကုန်ရာ ဒေါသကုန်ရာ မောဟကုန်ရာ သဘောသည် စင်စစ် အရဟတ္တဖိုလ် ဖြစ်ကြောင်းကို ထင်ရှား သိကြလေ။ ဤ အဋ္ဌကထာဖြင့်သာ သိရသည် မဟုတ်သေး။

> ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ ဣဒံ ဝုစ္စတိ အရဟတ္တံ။

ဟူ၍ အရှင်သာရိပုတ္တရာ ဟောတော်မူအပ်သော သဠာယတနဝဂ္ဂ သံယုတ်ပါဠိ စာမျက်နှာ(၄၄၇)၌ ဇမ္ဗုခါဒကသုတ်ကို ထောက်၍လည်း သိကြလေဦး။

မြန်မာပြန် အနက်သိကြောင်းကား—

အာဝုသော၊ ငါ့ရှင်။ ယော ရာဂက္ခယော၊ အကြင်ရာဂ၏ ကုန်ရာသည်ငင်း။ ယော ဒေါသက္ခယော၊ အကြင်ဒေါသ၏ ကုန်ရာသည်ငင်း။ ယော မော-

ဟက္ခယော၊ အကြင် မောဟ၏ ကုန်ရာသည်ငှင်း။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤ ရာဂကုန်ရာ ဒေါသကုန်ရာ မောဟကုန်ရာ သဘောကို။ အရဟတ္တံ၊ အရဟတ္တဖိုလ် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ရာဂတို့၏ ကုန်ရာသဘောကိုသာလျှင် အရဟတ္တဖိုလ်ဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှား သိကြလေကုန်။

ဤသို့လျှင် ရာဂက္ခယောဟူသော ပါဌ်သည် ရာဂကုန်ရာဖြစ်သော အရဟတ္တ ဖိုလ်ကိုလည်း ဟော၏၊ ရာဂကုန်ကြောင်းဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်ကို လည်း ဟော၏၊ ရာဂ၏ကုန်ခြင်း ရာဂ၏ မရှိခြင်းတည်းဟူသော အဘာဝကို လည်း ဟော၏ဟုမှတ်။ ထို့ကြောင့် ရာဂက္ခယောဟု အမည်ပင် တူသော်လည်း တရားကိုယ်အရမှာ တခြားစီသာ ဖြစ်ကြပေ၏။ ထိုသို့ ဖြစ်ခြင်းကြောင့် ဝိဂ္ဂိုဟ် ပြုရာ၌လည်း ကွဲလွဲကြလေသည်သာတည်း။

**ရာဂက္ခယပုဒ် ဝိဂ္ဂိုဟ် ၃-မျိုး။** ။ကွဲလွဲပုံကို ထင်စွာ ပြဦးအံ့——အကယ်၍ အရဟတ္တဖိုလ်ကို ဟောသော ရာဂက္ခယော ဟူသော ပါဌ်ကို ဝိဂ္ဂိုဟ်ပြုလုပ်လိုသော် —

ရာဂါ ခီယန္တိ ဧတ္ထာတိ ရာဂက္ခယော။

ဟူ၍ ပြုလုပ်ရာ၏။ အကယ်၍ နိဗ္ဗာန်ဟော ဖြစ်သော ရာဂက္ခယော ဟူသော ပါဌ်ကို ဝိဂ္ဂိုဟ်ပြုလုပ်လိုသော်—

ရာဂါ ခီယန္တိ ဧတေနာတိ ရာဂက္ခယော။

ဟူ၍ ပြုလုပ်ရာ၏။ အကယ်၍ ရာဂကုန်ခြင်းကိုသာ ဝိဂ္ဂိုဟ်ပြုလုပ်သော်—

ခယနံ ခယော၊ ရာဂဿ ခယော ရာဂက္ခယော။

ဟူ၍ ဝိဂ္ဂိုဟ်ပြုလုပ်ရာ၏။

ထိုဝိဂ္ဂိုဟ်တို့၏ အနက်သိကြောင်း မြန်မာပြန်ကို အစဉ်အတိုင်း ပြဆိုဦးအံ့။

ဧတ္ထ၊ ဤအရဟတ္တဖိုလ်စိတ္တုပ္ပါဒ်၌။ ရာဂါ၊ တပ်တတ်သော ရာဂတို့သည်။ ခီယန္တိ၊ ကုန် ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ ရာဂတို့၏ ကုန်ရာသဘော၏ အဖြစ် ကြောင့်။ သော စိတ္တုပ္ပါဒေါ၊ ထိုအရဟတ္တဖိုလ် စိတ္တုပ္ပါဒ်သည်။ ရာဂက္ခယော၊ ရာဂက္ခယမည်၏။

ရာဂါ ခီယန္တိ ဧတ္ထာတိကား အဓိကရဏသာဓနကိတ်ဝိဂ္ဂိုဟ်၊ ရာဂက္ခယော ကား ကိတ်ပုဒ်၊ ရာဂသဒ္ဒူပပဒ ခီဓာတ် ခယ အနက်ဟော၊ အပစ္စည်း။

ခိယန္တိ ဟူသော ကတ္တုတ္ထကြိယာ၏ အရကား ရာဂတို့၏ ကုန်ခြင်း, ရာဂတို့၏မရှိခြင်း အဘာဝပညတ်သည် မုချရ၏။ အဓိကရဏတ္ထကြိယာ၏ အရကား အရဟတ္တဖိုလ် စိတ္တုပ္ပါဒ်တို့၏ ရာဂစသော ကိလေသာတို့မှ လွတ်သော ဝိမုတ္တိသတ္တိသည် ဌာန်ျူပစာရအားဖြင့် ရ၏။ အပစ္စည်း၏အရကား ထိုမုချ ဥပစာရအားဖြင့် မှတ်အပ်သော အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်ရ၏။

ဤတွင် အရဟတ္တဖိုလ်ကို ဟောသော ရာဂက္ခယော ဟူသော ပုဒ်၏ ပဌမဝိဂ္ဂိုဟ်၏အရကို ဖော်ပြချက် ပြီး၏။

ဧတေန၊ ထိုအသင်္ခတဓာတ် နိဗ္ဗာန်ကြောင့်။ ရာဂါ၊ တပ်တတ်သော သဘောရာဂတို့သည်။ ခီယန္တိ၊ ကုန်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ ရာဂတို့၏ ကုန်ကြောင်းဖြစ်သော သတ္တိကြောင့်။ သော အသင်္ခတဓမ္မော၊ ထိုအသင်္ခတ ဓာတ်ဖြစ်သော နိဗ္ဗာန်သဘောသည်။ ရာဂက္ခယော၊ ရာဂက္ခယ မည်၏။

ရာဂါ ခီယန္တိ ဧတေနာတိကား ကရဏသာဓန ကိတ်ဝိဂ္ဂိုဟ်၊ ရာဂက္ခယောကား ကိတ်ပုဒ်၊ ရာဂသဒ္ဒူပပဒ ခိဓာတ်၊ အပစ္စည်း။

ခီယန္တိ ဟူသော ကတ္တုတ္ထကြိယာ၏ အရကား ရာဂတို့၏ ကုန်ခြင်း, ရာဂတို့၏ မရှိခြင်း တည်းဟူသော အဘာဝပညတ်သည် မုချရ၏၊ ကရဏတ္ထကြိယာ၏ အရကား ရာဂ ကုန်ခြင်း၏ အကြောင်းဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်၏ ပကတူပနိဿယ သတ္တိသည် ဖလူပစာရအားဖြင့် ရ၏။ အပစ္စည်း၏ အရကား ထိုမုချ ဥပစာရအားဖြင့် မှတ်အပ်သော အသင်္ခတဓာတ် နိဗ္ဗာန်တည်းဟူသော ပရမတ္ထ သဘောတရား ရ၏။

ဤတွင် အသင်္ခတဓာတ် နိဗ္ဗာန်ကိုဟောသော ရာဂက္ခယော ဟူသော ပုဒ်၏ ဒုတိယ ဝိဂ္ဂိုဟ်၏ အရကို ဖော်ပြချက် ပြီး၏။

ခယနံ၊ ကုန်ခြင်း။ ခယော၊ ကုန်ခြင်း။ ခယနံကား ဘာဝသာဓနကိတ်ဝိဂ္ဂိုဟ်၊ ခယောကား ဘာဝသာဓနကိတ်ပုဒ်၊ ခိဓာတ်၊ အပစ္စည်း။ ပစ္စည်း၏ အရ ဓာတ်၏အရသည် အထူးမရှိလေရကား ကုန်ခြင်း သာမညဟု ဆိုအပ်သော ဘာမျှမရှိသော အဘာဝပညတ်ရ၏။ ရာဂဿ၊ တပ်တတ်သော သဘော ရာဂ၏။ ခယော၊ ကုန်ခြင်းတည်း။ ရာဂက္ခယော၊ တပ်တတ်သော သဘောရာဂ၏ ကုန်ခြင်း။ ရာဂဿ ခယောကား တပ္ပုရိသ်သမာသ်ဝိဂ္ဂိုဟ်၊ ရာဂက္ခယောကား တပ္ပုရိသ်သမာသ်ပုဒ်။ ရာဂဿ ဟူသော ရှေ့ပုဒ်၏ အရကား ရာဂဟု ခေါ်ဆိုအပ်သော လောဘစေတသိက်သည် မုချရ၏။ ထို လောဘတည်းဟူသော ရာဂ၏ ကုန်ခြင်း တည်းဟူသော အဘာဝပညတ်နှင့် နိဿယ နိဿိတအဖြစ်ဖြင့် စပ်ခြင်း တည်းဟူသော သမ္ဗန်သည် ဌာန်ျူပစာရအားဖြင့် ရ၏။ ရာဂက္ခယော ဟူသော

သမာသ်ပုဒ်လုံး၏ အရကား ရာဂ၏ ကုန်ခြင်းဟု ဆိုအပ်သော အဘာဝပညတ် သာလျှင် ရ၏။

ဤတွင် ရာဂ၏ ကုန်ခြင်း အဘာဝကို ဟောသော ရာဂက္ခယော ဟူသော ပုဒ်၏ တတိယ ဝိဂြိုဟ်အရကို ဖော်ပြချက် ပြီး၏။ ဤသို့ ပြဆိုအပ်သော ဝိဂြိုဟ် အရကို ထောက်၍ ရာဂက္ခယောဟု အမည်ပင်တူသော်လည်း တရားကိုယ်အရ မှာ တခြားတပါးစီသာ ကေန်ဖြစ်ကြသည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။ ထိုသို့ သိကြလျှင်လည်း ရာဂကုန်ခြင်း တည်းဟူသော အဘာဝ ပညတ်သည် အဘယ်မှာ နိရောဓသစ္စာ ဖြစ်နိုင်အံ့နည်း၊ စင်စစ် မဖြစ်နိုင်ကြောင်းကို ပညာရှိ တို့ ထင်ရှားသိအပ်သည်သာလျှင် ကတည်း။

**ရာဂကုန်ခြင်း ၂-မျိုး။** ။ငင်း အဘာဝပညတ်မျှသာ ဖြစ်သော ရာဂစသော ကိလေသာတို့၏ ကုန်ခြင်းသည်လည်း ဖြစ်ပေါ်ပြီး၍ ကုန်မှုတမျိုး, ဖြစ်ပေါ်မှု လက္ခဏာမရှိဘဲ ကုန်မှုတမျိုး၊ ဤသို့လျှင် နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် အကြင် အကြင် ကိလေသာတို့သည် အကြောင်းကိုစွဲ၍ ဖြစ် ပေါ်ပြီးလျှင် ချုပ်ကွယ်ခြင်းသို့ ရောက်၍ ကုန်လေ၏။ ထိုသို့ ချုပ်ကွယ်ခြင်းသို့ ရောက်၍ ကုန်သည်ကို ကိလေသာတို့သည် ချုပ်ပျောက်လေပြီဟူ၍ ချုပ် ဟူ သော စကားဖြင့် ပြောဆိုသုံးစွဲရာ၏။

အကြင် ကိလေသာတို့သည် ဖြစ်ပေါ်သော သဘောလက္ခဏာသို့ မရောက် သေး၊ ဖြစ်ပေါ်လတ္တံ့သော အနေမျိုးဖြင့် နေ၏။ ထိုသို့ ဖြစ်ပေါ်လတ္တံ့သော အနေမျိုးဖြင့် နေသော ကိလေသာတို့၏ ဖြစ်ပေါ်ကြောင်း တည်းဟူသော အနုသယ သတ္တိတို့ကို အကြင်အခါ လောကုတ္တရာမဂ်သည် အကြွင်းမရှိ ကုန်ခန်း စေ၏၊ ထိုအခါ ငင်းကိလေသာနုသယတို့ မရှိလေခြင်းကြောင့် ငင်းတို့ကြောင့် ပေါ်လတ္တံ့သော ကိလေသာတို့သည် စင်စစ် ဖြစ်ပေါ်မှုမရှိဘဲ ကွယ်ပျောက် ကုန်လေ၏။ ထိုသို့ ကွယ်ပျောက် ကုန်လေသော ကိလေသာတို့ကို ဖြစ်ပေါ်မှု မရှိဘဲလျက် ကွယ်ပျောက်ကုန်လေခြင်းကြောင့် ကိလေသာတို့ ဖြစ်ပေါ်မှုမရှိ လေပြီဟူ၍သာလျှင် ပြောဆိုရာ၏၊ ချုပ်လေပြီ ဟူ၍ မပြောမဆိုအပ်။ အဘယ် ကြောင့် ဆိုသော် ဖြစ်ပေါ်မှု ရှိမှသာလျှင် ချုပ်ကွယ် ရခြင်းကြောင့်တည်း။ ထိုကြောင့် ချုပ်လေပြီ ဟူ၍ မပြောဆိုဘဲ ဖြစ်ပေါ်မှုမရှိဘဲ ကုန်လေပြီဟူ၍ ငင်း၊ ဖြစ်ပေါ်မှုမရှိလေတော့ပြီဟူ၍ငင်း ပြောဆိုသုံးစွဲ အာရုံပြုရာ၏။ ထိုသို့ ပြောဆိုသုံးစွဲ အာရုံပြုအပ်ကြောင်းကို ထင်ရှားသိစေတော်မူလိုသော သုတ် သီလက္ခန်အဋ္ဌကထာရှင်သည် ကေဝဋ္ဋသုတ်အဖွင့် စာမျက်နှာ(၃၂၆)၌—

နိဗ္ဗာနံ အာဂမ္မ သဗ္ဗမေတံ။လ။ နိရုဇ္ဈတိ အပဝတ္တံ ဟောတိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။ ဤသို့ မိန့်ဆိုအပ်သော ပါဠိတို့တွင် နိရုဇ္ဈတိ ဟူသော

သံဝဏ္ဏေတဗ္ဗပုဒ်ကို အပဝတ္တံ ပောတိ ဟူ၍ သံဝဏ္ဏနာပြုတော်မူအပ်သည်ကို ထောက်၍ရှင်း၊ ဋီကာဝိုတ်အဋ္ဌကထာရှင်သည်—

ယမ္ပိ နိရုဇ္ဈန္တိ ဘဝါနိ သဗ္ဗသော။

ဟူ၍ ပါဠိတော်၌လာသော ပါဌ်တို့တွင် နိရုဇ္ဈန္တိ ဟူသော ပါဠိတော်ပါဌ်ကို န ပဝတ္တန္တိ ဟူ၍ ဖွင့်ပြအပ်သည်ကို ထောက်၍ရှင်း ဖြစ်ပေါ်မှု မရှိဟူ၍ သုံးစွဲအပ်ကြောင်းကို ထင်ရှားသိကြလေကုန်။ ဤအဋ္ဌကထာဖြင့်သာ သိအပ်သည် မဟုတ်သေး၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဉာဏဒဿနဝိသုဒ္ဓိအဖွင့် စာမျက်နှာ (၃၂၈)၌—

ဥပ္ပါဒေ အာဒီနဝံ ဒိသွာ အနုပ္ပါဒေ စိတ္တံ ပက္ခန္ဒတိ။ အနုပ္ပါဒေ စိတ္တံ ပက္ခန္ဒတ္တာ။လ။ ယေ အာယူဟနပစ္စယာ ကိလေသာ နိဗ္ဗတ္တေယျုံ၊ တေ အဇာတာယေဝ န ဇာယန္တိ။

ဟူ၍ ပြဆိုအပ်သည်ကိုထောက်၍လည်း သိကြလေဦး။

အနက်သိကြောင်း မြန်မာပြန်ကား—

ဥပ္ပါဒေ၊ ဖြစ်ပေါ်ခြင်းလက္ခဏာရှိသော သင်္ခတတရား၌။ အာဒီနဝံ၊ အပြစ်ကို။ ဒိသွာ၊ မြင်သည်ရှိသော်။ ဝါ၊ မြင်လေခြင်းကြောင့်။ အနုပ္ပါဒေ၊ ဖြစ်ပေါ်ခြင်း လက္ခဏာမရှိသော။ ဝါ၊ ဖြစ်ပေါ်မှုလက္ခဏာရှိသော သင်္ခတတရားနှင့် ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်ပေါ်သော လက္ခဏာရှိသော အသင်္ခတဓာတ်နိဗ္ဗာန်၌။ စိတ္တံ၊ လောကုတ္တရာမဂ်စိတ်သည်။ ပက္ခန္ဒတိ၊ ပြေးဝင်ရောက်လေ၏။ အနုပ္ပါဒေ၊ ဖြစ်ပေါ်ခြင်းလက္ခဏာ မရှိသော။ ဝါ၊ ဖြစ်ပေါ်မှုလက္ခဏာရှိသော သင်္ခတတရားနှင့် ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်ပေါ်သော လက္ခဏာရှိသော အသင်္ခတဓာတ်နိဗ္ဗာန်၌။ စိတ္တံ၊ လောကုတ္တရာမဂ်စိတ်သည်။ ပက္ခန္ဒတ္တာ၊ ပြေးဝင်သည်၏ အဖြစ်ကြောင့်။လ။ အာယူဟနပစ္စယာ၊ အားထုတ်ခြင်းဟူသော အကြောင်း ကြောင့်။ ယေ ကိလေသာ၊ အကြင်ကိလေသာတို့သည်။ နိဗ္ဗတ္တေယျုံ၊ ဖြစ်ကုန် ရာ၏။ တေ ကိလေသာ၊ ထိုကိလေသာတို့သည်။ အဇာတာယေဝ၊ ဖြစ်ပေါ်မှု မရှိသေးကုန်မူ၍သာလျှင်။ န ဇာယန္တိ၊ ဖြစ်ပေါ်မှုမရှိကုန်။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာပါဌ်တို့တွင် အဇာတာယေဝ န ဇာယန္တိ ဟူသော ပါဌ်တို့ကို ထောက်၍ စင်စစ် ဖြစ်ပေါ်မှု မရှိသေးသော ကိလေသာ တို့သည် နိဗ္ဗာန်ကို အာရုံပြု၍ရောက်သော မဂ်ကြောင့် နောင်အဆက်ဆက် ဖြစ်ပေါ်မှု မရှိလေပြီဟူ၍ သိအပ်ကြောင်း အာရုံပြုအပ်ကြောင်း ပြောဆိုအပ် ကြောင်းကို ထင်ရှားသိကြလေ။

**နိရောဓသမာပတ် သင်္ခတ၊ အသင်္ခတ မဟုတ်။** ။ထိုကိလေသာတို့၏ဖြစ်ပေါ်မှု မရှိဘဲ ကုန်မှု မရှိမှု တည်းဟူသော အဘာဝပညတ်သဘောကိုလည်း နိရောဓသမာပတ် ဝင်စားသော အနာဂါမ်ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ခုနစ်ရက်ပတ်လုံး စိတ် စေတသိက်ဟု ခေါ်အပ်သော ပရမတ္ထသဘောတရားတို့ ဖြစ်ပေါ်မှု မရှိဘဲ ကွယ်လေခြင်းကြောင့် ၎င်းတရားတို့၏ ဘာမျှမရှိမှု တည်းဟူသော အဘာဝသဘောကို ပြဆိုအပ်သောနည်းကို မှီ၍ သိအပ်၏၊ သိပုံကို ထင်ရှားပြဦးအံ့။ အကြင်အခါ အကြင်ပုဂ္ဂိုလ်သည် နိရောဓသမာပတ်ကို ဝင်စား၏၊ ထိုအခါ ထိုပုဂ္ဂိုလ်၏ သန္တာန်၌ ခုနစ်ရက်ပတ်လုံး စိတ်စေတသိက်ဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားတို့သည် ခုနစ်ရက်လုံးလုံး ဖြစ်ပေါ်မှုမရှိလေပြီ၊ ထိုသို့ ဖြစ်ပေါ်မှု မရှိခြင်းသည် စိတ်စေတသိက်ဟု ခေါ်အပ်သော ပရမတ္ထသဘောတရားတို့၏ မရှိကာမတ္တဖြစ်သော အဘာဝပညတ်မျှသာ ဖြစ်၏၊ ထိုသို့ အဘာဝပညတ်မျှသာ ဖြစ်ခြင်းကြောင့် ၎င်းနိရောဓသမာပတ်ကို သင်္ခတတရားလည်း မဆိုအပ်၊ အသင်္ခတတရားလည်း မဆိုအပ်၊ အဘယ်ကြောင့် မဆိုအပ်လေသနည်းဟူမူ ပရမတ္ထသဘောအားဖြင့် မရှိလေခြင်းကြောင့် မဆိုအပ်လေသည်ဟု မှတ်။ ထိုသို့ မှတ်စေလိုတော်မူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် စာမျက်နှာ(၃၅၁)၌—

> နိရောဓသမာပတ္တိ။လ။ သင်္ခတာတိပိ အသင်္ခတာတိပိ လောကိယာ-တိပိ လောကုတ္တရာတိပိ န ဝတ္တဗ္ဗာ။ ကသ္မာ၊ သဘာဝတော နတ္ထိ-တာယ။

ဟူ၍ မိန့်အပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

နိရောဓသမာပတ္တိ၊ နိရောဓသမာပတ်ကို။လ။ သင်္ခတာတိပိ၊ သင်္ခတတရားဟူ၍၎င်း။ အသင်္ခတာတိပိ၊ အသင်္ခတတရားဟူ၍၎င်း။ လောကိယာတိပိ၊ လောကီတရားဟူ၍၎င်း။ လောကုတ္တရာတိပိ၊ လောကုတ္တရာတရားဟူ၍၎င်း။ န ဝတ္တဗ္ဗာ၊ မဆိုအပ်။ ကသ္မာ၊ အဘယ်ကြောင့် မဆိုအပ်သနည်းဟူမူ။ သဘာဝ-တော၊ ပရမတ္ထသဘောအားဖြင့်။ နတ္ထိတာယ၊ မရှိသည်၏ အဖြစ်ကြောင့်။ န ဝတ္တဗ္ဗာ၊ မဆိုအပ်။

ဤပြဆိုအပ်သောပါဠိတို့တွင် သဘာဝတော နတ္ထိတာယ ဟူသော ဟိတ်ပါဠိကို ထောက်၍ အဘာဝပညတ်ဖြစ်ကြောင်းကို ထင်ရှားသိအပ်သကဲ့သို့ ထိုနည်းအတူ မဂ်ဖြင့် ပယ်အပ်ပြီးသော ကိလေသာတို့၏ မရှိခြင်းသည်လည်း

ပရမတ္ထသဘောအားဖြင့် တစုံတရာရှိတော့သည်မဟုတ်၊ စင်စစ် ဘာမျှမရှိကာမတ္တသာလျှင် ဖြစ်၏။ ထိုမရှိကာမတ္တသည် ပရမတ်သဘောမဟုတ်မူ၍ ပရမတ္ထသဘောမှ လွတ်နေသော ပညတ်တရားမျှသာ ဖြစ်၏။ ထို့ကြောင့် ကိလေသာတို့၏ ကုန်ခန်း၍ မရှိကာမတ္တမျှကိုလည်း အဘာဝပညတ်ဟု ခေါ်ဆိုအပ်လေသည်ဟု မှတ်ကြလေ။ ထိုကိလေသာတို့၏ ကုန်ခန်းမှုဟု ဆိုအပ်သော ဘာမျှမရှိသော အဘာဝပညတ်သို့ ရောက်ရခြင်းသည် စင်စစ် နိရောဓသစ္စာနိဗ္ဗာန်ကို လောကုတ္တရာမဂ်ဖြင့် ဒိဋ္ဌမြင်ခြင်းကြောင့်သာလျှင် ၎င်းကိလေသာတို့ ကုန်ခန်းခြင်းသို့ ရောက်ရလေသည်။ ထို့ကြောင့် ၎င်းမျက်မှောက်ဒိဋ္ဌမြင်အပ်သော မဂ်၏အာရုံဖြစ်သော နိရောဓသစ္စာနိဗ္ဗာန်သည် စင်စစ် သစ္ဆိကာတဗ္ဗကိစ္စ ဖြစ်၏။ ၎င်းနိဗ္ဗာန်ကို ဒိဋ္ဌမြင်တတ်သော မဂ်ဉာဏ်သည် စင်စစ် ပွါးအပ်သော ဘာဝိတဗ္ဗကိစ္စ ဖြစ်၏။ ကုန်ခန်းသော ကိလေသာတရားသည် စင်စစ် ပယ်အပ်သော ပဟာတဗ္ဗကိစ္စ ဖြစ်၏ဟူ၍ ရှေး၌ ပြဆိုအပ်ခဲ့ပြီးသည်အတိုင်း ယုံကြည်လေးမြတ်စွာ သိကြလေ။

**သံသရာစက်ပြတ်ပုံကို ပြဆိုချက်။** ။ထိုသို့ ယုံကြည်လေးမြတ်စွာ သိကြပြီးလျှင် အဝိဇ္ဇာသင်္ခါရဖြစ်သော အကြောင်းအကျိုးတရားအဆက်ဆက်တို့ကို အဖန်တလဲလဲ ရှေး၌ ပြဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း သုံးသပ်ဆင်ခြင်ကြ၍ ၎င်းတရားတို့၏ အပြစ်တွေ့ကို ကောင်းစွာ မြင်လတ်သော် ငြီးငွေ့ စက်ဆုပ်ခြင်းသို့ ရောက်လေ၏။ ထိုသို့ ငြီးငွေ့ စက်ဆုပ်ပြီးလျှင် ၎င်းအဝိဇ္ဇာသင်္ခါရဟုဆိုအပ်သော အကြောင်းတရား အကျိုးတရားအဆက်ဆက်တို့၏ ဖြစ်ပေါ်မှု သဘောမှ ဆန့်ကျင်ဘက် ဖြစ်လျက် တည်သော မဖြစ်မပျက်သော သဘောလက္ခဏာရှိသော အသင်္ခတဓာတ်ဟု ခေါ်အပ်သော နိရောဓသစ္စာနိဗ္ဗာန်သို့ ရောက်လိုသောဆန္ဒဖြင့် အဖန်တလဲလဲ စိတ်ကို စေလွှတ်လေ၏။

ထိုသို့ စိတ်ကို စေလွှတ်ကြလတ်သော် အကြင်အခါ အရဟတ္တမဂ်ဉာဏ်သည် ၎င်းနိရောဓသစ္စာဖြစ်သော အသင်္ခတဓာတ်သဘောဟု ဆိုအပ်သော နိဗ္ဗာန်ကို အာရုံပြု၍ ထင်ရှားဖြစ်ပေါ်လာခဲ့သည်ဖြစ်အံ့၊ ထိုအခါ ပဟာတဗ္ဗကိစ္စဖြစ်သော အဝိဇ္ဇာတရားသည် အကြွင်းမရှိ ကုန်ခန်း၍ အခါခပ်သိမ်း ဖြစ်ပေါ်မှုမရှိခြင်းသို့ ရောက်လေ၏။ ထိုအဝိဇ္ဇာတည်းဟူသော အကြောင်းတရား အကြွင်းမရှိကုန်လေလျှင် အကျိုးဖြစ်သော သင်္ခါရအဆက်ဆက်တို့သည်လည်း နောင်အခါ ဖြစ်ပေါ်မှုမရှိဘဲ အကြွင်းမရှိ ကွယ်ကြလေကုန်၏။

ထိုသင်္ခါရတရားတို့သည် နောင်တဖန် ဖြစ်ပေါ်မှုမရှိဘဲ အကြွင်းမရှိ ကွယ်ကြကုန်လျှင် ၎င်းတို့ကြောင့် ဖြစ်ပေါ်လတ္တံ့ကုန်သော ဝိညာဏ်တရားတို့သည်လည်း နောင်တဖန် ဖြစ်ပေါ်မှုမရှိဘဲ အကြွင်းမရှိ ကွယ်ကြလေကုန်၏။ ထိုဝိညာဏ်

တရားတို့ အကြွင်းမရှိ ကွယ်ကြလေလျှင် အလုံးစုံသော ဝဋ္ဋဒုက္ခဟူသမျှတို့သည် လည်း နောင်တဖန် ဖြစ်ပေါ်မှု မရှိဘဲ အကြွင်းမရှိ ကွယ်ကြလေကုန်၏။ ထို ဝဋ္ဋဒုက္ခတရားအဆက်ဆက်တို့ ကွယ်ကြလေလျှင် ၎င်းတရားတို့၏ မရှိခြင်းဟု ဆို အပ်သော အဘာဝပညတ်၏ အဖြစ်သည်သာလျှင် ထင်မြင်စရာရှိလေတော့၏။ ထိုသို့ ထင်မြင်စရာရှိလေပြီးနောက် ဖြစ်မှုအဆက်ဆက်ဟု ဆိုအပ်သော သံသရာ စက်သည်လည်း ပြတ်လေတော့၏။ တဖန် လည်စရာ မရှိလေတော့ပြီ။

ထိုသို့ သံသရာစက်ပြတ်ရခြင်းသည်လည်း တခြားတရားကြောင့် မဟုတ်၊ နိရောဓသစ္စာကို ဒိဋ္ဌမြင်တတ်သော လောကုတ္တရာမဂ်ကြောင့်ပင် ဖြစ်၏။ ထို လောကုတ္တရာမဂ်သည်လည်း ၎င်းနိရောဓသစ္စာနိဗ္ဗာန်ကို ဒိဋ္ဌမျက်မှောက် အာရုံ ပြု၍ မြင်မှသာလျှင် ဖြစ်ပေါ်နိုင်၏။ ထိုနိရောဓသစ္စာနိဗ္ဗာန်ကို ဒိဋ္ဌ မျက်မှောက် အာရုံပြု၍မြင်မှုသည်လည်း ရှေးအဘို့က တင်ကူး၍ လောကီအနုဗောဓဉာဏ်ဖြင့် ထောက်ဆ၍ သိပြီးလျှင် အဖန်တလဲလဲအာရုံပြုနိုင်မှသာလျှင် ဖြစ်နိုင်လေသည်။

ထိုကြောင့် နိရောဓသစ္စာနိဗ္ဗာန်ကို ဟုတ်တိုင်းမှန်စွာ သိရန်အချက်သည် အလွန်ပင် အရေးကြီးသောအချက် ဖြစ်ပေ၏။ ထို အရေးကြီးသောအချက် ဖြစ်သော နိရောဓသစ္စာနိဗ္ဗာန် သဘောကို လောကီဉာဏ်ဖြင့် ထောက်ဆ သိအောင်ပြုလုပ်ကြ၍ အကြောင်းအကျိုး အဆက်ဆက်ဖြစ်ပေါ်နေမှုဟု ဆိုအပ် သော အဝိဇ္ဇာသင်္ခါရတရားတို့ကို ရှေး၌ ပြဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း သုံးသပ်ကြ၍ ၎င်းတရားတို့၏ အပြစ်ကိုမြင်ပြီးလျှင် လွတ်လိုသောဆန္ဒဖြင့် ၎င်း နိရောဓသစ္စာနိဗ္ဗာန်သဘောသို့ စေလွှတ်ဖန်များလတ်သော် ရှေးက ပါရမီဓာတ်ခံ ကောင်း၍ မဂ်ဖြစ်ထိုက်သော ပုဂ္ဂိုလ်မျိုး ဖြစ်ခဲ့အံ့၊ ၎င်း နိရောဓသစ္စာနိဗ္ဗာန်ကို ဒိဋ္ဌမျက်မှောက် တွေ့ကြုံဆိုက်ရောက် မြင်ကြရလေတော့၏။ ထိုသို့မြင်သောအခါ စင်စစ် လောကုတ္တရာမဂ်သို့ ဆိုက်ရောက်၍ ဝဋ္ဋဒုက္ခမှ လွတ်ကြရလေ၏။ ထိုသို့ ဝဋ္ဋဒုက္ခမှ လွတ်လိုသော အမျိုးကောင်းသားတို့သည် ဤ သမုပ္ပါဒနိရောဓဂ ကျမ်း၌ ပြဆိုအပ်ပြီးသောနည်းအတိုင်း အားထုတ်ကြလေ။

ဤတွင် အဝိဇ္ဇာပစ္စယာ သင်္ခါရာဟူသော သမုပ္ပါဒအချက်နှင့် ၎င်းတို့မှ ထွက်မြောက်ကြောင်းဖြစ်သော နိရောဓအချက်တို့ကို သိရန် ပြဆိုအပ်သော သမုပ္ပါဒနိရောဓဂကျမ်း၏ ပဌမအချက် ပြီး၏။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ အခန်း ပြီး၏။

# သင်္ခါရပစ္စယာ ဝိညာဏံ အခန်း

## သင်္ခါရကြောင့်ဖြစ်သော ဝိညာဉ်တို့ကို အနုစိတ်၍ ပြဆိုချက်

ထိုအဝိဇ္ဇာကြောင့်ဖြစ်သော ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရတရားတို့သည် အကျိုးတရားတို့သာလျှင် ဖြစ်ကြကုန်သည် မဟုတ်သေး၊ အကြောင်းတရားတို့လည်း ဖြစ်ကုန်သေးသည်သာလျှင်ကတည်း။ ၎င်း သင်္ခါရတရားတို့သည် အဘယ်တရား၏ အကြောင်းဖြစ်သေးသနည်းဟူမူ။ ယေဘုယျအားဖြင့် ဝိညာဏ်၏ ပဓာနအကြောင်းတရားဖြစ်၏။ အပ္ပကအားဖြင့် အသညသတ်ဘုံ၌ ရုပ်ပဋိသန္ဓေ၏လည်း အကြောင်းတရားဖြစ်၏။ ထိုသို့ များသောအားဖြင့် ဝိညာဏ်၏ အကြောင်းတရားဖြစ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော ဘုရားရှင်သည်——

သင်္ခါရပစ္စယာ ဝိညာဏံ။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကား——

သင်္ခါရပစ္စယာ၊ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ အာရုံကို သိတတ်သောသဘောဟု ဆိုအပ်သော ဝိညာဏ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ သင်္ခါရသည် ဝိညာဏ်၏ အကြောင်းဖြစ်သည်ကို၎င်း၊ ၎င်းဝိညာဏ်သည် သင်္ခါရ၏ အကျိုးဖြစ်သည်ကို၎င်း ထင်ရှားသိကြလေ။

**အကျိုးဝိညာဏ် ၃၂-ပါး။** ။ထိုသင်္ခါရကြောင့်ဖြစ်သော အကျိုးဖြစ်သော ဝိညာဏ်သည်လည်း ကုသိုလ်၏ အကျိုးဖြစ်သော ကုသလဝိပါက်ဟု ဆိုအပ်သော သိမှုသဘော ဝိညာဏ်၊ အကုသိုလ်၏ အကျိုးဖြစ်သော အကုသလဝိပါက်ဟု ဆိုအပ်သော သိမှုသဘော ဝိညာဏ်အားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် ကုသိုလ်၏ အကျိုးဖြစ်သော အသိသဘောဝိညာဏ်သည်လည်း စက္ခုဝိညာဏ်ဟု ခေါ်ဆိုအပ်သော အသိသဘောတစ်၊ သောတဝိညာဏ်ဟု ခေါ်ဆိုအပ်သော အသိသဘောတစ်၊ ဃာနဝိညာဏ်ဟု ခေါ်ဆိုအပ်သော အသိသဘောတစ်၊ ဇိဝှါဝိညာဏ်ဟု ခေါ်ဆိုအပ်သော အသိသဘောတစ်၊

ကာယဝိညာဏ်ဟု ခေါ်ဆိုအပ်သော အသိသဘောတစ်၊သမ္ပဋိစ္ဆိုင်းဟု ခေါ်ဆို အပ်သော အသိသဘောတစ်၊သန္တီရဏဟု ခေါ်ဆိုအပ်သော အသိသဘောနှစ်၊ မဟာဝိပါက်ဟု ခေါ်ဆိုအပ်သော အသိသဘော ရှစ်၊ ရူပဝိပါက်ဟု ခေါ်ဆို အပ်သော အသိသဘော ငါး၊ အရူပဝိပါက်ဟု ခေါ်ဆိုအပ်သော အသိသ ဘော လေး၊ ဤသို့လျှင် (၂၅)ပါးသော အသိသဘောဝိညာဏ်တို့သည် ဖြစ် ကုန်၏။

အကုသိုလ်၏ အကျိုးဖြစ်သော အသိသဘော ဝိညာဏ်သည်လည်း စက္ခု-ဝိညာဏ်ဟု ခေါ်ဆိုအပ်သော အသိသဘော တစ်၊ သောတဝိညာဏ်ဟု ခေါ် ဆိုအပ်သော အသိသဘော တစ်၊ ဃာနဝိညာဏ်ဟု ခေါ်ဆိုအပ်သော အသိ သဘော တစ်၊ ဇိဝှါဝိညာဏ်ဟု ခေါ်ဆိုအပ်သော အသိသဘော တစ်၊ ကာယ-ဝိညာဏ်ဟု ခေါ်ဆိုအပ်သော အသိသဘော တစ်၊ သမ္ပဋိစ္ဆိုင်းဟု ခေါ်ဆိုအပ် သော အသိသဘော တစ်၊ သန္တီရဏဟု ခေါ်ဆိုအပ်သော အသိသဘော တစ်၊ ဤသို့လျှင် ခုနစ်ပါးသော အသိသဘောဝိညာဏ်တို့သည် ဖြစ်ကုန်၏။ ဤသို့ ပြဆိုအပ်ပြီးသော ကုသိုလ်၏အကျိုးဖြစ်သော ဝိပါက်ဟု ခေါ်ဆိုအပ်သော အသိသဘောဝိညာဏ်(၂၅)ပါး၊ အကုသိုလ်အကျိုးဖြစ်သော ဝိပါက်ဟု ခေါ် ဆိုအပ်သော အသိသဘောဝိညာဏ်(၇)ပါးတို့ကို ပေါင်းသော် (၃၂)ပါးသော ဝိပါက်ဟု ခေါ်ဆိုအပ်သော အသိသဘောဝိညာဏ်တို့သည် ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ကြောင်းကို သိစေတော်မူလိုသော သမ္မောဟဝိနောဒနီအဋ္ဌကထာရှင်သည် ပဋိစ္စသမုပ္ပါဒ်အဖွင့် စာမျက်နှာ (၁၄၃)၌—

> သင်္ခါရပစ္စယာ ဝိညာဏပဒနိဒ္ဒေသေ စက္ခုဝိညာဏန္တိအာဒီသု စက္ခုဝိညာဏံ ကုသလဝိပါကံ အကုသလဝိပါကန္တိ ဒုဝိဓံ ဟောတိ။ တထာ သောတ ဃာန ဇိဝှါ ကာယဝိညာဏာနိ။ မနောဝိညာဏံ ပန ကုသလာကုသလဝိပါကာ ဒွေ မနောဓာတုယော, တိဿော အဟေ-တုကမနောဝိညာဏဓာတုယော, အဋ္ဌ သဟေတုကာနိ ကာမာဝစရ-ဝိပါကစိတ္တာနိ, ပဉ္စ ရူပါဝစရာနိ, စတ္တာရိ အရူပါဝစရာနီတိ ဗာဝီ-သတိဝိဓံ ဟောတိ။ ဣတိ ဣမေဟိ ဆဟိ ဝိညာဏေဟိ သဗ္ဗာနိပိ ဗာတ္တိံသ လောကိယဝိပါကဝိညာဏာနိ သင်္ဂဟိတာနိ ဟောန္တိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

သင်္ခါရပစ္စယာ ဝိညာဏပဒနိဒ္ဒေသေ၊ သင်္ခါရပစ္စယာ ဝိညာဏံ- ဟူသော ပုဒ်ကို ညွှန်ပြရာ၌။ စက္ခုဝိညာဏန္တိအာဒီသု၊ စက္ခုဝိညာဏ် အစရှိသည်တို့၌။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ ဝါ၊ မျက်စိအကြည်ကို မှီ၍ သိတတ်သော

သဘောဝိညာဏ်သည်။ ကုသလဝိပါကံ၊ ကုသိုလ်၏အကျိုးငှင်း၊၊ အကုသလ-ဝိပါကံ၊ အကုသိုလ်၏အကျိုးငှင်း။ ဣတိ၊ ဤသို့။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ သောတ ဃာန ဇိဝှါ ကာယဝိညာဏာနိ၊ သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ်တို့သည်။ တထာ၊ ထိုစက္ခုဝိညာဏ် အတူ။ ဒုဝိဓံ၊ ကုသိုလ်၏အကျိုး အကုသိုလ်၏အကျိုးဟူ၍ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ မနောဝိညာဏံ ပန၊ မနောဝိညာဏ်သည်ကား။ ကုသ-လာကုသလဝိပါကာ၊ ကုသိုလ်၏အကျိုး အကုသိုလ်၏ အကျိုးဖြစ်ကုန်သော။ ဒွေ၊ နှစ်ပါးကုန်သော။ မနောဓာတုယော စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်ကုန်သော မနောဓာတ်တို့ငှင်း။ တိဿော၊ သုံးပါးကုန်သော။ အဟေတုကမနောဝိညာဏ-ဓာတုယော စ၊ အဟိတ်ဖြစ်ကုန်သော သန္တီရဏဟု ဆိုအပ်သော မနောဝိညာ-ဏဓာတ်တို့ငှင်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ သဟေတုကာနိ၊ ဟိတ်နှင့်တကွ ဖြစ်ကုန်သော။ ကာမာဝစရဝိပါကစိတ္တာနိ စ၊ ကာမာဝစရဝိပါက်စိတ်တို့ငှင်း။ ဝါ၊ ကာမဘုံ၌ကျင်လည်တတ်ကုန်သော အကျိုးဖြစ်ကုန်သော အသိသဘောတို့ငှင်း။ ပဉ္စ၊ ငါးပါးကုန်သော။ ရူပါဝစရာနိ စ၊ ရူပါဝစရဝိပါက်စိတ်တို့ငှင်း။ ဝါ၊ ရူပဘုံ၌ ကျင်လည်တတ်ကုန်သော အကျိုးဖြစ်ကုန်သော အသိသဘောတို့ငှင်း။ စတ္တာရိ၊ လေးပါးကုန်သော။ အရူပါဝစရာနိ စ၊ အရူပါဝစရဝိပါက်စိတ်တို့ငှင်း။ ဝါ၊ အရူပဘုံ၌ ကျင်လည်တတ်ကုန်သော အကျိုးဖြစ်ကုန်သော အသိသဘော တို့ငှင်း။ ဣတိ၊ ဤသို့။ ဗာဝီသတိဝိဓံ၊ နှစ်ဆဲ့နှစ်ပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဆဟိ၊ ခြောက်ပါးကုန်သော။ ဣမေဟိ ဝိညာဏေဟိ၊ ဤအသိသဘောဟု ဆိုအပ်သော ဝိညာဏ်တို့ဖြင့်။ သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဗာတ္တိံသ၊ ၃၂-ပါးကုန်သော။ လောကိယဝိပါကဝိညာဏာနိ၊ လောကီဝိပါက်ဝိညာဏ်တို့ကို။ ဝါ၊ တို့သည်။ သင်္ဂဟိတာနိ၊ ပေါင်း၍ယူအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ လောကီဝိပါက်ဝိညာဏ် ၃၂-ပါးအပြား ရှိသည်ကို ထင်ရှားသိကြလေ။

**ဖိုလ်စိတ်သည် သင်္ခါရ၏ အကျိုးမဟုတ်။** ။ငှင်း ၃၂-ပါးကုန်သော လောကီ ဝိပါက်တို့မှ ကြွင်းသော သောတာ-ပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ် တည်းဟူသော လောကုတ္တရာဝိပါက် လေးပါးတို့ကိုမူကား ဝဋ္ဋတရားတို့ကို ဆိုရာဌာနဖြစ်၍ မသင့်သောကြောင့် မယူအပ်ဟု သိကြလေ။ ထိုသို့ သိအပ်ကြောင်းကိုလည်း သမ္မောဟဝိနောဒနီ အဋ္ဌကထာ ပဋိစ္စ သမုပ္ပါဒ် အဖွင့် စာမျက်နှာ (၁၄၃)၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပညာဘူမိ အဖွင့် စာမျက်နှာ (၁၇၇)၌ —

လောကုတ္တရာနိ ပန ဝဋ္ဋကထာယံ န ယုဇ္ဇန္တီတိ န ဂဟိတာနိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

လောကုတ္တရာနိ ပန၊ လောကုတ္တရာဝိပါက်တို့ကိုကား။ ဝဋ္ဋကထာယံ၊ မပြတ်ဖြစ်ပေါ်၍ သံသရာလည်ခြင်းကို ဆိုရာ၌။ န ယုဇ္ဇန္တိ၊ မသင့်ကုန်။ ဣတိ တသ္မာ၊ ထိုသို့ မသင့်ခြင်းကြောင့်။ န ဂဟိတာနိ၊ မယူအပ်ကုန်။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ လောကုတ္တရာဝိပါက်တို့ကို မယူအပ်ကြောင်းကို ထင်ရှားသိကြလေကုန်။

**လောကီ ဝိပါက်စိတ် သင်္ခါရ၏ အကျိုးဖြစ်ပုံ ရှင်းချက်**

ထို ဆိုအပ်ကုန်ပြီးသော လောကီ ဝိပါက် ၃၂-ပါးတို့ကို ရှေး၌ ပြဆိုအပ်ခဲ့ပြီးသော သင်္ခါရတရားတို့ကြောင့်ဖြစ်သော တရားတို့ဟူ၍ အဘယ်ကြောင့် သိရလေသနည်းဟု မေးငြားအံ့။ အကယ်၍ ဆည်းပူးပြုလုပ်အပ်သော ကံဟု ဆိုအပ်သော သင်္ခါရစေတနာဖြစ်မှု မရှိခဲ့လျှင် ကောင်း အကျိုးတရားဖြစ်မှု မရှိနိုင်ရာ။ ဆည်းပူးအပ်သော အကြောင်းကံ သင်္ခါရတရား ဖြစ်မှု ရှိမှသာလျှင် ကောင်း အကျိုးတရား ဖြစ်မှုလည်း ရှိနိုင်ရာသည်။

ဥပမာ စပါးမျိုးစေ့ကို စိုက်ပျိုးခြင်း မရှိခဲ့လျှင် စပါးသီးခြင်းတို့သည် ကောင်း ဖြစ်မှု မရှိနိုင်။ စပါးမျိုးစေ့ကို စိုက်ပျိုးမှသာလျှင် စပါးသီးခြင်း တည်းဟူသော အကျိုးသည် ဖြစ်နိုင်သကဲ့သို့ ထို ဥပမာအတူ အကြောင်းကံကို ပြုလုပ်ဆည်းပူးအပ်မှသာလျှင် ကောင်းအကျိုးတရားဖြစ်နိုင်သည်။အကြောင်းကံကို ပြုလုပ်ဆည်းပူးခြင်း မရှိလျှင် အကျိုးတရားလည်း ဘယ်အခါမှ ဖြစ်ပေါ်မှု မရှိပြီ။ အကယ်၍ ဆည်းပူးအပ်သော ကံမရှိပဲ အကျိုးဖြစ်ပေါ်ခဲ့အံ့၊ အလုံးစုံသော သတ္တဝါတို့အား အလုံးစုံသော ဝိပါက်တို့သည် ဖြစ်ကုန်ရာ၏။ ထိုသို့ ဖြစ်ခြင်း မရှိခြင်းကြောင့် ရှေးရှေးက ပြုလုပ်ခဲ့ဘူးသောအကြောင်း သင်္ခါရကြောင့်ပင် အကျိုး ဝိညာဏ် ဖြစ်ပေါ်ကြောင်းကို ထင်ရှားသိနိုင်လေသည် ဟူလို။ ဤကား အဖြေတည်း။ ထိုကဲ့သို့ သဘောရှိသော အမေးအဖြေကို ပြဆိုလိုသော သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် စာမျက်နှာ(၁၄၃)၊ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် စာမျက်နှာ(၁၇၇)၌—

တတ္ထ သိယာ ကထံ ပနေတံ ဇာနိတဗ္ဗံ "ဣဒံ ဝုတ္တပ္ပကာရံ ဝိညာဏံ သင်္ခါရပစ္စယာ ဟောတီ"တိ။ဥပစိတကမ္မာဘာဝေ ဝိပါကာဘာဝတော။ ဝိပါကဉ္စေတံ၊ ဝိပါကဉ္စ န ဥပစိတကမ္မာဘာဝေ ဥပ္ပဇ္ဇတိ။ ယဒိ

ဥပ္ပဇ္ဇေယျ၊ သဗ္ဗေသံ သဗ္ဗဝိပါကာနိ ဥပ္ပဇ္ဇေယျုံ၊ န စ ဥပ္ပဇ္ဇန္တီတိ
ဇာနိတဗ္ဗမေတံ "သင်္ခါရပစ္စယာ ဣဒံ ဝိညာဏံ ဟောတီ"တိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

တတ္ထ၊ ထိုသင်္ခါရပစ္စယာ ဝိညာဏံ တည်းဟူသောပါဌ်၌။ စောဒနာ၊ အမေးသည်။ သိယာ၊ ဖြစ်ရာ၏။ ကိံ သိယာ၊ အဘယ်သို့ ဖြစ်ရာသနည်း။ ဝုတ္တပ္ပကာရံ၊ ဆိုအပ်ပြီးသော အပြားရှိသော။ ဣဒံ ဝိညာဏံ၊ ဤအသိသဘော ဝိညာဏ်သည်။ သင်္ခါရ ပစ္စယာ၊ ပြုလုပ်ခဲ့ဘူးသော ကုသိုလ်စေတနာ အကုသိုလ်စေတနာဟူသော အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဧတံ ဝစနံ၊ ဤစကားကို။ ကထံ ပန ကေန ကာရဏေန၊ အဘယ်အကြောင်းကြောင့်။ အမှေဟိ၊ ငါတို့သည်။ ဇာနိတဗ္ဗံ၊ သိအပ်သနည်း။ ဣတိစောဒနာ၊ ဤသို့သော အမေးသည်။ သိယာ၊ ဖြစ်ရာ၏။ ဥပစိတကမ္မာဘာဝေ၊ ဆည်းပူးအပ်သော ကံမရှိလတ်သော်။ ဝိပါကာဘာဝတော၊ အကျိုး၏ဖြစ်ခြင်း မရှိခြင်းကြောင့်။ ဇာနိတဗ္ဗံ၊ သိအပ်၏။ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ ဧတံ၊ ဤ လောကီဝိပါက် ၃၂-ပါးဟူသော အသိသဘော ဝိညာဏ်သည်။ ဝိပါကံ၊ ကံ၏အကျိုးဖြစ်သော သဘောဝိညာဏ်သည်။ ဟောတိ၊ ၏။ တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုကံ၏အကျိုးဖြစ်သော အသိသဘောဟုဆိုအပ်သော ဝိညာဏ်သည်။ သင်္ခါရပစ္စယာ၊ သင်္ခါရဟူသောအကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ စ၊ ထိုစကားကိုချဲဦးအံ့။ ဝိပါကံ၊ ကံ၏ အကျိုးဖြစ်သော အသိသဘော ဝိညာဏ်သည်။ ဥပစိတကမ္မာဘာဝေ၊ ဆည်းပူးအပ်သော ကံမရှိသည်။ သတိ၊ ရှိသော်။ န ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်ခြင်းမရှိ။ ယဒိ ဥပ္ပဇ္ဇေယျ၊ အကယ်၍ ဆည်းပူးအပ်သော ကံမရှိဘဲလျက် အကျိုးတရားသည် ဖြစ်ခဲ့ငြားအံ့။ ဧဝံ၊ ဤသို့ဖြစ်ခြင်းသည်။ သတိ၊ ရှိသော်။ သဗ္ဗေသံ၊ အလုံးစုံကုန်သော သတ္တဝါတို့အား။ သဗ္ဗဝိပါကာနိ၊ အလုံးစုံကုန်သော ကံ၏အကျိုးဖြစ်ကုန်သော အသိသဘော ဝိညာဏ်တို့သည်။ ဥပ္ပဇ္ဇေယျုံ၊ ဖြစ်ကုန်ရာ၏။ ဥပစိတကမ္မာဘာဝေ၊ ဆည်းပူးအပ်သော ကံမရှိသည်။ သတိ၊ ရှိသော်။ ဝိပါက-ဝိညာဏာနိ၊ ကံ၏ အကျိုးဖြစ်သော အသိသဘောဟု ဆိုအပ်သော ဝိညာဏ်တို့သည်။ န စ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်မှုလည်းမရှိကုန်။ ဣတိ တသ္မာ၊ ထိုသို့ဖြစ်ပေါ်မှုမရှိသည်၏အဖြစ်ကြောင့်။ သင်္ခါရပစ္စယာ၊ ဘဝတပါး၌ပြုလုပ်ခဲ့ဘူးသော ကံဟုဆိုအပ်သော စေတနာတည်းဟူသော သင်္ခါရကြောင့်။ ဣဒံ ဝိညာဏံ၊ ဤအသိသဘောဟုဆိုအပ်သော ဝိညာဏ်သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဧတံ ဝစနံ၊ ထိုစကားကို။ တုမှေဟိ၊ သင်တို့သည်။ ဇာနိတဗ္ဗံ၊ သိအပ်၏။ ဣတိ အယံ၊ ဤသည်ကား။ ပရိဟာရော၊ အဖြေတည်း။

ဤသို့ပြဆိုအပ်သည်ကိုထောက်၍ ရှေးရှေးဘဝတို့က ပြုလုပ်ခဲ့သော သင်္ခါရတို့ကြောင့်သာလျှင် ကံ၏အကျိုးဖြစ်သော ဝိညာဏ်တို့၏ ဖြစ်ကြောင်းကို ထင်ရှားသိကြလေကုန်။

**ကာမကုသိုလ်အကျိုး ဝိညာဉ် ၁၆-ပါး။** ။ထိုပြဆိုအပ်ပြီးသော သင်္ခါရကြောင့် ဖြစ်ကုန်သော အကျိုးဟု ဆိုအပ်ကုန်သော ဝိပါက်စိတ် ၃၂-ပါးတို့တွင် ၁၆-ပါးကုန်သော ဝိညာဏ်တို့သည် ပုညာဘိသင်္ခါရကြောင့် ဖြစ်ကုန်၏။ ထိုပုညာဘိသင်္ခါရကြောင့် ဖြစ်ကုန်သော ၁၆-ပါးသော ဝိပါက်ဝိညာဏ်တို့ ဟူသည်ကား—

စက္ခုဝိညာဏ်တစ်။ သောတဝိညာဏ်တစ်။ ဃာနဝိညာဏ်တစ်။ ဇိဝှါဝိညာဏ်တစ်။ ကာယဝိညာဏ်တစ်။သမ္ပဋိစ္ဆိုင်းတစ်။ဥပေက္ခာသန္တီရဏတစ်။သောမနဿ-သန္တီရဏတစ်။ ပေါင်း အဟိတ်ဝိပါက် ရှစ်။

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ဝိပါက်စိတ်တစ်။ သော-မနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက ဝိပါက်စိတ်တစ်။ သောမနဿ-သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက ဝိပါက်စိတ်တစ်။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက ဝိပါက်စိတ်တစ်။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ဝိပါက်စိတ်တစ်။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက ဝိပါက်စိတ်တစ်။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက ဝိပါက်စိတ်တစ်။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက ဝိပါက်စိတ်တစ်။ ပေါင်း သဟိတ် ဝိပါက်စိတ် ရှစ်ခု။

ဤသို့လျှင် သဟိတ်ဝိပါက်ရှစ်။ အဟိတ်ဝိပါက်ရှစ်။ ပေါင်း ၁၆-ပါးကုန်သော ဝိပါက်တို့သည် ဖြစ်ကုန်၏။ ၎င်းဝိပါက် ၁၆-ပါးတို့သည် ကာမကုသိုလ် ပုညာဘိ-သင်္ခါရကြောင့် ဖြစ်ကြောင်းကိုလည်း သမ္မောဟဝိနောဒနီအဋ္ဌကထာစာမျက်နှာ (၁၄၃)၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စာမျက်နှာ (၁၇၇) ၌—

> ကာမာဝစရပုညာဘိသင်္ခါရပစ္စယာ တာဝ ကုသလဝိပါကာနိ ပဉ္စ စက္ခုဝိညာဏာဒီနိ, မနောဝိညာဏေ ဧကာ မနောဓာတု, ဒွေ မနော-ဝိညာဏဓာတုယော, အဋ္ဌ ကာမာဝစရမဟာဝိပါကာနီတိ သောဠသ။

ဟူ၍ မိန့်အပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ကာမာဝစရပုညာဘိသင်္ခါရပစ္စယာ၊ ကာမာဝစရ ကုသိုလ် ပုညာဘိသင်္ခါရဟူသောအကြောင်းကြောင့်။ ပဝတ္တာနိ၊ ဖြစ်ကုန်သော။ ဝိပါကာနိ၊ အကျိုးဝိပါက်တို့ကို။ တာဝ၊ ရှေးဦးစွာ။ မယာ၊ ငါအဋ္ဌကထာဆရာသည်။ ဝုစ္စန္တေ၊

ဆိုအပ်ကုန်၏။ ကုသလဝိပါကာနိ၊ ကုသိုလ်၏အကျိုးဖြစ်ကုန်သော။ ပဉ္စ၊ ငါးပါးကုန်သော။ စက္ခုဝိညာဏာဒီနိ စ၊ စက္ခုဝိညာဏ် အစရှိသည်တို့ငှင်း။ဝါ၊ စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ်တို့ငှင်း။ မနောဝိညာဏော၊ မနောဝိညာဏ်၌။ ဧကော၊ တပါးသော။ မနောဓာတု စ၊ ခံလင့်သကဲ့သို့ သိကာမတ္တမျှဖြစ်သော သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်ငှင်း။ ဒွေ၊ နှစ်ပါးကုန်သော။ မနောဝိညာဏဓာတုယော စ၊ စုံစမ်းသော အခြင်းအရာအားဖြင့် မနောဓာတ်ထက် သာလွန်၍ အထူးသိတတ်သော သောမနဿ သန္တီရဏ ဥပေက္ခာသန္တီရဏစိတ် နှစ်ခုတို့ငှင်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော ကာမာဝစရမဟာဝိပါကာနိ စ၊ ကာမသုဂတိဘုံ၌ ကျင်လည်တတ် ဖြစ်တတ်ကုန်သော အကုသိုလ်တို့၏အကျိုးထက် မြင့်မြတ်ကုန်သော ကာမကုသိုလ်တို့၏ အကျိုးဖြစ်ကုန်သော ဝိပါက်စိတ်တို့ငှင်း။ ဣတိ၊ ဤသို့။ သောဠသ၊ တဆဲ့ခြောက်ပါးကုန်သော အကျိုးဝိပါက်စိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့ပြဆိုအပ်သည်ကို ထောက်၍ ရှေး၌ ပြဆိုထားအပ်ခဲ့သည့်အတိုင်း ကာမာဝစရပုညာဘိသင်္ခါရကြောင့် ၁၆-ပါးသော ဝိပါက်စိတ်တို့ဖြစ်ကြောင်းကို ထင်ရှားသိကြလေကုန်။

**ရူပကုသိုလ်အကျိုးဝိညာဉ်ငါးပါး။** ။ရူပါဝစရကုသိုလ် ပုညာဘိသင်္ခါရကြောင့် ငါးပါးသော အကျိုး ဝိပါက်စိတ်တို့သည် ဖြစ်ကုန်၏။ ငါးပါးဟူသော်ကား ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာတည်းဟူသော စျာန်အင်္ဂါငါးပါးနှင့် ယှဉ်၍ဖြစ်သော ပဌမစျာန် ဝိပါက်စိတ်တပါး၊ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာတည်းဟူသော စျာန်အင်္ဂါလေးပါးနှင့် ယှဉ်၍ဖြစ်သော ဒုတိယစျာန် ဝိပါက်စိတ်တပါး၊ ပီတိ သုခ ဧကဂ္ဂတာ တည်းဟူသော စျာန်အင်္ဂါသုံးပါးနှင့် ယှဉ်၍ဖြစ်သော တတိယစျာန် ဝိပါက်စိတ်တပါး၊ သုခ ဧကဂ္ဂတာ တည်းဟူသော စျာန်အင်္ဂါနှစ်ပါးနှင့် ယှဉ်၍ဖြစ်သော စတုတ္ထစျာန် ဝိပါက်စိတ်တပါး၊ ဥပေက္ခာ ဧကဂ္ဂတာ တည်းဟူသော စျာန်အင်္ဂါ နှစ်ပါးနှင့် ယှဉ်၍ဖြစ်သော ပဉ္စမစျာန်ဝိပါက်စိတ်တပါး၊ ဤသို့လျှင် ရူပါဝစရဝိပါက်စိတ် ငါးပါးဖြစ်သတည်း။

ထိုသို့ ရူပကုသိုလ်၏ အကျိုးငါးပါးဖြစ်ကြောင်းကို ထင်ရှား သိစေတော်မူလိုသော သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် စာမျက်နှာ (၁၄၄)၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှင်သည် စာမျက်နှာ (၁၇၈)၌—

ရူပါဝစရပုညာဘိသင်္ခါရပစ္စယာ ပန ပဉ္စ ရူပါဝစရဝိပါကာနိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ပန၊ ကာမာဝစရ ပုညာဘိသင်္ခါရ၏ အကျိုးဝိပါက်မှတပါး ရူပါဝစရပုညာဘိသင်္ခါရ၏ အကျိုးဝိပါက်ကို ဆိုဦးအံ့။ ရူပါဝစရပုညာဘိသင်္ခါရပစ္စယာ၊ ရူပဘုံ၌ ဖြစ်ကြောင်း ဖြစ်သော ရူပါဝစရကုသိုလ်ကံ စေတနာတည်းဟူသော ရူပါဝစရ ပုညာဘိသင်္ခါရဟူသော အကြောင်းကြောင့်။ ပဉ္စ၊ ငါးပါးကုန်သော။ ရူပါဝစရ-ဝိပါကာနိ၊ ရူပဘုံ၌ ကျင်လည်တက် ဖြစ်တတ်ကုန်သော အကျိုးဝိပါက်စိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ရူပါဝစရပုညာဘိသင်္ခါရကြောင့် အကျိုး ငါးပါးဖြစ်သည်ကို ထင်ရှားသိကြလေ။

**ပုညာဘိသင်္ခါရ အကျိုးဝိညာဏ် ၂၁-ပါး။** ။ဤပြဆိုအပ်ပြီးသော ရူပါဝစရ ပုညာဘိသင်္ခါရကြောင့်ဖြစ်သော အကျိုးဝိပါက်စိတ် ငါးပါး၊ ရှေး၌ပြဆိုအပ်ခဲ့ပြီးသော ကာမဝစရပုညာဘိသင်္ခါရကြောင့်ဖြစ်သောအကျိုးဝိပါက်စိတ် ၁၆-ပါး၊ ၎င်းနှစ်ရပ်ကိုပေါင်းသော် ပုညာဘိသင်္ခါရ၏ အကျိုးဝိပါက်စိတ်တို့သည် နှစ်ဆဲ့တပါး ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ကြောင်းကိုလည်း သမ္မောဟဝိနောဒနီ အဋ္ဌကထာ စာမျက်နှာ (၁၄၄)၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စာမျက်နှာ (၁၇၈)၌—

ဧဝံ ပုညာဘိသင်္ခါရပစ္စယာ ဧကဝီသတိဝိဓံ ဝိညာဏံ ဟောတိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ဧဝံ ယထာဝုတ္တနယေန၊ အကြင်အကြင် ဆိုအပ်ပြီးသောနည်းဖြင့်။ ပုညာဘိ-သင်္ခါရပစ္စယာ၊ ပုညာဘိသင်္ခါရဟူသော အကြောင်းကြောင့်။ ဧကဝီသတိဝိဓံ၊ နှစ်ဆဲ့တပါး အပြားရှိသော။ ဝိညာဏံ၊ အသိသဘော ဝိညာဏ်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ပုညာဘိသင်္ခါရ၏ အကျိုးနှစ်ဆဲ့တပါး ဖြစ်ကြောင်းကို ထင်ရှားသိကြလေ။

**အာနေဉ္ဇာဘိသင်္ခါရ အကျိုး ဝိညာဏ် ၄-ပါး။** ။အာနေဉ္ဇာဘိသင်္ခါရ၏ အကျိုးသည် လေးပါးရှိ၏။ လေးပါးဟူသည်ကား အာကာသာနဉ္စာယတနဝိပါက်စိတ်တပါး၊ ဝိညာဏဉ္စာ-ယတန ဝိပါက်စိတ်တပါး၊ အာကိဉ္စညာယတန ဝိပါက်စိတ်တပါး၊ နေဝသညာ နာသညာယတန ဝိပါက်စိတ်တပါး၊ ဤသို့လျှင် အာနေဉ္ဇာဘိသင်္ခါရ၏ အကျိုး ဝိပါက်စိတ်သည် လေးပါးရှိသတည်း။

ထိုသို့ ရှိကြောင်းကို ထင်ရှား သိစေတော်မူလိုသော သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် စာမျက်နှာ(၁၄၄)၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှင်သည် စာမျက်နှာ (၁၇၈)၌——

အာနေဉ္ဇာဘိသင်္ခါရပစ္စယာ ပန စတ္တာရိ အရူပဝိပါကာနိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား–

ပန၊ အဘိုတပါးကို ဆိုဦးအံ့။ အာနေဉ္ဇာဘိသင်္ခါရပစ္စယာ၊ အာနေဉ္ဇာဘိသင်္ခါရဟု ဆိုအပ်သော အရူပကုသိုလ်စေတနာဟူသော အကြောင်းကြောင့်။ စတ္တာရိ၊ လေးပါးကုန်သော။ အရူပဝိပါကာနိ၊ အရူပဝိပါက်တို့သည်။ ဝါ၊ ရုပ်မှကင်း၍ နာမ်ချည်းသက်သက် ဖြစ်ကုန်သော အကျိုးဝိပါက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ အာနေဉ္ဇာဘိသင်္ခါရဟု ဆိုအပ်သော အရူပကုသိုလ်၏ အကျိုးဝိပါက်လေးပါးဖြစ်ကြောင်းကို ထင်ရှားသိကြလေကုန်။ ဤတွင် ကုသိုလ်တို့၏ အကျိုးဝိပါက်တို့ကို ဖော်ပြချက်ပြီး၏။

**အပုညာဘိသင်္ခါရ အကျိုးဝိညာဏ် ၇-ပါး။** ။အကုသိုလ်ဟု ဆိုအပ်သော အပုညာဘိသင်္ခါရ၏ အကျိုးသည်လည်း ခုနစ်ပါး ရှိ၏၊ ခုနစ်ပါးဟူသည်ကား ဥပေက္ခာသဟဂုတ်စက္ခုဝိညာဏ်စိတ်တပါး၊ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်တပါး၊ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ် တပါး၊ ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဏ်စိတ် တပါး၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် တပါး၊ ဥပေက္ခာသဟဂုတ်သမ္ပဋိစ္ဆိုင်းစိတ် တပါး။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် တပါး။ ဤသို့လျှင် ခုနစ်ပါးရှိသတည်း။

ထိုသို့ ရှိကြောင်းကို ထင်ရှားသိစေတော်မူလိုသော သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် စာမျက်နှာ (၁၄၄)၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှင်သည် စာမျက်နှာ (၁၇၈)၌——

အပုညာဘိသင်္ခါရပစ္စယာ ပန အကုသလဝိပါကာနိ ပဉ္စ စက္ခုဝိညာဏာဒီနိ, ဧကာ မနောဓာတု, ဧကာ မနောဝိညာဏဓာတူတိ ဇေဝ သတ္တဝိဓံ ဝိညာဏံ ဟောတိ။

ဟူ၍ မိန့်အပ်ပြီ။

အနက်သိကြောင်း မြန်မာပြန်ကား

ပန၊ ပုညာဘိသင်္ခါရကြောင့် ဖြစ်သော ဝိပါက်မှ တပါး အပုညာဘိ သင်္ခါရကြောင့် ဖြစ်သော ဝိပါက်ကို ဆိုဦးအံ့။ အပုညာဘိသင်္ခါရပစ္စယာ၊ အကုသိုလ်ကံစေတနာ ဟူသော အပုညာဘိသင်္ခါရ အကြောင်းကြောင့်။ အကုသလဝိပါကာနိ၊ အကုသိုလ်၏ အကျိုးဖြစ်ကုန်သော။ ပဉ္စ၊ ငါးပါးကုန်သော။ စက္ခုဝိညာဏာဒီနိ စ၊ စက္ခုဝိညာဏ် အစရှိသည်တို့ငှင်း။ ဝါ၊ စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ်တို့ငှင်း။ ဧကာ၊ တပါးသော။ မနောဓာတု စ၊ ခံလင့်သကဲ့သို့ သိကာမတ္တ ဖြစ်သော သမ္ပဋိစ္ဆိုင်းဟု ခေါ်အပ်သော မနောဓာတ်ငှင်း။ ဧကာ၊ တပါးသော။ မနောဝိညာဏဓာတု စ၊ စုံစမ်းသော အခြင်းအရာအားဖြင့် မနောဓာတ်ထက် သာလွန်၍ အထူးသိတတ်သော ဥပေက္ခာသဟဂုတ် သန္တီရဏဟု ခေါ်အပ်သော မနောဝိညာဏဓာတ်ငှင်း၊ ဣတိ ဧဝံ၊ ဤသို့။ သတ္တဝိဓံ၊ ခုနစ်ပါး အပြားရှိသော။ ဝိညာဏံ၊ အာရုံကိုသိတတ်သော သဘောသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ အကုသိုလ် အပုညာဘိ သင်္ခါရကြောင့် ဖြစ်သော အကျိုးဝိပါက်စိတ် ခုနစ်ပါး ဖြစ်ကြောင်းကို ထင်ရှားသိကြလေ။ ဤတွင် အကုသိုလ်၏ အကျိုးဝိပါက်ကို ပြဆိုချက် ပြီး၏။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော အကုသိုလ်၏ အကျိုး ခုနစ်ပါး၊ ကာမကုသိုလ်၏ အကျိုး (၁၆)ပါး၊ ရူပကုသိုလ်၏ အကျိုး (၅)ပါး၊ အရူပကုသိုလ်၏ အကျိုး (၄)ပါး၊ ၎င်းအားလုံးကို ပေါင်းသော် ဝိပါက်စိတ် ၃၂-ပါး ဖြစ်၏ဟူ၍ သိကြလေကုန်။

**ပဋိသန္ဓေ ပဝတ္တိဝိညာဏ် ၂-ပါး။** ။ထို ဆိုအပ်ခဲ့ပြီးသော အလုံးစုံသော အကျိုး ဝိပါက် ခေါ်အပ်သော ဝိညာဏ်တို့သည် ပဋိသန္ဓေအခါ၌ ဖြစ်သော အကျိုးဝိညာဏ် ပဝတ္တိအခါ၌ ဖြစ်သော အကျိုးဝိညာဏ်အားဖြင့် နှစ်ပါးအပြားရှိကုန်၏။ ထိုသို့ နှစ်ပါးအပြားရှိသည်၏ အဖြစ်ကို ထင်ရှား သိစေတော်မူလိုသော သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် ပဋိစ္စသမုပ္ပါဒ်အဖွင့် စာမျက်နှာ (၁၄၄)၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ရှင်သည် ပညာဘူမိအဖွင့် စာမျက်နှာ (၁၇၈)၌—

သဗ္ဗမေဝ ဟိ ဣဒံ ပဝတ္တိပဋိသန္ဓိဝသေန ဒွိဓာ ပဝတ္တတိ။

ဟူ၍ မိန့်အပ်ပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ဟိ ဝိတ္ထာရေမိ၊ ထိုစကားကို ချဲ့ဦးအံ့။ သဗ္ဗမေဝ၊ အလုံးစုံသာလျှင် ဖြစ်သော။ ဣဒံ ဝိပါကဝိညာဏံ၊ ဤသင်္ခါရ၏ အကျိုးဖြစ်သော ဝိညာဏ်သည်။ ပဝတ္တိပဋိသန္ဓိဝသေန၊ ပဝတ္တိပဋိသန္ဓေ၏ အစွမ်းဖြင့်။ ဒွိဓာ၊ နှစ်ပါးအပြားအား ဖြင့်။ ပဝတ္တတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ပဋိသန္ဓေဝိညာဏ် ပဝတ္တိဝိညာဏ်အား ဖြင့် နှစ်ပါး အပြားရှိကြောင်းကို ထင်ရှားသိကြလေ။

**ပဋိသန္ဓေဝိညာဏ်။** ။ထို နှစ်ပါးတို့တွင် ပဋိသန္ဓေဝိညာဏ်ဆိုသည်မှာ တခြား ကို မဆို။ အခြားမရှိ ချုပ်ခဲ့ပြီးသောဘဝ၌ ဖြစ်ခဲ့ဘူး သော စုတိစိတ်၏ ချုပ်ခြင်းဟု ဆိုအပ်သော ဘင်နှင့် တခဏမျှ အကြား မရှိဘဲ ရအပ်သော အခွင့်ရှိသော ကံတပါးဟု ဆိုအပ်သော သင်္ခါရသည် ဖြစ် စေအပ်သော ဖြစ်ဆဲ ဖြစ်သော ဘဝ၏အစကို တဖန် ဆက်စပ်သော အားဖြင့် အသိသဘောဟု ဆိုအပ်သော ဝိညာဏ်သည် ဖြစ်ပေါ်၏။ ထိုသို့ ဖြစ်ပေါ်ခြင်း ကြောင့် အတိတ်ဘဝ၌ ချုပ်ကွယ်ပြီးသော စုတိစိတ်နှင့် ယခုဖြစ်ဆဲ ဖြစ်သော ဘဝ၌ ဖြစ်ပေါ်စ ဖြစ်သော အသိသဘောဟု ခေါ်ဆိုအပ်သော ဝိညာဏ်စိတ် သည် အကြောင်းဇနက အကျိုးဇညအားဖြင့် ဆက်စပ်ကြပေ၏။

**စုတိနှင့်ပဋိသန္ဓေ ဆက်စပ်ပုံ။** ။ဆက်စပ်ပုံကို ထင်စွာပြဦးအံ့။ အကယ်၍ အတိတ်ဘဝ၌ ပစ်ချ လေပြီးသော ကံဟု ဆိုအပ်သော သင်္ခါရ တပါး၏ အကျိုးဖြစ်သော အဆုံးစွန်သော စုတိစိတ်သည် မချုပ်သေးသည်ဖြစ်အံ့။ ယခု ဖြစ်ဆဲဖြစ်သော ဘဝသစ်၌ ကံတပါးဟုဆိုအပ် သော သင်္ခါရ၏ အကျိုးဖြစ်သော အသိသဘောဟု ဆိုအပ်သော ဝိညာဏ်သည် ဘဝနှစ်ပါးကို ဆက်စပ်သော အားဖြင့် ဖြစ်ပေါ်မှု မရှိလေပြီ။ စင်စစ် အတိတ် ဘဝ၌ ပစ်ချအပ်ပြီးသော ကံဟု ဆိုအပ်သော သင်္ခါရတပါး၏ အကျိုးဖြစ်သော အဆုံးစွန်သော စုတိစိတ်သည် ဖြစ်ပေါ်၍ ချုပ်ကွယ်မှသာလျှင် အတိတ်ဘဝနှင့် ဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန်ဘဝကို တဖန် ဆက်စပ်တတ်သော ဘဝသစ်၏ အစ ဖြစ်သောကံဟု ဆိုအပ်သော သင်္ခါရတပါး၏ အကျိုးဖြစ်သော ပဋိသန္ဓေဝိညာဏ် စိတ်သည် ကေန် အခွင့်ရ၍ ဖြစ်ပေါ် လေ၏။

**ပဌာန်းနည်း ရှင်းချက်။** ။ထိုသို့ ပဋိသန္ဓေစိတ် ဖြစ်ပေါ် ရခြင်းသည် အတိတ် ဘဝ၌ ချုပ်ပြီးသော စုတိစိတ်ကြောင့်ပင် ဖြစ်၏။ ထိုသို့ ဖြစ်ခြင်းကြောင့် စုတိစိတ်သည် အကြောင်းတရား ဖြစ်၏။ ပဋိသန္ဓေစိတ် သည် အကျိုးတရား ဖြစ်၏။ ထိုအကြောင်း ဖြစ်သော အတိတ်ဘဝ၌ ဖြစ်သော စုတိစိတ်သည် ဖြစ်ဆဲ ဖြစ်သော ပစ္စုပ္ပန် ဘဝ၌ ဖြစ်သော ပဋိသန္ဓေ စိတ်အား

မိမိ၏အခြားမဲ့၌ ဖြစ်ပေါ်အောင် ကျေးဇူးပြုတတ်သောကြောင့် **အနန္တရပစ္စည်း**။ ခဏမျှ မခြားစေမူ၍ ကောင်းစွာ မိမိ၏အခြားမဲ့၌ ဖြစ်ပေါ်အောင် ကျေးဇူးပြုတတ်သောကြောင့် **သမနန္တရ** ပစ္စည်း။ မိမိကို **အခြားမရှိ အမှီပြု၍** ဖြစ်စေတတ်သောကြောင့် **အနန္တရူပနိဿယ** ပစ္စည်း။ မိမိသည် မရှိဘဲလျက် ကျေးဇူးပြုတတ်သောကြောင့် **နတ္ထိ** ပစ္စည်း။ မိမိ ကင်းပြီးမှ ဖြစ်ပေါ်အောင် ကျေးဇူးပြုတတ်သောကြောင့် **ဝိဂတ**ပစ္စည်း။ ဤသို့လျှင် အတိတ်ဘဝ၌ စုတိစိတ်သည် ဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန်ဘဝ၌ ဖြစ်ပေါ်သော ပဋိသန္ဓေ ဝိညာဏ်စိတ်အား ပြဆိုအပ်ခဲ့ပြီးသော ငါးပစ္စည်းဖြင့် အကြောင်းခံလျက် ကျေးဇူးပြုပေ၏။

ထို့ကြောင့် အတိတ်ဘဝ၌ စုတိစိတ်သည် အကြောင်းတရားဖြစ်၏၊ ပစ္စုပ္ပန်ဘဝ၌ဖြစ်သော ပဋိသန္ဓေဝိညာဏ်စိတ်သည် အကျိုးတရားဖြစ်၏၊ ထိုအကြောင်းတရားဖြစ်သော စုတိစိတ်သည် ငါးပစ္စည်းဖြင့်ပင် အကြောင်းခံအပ်သော်လည်း ဇနကသတ္တိဖြင့်သာ အကြောင်းခံအပ်ပေ၏၊ ထို့ကြောင့် စုတိစိတ်ကို အကြောင်းဇနကတရားဟု ဆိုအပ်လေသည်၊ အကျိုးပဋိသန္ဓေဝိညာဏ်စိတ်ကို ဇညတရားဟု ဆိုအပ်လေသည်။ ထို့ကြောင့် အတိတ်ဘဝ၌ဖြစ်သော စုတိစိတ်နှင့် ဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန်ဘဝ၌ ဖြစ်ပေါ်သော ပဋိသန္ဓေဝိညာဏ်စိတ်သည် အကြောင်းဇနက အကျိုး ဇညအားဖြင့် ဆက်စပ်ကြလေ၏ဟု ဆိုအပ်လေသတည်း။

**ပဋိသန္ဓေစိတ်ခေါ်ပုံ ရှင်းချက်။** ။ထိုသို့ အကြောင်းအကျိုး ဆက်စပ်ကြသော စိတ်နှစ်ပါးတို့တွင် ယခုဘဝ၌ ဖြစ်ပေါ်စ ဖြစ်သော အကျိုးစိတ်ဟု ဆိုအပ်သော ဝိညာဏ်ကို အဘယ်ကြောင့် ပဋိသန္ဓေဝိညာဏ်ဟု ခေါ်ဆိုအပ်လေသနည်းဟူမူ ၎င်းဝိညာဏ်သည် အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝကို ဆက်စပ်ခြင်းကို ပြုလုပ်ပေ၏၊ ထိုသို့ ပြုလုပ်ခြင်းကြောင့် ၎င်းဝိညာဏ်ကို ပဋိသန္ဓေဝိညာဏ်ဟု ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်ကြောင်းကိုလည်း ဋီကာကျော် ပဋိသန္ဓိကိစ္စအဖွင့် စာမျက်နှာ (၁၂၅)၌—

ဘဝတော ဘဝဿ ပဋိသန္ဓာနံ ပဋိသန္ဓိကိစ္စံ။

ဟူ၍ မိန့်အပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ဘဝတော၊ အခြားမရှိ ဖြစ်အပ်ပြီးသော ဘဝဟောင်းနှင့်။ ဘဝဿ၊ ယခုဖြစ်ဆဲဖြစ်သော ဘဝသစ်ကို။ ပဋိသန္ဓာနံ၊ အဆက်မပြတ်စေရန် တဖန် ဆက်စပ်ခြင်းသည်။ ပဋိသန္ဓိကိစ္စံ၊ ပဋိသန္ဓေကိစ္စမည်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍၎င်း၊ ထိုမှတပါး ပေါရာဏဋီကာ ပဋိသန္ဓိကိစ္စအဖွင့် စာမျက်နှာ(၃၂၆)၌—

ဘဝန္တရပဋိသန္ဓာနတော ပဋိသန္ဓိ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍ငင်း၊ ထိုမှတပါး ဝိသုဒ္ဓိမဂ် မဟာဋီကာ ပညာဘူမိအဖွင့် စာမျက်နှာ (၂၉၈)၌—

ဘဝန္တရေန ဘဝန္တရဿ သန္ဓာနံ ဣမ ပဋိသန္ဓီတိ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍ငင်း၊ ပဋိသန္ဓေဝိညာဏ်ဟု ခေါ်ဆိုအပ် ကြောင်းကို ထင်ရှားသိကြလေ။

အစဉ်အတိုင်း မြန်မာပြန် အနက်သိကြောင်းကို ပြပေအံ့။

ဘဝန္တရပဋိသန္ဓာနတော၊ ဘဝတပါးကို ဆက်စပ်ခြင်းကြောင့်။ ပဋိသန္ဓိ၊ ပဋိသန္ဓိမည်၏။

ဘဝန္တရေန၊ အတိတာနန္တရဘဝတပါးနှင့်။ ဘဝန္တရဿ၊ ယခုဖြစ်ဆဲဖြစ်သော ဘဝတပါးကို။ သန္ဓာနံ၊ ဆက်စပ်ခြင်းကို။ ဣမ၊ ဤအရာ၌။ ပဋိသန္ဓီတိ၊ ပဋိသန္ဓိ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ လွန်ခဲ့ပြီးသော အတိတ်ဘဝနှင့် ယခု ဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန်ဘဝကို အဆက်မပြတ်အောင် ဆက်စပ်တတ်သော ဝိညာဏ်ကိုပင် ပဋိသန္ဓေဝိညာဏ်ဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေ။

**ပဝတ္တိဝိညာဏ်။** ။ပဝတ္တိဝိညာဏ်ဆိုအပ်သည်မှာ ပဋိသန္ဓေဝိညာဏ်ချုပ်သည်မှ စ၍ စုတိစိတ်ကျသည်တိုင်အောင် ဤအတွင်း၌ အစဉ်မပြတ် ဖြစ်ပျက်နေကြသော အကျိုးဝိပါက်စိတ်ဟူသမျှကို ပဝတ္တိဝိညာဏ်ဟု ခေါ်ဆို အပ်သည်၊ ဤသို့လျှင် အကျိုးဖြစ်သော ဝိပါက်ဟု ခေါ်အပ်သော ဝိညာဏ်သည် ပဋိသန္ဓေ, ပဝတ္တိအားဖြင့် နှစ်ပါးအပြားရှိသည်၏ အဖြစ်ကို ထင်ရှားသိကြ လေကုန်။

**ဘုံအားဖြင့် ပဋိသန္ဓေ ဝိညာဏ် ခွဲပုံ။** ။ထိုဆိုအပ်ပြီးသော ပဋိသန္ဓေဝိညာဏ် ပဝတ္တိဝိညာဏ်နှစ်ပါးတို့တွင် ပဋိသန္ဓေ ဝိညာဏ်သည်လည်း အပါယ်လေးဘုံ၌ဖြစ်သော ပဋိသန္ဓေဝိညာဏ်၊ လူ့ဘုံ၌ ဖြစ်သော ပဋိသန္ဓေဝိညာဏ်၊ နတ်ပြည်ခြောက်ထပ်၌ဖြစ်သော ပဋိသန္ဓေ ဝိညာဏ်၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ဖြစ်သော ပဋိသန္ဓေဝိညာဏ်၊ အရူပလေးဘုံ၌ဖြစ်သော ပဋိသန္ဓေဝိညာဏ်အားဖြင့် များစွာသော ပဋိသန္ဓေ ဝိညာဏ်တို့သည် ဖြစ်ကုန်၏။

ထိုဝိညာဏ်တို့တွင် အပါယ်လေးဘုံ၌ဖြစ်သော ပဋိသန္ဓေဝိညာဏ်သည် အကု သိုလ်တည်းဟူသော အပုညာဘိသင်္ခါရကြောင့် ဖြစ်၏။

လူ့ဘုံ နတ်ဘုံ၌ဖြစ်သော ပဋိသန္ဓေဝိညာဏ်သည် ကာမာဝစရကုသိုလ်တည်းဟူသော ပုညာဘိသင်္ခါရကြောင့် ဖြစ်၏။

ရူပါဝစရဘုံ၌ဖြစ်သော ပဋိသန္ဓေဝိညာဏ်သည် ရူပါဝစရကုသိုလ် ပုညာဘိသင်္ခါရကြောင့် ဖြစ်၏။

အရူပါဝစရဘုံ၌ဖြစ်သော ပဋိသန္ဓေဝိညာဏ်သည် အရူပါဝစရကုသိုလ်တည်းဟူသော အာနေဉ္ဇာဘိသင်္ခါရကြောင့် ဖြစ်၏။

**အပါယ်ပဋိသန္ဓေဝိညာဏ်ဖြစ်ပုံ။** ။ထိုသို့ အသီးသီး ဆိုင်ရာ ဆိုင်ရာဖြစ်ပုံကို ထင်စွာ ပြဦးအံ့။ ရှေး၌ ပြဆိုအပ်သော အပုညာဘိသင်္ခါရကြောင့်ဖြစ်သော အကျိုးဝိပါက်စိတ် ခုနစ်ပါးတို့တွင် ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်သည် အပါယ်လေးဘုံ၌ ဖြစ်သော ပဋိသန္ဓေဝိညာဏ်ဖြစ်၏။ ထိုသို့ ဖြစ်ကြောင်းကိုလည်း သမ္မောဟဝိနောဒနီအဋ္ဌကထာ စာမျက်နှာ (၁၄၇)၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စာမျက်နှာ (၁၈၀)၌—

> တတ္ထ အကုသလဝိပါကာယ အဟေတုကမနောဝိညာဏဓာတုယာ အပါယေသု ပဋိသန္ဓိ ဟောတိ။

ဟူ၍ မိန့်အပ်ပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

တတ္ထ၊ ထိုပဋိသန္ဓေဝိညာဏ်တို့တွင်။ အကုသလဝိပါကာယ၊ အကုသိုလ်၏ အကျိုးဖြစ်သော။ အဟေတုက မနောဝိညာဏဓာတုယာ၊ အဟိတ်ဖြစ်သော။ ဝါ၊ သမ္ပယုတ်ဟိတ်မရှိသော မနောဝိညာဏဓာတ်ဟု ဆိုအပ်သော ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြင့်။ အပါယေသု၊ လေးပါးကုန်သော အပါယ်ဘုံတို့၌။ ဝါ၊ ချမ်းသာမှုကင်းသော ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဟု ခေါ်ဆိုအပ်သောဘုံတို့၌။ ပဋိသန္ဓိ၊ ရှေးဘဝနှင့် ပစ္စုပ္ပန်ဘဝကို ဆက်စပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ဆောက်၍ အပါယ်လေးဘုံ၌ ပဋိသန္ဓေနေသော အကျိုးဝိညာဏ်ကို သိကြလေ။

**အဟိတ်ကာမသုဂတိပဋိသန္ဓေ။** ။ကာမာဝစရပုညာဘိသင်္ခါရကြောင့်ဖြစ်သော အကျိုး ဝိပါက် ၁၆-ပါးတို့တွင် အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏဟုခေါ်ဆိုအပ်သော ဝိညာဏ်စိတ်သည် လူ့ပြည်၌ ပဋိသန္ဓေကန်း, ပဋိသန္ဓေနားပင်း, ပဋိသန္ဓေရူး, ပဋိသန္ဓေ အဆွံ့, ပဋိသန္ဓေအအ, နပုံးစသည်တို့၏ ပဋိသန္ဓေဝိညာဏ် ဖြစ်၏။ ထိုသို့ ဖြစ်ကြောင်း

ကိုလည်း သမ္မောဟဝိနောဒနီအဋ္ဌကထာ စာမျက်နှာ (၁၄၇)၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာစာမျက်နှာ (၁၇၀)၌—

ကုသလဝိပါကာယ မနုဿလောကေ ဇစ္စန္ဓဇာတိဗဓိရဇာတိဥမ္မတ္တကဧဠမူဂနပုံသကာဒီနံ။

ဟူ၍ မိန့်အပ်ပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ကုသလဝိပါကာယ၊ ကုသိုလ်၏ အကျိုးဖြစ်သော။ အဟေတုကမနောဝိညာဏဓာတုယာ၊ သမ္ပယုတ်ဟိတ်မရှိသော မနောဝိညာဏဓာတ်ဟု ဆိုအပ်သော ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်ဖြင့်။ မနုဿလောကေ၊ လူ့ဘုံ၌။ ဇစ္စန္ဓဇာတိဗဓိရ ဇာတိဥမ္မတ္တက ဧဠ မူဂ နပုံသကာဒီနံ၊ ပဋိသန္ဓေအားဖြင့် မျက်စိကန်းသောသူ, ပဋိသန္ဓေအားဖြင့် နားပင်းသောသူ, ပဋိသန္ဓေအားဖြင့်ရူးသောသူ, ပဋိသန္ဓေအားဖြင့် ဆွံ့သောသူ, ပဋိသန္ဓေအားဖြင့် အသောသူ, နပုံးစသောသူတို့၏။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ ဝါ၊ ဘဝနှစ်ပါးကို ဆက်စပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

နပုံသကာဒီနံ၌ အာဒိသဒ္ဒါဖြင့် အထစ်ထစ်ပြောတတ်သော မမ္မစသည်ကို ယူလေ။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ ပညာဘူမိအဖွင့် စာမျက်နှာ (၂၉၉) ၌—

နပုံသကာဒီနန္တိ အာဒိသဒ္ဒေန မမ္မာဒီနံ သင်္ဂဟော။

ဟူ၍ မိန့်ဆိုအပ်လေပြီ။ အနက်သိကြောင်း မြန်မာပြန်ကား—

နပုံသကာဒီနန္တိ ဧတ္ထ၊ နပုံသကာဒီနံ-ဟူသော ပါဌ်၌။ သမတိနိဝိဋ္ဌေန၊ ကောင်းစွာ အကျုံးဝင်သော။ အာဒိသဒ္ဒေန၊ အာဒိသဒ္ဒါဖြင့်။ မမ္မာဒီနံ၊ မမ္မစသည်တို့ကို။ ဝါ၊ အထစ်ထစ် ပြောဆိုတတ်သော မမ္မစသည်တို့ကို။ သင်္ဂဟော၊ ရေတွက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ အာဒိသဒ္ဒါဖြင့် မမ္မစသည်တို့ကို ယူအပ်ကြောင်းကို သိကြလေ။ ဤသို့လျှင် သုဂတိအဟိတ်ပဋိသန္ဓေ၏ဖြစ်ပုံကို သိကြလေ။

**သဟိတ်ကာမပဋိသန္ဓေ။** ။ကာမာဝစရကုသိုလ်၏ အကျိုးဖြစ်သော မဟာဝိပါက်စိတ် ရှစ်ခုဟု ဆိုအပ်သော ဝိညာဏ်သည် လူ့ပြည်၌၎င်း၊ နတ်ပြည် ခြောက်ထပ်၌၎င်း ဘုန်းရှိကုန်သော နတ်လူတို့၏

ပဋိသန္ဓေ ဖြစ်၏။ ထိုသို့ဖြစ်ကြောင်းကိုလည်း သမ္မောဟဝိနောဒနီအဋ္ဌကထာ စာမျက်နှာ (၁၄၈)၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စာမျက်နှာ (၁၈၀)၌—

အဋ္ဌဟိ သဟေတုကမဟာဝိပါကေဟိ ကာမာဝစရဒေဝေသု စေဝ မနုဿေသု စ ပုညဝန္တာနံ ပဋိသန္ဓိ ဟောတိ။

ဟူ၍ မိန့်အပ်ပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

အဋ္ဌဟိ၊ ရှစ်ပါးကုန်သော။ သဟေတုကမဟာဝိပါကေဟိ၊ သမ္ပယုတ်ဟိတ်နှင့် တကွ ဖြစ်ကုန်သော မဟာဝိပါက်စိတ်တို့ဖြင့်။ ဝါ၊ မြင့်မြတ်သောအကျိုးဟု ဆိုအပ်သော ဝိညာဏ်စိတ်တို့ဖြင့်။ ကာမာဝစရဒေဝေသု စေဝ၊ ကာမာဝစရ နတ်ပြည်ခြောက်ထပ်တို့၌၎င်း။ မနုဿေသု စ၊ လူ့ပြည်တို့၌၎င်း။ ပုညဝန္တာနံ၊ ဘုန်းရှိကုန်သောသူတို့၏။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ ဝါ၊ ဘဝနှစ်ပါးကို ဆက်စပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ မဟာဝိပါက်စိတ် ရှစ်ခုဟု ဆိုအပ်သော ဝိညာဏ်သည် နတ်ပြည်ခြောက်ထပ် လူ့ဘုံတို့၌ ဘုန်းရှိသောသူတို့၏ ပဋိသန္ဓေ၏ အဖြစ်ကို ထင်ရှား သိကြလေ။

**ရူပပဋိသန္ဓေဝိညာဏ် ဖြစ်ပုံ။** ။ရူပါဝစရကုသိုလ်တည်းဟူသော ပုညာဘိသင်္ခါရ ကြောင့်ဖြစ်ကုန်သော ရှေး၌ပြဆိုအပ်ပြီးသော ဝိပါက်ဝိညာဏ်ငါးပါးတို့တွင် ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါငါးပါးနှင့်ပြည့်စုံသော ပဌမဈာန်နှင့်ယှဉ်သော ဝိပါက်စိတ်ဟုဆိုအပ်သော ဝိညာဏ်သည် ပဌမဈာန်သုံးဘုံ၌ဖြစ်သော ရူပဗြဟ္မာတို့၏ ပဋိသန္ဓေ ဖြစ်၏။

ဝိစာရ ပီတိ သုခ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဒုတိယဈာန်နှင့်ယှဉ်သော ဝိပါက်စိတ်ဟုဆိုအပ်သော ဝိညာဏ်သည်၎င်း၊ ပီတိ သုခ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါသုံးပါးနှင့်ပြည့်စုံသော တတိယ-ဈာန်နှင့်ယှဉ်သော ဝိပါက်စိတ်ဟုဆိုအပ်သော ဝိညာဏ်သည်၎င်း၊ ဤဆိုအပ်ပြီးသော ဝိပါက်ဝိညာဏ်နှစ်ပါးသည် ဒုတိယဈာန်သုံးဘုံ၌ဖြစ်သော ရူပဗြဟ္မာတို့၏ ပဋိသန္ဓေ ဖြစ်၏။

သုခ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော စတုတ္ထဈာန်နှင့်ယှဉ်သော ဝိပါက်စိတ်ဟုဆိုအပ်သော ဝိညာဏ်သည် တတိယဈာန် သုံးဘုံ၌ဖြစ်ကုန်သော ရူပဗြဟ္မာတို့၏ ပဋိသန္ဓေ ဖြစ်၏။

ဥပေက္ခာ ကေဂုတာတည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ပဥ္စမ-ဈာန်နှင့်ယှဉ်သော ဝိပါက်စိတ်ဟုဆိုအပ်သော ဝိညာဏ်သည် အသညသတ်ကြဉ်သော စတုတ္ထဈာန်ခြောက်ဘုံ၌ဖြစ်ကုန်သော ရူပဗြဟ္မာတို့၏ ပဋိသန္ဓေဖြစ်၏။

ဤသို့လျှင် ရူပဗြဟ္မာတို့၏ ပဋိသန္ဓေဝိညာဏ်တို့သည် ငါးပါး ဖြစ်ကုန်၏။ ထိုငါးပါးကုန်သော ဝိညာဏ်တို့ဖြင့်သာလျှင် ရူပဗြဟ္မာဘုံ၌ ရူပဗြဟ္မာတို့အား ပဋိသန္ဓေနေခြင်း ဖြစ်ကုန်၏။ ထိုသို့ဖြစ်ကြောင်းကိုလည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စာမျက်နှာ (၁၇၀)၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ ပဋိစ္စသမုပ္ပါဒ်အဖွင့် စာမျက်နှာ (၁၄၇) ၌—

ပဉ္စဟိ ရူပါဝစရဝိပါကေဟိ ရူပီဗြဟ္မလောကေ။

ဟူ၍ မိန့်အပ်ပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ပဉ္စဟိ၊ ငါးပါးကုန်သော။ ရူပါဝစရဝိပါကေဟိ၊ ရူပဘုံ၌ ကျင်လည်တတ်ဖြစ်တတ်ကုန်သော အကျိုးဝိပါက်စိတ်ဟု ဆိုအပ်သော ဝိညာဏ်တို့ဖြင့်။ ရူပီ-ဗြဟ္မလောကေ၊ ရုပ်ရှိသော ဗြဟ္မာဘုံ၌။ ဥပပဇ္ဇန္တာနံ၊ ဖြစ်ကုန်သော ဗြဟ္မာတို့၏။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ ဝါ၊ ဘဝနှစ်ပါးကို ဆက်စပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ရူပဗြဟ္မာတို့၏ ပဋိသန္ဓေဖြစ်သော ဝိညာဏ်ကို ထင်ရှားသိကြလေ။

**အရူပပဋိသန္ဓေဝိညာဏ်။** ။အရူပါဝစရကုသိုလ်တည်းဟူသော အာနေဥ္ဇာဘိ-သင်္ခါရကြောင့်ဖြစ်ကုန်သော ရှေး၌ ပြဆိုအပ်ခဲ့ပြီးသော အရူပဝိပါက်ဟု ဆိုအပ်သော ဝိညာဏ်လေးပါးတို့တွင် အာကာသာနဉ္စာ-ယတနဝိပါက်ဟု ဆိုအပ်သော ဝိညာဏ်သည် အာကာသာနဉ္စာယတနဘုံ၌ ဖြစ်ကုန်သော အရူပဗြဟ္မာတို့၏ ပဋိသန္ဓေ ဖြစ်၏။

ဝိညာဏဉ္စာယတနဝိပါက်ဟု ဆိုအပ်သော ဝိညာဏ်သည် ဝိညာဏဉ္စာယတ-န ဘုံ၌ ဖြစ်ကုန်သော အရူပဗြဟ္မာတို့၏ ပဋိသန္ဓေ ဖြစ်၏။

အာကိဉ္စညာယတနဝိပါက်ဟု ဆိုအပ်သော ဝိညာဏ်သည် အာကိဉ္စညာယ-တနဘုံ၌ ဖြစ်ကုန်သော အရူပဗြဟ္မာတို့၏ ပဋိသန္ဓေ ဖြစ်၏။

နေဝသညာနာသညာယတနဝိပါက်ဟု ဆိုအပ်သော ဝိညာဏ်သည် နေဝ-သညာနာသညာယတနဘုံ၌ ဖြစ်ကုန်သော အရူပဗြဟ္မာတို့၏ ပဋိသန္ဓေ ဖြစ်၏။

ဤသို့လျှင် အရူပဘုံ၌ ဖြစ်ကုန်သော အရူပဗြဟ္မာတို့သည် အရူပဝိပါက်ဟု ဆိုအပ်သော ဝိညာဏ်လေးပါးတို့ဖြင့် ပဋိသန္ဓေ နေကုန်၏။ ထိုသို့ နေကြောင်း ကိုလည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပညာဘူမိအဖွင့် စာမျက်နှာ(၁၇၀)၊ သမ္မောဟ ဝိနောဒနီအဋ္ဌကထာ ပဋိစ္စသမုပ္ပါဒ်အဖွင့် စာမျက်နှာ (၁၄၇)၌—

စတူဟိ အရူပါဝစရဝိပါကေဟိ အရူပလောကေ။

ဟူ၍ မိန့်အပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

စတူဟိ၊ လေးပါးကုန်သော။ အရူပါဝစရဝိပါကေဟိ၊ အရူပဘုံ၌ ကျင် လည်တတ် ဖြစ်တတ်ကုန်သော အကျိုးဟု ဆိုအပ်ကုန်သော ဝိညာဏ်တို့ဖြင့်။ အရူပလောကေ၊ အရူပဘုံ၌။ ဝါ၊ ရုပ်မရှိသော နာမ်ချည်းသက်သက် ဖြစ်ကုန် သော သူတို့၏ ဖြစ်ရာဘုံ၌။ ဥပပဇ္ဇန္တာနံ၊ ဖြစ်ကုန်သော အရူပဗြဟ္မာတို့၏။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ ဝါ၊ ဘဝနှစ်ပါးကို ဆက်စပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ အရူပဗြဟ္မာတို့သည် အရူပဝိပါက် လေးပါးတို့ဖြင့် အရူပဘုံ၌ ပဋိသန္ဓေနေကြောင်းကို ထင်ရှားသိကြလေကုန်။ ဤဆိုအပ်ပြီးသော အပါယ်ပဋိသန္ဓေဝိညာဏ် တပါး၊ ကာမသုဂတိပဋိသန္ဓေ ဝိညာဏ် ကိုးပါး၊ ရူပဘုံ၌ ပဋိသန္ဓေဝိညာဏ် ငါးပါး၊ အရူပဘုံ၌ ပဋိသန္ဓေ ဝိညာဏ် လေးပါး၊ ၎င်းတို့ကို ပေါင်းသော် ပဋိသန္ဓေဝိညာဏ် (၁၉)ပါး ဖြစ် ၏။ ထိုသို့ ဖြစ်ကြောင်းကိုလည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာစာမျက်နှာ (၁၇၀)၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ စာမျက်နှာ (၁၄၇)၌—

ဝုတ္တပ္ပကာရာနေဝ ဧကူနဝီသတိ ပဋိသန္ဓိစိတ္တာနိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ဝုတ္တပ္ပကာရာနေဝ၊ ဆိုအပ်ပြီးသော အပြားရှိသည်သာလျှင် ဖြစ်ကုန်သော။ ဧကူနဝီသတိ၊ တခုယုတ် နှစ်ဆယ်ကုန်သော။ ပဋိသန္ဓိစိတ္တာနိ၊ ပဋိသန္ဓေစိတ် တို့သည်။ ဝါ၊ ဘဝနှစ်ပါးကို ဆက်စပ်တတ်သော အကျိုးဝိပါက်စိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ပဋိသန္ဓေစိတ်(၁၉)ပါး ဖြစ်ကြောင်းကို ထင်ရှားသိကြလေကုန်။

**အသညသတ် ပဋိသန္ဓေ။** ။ဆိုအပ်ပြီးသည်မှ ကြွင်းသော အသညသတ်ဘုံ၌ ဖြစ်သော ပြဟ္မာတို့အားကား ရုပ်သည်သာလျှင် ပဋိသန္ဓေဖြစ်၏။ ထိုရုပ်ပဋိသန္ဓေနှင့်မူကား ပဋိသန္ဓေ(၂၀) ဖြစ်လေသတည်း။ ထိုသို့ ဖြစ်ကြောင်းကိုလည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စာမျက်နှာ (၁၈၀)၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ စာမျက်နှာ(၁၄၈)၌---

အသညပဋိသန္ဓိယာ သဒ္ဓိံ ဝီသတိ ပဋိသန္ဓိယော။

ဟူ၍ မိန့်အပ်ပြီ။

အနက်သိကြောင်း မြန်မာပြန်ကား---

အသညပဋိသန္ဓိယာ၊ သညာမရှိသော ရုပ်သက်သက်ဖြစ်သော ပဋိသန္ဓေနှင့်။ သဒ္ဓိံ၊ တကွ။ ဝီသတိ၊ နှစ်ဆယ်ကုန်သော။ ပဋိသန္ဓိယော၊ ပဋိသန္ဓေတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ပဋိသန္ဓေ နှစ်ဆယ်ဖြစ်ကြောင်းကို ထင်ရှားသိကြလေကုန်။

**ဝိညာဏ်ဖြစ်သည်ဟု ဟောခြင်းရှင်းချက်။** ။ထိုနှစ်ဆယ်ကုန်သော ပဋိသန္ဓေတို့တွင် ၁၉-ပါးကုန်သော ပဋိသန္ဓေဟု ဆိုအပ်သောဝိညာဏ်တို့ကို သတ္တဝါ အသက် ဖြစ်ပေါ်လာသည်ဟု ဟောတော်မမူအပ်ပါဘဲလျက် အဘယ်ကြောင့် ဝိညာဏ် ဖြစ်ပေါ်လာသည်ဟု ဟောတော်မူရလေသနည်းဟူမူ ဖြစ်ရာဘုံဘဝတို့၌ တဘဝမှ တဘဝသို့ ကူးပြောင်း၍ သွားတတ်သော သတ္တဝါဟူ၍လည်း မရှိ။ တဘဝမှ တဘဝသို့ ထွက်သွား၍ ကူးပြောင်းလေသော ရှင်နေသော ဇီဝဟု ခေါ်သော အသက်ဟူ၍လည်း မရှိသည်၏ အဖြစ်ကို သဗ္ဗညုတဉာဏ်တော်ဖြင့် ပိုင်းခြား၍ သိတော်မူပြီးသော ဗုဒ္ဓဟု ခေါ်ဝေါ်အပ်သော အလုံးစုံကို အကြွင်းမရှိ သိတော်မူပြီးသော ဉာဏ်တော်ရှင်ဖြစ်တော်မူသော ဘုရားဟု ခေါ်အပ်သော ပုဂ္ဂိုလ်ထူးသည် သတ္တဝါအသက် ဖြစ်ပေါ်မှုမရှိသည်၏ အဖြစ်ကိုရှင်း၊ စင်စစ် အာရုံကို သိတတ်သော သဘောသည်သာလျှင် ဖြစ်ပေါ်လာသည်၏ အဖြစ်ကိုရှင်း ထင်ရှားသိစေတော်မူလိုသောကြောင့် သတ္တဝါအသက်ဖြစ်ပေါ်လာသည်ဟူ၍ ဟောတော်မမူအပ်ဘဲ ဝိညာဏ်သည်သာလျှင် ဖြစ်ပေါ်လာသည်ဟူ၍ ဟောတော်မူအပ်လေသည် ဟူလို။

## ပဋိသန္ဓေဘဝင်စုတိတို့၏ အာရုံဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်တို့ကို ပြဆိုချက်

ထိုထိုဘုံ၌ ဖြစ်ပေါ်လာသော ဝိညာဏ်ဟု ခေါ်ဝေါ်အပ်သော အာရုံကို သိတတ်သော သဘောသည် သိအပ်သော အာရုံတရားနှင့် ကင်း၍ ဖြစ်မှုမရှိနိုင်။ အာရုံကို ကိုင်တွယ်အာရုံပြုရမှသာလျှင် ဖြစ်နိုင်လေသည်။ ထို့ကြောင့် ထိုပဋိသန္ဓေ ဝိညာဏ်ဟု ခေါ်ဆိုအပ်သော သိတတ်သော သဘောသည် အဘယ်သို့ သဘောရှိသော အာရုံမျိုးကို အာရုံပြုအပ်ပါသနည်း ဟူမူ ကံဟု ခေါ်ဆိုအပ်သော အာရုံကိုသော်၎င်း၊ ကမ္မနိမိတ်ဟု ခေါ်ဆိုအပ်သော အာရုံကို၎င်း၊ ဂတိနိမိတ်ဟု ခေါ်ဆိုအပ်သော အာရုံကိုသော်၎င်း၊ ဤ ဆိုအပ်ပြီးသော အာရုံသုံးပါးတို့တွင် တပါးပါးကို အာရုံပြုအပ်လေသည်။ ထိုသို့ ပြုအပ်ကြောင်းကို လည်း သမ္မောဟဝိနောဒနီ အဋ္ဌကထာ စာမျက်နှာ(၁၄၈)၌—

> သင်္ခေပတော ပဋိသန္ဓိယာ တီဏိ အာရမ္မဏာနိ ဟောန္တိ ကမ္မံ ကမ္မနိမိတ္တံ ဂတိနိမိတ္တန္တိ။

ဟူ၍ မိန့်အပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

သင်္ခေပတော၊ အကျဉ်းအားဖြင့်။ ပဋိသန္ဓိယာ၊ ပဋိသန္ဓေ၏။ အာရမ္မဏာနိ၊ အာရုံတို့သည်။ ကမ္မံ၊ ကံဟုဆိုအပ်သော စေတနာတည်းဟူသော အာရုံ၎င်း။ ကမ္မနိမိတ္တံ၊ ကမ္မနိမိတ်ဟု ဆိုအပ်သော ကံဖြစ်ကြောင်းဖြစ်သော အာရုံ၎င်း။ ဂတိနိမိတ္တံ၊ ဂတိနိမိတ်ဟု ဆိုအပ်သော လားရာဘဝ၏ အကြောင်းဖြစ်သော အာရုံ၎င်း။ ဣတိ ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ တီဏိ၊ သုံးပါးတို့သည်။ ဟောန္တိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ ပဋိသန္ဓေ၏ ပြုအပ်သော အာရုံကို ထင်ရှားသိကြလေကုန်။

**ကံအာရုံ ပြဆိုချက်။** ။ထိုပဋိသန္ဓေ၏ ပြုအပ်သော အာရုံသုံးပါးတို့တွင် ကံ-ဟု ခေါ်အပ်သော အာရုံသည် အဘယ်နည်း ဟူငြားအံ့။ ထိုပဋိသန္ဓေဝိညာဏ်ကို ဖြစ်စေတတ်သော ရှေးရှေးဘဝတို့၌ အားထုတ်ဆည်းပူးအပ်ပြီးသော ကုသိုလ်စေတနာ အကုသိုလ်စေတနာတရားတို့သည် ကံ-ဟု ဆိုအပ်သော အာရုံဖြစ်လေသည်။ ထို့ကြောင့် ၎င်းသမ္မောဟဝိနောဒနီ အဋ္ဌကထာ စာမျက်နှာ(၁၄၈)၌—

> တတ္ထ ကမ္မံ နာမ အာယူဟိတာ ကုသလာကုသလစေတနာ။

ဟူ၍ မိန့်အပ်လေသည်။

အနက်သိကြောင်း မြန်မာပြန်ကား—

တတ္ထ၊ ထိုပဋိသန္ဓေ၏ အာရုံဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင်။ ကမ္မံ နာမ၊ ကံမည်သည်ကား။ အာယူဟိတာ၊ အားထုတ်အပ်ပြီးသော။ ကုသလာကုသလစေတနာ၊ ကုသိုလ် အကုသိုလ် စေတနာတည်း။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ ကုသိုလ်အကုသိုလ်ဟု ဆိုအပ်သော **စေတနာ**သည်သာလျှင် ကံ-ဟု ဆိုအပ်သော **အာရုံ**ဖြစ်ကြောင်းကို ထင်ရှားသိကြလေ။

**ကမ္မနိမိတ်အာရုံ။** ။ကမ္မနိမိတ်ဟု ဆိုအပ်သော အာရုံသည် အဘယ်နည်းဟူငြားအံ့။ အကြင်အကြင် ဝတ္ထုကို **အာ**ရုံပြု၍ ကုသိုလ်အကုသိုလ်ကံကို အားထုတ်အပ်၏၊ ထိုအားထုတ်အပ်သော ကုသိုလ်အကုသိုလ်ကံ၏ အာရုံဖြစ်သော ဝတ္ထုသည်ပင် ကမ္မနိမိတ်ဟု ဆိုအပ်သော အာရုံဖြစ်လေသည်။ ထို့ကြောင့် ဋီကာအဋ္ဌကထာစာမျက်နှာ(၁၄၇)၌ပင်—

ကမ္မနိမိတ္တံ **နာ**မ ယံ ဝတ္ထုံ အာရမ္မဏံ ကတွာ ကမ္မံ အာယူဟတိ။

ဟူ၍ မိန့်အပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ကမ္မနိမိတ္တံ နာမ၊ ကမ္မနိမိတ် မည်သည်ကား။ ဝါ၊ ကံ၏ဖြစ်ကြောင်းဖြစ်သော အာရုံမည်သည်ကား။ ယံ ဝတ္ထုံ၊ အကြင်ဝတ္ထုကို။ အာရမ္မဏံ၊ အာရုံကို။ ကတွာ၊ ပြု၍။ ကမ္မံ၊ ကုသိုလ် အကုသိုလ် ဟု ဆိုအပ်သော ကံကို။ အာယူဟတိ၊ အားထုတ်၏။ တံဝတ္ထု၊ ထိုအာရုံပြုအပ်သော ကံ၏ဖြစ်ကြောင်းဖြစ်သော ဝတ္ထုသည်။ ကမ္မနိတ္တံ နာမ၊ ကမ္မနိမိတ် မည်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ ကမ္မနိမိတ်ဟု ဆိုအပ်သော အာရုံကို ထင်ရှားသိကြလေ။

**ဂတိနိမိတ်အာရုံ။** ။ဂတိနိမိတ်ဟု ခေါ်အပ်သော အာရုံသည် အဘယ်နည်းဟူငြားအံ့။ ဖြစ်ပေါ်လတ္တံ့သော အရပ်၌ရှိသော အဆင်းသဘောသည် ထင်၏။ ထိုထင်သော အဆင်းသဘောသည်သာလျှင် ဂတိနိမိတ်ပေတည်း။ ထို့ကြောင့် ဋီကာအဋ္ဌကထာ စာမျက်နှာ(၁၄၉)၌—

ဂတိနိမိတ္တံ နာမ နိဗ္ဗတ္တနကဩကာသေ ဧကော ဝဏ္ဏော ဥပဋ္ဌာတိ။

ဟူ၍ မိန့်အပ်ပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ဂတိနိမိတ္တံ နာမ၊ ဂတိနိမိတ်မည်သည်ကား။ ဝါ၊ ဖြစ်ရာဌာန၏ အကြောင်းဖြစ်သော အာရုံမည်သည်ကား။ နိဗ္ဗတ္တနကသြကာသေ၊ ဖြစ်ပေါ်လတ္တံ့သော အရပ်၌။ ပဝတ္တော၊ ဖြစ်သော။ ဧကော၊ တပါးသော။ ဝဏ္ဏော၊ အဆင်းဟု ခေါ်အပ်သော သဘောသည်။ ဥပဋ္ဌာတိ၊ ထင်၏။

ဤ ပြဆိုအပ်သည်ကို ထောက်၍ ဖြစ်ပေါ်လတ္တံ့သော အရပ်၌ ရှိသော အကြင် အဆင်းသည် ထင်၏။ ထိုအဆင်းသဘောသည်ပင် ဂတိနိမိတ်ဟု ဆိုအပ်သော အာရုံဖြစ်ကြောင်းကို ထင်ရှား သိကြလေ။ ထိုပြဆိုအပ်ပြီးသောကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု ဆိုအပ်သော အာရုံသုံးပါးတို့တွင် တပါးပါးသော အာရုံကို အာရုံပြု၍ အခြားမဲ့ဖြစ်ပြီးခဲ့သောဘဝနှင့် ယခုဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန်ဘဝကို တဖန်ဆက်စပ်သောအားဖြင့် ပဋိသန္ဓေ ဝိညာဏ်ဟု ဆိုအပ်သော အသိသဘောသတ္တိသည် ဧကန် ဖြစ်ပေါ်လာ၏ဟု မှတ်။

**ပဋိသန္ဓေဝိညာဉ်အာရုံ၃-မျိုး။** ။တနည်းလည်း ထိုပဋိသန္ဓေဝိညာဏ်၏ အာရုံသည် သုံးပါး ရှိ၏။ သုံးပါး ဟူသည်ကား— အတိတ်ဖြစ်သော အာရုံလည်း တပါး၊ ပစ္စုပ္ပန်ဖြစ်သော အာရုံလည်း တပါး၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူ၍ ကာလအားဖြင့် မဆိုအပ်သော ပညတ်အာရုံလည်း တပါး၊ ဤသို့လျှင် သုံးပါးအပြား ရှိ၏။ ထိုသို့ ရှိကြောင်းကိုလည်း သမ္မောဟဝိနောဒနီ အဋ္ဌကထာ ပဋိစ္စသမုပ္ပါဒ်အဖွင့် စာမျက်နှာ (၁၄၉)၌- —

> အပရော နယော ပဋိသန္ဓိယာ တီဏိ အာရမ္မဏာနိ ဟောန္တိ
> အတီတံ ပစ္စုပ္ပန္နံ န ဝတ္တဗ္ဗဥ္စ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

အပရော၊ တပါးသော။ နယော၊ သိကြောင်းဖြစ်သော နည်းကို။ မယာ၊ ငါအဋ္ဌကထာ ဆရာသည်။ ဝုစ္စတေ၊ ဆိုအပ်၏။ ပဋိသန္ဓိယာ၊ ပဋိသန္ဓေ၏။ အာရမ္မဏာနိ၊ အာရုံတို့သည်။ အတီတဥ္စ၊ အတိတ်ဖြစ်သော အာရုံငင်း။ ပစ္စုပ္ပန္နဥ္စ၊ ပစ္စုပ္ပန်ဖြစ်သော အာရုံငင်း။ န ဝတ္တဗ္ဗဥ္စ၊ ကာလသုံးပါးတို့ဖြင့် မဆိုအပ်သော ပညတ်အာရုံငင်း။ ဣတိ ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ တီဏိ၊ သုံးပါးအပြားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ ပဋိသန္ဓေ၏ အာရုံသုံးပါး ရှိကြောင်းကို ထင်ရှား သိကြလေကုန်။

ထိုပဋိသန္ဓေ၏ အာရုံတို့တွင် အကယ်၍ ကံသည် ထင်ခဲ့အံ့၊ ၎င်းကံသည် အတိတ်အာရုံ ဖြစ်၏။ အကယ်၍ကမ္မနိမိတ်သည် ထင်ခဲ့အံ့၊ ၎င်းကမ္မနိမိတ်သည် အတိတ် ပစ္စုပ္ပန် ပညတ်ဟု ဆိုအပ်သော အာရုံသုံးပါးတို့တွင် တပါးပါးဖြစ်တတ်ပေ၏။ အကယ်၍ ဂတိနိမိတ်သည် ထင်ခဲ့အံ့၊ ထိုဂတိနိမိတ်သည် စင်စစ် ပစ္စုပ္ပန် အာရုံ ဖြစ်၏။

ထိုဆိုအပ်ပြီးသောအာရုံသုံးပါးတို့တွင် အတိတ်ဖြစ်သော ကံ-ဟု ဆိုအပ်သော စေတနာသည် ဓမ္မာရုံ ဖြစ်၏။ ထိုဓမ္မာရုံဖြစ်သော အတိတ် စေတနာကံဟု ဆိုအပ်သော အာရုံကို ဖြစ်ဆဲဘဝမှ အခြားမရှိ လွန်ခဲ့ပြီးသော အနန္တရဘဝ၌ မရဏာသန္နမနောဒွါရိကဇော တို့သည် အာရုံပြု၍ ယူအပ်၏။ ထိုမရဏာသန္နဇော ယူခဲ့ပြီးသော အတိတ်ဖြစ်သောဓမ္မာရုံဟု ဆိုအပ်သော စေတနာကံတည်းဟူသော အာရုံကိုပင် ယခု ဖြစ်ဆဲဖြစ်သော ဘဝသစ်၌ ဖြစ်သော ပဋိသန္ဓေဝိညာဏ်သည် အာရုံပြု၍ ဖြစ်ပေါ်လာ၏။ အကယ်၍ ကမ္မနိမိတ်သည်လည်း ပညတ်ကြဉ်သော ဓမ္မာရုံ ဖြစ်ခဲ့အံ့၊ ထိုဓမ္မာရုံဖြစ်သော ကမ္မနိမိတ်သည် အတိတ်ဖြစ်ပေ၏။ထိုအတိတ်ဖြစ်သော ဓမ္မာရုံ ကမ္မနိမိတ်ကိုပင် အနန္တရဘဝ၌ မရဏာသန္နမနောဒွါရိကဇော တို့သည် အာရုံပြု၍ ယူအပ်၏။ ထိုမရဏာသန္နမနောဒွါရိကဇောတို့ ယူအပ်ပြီးသော အတိတ်ဖြစ်သော ဓမ္မာရုံဟု ဆိုအပ်သော ကမ္မနိမိတ်ကိုပင် ဖြစ်ဆဲဖြစ်သော ဘဝသစ်၌ ပဋိသန္ဓေဝိညာဏ်သည် အာရုံပြု၍ ဖြစ်ပေါ်လာ၏။ ထို ပဋိသန္ဓေဝိညာဏ်သည် အနန္တရဘဝ၌ မနောဒွါရိကဇော ယူအပ်သော ပညတ်ကြဉ်သော အတိတ်ဖြစ်သော ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ဖြစ်ကြောင်းကိုလည်း ဋီကာကျော် ဒွါရဝိမုတ်အဖွင့် စာမျက်နှာ (၁၃၁)၌—

> ဓမ္မာရမ္မဏံ ပန တေသံ တိဏ္ဏမ္ပိ မနောဒွါရဂ္ဂဟိတမေဝ အတီတံ ကမ္မကမ္မနိမိတ္တသမ္မတံ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ပန၊ အထူးကိုဆိုဦးအံ့။ မနောဒွါရဂ္ဂဟိတမေဝ၊ မနောဒွါရ၌ ဖြစ်သော မရဏာသန္နဇောတို့သည် ယူအပ်သည်သာလျှင် ဖြစ်သော။ အတီတံ၊ အတိတ်ဖြစ်သော။ကမ္မကမ္မနိမိတ္တသမ္မတံ၊ကံ ကမ္မနိမိတ်ဟု သမုတ်အပ်သော။ ဓမ္မာရမ္မဏံ၊ ဓမ္မာရုံသည်။ တိဏ္ဏမ္ပိ၊ သုံးပါးလည်း ဖြစ်ကုန်သော။ တေသံ၊ ထိုပဋိသန္ဓေဘဝင်စုတိတို့၏။ အာရမ္မဏံ၊ အာရုံသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သော ပါဠိကိုထောက်၍ ပဋိသန္ဓေဝိညာဏ်သည် အနန္တရဘဝ၌ မနောဒွါရ၌ဖြစ်သော မရဏာသန္နဇောသည် ယူအပ်သော အတိတ်ဖြစ်သော ဓမ္မာရုံ ကံ ကမ္မနိမိတ်ကို အာရုံပြု၍ဖြစ်ကြောင်းကို ထင်ရှားသိကြလေ။

**ပဋိသန္ဓေစိတ်နှင့် ပညတ်အာရုံ။** ။ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံသည်ကား ကာလဝိမုတ်ပေတည်း။ ထို ကာလဝိမုတ် ဓမ္မာရုံဖြစ်သော ပညတ်ကမ္မနိမိတ်ကိုလည်း စင်စစ် အနန္တရဘဝ၌ ဖြစ်သော မနောဒွါရ၌ဖြစ်သော မရဏာသန္နဇောတို့သည် ယူအပ်၏။

ထိုအနန္တရဘဝ၌ မနောဒွါရ၌ဖြစ်သော ဇောတို့သည် ယူအပ်သော ဓမ္မာရုံဟု ဆိုအပ်သော ပညတ်ကမ္မနိမိတ် အာရုံကို ရူပါဝစရဘုံ၌ဖြစ်သော ပဋိသန္ဓေဝိညာဏ်၊အာကာသာနဉ္စာယတနဘုံ၌ ဖြစ်သော ပဋိသန္ဓေဝိညာဏ်၊အာကိဉ္စညာယတနဘုံ၌ဖြစ်သော ပဋိသန္ဓေဝိညာဏ်တို့သည် အာရုံပြု၍ ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ကြောင်းကိုလည်း ဋီကာကျော် ဒွါရဝိမုတ်အဖွင့် စာမျက်နှာ(၁၃၁)၌—

မဟဂ္ဂတပဋိသန္ဓာဒီသု ပန ရူပါဝစရာနံ ပဌမတတိယာရုပ္ပါနဉ္စ ဓမ္မာရမ္မဏမေဝ မနောဒွါရဂ္ဂဟိတံ ပညတ္တိဘူတံ ကမ္မနိမိတ္တသမ္မတံ။

ဟူ၍ မိန့်အပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ပန၊ အဘိုတပါးကို ဆိုဦးအံ့။ မဟဂ္ဂတပဋိသန္ဓာဒီသု၊ မဟဂ္ဂုတ်ပဋိသန္ဓေ စသည်တို့တွင်။ ရူပါဝစရာနဉ္စ၊ ရူပါဝစရ ပဋိသန္ဓေ ဘဝင်စုတိ စိတ်တို့၏၎င်း။ ပဌမတတိယာရုပ္ပါနဉ္စ၊ ပဌမာရုပ္ပဟု ဆိုအပ်သော အာကာသာနဉ္စာယတန တတိယာရုပ္ပဟု ဆိုအပ်သော အာကိဉ္စညာယတန ပဋိသန္ဓေဘဝင်စုတိစိတ်တို့၏ ၎င်း။ မနောဒွါရဂ္ဂဟိတံ၊ လွန်လေပြီးသော အခြားမရှိသောဘဝ၌ မနောဒွါရ၌ ဖြစ်သော မရဏာသန္နဇောသည် ယူအပ်သော။ ပညတ္တိဘူတံ၊ ကသိုဏ်း ပဋိဘာဂနိမိတ် အစရှိသော ပညတ်ကသိုဏ်း ပဋိဘာဂနိမိတ်ကို ခွါ၍ ရအပ်သော ကောင်းကင် ပညတ် အစရှိသည် ဖြစ်၍ ဖြစ်သော။ ကမ္မနိမိတ္တသမ္မတံ၊ ကမ္မ နိမိတ်ဟု သမုတ်အပ်သော ပညတ်တရားသည်သာလျှင်။ အာရမ္မဏံ၊ အာရုံသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ အတီတာနန္တရဘဝ၌ မနောဒွါရ၌ ဖြစ်သော မရဏာသန္နဇောသည် ယူအပ်သော ကာလဝိမုတ် ဖြစ်သော ပညတ်ဓမ္မာရုံဟု ဆိုအပ်သော ကမ္မနိမိတ်သည်လည်း ရူပါဝစရ စသော ပဋိသန္ဓေဝိညာဏ်တို့၏ အာရုံဖြစ်ကြောင်းကို ထင်ရှား သိကြလေ။

**ပဋိသန္ဓေစိတ်နှင့် အာရုံ ၅-ပါး။** ။ဓမ္မာရုံမှ ကြွင်းသော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော ကမ္မ နိမိတ်သည်ကား အတိတ်ပစ္စုပ္ပန် ဖြစ်ပေ၏။ ထိုအတိတ် ပစ္စုပ္ပန် ဖြစ်သော ကမ္မနိမိတ်ကို လွန်ခဲ့ပြီးသော အခြားမရှိသော ဘဝ၌ ဒွါရ ခြောက်ပါးတို့တွင်

ထိုက်သည်အားလျော်စွာ တပါးပါးသော ဒွါရ၌ ဖြစ်သော မရဏာသန္နဇောသည် ယူအပ်၏။ ထိုမရဏာသန္နဇော ယူအပ်သော အာရုံသည်သာလျှင် ဖြစ်ဆဲဖြစ်သော ဘဝ၌ ဖြစ်သော ကာမာဝစရ ပဋိသန္ဓေ ဝိညာဏ်၏ အာရုံ ဖြစ်ပေ၏။ ထိုသို့ ဖြစ်ကြောင်းကိုလည်း ဋီကာကျော် ဒွါရဝိမုတ် အဖွင့် စာမျက်နှာ (၁၃၁)၌—

> ကာမာဝစရာနဉ္စ ပဋိသန္ဓိဘဝင်္ဂါနံ တာဝ ရူပါဒိပဉ္စာရမ္မဏံ ဆဒ္ဒွါ-ရဂ္ဂဟိတံ ယထာရဟံ ပစ္စုပ္ပန္နမတီတဉ္စ ကမ္မနိမိတ္တသမ္မတမာရမ္မဏံ ဟောတိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ဟိ ဝိတ္ထာရေမိ၊ ထိုစကားကို ချဲဦးအံ့။ ကာမာဝစရာနံ၊ ကာမာဝစရ ဖြစ်ကုန်သော။ ဝါ၊ **ကာ**မဘုံ၌ ကျင်လည်တတ် ဖြစ်တတ်ကုန်သော။ ပဋိသန္ဓိ-ဘဝင်္ဂါနံ၊ ပဋိသန္ဓေ ဘဝင်တို့၏။ အာရမ္မဏံ၊ အာရုံကို။ တာဝ၊ ရှေးဦးစွာ။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုဦးအံ့။ ကာမာဝစရာနံ၊ ကာမာဝစရ ဖြစ်ကုန်သော။ ဝါ၊ ကာမဘုံ၌ ကျင်လည်တတ် ဖြစ်တတ်ကုန်သော။ ပဋိသန္ဓိဘဝင်္ဂါနံ၊ ပဋိသန္ဓေ ဘဝင်တို့၏။ ဆဒွါရဂ္ဂဟိတံ၊ ခြောက်ပါးသော ဒွါရ၌ ဖြစ်သော မရဏာသန္နဇောသည် ယူအပ်သော။ ယထာရဟံ၊ ထိုထို ဒွါရတို့၌ ဖြစ်ထိုက်သည်အားလျော်စွာ။ ဝါ၊ ပဋိသန္ဓေဘဝင်တို့၏ အာရုံ ဖြစ်ထိုက်သည်အားလျော်စွာ။ ပစ္စုပ္ပန္နဉ္စ၊ ပစ္စုပ္ပန်လည်းဖြစ်သော။ အတီတဉ္စ၊ အတိတ်လည်း ဖြစ်သော။ ကမ္မ-နိမိတ္တသမ္မတံ၊ ကမ္မနိမိတ်ဟု သမုတ်အပ်သော။ ရူပါဒိ၊ ရူပါရုံ အစရှိသော။ ပဉ္စာရမ္မဏံ၊ ငါးပါးသော အာရုံသည်။ အာရမ္မဏံ၊ အာရုံသည်။ ဟောတိ၊ ဖြစ်၏။

**ဋီကာ အဓိပ္ပါယ် ရှင်းချက်။** ။ဤသို့ ပြဆိုအပ်သော ပါဠိတို့တွင် **ရူပါဒိပဉ္စာ-ရမ္မဏံ** ဟူသော ပါဠ်ဖြင့် ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံကို ပြအပ်၏။ **ကမ္မနိမိတ္တသမ္မတံ** - ဟူသော ပါဠ်ဖြင့် ထိုအာရုံ ငါးပါးသည် ကမ္မနိမိတ် ဖြစ်ကြောင်းကို ပြအပ်၏။ **ပစ္စုပ္ပန္နမတီတဉ္စ** ဟူသော ပါဠ်ဖြင့် ထို ကမ္မနိမိတ်ဖြစ်သော အာရုံ ငါးပါးသည် ပစ္စုပ္ပန် အာရုံလည်း ရှိ၏၊ **အတိတ်** အာရုံလည်း ရှိ၏ ဟူ၍ ပြတော်မူအပ်၏။ **ဆဒွါရဂ္ဂဟိတံ** ဟူသော ပါဠ်ဖြင့် ဒွါရခြောက်ပါး၌ ဖြစ်သော မရဏာသန္နဇောတို့သည် ယူအပ်သည်၏ အဖြစ်ကို ပြတော်မူအပ်၏။ **ယထာရဟံ**-ဟူသောပါဠ်ဖြင့် ခြောက်ဒွါရ၌ ဖြစ်သော မရဏာသန္နဇောတို့သည် ယူအပ်သည်ဟု ဆိုသော်လည်း

တပြိုင်နက် ယူသည် မဟုတ်၊ ထိုက်သည်အားလျော်စွာသာလျှင် ယူအပ်ကြောင်းကို ပြတော်မူအပ်၏။

ထိုသို့ ပြဆိုအပ်သည်ကို ထောက်၍ ရူပါရုံအစရှိသော ကမ္မနိမိတ်သည် ပစ္စုပ္ပန် အတိတ်ကာလနှစ်ပါး ဖြစ်သင့်သည်၏ အဖြစ်ကိုငှင်း၊ ငှင်းကမ္မနိမိတ်ကို အတီတာနန္တရ ဘဝ၌ ဖြစ်သော ခြောက်ဒွါရ၌ ဖြစ်သော မရဏာသန္န ဇောသည် ထိုက်သည်အားလျော်စွာ ယူအပ်သည်၏ အဖြစ်ကိုငှင်း ထင်ရှား သိစေတော်မူအပ်၏။

**ကာမာဝစရာနဉ္စ ပဋိသန္ဓိဘဝင်္ဂါနံ။ ပ။ အာရမ္မဏံ ဟောတိ**–ဟူသော ပါဠ်ဖြင့် ငှင်းမရဏာသန္နဇော ယူအပ်သော ရူပါရုံ စသော ကမ္မနိမိတ်သည်**ကား** ကာမာဝစရဘုံ၌ ဖြစ်ကုန်သော ပဋိသန္ဓေဘဝင်တို့၏ အာရုံဖြစ်သည် အဖြစ်ကို ထင်ရှား သိစေတော်မူအပ်၏။ ထို့ကြောင့် ဓမ္မာရုံမှ ကြွင်းသော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော ကမ္မနိမိတ်သည် အတိတ် ပစ္စုပ္ပန်ဟု ဆိုအပ်သော ကာလနှစ်ပါးနှင့် ဆက်ဆံပြီးလျှင် အတီတာနန္တရ ဘဝ၌ ခြောက်ပါးသော ဒွါရတို့တွင် ထိုက်သည်အားလျော်စွာ တပါးပါးသော ဒွါရ၌ ဖြစ်သော မရဏာသန္နဇောသည် ယူအပ်သည်ဖြစ်၍ ကာမာဝစရပဋိသန္ဓေ ဘဝင်တို့၏ အာရုံ ဖြစ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေ။

ဂတိ နိမိတ် သည်ကား ပစ္စုပ္ပန် ရူပါရုံသည်သာလျှင်တည်း။ ထိုရူပါရုံ ဂတိ နိမိတ်ကို မနောဒွါရ၌ ဖြစ်သော မရဏာသန္နဇောသည် ယူအပ်၏။ ထိုသို့ ယူအပ်သည်၏ အဖြစ်ကိုလည်း ဋီကာကျော် ဒွါရဝိမုတ် အဖွင့် စာမျက်နှာ (၁၃၁)၌—

တထာ ရူပါရမ္မဏံ ကေမေဝ မနောဒွါရဂ္ဂဟိတံ ကေန္တပစ္စုပ္ပန္နံ ဂတိနိမိတ္တသမ္မတံ။

ဟူ၍ မိန့်အပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

တထာ၊ ထိုမှတပါး။ မနောဒွါရဂ္ဂဟိတံ၊ မနောဒွါရ၌ဖြစ်သော မရဏာသန္နဇောသည် ယူအပ်သော။ ကေန္တပစ္စုပ္ပန္နံ၊ စင်စစ် ပစ္စုပ္ပန်ဖြစ်သော။ ဂတိနိမိတ္တသမ္မတံ၊ ဂတိနိမိတ်ဟု သမုတ်အပ်သော။ ကေမေဝ၊ တပါးတည်းသာလျှင် ဖြစ်သော။ ရူပါရမ္မဏံ၊ ရူပါရုံသည်။ ပဋိသန္ဓိယာ စ၊ ပဋိသန္ဓေ၏လည်း။ အာရမ္မဏံ၊ အာရုံသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သောပါဠ်တို့တွင် **ကေန္တပစ္စုပ္ပန္နံ ဂတိနိမိတ္တသမ္မတံ** ဟူသော ပါဠ်ကိုထောက်၍ ဂတိနိမိတ်သည် စင်စစ် ပစ္စုပ္ပန်ဖြစ်သည်၏ အဖြစ်ကို၊ မနော-

**ဒွါရဂ္ဂဟိတံ** ဟူသော ပါဠ်ကိုထောက်၍ ၎င်းပစ္စုပ္ပန်ဖြစ်သော ဂတိနိမိတ်ကို အတီတာနန္တရဘဝ၌ မနောဒွါရ၌ဖြစ်သော မရဏာသန္နဇောသည် ယူအပ်သည်၏အဖြစ်ကို၊ **ရူပါရမ္မဏံ** ဟူသောပါဠ်ကိုထောက်၍ ၎င်းမနောဒွါရ၌ဖြစ်သော မရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန်ဂတိနိမိတ်သည် စင်စစ် ရူပါရုံဖြစ်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။ ဤတွင် ပဋိသန္ဓေ၏ အာရုံအပြားကို ဖော်ပြချက် ပြီး၏။

ထိုပြဆိုအပ်ပြီးသော အတိတ် ပစ္စုပ္ပန်ပညတ်ဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကို ထိုက်သည်အားလျော်စွာ အာရုံပြု၍ ပဋိသန္ဓေဝိညာဏ်သည် ဧကန်ဖြစ်ကြောင်းကို ထင်ရှားသိကြလေကုန်။

**ဘဝင်နှင့် စုတိစိတ်တို့၏ အာရုံ။** ။ထိုဆိုအပ်ပြီးသော အာရုံသည် ပဋိသန္ဓေဝိညာဏ်၏ အာရုံဖြစ်သည် မဟုတ်သေး၊ ပဋိသန္ဓေဝိညာဏ်ချုပ်ပြီးနောက် ဆက်သွယ်၍ ဖြစ်ပေါ်သော ဘဝင်စိတ်တို့၏ ၎င်း၊ အဆုံးစွန်၌ဖြစ်သော စုတိစိတ်တို့၏၎င်း အာရုံဖြစ်သည်သာတည်း။ ဖြစ်ပုံကို ထင်စွာ ပြဦးအံ့။

အကယ်၍ ပဋိသန္ဓေဝိညာဏ်သည် အတိတ်ဖြစ်သော ကံကို အာရုံပြု၍ ဖြစ်ခဲ့အံ့။ ၎င်းပဋိသန္ဓေဝိညာဏ်နောင် ဆက်သွယ်၍ ဖြစ်ကြကုန်သော ဘဝင်စိတ်တို့သည်၎င်း၊ အဆုံးစွန်၌ဖြစ်သော စုတိစိတ်သည်၎င်း၊ ၎င်းပဋိသန္ဓေအာရုံနှင့်တူသော အတိတ်ဖြစ်သော ကံဟု ဆိုအပ်သော အာရုံကိုသာလျှင် အာရုံပြု၍ ဖြစ်ကုန်၏။

အကယ်၍ ပဋိသန္ဓေဝိညာဏ်သည် အတိတ်ဖြစ်သော ကမ္မနိမိတ်အာရုံကို သာလျှင် အာရုံပြု၍ ဖြစ်ခဲ့အံ့။ ၎င်းပဋိသန္ဓေဝိညာဏ်နောင် ဆက်သွယ်၍ ဖြစ်ကြကုန်သော ဘဝင်စိတ်တို့သည်၎င်း၊ အဆုံးစွန်၌ဖြစ်သော စုတိစိတ်သည်၎င်း၊ ၎င်းပဋိသန္ဓေအာရုံနှင့်တူသော အတိတ်ဖြစ်သော ကမ္မနိမိတ်အာရုံကို သာလျှင် အာရုံပြု၍ ဖြစ်ကုန်၏။

အကယ်၍ ပဋိသန္ဓေဝိညာဏ်သည် ပစ္စုပ္ပန်ဖြစ်သော ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ခဲ့အံ့။ ၎င်းပဋိသန္ဓေဝိညာဏ်နောင် ဆက်သွယ်၍ ဖြစ်ကုန်သော ဘဝင်စိတ်တို့သည်၎င်း၊ အဆုံးစွန်၌ဖြစ်သော စုတိစိတ်သည်၎င်း၊ ၎င်းပဋိသန္ဓေ၏ အာရုံနှင့်တူသော ပစ္စုပ္ပန်ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ကုန်၏။

အကယ်၍ ပဋိသန္ဓေဝိညာဏ်သည် ကာလဝိမုတ်ဖြစ်သော ပညတ်အာရုံကို သာလျှင် အာရုံပြု၍ ဖြစ်ခဲ့အံ့။ ၎င်းပဋိသန္ဓေဝိညာဏ်နောင် ဆက်သွယ်၍ ဖြစ်ကြကုန်သော ဘဝင်စိတ်တို့သည်၎င်း၊ အဆုံးစွန်၌ဖြစ်သော စုတိစိတ်သည်၎င်း၊

ငင်းပဋိသန္ဓေ၏ အာရုံနှင့်တူသော ပညတ်အာရုံကိုသာလျှင် အာရုံပြု၍ ဖြစ်ကုန်၏။

အကယ်၍ ပဋိသန္ဓေဝိညာဏ်သည် ပစ္စုပ္ပန်ဖြစ်သော ဂတိနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ခဲ့အံ့။ ငင်းပဋိသန္ဓေဝိညာဏ်နောင် ဆက်သွယ်၍ ဖြစ်ကြကုန်သော ဘဝင်စိတ်တို့သည်ငင်း၊ အဆုံးစွန်၌ဖြစ်သော စုတိစိတ်သည်ငင်း၊ ငင်းပဋိသန္ဓေစိတ်၏ အာရုံနှင့်တူသော ပစ္စုပ္ပန်ဂတိနိမိတ်အာရုံကိုသာလျှင် အာရုံပြု၍ ဖြစ်ကုန်၏။

**ပဋိသန္ဓေ,ဘဝင်,စုတိစိတ်တို့ အာရုံတူရခြင်း အကြောင်း** အဘယ်ကြောင့် တဘဝ၌ဖြစ်သော ပဋိသန္ဓေစိတ် ဘဝင်စိတ် စုတိစိတ်တို့သည် အာရုံအားဖြင့် တူကြလေသနည်းဟူမူ– ငင်းဘဝ၌ ပစ်ချတတ်သော တပါးတည်းသာလျှင်ဖြစ်သော ကံဟု ဆိုအပ်သော **စေတနာ** တည်းဟူသော သင်္ခါရ၏ အကျိုးတရားမျှသာ ဖြစ်ကြသည်၏ **အဖြစ်ကြောင့်** တူကြလေသည် ဟူလို။ ထိုသို့ တဘဝတည်း၌ ပဋိသန္ဓေ ဘဝင် စုတိစိတ်တို့၏ အာရုံတူကြသည်၏ အဖြစ်ကိုလည်း အဘိဓမ္မတ္ထသင်္ဂဟကျမ်း စာမျက်နှာ (၇၁)၌——

ပဋိသန္ဓိဘဝင်္ဂဉ္စ၊ တထာ စဝနမာနသံ။
ဧကမေဝ တထေဝေက-ဝိသယဉ္စေကဇာတိယံ။

ဟူ၍ မိန့်အပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား——

**ဧကဇာတိယံ၊** တခုသောအဖြစ်၌။ ပဋိသန္ဓိ စ၊ ပဋိသန္ဓေစိတ်သည်ငင်း။ **ဘဝင်္ဂဉ္စ၊** ဘဝင်စိတ်သည်ငင်း။ **တထာ၊** ထိုမှတပါး။ **စဝနမာနသဉ္စ၊** စုတိစိတ်သည်ငင်း။ ဧကမေဝ၊ ဘူမိ ဇာတိ သမ္ပယုတ္တဓမ္မ သင်္ခါရအားဖြင့် တူသည်သာလျှင်။ **ဟောတိ၊** ဖြစ်၏။ တထေဝ၊ ထိုအတူသာလျှင်။ ဧကဝိသယဉ္စ၊ တူသောအာရုံ ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။

ဤသို့ပြဆိုအပ်သည်ကိုထောက်၍ တခုသောဘဝ၌ ပဋိသန္ဓေ ဘဝင် စုတိစိတ်တို့၏ အာရုံတူကြသည်၏ အဖြစ်ကို ထင်ရှားသိကြလေကုန်။

**ဘုံအားဖြင့် ပဋိသန္ဓေစိတ်အာရုံခွဲပုံ။** ။ထိုဆိုအပ်ပြီးသော အာရုံတို့ကို အာရုံပြု၍ ဖြစ်ကြကုန်သော ပဋိသန္ဓေကိစ္စတပ်ကုန်သော ပဋိသန္ဓေဝိညာဏ် ၁၉-ပါးတို့တွင် ဝိညာဏဉ္စာယတနဘုံ၌ ဖြစ်သော ဝိညာဏဉ္စာယတန ပဋိသန္ဓေဝိညာဏ်သည် အတိတ် ကမ္မနိမိတ် ဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်ဝိညာဏ်တည်းဟူသော ဓမ္မာရုံကို အာရုံ

ပြု၍ ဖြစ်၏။ နေဝသညာနာသညာယတနဘုံ၌ဖြစ်သော နေဝသညာနာသညာယတန ပဋိသန္ဓေဝိညာဏ်သည် အတိတ် ကမ္မနိမိတ်ဖြစ်သော အာကိဉ္စညာယတန ကုသိုလ်တည်းဟူသော ဓမ္မာရုံကို အာရုံပြု၍ ဖြစ်၏။ အာကာသာနဉ္စာယတနဘုံ၌ဖြစ်သော အာကာသာနဉ္စာယတန ပဋိသန္ဓေ ဝိညာဏ်သည် အာကာသ ကြဉ်သော ကသိုဏ်း ၉-ပါးတို့တွင် တပါးပါးကို ခွါ၍ရအပ်သော ကောင်းကင် ပညတ်ဟုဆိုအပ်သော ကာလဝိမုတ်ဖြစ်သော ပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ ဖြစ်၏။ အာကိဉ္စညာယတနဘုံ၌ဖြစ်သော ပဋိသန္ဓေဝိညာဏ်သည် အာကာသာနဉ္စာယတန ကုသိုလ်ဝိညာဏ်၏ မရှိခြင်းတည်းဟူသော အဘာဝပညတ်သာလျှင် ဖြစ်သော ကာလဝိမုတ်တည်းဟူသော ပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ ဖြစ်၏။

ရူပါဝစရ ပဋိသန္ဓေ ငါးပါးတို့သည် အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ ထိုက်သည်အားလျော်စွာ ပထဝီကသိုဏ်း အစရှိသည်တို့၏ ပဋိဘာဂနိမိတ်ဟု ဆိုအပ်သော ပညတ် ကမ္မနိမိတ်ကို အာရုံပြု၍ ဖြစ်ကုန်၏။ အသညသတ်ဘုံ၌မူကား ရုပ်ပဋိသန္ဓေဖြစ်ခြင်းကြောင့် အာရုံပြုမှု မရှိလေ။ ထိုသို့ မရှိခြင်းကိုလည်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စာမျက်နှာ (၁၇၁)၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ စာမျက်နှာ (၁၄၉)တို့၌—

အသညီ ပဋိသန္ဓိ အနာရမ္မဏာ။

ဟူ၍ မိန့်အပ်လေပြီ။ အနက်သိကြောင်း မြန်မာပြန်ကား—

အသညီ၊ သညာမရှိသော။ ဝါ၊ သညာမှ ကင်းသော။ ပဋိသန္ဓိ၊ ရုပ် သက်သက်ဖြစ်သော ပဋိသန္ဓေသည်။ အနာရမ္မဏာ၊ အာရုံပြုခြင်းမရှိသည်။ ဝါ၊ အာရုံမပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ အသညသတ် ပဋိသန္ဓေ၏ အာရုံ မယူတတ်သည်၏အဖြစ်ကို ထင်ရှား သိကြလေ။

အပါယ်လေးဘုံ၌ ပဋိသန္ဓေကိစ္စ၏ အဖြစ်ဖြင့်ဖြစ်သော အဟိတ် အကုသလ ဝိပါက် ဥပေက္ခာသန္တီရဏ ဝိညာဏ်စိတ် တစ်၊ ကာမသုဂတိဘုံ၌ ပဋိသန္ဓေ ကိစ္စ၏အဖြစ်ဖြင့်ဖြစ်သော အဟိတ် ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ဝိညာဏ်စိတ် တစ်၊ မဟာဝိပါက်စိတ် ရှစ်၊ ပေါင်း ကာမပဋိသန္ဓေဝိညာဏ် ဆယ်ပါးတို့သည် လွန်လေပြီးသော အခြားမရှိသောဘဝ၌ မရဏာသန္နဇောတို့သည် ထိုက်သည်အားလျော်စွာ ယူအပ်သော အတိတ်ဖြစ်သော ကံ၊ အတိတ်ဖြစ်သော ကမ္မနိမိတ်၊ ပစ္စုပ္ပန်ဖြစ်သော ကမ္မနိမိတ်၊ ပစ္စုပ္ပန်ဖြစ်သော ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ထိုက်သည်အားလျော်စွာ ထိုထိုသို့သောဘုံ၌ ဖြစ်ပေါ်ကုန်၏၊ ထိုသို့ ဖြစ်ပေါ်သည်၏အဖြစ်ကိုလည်း—

ဧဝံ ကာမာဝစရပဋိသန္ဓာဒီနံ ယထာသမ္ဘဝံ ဆဒ္ဓါရဂ္ဂဟိတံ ပစ္စုပ္ပန္န-
မတီတဥ္စ ကမ္မကမ္မနိမိတ္တဂတိနိမိတ္တသမ္မတမာရမ္မဏံ ဟောတိ။

ဟူ၍ ဋီကာကျော် စာမျက်နှာ ၁၃၁-၌ မိန့်အပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ဧဝံ ဝုတ္တပ္ပကာရေန၊ ဤဆိုအပ်ပြီးသော အပြားအားဖြင့်။ ကာမာဝစရ-
ပဋိသန္ဓာဒီနံ၊ ကာမာဝစရ ပဋိသန္ဓေစသည်တို့၏။ ဝါ၊ ကာမဘုံ၌ ကျင်လည်
တတ် ဖြစ်တတ်ကုန်သော ပဋိသန္ဓေစသည်တို့၏။ ယထာသမ္ဘဝံ၊ ဖြစ်သင့်သည်
အားလျော်စွာ။ ဆဒ္ဓါရဂ္ဂဟိတံ၊ ခြောက်ဒွါရ၌ဖြစ်သော မရဏာသန္နဇောသည်
ယူအပ်သော။ ပစ္စုပ္ပန္နဥ္စ၊ ပစ္စုပ္ပန်လည်းဖြစ်သော။ အတီတဥ္စ၊ အတိတ်လည်း
ဖြစ်သော။ ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တသမ္မတံ၊ ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု
သမုတ်အပ်သော။ အာရမ္မဏံ၊ အာရုံသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ရှေး၌ပြဆိုအပ်ခဲ့သည့်အတိုင်း ကာမာ
ဝစရပဋိသန္ဓေ ဝိညာဏ်ဆယ်ပါးတို့သည် အတိတာနန္တရဘဝ၌ မရဏာသန္န-
ဇောသည် ထိုက်သည်အားလျော်စွာ ယူအပ်သော အတိတ်ဖြစ်သော ကံ၊
အတိတ်ဖြစ်သော ကမ္မနိမိတ်၊ ပစ္စုပ္ပန်ဖြစ်သော ကမ္မနိမိတ်၊ ပစ္စုပ္ပန်ဖြစ်သော
ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ထိုက်သည်အားလျော်စွာ ထို
ထိုဘုံ၌ ဖြစ်ပေါ်သည်၏အဖြစ်ကို ထင်ရှား သိကြလေ။

ဤတွင် ပဋိသန္ဓေဝိညာဏ်တို့၏ အာရုံနှင့် ၎င်းအာရုံကိုအာရုံပြု၍
ထိုထိုဘုံ၌ဖြစ်ပေါ်ပုံကို ပြချက် ပြီး၏။

---

## သေခါနီးကာလ၌ နိမိတ်သုံးပါးတို့တွင် တပါးပါးထင်သော်လည်း မရဏာသန္နဇောမကျမီ တင်ကူး၍ထင်ပုံကို ပြဆိုချက်

ယခုအခါ ပြဆိုအပ်ပြီးသော အာရုံတို့ကို အာရုံပြု၍ ရှေးဘဝနှင့် ယခု
ပစ္စုပ္ပန်ဟုဆိုအပ်သော ဖြစ်ဆဲဘဝတို့၏ ဆက်စပ်၍ဖြစ်ပုံကို အနည်းငယ် ဖော်ပြ
ဦးအံ့။

**နိမိတ်အာရုံ ကေန် ထင်လာပုံ။** ။ယခု ပစ္စက္ခ မျက်မှောက်ဘဝ၌ ရှေးဦးအစ
ပဋိသန္ဓေဝိညာဏ် ဖြစ်ပေါ်မှုမရှိမီ အခြား
မရှိသော အနန္တရဘဝ၌ သေခါနီးကာလတွင် ဘဝတပါး၌ ပစ်ချလတ္တံ့သော
၎င်းအနန္တရဟု ခေါ်အပ်သော ဖြစ်ဆဲဖြစ်သော ဘဝ၌ ဆည်းပူးအပ်သော ကံ
ဖြစ်စေ၊ ကမ္ဘာ ကုဋေတသိန်းထက်က ဆည်းပူးအပ်ခဲ့ပြီးသော ကံဖြစ်စေ၊ ကုဋေ

တသိန်းထက်လွန်သော ဘဝတို့၌ ဆည်းပူးအပ်ခဲ့ပြီးသော ကံဖြစ်စေ၊ ကုဋေ တသိန်းမှ ယုတ်လျော့သော ဘဝတို့၌ ဆည်းပူးအပ်ခဲ့ပြီးသောကံဖြစ်စေ အကျိုး ပေးခွင့်ကို ရ၍ စုတိစိတ်၏ အခြားမဲ့၌ ယခုဖြစ်ဆဲဖြစ်သော ဘဝသို့ ပစ်ချလို လတ်သော် မရဏာသန္နဇော ဖြစ်ပေါ်မှု မရှိမီကပင်လျှင် တင်ကူး၍ ပစ်ချ လတ္တံ့သော ကံသည်၎င်း၊ ပစ်ချလတ္တံ့သောကံ၏ ဖြစ်ကြောင်းဖြစ်သော ကမ္မ နိမိတ်သည်၎င်း၊ လားရာဂတိ၏ အကြောင်းဖြစ်သော ဂတိနိမိတ်သည်၎င်း ဤဆိုအပ်ပြီးသော နိမိတ်သုံးပါးတို့တွင် တပါးပါးသော နိမိတ်သည် ဧကန် ထင် လာပေ၏။

ထိုသို့ ထင်လာကြောင်းကိုလည်း သမ္မောဟဝိနောဒနီအဋ္ဌကထာ ပဋိစ္စ သမုပ္ပါဒ်အဖွင့် စာမျက်နှာ (၁၄၇) ၌—

> တတ္ထ အတီတေ ကပ္ပကောဋိသတသဟဿမတ္ထကသ္မိမ္ပိ ကမ္မေ ကတေ တသ္မိံ ခဏေ ကမ္မံ ဝါ ကမ္မနိမိတ္တံ ဝါ အာဂန္တွာ ဥပဋ္ဌာတိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

မြန်မာပြန် အနက်သိကြောင်းကား—

တတ္ထ၊ ထိုနိမိတ်တို့တွင်။ အတီတေ၊ လွန်လေပြီးသော။ ကပ္ပကောဋိသတ-သဟဿမတ္ထကသ္မိမ္ပိ၊ ကမ္ဘာကုဋေဘသိန်းထက်၌လည်း။ ကမ္မေ၊ ကံကို။ ကတေ၊ ပြုအပ်သည်ရှိသော်။ တသ္မိံ ခဏေ၊ ထိုသေခါနီးကာလ၌။ ကမ္မံ ဝါ၊ ကံသည် ၎င်း။ ကမ္မနိမိတ္တံ ဝါ၊ ကံ၏ဖြစ်ကြောင်းဟု ဆိုအပ်သော အာရုံသည်၎င်း။ အာဂန္တွာ၊ လာ၍။ ဥပဋ္ဌာတိ၊ ထင်၏။

> ဤ ကမ္မံ ဝါ ကမ္မနိမိတ္တံ ဝါ ဟူသော ပါဌ်၌ ပါရှိသော ဝါ-သဒ္ဒါ သည် သမုစ္စည်းတည်း။ ထိုသမုစ္စည်းဖြစ်သော ဝါ-သဒ္ဒါဖြင့် ဂတိနိမိတ် ကိုလည်း ဆည်းယူအပ်၏။ ကပ္ပကောဋိသတသဟဿမတ္ထကသ္မိမ္ပိ-၌ ပိ-သဒ္ဒါဖြင့် ထိုထက်အလွန်ကိုလည်း ဆည်းယူအပ်၏။ အာဂန္တွာ ဥပ-ဋ္ဌာတိ-၌ လာရောက်၍ ထင်သည်ဆိုသော်လည်း လာရောက်လာသည် မဟုတ်။ လာရောက်သကဲ့သို့ နိမိတ်ထင်လာသည်ကိုသာ ယူကြလေ။ ထို့ကြောင့် ဝိဘင်းမူလဋီကာ စာမျက်နှာ (၁၀၄)၌ "အာဂန္တွာတိ အာဂတံ ဝိယ ဟုတွာ"ဟူ၍ ဖွင့်ပြအပ်လေသည်ဟု မှတ်ကြလေ။ ဤကား အမှာစကားရပ်တို့တည်း။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာပါဌ်ကို ဆောက်၍ သေခါနီးအခါ ကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးသည် လာရောက်သကဲ့သို့ **ထင်လာသည်၏အဖြစ်ကို ထင်ရှားသိကြလေ။**

**ကမ္မနိမိတ်ထင်ဟန် ပုံစံ။** ။ထိုဆိုအပ်ပြီးသော ထင်အပ်သော နိမိတ်သုံးပါးတို့တွင် ကမ္မနိမိတ်ထင်သော ဥဒါဟရဏ်တခုကို ဖော်ထုတ်ပြဦးအံ့။ ရှေးသောအခါ သီဟိုဠ်ကျွန်း၌ နွားကျောင်းအမျိုး၌ ဖြစ်သော မင်း၏ အစီးအပွါးကို စောင့်ရှောက်တတ်သော သီဝလိ အမည်ရှိသော ယောကျ်ားသည် တာလပိဋ္ဌိကမည်သော ကျောင်း၌ စေတီတော်ကို ပြုလုပ်စေ၏။ ထိုစေတီတော်ကို ပြုလုပ်စေသော ကောင်းမှုကြောင့် သေခါနီး၌ ထိုသီဝလိအား ကံ၏ဖြစ်ကြောင်းဟု ဆိုအပ်သော ကမ္မနိမိတ်ဟည်းဟူသော စေတီတော်သည် ထင်လေ၏။ ထိုထင်သော စေတီတော် ကမ္မနိမိတ်ကိုသာလျှင် မရဏာသန္နဇောသည် အာရုံပြုလျက် ဇောစောပြီးလျှင် စုတိစိတ် ကျလေ၏။ ထိုစုတိစိတ် ချုပ်ပြီးသည်နောက် နတ်ပြည်၌ ၎င်း မရဏာသန္နဇောသည် ယူအပ်သော စေတီတော် ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ သီဝလိခေါ်အပ်သော ဘဝနှင့် နတ်သားခေါ်အပ်သော ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ပဋိသန္ဓေဟု ခေါ်အပ်သော အသိသဘောဝိညာဏ်စိတ်သည် ဖြစ်ပေါ်လေ၏။ ထိုအကြောင်းကို ထင်ရှားသိစေတော်မူလိုသော သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် ပဋိစ္စ-သမုပ္ပါဒ်အဖွင့် စာမျက်နှာ (၁၄၇)၌——

> တတြိဒံ ကမ္မနိမိတ္တဿ ဥပဋ္ဌာနေ ဝတ္ထု၊ ဂေါပကသီဝလိ ကိရ နာမ တာလပိဋ္ဌိကဝိဟာရေ စေတိယံ ကာရေသိ။ တဿ မရဏမဉ္စေ နိပန္နဿ စေတိယံ ဥပဋ္ဌာတိ။ သော တဒေဝ နိမိတ္တံ ဂဏှိတွာ ကာလံ ကတွာ ဒေဝလောကေ နိဗ္ဗတ္တိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။ မြန်မာပြန်ကား——

တတြ ဝစနေ၊ ထိုနိမိတ်ထင်ခြင်းကို ဆိုရာစကားရပ်၌။ ဣဒံ၊ ဤဆိုလတ္တံ့သည်ကား။ ကမ္မနိမိတ္တဿ၊ ကမ္မနိမိတ်၏။ ဝါ၊ ကံ၏ဖြစ်ကြောင်းဖြစ်သော အာရုံ၏။ ဥပဋ္ဌာနေ၊ ထင်ခြင်း၌။ ဝတ္ထု၊ သက်သေခံအကြောင်းတည်း။ ဂေါပကသီဝလိ နာမ၊ နွားကျောင်းအမျိုး၌ဖြစ်သော မင်း၏ အစီးအပွါးကို စောင့်ရှောက်တတ်သော သီဝလိအမည်ရှိသော ယောကျ်ားသည်။ တာလပိဋ္ဌိကဝိဟာရေ၊ တာလပိဋ္ဌိကကျောင်းတိုက်၌။ စေတိယံ၊ လူတို့သည် ပူဇော်အပ်သော စေတီတော်ကို။ ကာရေသိ ကိရ၊ ပြုစေသတတ်။ မရဏမဉ္စေ၊ သေရာညောင်စောင်း၌။ နိပန္နဿ၊ အိပ်လျောင်းသော။ တဿ၊ ထိုဂေါပကသီဝလိ အမည်ရှိသော ယောကျ်ားအား။ စေတိယံ၊ စေတီတော်သည်။ ဥပဋ္ဌာတိ၊ ထင်၏။ သော၊ ထိုဂေါပကသီဝလိသည်။ တဒေဝ နိမိတ္တံ၊ ထိုစေတီတော်တည်းဟူသော ကမ္မနိမိတ်ကိုသာလျှင်။ ဂဏှိတွာ၊ မရဏာသန္နဇောဖြင့် ယူ၍။ ကာလံ၊ စုတိခြင်းကို။ ဝါ၊ သေခြင်းကို။ ကတွာ၊ ပြု၍။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သော ဝတ္ထုကိုထောက်၍ သေခါနီး၌ နိမိတ်ထင်အပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေ။

ထိုမှတပါး ဓမ္မပဒအဋ္ဌကထာ ယမကဝဂ် စာမျက်နှာ (၇၃)၌ ဓမ္မိကဉပါ-သကာအား သေခါနီး၌ နတ်ရထားတည်းဟူသော ဂတိနိမိတ်သည် ထင်လေ၏။ ဤသို့ ပြဆိုအပ်သည်တို့ကို ထောက်၍လည်း သေခါနီး၌ နိမိတ်ကေန် ထင်အပ်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။

**ရဟန္တာ၌ နိမိတ်မထင်ခြင်း။** ။ထိုဆိုအပ်ပြီးသော နိမိတ် သုံးပါး တို့တွင် တပါးပါး ထင်ရခြင်းသည် ပုထုဇန်သေက္ခတို့အားသာလျှင် ထင်ရလေသည်။ ရဟန္တာတို့အားမူကား ထင်ခြင်းမရှိလေ။ အဘယ်ကြောင့် ရဟန္တာတို့အား ထင်ခြင်းမရှိလေသနည်းဟူမူ ကိလေသဝဋ် ပြတ်လေပြီး၍ ပစ်ချရန် ကံဟူသော အကြောင်းမရှိလေခြင်းကြောင့် ထင်ခြင်း မရှိလေပြီ ဟူလို။

**ပုထုဇန်သေက္ခတို့ ကေန္တ နိမိတ်ထင်ခြင်း။** ။အကယ်၍ ပုထုဇန်သေက္ခသာ ဖြစ်ခဲ့အံ့။ ၎င်းပုထုဇန်သေက္ခသည် နောက်ခိုင်း၍သွားခဲ့အံ့။ ၎င်းနောက်ခိုင်း၍သွားသော ပုထုဇန်သေက္ခကို နောက်၌တည်၍ တစုံတယောက်သောသူသည် ထက်လှစွာသော သန်လျက်ဖြင့် လည်ပင်းကို တချက်တည်းဖြင့် ပိုင်းဖြတ်သော်၎င်း၊ အိပ်ပျော်နေသော ပုထုဇန်သေက္ခကို ထက်လှစွာသော သန်လျက်ဖြင့် လည်ပင်းကို ခုတ်ဖြတ်သော်၎င်း၊ တစုံတယောက်သောသူသည် ၎င်းပုထုဇန်သေက္ခကို ရေထဲ၌ နစ်မြုပ်ခြင်းကို ပြု၍သတ်လေသော်၎င်း၊ ထိုသို့သတ်ခြင်းကိုခံရသော ပုထုဇန်သေက္ခအားသော်လည်း ကံ,ကမ္မနိမိတ်, ဂတိတ်နိမိတ် သုံးပါးတို့တွင် တပါးပါးသည် ကေန် ထင်ရလေသည်သာတည်း။ ထိုသို့ ထင်အပ်ကြောင်းကိုလည်း သမ္မောဟဝိနောဒနီ အဋ္ဌကထာ စာမျက်နှာ(၁၄၇)၌——

> အညာ သမ္မုဋ္ဌကာလကြိယာ နာမ ဟောတိ။ ပရမ္မုခံ ဂစ္ဆန္တဿ ဟိ ပစ္ဆတော တိခိဏေန အသိနာ သီသံ ဆိန္ဒန္တိ၊ နိပဇ္ဇိတွာ နိဒ္ဒါ-ယန္တဿာပိ တိခိဏေန အသိနာ သီသံ ဆိန္ဒန္တိ၊ ဥဒကေ သြသီဒါပေတွာ မာရေန္တိ။ ဧဝရူပေပိ ကာလေ အညတရံ ကမ္မံ ဝါ ကမ္မနိမိတ္တံ ဝါ ဉပဋ္ဌာတိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

အညာ၊ တပါးသော။ သမ္ပုဋ္ဌကာလကြိယာ နာမ၊ ပြင်းစွာ တွေ့ဝေ၍ သေခြင်းမည်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ ထိုစကားကို ထင်စွာပြဦးအံ့။ ပရမ္မုခံ၊ မျက်ကွယ်။ ဂစ္ဆန္တဿ၊ သွားသောသူ၏။ သီသံ၊ ဦးခေါင်းကို။ ပစ္ဆတော၊ နောက်မှ။ တိခိဏေန၊ ထက်လှစွာသော။ အသိနာ၊ သန်လျက်ဖြင့်။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ နိပဇ္ဇိတွာ၊ လျောင်း၍။ နိဒ္ဒါယန္တဿာပိ၊ အိပ်ပျော်သော သူ၏လည်း။ သီသံ၊ ဦးခေါင်းကို။ တိခိဏေန၊ ထက်လှစွာသော။ အသိနာ၊ သန်လျက်ဖြင့်။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ ဥဒကေ၊ ရေ၌။ ဩသီဒါပေတွာ၊ နစ်မြုပ်စေ၍။ ဝါ၊ နစ်မွန်းစေ၍။ မာရေန္တိ၊ သတ်ကုန်၏။ ဧဝရူပေ, ဤသို့ သဘော ရှိသော။ ကာလေပိ၊ အခါ၌လည်း။ အညဘရံ၊ တပါးပါးသော။ ကမ္မံ ဝါ၊ ကုသိုလ် အကုသိုလ် စေတနာဟု ဆိုအပ်သော ကံသည်ငှင်း။ ကမ္မနိမိတ္တံ ဝါ၊ ကုသိုလ် အကုသိုလ် ကံ၏ဖြစ်ကြောင်းဖြစ်သော အာရုံဟုဆိုအပ်သော ကမ္မနိမိတ် သည်ငှင်း။ ဥပဋ္ဌာတိ၊ ထင်၏။

ဝါ-သဒ္ဒါဖြင့် ဂတိနိမိတ် ထင်သည်ကိုလည်း သိအပ်၏။ ဤသို့ ပြဆိုအပ် သည်ကိုထောက်၍ နိမိတ်သုံးပါးတို့တွင် တပါးပါး ထင်အပ်သည်၏ အဖြစ်ကို သိကြလေ။

**လျင်မြန်သော သေခြင်းတမျိုး။** ။ဤ ပြဆိုအပ်ပြီးသော သေရခြင်းထက် အထူးသဖြင့် လျင်မြန်စွာ သေရခြင်း မည် သည်လည်း ရှိသေး၏။ ထိုလျင်မြန်စွာ သေရခြင်းသည် အဘယ်နည်း ဟူမူ။ ဆောက်ရိုး၌ နားနေသော ယင်ယယ်ကို ဆောက်ပုတ်ဖြင့် ရိုက်ပုတ်၍ ကြိတ် သတ်၏။ ထိုသို့ ဆောက်ပုတ်ဖြင့် ရိုက်ပုတ်၍ ကြိတ်သတ်ခြင်းကြောင့် လျင် မြန်စွာ သေခြင်းဖြစ်၏။ ထိုသို့ လျင်မြန်စွာ သေရသောအခါ၌လည်း နိမိတ် သုံးပါးတို့တွင် တပါးပါး ထင်ရလေသည်သာတည်း။ ထိုသို့ ထင်အပ်ကြောင်းကို သိစေတော်မူလိုသော သမ္မောဟ ဝိနောဒနီ အဋ္ဌကထာရှင်သည် ပဋိစ္စသမုပ္ပါဒ် အဖွင့် စာမျက်နှာ (၁၄၇) ၌—

> အညံ လဟုကမရဏံ နာမ အတ္ထိ။ နိခါဒနဒဏ္ဍကမတ္ထကသ္မိံ နိလီ- နမက္ခိကံ မုဂ္ဂရေန ပဟရိတွာ ပိသန္တိ။ ဧဝရူပေပိ ကာလေ ကမ္မံ ဝါ ကမ္မနိမိတ္တံ ဝါ ဥပဋ္ဌာတိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

အညံ၊ တပါးသော။ လဟုကမရဏံ နာမ၊ လျင်မြန်စွာ သေခြင်းမည်သည်။ အတ္ထိ၊ ရှိ၏။ ဟိ၊ ထိုစကားကို ထင်စွာပြဦးအံ့။ နိခါဒနဒဏ္ဍကမတ္ထကသ္မိံ၊ ဆောက်ရိုး၏အထက်၌။ နိလီနမက္ခိကံ၊ နားနေသောယင်ကို။ မုဂ္ဂရေန၊ ဆောက်ပုတ်ဖြင့်။ ပဟရိတွာ၊ ပုတ်ခတ်၍။ ပိသန္တိ၊ ကြိတ်ကုန်၏။ ဧဝရူပေ၊ ဤသို့ သဘောရှိသော။ ကာလေပိ၊ အခါ၌လည်း။ ကမ္မံ ဝါ၊ ကုသိုလ် အကုသိုလ် စေတနာဟု ဆိုအပ်သော ကံသည်၎င်း။ ကမ္မနိမိတ္တံ ဝါ၊ ကုသိုလ် အကုသိုလ် ကံ၏ဖြစ်ကြောင်းဖြစ်သော အာရုံဟု ဆိုအပ်သော ကမ္မနိမိတ်သည် ၎င်း။ ဥပဋ္ဌာတိ၊ ထင်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ လျင်မြန်စွာ သေရသော အခါ၌လည်း နိမိတ်သုံးပါးတို့တွင် တပါးပါးသည် ဧကန် ထင်အပ်ကြောင်းကို ထင်ရှား သိကြလေ။

**မရဏာသန္နဇောမကျမီ နိမိတ်ထင်ခြင်း။** ။ထိုသို့ ထင်သော နိမိတ်သုံးပါးတို့ တွင် တပါးပါး ထင်ရသည်ဟု ဆိုသော်လည်း မရဏာသန္နဇော အခိုက်၌သာ ထင်လာရသည်မဟုတ်။ မရဏာ-သန္နဇော မကျမီကပင်လျှင် ထင်ရလေသည်။ ထိုသို့ ထင်ရသည်၏ အဖြစ်ကို ဆောက်ရိုး၌ နားနေသောယင်ကို ကြိတ်သတ်ရာ၌။

> ဧဝံ ပိသိယမာနာယ ပန မက္ခိကာယ ပဌမံ ကာယဒွါရာဝဇ္ဇနံ ဘဝင်္ဂံ နာဝဋ္ဋေတိ။ မနောဒွါရာဝဇ္ဇနမေဝ အာဝဋ္ဋေတိ။ အထ ဇဝနံ ဇဝိတွာ ဘဝင်္ဂံ ဩတရတိ။ ဒုတိယဝါရေ ကာယဒွါရာဝဇ္ဇနံ ဘဝင်္ဂံ အာဝဋ္ဋေတိ။
>
> တတော ကာယဝိညာဏံ သမ္ပဋိစ္ဆနံ သန္တီရဏံ ဝေါဋ္ဌဗ္ဗနန္တိ ဝီထိ-စိတ္တာနိ ပဝတ္တန္တိ။ ဇဝနံ ဇဝိတွာ ဘဝင်္ဂံ ဩတရတိ။ တတိယဝါရေ မနောဒွါရာဝဇ္ဇနံ ဘဝင်္ဂံ အာဝဋ္ဋေတိ။ အထ ဇဝနံ ဇဝိတွာ ဘဝင်္ဂံ ဩတရတိ။ တေသ္မိံ ဌာနေ ကာလံ ကရောတိ။

ဟူ၍ ပြဆိုအပ်သော အဋ္ဌကထာ(၁၄၇)၌ စကားကို ထောက်၍ သိအပ်၏။

အနက်သိကြောင်း မြန်မာပြန်ကား—

ပန၊ ထိုစကားကို ဆက်၍ဆိုဦးအံ့။ ဧဝံ၊ ဤသို့။ ပိသိယမာနာယ၊ ကြိတ်အပ်သော။ မက္ခိကာယ၊ ယင်၏။ ပဌမံ၊ ရှေးဦးစွာ။ ကာယဒွါရာဝဇ္ဇနံ၊ ကာယဒွါရ၌ဖြစ်သော အာဝဇ္ဇန်းစိတ်သည်။ ဘဝင်္ဂံ၊ ဘဝင်စိတ်ကို။ နာဝဋ္ဋေတိ၊ မလည်စေ။ မနောဒွါရာဝဇ္ဇနမေဝ၊ မနောဒွါရ၌ ဖြစ်သော အာဝဇ္ဇန်းစိတ်သည်

သာလျှင်။ ဘဝင်ံ၊ ဘဝင်စိတ်ကို။ အာဝဋ္ဋေတိ၊ လည်စေ၏။ အထ၊ ထိုမနော ဒွါရာဝဇ္ဇန်းနောင်မှ။ ဇဝနံ၊ ဇောသည်။ ဇဝိတွာ၊ ဇော၍။ ဘဝင်ံ၊ ဘဝင်သို့။ ဩတရတိ၊ သက်၏။ ဒုတိယဝါရေ၊ နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော အကြိမ်၌။ ကာယဒွါရာဝဇ္ဇနံ၊ ကာယဒွါရ၌ဖြစ်သော အာဝဇ္ဇန်းစိတ်သည်။ ဘဝင်ံ၊ဘဝင်ကို။ အာဝဋ္ဋေတိ၊ လည်စေ၏။

တတော၊ ထိုအာဝဇ္ဇန်းစိတ်ချုပ်သည်မှ။ ပရံ၊ နောက်၌။ ကာယဝိညာဏံ၊ ဖောဋ္ဌဗ္ဗာရုံကို သိတတ်သော ကာယဝိညာဏ်စိတ်ငါး။ သမ္ပဋိစ္ဆနံ၊ ကာယ-ဝိညာဏ်စိတ် ချုပ်ပြီးသည်မှ အခြားမဲ့၌ ဖောဋ္ဌဗ္ဗာရုံကို ခံလင့်သကဲ့သို့ ဖြစ်တတ်သော သမ္ပဋိစ္ဆိုင်းစိတ်ငါး။ သန္တီရဏံ၊ သမ္ပဋိစ္ဆိုင်းစိတ် ချုပ်ပြီးသည်မှ အခြားမဲ့၌ ဖောဋ္ဌဗ္ဗာရုံကို စုံစမ်းတတ်သော သန္တီရဏစိတ်ငါး။ ဝေါဋ္ဌဗ္ဗနံ၊ သန္တီရဏစိတ်၏ အခြားမဲ့၌ ဖောဋ္ဌဗ္ဗာရုံကိုမှတ်တတ်သော ဝုဋ္ဌော ခေါ်အပ်သော မနောဒွါရာဝဇ္ဇန်းစိတ်ငါး။ ဣတိ ဣမာနိ ဝီထိစိတ္တာနိ၊ ဤဆိုအပ်ပြီးသော ဝီထိစိတ်တို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ တတော၊ ထိုမနောဒွါရာဝဇ္ဇန်း တည်းဟူသော ဝုဋ္ဌောစိတ်ချုပ်သည်မှ။ ပရံ၊ နောက်၌။ ဇဝနံ၊ ဇောသည်။ ဇဝိတွာ၊ ဇော၍။ ဘဝင်ံ၊ ဘဝင်သို့။ ဩတရတိ၊ သက်၏။ တတိယဝါရေ၊ သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော အကြိမ်၌။ မနောဒွါရာဝဇ္ဇနံ၊မနောဒွါရ၌ဖြစ်သော အာဝဇ္ဇန်း စိတ်သည်။ ဘဝင်ံ၊ဘဝင်ကို။ အာဝဋ္ဋေတိ၊လည်စေ၏။ အထ ပစ္ဆာ၊ ထိုနောက်မှ၊ ဇဝနံ၊ ဇောသည်။ ဇဝိတွာ၊ ဇောပြီး၍။ ဘဝင်ံ၊ ဘဝင်သို့။ ဩတရတိ၊ သက်၏။ ဧတသ္မိံ ဌာနေ၊ ထိုသုံးကြိမ်မြောက်ဖြစ်သော အကြိမ်ဝါရဇော၏အဆုံးဘဝင် သက်ရာ၌။ ကာလံ၊ သေခြင်းကို။ ကရောတိ၊ ပြု၏။

**အဋ္ဌကထာ အဓိပ္ပါယ် ရှင်းချက်။** ။ဤသို့ ပြဆိုအပ်သော ပါဌ်တို့တွင် **ပဌမံ ကာယဒွါရာဝဇ္ဇနစိတ္တံ ဘဝင်ံ နာဝဋ္ဋေတိ၊ မနောဒွါရာဝဇ္ဇနမေဝ ဘဝင်ံ အာဝဋ္ဋေတိ** ဟူသော ပါဌ်တို့ဖြင့် ဆောက်ရိုး၌ နားနေသောယင်ကိုဆောက်ပုတ်ဖြင့်ရိုက်၍ ကြိတ်သော်လည်း အလွန်လျင်မြန်စွာ သေရသည်အတွက် ဆောက်ပုတ်တည်းဟူသော အတွေ့ကို အာရုံပြု၍ ကာယ-ဒွါရာဝဇ္ဇန်း စသည်တို့သည် စင်စစ် ပြစ်မှုမရှိနိုင်ဘဲ ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးသည် ဘဝတပါး၌ ပစ်ချလတ္တံ့သော ကံ၏ အစွမ်းကြောင့် ထင်လာရသည်အတွက် ထိုထင်လာသော နိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း စိတ်သည် ဘဝင်ကို လည်စေသည်၏အဖြစ်ကို ပြတော်မူ၏။ **အထ ဇဝနံ ဇဝိတွာ ဘဝင်ံ ဩတရတိ** ဟူသောပါဌ်ဖြင့် ၎င်းမနောဒွါရာဝဇ္ဇန်းသည် ယူအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဇောခုနစ်ကြိမ် ဇောပြီးလျှင် ဘဝင်ကျသည်ကို ပြပေ၏။ ထို့ကြောင့် မူလဋီကာရှင်သည် ၎င်း အဖွင့် စာမျက်နှာ (၁၀၄)၌—

မနောဒွါရာဝဇ္ဇနမေဝ ကမ္မာဒိအာလမ္ဗဏံ ပဌမံ ဘဝင်္ဂံ အာဝဋ္ဋေတိ။

ဟူ၍ မိန့်ဆိုအပ်လေသည်။

မနောဒွါရာဝဇ္ဇနမေဝ၊ မနောဒွါရ၌ ဖြစ်သော အာဝဇ္ဇန်းစိတ်သည်သာလျှင်။ ကမ္မာဒိအာလမ္ဗဏံ၊ ကံအစရှိသောအာရုံကို။ ဝါ၊ ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု ဆိုအပ်သော အာရုံကို။ အာလမ္ဗဏံ ကတွာ၊ အာရုံပြု၍။ ပဌမံ၊ ရှေးဦးစွာ။ ဘဝင်္ဂံ၊ ဘဝင်ကို။ အာဝဋ္ဋေတိ၊ လည်စေ၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ အဋ္ဌကထာရှင်၏ ပြဆိုချက်ဖြစ်သော "မနောဒွါရာဝဇ္ဇနမေဝ ဘဝင်္ဂံ အာဝဋ္ဋေတိ။ အထ ဇဝနံ ဇဝိတွာ" ဟူသော ပါဌ်တို့ဖြင့် ပြဆိုအပ်သော မနောဒွါရာဝဇ္ဇန်းစိတ် ဇောစိတ်တို့သည် စင်စစ် ကံ ကမ္မနိမိတ် ဂတိနိမိတ်တို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်ရသည်၏ အဖြစ်ကို ထင်ရှား သိကြလေ။

ထိုနောက်မှ ဆောက်ပုတ်၏ အတွေ့ ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ကာယဒွါရ-ဝီထိစိတ်အစဉ် ဖြစ်ရလေသည်။ ထို့ကြောင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် စာမျက်နှာ (၁၄၇) ၌ "ဒုတိယဝါရေ ကာယဒွါရာဝဇ္ဇနံ ဘဝင်္ဂံ အာဝဋ္ဋေတိ။ပ။ ဘဝင်္ဂံ ဩတရတိ" ဟူသော စကားတော်ကို ဆိုတော်မူလေသည်။

ထိုနောက်မှ မရဏာသန္နဇော ဝီထိဖြစ်သည်ကို ပြလို၍ "တတိယဝါရေ မနောဒွါရာဝဇ္ဇနံ ဘဝင်္ဂံ။ပ။ ဩတရတိ၊ တတော္မိံ ဌာနေ ကာလံ ကရောတိ" ဟူသောပါဌ်ကို မိန့်ဆိုတော်မူလေသည်ဟု မှတ်ကြလေ။ ထို့ကြောင့် မရဏာသန္နဇောအခိုက်၌သာ ကံ ကမ္မနိမိတ် ဂတိနိမိတ်ထင်ရသည်မဟုတ်၊ ရှေးအဘို့ကပင် တင်ကူး၍ ထင်ရသည်၏အဖြစ်ကို ထင်ရှားသိကြလေကုန်။

## ကာမသုဂတိဘုံမှ စုတေ၍
## ဒုဂ္ဂတိဘုံ၌ ပဋိသန္ဓေဝိညာဏ်စိတ်ဖြစ်ပုံကိုပြဆိုချက်

**ဘဝကူးပုံအစီအစဉ်။** ။ထိုဆိုအပ်ပြီးသော ထင်လာသော နိမိတ်သုံးပါးတို့တွင် တပါးပါးသော နိမိတ်ကို မရဏာသန္နဇောသည် အာရုံပြုသောအားဖြင့် ယူပြီးလျှင် ချုပ်ကွယ်လေ၏။ ထိုနောက်မှ ၎င်းစုတိလတ္တံ့သော ဘဝ၌ ပစ်ချခဲ့ပြီးသော အတိတ်ကံ၏ အစွမ်းသည် ကုန်ခန်းသည်၏ အဖြစ်ကြောင့် ဇော၏အဆုံး၌ဖြစ်သော ပစ်ချခဲ့ပြီးသော အတိတ်ကံ၏အကျိုးဖြစ်သော ဘဝင်သည်သာလျှင် စုတိဟူသောအမည်ကိုယူလျက် ကွယ်ချုပ်လေ၏။

ထိုနောက် ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ဘဝသစ်၌ ဖြစ်ပေါ်စ ဖြစ်သော ပဋိသန္ဓေစိတ်ဟု ခေါ်အပ်သော ဝိညာဏ်သည် အခြားမရှိ ချုပ်ခဲ့ပြီးသောဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော နိမိတ် အာရုံကိုပင် အာရုံပြု၍ ဘဝနှစ်ပါးကို ဆက်စပ်လျက် ဖြစ်ပေါ်ပြီးလျှင် ချုပ်ကွယ်လေ၏။

ထိုနောက် ပဋိသန္ဓေဝိညာဏ်စိတ်နှင့်တူသော ၎င်းပဋိသန္ဓေကို ဖြစ်စေတတ်သော ကံ၏ အကျိုးဖြစ်သော ထိုဝိပါက်စိတ်သည်သာလျှင် ၎င်းပဋိသန္ဓေဝိညာဏ်၏ အာရုံနှင့်တူသော နိမိတ်အာရုံကို အာရုံပြု၍ ဘဝင်စိတ်အစဉ် ဖြစ်လေ၏။ ထိုသို့ ပဋိသန္ဓေဝိညာဏ်မှစ၍ ဘဝင်စိတ်အစဉ် ဖြစ်ပေါ်သည်ကိုပင် သတ္တဝါသည် သေ၍ ဘဝတပါး၌ ဖြစ်လေပြီဟု ခေါ်ဝေါ်ပြောဆိုအပ်ကြလေ၏။

ထိုသို့ ခေါ်ဝေါ် ပြောဆိုအပ်သော်လည်း သတ္တဝါသေသည်လည်း မဟုတ်။ သတ္တဝါသည် ကူးပြောင်း၍ ဘဝတပါး၌ ဖြစ်ပေါ်လာသည်လည်း မဟုတ်။ စင်စစ်သော်ကား ရှေးဘဝ၌ ပစ်ချသောကံ၏ အစွမ်းကုန်၍ ၎င်းကံ၏ အကျိုးဝိပါက်စိတ် ကုန်မှုနှင့် ဘဝသစ်၌ ပစ်ချသောကံတပါး၏ အကျိုးဖြစ်ပေါ်သော ဝိညာဏ်သည် အကြောင်းအကျိုးမကင်းမူ၍ ဆက်စပ်မှုသာ ကေန် ဖြစ်လေ၏ဟု မှတ်ကြလေ။

**လူဘုံမှအပါယ်ဘုံသို့ ဘဝကူးဟန်။** ။ထိုသို့ ဆက်စပ်ပုံကိုလည်း အနည်းငယ် ဖွင့်လှစ် ပြဆိုဦးအံ့။ ကာမသုဂတိ ဖြစ်သော လူ့ဘုံမှ အကြင်အကြင် သူတို့သည် ရှေးရှေးဘဝတို့၌၎င်း၊ ယခုပစ္စက္ခဘဝ၌၎င်း မကောင်းမှုကို ပြုလုပ်ဘူးသည်၏အဖြစ်ကြောင့် သေသောအခြားမဲ့၌ အပါယ်လေးဘုံတို့တွင် တဘုံဘုံ၌ ဖြစ်လတ္တံ့သည် ဖြစ်အံ့။

မရဏာသန္နဇောမကျမီ ရှေးအဘို့ကပင် တင်ကူး၍ ပြုလုပ်အပ်ပြီးသော အတိတ်ဖြစ်သော အကုသိုလ်စေတနာဟု ဆိုအပ်သော ဓမ္မာရုံကံသည်၎င်း၊ ထိုအကုသိုလ်ကံ၏ ဖြစ်ကြောင်းဖြစ်သော အာရုံဝတ္ထုဟု ဆိုအပ်သော အတိတ်ဖြစ်သော ကမ္မနိမိတ်သည်၎င်း၊ လားရာဂတိ၏ အကြောင်းဖြစ်သော ငရဲအိုး ငရဲမီးလျှံ ခွေးနက်ကြီးစသော ငရဲဘုံသို့ သွားလတ္တံ့သောသူတို့၏ ဂတိနိမိတ်၊ တော, တောင်, ကမ်းပါးပြတ်, ချောက်အစရှိသော ပြိတ္တာ,တိရစ္ဆာန်ဘုံသို့ သွားလတ္တံ့သော သူတို့၏ ဂတိနိမိတ်တို့တွင် ထိုက်သည်အားလျော်စွာ တပါးပါးသော ပစ္စုပ္ပန်ဖြစ်သော ဂတိနိမိတ်သည်၎င်း၊ ထိုဆိုအပ်ပြီးသော ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးသည် ပစ်ချလတ္တံ့သော အကုသိုလ်ကံစေတနာအားလျော်စွာ လာရောက်သကဲ့သို့ မနောဒွါရ၌ ထင်လာလေ၏။

**သေခါနီးဝိထိကျပုံ။** ။ထိုသို့ ထင်လာသော အာရုံသုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ မရဏာသန္နဇောဝီထိ စိတ္တုပ္ပါဒ် ဖြစ်လိုလတ်သည်ရှိသော်—

ရှေးဦးစွာ စုတိလတ္တံ့သောဘဝ၌ ရှေးဦး အစဖြစ်ခဲ့ဘူးသော ပဋိသန္ဓေစိတ်၏ အာရုံနှင့်တူသော အာရုံကိုသာလျှင် အာရုံပြု၍ ပဋိသန္ဓေစိတ်နှင့် ဘူမိ ဇာတိ သမ္ပယုတ္တ သင်္ခါရအားဖြင့် တူသောစိတ်သည် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ဟူသော အမည်ကိုယူလျက် **ဘဝင်ကိစ္စ** နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် ပစ်ချလတ္တံ့သော ကံသည် ထင်စေအပ်သော အတိတ်ဖြစ်သော ကံ, ကမ္မနိမိတ်၊ ပစ္စုပ္ပန်ဖြစ်သော ဂတိနိမိတ်၊ ဤ ဆိုအပ်ပြီးသော နိမိတ်သုံးပါး တို့တွင် တပါးပါးကို ထိုက်သည်အားလျော်စွာ အာရုံပြု၍ ဆင်ခြင်တတ်သော **မနောဒွါရာဝဇ္ဇန်းစိတ်**ဟု ခေါ်အပ်သော အသိသဘောသည် ဆင်ခြင်ခြင်းအမှုကို ပြု၍ ဖြစ်ပေါ်ပြီးလျှင် ချုပ်ကွယ်လေ၏။

ထိုနောင် ဆိုအပ်ပြီးသော အာရုံသုံးပါးတို့တွင် တပါးပါးသော အာဝဇ္ဇန်း ဆင်ခြင်အပ်သော အာရုံကိုသာလျှင် အာရုံပြု၍ ထိုက်သည်အားလျော်စွာ အကုသိုလ်ဖြစ်သော **မရဏာသန္နဇော**သည် သေခါနီးဆဲဆဲ ဖြစ်ခြင်းကြောင့် အားနည်းပါးသည့်အတွက် ငါးကြိမ်မျှ ဇောပြီးလျှင် ချုပ်ကွယ်လေ၏။

ထိုနောင် အကယ်၍ အလွန်ထင်သော အာရုံဖြစ်အံ့။ တဒါရုံတဆဲ့တပါး တို့တွင် ထိုက်သည်အားလျော်စွာ တပါးပါးသော တဒါရုံကိစ္စ တပ်သောစိတ် သည် ထိုမရဏာသန္နဇော ယူအပ်သော အာရုံကိုသာလျှင် အာရုံပြု၍ **တဒါရုံကိစ္စ** နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထို ချုပ်ပြီးသော တဒါရုံနောင် စုတေလတ္တံ့သော လူ့ဘဝ၌ ရှေးရှေး ဖြစ်သော ဘဝင်စိတ်တို့သည် ယူအပ်သော အာရုံနှင့်တူသော အာရုံကိုသာလျှင် အာရုံပြု၍ ၎င်းလူဘဝ၌ ပစ်ချအပ်သော ကံ၏အကျိုးဆက် အကုန်ဟု ဆိုအပ် သော ဘဝင်စိတ်သည် ထိုဖြစ်ဆဲ ဖြစ်သော လူဟု သမုတ်အပ်သော ဘဝမှ ရွေ့လျော ကွယ်ပျောက်ခြင်းကိစ္စကို ဖြစ်စေလျက် **စုတိကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

အကယ်၍ တဒါရုံသည် မကျခဲ့သည်ဖြစ်အံ့။ မရဏာသန္နဇောဟု ဆိုအပ်သော ပဉ္စမဇော၏အဆုံး နောင်မှ ရှေး၌ ပြဆိုအပ်ပြီးသော နည်းအတိုင်း **စုတိကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

**ဝေါဟာရသေ, ပရမတ္ထသေ ၂-မျိုး။** ။ထိုအဆုံးဖြစ်သော စုတိစိတ်ချုပ်သော အခါ သမုတိဝေါဟာရအားဖြင့် ဖြစ်ဆဲဖြစ်သော လူဘဝမှ လူသတ္တဝါသည် သေလေပြီဟု ခေါ်ဝေါ်ပြောဆိုကြကုန်၏။

ပရမတ္ထသဘော၏ အစွမ်းအားဖြင့်ကား စုတိစိတ်ဟု ခေါ်ဆိုအပ်သော အာရုံကို သိတတ်သော သဘောသည်၎င်း၊ ထိုသိတတ်သော သဘောနှင့် တွဲယှဉ်၍ ဖြစ်ကုန်သော တွေ့မှုဖဿ၊ ခံစားမှုသဘောဝေဒနာ အစရှိကုန်သော စေတသိက် ခေါ်အပ်ကုန်သော သဘောတရားစုတို့သည်၎င်း၊ ထိုလူ့ဘဝ၌ ပစ်ချအပ်သော ကံ၏ အစွမ်းဖြင့် ဝါ၊ ကံကြောင့်ဖြစ်ကုန်သော စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဘာဝ, ဟဒယစသော ရုပ်ကလာပ်ဟု ခေါ်ဆိုအပ်ကုန်သော သဘောတရားစုတို့သည်၎င်း၊ ဤဆိုအပ်ပြီးသော စိတ် စေတသိက် ရုပ်ဟု ဆိုအပ်သော ပရမတ္ထသဘောတရားတို့သည်သာလျှင် ကွယ်ချုပ်ပျောက်ကြလေကုန်၏။

ထိုတရားစု ကွယ်သည်မှတပါး တကယ် လူစင်စစ် သေသည်ဟူ၍လည်း မရှိလေပြီ။ ရှင်နေသောအသက် ထွက်သွားသည် ဟူ၍လည်း မရှိလေပြီ။ အဘယ်ကြောင့် ဆိုသော် ပကတိမူလ နဂိုကမှ လူသတ္တဝါ ရှင်သော အသက်ဟူ၍ စင်စစ် မရှိခြင်းကြောင့်တည်း။ ထို့ကြောင့် လူသေသည်လည်း မဟုတ်။ ရှင်သော အသက် ထွက်သွားလေသည်လည်း မဟုတ်။ စင်စစ် အားဖြင့် မိမိတို့သဘော လက္ခဏာအားဖြင့် ထင်ရှားသော စိတ် စေတသိက် ရုပ်ဟု ခေါ်အပ်သော ပရမတ္ထ သဘောတရားတို့သည်သာလျှင် ကွယ်ပျောက်လေကုန်၏ဟု ရှေး၌ ဖော်ပြအပ်သည့်အတိုင်း ထင်ရှား သိကြလေကုန်။

**အပါယ်ပဋိသန္ဓေ ဖြစ်ပုံ။** ။ထို ဆိုအပ်ခဲ့ပြီးသော လူဟုခေါ်အပ်သော ဘဝမှ သေသည်ဟု သမုတ်အပ်သော စုတိစိတ်သည် ချုပ်ကွယ်ပြီးနောက် ဒုဂ္ဂတိဟု ဆိုအပ်သော အပါယ်လေးဘုံ၌ အကျိုးပေးလတ္တံ့သော အကုသိုလ် စေတနာဟု ဆိုအပ်သော ကံသည် ဘဝသစ်၌ **အကျိုး**ပေးခွင့်ကို ရ၍ နာနာက္ခဏိကကမ္မပစ္စယဇနကသတ္တိ ပကတူပနိဿယပစ္စယဇနကသတ္တိ၏ အစွမ်းဖြင့် ဖြစ်စေအပ်သော ၎င်းစုတိစိတ်၏ အခြားမဲ့၌ စုတိစိတ်မှ ရအပ်သော အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတ တည်းဟူသော ငါးပစ္စယ ဇနကသတ္တိကို ခံယူလျက် ချုပ်ကွယ်ပြီးသော လူဟု ခေါ်ဆိုအပ်သော ကာမသုဂတိဘဝနှင့် ဖြစ်ဆဲ ဖြစ်သော ဒုဂ္ဂတိဘဝနှစ်ပါးကို မပြတ်စေဘဲ ဆက်စပ်သောအားဖြင့် ၎င်းပစ်ချလတ္တံ့သော အကုသိုလ် အကျိုးဖြစ်သော **အဟိတ် အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်**သည် စုတေခဲ့သော လူ့ဘဝ၌ မရဏာသန္န ဇောသည် ယူအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ **ပဋိသန္ဓေကိစ္စ**ကို ပြုလုပ်လျက် တကြိမ်ဖြစ်၍ ချုပ်၏။

ထို ပဋိသန္ဓေကိစ္စကို ပြုလုပ်တတ်သော ဝိညာဏ်စိတ် ဖြစ်ပေါ်သည်ကိုသာလျှင် သေသောလူသည် ဒုဂ္ဂတိဟု ဆိုအပ်သော အပါယ်ဘုံ၌ ဖြစ်ပြန်လေပြီဟု ခေါ်ဝေါ် ပြောဆိုကြလေသည်။ စင်စစ် သော်ကား အကုသိုလ်၏ အကျိုးဖြစ်

သော အာရုံကို သိတတ်သော ဝိညာဏ်ဟု ဆိုအပ်သော ပရမတ္ထတရား ထင်ရှား ဖြစ်ပေါ်လာသည်ဟု မှတ်ကြလေ။

ထို အသိသဘောဝိညာဏ် ဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် စေတသိက်ဟု ခေါ်ဆိုအပ်သော တွေ့မှု ခံစားမှု စသော နာမ်၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဝတ္ထုဟု ဆိုအပ်သော ရုပ်ကလာပ်တို့သည်လည်း ထိုအကုသိုလ်ကံကြောင့် ဆိုင်ရာဆိုင်ရာ ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်ကြကုန်၏။ ထို နာမ်ရုပ်တို့ ဖြစ်ပေါ်မှုသည် နောက် **ဝိညာဏပစ္စယာ နာမရူပံ**-ကို ပြဆိုရာ၌ ထင်ရှား လတ္တံ့သတည်း။

**အတိတ် မရဏာသန္နဇော နှင့် ပစ္စုပ္ပန်ပဋိသန္ဓေ အာရုံ တူပုံ**

တို ဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ဝိညာဏ်စိတ် ဖြစ်ပေါ်လာသော အခါ အကယ်၍ စုတေပြီးသော လူဟု ခေါ်အပ်ပြီးသော ဘဝ၌ မရဏာသန္န အကုသိုလ် ဇောသည် အတိတ်ဖြစ်သော ကံကို သာလျှင် အာရုံပြုခဲ့သည် ဖြစ်အံ့။ ၎င်းဒုဂ္ဂတိဘုံ၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေ ဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာသန္န အကုသိုလ် ဇောသည် ယူအပ်သော အတိတ်ဖြစ်သော ကံကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လေ၏။

အကယ်၍ မရဏာသန္န အကုသိုလ်ဇောသည် အတိတ်ဖြစ်သော ကမ္မနိမိတ်ကိုသာလျှင် အာရုံပြုခဲ့သည် ဖြစ်အံ့။ ၎င်းဒုဂ္ဂတိဘုံ၌ ဖြစ်ပေါ်လာသော ပဋိ-သန္ဓေ ဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာသန္န အကုသိုလ်ဇောသည် ယူအပ်သော အတိတ်ဖြစ်သော ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လေ၏။

အကယ်၍ မရဏာသန္န အကုသိုလ်ဇောသည် ပစ္စုပ္ပန်ဖြစ်သော ဂတိနိမိတ်ကိုသာလျှင် အာရုံပြုခဲ့သည် ဖြစ်အံ့။ ၎င်းဒုဂ္ဂတိဘုံ၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေ ဝိညာဏ်စိတ် သည်လည်း ၎င်းမရဏာသန္န အကုသိုလ် ဇောသည် ယူအပ်သော ပစ္စုပ္ပန် ဖြစ်သော ဂတိနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လေ၏။

ထိုသို့ ဖြစ်ပေါ်သည်၏ အဖြစ်ကို ထင်ရှား သိစေတော်မူလိုသော သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် ပဋိစ္စသမုပ္ပါဒ် အဖွင့် စာမျက်နှာ (၁၄၉)၌—

ကာမာဝစရသုဂတိယံ တာဝ ဌိတဿ ပါပကမ္မိနော ပုဂ္ဂလဿ တာနိ စဿ တသ္မိံ သမယေ ဩလမ္ဗန္တီတိ အာဒိဝစနတော မရဏ-မဉ္စေ နိပန္နဿ ယထူပစိတံ ပါပကမ္မံ ဝါ ကမ္မနိမိတ္တံ ဝါ မနောဒွါရေ အာပါထမာဂစ္ဆတိ။

တံ အာရဗ္ဘ ဥပ္ပန္နာယ တဒါရမ္မဏပရိယောသာနာယ သုဒ္ဓါယ ဝါ ဇဝနဝီထိယာ အနန္တရံ ဘဝင်္ဂဝိသယံ အာရမ္မဏံ ကတွာ စုတိစိတ္တံ ဥပ္ပဇ္ဇတိ။

တသ္မိံ နိရုဒ္ဓေ တဒေဝ အာပါထဂတံ ကမ္မံ ဝါ ကမ္မနိမိတ္တံ ဝါ အာရဗ္ဘ အနုပစ္ဆိန္နကိလေသဗလဝိနာမိတံ ဒုဂ္ဂတိပရိယာပန္နံ ပဋိသန္ဓိစိတ္တံ ဥပ္ပဇ္ဇတိ။

အယံ အတီတာရမ္မဏာယ စုတိယာ အနန္တရာ အတီတာရမ္မဏာ ပဋိသန္ဓိ။ အပရဿ မရဏသမယေ ဝုတ္တပ္ပကာရကမ္မဝသေန နရကာဒီသု အဂ္ဂိဇာလဝဏ္ဏာဒိကံ ဒုဂ္ဂတိနိမိတ္တံ မနောဒွါရေ အာပါထမာဂစ္ဆတိ။

တဿ ဒွိက္ခတ္တုံ ဘဝင်္ဂေ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓေ တံ အာရမ္မဏံ အာရဗ္ဘ ဧကံ အာဝဇ္ဇနံ, မရဏဿ အာသန္နဘာဝေန မန္ဒီဘူတဝေဂတ္တာ ပဉ္စ ဇဝနာနိ, ဒွေ တဒါရမ္မဏာနီတိ တီဏိ ဝီထိစိတ္တာနိ ဥပ္ပဇ္ဇန္တိ။

တတော ဘဝင်္ဂဝိသယံ အာရမ္မဏံ ကတွာ ဧကံ စုတိစိတ္တံ။ ဧတ္တာဝတာ ဧကာဒသ စိတ္တက္ခဏာ အတီတာ ဟောန္တိ။

အထာဝသေသပဉ္စစိတ္တက္ခဏာယုကေ တသ္မိံယေဝ အာရမ္မဏေ ပဋိသန္ဓိစိတ္တံ ဥပ္ပဇ္ဇတိ။ အယံ အတီတာရမ္မဏာယ စုတိယာ အနန္တရာ ပစ္စုပ္ပန္နာရမ္မဏာ ပဋိသန္ဓိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

ထိုနည်းအတူ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပညာဘူမိအဖွင့် စာမျက်နှာ(၁၈၁)၌လည်း မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

တာဝ၊ ရှေးဦးစွာ။ ကာမာဝစရသုဂတိယံ၊ ကာမာဝစရသုဂတိဘုံ၌။ ဌိတဿ၊ တည်ထသော။ ပါပကမ္မိနော၊ မကောင်းမှုကို ပြုလေ့ရှိထသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ အဿ၊ ထိုသူ၏။ တာနိ ကမ္မာနိ၊ ထိုရှေး၌ ပြုအပ်ကုန်ပြီးသော မကောင်းမှုကံတို့သည်။ တသ္မိံ သမယေ၊ ထိုသေခါနီးကာလ၌။ ဩလမ္ဗန္တိ၊ ညချမ်းအခါ ကြီးစွာသော တောင်ထွတ်တို့၏ အရိပ်သည် မြေ၌ လွှမ်းသကဲ့သို့ စိတ်၌ လွှမ်းမိုးကုန်၏။ ဣတိအာဒိဝစနတော၊ ဤသို့အစရှိသော စကားတော်ကို ဘုရားဟောတော်မူသောကြောင့်။ မရဏမဉ္စေ၊ သေရာညောင်စောင်း၌။ နိပန္နဿ၊ လျောင်းစဉ်။ ယထူပစိတံ၊ အကြင်အကြင် မိမိသည် ဆည်းပူးအပ်သော။ ပါပကမ္မံ ဝါ၊ မကောင်းမှု အကုသိုလ်ကံသည်ငှင်း။ ကမ္မနိမိတ္တံ ဝါ၊ ကံ၏ ဖြစ်ကြောင်းဟု ဆိုအပ်သော ဒုတ် လှင်ကန် ထား လှံ လေးမြား သားကောင် စသော အာရုံသည်ငှင်း။ မနောဒွါရေ၊ မနောဒွါရ၌။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။

တံ၊ ထိုထင်လာသော ကံ ကမ္မနိမိတ်အာရုံကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဝါ၊ အကြောင်းပြု၍။ ဥပ္ပန္နာယ၊ ဖြစ်သော။ တဒါရမ္မဏပရိယောသာနာယ ဝါ၊ တဒါရုံအဆုံးရှိသော ဝီထိ၏၎င်း။ သုဒ္ဓါယ၊ တဒါရုံမှစင်သော။ ဇဝနဝီထိယာ ဝါ၊ ဇောဝီထိ၏၎င်း။ အနန္တရံ၊ အခြားမဲ့၌။ ဘဝင်္ဂဝိသယံ၊ ဘဝင်၏အာရုံကို။ အာရမ္မဏံကတွာ၊ အာရုံပြု၍။ စုတိစိတ္တံ၊ စုတိစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

တသ္မိံ၊ ထိုစုတိစိတ်သည်။ နိရုဒ္ဓေ၊ ချုပ်ကွယ်ပြီးသည်ရှိသော်။ တဒေဝ၊ ထိုမရဏာသန္နဇောဝီထိ၏ အာရုံသည်သာလျှင် ဖြစ်သော။ အာပါထဂတံ၊ ထင်ခြင်းသို့ရောက်သော။ ကမ္မံ ဝါ၊ ကံကို၎င်း။ ကမ္မနိမိတ္တံ ဝါ၊ ကမ္မနိမိတ်ကို၎င်း။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဝါ၊ အာရုံပြု၍။ အနုပစ္ဆိန္နကိလေသဗလဝိနာမိတံ၊ မဂ်ဖြင့် မပယ်မဖြတ်အပ်သော ကိလေသာ၏အစွမ်းသည် အထူးသဖြင့် ညွတ်စေအပ်သော။ ဒုဂ္ဂတိပရိယာပန္နံ၊ မကောင်းသောလားရာဂတိဟု ဆိုအပ်သော အပါယ်လေးဘုံ၌ အကျုံးဝင်သော။ ပဋိသန္ဓိစိတ္တံ၊ ဘဝနှစ်ပါးကို ဆက်စပ်တတ်သော သိတတ်သော သဘောသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ ဤဆိုအပ်ပြီးသော ပဋိသန္ဓေသည်။ အတီတာရမ္မဏာယ၊ အတိတ်တရားသည်သာလျှင် အာရုံရှိသော။ စုတိယာ၊ စုတေ၏။ အနန္တရာ၊ အခြားမဲ့၌။ အတီတာရမ္မဏာ၊ အတိတ်တရားသည်သာလျှင် အာရုံရှိသော။ ပဋိသန္ဓိ၊ ဘဝနှစ်ပါး ဆက်စပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အပရဿ၊ တပါးသော သတ္တဝါအား။ မရဏသမယေ၊ သေခါနီးကာလ၌။ ဝုတ္တပ္ပကာရကမ္မဝသေန၊ ဆိုအပ်ပြီးသော အပြားရှိသော အကုသိုလ်ကံ၏အစွမ်းဖြင့်။ နရကာဒီသု၊ နရက်အစရှိသည်တို့၌။ အဂ္ဂိဇာလဝဏ္ဏာဒိကံ၊ ငရဲမီးလျှံ၏ အဆင်းအစရှိသော။ ဒုဂ္ဂတိနိမိတ္တံ၊ မကောင်းသော လားရာဂတိဟု ဆိုအပ်သော ဒုဂ္ဂတိဘုံသို့ သွားကြောင်းဖြစ်သော နိမိတ်သည်။ မနောဒွါရေ၊ မနောဒွါရ၌။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။

တဿ သတ္တဿ၊ ထိုသတ္တဝါအား။ ဒွိက္ခတ္တုံ၊ နှစ်ကြိမ်။ ဘဝင်္ဂေ၊ ဘဝင်သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဒ္ဓေ၊ ချုပ်ပြီးသည်ရှိသော်။ တံ အာရမ္မဏံ၊ ထိုဂတိနိမိတ်ဟူသော အာရုံကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဝါ၊ စွဲ၍။ ဝါ၊ အာရုံပြု၍။ ဧကံ အာဝဇ္ဇနံ၊ တကြိမ်သော အာဝဇ္ဇန်း၎င်း။ မရဏဿ၊ သေခြင်း၏။ အာသန္နဘာဝေန၊ နီးသည်၏အဖြစ်ဖြင့်။ မန္ဒီဘူတဝေဂတ္တာ၊ ညံ့သည်ဖြစ်၍ ဖြစ်သော အဟုန်ရှိသည်၏အဖြစ်ကြောင့်။ ပဉ္စ၊ ငါးကြိမ်ကုန်သော။ ဇဝနာနိ၊ ဇောတို့၎င်း။ ဒွေ၊ နှစ်ကြိမ်ကုန်သော။ တဒါရမ္မဏာနိ၊ တဒါရုံတို့၎င်း။ ဣတိ၊ ဤသို့။ တီဏိ၊ သုံးပါးကုန်သော။ ဝီထိစိတ္တာနိ၊ ဝီထိစိတ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

တတော၊ ထိုနောက်မှ။ ဘဝင်္ဂဝိသယံ၊ ဘဝင်၏အာရုံကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ဧကံ၊ တကြိမ်သော။ စုတိစိတ္တံ၊ စုတိစိတ်သည်။ ဝါ၊ ဖြစ်ဆဲ

ဖြစ်သောဘဝမှ ကွယ်ချုပ်ခြင်းတည်းဟူသော ရွေ့လျောခြင်းကို ပြုတတ်သော စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တေ္တာဝတာ၊ ဤမျှ အတိုင်းအရှည်ရှိသော စိတ်၏အစဉ်ဖြင့်။ ကောဒသ စိတ္တက္ခဏာ၊ တဆဲ့ဘချက်ကုန်သော စိတ္တက္ခဏာ တို့သည်။ အတီတာ၊ လွန်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

စိတ္တက္ခဏ တဆဲ့ဘချက်ကို ဘဝင်စလနကစ၍ စုတိစိတ်တိုင်အောင် ရေတွက်၍ ယူရမည်။

အထ၊ ထိုစုတိစိတ်ချုပ်ပြီးသည်မှ နောက်၌။ အဝသေသပဥ္စစိတ္တက္ခဏာ-ယုကေ၊ အကြွင်းငါးချက် စိတ္တက္ခဏအသက်ရှိသော။ တသ္မိံယေဝ အာရမ္မဏေ၊ ထိုမရဏာသန္နဇောသည် ယူအပ်သည်သာလျှင် ဖြစ်သောအာရုံ၌။ ပဋိသန္ဓိစိတ္တံ၊ ဘဝနှစ်ပါးကို ဆက်စပ်ခြင်းကို ပြုတတ်သော သိတတ်သော သဘောသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ ဤဆိုအပ်ပြီးသော ပဋိသန္ဓေသည်။ အတီတာ-ရမ္မဏာယ၊ အတိတ်တရားသည်သာလျှင် အာရုံရှိသော။ စုတိယာ၊ စုတေ့၏။ အနန္တရာ၊ အခြားမဲ့၌။ ပစ္စုပ္ပန္နာရမ္မဏာ၊ ပစ္စုပ္ပန်ဖြစ်သော ဂတိနိမိတ်တည်း ဟူသော ရူပါရုံသည်သာလျှင် အာရုံရှိသော။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ ဝါ၊ ဘဝနှစ်ပါးကို ဆက်စပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ပြဆိုအပ်သည်ကိုထောက်၍ ရှေး၌ ပြဆိုအပ်ခဲ့သည်အတိုင်း အတီတာ-နန္တရဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော အတိတ်ဖြစ်သောကံ ကမ္မနိမိတ် ပစ္စုပ္ပန်ဖြစ်သော ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ပဋိသန္ဓေ ဝိညာဏ်စိတ်ဖြစ်သည်ကို ထင်ရှား သိကြလေကုန်။

**နတ်ဘုံမှ အပါယ်ဘုံသို့ ဖြစ်ဟန်။** ။ဤလူ့ဘုံမှ စုတေ၍ ဒုဂ္ဂတိဘုံသို့ သွားပုံကို ပြဆိုအပ်ပြီးသောနည်းအတိုင်း နတ်ပြည် ခြောက်ထပ်မှ စုတေ၍ ဒုဂ္ဂတိဘုံသို့သွားပုံကိုလည်း ထပ်တူထပ်မျှ သိကြလေ။ ထိုသို့ သိအပ်ကြောင်းကိုလည်း ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာပါဠ်တို့တွင် **ကာမာဝစရသုဂတိယံ တာဝ ဌိတဿ ပါပကမ္မိနော ပုဂ္ဂလဿ** ဟူသောပါဠ်ဖြင့် ပင် သိအပ်သည်သာတည်း။

ထိုပဋိသန္ဓေဝိညာဏ်စိတ်ချုပ်ပြီးနောက် ၎င်းပဋိသန္ဓေဝိညာဏ်၏ အခြားမဲ့၌လည်း ထိုပစ်ချသောအကုသိုလ်ကံ၏ အကျိုးဖြစ်သော ၎င်းအကုသလ ဝိပါက် ဥပေက္ခာသန္တီရဏစိတ်သည်သာလျှင် ပဋိသန္ဓေယူအပ်သော အာရုံမျိုး ကိုသာလျှင် အာရုံပြု၍ အစဖြစ်ပေါ်သောဘဝကို မပြတ်စေဘဲလျက် ဆက်ကာ ဆက်ကာ ဘဝင်ကိစ္စ ဖြစ်လေ၏။ အဆုံး၌လည်း စုတိကိစ္စဖြစ်၍ ချုပ်လေ၏။ ဤဆိုအပ်ပြီးသော ပဋိသန္ဓေနောင် ဆက်ကာဆက်ကာ စုတိကျသည်တိုင်အောင်

ဖြစ်ပေါ်၍ ချုပ်ကြလေသမျှသော ဘဝင်စိတ်အစဉ်ကို ပဝတ္တိဝိညာဏ်ဟု ခေါ် ဆိုအပ်လေသည်။ ထိုပဝတ္တိဝိညာဏ်ဖြစ်ပုံသည် နောက်၌ ထင်ရှားလတ္တံ့။

ဤယခုပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်မှုနည်းသည် ကာမသုဂတိ ဘုံမှစုတိ၍ ဒုဂ္ဂတိဘုံ၌ဖြစ်သော ပုဂ္ဂိုလ်တို့၏ ရှေးမရဏာသန္န မနောဒွါရိကဇော တို့သည် ယူအပ်သော အတိတ်ဖြစ်သော ကံ ကမ္မနိမိတ် ပစ္စုပ္ပန်ဖြစ်သော ဂတိ- နိမိတ်သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝနှစ်ပါးကို ဆက်စပ်သော ပဋိ- သန္ဓေဝိညာဏ်စိတ်ဖြစ်ပုံကို ပြဆိုအပ်သောနည်းပေတည်း။

**ပဉ္စဒွါရဝီထိ သေခါနီးဖြစ်ပုံ။** ။တနည်းလည်း ကာမသုဂတိဟု ဆိုအပ်သော လူ့ပြည်မှ အကြင်အကြင်သူတို့သည် ရှေးရှေး ဘဝတို့၌ရင်း၊ ဖြစ်ဆဲဖြစ်သော ဘဝ၌ရင်း မကောင်းမှုကို ပြုလုပ်ဘူးကုန်၏။ ထို ပြုလုပ်အပ်ပြီးသော မကောင်းမှု ကံသည် သေသောအခြားမဲ့၌ အပါယ်လေးဘုံ တို့တွင် တဘုံဘုံ၌ ပစ်ချလိုလတ်သည်ရှိသော် မရဏာသန္နဇောမကျမီ ရှေးအဘို့ ကပင် တင်ကူး၍ စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရဟု ဆိုအပ်ကုန်သော ငါးပါးသော ဒွါရတို့တွင် တပါးပါးသောဒွါရ၌ ရာဂ အစ ရှိသည်တို့၏အကြောင်းကြောင့်ဖြစ်သော ယုတ်ညံ့သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဟုဆိုအပ်သော အာရုံငါးပါးတို့တွင် တပါးပါးသည် ဆိုင်ရာ ဆိုင်ရာ ထိုက်သည့် ဒွါရအားလျော်စွာ ထင်ခြင်းသို့ ရောက်၏။

**ဘဝင်နှစ်ကြိမ် ဖြစ်ပုံ။** ။ထိုသို့ ရောက်ပြီး၍ မရဏာသန္နဇောဝီထိ ကျလိုလတ် သော် လူ၏ဘဝင်ဖြစ်သော ပဋိသန္ဓေစိတ်နှင့်တူသော စိတ်သည် ပဋိသန္ဓေစိတ်၏အာရုံနှင့်တူသော အာရုံကို အာရုံပြု၍ ဘဝင်စလန ဘဝင်္ဂုပစ္ဆေဒဟူသောအမည်ကို ယူပြီးလျှင် ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

**အာဝဇ္ဇန်း ဖြစ်ပုံ။** ။ထိုနောင် ထိုထင်ခြင်းသို့ရောက်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဟုဆိုအပ်သော ယုတ်ညံ့ သော အာရုံငါးပါးတို့တွင် တပါးပါးကို ဆင်ခြင်တတ်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ် သည် အာဝဇ္ဇန်းကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။

**စက္ခုဝိညာဏ် ဖြစ်ပုံ။** ။ထိုနောင် အကယ်၍ စက္ခုဒွါရ၌သာလျှင် ရူပါရုံ ကမ္မ နိမိတ်သည် ထင်ခဲ့အံ့။ အာဝဇ္ဇန်းနောင် စက္ခုဝိညာဏ် စိတ်ဟု ခေါ်အပ်သော သိတတ်သောသဘောသည် ရင်းရူပါရုံထင်သော စက္ခု- ပသာဒကို မှီ၍ မြင်မှု တည်းဟူသော ဒဿနကိစ္စကို ပြုလျက် အဆင်းကို ရူပါရုံ သိပြီးလျှင် တကြိမ်ဖြစ်၍ ချုပ်၏။

**သောတဝိညာဏ် ဖြစ်ပုံ။** ။အကယ်၍ သောတဒွါရ၌သာလျှင် ယုတ်ညံ့သော သဒ္ဒါရုံ ကမ္မနိမိတ်သည် ထင်ခဲ့အံ့။အာဝဇ္ဇန်းနောင်

သောတဝိညာဏ်စိတ်ဟု ခေါ်အပ်သော သိတတ်သောသဘောသည် ၎င်းသဒ္ဒါရုံ ထင်သော သောတပသာဒကိုမှီ၍ ကြားမှုတည်းဟူသော သဝနကိစ္စကိုပြုလျက် သဒ္ဒါရုံအသံကို အာရုံပြု၍ သိပြီးလျှင် တကြိမ်ဖြစ်၍ ချုပ်၏။

**ဃာနဝိညာဏ် ဖြစ်ပုံ။** ။အကယ်၍ဃာနဒွါရ၌သာလျှင် ယုတ်ညံ့သော ဂန္ဓာရုံ ကမ္မနိမိတ်သည် ထင်ခဲ့အံ့။ အာဝဇ္ဇန်းနောင် ဃာန-ဝိညာဏ်စိတ်ဟု ခေါ်အပ်သော သိတတ်သော သဘောသည် ၎င်းဂန္ဓာရုံ ထင်သော ဃာနပသာဒကိုမှီ၍ နမ်းမှုတည်းဟူသော ဃာယနကိစ္စကိုပြုလျက် ဂန္ဓာရုံ အနံ့ကို အာရုံပြု၍ သိပြီးလျှင် တကြိမ်ဖြစ်၍ ချုပ်၏။

**ဇိဝှါဝိညာဏ် ဖြစ်ပုံ။** ။အကယ်၍ ဇိဝှါဒွါရ၌သာလျှင် ယုတ်ညံ့သော ရသာရုံ ကမ္မနိမိတ်သည် ထင်ခဲ့အံ့။ အာဝဇ္ဇန်းနောင် ဇိဝှါ-ဝိညာဏ်စိတ်ဟု ခေါ်ဆိုအပ်သော သိတတ်သော သဘောသည် ၎င်း ရသာရုံ ထင်သော ဇိဝှါပသာဒကို မှီ၍ လျက်မှုတည်းဟူသော သာယနကိစ္စကိုပြုလျက် ရသာရုံအရသာကို အာရုံပြု၍ သိပြီးလျှင် တကြိမ်ဖြစ်၍ ချုပ်၏။

**ကာယဝိညာဏ် ဖြစ်ပုံ။** ။အကယ်၍ ကာယဒွါရ၌သာလျှင် ယုတ်ညံ့သော ဖောဋ္ဌဗ္ဗာရုံကမ္မနိမိတ်သည် ထင်ခဲ့အံ့။ အာဝဇ္ဇန်းနောင် ကာယဝိညာဏ်စိတ်ဟု ခေါ်ဆိုအပ်သော သိတတ်သော သဘောသည် ၎င်းဖောဋ္ဌဗ္ဗာရုံထင်သော ကာယပသာဒကိုမှီ၍ တွေ့ထိမှုတည်းဟူသော ဖုသနကိစ္စကို ပြုလျက် ဖောဋ္ဌဗ္ဗာရုံအတွေ့ကို အာရုံပြု၍ သိပြီးလျှင် တကြိမ်ဖြစ်၍ ချုပ်၏။

**သမ္ပဋိစ္ဆိုင်းဖြစ်ပုံ။** ။ထိုဆိုအပ်ပြီးသော ငါးပါးသော ဝိညာဏ်တို့တွင် တပါးပါးသော ဝိညာဏ်သည် ချုပ်ကွယ်ပြီးသည်နောက်မှ အကုသလဝိပါက် သမ္ပဋိစ္ဆိုင်းစိတ်ဟု ခေါ်ဆိုအပ်သော မနောဓာတ်သည် ထိုဆိုအပ်ပြီးသော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတည်းဟူသော အာရုံငါးပါးတို့တွင် ထိုက်သည်အားလျော်စွာ တပါးပါးကို အာရုံပြု၍ စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် တဆဲ့ခုနစ်ချက်မြောက်ကစ၍ ပေါ်လာခဲ့သော ဟဒယဝတ္ထုကို မှီလျက် ခံလင့်သကဲ့သို့သော ကိစ္စကို ပြုလျက် တကြိမ်ဖြစ်ပေါ်ပြီးလျှင် ချုပ်ကွယ်လေ၏။

**သန္တီရဏဖြစ်ပုံ။** ။ထိုနောင် အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်သည် ထိုသမ္ပဋိစ္ဆိုင်းယူအပ်သော အာရုံကိုသာလျှင် စုံစမ်းခြင်းကို ပြုလျက် သန္တီရဏကိစ္စတကြိမ်ဖြစ်၍ ချုပ်၏။

**ဝုဋ္ဌောဖြစ်ပုံ။** ။ထိုနောင် မနောဒွါရာဝဇ္ဇန်းဟု ခေါ်အပ်သောစိတ်သည် ထိုသန္တိရဏစုံစမ်းအပ်သော အာရုံကိုသာလျှင် အာရုံပြု၍ မှတ်ခြင်းဟု ဆိုအပ်သော ဝုဋ္ဌောကိစ္စကို ပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

**ဇောဖြစ်ပုံ။** ။ထိုနောင် အကုသိုလ်စိတ် (၁၂)ပါးတို့တွင် တပါးပါးသောစိတ်သည် ဝုဋ္ဌောမှတ်အပ်သော အာရုံကိုသာလျှင် အာရုံပြုလျက် သေခါနီးဆဲဆဲဖြစ်၍ ညံ့သောအဟုန်ရှိခြင်းကြောင့် ဇောကိစ္စငါးကြိမ်ဖြစ်၍ ဇောစောပြီးလျှင် ချုပ်ကွယ်လေ၏။

**တဒါရုံဖြစ်ပုံ။** ။ထိုနောင် အကယ်၍ တဒါရုံ ကျထိုက်သော အာရုံ ဖြစ်ခဲ့အံ့။ တဒါရုံ ကောဒသတို့တွင် တခုခုသော တဒါရုံစိတ်သည် ၎င်းမရဏာသန္နဇော ယူအပ်သော အာရုံကိုသာလျှင် အာရုံပြု၍ တဒါရုံကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

**ဘဝင်,စုတိစိတ်ဖြစ်ပုံ။** ။ထိုနောင် ဘဝင်၏ အာရုံနှင့်တူသော အာရုံကို အာရုံပြု၍ အဆုံးစွန်သော ဘဝင်ဟု ဆိုအပ်သော စုတိစိတ်သည် ဖြစ်ဆဲဖြစ်သော လူ့ဘဝ၏ အဆုံးစွန်ကို ပြုလျက် စုတိကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။

အကယ်၍ တဒါရုံ မကျထိုက်သော အာရုံဖြစ်ခဲ့အံ့။ မရဏာသန္နဇောနောင် စုတိကိစ္စဖြစ်၍ ချုပ်၏။

**လူသေသည်ကို အဘိဓမ္မာဖြင့် ရှင်းချက်။** ။ထိုအဆုံးစွန်သော စုတိစိတ်ချုပ်သောအခါ ဖြစ်ဆဲဖြစ်သော လူဟုခေါ်ဆိုအပ်သောဘဝမှ လူသတ္တဝါသည် သေလေပြီဟု သမုတိဝေါဟာရဖြင့် ခေါ်ဝေါ်ပြောဆိုကြကုန်၏။

ပရမတ္ထသဘော၏ အစွမ်းအားဖြင့်သော်ကား စုတိစိတ်ဟု ခေါ်ဆိုအပ်သော အာရုံကို သိတတ်သောသဘောသည်၎င်း၊ ထိုအာရုံကို သိတတ်သော သဘောနှင့် ထိုက်သည်အားလျော်စွာ သမ္ပယုတ္တလက္ခဏာအားဖြင့် ယှဉ်လျက်ဖြစ်ကုန်သော တွေ့မှုသဘောဖဿ ခံစားမှုသဘော ဝေဒနာ အစရှိကုန်သော စေတသိက်ခေါ်ဆိုအပ်သော သဘောတရားတို့သည်၎င်း၊ ၎င်းလူ၏ ဘဝ၌ ပစ်ချသောကံကြောင့် ဖြစ်ကုန်သော စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဟဒယစသော ရုပ်ကလာပ်တို့သည်၎င်း တပြိုင်နက် တချက်တည်း ချုပ်ကွယ်ကြလေကုန်၏။

ထိုဆိုအပ်ပြီးသော စိတ် စေတသိက် ရုပ်ဟုဆိုအပ်သော ပရမတ္ထသဘောတရားတို့ ကွယ်ချုပ်သည်မှတပါး လူသတ္တဝါ သေသည်ဟူ၍၎င်း၊ ရှင်နေသော အသက် ထွက်သွားလေသည်ဟူ၍၎င်း မုချမရှိလေပြီ။ အဘယ်ကြောင့်ဆိုသော်

ပကတိနဂိုကမှ လူသတ္တဝါ ရှင်နေသော အသက်ဟူ၍ မုချမရှိခြင်းကြောင့်တည်း။ ထို့ကြောင့် ပရမတ္ထသဘောအားဖြင့် လူသေသည် အသက်သေသည် မဟုတ်။ စိတ် စေတသိက် ရုပ်ဟု ဆိုအပ်သော ပရမတ္ထသဘောတို့သည်သာလျှင် စင်စစ် ချုပ်ကွယ်ပျောက်ကြလေသည်ဟူ၍ နှလုံးသွင်းခြင်းကို ပြုကြလေကုန်။

**အပါယ်ပဋိသန္ဓေစိတ် ဖြစ်ပေါ်ပုံ။** ။ထိုဆိုအပ်ပြီးသော လူဟု ခေါ်ဆိုအပ်သော ဘဝမှ သေသည်ဟု သမုတ်အပ်သော စုတိစိတ် ချုပ်ပြီးနောက် ဒုဂ္ဂတိဘုံ၌ အကျိုးပေးလတ္တံ့သော အကုသိုလ်စေတနာကံသည် ဘဝသစ်၌ အကျိုးပေးခွင့်ကို ရ၍နာနာက္ခဏိကကမ္မပစ္စယဇနကသတ္တိ, ပကတူပနိဿယပစ္စယဇနကသတ္တိ၏ အစွမ်းအားဖြင့် ဖြစ်စေအပ်သော စုတိစိတ်၏ အခြားမဲ့၌ စုတိစိတ်မှ ရအပ်သော အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတဟု ဆိုအပ်သော ငါးပစ္စယဇနကသတ္တိအစွမ်းကို ခံယူလျက် ချုပ်ပြီးဖြစ်သော လူဟု ခေါ်အပ်သော ကာမသုဂတိဘဝနှင့် ဖြစ်ဆဲဖြစ်သော ဒုဂ္ဂတိဘဝနှစ်ပါးကို ထပ်မံ၍ ဆက်စပ်သောအားဖြင့် အကုသိုလ်၏အကျိုးဖြစ်သော အဟိတ်အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်သည် လူဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန် ကမ္မနိမိတ်ဟု ဆိုအပ်သော ရူပါရုံစသော အာရုံငါးပါးတွင် တပါးပါးကို အာရုံပြု၍ ပဋိသန္ဓေကိစ္စကို ပြုလျက် တကြိမ် ဖြစ်၍ ချုပ်၏။

ထိုပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်သည်ကိုသာလျှင် သေသောလူသည် ဒုဂ္ဂတိဘုံ၌ ဖြစ်သည်ဟု ခေါ်ဝေါ်ပြောဆိုအပ်လေသည်။ ထိုသို့ပင် ခေါ်ဝေါ် ပြောဆိုအပ်သော်လည်း စင်စစ် လူသတ္တဝါသည် ဒုဂ္ဂတိဘုံသို့ သွားသည်မဟုတ်။ အကုသိုလ်၏ အကျိုးဖြစ်သော အာရုံကို သိတတ်သော ဝိညာဏ်ဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောသည်သာလျှင် ဖြစ်ပေါ်၏ဟု မှတ်။

ထိုအသိဝိညာဏ်ဟု ဆိုအပ်သော ပရမတ္ထသဘော ပေါ်လာသည် တပြိုင်နက် စေတသိက်ဟု ခေါ်ဆိုအပ်သော နာမ်တည်းဟူသော ပရမတ္ထသဘော တရား၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဟဒယဟု ဆိုအပ်သော ရုပ်ကလာပ်အပေါင်းဟု သမုတ်အပ်သော ပရမတ္ထသဘောတရားတို့လည်း ထိုပစ်ချသော အကုသိုလ်ကံကြောင့် ဆိုင်ရာဆိုင်ရာ ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်ကြလေကုန်၏။ ထိုနာမ်ရုပ်တို့ဖြစ်ပေါ်မှုသည် **ဝိညာဏပစ္စယာ နာမရူပံ** ကို ပြဆိုရာ**အခ**ဏ်း၌ ထင်ရှားလတ္တံ့သတည်း။

**မရဏာသန္နဇောနှင့် ပဋိသန္ဓေစိတ် အာရုံတူပုံ။** ။ထို ဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ဝိညာဏ်စိတ် ဖြစ်ပေါ်လာသောအခါ အကယ်၍ စုတိခဲ့သော လူဟု ဆိုအပ်သော

ဘဝ၌ မရဏာသန္နအကုသိုလ်ဇောသည် ပစ္စုပ္ပန်ဖြစ်သော ရူပါရုံ ကမ္မနိမိတ်ကို သာ အာရုံပြုခဲ့သည်ဖြစ်အံ့။ ၎င်း ဒုဂ္ဂတိဘုံ၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေ-ဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာသန္န အကုသိုလ်ဇောသည် ယူအပ်သော ပစ္စုပ္ပန်ဖြစ်သော ရူပါရုံကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လေ၏။

အကယ်၍ လူဟုဆိုအပ်သောဘဝ၌ မရဏာသန္န အကုသိုလ်ဇောသည် ပစ္စုပ္ပန်ဖြစ်သော သဒ္ဒါရုံကမ္မနိမိတ်ကိုသာလျှင် အာရုံပြုခဲ့သည်ဖြစ်အံ့။ ၎င်း ဒုဂ္ဂတိဘုံ၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေ ဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာ-သန္န အကုသိုလ်ဇောသည် ယူအပ်သော ပစ္စုပ္ပန်ဖြစ်သော သဒ္ဒါရုံကမ္မနိမိတ်ကို သာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။

အကယ်၍ လူဟုဆိုအပ်သောဘဝ၌ မရဏာသန္န အကုသိုလ်ဇောသည် ပစ္စုပ္ပန်ဖြစ်သော ဂန္ဓာရုံ ကမ္မနိမိတ်ကိုသာလျှင် အာရုံပြုခဲ့သည်ဖြစ်အံ့။ ၎င်း ဒုဂ္ဂတိဘုံ၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေ ဝိညာဏ်စိတ်သည်လည်း ပစ္စုပ္ပန်ဖြစ် သော ဂန္ဓာရုံကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။

အကယ်၍ လူဟုခေါ်ဆိုအပ်သော ဘဝ၌ မရဏာသန္န အကုသိုလ်ဇောသည် ပစ္စုပ္ပန်ဖြစ်သော ရသာရုံ ကမ္မနိမိတ်ကိုသာလျှင် အာရုံပြုခဲ့သည်ဖြစ်အံ့။ ၎င်း ဒုဂ္ဂတိဘုံ၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေ ဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာ-သန္န အကုသိုလ်ဇောသည် ယူအပ်သော ပစ္စုပ္ပန်ဖြစ်သော ရသာရုံ ကမ္မနိမိတ်ကို သာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။

အကယ်၍ လူဟု ခေါ်ဆိုအပ်သော ဘဝ၌ မရဏာသန္န အကုသိုလ်ဇောသည် ပစ္စုပ္ပန်ဖြစ်သော ဖောဋ္ဌဗ္ဗာရုံ ကမ္မနိမိတ်ကိုသာလျှင် အာရုံပြုခဲ့သည်ဖြစ်အံ့။ ၎င်းဒုဂ္ဂတိဘုံ၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေဝိညာဏ်စိတ်သည်လည်း ၎င်း အကုသိုလ်မရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန်ဖြစ်သော ဖောဋ္ဌဗ္ဗာရုံ ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာပေ၏။ ထိုသို့ ဖြစ်ပေါ်လာသည်၏ အဖြစ်ကို ထင်စွာပြတော်မူလိုသော သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် ပဋိစ္စသမုပ္ပါဒ်အဖွင့် စာမျက်နှာ(၁၅၀)၌—

အပရဿ မရဏသမယေ ပဉ္စန္နံ ဒွါရာနံ အညတရသ္မိံ ဒွါရေ ရာဂါ-ဒိဟေတုဘူတံ ဟီနာရမ္မဏံ အာပါထမာဂစ္ဆတိ။

တဿ ယထာက္ကမေန ဥပ္ပန္နေဝေါဋ္ဌဗ္ဗနာဝသာနေ မရဏဿ အာသန္န-ဘာဝေန မန္ဒီဘူတဝေဂတ္တာ ပဉ္စ ဇဝနာနိ ဒွေ တဒါရမ္မဏာနိ စ ဥပ္ပဇ္ဇန္တိ။ တတော ဘဝင်္ဂဝိသယမာရမ္မဏံ ကတွာ စေ စုတိစိတ္တံ။

တေဘူမကတာ ဒွေ ဘင်္ဂါနိ, အာဝဇ္ဇနံ, ဒဿနံ, သမ္ပဋိစ္ဆနံ, သန္တီရဏံ, ဝေါဋ္ဌဗ္ဗနံ, ပဉ္စ ဇဝနာနိ, ဒွေ တဒါရမ္မဏာနိ, ဧကံ စုတိစိတ္တန္တိ ပဉ္စဒသ-စိတ္တက္ခဏာ အတီတာ ဟောန္တိ။

အထာဝသေသေကစိတ္တက္ခဏာယုကေ တသ္မိံယေဝ အာရမ္မဏေ ပဋိသန္ဓိစိတ္တံ ဥပ္ပဇ္ဇတိ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်လေ။

အနက်သိကြောင်း မြန်မာပြန်ကား—-

အပရဿ၊ တယောက်သောသူအား။ မရဏသမယေ၊ သေခါနီးကာလ၌။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ဒွါရာနံ၊ ဒွါရတို့တွင်။ အညတရသ္မိံ၊ တပါးပါးသော။ ဒွါရေ၊ ဒွါရ၌။ ရာဂါဒိဟေတုဘူတံ၊ ရာဂအစရှိသည်တို့၏ အကြောင်းဖြစ်၍ ဖြစ်သော။ ဟီနာရမ္မဏံ၊ ယုတ်သော အာရုံသည်။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။

တဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်၏။ ယထာက္ကမေန၊ အစဉ်အားဖြင့်။ ဥပ္ပန္နဝေါ-ဋ္ဌဗ္ဗနာဝသာနေ၊ ဖြစ်သော ဝုဋ္ဌော၏ အဆုံး၌။ မရဏဿ၊ သေခြင်း၏။ အာ-သန္နဘာဝေန၊ နီးသည်၏အဖြစ်ဖြင့်။ မန္ဒီဘူတဝေဂတ္တာ၊ ညံ့သည်ဖြစ်၍ဖြစ်သော အဟုန်ရှိသည်၏အဖြစ်ကြောင့်။ ပဉ္စ၊ ငါးကြိမ်ကုန်သော။ ဇဝနာနိ စ၊ ဇောတို့သည်၎င်း။ ဒွေ၊ နှစ်ကြိမ်ကုန်သော။ တဒါရမ္မဏာနိ စ၊ တဒါရုံတို့သည်၎င်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တတော၊ ထိုနောက်မှ။ ဘဝင်္ဂဝိသယံ၊ ဘဝင်၏ အာရုံကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ဧကံ၊ တကြိမ်သော။ စုတိစိတ္တံ၊ စုတိစိတ်သည်။ ဝါ၊ ဖြစ်ဆဲဖြစ်သော ဘဝမှ ကွယ်ချုပ်ခြင်းတည်းဟူသော ရွေ့လျောခြင်းကို ပြုတတ်သောစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

တေဘူမကတာ၊ ဤမျှ အတိုင်းအရှည်ရှိသော စိတ်၏ အစဉ်ဖြင့်။ ဒွေ၊ နှစ်ကြိမ်ကုန်သော။ ဘင်္ဂါနိ၊ ဘဝင်တို့၎င်း။ အာဝဇ္ဇနံ၊ အာဝဇ္ဇန်း၎င်း။ ဒဿနံ၊ မြင်ခြင်း၎င်း။ သမ္ပဋိစ္ဆနံ၊ ခံလင့်သကဲ့သို့ဖြစ်သောစိတ်၎င်း။ သန္တီရဏံ၊ စုံစမ်းတတ်သောစိတ်၎င်း။ ဝေါဋ္ဌဗ္ဗနံ၊ မှတ်တတ်သောစိတ်၎င်း။ ပဉ္စ၊ ငါးကြိမ်ကုန်သော။ ဇဝနာနိ၊ ဇောစိတ်တို့၎င်း။ ဒွေ၊ နှစ်ကြိမ်ကုန်သော။ တဒါရမ္မဏာနိ၊ တဒါရုံတို့၎င်း။ ဧကံ၊ တကြိမ်သော။ စုတိစိတ္တံ၊ စုတိစိတ်၎င်း။ ဣတိ၊ ဤသို့။ ပဉ္စဒသစိတ္တက္ခဏာ၊ တဆယ့်ငါးချက်ကုန်သော စိတ္တက္ခဏတို့သည်။ အတီတာ၊ လွန်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အထ ပစ္ဆာ၊ ထိုတဆယ့်ငါးချက်သော စိတ္တက္ခဏမှ နောက်၌။ အဝသေသေက-စိတ္တက္ခဏာယုကေ၊ အကြွင်း စိတ္တက္ခဏတချက် အသက်ရှိသော။ တသ္မိံယေဝ

အာရမ္မဏော၊ ထိုမရဏာသန္နဇောဝ ယူအပ်သော အာရုံ၌သာလျှင်။ ပဋိသန္ဓိစိတ္တံ၊ ဘဝနှစ်ပါးကို ဆက်စပ်တတ်သောစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤသို့ပြဆိုအပ်သည်ကိုထောက်၍ ရှေး၌ ပြဆိုအပ်ခဲ့သည့်အတိုင်း အတီတာနန္တရဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော ရူပါရုံစသော ကမ္မနိမိတ်အာရုံကိုသာလျှင် အာရုံပြု၍ ပဋိသန္ဓေစိတ်ဖြစ်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။

> ဤ လူ့ဘုံမှစုတေ၍ ဒုဂ္ဂတိဘုံသို့သွားပုံကို ပြဆိုအပ်ပြီးသော နည်းအတိုင်း နတ်ပြည်ခြောက်ထပ်မှ စုတေ၍ ဒုဂ္ဂတိဘုံသို့ သွားပုံကိုလည်း ထပ်တူထပ်မျှ သိကြလေ။

ထိုပဋိသန္ဓေဝိညာဏ်စိတ် ချုပ်ပြီးနောက် ၎င်းပဋိသန္ဓေဝိညာဏ်၏ အခြားမဲ့၌လည်း ထိုပစ်ချသောအကုသိုလ်ကံ၏အကျိုးဖြစ်သော ၎င်းအကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ်သည်သာလျှင် ပဋိသန္ဓေစိတ်ယူအပ်သော အာရုံမျိုးကိုလျှင် အာရုံပြု၍ အစဖြစ်ပေါ်သော ဘဝကို မပြတ်စေဘဲလျက် ဆက်ကာဆက်ကာ ဘဝင်ကိစ္စဖြစ်လေ၏။ အဆုံး၌လည်း စုတိကိစ္စဖြစ်၍ ချုပ်ကွယ်လေ၏။

ဤပြဆိုအပ်ပြီးသော ပဋိသန္ဓေနောင် ဆက်ကာဆက်ကာ စုတိစိတ်ကျသည့်တိုင်အောင် ဖြစ်ပေါ်၍ ချုပ်ကြလေသမျှသော ဘဝင်စိတ် အစဉ်ကို ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုအပ်လေသည်။ ထိုပဝတ္တိဝိညာဏ်ဖြစ်ပုံသည် နောက်၌ ထင်ရှားလတ္တံ့။

ဤယခုပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်မှုနည်းသည် ကာမသုဂတိဘုံမှစုတေ၍ ဒုဂ္ဂတိဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့၏ ရှေးမရဏာသန္နပဉ္စဒွါရိကဇောတို့သည် ယူအပ်သော ပစ္စုပ္ပန်ဖြစ်သော ရူပါရုံစသော ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ပဋိသန္ဓေဝိညာဏ်ဖြစ်ပုံကို ပြဆိုအပ်သော နည်းပေတည်း။

> ဤတွင် ကာမသုဂတိဘုံမှစုတေ၍ ဒုဂ္ဂတိဘုံ၌ဖြစ်ပုံကို ပြဆိုအပ်သော ဆက်စပ်မှုပဋိသန္ဓေဝိညာဏ်ဖြစ်ပေါ်မှုကို အမြွက်မျှ ပြဆိုခဲ့ ပြီး၏။

---

### ကာမသုဂတိဘုံမှစုတေ၍ ကာမသုဂတိဘုံ၌ ပဋိသန္ဓေဝိညာဏ်ဖြစ်ပုံကို ပြဆိုချက်

**နတ်ပြည်၌ ဖြစ်မည့် နိမိတ်အာရုံများ။** ။အကြင်အကြင် သမုတ် အပ်သော လူတို့သည် ကောင်းမှုကံကို ပြုလုပ်ခြင်းကြောင့် လူ့ဘုံမှ သေသောအခြားမဲ့၌ လူ့ပြည် နတ်ပြည်ခြောက်ထပ်ဟု

ဆိုအပ်သော ကာမသုဂတိခုနစ်ဘုံတို့တွင် တဘုံဘုံ၌ ဖြစ်လတ္တံ့သည်ဖြစ်အံ့။ မရဏာသန္နဇောမကျမီ ရှေးအဘို့ကပင် တင်ကူး၍ ပြုအပ်ပြီးသော အတိတ်ဖြစ်သော ကုသိုလ်စေတနာဟု ဆိုအပ်သော **ဓမ္မာရုံကုသိုလ်ကံ** သည်၎င်း၊ ထိုကုသိုလ်ကံ၏ ဖြစ်ပေါ်ကြောင်းဖြစ်သော အာရုံဝတ္ထုဟု ဆိုအပ်သော အတိတ်ဖြစ်သော **ကမ္မနိမိတ်** သည်၎င်း၊လားရာဂတိ၏အကြောင်းဖြစ်သော အမိဝမ်းရေ၏အဆင်း, နတ်ဥယျာဉ်, ပဒေသာပင်, ပြာသာဒ်, နတ်ရထား စသည်တို့၏ အဆင်းဟု ဆိုအပ်သော ပစ္စုပ္ပန် **ဂတိနိမိတ်** တို့သည်၎င်း၊ ဤဆိုအပ်ပြီးသော နိမိတ်သုံးပါးတို့တွင် တပါးပါးသည် ပစ်ချလတ္တံ့သော ကုသိုလ်ကံ စေတနာ အားလျော်စွာ လာရောက်သကဲ့သို့ မနောဒွါရ၌ ထင်လာလေ၏။

**လူ့ဘုံမှ နတ်ဘုံဖြစ်မည့် ဝီထိပုံ။** ။ထိုသို့ ထင်လာသော အာရုံသုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ မရဏာသန္နဇော ဝီထိစိတ်အစဉ်ဖြစ်လိုလတ်သော် ရှေးဦးစွာစုတေလတ္တံ့သော ဘဝ၌ ရှေးဦးအစ ဖြစ်ခဲ့ဘူးသော ပဋိသန္ဓေစိတ်၏ အာရုံနှင့်တူသော အာရုံကိုသာလျှင် အာရုံပြု၍ ဘဝင်စလန ဘဝင်ုပစ္ဆေဒဟု အမည်ရလျက် **ဘဝင်ကိစ္စ** နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောင် ပစ်ချလတ္တံ့သော ကုသိုလ်ကံသည် ထင်စေအပ်သော အတိတ်ဖြစ်သော ကံ ကမ္မနိမိတ် ပစ္စုပ္ပန်ဖြစ်သော ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကို ထိုက်သည်အားလျော်စွာ အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း စိတ်သည် အာရုံသို့ ရှေးရှုဆင်ခြင်ခြင်းအမှုကိုပြု၍ ချုပ်၏။

ထို့နောင် ဆိုအပ်ပြီးသော အာရုံသုံးပါးတို့တွင် တပါးပါးသော အာဝဇ္ဇန်း ဆင်ခြင်အပ်သော အာရုံကိုသာလျှင် အာရုံပြု၍ ထိုက်သည်အားလျော်စွာ မရဏာသန္န ကုသိုလ်ဇောသည် သေခါနီးဆဲဆဲဖြစ်ခြင်းကြောင့် အားနည်းပါးသည်အတွက် **ဇောကိစ္စ** ငါးကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောင် အကယ်၍ အလွန်ထင်သော အာရုံဖြစ်အံ့။ တဒါရုံ ၁၁-တို့တွင် တပါးပါးသောစိတ်သည် ထိုမရဏာသန္နဇော ယူအပ်သော အာရုံကိုသာလျှင် အာရုံပြု၍ **တဒါရုံကိစ္စ** နှစ်ကြိမ်ဖြစ်၍ ချုပ်၏၊

ထိုချုပ်ပြီးသော တဒါရုံနောင် စုတေလတ္တံ့သော လူဟု သမုတ်အပ်သော ဘဝ၌ ရှေးရှေးသော ဘဝင်စိတ်တို့သည် ယူအပ်သော အာရုံမျိုးကိုသာလျှင် အာရုံပြု၍ လူဟုသမုတ်အပ်သောဘဝ၌ ပစ်ချပြီးသော ကံ၏အကျိုးဆက် အကုန်ဟု ဆိုအပ်သော ဘဝင်စိတ်သည် ထိုဖြစ်ဆဲဖြစ်သော လူဟု သမုတ်အပ်သော ဘဝမှ ကွယ်ပျောက်ရွေ့လျောခြင်းကိစ္စကို ဖြစ်စေလျက် **စုတိကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

အကယ်၍ တဒါရုံမကျခဲ့အံ့။ ပဥ္စမဇော၏ အဆုံးနောင်မှ ဆိုအပ်ပြီးသော နည်းအတိုင်း **စုတိကိစ္စ**တကြိမ်ဖြစ်၍ ချုပ်၏။

ထိုအဆုံးဖြစ်သော စုတိစိတ်ချုပ်သည် တပြိုင်နက် ၎င်းစုတိစိတ်နှင့် အတူ တကွ ယှဉ်ဘော်ယှဉ်ဘက် ဖြစ်ကုန်သော တွေ့မှုသဘော ခံစားမှုသဘော မှတ်မှုသဘော စသော စေတသိက် တရားစုတို့သည်၎င်း၊ ကမ္မဇ ဖြစ်သော စက္ခုကလာပ်စသောရုပ်တို့သည်၎င်း တချက်တည်း ချုပ်ကွယ်ကြလေကုန်၏။ ထိုစိတ် စေတသိက် ရုပ်တို့ ကွယ်ချုပ်သည်ကိုသာလျှင် လူသေပြီဟု လောက ဝေါဟာရအားဖြင့် ခေါ်ဆိုသမုတ်အပ်လေသည်။ ထိုသို့ပင် သမုတ်အပ်သော်လည်း လူသေသည် မဟုတ်၊ ရှေး၌ ပြဆိုအပ်ခဲ့သော စိတ် စေတသိက် ရုပ်ဟု ဆိုအပ်သော ပရမတ္ထသဘောတရားစုတို့သာလျှင် စင်စစ် ကွယ်ချုပ်ကြကုန်သည်ဟု မှတ်ကြလေ။

**လူနှင့် နတ် ပဋိသန္ဓေဖြစ်ပုံ။** ။ထို ဆိုအပ်ပြီးသော လူဟု ခေါ်ဝေါ်အပ်သော ဘဝမှ သေသည်ဟု သမုတ်အပ်သော စုတိစိတ် ချုပ်ပြီးနောက် ကာမသုဂတိခုနစ်ဘုံတို့တွင် တဘုံဘုံ၌ အကျိုးပေးလတ္တံ့သော ကုသိုလ်စေတနာကံသည် ဘဝသစ်၌ အကျိုးပေးခွင့်ကိုရ၍ နာနာက္ခဏိက ကမ္မပစ္စယဇနကသတ္တိ၊ ပကတူပနိဿယ ပစ္စယဇနကသတ္တိ၏ အစွမ်းဖြင့် ဖြစ်စေအပ်သော စုတိစိတ်၏ အခြားမဲ့၌ စုတိစိတ်မှ ရအပ်သော အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတဟု ဆိုအပ်သော ငါးပစ္စယဇနကသတ္တိ၏အစွမ်းကို ခံယူလျက် ချုပ်ပြီးဖြစ်သော လူဟု ခေါ်အပ်သော ဘဝနှင့် ဖြစ်ဆဲဖြစ်သော လူနတ်ဟု သမုတ်အပ်သော သုဂတိဘဝ ခုနစ်ပါးတို့တွင် တပါးပါးသောအဖြစ်ဟု ဆိုအပ်သော ဘဝကို ထပ်မံ၍ ဆက်စပ်သောအားဖြင့် ကုသိုလ်အကျိုးဖြစ်သော အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ တစ်၊ မဟာဝိပါက် ရှစ်၊ ပေါင်း ကိုးပါးသော ဝိပါက်စိတ်တို့တွင် တပါးပါးသော ဝိပါက်စိတ်သည် ဖြစ်သင့်သည် အားလျော်စွာ ရှေးမရဏာသန္နဇော ယူအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ပဋိသန္ဓေကိစ္စကိုပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

ထို ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်သည်ကိုသာလျှင် သေသောလူသည် လူ့ပြည်၌ တဖန်ဖြစ်သည်၊ နတ်ပြည်၌ တဖန်ဖြစ်သည်ဟု ခေါ်ဝေါ် ပြောဆိုအပ်လေ၏။ စင်စစ်သော်ကား ကုသိုလ်ပုညာဘိသင်္ခါရစေတနာ၏ အကျိုးဖြစ်သော အသိဝိညာဏ် သဘောသည်သာလျှင် ဖြစ်ပေါ်လာ၏ဟု မှတ်။

ထို အသိဝိညာဏ်စိတ် ဖြစ်ပေါ်သည်တပြိုင်နက် စေတသိက်ဟု ခေါ်ဆိုအပ်သော နာမ်၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဟဒယဟု

ဆိုအပ်သော ရုပ်ကလာပ်တို့သည်လည်း ထိုကုသိုလ်ကံကြောင့် ဆိုင်ရာဆိုင်ရာ ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်လေကုန်၏။ ထိုနာမ်ရုပ်တို့ ဖြစ်ပေါ်မှုသည် နောက်၌ပြဆိုလတ္တံ့သော **ဝိညာဏပစ္စယာ နာမရူပံ**-၌ ထင်ရှားလတ္တံ့။

**ကာမသုဂတိမရဏာသန္နဇောနှင့် ပဋိသန္ဓေစိတ် အာရုံတူပုံ**

**အတိတ်ကံ အာရုံတူပုံ။** ။ထိုပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ် တတ်သောဝိညာဏ်စိတ်ဖြစ်ပေါ်လာသောအခါ အကယ်၍ စုတေပြီးသော လူဟု ခေါ်အပ်သော ဘဝမှ မရဏာသန္နကုသိုလ် ဇောသည် အတိတ်ဖြစ်သော ကံကိုသာလျှင် အာရုံပြုခဲ့သည်ဖြစ်အံ့။ ၎င်းသုဂတိ ခုနစ်ဘုံတို့တွင် တဘုံဘုံ၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာသန္နကုသိုလ်ဇောသည် ယူအပ်သော အတိတ်ဖြစ်သော ကံကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။

**အတိတ်ကမ္မနိမိတ် အာရုံတူပုံ။** ။အကယ်၍ မရဏာသန္န ကုသိုလ်ဇောသည် အတိတ်ဖြစ်သော ကမ္မနိမိတ်ကိုသာလျှင် အာရုံပြုခဲ့သည် ဖြစ်အံ့။ ၎င်းသုဂတိခုနစ်ဘုံတို့တွင် တဘုံဘုံ၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာသန္နကုသိုလ်ဇောသည် ယူအပ်သော အတိတ်ဖြစ်သော ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။

**ပစ္စုပ္ပန်ဂတိနိမိတ်အာရုံတူပုံ။** ။အကယ်၍ မရဏာသန္နကုသိုလ်ဇောသည် ပစ္စုပ္ပန်ဖြစ်သော ဂတိနိမိတ်ကိုသာလျှင် အာရုံပြုခဲ့သည် ဖြစ်အံ့။ ၎င်းသုဂတိခုနစ်ဘုံတို့တွင် တဘုံဘုံ၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာသန္နကုသိုလ်ဇောသည် ယူအပ်သော ပစ္စုပ္ပန်ဂတိနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။

ထိုသို့ ဖြစ်ပေါ်လာသည်၏ အဖြစ်ကို ထင်ရှား သိစေတော်မူလိုသော သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် ပဋိစ္စသမုပ္ပါဒ်အဖွင့် စာမျက်နှာ (၁၅၀)၌——

သုဂတိယံ ဋိတဿ ပန ဉပစိတာနဝဇ္ဇကမ္မဿ "တာနိ စဿ တသ္မိံ သမယေ ဩလမ္ဗန္တိ" တိအာဒိဝစနတော မရဏမဉ္စေ နိပန္နဿ ယထူပစိတံ အနဝဇ္ဇကမ္မံ ဝါ ကမ္မနိမိတ္တံ ဝါ မနောဒွါရေ အာပါထမာဂစ္ဆတိ။

တဉ္စ ခေါ ဉပစိတကာမာဝစရာနဝဇ္ဇကမ္မဿေဝ။လ။ တံ အာရဗ္ဘ ဉပ္ပန္နာယ တဒါရမ္မဏပရိယောသာနာယ သုဒ္ဓါယ ဝါ ဇဝနဝီထိယာ အနန္တရံ ဘဝင်္ဂဝိသယံ အာရမ္မဏံ ကတွာ စုတိစိတ္တမုပ္ပဇ္ဇတိ။

တသ္မိံ နိရုဒ္ဓေ တဒေဝ အာပါထဂတံ ကမ္မံ ဝါ ကမ္မနိမိတ္တံ ဝါ အာရဗ္ဘ အနုပစ္ဆိန္နကိလေသဗလဝိနာမိတံ သုဂတိပရိယာပန္နံ ပဋိသန္ဓိ-စိတ္တံမုပ္ပဇ္ဇတိ။

ဟူ၍ ပြဆိုအပ်သည်ကို ထောက်၍ရင်း၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပညာဘူမိအဖွင့် စာမျက်နှာ (၁၈၂)၌ ထိုနည်းအတူ ဆိုအပ်သည်ကိုထောက်၍ရင်း သိကြလေ။

အနက်သိကြောင်း မြန်မာပြန်ကား—

ပန၊ အဘိုတပါးကို ဆိုဦးအံ့။ သုဂတိယံ၊ ကာမသုဂတိခုနစ်ဘုံ၌။ ဌိတဿ၊ တည်သော။ ဥပစိတာနဝဇ္ဇကမ္မဿ၊ ဆည်းပူးအပ်သော အပြစ်ကင်းသော ကောင်းမှုကံရှိသော သမုတိသစ္စာအားဖြင့် နတ်လူဟု သမုတ်အပ်သော သတ္တဝါအား။ အဿ၊ ထိုနတ်လူခေါ် ဆိုအပ်သော သတ္တဝါ၏။ တာနိ စ ကမ္မာနိ၊ ထိုရှေး၌ ပြုအပ်ပြီးသည်လည်း ဖြစ်ကုန်သော ကောင်းမှုကံတို့သည်။ တသ္မိံ သမယေ၊ ထိုသေခါနီးကာလ၌။ ဩလမ္ဗန္တိ၊ ညချမ်းအခါ ကြီးစွာသော တောင်ထွတ်တို့၏ အရိပ်သည် မြေ၌လွှမ်းသကဲ့သို့ စိတ်၌ လွှမ်းမိုးကုန်၏။ ဣတိ အာဒိဝစနတော၊ ဤသို့ အစရှိသော စကားတော်ကို ဘုရားဟောတော် မူခြင်းကြောင့်။ မရဏမဉ္စေ၊ သေရာညောင်စောင်း၌။ နိပန္နဿ၊ လျောင်းစဉ်။ ယထူပစိတံ၊ အကြင် အကြင် မိမိသည် ဆည်းပူးအပ်သော။ အနဝဇ္ဇကမ္မံ ဝါ၊ အပြစ်မရှိသော။ ဝါ၊ အပြစ်ကင်းသောကောင်းမှု ကံသည်ရင်း။ ကမ္မနိမိတ္တံ ဝါ၊ ၎င်းကောင်းမှုကံ၏ ဖြစ်ကြောင်းဟု ဆိုအပ်သော ဇရပ် တန်ဆောင်း ဆီမီး ပန်းမာလ် စသော အာရုံသည်ရင်း။ မနောဒ္ဝါရေ၊ မနောဒ္ဝါရ၌။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။

ခေါ၊ စင်စစ်။ တဥ္စ၊ ထိုကံ ကမ္မနိမိတ် ထင်ခြင်းကိုလည်း။ ဥပစိတကာမာ-ဝစရာနဝဇ္ဇကမ္မဿေဝ၊ ဆည်းပူးအပ်သော ကာမဘုံ၌ဖြစ်သော အပြစ်ကင်းသော ကောင်းမှုကံရှိသော သတ္တဝါအားသာလျှင်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ လ ။ တံ၊ ထိုထင်သောကံ ကမ္မနိမိတ်အာရုံကို။ အာရဗ္ဘ၊ အကြောင်း ပြု၍။ ဝါ၊ အစွဲပြု၍။ ဝါ၊ အာရုံပြု၍။ ဥပ္ပန္နာယ၊ ဖြစ်သော။ တဒါရမ္မဏပရိယောသာနာယ ဝါ၊ တဒါရုံ အဆုံးရှိသော ဝီထိ၏ရင်း။ သုဒ္ဓါယ၊ တဒါရုံမှ စင်သော။ ဇဝန-ဝီထိယာ ဝါ၊ ဇောဝီထိ၏ရင်း။ အနန္တရံ၊ အခြားမဲ့၌။ ဘဝင်္ဂဝိသယံ၊ ဘဝင်၏ အာရုံကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ စုတိစိတ္တံ၊ စုတိစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

တသ္မိံ၊ ထိုစုတိစိတ်သည်။ နိရုဒ္ဓေ၊ ချုပ်ကွယ်ပြီးသည် ရှိသော်။ တဒေဝ၊ ထိုမရဏာသန္နဇောဝီထိ၏ အာရုံသည်သာလျှင် ဖြစ်သော။ အာပါထဂတံ၊

ထင်ခြင်းသို့ ရောက်သော။ ကမ္မံ ဝါ၊ ကံကိုငှင်း။ ကမ္မနိမိတ္တံ ဝါ၊ ကံ၏ ဖြစ်ကြောင်း ဖြစ်သော အာရုံကိုငှင်း။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဝါ၊ စွဲ၍။ ဝါ၊ အာရုံပြု၍။ အနုပစ္ဆိန္နကိလေသဗလဝိနာမိတံ၊ မဂ်ဖြင့် မပယ် မဖြတ်အပ်သေးသော ကိလေသာ၏ အစွမ်းသည် အထူးအားဖြင့် ညွတ်စေအပ်သော။ သုဂတိပရိယာပန္နံ၊ ကောင်းသော လားရာဂတိဟု ဆိုအပ်သော ကာမသုဂတိ ခုနစ်ဘုံ၌ အကျုံး ဝင်သော။ ပဋိသန္ဓိစိတ္တံ၊ ဘဝနှစ်ပါးကို ဆက်စပ်တတ်သော သိတတ်သော သဘောသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ မရဏာသန္နဇောယူအပ်သော အတိတ် ဖြစ်သော ကံစသော အာရုံကိုသာလျှင် အာရုံပြု၍ ပဋိသန္ဓေ ဝိညာဏ်စိတ် ဖြစ်ကြောင်းကို ထင်ရှားသိကြလေ။

မရဏာသန္နဇော ယူအပ်သော ပစ္စုပ္ပန် ဂတိနိမိတ်ကို အာရုံပြု၍ ပဋိသန္ဓေ ဝိညာဏ်စိတ် ဖြစ်ပုံကိုလည်း သမ္မောဟ ဝိနောဒနီ အဋ္ဌကထာရှင်သည် ပဋိစ္စ- သမုပ္ပါဒ်အဖွင့် စာမျက်နှာ (၁၅၁)၌—

> အပရဿ မရဏာသမယေ ကာမာဝစရာနဝဇ္ဇကမ္မဝသေန မနုဿ- လောကေ မာတုကုစ္ဆိဝဏ္ဏသင်္ခါတံ ဝါ ဒေဝလောကေ ဥယျာနကပ္ပ- ရုက္ခာဒိဝဏ္ဏသင်္ခါတံ ဝါ သုဂတိနိမိတ္တံ မနောဒွါရေ အာပါထမာဂစ္ဆတိ၊ တဿ ဒုဂ္ဂတိနိမိတ္တေ ဒဿိတာနုက္ကမေနေဝ စုတိစိတ္တာနန္တရံ ပဋိသန္ဓိစိတ္တံ ဥပ္ပဇ္ဇတိ။

ဟူ၍ မိန့်ဆိုအပ်သည်ကိုငှင်း၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (၁၈၂)၌ လည်း ထိုနည်း အတူ မိန့်ဆိုအပ်သည်ကိုငှင်း ထောက်၍ သိလေ။

အနက်သိကြောင်း မြန်မာပြန်ကား—

အပရဿ၊ တပါးသော လူဟု သမုတ်အပ်သော သတ္တဝါအား။ မရဏာသမယေ၊ သေခါနီးကာလ၌။ ကာမာဝစရာနဝဇ္ဇကမ္မဝသေန၊ ကာမဘုံ၌ များသောအား ဖြင့် ကျင်လည်တတ် ဖြစ်တတ်သော အပြစ်ကင်းသော ကာမာဝစရ ကုသိုလ်ကံ ၏အစွမ်းဖြင့်။ မနုဿလောကေ၊ လူဘုံ၌။ မာတုကုစ္ဆိဝဏ္ဏသင်္ခါတံ ဝါ၊ ကမ္ဗလာနီ အဆင်းကဲ့သို့ နီမြန်းသော အမိဝမ်း၏အဆင်းဟု ဆိုအပ်သည်လည်း ဖြစ်သော။ ဒေဝလောကေ၊ နတ်ပြည်၌။ ဥယျာနကပ္ပရုက္ခာဒိဝဏ္ဏသင်္ခါတံ ဝါ၊ ဥယျာဉ် ဗိမာန် ပဒေသာပင် စသည်တို့၏ အဆင်းဟု ဆိုအပ်သည်လည်း ဖြစ်သော။ သုဂတိနိမိတ္တံ၊ ကောင်းသော လားရာဂတိဟု ဆိုအပ်သော သုဂတိဘုံသို့ ရောက် ကြောင်း ဖြစ်သော နိမိတ်သည်။ မနောဒွါရေ၊ မနောဒွါရ၌။ အာပါထံ၊ ထင် ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။ တဿ၊ ထိုလူဟု သမုတ်အပ်သော သတ္တဝါအား။

ဒုဂ္ဂတိနိမိတ္တေ၊ ဒုဂ္ဂတိနိမိတ်၌။ ဒဿိတာနုက္ကမေနေဝ၊ ပြအပ်ပြီးသော အစဉ်အားဖြင့်သာလျှင်။ စုတိစိတ္တာနန္တရံ၊ စုတိစိတ်၏ အခြားမဲ့၌။ ပဋိသန္ဓိစိတ္တံ၊ ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ပဋိသန္ဓေစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ရှေးမရဏာသန္နဇော ယူအပ်သော ပစ္စုပ္ပန်ဂတိနိမိတ်အာရုံကိုသာလျှင် ပဋိသန္ဓေဝိညာဏ်စိတ်ယူ၍ ဖြစ်ကြောင်းကို ထင်ရှား သိကြလေ။ ဤပြဆိုအပ်သော ပဋိသန္ဓေသည် အတီတာနန္တရဘဝ၌ မရဏာသန္နမနောဒွါရိက ဇောတို့သည် ယူအပ်သော အတိတ်ဖြစ်သော ကံ ကမ္မနိမိတ် ပစ္စုပ္ပန်ဖြစ်သော ဂတိနိမိတ်ကိုသာလျှင် အာရုံပြု၍ ပဋိသန္ဓေ ဝိညာဏ်စိတ် ဖြစ်ပေါ်ပုံကို ပြဆိုချက်ပေတည်း။

> နတ်ပြည်ခြောက်ထပ်မှစုတေ၍ ကာမသုဂတိ ခုနစ်ဘုံ၌ ဖြစ်ကုန်သော သူတို့၏ ပဋိသန္ဓေကိုလည်း ဤပြဆိုအပ်သော လူ့ပြည်မှ စုတေ၍ ကာမသုဂတိခုနစ်ဘုံ၌ ဖြစ်သောနည်းကို မှီ၍ ထပ်တူထပ်မျှ သိကြလေ။ မထူးတော့ပြီ။ ပါဠိသာဓကမှာ ရှေး၌ ပြဆိုခဲ့သော သာဓကပင် ဖြစ်လေတော့၏။ အထူးမရှိပြီ။

**ဘဝင်စိတ်နှင့် စုတိ စိတ်များ။** ။ထို ပဋိသန္ဓေ ဝိညာဏ်စိတ် ချုပ်ပြီးနောက် ၎င်းပဋိသန္ဓေ ဝိညာဏ်၏ အခြားမဲ့၌လည်း ထို ကာမသုဂတိခုနစ်ဘုံတို့တွင် တဘုံဘုံ၌ ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ပစ်ချပြီးသော ၎င်းပုညာဘိသင်္ခါရ ကုသိုလ်ကံ၏ အကျိုးဖြစ်သော ပဋိသန္ဓေကိစ္စတပ်ခဲ့သော ဝိပါက်စိတ် ကိုးခုတို့တွင် တပါးပါးသည် ပဋိသန္ဓေယူအပ်သော အာရုံနှင့် တူသော အာရုံကိုသာလျှင် အာရုံပြု၍ စဖြစ်သောဘဝင်ကို မပြတ်စေဘဲလျက် ဆက်ကာ ဆက်ကာ ဘဝင်ကိစ္စ ဖြစ်လေ၏။ အဆုံး၌လည်း စုတိကိစ္စဖြစ်၍ ချုပ်လေ၏။

**ကာမသုဂတိ ပဝတ္တိဝိညာဉ်။** ။ဤသို့လျှင် ပဋိသန္ဓေနောင် ဆက်ကာဆက်ကာ စုတေ့ ကျသည်တိုင်အောင် ဖြစ်ပေါ်လေသမျှသော ဘဝင်စိတ်အစဉ်ကို ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုအပ်လေသည်၊ ဤယခုပြဆိုအပ်သော ဆက်စပ်မှုနည်းသည် ကာမသုဂတိဟု ဆိုအပ်သော လူ့ဘုံ၊ နတ်ဘုံမှ စုတေ၍ ကာမသုဂတိဟု ဆိုအပ်သော လူ့ဘုံ၊ နတ်ဘုံ၌ ဖြစ်ကုန်သော လူ၊ နတ်ဟု သမုတ်အပ်သော သတ္တဝါတို့၏ ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ပဋိသန္ဓေဟု ခေါ်ဆိုအပ်သော အသိဝိညာဏ် ဖြစ်ပေါ်ပုံကို သိသာရန် အကျဉ်းအမြွက်မျှ ပြဆိုအပ်သော နည်းတည်း။

## သေခါနီး ငါးဒွါရ၌ နိမိတ်ထင်ပုံ

**စက္ခုဒွါရ၌ ထင်ပုံ။** ။တနည်းကား ကာမသုဂတိဖြစ်သော လူ့ဘုံမှ သေခါနီးအခါ ဆွေမျိုးဉာတကာတို့သည် ဆွမ်း, သင်္ကန်း, တံခွန်, ကုက္ကား, မလေးပွါး, ပန်း, ဆီမီး စသော လှူဖွယ်ဝတ္ထုတို့ကို ဆောင်ယူလာပြီးလျှင် ထိုသေလတ္တံ့သောသူအား ပြ၍ အမောင် ဤ လှူဖွယ်ဝတ္ထုတို့ကို အမောင်၏ အကျိုးငှါ ရတနာသုံးပါးအား ပူဇော်ပါသည်။ အမောင်သည် သာဓုခေါ်၍ ဝမ်းမြောက်သော စိတ်ကို ဖြစ်စေပါလောဟု တိုက်တွန်းနှိုးဆော်အောက်မေ့စေ၏။ ထိုသို့ အောက်မေ့စေသည့်အတိုင်း ၎င်းသေလတ္တံ့သောလူသည် အောက်မေ့ခဲ့သည်ဖြစ်အံ့။ ထိုအောက်မေ့ခဲ့သော ပုညာဘိသင်္ခါရကုသိုလ်ကံသည် သေသောအခြားမဲ့၌ ကာမသုဂတိခုနစ်ဘုံတို့တွင် တဘုံဘုံ၌ ပစ်ချလတ္တံ့သည် ဖြစ်အံ့။ သေခါနီးဆဲဆဲ၌ ထိုဝတ္ထုတို့၏ အဆင်းရူပါရုံ ကမ္မနိမိတ်သည် **စက္ခုဒွါရ**အား ထင်ခြင်းသို့ ရောက်လေ၏။

**သောတဒွါရ၌ထင်ပုံ။** ။အကယ်၍သာလျှင် သေခါနီးကာလ၌ ဆွေမျိုးတို့သည် တရားဟောတတ်သော ပုဂ္ဂိုလ်တို့ကိုပင့်၍ တရားကို ဟောစေပြီးလျှင် သေလတ္တံ့သော သူအား တရားကိုနာစေခဲ့အံ့။ **ထိုတရားနာသော** ပုညာဘိသင်္ခါရ ကုသိုလ်ကံသည် သေသောအခြားမဲ့၌ ကာမသုဂတိ-ခုနစ်ဘုံတို့တွင် တဘုံဘုံ၌ ပစ်ချလတ္တံ့သည် ဖြစ်အံ့။ သေခါနီးဆဲဆဲ၌ ၎င်းတရားသံသည် ပစ်ချလတ္တံ့သော ကံ၏ အစွမ်းအားဖြင့် ကမ္မနိမိတ် ဖြစ်လျက် **သောတဒွါရ**အား ထင်ခြင်းသို့ ရောက်၏။

**ဃာနဒွါရ၌ ထင်ပုံ။** ။အကယ်၍ ဆွေမျိုး စသည်တို့သည် သေခါနီးဖြစ်သောသူ၏ အကျိုးငှါ ပန်းနံ့သာ အခိုးအထုံ အသင်းအနံ့တို့ကို ဆောင်ယူခဲ့ပြီးလျှင် ၎င်းသေလတ္တံ့သော သူအား နမ်းခြင်းကို ပြုစေပြီးမှ အမောင် ဤမွှေးကြိုင်သော အနံ့တို့ကို သင်၏အကျိုးငှါ ရတနာသုံးပါးအား ပူဇော်ပါသည်။ သင်သည် ပူဇော်ပါ၊ သာဓု အနုမောဒနာပြုပါ စသည်ဖြင့် တိုက်တွန်းမှုကို ပြု၍ ပူဇော်စေသည်ဖြစ်အံ့။ ထိုပူဇော်သော ကုသိုလ်ကံသည် သေသောအခြားမဲ့၌ ကာမသုဂတိခုနစ်ဘုံတို့တွင် တဘုံဘုံ၌ ပစ်ချလတ္တံ့သည် ဖြစ်အံ့။ သေခါနီးဆဲဆဲ၌ ၎င်းအနံ့သည် ပစ်ချလတ္တံ့သော ကံ၏ အစွမ်းဖြင့် ကမ္မနိမိတ်ဖြစ်လျက် **ဃာနဒွါရ**အား ထင်ခြင်းသို့ ရောက်၏။

**ဇိဝှါဒွါရ၌ ထင်ပုံ။** ။အကယ်၍ ဆွေမျိုး စသည်တို့သည် သေခါနီးဖြစ်သောသူ၏အကျိုးငှါ ထောပတ်, ပျား, တင်လဲ စသည်တို့ကို ဆောင်ယူလာပြီးလျှင် အနည်းငယ်လျှာဖြင့် လျက်စေပြီးလျှင် ဤသို့သော အရသာမျိုးကို အမောင်၏ အကျိုးငှါ ရတနာသုံးပါးအား ပူဇော်ပါသည်။

အမောင်သည် ပူဇော်ခြင်းကို ပြုပါ။ အနုမောဒနာသော်လည်း ပြုပါဟု တိုက်တွန်း၏။ ထိုသို့ တိုက်တွန်းခြင်းကြောင့် ၎င်းသေလတ္တံ့သော သူသည် ပူဇော်ခြင်း၊ အနုမောဒနာပြုခြင်း စသည်ကို အကယ်၍ ပြုလုပ်ခဲ့သည်ဖြစ်အံ့။ ထိုသို့ ပြုလုပ်ခြင်းကြောင့် ဖြစ်သော ၎င်းကုသိုလ်ကံသည် သေသောအခြားမဲ့၌ ကာမသုဂတိခုနစ်ဘုံတို့တွင် တဘုံဘုံ၌ ပစ်ချလိုလတ်သော် ၎င်းကံ၏အစွမ်းဖြင့် ၎င်းအရသာမျိုးသည် ကမ္မနိမိတ်ဖြစ်လျက် ဇိဝှါဒွါရအား ထင်ခြင်းသို့ ရောက်၏။

**ကာယဒွါရ၌ ထင်ပုံ။** ။အကယ်၍ ဆွေမျိုးဉာတကာ စသည်တို့သည် သက်နှီး, အဝတ်, အရုံ, ခြုံထည်, သကလပ်, စောင် စသည်တို့ကို ဆောင်ယူလာခဲ့၍ သေလတ္တံ့သောသူအား စမ်းသပ်ခြင်းကို ပြုစေပြီးလျှင် ဤအတွေ့ကောင်းသော အဝတ်စသည်တို့ကို သင်၏အလှူငှါ ရဟန်းသံဃာတို့အား လှူရန် ယူလာပါသည်။ သင်သည် ထိုအတွေ့ကောင်းသော လှူဘွယ်ဝတ္ထုတို့ကို ပူဇော်ပါ၊ လှူဒါန်းပါဟု တိုက်တွန်း ပြောဆိုပြီးလျှင် လှူစေ၏။ ထိုသေခါနီးကာလ၌ လှူသောကုသိုလ်ကံသည် အကယ်၍ သေသောအခြားမဲ့၌ ကာမသုဂတိခုနစ်ဘုံတို့တွင် တဘုံဘုံ၌ ပစ်ချလတ္တံ့သည် ဖြစ်အံ့။ သေခါနီးဆဲဆဲ၌ ထိုကံ၏ အစွမ်းဖြင့် ၎င်းအဝတ် အရုံတို့၏ အတွေ့ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ကမ္မနိမိတ် ဖြစ်လျက် ကာယဒွါရအား ထင်ခြင်းသို့ ရောက်၏။

**ငါးဒွါရ၌ မရဏာသန္နဝီထိ ဖြစ်ပုံ။** ။ထိုပြဆိုအပ်ပြီးသော ထင်ခြင်းသို့ရောက်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော အာရုံငါးပါးတည်းဟူသော ကမ္မနိမိတ်သည် ပစ္စုပ္ပန်အာရုံ ဖြစ်၏။

**ဘဝင် ၂-ကြိမ်။** ။ထိုပစ္စုပ္ပန်ဖြစ်သော အာရုံငါးပါးဟု ဆိုအပ်သော ကမ္မနိမိတ်တို့တွင် တပါးပါးသော ကမ္မနိမိတ်သည် ဒွါရငါးပါးတို့တွင် ထိုက်သည်အားလျော်စွာ တပါးပါးသော ဒွါရအား ထင်ခြင်းသို့ ရောက်လျှင်ပင် ရှေးပဋိသန္ဓေစိတ်နှင့် တူသော စိတ်သည် ပဋိသန္ဓေ အာရုံနှင့် တူသော အာရုံကိုသာလျှင် အာရုံပြု၍ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဟု အမည်ရလျက် ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

**ပဉ္စဒွါရာဝဇ္ဇန်း။** ။ထို့နောင် ထိုထင်သော ပစ္စုပ္ပန်ကမ္မနိမိတ် အာရုံကိုသာလျှင် အာရုံပြု၍ ပဉ္စဒွါရာဝဇ္ဇန်း စိတ်သည် အာဝဇ္ဇန်းကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။

**စက္ခုဝိညာဏ်။** ။ထို့နောင် အကယ်၍ စက္ခုဒွါရ၌ ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်သည် ထင်ခဲ့သည် ဖြစ်အံ့။ အာဝဇ္ဇန်းစိတ်နောင် ကုသလဝိပါက်

**စက္ခုဝိညာဏ်** စိတ်သည် ရူပါရုံထင်သော စက္ခုပသာဒကိုမှီ၍ မြင်ခြင်းတည်းဟူသော **ဒဿနကိစ္စ**ကိုပြုလျက် အဆင်းသဘောကို သိဆဲဖြစ်ပြီးလျှင် ချုပ်ကွယ်လေ၏။

**သောတဝိညာဏ်။** ။အကယ်၍ သောတဒွါရ၌သာလျှင် ပစ္စုပ္ပန်သဒ္ဒါရုံ ကမ္မနိမိတ်သည် ထင်ခဲ့သည် ဖြစ်အံ့။ အာဝဇ္ဇန်း စိတ်နောင် ကုသလဝိပါက် **သောတဝိညာဏ်**စိတ်သည် သဒ္ဒါရုံထင်သော သောတပသာဒကို မှီ၍ ကြားခြင်းတည်းဟူသော **သဝနကိစ္စ**ကို ပြုလျက် အသံသဘောကို သိဆဲဖြစ်ပြီးလျှင် ချုပ်ကွယ်လေ၏။

**ဃာနဝိညာဏ်။** ။အကယ်၍ ဃာနဒွါရ၌သာလျှင် ပစ္စုပ္ပန် ဂန္ဓာရုံ ကမ္မနိမိတ်သည် ထင်ခဲ့သည် ဖြစ်အံ့။ အာဝဇ္ဇန်းစိတ်နောင် ကုသလဝိပါက် **ဃာနဝိညာဏ်**စိတ်သည် ဂန္ဓာရုံထင်သော ဃာနပသာဒကိုမှီ၍ နမ်းခြင်းတည်းဟူသော **ဃာယနကိစ္စ**ကို ပြုလျက် **အနံ့သဘောကို** သိဆဲဖြစ်ပြီးလျှင် ချုပ်ကွယ်လေ၏။

**ဇိဝှါဝိညာဏ်။** ။အကယ်၍ ဇိဝှါဒွါရ၌သာလျှင် ပစ္စုပ္ပန်ရသာရုံကမ္မနိမိတ်သည် ထင်ခဲ့သည် ဖြစ်အံ့။ အာဝဇ္ဇန်းစိတ်နောင် ကုသလဝိပါက် **ဇိဝှါဝိညာဏ်**စိတ်သည် ရသာရုံထင်သော ဇိဝှါပသာဒကိုမှီ၍ လျက်မှု တည်းဟူသော **သာယနကိစ္စ**ကို ပြုလျက် အရသာသဘောကို သိဆဲဖြစ်ပြီးလျှင် ချုပ်ကွယ်လေ၏။

**ကာယဝိညာဏ်။** ။အကယ်၍ ကာယဒွါရ၌သာလျှင် ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ ကမ္မနိမိတ်သည် ထင်ခဲ့သည် ဖြစ်အံ့။ **အာဝဇ္ဇန်း**စိတ်နောင် ကုသလဝိပါက် **ကာယဝိညာဏ်** စိတ်သည် ၎င်းဖောဋ္ဌဗ္ဗာရုံထင်သော ကာယပသာဒကိုမှီ၍ တွေ့ထိမှုဟု ဆိုအပ်သော **ဖုသနကိစ္စ**ကို ပြုလျက် တွေ့ထိအပ်သော သဘောကို သိဆဲဖြစ်ပြီးလျှင် ချုပ်ကွယ်လေ၏။

**သမ္ပဋိစ္ဆိုင်းစိတ်။** ။ထိုနောင် ကုသလဝိပါက် **သမ္ပဋိစ္ဆိုင်း**ဟု ဆိုအပ်သော မနောဓာတ်သည် ထိုပစ္စုပ္ပန် ကမ္မနိမိတ်ဖြစ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့တွင် တပါးပါးကို ထိုက်သည်အားလျော်စွာ အာရုံပြု၍ စုတိစိတ်မှပြန်၍ ရေသည်ရှိသော်(၁၇)ချက်မြောက်သော ဟဒဝတ္ထုကို မှီ၍ ခံလင့်သကဲ့သို့သော အမှုကိုပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

**သန္တီရဏစိတ်။** ။ထိုနောင် ကုသလဝိပါက် **သန္တီရဏ** စိတ်သည် ထိုဟဒယဝတ္ထုကိုမှီ၍ သမ္ပဋိစ္ဆိုင်းယူအပ်သော အာရုံကိုသာလျှင် အာရုံပြု၍ စုံစမ်းခြင်း တည်းဟူသော **သန္တီရဏကိစ္စ**ကိုပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

**ဝုဋ္ဌောစိတ်။** ။ထို့နောင် **မနောဒွါရာဝဇ္ဇန်း** စိတ်သည် ထိုဟဒယဝတ္ထုရုပ်ကို မှီလျက် ထိုသန္တီရဏစိတ် စုံစမ်းအပ်သော ပစ္စုပ္ပန်ကမ္မနိမိတ် အာရုံကိုသာလျှင် အာရုံပြု၍ မှတ်ခြင်းဟု ဆိုအပ်သော **ဝုဋ္ဌောကိစ္စ**ကို ပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

**ဇော ၅-ကြိမ်။** ။ထို့နောင် **မဟာကုသိုလ်**စိတ်ရှစ်ခုတို့တွင် တခုခုသောစိတ်သည် ထိုဟဒယဝတ္ထုကိုမှီလျက် ဝုဋ္ဌောမှတ်အပ်သော ပစ္စုပ္ပန်ကမ္မနိမိတ် အာရုံကိုသာလျှင် အာရုံပြု၍ **မရဏာသန္နဇောကိစ္စ** ငါးကြိမ်ဖြစ်၍ချုပ်၏။

**တဒါရုံ ၂-ကြိမ်။** ။ထို့နောင် အကယ်၍ တဒါရုံကျထိုက်သော အာရုံဖြစ်ခဲ့အံ့။ ထိုဇောသည် ယူအပ်သော ပစ္စုပ္ပန်ကမ္မနိမိတ် အာရုံကို သာလျှင် အာရုံပြု၍ တဒါရုံကောဒသတို့တွင် တပါးပါးသော စိတ်သည် ထိုက်သည်အားလျော်စွာ **တဒါရုံကိစ္စ** နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

**စုတိစိတ် ၁-ကြိမ်။** ။ထို့နောင် ဘဝင်၏ အာရုံနှင့်တူသော အာရုံကို အာရုံပြု၍ ဘဝ၏ အဆုံးဟု ဆိုအပ်သော စုတိစိတ်သည် ဖြစ်ဆဲ ဖြစ်သော ဘဝအဆုံးကိုပြုလျက် **စုတိကိစ္စ** တကြိမ် ဖြစ်၍ ချုပ်၏။

အကယ်၍ တဒါရုံမကျခဲ့အံ့။ ဇော၏အဆုံး၌ စုတိကိစ္စတကြိမ်ဖြစ်၍ ချုပ်၏။ ထိုအဆုံးဖြစ်သော စုတိစိတ်ချုပ်သည်တပြိုင်နက် စုတိစိတ်နှင့် အတူတကွ ယှဉ်တွဲလျက် ဖြစ်ကုန်သော တွေ့မှု ဖဿ၊ ခံစားမှုသဘော ဝေဒနာ စသော စေတသိက်ဟု ဆိုအပ်သော သမ္ပယုတ်တရားတို့သည်၎င်း၊ ကမ္မဇဖြစ်ကုန်သော စက္ခုစသော ရုပ်ကလာပ်တို့သည်၎င်း တချက်တည်း ချုပ်ကွယ်ကြလေကုန်၏။ ထိုစိတ် စေတသိက် ရုပ်တို့ ချုပ်ကွယ်ကြသည်ကိုသာလျှင် လူသေပြီဟု ဝေါဟာရ အားဖြင့် ခေါ်ဝေါ်ပြောဆိုအပ်၏။ စင်စစ်မှာ လူသေသည် မဟုတ်။ စိတ် စေတသိက် ရုပ် တည်းဟူသော ပရမတ္ထတရားသဘောတို့သည်သာလျှင် ကွယ် ချုပ်ကြကုန်၏ဟု မှတ်။

**လူနှင့်နတ် ပဋိသန္ဓေ ဖြစ်ပုံ။** ။ထိုဆိုအပ်ပြီးသော လူဟု ခေါ်ဝေါ်အပ်သော ဘဝမှ သေသည်ဟု သမုတ်အပ်သော စုတိစိတ် ချုပ်ပြီးသည်နောက် ကာမသုဂတိခုနစ်ဘုံတို့တွင် တဘုံဘုံ၌ အကျိုးပေးလတ္တံ့ သော သေခါနီး**ကာလ**၌ ပြုအပ်သော ကုသိုလ်သတ္တမဇော စေတနာကံသည် ဘဝသစ်၌ **အကျိုးပေးခွင့်**ကိုရ၍ နာနာက္ခဏိကကမ္မပစ္စယဇနကသတ္တိ,ပကတူပ နိဿယပစ္စယဇနကသတ္တိ၏ **အစွမ်းအား**ဖြင့် ဖြစ်စေအပ်သော စုတိစိတ်၏ အခြားမဲ့၌ **စုတိစိတ်**မှ ရအပ်သော အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတ ဟု ဆိုအပ်သော ငါးပစ္စယဇနကသတ္တိ၏ အစွမ်းကို ခံယူလျက်

ချုပ်ပြီးဖြစ်သော လူ ဟု ခေါ်ဝေါ်အပ်သော သုဂတိဘဝနှင့် ဖြစ်ဆဲ ဖြစ်သော လူနတ်ဟု ခေါ်ဝေါ်အပ်သော သုဂတိဘဝခုနစ်ပါးတို့တွင် တပါးပါးသောဘဝကို ထပ်မံ၍ ဆက်စပ်သောအားဖြင့် ကုသိုလ်၏ အကျိုးဖြစ်သော အဟိတ်ကုသလ ဝိပါက် **ဥပေက္ခာသန္တီရဏစိတ်** တစ်၊ **မဟာဝိပါက်** ရှစ်၊ ပေါင်း ကိုးပါးတို့တွင် တပါးပါးသော ဝိပါက်စိတ်သည် ဖြစ်သင့်သည်အားလျော်စွာ ရှေးမရဏာသန္ဓဇောသည် ယူအပ်သော ရူပါရုံ စသော ပစ္စုပ္ပန်ကမ္မနိမိတ် အာရုံကိုသာလျှင် **အာရုံပြု၍ ပဋိသန္ဓေကိစ္စကို** ပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

ထိုပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်ကိုသာလျှင် သေသောလူသည် လူ့ပြည်၌ တဖန် ဖြစ်ပြန်သည်၊ နတ်ပြည်၌ တဖန် ဖြစ်ပြန်သည်ဟု ထိုက်သည် အားလျော်စွာ ခေါ်ဝေါ်ပြောဆိုအပ်၏။ ထိုသို့ပင် ခေါ်ဝေါ်ပြောဆိုအပ်သော်လည်း လူ နတ် သတ္တဝါ ဖြစ်သည်မဟုတ်။ ကုသိုလ်ပုညာဘိသင်္ခါရစေတနာ၏ အကျိုးဖြစ်သော အသိဝိညာဏ်သည်သာလျှင် စင်စစ် ဖြစ်ပေါ်လာပေ၏ဟု မှတ်။ ထို အသိဝိညာဏ်စိတ်ဖြစ်ပေါ်သည့်တပြိုင်နက် စေတသိက်ဟု ခေါ်ဆိုအပ်သောနာမ်၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဟဒယ ဟု ဆိုအပ်သော ရုပ်ကလာပ်တို့သည်လည်း ထိုပစ်ချသော ကုသိုလ်ကံကြောင့် ဆိုင်ရာ ဆိုင်ရာ ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်လေကုန်၏။ ထိုနာမ်ရုပ်တို့ ဖြစ်ပေါ်မှုသည် **ဝိညာဏပစ္စယာ** နာမရူပံ-ကို ပြဆိုရာ အခဏ်း၌ ထင်ရှားလတ္တံ့သတည်း။

## ကာမသုဂတိဘုံ၌ သေခါနီးဇောနှင့် ပဋိသန္ဓေစိတ် အာရုံတူပုံ

**ရူပါရုံ ကမ္မနိမိတ် တူပုံ။** ။ ထိုဘဝနှစ်ပါးကို ဆက်စပ်သော ဝိညာဏ်စိတ် ဖြစ်ပေါ်လာသောအခါ အကယ်၍ စုံတေခဲ့သော လူဟု ဆိုအပ်သော ဘဝ၌ မရဏာသန္နကုသိုလ်ဇောသည် ပစ္စုပ္ပန်ဖြစ်သော ရူပါရုံကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ခဲ့သည် ဖြစ်အံ့။ ၎င်းသုဂတိဘုံ၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာသန္န ကုသိုလ်ဇောသည် ယူအပ်သော ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။

**သဒ္ဒါရုံ ကမ္မနိမိတ် တူပုံ။** ။အကယ်၍ မရဏာသန္န ကုသိုလ်ဇောသည် ပစ္စုပ္ပန်ဖြစ်သော သဒ္ဒါရုံ ကမ္မနိမိတ်ကိုသာလျှင် အာရုံပြုခဲ့သည် ဖြစ်အံ့။ ၎င်းသုဂတိဘုံ၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာသန္နကုသိုလ်ဇောသည် ယူအပ်သော ပစ္စုပ္ပန်သဒ္ဒါရုံကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။

**ဂန္ဓာရုံ ကမ္မနိမိတ် တူပုံ။** ။အကယ်၍ မရဏာသန္န ကုသိုလ်ဇောသည် ပစ္စုပ္ပန်ဖြစ်သော ဂန္ဓာရုံ ကမ္မနိမိတ်ကိုသာလျှင် အာရုံပြုခဲ့

သည် ဖြစ်အံ့။ ၎င်းသုဂတိဘုံ၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာသန္န ကုသိုလ်ဇောသည် ယူအပ်သော ပစ္စုပ္ပန်ဂန္ဓာရုံကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။

**ရသာရုံ ကမ္မနိမိတ် တူပုံ။** ။အကယ်၍ မရဏာသန္န ကုသိုလ်ဇောသည် ပစ္စုပ္ပန်ဖြစ်သော ရသာရုံကမ္မနိမိတ်ကိုသာလျှင် အာရုံပြုခဲ့သည် ဖြစ်အံ့။ ၎င်းသုဂတိဘုံ၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာသန္နကုသိုလ်ဇောသည် ယူအပ်သော ပစ္စုပ္ပန်ရသာရုံကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။

**ဖောဋ္ဌဗ္ဗာရုံ ကမ္မနိမိတ် တူပုံ။** ။အကယ်၍ မရဏာသန္န ကုသိုလ်ဇောသည် ပစ္စုပ္ပန်ဖြစ်သော ဖောဋ္ဌဗ္ဗာရုံ ကမ္မနိမိတ်ကိုသာလျှင် အာရုံပြုခဲ့သည် ဖြစ်အံ့။ ၎င်းသုဂတိဘုံ၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာသန္န ကုသိုလ်ဇောသည် ယူအပ်သော ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။

ထိုသို့ ဖြစ်ပေါ်လာသည်၏ အဖြစ်ကို ထင်ရှားပြတော်မူလိုသော သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် ပဋိစ္စသမုပ္ပါဒ်အဖွင့် စာမျက်နှာ (၁၅၁)၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ပညာဘူမိအဖွင့် စာမျက်နှာ (၁၇၃) ၌—

> အပရဿ မရဏာသမယေ ဉာတကာ "အယံ တာတ တဝတ္ထာယ ဗုဒ္ဓပူဇာ ကရီယတိ၊ စိတ္တံ ပသာဒေဟီ"တိ ဝတွာ ပုပ္ဖဒါမဓဇပဋာကာဒိဝသေန ရူပါရမ္မဏံ ဝါ ဓမ္မဿဝနတူရိယပူဇာဒိဝသေန သဒ္ဒါရမ္မဏံ ဝါ ဓူမဝါသဂန္ဓာဒိဝသေန ဂန္ဓာရမ္မဏံ ဝါ "ဣဒံ တာတ သာယဿု၊ တဝတ္ထာယ ဒါတဗ္ဗံ ဒေယျဓမ္မ"န္တိ ဝတွာ မဓုဖာဏိတာဒိဝသေန ရသာရမ္မဏံ ဝါ "ဣဒံ တာတ ဖုသဿု၊ တဝတ္ထာယ ဒါတဗ္ဗံ ဒေယျဓမ္မ"န္တိ ဝတွာ စီနပဋသောမာရပဋာဒိဝသေန ဖောဋ္ဌဗ္ဗာရမ္မဏံ ဝါ ပဉ္စဒွါရေ ဥပသံဟရန္တိ။
>
> တဿ တသ္မိံ အာပါထဂတေ ရူပါဒိအာရမ္မဏေ ယထာဥက္ကမေန ဥပ္ပန္နဝေါဋ္ဌဗ္ဗနာဝသာနေ မရဏာသန္နဘာဝေန မန္ဒီဘူတဝေဂတ္တာ ပဉ္စ ဇဝနာနိ ဒွေ တဒါရမ္မဏာနိ စ ဥပ္ပဇ္ဇန္တိ။ တတော ဘဝင်္ဂဝိသယံ အာရမ္မဏံ ကတွာ ဧကံ စုတိစိတ္တံ၊ တဒဝသာနေ တသ္မိညေဝ ဧကစိတ္တက္ခဏဋ္ဌိတိကေ အာရမ္မဏေ ပဋိသန္ဓိစိတ္တံ ဥပ္ပဇ္ဇတိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

**သမုပ္ပါဒ ၁၆—ပ-မ-ဗ-သ-စ**

အနက်သိကြောင်း မြန်မာပြန်ကား—

အပရဿ၊ တပါးသော လူသတ္တဝါအား။ မရဏသမယေ၊ သေခါနီးကာလ၌။ ဉာတကာ၊ ဆွေမျိုးတို့သည်။ တာတ၊ အမောင်။ တဝ၊ သင်၏။ အတ္ထာယ၊ အကျိုးငှါ။ အယံ ဗုဒ္ဓပူဇာ၊ ဤ ဘုရားအား ပူဇော်ခြင်းကို။ ကရီယတိ၊ ပြုအပ်၏။ စိတ္တံ၊ စိတ်ကို။ ပသာဒေဟိ၊ ကြည်ညိုစေလော။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆိုပြီး၍။ ပုပ္ဖဒါမဓဇပဋာကာဒိဝသေန၊ ပန်းဆိုင်း တံခွန် ကုက္ကား စသည်တို့၏ အစွမ်းဖြင့်။ ရူပါရမ္မဏံ ဝါ၊ ရူပါရုံကိုငင်း။ ဓမ္မဿဝနတူရိယပူဇာဒိဝသေန၊ တရားနာခြင်း တူရိယာဖြင့် ပူဇော်ခြင်း အစရှိသည်တို့၏ အစွမ်းဖြင့်။ သဒ္ဒါရမ္မဏံ ဝါ၊ သဒ္ဒါရုံကိုငင်း။ ဓူမဝါသဂန္ဓာဒိဝသေန၊ အခိုး အထုံ အနံ့ စသည်တို့၏ အစွမ်းအားဖြင့်။ ဂန္ဓာရမ္မဏံ ဝါ၊ ဂန္ဓာရုံကိုငင်း။ တာတ၊ အမောင်။ ဣဒံ၊ ဤလျက်ဘွယ်ကို။ သာယဿု၊ လျက်လော။ တဝ၊ သင်၏။ အတ္ထာယ၊ အကျိုးငှါ။ ဒါတဗ္ဗံ၊ ပေးလှူအပ်သော။ ဒေယျဓမ္မံ၊ ပေးလှူဖွယ် ဝတ္ထုတည်း။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ မဓုဖာဏိတာဒိဝသေန၊ ပျားတင်လဲ အစရှိသည်တို့၏ အစွမ်းအားဖြင့်။ ရသာရမ္မဏံ ဝါ၊ ရသာရုံကိုငင်း။ တာတ၊ အမောင်။ ဣဒံ၊ ဤအဝတ်ကို။ ဖုသဿု၊ တွေ့ထိလော။ တဝ၊ သင်အမောင်၏။ အတ္ထာယ၊ အကျိုးငှါ။ ဒါတဗ္ဗံ၊ ပေးလှူအပ်သော။ ဒေယျဓမ္မံ၊ ပေးလှူဖွယ် ဝတ္ထုတည်း။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ စီနပဋသောမာရပဋ္ဋာဒိဝသေန၊ စိန့်ပြည်၌ဖြစ်သော ပုဆိုး,သောမာရတိုင်း၌ဖြစ်သော ပုဆိုး စသည်တို့၏အစွမ်းဖြင့်။ ဖောဋ္ဌဗ္ဗာရမ္မဏံ ဝါ၊ ဖောဋ္ဌဗ္ဗာရုံကိုငင်း။ ပဉ္စဒွါရေ၊ ငါးဒွါရ၌။ ဥပသံဟရန္တိ၊ ကပ်၍ဆောင်ကုန်၏။

တဿ သတ္တဿ၊ ထိုလူဟုဆိုအပ်သော သတ္တဝါအား။ အာပါထဂတေ၊ ထင်ခြင်းသို့ရောက်သော။ တသ္မိံ ရူပါဒိအာရမ္မဏေ၊ ထိုရူပါရုံစသော အာရုံ၌။ ယထာက္ကမေန၊ အစဉ်အားလျော်သဖြင့်။ ဥပ္ပန္နဝေါဋ္ဌဗ္ဗနာဝသာနေ၊ ဖြစ်သော ဝုဋ္ဌောဓါ၏အဆုံး၌။ မရဏဿ၊ သေခြင်း၏။ အာသန္နဘာဝေန၊ အလွန်နီးလှသည်၏အဖြစ်ဖြင့်။ မန္ဒီဘူတဝေဂတ္တာ၊ ညံ့သည်ဖြစ်၍ဖြစ်သော အဟုန်ရှိသည်၏ အဖြစ်ကြောင့်။ ပဉ္စ၊ ငါးကြိမ်ကုန်သော။ ဇဝနာနိ စ၊ ဇောတို့သည်ငင်း။ ဒွေ၊ နှစ်ကြိမ်ကုန်သော။ တဒါရမ္မဏာနိ စ၊ တဒါရုံတို့သည်ငင်း၊ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တတော၊ ထိုနောက်မှ။ ဘဝင်္ဂဝိသယံ၊ ဘဝင်၏အာရုံကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ဧကံ၊ တကြိမ်သော။ စုတိစိတ္တံ၊ စုတိစိတ်သည်။ ဝါ၊ ဖြစ်ဆဲဖြစ်သော ဘဝမှ ကွယ်ခြင်းတည်းဟူသော ရွေ့လျောခြင်းကို ပြုတတ်သော စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဒဝသာနေ၊ ထိုစုတိစိတ်၏အဆုံး၌။ ဧကစိတ္တက္ခဏဋ္ဌိတိကေ၊ တခုသော စိတ္တက္ခဏတည်ခြင်းရှိသော။ တသ္မိညေဝ အာရမ္မဏေ၊ ထိုမရဏာသန္န

ဇောသည် ယူအပ်သော အာရုံ၌သာလျှင်။ ပဋိသန္ဓိစိတ္တံ၊ ပဋိသန္ဓေစိတ်သည်။ ဝါ၊ ဘဝနှစ်ပါးကို ဆက်စပ်တတ်သောစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ရှေး၌ ပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း အတီတာနန္တရဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော ရူပါရုံစသော ကမ္မနိမိတ်အာရုံကိုသာလျှင် အာရုံပြု၍ ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။

ဤလူ့ဘုံမှစုတေ၍ သုဂတိခုနစ်ဘုံတို့တွင် တဘုံဘုံသို့ သွားသည်ကို ဖော်ပြအပ်သောနည်းအတိုင်း နတ်ပြည်ခြောက်ထပ်မှ စုတေ၍ ပစ္စုပ္ပန် ရူပါရုံစသော ကမ္မနိမိတ်ကို အာရုံပြု၍ သုဂတိခုနစ်ဘုံတို့တွင် တဘုံဘုံ၌ ဖြစ်ပေါ်ပုံကိုလည်း ထင်ရှားသိကြလေ။

**ကာမသုဂတိပဝတ္တိဝိညာဏ်။** ။ထိုပဋိသန္ဓေဝိညာဏ်ချုပ်ပြီးသည်နောက် ၎င်း ပဋိသန္ဓေဝိညာဏ်စိတ်၏ အခြားမဲ့၌လည်း ထို ပစ်ချသော ကုသိုလ်ကံ၏အကျိုးဖြစ်သော ပဋိသန္ဓေဝိညာဏ်စိတ်နှင့် ဘူမိ, ဇာတိ, သမ္ပယုတ္တ, သင်္ခါရအားဖြင့် တူသောစိတ်သည် ထိုပဋိသန္ဓေဝိညာဏ်စိတ် ယူအပ်သော အာရုံမျိုးကိုသာလျှင် အာရုံပြု၍ အစဖြစ်ပေါ်သောဘဝကို မပြတ်စေဘဲလျက် ဆက်ကာဆက်ကာ ဘဝင်ကိစ္စဖြစ်လေ၏။ အဆုံး၌လည်း စုတိကိစ္စဖြစ်၍ ချုပ်ကွယ်လေ၏။ ဤပြဆိုအပ်ပြီးသော ပဋိသန္ဓေနောင် ဆက်ကာဆက်ကာ စုတိကျသည့်တိုင်အောင် ဖြစ်ပေါ်၍ ချုပ်လေသမျှသော ဘဝင်စိတ်အစဉ်ကို **ပဝတ္တိဝိညာဏ်** ဟု ခေါ်ဆိုအပ်လေသည်၊ ထိုပဝတ္တိဝိညာဏ်စိတ်ဖြစ်ပုံသည် နောက်၌ ထင်ရှားလတ္တံ့။

ဤယခုပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်မှုနည်းသည် ကာမသုဂတိဘုံမှ စုတေ၍ ကာမသုဂတိဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့၏ ရှေးမရဏာသန္နပဉ္စဒွါရိကဇောတို့သည် ယူအပ်သော ပစ္စုပ္ပန်ဖြစ်သော ရူပါရုံစသော ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပုံကို ပြဆိုအပ်သော နည်းပေတည်း။

ဤတွင် ကာမသုဂတိခုနစ်ဘုံတို့တွင် တဘုံဘုံမှ စုတေ၍
ကာမသုဂတိ ခုနစ်ဘုံတို့တွင် တဘုံဘုံ၌ ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်မှုကို
အကျဉ်းအမြွက်မျှပြဆိုအပ်သော နည်းပေတည်း။

**ဒုဂ္ဂတိဘုံမှစုတေ၍ ဒုဂ္ဂတိဘုံ၌ပဋိသန္ဓေဝိညာဏ်ဖြစ်ပုံကို ပြဆိုချက်**

**အပါယ်ကျမည့် နိမိတ် ၃-ပါး။** ။အပါယ်လေးဘုံဟု ဆိုအပ်သော ဒုဂ္ဂတိဘုံမှ **အ**ကြွင်အကြွင်အပါယ်ဘုံသူတို့သည် ရှေးရှေး **ဘဝ**ထိုထို၌၎င်း၊ ဖြစ်ဆဲဖြစ်သော ပစ္စက္ခုဘဝ၌၎င်း **မကောင်းမှု**ကို ပြုလုပ်ဘူး**သ**ည်၏အဖြစ်ကြောင့် စုတေသော အခြားမဲ့၌ အပါယ်လေးဘုံတို့တွင် တဘုံဘုံ၌ ဖြစ်လိုလတ်သည်ရှိသော် မရဏာသန္နဇောမကျမီ ရှေးအဘို့ကပင် တင်ကူး၍ ပြုအပ်ပြီးသော **အကုသိုလ်စေတနာ**ဟု ဆိုအပ်သော **ဓမ္မာရုံကံ**သည်၎င်း၊ ထို **အကုသိုလ်ကံ**၏ ဖြစ်ကြောင်းဖြစ်သော အာရုံဝတ္ထုဟု ဆိုအပ်သော အတိတ်ဖြစ်သော **ကမ္မနိမိတ်**သည်၎င်း၊ လားရာဂတိ၏ အကြောင်းဖြစ်သော ငရဲအိုး ငရဲမီးလျှံ ခွေးနက်ကြီးစသော ငရဲသို့သွားလတ္တံ့သောသူတို့၏ ပစ္စုပ္ပန်ဖြစ်သော **ဂတိနိမိတ်**၊ တောတောင် ကမ်းပါးပြတ် ချောက် အစရှိသော ပြိတ္တာ တိရစ္ဆာန် ဘုံတို့သို့ သွားလတ္တံ့သောသူတို့၏ ပစ္စုပ္ပန် **ဂတိနိမိတ်**၊ ဤဆိုအပ်ပြီးသော နိမိတ် သုံးပါးတို့တွင် တပါးပါးသည် ပစ်ချလတ္တံ့သော အကုသိုလ်ကံစေတနာအား လျော်စွာ လာရောက်သကဲ့သို့ မနောဒွါရအား ထင်လာလေ၏။

**အပါယ်မရဏာသန္နဝီထိ။** ။ထိုသို့ ထင်လာသော အာရုံသုံးပါးတို့တွင် တပါး ပါးကို အာရုံပြု၍ မရဏာသန္နဇောဝီထိ စိတ္တုပ္ပါဒ် ဖြစ်လိုလတ်သော် ရှေးဦးစွာ စုတေလတ္တံ့သော ဘဝ၌ ရှေးဦးအစ ဖြစ်ခဲ့ဘူးသော ပဋိသန္ဓေစိတ်၏ **အာ**ရုံနှင့်တူသော အာရုံကိုသာလျှင် အာရုံပြု၍ ပဋိ-သန္ဓေစိတ်နှင့် ဘူမိ,ဇာတိ,သမ္ပယုတ္တ,သင်္ခါရအားဖြင့် တူသောစိတ်သည် ဘဝင် စလန ဘဝင်္ဂုပစ္ဆေဒဟူသောအမည်ကို ယူလျက် ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် ပစ်ချလတ္တံ့သော အကုသိုလ်ကံသည် ထင်စေအပ်သော အတိတ် ဖြစ်သော ကံ ကမ္မနိမိတ် ပစ္စုပ္ပန်ဖြစ်သော ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါး ကို ထိုက်သည်အားလျော်စွာ အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း စိတ်သည် ဆင်ခြင်ခြင်းအမှုကိစ္စကိုပြုလျက် ချုပ်ကွယ်၏။

ထို့နောင် ဆိုအပ်ပြီးသော အာဝဇ္ဇန်းဆင်ခြင်အပ်သော နိမိတ်အာရုံကိုသာ လျှင် အာရုံပြု၍ ထိုက်သည်အားလျော်စွာ **အကုသိုလ်မရဏာသန္နဇော**သည် သေခါနီးဆဲဆဲဖြစ်၍ အားနည်းပါးသည်၏အဖြစ်ကြောင့် ငါးကြိမ်မျှ စော ပြီးလျှင် ချုပ်ကွယ်လေ၏။

ထို့နောင် အကယ်၍ အလွန်ထင်သော အာရုံဖြစ်အံ့၊ အဟိတ်တဒါရုံသုံးခု တို့တွင် တခုခုသည် တဒါရုံကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထိုတဒါရုံချုပ်ပြီးနောက် စုတေ့လတ္တံ့သော ဒုဂ္ဂတိဘဝ၌ ရှေးရှေးဖြစ်သော ဘဝင်စိတ်တို့သည် ယူအပ်သော အာရုံနှင့်တူသော အာရုံကိုသာလျှင် အာရုံပြု၍ ၎င်းဒုဂ္ဂတိဘဝ၌ ပစ်ချပြီးသောကံ၏ အကျိုးဆက်အဟုန်ဟု ဆိုအပ်သော ဘဝင်စိတ်သည် ထိုဖြစ်ဆဲဖြစ်သော ဒုဂ္ဂတိဟု သမုတ်အပ်သော ဘဝမှ ရွေ့လျောကွယ်ပျောက်ခြင်းကိစ္စကို ဖြစ်စေလျက် စုတိကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။ အကယ်၍ တဒါရုံသည် မကျခဲ့သည်ဖြစ်အံ့၊ မရဏာသန္နဇောဟု ဆိုအပ်သော ပဉ္စမဇော၏ အဆုံးနောင်မှ ရှေး၌ပြဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း **စုတိကိစ္စ**တကြိမ်ဖြစ်၍ ချုပ်၏။

**အပါယ်ဘုံသားသေပုံနှင့် ပရမတ်အမြင်။** ။ထိုအဆုံးဖြစ်သော စုတိစိတ် ချုပ်သောအခါ သမုတိဝေါဟာရအားဖြင့် ဖြစ်ဆဲဖြစ်သော အပါယ်လေးပါးတည်းဟူသော ဒုဂ္ဂတိဘုံမှ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်တို့သည် သေလေကုန်ပြီ၊ စုတေ့လေကုန်ပြီဟု ပြောဆိုကြကုန်၏။ ပရမတ္ထသဘော၏ အစွမ်းအားဖြင့်ကား စုတိစိတ်ဟု ခေါ်ဆိုအပ်သော အာရုံကို သိတတ်သော သဘောသည်၎င်း၊ ထိုအသိသဘောနှင့် တွဲယှဉ်၍ ဖြစ်ကုန်သော တွေ့မှု ဖဿ၊ ခံစားမှုသဘော ဝေဒနာအစရှိကုန်သော ဆယ်ပါးသော စေတသိက်ခေါ်အပ်ကုန်သော သဘောတရားတို့သည်၎င်း၊ ထိုဒုဂ္ဂတိဘဝ၌ ပစ်ချခဲ့ပြီးသော အကုသိုလ်ကံကြောင့် ဖြစ်ကုန်သော စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဟဒယစသော ကမ္မဇရုပ်တို့သည်၎င်း၊ ဤဆိုအပ်ပြီးသော စိတ် စေတသိက် ရုပ်ဟု ဆိုအပ်ကုန်သော ပရမတ္ထတရားတို့သည်သာလျှင် ကွယ်ချုပ်ပျောက်ကြလေကုန်၏။

ထိုတရားစုကွယ်သည်မှတပါး စင်စစ် ငရဲသူ သေသည်၊ တိရစ္ဆာန် သေသည်၊ ပြိတ္တာ သေသည်၊ အသုရကာယ် သေသည်ဟူ၍ မရှိလေပြီ၊ ရှင်နေသောအသက် ထွက်သွားသည်ဟူ၍လည်း မရှိလေပြီ၊ အဘယ်ကြောင့်ဆိုသော် ပကတိမူလနဂိုကမှ ငရဲ တိရစ္ဆာန်စသော သတ္တဝါ ရှင်သောအသက်ဟူ၍ စင်စစ် မရှိခြင်းကြောင့်တည်း။ ထို့ကြောင့် ငရဲ တိရစ္ဆာန်စသော သတ္တဝါ သေသည်လည်း မဟုတ်၊ ရှင်သောအသက် ထွက်သွားသည်လည်း မဟုတ်၊ စင်စစ်မှာ မိမိတို့၏ သဘောလက္ခဏာအားဖြင့် ထင်ရှားသော စိတ် စေတသိက် ရုပ်ဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောတို့သည်သာလျှင် ကွယ်ပျောက်လေကုန်၏ဟု ရှေးကဖော်ပြခဲ့သည့်အတိုင်း ထင်ရှားသိကြလေကုန်။

**အပါယ်ပဋိသန္ဓေဖြစ်ပုံ။** ။ထိုဆိုအပ်ပြီးသော ငရဲ တိရစ္ဆာန်စသည် သမုတ်အပ်သော ဒုဂ္ဂတိဘဝမှ သေသည်ဟု သမုတ်အပ်သော စုတိစိတ် ချုပ်ကွယ်လေပြီးနောက် ဒုဂ္ဂတိဟု ဆိုအပ်သော အပါယ်လေး

ဘုံ၌ အကျိုးပေးလတ္တံ့သော အကုသိုလ်စေတနာဟု ဆိုအပ်သော **ကံ**သည် ဘဝသစ်၌အကျိုးပေးခွင့်ကို ရ၍ နာနာက္ခဏိကကမ္မပစ္စယဇနကသတ္တိ, ပက-တူပနိဿယပစ္စယဇနကသတ္တိ၏ အစွမ်းဖြင့် ဖြစ်စေအပ်သော ၎င်းစုတိစိတ်၏ အခြားမဲ့၌ စုတိစိတ်မှ ရအပ်သော အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတတည်းဟူသော ငါးပစ္စယဇနကသတ္တိကို ခံယူလျက် ချုပ်ကွယ်ပြီးသော ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဟု ခေါ်ဆိုအပ်သော ဒုဂ္ဂတိဘဝနှင့် ဖြစ်ဆဲ ဖြစ်သော ဒုဂ္ဂတိဘဝကို မပြတ်စေဘဲ ဆက်စပ်တတ်သောအားဖြင့် ၎င်းပစ်ချလတ္တံ့သော အကုသိုလ်အကျိုးဖြစ်သော အဟိတ် **အကုသလဝိပါကဥပေက္ခာသန္တီရဏ**စိတ်သည် စုတေခဲ့သော ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဘဝတို့တွင် တပါးပါးသောဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ **ပဋိသန္ဓေကိစ္စ**ကို ပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

ထိုပဋိသန္ဓေကိစ္စကို ပြုလုပ်တတ်သော ဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်ကို သာလျှင် စုတေပြီးသော ငရဲ တိရစ္ဆာန် ပြိတ္တာသည် တဖန် ငရဲ တိရစ္ဆာန် ပြိတ္တာဘုံတို့၌ ဖြစ်ပြန်လေပြီဟု ခေါ်ဝေါ်ပြောဆိုအပ်လေသည်။ ထို့သို့ပင် ခေါ်ဝေါ်ပြောဆိုအပ်လေသော်လည်း စင်စစ် အကုသိုလ်၏ အကျိုးဖြစ်သော အာရုံကို သိတတ်သော ဝိညာဏ်ဟု ဆိုအပ်သော ပရမတ္ထသဘောတရားသည် သာလျှင် ထင်ရှားဖြစ်ပေါ်လာသည်ဟု မှတ်ကြလေကုန်။

ထို အသိသဘောဝိညာဏ်စိတ် ဖြစ်ပေါ်သည်တပြိုင်နက် စေတသိက်ဟု ခေါ်ဆိုအပ်သော တွေ့မှု,ခံစားမှုစသော သမ္ပယုတ္တဓမ္မဖြစ်သော နာမ်၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဟာဒယဝတ္ထုဟု ဆိုအပ်သော ရုပ်ကလာပ်တို့သည်လည်း ထို အကုသိုလ်ကံကြောင့် ဆိုင်ရာဆိုင်ရာ ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်ကြကုန်၏။ ထို နာမ်ရုပ်တို့ ဖြစ်ပေါ်မှုသည် နောက် **ဝိညာဏပစ္စယာ နာမရူပံ**ကို ပြဆိုရာအခဏ်း၌ ထင်ရှားလတ္တံ့။

### အပါယ်မရဏာသန္နဇောနှင့် ပဋိသန္ဓေအာရုံတူပုံ

**ကံအာရုံ တူပုံ။** ။ထို ဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ဝိညာဏ်စိတ် ဖြစ်ပေါ်လာသောအခါ အကယ်၍ စုတေပြီးသော ဒုဂ္ဂတိဘဝ၌ မရဏာသန္န အကုသိုလ်ဇောသည် အတိတ်ဖြစ်သော ကံကို သာလျှင် အာရုံပြုခဲ့သည်ဖြစ်အံ့၊ ၎င်းဒုဂ္ဂတိဘုံ၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာသန္နအကုသိုလ်ဇော ယူအပ်သော အတိတ်ဖြစ်သော ကံကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လေ၏။

**ကမ္မနိမိတ် တူပုံ။** ။အကယ်၍ မရဏာသန္န အကုသိုလ်ဇောသည် အတိတ်ဖြစ်သော ကမ္မနိမိတ်ကိုသာလျှင် အာရုံပြုခဲ့သည် ဖြစ်အံ့၊ ၎င်း ဒုဂ္ဂတိဘုံ၌ ထပ်မံ၍ဖြစ်ပေါ်လာသော ပဋိသန္ဓေ ဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာသန္နအကုသိုလ်ဇောသည် ယူအပ်သော အတိတ်ဖြစ်သော ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လေ၏။

**ဂတိနိမိတ် တူပုံ။** ။အကယ်၍ မရဏာသန္န အကုသိုလ်ဇောသည် ပစ္စုပ္ပန်ဖြစ်သော ဂတိနိမိတ်ကိုသာလျှင် အာရုံပြုခဲ့သည်ဖြစ်အံ့၊ ၎င်း ဒုဂ္ဂတိဘုံ၌ ထပ်မံ၍ ဖြစ်ပေါ်လာသော ပဋိသန္ဓေဝိညာဏ်စိတ်သည်လည်း ၎င်း မရဏာသန္န အကုသိုလ်ဇောသည် ယူအပ်သော ပစ္စုပ္ပန်ဖြစ်သော ဂတိနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏ဟု မှတ်ကြလေ။

### အပါယ်ဘုံမှ အပါယ်ဘုံကျမည့် မရဏာသန္န ပဉ္စဝိညာဏဝီထိ ဖြစ်ပုံ

**ယုတ်ညံ့သောအာရုံ ထင်ပုံ။** ။တနည်းလည်း အကြင်အကြင် အပါယ်ဘုံသူတို့သည် ရှေးရှေးသောဘဝ ထိုထို၌၎င်း၊ ဖြစ်ဆဲဖြစ်သော ပစ္စက္ခဘဝ၌၎င်း မကောင်းမှုကို ပြုလုပ်ဘူးသည်၏ အဖြစ်ကြောင့် အပါယ်လေးဘုံဟု ဆိုအပ်သော ဖြစ်ဆဲဖြစ်သော ဒုဂ္ဂတိဘုံမှ စုတေ၍ အပါယ်လေးဘုံတို့တွင် တဘုံဘုံ၌ ဖြစ်လိုလတ်သော် မရဏာသန္နဇောမကျမီ ရှေးအဘို့ကပင် တင်ကူး၍ စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရဟု ဆိုအပ်ကုန်သော ငါးပါးကုန်သော ဒွါရတို့တွင် တပါးပါးသော ဒွါရ၌ ရာဂစသည်တို့၏ အကြောင်းကြောင့်ဖြစ်သော ယုတ်ညံ့သော ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ, ရသာရုံ,ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော အာရုံငါးပါးတို့တွင် တပါးပါးသည် ဆိုင်ရာဆိုင်ရာ ထိုက်သည့်ဒွါရအားလျော်စွာ ထင်ခြင်းသို့ ရောက်၏။

**ဘဝင် ၂-ကြိမ်။** ။ထိုသို့ ရောက်ပြီး၍ မရဏာသန္နဇောကျလိုလတ်သော် ထိုဖြစ်ဆဲဖြစ်သော ဒုဂ္ဂတိဘဝ၌ ဖြစ်သော ပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် ပဋိသန္ဓေစိတ်၏ အာရုံနှင့်တူသော အာရုံကို အာရုံပြု၍ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဟု **ဘဝင်ကိစ္စ** နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

**ပဉ္စဒွါရာဝဇ္ဇန်း။** ။ထို့နောင် ထိုထင်ခြင်းသို့ ရောက်သော ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ, ရသာရုံ,ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော ယုတ်ညံ့သော အာရုံငါးပါးတို့တွင် တပါးပါးကို ဆင်ခြင်တတ်သော **ပဉ္စဒွါရာဝဇ္ဇန်း** စိတ်သည် **အာဝဇ္ဇန်းကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

**စက္ခုဝိညာဏ်။** ။ထို့နောင် အကယ်၍ စက္ခုဒွါရ၌သာလျှင် ရူပါရုံ ကမ္မနိမိတ်သည် ထင်ခဲ့အံ့၊ အာဝဇ္ဇန်းနောင် စက္ခုဝိညာဏ်စိတ်ဟု

ခေါ် ဆိုအပ်သော သိတတ်သော သဘောသည် ၎င်းရူပါရုံထင်သော စက္ခုပသာဒ ကိုမှီ၍ မြင်မှုတည်းဟူသော ဒဿနကိစ္စကိုပြုလျက် ရူပါရုံအဆင်းကို သိဆဲဖြစ် ပြီးလျှင် တကြိမ်ဖြစ်၍ ချုပ်၏။

**သောတဝိညာဏ်။** ။အကယ်၍ သောတဒွါရ၌သာလျှင် ယုတ်ညံ့သော သဒ္ဒါရုံ ကမ္မနိမိတ်သည် ထင်ခဲ့သည် ဖြစ်အံ့၊ အာဝဇ္ဇန်းနောင် သောတဝိညာဏ်စိတ်ဟု ခေါ် ဆိုအပ်သော သိတတ်သော သဘောသည် ၎င်း သဒ္ဒါရုံထင်သော သောတပသာဒကိုမှီ၍ ကြားမှုတည်းဟူသော သဝနကိစ္စကို ပြုလျက် သဒ္ဒါရုံအသံကို သိဆဲဖြစ်ပြီးလျှင် တကြိမ်ဖြစ်၍ ချုပ်၏။

**ဃာနဝိညာဏ်။** ။အကယ်၍ ဃာနဒွါရ၌သာလျှင် ယုတ်ညံ့သော ဂန္ဓာရုံ ကမ္မနိမိတ်သည် ထင်ခဲ့သည် ဖြစ်အံ့၊ အာဝဇ္ဇန်း နောင် ဃာနဝိညာဏ်စိတ်ဟု ခေါ် ဆိုအပ်သော သိတတ်သော သဘောသည် ၎င်း ဂန္ဓာရုံထင်သော ဃာနပသာဒကို မှီ၍ နမ်းမှုတည်းဟူသော ဃာယန ကိစ္စကို ပြုလျက် ဂန္ဓာရုံ အနံ့ကို သိဆဲဖြစ်ပြီးလျှင် တကြိမ်ဖြစ်၍ ချုပ်၏။

**ဇိဝှါဝိညာဏ်။** ။အကယ်၍ ဇိဝှါဒွါရ၌သာလျှင် ယုတ်ညံ့သော ရသာရုံ ကမ္မ နိမိတ်သည် ထင်ခဲ့သည်ဖြစ်အံ့၊ အာဝဇ္ဇန်း နောင် ဇိဝှါ ဝိညာဏ်စိတ်ဟု ခေါ် ဆိုအပ်သော သိတတ်သော သဘောသည် ၎င်း ရသာရုံ ထင်သော ဇိဝှါပသာဒကို မှီ၍ လျက်မှု တည်းဟူသော သာယန ကိစ္စကိုပြုလျက် ရသာရုံ အရသာကို သိဆဲဖြစ်ပြီးလျှင် တကြိမ်ဖြစ်၍ ချုပ်၏။

**ကာယဝိညာဏ်။** ။အကယ်၍ ကာယဒွါရ၌သာလျှင် ယုတ်ညံ့သော ဖောဋ္ဌဗ္ဗာရုံ ကမ္မနိမိတ်သည် ထင်ခဲ့သည် ဖြစ်အံ့၊ အာဝဇ္ဇန်း နောင် ကာယဝိညာဏ်စိတ်ဟု ခေါ် ဆိုအပ်သော သိတတ်သော သဘောသည် ၎င်း ဖောဋ္ဌဗ္ဗာရုံထင်သော ကာယပသာဒကိုမှီ၍ တွေ့ထိမှုတည်းဟူသော ဖုသနကိစ္စ ကိုပြုလျက် ဖောဋ္ဌဗ္ဗာရုံကို သိဆဲဖြစ်ပြီးလျှင် တကြိမ်ဖြစ်၍ ချုပ်၏။

**သမ္ပဋိစ္ဆိုင်း။** ။ထို ဆိုအပ်ပြီးသော ငါးပါးသော ဝိညာဏ်တို့တွင် တပါးပါး သော ဝိညာဏ်သည် ချုပ်ကွယ်ပြီးသည်နောက် အကုသလ- ဝိပါက် **သမ္ပဋိစ္ဆိုင်း** ဟု ခေါ် ဆိုအပ်သော မနောဓာတ်သည် ထိုဆိုအပ်ပြီးသော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော အာရုံငါးပါးတို့တွင် ထိုက်သည်အားလျော်စွာ တပါးပါးကို အာရုံပြု၍ စုတိစိတ်မှ ပြန်၍ရေသည် ရှိသော် တဆဲ့ခုနစ်ချက်မြောက်ကစ၍ ဖြစ်ပေါ် လာခဲ့သော ဟဒယဝတ္ထုကို မှီလျက် ခံလင့်သကဲ့သို့သော ကိစ္စကိုပြုလျက် တကြိမ်ဖြစ်ပေါ် ပြီးလျှင် ချုပ်ကွယ် လေ၏။

**သန္တီရဏ။** ။ထိုနောင် ဥပေက္ခာ **သန္တီရဏ** စိတ်သည် ထိုသမ္ပဋိစ္ဆိုင်း ယူအပ်သော အာရုံကိုသာလျှင် စုံစမ်းခြင်းကို ပြုလျက် သန္တီရဏကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။

**ဝုဋ္ဌော။** ။ထိုနောင် မနောဒွါရာဝဇ္ဇန်းဟု ခေါ်ဆိုအပ်သောစိတ်သည် ထိုသန္တီရဏ စုံစမ်းအပ်သော အာရုံကိုသာလျှင် အာရုံပြု၍ မှတ်ခြင်းဟု ဆိုအပ်သော ဝုဋ္ဌောကိစ္စကို ပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

**ဇော ၅-ကြိမ်။** ။ထိုနောင် အကုသိုလ်စိတ် (၁၂) ပါးတို့တွင် တပါးပါးသော စိတ်သည် ဝုဋ္ဌောမှတ်အပ်သော အာရုံကိုသာလျှင် အာရုံပြုလျက် သေခါနီးဆဲဆဲဖြစ်၍ ညံ့သော အဟုန်ရှိခြင်းကြောင့် ဇောကိစ္စငါးကြိမ် ဖြစ်၍ ချုပ်ကွယ်လေ၏။

**တဒါရုံ ၂-ကြိမ်။** ။ထိုနောင် အကယ်၍ တဒါရုံကျထိုက်သော အာရုံဖြစ်ခဲ့အံ့၊ အဟိတ် တဒါရုံသုံးခုတို့တွင် **တ**ခုခုသော တဒါရုံစိတ်**သ**ည် ၎င်း**မရဏာသန္နဇောယူအပ်သော** အာရုံကိုသာလျှင် အာရုံပြု၍ တဒါရုံကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

**စုတိစိတ်။** ။ထိုနောင် ဘဝင်၏ အာရုံနှင့်တူသော အာရုံကို အာရုံပြု၍ **အဆုံး** စွန်သော ဘဝင်ဟု ဆိုအပ်သော စုတိစိတ်သည် ဖြစ်ဆဲဖြစ်သော ဒုဂ္ဂတိဘဝ၏အဆုံးကို ပြုလျက် စုတိကိစ္စတကြိမ်ဖြစ်၍ ချုပ်၏။ **အကယ်၍** တဒါရုံ မကျထိုက်သော အာရုံဖြစ်ခဲ့**အံ့၊** မရဏာသန္နဇောနောင် **စုတိကိစ္စ** တကြိမ် **ဖြစ်၍** ချုပ်**၏**။

**သေခြင်းကို ပရမတ်ဖြင့် ရှင်းချက်။** ။ထိုအဆုံးစွန်သော စုတိစိတ်ချုပ်သည်ကို သာလျှင် ဖြစ်ဆဲဖြစ်သော ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဟု ခေါ်ဆိုအပ်သော ဒုဂ္ဂတိဘဝမှ ငရဲသူသတ္တဝါ**သည်** စုတေလေပြီ၊ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်တို့**သည် သေ**လေကုန်ပြီ ဟု သမုတိဝေါဟာရအား**ဖြ**င့် ခေါ်ဝေါ် ပြောဆို**အပ်**၏။ ပရမတ္ထသဘောတရား၏ အစွမ်းဖြင့်သော်ကား စုတိစိတ်ဟု ခေါ်ဆိုအပ်သော အာရုံကို သိတတ်သော သဘော**သ**ည်၎င်း၊ ထိုအာရုံကို သိတတ်သောသဘောနှင့် **သ**မ္ပယုတ်လက္ခဏာ **အား**ဖြင့် ယှဉ်လျက် ဖြစ်ကုန်သော တွေ့မှု ဖဿ၊ ခံစားမှု သဘော ဝေဒနာ၊ မှတ်မှုသဘော သညာ၊ စေ့ဆော်ပြုလုပ်မှုသဘော **စေ**တနာ၊ **အာ**ရုံတခုတည်း၌ သမ္ပယုတ်တရားတို့ကို တည်စေတတ်သော **ဧ**ကဂ္ဂတာ၊ သမ္ပယုတ်တရားတို့ကို စောင့်ရှောက်တတ်သော**ဇီဝိ**တိန္ဒြေ၊ အာရုံသို့ စိတ်ကိုရှေးရှုပြေးဝင်စေတတ်သော **သ**ဘော မနသိကာရ၊ သမ္ပယုတ်တရားတို့ကို အာရုံသို့ ရောက်အောင် တင်တတ်

သော သဘော ဝိတက်၊ သမ္မယုတ်တရားတို့ကို အာရုံ၌ တရစ်ဝဲဝဲ သုံးသပ်စေတတ်သောသဘော ဝိစာရ၊ အာရုံကို ဆုံးဖြတ်တတ်သောသဘော အဓိမောက္ခ၊ ဤဆိုအပ်ပြီးသော စေတသိက်တရားတို့သည်၎င်း၊ ၎င်းစုတိသော ဘဝ၌ ပစ်ချခဲ့ပြီးသော ကံ၏ အစွမ်းကြောင့် ဖြစ်ကုန်သော စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဟဒယဝတ္ထုသော ရုပ်ကလာပ်တို့သည်၎င်း၊ ၎င်းစုတိနှင့် တပြိုင်နက် တချက်တည်း ချုပ်ကွယ်ကြလေကုန်၏။

ထိုဆိုအပ်ပြီးသော စိတ် စေတသိက် ရုပ်ဟုခေါ် ဆိုအပ်သော ပရမတ္ထတရားသဘောတို့ ကွယ်ချုပ်သည်မှတပါး ငရဲသူ စုတိသည်, ပြိတ္တာသေသည်, တိရစ္ဆာန်သေသည်,အသုရကာယ် သေသည် ဟူ၍၎င်း၊ ရှင်နေသော အသက် ထွက်သွားလေသည်ဟူ၍၎င်း မုချမရှိလေပြီ၊ အဘယ်ကြောင့်ဆိုသော် ပကတိနဂိုကမှ ငရဲသူ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် ဟူသော သတ္တဝါ ရှင်နေသောအသက်ဟူ၍ မုချမရှိခြင်းကြောင့်တည်း။ ထို့ကြောင့် ပရမတ္ထ သဘောတရားအားဖြင့် ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်တို့ သေသည်မဟုတ်၊ စိတ် စေတသိက် ရုပ်ဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောတရားတို့သည်သာလျှင် စင်စစ် ချုပ်ကွယ် ပျောက်ကြလေသည်ဟူ၍ နှလုံးသွင်းကြလေကုန်။

**အပါယ်ဘုံသား ပြန်ဖြစ်ပုံ။** ။ထို ဆိုအပ်ပြီးသော ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် တည်းဟူသော ဒုဂ္ဂတိဘဝ၌ စုတိစိတ် ချုပ်ပြီးသည်နောက် ထပ်မံ၍ ဒုဂ္ဂတိဘုံ၌ အကျိုးပေးလတ္တံ့သော အကုသိုလ်စေတနာကံသည် ဘဝသစ်၌ အကျိုးပေးခွင့်ကိုရ၍ နာနာက္ခဏိကကမ္မပစ္စယဇနကသတ္တိ၊ ပကတူပနိဿယပစ္စယဇနကသတ္တိ၏ အစွမ်းအားဖြင့် ဖြစ်စေအပ်သော စုတိစိတ်၏ အခြားမဲ့၌ စုတိစိတ်မှ ရအပ်သော အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတဟု ဆိုအပ်သော ငါးပစ္စယဇနကအစွမ်းကို ခံယူလျက် ချုပ်ပြီးဖြစ်သော ဒုဂ္ဂတိဘဝနှင့် ဖြစ်ဆဲဖြစ်သော ဒုဂ္ဂတိဘဝကိုထပ်မ၍ ဆက်စပ်သောအားဖြင့် အကုသိုလ်၏ အကျိုးဖြစ်သော အဟိတ် အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်သည် အတီတာနန္တရဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန်ကမ္မနိမိတ်ဟု ဆိုအပ်သော ရူပါရုံစသော အာရုံငါးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ပဋိသန္ဓေကိစ္စကို ပြုလျက် တကြိမ်ဖြစ်၍ချုပ်၏။

ထိုပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်ကိုသာလျှင် စုတေလေပြီးသော ငရဲသူသည် သေလေပြီးသော ပြိတ္တာ တိရစ္ဆာန် အသုရကာယ်တို့သည် တဖန် ဒုဂ္ဂတိဘုံ၌ ဖြစ်ပြန်လေပြီဟု ပြောဆိုအပ်လေ၏၊ ထိုသို့ပင် ပြောဆိုအပ်သော်လည်း စင်စစ် ငရဲသူ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်တို့သည် ဒုဂ္ဂတိဘုံသို့

သွားကြသည် မဟုတ်၊ အကုသိုလ် အပုညာဘိသင်္ခါရ၏ အကျိုးဖြစ်သော အာရုံကို သိတတ်သောဝိညာဏ်ဟု ခေါ်ဆိုအပ်သော ပရမတ္ထသဘောသည် သာလျှင် ဖြစ်ပေါ်လာ၏ဟု မှတ်။

ထို အသိဝိညာဏ်ဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် စေတသိက်ဟု ခေါ်ဆို အပ်သော နာမ်တည်းဟူသော ပရမတ္ထတရား, စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဟဒယ ဟု ဆိုအပ်သော ရုပ်ကလာပ် အပေါင်း တည်းဟူသော ပရမတ္ထတရားတို့သည်ငင်း ထို ပစ်ချသော အကုသိုလ် အပုညာဘိသင်္ခါရ ကြောင့် ဆိုင်ရာ ဆိုင်ရာ ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်လေကုန်၏။ ထို နာမ်ရုပ်တို့ ဖြစ်ပေါ်မှုသည် **ဝိညာဏပစ္စယာ နာမရူပံ** ကို ပြဆိုရာ အခဏ်း၌ ထင်ရှားလတ္တံ့။

## အပါယ်မရဏာသန္နဇောနှင့် အပါယ်ပဋိသန္ဓေ အာရုံတူပုံ

**ရူပါရုံ ကမ္မနိမိတ် တူပုံ။** ။ထို ဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ဝိညာဏ်စိတ် ဖြစ်ပေါ်လာသောအခါ အကယ်၍ စုတေခဲ့သော ဒုဂ္ဂတိဘဝ၌ မရဏာသန္န အကုသိုလ်ဇောသည် ပစ္စုပ္ပန် ဖြစ်သော ရူပါရုံကမ္မနိမိတ်ကိုသာလျှင် အာရုံပြုခဲ့သည် ဖြစ်အံ့၊ ငင်းဒုဂ္ဂတိဘုံ၌ ထပ်မံ၍ ဖြစ်ပေါ်လာသော ပဋိသန္ဓေဝိညာဏ်စိတ်သည်လည်း ငင်းမရဏာသန္န အကုသိုလ်ဇောသည် ယူအပ်သော ပစ္စုပ္ပန်ဖြစ်သော ရူပါရုံကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။

**သဒ္ဒါရုံ ကမ္မနိမိတ် တူပုံ။** ။ အကယ်၍ မရဏာသန္န အကုသိုလ် ဇောသည် ပစ္စုပ္ပန်ဖြစ်သော သဒ္ဒါရုံ ကမ္မနိမိတ်ကိုသာလျှင် အာရုံပြုခဲ့သည် ဖြစ်အံ့၊ ငင်းဒုဂ္ဂတိဘုံ၌ ထပ်မံ၍ ဖြစ်ပေါ်လာသော ပဋိသန္ဓေ ဝိညာဏ် စိတ်သည်လည်း ငင်းမရဏာသန္န အကုသိုလ်ဇောသည် ယူအပ်သော ပစ္စုပ္ပန်ဖြစ်သော သဒ္ဒါရုံကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။

**ဂန္ဓာရုံ ကမ္မနိမိတ် တူပုံ။** ။အကယ်၍ မရဏာသန္နအကုသိုလ်ဇောသည် ပစ္စုပ္ပန် ဖြစ်သော ဂန္ဓာရုံကမ္မနိမိတ်ကိုသာလျှင် အာရုံပြုခဲ့ သည်ဖြစ်အံ့၊ ငင်းဒုဂ္ဂတိဘုံ၌ ထပ်မံ၍ ဖြစ်ပေါ်လာသော ပဋိသန္ဓေ ဝိညာဏ်စိတ် သည်လည်း ငင်းမရဏာသန္နအကုသိုလ်ဇောသည်ယူအပ်သော ပစ္စုပ္ပန်ဖြစ်သော ဂန္ဓာရုံကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။

**ရသာရုံ ကမ္မနိမိတ် တူပုံ။** ။ အကယ်၍ မရဏာသန္န အကုသိုလ် ဇောသည် ပစ္စုပ္ပန်ဖြစ်သော ရသာရုံ ကမ္မနိမိတ်ကိုသာလျှင်

အာရုံပြုခဲ့သည် ဖြစ်အံ့ ။ ၎င်းဒုဂ္ဂတိဘုံ၌ ထပ်မံ၍ ဖြစ်ပေါ်လာသော ပဋိသန္ဓေဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာသန္န အကုသိုလ်ဇောသည် ယူအပ်သော ပစ္စုပ္ပန်ဖြစ်သော ရသာရုံ ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။

**ဖောဋ္ဌဗ္ဗာရုံ ကမ္မနိမိတ် တူပုံ။** ။အကယ်၍ မရဏာသန္န အကုသိုလ်ဇောသည် ပစ္စုပ္ပန်ဖြစ်သော ဖောဋ္ဌဗ္ဗာရုံ ကမ္မနိမိတ်ကိုသာလျှင် အာရုံပြုခဲ့သည်ဖြစ်အံ့၊ ၎င်းဒုဂ္ဂတိဘုံ၌ ထပ်မံ၍ဖြစ်ပေါ်လာသော ပဋိသန္ဓေဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာသန္န အကုသိုလ်ဇောသည် ယူအပ်သော ပစ္စုပ္ပန်ဖြစ်သော ဖောဋ္ဌဗ္ဗာရုံကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။

ထိုဆိုအပ်ပြီးသော အတီတာနန္တရဘဝ၌ အကုသိုလ်မရဏာသန္န ဇောသည် ယူအပ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကိုသာလျှင် အာရုံပြု၍ ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ပညာဘူမိအဖွင့် စာမျက်နှာ (၁၇၄)၌—

ဒုဂ္ဂတိယံ ဋ္ဌိတဿ ပန ပါပကမ္မိနော ဝုတ္တနယေနေဝ တံ ကမ္မံ ကမ္မနိမိတ္တံ ဂတိနိမိတ္တံ ဝါ မနောဒွါရေ ပဉ္စဒွါရေ ဝါ ပန အကုသလုပ္ပတ္တိဟေတုဘူတံ အာရမ္မဏံ အာပါထမာဂစ္ဆတိ။

အထဿ ယထာက္ကမေန စုတိစိတ္တာဝသာနေ ဒုဂ္ဂတိပရိယာပန္နံ တေသု အာရမ္မဏေသု အညတရာရမ္မဏံ ပဋိသန္ဓိစိတ္တံ ဥပ္ပဇ္ဇတိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ပန၊ အဘိုဘပါးကို ဆိုဦးအံ့။ ဒုဂ္ဂတိယံ၊ ၎ရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ ဟု ဆိုအပ်သော မကောင်းသော လားရာဂတိ တည်းဟူသော အပါယ်လေးဘုံ၌။ ဋ္ဌိတဿ၊ တည်သော။ ပါပကမ္မိနော၊ အပြားအားဖြင့် အပါယ်လေးဘုံသို့ ရောက်စေတတ်သော မကောင်းမှု အကုသိုလ်ကံရှိသော သတ္တဝါအား။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ တံ ကမ္မံ ဝါ၊ ထိုအကုသိုလ်ကံသည်၎င်း။ တံ ကမ္မနိမိတ္တံ ဝါ၊ ထိုအကုသိုလ်ကံ၏ ဖြစ်ကြောင်းဖြစ်သော အာရုံသည်၎င်း။ ဂတိနိမိတ္တံ ဝါ၊လားရာဂတိ၏အကြောင်းဟု ဆိုအပ်သော အာရုံသည်၎င်း။ မနောဒွါရေ၊ မနောဒွါရ၌။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။ ဝါ ပန၊ တနည်းကား။ ပဉ္စဒွါရေ၊ ငါးဒွါရ၌။ ဝါ၊ ငါးပါးသော စက္ခု သောတ ဃာန ဇိဝှါ ကာယဟု ဆိုအပ်သော ဝီထိစိတ်တို့၏ ဖြစ်ကြောင်းဖြစ်သော

ဒွါရ၌။ အကုသလုပ္ပတ္တိဟေတုဘူတံ၊ အကုသိုလ် ဖြစ်ခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သော။ အာရမ္မဏံ၊ ရူပါရုံ စသော အာရုံသည်။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။

အထ၊ ထိုသို့ ထင်သောအခါ၌။ အဿ သတ္တဿ၊ ထိုသတ္တဝါအား။ ယထာက္က-မေန၊ အစဉ်အားလျော်သဖြင့်။ စုတိစိတ္တာဝသာနေ၊ စုတိစိတ်၏အဆုံး၌။ ဒုဂ္ဂတိပရိယာပန္နံ၊ မကောင်းသောလားရာဂတိဟု ဆိုအပ်သော အပါယ်လေးဘုံ၌ အကျုံးဝင်သော။ တေသု အာရမ္မဏေသု၊ ထိုဆိုအပ်ပြီးကုန်သော ကံ ကမ္မ-နိမိတ် ဂတိနိမိတ် အာရုံတို့တွင်။ အညတရာရမ္မဏံ၊ တပါးပါးသော မရဏာ-သန္နဇောသည် ယူအပ်ပြီးသော အာရုံရှိသော။ ပဋိသန္ဓိစိတ္တံ၊ ပဋိသန္ဓေစိတ်သည်။ ဝါ၊ ဘဝနှစ်ပါးကို ဆက်စပ်တတ်သော အာရုံကိုသိတတ်သော သဘောဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ အပါယ်လေးဘုံမှ စုတေ၍ အပါယ်လေးဘုံ၌ဖြစ်သော သူတို့၏ ပဋိသန္ဓိဝိညာဏ်သည် ရှေးဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော ကံစသော အာရုံကိုသာလျှင် အာရုံပြု၍ ကေန်ဖြစ်ပေါ်သည်ကို ရှေး၌ ဆိုအပ်ခဲ့သည့်အတိုင်း သိကြလေကုန်။

**အပါယ်ပဝတ္တိဝိညာဏ်ဖြစ်ပုံ။** ။ထိုပဋိသန္ဓေဝိညာဏ်စိတ်သည် တကြိမ်သာလျှင် ဖြစ်၍ ချုပ်လေ၏၊ ထိုပဋိသန္ဓေဝိညာဏ်စိတ် ချုပ်ပြီးနောက် ၎င်းပဋိသန္ဓေဝိညာဏ်စိတ်၏ အခြားမဲ့၌လည်း ထိုပဋိသန္ဓေဝိညာဏ်ကို ဖြစ်စေတတ်သော ၎င်းအပုညာဘိသင်္ခါရ အကုသိုလ်ကံစေတနာကြောင့်သာလျှင် ထိုပဋိသန္ဓေဝိညာဏ်နှင့် ဘူမိ,ဇာတိ,သမ္ပယုတ္တ,သင်္ခါရအားဖြင့်တူသော ဝိညာဏ်သည်သာလျှင် ပဋိသန္ဓေဝိညာဏ်စိတ်၏ အာရုံနှင့်တူသော ကံစသော အာရုံကိုသာလျှင် အာရုံပြု၍ ရှေးဦးအစ ဖြစ်ပေါ်သော ဘဝကို မပြတ်စေဘဲလျက် ဆက်ကာဆက်ကာ ဘဝင်ကိစ္စဖြစ်၍ ချုပ်လေ၏။

အဆုံး၌လည်း စုတိကိစ္စဖြစ်၍ ချုပ်ကွယ်လေ၏။ ဤပြဆိုအပ်ပြီးသော ပဋိသန္ဓေဝိညာဏ်နောင် ဆက်ကာဆက်ကာ စုတိကျသည့်တိုင်အောင် ဖြစ်ပေါ်၍ ချုပ်ကြလေသမျှသော ဘဝင်စိတ်အစဉ်ကို ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုအပ်လေသည်။ ထိုပဝတ္တိဝိညာဏ်စိတ်တို့၏ ဖြစ်ပုံသည် နောက်၌ ထင်ရှားလတ္တံ့။

ဤယခု ပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်မှုနည်းသည် အပါယ်လေးပါးတည်းဟူသော ဒုဂ္ဂတိဘုံမှ စုတေ၍ အပါယ်လေးပါးတည်းဟူသော

ဒုဂ္ဂတိဘုံ၌ ထပ်မံ၍ဖြစ်သော သတ္တဝါတို့၏ ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်ပုံကို ပြဆိုအပ်သော နည်းပေတည်း။

ဤတွင် ဒုဂ္ဂတိဘုံမှ စုတေ၍ ဒုဂ္ဂတိဘုံ၌ ထပ်မံ၍ ပဋိသန္ဓေဝိညာဏ်စိတ်ဖြစ်ပုံကို ပြဆိုချက်အကျဉ်း ပြီး၏။

---

## ဒုဂ္ဂတိဘုံမှ စုတေ၍ ကာမသုဂတိဘုံ၌ ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပုံကို ပြဆိုချက်

**သုဂတိဘုံဖြစ်မည့် နိမိတ် ၃-ပါး။** ။အကြောင်းအကြောင် အပါယ်လေးဘုံသူတို့သည် ရှေးရှေးသော ဘဝတို့၌၎င်း၊ ဖြစ်ဆဲဖြစ်သော ပစ္စက္ခဘဝ၌၎င်း၊ ကောင်းမှုကံကို ပြုလုပ်ဘူးသည်၏ အဖြစ်ကြောင့် အပါယ်လေးဘုံတည်းဟူသော ဒုဂ္ဂတိဘဝမှ စုတေသော အခြားမဲ့၌ လူ့ပြည် နတ်ပြည်ခြောက်ထပ်တည်းဟူသော ကာမသုဂတိခုနစ်ဘုံတို့တွင် တဘုံဘုံ၌ဖြစ်လိုလတ်သည်ရှိသော် မရဏာသန္နဇောမကျမီ ရှေးအဘို့ကပင် တင်ကူး၍ ပြုအပ်ပြီးသော ကုသိုလ်စေတနာဟု ဆိုအပ်သော **ဓမ္မာရုံကံ** သည်၎င်း၊ ကုသိုလ်ကံ၏ ဖြစ်ကြောင်းဖြစ်သော အာရုံဝတ္ထုဟု ဆိုအပ်သော အတိတ်ဖြစ်သော **ကမ္မနိမိတ်** သည်၎င်း၊ လားရာဂတိ၏ အကြောင်းဖြစ်သော အမိဝမ်းရေ၏ အဆင်း, နတ်ဥယျာဉ်, ပဒေသာပင်, ပြာသာဒ်, နတ်ရထား စသည်တို့၏ အဆင်းဟု **ဆိုအပ်သော ပစ္စုပ္ပန်ဂတိနိမိတ်** သည်၎င်း ဤဆိုအပ်ပြီးသော နိမိတ်သုံးပါးတို့တွင် တပါးပါးသည် ပစ်ချလတ္တံ့သော ကုသိုလ်ကံ စေတနာအားလျော်စွာ လာရောက်သကဲ့သို့ မနောဒွါရ၌ ထင်လာလေ၏။

**မနောဒွါရမရဏာသန္နဝီထိ။** ။ထိုသို့ ထင်လာသော အာရုံသုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ မရဏာသန္နဇောဝီထိစိတ်အစဉ် ဖြစ်လိုလတ်သော် စုတေလတ္တံ့သော ဘဝ၌ ရှေးဦးအစဖြစ်ခဲ့ဘူးသော ပဋိသန္ဓေစိတ်၏ အာရုံနှင့်တူသော အာရုံကိုသာလျှင် အာရုံပြု၍ ပဋိသန္ဓေစိတ်နှင့် ဘူမိ ဇာတိ သမ္ပယုတ္တ သင်္ခါရအားဖြင့် တူသော စိတ်သည် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဟူသော အမည်ကိုယူလျက် **ဘဝင်ကိစ္စ** နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် ပစ်ချလတ္တံ့သော ကုသိုလ်ကံသည် ထင်စေအပ်သော အတိတ်ဖြစ်သော ကံ ကမ္မနိမိတ် ပစ္စုပ္ပန်ဖြစ်သော ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကို ထိုက်သည်အားလျော်စွာ အာရုံပြု၍ ဆင်ခြင်တတ်သော **မနောဒွါရာဝဇ္ဇန်းစိတ်** သည် ဆင်ခြင်ခြင်းကိစ္စကိုပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် ဆိုအပ်ပြီးသော အာဝဇ္ဇန်းဆင်ခြင်သော နိမိတ်**အာ**ရုံကိုသာလျှင် **အာ**ရုံပြု၍ **ကုသိုလ်မရဏာသန္နဇော** သည် သေခါနီးဆဲဆဲဖြစ်၍ အားနည်းပါး သည်၏ **အ**ဖြစ်ကြောင့် ငါးကြိမ်မျှ ဇောပြီးလျှင် ချုပ်ကွယ်လေ၏။

ထိုနောင် အကယ်၍ အလွန်ထင်သော အာရုံဖြစ်အံ့၊ အဟိတ်တဒါရုံသုံးခု တို့တွင် တခုခုသည် **တဒါရုံကိစ္စ** နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

**စုတိစိတ်ဖြစ်ပုံ။** ။ထိုတဒါရုံချုပ်ပြီးနောက် စုတေ့လတ္တံ့သော ဒုဂ္ဂတိဘဝ၌ ရှေးရှေးဖြစ်သော ဘဝင်စိတ်တို့**သည်** ယူအပ်သော**အာ**ရုံနှင့် တူသော အာရုံကိုသာလျှင် **အာ**ရုံပြု၍ ၎င်းဒုဂ္ဂတိဘဝ၌ ပစ်ချပြီးသော ကံ၏ အကျိုးဆက် အကုန်ဟုဆိုအပ်သော ဘဝင်စိတ်သည် ထိုဖြစ်ဆဲဖြစ်သော ဒုဂ္ဂတိ ဟု သမုတ်အပ်သော ဘဝမှ ရွှေလျောကွယ်ပျောက်ခြင်းကိစ္စကို ဖြစ်စေလျက် **စုတိကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

အကယ်၍ တဒါရုံမကျထိုက်သော အာရုံ ဖြစ်အံ့၊ မရဏာသန္နဇောဟု ဆိုအပ်သော ပဉ္စမဇော၏ အဆုံးနောင်မှ ရှေး၌ ပြဆိုအပ်ခဲ့ပြီးသော နည်း **အ**တိုင်း စုတိကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။

**အပါယ်သား သေပုံကို ပရမတ္ထသဘောဖြင့် ရှင်းချက်** ထိုအဆုံးဖြစ်သော စုတေ့စိတ် ချုပ်**သော**အခါ သမုတိဝေါဟာရအားဖြင့် ငရဲသူသည် စုတေ့ လေပြီ၊ တိရစ္ဆာန် ပြိတ္တာတို့သည် သေလေ ကုန်ပြီ ဟူ၍ ပြောဆိုကြကုန်၏၊ ပရမတ္ထသဘော၏ အစွမ်းအားဖြင့်ကား စုတိ စိတ်ဟု ခေါ်ဆိုအပ်သော အာရုံကို သိတတ်သော သဘောသည်၎င်း—

တိုအသိသဘောနှင့် တွဲယှဉ်၍ ဖြစ်ကုန်သော တွေ့မှု ဖဿ၊ ခံစားမှုသဘော ဝေဒနာ၊ မှတ်တတ်သောသဘော သညာ၊ သမ္ပယုတ်တရားတို့ကို စေ့ဆော်တတ် သောသဘော စေတနာ၊ သမ္ပယုတ်တရားတို့ကို အာရုံ၌တည်စေတတ်သော သဘော ဧကဂ္ဂတာ၊ သမ္ပယုတ်တရား**တို့**ကို စောင့်ရှောက်တတ်သော သဘော ဇီဝိတိန္ဒြေ၊ သမ္ပယုတ်တရားတို့ကို အာရုံသို့ ရှေးရှုပြေးဝင်စေတတ်သော သ**ဘော** မနသိကာရ၊ သမ္ပယုတ်တရား**တို့**ကို အာရုံသို့ရောက်အောင် တင်တတ်သော သဘော ဝိတက်၊ သမ္ပယုတ်တရားတို့ကို အာရုံ၌ တရစ်ဝဲဝဲ သုံးသပ်စေတတ်သော သဘော ဝိစာရ၊ အာရုံကိုဆုံးဖြတ်တတ်သော သဘော အဓိမောက္ခ၊ ဤ ဆယ်ပါး ကုန်သော **စေ**တသိက်ဟု ခေါ်ဆိုအပ်ကုန်သော သဘောတ**ရား**တို့သည်၎င်း—

ထိုဒုဂ္ဂတိဘဝ၌ ပစ်ချခဲ့ပြီးသော အကုသိုလ်ကံကြောင့် ဖြစ်ကုန်သော စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဟဒယ စသော **ကမ္မဇ** ရုပ်တို့**သည်**၎င်း၊ ဤ ဆို**အ**ပ်ပြီး**သော** စိတ် စေတသိက် ရုပ်ဟု ဆိုအပ်ကုန်သော ပရမတ္ထသဘော တရား**တို့**သည်သာလျှင် ကွယ်ချုပ်ပျောက်ကြလေကုန်၏။

ထိုတရားစုကွယ်သည်မှတပါး စင်စစ် ငရဲသူ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် သေသည်ဟူ၍ မရှိလေပြီ၊ ရှင်နေသောအသက် ထွက်သွားသည်ဟူ၍လည်း မရှိလေပြီ၊ အဘယ်ကြောင့်ဆိုသော် ပကတိနဂိုကမှ ငရဲသူ တိရစ္ဆာန်စသော သတ္တဝါ ရှင်သောအသက်ဟူ၍ စင်စစ်မရှိခြင်းကြောင့်တည်း။ ထို့ကြောင့် ငရဲသူ တိရစ္ဆာန်စသော သတ္တဝါသေသည်လည်း မဟုတ်၊ ရှင်သောအသက် ထွက်သွားသည်လည်း မဟုတ်၊ စင်စစ်သော်ကား မိမိတို့၏ သဘောလက္ခဏာ အားဖြင့် ထင်ရှားကုန်သော စိတ် စေတသိက် ရုပ်ဟု ခေါ်ဆိုအပ်ကုန်သော ပရမတ္ထသဘောတို့သည်သာလျှင် ကွယ်ပျောက်လေကုန်၏ဟု ရှေး၌ဖော်ပြအပ်သော နည်းအတိုင်းကိုသာလျှင် ထင်ရှားသိကြလေကုန်။

**ကာမသုဂတိ ပဋိသန္ဓေစိတ် ဖြစ်ပေါ်ပုံ။** ။ထိုဆိုအပ်ပြီးသော ငရဲ တိရစ္ဆာန် စသည် သမုတ်အပ်သော ဒုဂ္ဂတိဘဝမှ သေသည်ဟု သမုတ်အပ်သော စုတိစိတ်ချုပ်ကွယ်ပြီးနောက် သုဂတိဟု ဆိုအပ်သော ကာမသုဂတိခုနစ်ဘုံ၌ အကျိုးပေးလတ္တံ့သော ကုသိုလ်စေတနာဟု ဆိုအပ်သော ကံသည် ဘဝသစ်၌ အကျိုးပေးခွင့်ကိုရ၍ နာနာက္ခဏိကကမ္မ-ပစ္စယဇနကသတ္တိ ပကတူပနိဿယပစ္စယဇနကသတ္တိ၏ အစွမ်းဖြင့် ဖြစ်စေအပ်သော ၎င်းစုတိ၏ အခြားမဲ့၌ စုတိစိတ်မှရအပ်သော အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတ တည်းဟူသော ငါးပစ္စယဇနကသတ္တိကို ခံယူလျက် ချုပ်ကွယ်ပြီးသော ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဟု ခေါ်ဆိုအပ်သော ဒုဂ္ဂတိဘဝနှင့် ဖြစ်ဆဲဖြစ်သော ကာမသုဂတိဘဝကို မပြတ်စေဘဲ လျက် ဆက်စပ်သောအားဖြင့် ၎င်းပစ်ချလတ္တံ့သော ကုသိုလ်ကံသင်္ခါရ၏ အကျိုးဖြစ်သော ကာမပဋိသန္ဓေ ကိစ္စတပ်သော ကာမဝိပါက် ကိုးခုတို့တွင် တခုခုသော ဝိပါက်စိတ်သည် ဖြစ်သင့်သည်အားလျော်စွာ စုတေခဲ့သော ဒုဂ္ဂတိဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ပဋိသန္ဓေကိစ္စကိုပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

**လူနတ်ဖြစ်ပုံကို ပရမတ္ထအားဖြင့် ရှင်းချက်။** ။ထိုပဋိသန္ဓေ ဝိညာဏ်စိတ် ဖြစ်ပေါ်သည်ကိုသာလျှင် စုတေခဲ့ပြီးသော ငရဲသူ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်တို့သည် လူ့ပြည် နတ်ပြည်၌ တဖန် ဖြစ်ပြန်လေပြီ-ဟု ခေါ်ဝေါ်ပြောဆိုအပ်လေ၏။ ထိုသို့ပင် ခေါ်ဝေါ်ပြောဆိုအပ်သော်လည်း ငရဲသူ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဟု ဆိုအပ်သော သတ္တဝါသည် ဖြစ်ပေါ်လာသည် မဟုတ်၊ စင်စစ် ကုသိုလ်ပုညာဘိသင်္ခါရ စေတနာ၏ အကျိုးဖြစ်သော အသိဝိညာဏ်သည်သာလျှင် ဖြစ်ပေါ်၏-ဟု မှတ်ကြလေကုန်။

ထို အသီဝိညာဏ်စိတ် ဖြစ်ပေါ်သည် တပြိုင်နက် စေတသိက်ဟုခေါ်ဆိုအပ်သော တွေ့မှု ဖဿ၊ခံစားမှုဝေဒနာ စသော သမ္ပယုတ်တရား ဖြစ်ကုန်သော နာမ်၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဟဒယဝတ္ထုဟု ဆိုအပ်သော ရုပ်ကလာပ်တို့သည်လည်း ထိုကုသိုလ်ကံကြောင့် ဆိုင်ရာဆိုင်ရာ ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်ကြကုန်၏။ ထိုနာမ်ရုပ်တို့ ဖြစ်ပေါ်မှုသည် နောက် **ဝိညာဏပစ္စယာ** နာမရူပံကို ပြဆိုရာအခန်း၌ ထင်ရှားလတ္တံ့။

## အပါယ်မရဏာသန္နဇောနှင့် ကာမသုဂတိပဋိသန္ဓေ အာရုံတူပုံ

**အတိတ်ကံ အာရုံတူပုံ။** ။ထို ဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ဝိညာဏ်စိတ် ဖြစ်ပေါ်လာသော အခါ အကယ်၍ စုတေ့ပြီးသော ဒုဂ္ဂတိဘဝ၌ မရဏာသန္နကုသိုလ်ဇောသည် အတိတ်ဖြစ်သောကံကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်ခဲ့သည်ဖြစ်အံ့၊ ၎င်းသုဂတိဘုံ၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေ ဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာသန္နဇောသည် ယူအပ်သော အတိတ်ဖြစ်သော ကံကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လေ၏။

**အတိတ်ကမ္မနိမိတ်တူပုံ။** ။အကယ်၍ မရဏာသန္နကုသိုလ်ဇောသည် အတိတ်ဖြစ်သော ကမ္မနိမိတ်ကိုသာလျှင် အာရုံပြုခဲ့သည်ဖြစ်အံ့၊ ၎င်းသုဂတိဘုံ၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေ ဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာသန္နဇောသည် ယူအပ်သော အတိတ်ဖြစ်သော ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။

**ပစ္စုပ္ပန်ဂတိနိမိတ် တူပုံ။** ။အကယ်၍ မရဏာသန္နကုသိုလ်ဇောသည် ပစ္စုပ္ပန်ဖြစ်သော ဂတိနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်ခဲ့သည်ဖြစ်အံ့၊ ၎င်းသုဂတိဘုံ၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန်ဖြစ်သော ဂတိနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏ဟု မှတ်ကြလေကုန်။

## ကာမသုဂတိဘုံရောက်မည့် အပါယ်သား၏ သေခါနီး ငါးဒွါရဝီထိဖြစ်ပုံ

**တနည်းလည်း** အကြင်အကြင် အပါယ်ဘုံသူတို့သည် ရှေးရှေးသောဘဝ **ထိုထို၌ရှင်း**၊ ဖြစ်ဆဲဖြစ်သော ပစ္စက္ခဘဝ၌ရှင်း ကောင်းမှုကို ပြုလုပ်ဘူးသည်၏ **အဖြစ်ကြောင့်** ကာမသုဂတိခုနစ်ဘုံတို့တွင် တဘုံဘုံ၌ ဖြစ်လိုလတ်သော် မရဏာ**သန္နဇော**မကျမီ ရှေးအဘို့ကပင် တင်ကူး၍ စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ,ကာယဒွါရဟု ဆိုအပ်ကုန်သော ငါးဒွါရတို့တွင် တပါးပါးသော ဒွါရ၌

ရူပါရုံအစရှိကုန်သော အာရုံငါးပါးတို့တွင် တပါးပါးသည် ဆိုင်ရာ ဆိုင်ရာ ထိုက်သည့်ဒွါရအားလျော်စွာ ထင်ခြင်းသို့ ရောက်၏။

**ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။** ။ထိုသို့ရောက်ပြီးသောအာရုံကို အာရုံပြု၍ မရ-ဏာသန္နဇောဝီထိ ကျရောက်လိုလတ်သော် ထိုဖြစ်ဆဲဖြစ်သော ဒုဂ္ဂတိဘဝ၌ဖြစ်သော ပဋိသန္ဓေစိတ်နှင့်တူသောစိတ်သည် ပဋိသန္ဓေစိတ်၏ အာရုံနှင့်တူသော အာရုံကို အာရုံပြု၍ ဘဝင်္ဂစလနဘဝင်္ဂုပစ္ဆေဒ-ဟု ဘဝင်ကိစ္စနှစ်ကြိမ်ဖြစ်၍ ချုပ်၏။

**ပဉ္စဒွါရာဝဇ္ဇန်း။** ။ထိုနောင် ထိုထင်ခြင်းသို့ရောက်သော ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ, ရသာရုံ,ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော အာရုံငါးပါးတို့တွင် တပါးပါးကို ဆင်ခြင်တတ်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် **အာဝဇ္ဇန်းကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

**စက္ခုဝိညာဏ်။** ။ထိုနောင် အကယ်၍ စက္ခုဒွါရ၌သာလျှင် ရူပါရုံကမ္မနိမိတ်သည် ထင်ခဲ့သည်ဖြစ်အံ့၊ **အာဝဇ္ဇန်းနောင် စက္ခုဝိညာဏ်**စိတ်ဟု ခေါ်ဆိုအပ်သော သိတတ်သော သဘောသည် ၎င်းရူပါရုံထင်သော စက္ခုပသာဒကိုမှီ၍ မြင်မှုတည်းဟူသော **ဒဿနကိစ္စ**ကို ပြုလျက် ရူပါရုံအဆင်းကို သိဆဲဖြစ်ပြီးလျှင် တကြိမ်ဖြစ်၍ ချုပ်၏။

**သောတဝိညာဏ်။** ။အကယ်၍ သောတဒွါရ၌သာလျှင် **သဒ္ဒါရုံကမ္မနိမိတ်**သည် ထင်ခဲ့သည်ဖြစ်အံ့၊ အာဝဇ္ဇန်းနောင် သောတဝိညာဏ်စိတ်ဟု ခေါ်ဆိုအပ်သော သိတတ်သော သဘောသည် ၎င်းသဒ္ဒါရုံထင်သော သောတပသာဒကိုမှီ၍ ကြားမှုတည်းဟူသော **သဝနကိစ္စ**ကို ပြုလျက် သဒ္ဒါရုံ အသံကို သိဆဲဖြစ်ပြီးလျှင် တကြိမ်ဖြစ်၍ ချုပ်၏။

**ဃာနဝိညာဏ်။** ။အကယ်၍ ဃာနဒွါရ၌သာလျှင် ဂန္ဓာရုံ ကမ္မနိမိတ်သည် ထင်ခဲ့သည်ဖြစ်အံ့၊ အာဝဇ္ဇန်းနောင် ဃာနဝိညာဏ်စိတ်ဟု ခေါ်ဆိုအပ်သော သိတတ်သော သဘောသည် ၎င်းဂန္ဓာရုံထင်သော ဃာန-ပသာဒကို မှီ၍ နမ်းမှုတည်းဟူသော **ဃာယနကိစ္စ**ကို ပြုလျက် ဂန္ဓာရုံအနံ့ကို သိဆဲဖြစ်ပြီးလျှင် တကြိမ်ဖြစ်၍ ချုပ်၏။

**ဇိဝှါဝိညာဏ်။** ။အကယ်၍ ဇိဝှါဒွါရ၌သာလျှင် ရသာရုံကမ္မနိမိတ်သည် ထင်ခဲ့သည်ဖြစ်အံ့၊ အာဝဇ္ဇန်းနောင် ဇိဝှါဝိညာဏ်စိတ်ဟု ခေါ်ဆိုအပ်သော သိတတ်သော သဘောသည် ၎င်းရသာရုံထင်သော ဇိဝှါပသာဒကို မှီ၍ လျက်မှုတည်းဟူသော **သာယနကိစ္စ**ကို ပြုလျက် ရသာရုံ အရသာကို သိဆဲဖြစ်ပြီးလျှင် တကြိမ်ဖြစ်၍ ချုပ်၏။

**ကာယဝိညာဏ်။** ။အကယ်၍ ကာယဒွါရ၌သာလျှင် ဖောဋ္ဌဗ္ဗာရုံ ကမ္မနိမိတ်သည် ထင်ခဲ့သည်ဖြစ်အံ့၊ အားဝဇ္ဇန်းနောင် **ကာယဝိညာဏ်** စိတ်ဟု ခေါ်ဆိုအပ်သော အသိသဘောသည် ၎င်းရသာရုံထင်သော ကာယပသာဒကို မှီ၍ တွေ့ထိမှုတည်းဟူသော **ဖုသနကိစ္စ**ကို ပြုလျက် ဖောဋ္ဌဗ္ဗာရုံကို သိဆဲဖြစ်ပြီးလျှင် **တကြိမ်ဖြစ်၍** ချုပ်၏။

**သမ္ပဋိစ္ဆိုင်းစိတ်။** ။ထိုဆိုအပ်ပြီးသော ငါးပါးသောဝိညာဏ်တို့တွင် တပါးပါးသောဝိညာဏ်သည် ချုပ်ကွယ်ပြီးသည်နောက် ကုသလဝိပါက် သမ္ပဋိစ္ဆိုင်းဟု ခေါ်ဆိုအပ်သော မနောဓာတ်သည် ထိုဆိုအပ်ပြီးသော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ,ဖောဋ္ဌဗ္ဗာရုံတည်းဟူသော အာရုံငါးပါးတို့တွင် ထိုက်သည်အားလျော်စွာ တပါးပါးကို အာရုံပြု၍ စုတိစိတ်မှ ပြန်၍ရေသည် ရှိသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်၍ ဖြစ်ပေါ်လာသော ဟဒယဝတ္ထုကို မှီလျက် ခံလင့်သကဲ့သို့သော ကိစ္စကို ပြုလျက် တကြိမ်ဖြစ်ပေါ်ပြီးလျှင် ချုပ်ကွယ်လေ၏။

**သန္တီရဏစိတ်။** ။ထိုနောင် ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်သည် ထိုသမ္ပဋိစ္ဆိုင်းယူအပ်သော **ကမ္မနိမိတ်**အာရုံကိုသာလျှင် အာရုံပြု၍ စုံစမ်းခြင်းကို ပြုလျက် **သန္တီရဏကိစ္စ**တကြိမ်ဖြစ်၍ ချုပ်၏။ထိုနောင် မနောဒွါရာဝဇ္ဇန်းဟု ခေါ်ဆိုအပ်သောစိတ်သည် ထိုသန္တီရဏစိတ် စုံစမ်းအပ်သော ကမ္မနိမိတ်အာရုံကိုသာလျှင် အာရုံပြု၍ မှတ်ခြင်းဟု ဆိုအပ်သော **ဝုဋ္ဌောကိစ္စ**ကို ပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

**ဇော ၅-ကြိမ်။** ။ထိုနောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသောစိတ်သည် ဝုဋ္ဌောမှတ်အပ်သော အာရုံကိုသာလျှင် အာရုံပြုလျက် သေခါနီးဆဲဆဲဖြစ်၍ ညံ့သောအဟုန်ရှိခြင်းကြောင့် **မရဏာသန္နဇောကိစ္စ** ငါးကြိမ်ဖြစ်၍ ချုပ်၏။

**တဒါရုံ ၂-ကြိမ်။** ။ထိုနောင် အကယ်၍ တဒါရုံကျထိုက်သော အာရုံဖြစ်ခဲ့အံ့၊ အဟိတ်တဒါရုံသုံးခုတို့တွင် တခုခုသည် ၎င်းမရဏာသန္နဇောသည် ယူအပ်သော အာရုံကိုသာလျှင် အာရုံပြု၍ **တဒါရုံကိစ္စ** နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

**အပါယ်စုတိတကြိမ်။** ။ထိုနောင် ရှေးဘဝင်၏ အာရုံနှင့်တူသော အာရုံကို အာရုံပြု၍ အဆုံးစွန်သော ဘဝင်ဟု ဆိုအပ်သော စုတိစိတ်သည် ဖြစ်ဆဲဖြစ်သော ဒုဂ္ဂတိဘဝ၏ အဆုံးကိုပြုလျက် စုတိကိစ္စတကြိမ်ဖြစ်၍ ချုပ်၏။ အကယ်၍ တဒါရုံမကျထိုက်သော အာရုံဖြစ်ခဲ့အံ့၊ မရဏာသန္နဇောနောင် စုတိကိစ္စတကြိမ်ဖြစ်၍ ချုပ်၏။

**အပါယ်ဘုံသား သေပုံကို အဘိဓမ္မာသဘောဖြင့် ရှင်းချက်** ထိုအဆုံးစွန်သော စုတိစိတ်ချုပ်သောအခါ ဖြစ်ဆဲဖြစ်သော ငရဲ, တိရစ္ဆာန်, ပြိတ္တာဟု ခေါ်ဆိုအပ်သော ဒုဂ္ဂတိဘဝမှ သတ္တဝါသည် စုတေလေပြီ၊ ငရဲသူ,တိရစ္ဆာန်, ပြိတ္တာတို့သည် သေလေပြီဟု သမ္မုတိဝေါဟာရဖြင့် ခေါ်ဝေါ်ပြောဆိုကြကုန်၏။ ပရမတ္ထသဘော၏ အစွမ်းဖြင့်ကား စုတိစိတ်ဟု ခေါ်ဆိုအပ်သောအာရုံကို သိတတ်သော သဘောသည်၎င်း၊ ထိုအာရုံကို သိတတ်သော သဘောနှင့် သမ္ပယုတ္တလက္ခဏာအားဖြင့် ယှဉ်လျက် ဖြစ်ကုန်သော တွေ့မှု ဖဿ၊ ခံစားမှုသဘော ဝေဒနာစသော ဆယ်ပါးသော စေတသိက်သဘောတရားတို့သည်၎င်း၊ ၎င်းစုတိခဲ့သော ဒုဂ္ဂတိဘဝ၌ ပစ်ချခဲ့ပြီးသော ကံ၏အစွမ်းကြောင့်ဖြစ်ကုန်သော စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဘာဝ, ဟဒယစသော ရုပ်ကလာပ်တို့သည်၎င်း၊ ၎င်းစုတိစိတ်နှင့် တပြိုင်နက် တချက်တည်း ကွယ်ချုပ်ကြလေကုန်၏။

ထိုဆိုအပ်ပြီးသော စိတ် စေတသိက် ရုပ်ဟု ခေါ်ဆိုအပ်ကုန်သော ပရမတ္ထသဘောတရားတို့ ကွယ်ချုပ်သည်မှတပါး ငရဲသူစုတေသည်, တိရစ္ဆာန်သေသည်, ပြိတ္တာသေသည်ဟူ၍၎င်း၊ ရှင်နေသောအသက် ထွက်သွားလေသည်ဟူ၍၎င်း မှုချမရှိလေပြီ။ အဘယ်ကြောင့်ဆိုသော် ပကတိနဂိုကမှ ငရဲသူ တိရစ္ဆာန် ပြိတ္တာဟူသောသတ္တဝါ၊ ရှင်နေသောအသက်ဟူ၍ မုချ မရှိခြင်းကြောင်တည်း။ ထို့ကြောင့် ပရမတ္ထသဘောတရားအားဖြင့် ငရဲသူ တိရစ္ဆာန် ပြိတ္တာတို့ သေသည် မဟုတ်၊ စိတ် စေတသိက် ရုပ်ဟု ခေါ်ဆိုအပ်သော ပရမတ္ထ သဘောတရားတို့သည်သာလျှင် စင်စစ် ချုပ်ကွယ်ပျောက်ကြလေသည်ဟူ၍ နှလုံးသွင်းကြလေကုန်။

**လူနတ် ပဋိသန္ဓေစိတ် ဖြစ်ပေါ်ပုံ။** ။ထိုဆိုအပ်ပြီးသော ငရဲ တိရစ္ဆာန် ပြိတ္တာတည်းဟူသော ဒုဂ္ဂတိဘဝ၌ စုတိစိတ်ချုပ်ပြီးနောက် ထပ်မံ၍ သုဂတိဘုံ၌ အကျိုးပေးလတ္တံ့သော ကုသိုလ်စေတနာကံဟု ဆိုအပ်သော ပုညာဘိသင်္ခါရသည် ဘဝသစ်၌ အကျိုးပေးခွင့်ကိုရ၍ နာနာက္ခဏိက ကမ္မပစ္စယဇနကသတ္တိ ပကတူပနိဿယပစ္စယဇနကသတ္တိ၏ အစွမ်းအားဖြင့် ဖြစ်စေအပ်သော စုတိ၏အခြားမဲ့၌ စုတိစိတ်မှရအပ်သော အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, နတ္ထိ, ဝိဂတတည်းဟူသော ငါးပစ္စယ ဇနက သတ္တိ၏ အစွမ်းကို ခံယူလျက် ချုပ်ပြီးဖြစ်သော ဒုဂ္ဂတိဘဝနှင့် ဖြစ်ဆဲဖြစ်သော သုဂတိဘဝကို ထပ်မံ၍ ဆက်စပ်သောအားဖြင့် ကာမကုသိုလ်၏အကျိုးဖြစ်သောအဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏတစ်၊ မဟာဝိပါက်ရှစ်၊ ပေါင်း ကိုးပါးသော ပဋိသန္ဓေကိစ္စတပ်သော စိတ်တို့တွင် တပါးပါးသည် ဖြစ်သင့်သည်အားလျော်စွာ

ရှေးမရဏာသန္နဇောသည် ယူအပ်သော ရူပါရုံစသော ပစ္စုပ္ပန်ကမ္မနိမိတ်အာရုံကို သာလျှင် အာရုံပြု၍ ပဋိသန္ဓေကိစ္စကိုပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

ထိုပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်ကိုသာလျှင် သေလေပြီးသော ငရဲသူ တိရစ္ဆာန် ပြိတ္တာ စသည်တို့သည် လူ့ပြည်၌ တဖန် ဖြစ်ပြန်လေကုန်ပြီ၊ နတ်ပြည်၌ တဖန် ဖြစ်ပြန်လေကုန်ပြီဟု ထိုက်သည်အားလျော်စွာ ခေါ်ဝေါ် ပြောဆိုအပ်ကုန်၏။ ထိုသို့ပင် ခေါ်ဝေါ် ပြောဆိုအပ်ကုန်သော်လည်း လူ့,နတ်, သတ္တဝါ ဖြစ်သည်မဟုတ်၊ ကုသိုလ်ပုညာဘိသင်္ခါရ စေတနာ၏အကျိုးဖြစ်သော အသိဝိညာဏ်သည်သာလျှင် စင်စစ် ဖြစ်ပေါ်လာပေ၏ဟု မှတ်။

ထိုအသိဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်တပြိုင်နက် အတူဖြစ်ဖော်ဖြစ်သော စေတသိက်ဟု ခေါ်ဆိုအပ်သော နာမ်၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဟဒယဟု ဆိုအပ်သော ရုပ်ကလာပ်တို့သည်လည်း ထိုပစ်ချသော ကုသိုလ်ပုညာဘိသင်္ခါရကြောင့် ဆိုင်ရာဆိုင်ရာ ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်လေကုန်၏။ ထိုနာမ်ရုပ်တို့ ဖြစ်ပေါ်မှုသည် **ဝိညာဏပစ္စယာ နာမရူပံ**ကို ပြဆိုရာ အခဏ်း၌ ထင်ရှားလတ္တံ့။

**အပါယ်မရဏာသန္နဇောအာရုံကို ကာမသုဂတိပဋိသန္ဓေစိတ်က ယူပုံ**

**ရူပါရုံ ကမ္မနိမိတ်။** ။ထိုဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ဝိညာဏ်စိတ် ဖြစ်ပေါ်လာသောအခါ အကယ်၍ စုတေခဲ့သော ဒုဂ္ဂတိဘဝ၌ မရဏာသန္နဇောသည် ပစ္စုပ္ပန်ဖြစ်သော ရူပါရုံကမ္မနိမိတ်ကို သာလျှင် အာရုံပြုခဲ့သည်ဖြစ်အံ့၊ ၎င်းကာမသုဂတိဘုံ၌ ထပ်မံ၍ဖြစ်ပေါ်လာသော ပဋိသန္ဓေဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာသန္နဇောသည်ယူအပ်သော ပစ္စုပ္ပန် ဖြစ်သော ရူပါရုံကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။

**သဒ္ဒါရုံ ကမ္မနိမိတ်။** ။အကယ်၍ မရဏာသန္နဇောသည် ပစ္စုပ္ပန် ဖြစ်သော သဒ္ဒါရုံ ကမ္မနိမိတ်ကိုသာလျှင် အာရုံပြုခဲ့သည် ဖြစ်အံ့၊ ၎င်းကာမသုဂတိခုနစ်ဘုံ၌ ထပ်မံ၍ ဖြစ်ပေါ်လာသော ပဋိသန္ဓေ ဝိညာဏ်စိတ် သည်လည်း ၎င်းမရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန်ဖြစ်သော သဒ္ဒါရုံ ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။

**ဂန္ဓာရုံ ကမ္မနိမိတ်။** ။အကယ်၍ မရဏာသန္နဇောသည် ပစ္စုပ္ပန်ဖြစ်သော ဂန္ဓာရုံ ကမ္မနိမိတ်ကိုသာလျှင် အာရုံပြုခဲ့သည်ဖြစ်အံ့၊ ၎င်းကာမသုဂတိခုနစ်ဘုံ၌ ထပ်မံ၍ ဖြစ်ပေါ်လာသော ပဋိသန္ဓေ ဝိညာဏ်စိတ် သည်လည်း ၎င်းမရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန်ဖြစ်သော ဂန္ဓာရုံ ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။

**ရသာရုံ ကမ္မနိမိတ်။** ။အကယ်၍ မရဏာသန္နဇောသည် ပစ္စုပ္ပန်ဖြစ်သော ရသာရုံ ကမ္မနိမိတ်ကိုသာလျှင် အာရုံပြုခဲ့သည်ဖြစ်အံ့၊ ၎င်းပဋိသန္ဓေ ဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန်ဖြစ်သော ရသာရုံကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။

**ဖောဋ္ဌဗ္ဗာရုံကမ္မနိမိတ်။** ။အကယ်၍ မရဏာသန္နဇောသည် ပစ္စုပ္ပန်ဖြစ်သော ဖောဋ္ဌဗ္ဗာရုံ ကမ္မနိမိတ်ကိုသာလျှင် အာရုံ ပြုခဲ့သည် ဖြစ်အံ့။ ၎င်းသုဂတိဘုံ၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန်ဖြစ်သော ဖောဋ္ဌဗ္ဗာရုံ ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။

ထိုသို့ ဖြစ်ပေါ်လာသည်၏ အဖြစ်ကို ရှေးကာမသုဂတိဘုံမှ စုတေ၍ ကာမသုဂတိဘုံ၌ ဖြစ်ပေါ်သော သူတို့၏ ပဋိသန္ဓေကို ပြဆိုအပ်သော **အဋ္ဌကထာနည်း** အတိုင်း သိကြလေ။

**လူနှင့် နတ် ပဝတ္တိဝိညာဏ်။** ။ထိုဆိုအပ်ပြီးသော ပဋိသန္ဓေဝိညာဏ်စိတ်သည် တကြိမ်ဖြစ်၍ ချုပ်ပြီးနောက် ၎င်းပဋိသန္ဓေ ဝိညာဏ်စိတ်၏အခြားမဲ့၌လည်း ထိုကာမသုဂတိဘုံ၌ ပဋိသန္ဓေဝိညာဏ်စိတ်ကို ဖြစ်စေတတ်သော ၎င်းပုညာဘိသင်္ခါရ ကုသိုလ်စေတနာကြောင့်သာလျှင် ထိုပဋိ-သန္ဓေဝိညာဏ်စိတ်နှင့် ဘူမိ ဇာတိ သမ္ပယုတ္တ သင်္ခါရအားဖြင့် တူသော ဝိညာဏ်စိတ်သည် ထိုပဋိသန္ဓေဝိညာဏ်စိတ်၏ အာရုံနှင့်တူသော ကံ ကမ္မနိမိတ် ဂတိနိမိတ် ဟုဆိုအပ်သော အာရုံကိုသာလျှင် ထိုက်သည်အားလျော်စွာ အာရုံပြု၍ ရှေးဦးအစ ဖြစ်ပေါ်သောဘဝကို မပြတ်စေဘဲလျက် ဆက်ကာဆက်ကာဘဝင်ကိစ္စဖြစ်၍ ချုပ်ကွယ်လေ၏။ အဆုံး၌လည်း စုတိကိစ္စဖြစ်၍ ချုပ်ကွယ်လေ၏။ ဤပြဆိုအပ်ပြီးသော ပဋိသန္ဓေဝိညာဏ်နောင် ဆက်ကာဆက်ကာ စုတိကျသည့်တိုင်အောင် ဖြစ်ပေါ်၍ ချုပ်ကြလေသမျှသော ဘဝင်စိတ်အစဉ်ကို ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုအပ်လေသည်။ ထိုပဝတ္တိဝိညာဏ် စိတ်တို့၏ ဖြစ်ပုံသည် နောက်၌ ထင်ရှားလတ္တံ့။ ဤယခု ပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်မှုနည်းသည် အပါယ်လေးပါး တည်းဟူသော ဒုဂ္ဂတိဘုံမှ စုံတေ၍ ကာမသုဂတိ ခုနစ်ဘုံ၌ ထပ်မံ၍ဖြစ်သော သတ္တဝါတို့၏ ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ပဋိသန္ဓေ ဝိညာဏ်စိတ် ဖြစ်ပေါ်ပုံကို ပြဆိုအပ်သော နည်းပေတည်း။

ဤတွင် ဒုဂ္ဂတိဘုံမှစုတေ၍ ကာမသုဂတိခုနစ်ဘုံ၌
ထပ်မံ၍ ပဋိသန္ဓေဝိညာဏ်စိတ်ဖြစ်ပုံကို အမြွက်မျှ ပြဆိုချက် ပြီး၏။

## ကာမသုဂတိဘုံမှ စုတေ၍ အသညသတ်ကြဉ်သော ရူပ (၁၅) ဘုံ၌ ပဋိသန္ဓေဝိညာဏ်စိတ်ဖြစ်ပုံကို ပြဆိုချက်

### ကာမသုဂတိဘုံမှ ရူပပဉ္စမစျာန်ဘုံသို့ ရောက်ပုံ

**ပဉ္စမစျာန် ရူပဘုံရောက်မည့် ကမ္မနိမိတ် ၂၅-ပါး။** ။အကြင်အကြင် သမုတ်အပ်သော လူ နတ် တို့သည် ပဉ္စမစျာန်ရကြောင်းဖြစ်သော ကသိုဏ်း (၁၀)ပါး၊ အသုဘ (၁၀)ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာဟု ဆိုအပ်သော (၂၅)ပါးသော ပညတ်ပဋိဘာဂနိမိတ်တို့တွင် တပါးပါးကို ထိုက်သည်အားလျော်စွာ အာရုံပြု၍ ပဉ္စမစျာန်ရပြီးလျှင် ၎င်းကာမသုဂတိဘုံမှ စုတေ၍ ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မပုရောဟိတာ မဟာဗြဟ္မာ ဟု ဆိုအပ်ပြီးသော ပဉ္စမစျာန်သုံးဘုံတို့တွင် တဘုံဘုံ၌ ထိုက်သည်အားလျော်စွာ ဖြစ်လိုလတ်သည် ရှိသော် မရဏာသန္နဇောမကျမီ ရှေးအဘို့ကပင် တင်ကူး၍ ပစ်ချလတ္တံ့သော ရူပပဉ္စမစျာန် ကုသိုလ်စေတနာတည်းဟူသော ကံကြောင့် ၎င်းပဉ္စမစျာန်ကုသိုလ်၏ ဖြစ်ကြောင်း ဖြစ်သော ကာလဝိမုတ် ဖြစ်သော ပထဝီကသိုဏ်းစသော (၂၅)ပါးသော ပညတ်ကမ္မနိမိတ်တို့တွင် တပါးပါးသည် ထိုက်သည်အားလျော်စွာ မနောဒွါရအား ထင်ခြင်းသို့ ရောက်လေ၏။

**ပဉ္စမစျာန်ဘုံရောက်မည့် မရဏာသန္နဝီထိ။** ။ထိုသို့ ထင်ခြင်းသို့ ရောက်သော ကာလဂိမုတ် ဖြစ်သော ပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ မရဏာသန္နဇောဝီထိ ဖြစ်လိုလတ်သော် စုတေလတ္တံ့သော ကာမသုဂတိဘဝ၌ ရှေးဦးအစ ဖြစ်ခဲ့ဘူးသော ပဋိသန္ဓေစိတ်နှင့် ဘုမိဇာတိ သမ္ပယုတ္တ သင်္ခါရအားဖြင့် တူသော စိတ်သည် ပဋိသန္ဓေအာရုံနှင့်တူသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟု ဆိုအပ်သော အာရုံသုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဟု အမည်ရလျက် ဘဝင်ကိစ္စနှစ်ကြိမ် ဖြစ်၍ ချုပ်၏။

ထိုနောင် ထိုမနောဒွါရအား ထင်ခြင်းသို့ရောက်သော ကာလဝိမုတ်ဖြစ်သော ပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် **အာဝဇ္ဇန်းကိစ္စ** တကြိမ် ဖြစ်၍ ချုပ်၏။

ထိုနောင် မဟာကုသိုလ်စိတ် ရှစ်ခုတို့တွင် တခုခုသည် ထိုမနောဒွါရာဝဇ္ဇန်းစိတ်သည် ဆင်ခြင်အပ်သော ကာလဝိမုတ်ဖြစ်သော ပညတ်ကမ္မနိမိတ် အာရုံကိုသာလျှင် အာရုံပြု၍ **မရဏာသန္နဇော** ငါးကြိမ်ဖြစ်၍ ချုပ်၏။

**ကာမသုဂတိ စုတိစိတ်။** ။ထိုနောင် စုတေလတ္တံ့သော လူနတ်ဟု သမုတ်အပ်သော ဘဝ၌ ရှေးရှေးသော ဘဝင်စိတ်တို့သည်

ယူအပ်သော အာရုံနှင့်တူသော ကံစသောအာရုံကိုသာလျှင် အာရုံပြု၍ လူနတ်ဟု သမုတ်အပ်သော ဘဝ၌ ပစ်ချခဲ့ပြီးသော **ကာမကုသိုလ်ကံ၏** အကျိုးဆက် အကုန်ဟု ဆိုအပ်သော ဘဝင်စိတ်သည် ထိုဖြစ်ဆဲဖြစ်သော လူနတ်ဟု သမုတ် အပ်သောဘဝမှ ကွယ်ပျောက် ရွေ့လျောခြင်းကိစ္စကို ဖြစ်စေလျက် **စုတိကိစ္စ** တကြိမ် ဖြစ်၍ ချုပ်၏။

**အဘိဓမ္မာသဘောဖြင့် သေပုံကို ပြချက်။** ။ထို အဆုံးဖြစ်သော စုတိစိတ် ချုပ်သည် တပြိုင်နက် ၎င်းစုတိစိတ်နှင့် အတူတကွ ယှဉ်ဘော်ယှဉ်ဘက် ဖြစ်ကုန်သော တွေ့မှု သဘော, ခံစားမှုသဘော, မှတ်မှု သဘော စသော စေတသိက် တရားတို့သည်၎င်း၊ ကမ္မဇဖြစ်သော စက္ခု စသော ကလာပ်ရုပ်တို့သည်၎င်း တချက်တည်း ချုပ်ကြလေကုန်၏။ ထိုစိတ် စေတသိက်ရုပ်တို့ ကွယ်ချုပ်သည်ကိုသာလျှင် လူသေပြီ၊ နတ်သေပြီဟု လောက ဝေါဟာရဖြင့် ခေါ်ဆိုအပ်လေ၏။ ထိုသို့ပင် ခေါ်ဆိုအပ်လေသော်လည်း စင်စစ် နတ်လူသေသည် မဟုတ်၊ ရှေး၌ ပြဆိုအပ်ခဲ့ပြီးသော စိတ် စေတသိက် ရုပ်တရားစု တို့သာလျှင် စင်စစ် ကွယ်ချုပ်ကြလေကုန်သည်ဟု မှတ်ကြလေ။

**ရူပ ပဉ္စမဈာန်ဘုံသာ ပဋိသန္ဓေ ဖြစ်ပုံ။** ။ထို ဆိုအပ်ပြီးသော လူနတ်ဟု ခေါ် ဆိုအပ်သော ဘဝမှ သေသည်ဟု သမုတ်အပ်သော စုတိစိတ်ချုပ်ပြီးနောက် ပဉ္စမဈာန် သုံးဘုံတို့တွင် တဘုံဘုံ၌ ထိုက်သည်အားလျော်စွာ အကျိုးပေးလတ္တံ့ သော ရူပါဝစရကုသိုလ် ပဉ္စမဈာန် စေတနာကံသည် ဘဝသစ်၌ အကျိုးပေးခွင့်ကို ရ၍ နာနာက္ခဏိကကမ္မပစ္စယ-ဇနကသတ္တိ ပကတူပနိဿယပစ္စယဇနကသတ္တိ၏ အစွမ်းအားဖြင့် ဖြစ်စေအပ် သော စုတိစိတ်၏ အခြားမဲ့၌ စုတိစိတ်မှရအပ်သော အနန္တရ သမနန္တရ အနန္တ-ရူပနိဿယ နတ္ထိ ဝိဂတဟု ဆိုအပ်သော ငါးပစ္စယဇနကသတ္တိကို ခံယူလျက် ချုပ်ပြီးဖြစ်သော လူနတ်ဟု ခေါ်ဝေါ်အပ်သော ဘဝနှင့် ဖြစ်ဆဲဖြစ်သော ဗြဟ္မာ ဘဝကို ထပ်မံ၍ ဆက်စပ်တတ်သော ရူပါဝစရပဉ္စမဈာန်ဝိပါက်စိတ်သည် ရှေးဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော ပညတ် ကမ္မနိမိတ်ကို အာရုံပြု၍ ပဋိသန္ဓေကိစ္စကိုပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

ထိုပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်သည်ကိုသာလျှင် သေလေပြီးသော လူ နတ်သည် ပဉ္စမဈာန်ဘုံ၌ ဗြဟ္မာဖြစ်လေပြီဟု ခေါ်ဝေါ် ပြောဆိုအပ်လေ၏။ ထိုသို့ပင် ပြောဆိုအပ်သော်လည်း ဗြဟ္မာဖြစ်သည်မဟုတ်၊ ရူပါဝစရပုညာဘိ-သင်္ခါရ ပဉ္စမဈာန် ကုသိုလ်စေတနာ၏ အကျိုးဖြစ်သော အသိဝိညာဏ်သဘော သည်သာလျှင် စင်စစ် ဖြစ်ပေါ်လာ၏ဟု မှတ်ကြလေ။

ထိုအသိဝိညာဏ်စိတ် ဖြစ်ပေါ်သည်တပြိုင်နက် ၎င်းအသိဝိညာဏ်နှင့် ယှဉ်တွဲယှ်၍ ဖြစ်ပေါ်သော စေတသိက်ဟု ခေါ်ဆိုအပ်သော နာမ်၊ စက္ခုဒသကကလာပ်၊ သောတဒသကကလာပ်၊ ဟဒယဝတ္ထုဒသကကလာပ်၊ ဇီဝိတနဝကကလာပ်ဟုဆိုအပ်သော ရုပ်ကလာပ်တို့သည်လည်း တချက်တည်း ထိုပဋိသန္ဓေကို ပစ်ချသော ကံကြောင့်သာလျှင် ဖြစ်ပေါ်လေကုန်၏။ ထိုနာမ်ရုပ်တို့ ဖြစ်စဉ်သည် နောက် **ဝိညာဏပစ္စယာ နာမရူပံ** ၌ ထင်ရှားလတ္တံ့။ ထိုပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်တတ်သောဝိညာဏ်စိတ် ဖြစ်ပေါ်လာသောအခါ ရှေးမရဏာသန္နဇောသည် ယူအပ်သော ပညတ်ကမ္မနိမိတ်ကိုသာလျှင် **အာရုံပြု၍** ဖြစ်ပေါ်လေ၏ဟု မှတ်။

**ရူပပဉ္စမစျာန်ဘုံ ပဝတ္တိဝိညာဏ်စိတ်။** ။ထို ပဋိသန္ဓေဝိညာဏ်စိတ် ချုပ်ပြီးနောက် ၎င်းပဋိသန္ဓေဝိညာဏ်စိတ်၏ အခြားမဲ့၌လည်း ထိုပစ်ချသော ရူပါဝစရပဉ္စမစျာန်ကုသိုလ် ပုညာဘိသင်္ခါရ၏ အကျိုးဖြစ်သော ပဋိသန္ဓေဝိညာဏ်နှင့် ဘူမိ ဇာတိ သမ္ပယုတ္တ ဓမ္မအားဖြင့် တူသော ပဉ္စမစျာန် ဝိပါက်စိတ်သည် ထိုပဋိသန္ဓေဝိညာဏ်စိတ်သည် ယူအပ်သော ပညတ်ကမ္မနိမိတ် အာရုံမျိုးကိုသာလျှင် အာရုံပြု၍ အစဖြစ်ပေါ်သော ဘဝကို မပြတ်စေဘဲလျက် ဆက်ကာဆက်ကာ ဘဝင်ကိစ္စ ဖြစ်လေ၏။ အဆုံး၌လည်း စုတိကိစ္စဖြစ်၍ ချုပ်လေ၏။

ဤပြဆိုအပ်ပြီးသော ပဋိသန္ဓေဝိညာဏ်နောင် ဆက်ကာဆက်ကာ စုတိကျသည့်တိုင်အောင် ဖြစ်ပေါ်၍ ချုပ်ကြလေသမျှသော ဘဝင်ကိစ္စအစဉ်ကို ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုအပ်သည်။ ထိုပဝတ္တိဝိညာဏ်စိတ် ဖြစ်ပုံသည် နောက်၌ ထင်ရှားလတ္တံ့။

ဤယခု ပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်မှု နည်းသည် ကာမသုဂတိဘုံမှ စုတေ၍ ပဉ္စမစျာန်သုံးဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့၏ ရှေးမရဏာသန္နဇောသည် ယူအပ်သော ကာလဝိမုတ်ဖြစ်သော ပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝနှစ်ပါးကို ဆက်စပ်သော ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပုံကို ပြဆိုအပ်သော နည်းပေတည်း။

## ကာမသုဂတိဘုံမှ ရူပဒုတိယစျာန်ဘုံသို့ ရောက်ပုံ

**ဒုတိယစျာန်ဘုံရောက်မည့် ကမ္မနိမိတ် ၁၄-ပါး။** ။**အကြင်** အကြင် သမုတ်အပ်သော လူနတ်တို့သည် ဒုတိယစျာန်တတိယစျာန်တို့ကို ရကြောင်းဖြစ်သော ကသိုဏ်းဆယ်ပါး၊ အာနာပါနဿတိ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာဟု ဆိုအပ်သော ၁၄-ပါးသော ပညတ်ပဋိဘာဂနိမိတ်တို့တွင် တပါးပါးကို ထိုက်သည်အားလျော်စွာ အာရုံပြု၍ ဒုတိယ

ချာန် တတိယချာန်တို့ကို ရပြီးလျှင် ၎င်းကာမသုဂတိဘုံတို့မှ စုတေ၍ ပရိတ္တာ-ဘာ အပ္ပမာဏာဘာ အာဘဿရာဟု ဆိုအပ်သော ဒုတိယချာန်သုံးဘုံတို့တွင် တဘုံဘုံ၌ ဖြစ်လိုလတ်သည်ရှိသော် မရဏာသန္နဇောမကျမီ ရှေးအဘို့ကပင် တင်ကူး၍ ပစ်ချလတ္တံ့သော ရူပါဝစရ ဒုတိယချာန် တတိယချာန် ကုသိုလ် စေတနာတည်းဟူသော ကံကြောင့် ၎င်းကုသိုလ်၏ ဖြစ်ကြောင်းဖြစ်သော ကာလဝိမုတ်ဖြစ်သော ပထဝီကသိုဏ်းစသော ၁၄-ပါးကုန်သော ပညတ်ကမ္မ နိမိတ်တို့တွင် တပါးပါးသည် ထိုက်သည်အားလျော်စွာ မနောဒွါရအား ထင်ခြင်း သို့ရောက်၏။

**ဒုတိယချာန်ဘုံသွားမည့် မရဏာသန္နဝီထိ။** ။ထိုသို့ ထင်ခြင်းသို့ရောက်သော ကာလဝိမုတ်ဖြစ်သော ပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ မရဏာသန္နဇောဝီထိ ဖြစ်လိုလတ်သည်ရှိသော် စုတိ လတ္တံ့သော ကာမသုဂတိဘဝ၌ ရှေးဦးအစ ဖြစ်ခဲ့ဘူးသော ပဋိသန္ဓေစိတ်နှင့်။လ။ **ဘဝင်ကိစ္စ** နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် မနောဒွါရအား ထင်ခြင်းသို့ရောက်သော ကာလဝိမုတ်ဖြစ်သော ပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် **အာဝဇ္ဇန်းကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် မဟာကုသိုလ်စိတ် ရှစ်ခုတို့တွင် တခုခုသောစိတ်သည် ထိုမနော-ဒွါရာဝဇ္ဇန်းစိတ်သည် ဆင်ခြင်အပ်သော ကာလဝိမုတ်ဖြစ်သော ပညတ်ကမ္မနိမိတ် အာရုံကိုသာလျှင် **အာရုံပြု၍ မရဏာသန္နဇော** ငါးကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် စုတိလတ္တံ့သော လူနတ်ဟု သမုတ်အပ်သောဘဝ၌ ရှေးရှေးသော ဘဝင်စိတ်တို့သည် ယူအပ်သော အာရုံနှင့်တူသော ကံစသော **အာရုံကိုသာလျှင်** အာရုံပြု၍ လူနတ်ဟု သမုတ်အပ်**သော**ဘဝ၌ ပစ်ချခဲ့ပြီးသော **ကာမကုသိုလ်ကံ၏** အကျိုးဆက် အကုန်ဟု ဆိုအပ်သော ဘဝင်စိတ်သည် ထိုဖြစ်ဆဲဖြစ်သော လူ နတ်ဟု သမုတ်အပ်သောဘဝမှ ကွယ်ပျောက်ရွေ့လျောခြင်းကိစ္စကို ဖြစ်စေလျက် **စုတိကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

**ပရမတ္ထသဘောဖြင့် သေပုံကို ရှင်းချက်။** ။ထိုအဆုံးစွန်သော စုတိစိတ်ချုပ်ပြီးသည် တပြိုင်နက် ၎င်းစုတိစိတ်နှင့် အတူတကွ ယှဉ်ဘော်ယှဉ်ဘက် ဖြစ်ကုန်သော တွေ့မှုသဘော ဖဿ၊ ခံစားမှု သဘော ဝေဒနာ၊ မှတ်မှုသဘော သညာ အစရှိကုန်သော စေတသိက်တရားတို့ သည်၎င်း၊ ကမ္မဇဖြစ်ကုန်သော စက္ခုစသော ကလာပ်ရုပ်တို့သည်၎င်း တချက် တည်း ချုပ်ကြလေကုန်၏။

ထို စိတ်စေတသိက်ရုပ်တို့ ကွယ်ချုပ်သည်ကိုသာလျှင် လူသေပြီ၊ နတ်သေပြီ ဟု လောကဝေါဟာရအားဖြင့် ခေါ်ဆိုအပ်လေ၏။ ထိုသို့ပင် ခေါ်ဆိုအပ်လေသော်လည်း စင်စစ် နတ်လူ သေသည်မဟုတ်၊ ရှေး၌ပြဆိုအပ်ခဲ့ပြီးသော စိတ်စေတသိက်ရုပ်တရားစုတို့သည်သာလျှင် ကွယ်ချုပ်ကြလေကုန်၏ဟု မှတ်ကြလေ။

**ဒုတိယဈာန် ပဋိသန္ဓေ ဖြစ်ပုံ။** ။ထိုဆိုအပ်ပြီးသော လူနတ်ဟု ခေါ်ဆိုအပ်သော ဘဝမှ သေသည်ဟု သမုတ်အပ်သော စုတိစိတ် ချုပ်ပြီးနောက် ဒုတိယဈာန်သုံးဘုံတို့တွင် တဘုံဘုံ၌ ထိုက်သည်အားလျော်စွာ အကျိုးပေးလတ္တံ့သော ရူပါဝစရ ဒုတိယဈာန်ကုသိုလ် တတိယဈာန်ကုသိုလ်စေတနာကံသည် ဘဝသစ်၌ အကျိုးပေးခွင့်ကိုရ၍ နာနာက္ခဏိက ကမ္မ-ပစ္စယဇနကသတ္တိ ပကတူပနိဿယ ပစ္စယဇနကသတ္တိ၏ အစွမ်းအားဖြင့် ဖြစ်စေအပ်သော စုတိစိတ်၏ အခြားမဲ့၌ စုတိစိတ်မှရအပ်သော အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတ ဟု ဆိုအပ်သော ငါးပစ္စယဇနကသတ္တိ၏ အစွမ်းကိုခံယူလျက် ချုပ်ပြီးဖြစ်သော လူနတ်ဟု ခေါ်ဝေါ်အပ်သော ဘဝနှင့် ဖြစ်ဆဲဖြစ်သော ဗြဟ္မာဘဝကို ထပ်မံ၍ ဆက်စပ်တတ်သော ရူပါဝစရ ဒုတိယဈာန် ဝိပါက် ရူပါဝစရ တတိယဈာန် ဝိပါက်စိတ်တို့တွင် တပါးပါးသော စိတ်သည် ရအပ်သောအကြောင်းရှိသည်ဖြစ်၍ ရှေးဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော ပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ ပဋိသန္ဓေကိစ္စကိုပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

ထို ပဋိသန္ဓေ ဝိညာဏ်စိတ် ဖြစ်ပေါ်သည်ကိုသာလျှင် သေလေပြီးသော လူနတ်သည် ဒုတိယဈာန်ဘုံ၌ ဗြဟ္မာဖြစ်လေပြီဟု ခေါ်ဝေါ်ပြောဆိုအပ်၏။ ထိုသို့ပင် ခေါ်ဝေါ်ပြောဆိုအပ်သော်လည်း ဗြဟ္မာဖြစ်သည် မဟုတ်၊ ရူပါဝစရ ပုညာဘိ သင်္ခါရ ဒုတိယဈာန်ကုသိုလ် တတိယဈာန်ကုသိုလ်စေတနာ၏ အကျိုးဖြစ်သော အသိဝိညာဏ် သဘောသည်သာလျှင် စင်စစ် ဖြစ်ပေါ်လာသည်ဟု မှတ်ကြလေ။

ထိုအသိဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်တပြိုင်နက် ၎င်းအသိဝိညာဏ်နှင့် ယှဉ်တွယ်၍ ဖြစ်ပေါ်သော စေတသိက်ဟု ခေါ်ဆိုအပ်သော နာမ်၊ စက္ခုဒသက ကလာပ်၊ သောတဒသက ကလာပ်၊ ဟဒယဝတ္ထုဒသက ကလာပ်၊ ဇီဝိတနဝက ကလာပ် ဟု ဆိုအပ်သော ရုပ်ကလာပ်တို့သည်လည်း တချက်တည်း ထိုပဋိသန္ဓေကို ပစ်ချသော ကံကြောင့်သာလျှင် ဖြစ်ပေါ်လေကုန်၏။ ထိုနာမ်ရုပ်တို့ဖြစ်စဉ်သည် နောက်၌ ထင်ရှားလတ္တံ့။

ထိုပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ဝိညာဏ်စိတ်ဖြစ်ပေါ်လာသောအခါ ရှေးမရဏာသန္နဇောသည် ယူအပ်သော ပညတ်ကမ္မနိမိတ် တပါးကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏ဟု မှတ်။

**ဒုတိယဈာန်ဘုံ ပဝတ္တိဝိညာဏ်။** ။ထို ပဋိသန္ဓေ ဝိညာဏ်စိတ် ချုပ်ပြီးနောက် ၎င်း ပဋိသန္ဓေ ဝိညာဏ်စိတ်၏ အခြားမဲ့၌လည်း ထိုပစ်ချသော ရူပါဝစရ ဒုတိယဈာန် တတိယဈာန်ကုသိုလ် ပုညာဘိသင်္ခါရ၏ အကျိုးဖြစ်သော ပဋိသန္ဓေဝိညာဏ်စိတ်နှင့် ဘူမိ ဇာတိ သမ္ပယုတ္တဓမ္မ အားဖြင့် တူသော ဒုတိယဈာန်ဝိပါက် တတိယဈာန် ဝိပါက်စိတ်သည် ထိုပဋိသန္ဓေ ဝိညာဏ်စိတ်သည် ယူအပ်သော ပညတ်ကမ္မနိမိတ် အာရုံမျိုးကိုသာလျှင် အာရုံပြု၍ အစဖြစ်ပေါ်သော ဘဝကို မပြတ်စေဘဲလျက် ဆက်ကာဆက်ကာ ဘဝင်ကိစ္စ ဖြစ်လေ၏။ အဆုံး၌လည်း စုတိကိစ္စ ဖြစ်၍ ချုပ်လေ၏။ ဤပြဆိုအပ်ပြီးသော ပဋိသန္ဓေ ဝိညာဏ်နောင် ဆက်ကာဆက်ကာ စုတိစိတ်ကျသည့်တိုင်အောင် ဖြစ်ပေါ်၍ ချုပ်လေသမျှသော ဘဝင်စိတ်အစဉ်ကို ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုအပ်သည်။

ဤပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်မှုနည်းသည် ကာမသုဂတိဘုံမှ စုတေ၍ ဒုတိယဈာန်သုံးဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့၏ ရှေးမရဏာသန္နဇော သည် ယူအပ်သော ကာလဝိမုတ်ဖြစ်သော ပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ပဋိသန္ဓေ ဝိညာဏ်စိတ် ဖြစ်ပေါ်ပုံကို ပြဆိုအပ်သော နည်းပေတည်း။

### ကာမသုဂတိဘုံမှ ရူပတတိယဈာန်ဘုံသို့ ရောက်ပုံ

**တတိယဈာန်ဘုံရောက်မည့် ကမ္မနိမိတ် ၁၄-ပါး။** ။အကြင်အကြင် သမုတ်အပ်သော လူနတ်တို့သည် စတုတ္ထဈာန်တို့ကို ရကြောင်းဖြစ်သော ကသိုဏ်းဆယ်ပါး၊ အာနာပါနဿတိ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာဟု ဆိုအပ်သော ၁၄-ပါးသော ပညတ် ပဋိဘာဂနိမိတ်တို့တွင် တပါးပါးကို ထိုက်သည်အားလျော်စွာ အာရုံပြု၍ စတုတ္ထဈာန်ကိုရ၍ ၎င်း ကာမသုဂတိ ဘုံတို့မှ စုတေခဲ့ပြီးလျှင် ပရိတ္တာသုဘာ အပ္ပမာဏာသုဘာ သုဘကိဏှာဟု ဆိုအပ်သော တတိယဈာန်သုံးဘုံတို့တွင် တဘုံဘုံ၌ ဖြစ်လိုလတ်သည်ရှိသော်။လ။**ဘဝင်ကိစ္စ** နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် မနောဒွါရအား ထင်ခြင်းသို့ရောက်သော ကာလဝိမုတ်ဖြစ်သော ပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် **အာဝဇ္ဇန်းကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသော စိတ်သည် ထိုမနောဒွါရာဝဇ္ဇန်းစိတ်သည် ဆင်ခြင်အပ်သော ကာလဝိမုတ်ဖြစ်သော ပညတ်ကမ္မနိမိတ် အာရုံကိုသာလျှင် အာရုံပြု၍ **မရဏာသန္နဇော** ငါးကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် စုတိလတ္တံ့သော လူနတ်ဟု သမုတ်အပ်သော ဘဝ၌ ရှေးရှေးသောဘဝင်စိတ်တို့သည် ယူအပ်သော အာရုံနှင့်တူသော ကံစသော အာရုံကိုသာလျှင် အာရုံပြု၍။လ။စုတိကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။

ထိုအဆုံးစွန်သော စုတိစိတ်ချုပ်သည် တပြိုင်နက် ၎င်းစုတိစိတ်နှင့် အတူတကွ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်ကုန်သော တွေ့မှုသဘော ဖဿ၊ ခံစားမှုသဘော ဝေဒနာ၊ မှတ်မှုသဘော သညာအစရှိကုန်သော စေတသိက်တရားတို့သည်၎င်း၊ ကမ္မဇဖြစ်ကုန်သော စက္ခုစသော ရုပ်ကလာပ်တို့သည်၎င်း ချုပ်ကြလေကုန်၏။လ။ မှတ်ကြလေ။

**တတိယဈာန်ဘုံပဋိသန္ဓေစိတ်။** ။ထိုဆိုအပ်ပြီးသော လူနတ်ဟု ခေါ်အပ်သောဘဝမှ သေသည်ဟု သမုတ်အပ်သော စုတိစိတ်ချုပ်ပြီးနောက် တတိယဈာန် သုံးဘုံတို့တွင် တဘုံဘုံ၌ ထိုက်သည်အားလျော်စွာ အကျိုးပေးလတ္တံ့သော စတုတ္ထဈာန်ကုသိုလ်စေတနာကံသည် ဘဝသစ်၌ အကျိုးပေးခွင့်ကိုရ၍ နာနာက္ခဏိက ကမ္မပစ္စယဇနကသတ္တိ ပက-တူပနိဿယပစ္စယဇနကသတ္တိ၏ အစွမ်းအားဖြင့် ဖြစ်စေအပ်သော စုတိစိတ်၏ အခြားမဲ့၌ စုတိစိတ်မှ ရအပ်သော အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, နတ္ထိ, ဝိဂတဟု ဆိုအပ်သော ငါးပစ္စယဇနကသတ္တိ၏ အစွမ်းကို ခံယူလျက် ချုပ်ပြီးသော လူနတ်ဟု ခေါ်ဝေါ်အပ်သောဘဝနှင့် ဖြစ်ဆဲဖြစ်သော ဗြဟ္မာဘဝကို ထပ်မံ၍ ဆက်စပ်တတ်သော ရူပါဝစရစတုတ္ထဈာန်ဝိပါက်စိတ်သည် ရအပ်သော အကြောင်းရှိသည်ဖြစ်၍ ရှေးဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော ကာလဝိမုတ်ဖြစ်သော ပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ ပဋိသန္ဓေကိစ္စကို ပြုလျက်တကြိမ်ဖြစ်၍ ချုပ်၏။

ထိုပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်ကိုသာလျှင် သေလေပြီးသော လူနတ်သည် တတိယဈာန်ဘုံ၌ ဗြဟ္မာဖြစ်လေပြီဟု ခေါ်ဝေါ်ပြောဆိုအပ်၏။ ထိုသို့ပင် ခေါ်ဝေါ်ပြောဆိုအပ်သော်လည်း ဗြဟ္မာဖြစ်သည်မဟုတ်၊ ရူပါဝစရ-ပုညာဘိသင်္ခါရစတုတ္ထဈာန်ကုသိုလ်စေတနာ၏ အကျိုးဖြစ်သော အသိဝိညာဏ်စိတ်သည်သာလျှင် စင်စစ် ဖြစ်ပေါ်လာသည်ဟု မှတ်ကြလေ။

ထိုအသိဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် ၎င်းအသိဝိညာဏ်နှင့် ယှဉ်တွဲ၍ ဖြစ်ပေါ်သော စေတသိက်ဟု ခေါ်ဆိုအပ်သော နာမ်၊ စက္ခုဒသကကလာပ်, သောတဒသကကလာပ်, ဟဒယဝတ္ထုဒသကကလာပ်, ဇီဝိတနဝကကလာပ်ဟု ဆိုအပ်သော ရုပ်ကလာပ်တို့သည်လည်း တချက်တည်း ထိုပဋိသန္ဓေကို ပစ်ချသော ကံကြောင့်သာလျှင် ဖြစ်ပေါ်လေကုန်၏။လ။ ထိုပဋိသန္ဓေဝိညာဏ်စိတ်ချုပ်ပြီးနောက် ၎င်းပဋိသန္ဓေဝိညာဏ်စိတ်၏ အခြားမဲ့၌လည်း

ထိုပစ်ချသော ရူပါဝစရစတုတ္ထစျာန်ကုသိုလ် ပုညာဘိသင်္ခါရစေတနာ၏အကျိုး ဖြစ်သော ပဋိသန္ဓေဝိညာဉ်စိတ်နှင့် ဘူမိ,ဇာတိ,သမ္ပယုတ္တဓမ္မအားဖြင့် တူသော ငင်းစတုတ္ထစျာန်ဝိပါက်စိတ်သည် ထိုပဋိသန္ဓေဝိညာဉ်စိတ်သည် ယူအပ်သော ပညတ်ကမ္မနိမိတ်မျိုးကိုသာလျှင် အာရုံပြု၍ အစဖြစ်ပေါ်သော ဗြဟ္မာဘဝကို မပြတ်စေဘဲလျက် ဆက်ကာ ဆက်ကာ ဘဝင်ကိစ္စ ဖြစ်လေ၏။ အဆုံး၌လည်း စုတိကိစ္စဖြစ်၍ ချုပ်လေ၏။ ဤပြဆိုအပ်ပြီးသော ပဋိသန္ဓေဝိညာဉ်နောင် ဆက်ကာ ဆက်ကာ စုတိကျသည်တိုင်အောင် ဖြစ်ပေါ်၍ ချုပ်ကြလေသမျှ သော ဘဝင်စိတ်အစဉ်ကို ပဝတ္တိဝိညာဉ်ဟု ခေါ်ဆိုအပ်သည်။

ဤပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆပ်စပ်မှုနည်းသည် ကာမသုဂတိဘုံမှ စုတေ၍ တတိယစျာန်သုံးဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့၏။လ။ ပဋိသန္ဓေ ဝိညာဉ်စိတ် ဖြစ်ပေါ်ပုံကို ပြဆိုအပ်သော နည်းပေတည်း။

## ကာမသုဂတိဘုံမှ ရူပစတုတ္ထစျာန်ဘုံသို့ ရောက်ပုံ

**စတုတ္ထစျာန်ဘုံရောက်မည့် ကမ္မနိမိတ် ၁၂-ပါး။** ။အကြင်အကြင် သမုတ်အပ်သော လူနတ်တို့သည် ပဌမစျာန်တို့ကို ရကြောင်းဖြစ်သော ကသိုဏ်းဆယ်ပါး၊ အာနာပါနဿတိ၊ဥပေက္ခာ ဗြဟ္မဝိဟာရဟု ဆိုအပ်သော (၁၂)ပါးကုန်သော ပညတ် ပဋိဘာဂနိမိတ်တို့တွင် တပါးပါးကို အာရုံပြုလျက် ပဌမစျာန်ကို ရပြီး၍ ကာမသုဂတိဘုံမှ စုတေပြီးလျှင် ဝေဟပ္ဖိုလ်, အဝိဟာ, အတပ္ပါ, သုဒဿာ, သုဒဿီ, အကနိဋ္ဌဟု ဆိုအပ်သော ဝိညာဉ်၏ဖြစ်ရာ စတုတ္ထစျာန်ခြောက်ဘုံတို့တွင် တဘုံဘုံ၌ ထိုက်သည်အား လျော်စွာ ဖြစ်လိုလတ်သည်ရှိသော်။လ။ **ဘဝင်ကိစ္စ** နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် မနောဒွါရအား ထင်ခြင်းသို့ ရောက်သော ကာလဝိမုတ်ဖြစ်သော ပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် **အာဝဇ္ဇန်းကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသောစိတ်သည် ထိုမနောဒွါရာဝဇ္ဇန်းစိတ်သည် ဆင်ခြင်အပ်သော ကာလဝိမုတ်ဖြစ်သော ပညတ် ကမ္မနိမိတ်အာရုံကိုသာလျှင် အာရုံပြု၍ **မရဏာသန္နဇော** ငါးကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောင် စုတိလတ္တံ့သော လူနတ်ဟု သမုတ်အပ်သော ဘဝ၌ ရှေးရှေးသော ဘဝင်စိတ်တို့သည် ယူအပ်သော အာရုံနှင့်တူသော ကံ ကမ္မနိမိတ်စသော အာရုံကိုသာလျှင် အာရုံပြု၍။လ။ **စုတိကိစ္စ**တကြိမ်ဖြစ်၍ ချုပ်၏။

ထိုအဆုံးစွန်သော စုတိစိတ် ချုပ်သည်တပြိုင်နက် ငင်းစုတိစိတ်နှင့် အတူ တကွ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်ကုန်သော တွေ့မှုသဘော ဖဿ၊ ခံစားမှုသဘော

ဝေဒနာ၊ မှတ်မှုသဘော သညာ အစရှိကုန်သော စေတသိက်တရားတို့သည်၎င်း၊ ကမ္မဇဖြစ်ကုန်သော စက္ခုစသော ရုပ်ကလာပ်တို့သည်၎င်း တချက်တည်း ချုပ်ကြလေကုန်၏။လ။ မှတ်ကြလေ။

**ပဋ္ဌမဈာန်ဘုံ ပဋိသန္ဓေစိတ်။** ။ထိုဆိုအပ်ပြီးသော လူ နတ် ဟု ခေါ် ဆိုအပ်သော ဘဝမှ သေသည်ဟု သမုတ်အပ်သော စုတိစိတ်ချုပ်ပြီးနောက် စတုတ္ထဈာန် ခြောက်ဘုံတို့တွင် တဘုံဘုံ၌ ထိုက်သည် အားလျော်စွာ အကျိုးပေးလတ္တံ့သော ပဋ္ဌမဈာန် ကုသိုလ်စေတနာကံသည် ဘဝသစ်၌ အကျိုးပေးခွင့်ကိုရ၍ နာနာက္ခဏိက ကမ္မပစ္စယဇနကသတ္တိ ပကတူပ နိဿယပစ္စယဇနကသတ္တိ၏ အစွမ်းအားဖြင့် ဖြစ်စေအပ်သော စုတိစိတ်၏ အခြားမဲ့၌ စုတိစိတ်မှရအပ်သော အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတဟု ဆိုအပ်သော ငါးပစ္စယဇနကသတ္တိ၏အစွမ်းကို ခံယူလျက် ချုပ်ပြီး ဖြစ်သော လူ နတ်ဟု ခေါ် ဝေါ် အပ်သော ဘဝနှင့် ဖြစ်ဆဲဖြစ်သော ဗြဟ္မာဘဝကို ထပ်မံ၍ ဆက်စပ်တတ်သော ရူပါဝစရပဋ္ဌမဈာန် ဝိပါက်စိတ်သည် ရအပ်သော အကြောင်းရှိသည်ဖြစ်၍ ရှေးဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော ကာလ ဝိမုတ်ဖြစ်သော ပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ ပဋိသန္ဓေကိစ္စကိုပြုလျက် တကြိမ် ဖြစ်၍ ချုပ်၏။

ထို ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ် လာသည်ကိုသာလျှင် သေလေပြီးသော လူနတ်သည် စတုတ္ထဈာန်ဘုံ၌ ဗြဟ္မာဖြစ်လေပြီ ဟု ခေါ် ဝေါ် ပြောဆိုအပ်၏။ ထိုသို့ပင် ခေါ် ဝေါ် ပြောဆိုအပ်သော်လည်း ဗြဟ္မာဖြစ်သည်မဟုတ်၊ ရူပါဝစရ ပုညာဘိသင်္ခါရ ပဋ္ဌမဈာန်ကုသိုလ်စေတနာ၏ အကျိုးဖြစ်သော အသိဝိညာဏ် စိတ်သည်သာလျှင် စင်စစ် ဖြစ်ပေါ် လာသည်ဟု မှတ်ကြလေ။

ထို အသိဝိညာဏ်စိတ် ဖြစ်ပေါ် သည်တပြိုင်နက် ၎င်းအသိဝိညာဏ်စိတ်နှင့် ယှဉ်တွဲ၍ ဖြစ်ပေါ် သော စေတသိက် ဟု ခေါ် ဆိုအပ်သော နာမ်၊ ဇက္ခုဒသက ကလာပ်၊ သောတဒသကကလာပ်၊ ဟဒယဝတ္ထုဒသကကလာပ်၊ ဇီဝိတနဝက ကလာပ်ဟု ဆိုအပ်သော ရုပ်ကလာပ်တို့သည်လည်း တချက်တည်း ထိုပဋိသန္ဓေကို ပစ်ချသော ကံကြောင့်သာလျှင် ဖြစ်ပေါ် ကြလေကုန်၏။လ။ ထိုပဋိသန္ဓေ ဝိညာဏ်စိတ်ချုပ်ပြီးသည်နောက် ၎င်းပဋိသန္ဓေဝိညာဏ်စိတ်၏ အခြားမဲ့၌လည်း ထိုပစ်ချသော ရူပါဝစရပဋ္ဌမဈာန်ကုသိုလ် ပုညာဘိသင်္ခါရ စေတနာ၏အကျိုး ဖြစ်သော ပဋိသန္ဓေဝိညာဏ်စိတ်နှင့် ဘူမိ ဇာတိ သမ္ပယုတ္တ ဓမ္မအားဖြင့် တူသော ၎င်းပဋ္ဌမဈာန် ဝိပါက်စိတ်သည် ထို ပဋိသန္ဓေ ဝိညာဏ်စိတ်သည် ယူအပ်သော ပညတ်ကမ္မနိမိတ်မျိုးကိုသာလျှင် အာရုံပြု၍။လ။ ဆက်ကာဆက် ကာ ဘဝင်ကိစ္စ ဖြစ်လေ၏။ အဆုံး၌လည်း စုတိကိစ္စဖြစ်၍ ချုပ်လေ၏။ ဤ ပြဆို အပ်ပြီးသော ပဋိသန္ဓေဝိညာဏ်နောင် ဆက်ကာဆက်ကာ စုတိစိတ်ကျသည့်

တိုင်အောင် ဖြစ်ပေါ်၍ ချုပ်ကြလေသမျှသော ဘဝင်စိတ်အစဉ်ကို **ပဝတ္တိ ဝိညာဏ်**ဟု ခေါ်ဆိုအပ်သည်။

ဤပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်မှုနည်းသည် ကာမသုဂတိဘုံမှ စုတေ၍ စတုတ္ထစျာန်ဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့၏။ လ။ ပြဆိုအပ်သော နည်းပေတည်း။

**ကာမသုဂတိဘုံမှ စုတေ၍ အရူပ(၄)ဘုံ၌ ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်ပုံ အသီးသီးကို ပြဆိုချက်**

**အာကာသာနဉ္စာယတနကုသိုလ်ကမ္မနိမိတ်။** ။အကြင်အကြင် သမုတ်အပ်သော လူနတ်တို့သည် အာကာသာနဉ္စာယတနစျာန်ကို ရကြောင်းဖြစ်သော အာကာသကသိုဏ်း ကြဉ်သော ကိုးပါးသော ကသိုဏ်းပညတ် ပဋိဘာဂနိမိတ်တို့တွင် တပါးပါးကိုခွါ၍ ရအပ်သော ကောင်းကင်ပညတ်ကို အာရုံပြု၍ အာကာသာနဉ္စာယတနစျာန်ကို ရပြီးလျှင် ကာမသုဂတိဘုံမှ စုတေ၍ အာကာသာနဉ္စာယတနဟု ဆိုအပ်သော အရူပဘုံ၌ ဖြစ်လိုလတ်သည် ရှိသော်။ လ။ **ဘဝင်ကိစ္စ** နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် မနောဒွါရအား ထင်ခြင်းသို့ ရောက်သော ကာလဝိမုတ်ဖြစ်သော ပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် **အာဝဇ္ဇန်းကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသောစိတ်သည် ထိုမနောဒွါရာဝဇ္ဇန်းစိတ်သည် ဆင်ခြင်အပ်သော ကာလဝိမုတ်ဖြစ်သော အာကာသ ပညတ်ကမ္မနိမိတ်အာရုံကို အာရုံပြု၍ **မရဏာသန္နဇော** ငါးကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် စုတိလတ္တံ့သော လူနတ်ဟု သမုတ်အပ်သောဘဝ၌ ရှေးရှေးသော ဘဝင်စိတ်တို့သည် ယူအပ်သော အာရုံနှင့်တူသော ကံစသော အာရုံကိုသာလျှင် အာရုံပြု၍။ လ။ **စုတိကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

ထိုအဆုံးစွန်သော စုတိစိတ်ချုပ်သည်တပြိုင်နက် ၎င်းစုတိစိတ်နှင့်အတူတကွ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်ကုန်သော စေတသိက် တရားတို့သည်၎င်း၊ **ကမ္မဇ**ဖြစ်ကုန်သော စက္ခုစသော ရုပ်ကလာပ်တို့သည်၎င်း ထိုစုတိစိတ်နှင့်အတူတကွ ချုပ်ကြလေကုန်၏။ လ။

**အာကာသာနဉ္စာယတနပဋိသန္ဓေစိတ်။** ။ထိုဆိုအပ်ပြီးသော လူနတ်ဟု ဆိုအပ်သော ဘဝမှ သေသည်ဟု သမုတ်အပ်သော စုတိစိတ်ချုပ်ပြီးနောက် အာကာသာနဉ္စာယတနဘုံ၌ အကျိုးပေး

လတ္တံ့သော အာကာသာနဉ္စာယတနကုသိုလ်ကံ စေတနာသည် ဘဝသစ်၌ အကျိုးပေးခွင့်ကိုရ၍ နာနာက္ခဏိကကမ္မပစ္စယဇနကသတ္တိ ပကတူပနိဿယပစ္စယဇနကသတ္တိ၏ အစွမ်းအားဖြင့် ဖြစ်စေအပ်သော စုတိစိတ်၏ အခြားမဲ့၌ စုတိစိတ်မှရအပ်သော အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတဟု ဆိုအပ်သော ငါးပစ္စယဇနကသတ္တိ၏ အစွမ်းကို ခံယူလျက် ချုပ်ပြီးဖြစ်သော လူနတ်ဟု ခေါ်ဝေါ်အပ်သော ဘဝနှင့် ဖြစ်ဆဲဖြစ်သော ဗြဟ္မာဘဝကို ထပ်မံ၍ ဆက်စပ်တတ်သော အရူပါဝစရဖြစ်သော အာကာသာနဉ္စာယတန ဝိပါက်စိတ်သည် ရအပ်သော အကြောင်းရှိသည်ဖြစ်၍ ရှေးဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော ကာလဝိမုတ် ဖြစ်သော အာကာသပညတ် ကမ္မနိမိတ်ကို အာရုံပြု၍ ပဋိသန္ဓေကိစ္စကိုပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

ထိုပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်ကိုသာလျှင် သေလေပြီးသော လူနတ်သည် အာကာသာနဉ္စာယတနဘုံ၌ အရူပဗြဟ္မာဖြစ်လေပြီဟု ခေါ်ဝေါ် ပြောဆိုအပ်၏။ ထိုသို့ပင် ခေါ်ဝေါ် ပြောဆိုအပ်သော်လည်း အရူပဗြဟ္မာ ဖြစ်သည်မဟုတ်၊ အရူပါဝစရဟု ခေါ်ဆိုအပ်သော အာကာသာနဉ္စာယတန ကုသိုလ်အာနဉ္စာဘိသင်္ခါရစေတနာ၏ အကျိုးဖြစ်သော အသိဝိညာဏ်စိတ်သည် သာလျှင် စင်စစ် ဖြစ်ပေါ်လာသည်ဟု မှတ်ကြလေ။

**သမ္ပယုတ်တရားများနှင့် ပဝတ္တိဝိညာဏ်။** ။ထို အသိဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်နှင့်တပြိုင်နက် ၎င်းအသိဝိညာဏ်နှင့်ယှဉ်တွဲ၍ ဖြစ်ပေါ်သော စေတသိက်ဟု ခေါ်ဆိုအပ်သော နာမ်တရားတို့သည်လည်း ၎င်းအသိဝိညာဏ်နှင့် အတူတကွ မရှေးမနှောင်း ဖြစ်ပေါ်ကြလေကုန်၏။လ။ ထိုပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်၍ ချုပ်ပြီးနောက် ၎င်းပဋိသန္ဓေဝိညာဏ်စိတ်၏ အခြားမဲ့၌လည်း ထိုပစ်ချသော အာကာသာနဉ္စာယတနကုသိုလ်စေတနာ၏အကျိုးဖြစ်သော ပဋိသန္ဓေဝိညာဏ်စိတ်နှင့် ဘူမိ ဇာတိ သမ္ပယုတ္တ-ဓမ္မအားဖြင့် တူသော ၎င်းအာကာသာနဉ္စာယတန ဝိပါက်စိတ်သည် ပဋိသန္ဓေဝိညာဏ်စိတ် ယူအပ်သော ၎င်းအာကာသပညတ် ကမ္မနိမိတ်မျိုးကိုသာလျှင် အာရုံပြု၍ အစဖြစ်ပေါ်သော အရူပဗြဟ္မာဘဝကို မပြတ်စေဘဲလျက် ဆက်ကာ ဆက်ကာ ဘဝင်ကိစ္စ ဖြစ်လေ၏။ အဆုံး၌လည်း စုတိကိစ္စဖြစ်၍ ချုပ်လေ၏။

ဤပြဆိုအပ်ပြီးသော ပဋိသန္ဓေဝိညာဏ်နောင် ဆက်ကာ ဆက်ကာ စုတိကျသည့်တိုင်အောင် ဖြစ်ပေါ်၍ ချုပ်လေသမျှသော ဘဝင်စိတ်အစဉ်ကို **ပဝတ္တိ-ဝိညာဏ်**ဟု ခေါ်ဆိုအပ်သည်။

ဤပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်မှုနည်းသည် ကာမသုဂတိဘုံမှ စုတေ၍ အာကာသာနဉ္စာယတနဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့၏ ရှေးမရဏာသန္နဇောသည် ယူအပ်သော ကာလဝိမုတ်ဖြစ်သော အာကာသပညတ်ကမ္မ

နိမိတ်ကိုအာရုံပြု၍ ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်ပုံကို ပြဆိုအပ်သော နည်းပေတည်း။

### ကာမဘုံမှဝိညာဏဉ္စာယတနဘုံရောက်မည့် မရဏာသန္နဝီထိ

**အာကာသာနဉ္စာကုသိုလ် ကမ္မနိမိတ်။** ။အကြင် အကြင် သမုတ်အပ်သော လူနတ်တို့သည် ဝိညာဏဉ္စာယတန စျာန်ကို ရကြောင်းဖြစ်သော အာကာသာနဉ္စာယတနကုသိုလ်ဝိညာဏ်ကို အာရုံပြု၍ ဝိညာဏဉ္စာယတန စျာန်ကိုရပြီးလျှင် ကာမသုဂတိဘုံမှ စုတေ၍ ဝိညာဏဉ္စာယတနဟု ဆိုအပ်သော အရူပဘုံ၌ ဖြစ်လိုလတ်သည် ရှိသော်။လ။ **ဘဝင်ကိစ္စ** နှစ်ကြိမ် ဖြစ်၍ချုပ်၏။

ထိုနောင် မနောဒွါရအား ထင်ခြင်းသို့ ရောက်သော မဟဂ္ဂုတ်ဖြစ်သော အဇ္ဈတ္တ သန္တာန်၌ ချုပ်လေပြီးသော အတိတ်ဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်ဝိညာဏ် ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် **အာဝဇ္ဇန်းကိစ္စ** တကြိမ် ဖြစ်၍ ချုပ်၏။

ထိုနောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသော စိတ်သည် ထိုမနောဒွါရာဝဇ္ဇန်းစိတ်သည် ဆင်ခြင်အပ်သော အာကာသာနဉ္စာယတန ကုသိုလ်ဝိညာဏ်စိတ်တည်းဟူသော ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ **မရဏာသန္နဇော** ငါးကြိမ် ဖြစ်၍ ချုပ်၏။

ထိုနောင် စုတိလတ္တံ့သော လူနတ်ဟု သမုတ်အပ်သောဘဝ၌ ရှေးရှေးသော ဘဝင်စိတ်တို့သည် ယူအပ်သော အာရုံနှင့်တူသော ကံစသော အာရုံကိုသာလျှင် အာရုံပြု၍။လ။ **စုတိကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

ထိုအဆုံးစွန်သော စုတိစိတ်ချုပ်သည်တပြိုင်နက် ၎င်းစိတ်နှင့်အတူတကွ ယှဉ်ဘော် ယှဉ်ဘက် ဖြစ်ကုန်သော စေတသိက် တရားတို့သည်၎င်း၊ ကမ္မဇ ဖြစ်ကုန်သော စက္ခု စသော ရုပ်ကလာပ်တို့သည်၎င်း ထိုစုတိစိတ်နှင့် အတူတကွ ချုပ်ကြလေကုန်၏။လ။

**ဝိညာဏဉ္စာယတန ပဋိသန္ဓေစိတ်။** ။ထိုဆိုအပ်ပြီးသော လူနတ်ဟု သမုတ်အပ်သော ဘဝမှ သေသည်ဟု သမုတ်အပ်သော စုတိစိတ် ချုပ်ပြီးနောက် ဝိညာဏဉ္စာယတနဘုံ၌ အကျိုးပေးလတ္တံ့သော ဝိညာဏဉ္စာယတန ကုသိုလ်ကံစေတနာသည် ဘဝသစ်၌ အကျိုးပေးခွင့်ကို ရ၍ နာနာက္ခဏိကကမ္မပစ္စယဇနကသတ္တိ ပကတူပနိဿယ ပစ္စယဇနကသတ္တိ၏ အစွမ်းအားဖြင့် ဖြစ်စေအပ်သော စုတိစိတ်၏အခြားမဲ့၌ စုတိစိတ်မှရအပ်သော အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတဟု ဆိုအပ်သော ငါးပစ္စယ

ဇနကသတ္တိ၏ အစွမ်းကို ခံယူလျက် ချုပ်ပြီးဖြစ်သော လူနတ်ဟု ခေါ်ဝေါ်အပ်သောဘဝနှင့် ဖြစ်ဆဲဖြစ်သော အရူပဗြဟ္မာဘဝကို ထပ်မံ၍ ဆက်စပ်တတ်သော အရူပါဝစရဖြစ်သော ဝိညာဏဉ္စာယတနဝိပါက်စိတ်သည် ရအပ်သောအကြောင်းရှိသည်ဖြစ်၍ ရှေးဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော မဟဂ္ဂုတ် ဖြစ်သော အဇ္ဈတ္တသန္တာန်၌ ချုပ်လေပြီးသော အတိတ်ဖြစ်သော အာကာသာ-နဉ္စာယတန ကုသိုလ်ဝိညာဏ် တည်းဟူသော ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ **ပဋိသန္ဓေကိစ္စ**ကို ပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

ထိုပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်ကို သာလျှင် သေလေပြီးသော လူနတ်သည် ဝိညာဏဉ္စာယတနဘုံ၌ အရူပဗြဟ္မာဖြစ်လေပြီဟု ခေါ်ဝေါ်ပြောဆိုအပ်၏။ ထိုသို့ပင် ခေါ်ဝေါ်ပြောဆိုအပ်သော်လည်း အရူပဗြဟ္မာဖြစ်သည် မဟုတ်၊ အရူပါဝစရဟု ခေါ်ဆိုအပ်သော ဝိညာဏဉ္စာယတနကုသိုလ် အာ-နေဉ္စာဘိသင်္ခါရစေတနာ၏ အကျိုးဖြစ်သော အသိဝိညာဏ်စိတ်သည်သာလျှင် စင်စစ် ဖြစ်ပေါ်လာသည်ဟု မှတ်ကြလေ။

**သဟဇာတ တရားများနှင့် ပဝတ္တိဝိညာဏ်။** ။ထိုအသိဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်တပြိုင်နက် ၎င်းအသိဝိညာဏ်နှင့် ယှဉ်တွဲ၍ ဖြစ်ပေါ်ကုန်သော စေတသိက်ဟု ခေါ်ဆိုအပ်ကုန်သော နာမ်တရားတို့သည်လည်း ၎င်းအသိဝိညာဏ်နှင့် အတူတကွ မရှေးမနှောင်း ဖြစ်ပေါ်ကြကုန်၏။လ။ ထိုပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်၍ ချုပ်ပြီးနောက် ၎င်းပဋိ-သန္ဓေ ဝိညာဏ်စိတ်၏ အခြားမဲ့၌လည်း ထိုပစ်ချသော ဝိညာဏဉ္စာယတန ကုသိုလ် စေတနာ၏ အကျိုးဖြစ်သော ပဋိသန္ဓေဝိညာဏ်စိတ်နှင့် ဘုမိ ဇာတိ သမ္ပယုတ္တဓမ္မအားဖြင့် တူသော ဝိညာဏဉ္စာယတန ဝိပါက်စိတ်သည် ၎င်းပဋိ-သန္ဓေ ဝိညာဏ်စိတ်သည် ယူအပ်သော ၎င်းအာကာသာနဉ္စာယတနကုသိုလ် ဝိညာဏ်တည်းဟူသော ကမ္မနိမိတ်မျိုးကိုသာလျှင် အာရုံပြု၍ အစဖြစ်ပေါ်သော အရူပဗြဟ္မာဘဝကို မပြတ်စေဘဲလျက် ဆက်ကာဆက်ကာ ဘဝင်ကိစ္စ ဖြစ်လေ၏။ အဆုံး၌လည်း စုတိကိစ္စဖြစ်၍ ချုပ်လေ၏။ ဤပြဆိုအပ်ပြီးသော ပဋိသန္ဓေဝိညာဏ်နောင် ဆက်ကာဆက်ကာ စုတိကျသည့်တိုင်အောင် ဖြစ်ပေါ်၍ ချုပ်ကြလေသမျှသော ဘဝင်စိတ်အစဉ်ကို **ပဝတ္တိဝိညာဏ်** ဟု ခေါ်ဆိုအပ်သည်။လ။

ဤပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်မှုနည်းသည် ကာမသုဂတိဘုံမှ စုတေ၍ ဝိညာဏဉ္စာယတနဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့၏ ရှေးမရဏာသန္နဇောသည် ယူအပ်သော အတိတ်ဖြစ်သော အာကာသာနဉ္စာယတနကုသိုလ် ဝိညာဏ်တည်းဟူသော ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်ပုံကို ပြဆိုအပ်သောနည်း ပေတည်း။

### ကာမဘုံမှ အာကိဉ္စညာယတနဘုံရောက်မည့် မရဏာသန္နဝီထိ

**ဝိညာဏဉ္စာယတနကုသိုလ်ကမ္မနိမိတ်။** ။အကြင်အကြင် သမုတ်အပ်သော လူနတ်တို့သည် အာကိဉ္စညာယတနစျာန်ကို ရကြောင်းဖြစ်သော အာကာသာနဉ္စာယတနကုသိုလ် ဝိညာဏ်၏ စိုးစဉ်းဘင်မျှ မရှိခြင်းတည်းဟူသော အဘာဝပညတ်ကို အာရုံပြု၍ အာကိဉ္စညာယတနစျာန်ကိုရပြီးလျှင် ကာမသုဂတိဘုံမှစုတေ၍ အာကိဉ္စညာယတနဟု ဆိုအပ်သော အရူပဘုံ၌ ဖြစ်လိုလတ်သည်ရှိသော်။လ။ **ဘဝင်ကိစ္စ** နှစ်ကြိမ် ဖြစ်၍ ချုပ်၏။ **ထိုနောင်** မနောဒွါရအား ထင်ခြင်းသို့ရောက်သော အာကာသာနဉ္စာယတနကုသိုလ် ဝိညာဏ်၏ စိုးစဉ်းဘင်မျှ မရှိခြင်းတည်းဟူသော အဘာဝပညတ် ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် **အာဝဇ္ဇန်းကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသော စိတ်သည် ထို မနောဒွါရာဝဇ္ဇန်းစိတ်သည် ဆင်ခြင်အပ်သော အာကာသာနဉ္စာယတနကုသိုလ် ဝိညာဏ်၏ စိုးစဉ်းဘင်မျှ မရှိခြင်းတည်းဟူသော အဘာဝပညတ် ကမ္မနိမိတ်ကို **အာရုံပြု၍** **မရဏာသန္နဇော** ငါးကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် စုတိလတ္တံ့သော လူနတ်ဟု **သမုတ်အပ်သောဘဝ၌** ရှေးရှေးသော ဘဝင်စိတ်တို့သည် ယူအပ်သော အာရုံနှင့်တူသော ကံစသော အာရုံကိုသာလျှင် အာရုံပြု၍။လ။ **စုတိကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

ထိုအဆုံးစွန်သော စုတိစိတ်ချုပ်သည် တပြိုင်နက် ၎င်းစိတ်နှင့် အတူတကွ ယှဉ်ဘော်ယှဉ်ဘက် ဖြစ်ကုန်သော စေတသိက်တရားတို့သည်၎င်း၊ ကမ္မဇဖြစ်ကုန်သော စက္ခုစသော ရုပ်ကလာပ်တို့သည်၎င်း ထိုစုတိစိတ်နှင့် အတူတကွ ချုပ်ကြလေကုန်၏။လ။

**အာကိဉ္စညာယတနပဋိသန္ဓေစိတ်။** ။ထိုဆိုအပ်ပြီးသော လူနတ်ဟု သမုတ်အပ်သော ဘဝမှ သေသည်ဟု သမုတ်အပ်သော စုတိစိတ် ချုပ်ပြီးနောက် အာကိဉ္စညာယတနဘုံ၌ အကျိုးပေးလတ္တံ့သော အာကိဉ္စညာယတန ကုသိုလ်ကံစေတနာသည် ဘဝသစ်၌ အကျိုးပေးခွင့်ကို ရ၍ နာနာက္ခဏိက ကမ္မပစ္စယဇနကသတ္တိ ပကတူပနိဿယပစ္စယဇနကသတ္တိ၏ အစွမ်းအားဖြင့် ဖြစ်စေအပ်သော စုတိစိတ်၏ အခြားမဲ့၌ စုတိစိတ်မှရအပ်သော အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတဟု ဆိုအပ်သော ငါးပစ္စယဇနကသတ္တိ၏ အစွမ်းကို ခံယူလျက် ချုပ်ပြီးဖြစ်သော လူနတ်ဟု ခေါ်ဝေါ်အပ်သော ဘဝနှင့် ဖြစ်ဆဲဖြစ်သော အရူပပြဟ္မာဘဝကို ထပ်မံ၍ ဆက်စပ်တတ်သော အရူပါဝစရဖြစ်သော အာကိဉ္စညာယတန ဝိပါက်စိတ်သည်

ရအပ်သော အကြောင်းရှိသည်ဖြစ်၍ ရှေးဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော အာကာသာနဉ္စာယတနကုသိုလ် ဝိညာဏ်စိတ်၏ စိုးစဉ်းဘင်မျှ မရှိခြင်းတည်းဟူသော အဘာဝပညတ် ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ **ပဋိသန္ဓေကိစ္စ**ကိုပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

ထိုပဋိသန္ဓေ ဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်ကိုသာလျှင် သေလေပြီးသော လူနတ်သည် အာကိဉ္စညာယတနဘုံ၌ အရူပဗြဟ္မာဖြစ်လေပြီဟု ခေါ်ဝေါ်ပြောဆိုအပ်လေ၏။ ထိုသို့ပင် ခေါ်ဝေါ်ပြောဆိုအပ်သော်လည်း အရူပဗြဟ္မာဖြစ်သည် မဟုတ်၊ အရူပါဝစရဟု ခေါ်ဆိုအပ်သော အာကိဉ္စညာယတနကုသိုလ် အာနေဉ္စာဘိသင်္ခါရစေတနာ၏ အကျိုးဖြစ်သော အသိဝိညာဏ်စိတ်သည်သာလျှင် စင်စစ် ဖြစ်ပေါ်လာသည်ဟု မှတ်ကြလေ။

**ပဋိသန္ဓိသမ္ပယုတ္တဓမ္မနှင့် ပဝတ္တိဝိညာဏ်။** ။ထိုအသိဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်တပြိုင်နက် ၎င်းအသိဝိညာဏ်စိတ်နှင့်ယှဉ်တွယ်၍ ဖြစ်ပေါ်ကုန်သော စေတသိက်ဟု ခေါ်ဆိုအပ်ကုန်သော နာမ်တရားသည်လည်း ၎င်းအသိဝိညာဏ်နှင့် အတူတကွ မရှေးမနှောင်း ဖြစ်ပေါ်ကြလေကုန်၏။လ။ ထိုပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်၍ ချုပ်ပြီးနောက် ၎င်းပဋိသန္ဓေဝိညာဏ်စိတ်၏ အခြားမဲ့၌လည်း ထိုပစ်ချသော အာကိဉ္စညာယတနကုသိုလ်စေတနာ၏ အကျိုးဖြစ်သော ပဋိသန္ဓေဝိညာဏ်စိတ်နှင့် ဘူမိဇာတိ သမ္ပယုတ္တဓမ္မအားဖြင့် တူသော အာကိဉ္စညာယတနဝိပါက်စိတ်သည် ၎င်းပဋိသန္ဓေဝိညာဏ်စိတ်သည် ယူအပ်သော အာကာသာနဉ္စာယတနကုသိုလ် ဝိညာဏ်စိတ်၏ စိုးစဉ်းဘင်မျှ မရှိခြင်းတည်းဟူသော အဘာဝပညတ်ကမ္မနိမိတ်မျိုးကိုသာလျှင် အာရုံပြု၍ အစဖြစ်ပေါ်သော အရူပဗြဟ္မာဘဝကို မပြတ်စေဘဲလျက် ဆက်ကာ ဆက်ကာ ဘဝင်ကိစ္စဖြစ်လေ၏။ အဆုံး၌လည်း စုတိကိစ္စဖြစ်၍ ချုပ်လေ၏။

ဤပြဆိုအပ်ပြီးသော ပဋိသန္ဓေဝိညာဏ်နောင် ဆက်ကာဆက်ကာ စုတိကျသည့်တိုင်အောင် ဖြစ်ပေါ်၍ ချုပ်ကြလေသမျှသော ဘဝင်အစဉ်ကို **ပဝတ္တိဝိညာဏ်**ဟု ခေါ်ဆိုအပ်သည်။လ။ ဤပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်မှုနည်းသည် ကာမသုဂတိဘုံမှ စုတေ၍ အာကိဉ္စညာယတနဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့၏ ရှေးမရဏာသန္နဇောသည် ယူအပ်သော ကာလဝိမုတ်ဖြစ်သော အာကာသာနဉ္စာယတနကုသိုလ်ဝိညာဏ်စိတ်၏ စိုးစဉ်းဘင်မျှ မရှိခြင်းတည်းဟူသော အဘာဝပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ပဋိသန္ဓေဝိညာဏ်စိတ်ဖြစ်ပုံကို ပြဆိုအပ်သော နည်းပေတည်း။

**ကာမသုဂတိဘုံမှ နေဝသညာဘုံရောက်မည့် မရဏာသန္နဝီထိ**

**အာကိဉ္စညာကုသိုလ်ကမ္မနိမိတ်။** ။အကြင်အကြင် သမုတ်အပ်သော လူနတ်တို့သည် နေဝသညာနာသညာယတနစျာန်ကို ရကြောင်းဖြစ်သော အဇ္ဈတ္တသန္တာန်၌ ဖြစ်ခဲ့ပြီးသော အတိတ်ဖြစ်သော ငြိမ်သက်သိမ်မွေ့စွာဖြစ်သော အာကိဉ္စညာယတနကုသိုလ်ဝိညာဏ်ကို အာရုံပြု၍ နေဝသညာနာသညာယတနစျာန်ကို ရပြီးလျှင် ကာမသုဂတိဘုံမှ စုတေ၍ နေဝသညာနာသညာယတနဘုံဟု ဆိုအပ်သော အရူပဘုံ၌ ဖြစ်လိုလတ်သည်ရှိသော်။လ။ ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် မနောဒွါရအား ထင်ခြင်းသို့ရောက်သော အလွန် သိမ်မွေ့စွာဖြစ်သော အာကိဉ္စညာယတနကုသိုလ်ဝိညာဏ်ကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသောစိတ်သည် ထိုမနောဒွါရာဝဇ္ဇန်းစိတ်သည် ဆင်ခြင်အပ်သော အလွန်သိမ်မွေ့စွာဖြစ်သော အဇ္ဈတ္တသန္တာန်၌ ချုပ်ခဲ့ပြီးသော အတိတ်ဖြစ်သော အာကိဉ္စညာယတနကုသိုလ်ဝိညာဏ်တည်းဟူသော ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ **မရဏာသန္နဇော** ငါးကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် စုတိလတ္တံ့သော လူနတ်ဟု သမုတ်အပ်သော ဘဝ၌ ရှေးရှေးသော ဘဝင်စိတ်တို့သည် ယူအပ်သော အာရုံနှင့်တူသော ကံစသောအာရုံကို သာလျှင် အာရုံပြု၍။လ။**စုတိကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

ထိုအဆုံးစွန်သော စုတိစိတ်ချုပ်သည်တပြိုင်နက် ၎င်းစိတ်နှင့်အတူတကွ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်ကုန်သော စေတသိက်တရားတို့သည်၎င်း၊ ကမ္မဇဖြစ်ကုန်သော စက္ခုစသော ရုပ်ကလာပ်တို့သည်၎င်း ထိုစုတိစိတ်နှင့်အတူတကွ ချုပ်ကြလေကုန်၏။လ။

**နေဝသညာပဋိသန္ဓေစိတ်။** ။ထိုဆိုအပ်ပြီးသော လူနတ်ဟု သမုတ်အပ်သော ဘဝမှ သေသည်ဟု သမုတ်အပ်သော စုတိစိတ်ချုပ်ပြီးနောက် နေဝသညာနာသညာယတနဘုံ၌ အကျိုးပေးလတ္တံ့သော နေဝသညာနာသညာယတနကုသိုလ်ကံစေတနာသည် သဝသစ်၌ အကျိုးပေးခွင့်ကို ရ၍ နာနာက္ခဏိကကမ္မပစ္စယဇနကသတ္တိ ပကတူပနိဿယပစ္စယဇနကသတ္တိ၏ အစွမ်းဖြင့် ဖြစ်စေအပ်သော စုတိစိတ်၏ အခြားမဲ့၌ စုတိစိတ်မှ **ရအပ်သော** အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတဟု ဆိုအပ်သော ငါးပစ္စယ ဇနကသတ္တိ၏အစွမ်းကို ခံယူလျက် ချုပ်ပြီးဖြစ်သော လူနတ်ဟု ခေါ်

ဝေါ်အပ်သော ဘဝနှင့် ဖြစ်ဆဲဖြစ်သော အရူပဗြဟ္မာဘဝကို ထပ်မံ၍ ဆက်စပ်တတ်သော အရူပါဝစရဖြစ်သော နေဝသညာနာသညာယတနဝိပါက်စိတ်သည် ရအပ်သော အကြောင်းရှိသည်ဖြစ်၍ ရှေးဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော အလွန်သိမ်မွေ့စွာဖြစ်သော အဇ္ဈတ္တသန္တာန်၌ ချုပ်ခဲ့ပြီးသော အတိတ်ဖြစ်သော အာကိဉ္စညာယတနကုသိုလ်ဝိညာဏ်တည်းဟူသော ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ပဋိသန္ဓေကိစ္စကို ပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

ထိုပဋိသန္ဓေဝိညာဏ်ဖြစ်ပေါ်လာသည်ကိုသာလျှင် သေလေပြီးသော လူနတ်သည် နေဝသညာနာသညာယတနဘုံ၌ အရူပဗြဟ္မာဖြစ်လေပြီဟု ခေါ်ဝေါ်ပြောဆိုအပ်လေ၏။ ထိုသို့ပင် ခေါ်ဝေါ်ပြောဆိုအပ်သော်လည်း အရူပဗြဟ္မာဖြစ်သည်မဟုတ်၊ အရူပါဝစရဟု ခေါ်ဆိုအပ်သော နေဝသညာနာသညာယတနကုသိုလ် အာနေဉ္ဇာဘိသင်္ခါရစေတနာ၏ အကျိုးဖြစ်သော အသိဝိညာဏ်စိတ်သည်သာလျှင် စင်စစ် ဖြစ်ပေါ်လာသည်ဟု မှတ်ကြလေ။

**ပဋိသန္ဓိသဟဇာတဓမ္မနှင့် ပဝတ္တိဝိညာဏ်။** ။ထိုအသိဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်တပြိုင်နက် ၎င်းအသိဝိညာဏ်စိတ်နှင့် ယှဉ်တွယ်၍ ဖြစ်ပေါ်ကုန်သော စေတသိက်ဟု ခေါ်ဆိုအပ်ကုန်သော နာမ်တရားတို့သည်လည်း ၎င်းအသိဝိညာဏ်နှင့် အတူတကွ မရှေးမနှောင်း ဖြစ်ပေါ်ကြလေကုန်၏။လ။ ထိုပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်၍ ချုပ်ပြီးနောက် ၎င်းပဋိသန္ဓေ ဝိညာဏ်စိတ်၏ အခြားမဲ့၌လည်း ထိုပစ်ချသော နေဝသညာနာသညာယတနကုသိုလ်စေတနာ၏ အကျိုးဖြစ်သော ပဋိသန္ဓေဝိညာဏ်စိတ်နှင့် ဘူမိ ဇာတိ သမ္ပယုတ္တဓမ္မအားဖြင့် တူသော နေဝသညာနာသညာယတနဝိပါက်စိတ်သည် ၎င်းပဋိသန္ဓေဝိညာဏ်စိတ်သည် ယူအပ်သော အလွန် သိမ်မွေ့စွာဖြစ်သော အဇ္ဈတ္တသန္တာန်၌ ချုပ်လေပြီးသော အတိတ်ဖြစ်သော အာကိဉ္စညာယတန ကုသိုလ်ဝိညာဏ်တည်းဟူသော ကမ္မနိမိတ်မျိုးကိုသာလျှင် အာရုံပြု၍ အစဖြစ်ပေါ်သော အရူပဗြဟ္မာဘဝကို မပြတ်စေဘဲလျက် ဆက်ကာဆက်ကာ ဘဝင်ကိစ္စဖြစ်၍ ချုပ်လေ၏။ အဆုံး၌လည်း စုတိကိစ္စဖြစ်၍ ချုပ်လေ၏။ ဤပြဆိုအပ်ပြီးသော ပဋိသန္ဓေဝိညာဏ်နောင် ဆက်ကာဆက်ကာ စုတိကျသည့်တိုင်အောင် ဖြစ်ပေါ်၍ ချုပ်ကြလေသမျှသော ဘဝင်စိတ်အစဉ်ကို **ပဝတ္တိဝိညာဏ်**ဟု ခေါ်ဆိုအပ်သည်။လ။

ဤပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်မှုနည်းသည် ကာမသုဂတိဘုံမှ စုတေ၍ နေဝသညာနာသညာယတနဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့၏ ရှေး မရဏာသန္နဇောသည် ယူအပ်သော ရှေး၌ပြဆိုအပ်ပြီးသော အာကိဉ္စညာယတန ကုသိုလ်ဝိညာဏ် တည်းဟူသော ကမ္မနိမိတ်ကိုအာရုံပြု၍ ဘဝနှစ်ပါးကိုဆက်စပ် တတ်သော ပဋိသန္ဓေဝိညာဏ်စိတ်ဖြစ်ပုံကို ပြဆိုအပ်ခဲ့သော နည်းပေတည်း။

ဤပြဆိုအပ်ပြီးသော ကာမသုဂတိဘုံမှ စုတေ၍ ရူပ အရူပဘုံတို့၌ဖြစ်လတ္တံ့သော နတ်လူတို့၏ မရဏာသန္နဇောသည် စင်စစ် ကမ္မနိမိတ်တပါးတည်းကိုသာလျှင် အာရုံပြုအပ်သည်၏ အဖြစ်၊ ၎င်းကမ္မနိမိတ်တပါးတည်းသာလျှင် မရဏာသန္နဝီထိတို့၏ ဖြစ်ကြောင်းဖြစ်သော မနောဒွါရ၌ ထင်ခြင်းသို့ ရောက်သည်၏ အဖြစ်ကိုလည်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှင်သည် ပညာဘူမိအဖွင့် စာမျက်နှာ (၁၈၂)၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် ပဋိစ္စသမုပ္ပါဒ်အဖွင့် စာမျက်နှာ (၁၅၀)၌—

ဥပစိတမဟဂ္ဂတကမ္မဿ ပန ကမ္မနိမိတ္တမေဝ အာပါထမာဂစ္ဆတိ။

ဟူ၍ မိန့်အပ်ပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ပန၊အထူးကိုဆိုဦးအံ့။ ဥပစိတမဟဂ္ဂတကမ္မဿ၊ ဆည်းပူးအပ်သော မဟဂ္ဂုတ်ကံရှိသော နတ်လူဟု သမုတ်အပ်သော သတ္တဝါအား။ ကမ္မနိမိတ္တမေဝ၊ ကမ္မနိမိတ်သည်သာလျှင်။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ကာမသုဂတိဘုံမှ စုတေ၍ ရူပအရူပဘုံ၌ ဖြစ်လတ္တံ့သော နတ်လူတို့၏ မရဏာသန္န ဝီထိဖြစ်ကြောင်း ဖြစ်သော မနောဒွါရ၌ ရှေး၌ ပြဆိုအပ်ခဲ့သည့်အတိုင်း ကမ္မနိမိတ် တပါးတည်းသာလျှင် စင်စစ် ထင်ခြင်းသို့ ရောက်သည်၏ အဖြစ်ကိုရင်း၊ ထိုမနောဒွါရ၌ထင်သော ကမ္မနိမိတ် တပါးတည်းကိုသာလျှင် မရဏာသန္နဇောသည် ယူအပ်သည်၏ အဖြစ်ကိုရင်း၊ ၎င်းမရဏာသန္နဇောသည် ယူအပ်သော ကမ္မနိမိတ်ကိုသာလျှင် ရူပ အရူပဘုံတို့၌ဖြစ်သော ပဋိသန္ဓေ ဝိညာဏ်စိတ်သည်လည်း စင်စစ် ယူအပ်သည်၏အဖြစ်ကိုရင်း မှချသိကြလေကုန်။

## ကာမသုဂတိဘုံမှ စုတေ၍ အသညသတ်ဘုံ၌ ရုပ်ပဋိသန္ဓေဖြစ်ပုံကို ပြဆိုချက်

အကြင်အကြင် သမုတ်အပ်သော လူနတ်တို့သည် ဝါယော ကသိုဏ်းကို ပွါး၍ ရူပါဝစရပဉ္စမဈာန်ကိုရပြီးလျှင် စိတ်ရှိ၍သာလျှင် အလုံးစုံသော ဘေးကြောင့်ဖြစ်သော ဆင်းရဲအမျိုးမျိုးတို့သည် ဖြစ်ကုန်၏ဟု စိတ်၌ ငြီးငွေ့ စက်ဆုပ်လျက် စိတ်မရှိဘဲ ရုပ်သက်သက် ဖြစ်ရခြင်းသည်သာလျှင် ငြိမ်သက်လှပေ၏ဟု စိတ်၌ အပြစ်ကို မြင်ပြီးလျှင် မယုတ်သော ပဉ္စမဈာန် ရှိသည်ဖြစ်၍ လူ့ဘုံ နတ်ဘုံဟု ဆိုအပ်သော ကာမသုဂတိဘုံမှစုတေ၍ အသညသတ်ဘုံ၌ဖြစ်လိုလတ်သည်ရှိသော်။လ။ ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

**ဝါယော ကသိုဏ်းပညတ် ကမ္မနိမိတ်။** ။ထိုနောင် မနောဒွါရအား ထင်ခြင်းသို့ ရောက်သော ဝါယောကသိုဏ်း ပဋိဘာဂပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် **အာဝဇ္ဇန်းကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသော စိတ်သည် ထိုမနောဒွါရာဝဇ္ဇန်းစိတ်သည် ဆင်ခြင်အပ်သော ဝါယောကသိုဏ်းပဋိဘာဂ ပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ **မရဏာသန္နဇော** ငါးကြိမ် ဖြစ်၍ ချုပ်၏။

ထိုနောင် စုတိလတ္တံ့သော လူနတ်ဟု သမုတ်အပ်သော ဘဝ၌ ရှေးရှေးသော ဘဝင်စိတ်တို့သည် ယူအပ်သောအာရုံနှင့် တူသော ကံစသော အာရုံကိုသာလျှင် အာရုံပြု၍။လ။ **စုတိကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

**အသညသတ်ရုပ် ပဋိသန္ဓေ။** ။ထိုအဆုံးစွန်သော စုတိစိတ် ချုပ်သည် တပြိုင်နက် ၎င်းစိတ်နှင့်အတူတကွ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်ကုန်သော စေတသိက်တရားတို့သည်၎င်း ကမ္မဇဖြစ်ကုန်သော စက္ခုစသော ရုပ်ကလာပ်တို့သည်၎င်း ထိုစုတိစိတ်နှင့်အတူတကွ ချုပ်ကြလေကုန်၏။လ။ ထိုဆိုအပ်ပြီးသော လူနတ်ဟု သမုတ်အပ်သောဘဝမှ သေသည်ဟု သမုတ်အပ်သော စုတိစိတ် ချုပ်ပြီးနောက် အသညသတ်ဘုံ၌ အကျိုးပေးလတ္တံ့သော ရူပါဝစရပဉ္စမဈာန် ကုသိုလ် တည်းဟူသော ပုညာဘိသင်္ခါရ စေတနာကံသည် ဘဝသစ်၌ အကျိုးပေးခွင့်ကိုရ၍ နာနာက္ခဏိက ကမ္မပစ္စယဇနကသတ္တိ ပကတူပနိဿယ ပစ္စယဇနကသတ္တိ၏ အစွမ်းအားဖြင့် အသညသတ်ဘုံ၌ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဇီဝိတဟု ဆိုအပ်သော ရုပ်ကိုးခုတို့၏ အပေါင်းဖြစ်သော ဇီဝိတနဝကကလာပ် အစုအဝေးကိုသာလျှင် သတ္တဝါ သဏ္ဌာန်ထင်အောင် မျှားစွာဆက်စပ်စေပြီးလျှင် ဖြစ်ပေါ်စေ၏။

ထိုသို့ ကံသည် ဖြစ်စေအပ်သော ရုပ်ကလာပ်အစုကိုပင် သေလေပြီးသော လူနတ်သည် အသညသတ် ဗြဟ္မာဖြစ်သည်ဟု ခေါ်ဝေါ်အပ်၏။ ထိုသို့ပင် ခေါ်ဝေါ်အပ်သော်လည်း စင်စစ် အသညသတ်ဗြဟ္မာဖြစ်သည် မဟုတ်၊ ဇီဝိတနဝကကလာပ်ရုပ်အစုသာလျှင် ဖြစ်၏ဟု မှတ်။ ထိုသို့ ဖြစ်ပေါ်သော ဇီဝိတနဝကကလာပ်စုတို့၏ ပေါင်းစပ်နေသောအခြင်းအရာ အာကာရဟု ဆိုအပ်သော သတ္တဝါဟုသမုတ်အပ်သော ပုံသဏ္ဌာန်သည် ပန်းချီဆေးရေးသမားတို့ ရေးထားအပ်သော ရုပ်ပုံများနှင့် အလားတူပေ၏။ ထိုရုပ်သည်သာလျှင် **ပဋိသန္ဓေကိစ္စ**ကိုပြု၍ ဖြစ်ပေါ်ပြီးလျှင် ၎င်းပဋိသန္ဓေဖြစ်သော ဇီဝိတနဝကကလာပ်၏ ဌီမှစ၍ ပဝတ္တိအခါ၌လည်း ၎င်းဇီဝိတနဝကကလာပ်တို့သည်၎င်း၊ ဥတုဇဖြစ်သော အဋ္ဌကကလာပ်တို့သည်၎င်း အစဉ်မပြတ် စိတ္တက္ခဏ ၁၇-ချက်ကာလခန့်မျှ ဖြစ်၍

ဖြစ်၍ ချုပ်ကြပြီးလျှင် ကမ္ဘာငါးရာကာလပတ်လုံး တည်၍ ကွယ်ပျောက်ကြလေကုန်၏။ ထိုအကြောင်းကို သိစေလိုတော်မူသော သမ္မောဟဝိနောဒနီအဋ္ဌကထာရှင်သည် ဓမ္မဟဒယဝိဘင်းအဖွင့် စာမျက်နှာ (၅၀၄)၌ —

အသညသတ္တာနန္တိ သညာဝိရဟိတာနံ သတ္တာနံ။ ကေစ္စေ ဟိ တိတ္ထာယတနေ ပဗ္ဗဇိတွာ “စိတ္တံ နိဿာယ ရဉ္ဇနဒုဿနမုယှနာနိ နာမ ဟောန္တိ”တိ စိတ္တေ ဒေါသံ ဒိသွာ “အစိတ္တကဘာဝေါ နာမ သောဘဏော၊ ဒိဋ္ဌဓမ္မနိဗ္ဗာနမေတ”န္တိ သညာဝိရာဂံ ဇနေတွာ တတြုပဂံ ပဉ္စမံ သမာပတ္တိံ ဘာဝေတွာ တတ္ထ နိဗ္ဗတ္တန္တိ။

တေသံ ဥပပတ္တိက္ခဏေ ဧကော ရူပက္ခန္ဓောယေဝ နိဗ္ဗတ္တတိ။ ဌတွာ နိဗ္ဗတ္တော ဌိတကော ဧဝ ဟောတိ၊ နိသီဒိတွာ နိဗ္ဗတ္တော နိသိန္နကောဝ၊ နိပဇ္ဇိတွာ နိဗ္ဗတ္တော နိပန္နောဝ။ စိတ္တကမ္မရူပကသဒိသာ ဟုတွာ ပဉ္စ ကပ္ပသတာနိ တိဋ္ဌန္တိ။ တေသံ ပရိယောသာနေ သော ရူပကာယော အန္တရဓာယတိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

ထိုမှတပါးလည်း သုတ်သီလက္ခန်အဋ္ဌကထာရှင်သည် ဗြဟ္မဇာလသုတ်အဖွင့် စာမျက်နှာ (၁၀၇-၈) ၌—

အသညသတ္တာတိ ဒေသနာသီသမေတံ၊ အစိတ္တုပ္ပါဒါ ရူပမတ္တကအတ္တဘာဝါတိ အတ္ထော။ တေသံ ဧဝံ ဥပ္ပတ္တိ ဝေဒိတဗ္ဗာ။

ကေစ္စော ဟိ တိတ္ထာယတနေ ပဗ္ဗဇိတွာ ဝါယောကသိဏေ ပရိကမ္မံ ကတွာ စတုတ္ထဇ္ဈာနံ နိဗ္ဗတ္တေတွာ ဈာနာ ဝုဋ္ဌာယ “စိတ္တေ ဒေါသံ ပဿတိ၊ စိတ္တေ သတိ ဟတ္ထစ္ဆေဒါဒိဒုက္ခဉ္စေဝ သဗ္ဗဘယာနိ စ ဟောန္တိ၊ အလံ ဣမိနာ စိတ္တေန၊ အစိတ္တကဘာဝေါ သန္တော”တိ ဧဝံ စိတ္တေ ဒေါသံ ပဿိတွာ အပရိဟီနဇ္ဈာနော ကာလံ ကတွာ အသညသတ္တေသု နိဗ္ဗတ္တတိ။

စိတ္တမဿ စုတိစိတ္တနိရောဓေန ဣဓေဝ နိဝတ္တတိ၊ ရူပက္ခန္ဓမတ္တမေဝ တတ္ထ ပါတုဘဝတိ။ တေ တတ္ထ ယထာ နာမ ဇိယာဝေဂက္ခိတ္တော သရော ယတ္တကော ဇိယာဝေဂေါ၊ တတ္တကမေဝါကာသေ ဂစ္ဆတိ၊ ဧဝမေဝ ဈာနဝေဂက္ခိတ္တာ ဥပပဇ္ဇိတွာ ယတ္တကော ဈာနဝေဂေါ၊ တတ္တကမေဝ ကာလံ တိဋ္ဌန္တိ၊ ဈာနဝေဂေ ပန ပရိဟီနေ တတ္ထ ရူပက္ခန္ဓော အန္တရဓာယတိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

အသညသတ္တာနန္တိ၊ အသညသတ္တာနံ ဟူသည်ကား။ သညာဝိရဟိတာနံ၊ သညာမှကင်းကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ ဟိ ဝိတ္ထာရေမိ၊ ထိုစကားကို ချဲ့ဦးအံ့။ ကေစ္စေ၊ အချို့သောသူတို့သည်။ တိတ္ထာယတနေ၊ တိတ္ထိတို့၏နေရာ၌။ ပဗ္ဗဇိတွာ၊ ရသေ့ရဟန်းပြု၍။ စိတ္တံ၊ စိတ်ကို။ နိဿာယ၊ မှီ၍။ ရာဂုနဒုဿနမုယှနာနိ နာမ၊ တပ်ခြင်း ပြစ်မှားခြင်း တွေဝေခြင်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ စိတ္တေ၊ စိတ်၌။ ဒေါသံ၊ အပြစ်ကို။ ဒိသွာ၊ မြင်၍။ အစိတ္တကဘာဝေါ နာမ၊ စိတ်မရှိသည်၏ အဖြစ်မည်သည်။ သောဘဏော၊ ကောင်း၏။ ဧတံ၊ ဤသို့ စိတ်မရှိခြင်းသည်။ ဒိဋ္ဌဓမ္မနိဗ္ဗာနံ၊ ပစ္စုပ္ပန်ဖြစ်သော အတ္တဘော၌ နိဗ္ဗာန်သို့ ရောက်သည်မည်၏။ ဣတိ၊ ဤသို့။ သညာဝိရာဂံ၊ သညာကင်းခြင်းကို။ ဇနေတွာ၊ ဖြစ်စေ၍။ တတြူပဂံ၊ ထိုအသညသတ်ဘုံသို့ ရောက်ကြောင်းဖြစ်သော။ ပဉ္စမံ၊ ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ သမာပတ္တိံ၊ ရူပါဝစရစျာန်သမာပတ်ကို။ ဘာဝေတွာ၊ ပွါးစေ၍။ တတ္ထ၊ ထိုအသညသတ်ဘုံ၌။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။

ဧတေသံ၊ ထိုအသညသတ်သတ္တဝါတို့၏။ ဝါ၊ တို့အား။ ဥပပတ္တိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ ဧကော၊ တပါးတည်းသော။ ရူပက္ခန္ဓောယေဝ၊ ဇီဝိတနဝကကလာပ်ရုပ်အစုသည်သာလျှင်။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ ဌတွာ၊ ရပ်၍။ နိဗ္ဗတ္တော၊ ဖြစ်ခဲ့အံ့။ ဌိတကောဝ၊ ရပ်လျက်သာလျှင်။ ဟောတိ၊ ဖြစ်၏။ နိသီဒိတွာ၊ ထိုင်၍။ နိဗ္ဗတ္တော၊ ဖြစ်ခဲ့အံ့။ နိသိန္နကောဝ၊ ထိုင်လျက်လျှင်။ ဟောတိ၊ ဖြစ်၏။ နိပဇ္ဇိတွာ၊ အိပ်၍။ ဝါ၊ လျောင်း၍။ နိဗ္ဗတ္တော၊ ဖြစ်ခဲ့အံ့။ နိပန္နောဝ၊ အိပ်လျက်လျှင်။ ဝါ၊ လျောင်းလျက်လျှင်။ ဟောတိ၊ ဖြစ်၏။ စိတ္တကမ္မရူပကာဒိသာ၊ ပန်းချီဆေးရေးအရုပ်နှင့် တူကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ပဉ္စကပ္ပသတာနိ၊ ကမ္ဘာငါးရာတို့ပတ်လုံး။ တိဋ္ဌန္တိ၊ တည်ကုန်၏။ ဧတေသံ၊ ထိုအသညသတ်သတ္တဝါတို့အား။ ပရိယောသာနေ၊ ဘဝအဆုံး၌။ သော ရူပကာယော၊ ထိုဇီဝိတနဝကကလာပ်စသော ရုပ်တို့၏ အစုအပေါင်းဟု ဆိုအပ်သော ကာယသည်။ အန္တရဓာယတိ၊ ကွယ်ပျောက်လေ၏။ ။(ဤတွင် သမ္မောဟဝိနောဒနီ အဋ္ဌကထာ ပါဠ်၏ မြန်မာပြန် ပြီး၏။)

အသညသတ္တာတိ၊အသညသတ္တာဟူသော။ ဧတံ၊ ဤစကားသည်။ ဒေသနာသီသံ၊ ဒေသနာတော်ကို အမှူးပြု၍ ဟောသောစကားပေတည်း။ အစိတ္တုပ္ပါဒါ၊ စိတ်၏ဖြစ်ခြင်း မရှိကုန်သော။ ရူပမတ္တကအတ္တဘာဝါ၊ ရုပ်မျှသာလျှင် အတ္တဘော ရှိကုန်သော။ ဝါ၊ ရုပ်မျှသည်သာလျှင် ကိုယ်၏ဖြစ်ခြင်းရှိကုန်သော သတ္တဝါတို့သည်။ အသညသတ္တာ နာမ၊ အသညသတ် သတ္တဝါမည်ကုန်သည်။ ဟောန္တိ၊

ဖြစ်ကုန်၏။ ဣတိ အတ္ထော၊ ဤသို့သော အနက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ တေသံ၊ ထိုအသညသတ် သတ္တဝါတို့၏။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းကို။ ဧဝံ ဣမိနာ ဝုစ္စမာနနယေန၊ ဤ ဆိုလတ္တံ့သော နည်းဖြင့်။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ဟိ ဝိတ္ထာရေမိ၊ ထိုစကားကို ချဲ့ဦးအံ့။ ကေစ္စော၊ အချို့သော ပုဂ္ဂိုလ်သည်။ တိတ္ထာယတနေ၊ တိတ္ထိတို့၏ နေရာ၌။ ပဗ္ဗဇိတ္ဝာ၊ ရသေ့ရဟန်းပြု၍။ ဝါယောကသိဏေ၊ ဝါယောကသိုဏ်းဝန်း၌။ ပရိကမ္မံ၊ အဖန်တလဲလဲ စီးဖြန်းခြင်း အမှုကို။ ကတ္ဝာ၊ ပြု၍။ စတုတ္ထဇ္ဈာနံ၊ ဥပေက္ခာ ကေဂ္ဂတာ အင်္ဂါနှစ်ပါးရှိသော စတုတ္ထဈာန်ကို။ နိဗ္ဗတ္တေတ္ဝာ၊ ဖြစ်စေပြီး၍။ ဈာနာ၊ စတုတ္ထဈာန်မှ။ ဝုဋ္ဌာယ၊ ထ၍။ စိတ္တေ၊ အာရုံကိုသိတတ်သော သဘောစိတ်၌။ ဒေါသံ၊ အပြစ်ကို။ ပဿတိ၊ ရှု၏။ ကထံ ပဿတိ၊ အသို့ရှုသနည်းဟူမူကား။ စိတ္တေ၊ စိတ်သည်။ သတိ၊ ရှိသော်။ ဟတ္ထစ္ဆေဒါဒိဒုက္ခဉ္စေဝ၊ လက်ပြတ်ခြင်း အစရှိသည်တို့ကြောင့်ဖြစ်သော ဆင်းရဲခြင်းသည်၎င်း။ သဗ္ဗဘယာနိ စ၊ အလုံးစုံသော ဘေးတို့သည်၎င်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣမိနာ စိတ္တေန၊ ဤစိတ်ဖြင့်။ အဟံ၊ ငါသည်။ အလံ၊ အလိုမရှိ။ ဝါ၊ အလိုရှိခြင်းငှါ မသင့်ပြီ။ အစိတ္တကဘာဝေါ၊ စိတ်မရှိသည်၏ အဖြစ်သည်။ သန္တော၊ ငြိမ်သက်၏။ ဣတိ၊ ဤသို့။ ပဿတိ၊ ရှု၏။ ဧဝံ၊ ဤသို့။ စိတ္တေ၊ စိတ်၌။ ဒေါသံ၊ အပြစ်ကို။ ပဿိတ္ဝာ၊ ရှုပြီး၍။ အပရိဟီနဇ္ဈာနော၊ မယုတ်သောဈာန် ရှိသည်ဖြစ်၍။ ကာလံ၊ စုတေခြင်းကို။ ကတ္ဝာ၊ ပြု၍။ အသညသတ္တေသု၊ သညာမှ ကင်းကုန်သော သတ္တဝါတို့၏ ဖြစ်ရာဌာန ဖြစ်ကုန်သော ဘုံတို့၌။ နိဗ္ဗတ္တတိ၊ ဖြစ်၏။

အဿ ပုဂ္ဂလဿ၊ ထိုအသညသတ်ဘုံ၌ဖြစ်သော ပုဂ္ဂိုလ်၏။ စိတ္တံ၊ ကာမသုဂတိဘုံ၌ ဖြစ်ခဲ့သော စိတ်သည်။ ဣဓေဝ၊ ဤ ကာမသုဂတိဘုံ၌သာလျှင်။ စုတိစိတ္တနိရောဓေန၊ စုတိစိတ်ချုပ်ခြင်းကြောင့်။ နိဝတ္တတိ၊ နစ်၏။ ဝါ၊ ချုပ်၏။ ရူပက္ခန္ဓမတ္တမေဝ၊ ရုပ်အစုမျှသည်သာလျှင်။ တတ္ထ၊ ထိုအသညသတ်ဘုံ၌။ ပါတုဘဝတိ၊ ထင်ရှားဖြစ်၏။ တေ၊ ထိုအသညသတ် သတ္တဝါတို့သည်။ တတ္ထ၊ ထိုအသညသတ်ဘုံ၌။ ယထာ နာမ၊ ဥပမာမည်သည်ကား။ ဇိယာဝေဂုက္ခိတ္တော၊ ညို့၏အဟုန်ဖြင့် လွှင့်သော။ သရော၊ မြှားသည်။ ယတ္တကော၊ အကြင်မျှလောက်သော။ ဇိယာဝေဂေါ၊ ညို့၏အဟုန်သည်။ ပဝတ္တတိ၊ ဖြစ်၏။ တတ္တကမေဝ၊ ထိုမျှအတိုင်းအရှည်သည်သာလျှင်။ အာကာသေ၊ ကောင်းကင်၌။ ဂစ္ဆတိ ယထာ၊ လွှင့်သွားလေသကဲ့သို့။ ဧဝမေဝ၊ ဤ အတူသာလျှင်။ ဈာနဝေဂုက္ခိတ္တာ၊ ဈာန်၏ အဟုန်ဖြင့် လွှင့်ကုန်သည် ဖြစ်၍။ ဝါ၊ ဈာန်၏အဟုန်သည် ပစ်အပ်ကုန်သည် ဖြစ်၍။ ဥပပဇ္ဇိတ္ဝာ၊ ဥပပါတ် ပဋိသန္ဓေဖြစ်ကုန်၍။ ယတ္တကော၊ အကြင်မျှလောက်သော။ ဈာနဝေဂေါ၊ ဈာန်၏အဟုန်သည်။ ပဝတ္တတိ၊ ဖြစ်၏။ တတ္တကမေဝ၊ ထိုမျှအတိုင်းအရှည် ရှိသည်သာလျှင် ဖြစ်သော။ ကာလံ၊ အခါ

ကာလပတ်လုံး။ တိဋ္ဌန္တိ၊ တည်ကုန်၏။ ဈာနဝေဂေ၊ ဈာန်၏အဟုန်သည်။ ပရိဟီနေ ပန၊ ယုတ်ကုန်လတ်သော်ကား။ တတ္ထ၊ ထို အသညသတ်ဘုံ၌။ ရူပက္ခန္ဓော၊ ဇီဝိတနဝကကလာပ်အစရှိသော ရုပ်အစုသည်။ အန္တရဓာယတိ၊ ကွယ်၏။ ။(ဤတွင် သုတ်သီလက္ခန် အဋ္ဌကထာပါဌ်၏ မြန်မာပြန် အနက်သိကြောင်း ပြီး၏။)

ဤသို့ ပြဆိုအပ်ပြီးသော အဋ္ဌကထာနှစ်စောင်၌လာသော အဓိပ္ပါယ်တို့ကို နှီးနှော၍ ကာမသုဂတိဘုံမှ စုတေ၍ အသညသတ်ဘုံ၌ ရုပ်ဖြစ်ပုံကိုဇင်း၊ ရုပ်တို့၏ ကွယ်ပုံကိုဇင်း ထင်ရှားသိကြလေကုန်။

ဤတွင် ရုပ်ပဋိသန္ဓေပြခဏ်း အထူး ပြီး၏။

---

## ဝေဟပ္ဖိုလ်တိုင်ရုံသော ရူပ (၁၀)ဘုံမှ စုတေ၍ ကာမသုဂတိဘုံ၌ ပဋိသန္ဓေ ဝိညာဏ်ဖြစ်ပုံကို ပြဆိုချက်

**ကာမဘုံရောက်မည့် ရူပဗြဟ္မာ၏ သေခါနီး ဝီထိ** အကြင်အကြင် သမုတ်အပ်သော ဗြဟ္မာတို့သည် ပဌမဈာန်သုံးဘုံ ဒုတိယဈာန်သုံးဘုံ တတိယဈာန်သုံးဘုံ ဝေဟပ္ဖိုလ် တည်းဟူသော စတုတ္ထဈာန်ဘုံ ဤဆိုအပ်ပြီးသော ရူပါဝစရဆယ်ဘုံတို့တွင် တဘုံဘုံမှ စုတေ၍ လူ့ပြည်,နတ်ပြည် ခြောက်ထပ်တည်းဟူသော ကာမသုဂတိ ခုနစ်ဘုံတို့တွင် တဘုံဘုံ၌ ရှေး၌ ဆည်းပူးအပ်ပြီးသော ကာမကုသိုလ် ဉာဏသမ္ပယုတ် လေးခုတို့တွင် တခုခုသော ကုသိုလ်စေတနာကံသည် များသောအားဖြင့်, ဉာဏဝိပ္ပယုတ် လေးခုတို့တွင် တခုခုသော ကုသိုလ်စေတနာကံသည် အပ္ပကအားဖြင့် ပစ်ချလိုလတ်သည်ရှိသော် မရဏာသန္နဇောမကျမီ ရှေ့အဘို့ကပင် တင်ကူး၍ ပစ်ချလတ္တံ့သော ကာမကုသိုလ်ကံကြောင့် ကံ,ကမ္မနိမိတ်,ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးသည် ထိုက်သည်အားလျော်စွာ မနောဒွါရအား ထင်ခြင်းသို့ ရောက်၏။ ထိုသို့ ထင်ခြင်းသို့ရောက်သော နိမိတ်သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ မရဏာသန္နဝီထိ ဖြစ်လိုလတ်သည်ရှိသော် စုတေလတ္တံ့သော ရူပါ-ဝစရ ဆယ်ဘုံတို့တွင် တဘုံဘုံ၌ ရှေးဦးအစဖြစ်ခဲ့ဘူးသော ပဋိသန္ဓေစိတ်နှင့် ဘူမိ,ဇာတိ,သမ္ပယုတ္တ ဓမ္မအားဖြင့်တူသော ပဌမဈာန်ဝိပါက်, ဒုတိယဈာန်ဝိပါက်, တတိယဈာန်ဝိပါက်, စတုတ္ထဈာန်ဝိပါက်, ပဉ္စမဈာန်ဝိပါက် ဤဆိုအပ်သော ရူပဝိပါက်ငါးခုတို့တွင် တခုခုသော ဝိပါက်စိတ်သည် ဖြစ်သင့်သည် အားလျော်စွာ ပဋိသန္ဓေစိတ်၏ အာရုံနှင့်တူသော ကာလဝိမုတ်ဖြစ်သော ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်အစရှိသော ပညတ်ကမ္မနိမိတ်ဟု ဆိုအပ်သော အာရုံကို

အာရုံပြု၍ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒဟူသော အမည်ကို ရလျက် **ဘဝင်ကိစ္စ** နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် မနောဒွါရအား ထင်ခြင်းသို့ ရောက်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးပါးတို့ဘွင် တပါးပါးကို အာရုံပြု၍ ဆင်ခြင်ဘတ်သော မနောဒွါရာ- ဝဇ္ဇန်းစိတ်သည် **အာဝဇ္ဇန်းကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် မဟာကုသိုလ်ရှစ်ခုတို့ဘွင် တခုခုသောစိတ်သည် ထိုမနောဒွါရာ- ဝဇ္ဇန်းစိတ်သည် ဆင်ခြင်အပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ **မရဏာသန္နဇော** ငါးကြိမ်ဖြစ်၍ ချုပ်၏။

**ရူပဗြဟ္မာစုတိစိတ်။** ။ထိုနောင် စုတေလတ္တံ့သော ဗြဟ္မာဟု သမုတ်အပ်သော ဘဝ၌ ရှေးရှေးသောဘဝင်စိတ်တို့သည် ယူအပ်သော အာရုံနှင့်တူသော ကာလဝိမုတ်ဖြစ်သော ပထဝီကသိုဏ်း ပဋိဘာဂနိမိတ် အစရှိသော ပညတ်ကမ္မနိမိတ်ဟု ဆိုအပ်သော အာရုံကို အာရုံပြု၍ ဗြဟ္မာဟု သမုတ်အပ်သော ဘဝ၌ ပဇ်ချခဲ့ပြီးသော ရူပကုသိုလ်ကံ၏ အကျိုးဆက်အကုန်ဟု ဆိုအပ်သော ရူပဘဝင် ငါးခုဘို့ဘွင် တခုခုသည် ထိုဖြစ်ဆဲဖြစ်သော ရူပဘုံမှ ကွယ်ပျောက်ရွေလျောခြင်းကိစ္စကို ပြုလျက် **စုတိကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

**ဗြဟ္မာသေပုံ ပရမတ္ထဖြင့် ရှင်းချက်။** ။ထိုအဆုံးဖြစ်သော စုတိစိတ် ချုပ်သည် တပြိုင်နက် ၎င်းစုတိစိတ်နှင့် အတူတကွ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်ကုန်သော စေတသိက် တရားတို့သည်၎င်း၊ ကမ္မဇဖြစ်သော စက္ခုဒသကကလာပ်, သောတဒသကကလာပ်, ဟဒယဝတ္ထုဒသကကလာပ်,ဇီဝိတနဝကကလာပ်ဟု ဆိုအပ်သော ရုပ်တို့သည်၎င်း မရှေးမနှောင်း ၎င်းစုတိစိတ်နှင့် တချက်တည်း ချုပ်ကြလေကုန်၏။

ထိုစိတ် စေတသိက် ရုပ်တို့ ကွယ်ချုပ်သည်ကိုသာလျှင် ဗြဟ္မာသည် ဗြဟ္မာပြည်မှ စုတေလေပြီဟု လောကဝေါဟာရအားဖြင့် ခေါ်ဆိုအပ်လေ၏။ ထိုသို့ပင် ခေါ်ဆိုအပ်သော်လည်း စင်စစ် ဗြဟ္မာစုတေသည်မဟုတ်၊ ရှေး၌ပြဆိုအပ်ခဲ့ပြီးသော စိတ် စေတသိက် ရုပ်တရားတို့သည်သာလျှင် ကွယ်ချုပ်ကြကုန်သည်ဟု မှတ်ကြလေ။

**ကာမသုဂတိပဋိသန္ဓေစိတ်။** ။ထိုဆိုအပ်ပြီးသော ဗြဟ္မာဟု ခေါ်ဆိုအပ်သော ဘဝမှ စုတေသည်ဟု သမုတ်အပ်သော စုတိစိတ်ချုပ်ပြီးနောက် ကာမသုဂတိခုနစ်ဘုံတို့တွင် တဘုံဘုံ၌ ထိုက်သည်အားလျော်စွာ အကျိုးပေးလတ္တံ့သော ကာမကုသိုလ်စိတ်ရှစ်ခုတို့တွင် တခုခုသော ကုသိုလ်ကံစေတနာသည် လူနတ်၏ အဖြစ်ဟု ဆိုအပ်သော ဘဝသစ်၌ အကျိုး

ပေးခွင့်ကို ရ၍ နာနာက္ခဏိကကမ္မပစ္စယဇနကသတ္တိ ပကတူပနိဿယပစ္စယ ဇနကသတ္တိ၏ အစွမ်းအားဖြင့် ဖြစ်စေအပ်သော စုတိစိတ်၏ အခြားမဲ့၌ စုတိစိတ်မှ ရအပ်သော အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, နတ္ထိ, ဝိဂတဟု ဆိုအပ်သော ငါးပစ္စယဇနကသတ္တိ၏ အစွမ်းကို ခံယူလျက် ချုပ်ပြီးဖြစ်သော ရူပပြဟ္မာဟု ခေါ်ဝေါ်အပ်သော ဘဝနှင့် ဖြစ်ဆဲဖြစ်သော လူနတ်ဟု ခေါ်ဝေါ်အပ်သောဘဝကို ထပ်မံ၍ ဆက်စပ်တတ်သော မဟာဝိပါက်စိတ်ရှစ်ခုတို့တွင် တခုခုသော ဝိပါက်စိတ်သည် ရအပ်သော အကြောင်းရှိသည်ဖြစ်၍ ရှေးပြဟ္မာဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ပဋိသန္ဓေကိစ္စကို ပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

ထိုပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်သည်ကိုသာလျှင် စုတေလေပြီးသော ပြဟ္မာသည် ကာမသုဂတိဘုံ၌ လူနတ်ဖြစ်လေပြီဟု ခေါ်ဝေါ်ပြောဆိုအပ်လေ၏။ ထိုသို့ပင် ခေါ်ဝေါ်ပြောဆိုအပ်သော်လည်း စင်စစ် လူနတ်ဖြစ်သည် မဟုတ်၊ ကာမကုသိုလ်ပုညာဘိသင်္ခါရစေတနာကံ၏ အကျိုးဖြစ်သော အသိဝိညာဏ်သဘောသည်သာလျှင် စင်စစ် ဖြစ်ပေါ်လာသည်ဟု မှတ်ကြလေ။

ထိုအသိဝိညာဏ်စိတ် ဖြစ်ပေါ်လာသည် တပြိုင်နက် ၎င်းအသိဝိညာဏ်နှင့် ယှဉ်တွဲ၍ ဖြစ်ပေါ်သော စေတသိက်ဟု ခေါ်ဆိုအပ်သော နာမ်တရားသည်၎င်း၊ အကယ်၍ လူ့ပြည်၌သာလျှင် ဂဗ္ဘသေယျ ပဋိသန္ဓေ ဖြစ်ခဲ့အံ့၊ ကာယဒသကကလာပ်, ဘာဝဒသကကလာပ်, ဝတ္ထုဒသကကလာပ် ဤဆိုအပ်ပြီးသော ရုပ်ကလာပ်တို့သည်၎င်း၊ အကယ်၍ လူ့ပြည် နတ်ပြည်တို့၌သာလျှင် သံသေဒဇ, ဥပပါတ်ပဋိသန္ဓေ ဖြစ်ခဲ့အံ့၊ စက္ခုဒသကကလာပ်, သောတဒသကကလာပ်, ဃာနဒသကကလာပ်, ဇိဝှါဒသကကလာပ်, ကာယဒသကကလာပ်, ဘာဝဒသကကလာပ်, ဟဒယဝတ္ထုဒသကကလာပ် ဤဆိုအပ်ပြီးသော ရုပ်ကလာပ်တို့သည်၎င်း ထိုပဋိသန္ဓေဝိညာဏ်စိတ်နှင့် အတူတကွ ဖြစ်ပေါ်ကြလေကုန်၏။ ထိုရုပ်နာမ်တို့ ဖြစ်စဉ်သည် နောက်၌ ထင်ရှားလတ္တံ့။

**ကာမသုဂတိပဝတ္တိဝိညာဏ်။** ။ထိုပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ကာမသုဂတိ ပဋိသန္ဓေဝိညာဏ်စိတ်ဖြစ်ပေါ်လာသောအခါ ရှေးမရဏာသန္နဇောသည် ယူအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏ဟု မှတ်ကြလေ။

ထိုပဋိသန္ဓေဝိညာဏ်စိတ်သည် ဖြစ်ပေါ်၍ ချုပ်ပြီးသည်နောက် ၎င်းပဋိသန္ဓေဝိညာဏ်စိတ်၏ အခြားမဲ့၌လည်း ထိုကာမသုဂတိဘုံ၌ ပစ်ချသော ကာမကုသိုလ်ပုညာဘိသင်္ခါရ စေတနာ၏ အကျိုးဖြစ်သော ပဋိသန္ဓေ ဝိညာဏ်စိတ်နှင့်

ဘူမိ ဇာတိ သမ္ပယုတ္တ သင်္ခါရအားဖြင့်တူသော ကာမဝိပါက်စိတ်သည် ထိုပဋိ-သန္ဓေဝိညာဏ်စိတ်သည် ယူအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးသော အာရုံကိုသာလျှင် အာရုံပြု၍ အစဖြစ်ပေါ်သော လူနတ်ဟု သမုတ်အပ်သော ဘဝကို မပြတ်စေဘဲလျက် ဆက်ကာ ဆက်ကာ ဘဝင်ကိစ္စဖြစ်လေ၏။ အဆုံး၌လည်း စုတိကိစ္စဖြစ်၍ ချုပ်ကွယ်လေ၏။ ဤပြဆိုအပ်ပြီးသော ပဋိသန္ဓေဝိညာဏ်နောင် ဆက်ကာ ဆက်ကာ စုတိကျသည့်တိုင်အောင်ဖြစ်ပေါ်၍ ချုပ်လေသမျှသော ဘဝင်စိတ်အစဉ်ကို **ပဝတ္တိဝိညာဏ်**ဟု ခေါ်ဆိုသမုတ်အပ်လေသည်။ ထိုပဝတ္တိဝိညာဏ်စိတ် ဖြစ်ပုံသည် နောက်၌ ထင်ရှားလတ္တံ့ သတည်း။

ဤယခု ပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်မှုနည်းသည် ဝေဟပ္ဖိုလ်တိုင်ရှိသော ရူပါဝစရဗြဟ္မာဆယ်ဘုံမှ စုတေ၍ ကာမသုဂတိ ခုနစ်ဘုံတို့တွင် တဘုံဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့၏ ရှေးမရဏာသန္နဇောသည် ယူအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးသော နိမိတ်အာရုံကို အာရုံပြု၍ ဗြဟ္မာဘဝနှင့် ကာမသုဂတိဟု ဆိုအပ်သော လူနတ်ဘဝကို ဆက်စပ်သော ပဋိသန္ဓေဝိညာဏ်စိတ်ဖြစ်ပုံကို ပြဆိုအပ်သော နည်းပေတည်း။

## ကာမဘုံရောက်မည့် ရူပဗြဟ္မာ၏ သေခါနီး စက္ခုသောတဒွါရဝီထိ

**ရူပါရုံ, သဒ္ဒါရုံ, ကမ္မနိမိတ်။** ။တနည်းလည်း အကြွင်းအကြွင်း သမုတ်အပ်သော ဗြဟ္မာတို့သည် ရှေး၌ ပြဆိုအပ်ခဲ့ပြီးသော ဝေ-ဟပ္ဖိုလ်တိုင်ရှိသော ရူပဆယ်ဘုံတို့တွင် တဘုံဘုံမှ စုတေ၍ လူ့ပြည် နတ်ပြည်ခြောက်ထပ် တည်းဟူသော ကာမသုဂတိခုနစ်ဘုံတို့တွင် တဘုံဘုံ၌ ရှေး၌ဆည်းပူးအပ်ပြီးသော မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုသော ကုသိုလ်ကံ စေတနာသည် များသောအားဖြင့်, ဉာဏဝိပ္ပယုတ်လေးခုတို့တွင် တခုခုသော ကုသိုလ်ကံ စေတနာသည် အပ္ပကအားဖြင့် ပစ်ချလိုလတ်သည်ရှိသော် မရဏာသန္နဇောမကျမီ ရှေ့အဘို့ကပင် တင်ကူး၍ စက္ခုဒွါရ, သောတဒွါရဟု ဆိုအပ်သော ဒွါရနှစ်ပါးတို့တွင် တပါးပါးသော ဒွါရ၌ ဏ္ဍာရုံဖြစ်သော ရူပါရုံ သဒ္ဒါရုံဟု ဆိုအပ်သော အာရုံနှစ်ပါးတို့တွင် တပါးပါးသော အာရုံသာလျှင်ဖြစ်သော ပစ္စုပ္ပန် ကမ္မနိမိတ်သည် ထိုကာမသုဂတိဘုံ၌ ပစ်ချလတ္တံ့သော ကံ၏အစွမ်းကြောင့် ထင်ခြင်းသို့ ရောက်လေ၏။

**ရူပဘဝင် ၂-ကြိမ်။** ။ထိုထင်ခြင်းသို့ ရောက်သော ပစ္စုပ္ပန်ကမ္မနိမိတ်ဖြစ်သော ရူပါရုံ သဒ္ဒါရုံ နှစ်ပါးတို့တွင် တပါးပါးသော အာရုံကို အာရုံပြု၍ မရဏာသန္နဇောဝီထိ ဖြစ်လိုလတ်သည်ရှိသော် စုတိလတ္တံ့သော ရူပ-ဆယ်ဘုံတို့တွင် တဘုံဘုံ၌ ရှေးဦးအစ ဖြစ်ခဲ့ဘူးသော ပဋိသန္ဓေစိတ်နှင့် ဘူမိ

ဇာတိ သမ္ပယုတ္တ ဓမ္မအားဖြင့် တူသော ပဌမစျာန်ဝိပါက် ဒုတိယစျာန် ဝိပါက် တတိယစျာန် ဝိပါက် စတုတ္ထစျာန် ဝိပါက် ပဉ္စမစျာန် ဝိပါက်ဟု ဆိုအပ်ကုန်သော ဝိပါက်စိတ် ငါးခုတို့တွင် တခုခုသော ဝိပါက်စိတ်သည် ဖြစ်သင့်သည်အားလျော်စွာ ပဋိသန္ဓေစိတ်၏ အာရုံနှင့်တူသော ကာလဝိမုတ်ဖြစ်သော ပထဝီကသိုဏ်း ပဋိဘာဂနိမိတ် အစရှိသော ပညတ်ကမ္မနိမိတ်ဟု ဆိုအပ်သော အာရုံကိုအာရုံပြု၍ ဘဝင်စလန ဘဝင်ုပစ္ဆေဒဟု အမည်ရလျက် **ဘဝင်ကိစ္စ** နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

**ပဉ္စဒွါရာဝဇ္ဇန်း။** ။ထိုနောင် ထိုစက္ခုစသော ဒွါရအား ထင်ခြင်းသို့ ရောက်သော ရူပါရုံ, သဒ္ဒါရုံဟု ဆိုအပ်သော ပစ္စုပ္ပန် ကမ္မနိမိတ် နှစ်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဆင်ခြင်တတ်သော **ပဉ္စဒွါရာဝဇ္ဇန်းစိတ်**သည် စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် တဆဲ့ခုနစ်ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုမှီလျက် **အာဝဇ္ဇန်းကိစ္စ** တကြိမ် ဖြစ်၍ချုပ်၏။

**စက္ခုဝိညာဏ်။** ။ထိုနောင် အကယ်၍ ပစ္စုပ္ပန် ရူပါရုံ ကမ္မနိမိတ်သည် စက္ခုဒွါရ၌သာလျှင်ထင်ခဲ့သည် ဖြစ်အံ့၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်နောင် ကုသလဝိပါက် စက္ခုဝိညာဏ်စိတ်သည် ရူပါရုံထင်သော စက္ခုပသာဒကိုမှီ၍ မြင်ခြင်းတည်းဟူသော **ဒဿနကိစ္စ**ကိုပြုလျက် အဆင်းပရမတ်ကို သိဆဲဖြစ်ပြီးလျှင် ချုပ်ကွယ်လေ၏။

**သောတ ဝိညာဏ်။** ။အကယ်၍ ပစ္စုပ္ပန် သဒ္ဒါရုံ ကမ္မနိမိတ်သည် သောတဒွါရ၌သာလျှင် ထင်ခဲ့သည်ဖြစ်အံ့၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်နောင် ကုသလဝိပါက် သောတဝိညာဏ်စိတ်သည် သဒ္ဒါရုံ ထင်သော သောတပသာဒကိုမှီ၍ ကြားခြင်းတည်းဟူသော **သဝနကိစ္စ**ကို ပြုလျက် အသံပရမတ်ကို သိဆဲ ဖြစ်ပြီးလျှင် ချုပ်ကွယ်လေ၏။

**သမ္ပဋိစ္ဆိုင်း။** ။ထိုနောင် ကုသလဝိပါက် သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်သည် ထိုပစ္စုပ္ပန် ကမ္မနိမိတ်ဖြစ်သော အာရုံနှစ်ပါးတို့တွင် တပါးပါးကိုအာရုံပြု၍ စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုမှီ၍ ခံလင်သကဲ့သို့သောအမှုကို ပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

**သန္တီရဏ။** ။ထိုနောင် ကုသလဝိပါက်သန္တီရဏ စိတ်သည် ထိုဟဒယဝတ္ထုရုပ်ကိုမှီ၍ စုံစမ်းခြင်းတည်းဟူသော **သန္တီရဏကိစ္စ**ကို ပြုလျက် တကြိမ် ဖြစ်၍ ချုပ်၏။

**ဝုဋ္ဌောစိတ်။** ။ထိုနောင် မနောဒွါရာဝဇ္ဇန်းစိတ်သည် ထိုဟဒယဝတ္ထုရုပ်ကို မှီလျက် ၎င်းသန္တိရဏ စုံစမ်းအပ်သော ပစ္စုပ္ပန်ကမ္မနိမိတ် အာရုံကိုသာလျှင် အာရုံပြု၍ မှတ်ခြင်းဟု ဆိုအပ်သော **ဝုဋ္ဌောကိစ္စ**ကို ပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

**ကာမကုသိုလ်ဇော။** ။ထိုနောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသောစိတ်သည် ထိုဟဒယဝတ္ထုရုပ်ကို မှီလျက် ဝုဋ္ဌော မှတ်အပ်သော ပစ္စုပ္ပန်ကမ္မနိမိတ် အာရုံကိုသာလျှင် အာရုံပြု၍ **မရဏာသန္နဇော** ငါးကြိမ်ဖြစ်၍ ချုပ်၏။

**ရူပစုတိစိတ်။** ။ထိုနောင် ဖြစ်ဆဲဖြစ်သော ပြဟ္မာဘဝ၌ ဖြစ်သော ရှေးဘဝင်စိတ်တို့၏ အာရုံမျိုးနှင့်တူသော ပထဝီကသိုဏ်းပဋိဘာဂနိမိတ် အစရှိသော ပညတ်ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ဆဲဖြစ်သော **ဘဝ၏** အဆုံးဟုဆိုအပ်သော စုတိစိတ်သည် ၎င်းဖြစ်ဆဲဖြစ်သော ပြဟ္မာဘဝ၏ အဆုံးကို ပြုလျက် **စုတိကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

ထိုအဆုံးဖြစ်သော စုတိစိတ်ချုပ်သည်တပြိုင်နက် စုတိစိတ်နှင့် **အတူတကွ** ယှဉ်တွဲယှဉ်လျက် ဖြစ်ကုန်သော စေတသိက်ဟု ဆိုအပ်သော သမ္ပယုတ်တရားတို့သည်၎င်း၊ ကမ္မဇဖြစ်ကုန်သော စက္ခုစသော ရုပ်ကလာပ်တို့သည်၎င်း ထိုစုတိစိတ်နှင့် အတူတကွ မရှေးမနှောင်း ချုပ်ကွယ်ကြလေကုန်၏။

ထို စိတ် စေတသိက် ရုပ်တို့ ချုပ်ကွယ်ကြသည်ကိုသာလျှင် ပြဟ္မာ့ပြည်မှ ပြဟ္မာသည် စုတေ၍ ကွယ်လွန်လေပြီဟု လောကဝေါဟာရအားဖြင့် ခေါ်ဝေါ် ပြောဆိုအပ်လေ၏။ ထိုသို့ပင် ခေါ်ဝေါ်ပြောဆိုအပ်သော်လည်း စင်စစ် ပြဟ္မာ စုတေ ကွယ်လွန်လေသည်မဟုတ်၊ စိတ် စေတသိက် ရုပ် တည်းဟူသော ပရမတ္ထ သဘောတရားတို့သည်သာလျှင် ကွယ်ချုပ်ကြလေကုန်၏ဟု မှတ်ကြလေ။

**ကာမသုဂတိပဋိသန္ဓေစိတ်။** ။ထိုဆိုအပ်ပြီးသော ပြဟ္မာဟု ခေါ်ဆိုအပ်သော ဘဝမှ စုတေသည်ဟု သမုတ်အပ်သော စုတိစိတ် ချုပ်ပြီးနောက် ကာမသုဂတိခုနစ်ဘုံတို့တွင် တဘုံဘုံ၌ အကျိုးပေးလတ္တံ့သော ကာမကုသိုလ် ရှစ်ခုတို့တွင် တခုခုသော ကုသိုလ်ကံစေတနာသည် လူနတ်ဟု ဆိုအပ်သော ဘဝသစ်၌ အကျိုးပေးခွင့်ကိုရ၍ နာနာက္ခဏိက ကမ္မပစ္စယ-ဇနကသတ္တိ ပကတူပနိဿယပစ္စယ ဇနကသတ္တိ၏အစွမ်းအားဖြင့် ဖြစ်စေအပ်သော စုတိစိတ်၏ အခြားမဲ့၌ စုတိစိတ်မှ ရအပ်သော အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတဟု ဆိုအပ်သော ငါးပစ္စယဇနကသတ္တိ၏ အစွမ်းကို ခံယူလျက် ချုပ်ပြီးဖြစ်သော ရူပပြဟ္မာဟု ခေါ်ဝေါ်အပ်သော **ဘဝနှင့်** ဖြစ်ဆဲ

ဖြစ်သော လူနတ်ဟု ခေါ်ဝေါ်အပ်သော သုဂတိဘဝခုနစ်ပါးတို့တွင် တပါးပါး သောဘဝကို ထပ်မံ၍ ဆက်စပ်တတ်သော ကုသိုလ်၏အကျိုးဖြစ်သော ကာမာ-ဝစရ ဖြစ်သော မဟာဝိပါက်ရှစ်ပါးတို့တွင် တပါးပါးသော ဝိပါက်စိတ်သည် ရအပ်သော အကြောင်းရှိသည်ဖြစ်၍ ဖြစ်သင့်သည်အားလျော်စွာ ရှေးမရဏာ-သန္နဇောသည် ယူအပ်သော ရူပါရုံ သဒ္ဒါရုံဟု ဆိုအပ်သော ပစ္စုပ္ပန်ကမ္မနိမိတ် အာရုံနှစ်ပါးတို့တွင် ထိုက်သည်အားလျော်စွာ တပါးပါးကို**အာရုံပြု၍ ပဋိသန္ဓေကိစ္စကို** ပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

ထိုပဋိသန္ဓေ ဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်ကိုသာလျှင် စုတေ ကွယ်လွန်လေပြီးသော ဗြဟ္မာသည် လူ့ပြည်၌ တဖန်ဖြစ်ပြန်သည်, နတ်ပြည်၌ တဖန်ဖြစ်ပြန်သည်ဟု ထိုက်သည်အားလျော်စွာ ခေါ်ဝေါ် ပြောဆိုအပ်၏။ ထိုသို့ပင် ခေါ်ဝေါ်ပြောဆိုအပ်သော်လည်း လူနတ်သတ္တဝါဖြစ်သည်မဟုတ်၊ ကာမကုသိုလ် ပုညာဘိသင်္ခါရစေတနာ၏ အကျိုးဖြစ်သော အသိဝိညာဏ်သည်သာလျှင် စင်စစ်ဖြစ်ပေါ်လာသည်ဟု မှတ်။

ထိုအသိဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်တပြိုင်နက် စေတသိက်ဟု ခေါ် ဆိုအပ်သော သမ္ပယုတ်တရားနာမ်၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဟဒယ ဟု ဆိုအပ်သော ရုပ်ကလာပ်တို့သည်လည်း ဖြစ်သင့်သောဘုံအားလျော်စွာ ထိုပစ်ချသော ကုသိုလ်ကံကြောင့် ဆိုင်ရာ ဆိုင်ရာ ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်ကြလေကုန်၏။ထိုနာမ်ရုပ်တို့ဖြစ်ပေါ်မှုသည် **ဝိညာဏပစ္စယာ နာမရူပံ** အခဏ်း၌ ထင်ရှားလတ္တံ့သတည်း။

## ဗြဟ္မာမရဏာသန္နဇောနှင့် ကာမပဋိသန္ဓေအာရုံတူပုံ

**ရူပါရုံကမ္မနိမိတ် တူပုံ။** ။ထိုဘဝနှစ်ပါးကိုဆက်စပ်တတ်သော ဝိညာဏ်စိတ် ဖြစ်ပေါ်လာသောအခါ အကယ်၍ စုတေခဲ့သော ဗြဟ္မာဘဝ၌ မရဏာသန္နကုသိုလ်ဇောသည် ပစ္စုပ္ပန်ဖြစ်သော ရူပါရုံ ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ခဲ့အံ့၊ ၎င်းကာမသုဂတိဘုံ၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာသန္နကုသိုလ်ဇောသည် ယူအပ်သော ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။

**သဒ္ဒါရုံကမ္မနိမိတ်တူပုံ။** ။အကယ်၍ မရဏာသန္နကုသိုလ်ဇောသည် ပစ္စုပ္ပန်ဖြစ်သော သဒ္ဒါရုံ ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ခဲ့အံ့၊ ၎င်းကာမသုဂတိဘုံ၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေဝိညာဏ်စိတ်သည်လည်း ၎င်းမရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန်သဒ္ဒါရုံ ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာ၏ဟု မှတ်ကြလေ။

**ကာမသုဂတိပဝတ္တိဝိညာဏ်။** ။ထိုပဋိသန္ဓေဝိညာဏ်စိတ်သည် ဖြစ်ပေါ်၍ချုပ်ပြီးနောက် ၎င်းပဋိသန္ဓေဝိညာဏ်စိတ်၏အခြားမဲ့၌လည်း ထိုကာမသုဂတိဘုံ၌ ပစ်ချသော ကာမကုသိုလ်ပုညာဘိသင်္ခါရစေတနာ၏ အကျိုးဖြစ်သော ပဋိသန္ဓေဝိညာဏ်စိတ်နှင့် ဘူမိ ဇာတိ သမ္ပယုတ္တ သင်္ခါရအားဖြင့် တူသော စိတ်သည် ထိုပဋိသန္ဓေဝိညာဏ်စိတ် ယူအပ်သော အာရုံမျိုးကိုသာလျှင် အာရုံပြု၍ အစဖြစ်ပေါ်သော လူနတ်ဘဝကို မပြတ်စေဘဲလျက် ဆက်ကာ ဆက်ကာ ဘဝင်ကိစ္စဖြစ်လေ၏။ အဆုံး၌လည်း စုတိကိစ္စဖြစ်၍ ချုပ်ကွယ်လေ၏။ ဤပြဆိုအပ်ပြီးသော ပဋိသန္ဓေနောင် ဆက်ကာ ဆက်ကာ စုတိကျသည့်တိုင်အောင် ဖြစ်ပေါ်၍ ချုပ်လေသမျှသော ဘဝင်စိတ်အစဉ်ကို **ပဝတ္တိဝိညာဏ်**ဟု ခေါ်ဆိုအပ်လေသည်။ ထိုပဝတ္တိ ဝိညာဏ်စိတ်ဖြစ်ပုံသည် နောက်၌ ထင်ရှားလတ္တံ့။

ဤယခုပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်မှုနည်းသည် ရူပဗြဟ္မာဘုံမှ စုတေ၍ လူနတ်တို့၏ ဖြစ်ရာဖြစ်သော ကာမသုဂတိဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့၏ ရှေး မရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန်ဖြစ်သော ရူပါရုံ သဒ္ဒါရုံ ကမ္မနိမိတ်နှစ်ပါးတို့တွင် တပါးပါးသော ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ပဋိသန္ဓေ ဝိညာဏ်စိတ်ဖြစ်ပုံကို ပြဆိုအပ်သော နည်းပေတည်း။

ထို ဆိုအပ်ပြီးသော ရူပဗြဟ္မာဘုံမှ စုတေ၍ ကာမသုဂတိ ခုနစ်ဘုံတို့တွင် တဘုံဘုံ၌ဖြစ်သော ကာမပဋိသန္ဓေဝိညာဏ်စိတ်သည် ရှေးအတီတာနန္တရ ဖြစ်သော ဗြဟ္မာဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးသော နိမိတ်ကို၎င်း၊ ပစ္စုပ္ပန်ဖြစ်သော ရူပါရုံ သဒ္ဒါရုံ ကမ္မနိမိတ်တို့တွင် တပါးပါးသော ကမ္မနိမိတ်ကို၎င်း အာရုံပြု၍ ဖြစ်သည်၏အဖြစ်ကို သိစေတော်မူလိုသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ပညာဘူမိ အဖွင့် စာမျက်နှာ (၁၇၃) ၌၎င်း၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် ပဋိစ္စသမုပ္ပါဒ်အဖွင့် စာမျက်နှာ (၁၅၁) ၌၎င်း—

အပရဿ ပန ပထဝီကသိဏဇ္ဈာနာဒိဝသေန ပဋိလဒ္ဓမဟဂ္ဂတဿ သုဂတိယံ ဌိတဿ မရဏသမယေ ကာမာဝစရကုသလ ကမ္မ ကမ္မနိမိတ္တ-ဂတိနိမိတ္တာနံ ဝါ အညတရံ။လ။ မနောဒွါရေ အာပါထမာဂစ္ဆတိ။

စက္ခုသောတာနံ ဝါ အညတရသ္မိံ ကုသလုပ္ပတ္တိဟေတုဘူတံ ပဏီတ-တမာရမ္မဏံ အာပါထမာဂစ္ဆတိ၊ တဿ ယထာက္ကမေန ဥပ္ပန္နစေါဋ္ဌဗ္ဗ-နာဝသာနေ မရဏဿ အာသန္နဘာဝေန မန္ဒီဘူတဝေဂတ္တာ ပဉ္စ ဇဝနာနိ ဥပ္ပဇ္ဇန္တိ။

မဟဂ္ဂတဂတိကာနံ ပန တဒါရမ္မဏံ နတ္ထိ။ တသ္မာ ဇဝနာနန္တရံ- ယေဝ ဘဝင်္ဂဝိသယံ အာရမ္မဏံ ကတွာ ဧကံ စုတိစိတ္တံ ဥပ္ပဇ္ဇတိ။

တဿာဝသာနေ ကာမာဝစရ။လ။ သုဂတိနံ အညတရသုဂတိ- ပရိယာပန္နံ တထူပဋ္ဌိတေသု အာရမ္မဏေသု အညတရာရမ္မဏံ ပဋိသန္ဓိ- စိတ္တံ ဥပ္ပဇ္ဇတိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ပန၊ အဘိုတပါးကို ဆိုဦးအံ့။ ပထဝီကသိဏဈာနာဒိဝသေန၊ ပထဝီကသိုဏ်း လျှင် အာရုံရှိသော ဈာန်အစရှိသည်တို့၏ အစွမ်းဖြင့်။ ပဋိလဒ္ဓမဟဂ္ဂတဿ၊ ရအပ်သော မဟဂ္ဂုတ်တရားရှိသည်ဖြစ်၍။ သုဂတိယံ၊ ရူပါဝစရသုဂတိဘဝ၌။ ဌိတဿ၊ တည်သော။ အပရဿ၊ တပါးသော ဖြဟ္မာအား။ မရဏာသမယေ၊ သေခါနီးကာလ၌။ ကာမာဝစရ ကုသလ ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တာနံ၊ ကာမာ ဝစရကုသိုလ် ကံ ကမ္မနိမိတ် ဂတိနိမိတ်တို့တွင်။ အညတရံ ဝါ၊ တပါးပါးသော နိမိတ်သည်လည်း။လ။ မနောဒွါရေ၊ မနောဒွါရ၌။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။

စက္ခုသောတာနံ ဝါ၊ စက္ခုဒွါရ သောတဒွါရတို့တွင်လည်း။ အညတရသ္မိံ၊ တပါးပါးသော ဒွါရ၌။ ကုသလုပ္ပတ္တိဟေတုဘူတံ၊ ကုသိုလ်ဖြစ်ခြင်း၏အကြောင်း ဖြစ်၍ဖြစ်သော။ ပဏီတံ၊ မွန်မြတ်သော။ ဝါ၊ ဣဋ္ဌဖြစ်သော။ အာရမ္မဏံ ဝါ၊ အာရုံသည်လည်း။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။ တဿ၊ ထို ဖြဟ္မာဟု ခေါ်ဆိုအပ်သော သတ္တဝါအား။ ယထာက္ကမေန၊ အကြင် အကြင် ဖြစ်သော အစဉ်အားဖြင့်။ ဝါ၊ အစဉ်အားလျော်သဖြင့်။ ဥပ္ပန္နဝေါဋ္ဌဗ္ဗနာ- ဝသာနေ၊ ဖြစ်သော ဝုဋ္ဌော၏အဆုံး၌။ မရဏဿ၊ သေခြင်း၏။ အာသန္န- ဘာဝေန၊ အလွန် နီးသည်၏အဖြစ်ဖြင့်။ မန္ဒီဘူတဝေဂတ္တာ၊ ညံ့သည်ဖြစ်၍ ဖြစ်သော အဟုန်ရှိသည်၏အဖြစ်ကြောင့်။ ပဉ္စ၊ ငါးကြိမ်ကုန်သော။ ဇဝနာနိ၊ ဇောတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

ပန၊ အထူးကို ဆိုဦးအံ့။ မဟဂ္ဂတဂတိကာနံ၊ မြတ်သည်၏အဖြစ်သို့ ရောက် ကုန်သော ဖြဟ္မာတို့၏ ဖြစ်ရာဘုံ၌ တည်ကုန်သော ဖြဟ္မာတို့အား။ တဒါရမ္မဏံ၊ တဒါရုံသည်။ ယသ္မာ၊ အကြင်ကြောင့်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထိုသို့ မရှိခြင်း ကြောင့်။ ဇဝနာနန္တရံယေဝ၊ မရဏာသန္တဇော၏ အခြားမဲ့၌သာလျှင်။ ဘဝင်္ဂ- ဝိသယံ၊ ဘဝင်၏ အာရုံကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ဧကံ၊ တခုသော။ စုတိစိတ္တံ၊ စုတေစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏ ။

တဿ၊ ထို စုတိစိတ်၏။ အဝသာနေ၊ အဆုံး၌။ ကာမာဝစရ။လ။ သုဂတိနံ၊ ကာမာဝစရ။လ။ဟု ခေါ်ဆိုအပ်ကုန်သော သုဂတိတို့တွင်။ အညတရသုဂတိပရိယာပန္နံ၊ တပါးပါးသော သုဂတိ၌ အကျုံးဝင်သော။ တထူပဋ္ဌိတေသု၊ ထိုထို ကံကြောင့် ထင်ကုန်သော။ အာရမ္မဏေသု၊ အာရုံတို့တွင်။ အညတရာရမ္မဏံ၊ တပါးပါးသာလျှင် အာရုံရှိသော။ ပဋိသန္ဓိစိတ္တံ၊ ပဋိသန္ဓိစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ရူပဖြဟ္မာဘုံမှ စုတေပြီးလျှင် ကာမသုဂတိ ခုနစ်ဘုံတို့တွင် တဘုံဘုံ၌ဖြစ်သော ကာမပဋိသန္ဓေ ဝိညာဏ်စိတ်သည် ရှေးအတိတ်တာနန္တရဖြစ်သော ဖြဟ္မာဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးသော နိမိတ်ကိုရင်း၊ ပစ္စုပ္ပန်ဖြစ်သော ရူပါရုံ သဒ္ဒါရုံ ကမ္မနိမိတ်တို့တွင် တပါးပါးသော ကမ္မနိမိတ်ကိုရင်း အာရုံပြု၍ဖြစ်သည်၏အဖြစ်ကို ထင်ရှား သိကြလေ။

## ဝေဟပ္ဖိုလ်တိုင်ရုံသော ရူပ(၁၀)ဘုံမှ စုတေ၍ ရင်း(၁၀)ဘုံ၌ပင် ထပ်မံ၍ ပဋိသန္ဓေဝိညာဏ် ဖြစ်ပုံကို ပြဆိုချက်

**ပညတ်ကမ္မနိမိတ် ထင်ပုံ။** ။အကြင်အကြင်သမုတ်အပ်သော ပဌမစျာန်သုံးဘုံ ဒုတိယစျာန်သုံးဘုံ တတိယစျာန်သုံးဘုံ ဝေဟပ္ဖိုလ်ဘုံတည်းဟူသော ရူပါဝစရဆယ်ဘုံတို့တွင် တဘုံဘုံမှ စုတေသော ပုထုဇန်ဖြဟ္မာသည် ရင်းဖြဟ္မာဆယ်ဘုံတို့တွင် တဘုံဘုံ၌ ထိုက်သည်အားလျော်စွာ ဖြစ်လိုလတ်သည်ရှိသော် မရဏာသန္နဇောမကျမီ ရှေ့အဘို့ကပင်တင်ကူး၍ ပစ်ချလတ္တံ့သော ရူပကုသိုလ်စေတနာ ငါးခုတို့တွင် တခုခုသော စေတနာကြောင့် ပထဝီကသိုဏ်း အစရှိသော ပညတ်ကမ္မနိမိတ်တို့တွင် တပါးပါးသော ပညတ်ကမ္မနိမိတ်သည် မနောဒွါရအား ထင်ခြင်းသို့ ရောက်၏။

**ရူပဘဝင် ၂-ကြိမ်။** ။ထိုထင်ခြင်းသို့ ရောက်သော ပညတ် ကမ္မနိမိတ်ကို အာရုံပြု၍ မရဏာသန္နဇောဝီထိ ဖြစ်လိုလတ်သည်ရှိသော် စုတေလတ္တံ့သော ရူပါဝစရဆယ်ဘုံတို့တွင် တဘုံဘုံ၌ ရှေးဦးအစ ဖြစ်ခဲ့ဘူးသော ပဋိသန္ဓေစိတ်နှင့် ဘူမိ ဇာတိ သမ္ပယုတ္တ ဓမ္မ အားဖြင့် တူသော ပဌမစျာန်ဝိပါက်, ဒုတိယစျာန်ဝိပါက်, တတိယစျာန်ဝိပါက်, စတုတ္ထစျာန်ဝိပါက်, ပဉ္စမစျာန်ဝိပါက်ဟု ဆိုအပ်သော ရူပဝိပါက်ငါးခုတို့တွင် တခုခုသောဝိပါက်စိတ်သည် ဖြစ်သင့်သည်အားလျော်စွာ ပဋိသန္ဓေစိတ်၏ အာရုံနှင့်တူသော ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်စသော ကာလဝိမုတ်ဖြစ်သော ပညတ် ကမ္မနိမိတ်ဟုဆိုအပ်သော အာရုံကို အာရုံပြု၍ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဟု အမည်ရလျက် **ဘဝင်ကိစ္စ** နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

**မနောဒွါရာဝဇ္ဇန်း။** ။ထိုနောင် ထိုမနောဒွါရအား ထင်ခြင်းသို့ ရောက်သော ပထဝီကသိုဏ်း အစရှိသော ပညတ်ကမ္မနိမိတ်တို့တွင် **တပါးပါးသော** နိမိတ်အာရုံကို **အာ**ရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း စိတ်သည် **အာ၀ဇ္ဇန်းကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

**မရဏာသန္နဇော ၅-ကြိမ်။** ။ထိုနောင် မဟာကုသိုလ်စိတ် ရှစ်ခုတို့တွင် တခုခု သော စိတ်သည် ထိုမနောဒွါရာဝဇ္ဇန်းစိတ်သည် ဆင်ခြင်အပ်သော ပညတ်ကမ္မနိမိတ်အာရုံကိုသာလျှင် အာရုံပြု၍ **မရဏာသန္နဇော** ငါးကြိမ်ဖြစ်၍ ချုပ်၏။

**ရူပစုတိစိတ်။** ။ထိုနောင် စုတေလတ္တံ့သော ဗြဟ္မာဟု သမုတ်အပ်သော ဘဝ၌ ရှေးရှေးသော ဘဝင်စိတ်တို့သည် ယူအပ်သော အာရုံနှင့် တူသော ကာလဝိမုတ်ဖြစ်သော ပထဝီကသိုဏ်း ပဋိဘာဂနိမိတ် အစရှိသော ပညတ်ကမ္မနိမိတ်ဟု ဆိုအပ်သော အာရုံကို အာရုံပြု၍ ဗြဟ္မာဟု သမုတ်အပ် သော ဘဝ၌ ပစ်ချခဲ့ပြီးသော ရူပကုသိုလ်ကံ၏ အကျိုးဆက်အကုန်ဟု ဆိုအပ် သော ရူပဘဝင်ငါးခုတို့တွင် တခုခုသော ဘဝင်စိတ်သည် ထိုဖြစ်ဆဲဖြစ်သော ရူပဘုံမှ ကွယ်ပျောက်ရွေ့လျောခြင်း ကိစ္စကိုပြုလျက် **စုတိကိစ္စ**တကြိမ်ဖြစ်၍ ချုပ်၏။ ထိုအဆုံးဖြစ်သော စုတိစိတ်ချုပ်သည်တပြိုင်နက် ၎င်းစုတ်စိတ်နှင့် **အ**တူတကွ ယှဉ်ဘော် ယှဉ်ဘက်ဖြစ်ကုန်သော စေတသိက်တရားတို့သည်၎င်း၊ ကမ္မဇဖြစ်သော စက္ခုစသော ရုပ်ကလာပ်တို့သည်၎င်း ၎င်းစုတိစိတ်နှင့် မရှေး မနှောင်း တကွနက်ချုပ်ကြလေကုန်၏။လ။

**ရူပပဋိသန္ဓေစိတ်။** ။ထိုဆိုအပ်ပြီးသော ဗြဟ္မာဟု ဆိုအပ်သော ဘဝမှ စုတေ သည်ဟု သမုတ်အပ်သော စုတိစိတ်ချုပ်ပြီးနောက် ရှေး၌ ပြဆိုအပ်ပြီးသော ရူပါဝစရဆယ်ဘုံတို့တွင် တဘုံဘုံ၌ ထိုက်သည်အားလျော်စွာ **အ**ကျိုးပေးလတ္တံ့သော ရူပကုသိုလ် ငါးခုတို့တွင် တခုခုသော ကုသိုလ်ကံ **စေတနာသည်** ဗြဟ္မာ၏အဖြစ်ဟု ဆိုအပ်သော ဘဝသစ်၌ အကျိုးပေးခွင့်ကို ရ၍ နာနာက္ခဏိကကမ္မပစ္စယဇနကသတ္တိ ပကတူပနိဿယပစ္စယဇနကသတ္တိ၏ အစွမ်းအားဖြင့် ဖြစ်စေအပ်သော စုတိစိတ်၏ အခြားမဲ့၌ စုတိစိတ်မှရအပ်သော အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတဟု ဆိုအပ်သော ငါးပစ္စယ ဇနကသတ္တိ၏အစွမ်းကို ခံယူလျက် ချုပ်ပြီးဖြစ်သော ဗြဟ္မာဟု ခေါ်ဆိုအပ်သော ဘဝနှင့် ဖြစ်ဆဲဖြစ်သော ဗြဟ္မာဘဝဟု ခေါ်ဝေါ်အပ်သော ဘဝကို ထပ်မံ၍ **ဆက်စပ်တတ်သော** ရူပဝိပါက်ငါးခုတို့တွင် တခုခုသော ဝိပါက်စိတ်သည် ရအပ် **သော** အကြောင်းရှိသည်ဖြစ်၍ ရှေးအနန္တရဖြစ်သော ဗြဟ္မာဘဝ၌ မရဏာ **သန္နဇောသည်** ယူအပ်သော ပထဝီကသိုဏ်း ပဋိဘာဂနိမိတ် အစရှိသော ပညတ်

ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ **ပဋိသန္ဓေကိစ္စ**ကိုပြုလျက် တကြိမ်ဖြစ်၍ ချုပ်လေ၏။

ထိုပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်သည်ကိုသာလျှင် စုတေလေပြီးသော ဗြဟ္မာသည် ထပ်မံ၍ ဗြဟ္မာဘုံ၌ ဗြဟ္မာဖြစ်ပြန်လေပြီဟု ခေါ်ဝေါ်ပြောဆိုအပ်၏။ ထိုသို့ပင် ခေါ်ဝေါ်ပြောဆိုအပ်သော်လည်း ဗြဟ္မာဖြစ်သည်မဟုတ်၊ ရူပါဝစရကုသိုလ် ပုညာဘိသင်္ခါရ စေတနာကံ၏ အကျိုးဖြစ်သော အသိဝိညာဏ်သည်သာလျှင် စင်စစ် ဖြစ်ပေါ်လာသည်ဟု မှတ်ကြလေ။

ထိုအသိဝိညာဏ်စိတ် ဖြစ်ပေါ်သည်တပြိုင်နက် ၎င်းအသိဝိညာဏ်နှင့် ယှဉ်တွဲ၍ ဖြစ်ပေါ်သော စေတသိက်ဟု ခေါ်ဆိုအပ်သော နာမ်၊ စက္ခုဒသကကလာပ်, သောတဒသကကလာပ်, ဟဒယဝတ္ထုဒသကကလာပ်, ဇီဝိတနဝကကလာပ်ဟု ဆိုအပ်သော ရုပ်၊ ဤဆိုအပ်ပြီးသော နာမ်ရုပ်တရား နှစ်ပါးတို့သည်လည်း ထိုပဋိသန္ဓေဝိညာဏ်စိတ်နှင့် အတူတကွ ဖြစ်ပေါ်ကြလေကုန်၏။ ထိုနာမ်ရုပ်တို့ ဖြစ်စဉ်သည် နောက်၌ ထင်ရှားလတ္တံ့။

ထိုပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်လာသောအခါ ပညတ်ကမ္မနိမိတ်တပါးတည်းကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာသည်ဟု မှတ်ကြလေ။

**ရူပဘုံသားတို့၏ ပဝတ္တိဝိညာဏ်။** ။ထို ပဋိသန္ဓေဝိညာဏ်စိတ်ဖြစ်ပေါ်၍ ချုပ်ပြီးနောက် ၎င်းပဋိသန္ဓေဝိညာဏ်စိတ်၏ အခြားမဲ့၌လည်း ထိုရူပါဝစရဆယ်ဘုံတို့တွင် တဘုံဘုံ၌ ထိုက်သည်အားလျော်စွာ ပစ်ချသော ရူပကုသိုလ် ပုညာဘိသင်္ခါရကုသိုလ် စေတနာ၏ အကျိုးဖြစ်သော ပဋိသန္ဓေဝိညာဏ်စိတ်နှင့် ဘူမိ ဇာတိ သမ္ပယုတ္တ ဓမ္မအားဖြင့်တူသော ရူပဝိပါက် ငါးခုတို့တွင် တခုခုသော ဝိပါက်စိတ်သည် ထိုပဋိသန္ဓေဝိညာဏ်စိတ်သည် ယူအပ်သော ပညတ် ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ အစဖြစ်ပေါ်သော ဗြဟ္မာဟု သမုတ်အပ်သော ဘဝကို မပြတ်စေဘဲလျက် ဆက်ကာ ဆက်ကာ ဘဝင်ကိစ္စဖြစ်လေ၏။ အဆုံး၌လည်း စုတိကိစ္စဖြစ်၍ ချုပ်ကွယ်လေ၏။ ဤ ပြဆိုအပ်ပြီးသော ပဋိသန္ဓေဝိညာဏ်နောင် ဆက်ကာဆက်ကာ စုတိကျသည့်တိုင်အောင် ဖြစ်ပေါ်၍ ချုပ်ကြလေသမျှသော ဘဝင်စိတ်အစဉ်ကို **ပဝတ္တိဝိညာဏ်**ဟု ခေါ်ဆို သမုတ်အပ်လေသည်။

ထိုပဝတ္တိဝိညာဏ်စိတ်ဖြစ်ပုံသည် နောက်၌ ထင်ရှားလတ္တံ့သတည်း။ ဤယခု ပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်မှုနည်းသည် ဝေဟပ္ဖိုလ်တိုင်ရှိသော ရူပါဝစရဆယ်ဘုံမှ စုတေ၍ ဝေဟပ္ဖိုလ်တိုင်ရှိသော ရူပါဝစရဆယ်ဘုံတို့တွင်

တဘုံဘုံ၌ ဖြစ်လတ္တံ့သော ပုထုဇန်ပြဟ္မာတို့၏ ရှေးမရဏာသန္နဇောသည် ယူအပ်သော ပညတ် ကမ္မနိမိတ်ကို အာရုံပြု၍ ပြဟ္မာဘဝနှင့် ပြဟ္မာဘဝကို ဆက်စပ်တတ်သော ပဋိသန္ဓေဝိညာဏ်စိတ်ဖြစ်ပုံကို ပြဆိုအပ်သောနည်းပေတည်း။

## ဝေဟပ္ဖိုလ်, အသညသတ်, အကနိဋ္ဌကြဉ်သော ရူပ (၁၃) ဘုံမှ စုတေ၍ အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံ၌ ပဋိသန္ဓေဝိညာဏ် ဖြစ်ပေါ်ပုံကို ပြဆိုချက်

**ရူပအရိယာတို့၏ မရဏာသန္နဝီထိ။** ။အကြင်အကြင် သမုတ်အပ်သော ပဌမစျာန် သုံးဘုံ, ဒုတိယစျာန် သုံးဘုံ, တတိယစျာန် သုံးဘုံ, အဝိဟာ, အတပ္ပါ, သုဒဿာ, သုဒဿီဟု ဆိုအပ်သော စတုတ္ထစျာန် လေးဘုံ၊ ဤဆိုအပ်ပြီးသော ရူပါဝစရ တဆဲ့ သုံးဘုံတို့တွင် တဘုံဘုံမှ စုတေသော အရိယာဖြစ်သော ပြဟ္မာသည် အသညသတ်ကြဉ်သော အကနိဋ္ဌတိုင်ရှိသော အထက်အထက်ဖြစ်သော ရူပပြဟ္မာဘုံတို့တွင် တဘုံဘုံ၌ ထိုက်သည်အားလျော်စွာ ဖြစ်လိုလတ်သည်ရှိသော် မရဏာသန္နဇောမကျမီ ရှေ့အဘို့ကပင် တင်ကူး၍ ပစ်ချလတ္တံ့သော ရူပကုသိုလ် စေတနာငါးခုတို့တွင် တခုခုသော စေတနာကြောင့် ပထဝီကသိုဏ်းအစရှိသော ပညတ် ကမ္မနိမိတ်တို့တွင် တပါးပါးသော ပညတ်ကမ္မနိမိတ်သည် မနောဒွါရအား ထင်ခြင်းသို့ ရောက်၏။

ထိုထင်ခြင်းသို့ရောက်သော ပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ မရဏာသန္နဇော ဝီထိဖြစ်လိုလတ်သည်ရှိသော် စုတေလတ္တံ့သော ရူပါဝစရ တဆဲ့သုံးဘုံတို့တွင် တဘုံဘုံ၌ ရှေးဦးအစဖြစ်ခဲ့ဘူးသော ပဋိသန္ဓေစိတ်နှင့် ဘူမိ ဇာတိ သမ္ပယုတ္တဓမ္မအားဖြင့်တူသော ပဌမစျာန်ဝိပါက်, ဒုတိယစျာန်ဝိပါက်, တတိယစျာန်ဝိပါက်, စတုတ္ထစျာန်ဝိပါက်, ပဥ္စမစျာန်ဝိပါက်ဟုဆိုအပ်သော ရူပဝိပါက် ငါးခုတို့တွင် တခုခုသော ဝိပါက်စိတ်သည် ဖြစ်သင့်သည်အားလျော်စွာ ပဋိသန္ဓေစိတ်၏အာရုံနှင့်တူသော ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်စသော ကာလဝိမုတ်ဖြစ်သော ပညတ် ကမ္မနိမိတ်ဟုဆိုအပ်သော အာရုံကို အာရုံပြု၍ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဟု အမည်ရလျက် **ဘဝင်ကိစ္စ** နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် မနောဒွါရအား ထင်ခြင်းသို့ရောက်သော ပထဝီကသိုဏ်း အစရှိသော ပညတ်ကမ္မနိမိတ်တို့တွင် တပါးပါးသော နိမိတ်အာရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် **အာဝဇ္ဇန်းကိစ္စ** တကြိမ် ဖြစ်၍ ချုပ်၏။

ထိုနောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသောစိတ်သည် ထို မနောဒွါရာ ဝဇ္ဇန်းစိတ်သည် ဆင်ခြင်အပ်သော ပညတ် ကမ္မနိမိတ်အာရုံကိုသာလျှင် အာရုံ ပြု၍ **မရဏာသန္နဇော** ငါးကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် စုတေလတ္တံ့သော ဗြဟ္မာဟု သမုတ်အပ်သောဘဝ၌ ရှေးရှေး သော ဘဝင်စိတ်တို့သည် ယူအပ်သော အာရုံနှင့်တူသော ကာလဝိမုတ် ဖြစ်သော ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်အစရှိသော ပညတ်ကမ္မနိမိတ်ဟု ဆိုအပ်သော အာရုံကို အာရုံပြု၍ ဗြဟ္မာဟု သမုတ်အပ်သောဘဝ၌ ပစ်ချခဲ့ပြီး သော ရူပကုသိုလ်၏ အကျိုးဆက်အကုန်ဟု ဆိုအပ်သော ရူပဘဝင်ငါးခုတို့တွင် တခုခုသော ဘဝင်စိတ်သည် ထိုဖြစ်ဆဲဖြစ်သော ရူပဘုံမှ ကွယ်ပျောက် ရွေ့လျော ခြင်းကိစ္စကိုပြုလျက် **စုတိကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။ ထိုအဆုံးဖြစ်သော စုတိစိတ် ချုပ်သည်နှင့် တပြိုင်နက်။လ။ ချုပ်ကြလေကုန်၏။လ။

**အရိယာဗြဟ္မာတို့ အထက်ဘုံ ပဋိသန္ဓေဖြစ်ခြင်း။** ။ထိုဆိုအပ်ပြီးသော ဗြဟ္မာ ဟု ဆိုအပ်သော ဘဝမှ စုတေသည်ဟု သမုတ်အပ်သော စုတိစိတ်ချုပ်ပြီးနောက် အသညသတ် ကြဉ် သော အထက်အထက်ဖြစ်သော ရူပဘုံတို့တွင် တဘုံဘုံ၌ ထိုက်သည်အားလျော် စွာ အကျိုးပေးလတ္တံ့သော ရူပကုသိုလ် ငါးခုတို့တွင် တခုခုသော ကုသိုလ်ကံ စေတနာသည် အထက် အထက် ဗြဟ္မာ၏ အဖြစ်ဟု ဆိုအပ်သော ဘဝသစ် အကျိုးပေးခွင့်ကို ရ၍ နာနာက္ခဏိကကမ္မပစ္စယဇနကသတ္တိ ပကတူပနိဿယ ပစ္စယဇနကသတ္တိ၏ အစွမ်းအားဖြင့် ဖြစ်စေအပ်သော စုတေစိတ်၏ အခြားမဲ့၌ စုတိစိတ်မှရအပ်သော အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတဟုဆိုအပ် သော ငါးပစ္စယဇနကသတ္တိ၏ အစွမ်းကို ခံယူလျက် ချုပ်ပြီးဖြစ်သော ဗြဟ္မာဟု ခေါ်ဝေါ်အပ်သော ဘဝနှင့် ဖြစ်ဆဲဖြစ်သော ဗြဟ္မာဟု ခေါ်ဝေါ်အပ်သော ဘဝကို ထပ်မံ၍ ဆက်စပ်တတ်သော ရူပဝိပါက်ငါးခုတို့တွင် တခုခုသော ဝိပါက် စိတ်သည် ရအပ်သော အကြောင်းရှိသည်ဖြစ်၍ ရှေးအနန္တရဖြစ်သော ဗြဟ္မာ ဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော ပထဝီကသိုဏ်းပဋိဘာဂနိမိတ် အစ ရှိသော ပညတ် ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ **ပဋိသန္ဓေကိစ္စကို** ပြုလျက် တကြိမ်ဖြစ်၍ ချုပ်လေ၏။

ထို ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်သည်ကိုသာလျှင် စုတေလေပြီးသော အရိယာဖြစ်သော ဗြဟ္မာသည် ထပ်မံ၍ ဗြဟ္မာဘုံ၌ ဗြဟ္မာဖြစ်ပြန်လေပြီဟု ခေါ်ဝေါ် ပြောဆိုအပ်လေ၏။ ထိုသို့ပင် ခေါ်ဝေါ် ပြောဆိုအပ်သော်လည်း ဗြဟ္မာဖြစ်သည်မဟုတ်။ ရူပါဝစရကုသိုလ် ပုညာဘိသင်္ခါရ စေတနာကံ၏ အကျိုး ဖြစ်သော အသိဝိညာဏ်သည်သာလျှင် စင်စစ် ဖြစ်ပေါ်လာသည်ဟု မှတ် ကြလေ။လ။

ထို ပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်လာသောအခါ ပညတ်ကမ္မနိမိတ် တပါးတည်းကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာသည်ဟု မှတ်ကြလေ။

**ပဋိသန္ဓေ သမ္ပယုတ်တရားနှင့် ပဝတ္တိဝိညာဏ်။** ။ထို ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်၍ ချုပ်ပြီးနောက် ၎င်းပဋိသန္ဓေ ဝိညာဏ်စိတ်၏ အခြားမဲ့၌လည်း ထိုပဋိသန္ဓေဝိညာဏ်ကို ဖြစ်စေတတ်သော ရူပကုသိုလ်ပုညာဘိသင်္ခါရ စေတနာကံ၏ အကျိုးဖြစ်သော။ လ။ ရူပဝိပါက် ငါးခုတို့တွင် တခုခုသော ဝိပါက်စိတ်သည် ထိုပဋိသန္ဓေဝိညာဏ်စိတ်သည် ယူအပ်သော ပညတ်ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ အစဖြစ်ပေါ်သော ပြဟ္မာဟု သမုတ်အပ်သော ဖြစ်ဆဲဖြစ်သော ဘဝကို မပြတ်စေဘဲလျက် ဆက်ကာ ဆက်ကာ ဘဝင်ကိစ္စ ဖြစ်လေ၏။ အဆုံး၌လည်း စုတိကိစ္စဖြစ်၍ ချုပ်ကွယ်လေ၏။

ဤ ပြဆိုအပ်ပြီးသော ပဋိသန္ဓေဝိညာဏ်နောင် ဆက်ကာဆက်ကာ စုတိကျသည်တိုင်အောင် ဖြစ်ပေါ်၍ ချုပ်ကြလေသမျှသော ဘဝင်စိတ်အစဉ်ကို **ပဝတ္တိဝိညာဏ်**ဟု ခေါ်ဆိုသမုတ်အပ်လေသည်။ လ။

ဤ ယခု ပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်မှုနည်းသည် ရှေး၌ ဖော်ပြခဲ့ပြီးသော ရူပါဝစရ တဆဲ့သုံးဘုံမှ စုတေ၍ အထက်အထက်ဖြစ်သော ရူပပြဟ္မာဘုံ၌ ဖြစ်လတ္တံ့သော အရိယာဖြစ်ကုန်သော ရူပပြဟ္မာတို့၏ ရှေးမရဏာသန္နဇောသည်ယူအပ်သော ပညတ်ကမ္မနိမိတ်ကိုအာရုံပြု၍ စုတေခဲ့သော ပြဟ္မာဘဝနှင့် ထပ်မံ၍ဖြစ်သော ပြဟ္မာဘဝကို ဆက်စပ်တတ်သော ပဋိသန္ဓေ ဝိညာဏ်စိတ် ဖြစ်ပုံကို ပြဆိုအပ်သော နည်းပေတည်း။

### ဝေဟပ္ဖိုလ်တိုင်ရှိသော ရူပ(၁၀)ဘုံမှ စုတေ၍ အရူပ(၄)ဘုံ၌ ပဋိသန္ဓေဝိညာဏ် ဖြစ်ပုံကို ပြဆိုချက်

**အရူပပြဟ္မာဖြစ်မည့်ကမ္မနိမိတ် ၄-မျိုး။** ။အကြင် အကြင် သမုတ်အပ်သော ပဌမစျာန်သုံးဘုံ ဒုတိယစျာန်သုံးဘုံ တတိယစျာန်သုံးဘုံ ဝေဟပ္ဖိုလ်၊ ဤဆိုအပ်ပြီးသော ရူပါဝစရ ဆယ်ဘုံတို့တွင် တဘုံဘုံမှ စုတေသော အရိယာပုထုဇန်ဖြစ်သော ပြဟ္မာသည် အရူပစျာန်ကိုရ၍ အရူပလေးဘုံတို့တွင် တဘုံဘုံ၌ ထိုက်သည်အားလျော်စွာ ဖြစ်လိုလတ်သည်ရှိသော် မရဏာသန္နဇောမကျမီ ရှေးအဘို့ကပင် တင်ကူး၍ ပစ်ချလတ္တံ့သော အရူပကုသိုလ် အာနေဉ္ဇာဘိသင်္ခါရ စေတနာကံလေးခုတို့တွင် တခုခုသော **စေတနာကံကြောင့်—**

ကသိုဏ်းကိုခွါ၍ ရအပ်သော **အာကာသပညတ်ကမ္မနိမိတ်၊**

အာကာသာနဉ္စာယတန ကုသိုလ်ဝိညာဏ်တည်းဟူသော **မဟဂ္ဂုတ်ကမ္မနိမိတ်၊**

အာကာသာနဉ္စာယတန ကုသိုလ်ဝိညာဏ်၏ စိုးစဉ်းဘင်မျှ မရှိခြင်းတည်းဟူသော **အဘာဝပညတ်ကမ္မနိမိတ်၊**

သိမ်မွေ့စွာဖြစ်သော အာကိဉ္စညာယတန ကုသိုလ်ဝိညာဏ် တည်းဟူသော **မဟဂ္ဂုတ်ကမ္မနိမိတ်။**

ဤဆိုအပ်ပြီးသော ကမ္မနိမိတ်လေးပါးတို့တွင် တပါးပါးသော ကမ္မနိမိတ်သည် ထိုက်သည်အားလျော်စွာ မနောဒွါရအား ထင်ခြင်းသို့ ရောက်လေ၏။

**စလနဘဝင်၊ ဥပစ္ဆေဒဘဝင်။** ။ထိုသို့ ထင်ခြင်းသို့ရောက်သော နိမိတ်လေးပါးတို့တွင် တပါးပါးသော နိမိတ်ကို အာရုံပြု၍ မရဏာသန္နဇောဝီထိ ဖြစ်လိုလတ်သည် ရှိသော် စုတေ့လတ္တံ့သော ရူပါဝစရဆယ်ဘုံတို့တွင် တဘုံဘုံ၌ ရှေးဦးအစ ဖြစ်ခဲ့ဘူးသော ပဋိသန္ဓေစိတ်နှင့် ဘူမိဇာတိ သမ္ပယုတ္တဓမ္မအားဖြင့် တူသော ပဌမစျာန်ဝိပါက် ဒုတိယစျာန်ဝိပါက် တတိယစျာန်ဝိပါက် စတုတ္ထစျာန်ဝိပါက် ပဉ္စမစျာန်ဝိပါက် ဟု ဆိုအပ်သော ရူပ-ဝိပါက်ငါးခုတို့တွင် တခုခုသော ဝိပါက်စိတ်သည် ဖြစ်သင့်သည်အားလျော်စွာ ပဋိသန္ဓေစိတ်၏ အာရုံနှင့်တူသော ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်စသော ကာလဝိမုတ်ဖြစ်သော ပညတ်ကမ္မနိမိတ်ဟု ဆိုအပ်သော အာရုံကို အာရုံပြု၍ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဟု အမည်ရလျက် **ဘဝင်ကိစ္စ** နှစ်ကြိမ်ဖြစ်၍ ချုပ်**၏**။

**မနောဒွါရာဝဇ္ဇန်း။** ။ထိုနောင် မနောဒွါရအား ထင်ခြင်းသို့ ရောက်သော ကသိုဏ်းပဋိဘာဂနိမိတ်ကို ခွါ၍ ရအပ်သော အာကာသပညတ်ကမ္မနိမိတ်၊ အာကာသာနဉ္စာယတနကုသိုလ်ဝိညာဏ် တည်းဟူသော မဟဂ္ဂုတ်ကမ္မနိမိတ်၊ အာကာသာနဉ္စာယတနကုသိုလ် ဝိညာဏ်၏ စိုးစဉ်းဘင်မျှ မရှိခြင်းတည်းဟူသော အဘာဝပညတ်ကမ္မနိမိတ်၊ သိမ်မွေ့သော အာကိဉ္စညာယတန ကုသိုလ်ဝိညာဏ်တည်းဟူသော မဟဂ္ဂုတ်ကမ္မနိမိတ်၊ ဤဆိုအပ်ပြီးသော လေးပါးကုန်သော ကမ္မနိမိတ်တို့တွင် တပါးပါးသော နိမိတ်ကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် **အာဝဇ္ဇန်းကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

**စုတေခါနီး မဟာကုသိုလ်ဇော ၅-ကြိမ်။** ။ထိုနောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသောစိတ်သည် ထိုမနော-ဒွါရာဝဇ္ဇန်းစိတ်သည် ဆင်ခြင်အပ်သော ရှေး၌ ပြဆိုခဲ့ပြီးသော ပညတ်မဟဂ္ဂုတ်

ကမ္မနိမိတ်လေးပါးတို့တွင် တပါးပါးသော ကမ္မနိမိတ်ကိုသာလျှင် **အာရုံပြု၍ မရဏာသန္နဇော** ငါးကြိမ်ဖြစ်၍ ချုပ်၏။

**ရူပဗြဟ္မာစုတိစိတ်။** ။ထိုနောင် စုတေလတ္တံ့သော ရူပဗြဟ္မာဟု **သမုတ်အပ်** သော ဘဝ၌ ရှေးရှေးသော ဘဝင်စိတ်တို့သည် ယူအပ် **သော** အာရုံနှင့်တူသော ကာလဝိမုတ်ဖြစ်သော ပထဝီကသိုဏ်းပဋိဘာဂနိမိတ် **အစရှိသော** ပညတ်ကမ္မနိမိတ်ဟု ဆိုအပ်သော အာရုံကို အာရုံပြု၍ ရူပဗြဟ္မာဟု သမုတ်အပ်သော ဘဝ၌ ပစ်ချခဲ့ပြီးသော ရူပကုသိုလ်အကျိုးဆက်အကုန်ဟု ဆိုအပ်သော ရူပဘဝင်ငါးခုတို့တွင် တခုခုသော ဘဝင်စိတ်သည် ထိုဖြစ်ဆဲ ဖြစ်သော ရူပဘုံမှ ကွယ်ပျောက်ရွေ့လျောခြင်းကိစ္စကို ပြုလျက် **စုတိကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

**အရူပဗြဟ္မာပဋိသန္ဓေစိတ်။** ။ထိုအဆုံးဖြစ်သော စုတိစိတ် ချုပ်သည်တပြိုင်နက်။လ။ချုပ်ကြလေကုန်၏။လ။ ထိုဆိုအပ်ပြီးသော ရူပဗြဟ္မာဟု ဆိုအပ်သောဘဝမှ စုတေသည်ဟု သမုတ်အပ်သော စုတေစိတ် ချုပ်ပြီးနောက် အရူပလေးဘုံတို့တွင် တဘုံဘုံ၌ ထိုက်သည်အားလျော်စွာ အကျိုးပေးလတ္တံ့သော အရူပကုသိုလ်လေးခုတို့တွင် တခုခုသော ကုသိုလ်ကံစေတနာသည် အရူပဗြဟ္မာဟု ဆိုအပ်သောဘဝ၌ အကျိုးပေးခွင့်ကို ရ၍ နာနာက္ခဏိက ကမ္မပစ္စယ ဇနကသတ္တိ ပကတူပနိဿယ ပစ္စယ ဇနကသတ္တိ၏ အစွမ်းအားဖြင့် ဖြစ်စေအပ်သော စုတိစိတ်၏ အခြားမဲ့၌ စုတိစိတ်မှ ရအပ်သော အနန္တရ,သမနန္တရ,အနန္တရူပနိဿယ,နတ္ထိ,ဝိဂတဟု ဆိုအပ်သော ငါးပစ္စယ ဇနကသတ္တိ၏ အစွမ်းကို ခံယူလျက် ချုပ်ပြီးသော ရူပဗြဟ္မာဟု ခေါ်ဝေါ်အပ်သောဘဝနှင့် ဖြစ်ဆဲဖြစ်သော အရူပဗြဟ္မာဟု ခေါ်ဝေါ်အပ်သောဘဝကို ထပ်မံ၍ ဆက်စပ်တတ်သော အရူပဝိပါက်လေးခုတို့တွင် တခုခုသော ဝိပါက်စိတ်သည် ရအပ်သောအကြောင်းရှိသည်ဖြစ်၍ ရှေးအနန္တရဖြစ်သော ဗြဟ္မာဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော ပညတ် မဟဂ္ဂုတ် ကမ္မနိမိတ်လေးပါးတို့တွင် ထိုက်သည်အားလျော်စွာ တပါးပါးကို အာရုံပြု၍ ပဋိသန္ဓေကိစ္စကို ပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

ထိုပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်သည်ကိုသာလျှင် စုတေလေပြီးသော ရူပဗြဟ္မာသည် ထပ်မံ၍ အရူပဘုံ၌အရူပဗြဟ္မာ ဖြစ်ပြန်လေပြီ ဟု ခေါ်ဝေါ်ပြောဆိုအပ်လေ၏။ ထိုသို့ပင် ခေါ်ဝေါ်ပြောဆိုအပ်သော်လည်း အရူပဗြဟ္မာဖြစ်သည် မဟုတ်၊ အရူပါဝစရကုသိုလ် အာနေဉ္ဇာဘိသင်္ခါရစေတနာကံ၏ အကျိုးဖြစ်သော အသိဝိညာဏ်သည်သာလျှင် စင်စစ် ဖြစ်ပေါ်လာသည်ဟု မှတ်လေ။

**အရူပပဋိသန္ဓေ သမ္ပယုတ်တရားများ။** ။ထိုအသိဝိညာဏ်စိတ် ဖြစ်ပေါ်လာသည့်တပြိုင်နက် ၎င်း အသိဝိညာဏ်နှင့် ယှဉ်တွဲ၍ ဖြစ်ပေါ်ကုန်သော ဖဿအစရှိကုန်သော သုံးဆယ်ကုန်သော သမ္ပယုတ္တနာမက္ခန္ဓာ တရားတို့သည်လည်း ထိုပဋိသန္ဓေဝိညာဏ်စိတ်နှင့် အတူတကွ ဖြစ်ပေါ်ကြလေကုန်၏။

**အာကာသာနဉ္စာယတနပဋိသန္ဓေအာရုံ။** ။ထိုပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်လာသောအခါ အကယ်၍ အာကာသာနဉ္စာယတနဘုံ၌သာလျှင် ဖြစ်ပေါ်ခဲ့သည်ဖြစ်အံ့။ ကသိုဏ်းပဋိဘာဂနိမိတ်ကို ခွါ၍ ရအပ်သော ကောင်းကင်ပညတ် ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လေ၏။

**ဝိညာဏဉ္စာယတနပဋိသန္ဓေအာရုံ။** ။အကယ်၍ ဝိညာဏဉ္စာယတန ဘုံ၌သာလျှင် ဖြစ်ပေါ်ခဲ့သည် ဖြစ်အံ့။ အာကာသာနဉ္စာယတနကုသိုလ်ဝိညာဏ်တည်းဟူသော မဟဂ္ဂုတ် ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လေ၏။

**အာကိဉ္စညာယတနပဋိသန္ဓေအာရုံ။** ။အကယ်၍ အာကိဉ္စညာယတနဘုံ၌သာလျှင် ဖြစ်ပေါ်ခဲ့သည်ဖြစ်အံ့။ အာကာသာနဉ္စာယတနကုသိုလ်၏ စိုးစဉ်းဘင်မျှ မရှိခြင်းတည်းဟူသော အဘာဝပညတ် ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လေ၏။

**နေဝသညာပဋိသန္ဓေအာရုံ။** ။အကယ်၍ နေဝသညာနာသညာယတနဘုံ၌သာလျှင် ဖြစ်ပေါ်ခဲ့သည်ဖြစ်အံ၊ သိမ်မွေ့သော အာကိဉ္စညာယတနကုသိုလ်ဝိညာဏ်တည်းဟူသော မဟဂ္ဂုတ် ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လေ၏။ ဤသို့လျှင် အရူပလေးဘုံ၌ ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်ပုံကို မှတ်သားကြလေ။

**ဝေဟပ္ဖိုလ်,အကနိဋ္ဌဘုံမှ အရိယာတို့ အခြားဘုံ မရောက်ပုံ** ဤပြဆိုအပ်ပြီးသော ရူပါဝစရဘုံတို့တွင် ဝေဟပ္ဖိုလ်,အကနိဋ္ဌဘုံတို့၌ ဖြစ်ကုန်သော အရိယာဖြစ်ကုန်သော ပြဟ္မာ တို့သည် တပါးသောဘုံ၌ ဖြစ်လေ့မရှိကုန်။ ထိုဒိမိတို့ ဖြစ်ရာဘုံ၌သာလျှင် ရဟန္တာဖြစ်ကုန်၍ ပရိနိဗ္ဗာန် စံကုန်၏။

**အရိယာပြဟ္မာတို့ အောက်ဘုံသို့ မဆင်းပုံ။** ။ထိုမှ တပါးလည်း အထက်အထက် ပြဟ္မာဘုံ၌ အရိယာဖြစ်ကုန်သော ပြဟ္မာတို့သည် အခါခပ်သိမ်း အောက်အောက်ဖြစ်သော ပြဟ္မာဘုံတို့၌ ပဋိသန္ဓေနေသည် မရှိကုန်။ ထိုသို့ မနေသည်၏အဖြစ်ကိုလည်း

ဝေဟပ္ဖလေ အကနိဋ္ဌေ၊ ဘဝဂ္ဂေ စ ပတိဋ္ဌိတာ။
န ပုနာညတ္ထ ဇာယန္တိ၊ သဗ္ဗေ အရိယပုဂ္ဂလာ။
ဗြဟ္မလောကဂတာ ဟေဋ္ဌာ၊ အရိယာ နောပပဇ္ဇရေ။

ဟူ၍ လာသောဂါထာကို ထောက်၍ သိကြလေ။

အနက်သိကြောင်း မြန်မာပြန်ကား—

ဝေဟပ္ဖလေ စ၊ ဝေဟပ္ဖိုလ်ဘုံ၌၎င်း။ **အကနိဋ္ဌေ စ၊ အကနိဋ္ဌဘုံ၌၎င်း။** ဘဝဂ္ဂေ စ၊ ဘဝဂ်ဟု ခေါ်ဆိုအပ်သော နေဝသညာနာသညာယတနဘုံ၌၎င်း။ ပတိဋ္ဌိတာ၊ တည်ကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်သော။ အရိယပုဂ္ဂလာ၊ အရိယာပုဂ္ဂိုလ်တို့သည်။ ပုန၊ တဖန်။ အညတ္ထ၊ တပါးသောဘုံ၌။ န ဇာယန္တိ၊ ဖြစ်ပေါ်မှုမရှိကုန်။ ဗြဟ္မလောကဂတာ၊ အထက်အထက် ဗြဟ္မာဘုံ၌ ဖြစ်ကုန်သော အရိယာတို့သည်။ ဟေဋ္ဌာ၊ အောက်အောက်ဖြစ်သော ဗြဟ္မာဘုံ၌။ နောပပဇ္ဇရေ၊ ဖြစ်ပေါ်မှုမရှိကုန်။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ဝေဟပ္ဖိုလ် အကနိဋ္ဌဘုံတို့၌ ဖြစ်ကုန်သော အရိယာတို့သည် တပါးသောဘုံတို့သို့ ပြောင်း၍ ဖြစ်ပေါ်မှု မရှိသည်၏ အဖြစ်ကို၎င်း၊ အထက်အထက်ဘုံ၌ ဖြစ်ကုန်သော အရိယာ ဗြဟ္မာတို့သည် အောက်အောက်ဖြစ်သော ဗြဟ္မာဘုံတို့၌ ဖြစ်ပေါ်မှု မရှိသည်၏ အဖြစ်ကို၎င်း ထင်ရှား သိကြလေကုန်။ **ဤကား မှတ်ရန် အထူးပေတည်း။**

**အရူပပဝတ္တိဝိညာဏ်စိတ်။** ။ထိုဆိုအပ်ပြီးသော ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်၍ ချုပ်ပြီးနောက် ၎င်းပဋိသန္ဓေဝိညာဏ်စိတ်၏ အခြားမဲ့၌လည်း ထိုပဋိသန္ဓေဝိညာဏ်ကိုဖြစ်စေတတ်သော အရူပကုသိုလ် အာနေဉ္ဇာဘိသင်္ခါရစေတနာကံ၏ အကျိုးဖြစ်သော။လ။ အရူပဝိပါက်လေးခုတို့တွင် တခုခုသော ဝိပါက်စိတ်သည် ထိုပဋိသန္ဓေ ဝိညာဏ်စိတ်သည် ယူအပ်သော ပညတ်ကမ္မနိမိတ် မဟဂ္ဂုတ်ကမ္မနိမိတ်တို့တွင် တပါးပါးကိုသာလျှင် ထိုက်သည်အား လျော်စွာ အာရုံပြု၍ အစဖြစ်ပေါ်သော အရူပဗြဟ္မာဟု သမုတ်အပ်သော ဖြစ်ဆဲဖြစ်သော ဘဝကို မပြတ်စေဘဲလျက် ဆက်ကာဆက်ကာ ဘဝင်ကိစ္စဖြစ်လေ၏။ **အဆုံး၌လည်း** စုတိကိစ္စဖြစ်၍ ချုပ်လေ၏။

ဤ ပြဆိုအပ်ပြီးသော ပဋိသန္ဓေ ဝိညာဏ်နောင် ဆက်ကာဆက်ကာ စုတိကျသည့်တိုင်အောင် ဖြစ်ပေါ်၍ ချုပ်ကြလေသမျှသော ဘဝင်စိတ်အစဉ်ကို **ပဝတ္တိဝိညာဏ်**ဟု ခေါ်ဆို သမုတ်အပ်လေသည်။လ။

ဤ ယခုပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်မှုနည်းသည် ရှေး၌ ဖော်ပြခဲ့ပြီးသော ရူပါဝစရဆယ်ဘုံမှ စုတေ၍ အရူပလေးဘုံ၌ ဖြစ်လတ္တံ့သော

အရူပါဝစရ ပြဟ္မာတို့၏ ရှေးမရဏာသန္နဇောသည် ယူအပ်သော ပညတ်ကမ္မ နိမိတ်, မဟဂ္ဂုတ် ကမ္မနိမိတ်တို့တွင် တပါးပါးကို အာရုံပြု၍ စုတေခဲ့သော ပြဟ္မာဘဝနှင့် ထပ်မံ၍ဖြစ်သော အရူပပြဟ္မာဘဝကို ဆက်စပ်တတ်သော ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပုံကို ပြဆိုအပ်သော နည်းပေတည်း။

အရူပ (၄) ဘုံမှ စုတေ၍
**အရူပ (၄) ဘုံ၌ ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပုံကို ပြဆိုချက်**
**အာကာသာနဉ္စဘုံမှ အရူပ ၄-ဘုံသို့ဖြစ်ပုံ**

**အရူပ ၄-ဘုံရောက်မည့် ကမ္မနိမိတ် ၄-ပါး။** ။အကြင်အကြင် သမုတ်အပ်သော အာကာသာနဉ္စာယတနဘုံ၌ ဖြစ်သော အရူပပြဟ္မာတို့သည် အရူပဈာန်ကိုရ၍ ၎င်းအာကာသာနဉ္စာယတနဘုံမှ စုတေ၍ ၎င်းအာကာသာနဉ္စာယတနဘုံ၌၎င်း၊ အထက်အထက် ဖြစ်ကုန်သော ဝိညာဏဉ္စာယတနဘုံ အာကိဉ္စညာယတနဘုံ နေဝသညာနာသညာယတန ဘုံဟု ဆိုအပ်ကုန်သော အရူပဘုံတို့၌၎င်း။ ဤ ဆိုအပ်ပြီးသော အရူပလေးဘုံ တို့တွင် တဘုံဘုံ၌ ထိုက်သည်အားလျော်စွာ ဖြစ်လိုလတ်သည်ရှိသော် မရဏာ သန္နဇောမကျမီ ရှေးအဘို့ကပင် တင်ကူး၍ ပစ်ချလတ္တံ့သော အရူပကုသိုလ် **အာနေဉ္စာဘိသင်္ခါရစေတနာ**ကံ လေးခုတို့တွင် တခုခုသော စေတနာ ကံကြောင့်—

ကသိုဏ်းပညတ်ကို ခွါ၍ရအပ်သော **ကောင်းကင်ပညတ်ကမ္မနိမိတ်၊**

အာကာသာနဉ္စာယတနကုသိုလ် ဝိညာဏ်တည်းဟူသော **မဟဂ္ဂုတ် ကမ္မနိမိတ်၊**

အာကာသာနဉ္စာယတနကုသိုလ် ဝိညာဏ်၏ စိုးစဉ်းဘင်မျှ မရှိခြင်း တည်းဟူသော **အဘာဝပညတ်ကမ္မနိမိတ်၊**

သိမ်မွေ့စွာဖြစ်သော အာကိဉ္စညာယတနကုသိုလ်ဝိညာဏ် တည်းဟူ သော **မဟဂ္ဂုတ်ကမ္မနိမိတ်။**

ဤဆိုအပ်ပြီးသော ကမ္မနိမိတ်လေးပါးတို့တွင် တပါးပါးသော ကမ္မနိမိတ် သည် ထိုက်သည်အားလျော်စွာ မနောဒွါရအား ထင်ခြင်းသို့ ရောက်လေ၏။

**အရူပဘဝင် ၂-ကြိမ်။** ။ထို ထင်ခြင်းသို့ရောက်သော နိမိတ်လေးပါးတို့တွင် တပါးပါးသော နိမိတ်ကို အာရုံပြု၍ မရဏာသန္နဇော- ဝီထိ ဖြစ်လိုလတ်သည်ရှိသော် စုတေလတ္တံ့သော **အာကာသာနဉ္စာယတနဘုံ၌**

ရှေးဦးအစ ဖြစ်ခဲ့ဘူးသော ပဋိသန္ဓေစိတ်နှင့် ဘူမိ ဇာတိ သမ္ပယုတ္တဓမ္မအားဖြင့် တူသော အာကာသာနဉ္စာယတန ဝိပါက်စိတ်သည် ပဋိသန္ဓေ ဝိညာဏ်စိတ်၏ အာရုံနှင့်တူသော ကသိုဏ်းပဋိဘာဂနိမိတ်ကို ခွါ၍ရအပ်သော ကောင်းကင် ပညတ် ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝင်စလန ဘဝင်ုပစ္ဆေဒဟူသော အမည်ကို ရလျက် **ဘဝင်ကိစ္စ** နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

**မနောဒွါရာဝဇ္ဇန်း။** ။ထိုနောင် မနောဒွါရအား ထင်ခြင်းသို့ ရောက်သော ကသိုဏ်းပဋိဘာဂနိမိတ်ကို ခွါ၍ ရအပ်သော ကောင်းကင်ပညတ်ကမ္မနိမိတ်၊ အာကာသာနဉ္စာယတနကုသိုလ် ဝိညာဏ်တည်းဟူသော မဟဂ္ဂုတ်ကမ္မနိမိတ်၊ အာကာသာနဉ္စာယတနကုသိုလ် ဝိညာဏ်၏ စိုးစဉ်းဘင်မျှ မရှိခြင်းတည်းဟူသော အဘာဝပညတ်ကမ္မနိမိတ်၊ သိမ်မွေ့စွာသော အာကိဉ္စညာယတန ကုသိုလ်ဝိညာဏ်တည်းဟူသော မဟဂ္ဂုတ်ကမ္မနိမိတ်။ ဤဆိုအပ်ပြီးသော လေးပါးကုန်သော ကမ္မနိမိတ်တို့တွင် တပါးပါးသော နိမိတ်ကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း စိတ်သည် အာဝဇ္ဇန်းကိစ္စ ၁ကြိမ် ဖြစ်၍ ချုပ်၏။

**အရူပဖြဟ္မာ၏ မရဏာသန္နဇော။** ။ထိုနောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသော စိတ်သည် ထိုမနောဒွါရာဝဇ္ဇန်း စိတ်သည် ဆင်ခြင်အပ်သော ရှေး၌ ပြဆိုအပ်ပြီးသော ပညတ်မဟဂ္ဂုတ်ကမ္မနိမိတ် လေးပါးတို့တွင် တပါးပါးသော ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ မရဏာသန္နဇော ငါးကြိမ်ဖြစ်၍ ချုပ်၏။

**အာကာသာနဉ္စုတိစိတ်။** ။ထိုနောင် စုတေလတ္တံ့သော အာကာသာနဉ္စာယတနဖြဟ္မာဟု သမုတ်အပ်သော ဘဝ၌ ပစ်ချခဲ့ပြီးသော အာကာသာနဉ္စာယတနကုသိုလ်၏ အကျိုးဆက် အကုန်ဟု ဆိုအပ်သော အာကာသာနဉ္စာယတနဝိပါက်ဟု ဆိုအပ်သော ဘဝင်စိတ်သည် ထိုဖြစ်ဆဲဖြစ်သော အာကာသာနဉ္စာယတန’ဟု ဆိုအပ်သော အရူပဘုံမှ ကွယ်ပျောက်ရွေ့လျောခြင်းကိစ္စကို ပြုလျက် **စုတိကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

ထိုအဆုံးဖြစ်သော စုတိစိတ် ချုပ်သည်တပြိုင်နက် ၎င်းစုတိစိတ်နှင့် အတူတကွ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်ကုန်သော စေတသိက်တို့သည်လည်း ၎င်းစုတိစိတ်နှင့် မရှေးမနှောင်း တကွနက်ချုပ်ကြလေကုန်၏။လ။

**အရူပဖြဟ္မာပဋိသန္ဓေစိတ်။** ။ထို ဆိုအပ်ပြီးသော အာကာသာနဉ္စာယတန အရူပဖြဟ္မာဟုဆိုအပ်သော ဘဝမှ စုတေသည်ဟု သမုတ်အပ်သော စုတိစိတ်ချုပ်ပြီးနောက် ရှေး၌ပြဆိုအပ်ပြီးသော အရူပ

လေးဘုံတို့တွင် တဘုံဘုံ၌ ထိုက်သည်အားလျော်စွာ အကျိုးပေးလတ္တံ့သော အရူပကုသိုလ်လေးခုတို့တွင် တခုခုသော ကုသိုလ်ကံစေတနာသည် အရူပဗြဟ္မာဟု ဆိုအပ်သော ဘဝသစ်၌ အကျိုးပေးခွင့်ကိုရ၍ နာနာက္ခဏိက ကမ္မပစ္စယ-ဇနကသတ္တိ ပကတူပနိဿယ ပစ္စယဇနကသတ္တိ၏ အစွမ်းအားဖြင့် ဖြစ်စေအပ်သော စုတိစိတ်၏အခြားမဲ့၌ စုတိစိတ်မှ ရအပ်သော အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတဟု ဆိုအပ်သော ငါးပစ္စယ ဇနက သတ္တိ၏ အစွမ်းကိုခံယူလျက် ချုပ်ပြီးဖြစ်သော အာကာသာနဉ္စာယတန ဗြဟ္မာဟုခေါ်အပ်သော ဘဝနှင့် ဖြစ်ဆဲဖြစ်သော အရူပဗြဟ္မာဟု ခေါ်ဝေါ်အပ်သောဘဝကို ထပ်မံ၍ ဆက်စပ်တတ်သော အရူပဝိပါက်လေးခုတို့တွင် တခုခုသော ဝိပါက်စိတ်သည် ရအပ်သော အကြောင်းရှိသည်ဖြစ်၍ ရှေးအနန္တရဖြစ်သော အာကာသာနဉ္စာ-ယတနဘဝ၌ မရဏာသန္နဇောသည်ယူအပ်သော ပညတ်မဟဂ္ဂုတ်ကမ္မနိမိတ်လေးပါးတို့တွင် ထိုက်သည်အားလျော်စွာ တပါးပါးသော နိမိတ်ကို အာရုံပြု၍ ပဋိသန္ဓေ ကိစ္စကို ပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

ထို ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်သည်ကိုသာလျှင် စုတေလေပြီးသော အာကာသာနဉ္စာယတနအရူပဗြဟ္မာသည် ထပ်မံ၍ အရူပဘုံ၌ အရူပဗြဟ္မာဖြစ်ပြန်လေပြီဟု ခေါ်ဝေါ်ပြောဆိုအပ်လေ၏။ ထိုသို့ပင် ခေါ်ဝေါ်ပြောဆိုအပ်သော်လည်း အရူပဗြဟ္မာဖြစ်သည် မဟုတ်၊ အရူပါဝစရကုသိုလ် အာနေဉ္စာဘိ-သင်္ခါရစေတနာကံ၏ အကျိုးဖြစ်သော အသိဝိညာဏ်သည်သာလျှင် စင်စစ်ဖြစ်ပေါ်လာကြသည်ဟု မှတ်ကြလေ။

ထိုအသိဝိညာဏ်စိတ် ဖြစ်ပေါ်လာသည်တပြိုင်နက် ၎င်းအသိဝိညာဏ်နှင့်ယှဉ်၍ ဖြစ်ကုန်သော ဖဿ အစရှိကုန်သော သုံးဆယ်ကုန်သော သမ္ပယုတ္တနာမက္ခန္ဓာတရားတို့သည် ထိုပဋိသန္ဓေဝိညာဏ်စိတ်နှင့် အတူတကွ ဖြစ်ပေါ်ကြလေကုန်၏။

**အရူပ ပဋိသန္ဓေ ၄-ပါး၏ အာရုံ။** ။ထိုပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်လာသောအခါ အကယ်၍ အာကာသာနဉ္စာယတနဘုံ၌သာလျှင် ဖြစ်ပေါ်ခဲ့သည်ဖြစ်အံ့။ ကသိုဏ်းပဋိဘာဂနိမိတ်ကို ခွါ၍ရအပ်သော ကောင်းကင်ပညတ်ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လေ၏။

အကယ်၍ ဝိညာဏဉ္စာယတန ဘုံ၌သာလျှင် ဖြစ်ပေါ်ခဲ့သည်ဖြစ်အံ့။ အာ-ကာသာနဉ္စာယတနကုသိုလ် ဝိညာဏ်တည်းဟူသော မဟဂ္ဂုတ်ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လေ၏။

အကယ်၍ အာကိဉ္စညာယတနဘုံ၌သာလျှင် ဖြစ်ပေါ်ခဲ့သည်ဖြစ်အံ့။ အာ-ကာသာနဥ္စာယတနကုသိုလ် ဝိညာဏ်၏ စိုးစဉ်းဘင်မျှ မရှိခြင်းတည်းဟူသော အဘာဝပညတ် ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လေ၏။

အကယ်၍ နေဝသညာနာသညာယတနဘုံ၌သာလျှင် ဖြစ်ပေါ်ခဲ့သည် ဖြစ်အံ့။ သိမ်မွေ့စွာသော အာကိဉ္စညာယတနကုသိုလ် ဝိညာဏ်တည်းဟူသော မဟဂ္ဂုတ် ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လေ၏။

ဤသို့လျှင် အာကာသာနဥ္စာယတနဘုံမှ စုတေ၍ အရူပလေးဘုံ၌ ထပ်မံ၍ ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပုံကို မှတ်သားကြလေ။

ထိုပဋိသန္ဓေ ဝိညာဏ်စိတ် ဖြစ်ပေါ်၍ ချုပ်ပြီးသည်နောက် ၎င်းပဋိသန္ဓေ ဝိညာဏ်စိတ်၏ အခြားမဲ့၌လည်း ထိုပဋိသန္ဓေဝိညာဏ်ကို ဖြစ်စေတတ်သော အရူပကုသိုလ် အာနေဥ္စာဘိသင်္ခါရ စေတနာကံ၏ အကျိုးဖြစ်သော အရူပဝိပါက် လေးခုတို့တွင် တခုခုသော ဝိပါက်စိတ်သည် ထိုပဋိသန္ဓေဝိညာဏ်စိတ်သည် ယူအပ်သော ပညတ်ကမ္မနိမိတ် မဟဂ္ဂုတ်ကမ္မနိမိတ်တို့တွင် ထိုက်သည်အားလျော်စွာ တပါးပါးသောနိမိတ်ကို အာရုံပြု၍ အစဖြစ်ပေါ်သော အရူပဖြဟ္မာဟု သမုတ်အပ်သောဘဝကို မပြတ်စေဘဲလျက် ဆက်ကာ ဆက်ကာ ဘဝင်ကိစ္စ ဖြစ်လေ၏၊ အဆုံး၌ စုတိကိစ္စဖြစ်၍ ချုပ်ကွယ်လေ၏။

ဤပြဆိုအပ်ပြီးသော ပဋိသန္ဓေဝိညာဏ်နောင် ဆက်ကာဆက်ကာ စုတိကျသည်တိုင်အောင် ဖြစ်ပေါ်၍ ချုပ်ကြလေသမျှသော ဘဝင်စိတ်အစဉ်ကို ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုသမုတ်အပ်လေသည်။လ။

ဤယခုပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်မှုနည်းသည် အာကာ-သာနဥ္စာယတနဘုံမှ စုတေ၍ အရူပလေးဘုံ၌ ဖြစ်လတ္တံ့သော အရူပဗြဟ္မာတို့၏ ရှေးမရဏာသန္နဇောသည် ယူအပ်သော ပညတ်ကမ္မနိမိတ် မဟဂ္ဂုတ်ကမ္မ-နိမိတ်တို့တွင် တပါးပါးကို အာရုံပြု၍ အရူပ ဗြဟ္မာဘဝနှင့် အရူပ ဗြဟ္မာဘဝကို ဆက်စပ်တတ်သော ပဋိသန္ဓေ ဝိညာဏ်စိတ်ဖြစ်ပုံကို ပြဆိုအပ်သော နည်း ပေတည်း။

## ဝိညာဏဥ္စာဘုံမှ အရူပ ၃-ဘုံသို့ ရောက်ပုံ

**အထက်အရူပဘုံ ၃-ဘုံရောက်မည့် ကမ္မနိမိတ် ၃-ပါး။** ။အကြင်အကြင် သမုတ်အပ်သော ဝိညာဏဥ္စာယတနဘုံ၌ ဖြစ်သော အရူပဗြဟ္မာတို့သည် အရူပစျာန်ကိုရ၍ ၎င်းဝိညာဏဥ္စာ-ယတနဘုံမှ စုတေ၍ ၎င်းဝိညာဏဥ္စာယတန ဘုံ၌၎င်း၊ အထက် အထက် ဖြစ်ကုန်သော အာကိဉ္စညာယတနဘုံ နေဝသညာနာသညာယတနဘုံဟု ဆိုအပ်

ကုန်သော အရူပဘုံတို့၌ဒင်း၊ ဤဆိုအပ်ပြီးသော အရူပသုံးဘုံတို့တွင် တဘုံဘုံ၌ ထိုက်သည်အားလျော်စွာ ဖြစ်လိုလတ်သည်ရှိသော် မရဏာသန္နဇောမကျမီ ရှေးအဘို့ကပင် တင်ကူး၍ ပစ်ချလတ္တံ့သော အရူပကုသိုလ် အာနေဥ္စာဘိသင်္ခါရ စေတနာဟံသုံးခုတို့တွင် တခုခုသော စေတနာကံကြောင့်—

အာကာသာနဥ္စာယတနကုသိုလ်ဝိညာဏ် တည်းဟူသော **မဟဂ္ဂုတ်ကမ္မနိမိတ်**။

အာကာသာနဥ္စာယတနကုသိုလ်ဝိညာဏ်၏ စိုးစဉ်းဘင်မျှ မရှိခြင်း တည်းဟူသော **အဘာဝပညတ်ကမ္မနိမိတ်**။

အလွန်သိမ်မွေ့သော အာကိဥ္စညာယတနကုသိုလ်ဝိညာဏ် တည်းဟူသော **မဟဂ္ဂုတ်ကမ္မနိမိတ်**။

ဤဆိုအပ်ပြီးသော ကမ္မနိမိတ်သုံးပါးတို့တွင် တပါးပါးသော ကမ္မနိမိတ်သည် ထိုက်သည်အားလျော်စွာ မနောဒွါရအား ထင်ခြင်းသို့ရောက်၏။ ထိုထင်ခြင်းသို့ ရောက်သော နိမိတ်သုံးပါးတို့တွင် တပါးပါးသောနိမိတ်ကို အာရုံပြု၍ မရဏာ- သန္နဇောဝီထိ ဖြစ်လိုလတ်သည်ရှိသော် စုတေလတ္တံ့သော ဝိညာဏဥ္စာယတန ဘုံ၌။လ။ ပဋိသန္ဓေဝိညာဏ်စိတ်၏ အာရုံနှင့်တူသော အာကာသာနဥ္စာယတန ကုသိုလ်ဝိညာဏ်တည်းဟူသော မဟဂ္ဂုတ်ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝင်စလန ဘဝင်ုပစ္ဆေဒဟူသော အမည်ကိုရလျက် **ဘဝင်ကိစ္စ** နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် မနောဒွါရအား ထင်ခြင်းသို့ရောက်သော အာကာသာနဥ္စာယတန ကုသိုလ် ဝိညာဏ်တည်းဟူသော မဟဂ္ဂုတ်ကမ္မနိမိတ်၊ အာကာသာနဥ္စာယတန ကုသိုလ်ဝိညာဏ်၏ စိုးစဉ်းဘင်မျှ မရှိခြင်းတည်းဟူသော အဘာဝပညတ်ကမ္မ နိမိတ်၊ အလွန်သိမ်မွေ့သော အာကိဥ္စညာယတနကုသိုလ်ဝိညာဏ်တည်းဟူသော မဟဂ္ဂုတ်ကမ္မနိမိတ်။ ဤဆိုအပ်ပြီးသော သုံးပါးကုန်သော ကမ္မနိမိတ်တို့တွင် တပါးပါးသောနိမိတ်ကို အာရုံပြု၍ ဆင်ခြင်တတ်သော။လ။ **မရဏာသန္နဇော** ငါးကြိမ်ဖြစ်၍ ချုပ်၏။

**ဝိညာဏဥ္စုတိစိတ်**။ ။ထိုနောင် စုတေလတ္တံ့သော ဝိညာဏဥ္စာယတနကုသိုလ်၏ အကျိုးဆက်အကုန်ဟု ဆိုအပ်သော ဝိညာဏဥ္စာ- ယတနဝိပါက်ဟု ဆိုအပ်သော ဘဝင်စိတ်သည် ထိုဖြစ်ဆဲဖြစ်သော ဝိညာဏဥ္စာ- ယတနဟု ဆိုအပ်သော အရူပဘုံမှ ကွယ်ပျောက်ရွှေ့လျောခြင်းကိစ္စကိုပြုလျက် **စုတိကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

ထိုအဆုံးဖြစ်သော စုတိစိတ်ချုပ်သည်တပြိုင်နက်။လ။ ထိုဆိုအပ်ပြီးသော ဝိညာဏဥ္စာယတန အရူပဗြဟ္မာဟု ဆိုအပ်သော ဘဝမှ စုတေသည်ဟု သမုတ်

အပ်သော စုတိစိတ်ချုပ်ပြီးနောက် ရှေး၌ ပြဆိုအပ်ပြီးသော အရူပသုံးဘုံတို့တွင် တဘုံဘုံ၌ ထိုက်သည်အားလျော်စွာ အကျိုးပေးလတ္တံ့သော အရူပကုသိုလ် သုံးခုတို့တွင် တခုခုသော ကုသိုလ်ကံစေတနာသည် အရူပပြဟ္မာဟု ဆိုအပ်သော ဘဝသစ်၌ အကျိုးပေးခွင့်ကိုရ၍။လ။ ချုပ်ပြီးဖြစ်သော ဝိညာဏဥ္စာယတန ပြဟ္မာဟု ခေါ်ဆိုအပ်သော ဘဝနှင့် ဖြစ်ဆဲဖြစ်သော အရူပပြဟ္မာဟု ခေါ်ဝေါ် အပ်သော ဘဝကို ထပ်မံ၍ ဆက်စပ်တတ်သော အရူပဝိပါက်သုံးခုတို့တွင် တခုခု သော ဝိပါက်စိတ်သည် ရအပ်သော အကြောင်းရှိသည်ဖြစ်၍ ရှေးအနန္တရ ဖြစ်သော ဝိညာဏဥ္စာယတနဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော မဟဂ္ဂုတ်ကမ္မနိမိတ် ပညတ်ကမ္မနိမိတ်တို့တွင် ထိုက်သည်အားလျော်စွာ တပါး ပါးသောနိမိတ်ကို အာရုံပြု၍ ပဋိသန္ဓေကိစ္စ ကိုပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

ထိုပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်သည်ကိုသာလျှင် စုတေလေပြီးသော ဝိညာဏဥ္စာယတန အရူပပြဟ္မာသည် ထပ်မံ၍ အရူပဘုံ၌ အရူပပြဟ္မာ ဖြစ်ပြန် လေပြီဟု ခေါ်ဝေါ် ပြောဆိုအပ်၏။လ။

**အထက်အရူပပဋိသန္ဓေ ၃-ပါး ဖြစ်ပုံ။** ။ထိုပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်တတ်သောပဋိသန္ဓေဝိညာဏ် စိတ် ဖြစ်ပေါ်လာသောအခါ အကယ်၍ ဝိညာဏဥ္စာယတနဘုံ၌သာလျှင် ဖြစ်ပေါ်ခဲ့သည်ဖြစ်အံ့။ အာကာသာနဥ္စာယတနကုသိုလ်ဝိညာဏ် တည်းဟူသော မဟဂ္ဂုတ်ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လေ၏။

အကယ်၍ အာကိဉ္စညာယတနဘုံ၌သာလျှင် ဖြစ်ပေါ်ခဲ့သည်ဖြစ်အံ့။ အာ-ကာသာနဥ္စာယတနကုသိုလ်ဝိညာဏ်၏ စိုးစဉ်းဘင်မျှ မရှိခြင်းတည်းဟူသော အဘာဝပညတ်ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လေ၏။

အကယ်၍ နေဝသညာနာသညာယတနဘုံ၌သာလျှင် ဖြစ်ပေါ်ခဲ့သည် ဖြစ်အံ့။ အလွန်သိမ်မွေ့သော အာကိဉ္စညာယတနကုသိုလ်ဝိညာဏ်တည်းဟူသော မဟဂ္ဂုတ်ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လေ၏။

ဤသို့လျှင် ဝိညာဏဥ္စာယတနဘုံမှ စုတေ၍ အရူပသုံးဘုံတို့တွင် တဘုံဘုံ၌ ထပ်မံ၍ ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပုံကို မှတ်သားကြလေ။

ထိုပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်၍ ချုပ်ပြီးနောက် ၎င်းပဋိသန္ဓေဝိညာဏ် စိတ်၏ အခြားမဲ့၌လည်း ထိုပဋိသန္ဓေဝိညာဏ်ကို ဖြစ်စေတတ်သော အရူပ ကုသိုလ် အာနေဉ္စာဘိသင်္ခါရစေတနာကံ၏ အကျိုးဖြစ်သော အရူပဝိပါက်သုံးခု တို့တွင် တခုခုသောဝိပါက်စိတ်သည် ထိုပဋိသန္ဓေဝိညာဏ်စိတ်သည် ယူအပ်သော ပညတ်ကမ္မနိမိတ် မဟဂ္ဂုတ်ကမ္မနိမိတ်တို့တွင် ထိုက်သည်အားလျော်စွာ တပါး

ပါးသော နိမိတ်ကို အာရုံပြု၍ အစဖြစ်ပေါ်သော အရူပပြဟ္မာဟု သမုတ်အပ်သော ဘဝကို မပြတ်စေဘဲလျက် ဆက်ကာဆက်ကာ ဘဝင်ကိစ္စ ဖြစ်လေ၏။ အဆုံး၌လည်း စုတိကိစ္စဖြစ်၍ ချုပ်ကွယ်လေ၏။ ဤပြဆိုအပ်ပြီးသော ပဋိသန္ဓေဝိညာဏ်နောင် ဆက်ကာဆက်ကာ စုတိကျသည့်တိုင်အောင် ဖြစ်ပေါ်၍ ချုပ်ကြလေသမျှသော ဘဝင်စိတ်အစဉ်ကို ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုအပ်လေသည်။လ။ ဤ ယခု ပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်မှု နည်းသည် ဝိညာဏဉ္စာယတနဘုံမှ စုတေ၍ အရူပသုံးဘုံတို့တွင် တဘုံဘုံ၌ ဖြစ်လတ္တံ့သော အရူပပြဟ္မာတို့၏ ရွေးမရဏာသန္နဇောသည် ယူအပ်သော ပညတ်ကမ္မနိမိတ် မဟဂ္ဂုတ်ကမ္မနိမိတ်တို့တွင် တပါးပါးကို အာရုံပြု၍ အရူပပြဟ္မာဘဝနှင့် အရူပပြဟ္မာဘဝကို ဆက်စပ်တတ်သော ပဋိသန္ဓေဝိညာဏ်စိတ်ဖြစ်ပုံကို ပြဆိုအပ်သော နည်းပေတည်း။

## အာကိဉ္စညာဘုံမှ အရူပနှစ်ဘုံသို့ ရောက်ပုံ

**အာကိံ, နေဝါဘုံရောက်မည့် ကမ္မနိမိတ် ၂ ပါး။** ။အကြင် အကြင် သမုတ်အပ်သော အာကိဉ္စညာယတနဘုံ၌ဖြစ်သော အရူပပြဟ္မာသည် အရူပစျာန်ကို ရ၍ ၎င်းအာကိဉ္စညာယတနဘုံ၌၎င်း၊ အထက်ဖြစ်သော နေဝသညာ နာသညာယတနဘုံ၌၎င်း ဖြစ်လိုလတ်သည်ရှိသော် မရဏာသန္နဇောမကျမီ ရှေးအဘို့ကပင် တင်ကူး၍ ပစ်ချလတ္တံ့သော အရူပကုသိုလ် အာနေဉ္စာဘိသင်္ခါရ စေတနာ ကံနှစ်ခုတို့တွင် တခုခုသော စေတနာကံကြောင့်—

အာကာသာနဉ္စာယတနကုသိုလ်ဝိညာဏ်၏ စိုးစဉ်းဘင်မျှ မရှိခြင်းတည်းဟူသော **အဘာဝကမ္မနိမိတ်။**

အလွန် သိမ်မွေ့သော အာကိဉ္စညာယတန ကုသိုလ် ဝိညာဏ်တည်းဟူသော **မဟဂ္ဂုတ်ကမ္မနိမိတ်။**

ဤ ဆိုအပ်ပြီးသော ကမ္မနိမိတ်နှစ်ပါးတို့တွင် တပါးပါးသော ကမ္မနိမိတ်သည် ထိုက်သည်အားလျော်စွာ မနောဒွါရအား ထင်ခြင်းသို့ ရောက်၏။ ထိုထင်ခြင်းသို့ရောက်သော ကမ္မနိမိတ်နှစ်ပါးတို့တွင် တပါးပါးသော ကမ္မနိမိတ်ကို အာရုံပြု၍ မရဏာသန္နဇောဝီထိဖြစ်လိုလတ်သည်ရှိသော် စုတေလတ္တံ့သော အာကိဉ္စညာယတနဘုံ၌။လ။ ပဋိသန္ဓေဝိညာဏ်စိတ်၏ အာရုံနှင့် တူသော အာကာသာနဉ္စာယတနကုသိုလ်ဝိညာဏ်၏ စိုးစဉ်းဘင်မျှမရှိခြင်းတည်းဟူသော အဘာဝပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ ဟူသော အမည်ကို ရလျက် **ဘဝင်ကိစ္စ** နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် မနောဒွါရအား ထင်ခြင်းသို့ရောက်သော အာကာသာနဉ္စာယ-တနကုသိုလ်ဝိညာဏ်၏ စိုးစဉ်းဘင်မျှ မရှိခြင်းတည်းဟူသော အဘာဝပညတ်ကမ္မနိမိတ်။ အလွန် သိမ်မွေ့သော အာကိဉ္စညာယတန ကုသိုလ် ဝိညာဏ်တည်းဟူသော မဟဂ္ဂုတ်ကမ္မနိမိတ်။ ဤ ဆိုအပ်ပြီးသော နှစ်ပါးကုန်သော ကမ္မနိမိတ်တို့တွင် တပါးပါးသော ကမ္မနိမိတ်ကို အာရုံပြု၍ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည်။လ။ ချုပ်၏။

**အာကိဉ္စညာစုတိစိတ်။** ။ထိုနောင် စုတေလတ္တံ့သော အာကိဉ္စညာယတန ကုသိုလ်၏ အကျိုးဆက် အကုန်ဟု ဆိုအပ်သော အာကိဉ္စညာယတနဝိပါက်ဟုဆိုအပ်သော ဘဝင်စိတ်သည် ထို ဖြစ်ဆဲဖြစ်သော အာကိဉ္စညာယတနဟုဆိုအပ်သော အရူပဘုံမှ ကွယ်ပျောက် ရွေ့လျော့ခြင်း ကိစ္စကို ပြုလျက် စုတိကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။ ထိုအဆုံးဖြစ်သော စုတိစိတ် ချုပ်သည်ဘပြိုင်နက်။လ။

**အာကိံ, နေဝ ပဋိသန္ဓေစိတ်။** ။ထို ဆိုအပ်ပြီးသော အာကိဉ္စညာယတန အရူပဗြဟ္မာဟုဆိုအပ်သော ဘဝမှ စုတေသည်ဟု သမုတ်အပ်သော စုတိစိတ်ချုပ်ပြီးနောက် ရှေး၌ ပြဆိုအပ်ပြီးသော အရူပဘုံ နှစ်ဘုံတို့တွင် တဘုံဘုံ၌ ထိုက်သည်အားလျော်စွာ အကျိုးပေးလတ္တံ့သော အရူပကုသိုလ်နှစ်ခုတို့တွင် တခုခုသော ကုသိုလ်ကံစေတနာသည် အရူပ-ဗြဟ္မာဟု ဆိုအပ်သော ဘဝသစ်၌ အကျိုးပေးခွင့်ကိုရ၍။လ။ ချုပ်ပြီးဖြစ်သော အာကိဉ္စညာယတနဗြဟ္မာဟု ခေါ်ဆိုအပ်သောဘဝနှင့် ဖြစ်ဆဲဖြစ်သော အရူပ-ဗြဟ္မာဟုခေါ်ဆိုအပ်သော ဘဝကို ထပ်မံ၍ ဆက်စပ်တတ်သော အာကိဉ္စညာယ-တန ဝိပါက် နေဝသညာ နာသညာယတနဝိပါက် နှစ်ခုတို့တွင် တခုခုသော ဝိပါက်စိတ်သည် ရအပ်သော အကြောင်းရှိသည်ဖြစ်၍ ရှေး အနန္တရဖြစ်သော အာကိဉ္စညာယတနဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော အာကာသာ-နဉ္စာယတနကုသိုလ်ဝိညာဏ်၏ စိုးစဉ်း ဘင်မျှ မရှိခြင်းတည်းဟူသော အဘာဝ-ပညတ်ကမ္မနိမိတ်။ အလွန် သိမ်မွေ့သော အာကိဉ္စညာယတန ကုသိုလ်ဝိညာဏ်တည်းဟူသော မဟဂ္ဂုတ်ကမ္မနိမိတ်။ ဤ ပြဆိုအပ်ပြီးသော ကမ္မနိမိတ် နှစ်ပါးတို့တွင် ထိုက်သည်အားလျော်စွာ တပါးပါးသော ကမ္မနိမိတ်ကိုအာရုံပြု၍ ပဋိသန္ဓေကိစ္စကို ပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

ထို ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်သည်ကိုသာလျှင် စုတေလေပြီးသော အာကိဉ္စညာယတန အရူပဗြဟ္မာသည် ထပ်မံ၍ အရူပဘုံ၌ အရူပဗြဟ္မာ ဖြစ်ပြန်လေပြီဟု ခေါ်ဝေါ် ပြောဆိုအပ်၏။လ။

**အာကိဉ္စညာ ပဋိသန္ဓေစိတ်အာရုံ။** ။ထို ပြဆိုအပ်ပြီးသော ဘဝ နှစ်ပါးကို ဆက်စပ်တတ်သော ပဋိသန္ဓေဝိညာဏ် စိတ်ဖြစ်ပေါ်လာသောအခါ အကယ်၍ အာကိဉ္စညာယတနဘုံ၌သာလျှင် ဖြစ်ပေါ်ခဲ့သည်ဖြစ်အံ့၊ အာကာသာနဉ္စာယတနကုသိုလ်ဝိညာဏ်၏ စိုးစဉ်းဘင်မျှ မရှိခြင်း တည်းဟူသော အဘာဝပညတ်ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လေ၏။

**နေဝသညာ ပဋိသန္ဓေစိတ်အာရုံ။** ။အကယ်၍ နေဝသညာနာသညာယတန ဘုံ၌သာလျှင် ဖြစ်ပေါ်ခဲ့သည် ဖြစ်အံ့၊ အလွန်သိမ်မွေ့သော အာကိဉ္စညာယတန ကုသိုလ် ဝိညာဏ် တည်းဟူသော မဟဂ္ဂုတ်ကမ္မနိမိတ်ကိုသာလျှင်အာရုံပြု၍ ဖြစ်ပေါ်လေ၏။ ဤသို့လျှင် အာကိဉ္စညာယတနဘုံမှ စုတေ၍ ပြဆိုအပ်ပြီးသော အရူပ နှစ်ဘုံတို့တွင် တဘုံဘုံ၌ ထပ်မံ၍ ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပုံကို မှတ်သားကြလေ။

**အာကိ˚, နေဝါဘုံ ပဝတ္တိဝိညာဏ်။** ။ထိုပဋိသန္ဓေဝိညာဏ်စိတ်ဖြစ်ပေါ်၍ ချုပ်ပြီးနောက် ၎င်းပဋိသန္ဓေဝိညာဏ်စိတ်၏ အခြားမဲ့၌လည်း ထိုပဋိသန္ဓေဝိညာဏ်ကို ဖြစ်စေတတ်သော အာကိဉ္စညာယတနကုသိုလ် နေဝသညာနာသညာယတနကုသိုလ်ဟု ဆိုအပ်သော ကုသိုလ် နှစ်ပါးတို့တွင် တပါးပါးသော ကုသိုလ်ကံ၏ အကျိုးဖြစ်သော အရူပဝိပါက် နှစ်ခုတို့တွင် တခုခုသော ဝိပါက်စိတ်သည် ထိုပဋိသန္ဓေဝိညာဏ်စိတ်သည် ယူအပ်သော ပညတ်ကမ္မနိမိတ် မဟဂ္ဂုတ်ကမ္မနိမိတ် နှစ်ပါးတို့တွင် ထိုက်သည် အားလျော်စွာ တပါးပါးသော နိမိတ်ကို အာရုံပြု၍။လ။ ဆက်ကာဆက်ကာ ဘဝင်ကိစ္စ ဖြစ်လေ၏။ အဆုံး၌လည်း စုတိကိစ္စဖြစ်၍ ချုပ်ကွယ်လေ၏။

ဤပြဆိုအပ်ပြီးသော ပဋိသန္ဓေဝိညာဏ်နောင် ဆက်ကာဆက်ကာ စုတိကျသည့်တိုင်အောင် ဖြစ်ပေါ်၍ ချုပ်ကြလေသမျှသော ဘဝင်စိတ်အစဉ်ကို ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုအပ်လေသည်။လ။ ဤယခုပြဆိုအပ်ပြီးသော ဘဝ နှစ်ပါးကို ဆက်စပ်မှုနည်းသည် အာကိဉ္စညာယတနဘုံမှ စုတေ၍ အာကိဉ္စညာယတနဘုံ နေဝသညာနာသညာယတနဘုံ နှစ်ပါးတို့တွင် တပါးပါးသောဘုံ၌ ဖြစ်လတ္တံ့သော အရူပဗြဟ္မာတို့၏ ရှေးမရဏာသန္နဇောသည် ယူအပ်သော ပညတ်ကမ္မနိမိတ် မဟဂ္ဂုတ်ကမ္မနိမိတ် နှစ်ပါးတို့တွင် တပါးပါးသော နိမိတ်ကို အာရုံပြု၍ အရူပဗြဟ္မာဘဝနှင့် အရူပဗြဟ္မာဘဝကို ဆက်စပ်တတ်သော ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပုံကို ပြဆိုအပ်သော နည်းပေတည်း။

ဤနည်းကို အမှီပြု၍ နေဝသညာနာသညာယတနဘုံမှ စုတေ၍ နေဝသညာနာ သညာယတနဘုံ၌ ထပ်မံ၍ အရူပဗြဟ္မာ၏ ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်ပုံကိုရင်း၊ ၎င်းဘဝနှစ်ပါးကို ဆက်စပ်ပုံကိုရင်း ထင်ရှားသိကြလေ။

## အရူပ(၄)ဘုံမှ စုတေ၍
## ကာမသုဂတိဘုံ၌ ပဋိသန္ဓေဝိညာဏ်ဖြစ်ပုံကို ပြဆိုချက်

**အရူပဘုံမှ ကာမသုဂတိဘုံ ရောက်မည့်နိမိတ် ၃-ပါး** အကြင်အကြင် သမုတ်အပ်သော အာကာသာနဉ္စာယတနဘုံ၊ ဝိညာဏဉ္စာယတနဘုံ၊ အာကိဉ္စညာယတနဘုံ၊ နေဝသညာနာသညာယတနဘုံ၊ ဤဆိုအပ်ပြီးသော အရူပလေးဘုံတို့တွင် တဘုံဘုံမှ စုတေ၍ လူ့ ပြည် နတ်ပြည် ခြောက်ထပ် တည်းဟူသော ကာမသုဂတိ ခုနစ်ဘုံတို့တွင် တဘုံဘုံ၌ ရှေး၌ ဆည်းပူးအပ်ပြီးသော ဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုသော ကုသိုလ်စေတနာကံသည် ပစ်ချလိုလတ်သည်ရှိသော် မရဏာသန္နဇောမကျမီ ရှေးအဘို့ ကပင် တင်ကူး၍ ပစ်ချလတ္တံ့သော ကာမာဝစရ ကုသိုလ်ကံကြောင့် ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးသော နိမိတ်သည် မနောဒွါရအား ထင်ခြင်းသို့ ရောက်၏။

**အရူပဘဝင် ၂-ကြိမ်။** ။ထို ထင်ခြင်းသို့ ရောက်သော နိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ မရဏာသန္နဇောဝီထိ ဖြစ်လိုလတ်သည်ရှိသော် စုတေလတ္တံ့သော အရူပလေးဘုံတို့တွင် တဘုံဘုံ၌ ရှေးဦးအစ ဖြစ်ခဲ့ဘူးသော ပဋိသန္ဓေစိတ်နှင့် ဘူမိ ဇာတိ သမ္ပယုတ္တ ဓမ္မအားဖြင့် တူသော အာကာသာနဉ္စာယတနဝိပါက်၊ ဝိညာဏဉ္စာယတနဝိပါက်၊ အာကိဉ္စညာယတနဝိပါက်၊ နေဝသညာနာသညာယတနဝိပါက်၊ ဤဆိုအပ်ပြီးသော အရူပဝိပါက် လေးခုတို့တွင် တခုခုသော ဝိပါက်စိတ်သည် ဖြစ်သင့်သည်အားလျော်စွာ ပဋိသန္ဓေစိတ်၏ အာရုံနှင့်တူသော ကသိုဏ်းပညတ် ပဋိဘာဂနိမိတ်ကို ခွါ၍ ရအပ်သော အာကာသပညတ် တည်းဟူသော ကမ္မနိမိတ်၊ အာကာသာနဉ္စာယတနကုသိုလ်ဝိညာဏ် တည်းဟူသော မဟဂ္ဂုတ်ကမ္မနိမိတ်၊ အာကာသာနဉ္စာယတနကုသိုလ်ဝိညာဏ်၏ စိုးစဉ်ဘင်မျှ မရှိခြင်းတည်းဟူသော အဘာဝပညတ် ကမ္မနိမိတ်၊ အလွန်သိမ်မွေ့သော အာကိဉ္စညာယတန ကုသိုလ်တည်းဟူသော မဟဂ္ဂုတ်ကမ္မနိမိတ်၊ ဤဆိုအပ်ပြီးကုန်သော ကမ္မနိမိတ်လေးပါးတို့တွင် တပါးပါးကို ထိုက်သည်အားလျော်စွာ အာရုံပြု၍ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒဟူသော အမည်ကိုရလျက် ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

**မနောဒွါရာဝဇ္ဇန်း။** ။ထိုနောင် မနောဒွါရအား ထင်ခြင်းသို့ ရောက်သော အတိတ်ဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။

**အရူပပြဟ္မာ၏ မရဏာသန္နဇောာ။** ။ထိုနောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသော စိတ်သည် ထိုမနောဒွါရာဝဇ္ဇန်းစိတ်သည် ဆင်ခြင်အပ်သော အတိတ်ဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ မရဏာသန္နဇော ငါးကြိမ်ဖြစ်၍ ချုပ်၏။

**အရူပစုတိစိတ်။** ။ထိုနောင် စုတေလတ္တံ့သော အရူပပြဟ္မာဟု သမုတ်အပ်သော ဘဝ၌ ရှေးရှေးသော ဘဝင်စိတ်တို့သည် ယူအပ်သော အာရုံနှင့်တူသော ရှေး၌ ပြဆိုအပ်ပြီးသော ပညတ်ကမ္မနိမိတ် မဟဂ္ဂုတ်ကမ္မနိမိတ်လေးပါးတို့တွင် တပါးပါးသော အာရုံကို ထိုက်သည် အားလျော်စွာ အာရုံပြု၍ အရူပပြဟ္မာဟု သမုတ်အပ်သော ဘဝ၌ ပစ်ချခဲ့ပြီးသော အရူပကုသိုလ်ကံ၏ အကျိုးဆက်အကုန်ဟု ဆိုအပ်သော အရူပဘဝင် လေးခုတို့တွင် တခုခုသော ဘဝင်စိတ်သည် ထို ဖြစ်ဆဲဖြစ်သော အရူပဘုံမှ ကွယ်ပျောက်ရွေ့လျောခြင်း ကိစ္စကိုပြုလျက် **စုတိကိစ္စ** တကြိမ်ဖြစ်၍ ချုပ်၏။

**အရူပပြဟ္မာသေခြင်းကို ပရမတ် သဘောဖြင့် ရှင်းချက်** ထိုအဆုံးဖြစ်သော စုတိစိတ်ချုပ်သည် တပြိုင်နက် ၎င်းစုတိစိတ်နှင့် အတူတကွ ယှဉ်ဘော်ယှဉ်ဘက် ဖြစ်ကုန်သော ဖဿအစရှိကုန်သော စေတသိက်သုံးဆယ်တို့သည်လည်း ထိုစုတိစိတ်နှင့်အတူတကွ ချုပ်ကြလေကုန်၏။ ထိုစိတ်စေတသိက်တို့ ချုပ်ကွယ်သည်ကိုသာလျှင် အရူပပြဟ္မာသည် အရူပပြဟ္မာဘုံမှ စုတေလေပြီဟု လောကဝေါဟာရအားဖြင့် ခေါ်ဝေါ်ပြောဆိုအပ်လေ၏။ ထိုသို့ပင် ခေါ်ဝေါ်ပြောဆိုအပ်သော်လည်း စင်စစ် အရူပပြဟ္မာစုတေသည် မဟုတ်။ ရှေး၌ ပြဆိုခဲ့ပြီးသော စိတ်စေတသိက်တရားတို့သည်သာလျှင် ကွယ်ချုပ်ကုန်သည်ဟု မှတ်ကြလေ။

**ကာမသုဂတိပဋိသန္ဓေစိတ်။** ။ထိုဆိုအပ်ပြီးသော အရူပပြဟ္မာဟု ခေါ်ဆိုအပ်သော ဘဝမှ စုတေသည်ဟု သမုတ်အပ်သော စုတိစိတ်ချုပ်ပြီးနောက် ကာမသုဂတိခုနစ်ဘုံတို့တွင် တဘုံဘုံ၌ ထိုက်သည်အားလျော်စွာ အကျိုးပေးလတ္တံ့သော ကာမတိဟိတ်ကုသိုလ် ဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုသော ကုသိုလ်ကံစေတနာသည် လူ နတ်အဖြစ်ဟု ဆိုအပ်သော ဘဝသစ်၌ အကျိုးပေးခွင့်ကိုရ၍ နာနာက္ခဏိကကမ္မပစ္စယဇနကသတ္တိ ပကတူပနိဿယပစ္စယဇနကသတ္တိ၏ အစွမ်းဖြင့် ဖြစ်စေအပ်သော စုတိစိတ်၏ အခြားမဲ့၌ စုတိစိတ်မှ ရအပ်သော အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, နတ္ထိ, ဝိဂတဟု ဆိုအပ်သော ငါးပစ္စယဇနကသတ္တိ၏ အစွမ်းကို ခံယူလျက် ချုပ်ပြီးဖြစ်သော အရူပပြဟ္မာဟု ခေါ်ဝေါ်အပ်သော ဘဝနှင့် ဖြစ်ဆဲဖြစ်သော လူနတ်ဟု ခေါ်ဝေါ်အပ်သော ဘဝကို ထပ်မံ၍ ဆက်စပ်တတ်သော ကာမတိဟိတ်

ဖြစ်သော မဟာဝိပါက်စိတ်လေးခုတို့တွင် တခုခုသောဝိပါက်စိတ်သည် ရအပ်သော အကြောင်းရှိသည်ဖြစ်၍ ရှေးအရူပဗြဟ္မာဘဝ၌ မရဏာသန္နဇောသည် ယူအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ **ပဋိသန္ဓေကိစ္စကို** ပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

ထိုပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်သည်ကိုသာလျှင် စုတေ့လေပြီးသော အရူပဗြဟ္မာသည် လူနတ်ဟု ဆိုအပ်သော ကာမသုဂတိဘုံတို့၌ လူနတ်ဖြစ်လေပြီဟု ခေါ်ဝေါ်ပြောဆိုအပ်လေ၏။ ထိုသို့ပင် ခေါ်ဝေါ်ပြောဆိုအပ်သော်လည်း စင်စစ် လူနတ်ဖြစ်သည် မဟုတ်။ တိဟိတ်ကာမကုသိုလ် ပုညာဘိသင်္ခါရစေတနာကံ၏ အကျိုးဖြစ်သော အသိဝိညာဏ်သဘောသည်သာလျှင် စင်စစ် ဖြစ်ပေါ်လာသည်ဟု မှတ်ကြလေ။

**ကာမသုဂတိပဋိသန္ဓေ ၃-မျိုး ဖြစ်ပုံ။** ။ထိုအသိဝိညာဏ် ဖြစ်ပေါ်လာသည် တပြိုင်နက် ၎င်း အသိဝိညာဏ်နှင့် ယှဉ်တွဲ၍ ဖြစ်ပေါ်လာသော စေတသိက်ဟု ခေါ်ဆိုအပ်သော နာမ်တရားသည်၎င်း၊

**ဂဗ္ဘသေယျပဋိသန္ဓေ။** ။အကယ်၍ လူ့ပြည်၌သာလျှင် ဂဗ္ဘသေယျပဋိသန္ဓေ ဖြစ်ခဲ့အံ့။ ကာယဒသကကလာပ်, ဘာဝဒသကကလာပ်,ဟဒယဝတ္ထုဒသကကလာပ် ဤဆိုအပ်ပြီးသော ကလာပ်တို့သည်၎င်း၊

**သံသေဒဇနှင့် ဥပပါတ်။** ။အကယ်၍ လူ့ပြည် နတ်ပြည်တို့၌သာလျှင် သံသေဒဇဥပပါတ်ပဋိသန္ဓေဖြစ်ခဲ့အံ့၊ စက္ခုဒသကကလာပ်, သောတဒသကကလာပ်, ဃာနဒသကကလာပ်, ဇိဝှါဒသကကလာပ်, ကာယဒသကကလာပ်, ဘာဝဒသကကလာပ်, ဟဒယဝတ္ထုဒသကကလာပ် ဤဆိုအပ်ပြီးသော ရုပ်ကလာပ်တို့သည်၎င်း၊ ထိုပဋိသန္ဓေစိတ်နှင့် အတူတကွ ဖြစ်ပေါ်ကြလေကုန်၏။ ထိုနာမ်ရုပ်တို့၏ ဖြစ်စဉ်သည် နောက် **ဝိညာဏပစ္စယာ နာမရူပံ** ကို ပြဆိုအပ်သော အခန်း၌ ထင်ရှားလတ္တံ့။

ထိုပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ကာမသုဂတိပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်လာသောအခါ အရူပဘုံ၌ ရှေးမရဏာသန္နဇောသည် ယူအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးသော နိမိတ်ကိုသာလျှင် အာရုံပြု၍ ဖြစ်ပေါ်လာသည်ဟု မှတ်ကြလေ။

**ကာမသုဂတိ ပဝတ္တိဝိညာဏ်။** ။ထိုပဋိသန္ဓေဝိညာဏ်စိတ်သည် ဖြစ်ပေါ်၍ ချုပ်ပြီးနောက် ၎င်းပဋိသန္ဓေဝိညာဏ်စိတ်၏ အခြားမဲ့၌လည်း ထိုကာမသုဂတိဘုံ၌ ပစ်ချသော တိဟိတ်ကာမကုသိုလ်ပုညာ-

ဘိသင်္ခါရစေတနာကံ၏ အကျိုးဖြစ်သော ပဋိသန္ဓေဝိညာဏ်စိတ်နှင့် ဘူမိ, ဇာတိ, သမ္ပယုတ္တ, သင်္ခါရအားဖြင့်တူသော တိဟိတ် ကာမဝိပါက်စိတ်လေးခုတို့တွင် တခုခုသော ဝိပါက်စိတ်သည် ၎င်းပဋိသန္ဓေဝိညာဏ်စိတ်သည် ယူအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးသော အာရုံကိုသာလျှင် အာရုံပြု၍ လူနတ်ဟု သမုတ်အပ်သော ဘဝကို မပြတ်စေဘဲလျက် ဆက်ကာ ဆက်ကာ ဘဝင်ကိစ္စ ဖြစ်လေ၏။ အဆုံး၌လည်း စုတိကိစ္စဖြစ်၍ ချုပ်ကွယ်လေ၏။

ထိုပြဆိုအပ်ပြီးသော ပဋိသန္ဓေဝိညာဏ်နောင် ဆက်ကာဆက်ကာ စုတိကျသည့်တိုင်အောင် ဖြစ်ပေါ်၍ ချုပ်ကြလေသမျှသော ဘဝင်စိတ်အစဉ်ကို ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုသမုတ်အပ်လေသည်။ ထိုပဝတ္တိဝိညာဏ်စိတ် ဖြစ်ပုံသည် နောက်၌ ထင်ရှားလတ္တံ့သတည်း။

ဤယခုပြဆိုအပ်ပြီးသော ဘဝနှစ်ပါးကို ဆက်စပ်မှုနည်းသည် အရူပလေးဘုံတို့တွင် တဘုံဘုံမှ စုတေ၍ ကာမသုဂတိခုနစ်ဘုံတို့တွင် တဘုံဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့၏ ရှေးမရဏာသန္နဇောသည် ယူအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးသောနိမိတ်ကို အာရုံပြု၍ အရူပပြဟ္မာဘဝနှင့် ကာမသုဂတိဟု ဆိုအပ်သော လူ နတ်ဘဝကို ဆက်စပ်တတ်သော ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပုံကို ပြဆိုအပ်သော နည်းပေတည်း။

**အသညသတ်ဘုံမှ ကာမသုဂတိဘုံသို့ ဖြစ်ပုံ။** ။အသညသတ်ဘုံမှ စုတေ၍ ကာမသုဂတိဘုံ၌ ဖြစ်ပုံကို ရှေး၌ ပြဆိုအပ်ခဲ့ပြီးသော ရူပပြဟ္မာဘုံမှ စုတေ၍ ကာမသုဂတိဘုံ၌ ဖြစ်ပုံကို ပြဆိုအပ်သောနည်းကို အမှီပြု၍ သိကြလေ။

ဤတွင် ရှေး၌ပြခဲ့ပြီးသော ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရဟု ဆိုအပ်ကုန်သော သင်္ခါရတရားတို့ကြောင့် ထိုထိုဘုံ၌ ပဋိသန္ဓေဝိညာဏ်စိတ်ဖြစ်ပုံကို ပြဆိုမှုပြီး၏။

ပဋိသန္ဓေ ဝိညာဏ်အခန်း ပြီး၏။

---

## ပဝတ္တိဝိညာဏ်အပြားကို ပြဆိုချက်

**ပဝတ္တိဝိညာဏ် ၂-မျိုး။** ။ပဝတ္တိဝိညာဏ်ဆိုသည်မှာ တခြားကိုမဆို၊ ထိုထိုဘုံတို့၌ ပဋိသန္ဓေနောင်စုတိကျသည့်တိုင်အောင် ဖြစ်ကြလေသမျှသော ရှေး၌ပြဆိုအပ်ပြီးသော ဘဝင်စိတ်အစဉ်ကိုလည်း ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုအပ်လေသည်။ ထိုမှတပါး ၎င်းဘဝင်တို့၏ အကြားအကြား၌ စုတိ

ကျသည့်တိုင်အောင် အကြင်အကြင် ဝီထိစိတ်တို့သည် ဖြစ်ပေါ်ကြကုန်၏။ ထိုဝီထိစိတ်အစဉ်တို့ကိုလည်း ပဝတ္တိဝိညာဏ်ဟု ခေါ်ဆိုအပ်လေသည်။

**ဝိပါက်စိတ်များကို ပြဆိုချက်။** ။ထို ခေါ်ဆိုအပ်သော ဝီထိစိတ်အစဉ်တို့တွင် အကြင်အကြင်စိတ်သည် အကျိုးဝိပါက်စိတ် ဖြစ်၏။ ထိုအကျိုးဟု ဆိုအပ်သော ဝိပါက်စိတ်တို့သည် ရှေးရှေး၌ ဆည်းပူးအပ်သော ကုသိုလ်ကံ အကုသိုလ်ကံတို့၏ နာနာက္ခဏိကကမ္မပစ္စယဇနကသတ္တိ ပကတူပနိဿယပစ္စယဇနကသတ္တိ၏ အစွမ်းကြောင့်သာလျှင် ဧကန်ဖြစ်ကုန်၏။ အကယ်၍ ဆည်းပူးအပ်သော ကုသိုလ်ကံ, အကုသိုလ်ကံ မရှိခဲ့လျှင် စင်စစ် ဖြစ်ပေါ်ခြင်းမရှိကုန်။ ထို့ကြောင့် ၎င်းဝီထိစိတ်အစဉ်ဖြစ်ရာ၌ ပါဝင်သော ဝိပါက်စိတ်တို့သည် စင်စစ် ရှေး၌ ဆည်းပူးအပ်သောကုသိုလ်, အကုသိုလ်ကံဟု ဆိုအပ်သော သင်္ခါရတို့ကြောင့်သာလျှင် ဖြစ်ကုန်၏။ ထိုကုသိုလ် အကုသိုလ် သင်္ခါရတို့ကြောင့် ဖြစ်ကုန်သော ဝီထိစိတ်အစဉ်၌ပါသော အကျိုးဝိပါက်စိတ် တို့ကို အနည်းငယ် ဖော်ထုတ်ပြဦးအံ့။

**စက္ခုဒွါရ ဝီထိဖြစ်ပုံ။** ။အကြင်အခါ တချက်သော အတီတဘဝင်စိတ်၏ ဥပါဒ်နှင့်အတူပြိုင်၍ ဥပါဒ်သော ဣဋ္ဌအနိဋ္ဌဖြစ်သော ရူပါရုံသည် ထိုအတီတဘဝင်၏ ဥပါဒ်နှင့်ပြိုင်၍ ဖြစ်ပေါ်သော စက္ခုပသာဒအား ထင်ခြင်းသို့ရောက်ခဲ့အံ့။

**စလန,ဥပစ္ဆေဒဘဝင် ၂-ချက်။** ။ထို ထင်ခြင်းသို့ ရောက်သောအခါ မိမိ၏ ပဋိသန္ဓေစိတ်နှင့် ဘူမိ ဇာတိ သမ္ပယုတ္တ ဓမ္မ သင်္ခါရအားဖြင့်တူသော ဥပါဒ်ဌီဘင်နှင့် ပြည့်စုံသော စိတ်သည် မိမိပဋိသန္ဓေ စိတ်နှင့်အာရုံတူ၍ အတိတ်ဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု ဆိုအပ်သော နိမိတ်သုံးပါးတို့တွင် ထိုက်သည်အားလျော်စွာ တပါးပါးသော နိမိတ်ကို အာရုံ ပြု၍ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒဟူသော အမည်ကိုရလျက် **ဘဝင်ကိစ္စ** နှစ်ကြိမ် ဖြစ်၍ ချုပ်၏။

**ပဉ္စဒွါရာဝဇ္ဇန်း ၁-ချက်။** ။ထိုနောင် ထိုစက္ခုပသာဒအား ထင်ခြင်းသို့ ရောက် သော ၎င်းပစ္စုပ္ပန်ဖြစ်သော ရူပါရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စ တကြိမ်ဖြစ်၍ချုပ်၏။

**စက္ခုဝိညာဏ် ၁-ချက်။** ။ထိုနောင် ထိုပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ မြင်တတ် သော ဥပါဒ်ဌီဘင်နှင့်ပြည့်စုံသော အကုသလဝိပါက် စက္ခုဝိညာဏ် ကုသလဝိပါက်စက္ခုဝိညာဏ်ဟုဆိုအပ်သော စက္ခုဝိညာဏ် နှစ်ခု တို့တွင် တခုခုသော ဝိညာဏ်သည် မြင်မှုတည်းဟူသော ဒဿနကိစ္စကို ပြုလျက် တကြိမ်ဖြစ်၍ ချုပ်၏။

**သမ္ပဋိစ္ဆိုင်း ၁-ချက်။** ။ထိုနောင် ထိုပစ္စုပ္ပန်ရူပါရုံကို ခံလင့်သကဲ့သို့သော အမှုကိုပြုလုပ်တတ်သော ဥပါဒ်ဌီဘင်နှင့် ပြည့်စုံသော အကုသလဝိပါက် သမ္ပဋိစ္ဆိုင်း ကုသလဝိပါက်သမ္ပဋိစ္ဆိုင်းဟု ခေါ်ဆိုအပ်သော သမ္ပဋိစ္ဆိုင်းစိတ်နှစ်ခုတို့တွင် တခုခုသောသမ္ပဋိစ္ဆိုင်းစိတ်သည် ခံလင့်သကဲ့သို့သော အမှုကိုပြု၍ သမ္ပဋိစ္ဆိုင်းကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။

**သန္တီရဏ ၁-ချက်။** ။ထိုနောင် ထိုပစ္စုပ္ပန် ရူပါရုံကို စုံစမ်းသကဲ့သို့သော အမှုကို ပြုလုပ်တတ်သော ဥပါဒ်ဌီဘင်နှင့် ပြည့်စုံသော အကုသလဝိပါက် သန္တီရဏ, ကုသလဝိပါက် သန္တီရဏဟု ခေါ်ဆိုအပ်သော သန္တီရဏစိတ် သုံးခုတို့တွင် တခုခုသော သန္တီရဏစိတ်သည် စုံစမ်းသကဲ့သို့သော အမှုကိုပြု၍ သန္တီရဏကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။

**ဝုဋ္ဌော ၁-ချက်။** ။ထိုနောင် ထိုပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ မှတ်တတ်သော ဥပါဒ်ဌီဘင်နှင့် ပြည့်စုံသော မနောဒွါရာဝဇ္ဇန်းစိတ်သည် မှတ်ခြင်းအမှုကိုပြု၍ ဝုဋ္ဌောကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။

**ဇောစိတ် ၇-ချက်။** ။ထိုနောင် ထိုပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ လျင်စွာ သိတတ်သော ဥပါဒ်ဌီဘင်နှင့် ပြည့်စုံသော အကုသိုလ်ဇော တဆဲ့နှစ်၊ ဟသိတုပ္ပါဒ်ဇောတစ်၊ မဟာကုသိုလ်ဇောရှစ်၊ မဟာကြိယာဇောရှစ်၊ ပေါင်း (၂၉)ခုသော ဇောစိတ်တို့တွင် တခုခုသော ဇောသည် ဖြစ်သင့်သည် အားလျော်စွာ လျင်မြန်စွာ သိခြင်းအမှုကိုပြု၍ များသောအားဖြင့် ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။

**တဒါရုံ ၂-ချက်။** ။ထိုနောင် ထိုဇော၏အာရုံကို အာရုံပြုတတ်သော ဥပါဒ်ဌီဘင်နှင့် ပြည့်စုံသော အကုသိုလ်ကံ၏ အကျိုးဖြစ်သော တဒါရုံကိစ္စတပ်သော စိတ် တစ်၊ ကုသိုလ်၏ အကျိုးဖြစ်သော တဒါရုံကိစ္စ တပ်သောစိတ် တဆယ်၊ ပေါင်း တဆဲ့တပါးကုန်သော တဒါရုံကိစ္စတပ်သော စိတ်တို့တွင် တခုခုသော တဒါရုံစိတ်သည် ဖြစ်သင့်သည်အားလျော်စွာ ထိုဇော ယူအပ်သော ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ တဒါရုံကိစ္စကို ပြုပြီးလျှင် နှစ်ကြိမ် ဖြစ်၍ ချုပ်၏။

**ဘဝင်ကျခြင်း။** ။ထိုနောင် မိမိ ပဋိသန္ဓေစိတ်နှင့် ဘူမိ ဇာတိ သမ္ပယုတ္တ ဓမ္မ သင်္ခါရအားဖြင့် တူသော ဥပါဒ်ဌီဘင်နှင့်ပြည့်စုံသော စိတ်သည်မိမိ ပဋိသန္ဓေစိတ်နှင့် အာရုံတူ၍ အတိတ်ဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် ထိုက်သည်အားလျော်စွာ တပါးပါးကို အာရုံပြု၍ ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏။

**စက္ခုဒွါရဝီထိမှ ဝိပါက်စိတ်များ။** ။ဤ ပြဆိုအပ်ကုန်သော ဝီထိစိတ်အစဥ်တို့တွင် ပါဝင်သော စက္ခုဝိညာဏ်စိတ်, သမ္ပဋိစ္ဆိုင်းစိတ်, သန္တီရဏစိတ်, တဒါရုံစိတ်တို့သည် ကုသိုလ် အကုသိုလ်ကံတို့၏ အကျိုးဝိပါက်ဖြစ်ကုန်သော စိတ်တို့ မည်ကုန်၏။ ထိုကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်သော ဝိပါက်စိတ်တို့တွင် အကုသိုလ်၏ အကျိုးဖြစ်ကုန်သော စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံတို့သည် အနိဋ္ဌရူပါရုံကိုသာလျှင် အာရုံပြု၍ ဖြစ်ကုန်၏။ ကုသိုလ်၏ အကျိုးဖြစ်ကုန်သော စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ,တဒါရုံတို့သည် ဣဋ္ဌရူပါရုံကိုသာလျှင် စင်စစ် အာရုံပြု၍ ဖြစ်ကုန်၏ဟု မှတ်သားကြလေကုန်။

**သောတဒွါရ ဝီထိ စသည်။** ။ထိုနည်းအတူ သဒ္ဒါရုံကိုအကြောင်းခံ၍ ဖြစ်သော သောတဒွါရ ဝီထိစိတ်အစဥ်, ဂန္ဓာရုံကို အကြောင်းခံ၍ဖြစ်သော ဃာနဒွါရဝီထိစိတ်အစဥ်, ရသာရုံကို အကြောင်းခံ၍ ဖြစ်သော ဇိဝှါဒွါရဝီထိစိတ်အစဥ်,ဖောဋ္ဌဗ္ဗာရုံကို အကြောင်းခံ၍ ဖြစ်သော ကာယဒွါရဝီထိစိတ်အစဥ် ဖြစ်မှုတို့ကိုငှ်း၊ ထိုဝီထိစိတ်အစဥ်၌ ကျရောက်သော ကုသလဝိပါက်, အကုသလဝိပါက် တို့ကိုငှ်း၊ ထိုဝိပါက်တို့၏ အာရုံကိုငှ်း စက္ခုဒွါရဝီထိစိတ် အစဥ် ဖြစ်မှုနည်းကိုမှီ၍ သိကြလေကုန်။ ထိုငါးဒွါရ၌ ဖြစ်သော ဝိပါက်တို့သည် စင်စစ် ဆည်းပူးအပ်သော သခ်ါရ အကျိုးတို့သာလျှင်တည်း။

**မနောဒွါရဝီထိမှ ဝိပါက်စိတ်။** ။ထို့ပြင် အကြင်အကြင် ဣဋ္ဌ,အနိဋ္ဌ ဖြစ်သော အာရုံ ခြောက်ပါးတို့တွင် တပါးပါးသော အာရုံကို အာရုံပြု၍ တဒါရုံဝါရ မနောဒွါရဝီထိစိတ်အစဥ်သည် ဖြစ်၏။ ထိုမနောဒွါရဝီထိစိတ်အစဥ်၌ပါသော ကုသလဝိပါက် တဒါရုံ အကုသလဝိပါက် တဒါရုံတို့သည်လည်း စင်စစ် ရှေး၌ ဆည်းပူးအပ်သော သခ်ါရတို့၏ အကျိုးတို့သာလျှင်တည်း။

**အပုညာဘိသခ်ါရအကျိုးစိတ်များ။** ။ထို့ကြောင့် အကုသိုလ် အပုညာဘိသခ်ါရ စေတနာကံ၏ အကျိုးဘို့သည် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်တစ်၊ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်တစ်၊ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ်တစ်၊ ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဏ်စိတ်တစ်၊ ဒုက္ခသဟဂုတ် ကာယ ဝိညာဏ်စိတ်တစ်၊ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ်တစ်၊ သန္တီရဏတဒါရုံကိစ္စတပ်သော ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တစ်။ ဤသို့လျှင် ခုနစ်ပါးဖြစ်ကုန်၏။ ထိုသို့ ဖြစ်ကြောင်းကိုလည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ပညာဘူမိအဖွင့် စာမျက်နှာ (၁၇၈)၌—

အပုညာဘိသင်္ခါရပစ္စယာ ပန အကုသလဝိပါကာနိ ပဉ္စ စက္ခု-
ဝိညာဏာဒီနိ ကော မနောဓာတု ကော မနောဝိညာဏဓာတူတိ ဝေ
သတ္တဝိဓံ ဝိညာဏံ ဟောတိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

ထိုနည်းအတူ သမ္မောဟဝိနောဒနီအဋ္ဌကထာ ပဋိစ္စသမုပ္ပါဒ်အဖွင့် စာမျက်နှာ (၁၄၄) ၌လည်း မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ပန၊ အဘိုတပါးကို ဆိုဦးအံ့။ အပုညာဘိသင်္ခါရပစ္စယာ၊ အပုညာဘိသင်္ခါရ ဟူသော အကြောင်းကြောင့်။ အကုသလဝိပါကာနိ၊ အကုသိုလ်၏ အကျိုး ဝိပါက်တို့သည်။ ပဉ္စ၊ ငါးပါးကုန်သော။ စက္ခုဝိညာဏာဒီနိ၊ စက္ခုဝိညာဏ် အစ ရှိသည်တို့၎င်း။ ကော၊ တခုသော။ မနောဓာတု၊ မနောဓာတ်ဟု ဆိုအပ်သော သမ္ပဋိစ္ဆိုင်းစိတ်၎င်း။ ကော၊ တခုသော။ မနောဝိညာဏဓာတု၊ မနောဝိညာဏ-ဓာတ်ဟု ဆိုအပ်သော သန္တီရဏစိတ်၎င်း။ ဣတိ ဧဝံ၊ ဤသို့။ သတ္တဝိဓံ၊ ခုနစ်ပါး အပြားရှိသော။ ဝိညာဏံ၊ အာရုံကိုသိတတ်သော သဘောဝိညာဏ်သည်။ ဟောတိ၊ ဖြစ်၏။

ဤပြဆိုအပ်သည်ကို ထောက်၍ အကုသိုလ် ပုညာဘိသင်္ခါရ စေတနာကံ၏ အကျိုးခုနစ်ပါး ဖြစ်ကြောင်းကို ထင်ရှားသိကြလေကုန်။

**ကာမပုညာဘိသင်္ခါရ အကျိုးစိတ်များ။** ။ထိုမှတပါး ကာမာဝစရကုသိုလ် ပုညာဘိသင်္ခါရစေတနာကံ၏ အကျိုးတို့သည် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်တစ်၊ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်တစ်၊ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ်တစ်၊ ဥပေက္ခာ သဟဂုတ် ဇိဝှါဝိညာဏ်စိတ်တစ်၊ သုခသဟဂုတ် ကာယဝိညာဏ်စိတ် တစ်၊ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ်တစ်၊ တဒါရုံကိစ္စတပ်သော သောမနဿ သန္တီရဏစိတ်တစ်၊ ဥပေက္ခာသန္တီရဏစိတ်တစ်၊ မဟာဝိပါက်စိတ်ရှစ်။ ဤသို့လျှင် (၁၆) ပါးကုန်သော ဝိပါက်စိတ်တို့သည် ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ကြောင်းကို လည်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှင်သည် ပညာဘူမိအဖွင့် စာမျက်နှာ(၁၇၆)၌—

ကာမာဝစရပုညာဘိသင်္ခါရပစ္စယာ တာဝ ကုသလဝိပါကာနိ ပဉ္စ
စက္ခုဝိညာဏာဒီနိ မနောဝိညာဏေ ကော မနောဓာတု ဒွေ မနော-
ဝိညာဏဓာတုယော အဋ္ဌ ကာမာဝစရဝိပါကာနီတိ သောဠသ။

ဟူ၍ မိန့်အပ်လေပြီ။

ထိုနည်းအတူ သမ္မောဟဝိနောဒနီအဋ္ဌကထာ ပဋိစ္စသမုပ္ပါဒ်အဖွင့် စာမျက်နှာ (၁၄၃)၌လည်း မိန့်အပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ကာမာဝစရ ပုညာဘိသင်္ခါရပစ္စယာ၊ ကာမာဝစရ ပုညာဘိသင်္ခါရ ဟူသော အကြောင်းကြောင့်။ တာဝ၊ ရှေးဦးစွာ။ ကုသလဝိပါကာနိ၊ ကုသိုလ်၏ အကျိုး ဖြစ်ကုန်သော။ ပဉ္စ၊ ငါးပါးကုန်သော။ စက္ခုဝိညာဏာဒီနိ၊ စက္ခုဝိညာဏ်အစ ရှိသော အသိသဘောတို့ရင်း။ ဝါ၊စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ်တို့ရင်း။ မနောဝိညာဏေ၊ မနောဝိညာဏ်စိတ် တို့တွင်။ ဧကော၊ တခုသော။ မနောဓာတု၊ မနောဓာတ်ဟု ဆိုအပ်သော သမ္ပဋိစ္ဆိုင်းစိတ်ရင်း။ ဒွေ၊ နှစ်ပါးကုန်သော။ မနောဝိညာဏဓာတုယော၊ မနော ဝိညာဏဓာတ်ဟုဆိုအပ်ကုန်သော သန္တီရဏစိတ်တို့ရင်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ကာမာဝစရမဟာဝိပါကာနိ စ၊ ကာမဘုံ၌ ကျင်လည်တတ် ဖြစ်တတ်ကုန်သော အဟိတ်ဝိပါက်တို့ထက် မြင့်မြတ်သော ဝိပါက်စိတ်တို့ရင်း။ဣတိ၊ဤသို့။သောဠသ၊ တဆဲ့ခြောက်ပါးကုန်သော ဝိပါက်စိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ ကာမာဝစရပုညာဘိသင်္ခါရစေတနာကံ၏ အကျိုး ၁၆-ပါး ဖြစ်သည်ကို ထင်ရှားသိကြလေ။

**ရူပပုညာဘိသင်္ခါရ အကျိုးစိတ်များ။** ။ရူပါဝစရကုသိုလ်ဟု ဆိုအပ်သော ပုညာဘိသင်္ခါရစေတနာကံ၏အကျိုး သည် တခြား မရှိတော့ပြီ၊ ရှေးပဋိသန္ဓေဝိညာဏ်ကို ပြဆိုရာအခဏ်း၌ ပြဆိုခဲ့ပြီး သော ပဋိသန္ဓေနောင် စုတိကျသည်တိုင်အောင် ဆက်ကာ ဆက်ကာ ဖြစ်ကြကုန် သော ဘဝင်စိတ်အစဉ်ဟု ဆိုအပ်သော ပဌမစျာန်ဝိပါက်, ဒုတိယစျာန်ဝိပါက်, တတိယစျာန်ဝိပါက်,စတုတ္ထစျာန်ဝိပါက်,ပဉ္စမစျာန်ဝိပါက် ဤဆိုအပ်သောဝိပါက် စိတ် ငါးခုတို့သည်သာလျှင် ပဝတ္တိဝိညာဏ်ဖြစ်ကြကုန်၏၊ ထိုသို့ဖြစ်ကြောင်းကို လည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ပညာဘူမိအဖွင့် စာမျက်နှာ(၁၇၈)၌—

ရူပါဝစရပုညာဘိသင်္ခါရပစ္စယာ ပန ပဉ္စ ရူပါဝစရဝိပါကာနိ။

ဟူ၍ မိန့်အပ်လေပြီ။

ထိုနည်းအတူ သမ္မောဟဝိနောဒနီအဋ္ဌကထာ စာမျက်နှာ(၁၄၄)၌လည်း မိန့် အပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ပန၊ အဘို့တပါးကို ဆိုဦးအံ့။ ရူပါဝစရပုညာဘိသင်္ခါရပစ္စယာ၊ ရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်ကုန်သော ရူပါဝစရ ကုသိုလ်-

ပုညာဘိသင်္ခါရစေတနာဟူသောအကြောင်းကြောင့်။ ပဉ္စ၊ ငါးပါးကုန်သော။ ရူပါဝစရဝိပါကာနိ၊ ရူပဘုံ၌ ကျင်လည်တတ် ဖြစ်တတ်ကုန်သော ရူပဝိပါက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ ရူပါဝစရပုညာဘိသင်္ခါရကြောင့် ဖြစ်ကုန်သော ရူပဝိပါက်ငါးခုတို့ကို သိကြလေကုန်။ဤပြဆိုအပ်သော ရူပဝိပါက်ငါးခုနှင့် ရှေး၌ ပြဆိုခဲ့ပြီးသော ကာမကုသိုလ်၏ အကျိုးဖြစ်သော တဆဲ့ခြောက်ပါးကုန်သော ဝိပါက်တို့ကို ပေါင်းသော် ပုညာဘိသင်္ခါရ၏ အကျိုးဝိပါက်သည် နှစ်ဆဲ့တပါးဖြစ်၏၊ ထိုသို့ ဖြစ်ကြောင်းကိုလည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ပညာဘူမိအဖွင့် စာမျက်နှာ(၁၇၈)၌—

ဧဝံ ပုညာဘိသင်္ခါရပစ္စယာ ဧကဝီသတိဝိဓံ ဝိညာဏံ ဟောတိ။

ဟူ၍ မိန့်အပ်လေပြီ၊ သမ္မောဟဝိနောဒနီအဋ္ဌကထာရှင်သည်လည်း ပဋိစ္စသမုပ္ပါဒ်အဖွင့် စာမျက်နှာ(၁၄၄)၌ ထိုနည်းအတူ မိန့်ဆိုအပ်လေသည်။

အနက်သိကြောင်း မြန်မာပြန်ကား——

ဧဝံ ယထာဝုတ္တနယေန၊ အကြင်အကြင် ဆိုအပ်ပြီးသောနည်းဖြင့်။ ပုညာဘိသင်္ခါရပစ္စယာ၊ ပုညာဘိသင်္ခါရစေတနာဟူသော အကြောင်းကြောင့်။ ဧကဝီသတိဝိဓံ၊ နှစ်ဆဲ့တပါးအပြားရှိသော။ ဝိညာဏံ၊ အာရုံကို သိတတ်သော သဘော ဝိညာဏ်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ ပုညာဘိသင်္ခါရကုသိုလ်စေတနာကံကြောင့် (၂၁)ပါးသော ဝိပါက် ဝိညာဏ် ဖြစ်ကြောင်းကိုလည်း ထင်ရှား သိကြလေ။

**အာနေဉ္စာဘိသင်္ခါရ အကျိုးစိတ်များ။** ။အရူပကုသိုလ် အာနေဉ္စာဘိသင်္ခါရစေတနာကံကြောင့်ဖြစ်သော ပဝတ္တိဝိညာဏ်သည်လည်း တခြားအထူး မရှိတော့ပြီ၊ရှေးပဋိသန္ဓေဝိညာဏ်ကို ပြဆိုရာအခါ၌ ပဋိသန္ဓေနောင် ဆက်ကာဆက်ကာ စုတိကျသည့်တိုင်အောင် ဖြစ်ကြလေသမျှသော ဘဝင်စိတ်အစဉ်ဟု ဆိုအပ်သော အာကာသာနဉ္စာယတနဝိပါက်, ဝိညာဏဉ္စာယတနဝိပါက်, အာကိဉ္စညာယတနဝိပါက်, နေဝသညာနာသညာယတနဝိပါက် ဤဆိုအပ်ပြီးသော အရူပဝိပါက်လေးခုတို့သည်သာလျှင် ပဝတ္တိဝိညာဏ် ဖြစ်ကြကုန်၏။ ထိုသို့ဖြစ်ကြောင်းကိုလည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ပညာဘူမိအဖွင့် စာမျက်နှာ(၁၇၈)၌—

အာနေဉ္စာဘိသင်္ခါရပစ္စယာ ပန စတ္တာရိ အရူပဝိပါကာနီတိ ဧဝံ စတုဗ္ဗိဓံ ဝိညာဏံ ဟောတိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ၊ သမ္မောဟဝိနောဒနီအဋ္ဌကထာရှင်သည်လည်း ပဋိစ္စ-သမုပ္ပါဒ်အဖွင့် စာမျက်နှာ(၁၄၄)၌ ထိုနည်းအတူ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ပန၊ အဘို့တပါးကို ဆိုဦးအံ့။ အာနေဉ္ဇာဘိသင်္ခါရပစ္စယာ၊ အာနေဉ္ဇာဘိ-သင်္ခါရဟူသော အကြောင်းကြောင့်။ စတ္တာရိ၊ လေးပါးကုန်သော။ အရူပ-ဝိပါကာနိ၊ အရူပဝိပါက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ ဧဝံ၊ ဤသို့။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသော။ ဝိညာဏံ၊ အာရုံကို သိတတ်သော သဘော သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ အာနေဉ္ဇာဘိသင်္ခါရစေတနာကံ၏ အကျိုးသည် စင်စစ် လေးပါးရှိသည်၏အဖြစ်ကို ထင်ရှားသိကြလေ။

**ပဝတ္တိဝိညာဏ် ၃၂-ပါး။** ။ဤသို့လျှင် အပုညာဘိသင်္ခါရစေတနာကံ၏ အကျိုး ဖြစ်သော ပဝတ္တိဝိညာဏ်သည် ခုနစ်ပါး၊ ပုညာဘိ-သင်္ခါရစေတနာကံ၏ အကျိုးဖြစ်သော ပဝတ္တိဝိညာဏ်သည် နှစ်ဆဲ့တပါး၊ အာနေဉ္ဇာဘိသင်္ခါရ စေတနာကံ၏ အကျိုးဖြစ်သော ပဝတ္တိဝိညာဏ်သည် လေးပါး၊ ဤဆိုအပ်ပြီးသော ဝိညာဏ်တို့ကို ပေါင်းသော် ပဝတ္တိဝိညာဏ်သည် ၃၂-ပါး ဖြစ်၏။ ထို ၃၂-ပါးသော ဝိပါက်စိတ်တို့သည်သာလျှင် ထိုထိုသို့သော ဘုံတို့၌ ဆိုင်ရာဆိုင်ရာ အလှည့်သင့်ရာ၌ဖြစ်ပေါ်ကြပြီးလျှင် ချုပ်ကွယ်ကြကုန်၏။ ထိုဝိညာဏ်တို့မှတပါး လူ, နတ်, ဗြဟ္မာ, သတ္တဝါဟူ၍ စင်စစ် မရှိလေတော့ပြီ၊ ထိုသတ္တဝါ အသက်မဟုတ်သော ဝိပါက်စိတ် ၃၂-ပါးတို့သည်သာလျှင် စင်စစ် သင်္ခါရတို့၏အကျိုးဖြစ်ကြောင်းကို ထင်ရှား သိစေတော်မူလိုသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှင်သည် ပညာဘူမိအဖွင့် စာမျက်နှာ (၁၇၇) ၌—

သင်္ခါရပစ္စယာ ဝိညာဏပဒေ ဝိညာဏန္တိ စက္ခုဝိညာဏာဒိ ဆဗ္ဗိဓံ၊ တတ္ထ စက္ခုဝိညာဏံ ကုသလဝိပါကံ အကုသလဝိပါကန္တိ ဒုဝိဓံ ဟောတိ။ တထာ သောတ ဃာန ဇိဝှါ ကာယ ဝိညာဏာနိ။

မနောဝိညာဏံ ကုသလာကုသလဝိပါကာ ဒွေ မနောဓာတုယော, တိဿော အဟေတုကမနောဝိညာဏဓာတုယော, အဋ္ဌ သဟေတု-ကာနိ ကာမာဝစရဝိပါကစိတ္တာနိ, ပဉ္စ ရူပါဝစရာနိ, စတ္တာရိ အရူပါ-ဝစရာနီတိ ဗာဝီသတိဝိဓံ ဟောတိ။

ဣတိ ဣမေဟိ ဆဟိ ဝိညာဏေဟိ သဗ္ဗာနိပိ ဗာတ္တိံသ လော-ကိယဝိပါကဝိညာဏာနိ သင်္ဂဟိတာနိ ဟောန္တိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

သင်္ခါရပစ္စယာ ဝိညာဏပဒေ၊ သင်္ခါရပစ္စယာ ဝိညာဏံဟူသော ပုဒ်၌။ ဝိညာဏန္တိ၊ ဝိညာဏံဟူသည်ကား။ စက္ခုဝိညာဏာဒိ၊ စက္ခုဝိညာဏ် အစရှိသော။ ဝါ၊ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ်ဟုဆိုအပ်သော။ ဆဗ္ဗိဓံ၊ ခြောက်ပါး အပြားရှိသော ဝိညာဏ်တည်း။ တတ္ထ၊ ထိုဝိညာဏ် ခြောက်ပါးတို့တွင်။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ ကုသလဝိပါကံ၊ ကုသိုလ်၏ အကျိုးဖြစ်သော စက္ခုဝိညာဏ်၎င်း၊ အကုသလဝိပါကံ၊ အကုသိုလ်၏ အကျိုးဖြစ်သော စက္ခုဝိညာဏ်၎င်း။ ဣတိ၊ ဤသို့။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ သောတဃာန ဇိဝှါ ကာယ ဝိညာဏာနိ၊ သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်တို့သည်။ တထာ၊ ထိုစက္ခုဝိညာဏ် အတူသာလျှင်တည်း။

မနောဝိညာဏံ၊ မနောဝိညာဏ်သည်။ ကုသလာကုသလဝိပါကာ၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်သော။ ဒွေ၊ နှစ်ပါးကုန်သော။ မနောဓာတုယော၊ မနောဓာတ်ဟု ဆိုအပ်သော သမ္ပဋိစ္ဆိုင်းတို့၎င်း။ တိဿော၊ သုံးပါးကုန်သော။ အဟေတုက မနောဝိညာဏဓာတုယော၊ သမ္ပယုတ် ဟိတ် မရှိသော မနောဝိညာဏဓာတ်ဟု ဆိုအပ်သော သန္တီရဏစိတ်တို့၎င်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ သဟေတုကာနိ၊ သမ္ပယုတ်ဟိတ်နှင့် တကွဖြစ်ကုန်သော။ ကာမာဝစရဝိပါကစိတ္တာနိ၊ ကာမဘုံ၌ ကျင်လည်တတ် ဖြစ်တတ်ကုန်သော မဟာကုသိုလ်၏ အကျိုးဖြစ်ကုန်သော ဝိပါက်စိတ်တို့၎င်း။ ပဉ္စ၊ ငါးပါးကုန်သော။ ရူပါဝစရာနိ၊ ရူပဘုံ၌ ကျင်လည်တတ် ဖြစ်တတ်ကုန်သော ရူပကုသိုလ်၏ အကျိုးဖြစ်ကုန်သော ဝိပါက်စိတ်တို့၎င်း။ စတ္တာရိ၊ လေးပါးကုန်သော။ အရူပါဝစရာနိ၊ အရူပဘုံ၌ ကျင်လည်တတ် ဖြစ်တတ်ကုန်သော အရူပကုသိုလ်၏အကျိုးဖြစ်ကုန်သော ဝိပါက်စိတ်တို့၎င်း။ ဣတိ ဣမိနာ ပဘေဒေန၊ ဤသို့သောအပြားဖြင့်။ ဗာဝီသတိဝိဓံ၊ နှစ်ဆဲ့နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

ဣတိ၊ ဤသို့။ ဣမေဟိ၊ ဤဆိုအပ်ခဲ့ကုန်ပြီးသော။ ဆဟိ၊ ခြောက်ပါးကုန်သော။ ဝိညာဏေဟိ၊ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ်တို့ဖြင့်။ သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဗာတ္တိံသ၊ သုံးဆဲ့နှစ်ပါးကုန်သော။ လောကိယဝိပါကဝိညာဏာနိ၊ လောကီဖြစ်ကုန်သော ဝိပါက်ဝိညာဏ်စိတ်တို့ကို။ ဝါ၊ တို့သည်။ သင်္ဂဟိတာနိ၊ ရေတွက်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာစကားရပ်တို့တွင် – **ဗာတ္တိံသ လောကိယဝိပါက ဝိညာဏာနိ**ဟူသော ပါဌ်ကို ထောက်၍ သင်္ခါရတို့၏အကျိုးသည် စင်စစ် ၃၂-ပါးဖြစ်ကြောင်းကို ထင်ရှား သိကြလေ။

**ဖိုလ်စိတ်ကို သင်္ခါရအကျိုး မဆိုရပုံ။** ။လောကုတ္တရာကုသိုလ်၏ အကျိုး ဖြစ်သော ဖိုလ် လေးခုကိုမူကား ဝဋ်၌ ကျင်လည်မှုကို ပြဆိုရာ အခဏ်းဖြစ်သောကြောင့် စင်စစ် မသင့်သည်အဖြစ်ကြောင့် မယူအပ်ဟု မှတ်။ ထိုသို့ မှတ်အပ်ကြောင်းကိုလည်း ရှင်းအဋ္ဌကထာရှင်တို့သည် ရှေး၌ ပြဆိုအပ်ပြီးသော စာမျက်နှာ၌ပင်—

လောကုတ္တရာနိ ပန ဝဋ္ဋကထာယံ န ယုဇ္ဇန္တီတိ န ဂဟိတာနိ။

ဟူ၍ မိန့်ဆိုအပ်လေသည်။

အနက်သိကြောင်း မြန်မာပြန်ကား—

ပန၊ အထူးကို ဆိုဦးအံ့၊ လောကုတ္တရာနိ၊ လောကုတ္တရာဖြစ်ကုန်သော ဝိပါက်ဝိညာဏ်တို့သည်။ ဝဋ္ဋကထာယံ၊ မပြတ်ကျင်လည်မှုဟု ဆိုအပ်သော ဝဋ်ကိုဆိုရာ၌။ န ယုဇ္ဇန္တိ၊ မသင့်လျော်ကုန်။ ဣတိ တသ္မာ၊ ထိုသို့ မသင့်မလျော်သည်၏ အဖြစ်ကြောင့်။ န ဂဟိတာနိ၊ မယူအပ်ကုန်။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ လောကုတ္တရာ ဝိပါက်တို့ကို မယူအပ်ကြောင်းကို စင်စစ် သိကြလေကုန်။

ဤတွင် ပဝတ္တိဝိညာဏ်ပြခဏ်း ပြီး၏။

---

## အကြောင်းအကျိုး နှစ်ပါးစပ်၍ ဝိညာဏ်ဖြစ်ပုံနှင့် ပဋိစ္စသမုပ္ပါဒ်နည်းလေးပါးစသည်ကို ပြဆိုချက်

ဤသို့လျှင် သင်္ခါရ စေတနာ၏ အကျိုးဖြစ်သော ဝိညာဏ်သည် ပဋိသန္ဓေဝိညာဏ်, ပဝတ္တိဝိညာဏ်အားဖြင့် နှစ်ပါးအပြား ရှိလေသည်ဟု မှတ်သားကြလေ။

**ဝိညာဏ်ဖြစ်အောင် ပြုလုပ်သူ မရှိပုံ။** ။ထိုဆိုအပ်ပြီးသော ပဋိသန္ဓေဝိညာဏ်, ပဝတ္တိဝိညာဏ်တို့သည်သာလျှင် ကာမဘုံ,ရူပဘုံ,အရူပဘုံဟု ဆိုအပ်သော ဖြစ်ရာဘုံတို့၌ ပုညာဘိသင်္ခါရစသော စေတနာကံကြောင့် ဆိုင်ရာဆိုင်ရာ ထိုက်သည်အားလျော်စွာ အဆက်မပြတ် ဖြစ်ပေါ်ကြကုန်၏။ ထိုအကျိုးဖြစ်သော သိမှုဝိညာဏ်တို့မှတပါး သတ္တဝါ, အကောင်, အသက် ဖြစ်သည်ဟူ၍လည်း စင်စစ် မရှိလေပြီ၊ထိုသိမှုဝိညာဏ်တို့၏ အကြောင်းဖြစ်သော ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရဟု ဆိုအပ်သော စေတနာကံမှတပါးလည်း တစုံတယောက်သော (ထာဝရဘုရား) အစရှိ

သော သတ္တဝါသည်လည်း ၎င်းအသိဝိညာဏ်တို့ကို ဖြစ်ပေါ်လေအောင် ဖန်ဆင်းအပ်ကုန်သည် မဟုတ်။

စင်စစ်သော်ကား ထိုရှေး၌ ပြဆိုအပ်ပြီးသော ရှေးရှေးဘဝတို့၌ ပြုလုပ်အပ်ပြီးသော အတိတ်ဖြစ်သော ပုညာဘိသင်္ခါရဟု ဆိုအပ်သော ကာမကုသိုလ်စေတနာကံ၊ အပုညာဘိသင်္ခါရဟု ဆိုအပ်သော အကုသိုလ်စေတနာကံ၊ ပုညာဘိသင်္ခါရဟု ဆိုအပ်သော ရူပကုသိုလ်စေတနာကံ၊ အာနေဉ္ဇာဘိသင်္ခါရဟု ဆိုအပ်သော အရူပကုသိုလ်စေတနာကံ တို့၏ နာနာက္ခဏိက ကမ္မပစ္စယဇနကသတ္တိ ပကတူပနိဿယပစ္စယဇနကသတ္တိ၏ အစွမ်းကြောင့်သာလျှင် ထိုထိုသို့သော ဘုံဘဝတို့၌ သတ္တဝါ့အသက်နှင့် မရောသော သက်သက်သော အကျိုးဝိညာဏ်တို့သည်သာလျှင် ဘဝနှစ်ပါးကို ဆက်စပ်လျက် ပဋိသန္ဓေအဖြစ်ဖြင့် ပေါ်လာပြီးလျှင် အဆက်မပြတ် တခုချုပ်ပြီးလျှင် တခုထပ်မံ၍ ဆက်ကာဆက်ကာ အကြင်မျှလောက် အကြောင်းခံဖြစ်သော သင်္ခါရစေတနာကံ၏ အစွမ်းမကုန်သေး၊ ထိုမျှလောက် ဖြစ်ကြလေကုန်၏။ အကြင်အခါ အကြောင်းခံဖြစ်သော သင်္ခါရစေတနာကံ၏ အစွမ်းသည် ကုန်ခန်း၍ အထောက်အပံ့ကို မပြုနိုင်သည်ဖြစ်အံ့၊ ထိုအခါ အကျိုးဝိညာဏ်တို့လည်း ဆက်သွယ်၍ ပေါ်မှုမရှိဘဲ ကွယ်ကြလေကုန်၏။

**အကြောင်းနှင့်အကျိုး ဆက်စပ်ဖြစ်နေခြင်း။** ။ထိုသို့ကွယ်ကြကုန်သောဝိညာဏ်တို့တွင် နောက်ဆုံး၌ ကွယ်သော ဝိညာဏ်ကို စုတိစိတ်ဟု ခေါ်ဆိုအပ်လေသည်၊ ထိုစုတိစိတ် ကွယ်ချုပ်သည်ကိုပင် နတ်လူပြဟ္မာ သတ္တဝါစသည် သည် သေလေပြီ စုတေလေပြီဟု လောက၌ ခေါ်ဝေါ်ပြောဆိုအပ်၏၊ ထိုသို့ပင် ခေါ်ဝေါ်ပြောဆိုအပ်သော်လည်း စင်စစ် သတ္တဝါသေသည်မရှိ၊ သင်္ခါရစေတနာကံ၏ အကျိုးကုန်မှုသာလျှင် ဖြစ်၏။ ထိုအကျိုးကို ဖြစ်စေတတ်သော ကံတပါး၏ အစွမ်းကုန်လျှင် ကံတပါးသည် အခွင့်သာ၍ ထပ်မံ၍ ဘဝတပါး၌ အကျိုးဝိညာဏ်ကို ဖြစ်စေပြန်၏။

ဤသို့လျှင် အတိတ်ဖြစ်သော သင်္ခါရစေတနာကံနှင့် ၎င်းသင်္ခါရ စေတနာကံ၏ အကျိုးဝိညာဏ်တို့သည်သာလျှင် ယခုလောကဟု သမုတ်အပ်သော စကြဝဠာ အနန္တ၌ ဖြစ်နေကြကုန်၏။ ထိုသို့ ဖြစ်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိနိဒ္ဒေသ စာမျက်နှာ (၂၃၇) ၌—

ကမ္မာ ဝိပါကာ ဝတ္တန္တိ၊ ဝိပါကော ကမ္မသမ္ဘဝေါ။
ကမ္မာ ပုနဗ္ဘဝေါ ဟောတိ၊ ဧဝံ လောကော ပဝတ္တတိ။

ဟူ၍ မိန့်အပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ကမ္မာ၊ ကံကြောင့်။ ဝိပါကာ၊ အကျိုးဝိပါက်တို့သည်။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဝိပါကော၊ အကျိုးဝိပါက်သည်။ ကမ္မသမ္ဘဝေါ၊ ကံဟူသောဖြစ်ကြောင်း ရှိ၏။ ကမ္မာ၊ ကံကြောင့်။ ပုနဗ္ဘဝေါ၊ တဖန်ဆက်သွယ်၍ ဘဝတပါး၌ ဖြစ်မှုသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ လောကော၊ သတ္တလောကသည်။ ပဝတ္တတိ၊ အဆင့်ဆင့် ဖြစ်၏။

**အကြောင်းနှင့်အကျိုးမှတပါး သတ္တဝါမရှိ။** ။ဤသို့ပြဆိုအပ်သည်ကိုထောက်၍ အကြောင်းကံနှင့် အကျိုးဝိပါက်တို့သည်သာလျှင် မပြတ်မလတ်ဖြစ်နေကြသည်ကို ထင်ရှားသိကြလေ။ ထို အကြောင်းအကျိုး တရားသဘောမှတပါး အကြောင်းကို ပြုလုပ်တတ်သော သတ္တဝါဟူ၍ငှင်း၊ ထိုအကျိုးကိုရသော သတ္တဝါ ထိုအကျိုးကို ခံစားတတ်သော သတ္တဝါဟူ၍ငှင်း စင်စစ် မရှိလေပြီ။ ထိုသို့ မရှိသည်ကို မြင်ခြင်းသည်သာလျှင် အဟုတ်အဟတ် မဖောက်မပြန် မြင်သောအမြင် ဖြစ်၏။ ထိုသို့ ဖြစ်ကြောင်းကို သိစေတော်မူလိုသော ငှင်းအဋ္ဌကထာရှင်သည် ငှင်းကခ်ါဝိတရဏ ဝိသုဒ္ဓိနိဒ္ဒေသ စာမျက်နှာ(၂၃၇)၌—

> ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။
> သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ကမ္မဿ စ၊ မကောင်းမှု ကောင်းမှုကံကိုလည်း။ ကာရကော၊ ပြုလုပ်တတ်သော သတ္တဝါ ဟူသော အတ္တသည်။ နတ္ထိ၊ မရှိ။ ဝိပါကဿ စ၊ အကျိုးဖြစ်သော ဝိပါက်ကိုလည်း။ ဝေဒကော၊ ခံစားတတ်သော သတ္တဝါဟူသော အတ္တသည်။ နတ္ထိ၊ မရှိ။ သုဒ္ဓဓမ္မာ၊ သက်သက်သော အကြောင်းအကျိုး တရားတို့သည်သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့ သဘောရှိသော။ တေံ ဒဿနံ၊ ထိုသို့ မြင်ခြင်းသည်သာလျှင်။ သမ္မဒဿနံ-အဝိပရီတဒဿနံ။ မဖောက်မပြန် ဟုတ်မှန်သော အမြင်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ **အကြောင်းအကျိုး** တရားမှတပါး အကြောင်းကို ပြုလုပ်တတ်သော သတ္တဝါဟူသော အတ္တ အကျိုးကို ခံစားတတ်သော သတ္တဝါဟူသော အတ္တသည် စင်စစ် မရှိသည်၏အဖြစ်ကို မြင်ခြင်းသည်သာလျှင် စင်စစ် မဖောက်မပြန် မြင်ခြင်းဖြစ်ကြောင်းကို ထင်ရှားသိကြလေကုန်။

**အကြောင်းကိုစွဲ၍ အကျိုးဖြစ်ပုံ။** ။ထိုသို့ အကြောင်း အကျိုးတရားများသာ ဆက်စပ်၍ ဖြစ်ကြသည်ကို မဖောက်မပြန် မြင်ပြီး နောက် တဖန် အကြောင်းတရားဖြစ်သော သင်္ခါရစေတနာ **ကံ သည်** ယခုမျက်မှောက်၌ ဖြစ်ပေါ်သော အကျိုးတရားသို့ လိုက်လာ၍ ရှိသည်မဟုတ်၊ ရှေးရှေး၌ဖြစ်၍ ချုပ်ခဲ့ပြီးသော ဘဝ၌ပင် အကျိုးကို ဖြစ်စေရန် သတ္တိမျှသာရှိ၍ အကြောင်းခံလေသည်၊ စင်စစ် အကျိုးဖြစ်ပေါ်ရာသို့ လိုက်လာခြင်း မရှိပြီ၊ ဖြစ်ဆဲဖြစ်သော အကျိုးတရားလည်း ထိုမိမိကို ရှေးရှေးသောဘဝ၌ဖြစ်၍ချုပ်ပြီးလျှင် သတ္တိအားဖြင့် အကြောင်းခံသော ကံသို့ သွားရောက်ပြီးလျှင် ရှိနေသည် မဟုတ်၊ စင်စစ်သော်ကား အကြောင်းခံဖြစ်သော အတိတ်ကံသည်လည်း မိမိဖြစ်ခဲ့ပြီးသော ဘဝ၌သာလျှင် ချုပ်ခဲ့ပြီး၍ အကျိုးကို ဖြစ်စေရန် သတ္တိမျှသာ ထိုထိုသို့သော ဘဝတို့၌ ရှိနေ၍ အကြောင်းခံခြင်းကို ပြု၏။ ထိုသတ္တိကြောင့် ထိုထိုဘုံ၌ ဖြစ်ပေါ်လာသော အကျိုးသည်လည်း ထိုထိုဖြစ်ရာဘုံ၌သာလျှင် တခြားတပါးမှ ကူးပြောင်းမလာဘဲလျက် ထိုအကြောင်းခံ သတ္တိကို အစွဲပြု၍ ဖြစ်ပေါ်လာ၏။

**ဝိုင်ယာလက်ဥပမာ။** ။ဥပမာ အင်္ဂလန်ပြည်၌ ရှိနေသော **ဝိုင်ယာလက်** ခေါ်အပ်သော ကြိုးမသွယ်ဘဲလျက် စကားလုံးစုံကို သိစေနိုင်သော ဓာတ်ခွက်သည် ဂျာမနီပြည်၌ရှိသော ဓာတ်ခွက်၊ ရုရှားပြည်၌ ရှိသော ဓာတ်ခွက်တို့၌ အကြောင်းခံတိုင်း **အကြောင်းခံတိုင်း အကြောင်းခံ** အားလျော်စွာဖြစ်သော စကားမျိုးစုံသည် ထင်လေသကဲ့သို့ငှါး၊ အကြောင်းခံဓာတ်ခွက်နှင့် အကျိုးထင်သောဓာတ်ခွက်သည် သူတို့၏ ရှိရင်းနေရာ၌သာလျှင် ရှိ၍ အကြောင်းခံခြင်း၊ အကျိုးထင်ခြင်းကို ဖြစ်စေသကဲ့သို့ငှါး၊ ထိုနည်းအတူ ထိုထိုဘဝ၌ ဖြစ်၍ချုပ်ပြီးသောကံသည် အကျိုးဖြစ်သော ဝိပါက်သို့ လာရောက်၍ ရှိသည်မဟုတ်၊ အကျိုးဝိပါက်သည်လည်း အကြောင်းရှိရာသို့ သွားရောက်ပြီးလျှင် ရှိသည်မဟုတ်၊ ထိုသို့ပင် အချင်းချင်း ဘဝခြားလျက် သူ့နေရာ၌သူ ရှိလေသော်လည်း ငှင်းကံတည်းဟူသော အကြောင်းနှင့် ကင်း၍လည်း အကျိုးတရားသည် စင်စစ် ဖြစ်ပေါ်မှု မရှိဟု မှတ်လေ။ ထိုသို့ မှတ်စေလိုတော်မူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိနိဒ္ဒေသ စာမျက်နှာ (၂၃၈)၌ပင်—

> ကမ္မံ နတ္ထိ ဝိပါကမှိ၊ ပါကော ကမ္မေ န ဝိဇ္ဇတိ။
> အညမညံ ဥဘော သုညာ၊ န စ ကမ္မံ ဝိနာ ဖလံ။

ဟူ၍ငှါး၊

ဖလေန သညံ့ တံ ကမ္မံ၊ ဖလံ ကမ္မေ န ဝိဇ္ဇတိ။
ကမ္မဥ္စ ခေါ ဥပါဒါယ၊ တတော နိဗ္ဗတ္တတေ ဖလံ။

ဟူ၍ငှင်း မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ကမ္မံ၊ အကြောင်းဖြစ်သော ကံသည်။ ဝိပါကမှိ၊ အကျိုးဖြစ်သော ဝိပါက်၌။ နတ္ထိ၊ မရှိ။ ဝိပါကော၊ အကျိုးဖြစ်သော ဝိပါက်သည်။ ကမ္မေ၊ အကြောင်းခံဖြစ်သောကံ၌။ န ဝိဇ္ဇတိ၊ မရှိ။ ဥဘော၊ ကံ ကံ၏အကျိုးနှစ်ပါးတို့သည်။ အညမညံ၊ အချင်းချင်း တပါးသည် တပါးမှ။ သုညာ၊ ဆိတ်ကုန်၏။ ကမ္မံ၊ အကြောင်းခံဖြစ်သော ကံကို။ ဝိနာ၊ ကြဉ်၍။ ဖလံ၊ အကျိုးသည်။ န စ ပဝတ္တတိ၊ ဖြစ်မှုမရှိသည်သာလျှင်ကတည်း။

ကံ ကမ္မံ၊ ထိုအကြောင်းခံဖြစ်သောကံသည်။ ဖလေန၊ မိမိကို စွဲ၍ဖြစ်သော အကျိုးတရားမှ။ သုညံ၊ ဆိတ်၏။ ဖလံ၊ အကျိုးတရား သည်။ ကမ္မေ၊ အကြောင်းခံဖြစ်သော ကံ၌။ န ဝိဇ္ဇတိ၊ မရှိ။ ခေါ၊ စင်စစ်။ ကမ္မဥ္စ၊ အကြောင်းခံဖြစ်သော ကံကိုသာလျှင်။ ဥပါဒါယ၊ စွဲ၍။ တတော၊ ထိုကံကြောင့်။ ဖလံ၊ အကျိုးသည်။ နိဗ္ဗတ္တတေ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာစကားကို ထောက်၍ အကျိုးတရားသည်လည်း အကြောင်းတရား၌ သွားရောက်၍ မရှိ၊ အကြောင်းတရားလည်း အကျိုးတရားသို့ သွားရောက်၍ မရှိဘဲလျက် စင်စစ် အကြောင်းကံကို အစွဲပြုပြီးလျှင် အကြောင်းကံနှင့် မကင်းဘဲလျက် အကျိုးဝိပါက်တို့ ဖြစ်ရသည်၏ အဖြစ်ကို ရှေး၌ ပြဆိုအပ်ခဲ့သည့်အတိုင်း ထင်ရှားသိကြလေကုန်။

**အကြောင်းအကျိုးဆက်၍ သံသရာစက် လည်နေခြင်း** ထိုပြဆိုအပ်ပြီးသော အတိတ်ဖြစ်သောအကြောင်းတရားနှင့် ယခု ဖြစ်ဆဲဖြစ်သော အကျိုးဝိညာဏ်တရားတို့သည် စပ်၍ဖြစ်ပုံကို သိကြလျှင်လည်း အစမထင် သံသရာအဆက်ဆက်တို့၌လည်း ဖြစ်ပေါ်ခဲ့သော ဘဝတိုင်း၌ပင် ယခုပစ္စုပ္ပန်ဘဝ၌ဖြစ်သောနည်းအတူ အကြောင်းနှင့်အကျိုးတရားတို့သာလျှင် ကေန်စပ်၍ ဖြစ်ဘူးလေသည်၏ အဖြစ်ကိုလည်း ပညာရှိတို့သည် စင်စစ် သိအပ်လေသည်သာတည်း။

ယခုဖြစ်ဆဲဖြစ်သောဘဝမှ စုတေ့ကွယ်လွန်၍ နောင် အနာဂတ်ဘဝတို့၌ ဖြစ်ပေါ်သော်လည်း ယခုပစ္စုပ္ပန်ဘဝ၌ဖြစ်သော နည်းအတူသာလျှင် စင်စစ် အကြောင်းအကျိုးစပ်၍သာလျှင် ဖြစ်ပေါ်လတ္တံ့သည်၏အဖြစ်ကိုလည်း ပညာရှင်တို့သည် စင်စစ် သိအပ်လေသည်သာတည်းဟု မှတ်လေ။ ထိုသို့သိအပ်ကြောင်း

ကိုလည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိအဖွင့် စာမျက်နှာ (၂၄၇)၌—

သော ဧဝံ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေန ပစ္စယတော နာမရူပဿ ပဝတ္တိံ ဒိသွာ "ယထာ ဣဒံ ဧတရဟိ၊ ဧဝံ အတီတေပိ အဒ္ဓါနေ ကမ္မဝဋ္ဋ-ဝိပါကဝဋ္ဋဝသေန ပစ္စယတော ပဝတ္တိတ္ထ၊ အနာဂတေပိ ကမ္မဝဋ္ဋဝိပါက-ဝဋ္ဋဝသေနေဝ ပစ္စယတော ပဝတ္တိဿတိ" တိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

သော၊ ထိုအကြောင်းအကျိုးကိုရှုသော ယောဂီပုဂ္ဂိုလ်သည်။ ဧဝံ၊ ဤသို့။ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေန၊ ကမ္မဝဋ္ဋ် ဝိပါကဝဋ္ဋ်တို့၏အစွမ်းဖြင့်။ ပစ္စယတော၊ အကြောင်းအားဖြင့်။ နာမရူပဿ၊ နာမ်ရုပ်၏။ ပဝတ္တိံ၊ အဆက်ဆက် အဆင့်ဆင့် အားဖြင့် ဖြစ်ခြင်းကို။ ဒိသွာ၊ ပညာဖြင့်မြင်၍။ ဣဒံ၊ ဤအကျိုးဖြစ်သော နာမ်ရုပ် တရားသည်။ ဧတရဟိ၊ ယခုမျက်မြင်ပစ္စုပ္ပန်ဘဝ၌။ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေနေဝ၊ အကြောင်းကမ္မဝဋ္ဋ် အကျိုးဝိပါကဝဋ္ဋ်တို့၏ အစွမ်းဖြင့်သာလျှင်။ ပစ္စယတော၊ အကြောင်းအားဖြင့်။ ပဝတ္တတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ အတီတေ၊ လွန်လေပြီးသော။ အဒ္ဓါနေပိ၊ အခွန့်၌လည်း။ ကမ္မဝဋ္ဋဝိပါကဝဋ္ဋ-ဝသေနေဝ၊ အကြောင်းဖြစ်သောကမ္မဝဋ္ဋ် အကျိုးဖြစ်သောဝိပါကဝဋ္ဋ်တို့၏ အစွမ်းဖြင့်သာလျှင်။ ပစ္စယတော၊ အကြောင်းအားဖြင့်။ ပဝတ္တိတ္ထ၊ ဖြစ်ဘူး လေပြီ။ အနာဂတေ၊ နောင်လာလတ္တံ့သော။ အဒ္ဓါနေပိ၊ အခွန့်၌လည်း။ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေနေဝ၊ အကြောင်းဖြစ်သော ကမ္မဝဋ္ဋ် အကျိုးဖြစ်သော ဝိပါကဝဋ္ဋ်တို့၏ အစွမ်းဖြင့်သာလျှင်။ ပစ္စယတော၊ အကြောင်းအားဖြင့်။ ပဝတ္တိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ပစ္စယပရိဂ္ဂဟံ၊ အကြောင်းတရားကို ဉာဏ်ဖြင့်သိမ်းဆည်းမှုကို။ ကရောတိ၊ ပြု၏။

**ပစ္စုပ္ပန်ဖြစ်ပုံထောက်၍ အတိတ် အနာဂတ်သိနိုင်ခြင်း**

ဤသို့ ဆိုအပ်သည်ကိုထောက်၍ ပစ္စုပ္ပန်ဟု ဆိုအပ်သောဖြစ်ဆဲဘဝ၌ အကြောင်းအကျိုး စပ်၍ ဖြစ်သည်ကိုသိလျှင် ထိုနည်းအတူ ရှေးအစမထင် သံသရာ အဆက်ဆက်၌ ဖြစ်ဘူးသည်လည်း ၎င်းအကြောင်း အကျိုးတရားနှစ်ပါးသာလျှင် ဖြစ်ဘူး၏။ အနာဂတ်၌လည်း ၎င်းအကြောင်း အကျိုး နှစ်ပါး တရားသာလျှင် စင်စစ် ထပ်မံ၍ ဆက်စပ်လျက် ဖြစ်လတ္တံ့ဟု ပညာရှိတို့သည် စင်စစ် သိအပ်လေသည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။

**ကြောင်းကျိုးမသိက ဒိဋ္ဌိဖြစ်ပုံ။** ။ဤ ပြဆိုအပ်ပြီးသော အကြောင်းအကျိုး တရား နှစ်ပါးတို့သည်သာလျှင် အခါ ခပ်သိမ်း ဆက်စပ်လျက် ဖြစ်နေသည်ကို မသိကြကုန်သော သူတို့သည် စင်စစ် သတ္တဝါ ရှိသည်ဟူသော အယူကို ယူပြီးလျှင် ထိုဖြစ်ပေါ်လာသော သတ္တဝါဟု ခေါ်အပ်သော ခန္ဓာကို **ထာဝရဘုရား**သည် ဖန်ဆင်းအပ်သည် ဗြဟ္မာသည် ဖန်ဆင်းအပ်သည်ဟု စွဲယူကြလေကုန်၏။ ထိုသို့ စွဲယူအပ်သော အယူမျိုးသည် **ပရံကတ** ဟုဆိုအပ်သော ဥစ္ဆေဒဒိဋ္ဌိ အယူမျိုးပေတည်း။ ထိုအယူကို ထင်စွာ ပြဦးအံ့။

**ဥစ္ဆေဒနှင့် နတ္ထိကဒိဋ္ဌိ ၂-မျိုး။** ။ထိုအကြောင်းအကျိုး တရားနှစ်ပါးကို မမြင်ခြင်းကြောင့် ယခုလောက၌ ဖြစ်ဆဲ ဖြစ်သော သတ္တဝါဟု သမုတ်အပ်သောခန္ဓာကို **ထာဝရဘုရား**, **ဗြဟ္မာ** စသည် တို့တွင် တစုံတယောက်သည် ဖန်ဆင်း၍ ဖြစ်ပေါ်လာသည်ဟု စွဲယူသော သူတို့သည် ၎င်းခန္ဓာချုပ်သည် တပြိုင်နက် နောင်တဖန် ခန္ဓာဆက်ဖြစ်ရန် အကြောင်းတရားမရှိလေသည်၏အဖြစ်ကြောင့် တဖန် ခန္ဓာဖြစ်ပေါ်မှုလည်း မရှိ၊ သတ္တဝါလည်း မရှိတော့ပြီ၊ ပြတ်လေတော့၏ဟု ဥစ္ဆေဒဒိဋ္ဌိအယူကိုသာလျှင် ကေန် ယူတော့၏။ထိုသို့ ယူခြင်းကြောင့် ၎င်းအယူမျိုးကို ပရံကတဟုဆိုအပ်သော ဥစ္ဆေဒ အယူဟု ခေါ်ဆိုအပ်လေသည်ဟု မှတ်။

၎င်းပရံကတဟု ဆိုအပ်သော ဥစ္ဆေဒ အယူမျိုးကိုသာလျှင် နတ္ထိတာဒိဋ္ဌိအယူ မျိုးလည်း ခေါ်ဆိုအပ်လေသည်။ အဘယ်ကြောင့်ဆိုသော် ပြတ်လေပြီးသော ခန္ဓာသည် တစုံတခုမျှမရှိလေတော့ပြီဟု ယူလေခြင်းကြောင့်တည်း။ ထို့ကြောင့် ထိုအယူမျိုးကို နတ္ထိတာဒိဋ္ဌိဟူ၍လည်း ခေါ်ဆိုအပ်သည်ဟု မှတ်ကြလေ။

**သဿတနှင့် အတ္ထိတာဒိဋ္ဌိ ၂-မျိုး။** ။အကယ်၍ ၎င်းအကြောင်းအကျိုး တရား နှစ်ပါးတို့ကို မိမိဟု ဆိုအပ်သော သတ္တဝါ အတ္တသည်သာလျှင် ပြုပြင်အပ်ပေ၏ဟု စွဲယူခဲ့သည်ဖြစ်အံ့၊ ထိုအယူမျိုးသည် **သယံကတ** ဟု ဆိုအပ်သော သဿတဒိဋ္ဌိ အယူမျိုးသာလျှင် ဖြစ်၏။ ဖြစ်ပုံကို ထင်စွာ ပြဦးအံ့၊ ယခုလောက၌ အကြင်အကြင်သူတို့သည် အဆင်းကိုသိမှု အသံကိုသိမှု စသည်တို့ကို ငါဟုဆိုအပ်သော သတ္တဝါ၊ အတ္တသည်သာလျှင် ကေန် ပြုလုပ်နေ၏၊ ထိုသတ္တဝါသည်သာလျှင် ဆင်းရဲချမ်းသာ ကောင်းမှု မကောင်းမှု ကိုလည်း ပြုပြင်၏။ ထိုပြုပြင်အပ်သော သိမှုတို့သည်၎င်း၊ ဆင်းရဲချမ်းသာ, ကုသိုလ်, အကုသိုလ်တို့သည်၎င်း၊ ကုန်ခန်းချုပ်ကွယ်သော်လည်း ၎င်းတို့ကို ပြုလုပ်တတ်သော ငါဟုဆိုအပ်သော သတ္တဝါ အတ္တသည်ကား ကွယ်ချုပ်သည် မဟုတ်၊ ထာဝရမြဲနေသည်သာတည်း။ စင်စစ် ပျက်ခြင်းမရှိပြီဟူ၍ ယူလေ ကုန်၏။ အဘယ်ကြောင့် ထိုအယူမျိုးကို ယူလေကုန်သနည်းဟူမူ ထိုဆိုအပ်

ပြီးသော ခန္ဓာတည်း၌ အသီးအခြား ငါဟုဆိုအပ်သော ပြုပြင်တတ်သော ကာရက, သတ္တဝါတယောက်သည် ကေန်ရှိနေသည်ဟု မှတ်ထင်ခြင်းကြောင့်တည်း။

ထိုကြောင့် ထိုပြုပြင်အပ်သော ခန္ဓာပင် ကွယ်သော်လည်း ၎င်းခန္ဓာ၌ ပြုပြင်တတ်သော ငါဆိုသောသတ္တဝါ,အတ္တသည် မကွယ်မပျောက်ဘဲ အမြဲရှိနေသည်ဟူသော အယူမျိုးကို ယူလေတော့၏။ ထို့ကြောင့် ထိုအယူမျိုးကို **သဿတ** ဟုဆိုအပ်သော **သဿတ** အယူမျိုးဟု ခေါ်ဆိုအပ်သည်။

၎င်းအယူမျိုးကိုသာလျှင် **အတ္တိတာဒိဋ္ဌိ** အယူမျိုးဟူ၍လည်း ခေါ်ဆို အပ်သည်။ အဘယ်ကြောင့်ဆိုသော် ခန္ဓာပင် ချုပ်ကွယ်သော်လည်း ၎င်းခန္ဓာ၌ ပြုပြင်နေသော ငါဟု ဆိုအပ်သော ကာရကအတ္တသည် မကွယ်မပျောက်ဘဲ အမြဲထာဝရ ရှိနေ၏ဟု ယူခြင်းကြောင့်တည်း။ ထို့ကြောင့် ထိုအယူမျိုးကို **အတ္တိတာဒိဋ္ဌိ**ဟူ၍လည်း ခေါ်ဆိုအပ်လေသည်ဟု မှတ်။

**မိစ္ဆာဒိဋ္ဌိမှ လွတ်ရန်နည်း။** ။ထိုဆိုအပ်ခဲ့ပြီးသော ဥစ္ဆေဒဒိဋ္ဌိ သဿတဒိဋ္ဌိ နှစ်ပါးတို့မှ လွတ်လိုသော သူတို့သည် စင်စစ် သတ္တဝါပုဂ္ဂိုလ် စသည်မရှိသော အစမထင် သံသရာကစ၍ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့သော အကြောင်းအကျိုး အဆက်ဆက်တို့၏ ဖြစ်ပျက်ပုံကို ရှေး၌ဖော်ပြထားခဲ့သော နည်းအတိုင်း ထင်မြင်အောင် ရှုကြလေ။

**ဒိဋ္ဌိမလွတ်လျှင် သံသရာမှ မကျွတ်နိုင်ပုံ** ထိုဆိုအပ်ပြီးသော အကြောင်းအကျိုး စပ်ဖြစ်ပုံကို အကြင်မျှလောက် ကာလပတ်လုံး ထင်ရှားမသိသေး၊ ထိုမျှလောက် သတ္တဝါ အယူသည် ဖြစ်နေ၏၊ သတ္တဝါအယူ ဖြစ်သမျှကာလပတ်လုံး သဿတဥစ္ဆေဒ အယူနှစ်မျိုးတို့တွင် တမျိုးမျိုးသို့ ကျရောက်တတ်၏။ ထိုသို့ ကျရောက်သမျှကာလပတ်လုံး ထိုအယူကို နှစ်သက်တတ်သော တဏှာအယဉ်သည် ဖြစ်၏။ ထိုတဏှာအယဉ် ဖြစ်သမျှကာလပတ်လုံး ဝဋ္ဋဒုက္ခမှ မလွတ်နိုင်ပြီဟုမှတ်။ ထိုသို့ မှတ်စေလိုသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် စာမျက်နှာ (၂၄၇)၌—

ဧဝံ ကမ္မေ ဝိပါကေ စ၊ ဝတ္တမာနေ သဟေတုကေ။
ဗီဇရုက္ခာဒိကာနံဝ၊ ပုဗ္ဗာ ကောဋိ န နာယတိ။

အနာဂတေပိ သံသာရေ၊ အပဝတ္တံ န ဒိဿတိ။
ဧတမတ္ထံ အနညာယ၊ တိတ္ထိယာ အသယံဝသီ။

သတ္တသညံ ဂဟေတွာန၊ သဿတုစ္ဆေဒဒဿိနော။
ဒွါသဋ္ဌိဒိဋ္ဌိံ ဂဏှန္တိ၊ အညမညဝိရောဓိတာ။

ဒိဋ္ဌိဗန္ဓနဗန္ဓာ တေ၊ တဏှာ သောတေန ဝုယှရေ။
တဏှာသောတေန ဝုယှန္တာ၊ န တေ ဒုက္ခာ ပမုစ္စရေ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ဗိဇရုက္ခာဒိကာနံ ၊မျိုးစေ့ သစ်ပင်စသည်တို့၏။ ပုဗ္ဗာ ကောဋိ၊ ရှေးဖြစ်သော အစွန်းအစကို။ န နာယတိ ဣဝ၊ မသိအပ်သကဲ့သို့။ ဧဝံ တထာ၊ ထိုဥပမာအတူ သာလျှင်။ သဟေတုကေ၊ အကြောင်းနှင့်တကွ။ ဝတ္တမာနေ၊ ဖြစ်သော။ ကမ္မေ စ၊ အကြောင်းခံဖြစ်သော ကံ၌၎င်း။ ဝိပါကေ စ၊ ထိုကံကြောင့် ဖြစ်သော အကျိုး၌၎င်း။ ပုဗ္ဗာ ကောဋိ၊ ရှေးဖြစ်သောအစကို။ န နာယတိ၊ မသိအပ်။

အတီတေ ယထာ၊ လွန်လေပြီးသော အတိတ်ကာလ၌ကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ အနာဂတေပိ၊ နောင် ဖြစ်လတ္တံ့သော အနာဂတ် အခွန့်၌လည်း။ သံသာရေ၊ ခန္ဓာတို့၏ မပြတ်မလတ်ဖြစ်သော သံသရာသည်။ သတိ၊ ရှိသော်။ ကမ္မဝိပါကာနံ၊ အကြောင်းဖြစ်သောကံ အကျိုးဖြစ်သော ဝိပါက်တို့၏။ အပဝတ္တံ၊ ဖြစ်မှုမရှိခြင်းသည်။ န ဒိဿတိ၊ မထင်။ ပဝတ္တိ ဧဝ၊ အဆက်ဆက် မပြတ် ဖြစ်ခြင်းသည်သာလျှင်။ ဒိဿတိ၊ ထင်၏။ ဧတမတ္ထံ၊ ဤအကြောင်း အကျိုး အဆက်ဆက် ဖြစ်ခြင်းတည်းဟူသော သဘောအနက်ကို။ အနညာယ၊ မသိမူ၍။ ဝါ၊ မသိခြင်းကြောင့်။ တိတ္ထိယာ၊ သာသနာတော်မှ အယူတပါးရှိသော တိတ္ထိတို့သည်။ အသယံဝသီ၊ မဖောက်မပြန် ဉာဏ်အမြင်ဟူသော မိမိအလိုသို့ မလိုက်ကုန်။

မှားသောအားဖြင့် နှလုံးသွင်းခြင်း တည်းဟူသော သူတပါးအလိုသို့ လိုက်ကုန်သည် ဟူလို။

ယေ တိတ္ထိယာ၊ အကြင် တိတ္ထိတို့သည်။ သတ္တသညံ၊ သတ္တဝါဖြစ်၏ဟူသော အမှတ်သညာကို။ ဂဟေတ္ဝာန၊ ယူကုန်၍။ သဿတုစ္ဆေဒဒဿိနော၊ သတ္တဝါသည် မြဲ၏ သတ္တဝါသည် ပြတ်၏ စသည်ဖြင့် ရှုကုန်သည်ဖြစ်၍။ ဒွါသဋ္ဌိဒိဋ္ဌိံ၊ ခြောက်ဆဲ့နှစ်ပါးသော မိစ္ဆာအယူကို။ ဂဏှန္တိ၊ ယူကုန်၏။ အညမညဝိရောဓိတာ၊ အချင်းချင်းအယူတို့ကို ဆန့်ကျင်စေကုန်သော။ ဝါ၊ အယူအားဖြင့် အချင်းချင်း ဆန့်ကျင်ကြကုန်သော။

ဒိဋ္ဌိဗန္ဓနဗန္ဓာ၊ မိစ္ဆာ ဒိဋ္ဌိဟူသော အနှောင်အဖွဲ့ဖြင့် ဖွဲ့အပ်ကုန်သော။ တေ တိတ္ထိယာ၊ ထို တိတ္ထိတို့သည်။ တဏှာသောတေန၊ တပ်တတ်သော တဏှာ အယဉ်ဖြင့်။ ဝုယှရေ၊ မျောစုန်ကုန်၏။ တဏှာသောတေန၊ တပ်တတ်သော

တဏှာအယဉ်ဖြင့်။ ဝုယှန္တာ၊ မျှောစုန်ကုန်သော။ တေ တိတ္ထိယာ၊ ထိုတိတ္ထိတို့သည်။ ဒုက္ခာ၊ ဝဋ္ဋဆင်းရဲအပေါင်းမှ။ န ပမုစ္စရေ၊ မလွတ်ကုန်။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ အစမထင် သံသရာကပင် အကြောင်း အကျိုးစပ်လျက် ဖြစ်နေသည်ကို မသိမူ၍ သတ္တဝါရှိသည်ဟု စွဲယူသော သူတို့သည် စင်စစ် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အယူတို့ကို ယူပြီးလျှင် တဏှာဖြင့် နှစ်သက်တွယ်တာခြင်းကြောင့် ဝဋ္ဋဒုက္ခမှ မလွတ်သည်၏အဖြစ်ကို ရှေး၌ပြဆိုအပ်ပြီးသော နည်းအတိုင်း သိကြလေ။

**တိုက်တွန်းချက် ဥယျောဇဉ်။** ။ထိုပြဆိုအပ်ပြီးသော ဝဋ္ဋဆင်းရဲမှ မလွတ်သည်၏ အဖြစ်ကိုရင်း၊ ရှေး၌ ပြဆိုအပ်ပြီးသော သတ္တဝါ စသည် မဟုတ်သော အကြောင်းတရား အကျိုးတရား နှစ်ပါးတို့သည်သာလျှင် အဆက်မပြတ် ဆက်စပ်၍ ဖြစ်နေသည်ကို မသိမူ၍ သတ္တဝါရှိ၏ဟူသောအယူကို ယူခြင်းကြောင့် တဏှာဒိဋ္ဌိသာ ပွါးများသည်၏ အဖြစ်ကိုရင်း ထင်ရှားသိကြကုန်သော ပညာရှိ သူတော်ကောင်းတို့သည် ထိုဆိုအပ်ပြီးသော အယူတို့မှ လွတ်၍ ဝဋ္ဋဒုက္ခမှ လွန်မြောက်စေခြင်းငှါ ဤ **သမ္မောဟဝိနောဒနီအဋ္ဌကထာ** ၌ ပြဆိုအပ်သော သင်္ခါရဟုဆိုအပ်သော စေတနာက အဆက်ဆက်တို့၏ဖြစ်မှု ဝိညာဏ်စသော အကျိုးအဆက်ဆက်တို့၏ ဖြစ်မှုကို မှုချထိုးထွင်း၍ သိမြင်အောင် အဖန်တလဲလဲ နှလုံးသွင်း၍ ကြံဆကုန်ရာ၏။ ထိုသို့ နှလုံးသွင်း၍ ကြံဆဖန်များလျှင် ဧကန် သင်္ခါရဟုဆိုအပ်သော ကံစသောအကြောင်း ပဋိသန္ဓေဝိညာဏ် ပဝတ္တိဝိညာဏ် တည်းဟူသော အကျိုးတရားတို့ကို မှုချထိုးထွင်း၍ သိကြကုန်လတ္တံ့။ ထိုသို့သိနိုင်ကုန်သည်၏ အဖြစ်ကိုလည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် ၎င်းကင်္ခါဝိတရဏဝိသုဒ္ဓိနိဒ္ဒေသ စာမျက်နှာ(၂၃၈)၌—

> ဧဝမေတံ အဘိညာယ၊ ဘိက္ခု ဗုဒ္ဓသ သာဝကော။
> ဂမ္ဘီရံ နိပုဏံ သုညံ၊ ပစ္စယံ ပဋိဝိဇ္ဈတိ။

ဟူ၍ ပြဆိုအပ်သော စကားတော်ကို ထောက်၍ သိနိုင်ကုန်ရာသည်သာလျှင် ကတည်း။

အနက်သိကြောင်း မြန်မာပြန်ကား—

ဧဝံ၊ ဤသို့။ ဧတံ အတ္ထံ၊ ထိုဆိုအပ်ပြီးသော အနက်ကို။ ဗုဒ္ဓဿ၊ သစ္စာလေးပါးတို့ကို ကိုယ်တိုင်လည်းသိ သူ့ကိုလည်း သိစေတော်မူတတ်သော ဘုရားရှင်၏။ သာဝကော၊ ဟောတော်မူတိုင်းကို နားထောင်၍ သိတတ်သော တပည့်သားဖြစ်သော။ ဘိက္ခု၊ ကိလေသာတို့ကို ဖောက်ခွဲတတ်သော ရဟန်းသည်။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့်သိ၍။ ဂမ္ဘီရံ၊ နက်နဲသော ဉာဏ်၏ အာရုံ

ဖြစ်သောကြောင့် နက်နဲစွာထသော။ နိပုဏံ၊ သိမ်မွေ့သော ဉာဏ်၏ အာရုံဖြစ်သောကြောင့် သိမ်မွေ့ထသော။ သုညံ၊ သတ္တဝါအသက်မှ ဆိတ်ထသော။ ဝါ၊ တပါးသည် တပါး၏သဘောမှ ဆိတ်ထသော။ ပစ္စယံ၊ အကျိုးဝိပါက်ဖြစ်သော ဝိညာဏ်စသော တရားတို့၏ အကြောင်းခံဖြစ်သော သင်္ခါရဟုဆိုအပ်သော ကံစသောတရားကို။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ ရှေး၌ပြဆိုအပ်ခဲ့သော နည်းအတိုင်း အကြောင်းအကျိုးတရား နှစ်ပါးလုံးကို ထိုးထွင်း၍ သိနိုင်ကြောင်းကို ထင်ရှားသိကြလေကုန်။

## ပဋိစ္စသမုပ္ပါဒ် နည်းလေးပါး

ထိုသိအပ်သိထိုက်ကုန်သော အကြောင်းအကျိုးတရားနှစ်ပါးတို့တွင် ယခု **သမုပ္ပါဒနိဒ္ဒေသဝေကျမ်း** ၌ ပြဆိုအပ်ခဲ့သော ရှေးရှေးဘဝတို့၌ ဖြစ်ခဲ့ပြီးသော အဝိဇ္ဇာ၏အကျိုးဖြစ်သော ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရဟု ဆိုအပ်သော စေတနာကံအဆက်ဆက်သည် အကြောင်းအဆက်ဆက်ဖြစ်၏။ ပဋိသန္ဓေဝိညာဏ်မှစ၍ စုတေကျသည်တိုင်အောင် အဆက်ဆက်ဖြစ်ကြကုန်သော ပဋိသန္ဓေဝိညာဏ်, ပဝတ္တိဝိညာဏ် အဆက်ဆက်တို့သည် ၎င်းသင်္ခါရဟုဆိုအပ်သော စေတနာကံအဆက်ဆက်တို့၏ အကျိုးအဆက်ဆက် ဖြစ်ကုန်၏။ ထိုအကြောင်းအကျိုးနှစ်ပါးတို့တွင် ၎င်းကြောင်းတရားသည် အကျိုးဖြစ်ရန် အားထုတ်သည်မဟုတ်၊ ထိုသို့ပင် အားမထုတ်သော်လည်း အကြောင်းတရားရှိလျှင် အကျိုးတရားသည် ဧကန် ဖြစ်ပေါ်မြဲ ဓမ္မတာသဘောပေတည်း။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်၌ နည်းလေးပါးကို ပြအပ်လေသည်။

**၁-ဧကတ္တနည်း။** ။ထိုပြဆိုအပ်သော နည်းလေးပါးသည် အဘယ်နည်းဟူမူ— အကြောင်းခံဖြစ်သော အတိတ်သင်္ခါရ စေတနာကံသည် သံသရာ၌ အစဉ်မပြတ်သောအားဖြင့် အကြောင်းခံလေခြင်းကြောင့် တပါးတည်းသာလျှင် ဖြစ်၏။ အကျိုးဖြစ်သော ဝိညာဏ်သည်လည်း သံသရာ၌ အစဉ်မပြတ်သောအားဖြင့် အကျိုး၏အဖြစ်ဖြင့် ဆက်ခံလေခြင်းကြောင့် တပါးတည်းသာလျှင် ဖြစ်၏။ ဤသို့လျှင် သင်္ခါရ၏ အစဉ်မပြတ် တစပ်တည်း အကြောင်းခံမှုအားဖြင့် တပါးတည်း၏အဖြစ် ဝိညာဏ်၏ အစဉ်မပြတ် တစပ်တည်း အကျိုးဆက်ခံမှုအားဖြင့် တပါးတည်း၏အဖြစ်ကို ထိုးထွင်း၍သိသော နည်းသည် **ဧကတ္တနည်း** မည်၏။

**၂-နာနတ္တနည်း။** ။ထိုအကြောင်းဖြစ်သော သင်္ခါရသည် ပြုပြင်ခြင်းလက္ခဏာရှိ၏။ ပဋိသန္ဓေဝိညာဏ်ကို ဖြစ်စေခြင်းငှါ အားထုတ်ခြင်းကိစ္စ ရှိ၏၊ စေ့ဆော်တတ်သည် အဖြစ်ကိုသာလျှင် ရှုကြည့်သော သူတို့၏

ဉာဏ်အား ရှေးရှုထင်စေတတ်သော ပစ္စုပဋ္ဌာန် ရှိပေ၏။ အဝိဇ္ဇာသည် သာလျှင် နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏—

ဟု အကြောင်းဖြစ်သော သင်္ခါရ၏ အထူးထူးသော မတူသော လက္ခဏာ ရသ စသည်တို့ကို သိသောနည်းသည်ငှင်း၊

ဝိညာဏ်သည် အာရုံကို သိတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊နာမ်ရုပ်တို့၏ ရှေ့သွားဖြစ်ခြင်း ကိစ္စ၊ရှေးဘဝနှင့် ယခုပစ္စုပ္ပန်ဘဝကို တစပ်တည်းပြု၍ ဆက်စပ်တတ်သည်၏ အဖြစ်ကို သာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှု ထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ သင်္ခါရတရားသာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိပေ၏—

ဟု အကျိုးဖြစ်သော ဝိညာဏ်၏ အထူးထူးသော မတူသော လက္ခဏာ ရသ စသည်တို့ကို သိသောနည်းသည်ငှင်း၊

ဝိညာဏ်သည် အာရုံကို သိတတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ၊နာမ်ရုပ်တို့၏ ရှေ့သွားဖြစ်ခြင်း ကိစ္စ၊ရှေးဘဝနှင့် ယခုပစ္စုပ္ပန်ဘဝကို တစပ်တည်းပြု၍ ဆက်စပ်တတ်သည်၏ အဖြစ်ကို သာလျှင် ရှုကြည့်သောသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သော သဘော ပစ္စုပဋ္ဌာန်၊ သင်္ခါရတရားသာလျှင် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ရှိပေ၏

ဟု အကျိုးဖြစ်သော ဝိညာဏ်၏ အထူးထူးသော မတူသော လက္ခဏာ ရသ စသည်တို့ကို သိသောနည်းသည်ငှင်း **နာနတ္တနည်း** မည်၏။

**၃-အဗျာပါရနည်း။** ။ထိုအတိတ်ဖြစ်သော သင်္ခါရအား ဖြစ်ဆဲဖြစ်သော ပဋိသန္ဓေဝိညာဏ် စသည်တို့ကို ငါသည် ထိုဝိညာဏ်တို့ကို ဖြစ်စေအပ်၏ဟူ၍ အလိုဆန္ဒ ကြောင့်ကြအားထုတ်မှုစသော ဗျာပါရသည် မရှိလေ၊ ထိုသို့ မရှိသည်၏အဖြစ်ကို ထိုးထွင်း၍သိသောနည်းသည် **အဗျာပါရနည်း** မည်၏။

**၄-ဧဝံဓမ္မတာနည်း။** ။ထိုသို့ ဝိညာဏ်ဖြစ်အောင် အတိတ်၌ဖြစ်ပြီးသော သင်္ခါရတို့သည် အားထုတ်ကြောင့်ကြခြင်းမရှိသော်လည်း သင်္ခါရဟူသော အကြောင်းခံရှိကလည်း ဝိညာဏ်တည်းဟူသော အကျိုးတရားသည် မချ ပေါ်လာရမြဲ ဓမ္မတာ ဖြစ်ပေ၏။ ထိုသို့ ပေါ်လာရမြဲ ဓမ္မတာ အဖြစ်ကို သိသောနည်းသည် **ဧဝံ ဓမ္မတာနည်း** မည်၏။

ဤနည်းကိုမှီ၍ ရှေး၌ပြဆိုခဲ့ပြီးသော အဝိဇ္ဇာပစ္စယာ သင်္ခါရ၌လည်း နည်းလေးပါးကို ထင်ရှား သိကြလေကုန်။

ဤပြဆိုအပ်သော နည်းလေးပါးတို့တွင် အဗျာပါရနည်း, ဧဝံဓမ္မတာနည်းကို ထောက်၍ ရှေး၌ ဖော်ပြအပ်ခဲ့ပြီးသော သင်္ခါရတရားသည် အားမထုတ်ဘဲလျက် အကျိုးဖြစ်သော ဝိညာဏ်သည် ဓမ္မတာအားဖြင့် ဖြစ်၏ဟု ဆိုအပ်ခဲ့ပြီးသော စကားကို ယုံကြည် လေးမြတ်ကြလေ။

ထိုဆိုအပ်ပြီးသော အကြောင်းအကျိုးတရား နှစ်ပါးတို့တွင် အကြောင်းခံဖြစ်သော ပုညာပုည အာနေဉ္ဇာဘိသင်္ခါရဟု ဆိုအပ်သော သင်္ခါရတရား သုံးပါးတို့သည် ဝိညာဏ်၏အကြောင်းဖြစ်သောကြောင့် **သမုပ္ပါဒတရားလည်း** မည်ကုန်၏၊ **ပဋိစ္စသမုပ္ပါဒ်တရားလည်း** မည်ကုန်၏။

အကျိုးဝိညာဏ်သည် အကြောင်းကိုစွဲ၍ဖြစ်သော အကျိုးတရား ဖြစ်ခြင်းကြောင့် **ပဋိစ္စသမုပ္ပန္နတရား** မည်၏။

**အစပ်, အစွန်း, ဝဋ် ခွဲပုံ။** ။ငင်းအကြောင်းဖြစ်သော သင်္ခါရနှင့် အကျိုး ဖြစ်သော ဝိညာဏ်သည် စင်စစ် ဆက်စပ်ကြခြင်းကြောင့် အစပ်အားဖြင့် **တစပ်** မည်၏။ အကြောင်းဖြစ်သောသင်္ခါရသည်ငင်း၊ ထို သင်္ခါရ၏အကြောင်းဖြစ်သော အဝိဇ္ဇာသည်ငင်း အတိတ်ကာလ၌ ဖြစ်ခဲ့ပြီးသော တရားဖြစ်ခြင်းကြောင့် **အတိတ်အစွန်း၌** အကျုံးဝင်သောတရား ဖြစ်၏။

ဝိညာဏ်သည် ဖြစ်ဆဲဖြစ်သောဘဝ၌ ဖြစ်ပေါ်ရခြင်းကြောင့် ပစ္စုပ္ပန်ကာလ ဖြစ်၍ **ပစ္စုပ္ပန်အစွန်း၌** အကျုံးဝင်၏။

အဝိဇ္ဇာသည် **ကိလေသာဝဋ်၌** အကျုံးဝင်၏။

သင်္ခါရသည် **ကမ္မဝဋ်၌** အကျုံးဝင်၏။

ဝိညာဏ်သည် **ဝိပါကဝဋ်၌** အကျုံးဝင်၏ဟု မှတ်ကြလေ။

## အကြောင်းအကျိုးတရားတို့ကို သုံးသပ်၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြစ်ပုံကို အမြွက်မျှ ပြဆိုချက်

**ဖြစ်ပျက်မြင်က မဂ်ဖိုလ်ရနိုင်ပုံ။** ။ဤသို့လျှင် အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရဟူသော အကျိုး၊ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ်ဟူသော အကျိုးတို့သည် အဆက်မပြတ် ဖြစ်ပျက်နေသည်ကို ပညာဖြင့် ရှုကြည့်ကြလေ။ ထိုသို့ ရှုကြည့်၍ မပြတ်မလပ် ဖြစ်ပျက်နေသည်ကို မြင်လျှင် စင်စစ် ငင်းတရားတို့ကို အလိုမရှိကြလေပြီ။ ထိုသို့

အလိုမရှိလျှင် လွှတ်မှုကိုသာ ရှာကြလေ၏။ ထိုသို့ ရှာကြလျှင် ဧကန် နိရောဓ-သစ္စာကို ထိုးထွင်း သိကြရလေ၏။ ထိုသို့ သိကြလျှင် စင်စစ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်ကြရလေ၏။ ထို ဆိုအပ်ပြီးသော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်ပုံကို အနည်းငယ် ပြဆိုဦးအံ့။

**ဝိပဿနာရှုနည်း။** ။အကြင်အခါ ထိုအကြောင်းအကျိုးကိုရှုမြင်သော ယောဂီ ပုဂ္ဂိုလ်သည် ထိုအကြောင်းအကျိုးတရားကို ဝိပဿနာ တင်၍ သုံးသပ်၏။ သုံးသပ်ပုံနည်းမှာ ရှေး ပဋိသန္ဓေကို ပြဆိုရာအခန်း၌ ပြဆို အပ်သော စကြဝဠာအနန္တ၌ရှိသော အပါယ် လေးဘုံ, လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ ဘုံဟု ဆိုအပ်သော ဘုံဟူသမျှတို့၌ပင် သတ္တဝါဟူ၍ ဖြစ်ပေါ်မှုမရှိဘဲ စင်စစ် ဘဝနှစ်ပါးကို ဆက်စပ်တတ်သော ပဋိသန္ဓေဝိညာဏ်သည်သာလျှင် ဖြစ်ပေါ် လာ၏။ ထို ပဋိသန္ဓေဝိညာဏ်သည် စင်စစ် အာရုံကိုသိတတ်သော ပရမတ္ထ သဘောမျှသာလျှင် ဖြစ်၏။ ၎င်း သိမှုသဘော၌ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, လူ, နတ်, ဗြဟ္မာစသော သတ္တဝါဟူသော အတ္တသည် စင်စစ် မပါမရှိသည်သာ တည်း။ ထိုပဋိသန္ဓေ ဝိညာဏ်၌သော်လည်း သတ္တဝါဟူသော အတ္တ မရှိခဲ့လျှင် နောက် ဆက်၍ဆက်၍ဖြစ်ပေါ်သော သိမှုဝိညာဏ်တို့၌ကား အဘယ်မှာ သတ္တဝါ ဟူသော အတ္တ ရှိပါအံ့နည်း၊ စင်စစ် မရှိလေသည်သာတည်း။ ထိုသို့ မရှိ သည်၏အဖြစ်ကို သိစေတော်မူလိုသော ဘုရားရှင်သည် ထိုထိုသို့သော ပါဠိ တော်တို့၌ပင် –

ဝိညာဏံ ဘိက္ခဝေ အနတ္တာ။

ဟူ၍ ဟောတော်မူလေသည်။

ဘိက္ခဝေ၊ တို့။ ဝိညာဏံ၊ အာရုံကို သိမှုသဘောသည်။ **အနတ္တာ**၊ နိဝါသိ ကာရက ဝေဒက စသော သတ္တဝါ အတ္တ မဟုတ်။

**ဝိညာဏ်၌ လက္ခဏာယာဉ် ၃-ပါး တင်ပုံ။** ။ဤသို့ဟောတော်မူအပ်သော ပါဠိ တော်ကို ထောက်၍ သိမှုဝိညာဏ် သည် သတ္တဝါ, အတ္တ မဟုတ်သည်၏ အဖြစ်၊ စင်စစ် အနတ္တတရားသာလျှင် ဖြစ်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။ ထိုပြဆိုအပ်ပြီးသော သတ္တဝါ, အတ္တ မဟုတ်သော သိမှုသဘောကို စင်စစ် ပေါ်လာတိုင်း ပေါ်လာတိုင်း သတ္တဝါ မဟုတ်၊ သိမှုသဘောသည်သာလျှင် ပေါ်လာပေသည်ဟု ထိုးထွင်း၍ သိမြင်ကြ လျှင် စင်စစ် အနတ္တကို ထိုးထွင်း သိမြင်သည် မည်၏။

ထိုဘဝနှစ်ပါးကို ဆက်စပ်တတ်သော အသိ ဝိညာဏ်သဘောသည် ဖြစ်ပေါ် လာပြီးလျှင် ဌီခဏတည်းဟူသော ရပ်တန့်မှုအခိုက်သို့ ရောက်၍ တန့်ရပ်၏။ ထို

တန့်ရပ်သော အခိုက်၌ပင် ၎င်း သိမှုကို အားနည်းစေတတ်သော ဇရာသည် ဝင်ရောက်၍ မူလ အတိုင်း မတည်စေဘဲလျက် ယုတ်လျော့ အားနည်းအောင် ပြု၍ ပင်ပန်းစေ၏။ ထိုသို့ ဇရာသည် ပင်ပန်းစေသည်၏အဖြစ်ကြောင့် ၎င်း ဖြစ်ပေါ်လာသော သိမှုသဘောသည် စင်စစ် သက်သာခွင့်ကို မရဘဲ ဒုက္ခ အဖြစ်၌ တည်လေ၏။

ထိုဒုက္ခအဖြစ်၌ တည်ပြီးသော ၎င်း သိမှုသဘောကိုသာလျှင် မရှိမှုအဖြစ်သို့ ရောက်အောင်ပြုလုပ်တတ်သော ဘင်တည်းဟူသောမရဏသည် ဝင်ရောက်လာ၍ ထပ်မံ၍နှိပ်စက်ပြီးလျှင် ကွယ်ပျောက်အောင် ပြုလေ၏။ ထိုဘင်တည်းဟူသော မရဏသည် ဝင်ရောက်၍ နှိပ်စက်လိုက်သောအခါ ၎င်းသိမှုကို ကြည့်ရှု၍ တစုံ တယောက်သောသူမျှ မမြင်နိုင်လေပြီ။ မရှိမှု အဘာဝကိုသာ မြင်လေတော့၏။ ထိုမရှိမှု အဘာဝကို မြင်သောအခါ ၎င်းပဋိသန္ဓေဝိညာဏ်၏ စင်စစ် မမြဲတတ်သော အနိစ္စတရားသာလျှင် ဖြစ်သည်၏ အဖြာကိုင်း၊ အနိစ္စတရားဖြစ်၍ ကွယ်ပျောက်ရလေသည်၏ အဖြစ်ကို၎င်း ထိုးထွင်း၍ သိမြင်လေ၏။ ထိုအခါ ၎င်းဝိညာဏ်၏ အနိစ္စချက်ကို မြင်သည် မည်၏။

၎င်းအနိစ္စဖြစ်သော ဝိညာဏ်ကိုသာလျှင် ဇရာသည် ရှေးဦးစွာ နှိပ်စက်ပြီးမှ တဖန် အပျက်တည်းဟူသော မရဏသည် ထပ်မံ၍ နှိပ်စက်ပြန်သည်ကို မြင်၍ ၎င်းဝိညာဏ်၌ သက်သာရာကို ကြည့်ရှု၍ မမြင်လျှင် ၎င်းဝိညာဏ်၏ ဒုက္ခချက်ကို မြင်သည် မည်၏။

ဤသို့လျှင် ဖြစ်ဆဲဖြစ်သော ဘဝတို့၌ ရှေးဦးအစ ဖြစ်ပေါ်လာသော ပဋိသန္ဓေဝိညာဏ်စိတ်သည် စင်စစ် သတ္တဝါဟူသော အတ္တ မဟုတ်သောကြောင့် အနတ္တ၊ ဇရာနှင့် အပျက်မရဏ၏ အနှိပ်စက်ကို ခံရခြင်းကြောင့် ဒုက္ခ၊ ထိုဇရာ အနှိပ်စက် မရဏအနှိပ်စက်ကို ခံလျက် ကွယ်ပျောက်လေခြင်းကြောင့် အနိစ္စ၊ ဤဆိုအပ်ပြီးသော သုံးပါးသော ဒေါသ အပြစ်တို့နှင့်သာ ဆက်ဆံ၍ ဖြစ်နေသည်ကို ရှေးဦးစွာ ထိုးထွင်း၍ သိမြင်လေတော့၏။

**ဘဝင်စိတ်၌ လက္ခဏာယာဉ် ၃-ပါး တင်ပုံ။** ။ထိုနောက်တဖန် စကြဝဠာအနန္တ၌ ဖြစ်ကုန်သော ထိုထိုဘုံတို့၌ ဘဝ နှစ်ပါးကို စပ်လျက်ဖြစ်ပေါ်သော ၎င်းပဋိသန္ဓေ ဝိညာဏ်စိတ် တည်းဟူသော သိမှုသဘော ကွယ်ပြီးနောက် ထိုပဋိသန္ဓေ ဝိညာဏ်နောင် ၎င်းပဋိသန္ဓေကို ဖြစ်စေတတ်သော ကံ၏ နာနာက္ခဏိက ကမ္မပစ္စယဇနကသတ္တိ ပကတူပနိဿယ- ပစ္စယဇနကသတ္တိ၏ အစွမ်းကြောင့်၎င်း၊ ချုပ်ပြီးသော ပဋိသန္ဓေ ဝိညာဏ်စိတ် ၏ အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတ ဟု ဆိုအပ်သော ငါးပစ္စယ ဇနကသတ္တိ၏ အစွမ်းကြောင့်၎င်း ထိုဖြစ်ဆဲဖြစ်သော ပဋိသန္ဓေ

ဝိညာဏ်၏ ဖြစ်မှုတည်းဟူသော ဘဝကို အဆက်မပြတ်စေဘဲ ဆက်သွယ်တတ်သော ဘဝင်စိတ်သည် ဖြစ်ပေါ်လာပြီးလျှင် ဋီခဏတည်းဟူသော ရပ်တန့်မှု အခိုက်သို့ ရောက်၍ တန့်ရပ်၏။ ထိုတန့်ရပ်သော အခိုက်၌ပင် ၎င်းသိမှုကိုလည်း အားနည်းစေတတ်သော ဇရာသည် ဝင်ရောက်၍ မူလအတိုင်း မတည်စေဘဲ လျက် ယုတ်လျော့ အားနည်းအောင်ပြု၍ ပင်ပန်းစေ၏။ ထိုသို့ ဇရာသည် ပင်ပန်းစေသည်၏ အဖြစ်ကြောင့် ၎င်းဖြစ်ပေါ်လာသော သိမှုသဘောသည် စင်စစ် သက်သာခွင့်ကိုမရဘဲ ဒုက္ခအဖြစ်၌သာလျှင် တည်လေ၏။

ထိုဒုက္ခအဖြစ်၌ တည်ပြီးသော ၎င်းသိမှုသဘောကိုသာလျှင် မရှိမှုအဖြစ်သို့ ရောက်အောင် ပြုလုပ်တတ်သော ဘင်တည်းဟူသော မရဏသည် ဝင်ရောက်လျက် ထပ်မံ၍ နှိပ်စက်ပြီးလျှင် ကွယ်ပျောက်အောင် ပြုလေ၏။ ထိုဘင်တည်းဟူသော မရဏသည် ဝင်ရောက်နှိပ်စက်လိုက်သောအခါ ၎င်း သိမှုကိုလည်း ကြည့်ရှု၍ တစုံတယောက်သော သူမျှ မမြင်နိုင်လေပြီ၊ မရှိမှု အဘာဝကိုသာလျှင် မြင်လေတော့၏။ ထိုမရှိမှု အဘာဝကို မြင်သောအခါ ၎င်းဘဝင်စိတ်၏ စင်စစ် မမြဲတတ်သော အနိစ္စတရားသာလျှင် ဖြစ်သည်၏ အဖြစ်ကိုင်း၊ အနိစ္စတရား ဖြစ်၍ ကွယ်ပျောက်လေသည်၏ အဖြစ်ကိုင်း ထိုးထွင်း၍ သိမြင်လေ၏။ ထိုအခါ ၎င်းဘဝင်စိတ်ဟု ခေါ်ဆိုအပ်သော အသိဝိညာဏ်၏ အနိစ္စချက်ကို မြင်သည် မည်၏။

၎င်းအနိစ္စဖြစ်သော ဘဝင်စိတ်ဟု ဆိုအပ်သော အသိသဘော ဝိညာဏ်ကို သာလျှင် ဇရာသည် ရှေးဦးစွာ နှိပ်စက်ပြီးမှ တဖန်ပျက်ခြင်းတည်းဟူသော မရဏသည် ထပ်မံ၍ နှိပ်စက်ပြန်သည်ကို မြင်၍ ၎င်းဘဝင်စိတ်ဟု ခေါ်ဆိုအပ် သော အသိဝိညာဏ်၌လည်း သက်သာရာကို ဉာဏ်ဖြင့် ကြည့်ရှု၍ မမြင်လျှင် ၎င်းဝိညာဏ်၏ ဒုက္ခချက်ကို ထိုးထွင်းသိမြင်သည် မည်၏။

ထိုဆိုအပ်ပြီးသော အနှိပ်စက်ခံ၍ ဒုက္ခဖြစ်ပြီးလျှင် ကွယ်ပျောက်လေသော ဘဝင်စိတ်ဟု ဆိုအပ်သော သိမှုကို တစုံတယောက်သော သူမျှလည်း ငါပင်ဖြစ် သည်၊ ငါ၏ဥစ္စာပင် ဖြစ်သည်၊ ငါသည်လျှင် ပိုင်ဆိုင်အစိုးရသည် ဟူ၍ ရှုခြင်းငှါ ၎င်း၊ ဆိုခြင်းငှါ၎င်း စင်စစ် မရအပ်ပေ။ ထိုသို့ မရအပ်သောကြောင့်၎င်း၊ ထိုဖြစ်ပေါ်လာသော ဘဝင်စိတ်ဟု ဆိုအပ်သော အသိသဘော ဝိညာဏ်၌ လည်း ဖြစ်ပေါ်လာစကပင် တစုံတယောက်သော လူ နတ် ဗြဟ္မာ စသော သတ္တဝါသည်လည်း မပါမရှိ၊ သိမှုသဘောသည်သာလျှင် ဖြစ်ပေါ်လာသည်၏ အဖြစ်ကြောင့်၎င်း အနတ္တတရားသာလျှင် ကေန်ဖြစ်ပေ၏ဟု ထိုးထွင်း၍ သိမြင်လျှင် ၎င်းဘဝင်စိတ်ဟု ဆိုအပ်သော သိမှု၏ အနတ္တချက်ကို ထိုးထွင်း၍ သိမြင်သည် မည်၏။

ဤသို့လျှင် ဖြစ်ဆဲဖြစ်သော ဘဝ၌ ပဋိသန္ဓေဝိညာဏ်နောင် ဖြစ်ပေါ်လာသော ပဌမ ဘဝင်စိတ်သည်လည်း စင်စစ် သတ္တဝါလည်း မဟုတ်၊ သတ္တဝါ၏ ပိုင်ဆိုင်သော ဥစ္စာလည်းမဟုတ်သောကြောင့် အနတ္တ၊ ဇရာနှင့် မရဏအနှိပ်စက်ကို ခံရခြင်းကြောင့် ဒုက္ခ၊ ထိုဇရာအနှိပ်စက် မရဏအနှိပ်စက်ကို ခံပြီးလျှင် ကွယ်ပျောက်လေခြင်းကြောင့် အနိစ္စ၊ ဤဆိုအပ်ပြီးသော သုံးပါးသော အပြစ်ဒေါသတို့နှင့်သာလျှင် ဆက်ဆံ၍ ဖြစ်နေသည်ကို ထပ်မံ၍ ထိုးထွင်း၍ သိမြင်လေတော့၏။

ဤနည်းကိုမှီ၍ နောက်နောက်သော စိတ်တို့၏ ဖြစ်စဉ်တို့ကိုလည်း ထိုးထွင်း၍ သိကြလေ။

**ဘဝင်စိတ်များကို ဝိပဿနာရှုပုံ။** ။နောက်နောက်သော စိတ်တို့ကိုလည်း ဤနည်းအတူသာလျှင် ရှုမြင်အပ်၏။ ဘယ်လိုရှုမြင်အပ်သနည်းဟူမူ ထိုဘဝင်စိတ် ချုပ်ပြီးလျှင် ၎င်းဘဝင်စိတ်၏ အခြားမဲ့၌လည်း ၎င်းပဋိသန္ဓေကို ဖြစ်စေတတ်သော ကံ၏။လ။ အစွမ်း၊ ချုပ်ပြီးဖြစ်သော ပဌမဘဝင်စိတ်၏။လ။အစွမ်း၊ ဤဆိုအပ်ပြီးသော ပစ္စယသတ္တိအစွမ်းနှစ်ပါးတို့ကြောင့် ထပ်မံ၍ ၎င်းကံ၏ အကျိုးဖြစ်သော ဒုတိယဘဝင်စိတ်သည် ဖြစ်ပေါ်လာ၍ ဇရာ၏အနှိပ်စက် အပျက်၏ အနှိပ်စက်ကိုသာလျှင် ခံပြီးလျှင် ကွယ်ပျောက်ပြန်လေ၏။ ၎င်းဒုတိယဘဝင်စိတ် ချုပ်ပြန်လျှင် တတိယဘဝင်စိတ်သည်လည်း ရှေးနည်းအတူ ဆက်ပေါ်ပြန်၍ ဇရာ၏ အနှိပ်စက် အပျက်၏ အနှိပ်စက်ကိုသာလျှင် ခံပြီးလျှင် ကွယ်ပျောက်ပြန်လေ၏။ ၎င်းဒုတိယဘဝင်စိတ် ချုပ်ပြန်လျှင် တတိယဘဝင်စိတ်သည်လည်း ရှေးနည်းအတူ ဆက်ပေါ်ပြန်၍ ဇရာအနှိပ်စက် အပျက်အနှိပ်စက်ကိုသာလျှင် ခံရပြီးလျှင် ကွယ်ပျောက်ပြန်လေ၏။

ဤသို့လျှင် အကြင်မျှလောက် ပဋိသန္ဓေဝိညာဏ်ကို ဖြစ်စေတတ်သော ကံ၏အစွမ်းသည် မကုန်သေး၊ ထိုမျှလောက် ကာလပတ်လုံး ဘဝင်စိတ်အစဉ်သည် ထိုကံ၏ အစွမ်းကြောင့် ထိုက်သည်အားလျော်စွာ ဖြစ်သင့်ရာ ဖြစ်သင့်ရာ ဌာနတို့၌ ဖြစ်၍ ဖြစ်၍ ချုပ်ကွယ်ကြလေသည်သာတည်း။

**ဘဝနိကန္တိကဇောဝီထိဖြစ်ပုံ။** ။ထိုဆိုအပ်ပြီးသော ဘဝင်စိတ်တို့၏ အကြားအကြားတို့၌လည်း ဆိုင်ရာဆိုင်ရာ ဖြစ်သင့်သည်အားလျော်စွာ ဝီထိစိတ်အစဉ်တို့သည်လည်း ဖြစ်ပြန်ကြလေကုန်၏။ ထိုဝီထိစိတ်အစဉ်တို့တွင် အကယ်၍ ဖြစ်ဆဲဖြစ်သော ဝိညာဏ်စသော နာမ်ရုပ်တို့၏ အဖြစ်ကိုသာလျှင် တပ်တတ်သော ဘဝနိကန္တိကလောဘဇောသည် ဇောသည်ဖြစ်အံ့။

**ဘဝင် ၁၅-ကြိမ်။** ။ပဋိသန္ဓေနောင် ဘဝင်စိတ်အစဉ်သည် တဆဲ့ငါးကြိမ် သော်၎င်း၊ တဆဲ့ခြောက်ကြိမ်သော်၎င်း ဖြစ်၍ ချုပ်ပြီး နောက်၊

**မနောဒွါရာဝဇ္ဇန်း။** ။၎င်းဘဝင်စိတ်၏ အနန္တရစသော ငါးပစ္စယသတ္တိ၏ အစွမ်းကြောင့် ဖြစ်ဆဲဖြစ်သောဘဝကို ဆင်ခြင်တတ် သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။

**လောဘဇော ၇-ကြိမ်။** ။ထိုမနောဒွါရာဝဇ္ဇန်းစိတ် ချုပ်ပြန်လျှင် ၎င်းစိတ်၏ အနန္တရစသော ငါးပစ္စယဇနကသတ္တိ၏ အစွမ်း ကြောင့်၎င်း၊ ရှေးရှေးဘဝတို့၌ဖြစ်သောအခါတို့၌ တပ်နှစ်သက်၍ ချုပ်ခဲ့ပြီး သော လောဘဇောစိတ္တုပ္ပါဒ်တို့၏ ပကတူပနိဿယပစ္စယဇနကသတ္တိ၏ အစွမ်း ကြောင့်၎င်း မနောဒွါရာဝဇ္ဇန်းနောင် ၎င်းဖြစ်ဆဲဖြစ်သော ဘဝကို တပ်တတ် သော ဘဝနိကန္တိကပဌမလောဘဇောသည် ဇော၍ ချုပ်၏။ ထိုပဌမလောဘ ဇော ချုပ်ပြီးနောက် ၎င်းပဌမဇော၏ အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, နတ္ထိ, ဝိဂတ, အာသေဝနတည်းဟူသော ခြောက်ပစ္စည်း၏ အစွမ်းကို ခံယူလျက် ဒုတိယဇောသည် ဖြစ်၍ ချုပ်၏။ ထိုဒုတိယဇော ချုပ်ပြီးနောက်။လ။ တတိယ ဇောသည် ဖြစ်၍ ချုပ်ပြန်၏။ ၎င်းနောက်။လ။ စတုတ္ထဇောသည် ဖြစ်၍ ချုပ် ပြန်၏။ ၎င်းနောက်။လ။ ပဉ္စမဇောသည် ဖြစ်၍ ချုပ်ပြန်၏။ ၎င်းနောက်။လ။ ဆဋ္ဌမဇောသည် ဖြစ်၍ ချုပ်ပြန်၏။ ၎င်းနောက်။လ။ သတ္တမဇောသည် ဖြစ်၍ ချုပ်ပြန်၏။

**မူလဘဝင်ကျခြင်း။** ။၎င်းသတ္တမဇောသည် ချုပ်ပြီးနောက် ၎င်းသတ္တမဇော ၏ အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, နတ္ထိ, ဝိဂတ တည်းဟူသော ငါးပစ္စယဇနကသတ္တိ၏အစွမ်း, ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံ၏ နာနာက္ခဏိကကမ္မပစ္စယဇနကသတ္တိ ပကတူပနိဿယပစ္စယဇနကသတ္တိ၏ အစွမ်းတို့ကြောင့် ပဋိသန္ဓေ၏ အာရုံနှင့်တူသော အာရုံကိုသာလျှင် အာရုံပြု၍ ဘဝင်စိတ်သည် ဖြစ်၍ ချုပ်၏။ ထိုဘဝင်စိတ် ချုပ်ပြီးနောက် ၎င်းဘဝင်စိတ်၏ အနန္တရစသော ငါးပစ္စည်း၏ ဇနကသတ္တိ၏ အစွမ်းကို ခံယူလျက် နောက်ဖြစ် သော ဘဝင်စိတ်သည် ဖြစ်၍ ချုပ်ပြန်၏၊ ထိုနည်းအတူ နောင်ကို ဘဝင်စိတ် အစဉ်သည် ဖြစ်ထိုက်သရွေ့ တခုပြီး တခုစီ ဖြစ်ပေါ်၍ ချုပ်ကွယ်လေ၏။

အကြင်အခါ ထိုဘဝင်တို့၏ အကြား၌ စက္ခုဒွါရဝီထိစိတ်သည် ဖြစ်လိုလတ် သော် ထိုဘဝင်စိတ်အစဉ်သည် ခေတ္တပြတ်၍ စက္ခုဒွါရဝီထိစိတ်အစဉ်သည် ဖြစ်ပြန်လေ၏ ထိုစက္ခုဒွါရဝီထိစိတ်အစဉ်ကို ရှေးပဝတ္တိဝိညာဏ်ဖြစ်ပုံကို ပြဆိုရာ အခဏ်း၌ ဖော်ပြထားခဲ့သည့်အတိုင်း သိကြလေ။

**စက္ခုဒွါရိကဝီထိစိတ်များ၌ ပဋ္ဌာန်းပစ္စည်းတပ်ပုံ။** ။ငင်း စက္ခုဒွါရဝီထိစိတ် အစဉ် ဖြစ်ရာ ၌လည်း ဘဝင်္ဂုပစ္ဆေဒဟု ဆိုအပ်သော ဘဝင်စိတ်ချုပ်ပြီးနောက် ငင်းစိတ်မှ ရအပ်သော အနန္တရစသော ငါးပစ္စယဇနကသတ္တိကို ခံယူလျက် ရူပါရုံကို ဆင်ခြင်တတ်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ဖြစ်ပေါ်၍ ချုပ်၏။

ထိုစိတ်ချုပ်ပြီးနောက် ငင်းစိတ်မှ ရအပ်သော အနန္တရစသော ငါးပစ္စယဇနကသတ္တိကို ခံယူလျက် ရူပါရုံထင်သော စက္ခုပသာဒကို မှီ၍ စက္ခုဝိညာဏ်စိတ်သည် ဖြစ်ပေါ်၍ ချုပ်၏။

ထိုစက္ခုဝိညာဏ်စိတ် ချုပ်ပြီးနောက် ငင်းစက္ခုဝိညာဏ်မှ ရအပ်သော အနန္တရစသော ငါးပစ္စယဇနကသတ္တိကို ခံယူလျက် ငင်းရူပါရုံကို ခံလင့်သကဲ့သို့ ဖြစ်သော သမ္ပဋိစ္ဆိုင်းစိတ်သည် ဖြစ်ပေါ်ပြီးလျှင် ချုပ်၏။

ထိုသမ္ပဋိစ္ဆိုင်းစိတ် ချုပ်ပြီးနောက် ငင်းစိတ်မှ အနန္တရစသော ငါးပစ္စယဇနကသတ္တိကို ခံယူလျက် ငင်းရူပါရုံကို စုံစမ်းတတ်သော သန္တီရဏစိတ်သည် ဖြစ်ပေါ်၍ ချုပ်၏။

ငင်းနောက် ငင်းစိတ်မှ အနန္တရစသော ငါးပစ္စယဇနကသတ္တိကို ခံယူလျက် ငင်းရူပါရုံကို မှတ်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် မှတ်ခြင်းတည်းဟူသော ဝုဋ္ဌောကိစ္စကို ပြုလျက် ချုပ်၏။

ငင်းနောက် ငင်းစိတ်မှရအပ်သော အနန္တရစသော ငါးပစ္စယဇနကသတ္တိကို ခံယူလျက် အကယ်၍ပုထုဇန်သေက္ခဖြစ်အံ့၊ အကုသိုလ်ဇော(၁၂)၊မဟာကုသိုလ်ဇော ရှစ်၊ ဤနှစ်ဆယ်သော ဇောတို့တွင် တခုခုသော ဇောသည် အကယ်၍ ရဟန္တာဖြစ်အံ့၊ မဟာကြိယာ ရှစ်၊ ဟသိတုပ္ပါဒ်စိတ် တစ်၊ ပေါင်း(၉)ပါးသော ဇောတို့တွင် တခုခုသော ဇောသည် ရအပ်သော အကြောင်းရှိသည်ဖြစ်၍ ဖြစ်သင့်သည်အားလျော်စွာ ပဌမဇော၏အဖြစ်ဖြင့် တကြိမ်ဖြစ်၍ ချုပ်၏။

ထိုဇောနောင် ငင်းဇောမှ အနန္တရစသော ခြောက်ပစ္စည်းအထောက်အပံ့ကို ခံယူလျက် ဒုတိယဇောသည် ဖြစ်ပေါ်၍ ချုပ်၏။ ဤနည်းအတူ တတိယဇော စတုတ္ထဇော ပဉ္စမဇော ဆဌမဇော သတ္တမဇောတို့သည် အစဉ်အတိုင်းဖြစ်၍ ချုပ်လေ၏။

ထိုသတ္တမဇောနောင် ငင်းဇောစိတ်မှ အနန္တရစသော ငါးပစ္စယ ဇနကသတ္တိကို ခံယူလျက် ပဌမတဒါရုံစိတ်သည် ဖြစ်ပေါ်၍ ချုပ်၏။ ထိုနောင် ထိုတဒါရုံစိတ်မှ အနန္တရစသော ငါးပစ္စယဇနကသတ္တိကို ခံယူလျက် ဒုတိယတဒါရုံစိတ်သည် ဖြစ်ပေါ်၍ ချုပ်ကွယ်လေ၏။

ထိုနောင် ထိုဒုတိယတဒါရုံစိတ်မှ အနန္တရစသော ငါးပစ္စယဇနကသတ္တိကို ခံယူလျက် ဘဝင်စိတ်သည် ဖြစ်ပေါ်၍ ချုပ်၏။ ထိုနောင် ရှေး၌ ပြဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း ဘဝင်စိတ်အစဉ်သည် ဖြစ်ထိုက်သရွေ့ တခုပြီးတခုစီ သာလျှင် အယဉ်မပြတ် ဖြစ်ပေါ်၍ ဖြစ်ပေါ်၍ ချုပ်လေ၏။

**သောတဒွါရ ဝီထိစသည်ဖြစ်ခြင်း။** ။ထိုဘဝင်တို့၏ အကြားအကြား၌ သောတဒွါရဝီထိ၊ ဃာနဒွါရဝီထိ၊ ဇိဝှါဒွါရဝီထိ၊ ကာယဒွါရဝီထိ၊ မနောဒွါရဝီထိတို့ ဝင်ရောက်ဖြစ်ပုံကိုလည်း ဤပြဆိုအပ်ပြီးသော စက္ခုဒွါရဝီထိစိတ်တို့၏ ဝင်ရောက်ဖြစ်ပုံကို ပြဆိုအပ်သော နည်းအတိုင်း သိကြလေ။

**ဘဝ၏နောက်ဆုံးစိတ်။** ။ဤသို့လျှင် ပဋိသန္ဓေဝိညာဏ်မှစ၍ စုတိကျသည့်တိုင်အောင် ရံခါ ဘဝင်စိတ်အစဉ် ရံခါဝီထိစိတ်အစဉ်တို့သည်သာလျှင် အလှည့်သင့်ရာဖြစ်ပြီးလျှင် ၎င်းဖြစ်ဆဲဖြစ်သောဘဝ၌ ပစ်ချသော ကံဟု ဆိုအပ်သော သင်္ခါရစေတနာကံ၏ အစွမ်းသတ္တိသည် အကြင်အခါ ကုန်ခန်းလေ၏။ ထိုအခါ ၎င်းကံဟုဆိုအပ်သော သင်္ခါရစေတနာ၏ အကျိုးဖြစ်သော နောက်ဆုံးဖြစ်သော ဘဝင်စိတ်သည် စုတိစိတ်ဟူသော အမည်ကိုယူလျက် ကွယ်ချုပ်လေ၏၊ ထိုအခါ ဖြစ်ဆဲဖြစ်သောဘဝ၌ဖြစ်နေကျစိတ်အစဉ်သည် ဖြစ်ပေါ်မှု မရှိလေပြီ။

**စိတ်ကို ကုသိုလ်, ဝိပါက်, ကြိယာ ခွဲပြခြင်း။** ။ထိုဆိုအပ်ပြီးသော ပဋိသန္ဓေဝိညာဏ်မှစ၍ စုတိကျသည့်တိုင်အောင် ဖြစ်နေသော စိတ်အစဉ်တို့တွင်—

**ဝိပါက်စိတ်များ။** ။ပဋိသန္ဓေဘဝင်စုတိဟူသော အမည်ရသော ဝိညာဏ်စိတ်တို့ကို၎င်း၊ စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ် သမ္ပဋိစ္ဆိုင်းစိတ် သန္တီရဏစိတ် တဒါရုံစိတ်တို့ကို ၎င်း ဝိပါကအဗျာကတ တရားဟု ခေါ်ဆိုအပ်ကုန်သည်။

**ကြိယာစိတ်များ။** ။ပဉ္စဒွါရာဝဇ္ဇန်းစိတ် မနောဒွါရာဝဇ္ဇန်းစိတ် ရဟန္တာတို့၌ ဖြစ်သော ကြိယာဇောစိတ် ဟသိတုပ္ပါဒ်ဇောစိတ် ဟူသမျှတို့ကို ကြိယာအဗျာကတဟု ခေါ်အပ်ကုန်သည်။

**ကုသိုလ်စိတ်များ။** ။ကုသိုလ်ဇောစိတ်တို့ကို ကုသိုလ်တရားဟု ခေါ်အပ်ကုန်သည်။

**အကုသိုလ်စိတ်များ။** ။အကုသိုလ်ဇောစိတ်တို့ကို အကုသိုလ်တရားဟုခေါ်အပ်ကုန်သည်။

**ကံ၏တရားကိုယ်။** ။ထို အကုသိုလ် ကုသိုလ်ဇောတို့၌ရှိသော စေတနာတရားတို့ကို အကုသိုလ်ကံ ကုသိုလ်ကံဟု ဆိုအပ်ကုန်သည်၊ ထိုသို့ ကုသိုလ် အကုသိုလ်ကံဟု ခေါ်ဆိုအပ်သော စေတနာကံတို့သည်လည်း တခုပြီးတခု ဖြစ်ပေါ်၍ ချုပ်ကြလေကုန်သည်သာလျှင်တည်း။

ဤ ပစ္စုပ္ပန်ဘဝနည်းတူ ရှေးရှေးဘဝတို့၌လည်း စေတနာကံတို့သည် စင်စစ် တခုပြီးတခုစီသာလျှင် ဖြစ်၍ ဖြစ်၍ ချုပ်ပြီးခဲ့သည်ကို စဉ်းစားဆင်ခြင် သတိထားကြလေ။ (ဤကား သတိပေးချက်တည်း။)

**စိတ်ဝိညာဏ်ဟူသမျှ ဝိပဿနာရှုပုံ။** ။ဤ ပြဆိုအပ်ပြီးသော ပဋိသန္ဓေဝိညာဏ် စိတ်မှစ၍ စုတိကျသည့်တိုင်အောင် တခုပြီးတခု ဖြစ်ကြလေသမျှသော ဘဝင်စိတ် ဝီထိစိတ်အစဉ်တို့တွင် တစုံတခုသော စိတ်မျှသည်လည်း အမြဲတည်ခြင်းမရှိ။ စင်စစ် ဖြစ်ပေါ်လာပြီး၍ ဌီသို့ရောက်၍ တန့်ရပ်လျှင် ၎င်းတို့ကို အားနည်းအောင် ပြုလုပ်တတ်သော ဇရာတရားသည် ဝင်ရောက်၍ မူလအတိုင်း မတည်စေဘဲလျက် ယုတ်လျော့အားနည်းအောင် ပြု၍ ပင်ပန်းစေ၏၊ ထိုသို့ ဇရာသည် ပင်ပန်းစေသည်၏ အဖြစ်ကြောင့် ၎င်း ဖြစ်ပေါ်သမျှသော သိမှု သဘောတို့သည် စင်စစ် သက်သာခွင့်ကိုမရဘဲ ဒုက္ခအဖြစ်၌သာ တည်လေကုန်၏၊ ထို ဒုက္ခ အဖြစ်၌ တည်ကုန်ပြီးသော ၎င်းသိမှုသဘောတို့ကိုသာလျှင် မရှိမှုသဘောသို့ ရောက်အောင် ပြုလုပ်တတ်သော ပျက်ခြင်းတည်းဟူသော ဘင်ဟု ဆိုအပ်သော မရဏတရားသည် ဝင်ရောက်လျက် ထပ်မံ၍ နှိပ်စက်ပြီးလျှင် ကွယ်ပျောက်အောင် ပြုလေ၏၊ ထို ဘင်တည်းဟူသော မရဏသည် ဝင်ရောက်၍ နှိပ်စက်လိုက်သောအခါ ၎င်းသိမှုတို့သည် မရှိခြင်းတည်းဟူသော အဘာဝသို့သာလျှင် ရောက်လေကုန်၏။

**အနိစ္စသဘော ထင်မြင်ခြင်း။** ။ထိုအဘာဝသို့ ရောက်သည်တို့ကို ပညာမျက်စိဖြင့် ရှုကြည့်၍ မြင်လေလျှင် ၎င်းဝိညာဏ်တို့၏ မမြဲသည်၏ အဖြစ်ဟုဆိုအပ်သော အနိစ္စချက်ကို စင်စစ် ထိုးထွင်း၍ သိမြင်သည် မည်၏။

**ဒုက္ခသဘော ထင်မြင်ခြင်း။** ။ထိုအနိစ္စဖြစ်သော အသိသဘောတို့ကို သာလျှင် ဇရာသည် ရှေးဦးစွာ နှိပ်စက်ပြီးမှ တဖန် ပျက်ခြင်းတည်းဟူသော မရဏသည် ထပ်မံ၍ နှိပ်စက်ပြန်သည်ကိုမြင်၍ ၎င်းအသိသဘောဝိညာဏ်တို့၌ သက်သာရာကို ဉာဏ်ဖြင့် ကြည့်၍ မမြင်လျှင် ၎င်းအသိသဘောဝိညာဏ်တို့၏ ဒုက္ခချက်ကို မြင်သည် မည်၏။

**အနတ္တသဘော ထင်မြင်ခြင်း။** ။ထို ဆိုအပ်ပြီးသော ဇရာမရဏတို့၏ နှိပ်စက်ချက်ကို ခံရကြ၍ ဒုက္ခ ဖြစ်ပြီးလျှင် ကွယ်

ပျောက်ကုန်သော ၎င်းအသိသဘောဟူသမျှကို တစုံတယောက်သော သူမျှလည်း ငါပင် ဖြစ်သည်၊ ငါ၏ဥစ္စာပင် ဖြစ်သည်၊ ငါသည်သာလျှင် ပိုင်ဆိုင်အစိုးရသည် ဟူ၍ ရှုခြင်းငှါငှင်း၊ ဆိုခြင်းငှါငှင်း စင်စစ် မရအပ်ပေ။

ထိုသို့ မရအပ်သောကြောင့်ငှင်း၊ ထိုဖြစ်ပေါ်ကုန်သော အသိသဘောဟူသမျှတို့၌လည်း ဖြစ်ပေါ်စကပင် တစုံတယောက်သော လူ နတ် ဗြဟ္မာစသော သတ္တဝါ အတ္တသည်လည်း စင်စစ် မပါမရှိဘဲ ၎င်းသိမှုသဘောတို့သည်သာလျှင် ဖြစ်ပေါ်လာသည်၏ အဖြစ်ကြောင့်ငှင်း အနတ္တတရားသာလျှင် ကေန်ဖြစ်ပေ၏ ဟု ထိုးထွင်း၍သိမြင်လျှင် ၎င်းအစဉ်မပြတ်ဖြစ်နေသော သိမှုအဆက်ဆက်တို့၏ အနတ္တချက်ကို မြင်သည်မည်၏။

**ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ ၂-ပါး။** ။ထိုသို့ အနိစ္စ ဒုက္ခ အနတ္တ အားဖြင့် သိမြင်အပ်သော ပဋိသန္ဓေမှစ၍ စုတိကျသည့်တိုင်အောင် စကြဝဠာအနန္တ၌ ဖြစ်ကြလေသမျှသော အကျိုးဝိညာဏ်အဆက်ဆက်တို့သည် စင်စစ် **ဒုက္ခသစ္စာ**တရား ဖြစ်၏။ ၎င်းအကျိုး ဝိညာဏ်အဆက်ဆက်တို့ကို ထိုထိုသို့သောဘဝ၌ ဖြစ်ပေါ်စေရန် **အတိတ်ဘဝ**၌ ဖြစ်ခဲ့ပြီးသော အကြောင်းခံကုန်သော ပုညာပုညအာနေဉ္ဇာဘိသင်္ခါရတို့သည် စင်စစ် **သမုဒယသစ္စာ**ဖြစ်၏။

**ဒုက္ခသစ္စာဖြစ်ပုံ ရှင်းချက်။** ။အဘယ်ကြောင့် အကျိုး ဖြစ်သော ဝိညာဏ်အဆက်ဆက်တို့ကို ဒုက္ခသစ္စာဟု ဆိုအပ်လေသနည်းဟူမူ ထိုအကျိုးဖြစ်သော ဝိညာဏ်ဟု ဆိုအပ်သော သိမှုတရားတို့သည် ဖြစ်ပေါ်ခြင်းတည်းဟူသော ဇာတိဘေး, ပေါ်လာသည့်အတိုင်း မတည်နိုင်အောင် ရင့်ရော်စေတတ် နှိပ်စက်တတ်သော ဇရာဘေး, ပျက်စီးခြင်း တည်းဟူသော မရဏဘေးတို့နှင့်လည်း မကင်းသည်၏အဖြစ်ကြောင့် ထိုဆိုအပ်ပြီးသော ဘေးတို့၏ တည်ရာသဘောသာလျှင် အမှန် ဖြစ်ပေ၏။

ထိုဆိုအပ်ပြီးသော ဘေးတို့၏ တည်ရာသဘောဖြစ်သောကြောင့် ၎င်းအကျိုးဖြစ်သော ဝိညာဏ်တရားတို့သည် စင်စစ် စက်ဆုပ်အပ်သော သဘောအမှန် ဖြစ်ပေ၏၊ ၎င်းအသိဝိညာဏ် သဘောတို့သည် ရှေး၌ဖော်ပြအပ်ခဲ့သည့်အတိုင်း နတ်လူ သတ္တဝါစသော အတ္တလည်း မဟုတ်၊ သတ္တဝါတို့၏ ဥစ္စာဟု ဆိုအပ်သော အတ္တနိယလည်း မဟုတ်သောကြောင့် စင်စစ် အနတ္တတရားသာလျှင် ကေန် ဖြစ်ပေကုန်၏။ ထိုသို့ အနတ္တတရား ဖြစ်ကုန်သည်၏ အဖြစ်ကြောင့် ၎င်းဝိညာဏ်တရားတို့သည် စင်စစ် အတ္တဟူသော အနှစ်သာရမှလည်း ကင်းကုန်၏။

ငင်းအသိဝိညာဏ်သဘောတို့သည် ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း ရင့်ခြင်း ပျက်ခြင်းသို့သာလျှင် ရောက်ကုန်၍ ချုပ်ကွယ်ကြကုန်၏။ ထိုသို့ချုပ်ကွယ်ခြင်း ကြောင့် စင်စစ် မြဲခြင်းလည်း မရှိကုန်၊ မမြဲတတ်သော အနိစ္စသဘော တရား သာလျှင် အမှန်ဖြစ်ကုန်၏၊ ထိုသို့ အနိစ္စသဘောတရား အမှန် ဖြစ်ကုန်သော ကြောင့် ငင်းအသိဝိညာဏ် တရားတို့သည် စင်စစ် နိစ္စဟူသော အနှစ်သာရမှ လည်း ကင်းကုန်၏၊ ငင်းအသိဝိညာဏ် သဘောတို့ကို ဖြစ်ပေါ်တိုင်း ဖြစ်ပေါ် တိုင်း ရင့်ခြင်းတည်းဟူသော ဇရာ ပျက်ခြင်းတည်းဟူသော မရဏ သဘောတို့ သည် စင်စစ် နှိပ်စက် အပ်ကုန်၏။

ထိုသို့ ဇရာမရဏတို့၏ အနှိပ်စက်ကို ခံရခြင်းကြောင့် ငင်းအသိဝိညာဏ် သဘောတို့သည် စင်စစ် ဒုက္ခတရားသာလျှင် အမှန်ဖြစ်ကုန်၏။ ထိုသို့ ဒုက္ခအမှန် ဖြစ်သောကြောင့် သုခဟူသော အနှစ်သာရမှလည်း ကင်းကုန်၏၊ ထိုဆိုအပ်ပြီး သော အတ္တသာရ နိစ္စသာရ သုခသာရတို့မှ ကင်းသည်၏အဖြစ်ကြောင့် စင်စစ် အချည်းနှီး တရားသာလျှင် အမှန်ဖြစ်ပေ၏။ ထိုသို့ စက်ဆုပ်အပ်သော အချည်းနှီး တရား၏အဖြစ်ကြောင့် ငင်းအသိဝိညာဏ် သဘောတို့ကို စင်စစ် ဒုက္ခသစ္စာတရားဟု ခေါ်ဆိုအပ်လေကုန်သည်ဟု မှတ်ကြလေကုန်။

**သမုဒယသစ္စာ ဖြစ်ပုံ ရှင်းချက်။** ။ထိုဒုက္ခသစ္စာ ဖြစ်သော အကျိုးဝိညာဏ်တို့ ၏ ဖြစ်ကြောင်း ဖြစ်သော သင်္ခါရတရား သုံးပါးတို့ကို အဘယ်ကြောင့် သမုဒယသစ္စာတရားဟု ခေါ်ဆိုအပ်ကုန်သနည်း ဟူမူ ငင်းအကြောင်းဖြစ်သော ပုညာပုညအာနေဥ္စာဘိသင်္ခါရ တရားတို့မရှိလျှင် ငင်းအကျိုးဖြစ်သော အသိဝိညာဏ်တို့သည် ထိုထိုသို့သော ဘုံတို့၌ ဖြစ်ပေါ်မှု မရှိကုန်ပြီ၊ စင်စစ် ဖြစ်ပေါ်ရသည်မှာ ထိုအကြောင်းဖြစ်သော သင်္ခါရတရားတို့ ကြောင့်သာလျှင် ကေန် ထိုထိုသို့သောဘုံတို့၌ အကြောင်းအား လျော်စွာ ဖြစ်ပေါ်ကြကုန်၏။ ထို့ကြောင့် ငင်းသင်္ခါရတရား သုံးပါးတို့သည် ထိုဒုက္ခသစ္စာ ဖြစ်သော အသိဝိညာဏ်သဘောတို့၏ အကြောင်းအမှန် ဖြစ်ကုန်၏။ ထို့ကြောင့် ငင်းအကြောင်းခံဖြစ်သော သင်္ခါရတရား သုံးပါးတို့ကို သမုဒယသစ္စာဟု ဆို အပ်ကုန်သည်။

**သမုဒယသစ္စာနှင့် လက္ခဏာယာဉ် ၃ ပါး။** ။ထို သမုဒယသစ္စာ ဖြစ်ကုန်သော သင်္ခါရတရားသုံးပါးတို့သည်လည်း စင်စစ် နတ် လူ ဗြဟ္မာ သတ္တဝါမဟုတ်၊ စေတနာသဘောမျှသာ ဖြစ်ကုန်၏၊ ထို နတ် လူ ဗြဟ္မာ သတ္တဝါမဟုတ်သော စေတနာသဘောတရားသည်လည်း အနတ္တ တရားသာလျှင် ဖြစ်၏။

ဂင်းအနတ္တတရားဖြစ်သော သင်္ခါရတရားသုံးပါးဟု ဆိုအပ်သော စေတနာ သဘောတရားသည်လည်း ထိုထိုသို့သောဘုံတို့၌ ပေါ်လာတိုင်း ပေါ်လာတိုင်း ဇရာ၏ အနှိပ်စက်ကို ရှေးဦးစွာခံပြီးမှ ပျက်စီးခြင်း ဘင်ဟုဆိုအပ်သော မရဏ၏ အနှိပ်စက်ကိုလည်း ထပ်မံ၍ခံရခြင်းကြောင့် စင်စစ် သက်သာခွင့် မရှိသော **ဒုက္ခတရားသာလျှင်** အမှန်ဖြစ်၏။

ထိုဆိုအပ်ပြီးသော ဘင်-တည်းဟူသော မရဏ၏အနှိပ်စက်ကို ခံ၍သာလျှင် ဂင်းသင်္ခါရတို့သည် စင်စစ် ကွယ်ပျောက်ခြင်းသို့ ရောက်လေကုန်၏။ ထိုသို့ကွယ်ပျောက်ခြင်းသို့ ရောက်ကုန်သော ဂင်းသင်္ခါရတို့သည် စစ်စစ် **အနိစ္စသဘော တရားသာလျှင်** ဖြစ်ကုန်၏။

**အကြောင်းသင်္ခါရနှင့် အကျိုးဝိညာဏ်စပ်ပုံ။** ။ဤဆိုအပ်ပြီးသော နိစ္စ သုခ အတ္တ မရှိသော အနိစ္စ၊ ဒုက္ခ အနတ္တသာလျှင် ဖြစ်ကုန်သော ရှေးရှေးဘဝတို့ကအကြောင်းခံဖြစ်သော ပုညာ-ပုညအာနေဥ္စာဘိသင်္ခါရတည်းဟူသော သမုဒယသစ္စာတရားတို့ကြောင့် အကျိုးဖြစ်ကုန်သော နိစ္စ သုခ အတ္တမရှိသော အနိစ္စ၊ ဒုက္ခ အနတ္တ တရားသာလျှင် အစစ်ဖြစ်ကုန်သော ဒုက္ခသစ္စာတရားသာလျှင် ဖြစ်ကုန်သော အသိဝိညာဏ် တရားတို့သည် အနန္တစကြဝဠာလောကဓာတ်၌ ဖြစ်ကုန်သော ထိုထိုသို့သောဘုံ တို့တွင် ဆိုင်ရာဆိုင်ရာဘုံတို့၌ ထင်ရှားဖြစ်ပေါ်ကုန်၏။ ထိုဖြစ်ပေါ်ကုန်သော ဒုက္ခသစ္စာတရားဖြစ်ကုန်သော ဝိညာဏ်တို့သည်သာလျှင် အကြင်မျှလောက် အကြောင်းခံရှိသေး၏၊ ထိုမျှလောက် တခုပြီး တခုစီ ဖြစ်ပေါ်ကြပြီးလျှင် အကြောင်းကုန်သောအခါ ကွယ်ပျောက်ကြကုန်၏။

**ဝဋ်ဒုက္ခအစုကြီးသာဖြစ်နေခြင်း။** ။ဤယခု ပစ္စုပ္ပန်ဘဝ၌ အကြောင်းအကျိုး စပ်၍ ဖြစ်ပေါ်ကုန်သကဲ့သို့ ထိုနည်းအတူ ရှေးရှေးအစမထင် သံသရာဘဝအဆက်ဆက်တို့၌လည်း ထိုအကြောင်းအကျိုး တရားတို့သည်သာလျှင် ဖြစ်ပေါ်ကုန်၍ ဘဝတိုင်း၌ ကုန်ခဲ့ကုန်ပြီ၊ နောင်ကို ဖြစ်ပေါ်လျှင်လည်း နတ်လူပြဟ္မာ သတ္တဝါစသည်မဟုတ်ကုန်သော ဂင်းအကြောင်း အကျိုး တရားတို့သည်သာလျှင် ဆက်စပ်၍ ဖြစ်ပေါ်ကုန်လတ္တံ့။ ထိုဆိုအပ်ပြီး သော ဘဝတပါး၌ဖြစ်သော အကြောင်းနှင့် ဘဝတပါး၌ ဖြစ်သော အကျိုးတို့ ဆက်စပ်၍ ဆက်ကာဆက်ကာ ဖြစ်ကြကုန်သည်ကိုသာလျှင် လူနတ်ပြဟ္မာ သတ္တဝါဖြစ်သည်ဟု လောကဝေါဟာရအားဖြင့် ခေါ်ဝေါ်ပြောဆို သမုတ်အပ် လေကုန်သည်။ ထိုသို့ပင် ခေါ်ဝေါ်ပြောဆိုသမုတ်အပ်ကုန်သော်လည်း ဂင်း အကြောင်း သင်္ခါရ,အကျိုးဝိညာဏ်အသိသဘောတို့သည် စင်စစ် နတ်လူပြဟ္မာ သတ္တဝါ စသည် မဟုတ်ကုန်၊ ထပ်တလဲလဲ ဖြစ်ပေါ်ကုန်ပြီးလျှင် ထပ်တလဲလဲ ဇရာမရဏတို့၏ အနှိပ်စက်ကိုသာလျှင် ခံရကုန်သောကြောင့် သတ္တ,ဇီဝ,သုခ

စသည်တို့နှင့် မရောသော သက်သက်သော ဝဋ်ဆင်းရဲတရား အစုတို့သာလျှင် ကေန်ဖြစ်ကုန်၏။ ထိုသို့ ဝဋ်ဆင်းရဲတရားအစုဖြစ်ခြင်းကြောင့် ဘုရားရှင်သည်—

ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ဟူ၍ ဟောတော်မူလေသည်။

**ဝဋ်ဒုက္ခ အစုဟု ရှု၍ နိဗ္ဗာန်မြင်နိုင်ခြင်း။** ။ထိုသို့ ဟောတော် မူအပ်သော သမုဒယသစ္စာဖြစ်သော အတိတ်၌ ဖြစ်သော ပုညာပုညအာနေဉ္ဇာဘိသင်္ခါရ တည်းဟူသော အကြောင်းတရား ဒုက္ခသစ္စာဖြစ်သော ဝိညာဏ်တည်းဟူသော အကျိုးတရား ဤဆိုအပ်ပြီးသော အကြောင်းအကျိုးတရားနှစ်ပါးတို့သည်သာလျှင် သတ္တဝါ, အသက်, သုခ စသည် မဟုတ်ကုန်ပါဘဲလျက် မပြတ်မလပ်ဖြစ်နေကုန်သော ဝဋ်ဆင်းရဲ အစုတို့သည်သာ လျှင် ကေန်ဖြစ်ကုန်၏ဟု ဝိပဿနာဉာဏ်ဖြင့် အဖန်တလဲလဲ ရှုကြည့်၍ နေကြ ရမည်။

ထိုသို့ ရှုကြည့်၍ နေကြလျှင် စင်စစ် နတ်လူပြဟ္မာ သတ္တဝါ စသည် မဟုတ်၊ ဝဋ်ဆင်းရဲအစုမျှသာလျှင် ကေန်ဖြစ်နေသည်၏အဖြစ်ကို တရေးရေးမြင်ကြလေ ၏။ ထိုသို့ဝဋ်ဆင်းရဲ၏အဖြစ်ကို တရေးရေးမြင်ကြလျှင် စင်စစ် ၎င်းတရားတို့ကို ထပ်မံ၍ ဖြစ်လိုသော ဆန္ဒမရှိဘဲ မဖြစ်လိုသော ဆန္ဒသာလျှင် ကေန်ဖြစ်ကြလေ တော့၏။ ထိုသို့မဖြစ်လိုသော ဆန္ဒအားကြီး၍ ၎င်းအကြောင်းသင်္ခါရ အကျိုး ဝိညာဏ်တရားတို့မှ လွတ်ရာသဘော လွန်မြောက်ရာသဘောကို ရှာလေလျှင် ၎င်းတို့၏ဖြစ်ပေါ်ခြင်းမှ ဆန့်ကျင်ဘက်ဖြစ်လျက်တည်သော မဖြစ်ပေါ်ခြင်း သဘောလက္ခဏာရှိသော အသင်္ခတဓာတ် သဘောတရားကိုသာလျှင် ဉာဏ်ဖြင့် တွေ့လေတော့၏။

**နိဗ္ဗာန်မြင်နိုင်ပုံ ရှင်းလင်းချက်။** ။အဘယ်ကြောင့်တွေ့ရလေသနည်းဟူမူ ဖြစ်ပေါ်ခြင်းလက္ခဏာမှလွန်မြောက်လျှင် မဖြစ်ပေါ်သောသဘောလက္ခဏာရှိသော ဆန့်ကျင်ဘက် ပဋိပက္ခဖြစ်သော သဘောတရားမှ တပါးသော တခြားဖြစ်သော တရားတမျိုးသည် မရှိနိုင်သည်၏အဖြစ်ကြောင့်တည်း။ ဥပမာ အပူသဘောမှလွန်မြောက်လျှင် အပူ၏ ဆန့်ကျင်ဘက် ဖြစ်သော အအေးသဘောသည် တည်ရှိသကဲ့သို့၎င်း၊ အမိုက်မှလွန်မြောက်လျှင် အမိုက်၏ဆန့်ကျင်ဘက်ဖြစ်သော အလင်းသဘောသည် တည်ရှိသကဲ့သို့၎င်း၊ ဤမှာဘက်ကမ်းရှိလျှင် ထိုမှာဘက်ကမ်းသည် တည်ရှိလေသကဲ့သို့၎င်း ထိုနည်း အတူ ဖြစ်ပေါ်ခြင်းရှိသော သဘောတရားတို့မှ လွန်မြောက်လျှင် စင်စစ် မဖြစ် ပေါ်ခြင်း သဘောလက္ခဏာရှိသော သဘောတရားသာလျှင် ကေန်တည်ရှိမြဲ ပေတည်း၊ ထိုကဲ့သို့ ရှိမြဲမမှုတာသဘောကို ဉာဏ်မျက်စိဖြင့် မြင်ကြလျှင် စင်စစ်

ဖြစ်ပေါ်နေသော အကြောင်းသင်္ခါရ အကျိုးဝိညာဏ်တည်းဟူသော ဝဋ္ဋဒုက္ခ တရားတို့မှ လွန်မြောက်ရာကိုရှာသော ယောဂီပုဂ္ဂိုလ်တို့သည် ၎င်းတို့မှ လွန် မြောက်၍တည်သော မဖြစ်ပေါ်သော သဘောလက္ခဏာရှိသော အသင်္ခတ ဓာတ်ကိုသာလျှင် ဉာဏ်ဖြင့် ကေန် တွေ့ကြရကုန်၏။

**နိဗ္ဗာန်၏သဘောကိုပြဆိုချက်။** ။ထိုသို့ ဉာဏ်ဖြင့်တွေ့အပ်သော ၎င်းအသင်္ခတ ဓာတ်သဘောသည် ဖြစ်ပေါ်မှု သဘောမှ ကင်းသည်၏အဖြစ်ကြောင့် ရင့်ရော်ခြင်းလည်း မရှိ၊ ပျက်စီးခြင်းလည်း မရှိ လေပြီ၊ ထိုသို့ ရင့်ရော်ခြင်း ပျက်စီးခြင်းမရှိသော ၎င်းအသင်္ခတသဘောသည် စင်စစ် နိစ္စတရားလည်း ဖြစ်ပေ၏။ ဇရာ မရဏတရားတို့၏ အနှိပ်စက်ကို မခံရ သောကြောင့် သုခတရားလည်း ဖြစ်ပေ၏၊ ထိုနိစ္စ သုခဖြစ်သော မဖြစ် မပျက် သော သဘောလက္ခဏာရှိသော ၎င်းအသင်္ခတဓာတ်သဘောသည် စင်စစ် သတ္တဝါဟုဆိုအပ်သော အတ္တမဟုတ်၊ ဓမ္မသဘောသက်သက်သာလျှင် ဖြစ်လေ ခြင်းကြောင့် အနတ္တတရားသာလျှင် ကေန် ဖြစ်ပေ၏၊ ထိုသို့ အနတ္တတရား ဖြစ်ကြောင်းကိုလည်း ရှေး၌ ပြဆိုခဲ့ပြီ။

**မဂ်တရား ဖိုလ်တရား ဖြစ်လာပုံ။** ။ထို အနတ္တတရားဖြစ်သော အသင်္ခတ ဓာတ်၏ နိစ္စ သုခအဖြစ်ကို ဉာဏ်ဖြင့် ထောက်ဆ၍ သိကုန်သော ယောဂီပုဂ္ဂိုလ်တို့သည် သတ္တဝါ၊ အသက်၊ သုခ စသည်နှင့်မရောသော သက်သက်သော အကြောင်းအကျိုးတရားမျှသာလျှင် ဖြစ်သော အတိတ်ဖြစ်သောသင်္ခါရ ပစ္စုပ္ပန်၌ဖြစ်သော အကျိုးဝိညာဏ်တည်း ဟူသော အသိသဘောတို့၏ မပြတ်မလပ်ဖြစ်ပေါ်၍ ကွယ်ချုပ်မှုအနိစ္စချက် မပြတ်မလပ် အနှိပ်စက်ခံရမှု ဒုက္ခချက်တို့ကို တရေးရေးဉာဏ်ဖြင့် ကြည့်၍ မြင်လေလေ ၎င်းတရားတို့မှ လွတ်မြောက်၍ တည်သော မဖြစ်ပေါ်သော သဘောလက္ခဏာရှိသော အသင်္ခတတရားတပါးသည်သာလျှင် စင်စစ် နိစ္စ သုခ၏အဖြစ်၌တည်မှန်းကို သိလေလေသာဖြစ်၏။

ထိုသို့ နိစ္စ သုခ၏အဖြစ်၌ တည်မှန်းကို သိလေလေ ၎င်းနိရောဓသစ္စာ အသင်္ခတသဘောသို့ ရောက်လိုသောဆန္ဒ အားကြီးလေလေသာ ဖြစ်၏။ ထိုသို့ ရောက်လိုသောဆန္ဒ အားကြီးလတ်၍ မိမိ၏စိတ်ကို စေလွှတ်ဖန်များလတ်သော် အကြင်အခါ ဉာဏ်ရင့်ခြင်းသို့ရောက်၍ မဂ်ဖြစ်ခဲ့၏။ ထိုအခါ နိရောဓသစ္စာ ဖြစ်သော အသင်္ခတဓာတ်သဘောကို ထင်ထင်လင်းလင်းသဘောကျ၍ ပိုင်ပိုင် နိုင်နိုင် ထိုးထွင်း၍သိမြင်လေတော့၏။ ထိုသို့ နိရောဓသစ္စာနိဗ္ဗာန်ကို ပိုင်ပိုင် နိုင်နိုင် ထင်ထင်လင်းလင်း ထိုးထွင်း၍ သိမြင်ခိုက်၌ သစ္စာလေးပါးလုံးကို တပြိုင်နက် တချက်တည်း ထိုးထွင်း၍ သိမြင်သည်သာလျှင်ကတည်း။

**သစ္စာ ၄-ပါးကို ထိုးထွင်းသိပုံ။** ။သိမြင်ပုံကို ထင်စွာ ပြန်ပြဦးအံ့။ အကြင်မျှလောက် လောကီမဂ်ဖြင့် အကြောင်း သမုဒယ အကျိုးဒုက္ခတရားတို့ကို မရပ်မစဲ တသဲသဲဖြစ်ပျက်ခြင်းသည် နှိပ်စက်အပ်သည်ကို မြင်နေ၍ နိစ္စ သုခဖြစ်သောသဘောတရားကို ရှာဖွေလတ်သော် ၎င်းတို့မှ လွန်မြောက်၍တည်သော မဖြစ်မပျက်သော သဘောလက္ခဏာရှိသော နိရောဓသစ္စာ အသင်္ခတဓာတ်သဘောနိဗ္ဗာန်ကို ထောက်ဆ၍ မသိသေး၊ ထိုမျှလောက် သင်္ခတဖြစ်သော တရားတို့တွင် တပါးပါးကိုသော်၎င်း၊ ၎င်းသင်္ခတတရားတို့၏ မရှိခြင်းအဘာဝပညတ်ကိုသော်၎င်း နိစ္စ သုခသဘောအဖြစ်ဖြင့် တကယ် စွဲယူလေရာ၏။ ထိုသို့ စွဲယူသမျှကာလပတ်လုံး နိစ္စ သုခသဘောစစ်မဟုတ်သည်ကို နိစ္စ သုခသဘောစစ်ဟု စွဲယူသောအယူသည် မိစ္ဆာသဘောသာလျှင်ဖြစ်၍ မဂ်ကိုလည်း ဖြစ်စေမှု မရှိနိုင်၊ မိစ္ဆာအယူကိုလည်း မကင်းစေနိုင်ဟု မှတ်ကြလေ။

အကြင်အခါ သင်္ခတဓာတ်၏ ဆန့်ကျင်ဘက်ဖြစ်သော အသင်္ခတဓာတ်တည်းဟူသော ပရမတ္ထသဘောအားဖြင့် ထင်ရှားရှိနေသော မဖြစ်မပျက်သော သဘော နိရောဓသစ္စာနိဗ္ဗာန်ကို ပိုင်ပိုင်နိုင်နိုင် မသိသေးဘဲ ထောက်ဆ၍ သာလျှင် အကယ်၍ သိသည်ဖြစ်ခဲ့အံ့၊ ထိုမျှလောက်သော ကာလပတ်လုံး မိမိသန္တာန်၌ လောကုတ္တရာမဂ်ဖြစ်ပြီဟု မဆုံးဖြတ်နိုင်ဘဲ မဂ်၌လည်း ယုံမှားမကင်း၊ နိရောဓသစ္စာနိဗ္ဗာန်ကိုလည်း တကယ်မြင်ပြီဟု ပိုင်ပိုင်နိုင်နိုင် မဆိုနိုင်ဘဲ ရှိလေတော့၏၊ ထိုကဲ့သို့ ရှိနေသမျှကာလပတ်လုံး ဝိစိကိစ္ဆာစသော ကိလေသာနုသယသည် မကင်းဘဲ ရှိလေတော့၏ဟု မှတ်။

အကြင်အခါ ဖြစ်ပေါ်ပြီး၍ ကွယ်ကုန်ပြီးသော အကြောင်းအကျိုး အဆက်ဆက် ဖြစ်ဆဲဖြစ်နေသော အကြောင်းအကျိုး အဆက်ဆက် နောင်ဖြစ်ပေါ်လတ္တံ့သော အကြောင်းအကျိုး အဆက်ဆက်တည်းဟူသော ဒုက္ခတရားတို့မှ လွတ်မြောက်၍ နိစ္စ သုခအဖြစ်ဖြင့် တည်နေသော မဖြစ်ပေါ်သောသဘောလက္ခဏာရှိသော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ထင်ထင်လင်းလင်း ထိုးထွင်း၍ သိမြင်သည်ဖြစ်အံ့၊ ထိုသို့ သိမြင်ခိုက် နိရောဓသစ္စာတည်းဟူသော နိစ္စ, သုခတရားစစ်ကိုလည်း အာရုံပြုသောအားဖြင့် ထိုးထွင်း၍ သိမြင်ခြင်းကြောင့် ယုံမှားသံသယစသော တရားဟူသမျှသည်လည်း ကင်းလေ၍ မြင်အပ်သောတရား၌ တွေဝေစရာမရှိ ဖြစ်လေ၏၊ ထိုနိရောဓသစ္စာတရား၌သာလျှင် တွေဝေခြင်းကင်းသည် မဟုတ်သေး၊ ၎င်းတရားနှင့် ဆန့်ကျင်ဘက်ဖြစ်သော သင်္ခတတရားတည်းဟူသော နိစ္စ သုခမရှိသော အကြောင်းအကျိုးအဆက်ဆက်ဖြစ်ခြင်းဟု ဆိုအပ်သော အနိစ္စ, ဒုက္ခ စသော တရားသဘောကိုလည်း အာရုံမပြုဘဲ ပဋိပက္ခ သဘောအားဖြင့် အနိစ္စ, ဒုက္ခ သဘောစသည်သာ အမှန်

ဟုတ်တော့သည်ဟု ပိုင်းခြား၍ သိခြင်းကိစ္စသည်လည်း ၎င်းနိရောဓသစ္စာကို မြင်ခိုက် တပြိုင်နက် တချက်တည်း ပြီး၏။ နောင်တဖန် နိစ္စလေလော, သုခ လေလောဟု တွေးတောတွေဝေစရာ မရှိလေပြီ၊ တပြိုင်နက် တွေဝေခြင်း ကင်းလေတော့၏။

၎င်းနိရောဓသစ္စာ နိဗ္ဗာန်ကို ပိုင်ပိုင်နိုင်နိုင် ထင်ထင်လင်းလင်း ထိုးထွင်း၍ သိမြင်သောဉာဏ်သည် ဘာဝနာအစွမ်းဖြင့်ဖြစ်သော လောကုတ္တရာမဂ်ဉာဏ် ဖြစ်၏။ ထိုမဂ်ဉာဏ်သည် မိမိဖြစ်ခိုက် မိမိတည်းဟူသော မဂ်ကိုဖုံးလွှမ်းတတ် သော အဝိဇ္ဇာသဘောကိုလည်း တပြိုင်နက် ဖျက်ဆီး၍ မိမိတည်းဟူသော မဂ်ဉာဏ်သည် ဖြစ်ပေါ်မှုရှိလေသလော, ဖြစ်ပေါ်မှုမရှိလေသလောဟု တွေး တောယုံမှားခြင်း စသည်ကို တပြိုင်နက် တချက်တည်း ပြတ်တောက်စေပြီးလျှင် မတွေမဝေသော အသမ္မောဟကိစ္စအားဖြင့် မိမိကို ထင်လင်းသိမှုကိစ္စကိုလည်း တပြိုင်နက် တချက်တည်း ပြီးစေ၏။

၎င်းနိရောဓသစ္စာနိဗ္ဗာန်သဘောကို မြင်ခိုက် မဂ်၌၎င်း၊ နိရောဓသစ္စာ နိဗ္ဗာန်၌ ၎င်း၊ သင်္ခတဖြစ်သော အကြောင်းအကျိုးဟု ဆိုအပ်သော ဖြစ်ပျက်နေသော သင်္ခါရဝိညာဏ်တည်းဟူသော ဒုက္ခသစ္စာတရား၌၎င်း အယူမှားမှု, ယုံမှားမှုစ သော ကိလေသာတရားတို့သည် တပြိုင်နက် တချက်တည်း ၎င်းမဂ်ကြောင့်ပင် လျှင် အကြွင်းမရှိ ပြတ်လည်းပြတ်ကုန်၏။ ပြတ်လေပြီးသော ကိလေသာတို့၌ လည်း ပြတ်ကင်းလေသလော, မပြတ်ကင်းလေသလောဟု တဖန် တွေးတော ယုံမှားမရှိလေအောင် တွေဝေစေတတ်သော မောဟတရားကိုလည်း အကြွင်း မရှိ ဖျက်ဆီး၍ ၎င်းမဂ်ပယ်၍ ပြတ်ကင်းသော ကိလေသာတည်းဟူသော သမုဒယသစ္စာ၌ မတွေမဝေသော အသမ္မောဟကိစ္စဟု ဆိုအပ်သော သိခြင်း ကိစ္စကိုလည်း တပြိုင်နက် တချက်တည်း ပြီးစေ၏။

ဤသို့လျှင် နိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍ သိမြင်တတ်သော လော- ကုတ္တရာမဂ်ဖြစ်ခိုက် ၎င်းမဂ်ဉာဏ် တပါးတည်းသည် သစ္စာလေးပါး တရားတို့ကို တပြိုင်နက် တချက်တည်း ထိုးထွင်း၍ သိခြင်းကိစ္စကို ပြီးစေ၏ဟု မှတ်ကြလေ။ ထိုသို့ မှတ်စေလိုတော်မူသော သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင်သည် သစ္စ- ဝိဘင်း မဂ္ဂသစ္စာအဖွင့် စာမျက်နှာ (၁၀၉)၌—

သော ဝေံ ကမ္မံ ကရောန္တော စတ္တာရိ သစ္စာနိ ဧကေန ပဋိဝေဓေန ပဋိဝိဇ္ဈတိ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍၎င်း၊ ဉာဏဝိဘင်းအဖွင့် ၎င်းအဋ္ဌကထာ စာမျက်နှာ(၃၉၇)၌—

မဂ္ဂသမင်္ဂိဿ ဉာဏံ ဒုက္ခေပေတံ ဉာဏန္တိ ဧတ္ထ ဧကမေဝ မဂ္ဂဉာဏံ
စတူသု သစ္စေသု ဧကပဋိဝေဓဝသေန စတူသု ဌာနေသု သင်္ဂဟိတံ။

ဟူ၍ မိန့်ဆိုအပ်သည်ကိုထောက်၍ရင်း သိကြလေ။

အနက်သိကြောင်း မြန်မာပြန်ကား—

သော၊ ထိုယောဂါဝစရပုဂ္ဂိုလ်သည်။ ဧဝံ၊ ဤသို့။ ကမ္မံ၊ သခ်တဖြစ်သော ဒုက္ခသစ္စာ တရားတို့ကို လောကီဉာဏ်ဖြင့် ပိုင်းခြားသိ၍ နိရောဓသစ္စာနိဗ္ဗာန်သို့ စေလွှတ်သော အမှုကို။ ကရောန္တော၊ ပြုသည်ရှိသော်။ စတ္တာရိ၊ လေးပါးကုန်သော။ သစ္စာနိ၊ အမှန်တရားတို့ကို။ ဧကေန၊ တခုတည်းသော။ ပဋိဝေဓေန၊ ထိုးထွင်း၍ သိတတ်သော မဂ်ဉာဏ်ဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍ သိ၏။

(ဤကား ပဌမပါဌ်၏ မြန်မာပြန်တည်း။)

မဂ္ဂသမင်္ဂိဿ ဉာဏံ ဒုက္ခေပေတံ ဉာဏန္တိ ဧတ္ထ၊ မဂ္ဂ။လ။ ဉာဏံဟူသော ဤပါဌ်၌။ ဧကမေဝ၊ တခုသာလျှင်ဖြစ်သော။ မဂ္ဂဉာဏံ၊ မဂ်ဉာဏ်ကို။ စတူသု၊ လေးပါးကုန်သော။ သစ္စေသု၊ မှန်သောတရားတို့၌။ ဧကပ္ပဋိဝေဓဝသေန၊ တပြိုင်နက် ထိုးထွင်း၍ သိခြင်း၏ အစွမ်းအားဖြင့်။ စတူသု၊ လေးပါးကုန်သော။ ဌာနေသု၊ သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိရာတို့၌။ သင်္ဂဟိတံ၊ ရေတွက်အပ်၏။

(ဤကား ဒုတိယပါဌ်၏ မြန်မာပြန်တည်း။)

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ နိရောဓသစ္စာကို ထိုးထွင်း၍ သိတတ်သော မဂ်ဉာဏ်အခိုက် ၎င်းမဂ်ဉာဏ်သည် သစ္စာလေးပါးတရားတို့ကို တပြိုင်နက် ထိုးထွင်း၍ သိသည်၏ အဖြစ်ကို ထင်ရှားသိကြလေ။

**သစ္စာ ၄-ပါး၌ သိပုံ ၄-မျိုး။** ။၎င်းမဂ်သည် သစ္စာလေးပါးတို့ကို တပြိုင်နက် သိရာ၌လည်း နိရောဓသစ္စာကို မျက်မှောက် ပြုခြင်းတည်းဟူသော သိခြင်းဖြင့် သိ၏၊ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းတည်းဟူသော သိခြင်းဖြင့် သိ၏၊ သမုဒယသစ္စာကို ပယ်ခြင်းတည်းဟူသော သိခြင်းဖြင့် သိ၏၊ မိမိတည်းဟူသောမဂ်ကို ပွါးခြင်းဟုဆိုအပ်သော ဘာဝနာတည်းဟူသော သိခြင်းဖြင့်သိ၏။ ထိုသို့ သိခြင်းကို၎င်း၊ ထိုသစ္စာလေးပါးတို့ကို တပြိုင်နက် ထိုးထွင်း၍ သိရာ၌လည်း နိရောဓသစ္စာနိဗ္ဗာန် တခုတည်းကိုသာ အာရုံပြု၍ ကျန်သုံးပါးတို့ကို အာရုံမပြုဘဲ ကိစ္စအားဖြင့် သိလေသည်။ ထိုသို့ သိလေသည်၏ အဖြစ်ကို၎င်း၊ ပါဠိအဋ္ဌကထာ အကိုးအကားနှင့်တကွ အဝိဇ္ဇာသခ်ါရ တရားတို့ကို ပြဆိုရာအခဏ်း၌ ပြဆိုအပ်ခဲ့လေပြီ၊ ၎င်းအခဏ်း၌ ပြန်၍ကြည့်ကြလေ။

## အသင်္ခတ နိဗ္ဗာန်နှင့်စပ်၍ စိစစ်ချက်များ

ထိုနိရောဓသစ္စာတည်းဟူသော အသင်္ခတဓာတ် နိဗ္ဗာန်ကို မဂ်ဖြင့် အာရုံပြု၍ မြင်သောအခါ—

၁။ အဆင်းအရောင်နှင့်တကွ ပြိုးပြိုးပြက်ပြက် လက်လက်ပြောင်ပြောင်ကိုဘဲ အာရုံပြု၍ မြင်ရလေသလော၊

၂။ သို့မဟုတ် ကိလေသာခန္ဓာတို့၏ မရှိကာမျှကိုဘဲ အာရုံပြု၍ မြင်ရလေသလော၊

၃။ သို့မဟုတ် ကိလေသာကုန်ပြီးမှ ပေါ်လာသော မှုကိုဘဲ အာရုံပြု၍ မြင်ရလေသလော၊

၄။ သို့မဟုတ် ရုပ်နာမ်အထူးဖြစ်၍ နေသည်ကိုဘဲ အာရုံပြု၍ မြင်ရလေသလော—

ဟု မသိသော သူတို့သည် စင်စစ် မေးဘွယ်ရှိ၏။

### ၁။ နိဗ္ဗာန်၌ ပြိုးပြက်လက်ပြောင် အဆင်းအရောင် မရှိပုံ

**နိဗ္ဗာန်၌ ရူပါရုံမရှိပုံ။** ။ထိုသို့ မေးဘွယ်ရှိသော အချက်တို့တွင် နိရောဓသစ္စာဟု ဆိုအပ်သော အသင်္ခတဓာတ်သဘောကို မဂ်ဖြင့် မြင်သောအခါ **အဆင်းအရောင်နှင့်တကွ** ပြိုးပြိုးပြက်ပြက် လက်လက်ပြောင်ပြောင်ဖြစ်၍လည်း မထင်မမြင်အပ်၊ အဘယ်ကြောင့် မမြင်အပ်လေရသနည်းဟူမူ ၎င်းနိရောဓသစ္စာ၌ ပြိုးပြိုးပြက်ပြက် လက်လက်ပြောင်ပြောင် တောက်ပထွန်းလင်းနေသော အရောင်အဆင်းတည်းဟူသော ရူပါရုံသည် စင်စစ် မရှိသည်၏ အဖြစ်ကြောင့်တည်း။ ထို့ကြောင့် ပြိုးပြိုးပြက်ပြက် အရောင်အဆင်းလည်း မထင်မမြင်အပ်၊ ၎င်းနိဗ္ဗာန်သည် ထိုကဲ့သို့သော ရူပါရုံတို့၏ တည်ရာလည်း မဟုတ်၊ ထိုစကားသည် မှန်၏။ အကယ်၍ ပြိုးပြိုးပြက်ပြက် ပြောင်ပြောင်လက်လက်ဖြစ်သော အရောင်အဆင်းသည် ရှိခဲ့အံ့၊ ၎င်းအရောင်တို့၏ မှီရာဖြစ်သော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့၏လည်း တည်ရာ ဖြစ်လေရာ၏။ အဘယ်ကြောင့်ဆိုသော် ၎င်းအရောင် အဆင်းတို့သည် ဓာတ်လေးပါးကို စင်စစ် မှီ၍သာလျှင် ကေန်ဖြစ်ကြကုန်သည်၏အဖြစ်ကြောင့်တည်း။ ထို့ကြောင့် ဓာတ်လေးပါးတို့၏လည်း တည်ရာဖြစ်လေရာ၏ဟူသော စကားကို ဆိုထိုက် ဆိုအပ်လေသည်သာတည်းဟု မှတ်ကြလေ။

**နိဗ္ဗာန်၌ ဓာတ်လေးပါး မရှိပုံ။** ။ထိုသို့ဆိုချေသော် စင်စစ် ဘုရားဟောတော်မူအပ်သော ဒေသနာနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်၏။ အဘယ်သို့ ဆန့်ကျင်လေသနည်းဟူမူ ဘုရားရှင်သည် ထိုအသင်္ခ-

တခေါတ်နိဗ္ဗာန်၌ ၎င်းခေါတ်လေးပါးတို့ မရှိကြောင်းကို ဥဒါန်းပါဠိတော် စာမျက်နှာ(၁၇၇)၌ပင်—

အတ္ထိ ဘိက္ခဝေ တဒါယတနံ၊ ယတ္ထ နေဝ ပထဝီ န အာပေါ န တေဇော န ဝါယော။

ဟူ၍ ဟောတော်မူအပ်လေသည်။

**အနက်သိကြောင်း** မြန်မာပြန်ကား—

ဘိက္ခဝေ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံဖြစ်သော အာရမ္မဏပစ္စယသတ္တိဖြစ်သော အသင်္ခတခေါတ်နိဗ္ဗာန်ကို မသိကုန်သော ရဟန်းတို့။ တဒါယတနံ၊ ထိုမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံပြုကြောင်းဖြစ်သော အာရမ္မဏပစ္စယသတ္တိဖြစ်သော အသင်္ခတခေါတ်နိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထသဘောအားဖြင့် ထင်ရှားရှိပေ၏။ ယတ္ထ ယသ္မိံ နိဗ္ဗာနေ၊ အကြင်အသင်္ခတခေါတ်နိဗ္ဗာန်၌။ ပထဝီ၊ ပထဝီဟု ခေါ်ဆိုအပ်သော ရုပ်သဘောသည်လည်း။ နေဝ အတ္ထိ၊ မရှိသည်သာလျှင်ကတည်း။ အာပေါ၊ အာပေါဟု ခေါ်ဆိုအပ်သော ရုပ်သဘောသည်လည်း။ န အတ္ထိ၊ မရှိသည်သာလျှင်ကတည်း။ တေဇော၊ တေဇောဟု ခေါ်ဆိုအပ်သော ရုပ်သဘောသည်လည်း။ န အတ္ထိ၊ မရှိသည်သာလျှင်ကတည်း။ ဝါယော၊ ဝါယောဟု ခေါ်ဆိုအပ်သော ရုပ်သဘောသည်လည်း။ န အတ္ထိ၊ မရှိသည်သာလျှင်ကတည်း။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍ ထိုမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံဖြစ်သော နိရောဓသစ္စာ အသင်္ခတခေါတ်နိဗ္ဗာန်၌ ပထဝီစသော ခေါတ်လေးပါးတို့ စင်စစ် မရှိကြောင်းကို ထင်ရှားသိကြလေ။

ဤပါဠိတော်ဖြင့်သာ ၎င်းနိဗ္ဗာန်၌ ခေါတ်လေးပါးမရှိသည်ကို သိရသည် မဟုတ်သေး၊ ၎င်းပါဠိတော်ကို ဖွင့်သော ဥဒါန်းအဋ္ဌကထာ စာမျက်နှာ (၃၅၃)၌—

ယတ္ထ ယသ္မိံ နိဗ္ဗာနေ။လ။ နေဝ ကက္ခဠလက္ခဏာ ပထဝီဓာတု အတ္ထိ၊ န ပဂ္ဃရဏလက္ခဏာ အာပေါဓာတု၊ န ဉဏှတ္တလက္ခဏာ တေဇောဓာတု၊ န ဝိတ္ထမ္ဘနလက္ခဏာ ဝါယောဓာတု အတ္ထိ။

ဟူ၍ မိန့်ဆိုအပ်လေသည်ကို ထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ယတ္ထ ယသ္မိံ နိဗ္ဗာနေ၊ အကြင်နိဗ္ဗာန်၌။လ။ ကက္ခဠလက္ခဏာ၊ ကြမ်းတမ်းခက်မာခြင်း သဘောလက္ခဏာရှိသော။ ပထဝီဓာတု၊ ပထဝီဓာတ်သည်။ နေဝ

အတ္ထိ၊ မရှိသာလျှင်ကတည်း။ ပဋ္ဌရဏလက္ခဏာ၊ ယိုစီးခြင်းလက္ခဏာရှိသော။ အာပေါဓာတု၊ အာပေါဓာတ်သည်။ န အတ္ထိ၊ မရှိသာလျှင်ကတည်း။ ဉဏှတ္တ-လက္ခဏာ၊ ပူသည်၏ အဖြစ်သာလျှင် မှတ်ကြောင်းရှိသော။ တေဇောဓာတု၊ တေဇောဓာတ်သည်။ န အတ္ထိ၊ မရှိသာလျှင်ကတည်း။ ဝိတ္ထမ္ဘနလက္ခဏာ၊ တွန်းကန်ထောက်ပံ့ ခိုင်ခံ့စေတတ်သော သဘောလက္ခဏာရှိသော။ ဝါယော-ဓာတု၊ ဝါယောဓာတ်သည်။ န အတ္ထိ၊ မရှိသာလျှင်ကတည်း။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ ၎င်းအသခ်တဓာတ် နိဗ္ဗာန် ပထဝီစသော ဓာတ်လေးပါးတို့ မရှိကြောင်းကို ထင်ရှားသိကြလေ။

**နိဗ္ဗာန်၌ ဥပါဒါရုပ်များ မရှိပုံ။** ။ထိုအသခ်တဓာတ်နိဗ္ဗာန်၌ ဓာတ်ကြီးလေးပါး မရှိလျှင် ၎င်းဓာတ်ကြီးလေးပါးကို မှီ၍ ဖြစ်သော အဆင်းအရောင်စသော ဥပါဒါရုပ်တို့သည်ကား အဘယ်မှာ ရှိတော့အံ့နည်း။ စင်စစ် မရှိလေတော့ပြီ။ ထိုသို့ မရှိကြောင်းကိုလည်း ၎င်းအဋ္ဌကထာ၌ပင်—

ဣတိ စတုမဟာဘူတဝစနေနေဝ သဗ္ဗဿာပိ ဥပါဒါရူပဿ အဘာ-ဝေါ ဝုတ္တော ဟောတိ။

ဟူ၍ မိန့်အပ်ပြီ။

မြန်မာပြန်ကား—

ဣတိ၊ ဤသို့။ စတုမဟာဘူဘဝစနေနေဝ၊ လေးပါးသော မဟာဘုတ်တို့ကို ဆိုခြင်းဖြင့်သာလျှင်။ သဗ္ဗဿာပိ၊ အလုံးစုံလည်းဖြစ်သော။ ဥပါဒါရူပဿ၊ ဥပါဒါရုပ်၏။ အဘာဝေါ၊ မရှိခြင်းကို။ ဝုတ္တော၊ ဆိုအပ်သည်။ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ အလုံးစုံသော ဥပါဒါရုပ်တို့လည်း မရှိကြောင်းကို ထင်ရှားသိကြလေ။

**နိဗ္ဗာန်သည် ရုပ်တို့၏တည်ရာမဟုတ်။** ။ထိုဆိုအပ်ပြီးသော ရုပ်တို့သည် သာလျှင် မရှိနိုင်သည်မဟုတ်သေး၊ ၎င်းရုပ်တို့၏ တည်ရာဌာနလည်း မဟုတ်သည်သာလျှင်ကတည်း။ မဟုတ်ကြောင်းကိုလည်း သဂါထာဝဂ္ဂသံယုတ်ပါဠိတော် သတ္တိဝဂ် စာမျက်နှာ(၁၅)၌—

ယတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။

ဟူ၍ ဟောတော်မူအပ်သည်။

ယတ္ထ ယသ္မိံ နိဗ္ဗာနေ၊ အကြင်အသခ်တဓာတ် ဖြစ်သောနိဗ္ဗာန်၌။အာပေါ စ၊ အာပေါဓာတ်သည်၎င်း။ ပထဝီ စ၊ ပထဝီဓာတ်သည်၎င်း။ တေဇော စ။

တေဇောဓာတ်သည်၎င်း။ ဝါယော စ၊ ဝါယောဓာတ်သည်၎င်း။ န ဂါဓတိ၊ မတည်နိုင်။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍၎င်း၊ ထိုမှတပါး **ဒီဃနိကာယ် သီလက္ခန် ပါဠိတော်ကေဝဋ္ဋသုတ်** စာမျက်နှာ (၂၁၃)၌လည်း—

ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတောပဘံ။
ဧတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။

ဧတ္ထ ဒီဃဉ္စ ရဿဉ္စ၊ အဏုံ ထူလံ သုဘာသုဘံ။
ဧတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။

ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်ကိုထောက်၍၎င်း သိလေဦး။

အနက်သိကြောင်း မြန်မာပြန်ကား—

ဝိညာဏံ-ဝိညာတဗ္ဗံ၊ ဂေါတြဘုဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် တို့ဖြင့်သာလျှင် သိအပ်ထသော။ အနိဒဿနံ၊ စက္ခုဝိညာဏ် စိတ်ဖြင့် မသိမမြင် အပ်သော သဘောလည်း ရှိထသော။ အနန္တံ၊ ဖြစ်မှု ပျက်မှုတည်းဟူသော အပိုင်းအခြားမှ ကင်းသည်၏အဖြစ်ကြောင့် မဖြစ်မပျက်သော သဘော အားဖြင့် အမြဲတည်နေထသော။

ဤကား တယိဒံ ဥပ္ပါဒဝယအန္တဝိရဟိတတ္တာ အနန္တံ နာမ ဟူ၍ ဖွင့်ဆိုအပ်သော မူလပဏ္ဏာသအဋ္ဌကထာ၏ အလိုတည်း။

**တနည်းကား**—**အနန္တံ**၊ဖြစ်မှုတည်းဟူသော အပိုင်းအခြား ပျက်မှုတည်းဟူသော အပိုင်းအခြား မရှိသည်ဖြစ်၍ မဖြစ်မပျက်သော သဘောလက္ခဏာအားဖြင့် တည်ရှိသော အသင်္ခတဓာတ်အား။ (ဝါ၊ ၏။) ဖောက်ပြန်ခြင်းတည်းဟူသော အပိုင်းအခြားလည်းမရှိထသော။

ဤကား ဥပ္ပါဒန္တော ဝါ ဝယန္တော ဝါ ဌိတဿ အညထတ္တန္တော ဝါ ဧတဿ နတ္ထီတိ အနန္တံ ဟူ၍ ဖွင့်ဆိုအပ်သော ဒီဃနိကာယ် အဋ္ဌကထာ၏ အလိုတည်း။

သဗ္ဗတော-သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ဝါ၊ အလုံးစုံသော။ ပဘံ၊ သုံးဆယ့်ရှစ်ပါးကုန်သော ကမ္မဋ္ဌာန်းတို့တွင် တပါးပါးကို အမှူးပြုသဖြင့် သက်ဝင်လိုသော ယောဂီပုဂ္ဂိုလ်တို့၏ သက်ရာကမ္မဋ္ဌာန်း တည်းဟူသော ဆိပ်လည်း ရှိထသော။

ဤကား အဋ္ဌတိံသာယ ကမ္မဋ္ဌာနေသု ယေန ယေန မုခေန နိဗ္ဗာနံ ဩတရိတုကာမာ ဟောန္တိ။ တံ တဒေဝ တိတ္ထံ။ နိဗ္ဗာနဿ အတိတ္ထံ

နာမ ကမ္မဋ္ဌာနံ နတ္ထိ ဟူ၍ ဖွင့်ဆိုအပ်သော မူလပဏ္ဏာသ, ဒီဃနိကာယ် အဋ္ဌကထာရှင်တို့၏ အလိုတော်တည်း။

သဗ္ဗတော-သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ပဘံ၊ မောဟ စသော အမိုက်မှောင် ဇာတိ ဇရာ မရဏ စသော အညစ်အကြေးတို့သည် တရံတဆစ်မျှ မသန်းနိုင်သည်၏ အဖြစ်ကြောင့် အလုံးစုံသော သင်္ခတတရား ပညတ်တရားတို့ထက် အထူးသဖြင့် သန့်ရှင်းစင်ကြယ်သော ဂုဏ်အားဖြင့် ထွန်းတောက်ခြင်းနှင့် ပြည့်စုံထသော။

ဤကား သဗ္ဗတော ပဘန္တိ သဗ္ဗသော ပဘာသမ္ပန္နံ။ နိဗ္ဗာနတော ဟိ အညော ဓမ္မော သပ္ပဘတရော ဝါ ဇောတိဝန္တတရော ဝါ ပရိသုဒ္ဓတရော ဝါ ပဏ္ဍရတရော ဝါ နတ္ထိ ဟူ၍ ဖွင့်ဆိုအပ်သော မူလပဏ္ဏာသ အဋ္ဌကထာရှင်၏ အဘော် လဒ္ဓဂုဏ်အရတည်း။

ယံ နိဗ္ဗာနံ၊ အကြင်အသင်္ခတဓာတ် နိဗ္ဗာန်သည်။(ထည့်)အတ္ထိ၊ ရှိ၏။ တတ္ထ တေသမ္ဗိ နိဗ္ဗာနေ၊ ထိုအသင်္ခတဓာတ် နိဗ္ဗာန်၌။ အာပေါ စ၊ အာပေါဓာတ်သည်၎င်း။ ပထဝီ စ၊ ပထဝီဓာတ်သည်၎င်း။ တေဇော စ၊ တေဇောဓာတ်သည်၎င်း။ ဝါယော စ၊ ဝါယောဓာတ်သည်၎င်း။န ဂါဓတိ၊မတည်နိုင်။ တတ္ထ တေသမ္ဗိ နိဗ္ဗာနေ၊ ထိုအသင်္ခတဓာတ်နိဗ္ဗာန်၌။ ဒီဃဉ္စ၊ အရှည်သဏ္ဌာန် သမုတ်အပ်သော အစုအပေါင်းမျှသာဖြစ်သော ရုပ်သည်၎င်း။ ရဿဉ္စ၊ အတိုသဏ္ဌာန် သမုတ်အပ်သော ဘူတရုပ် ဥပါဒါရုပ်တို့၏ အစုအပေါင်းမျှသာ ဖြစ်သော ရုပ်သည်၎င်း။ အဏုဉ္စ၊ အဏုမြူမျှလောက် အငယ်ဟု သမုတ်အပ်သော ဘူတရုပ် ဥပါဒါယရုပ်တို့၏ အစုအပေါင်းမျှသာ ဖြစ်သော ရုပ်သည်၎င်း။ ထူလဉ္စ၊ ကြီးသည်ဟု သမုတ်အပ်သော ဘူတရုပ် ဥပါဒါရုပ်တို့၏ အစုအပေါင်းမျှသာဖြစ်သော ရုပ်သည်၎င်း။ သုဘဉ္စ၊ အလွန်တောက်ထွန်းသော။ ဝါ၊ ကောင်းစွာတောက်ထွန်းသော ရုပ်သည်၎င်း။ ဝါ၊ တင့်တယ်သောရုပ်သည်၎င်း။ အသုဘဉ္စ၊ မတောက်ထွန်းသော ရုပ်သည်၎င်း။ ဝါ၊ မတင့်တယ်သော ရုပ်သည်၎င်း။ န ဂါဓတိ၊မတည်နိုင်။ တတ္ထ တေသမ္ဗိ နိဗ္ဗာနေ၊ ထိုအသင်္ခတဓာတ်နိဗ္ဗာန်၌။ နာမဉ္စ၊ အာရုံသို့ ညွတ်တတ်သော သဘောလက္ခဏာ ရှိနေသော နာမ်သည်၎င်း။ ရူပဉ္စ၊ ဖောက်ပြန်သော သဘော လက္ခဏာရှိသော ရုပ်သည်၎င်း။ အသေသံ၊ အကြွင်းမရှိ။ ဥပရုဇ္ဈတိ၊ ထိုနိဗ္ဗာန်ကို မဂ်ဖြင့်အာရုံပြု၍ ဖြစ်မှုမရှိဘဲ ကွယ်လေတော့၏။

ဥပရုဇ္ဈတိကို ။လ။ ၏ဟု အနက်ယောဇနာမှုသည် တတ္ထ နိဗ္ဗာနေ ဣဒံ နိဗ္ဗာနံ အာဂမ္မ သဗ္ဗမေတံ အာပေါတိအဒိနာ နယေန ဝုတ္တံ ဥပါဒိန္နကဓမ္မဇာတံ နိရုဇ္ဈတိ အပဝတ္တံ ဟောတိ။

ဟူ၍ ဒီဃနိကာယ်အဋ္ဌကထာ ဖွင့်ပြအပ်သည်နှင့်အညီ အနက်ယောဇနာလိုက်သည်။

**ပါဠိတော် အဓိပ္ပါယ် ရှင်းချက်။** ။ဤပြဆိုအပ်ပြီးသော ပါဠိတော် စကားရပ်တို့တွင် **ဧတ္ထ**။လ။ န ဂါဓတိ ဟူသောပါဌ်တို့ကိုထောက်၍ ထိုနိဗ္ဗာန်၌ ပထဝီစသော ဓာတ်ကြီးလေးပါးတို့၏ တည်ရာမဟုတ်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။

**ဒီဃဉ္စ ရဿဉ္စ** ဟူသော ပါဌ်တို့ဖြင့် အရှည်သဏ္ဌာန် အတိုသဏ္ဌာန်ထင်စေရန် စုပေါင်းနေသော ဘူတရုပ် ဥပါဒါရုပ်ကို ပြတော်မူအပ်သည်။

**ဧတ္ထ န ဂါဓတိ** ဟူသောပါဌ်တို့ဖြင့် ထိုဆိုအပ်ပြီးသော အရှည်အတိုသဏ္ဌာန်ထင်အပ်သော ရုပ်ဟူသမျှသည် ထိုနိဗ္ဗာန်၌ မတည်နိုင်သည်၏အဖြစ်ကို ပြတော်မူအပ်သည်။

**အဏုံထူလံ** ဟူသော ပါဌ်တို့ဖြင့် ငယ်သော သဏ္ဌာန် ကြီးသော သဏ္ဌာန်ထင်စေအပ်သော ဘူတရုပ် ဥပါဒါရုပ်ကို ပြတော်မူအပ်သည်။

**ဧတ္ထ န ဂါဓတိ** ဟူသော ပါဌ်တို့ဖြင့် ထိုရုပ်တို့သည်လည်း ထိုနိဗ္ဗာန်၌ မတည်နိုင်သည်၏အဖြစ်ကို ပြတော်မူအပ်သည်။

**သုဘံ**ဟူသောပါဌ်ဖြင့် အလွန်တောက်ပသော(ဝါ)တင့်တယ်သော **အရောင်**အဆင်းနှင့်တကွဖြစ်သော ဘူတရုပ် ဥပါဒါရုပ်ကို ပြတော်မူအပ်သည်။

**အသုဘံ**ဟူသောပါဌ်ဖြင့် မတင့်တယ်သော အရောင်အဆင်းနှင့် တကွဖြစ်သော ဘူတရုပ် ဥပါဒါရုပ်ကို ပြတော်မူအပ်သည်။

**ဧတ္ထ န ဂါဓတိ**ဟူသော ပါဌ်တို့ဖြင့် ထိုရုပ်သည်လည်း ထိုနိဗ္ဗာန်၌ မတည်နိုင်သည်၏အဖြစ်ကို ပြအပ်သည်။

ထို့ကြောင် ထိုနိဗ္ဗာန်သည် အလုံးစုံသောရုပ်တို့၏ တည်ရာမဟုတ်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။ ထိုအလုံးစုံကုန်သော ရုပ်တို့သည် ထိုနိဗ္ဗာန်၌မရှိသည်၏ အဖြစ်ကို ထင်ရှားသိကြလျှင်လည်း ပြိုးပြိုးပြက်ပြက် လက်လက်ပြောင်ပြောင် စသော အဆင်းအရောင်သည် ထိုနိဗ္ဗာန်၌ရှိ၏ဟု အဘယ်မှာ သိနိုင်ကုန်လတ္တံ့နည်း။ စင်စစ် မသိနိုင်ကုန်သည်သာလျှင်ကတည်း။ အဘယ်ကြောင့် မသိနိုင်ကုန်သနည်းဟူမူ၊ ၎င်းပြိုးပြိုး ပြက်ပြက် လက်လက် ပြောင်ပြောင်စသော အဆင်းအရောင်တို့သည် စင်စစ် ရူပါရုံသာလျှင်ကတည်း။ ထို့ကြောင့် ဘုရားရှင်သည် ဓမ္မသင်္ဂဏီပါဠိတော် ရူပကဏ္ဍ စာမျက်နှာ (၁၆၃)၌—

ကတမံ တံ ရူပံ ရူပါယတနံ။ ယံ ရူပံ စတုန္နံ မဟာဘူတာနံ ဥပါဒါယ ဝဏ္ဏနိဘာ သနိဒဿနံ သပ္ပဋိဃံ။

နီလံ ပီတကံ လောဟိတကံ ဩဒါတံ ကာဠကံ မဉ္ဇိဋ္ဌကံ ဟရိဝဏ္ဏံ။လ။ ဆာယာ အာတပေါ အာလောကော အန္ဓကာရော အဗ္ဘာ မဟိကာ ဓူမော ရဇော။

စန္ဒမဏ္ဍလဿ ဝဏ္ဏနိဘာ သူရိယမဏ္ဍလဿ ဝဏ္ဏနိဘာ တာရကရူပါနံ ဝဏ္ဏနိဘာ အာဒါသမဏ္ဍလဿ ဝဏ္ဏနိဘာ မဏိသင်္ခမုတ္တဝေဠုရိယဿ ဝဏ္ဏနိဘာ ဇာတရူပရဇတဿ ဝဏ္ဏနိဘာ။

ယံ ဝါ ပနညမ္ပိ အတ္ထိ ရူပံ စတုန္နံ မဟာဘူတာနံ ဥပါဒါယ ဝဏ္ဏနိဘာ သနိဒဿနံ သပ္ပဋိဃံ။လ။ ဣဒံ တံ ရူပံ ရူပါယတနံ။

ဟူ၍ ဟောတော်မူအပ်သည်။ ထိုနည်းအတူ အဘိဓမ္မာဝိဘင်းပါဠိတော်၌လည်း ဟောတော်မူသည်ကို ထောက်၍သိလေ။

အနက်သိကြောင်း မြန်မာပြန်ကား—

ရူပါယတနံ၊ ရူပါရုံကို အာရုံပြု၍ဖြစ်ကုန်သော စိတ်စေတသိက်တရားတို့ကို ချဲ့တတ်သောကြောင့် ရူပါယတနဟု အမည်ရသော။ တံ ရူပံ၊ ထိုရုပ်သည်။ ကတမံ၊ အဘယ်သို့သဘောရှိသည်။ ဟောတိ၊ ဖြစ်သနည်း။ ယံ ရူပံ၊ အကြင်ရုပ်သည်။ စတုန္နံ၊ လေးပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်တို့ကို။ ဥပါဒါယ၊ စွဲ၍။ ဝဏ္ဏနိဘာ၊ အဆင်းသာလျှင် ဖြစ်သော စက္ခုဝိညာဏ်အား ထင်ရှားသော အရောင်သည်။ ဟောတိ၊ ဖြစ်၏။ သနိဒဿနံ၊ မြင်အပ်သော သဘောနှင့်တကွဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ သပ္ပဋိဃံ၊ ထိခိုက်ခြင်းနှင့်တကွ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။

နီလံ၊ အောက်မဲညိုပွင့် အဆင်းနှင့်တူသော ညိုသောအဆင်းသည်။ ဟောတိ၊ ဖြစ်၏။ ပီတကံ၊ မဟာလှေကားပွင့် အဆင်းနှင့်တူသော ရွှေသောအဆင်းသည်။ ဟောတိ၊ ဖြစ်၏။ လောဟိတကံ၊ မိုးဃးစွေပွင့် အဆင်းနှင့်တူသော နီသော အဆင်းသည်။ ဟောတိ၊ ဖြစ်၏။ ဩဒါတံ၊ သောက်ရှူးကြယ် အဆင်းနှင့်တူသော ဖြူသော အဆင်းသည်။ ဟောတိ၊ ၏။ ကာဠကံ၊ မီးသွေးနှင့်တူသော မည်းသော အဆင်းသည်။လ။ မဉ္ဇိဋ္ဌကံ၊ စဉ်းငယ်နီသော ရေအုပ်နွဲပွင့် ခတက်ပွင့်အဆင်းနှင့်တူသော မောင်းသော အဆင်းသည်။လ။ ဟရိ၊ ရွှေသောအဆင်းသည်။လ။ ဟရိဝဏ္ဏံ၊ စိမ်းသောအဆင်းသည်။ ဟောတိ၊ ဖြစ်၏။လ။ ဆာယာ၊ အရိပ်သည်။ အာတပေါ၊ နေပူသည်။ အာလောကော၊ အလင်းသည်။ အန္ဓ-

ကာရော၊ အမိုက်သည်။ အဗ္ဗာ၊ တိမ်သည်။ မဟိကာ၊ ဆီးနှင်းသည်။ ဓူမော၊ အခိုးသည်။ ရဇော၊ မြူသည်။

စန္ဒမဏ္ဍလဿ၊ လဝန်း၏။ ဝဏ္ဏနိဘာ၊ အဆင်းသာလျှင်ဖြစ်သော စက္ခုဝိညာဏ်အား ထင်ရှားသော အရောင်သည်။ သူရိယမဏ္ဍလဿ၊ နေဝန်း၏။ ဝဏ္ဏနိဘာ၊ အဆင်းသာလျှင် ဖြစ်သော စက္ခုဝိညာဏ်အား ထင်ရှားသော အရောင်သည်။ တာရကရူပါနံ၊ ကြယ်အပေါင်းတို့၏။ ဝဏ္ဏနိဘာ၊ အဆင်းသာလျှင် ဖြစ်သော စက္ခုဝိညာဏ်အား ထင်ရှားသော အရောင်သည်။ အာဒါသမဏ္ဍလဿ၊ ကြေးမုံဝန်း၏။ ဝါ၊ မှန်၏။ ဝဏ္ဏနိဘာ၊ အဆင်းသာလျှင်ဖြစ်သော စက္ခုဝိညာဏ်အား ထင်ရှားသောအရောင်သည်။ မဏိသင်္ခမုတ္တဝေဠုရိယဿ၊ ပတ္တမြား ခရုသင်း ပုလဲ ကြောင်မျက်ရွဲ၏။ ဝဏ္ဏနိဘာ၊ အဆင်းသာလျှင်ဖြစ်သော စက္ခုဝိညာဏ်အား ထင်ရှားသော အရောင်သည်။ ဇာတရူပရဇတဿ၊ ရွှေ ငွေ၏။ ဝဏ္ဏနိဘာ၊ အဆင်းသာလျှင်ဖြစ်သော စက္ခုဝိညာဏ်အား ထင်ရှားသော အရောင်သည်။ ဟောတိ၊ ဖြစ်၏။

အညမ္ပိ၊ ဆိုအပ်ပြီးသည်မှတပါးလည်းဖြစ်သော။ စတုန္နံ၊ လေးပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်တို့ကို။ ဥပါဒါယ၊ စွဲ၍။ ဝဏ္ဏနိဘာ၊ အဆင်းသာလျှင် ဖြစ်သော စက္ခုဝိညာဏ်အား ထင်ရှားသော အရောင်ဟု ဆိုအပ်သော။ သနိဒဿနံ၊ မြင်အပ်သောသဘောနှင့်တကွဖြစ်သော။ သပ္ပဋိဃံ၊ ထိခိုက်ခြင်းနှင့် တကွဖြစ်သော။ ယံ ဝါ ပန ရူပံ၊ အကြင်သို့သဘောရှိသော ပါဠိတော်၌ လာသော အဆင်းအရောင်မှတပါးသော ကြွင်းသောအဆင်းအရောင်သည်။ အတ္ထိ၊ ရှိ၏။ပ။ ဣဒံ ရူပံ၊ ဤသို့သဘောရှိသော အဆင်းသာလျှင်ဖြစ်သောရုပ်သည်။ ရူပါယတနံ၊ ရူပါယတနမည်၏။

ဤသို့ဟောတော်မူအပ်သော ပါဠိတော်ကိုထောက်၍ အလုံးစုံသော ပြိုးပြိုး ပြက်ပြက် လက်လက်ပြောင်ပြောင် အစရှိသောအဆင်းသည် စင်စစ် ရူပါရုံဖြစ်ကြောင်းကို ထင်ရှားသိကြလေ။ ဤပြဆိုအပ်ပြီးသော ရူပါရုံအဆင်း သဘောတခုကိုသာလျှင် ပရမတ္ထတရား လေးပါးတို့တွင် အသီးထုတ်၍ တောက်ပသော အရောင်အဆင်းဟူ၍ ဟောတော်မူအပ်လေသည်။ ထိုမှကြွင်းသော ပရမတ် တရားတို့ကို တောက်ပသော အရောင်အဆင်းဟူ၍ ဟောတော် မမူအပ်ကုန်။ ထို့ကြောင့် တောက်ပသောအရောင်အဆင်းဟူသမျှသည် စင်စစ် မုချ ဝဏ္ဏနိဘာ ဟု ဟောတော်မူအပ်သော အဆင်းပရမတ် ဟူ၍သာလျှင် မှတ်ယူကြလေ။

**အဆင်းပရမတ်နှင့် အကြောင်း ၄-ပါး။** ။ထိုအဆင်း ပရမတ်သည် ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးကြောင့်လည်းဖြစ်၏၊ အတိတ်အနာဂတ်ပစ္စုပ္ပန်လည်း

ဖြစ်၏။ ထိုသို့ဖြစ်ကြောင်းကိုလည်း အဋ္ဌသာလိနီ အဋ္ဌကထာရှင်သည် စိတ္တုပ္ပါဒ-ကဏ္ဍ ကာမာဝစရကုသလပဒဘာဇနီ စာမျက်နှာ(၁၁၃)၌—

တတ္ထ စတုသမုဋ္ဌာနံ အတီတာနာဂတပစ္စုပ္ပန္နံ ရူပမေဝ ရူပါရမ္မဏံ။

ဟူ၍ ပြဆိုတော်မူအပ်သည်။

အနက်သိကြောင်း မြန်မာပြန်ကား—

တတ္ထ တေသု ရူပါရမ္မဏာဒီသု၊ ထိုရူပါရုံအစရှိသည်တို့တွင်။ စတုသမုဋ္ဌာနံ၊ ကံ စိတ် ဥတု အာဟာရ ဟု ဆိုအပ်သော လေးပါးသော အကြောင်းကြောင့် ဖြစ်သော။ အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ်အနာဂတ် ပစ္စုပ္ပန် ဖြစ်သော။ ရူပမေဝ၊ ပရမတ္ထ သဘောဖြစ်သော အဆင်းဟု ဆိုအပ်သော ရူပါယတနသည်သာလျှင်။ ရူပါရမ္မဏံ၊ ရူပါရုံမည်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ ၎င်းအရောင်အဆင်း တည်းဟူသော ပရမတ္ထသဘောရူပါရုံသည် စင်စစ် ကံ စိတ် ဥတု အာဟာရ ဟူသော အကြောင်းတရား လေးပါးကြောင့် ဖြစ်သည်၏အဖြစ်၊ အတိတ် အနာဂတ် ပစ္စုပ္ပန် တည်းဟူသော ကာလသုံးပါး၌လည်း ဖြစ်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။

ရူပါရုံ၏ ထင်ရာ ဒွါရ။ ။ထိုရူပါရုံ ဟူသော အရောင်အဆင်းသည် စက္ခုဒွါရ၌လည်း ထင်တတ်၏၊ မနောဒွါရ၌လည်း ထင်တတ်၏၊ ဤသို့လျှင် ဒွါရနှစ်ပါးတို့၌ ထင်တတ်လေသည်၊ ထိုသို့ထင်တတ်သည်၏အဖြစ်ကို ထင်ရှားသိစေလိုသော ၎င်းအဋ္ဌသာလိနီအဋ္ဌကထာရှင်သည် ၎င်းစိတ္တုပ္ပါဒကဏ္ဍ အဖွင့် စာမျက်နှာ(၁၁၄)၌—

တတ္ထ ဧကေကံ အာရမ္မဏံ ဒွီသု ဒွီသု ဒွါရေသု အာပါထမာဂစ္ဆတိ။ ရူပါရမ္မဏဉှိ စက္ခုပသာဒံ ဃဋ္ဋေတွာ တင်္ခဏညေဝ မနောဒွါရေ အာပါ-ထမာဂစ္ဆတိ။ ဘဝင်္ဂစလနဿ ပစ္စယော ဟောတီတိ အတ္ထော။

ဟူ၍ မိန့်အပ်ပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

တတ္ထ တေသု ရူပါရမ္မဏာဒီသု၊ ထိုရူပါရုံ အစရှိသည်တို့တွင်။ ဧကေကံ၊ တခုတခုသော။ အာရမ္မဏံ၊ အာရုံသည်။ ဒွီသု ဒွီသု၊ နှစ်ပါးနှစ်ပါးကုန်သော။ ဒွါရေသု၊ ဝီထိစိတ်တို့၏ ဖြစ်ကြောင်းဖြစ်သော ဒွါရတို့၌။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။ ဟိ၊ ထိုစကားကို ချဲ့ဦးအံ့။ ရူပါရမ္မဏံ၊ ရူပါရုံ တည်းဟူသော အရောင်အဆင်းသည်။ စက္ခုပသာဒံ၊ မျက်စိအကြည်ကို။ ဃဋ္ဋေတွာ၊ ထိခိုက်၍။ ဝါ၊ ဃဋ္ဋေတွာ ပဋိမုခဘာဝါပါထံ ဂန္တွာ၊ ရှေ့ရှုတော်တည့်သည်၏ အဖြစ်

တည်းဟူသော ထင်ခြင်းသို့ ရောက်၍။ တခ်ဏဉော၀၊ ထိုခဏ၌သာလျှင်။ မနောဒွါရေ၊ ဘ၀င်ဟုဆိုအပ်သော မနောဒွါရ၌။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။ ဘ၀င် စလနသ်၊ ဘ၀င်လှုပ်ခြင်း၏။ ပစ္စယော၊အကြောင်း သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ လိုအပ်သော အနက်တည်း။။

**သုဒ္ဓမနောဒွါရ၌ ရူပါရုံထင်ပုံ။** ။ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ ၎င်းရူပါရုံသည် စက္ခုဒွါရမနောဒွါရနှစ်ပါး၌ထင်သည်၏ အဖြစ်ကို ထင်ရှားသိကြလေ။ ထိုရူပါရုံဟုဆိုအပ်သော အရောင်အဆင်းသည် စက္ခုပသာဒအား ထင်ခြင်းသို့ ရောက်မှသာလျှင် မနောဒွါရအား ထင်ခြင်းသို့ ရောက်သည် မဟုတ်သေး၊ စက္ခုပသာဒကိုလွှတ်၍လည်း မနောဒွါရ သက်သက် ၌လည်း ထင်ခြင်းသို့ ရောက်သေးသည်သာလျှင်တည်း။ ထိုသို့ရောက်သည်၏ အဖြစ်ကို ထင်ရှားသိစေလိုသော ၎င်းအဋ္ဌကထာရှင်သည် ၎င်းကဏ္ဍ စာမျက်နှာ (၁၁၄)၌—

> သုဒ္ဓမနောဒွါရေ ပန ပသာဒဃဋ္ဋနကိစ္စံ နတ္ထိ၊ ပကတိယာ ဒိဋ္ဌ-သုတဃာယိတသာယိတဖုဋ္ဌ၀သေနေ၀ တောနိ အာရမ္မဏာနိ အာပါ-ထမာဂစ္ဆန္တိ။

ဟူ၍ မိန့်ဆိုအပ်လေသည်။

အနက်သိကြောင်း မြန်မာပြန်ကား—

ပန၊ ပဥ္စဒွါရမှတပါး သုဒ္ဓမနောဒွါရကို ဆိုဦးအံ့။ သုဒ္ဓမနောဒွါရေ၊ သက်သက်သော မနောဒွါရ၌။ ပသာဒဃဋ္ဋနကိစ္စံ၊ စက္ခုစသော ပသာဒကို ထိခိုက်ခြင်း ကိစ္စသည်။ နတ္ထိ၊ မရှိ။ ပကတိယာ၊ ပြကတေ့အားဖြင့်။ ဒိဋ္ဌသုတ-ဃာယိတသာယိတဖုဋ္ဌ၀သေနေ၀၊ မြင်အပ်ဘူးသော အာရုံ ကြားအပ်ဘူးသော အာရုံ နမ်းအပ်ဘူးသော အာရုံ လျက်အပ်ဘူးသော အာရုံ တွေ့ထိအပ်ဘူးသော အာရုံ၏အစွမ်းဖြင့်သာလျှင်။ တောနိ၊ ထိုဆိုအပ်ကုန်ပြီးသော။ အာရမ္မဏာနိ၊ အာရုံတို့သည်။ မနောဒွါရေ၊ မနောဒွါရ၌။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ၎င်း ရူပါရုံအဆင်း ပရမတ်သည် စက္ခုပသာဒကို လွှတ်၍လည်း မနောဒွါရ၌ ထင်ခြင်းသို့ ရောက်သည်၏ အဖြစ်ကို ထင်ရှား သိကြလေကုန်။ ထိုသို့ ထင်ခြင်းသို့ ရောက်ပုံ၏ သာဓက သက်သေကို ၎င်းအဋ္ဌကထာ စာမျက်နှာ (၁၁၄) ၌ ယူလေ။ ထိုဆိုအပ်ပြီးသော ပရမတ္ထ ရူပါရုံကိုကြည့်၍ ကျန်သော ပရမတ္ထတရားတို့သည် စင်စစ် အဆင်းအရောင် မဟုတ်ကုန်ဟု မှတ်ကြလေ။

**ဘုရားရှင်၏ ရှုပါရုံ စကြဝဠာအနန္တ၌ ဖြစ်ပုံ။** ။ထို အရောင် အဆင်း ပရမတ်သည်သာလျှင်စကြဝဠာအနန္တ၌ ဖြစ်ရှိပေ၏။ ထိုဖြစ်ရှိသော အဆင်းအရောင် ပရမတ်ကို ၎င်း၏ သတ္တိရှိသလောက် အချင်းချင်း နီးစပ်သော သူတို့သည်လည်း စင်စစ် ရှုကြည့်၍ မြင်အပ်၏။ ဝေးသောအရပ်၌ရှိသောသူတို့သည်လည်း မြင်အပ်သည်သာတည်း။

မြင်ပုံမှာ ဘုရားရှင်တို့၏ နီလ, ပီတ, လောဟိတ, ဩဒါတ, မဉ္ဇိဋ္ဌ, ပဘဿရ ဟု ဆိုအပ်သော ရောင်ခြည်တော်ခြောက်သွယ်တည်းဟူသော အရောင်တော်တို့သည် ဘုရားရှင်တို့၏ စိတ်ဆန္ဒတော်အတိုင်း စေလွှတ်သောအခါ ထိုထိုသို့သော စကြဝဠာတိုက်တို့သို့ရောက်၍ အလုံးစုံသောသူတို့သည် ထိုအရောင်အဆင်းကို မြင်ကြရလေသည်သာတည်း။

**မင်္ဂလမြတ်စွာဘုရား၏ ရောင်ခြည်တော်။** ။ထိုသို့ မြင်အပ်ကြောင်းကို မင်္ဂလ ဘုရားရှင်၏ အရောင်တော်ကို ထောက်၍ သိအပ်၏၊ သိအပ်ကြောင်းကိုလည်း ၎င်း အဋ္ဌသာလိနီ အဋ္ဌကထာ နိဒါနကဏ္ဍ စာမျက်နှာ (၅၇) ၌—

ယထာ ပန အညေသံ ဗုဒ္ဓါနံ သမန္တာ အသီတိဟတ္ထပ္ပမာဏာယေဝ သရီရပ္ပဘာ ဟောတိ။ န ဧဝံ တထာ၊ တဿ ပန ဘဂဝတော သရီရပ္ပဘာ နိစ္စကာလံ ဒသသဟဿိလောကဓာတုံ ဖရိတွာ အဋ္ဌာသိ၊ ရုက္ခပ္ပထဝိပဗ္ဗတသမုဒ္ဒါဒယော အန္တမသော ဥက္ခလိယာဒီနိ ဥပါဒါယ သုဝဏ္ဏဝဋ္ဋပရိယောနဒ္ဓါ ဝိယ အဟေသုံ။

အာယုပ္ပမာဏံ ပနဿ နဝုတိဝဿသဟဿာနိ အဟောသိ၊ တ္တကံ ကာလံ စန္ဒိမသူရိယာဒယော အတ္တနော အတ္တနော ပဘာယ ဝိရောစိတုံ နာသက္ခိံသု။ ရတ္တိဒိဝပ္ပရိစ္ဆေဒေါ န ပညာယိတ္ထ။ ဒိဝါ သူရိယာလောကေန ဝိယ သတ္တာ နိစ္စံ ဗုဒ္ဓါလောကေနေဝ ဝိစရိံသု။

သာယံ ပုပ္ဖိတာနံ ကုသုမာနံ ပါတော ရဝနကသကုဏာနဉ္စ ဝသေန လောကော ရတ္တိဒိဝပ္ပရိစ္ဆေဒံ သလ္လက္ခေသိ။

ကိံ ပန အညေသံ ဗုဒ္ဓါနံ အယမာနုဘာဝေါ နတ္ထီတိ။ နော နတ္ထိ၊ တေဟိပိ အာကင်္ခမာနာ ဒသသဟဿိံ ဝါ လောကဓာတုံ။ တတော ဝါ ဘိယျော အာဘာယ ဖရေယျုံ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ပန၊ ထိုစကားကို ဆက်၍ ဆိုဦးအံ့။ အညေသံ၊ မင်္ဂလဘုရားမှ တပါး ကုန်သော။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သရီရပ္ပဘာ၊ ကိုယ်တော်ရောင်သည်။ သမန္တာ၊ ထက်ဝန်းကျင်မှ။ အသီတိဟတ္ထပ္ပမာဏာယေဝ၊ အတောင် ရှစ်ဆယ် ပမာဏ ရှိကုန်သည်သာလျှင်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ တဿ၊ ထိုမင်္ဂလဘုရား၏။ သရီရပ္ပဘာ၊ ကိုယ်တော်ရောင်သည်။ သမန္တာ၊ ထက်ဝန်းကျင်မှ။ အသီတိဟတ္ထပ္ပမာဏာယေဝ၊ အတောင်ရှစ်ဆယ် ပမာဏ ရှိကုန်သည်သာလျှင်။ န ဟောတိ၊ ဖြစ်မှု မရှိပေ။ ပန၊ အထူးကို ဆိုဦးအံ့။ တဿ ဘဂဝတော၊ ထို မင်္ဂလမြတ်စွာဘုရား၏။ သရီရပ္ပဘာ၊ ကိုယ်တော်ရောင်သည်။ နိစ္စကာလံ၊ အမြဲမပြတ် ကာလပတ်လုံး။ ဒသသဟဿိလောကဓာတုံ၊ တသောင်းသော စကြဝဠာလောကဓာတ်ကို။ ဖရိတွာ၊ နှံ့၍။ အဋ္ဌာသိ၊ တည်၏။ ရုက္ခပ္ပထဝိပဗ္ဗတသမုဒ္ဒါဒယော၊ သစ်ပင်, မြေ, တောင်, သမုဒ္ဒရာ အစ ရှိသည်တို့သည်။ အန္တမသော၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ ဥက္ခလိယာဒီနိ၊ ထမင်းအိုး အစရှိသည်တို့ကို။ ဉပါဒါယ၊ အစပြု၍။ သုဝဏ္ဏပဋ္ဋပရိယောနဒ္ဓါ ဝိယ၊ ရွှေပြားဖြင့် ရစ်ပတ်အပ်ကုန်သကဲ့သို့။ အဟေသုံ၊ ဖြစ်ကုန်ပြီ။

ပန၊ ထိုမှတပါး။ အဿ၊ ထိုမင်္ဂလမြတ်စွာဘုရား၏။ အာယုပ္ပမာဏံ၊ သက်တော် အတိုင်းအရှည်သည်။ နဝုတိဝဿသဟဿာနိ၊ အနှစ်ကိုးသောင်းတို့သည်။ အဟောသိ၊ ဖြစ်ပြီ။ တွေတ္တကံ ကာလံ၊ ဤမျှလောက်သော အနှစ် ကိုးသောင်း ကာလပတ်လုံး။ စန္ဒိမသူရိယာဒယော၊ လ, နေ စသည်တို့သည်။ အတ္တနော အတ္တနော၊ မိမိမိမိ၏။ ပဘာယ၊ အရောင်ဖြင့်။ ဝိရောစိတုံ၊ ထွန်းလင်းခြင်းငှါ။ နာသက္ခိံသု၊ မတတ်နိုင်ကုန်။ ရတ္တိဒိဝပ္ပရိစ္ဆေဒေါ၊ ညဉ့်အပိုင်းအခြား နေ့အပိုင်းအခြားသည်။ န ပညာယိတ္ထ၊ မထင်။ သတ္တာ၊ သတ္တဝါတို့သည်။ ဒိဝါ၊ နေ့အခါ၌။ သူရိယာလောကေန၊ နေရောင်ဖြင့်။ ဝိစရိံသု ဝိယ၊ လှည့်လည် ကုန်၏သို့။ နိစ္စံ၊ အမြဲ။ ဗုဒ္ဓါလောကေနေဝ၊ ဘုရားရောင်ခြည်တော်ဖြင့်သာလျှင်။ ဝိစရိံသု၊ လှည့်လည်ကုန်၏။

သာယံ၊ နေဝင်ဆဲဆဲဖြစ်သော ညချမ်းအခါ၌။ ပုပ္ဖိတကုသုမာနဉ္စ၊ ပွင့်သော ပန်းတို့၏ငှင်း။ ပါတော၊ နံနက်စောစောအခါ၌။ ရဝနကသကုဏာဒီနဉ္စ၊ မြည်တွန်ခြင်းကိုပြုကုန်သောငှက်စသည်တို့၏ငှင်း။ ဝသေန၊ အစွမ်းဖြင့်။ လောကော၊ သတ္တလောကသည်။ ရတ္တိဒိဝပ္ပရိစ္ဆေဒံ၊ ညဉ့်အပိုင်းအခြား နေ့အပိုင်း အခြားကို။ သလ္လက္ခေသိ၊ မှတ်သားနိုင်၏။

အညေသံ၊ မင်္ဂလဘုရားမှတပါးကုန်သော။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့အား။ အယံ အာနုဘာဝေါ၊ ဤသို့သော တန်ခိုးအာနုဘော်သည်။ နတ္ထိ ကိံ ပန၊ မရှိသလော။

အနက်သိကြောင်း မြန်မာပြန်ကား—

ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ တော၊ ဤနိမိတ်ထင်ခြင်းသည်။ သညဇံ၊ ဘာဝနာစီးဖြန်းသော သညာဖြင့် မှတ်အပ်ကာမျှသာ ဖြစ်၏။ ဝါ၊ ဘာဝနာစီးဖြန်းသော သညာဖြင့် ကြံဆအပ်ကာမျှသာ ဖြစ်၏။ သညာနိဒါနံ၊ ဘာဝနာစီးဖြန်းသော သညာသာလျှင် အကြောင်း ရှိ၏။ သညာပ္ပဘဝံ၊ ဘာဝနာစီးဖြန်းသော သညာသည်သာလျှင် အမွန်ရှိ၏။ တသ္မာ သညာနာနတာယ၊ ထိုသို့ အမှတ်သညာ အထူးထူး၏ အဖြစ်ကြောင့်။ နာနတော၊ အထူးထူး အားဖြင့်။ ဥပဋ္ဌာတိ၊ ထင်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

**အာနာပါနနိမိတ်အရောင် သညဇ ဖြစ်ပုံ။** ။အဓိပ္ပါယ်ကား အာနာပါန ကမ္မဋ္ဌာန်းကိုစီးဖြန်းရာ၌ အချို့အား ကြယ်ရောင်, အချို့အား ကြယ်ဝန်း, အချို့အား လဝန်းသဏ္ဌာန်, အချို့အား နေဝန်းသဏ္ဌာန်, အချို့အား မီးခိုးရောင်သဏ္ဌာန် စသည်ဖြင့် အမျိုးမျိုး ထင်ကြရသည်မှာ တစုံတခုသော အကြောင်းကြောင့် ဖြစ်ပေါ်လာရသည် မဟုတ်။ စင်စစ်မှာ ဘာဝနာပွါးများသောသူတို့၏ အထူးထူးသော ဖောက်ပြန်၍ ကြံဆယူအပ်သော သညာကြောင့်သာလျှင် အထူးထူး အထွေထွေ ကြယ်ရောင် လရောင်စသည်ဖြင့် နိမိတ်ထင်ရလေသည်။ ထင်ရှားရှိသော ဝတ္ထု တစုံတခုမှ လာရောက် ထင်ရလေသည် မဟုတ်။ ထို့ကြောင့် ထိုနိမိတ်ထင်ရခြင်းသည် ဘာဝနာပွါးသောသူ၏ အမှတ်သညာသာလျှင် အကြောင်းရင်းဟု ဆိုတော်မူလေသည်။ ထိုဘာဝနာသညာကြောင့်ဖြစ်သော အရောင် အဝန်း သဏ္ဌာန် စသော နိမိတ်သည် စင်စစ် ပရမတ် မဟုတ်။ ထင်ရှားမရှိသော ပညတ်တရား သာလျှင် ဖြစ်၏။ ထိုသို့ဖြစ်ကြောင်းကို သိစေလိုသော သာရတ္ထဒီပနီဋီကာရှင် သည် သာရတ္ထ ဋီ၊ ၂၊ စာမျက်နှာ(၂၁၉) ၌—

ဘာဝနာသညာယ သဥ္ဇာနနမတ္တံ။ န ဟိ အသဘာဝဿ ကုတော-စိသမုဋ္ဌာနံ အတ္ထိ။

ဟူ၍ မိန့်အပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

တော၊ ဤထင်သော ပဋိဘာဂနိမိတ်သည်။ (ထည့်) ဘာဝနာသညာယ၊ ဘာဝနာစီးဖြန်းသော သညာဖြင့်။ သဥ္ဇာနနမတ္တံ၊ မှတ်ကာမျှသည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ ထိုစကားသည် မှန်၏။ အသဘာဝဿ၊ ပရမတ္ထအားဖြင့် ထင်ရှား မရှိသော ပညတ်တရား၏။ ကုတောစိသမုဋ္ဌာနံ၊ တစုံတခုသော အကြောင်း ကြောင့် ဖြစ်ပေါ်ခြင်းသည်။ န အတ္ထိ၊ မရှိ။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ဘာဝနာစီးဖြန်းသော သညာကြောင့်သာလျှင် မိမိ၏စိတ်၌ ထင်မြင်နေသမျှသော နိမိတ် အရောင်စသည်တို့သည် စင်စစ် ပရမတ္ထမှ ဖြစ်ပေါ်လာသော အရောင် မဟုတ်။ ထိုထိုသို့သော ယောဂီတို့၏ သညာကြောင့်သာလျှင် ထင်မြင်နေမှုဖြစ်ကြောင်းကို ထင်ရှား သိကြလေ။ ဤဋီကာဖြင့်သာ သိရသည်မဟုတ်သေး၊ ဝိမတိ ဋီ-၁ (၂၁၇) ၌လည်း—

သညဇန္တိ ဘာဝနာသညာယ ပရိကပ္ပိတံ၊ န ဥပ္ပါဒိတံ။ အဝိဇ္ဇမာနတ္တာ။

ဟု ဖွင့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

သညဇန္တိ၊ သညဇံ-ဟူသည်ကား။ ဘာဝနာသညာယ၊ ဘာဝနာ စီးဖြန်းသော သညာဖြင့်။ ပရိကပ္ပိတံ၊ ကြံဆအပ်၏။ န ဥပ္ပါဒိတံ၊ တစုံတခုသော အကြောင်းတရားသည် ဖြစ်မှု မရှိစေအပ်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ အဝိဇ္ဇမာနတ္တာ၊ ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်၏ အဖြစ်ကြောင့်တည်း။

**သညဇအရောင် ပညတ်ဖြစ်ခြင်း။** ။ဤသို့ပြဆိုအပ်သော ဋီကာရှင်၏ စကားကို ထောက်၍လည်း ၎င်းနိမိတ် အရောင်သည် တစုံတခုသော အကြောင်းတရားသည် ဖြစ်စေအပ်သောအရောင်မဟုတ်။ စင်စစ် ဘာဝနာသညာဖြင့် ကြံဆအပ်သော ပရမတ်အရောင်လိုလို ဘာဝနာစိတ်၌သာ ထင်နေသော ပညတ်တရားသာလျှင် ဖြစ်လေသည်၏ အဖြစ်ကို အဝိဇ္ဇမာနတ္တာဟူသော ဟိတ်ပါဌ်ဖြင့် ပြလေသည်။ ထို့ကြောင့် ၎င်းဘာဝနာသညာကြောင့်ထင်သော အရောင်သည် မုချ ပညတ်ဖြစ်ကြောင်းကို ထင်ရှားသိကြလေ။ ထိုသို့ ပညတ်အရောင်မှန်းကို ထင်ရှားသိကြလျှင်လည်း အဘယ်မှာ ၎င်းအရောင်မျိုးသည် နိဗ္ဗာန်ဓာတ်ကို အာရုံပြုရာ၌ ထင်နိုင်အံ့နည်း။ စင်စစ် မထင်လေရာ။ အဘယ်ကြောင့်ဆိုသော် ၎င်းနိဗ္ဗာန်သည် စင်စစ် ပရမတ္ထတရားသဘောဖြစ်သောကြောင့်တည်း။ ပရမတ္ထသဘောလက္ခဏာကို အာရုံပြုရာ၌ အခါခပ်သိမ်း ပရမတ္ထသဘောလက္ခဏာကိုသာလျှင် စင်စစ် သိလေတော့၏။ အရောင်အဆင်း မထင်လေရာဟု မှတ်ကြလေ။

**ဝိပဿနာပွါးသူ၌ အရောင်လင်းပုံ။** ။ဤအာနာပါနကမ္မဋ္ဌာန်းကိုစီးဖြန်းသော ပုဂ္ဂိုလ်တို့အား သာလျှင် ကြယ်ရောင် အလင်းစသည် ထင်သည် မဟုတ်သေး၊ ဝိပဿနာစီးဖြန်းသော ယောဂီပုဂ္ဂိုလ်တို့အားလည်း အရောင်အလင်း ထင်ရလေသည်သာတည်း။ ထိုသို့ ထင်အပ်

ကြောင်းကို ပြလိုတော်မူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိအဖွင့် စာမျက်နှာနံပါတ် (၂၆၉) ၌—

အနိစ္စတော မနသိကရောတော ဩဘာသော ဥပ္ပဇ္ဇတိ။

ဟူ၍ မိန့်အပ်ပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

အနိစ္စတော၊ ရုပ်နာမ်တရားတို့ကို မမြဲသောအားဖြင့်။ မနသိကရောတော၊ နှလုံးသွင်းခြင်းကိုပြုသော ယောဂီအား။ ဩဘာသော၊ ဝိပဿနာ၏ အာနုဘော်ကြောင့် ဖြစ်သော ပြိုးပြိုးပြက်ပြက် အရောင်အလင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာ စကားကိုထောက်၍ ဝိပဿနာရှုသော ပုဂ္ဂိုလ်အား အရောင်အလင်းဖြစ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေ။

ထိုဆိုအပ်ပြီးသော ပြိုးပြိုးပြက်ပြက် အရောင်အလင်းကို တွေ့မြင်ရသော အခါ ၎င်းဝိပဿနာရှုသော ယောဂီပုဂ္ဂိုလ်သည် ၎င်းပြိုးပြိုးပြက်ပြက် အရောင်အလင်းကိုသာလျှင် နိဗ္ဗာန်ဟူ၍၎င်း၊ မဂ်ဟူ၍၎င်း၊ ဖိုလ်ဟူ၍၎င်း နှလုံးသွင်းတတ်၏။ ထိုသို့ အလင်းကို နိဗ္ဗာန်မဂ်ဖိုလ်ဟူ၍ နှလုံးသွင်းသည်၏ အဖြစ်ကို ထင်ရှားပြတော်မူလိုသော ဋီကာရှင်သည် ဝိသုဒ္ဓိ ဋီ-၂ (၄၂၇-၄၂၈) ၌—

ဩဘာသံ အာဝဇ္ဇတိ "နိဗ္ဗာန"န္တိ ဝါ "မဂ္ဂေါ"တိ ဝါ "ဖလ" န္တိ ဝါ။ နိဗ္ဗာနန္တိ ဂဏှန္တော တတ္ထ ပဝတ္တဓမ္မေ မဂ္ဂဖလဘာဝေန ဂဏှာတိ။

ဟူ၍ မိန့်အပ်ပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ဩဘာသံ၊ ဝိပဿနာ၏ အာနုဘော်ကြောင့်ဖြစ်သော ပြိုးပြိုးပြက်သော အရောင်အလင်းကို။ နိဗ္ဗာနန္တိ ဝါ၊ နိဗ္ဗာန်ဟူ၍၎င်း။ မဂ္ဂေါတိ ဝါ၊ မဂ်ဟူ၍၎င်း။ ဖလန္တိ ဝါ၊ ဖိုလ်ဟူ၍၎င်း။ အာဝဇ္ဇတိ၊ ဆင်ခြင်၏။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ဂဏှန္တော၊ ယူသောပုဂ္ဂိုလ်သည်။ တတ္ထ၊ ထို ပြိုးပြိုးပြက်ပြက် အရောင်အလင်း၌။ ပဝတ္တဓမ္မေ၊ အာရုံပြု၍ဖြစ်ကုန်သော တရားတို့ကို။ မဂ္ဂဖလဘာဝေန၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ်၏ အဖြစ်ဖြင့်။ ဂဏှာတိ၊ ယူ၏။

**အရောင်အလင်းက ဝိပဿနာ ညစ်ညူးစေပုံ။** ။ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ ဝိပဿနာအာနုဘော်ကြောင့် ပြိုးပြိုးပြက်ပြက် ဖြစ်ပေါ်လာသော အရောင်အလင်းကိုပင် အချို့သော ယောဂါ

ဝစရ ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို မြင်ရပြီ၊ မဂ်ကိုရပြီ၊ ဖိုလ်ကိုရပြီဟု ထင်မှတ်နှလုံး သွင်းတတ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေ။

ထိုကဲ့သို့ ပြိုးပြိုးပြက်ပြက် ထင်လာသော အရောင်တို့သည် စင်စစ် အသခ်တ- ခတ် နိဗ္ဗာန်မဟုတ်၊ ထိုအသခ်ခတ် နိဗ္ဗာန်မဟုတ်သော ပြိုးပြိုးပြက်ပြက် အလင်းစသည်ထင်သော ဝိပဿနာ အာနုဘော်ကြောင့်ဖြစ်သော အရောင်ကို နိဗ္ဗာန် မဂ် ဖိုလ်ထင်နေသော ယောဂီပုဂ္ဂိုလ်တို့သည် စင်စစ် သစ္စာလေးပါးကို လည်း တပြိုင်နက် ထိုးထွင်း၍ သိသော လောကုတ္တရာ မဂ်ကိုလည်း မရနိုင်။ အသခ်တခတ် နိဗ္ဗာန်ကိုလည်း မသိမမြင်လေတော့ပြီ။ ထို ပြိုးပြိုးပြက်ပြက် အလင်းအကြည်စသော အရောင်တွေကိုသာလျှင် စင်စစ် သာယာမက်မော၍ နှလုံးသွင်းရင်းဖြစ်သော မူလ ကမ္မဋ္ဌာန်းကို စွန့်၍ နေလေ၏။ ထိုသို့ နေသည်၏ အဖြစ်ကို ထင်ရှား သိစေတော် မူလိုသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှင်သည် စာမျက်နှာ (၂၇၀)၌—

သော အတ္တနော မူလကမ္မဋ္ဌာနံ ဝိဿဇ္ဇေတွာ ဩဘာသမေဝ အဿာဒေန္တော နိသီဒတိ။

ဟူ၍ မိန့်ဆိုအပ်ပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

သော၊ ထို အရောင်အလင်းထင်သော ဝိပဿနာယောဂီ ပုဂ္ဂိုလ်သည်။ အတ္တနော၊ မိမိ၏။ မူလ ကမ္မဋ္ဌာနံ၊ နှလုံးသွင်းရင်းဖြစ်သော ကမ္မဋ္ဌာန်းကို။ ဝိဿဇ္ဇေတွာ၊ စွန့်လွှတ်ထား၍။ ဩဘာသမေဝ၊ မိမိထင်မြင်အပ်သော ပြိုးပြိုး ပြက်ပြက် လက်လက် ပြောင်ပြောင် စသော အရောင်အလင်းကို သာလျှင်။ အဿာဒေန္တော၊ သာယာလျက်။ နိသီဒတိ၊ နေ၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ အကြည် အလင်း အရောင် ထင်သော ယောဂီပုဂ္ဂိုလ်တို့သည် မိမိနှလုံးသွင်းရင်းဖြစ်သော ကမ္မဋ္ဌာန်းကို စွန့်လွှတ်၍ မိမိထင်မြင်အပ်သော အကြည် အလင်း အရောင်တို့ကိုသာလျှင် စင်စစ် သာယာ ၍ နေတတ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေ။ ထိုဆိုအပ်ပြီးသော အရောင် အလင်း ဖြစ်သည်ကို တွေ့မြင်ဘူး၍ ရဟန္တာဖြစ်ပြီဟု ထင်နေသော **မဟာ နာဂထေရ်**ကို **ဓမ္မဒိန္န** ရဟန္တာအရှင်မြတ်သည် ထိုမဟာနာဂထေရ်၏ ပုထုဇန် အဖြစ်ကို ထင်ရှားသိစေအောင်ပြုပြီးမှ ကမ္မဋ္ဌာန်းပေး၍ ရဟန္တာဖြစ်ဘူးလေ သော မဟာနာဂထေရ်၏ အတ္ထုပ္ပတ္တိကိုထောက်၍ သိကြလေ။

ရင်းအတ္ထုပ္ပတ္တိကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိကို ပြဆိုရာ**အခန်း** စာမျက်နှာ(၂၇၀)၌ ရှိလေ၏။ အလိုရှိကြ လျှင် ရှုကြည့်ကြလေ။

ဤပြဆိုအပ်ပြီးသော အဋ္ဌကထာ ဋီကာစကားရပ်တို့ကိုထောက်၍ ပြိုးပြိုး ပြက်ပြက်စသော အရောင် အကြည် အလင်းစသော အရောင်ဟူသမျှတို့သည် စင်စစ် အသင်္ခတဓာတ်နိဗ္ဗာန်၏ အရောင်မဟုတ်သည်၏ အဖြစ်ကိုရင်း၊ ထို အရောင် အလင်းတို့ကိုမြင်၍ စင်စစ် မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ မရောက်နိုင်သည်၏ အဖြစ်ကိုရင်း ထင်ရှားသိကြလေကုန်။

**နိဗ္ဗာန်ကို ပြိုးပြိုးပြက်ဟု ဟောရပုံ ရှင်းချက်။**

။ထိုဆိုအင်ပြီးသော အရောင်အလင်း အဆင်းတို့သည် အသင်္ခတဓာတ်၌ မရှိခဲ့ပါလျှင် ဘုရားရှင်သည် မူလပဏ္ဏာသပါဠိတော် ဗြဟ္မနိမန္တနိက သုတ်၌ရင်း၊ ဒီဃနိကာယ် ကေဝဋ္ဋသုတ်၌ရင်း၊ ဝိညာဏံ အနိဒဿနံစသည်ဖြင့် ဟောတော်မူရာဖြစ်သောသုတ်၌ နိဗ္ဗာန်ကို သဗ္ဗတော ပဘံဟူ၍ အဘယ်ကြောင့် ဟောတော်မူလေသနည်းဟု မေးငြားအံ့။ ရင်းအသင်္ခတဓာတ်နိဗ္ဗာန်၌ ပြိုးပြိုး ပြက်ပြက် လက်လက်ပြောင်ပြောင် အရောင်အဝါတွေနှင့် ဖြစ်နေသည်ကို ပြလို၍ ဟောသည်မဟုတ်။ စင်စစ် နိဗ္ဗာန်သဘော၌ မောဟစသော ကိလေသာတို့၏ အညစ်အကြေး၊ ဇာတိဇရာမရဏစသော အညစ်အကြေးတို့မှ စင်ကြယ်သန့်ရှင်း ဖြူစင်သော ဂုဏ်အာနုဘော်တို့ဖြင့် တောက်ပသည်ကိုပြလို၍ ဟောသောပုဒ် သာ ဖြစ်လေသည်ဟု ဖြေဆိုရာ၏။

အဘယ်ကြောင့် မောဟစသော ကိလေသာတို့၏ အညစ်အကြေး ဇာတိ ဇရာ မရဏစသော အညစ်အကြေးတို့မှ စင်ကြယ်သန့်ရှင်းဖြူစင်သောဂုဏ်ဖြင့် တောက်ပနေသည်၏အဖြစ်ကို ပြတော်မူလို၍ ဟောတော်မူကြောင်းကို သိရ လေသနည်းဟူမူ ရင်းပါဠိတော်ကို ဖွင့်ပြအပ်သော အဋ္ဌကထာစကားဖြင့်ပင် ကေန် သိရလေသည်။ သိရပုံကို ထင်စွာပြဦးအံ့။ ရင်းမူလပဏ္ဏာသအဋ္ဌကထာ ဒုတိယအုပ် စာမျက်နှာ (၃၁၀)၌—

> သဗ္ဗတော ပဘန္တိ သဗ္ဗသော ပဘာသမ္ပန္နံ။ နိဗ္ဗာနတော ဟိ အညော ဓမ္မော သပ္ပဘတရော ဝါ ဇောတိဝန္တတရော ဝါ ပရိသုဒ္ဓ-တရော ဝါ ပဏ္ဍရတရော ဝါ နတ္ထိ။

ဟူ၍ ဖွင့်ပြတော်မူလေသည်။

အနက်သိကြောင်း မြန်မာပြန်ကား- —

သဗ္ဗတော ပဘန္တိ၊ သဗ္ဗတော ပဘံဟူသည်ကား။ သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ပဘာသမ္ပန္နံ၊ မောဟစသော အမိုက်မှောင် ဇာတိ ဇရာ မရဏစသော အညစ်အကြေးတို့သည် တရံတဆစ်မျှ မသန်းနိုင်သည်၏ အဖြစ်ကြောင့် အလုံးစုံသော သင်္ခတတရား ပညတ်တရားတို့ထက် အထူးသဖြင့်

သန့်ရှင်းစင်ကြယ် ဖြူစင်သော ဂုဏ်အားဖြင့် ထွန်းတောက်ခြင်းနှင့် ပြည့်စုံထသော။ ဟိ၊ ထိုစကားသင့်စွ။ နိဗ္ဗာနတော၊ အသင်္ခတဓာတ်နိဗ္ဗာန်ထက်။ အညော၊ တပါးသော။ သပ္ပဘတရော ဝါ၊ တောက်ပသော ဂုဏ်ရှိသည်ထက် အထူးသဖြင့် တောက်ပသော ဂုဏ်ရှိသည်လည်းဖြစ်ထသော။ ဇောတိဝန္တ-တရော ဝါ၊ ထွန်းလင်းသော ဂုဏ်ရှိသည်ထက် အထူးသဖြင့် ထွန်းလင်းသော ဂုဏ်ရှိသည်လည်းဖြစ်ထသော။ ပရိသုဒ္ဓတရော ဝါ၊ စင်ကြယ်သော ဂုဏ်ရှိသည်ထက် အထူးသဖြင့် စင်ကြယ်သော ဂုဏ်လည်းရှိထသော။ ပဏ္ဍရတရော ဝါ၊ ဖြူစင်သော ဂုဏ်ရှိသည်ထက် အထူးသဖြင့် ဖြူစင်သော ဂုဏ်လည်းရှိထသော။ ဓမ္မော၊ သင်္ခတစသော တရားသည်။ နတ္ထိ၊ မရှိ။

(ဤကား အနက်သိကြောင်း မြန်မာပြန်တည်း။)

**အဋ္ဌကထာအာဘော် ဖော်ပုံ။** ။အရှင်အဋ္ဌကထာဆရာ **သဗ္ဗတော ပဘံ** ဟူ၍ ဟောတော်မူအပ်သော ပုဒ်တို့တွင် (ပဘံ) ဟူသောပုဒ်၏ အနက်ကို ဘယ်လိုသိရပါမည်နည်းဟု မေးဘွယ်ရှိသောကြောင့် **ပဘာသမ္ပန္နံ** ဟူ၍ ဖွင့်ပြပေသည်။ အရှင်အဋ္ဌကထာဆရာ ဆရာသည် **ပဘံ** ဟူသောပုဒ်ကို **ပဘာသမ္ပန္နံ**ဟု ဖွင့်ပြတော်မူအပ်ပြီ။ ထို**ပဘာသမ္ပန္နံ**ဟူသောပုဒ်၌ **ဘာဓာတ်**၏ အနက်ကို **ဝဏ္ဏနိဘာ**ဟူသော ပုဒ်၌လာသော ဘာဓာတ်ကဲ့သို့ **စက္ခုဝိညာဏဿ ပါကဋ္ဌာ** ဟူသောအနက်ကို ယူရအံ့လောဟု မေးဘွယ်ရှိသောကြောင့် **သပ္ပဘတရော ဝါ ဇောတိဝန္တတရော ဝါ** ဟူသောနှစ်ပုဒ်ကို မိန့်ဆိုတော်မူ၏။ ထိုနှစ်ပုဒ်၏ အရမှာ **ပဘာသမ္ပန္နံ**အရကို အထူးသဖြင့် ထွန်းတောက်ခြင်းနှင့် ပြည့်စုံသော **အ**နက်ကိုသာ ယူလေဟူလို။

အရှင်အဋ္ဌကထာဆရာ ဆရာသည် **ပဘာသမ္ပန္နံ**အရကို အထူးသဖြင့် ထွန်းတောက်ခြင်းနှင့် ပြည့်စုံသော အနက်ကိုသာလျှင် ယူလေဟု ဆရာဆိုပြီ။ ထို ထွန်းတောက်ခြင်းသည်လည်း ဂုဏ်ဖြင့် ထွန်းတောက်မှု၊ ပြိုးပြိုးပြက်သော အရောင်ဖြင့် ထွန်းတောက်မှုဟူ၍ နှစ်ပါးရှိပေ၏။ ထိုနှစ်ပါးတို့တွင် အဘယ်သို့ သဘောရှိသော ထွန်းတောက်မှုကို ယူအပ်ပါမည်နည်းဟု မေးဘွယ်ရှိသောကြောင့် **ပရိသုဒ္ဓတရော ဝါ ပဏ္ဍရတရော ဝါ** ဟူသော နှစ်ပုဒ်ကို ထပ်မံ၍ မိန့်ဆိုပြန်သတည်း။ ထိုနှစ်ပုဒ်အရမှာ **ပဘာသမ္ပန္နံ**အရကို အထူးသဖြင့် စင်ကြယ်သောဂုဏ် အထူးသဖြင့် ဖြူစင်သောဂုဏ်တို့ဖြင့် တောက်ပခြင်းနှင့် ပြည့်စုံမှုကို သာလျှင် ယူလေဟူလို။

ထို့ကြောင့် **ပဘာသမ္ပန္နံ**ကို အထူးသဖြင့် စင်ကြယ်သန့်ရှင်း ဖြူစင်သောဂုဏ်တို့ဖြင့် တောက်ပခြင်းနှင့် ပြည့်စုံမှုကိုသာလျှင် စင်စစ် ယူလည်း ယူထိုက်၏၊ ရှုလည်း ရှုထိုက်၏။ ထိုဆိုအပ်ပြီးသောဂုဏ်ဖြင့် တောက်ပခြင်းမှတပါး နိဗ္ဗာန်ကို

ပြိုးပြိုးပြက်ပြက် အရောင်အလင်းတွေဖြင့် မြင်မှုကို ယူလည်း မယူထိုက်၊ ရှုလည်း မရှုထိုက်ဟု မှတ်ကြလေ။ အကယ်၍ ထိုသို့ သဘောရှိသော အရောင်အဝါ၊ ပြိုးပြိုးပြက်ပြက် ထင်သောအရောင်တွေနှင့် ထင်မြင်မှုကို ယူကြလျှင် ဒီဃနိကာယ် သုတ်သီလက္ခန်ပါဠိတော် ကေဝဋ္ဋသုတ်(၂၁၃)၌——

ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတော ပဘံ။
ဧတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။
ဧတ္ထ။လ။ သုဘာသုဘံ။

ဟူ၍ ဟောတော်မူအပ်သော ဒေသနာပါဠိတို့တွင် (သုဘံ) ဟူသောပါဠိဖြင့် ထိုနိဗ္ဗာန်၌ ပြိုးပြိုးပြက်သော အရောင်မရှိသည်၏အဖြစ်ကို သိစေခြင်းငှါ ဟောတော်မူအပ်သော ဘုရားရှင်၏ စကားတော်နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်လေတော့၏ဟု မှတ်ကြလေ။

**မြတ်စွာဘုရား၏ ဟောရိုးအစဉ်အလာ။** ။ဘုရားတို့ မည်သည်လည်း စိတ် စေတသိက် ရုပ် နိဗ္ဗာန်ဟု ဆိုအပ်သော ပရမတ္ထတရား လေးပါးတို့တွင် ဝဏ္ဏတည်းဟူသော အဆင်းပရမတ်မှ တပါး ကျန်သော ပရမတ္ထတရားတို့ကို ပြိုးပြိုးပြောင်ပြောင် တောက်ပသော အရောင်အဆင်းဟူ၍ ဘယ်အခါမှ ဟောရိုးမရှိပေကုန်။ စင်စစ် ဟောရိုးမှာ ဂုဏ်အားဖြင့် တောက်ပသည်ကိုသာလျှင် ရည်၍ ဟောတော်မူကုန်၏။

**စိတ်ကိုပြိုးပြိုးပြက် အရောင်ဟု ဟောပုံ ရှင်းချက်။** ။ ထိုသို့ ဟောကြောင်းကို ထင်ရှား သိစေခြင်းငှါ သာဓက ထုတ်ပြဦးအံ့——

ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ။

ဟူ၍ အင်္ဂုတ္တိုရ်ပါဠိတော် ဧကနိပါတ် ပဏိဟိတအစ္ဆဝဂ် နဝမသုတ် စာမျက်နှာ ၉-၌ ဟောတော်မူသည်ကို ဆောက်၍ သိလေ။

အနက်သိကြောင်း မြန်မာပြန်ကား——

ဘိက္ခဝေ၊ တို့။ ဣဒံ စိတ္တံ၊ ဤသင်တို့၏ ခန္ဓာအစဉ်၌ဖြစ်သော ဘဝင်စိတ်သည်။ ပဘဿရံ၊ ညစ်ကြေးမတင် သန့်ရှင်းဖြူစင်သည်၏ အဖြစ်ကြောင့် ပြိုးပြိုးပြက်ပြက် ထွန်းတောက်သောအရောင် ရှိပေ၏။ တဉ္စ၊ ထိုဘဝင်စိတ်သည်လည်း။ အာဂန္တုကေဟိ၊ ဧည့်သည်သဘွယ် ဖြစ်ကုန်သော။ ဥပက္ကိလေသေဟိ၊ ညစ်ညူးကြောင်းဖြစ်သော ရာဂအစရှိသော ကိလေသာတို့ဖြင့်။ ဥပက္ကိလိဋ္ဌံ၊ ညစ်ညူး၏။

(ဤကား အနက်သိကြောင်း မြန်မာပြန်တည်း။)

ဤပြဆိုအပ်သောပါဠိတို့တွင် **ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ** ဟူသော ပါဠိတို့ဖြင့် အလုံးစုံသော သတ္တဝါဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ဖြစ်နေသော ကုသိုလ်ကံ အကုသိုလ်ကံ၏ အကျိုးဖြစ်သော ဝိပါက်ဟု ခေါ်ဆိုအပ်သော ပဋိသန္ဓေနေခ် စုတိကျသည်တိုင်အောင် အစဉ်ဖြစ်နေသော ဘဝင်စိတ်သည် ရာဂစသော အညစ်အကြေးတို့နှင့် မလိမ်းမကျံခြင်းကြောင့် ဖြူစင်သန့်ရှင်းသော ဂုဏ်ဖြင့် အခါခပ်သိမ်း ထွန်းတောက်သော အရောင်ရှိပေ၏ဟူ၍ ဟောတော်မူသည်။ ထိုသို့ ဟောတော်မူအပ်သော **ပဘဿရံ**ဟူသော စကားကို စင်စစ် စိတ်၌ ပြိုးပြိုးပြက်ပြက် လက်လက်ပြောင်ပြောင် အရောင်ရှိ၍ ဟောတော်မူသည် မဟုတ်။ စင်စစ် ရာဂစသော အညစ်အကြေး မရှိခြင်းကြောင့် ဖြူစင်သန့်ရှင်း သော ဂုဏ်ဖြင့် ထွန်းလင်းတောက်ပမှုကို ရည်၍သာ ဟောတော်မူလေသည်ဟု မှတ်။ ထို့ကြောင့် ၎င်းပါဠိတော်ကိုဖွင့်သော အင်္ဂုတ္တိုရ်အဋ္ဌကထာရှင်သည် ပ-တွဲ စာမျက်နှာ (၄၅)၌—

> **ပဘဿရန္တိ** ပဏ္ဍရံ ပရိသုဒ္ဓံ။ **စိတ္တန္တိ** ဘဝင်္ဂစိတ္တံ။ ကိံ ပန စိတ္တဿ ဝဏ္ဏော နာမ အတ္ထီတိ? နတ္ထိ။ နီလာဒီနဉှိ အညတရဝဏ္ဏံ ဝါ ဟောတု သေတဝဏ္ဏံ ဝါ ယံကိဉ္စိ ပရိသုဒ္ဓတာယ "ပဘဿရ"န္တိ ဝုစ္စတိ။ ဣဒမ္ပိ နိရုပက္ကိလေသတာယ ပရိသုဒ္ဓန္တိ ပဘဿရံ။

ဟူ၍ မိန့်အပ်ပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ပဘဿရန္တိ၊ ပဘဿရံဟူသည်ကား။ ပဏ္ဍရံ၊ ဖြူစင်ခြင်းရှိ၏။ ပရိသုဒ္ဓံ၊ စင်ကြယ်ခြင်းရှိ၏။ စိတ္တန္တိ၊ စိတ္တံ ဟူသည်ကား။ ဘဝင်္ဂစိတ္တံ၊ ဘဝင်စိတ်တည်း။ ကိံ၊ အသို့နည်း။ စိတ္တဿ၊ အာရုံကိုသိတတ်သော စိတ်အား။ ဝဏ္ဏော နာမ၊ အရောင် အဆင်းမည်သည်။ အတ္ထိ ပန၊ ရှိပါသလော။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ နတ္ထိ၊ မရှိ။ ဟိ သစ္စံ၊ ထိုစကားသည်မှန်၏။ ဝါ၊ ထိုစကားကို ထင်စွာပြဦးအံ့။ နီလာဒီနံ၊ အညိုအစရှိကုန်သော အဆင်းတို့တွင်။ အညတရဝဏ္ဏံ ဝါ၊ တပါးပါးသော အဆင်းသည်လည်း။ ဟောတု၊ ဖြစ်စေ။ သေတဝဏ္ဏံ ဝါ၊ ဖြူသည်မှုလည်း။ ဟောတု၊ ဖြစ်စေ။ ယံကိဉ္စိ၊ အမှတ်မရှိသော တစုံတခုသော ဝတ္ထုကို။ ပရိသုဒ္ဓတာယ၊ စင်ကြယ်သည်၏အဖြစ်ကြောင့်။ ပဘဿရန္တိ၊ ပဘဿရ ဟူ၍။ ဝါ၊ ထွန်းတောက်သော အရောင်ရှိသော ဝတ္ထုဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣဒမ္ပိ၊ ဤ ဘဝင်စိတ်သည်လည်း။ နိရုပက္ကိလေသတာယ၊ ညစ်ညူးကြောင်း ဖြစ်သော ကိလေသာမရှိသည်၏ အဖြစ်ကြောင့်။ ပရိသုဒ္ဓံ၊ စင်ကြယ်၏။ ဣတိ တသ္မာ၊ ထိုသို့ စင်ကြယ်သည်၏အဖြစ်ကြောင့်။ ပဘဿရန္တိ၊ ပဘဿရံ ဟူ၍။ ဝါ၊ ထွန်းတောက်သောအရောင် ရှိ၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**အဋ္ဌကထာဆရာ ရှင်းပြပုံ။** ။အဓိပ္ပါယ်မှာ ဘုရားရှင်သည် **ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ** ဟူ၍ ဟောတော်မူအပ်သောကြောင့် မသိမလိမ္မာသော သူတို့သည် စိတ်၌ လက်လက် ပြောင်ပြောင် အရောင်အဆင်းရှိ၍ သာလျှင် **ပဘဿရံ** ဟူ၍ ဟောလေသည်ဟု ဖောက်ပြန်သောအားဖြင့် နှလုံးသွင်းပြီးလျှင် စိတ်ကို အရောင် အဆင်းနှင့်တကွ ကြည့်ရှုမည်ကိုစိုး၍ **ကိံ ပန စိတ္တဿ ဝဏ္ဏော နာမ အတ္ထိတိ?** နတ္ထိ-ဟူ၍ ပြဆိုပြီးလျှင် စိတ်၌ အရောင်အဝါရှိသည်ဟု ဖောက်ပြန်၍ ရှုသောသူတို့၏အယူကို ပယ်တော်မူလေသည်။ ထိုသို့ ပယ်တော်မူပြီးမှ ဘုရားရှင်၏ အလိုတော်ကို ထုတ်ပြလိုသောကြောင့် **နီလာဒီ-နဥ္စ။လ။ပဘဿရံ** ဟူသောပါဌ်တို့ကို ဖွင့်ဆိုတော်မူလေသည်။ ထို ဖွင့်ဆိုတော်မူအပ်သောပါဌ်တို့၏ အဓိပ္ပါယ်မှာ စင်စစ် စိတ်၌ အရောင်အဆင်းရှိ၍ ထွန်းတောက်နေသည်ကို ဟောသည်မဟုတ်။ လောက၌ တစုံတခုသော အဆင်းဖြစ်စေ၊ တစုံတခုသော ရွှေ,ငွေ စသော ဝတ္ထုဖြစ်စေ၊ အညစ်အကြေးမတင် စင်စင်ကြယ်ကြယ်ရှိလျှင် ထိုအဆင်း ထိုဝတ္ထုကို အလွန် ထွန်းတောက်ခြင်းရှိသည်ဟူ၍ လောက၌ ခေါ်ဝေါ် ပြောဆိုအပ်သကဲ့သို့ ထို့အတူ ဘုရားရှင်သည်လည်း သတ္တဝါတို့သန္တာန်၌ ဖြစ်နေသောကံ၏ အကျိုးဖြစ်သော ဘဝင်ဝိပါက်စိတ်ကို ကိလေသာအညစ်အကြေးမရှိဘဲ စင်ကြယ်သော ဂုဏ်ကြောင့် သာလျှင် **ပဘဿရံ** ဟူ၍ ဟောတော်မူလေသည် ဟူလို။

ဤကား အဋ္ဌကထာရှင်၏ အလိုတော်အဓိပ္ပါယ်တည်း။ ဤပြဆိုအပ်သော ပါဠိတော် အဋ္ဌကထာတို့ကိုထောက်၍ စိတ်၌ အရောင်မရှိသော်လည်း စင်ကြယ်သော ဂုဏ်တို့ဖြင့် ထွန်းတောက်သည်ကို ရည်၍ **ပဘဿရံ** ဟူ၍ ဟောတော်မူအပ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေ။

**အခြားပါဠိတော်,အဋ္ဌကထာပြဆိုပုံများ။** ။ဤပါဠိတော် အဋ္ဌကထာဖြင့်သာလျှင် သိရသည် မဟုတ်သေး၊ ထိုထိုသို့သော ဝိနည်း သုတ္တန်ပါဠိတော်တို့၌ လာသော—

သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ။လ။ အာနေဉ္ဇပ္ပတ္တေ။

ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်တို့တွင်—

**ပရိယောဒါတေ** ဟူ၍ ဟောသည်ကို ထောက်၍ရင်း—

ပရိသုဒ္ဓတ္တာယေဝ ပရိယောဒါတေ၊ ပဘဿရေတိ ဝုတ္တံ ဟောတိ။

ဟူ၍ ပါရာဇိကဏ်အဋ္ဌကထာ ဝေရဉ္ဇကဏ္ဍ စာမျက်နှာ (၁၂၇)၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဣဒ္ဓိဝိဓအဘိညာဏ် အဖွင့်စာမျက်နှာ (၅) တို့၌ မိန့်ဆိုအပ်သည်ကို

ထောက်၍ရင်း စင်ကြယ်သော ဂုဏ်ကြောင့် စိတ်ကို ထွန်းတောက်သော အရောင်ရှိသည်ဟူ၍ ဆိုအပ်သည်ကို သိကြလေဦး။

အနက်သိကြောင်း မြန်မာပြန်ကား—

သော၊ ထိုစတုတ္ထစျာန်ကိုရပြီးသော ပုဂ္ဂိုလ်သည်။ ဧဝံ၊ ဤဆိုအပ်ပြီးသော အစဉ်ဖြင့်။ ပရိသုဒ္ဓေ၊ ထက်ဝန်းကျင်မှစင်ကြယ်သော။ ပရိယောဒါတေ၊ ထက်ဝန်းကျင်မှ ဖြူစင်သော။ ဝါ၊ ပြိုးပြိုးပြက်ရှိသော။ အနင်္ဂဏေ၊ ကိလေသာ မရှိသော။ ဝိဂတူပက္ကိလေသေ၊ ကင်းပြီးသော ညစ်ညူးခြင်းရှိသော။လ။ အာနေဉ္ဇပ္ပတ္တေ၊ မတုန်လှုပ်ခြင်းသို့ ရောက်သော။ စိတ္တေ၊ စိတ်သည်။ သမာဟိတေ၊ စတုတ္ထစျာန်သမာဓိဖြင့် တည်ကြည်ပြီးသည် ရှိသော်။

(ဤကား ပါဠိတော်၏ အနက်သိကြောင်းမြန်မာပြန်တည်း။)

ပရိသုဒ္ဓတ္တာယေဝ၊ စင်ကြယ်သည်၏ အဖြစ်ကြောင့်သာလျှင်။ ပရိယောဒါတေ၊ ဖြူစင်လတ်ပြီ။ ပဘဿရေ၊ ပြိုးပြိုးပြက်ရှိလတ်ပြီ။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သော ပါဠိတော် အဋ္ဌကထာပါဌ်တို့ကို ထောက်၍ ကိလေသာအညစ်အကြေးတို့မှ စင်ကြယ်သော ဂုဏ်ရှိလျှင် ၎င်းစင်ကြယ်သော ဂုဏ်တို့ကိုစွဲ၍ စိတ်ကိုလည်း ပြိုးပြိုးပြက်သော အရောင်မရှိသော်လည်း အရောင်ရှိသကဲ့သို့ ဟောတော်မူသည်ကို ထောက်၍ သိကြလေ။

ထိုသို့ သိကြလျှင်လည်း အသခ်တဓာတ်ဖြစ်သော နိဗ္ဗာန်ကိုလည်း စင်စစ် ပြိုးပြိုးပြက်ပြက် အဆင်းအရောင်မရှိပါဘဲလျက် အဝိဇ္ဇာစသော အညစ်အကြေးတို့သည် စင်စစ် အာရုံပြုသော အားဖြင့်လည်း မကပ်ငြိနိုင်၊ ယှဉ်တွဲသော အားဖြင့်လည်း မကပ်ငြိနိုင်၊ စင်စစ် စင်ကြယ်နေ၏။ ထိုသို့စင်ကြယ်သော ဂုဏ်ကြောင့်သာလျှင် **ပဘံ**ဟူ၍ ဟောတော်မူအပ်သည်၏အဖြစ်ကို **ပရိသုဒ္ဓတရော ဝါ ပဏ္ဍရတရော ဝါ** ဟူ၍ အဋ္ဌကထာ ဖွင့်ပြအပ်သည့်အတိုင်း သိကြလေ။

**ပညာကို အရောင်အဖြစ် ဟောပုံ။** ။စိတ်ကိုသာလျှင် စင်ကြယ်သော ဂုဏ်ရောင် တို့ဖြင့် ထွန်း တောက် သည်၏ အဖြစ်ကို ဟောတော်မူအပ်သည် မဟုတ်သေး၊ ပညာကိုလည်း အဝိဇ္ဇာစသော ကိလေသာတို့ကို ဖျောက်၍ ထိုထိုသို့သော ခန္ဓာ အာယတန ဓာတ်စသည်တို့ကို ဟင်းလင်းပွင့်၍ မြင်ခြင်းကြောင့် အလင်းအရောင်သဘောနှင့် တူလေသည်၏အဖြစ်ကြောင့် အလင်း အရောင်ဟူ၍ပင် ဟောတော်မူအပ်လေသည်။ ထိုသို့ ဟောတော် မူအပ်ကြောင်းကိုလည်း ဓမ္မသင်္ဂဏီ ပါဠိတော် စိတ္တုပ္ပါဒ ကဏ္ဍ စာမျက်နှာ (၃၂)၌—

ပညာအာလောကော ပညာသြဘာသော ပညာပဇ္ဇောတော။

ဟူ၍ ဟောတော်မူအပ်သည်ကို ထောက်၍ရင်း၊ ရင်းပါဠိတော်ကို ဖွင့်ပြသော အဋ္ဌသာလိနီ အဋ္ဌကထာ စိတ္တုပ္ပါဒကဏ္ဍ ကာမာဝစရကုသလပဒဘာဇနီ စာမျက်နှာ (၁၉၂) ၌—

> အာလောကနဋ္ဌေန ပညာဝ အာလောကော ပညာအာလောကော။ သြဘာသနဋ္ဌေန ပညာဝ သြဘာသော ပညာသြဘာသော။ ပဇ္ဇောတနဋ္ဌေန ပညာဝ ပဇ္ဇောတော ပညာပဇ္ဇောတော။ ပညဝတော ဟိ ဧကပလ္လင်္ကေန နိသိန္နဿ ဒသသဟဿိလောကဓာတု ဧကာလောကာ ဧကောဘာသာ ဧကပဇ္ဇောတာ ဟောတိ။

ဟူ၍ ဖွင့်ပြအပ်သည်ကို ထောက်၍ရင်း သိကြလေ။

အနက်သိကြောင်း မြန်မာပြန်ကား—

ပညာအာလောကော၊ ပညာတည်းဟူသော အလင်းသည်။ ပညာသြဘာသော၊ ပညာတည်းဟူသော ထွန်းလင်းတတ်သော သဘောသည်။ ပညာပဇ္ဇောတော၊ ပညာတည်းဟူသော ထွန်းတောက်တတ်သော သဘောသည်။

(ဤကား ပါဠိတော်၏ အနက်သိကြောင်း မြန်မာပြန်တည်း။)

အာလောကနဋ္ဌေန၊ အလင်းဟူသော အနက်အားဖြင့်။ ဝါ၊ ကြောင့်။ ပညာဝ၊ ပညာသည်သာလျှင်။ အာလောကော၊ အလင်းသဘောမည်၏။ ပညာအာလောကော၊ ပညာသည်သာလျှင် အလင်းသဘောမည်၏။ သြဘာသနဋ္ဌေန၊ ထွန်းလင်းတတ်သောအနက်ဖြင့်။ ဝါ၊ ကြောင့်။ ပညာဝ၊ ပညာသည်သာလျှင်။ သြဘာသော၊ ထွန်းလင်းတတ်သော သဘောမည်၏။ ပညာသြဘာသော၊ ပညာသည်သာလျှင် ထွန်းလင်းတတ်သော သဘောမည်၏။ ပဇ္ဇောတနဋ္ဌေန၊ ထွန်းတောက်တတ်သော အနက်ဖြင့်။ ဝါ၊ ကြောင့်။ ပညာဝ၊ ပညာသည်သာလျှင်။ ပဇ္ဇောတော၊ ထွန်းတောက်တတ်သော သဘောမည်၏။ ပညာပဇ္ဇောတော၊ ပညာသည်သာလျှင် ထွန်းတောက်တတ်သော သဘောမည်၏။ ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ ဧကပလ္လင်္ကေန၊ တခုတည်းသော ထက်ဝယ်ပလ္လင်ဖြင့်။ နိသိန္နဿ၊ နေသော။ ပညဝတော၊ ပညာရှိသောပုဂ္ဂိုလ်အား။ ဒသသဟဿိလောကဓာတု၊ တသောင်းသော လောကဓာတ်သည်။ ဧကာလောကာ၊ တပြိုင်နက်သော အလင်းရှိသည်။ ဧကောဘာသာ၊ တပြိုင်နက်သော ထွန်းလင်းခြင်းရှိသည်။ ဧကပဇ္ဇောတာ၊ တပြိုင်နက်သော ထွန်းတောက်ပခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထိုကြောင့်။ ဧကံ ဝစနံ၊

ပညာအာလောကော ပညာသြဘာသော ပညာပဇ္ဇောတော ဟူသော ဤစကား တော်ကို။ ဣဓ၊ ဤအဘိဓမ္မာ၌။ (ထည့်) ဝုတ္တံ၊ ဟောတော်မူအပ်၏။

(ဤကား အဋ္ဌကထာပါဌ်၏အနက်သိကြောင်း မြန်မာပြန်တည်း။)

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ တရားသဘောတို့ကို ဟုတ်တိုင်းမှန်စွာ မြင်တတ်သိတတ်သော သဘောလက္ခဏာရှိသော ပညာသဘောကိုပင် အရောင် အလင်း ထွန်းပတတ်သော သဘောတရားဟူ၍ ဟောတော်မူအပ်သည်ကို ထင် ရှား သိကြလေ။

**အလင်းထွက်ခေါင် ပညာရောင်။** ။ဤဆိုအပ်ပြီးသော ပါဠိတော် အဋ္ဌကထာ ဖြင့်သာလျှင် သိရသည် မဟုတ်သေး၊ စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော် တတိယပဏ္ဏာသက (၅) အာဘာဝဂ် (၄၅၆) ၌—

စတဿော ဣမာ ဘိက္ခဝေ ပဘာ။ ကတမာ စတဿော၊ စန္ဒပ္ပဘာ သူရိယပ္ပဘာ အဂ္ဂိပ္ပဘာ ပညာပဘာ။ ဣမာ ခေါ ဘိက္ခဝေ စတဿော ပဘာ။ ဧတဒဂ္ဂံ ဘိက္ခဝေ ဣမာသံ စတုန္နံ ပဘာနံ ယဒိဒံ ပညာပဘာတိ။

ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်ကိုထောက်၍လည်း သိလေဦး။

အနက်သိကြောင်း မြန်မာပြန်ကား—

ဘိက္ခဝေ၊ တို့။ ပဘာ၊ အပြားအားဖြင့် တောက်ပသော အရောင်တို့သည်။ ဣမာ စတဿော၊ဤလေးပါးတို့တည်း။ကတမာ စတဿော၊အဘယ်လေးပါးတို့ နည်း ဟူမူကား။ ဝါ၊ တနည်းကား။ စတဿော၊ လေးပါးတို့သည်။ ကတမာ၊ အဘယ်သည်တို့နည်း။ စန္ဒပ္ပဘာ၊ လ၏အပြားအားဖြင့် တောက်ပတတ်သော အရောင်သည်ရင်း။ သူရိယပ္ပဘာ၊ နေ၏အပြားအားဖြင့် တောက်ပတတ်သော အရောင်သည်ရင်း။ အဂ္ဂိပ္ပဘာ၊ မီး၏အပြားအားဖြင့် တောက်ပတတ်သော အရောင်သည်ရင်း။ ပညာပဘာ၊ ဟုတ်မှန်သောသဘောကို အပြားအားဖြင့် သိတတ်သောပညာ၏အပြားအားဖြင့် တောက်ပတတ်သော အရောင်သည်ရင်း။ အတ္ထိ၊ ရှိ၏။ဘိက္ခဝေ၊ တို့။ ပဘာ၊ အရောင်တို့သည်။ ဣမာ စတဿော၊ ဤလေး ပါးတို့တည်း။ ဘိက္ခဝေ၊ တို့။ စတုန္နံ၊ လေးပါးကုန်သော။ ဣမာသံ၊ ဤဆိုအပ် ကုန်ပြီးသော။ ပဘာနံ၊အရောင်တို့တွင်။ ယဒိဒံ ယာ သော ပညာပဘာ၊ အကြင် ပညာရောင်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ သော၊ ဤအရောင်သည်။ အဂ္ဂံ အဂ္ဂါ၊ မြတ်၏။ ဣတိ၊ ဤသို့။ အဝေါစ၊ ဆိုတော်မူ၏။

အဓိပ္ပါယ်ကား လရောင် နေရောင် မီးရောင် ပညာရောင် ဟူ၍ လေးပါး ရှိရာတွင် ပညာရောင်သည် အမြတ်ဆုံးပေတည်းဟု ဘုရားရှင်ဟောတော်မူအပ် သည်ကိုထောက်၍ ပညာကိုလည်း အရောင်အဝါမရှိဘဲလျက် အပြားအားဖြင့်

သိခြားလက္ခဏာ ရှိသော သဘောကိုပင် အပြားအားဖြင့် ထွန်းလင်း တောက်ပတတ်သော အရောင်ဟူ၍ ဘုရားရှင်သည် ဟောတော်မူကြောင်းကို ထင်ရှားသိကြလေ။

**ပညာရောင်အမျိုးမျိုး နှိုင်းယှဉ်ချက်။** ။ထိုပညာရောင်တို့သည်လည်း မဟာကုသိုလ်စိတ်၌ယှဉ်သော ပညာရောင်၊ ရူပကုသိုလ်စိတ်၌ ယှဉ်သော ပညာရောင်၊ အရူပကုသိုလ်စိတ်၌ ယှဉ်သော ပညာရောင်၊ လောကုတ္တရာစိတ်၌ ယှဉ်သော ပညာရောင်ဟူ၍ လေးပါးပြား၏။ ထိုလေးပါးတို့တွင် လောကုတ္တရာပညာရောင်သည် အထွန်းပဆုံးပေတည်း။ ထိုလောကုတ္တရာပညာရောင်သည်လည်း သောတာပတ္တိမဂ်၌ရှိသော ပညာရောင်၊ သကဒါဂါမိမဂ်၌ရှိသော ပညာရောင်၊ အနာဂါမိမဂ်၌ရှိသော ပညာရောင်၊ အရဟတ္တမဂ်၌ရှိသော ပညာရောင် ဟူ၍ လေးပါးရှိ၏။ ထိုလေးပါးသော အရောင်တို့တွင် အရဟတ္တမဂ်၌ရှိသော ပညာရောင်သည် လွန်ကဲစွာ တောက်ထွန်းသော အမြတ်ဆုံး အကြီးကျယ်ဆုံးပေတည်းဟု မှတ်ကြလေ။

ဤပြဆိုအပ်ပြီးသော ပညာရောင်တို့တွင် အမြတ်ဆုံး အရောင်ဖြစ်သော အရဟတ္တမဂ်ပညာသည်လည်း ဖြစ်ပေါ်မှုအခိုက်၌သာ လင်း၍ ဋီအခိုက်သို့ ရောက်လျှင် အားနည်းခြင်းသို့ရောက်၍ ဘင်တည်းဟူသော အခိုက်သို့ရောက်လျှင် ၎င်းအရဟတ္တမဂ်ပညာရောင်ကို ရှာမတွေ့လေပြီ ကွယ်လေတော့၏။

**နိဗ္ဗာန်၏ အရောင်သဘော။** ။နိဗ္ဗာန်ဟုဆိုအပ်သော အသခ်တဓာတ်သည်ကား ထို ပညာရောင်တို့ထက်မက တောက်ပသော ဂုဏ်ရောင်ရှိပေ၏။ အဘယ်သို့ ရှိလေသနည်းဟူမူ အခါခပ်သိမ်း ဖြစ်ပေါ်သော ဥပါဒ်လက္ခဏာမှ ကင်း၏။ အခါခပ်သိမ်း ဘင်တည်းဟူသော ပျက်မှုမှလည်း ကင်း၏။ မိမိ၏ မဖြစ် မပျက်သော သဘောလက္ခဏာဖြင့်သာ အမြဲထင်ရှားစွာ တည်ရှိပေ၏။ ထိုသို့ တည်ရှိသောသဘောကို ထိုးထွင်းသိပြီးသော ပညာရှင်တို့ ကြည့်ရှုလျှင် ဘယ်အခါမဆို ထင်ရှား တွေ့မြင်အပ်သည်သာတည်း။

ထိုအသခ်တဓာတ်ကို တစုံတခုသော အဝိဇ္ဇာစသော အမိုက်မှောင်သည်၎င်း၊ လောကမှောင် တည်းဟူသော ရူပါရုံတို့သည်၎င်း တစုံတခုသော မှောင်သည်လည်း မသန်းနိုင်း၊ မကပ်နိုင်၊ ဇာတိ ဇရာ မရဏ စသော တရားမျိုးလည်း မကပ်နိုင် မသီနိုင်ဘဲ အခါခပ်သိမ်း အလုံးစုံသော သခ်တတရားတို့ထက် ဖြူစင်သန့်ရှင်း စင်ကြယ်စွာသော ဂုဏ်တို့ဖြင့် ထွန်းတောက်နေ၏။ ထိုသို့ထွန်းတောက်နေသည်ကို ရည်၍ ဘုရားရှင်သည် **သဗ္ဗတော ပဘံ** ဟူ၍ ဟောတော်မူအပ်လေသည်။ ၎င်းနိဗ္ဗာန်၌ ပြိုးပြိုးပြက်ပြက် အရောင်လက်နေ၍ ဟောတော်မူအပ်လေသည်မဟုတ်၊ စင်စစ်မှာ ကိလေသာ အညစ်အကြေးမှ ကင်းသော စိတ်၊

အဝိဇ္ဇာမှောင်နှင့် ဆန့်ကျင်ဘက်ဖြစ်သော အဝိဇ္ဇာတို့ကို ပယ်ဖျောက်နိုင်သော ပညာတို့ကို အရောင်ဟူ၍ ဟောသကဲ့သို့ ထက်ဝန်းကျင်မှ စင်ကြယ်သောဂုဏ် ရှိခြင်းကြောင့် နိဗ္ဗာန်ကိုလည်း အရောင်ဟောဖြစ်သော **ပဘာ** သဒ္ဒါဖြင့် ဟောလေသည်ဟု မှတ်ကြလေ။ ဤတွင် နိဗ္ဗာန်၌ တကယ် ပြိုးပြိုးပြက်ပြက် လက်နေသော အဆင်းအရောင်မရှိသည်ကို ဖော်ပြချက် ပြီး၏။

ထိုဆိုအပ်ပြီးသောနိဗ္ဗာန်၌ မူလကိုကမှ အရောင်ပြိုးပြိုးပြက်ပြက်မရှိသည်ကို နိဗ္ဗာန်သဘောကို မမြင်ဘဲ မိမိစိတ်၌ အရောင်အလင်းထင်နေခဲ့လျှင် စင်စစ် ဘာဝနာစိတ်ကြောင့်ဖြစ်သော အရောင်သာဖြစ်၍ ဝိပဿနာအညစ်အကြေးဟု ထင်ရှားသိကြလေ၊ ထိုကဲ့သို့ အရောင်အလင်းတွေကို မြင်နေသောပုဂ္ဂိုလ်တို့သည် သစ္စာလေးပါးလုံးကို တခုတည်းသောမဂ်ဉာဏ်ဖြင့် ဘယ်လိုနည်းဖြင့်သော်လည်း မသိနိုင်၊ ထိုပုဂ္ဂိုလ်တို့သည် မိမိသန္တာန်၌ သစ္စာလေးပါးကို တပြိုင်နက်မြင်ပုံ၊ ဘယ်လိုကိလေသာမျိုးစေ့ပြုတ်ပုံကို မပြောနိုင်ဘူးဟု မှတ်ကြလေ။

ဤတွင် အရောင်အလင်းတွေနှင့်
နိဗ္ဗာန်ကို မဂ်အာရုံမပြုပုံကို ပြချက် ပြီး၏။

---

## ကိလေသာကုန်မှု ခန္ဓာကုန်မှု ကိလေသာကုန်ပြီးမှ စိတ်သန္တာန်၌ ပေါ်လာသော ချမ်းမှုတို့သည် မဂ်၏အာရုံ အသင်္ခတဓာတ်နိဗ္ဗာန် ဟုတ်မဟုတ်သည်ကို ပြဆိုချက်

**မဂ်၏အာရုံရှင်းပြချက်။** ။ထိုကဲ့သို့ အရောင်အလင်း အဆင်းတွေနှင့်ဖြစ်သော နိဗ္ဗာန်ကို မဂ်သည် အာရုံမပြုခဲ့သော် ကိလေသာတို့၏ ကုန်ခြင်း၊ ခန္ဓာတို့၏ချုပ်ခြင်း၊ ခန္ဓာတို့၏ နောင်တဖန် ဖြစ်ပေါ်ခြင်းမရှိသော အဘာဝပညတ်ကိုဘဲ အာရုံပြုရအံ့လော၊ သို့မဟုတ် ကိလေသာတို့ စိတ်သန္တာန်၌ ကုန်ပြီးမှ ဟင် ပေါ့ပေါ့ဟု စိတ်သန္တာန်၌ တွေ့ရှိသော ချမ်းသာကိုဘဲ အာရုံပြု၍ မဂ်ဖြစ်လေသလောဟု တွေးတောရန်အချက်တို့ကို သုတ်သင်ရှင်းလင်းဦးအံ့။

**ကိလေသာကုန်ပုံ။** ။ကိလေသာကုန်မှုဆိုသည်မှာ ရှေးရှေး၌ဖြစ်ပေါ်ပြီးသော ကိလေသာတရားတို့သည် ကွယ်ချုပ်ပြီးလျက် နောင်ဖြစ်ပေါ်စေရန် အကြောင်းခံအဖြစ်ဖြင့် ကိန်းနေ၏၊ ထိုကိန်းနေသော ကိလေသာ၏အကြောင်းခံသတ္တိကို အနုသယဓာတ်ဟု ခေါ်အပ်သည်၊ ထိုအနုသယသတ္တိ ကိလေသာကိုသာလျှင် မဂ်ပယ်သတ်ရသည်၊ ထိုအနုသယသတ္တိကို မဂ်သတ်လိုက်လျှင် အတိတ်ဖြစ်သော ကိလေသာလည်း မျိုးမကျန်ဘဲ ကုန်လေ၏။

နောင်ဖြစ်ပေါ်ရန်ရှိသော ကိလေသာတို့သည်လည်း အကြောင်းခံမျိုး မရှိခြင်းကြောင့် အခါခပ်သိမ်းဖြစ်ပေါ်မှုမရှိဘဲ ကွယ်ရလေကုန်၏၊ ဘယ်အခါမှ ရှိတော့သည် မဟုတ်လေပြီ၊ ထိုဆိုအပ်ပြီးသော ကိလေသာတို့၏ ကုန်မှုသည် စင်စစ်မဂ်ပယ်သတ်မှ ကုန်ရသောတရားမျိုးဖြစ်၍ ပဟာတဗ္ဗကိစ္စဖြစ်သော ကိလေသာတို့သည် ခန္ဓာနှင့်သာလျှင် ကေန် စပ်နေ၏၊ အသင်္ခတဓာတ် နိရောဓသစ္စာသည်ကား စင်စစ် ထိုကိလေသာတို့ကို သတ်တတ်သော မဂ်၏အာရုံဖြစ်သော သစ္ဆိကာတဗ္ဗကိစ္စတရားဖြစ်၏၊ ထိုအသင်္ခတဓာတ် နိရောဓသစ္စာသည် စင်စစ် ကိလေသာခန္ဓာတည်းဟူသော ဝဋ္ဋဒုက္ခတို့၏ မရှိရာသဘော ကေန် ဖြစ်ပေ၏။ ထိုသို့ဖြစ်ကြောင်းကိုလည်း သမ္မောဟဝိနောဒနီအဋ္ဌကထာ စာမျက်နှာ( ၇၉ )နှင့်ဝိသုဒ္ဓိမဂ်အဋ္ဌကထာ-၂ နိရောဓသစ္စာအဖွင့် စာမျက်နှာ (၁၂၆) ၌——

> တတိယသစ္စံ ပန ယသ္မာ နိ-သဒ္ဒေါ အဘာဝံ၊ ရောဓ-သဒ္ဒေါ စ စာရကံ ဒီပေတိ။ တသ္မာ အဘာဝေါ ဧတ္ထ သံသာရစာရကသင်္ခါတဿ ဒုက္ခရောဓဿ သဗ္ဗဂတိသုညတ္တာ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်လေ။

အနက်သိကြောင်း မြန်မာပြန်ကား——

တတိယသစ္စံ ပန၊ သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော နိရောဓသစ္စာကိုကား။ (ဒုက္ခနိရောဓန္တိ ဝုစ္စတိ၌ စပ်) ယသ္မာ၊ အကြင်ကြောင့်။ နိ-သဒ္ဒေါ၊ နိ-သဒ္ဒါသည်။ အဘာဝံ၊ မရှိခြင်းကို။ ဒီပေတိ၊ ပြ၏။ ရောဓ-သဒ္ဒေါ၊ ရောဓ-သဒ္ဒါသည်။ စာရကံ၊ သံသရာ၌မပြတ်ဖြစ်တတ်သော ဝဋ္ဋဒုက္ခအစုကို။ ဒီပေတိ၊ ပြ၏။ တသ္မာ၊ ထိုကြောင့်။ ဧတ္ထ၊ ဤအသင်္ခတဓာတ်ဖြစ်သောနိဗ္ဗာန်၌။ သဗ္ဗဂတိသုညတ္တာ၊ ခပ်သိမ်းသော ဖြစ်ရာဌာနဂတိတို့မှ ဆိတ်သည်၏အဖြစ်ကြောင့်။ သံသာရစာရကသင်္ခါတဿ၊ သံသရာ၌မပြတ်ဖြစ်တတ်သော သဘောဟုဆိုအပ်သော။ ဒုက္ခရောဓဿ၊ ဝဋ္ဋဆင်းရဲဟူသော ဒုက္ခရောဓ၏။ အဘာဝေါ၊ မရှိခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်မှာ မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်သည် စင်စစ်ကိလေသာဒုက္ခ ခန္ဓာဒုက္ခတို့၏ မရှိရာသဘောဖြစ်သည်၊ ဤသို့ပြဆိုအပ်သည်ကိုထောက်၍ နိရောဓသစ္စာ၌ စင်စစ် မူလကိုကပင် ကိလေသာဒုက္ခ, ခန္ဓာဒုက္ခတို့ရှိသောသဘော မဟုတ်၊ ကိလေသာခန္ဓာတို့နှင့် မရောမရှက်ဘဲ ကင်းလွတ်၍တည်သောသဘောသည်သာလျှင် ဖြစ်ရကား ၎င်းအသင်္ခတဓာတ်၌ အဘယ်မှာကိလေသာဒုက္ခ, ခန္ဓာဒုက္ခတို့ ကုန်စရာရှိပါအံ့နည်း၊ စင်စစ် ကုန်စရာမရှိသောသဘောသာလျှင် ကေန် ဖြစ်ပေ၏၊ အဘယ်ကြောင့်ဆိုသော် မူလကိုကပင်

ကိလေသာ ခန္ဓာ ဒုက္ခတို့နှင့် ဆန့်ကျင်ဘက်ဖြစ်၍တည်သော တရားသာလျှင် ဖြစ်ခြင်းကြောင့်တည်း၊ ထိုသို့ တည်ကြောင်းကိုလည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ-၂ စာမျက်နှာ ၁၂၆၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ သစ္စနိဒ္ဒေသအဖွင့် စာမျက်နှာ (၇၉)၌—

တပ္ပဋိပက္ခတ္တာတိပိ ဒုက္ခနိရောဓန္တိ ဝုစ္စတိ။

ဟူ၍ မိန့်အပ်ပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

တပ္ပဋိပက္ခတ္တာတိပိ၊ ထိုသံသရာ၌ မပြတ်ဖြစ်တတ်သောကိလေသာဒုက္ခ ခန္ဓာဒုက္ခတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သည်၏ အဖြစ်ကြောင့်လည်း။ သံသာရစာရက-သခါတဿ၊ သံသရာ၌ မပြတ်ဖြစ်တတ်သော သဘောဟု ဆိုအပ်သော။ ဒုက္ခ-ရောဓဿ၊ ဝဋ်ဆင်းရဲဟူသော ဒုက္ခရောဓ၏။ အဘာဝေါ၊ မရှိခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား နိရောဓသစ္စာဟုဆိုအပ်သော အသခ်တဓာတ် နိဗ္ဗာန်သည် ဝဋ်၌ ကျင်လည်တတ်သော ကိလေသာဒုက္ခ ခန္ဓာဒုက္ခတို့နှင့် စင်စစ် ဆန့်ကျင်ဘက်ဖြစ်လျက် တည်ရှိသည်၏အဖြစ်ကြောင့် ထိုသံသရာ၌ဖြစ်သော ကိလေသာ ဒုက္ခ ခန္ဓာဒုက္ခတို့၏ မရှိရာသဘောသာလျှင် ကေန် ဖြစ်သည်ဟူလို။ ထိုသို့ ပြဆိုအပ်သော အဋ္ဌကထာစကားကို ထောက်၍ အသခ်တဓာတ်သည် ကိလေသာ ဒုက္ခ ခန္ဓာဒုက္ခတို့နှင့် စင်စစ် မရောမရှက်ဘဲလျက် ဆန့်ကျင်ဘက် ဖြစ်ပြီးလျှင် ကေန် တည်နေမှုကို သိကြလေ။ ထိုသို့ သိကြလျှင် ဤမှာဘက်၌ရှိသော ကိလေသာဒုက္ခ ခန္ဓာဒုက္ခတို့၏ကုန်မှုသည် ဟိုမှာဘက်၌နေသော အသခ်တ-ဓာတ်၌ အဘယ်မှာ ရှိပါတော့အံ့နည်း။ စင်စစ် မရှိဟု သိကြလေ။ ထိုသို့ သိကြလျှင် ကိလေသာဒုက္ခ ခန္ဓာဒုက္ခကုန်မှု အဘာဝပညတ်သည် စင်စစ် မဂ်၏ အာရုံမဟုတ်ဟူ၍ သိကြလေ။

**နိဗ္ဗာန်နှင့် ကိလေသာ, ခန္ဓာ ကုန်ခြင်းတို့ မတူပုံ။** ။တနည်းလည်း ကိလေသာ ကုန်မှုဆိုသည်မှာ မဂ်ဖြစ်မှသာ ကုန်ရလေသည်။ မဂ်မဖြစ်လျှင် အချင်းခပ်သိမ်း ကုန်ခြင်း မရှိပေ။ ထို မဂ်သည်လည်း နိရောဓသစ္စာကိုသာလျှင် အာရုံပြု၏။ ထို နိရောဓသစ္စာကို မြဲစွာ အာရုံပြုရမှသာလျှင် ကိလေသာကို ဖြတ်နိုင်လေသည်။ ထိုသို့ ဖြတ်ကြောင်းကိုလည်း ဥဒါန်းအဋ္ဌကထာ ဆယ်ကြောင်းပေ ၈-ချပ် ကျောဘက် (ဆဋ္ဌမူ-စာမျက်နှာ ၃၅၇)၌—

> နိဗ္ဗာနညြ် အာရမ္မဏံ ကတွာ ပဝတ္တမာနာ သမ္မာဒိဋ္ဌိအာဒယော အရိယမဂ္ဂပညာယ အနဝသေသကိလေသေ သမုစ္ဆိန္ဒန္တိ။ တေနေတ္ထ သဗ္ဗသာပိ ဝဋ္ဋဒုက္ခဿ အပဝတ္တိ အပဂမော နိဿရဏံ ပညာယတိ။

ဟူ၍ ပြဆိုအပ်လေသည်။

အနက်သိကြောင်း မြန်မာပြန်ကား—

နိဗ္ဗာနညြ် နိဗ္ဗာနံ ဝေ၊ အသင်္ခတဓာတ်နိဗ္ဗာန်ကိုသာလျှင်။ အာရမ္မဏံ၊ အာရုံကို။ ကတွာ၊ ပြု၍။ ပဝတ္တမာနာ၊ ဖြစ်ကုန်သော။ သမ္မာဒိဋ္ဌိအာဒယော၊ သမ္မာဒိဋ္ဌိ အစရှိကုန်သော မဂ္ဂင်တရားတို့သည်။ အရိယမဂ္ဂပညာယ၊ အရိယာ မဂ်ပညာဖြင့်။ အနဝသေသကိလေသေ၊ အကြွင်းမရှိသော ကိလေသာတို့ကို။ သမုစ္ဆိန္ဒန္တိ၊ ဖြတ်လေကုန်၏။ တေန၊ ထိုအရိယာမဂ်ဖြင့် ကိလေသာတို့ကို အကြွင်း မရှိ ဖြတ်ခြင်းကြောင့်။ ဧတ္ထ၊ ဤရဟန္တာသန္တာန်၌။ သဗ္ဗသာပိ၊ အလုံးစုံလည်း ဖြစ်သော။ ဝဋ္ဋဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အပဝတ္တိ၊ တဖန် ဖြစ်ပေါ်မှု မရှိခြင်း သည်။ အပဂမော၊ ကင်းခြင်းသည်။ နိဿရဏံ၊ ထွက်မြောက်ခြင်းသည်။ ပညာ-ယတိ၊ ထင်၏။

> သမ္မာဒိဋ္ဌိအာဒယော အရိယမဂ္ဂါဟု ပါဌ်ရှိမူ–သမ္မာဒိဋ္ဌိအာဒယော၊ သမ္မာဒိဋ္ဌိ အစရှိကုန်သော။ အရိယမဂ္ဂါ၊ အရိယာမဂ်တို့သည်။ ဤသို့ မြန်မာပြန်လေ။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြု၍ အရိယာမဂ်တို့ဖြတ်တောက်မှ ကိလေသာတို့ ကုန်ရသည်။ ထိုအကြောင်း ဖြစ်သော ကိလေသာတို့ကုန်လျှင် အကျိုး ခန္ဓာ ဒုက္ခတည်းဟူသော ဝဋ်ဆင်းရဲတို့ သည် စင်စစ် ကုန်လေ၍ မရှိခြင်းတည်းဟူသော အဘာဝပညတ်သို့သာလျှင် ရောက်လေကုန်တော့၏။ ထိုသို့ မဂ်ဖြတ်မှကုန်သော ကိလေသာတို့၏ အဘာဝ သည် ပညတ် ဖြစ်၏။ အသင်္ခတဓာတ်နိဗ္ဗာန်သည်ကား ပရမတ် ဖြစ်၏။ ထို ပရမတ်ဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်သည် မဂ်ဉာဏ်ဖြစ်ခိုက်၌ အာရုံပြုသော အားဖြင့် မြင်အပ်သော သစ္ဆိကာတဗ္ဗကိစ္စ ဖြစ်၏။ အာရမ္မဏိကမဂ်သည် ဘာဝနာ၏အစွမ်းဖြင့်ဖြစ်သော ဘာဝိတဗ္ဗကိစ္စ ဖြစ်၏။ ကိလေသာသည် ထိုမဂ် ဖြစ်ခိုက်၌ မဂ်ပယ်အပ်သော ပဟာတဗ္ဗကိစ္စ ဖြစ်၏။ ဒုက္ခသည် ပိုင်းခြား၍ သိအပ်သော ပရိညေယျကိစ္စ ဖြစ်၏။ ထိုသို့ မဂ်ခဏ၌ မဂ်သိအပ်သောကိစ္စ လေးချက်တို့တွင် ပဟာတဗ္ဗဖြစ်သော ကိလေသာ၏ ကုန်မှုသည် သစ္ဆိကာတဗ္ဗ ဖြစ်သော မဂ်၏ အာရုံဖြစ်နိုင်မည်လောဟု စဉ်းစားကြလေ။

စင်စစ် ဖြစ်မှုမရှိနိုင်သည်အဖြစ်ကို ထင်ရှား သိကြလတ္တံ့။ ထို့ကြောင့် ကိလေသာ ကုန်ခြင်းသည် မဂ်၏ အာရုံဖြစ်မှုမရှိနိုင်ကြောင်းကို စင်စစ် သိကြ

လေ။ ကိလေသာကုန်သောကြောင့်သာလျှင် ခန္ဓာ ကုန်ရလေသည်။ ကိလေသာ မကုန်လျှင် ခန္ဓာ မကုန်နိုင်။  ထို့ကြောင့် အကြောင်း ကိလေသာ ကုန်ခြင်းမျှလည်း မဂ်၏ အာရုံနိဗ္ဗာန်မဟုတ်လျှင် ခန္ဓာကုန်ခြင်းသည်ငှ်း၊ ကိလေသာ ကုန်ပြီးမှ စိတ်ထဲ၌ ပေါ်လာသော ဇမ္မူ ချမ်းသာမှုကား အဘယ်မှာ မဂ်အာရုံဖြစ်ပါအံ့နည်း။ စင်စစ် မဖြစ်လေသည်၏အဖြစ်ကို ထင်ရှား သိကြလေ။

ကိလေသာ ကုန်ခြင်း, ခန္ဓာ ကုန်ခြင်းတို့သည် မဂ်အာရုံ မဟုတ်ကြောင်းကို အကျယ် သိလိုမူ ငါဟု သမုတ် နာမ်ရုပ်အစုသည် ရေးသားအပ်သော **နိရောဓဝိနိစ္ဆယကျမ်း၌** ကြည့်ယူလေ။

ဤတွင် ကိလေသာတို့ ကုန်မှု, ခန္ဓာတို့ ချုပ်မှုသည် မဂ်၏ အာရုံ မဟုတ်ကြောင်း၊ မဂ်သည် စင်စစ် ကိလေသာ ကုန်မှု, ခန္ဓာကုန်မှုတို့ကို အာရုံ မပြုကြောင်းကို ထင်ရှား သိကြလေ။

## အသင်္ခတဓာတ်နိဗ္ဗာန်၌ ရုပ်ထူးနာမ်ထူးရှိမရှိကို ပြဆိုချက်

**နိဗ္ဗာန်၌ ရုပ် နာမ် အထူးမရှိပုံ။** ။အကယ်၍ ကိလေသာ ကုန်ခြင်း၊ ခန္ဓာ ကုန်ခြင်း၊ ကိလေသာ ကုန်မှ စိတ်၌ ပေါ်လာသော ဇမ္မူတို့ကို မဂ်သည် အာရုံမပြုခဲ့သော် နိဗ္ဗာန်ဆိုတာ မပျက်စီးသော ရုပ်, မပျက်စီးသော နာမ်နှင့်ပင်လျှင် အမြဲရှိနေသည်ကို အာရုံပြု၍ ဖြစ်လေသလောဟု မေးဘွယ်ရှိရာ၌ နိဗ္ဗာန်၌ ရုပ်နာမ်မပျက်မစီးဘဲ ရှိနေသည်ဟု ရှုကြည့်လျှင် အချို့ ရုပ်နာမ်တည်းဟူသော သင်္ခါရတရားသည် မြဲ၏။ အချို့ ရုပ်နာမ်တည်းဟူသော သင်္ခါရတရားသည် မမြဲဟု ယူရာရောက်လေတော့၏။ ထိုသို့ ယူပြီးလျှင် မြဲသော ရုပ်နာမ်ကို နှစ်သက်လေရာ၏။ ထိုသို့ နှစ်သက်ခြင်းကြောင့် ကိလေသာသည် မပြတ်လေရကား ငှ်းတရားတို့ကို ရှုမြင်မှုသည် မဂ်အရာမဟုတ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေ။ ငှ်းရုပ်နာမ်သည် အထူးဖြစ်၍ မရှိပုံကို ငါဟုဆိုအပ်သော ရုပ်နာမ်အစုသည် ရေးသားအပ်ပြီးသော **နိဗ္ဗာနတ္ထဝိနိစ္ဆယကျမ်း၌** ယူကြလေ။ ။ဤတွင် မဂ်၏အာရုံ မဟုတ်သော နိဗ္ဗာန်တို့ကို ဖော်ပြချက် ပြီး၏။

ငှ်းပြဆိုအပ်ပြီးသော အချက်တို့သည် မဂ်၏အာရုံ မဟုတ်ခဲ့သော် မဂ်၏ အာရုံဖြစ်သော အသင်္ခတဓာတ်သည် အဘယ်နည်း။ အဘယ်တရားကို မဂ်သည် အာရုံပြုအပ်လေသနည်းဟု မေးဘွယ်ရှိလေရကား ထိုမဂ်၏အာရုံကို ငါဟုဆိုအပ်သော နာမ်ရုပ်အစုသည် **နိရောဓဝိနိစ္ဆယကျမ်း၌** နိရောဓအခန်းကို ပြဆိုရာ၌ပင် သေချာစွာ ပြအပ်ပြီးလည်း ရှိပေ၏။ ထိုမှတပါး ပေါင်းတည်မြို့ အဌာရသ ပုံနှိပ်တိုက်၌ ပုံနှိပ်ရိုက်အပ်ပြီးသော **နိဗ္ဗာနသုခဒီပနီ ၄-တွဲကျမ်းငယ်တို့၌ငှ်း၊** **နိဗ္ဗာန်၌** ရုပ်ထူး နာမ်ထူး မရှိသည်ကို ဖော်ပြအပ်သော **နိဗ္ဗာနတ္ထဝိနိစ္ဆယကျမ်း**

၌၎င်း၊ **ဘာဝနာကမ္မဒီပနီကျမ်း**၌၎င်း ဖော်ထုတ်၍ ပြဆိုအပ်ပြီးပင် ရှိလေသည်။ ထိုပြဆိုအပ်ပြီးသော ကျမ်းတို့၌ ဖော်ပြအပ်သော မဂ်၏အာရုံပြုရာဖြစ်သော အသင်္ခတဓာတ်၏ သဘောလက္ခဏာကို နတ်နှင့်တကွသော ပညာရှင်တို့သည် လွဲသည်ဟူ၍ မဆိုနိုင်။ သို့သော်လည်း ပညာနုံ့သော သူတို့သည် မသိနိုင်ဘဲ ရှိလိမ့်မည်။ ထို့ကြောင့် ဤယခု ရေးသားအပ်သော **သမုပ္ပါဒနိရောဓကျမ်း**၌မူကား အများပညာရှင်တို့ သံသယ မရှိလေအောင် သာသနာတော်၌ မှောက်မှားလျက် ယူမိသောသူတို့၏လည်း အယူပြောင်လေအောင်ကို သေချာစွာ ကျမ်းဂန်နှင့် နှီးနှော၍ ဟုတ်မှန်သည့်အတိုင်းကို ဖော်ထုတ်၍ ပြပေအံ့။

## သင်္ခတ၊ အသင်္ခတ၊ ပညတ်တို့၏ လက္ခဏာအပြားကို ရွေးချယ်၍ မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ပြဆိုချက်

မဂ်၏ အာရုံဆိုသည်မှာ အသင်္ခတဓာတ်သာလျှင်ကတည်း။ ထိုအသင်္ခတဓာတ်သည် အဘယ်တရားနည်းဟု မေးငြားအံ့။ ဤ သမုပ္ပါဒနိရောဓကျမ်း၌ **အဝိဇ္ဇာသင်္ခါရ**တို့ကို သုံးသပ်၍ ၎င်းတို့မှ လွန်မြောက်၍ မဖြစ်မပျက်ဘဲတည်သော သဘောကိုသာလျှင် အာရုံပြု၍ မဂ်ဖြစ်ပေါ်ပုံကို၎င်း၊ ၎င်းမဂ်ဖြစ်ခိုက် တပြိုင်နက် သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိပုံကို၎င်း ဖော်ပြအပ်ခဲ့ပြီ။

ထိုမှ တပါးလည်း အကြောင်းသင်္ခါရ အကျိုးဝိညာဏ်တို့ကို သုံးသပ်၍ ၎င်းတို့မှ လွန်မြောက်၍ မဖြစ်မပျက်ဘဲတည်သော သဘောကိုသာလျှင် အာရုံပြု၍ မဂ်ဖြစ်ပုံကို ဖော်ထုတ်၍ ရေးအပ်ခဲ့ပြီ။ ၎င်းဖော်ထုတ်၍ ရေးအပ်သော သဘောသည် မဂ်၏ **အာရုံ**ဖြစ်သော အသင်္ခတဓာတ် နိရောဓသစ္စာဟု ခေါ်ဆိုအပ်သော နိဗ္ဗာန်စစ် မည်၏။ ထိုသို့ မည်ကြောင်းကို၎င်း၊ ၎င်း ပြဆိုအပ်ပြီးသော နိဗ္ဗာန်ကိုသာလျှင် အာရုံပြု၍ မဂ်ကောန်ဖြစ်ပုံကို၎င်း၊ ထိုမဂ်သည် သစ္စာလေးပါးတို့ကို တပြိုင်နက် ထိုးထွင်း၍သိပုံကို၎င်း သေချာစွာ ထပ်မံ၍ ပြဦးအံ့။

**သိအပ်သောဉေယျတရား ၃-ပါး။** ။သိအပ်သော တရားတို့သည် သင်္ခတ အသင်္ခတ ပညတ်ဟူ၍ သုံးပါးတို့တည်း။

ထိုသုံးပါးတို့တွင် သင်္ခတဆိုသောတရားသည် ဖြစ်ပြီးဖြစ်သော အတိတ်တရားဟု ခေါ်ဆိုအပ်သော စိတ်တခုယုတ်-၉၀၊ စေတသိက်-၅၂၊ ရုပ်-၂၈၊ ဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန်တရားဟု ခေါ်ဆိုအပ်သော စိတ်တခုယုတ်-၉၀၊ စေတသိက်-၅၂၊ ရုပ်-၂၈၊ ကိလေသာတည်းဟူသော သမုဒယသစ္စာကို မဂ်ဖြင့် အကြွင်းမရှိ မပယ်အပ်သေးသမျှကာလပတ်လုံး နောင် ဆက်သွယ်၍ ဘုံဘဝတို့၌ ဖြစ်ပေါ်လတ္တံ့သော စိတ်တခုယုတ်-၉၀၊ စေတသိက်-၅၂၊ ရုပ်-၂၈၊ ဤပြဆိုအပ်ပြီးသော ပရမတ္ထသဘောတရားစုကို စင်စစ် သင်္ခတတရားဟု ဘုရားရှင်သည် ဟောဆိုအပ်၏။

**သင်္ခတတရား အဓိပ္ပါယ်။** ။အဘယ်ကြောင့် ၎င်းတရားတို့ကို သင်္ခတ တရားဟု ဟောဆိုအပ်သနည်း ဟူမူ အကြောင်းပစ္စည်းတို့သည် ပြုပြင်အပ် အကြောင်းခံအပ်သောကြောင့်တည်း။ ထို့ကြောင့် ဘုရားရှင်သည် ဓမ္မသင်္ဂဏီပါဠိတော် နိက္ခေပကဏ္ဍ စာမျက်နှာ (၂၁၉) ၌ပင် **သပ္ပစ္စယဓမ္မ** ဟူ၍၎င်း၊ **သင်္ခတဓမ္မ**ဟူ၍၎င်း ဟောတော်မူအပ်လေသည်။ ဟောတော်မူအပ်ကြောင်းကို—

ကတမေ ဓမ္မာ သပ္ပစ္စယာ။ ပဥ္စက္ခန္ဓာ ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော။ ဣမေ ဓမ္မာ သပ္ပစ္စယာ။

ဟူ၍၎င်း၊

ကတမေ ဓမ္မာ သင်္ခတာ။ ယေ ယေ ဓမ္မာ သပ္ပစ္စယာ၊ တေ တေ ဓမ္မာ သင်္ခတာ။

ဟူ၍၎င်း ဟောတော်မူအပ်လေသည်။

အနက်သိကြောင်း မြန်မာပြန်ကား—

ကတမေ ဓမ္မာ၊ **အ**ဘယ်တရားတို့သည်။ သပ္ပစ္စယာ၊ သပ္ပစ္စယ တရားတို့ မည်ကုန်သနည်း။ ဝါ၊ အကြောင်းခံနှင့်တကွ ဖြစ်ကုန်သော တရားမည်ကုန်သနည်း။ ပဥ္စ၊ ငါးပါးကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာသည်။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာသည်။ သညာက္ခန္ဓော၊ သညာက္ခန္ဓာသည်။ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာသည်။ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ သပ္ပစ္စယာ၊ သပ္ပစ္စယတရားတို့ မည်ကုန်၏။ ဝါ၊ အကြောင်းခံနှင့် တကွဖြစ်ကုန်သောတရားတို့ မည်ကုန်၏။

ကတမေ ဓမ္မာ၊ အဘယ်တရားတို့သည်။ သင်္ခတာ၊ သင်္ခတတရားတို့ မည်ကုန်သနည်း။ ဝါ၊ အကြောင်းတရားတို့ ညီညွတ်ပေါင်းဆုံ၍ ပြုပြင်အပ်သော တရားတို့ မည်ကုန်သနည်း။ ယေ ယေ ဓမ္မာ၊ အကြင်အကြင် တရားတို့သည်။ သပ္ပစ္စယာ၊ သပ္ပစ္စယတရားတို့ မည်ကုန်၏။ တေ တေ ဓမ္မာ၊ ထိုထိုသို့သော တရားတို့သည်။ သင်္ခတာ၊ သင်္ခတတရားတို့မည်ကုန်၏။ ဝါ၊ အကြောင်းတရားတို့ ညီညွတ်ပေါင်းဆုံ၍ ပြုပြင်အပ်သော တရားတို့မည်ကုန်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ စိတ်တခုယုတ်-၉၀၊ စေတသိက်-၅၂၊ ရုပ်-၂၈၊ ဤတရားစုကို သင်္ခတတရားဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေ။ ။ဤကား သင်္ခတတရားကို ဖော်ပြချက်တည်း။

**အသင်္ခတတရား ပြဆိုချက်။** ။အသင်္ခတတရားဆိုသည်မှာ အကြောင်းနှင့် တကွ ဖြစ်မှုမရှိသော အပ္ပစ္စယဟု ခေါ်ဆိုအပ်သော နိဗ္ဗာန်တရားကိုသာလျှင် စင်စစ် အသင်္ခတဟု ခေါ်ဆိုအပ်သည်၊ ခေါ်ဆို အပ်ကြောင်းကိုလည်း ဓမ္မသင်္ဂဏီပါဠိတော် နိက္ခေပကဏ္ဍ စာမျက်နှာ (၂၁၉)၌–

ကတမေ ဓမ္မာ အပ္ပစ္စယာ။ အသင်္ခတဓာတု။ ဣမေ ဓမ္မာ အပ္ပစ္စယာ။
ကတမေ ဓမ္မာ အသင်္ခတာ။ ယော ဧဝ သော ဓမ္မော အပ္ပစ္စယော၊
သော ဧဝ သော ဓမ္မော အသင်္ခတော။

ဟူ၍ ဟောတော်မူအပ်ပြီ။

မြန်မာပြန်ကား—

ကတမေ ဓမ္မာ၊ အဘယ်တရားတို့သည်။ အပ္ပစ္စယာ၊ အပ္ပစ္စယတရားတို့ မည်ကုန်သနည်း။ ဝါ၊ အကြောင်းခံမရှိကုန်သော တရားတို့ မည်ကုန်သနည်း။ အသင်္ခတဓာတု၊ အသင်္ခတဓာတ်ဖြစ်သော နိဗ္ဗာန်တရားတည်း။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ အပ္ပစ္စယာ၊ အပ္ပစ္စယတရားတို့ မည်ကုန်၏။ ဝါ၊ ဖြစ်ကြောင်း မရှိသော တရားတို့ မည်ကုန်၏။ ကတမေ ဓမ္မာ၊ အဘယ်တရားတို့သည်။ အသင်္ခတာ၊ အသင်္ခတတရားတို့ မည်ကုန်သနည်း။ ယော ဧဝ သော ဓမ္မော၊ အကြင် အပ္ပစ္စယမည်သော နိဗ္ဗာန်တရားသည်။ အတ္ထိ၊ ရှိ၏။ သော ဧဝ သော ဓမ္မော၊ ထိုအပ္ပစ္စယဟု ခေါ်ဆိုအပ်သော နိဗ္ဗာန်တရားသည်သာလျှင်။ အသင်္ခတော၊ အသင်္ခတတရားမည်၏။

ဤသို့ ဟောတော်မူအပ်သည်ကို ထောက်၍ အကြောင်းခံမရှိသော နိဗ္ဗာန် ပရမတ်ကိုသာလျှင် အသင်္ခတဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေ ကုန်။ ။ဤကား အသင်္ခတဓာတ်တရားကို ဖော်ပြချက်တည်း။

**ပညတ်တရားကို ပြဆိုချက်။** ။ထိုသင်္ခတ အသင်္ခတတရား နှစ်ပါးမှလွတ်လျှင် ပညတ်တရားသာလျှင် ရှိတော့၏ဟု မှတ်။

**သင်္ခတလက္ခဏာ ၃-ပါး။** ။ဒင်းတရားသုံးပါးတို့တွင် သင်္ခတတရား၌ ဤကား သင်္ခတဟု မှတ်ကြောင်းလက္ခဏာသည် သုံးပါးရှိ၏၊ သုံးပါ ဟူသည်ကား—ဖြစ်ပေါ်မှုဟု ခေါ်ဆိုအပ်သော ဥပါဒ်လက္ခဏာလည်း တပါး၊ ဖြစ်ပေါ်လျှင် ကေန်ပျက်စီးရခြင်းတည်းဟူသော ဘင်ဟုခေါ်ဆိုအပ်သော ဝယလက္ခဏာလည်း တပါး၊ မိမိမိမိတို့ သဘောလက္ခဏာအားဖြင့် ဖြစ်ပေါ်ပြီး လျှင် ခေတ္တ မိမိမိမိတို့၏ လက္ခဏာဖြင့် တည်နေခိုက်ဟု ဆိုအပ်သော ဌီအခါ၌ လည်း ဖြစ်ပေါ်လာစနှင့် မတူဘဲ ရင့်ရော်ဖောက်ပြန်ခြင်းသို့ ရောက်သည်၏ အဖြစ်ဟု ဆိုအပ်သော အညထတ္တလက္ခဏာလည်း တပါး၊ ဤသို့လျှင် သင်္ခတ

တရား၌ မှတ်ကြောင်းလက္ခဏာ သုံးပါးရှိသည်၏အဖြစ်ကို ထင်ရှားသိကြလေ။ ထိုသို့ သိအပ်ကြောင်းကို ဘုရားရှင်သည် တိကအင်္ဂုတ္တိုရ်ပါဠိတော် စာမျက်နှာ (၁၅၀)၌—

> တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ။ ကတမာနိ တီဏိ။ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ။ ဣမာနိ ခေါ ဘိက္ခဝေ တီဏိ သင်္ခတဿ သင်္ခတလက္ခဏာ-နီတိ။

ဟူ၍ ဟောတော်မူအပ်သည်။

အနက်သိကြောင်း မြန်မာပြန်ကား—

ဘိက္ခဝေ၊ တို့။ သင်္ခတဿ၊ သင်္ခတတရား၏။ သင်္ခတလက္ခဏာနိ၊ ဤကား သင်္ခတတရားပေတည်းဟု သိအပ်သော မှတ်ကြောင်းလက္ခဏာတို့သည်။ ဣမာနိ တီဏိ၊ ဤသုံးပါးတို့တည်း။ ကတမာနိ တီဏိ၊ အဘယ်သုံးပါးတို့နည်းဟူမူကား။ ဥပ္ပါဒေါ၊ ဥပါဒ်ဟု ခေါ်ဆိုအပ်သော ဖြစ်ပေါ်မှုလက္ခဏာသည်။ ပညာယတိ၊ ထင်၏။ ဝါ၊ တနည်းကား။ ဥပ္ပါဒေါ၊ ကို။ ပညာယတိ၊ သိအပ်၏။ ဝယော၊ ဘင်ဟု ဆိုအပ်သော ပျက်မှုသည်။ ပညာယတိ၊ ထင်၏။ ဝါ၊ကား။ ဝယော၊ ကို။ ပညာယတိ၊ သိအပ်၏။ ဌိတဿ၊ သင်္ခတဌီဟု ဆိုအပ်သော မိမိတို့၏ သဘောလက္ခဏာဖြင့် ထင်ရှားတည်ဆဲဖြစ်သော သင်္ခတတရား၏လည်း။ အည-ထတ္တံ၊ တပါး၏ အဖြစ်ဟု ဆိုအပ်သော ရင့်ရော်ဖောက်ပြန်သည်၏ အဖြစ်သည်။ ပညာယတိ၊ ထင်၏။ ဝါ၊ ကား။ ဌိတဿ၊ ကို။ ပညာယတိ၊ သိအပ်၏။ ဘိက္ခဝေ၊ တို့။ သင်္ခတဿ၊ သင်္ခတတရား၏။ သင်္ခတလက္ခဏာနိ၊ ဤကား သင်္ခတတရားဟု မှတ်ကြောင်းလက္ခဏာတို့သည်။ ဣမာနိ တီဏိ၊ ဤသုံးပါးတို့ ပေတည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

ဤသို့ ပြဆိုအပ်သော ပါဠိတော်ကို ထောက်၍ ရှေး၌ပြဆိုခဲ့သည့်အတိုင်း သင်္ခတလက္ခဏာသုံးပါး ရှိကြောင်းကို တင်ရှားသိကြလေကုန်။ ဤတွင် သင်္ခတ တရားဟု မှတ်ကြောင်းလက္ခဏာကို ပြချက်ပြီး၏။

**အသင်္ခတလက္ခဏာ ၃-ပါး။** ။ထိုနည်းအတူ **အသင်္ခတဓာတ်နိဗ္ဗာန်အားလည်း** ဤကား အသင်္ခတတရားဘဲဟု မှတ်ကြောင်း လက္ခဏာ သုံးပါးရှိ၏။ သုံးပါးဟူသည်ကား ဖြစ်ပေါ်မှုဟု ဆိုအပ်သော ဥပါဒ် လက္ခဏာ မရှိခြင်းတပါး၊ ပျက်စီးခြင်း ဘင်ဟု ဆိုအပ်သော ဝယလက္ခဏာ မရှိခြင်းတပါး၊ မိမိ၏သဘောလက္ခဏာဟု ဆိုအပ်သော မဖြစ်မပျက်သော အားဖြင့် တည်ရှိခြင်းတည်းဟူသော အသင်္ခတဌီအခါ၌လည်း ရင့်ရော် ဖောက် ပြန်သည်၏အဖြစ် မရှိခြင်းတည်းဟူသော မှတ်ကြောင်းလက္ခဏာ တပါး။

ဤသို့လျှင် အသင်္ခတဓာတ်အား မှတ်ကြောင်းလက္ခဏာသုံးပါး ရှိပေ၏။ ထိုသို့ ရှိသည်၏အဖြစ်ကို ထင်ရှား သိစေတော်မူလိုသော ဘုရားရှင်သည် တိက-အင်္ဂုတ္တိုရ်ပါဠိတော် စာမျက်နှာ (၁၅၀)၌ပင်—

တီဏိမာနိ ဘိက္ခဝေ အသင်္ခတဿ အသင်္ခတလက္ခဏာနိ။ ကတမာနိ တီဏိ။ န ဥပ္ပါဒေါ ပညာယတိ၊ န ဝယော ပညာယတိ၊ န ဌိတဿ အညထတ္တံ ပညာယတိ။ ဣမာနိ ခေါ ဘိက္ခဝေ တီဏိ အသင်္ခတဿ အသင်္ခတလက္ခဏာနီတိ။

ဟူ၍ ဟောတော်မူအပ်သည်ကိုထောက်၍ သိလေ။

အနက်သိကြောင်း မြန်မာပြန်ကား—

ဘိက္ခဝေ၊ တို့။ အသင်္ခတဿ၊ အသင်္ခတဓာတ်၏။ အသင်္ခတလက္ခဏာနိ၊ ဤကား အသင်္ခတဟု မှတ်ကြောင်းလက္ခဏာတို့သည်။ ဣမာနိ တီဏိ၊ ဤသုံးပါးတို့တည်း။ ကတမာနိ တီဏိ၊ အဘယ်သုံးပါးတို့နည်း ဟူမူကား။ ဥပ္ပါဒေါ၊ ဥပါဒ်ဟု ဆိုအပ်သော ဖြစ်ပေါ်မှုလက္ခဏာသည်။ န ပညာယတိ၊ မထင်။ ဝါ၊ ကား။ ဥပ္ပါဒေါ၊ ကို။ န ပညာယတိ၊ မသိအပ်။ ဝယော၊ ဘင်ဟု ဆိုအပ်သော ပျက်မှုသည်။ န ပညာယတိ၊ မထင်။ ဝါ၊ ကား။ ဝယော၊ ကို။ န ပညာယတိ၊ မသိအပ်။ ဌိတဿ၊ အသင်္ခတဌီဟု ဆိုအပ်သော မိမိ၏ မဖြစ်မပျက်သော သဘောလက္ခဏာဖြင့် ထင်ရှားတည်ရှိသော အသင်္ခတဓာတ်၏လည်း။ အညထတ္တံ၊ တပါးသောအဖြစ်ဟု ဆိုအပ်သော ရင့်ရော်ဖောက်ပြန်သည်၏ အဖြစ်သည်။ န ပညာယတိ၊ မထင်။ ဝါ၊ ကား။ ဌိတဿ၊ ကို။ န ပညာယတိ၊ မသိအပ်။ ဘိက္ခဝေ၊ တို့၊ အသင်္ခတဿ၊ အသင်္ခတဓာတ်၏။ အသင်္ခတလက္ခဏာနိ၊ ဤကား အသင်္ခတတရားပေတည်းဟု မှတ်ကြောင်းလက္ခဏာတို့သည်။ ဣမာနိ တီဏိ၊ ဤသုံးပါးတို့တည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

ဤသို့ ပြဆိုအပ်သောပါဠိတော်ကိုထောက်၍ ရှေး၌ ပြဆိုအပ်ခဲ့သည့်အတိုင်း အသင်္ခတလက္ခဏာသုံးပါးရှိကြောင်းကို ထင်ရှားသိကြလေ။

မြတ်စွာဘုရားအလိုတော် ဖော်ပြချက်။ ။ဤသင်္ခတတရားနှစ်ပါးကို ခွဲခြမ်း၍ ဘုရားရှင် ဟောတော်မူအပ်သော အဓိပ္ပါယ်အရမှာ သင်္ခတတရား၌မူကား ဖြစ်ပေါ်မှုတည်းဟူသော ဥပါဒ်အပိုင်းအခြား,ဖြစ်ပေါ်ပြီး မိမိ၏ သဘောလက္ခဏာဖြင့် အခိုက်အတန့် ရင့်ရော်ဖောက်ပြန်လျက် တည်ရှိမှုတည်းဟူသော ဌီအပိုင်းအခြား, မိမိတို့၏ သဘောလက္ခဏာအားဖြင့် တည်တံ့၍ မနေနိုင်ဘဲလျက် ပျက်စီးရခြင်း တည်းဟူသော ဘင်အပိုင်းအခြား ဤ (၃) ပါးသော အပိုင်းအခြားတို့ကို ဧကန် ရအပ်ကြောင်းကို သိစေတော်မူအပ်လေသည်။

အသင်္ခတဓာတ်၌မူကား ဖြစ်ပေါ်မှုတည်းဟူသော ဥပါဒ် အပိုင်းအခြား, ပျက်မှုတည်းဟူသော ဘင် အပိုင်းအခြား ဤနှစ်ပါးကို မရအပ်၊ မိမိ၏သဘော လက္ခဏာဖြင့် မဖောက်မပြန် အမြဲတည်ရှိမှု တည်းဟူသော အသင်္ခတဋ္ဌိဟု ဆိုအပ်သော အပိုင်းအခြားကို ကေန်ရအပ်ကြောင်းကို န ဌိတဿ အညထတ္တံ ဟု ဟောတော်မူအပ်သော ဒေသနာတော်ဖြင့်သာလျှင် သိစေအပ်၏။ ဤကား ဘုရားရှင်၏ အလိုတော်တည်း။ ထို့ကြောင့် သင်္ခတတရား၌ ဥပါဒ်ဌီဘင်ဟု ဆိုအပ်သော အပိုင်းအခြား သုံးပါးရှိ၏။ အသင်္ခတဓာတ်၌ကား ဖြစ်မှုတည်း ဟူသော ဥပါဒ်အပိုင်းအခြား, ပျက်မှုတည်းဟူသော ဝယဘင်အပိုင်းအခြား မရှိ၊ မိမိ၏ သဘောလက္ခဏာမှ မဖောက်မပြန်ဘဲ အမြဲတည်ရှိသော ဌီအပိုင်း အခြား တပါးသာလျှင် ကေန် ရှိ၏ဟု သိကြလေ။

**ပညတ်၌ ဥပါဒ်ဌီဘင်မရှိပုံ။** ။ထိုသင်္ခတ အသင်္ခတတရားနှစ်ပါးမှ လွတ်သော ပညတ်တရား၌မူကား ဥပါဒ်ဌီဘင်ဟုဆိုအပ်သော သုံးပါးသောအပိုင်းအခြားသည် အခါခပ်သိမ်း မရှိဟု သိကြလေ။ အဘယ်ကြောင့် ပညတ်တရား၌ ဥပါဒ် ဌီဘင် သုံးပါးစလုံး မရှိလေသနည်းဟူမူ။ မူလကိုကပင် ပရမတ္ထအားဖြင့် တစုံတခုသော သဘောမရှိခြင်းကြောင့် ဖြစ်ပေါ်စရာလည်း မရှိ၊ ပျက်စရာလည်း မရှိ၊ သဘော လက္ခဏာဖြင့် တည်ရှိနေသည် ဟူ၍လည်း ဆိုစရာ မရှိလေပြီ။ ထို့ကြောင့် ဥပါဒ်ဌီဘင်ဟု ဆိုအပ်သော သုံးပါးသော အပိုင်းအခြားသည် အခါခပ်သိမ်း မရှိဟု သိကြလေ။ ထိုသို့ သိအပ်ကြောင်း ကိုလည်း သင်္ခတလက္ခဏာ အသင်္ခတလက္ခဏာကို ပိုင်းခြား၍ ဟောအပ်သော ဒေသနာတော်ကိုထောက်၍ပင် သင်္ခတ အသင်္ခတမှလွတ်သော ပညတ်တရား၌ ၎င်းလက္ခဏာသုံးပါးစလုံး မရှိသည်၏အဖြစ်ကို အတ္ထာပန္န နည်းဖြင့် သိအပ်၏။

ထိုမှတပါးလည်း ကသိုဏ်း ပဋိဘာဂ နိမိတ်ကိုခွါ၍ရအပ်သော အာကာသ ကသိုဏ်းကို **အာကာသော** အနန္တော ဟု စီးဖြန်းရာ၌ အနန္တော ဟူသော သဒ္ဒါဖြင့်ပင် ကေန်ပညတ်၌ ဥပါဒ်ဌီဘင် အပိုင်းအခြားမရှိသည်ကို **သိ**အပ်၏။ ဤတွင် သင်္ခတဟူ၍ မှတ်ကြောင်းလက္ခဏာ၊ အသင်္ခတဟူ၍ မှတ်ကြောင်း လက္ခဏာ၊ ပညတ်ဟူ၍ မှတ်ကြောင်း လက္ခဏာတို့ကို ဖော်ပြချက် ပြီး၏။

ဤသုံးပါးသော သင်္ခတ အသင်္ခတ ပညတ်တရားတို့၏ သဘော လက္ခဏာ ကို ထင်ရှားစွာသိကြမှသာလျှင် နိဗ္ဗာန်သဘောကို ထင်ရှားစွာ သိကြလိမ့်မည်၊ ထို့ကြောင့် ၎င်းတရားတို့၏ လက္ခဏာကို ရှေးဦးစွာ ပိုင်အောင် လုပ်ကြလေ။ ပြဆိုအပ်သောနည်းအတိုင်း သင်္ခတ အသင်္ခတ ပညတ်လက္ခဏာတို့ကို ထင်ရှားသိရှိလျှင် အသင်္ခတဓာတ် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မခဲယဉ်းဘူး၊ ပါရမီဓာတ်ခံရှိလျှင် ကေန် မြင်လွယ် ကြလိမ့်မည်၊ ဤကား သတိပေးချက် နှိုးဆော်ချက်တည်း။

## နိဗ္ဗာန်ကို သိမြင်ရန် နည်းကို ပြဆိုချက်

မဂ်ဖိုလ်၏အာရုံဖြစ်သော နိရောဓသစ္စာနိဗ္ဗာန်ဆိုအပ်သည်မှာ တခြားကိုမဆိုအပ်၊ ပြဆိုအပ်ခဲ့ပြီးသော အသင်္ခတဓာတ်ကို ဆိုအပ်သည်။ ၎င်းအသင်္ခတဓာတ်သဘောလက္ခဏာကို ထိုးထွင်း၍သိလိုသော ယောဂီပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ အကြောင်းအကျိုးဖြစ်သော သင်္ခတတရားသဘောတို့၏ ဖြစ်ပျက်ပုံကို နှလုံးသွင်းအပ်ကုန်၏။

**အဝိဇ္ဇာ၏ အပြစ်ဒေါသများ။** ။သွင်းပုံမှာ ဤ**သမုပ္ပါဒနိရောဓဂကျမ်း**၌ ဖော်ပြအပ်ပြီးသော အကြောင်းဖြစ်သော အဝိဇ္ဇာသည်လည်း စင်စစ် ဥပါဒ်ဟု ဆိုအပ်သော ဇာတိတည်းဟူသော ဖြစ်ပေါ်မှုလက္ခဏာသို့ ရောက်ခြင်းကြောင့်သာလျှင် ၎င်းအဝိဇ္ဇာသဘောသည် စင်စစ် ထိုထိုသော သတ္တဝါဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ထင်ရှားလာပေ၏။ ထင်ရှားသည်ဟု ဆိုအပ်သည်မှာလည်း သတ္တဝါအသက် စသည်ဖြင့် ထင်ရှားသည်မဟုတ်၊ ဟုတ်မှန်သော သဘောတရားတို့ကို မသိသောသဘောလက္ခဏာအနေဖြင့်သာလျှင် ထင်ရှားလာလေသည်။ ထိုသို့ ထင်ရှားခြင်းသည် စင်စစ် ဖြစ်ပေါ်သောလက္ခဏာသို့ ရောက်ခြင်းကြောင့်သာလျှင် ထင်ရှားခြင်းသို့ ရောက်၏။ ၎င်းဖြစ်ပေါ်ခြင်းလက္ခဏာသို့ မရောက်လျှင် စင်စစ် အဝိဇ္ဇာသဘောလက္ခဏာသည် မထင်ရှားလေ။ ထို့ကြောင့် ထိုအဝိဇ္ဇာကို ဖြစ်ပေါ်ခြင်း လက္ခဏာနှင့်မကင်းသော သင်္ခတတရားဟု ဘုရားရှင်ဆိုအပ်လေသည်။ ထိုအဝိဇ္ဇာသည် ဖြစ်ပေါ်ခြင်းလက္ခဏာသို့ ရောက်သောအခါ မသိသောလက္ခဏာအနေဖြင့် ထင်ရှားမှုသည် အားရှိ၏။

၎င်းဖြစ်ပေါ်မှုကို လွန်၍ ဌီဟုဆိုအပ်သော တည်ဆဲအခါသို့ရောက်လျှင် စင်စစ် အားနည်းပါးသဖြင့် မူလပေါ်မှုအတိုင်းမဟုတ်နိုင်ဘဲလျက် ရင့်ရော်ဖောက်ပြန်လေတော့၏။ ထိုအခါ ၎င်းတည်ဆဲဖြစ်သော အဝိဇ္ဇာသဘောကို ဇရာသည် နှိပ်စက်အပ်သည်မည်၏။ ထိုဇရာဖြင့် ရင့်ရော်ဖောက်ပြန်ပြီးနောက် ၎င်းအဝိဇ္ဇာသဘောသည် ပျက်ခြင်းတည်းဟူသော ဝယလက္ခဏာဟု ဆိုအပ်သော ဘင်သို့သာလျှင် ရောက်၍ ကွယ်လေတော့၏။ ထိုအခါ ၎င်းအဝိဇ္ဇာကို အပျက်တည်းဟူသော မရဏတရားသည် ထပ်မံ၍ နှိပ်စက်ပြန်လေ၏။ ထိုသို့ နှိပ်စက်ခြင်းကြောင့် ၎င်းသင်္ခါရ၏ အကြောင်းဖြစ်သော အဝိဇ္ဇာသဘောသည် စင်စစ် ကွယ်ပျောက်လေ၍ မရှိခြင်းအဘာဝသို့သာလျှင် ရောက်လေတော့၏။ ထိုနောက် တဖန်ထပ်မံ၍ ဖြစ်ပေါ်ခြင်းသို့ ရောက်ပြန်လျှင် နောက်ဖြစ်သော အဝိဇ္ဇာသည်လည်း ထင်ရှားပြန်လေ၏။

ဖြစ်ပေါ်ခြင်းကိုလွန်၍ ဌီဟုဆိုအပ်သော တည်ဆဲအခါသို့ရောက်လျှင် ရှေးနည်းအတူ အားနည်းပါးသဖြင့် မူလပေါ်မှုအတိုင်း မဟုတ်ပါဘဲလျက် ရင့်ရော်ဖောက်ပြန်လေတော့၏။ ထိုအခါ ၎င်းတည်ဆဲဖြစ်သော အဝိဇ္ဇာသဘောကို ဇရာသည် နှိပ်စက်အပ်သည် မည်၏။ ထိုဇရာဖြင့် ရင့်ရော်ဖောက်ပြန်ပြီးနောက် ၎င်းအဝိဇ္ဇာသဘောသည် ရှေးနည်းအတူ ပျက်ခြင်းတည်းဟူသော ဝယ-လက္ခဏာဟု ဆိုအပ်သော ဘင်သို့သာလျှင်ရောက်၍ ကွယ်လေတော့၏။ ထိုအခါ ၎င်းနောက်ထပ်ပေါ်သော အဝိဇ္ဇာကိုလည်း အပျက်တည်းဟူသော မရဏသည် ထပ်မံ၍ နှိပ်စက်ပြန်လေ၏။

**စကြဝဠာအနန္တရှိ အဝိဇ္ဇာတို့၏ သဘော။** ။ဤသို့လျှင် အစမထင် သံသရာကစ၍ ယခုတိုင်အောင် အနန္တစကြဝဠာ၌ ဖြစ်ပေါ်လာသမျှသော အဝိဇ္ဇာတို့သည် စင်စစ် သတ္တဝါ ပုဂ္ဂိုလ် အသက် စသည်မဟုတ်ပါဘဲလျက် ဟုတ်မှန်သော သဘောတို့ကို မသိတတ်သော သဘောအားဖြင့်သာလျှင် ဖြစ်ပေါ်ဖြစ်ပေါ်ကုန်၍ ထင်ရှားကုန်၏။ ဖြစ်ပေါ်လာ၍ တည်ဆဲခဏတို့၌လည်း ဇရာ၏အနှိပ်စက်ကို ခံရကုန်လျက် ရင့်ရော်ဖောက်ပြန်ကြကုန်၏။ ၎င်းနောက် ဝယဟု ဆိုအပ်သော အပျက်မရဏသည် ကုန်ဆုံးအောင်နှိပ်စက်၍ ကွယ်စေမှုကို ပြုခြင်းကြောင့် ပေါ်လာမြဲအတိုင်း မိမိတို့၏ သဘောလက္ခဏာတို့ဖြင့် မနေနိုင်ကုန်ဘဲ ကွယ်ပျောက်ရကုန်၏။ ထို့ကြောင့် ထိုသင်္ခါရ၏အကြောင်းဖြစ်သော သဘော အဆက်ဆက်တို့သည် မြဲခြင်းတည်းဟူသော နိစ္စလက္ခဏာမှလည်း ကင်းကုန်၏။ ချမ်းသာခြင်းတည်းဟူသော သုခလက္ခဏာမှလည်း ကင်းကုန်၏။ ၎င်းအဝိဇ္ဇာသဘောတို့ကို မပျက်မစီးနေနိုင်ရန် တစုံတယောက်သော သူသည်လည်း မတားမဆီးနိုင်ခြင်းကြောင့် ၎င်းအဝိဇ္ဇာသဘော၌ ပိုင်ဆိုင်သူ အရှင်လည်းမပါ၊ မူလပေါ်လာစဉ်ကလည်း မသိတတ်သော သဘောလက္ခဏာအားဖြင့်သာ ပေါ်လာလေကုန်သည်။ စင်စစ် သတ္တဝါ အတ္တ အသက် အကောင်ဟူ၍ ရှုကြည့်အပ်ရန်လည်း မရှိကုန်။ ထို့ကြောင့် ထိုအဝိဇ္ဇာတို့ကို အနတ္တတရားဟု ခေါ်ဆိုအပ်ကုန်သည်၊ ထိုဆိုအပ်ပြီးသော အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာတို့ကို အဖန်ဖန်သုံးသပ်၍ ကောင်းစွာမြင်လျှင် ၎င်းအဝိဇ္ဇာတည်းဟူသော သင်္ခတတရား၌ ဟုတ်မှန်သော အပြစ်ဒေါသတို့ကို မြင်နေလေ၏။

**သင်္ခါရတို့၏ အပြစ်ဒေါသများ။** ။ထို အဝိဇ္ဇာတို့၏ အပြစ် ဒေါသ တို့ကို ကောင်းစွာ မြင်ပြီးနောက် ၎င်းအဝိဇ္ဇာတို့ကြောင့်ဖြစ်သော ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရတို့၏လည်း အပြစ်ကိုမြင်နိုင်ရန် ရှေးအဝိဇ္ဇာနည်းတူ ရှုရာ၏။

ရှုပုံမှာ–၎င်းသင်္ခါရတရားသုံးပါးတည်းဟူသော စေတနာကံတို့သည် မိမိတို့၏ ပြုပြင်ခြင်းလက္ခဏာတို့ဖြင့် ဖြစ်ပေါ်ခဲ့သော ကာလတိုင်းတို့၌ပင် ဥပါဒ်ဟု ဆိုအပ်သော ဇာတိတည်းဟူသော ဖြစ်ပေါ်မှုလက္ခဏာသို့ ရောက်ခြင်းကြောင့် သာလျှင် ၎င်းပြုပြင်ခြင်းလက္ခဏာရှိသော စေတနာသဘောတို့သည် ထိုထိုသို့ သော ဘုံ၌ဖြစ်သော ထိုထိုသို့သော သတ္တဝါဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ထင်ရှားလာကုန်၏။

ထင်ရှားသည်ဟုဆိုအပ်သည်မှာလည်း သတ္တဝါ့အသက်စသည်ဖြင့် ထင်ရှား သည်မဟုတ်၊ ပြုပြင်တတ်သော သဘောလက္ခဏာ စေ့ဆော်တတ်သော သဘော လက္ခဏာတို့ဖြင့်သာလျှင် ထင်ရှားလာကုန်သည်၊ ထိုသို့ထင်ရှားခြင်းသည် စင်စစ် ဖြစ်ပေါ်သော သဘောလက္ခဏာသို့ ရောက်ခြင်းကြောင့်သာလျှင် ထင်ရှားခြင်း သို့ ရောက်၏။ ၎င်းဖြစ်ပေါ်ခြင်းလက္ခဏာသို့ မရောက်လျှင် စင်စစ် ၎င်းသင်္ခါရ စေတနာတို့၏ သဘောလက္ခဏာသည် မထင်ရှားလေ။ ထို့ကြောင့် သင်္ခါရဟု ဆိုအပ်သော စေတနာသဘောကို ဖြစ်ပေါ်ခြင်းလက္ခဏာနှင့်မကင်းသော သင်္ခတ တရားဟု ဘုရားရှင်ဆိုအပ်လေသည်၊ ထိုသင်္ခါရဟု ဆိုအပ်သော စေတနာသည် ဖြစ်ပေါ်ခြင်းလက္ခဏာသို့ ရောက်သောအခါ ပြုပြင်ခြင်းလက္ခဏာ စေ့ဆော်ခြင်း လက္ခဏာအနေဖြင့် ထင်ရှားမှုသည် အားရှိ၏။ ၎င်းဖြစ်ပေါ်မှုကိုလွန်၍ ဌီဟု ဆိုအပ်သော တည်ဆဲအခါသို့ရောက်လျှင် စင်စစ် အားနည်းပါးသဖြင့် မူလပေါ်မှု အတိုင်း မဟုတ်ဘဲလျက် ရင့်ရော်ဖောက်ပြန်လေ၏။ ထိုအခါ ၎င်းတည်ဆဲ ဖြစ် သော သင်္ခါရဟုဆိုအပ်သော စေတနာသဘောကို ဇရာသည် နှိပ်စက်အပ်သည် မည်၏။

ထိုဇရာဖြင့် ဖောက်ပြန်ပြီးနောက် ၎င်းသင်္ခါရဟု ဆိုအပ်သော စေတနာ သဘောသည် ပျက်ခြင်းတည်းဟူသော ဝယလက္ခဏာဟု ဆိုအပ်သော ဘင်သို့ သာလျှင် ရောက်၍ ကွယ်လေတော့၏။ ထိုအခါ ၎င်းသင်္ခါရဟု ဆိုအပ်သော စေတနာသဘောကို အပျက်တည်းဟူသော မရဏတရားသည် ထပ်မံ၍ နှိပ်စက် ပြန်လေ၏။ ထိုသို့နှိပ်စက်ခြင်းကြောင့် ၎င်းသင်္ခါရဟု ဆိုအပ်သော စေတနာ သဘောသည် စင်စစ် ကွယ်ပျောက်လေ၍ မရှိခြင်းအဘာဝသို့သာလျှင် ရောက် လေတော့၏။

ထိုနောင် တဖန် ထပ်မံ၍ ဖြစ်ပေါ်ခြင်းသို့ ရောက်ပြန်လျှင် နောက်ဖြစ်သော သင်္ခါရဟုဆိုအပ်သော စေတနာသည်လည်း ထင်ရှားပြန်လေ၏။ ဖြစ်ပေါ်ခြင်းကို လွန်၍ ဌီဟု ဆိုအပ်သော တည်ဆဲအခါသို့ရောက်လျှင် ရှေးနည်းအတူ အား နည်းပါးသဖြင့် မူလပေါ်မှုအတိုင်း မဟုတ်ပါဘဲလျက် ရင့်ရော် ဖောက်ပြန်လေ တော့၏။ ထိုအခါ ၎င်းတည်ဆဲဖြစ်သော သင်္ခါရဟုဆိုအပ်သော စေတနာ

သဘောကို ဇရာသည် နှိပ်စက်အပ်သည်မည်၏။ ထိုဇရာဖြင့် ရင့်ရော်ဖောက်ပြန်ပြီးနောက် ၎င်းသင်္ခါရဟုဆိုအပ်သော စေတနာသဘောသည် ရှေးနည်းအတူ ပျက်ခြင်းတည်းဟူသော ဝယလက္ခဏာဟု ဆိုအပ်သောဘင်သို့သာလျှင် ရောက်၍ ကွယ်လေတော့၏။ ထိုအခါ ၎င်းနောက် ထပ်ပေါ်သော သင်္ခါရဟု ဆိုအပ်သော စေတနာသဘောကိုလည်း အပျက်တည်းဟူသော မရဏသည် ထပ်မံ၍နှိပ်စက်ပြန်လေ၏။

**စကြဝဠာအနန္တရှိ သင်္ခါရတို့၏ သဘော။** ။ဤသို့လျှင် အစမထင် သံသရာက စ၍ ယခုတိုင်အောင် အနန္တ စကြဝဠာ၌ ပေါ်လာသမျှသော သင်္ခါရဟု ဆိုအပ်သော စေတနာတို့သည် စင်စစ် သတ္တဝါ, ပုဂ္ဂိုလ်, အသက်စသည် မဟုတ်ပါဘဲလျက် ပူပြင်တတ် စေ့ဆော်တတ်သော သဘောလက္ခဏာအားဖြင့်သာလျှင် ဖြစ်ပေါ်ဖြစ်ပေါ်ကုန်၍ ထင်ရှားကုန်၏၊ ဖြစ်ပေါ်လာ၍ တည်ဆဲခဏတို့၌လည်း ဇရာ၏အနှိပ်စက်ကို ခံရကုန်လျက် ရင့်ရော်ဖောက်ပြန်ကြကုန်၏၊ ၎င်းနောက် ဝယဟု ဆိုအပ်သော အပျက်မရဏသည် ကုန်ဆုံးအောင်နှိပ်စက်၍ ကွယ်စေမှုကိုပြုခြင်းကြောင့် ပေါ်လာမြဲအတိုင်း မိမိတို့၏ သဘောလက္ခဏာတို့ဖြင့် မနေနိုင်ကုန်ဘဲ ကွယ်ပျောက်ရကုန်၏။ ထို့ကြောင့် အဝိဇ္ဇာ၏အကျိုးဖြစ်သော သင်္ခါရဟုဆိုအပ်သော စေတနာသဘော အဆက်ဆက်တို့သည် မြဲခြင်းတည်းဟူသော နိစ္စလက္ခဏာမှလည်း ကင်းကုန်၏။ ချမ်းသာခြင်းတည်းဟူသော သုခလက္ခဏာမှလည်း ကင်းကုန်၏။ ၎င်းစေတနာသဘောတို့ကို မပျက်မစီးနေနိုင်ရန် တစုံတယောက်သော သူသည်လည်း မတားဆီးနိုင်ခြင်းကြောင့် ၎င်းစေတနာသဘောတို့၌ ပိုင်ဆိုင်သူအရှင်လည်း မပါမရှိ၊ မူလပေါ်စဉ်ကလည်း ပူပြင်တတ် စေ့ဆော်တတ်ကုန်သော သဘောလက္ခဏာတို့ဖြင့်သာလျှင် ပေါ်လာလေကုန်သည်။ စင်စစ် သတ္တဝါ, အတ္တ, အသက်, အကောင်ဟူ၍ ရှုကြည့်အပ်ရန်လည်း မရှိကုန်။ ထို့ကြောင့် ၎င်းစေတနာ သဘောတို့ကို အနတ္တတရားဟု ခေါ်ဆိုအပ်ကုန်သည်။ ထိုဆိုအပ်ပြီးသော အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတို့ကို အဖန်ဖန်သုံးသပ်၍ ကောင်းစွာမြင်ပြီးလျှင် ၎င်းသင်္ခါရဟု ဆိုအပ်သော စေတနာတည်းဟူသော သင်္ခတတရားတို့၌ ဟုတ်မှန်သော အပြစ်ဒေါသတို့ကို ကောင်းစွာမြင်နေလေ၏။

ထိုသို့ အကျိုးဖြစ်သော သင်္ခါရဟု ဆိုအပ်သော စေတနာ၏ သင်္ခတ အပြစ်ဒေါသတို့ကို ကောင်းစွာမြင်ပြီးနောက် ၎င်းပြဆိုအပ်ပြီးသော အကြောင်း အဝိဇ္ဇာ အကျိုးသင်္ခါရစေတနာတို့ကို အဖန်တလဲလဲ ရှေးအဝိဇ္ဇာသင်္ခါရတို့ကို ပြဆိုရာခဏ်း၌ ညွှန်ပြခဲ့သည့်အတိုင်း သင်္ခတအပြစ်ဒေါသတွေကို မြင်ထက်မြင်အောင်ရှုလေ၊ ထိုသို့ အဖန်တလဲလဲရှုလေလေ ၎င်းအဝိဇ္ဇာသင်္ခါရတို့၏အပြစ်ဒေါသတွေကို တရေးရေး မြင်လေတော့၏။

**ဝိညာဏ်၏အပြစ်ဒေါသများ။** ။ထိုနောက် တဖန် သင်္ခါရ၏ အကျိုးဖြစ်သော စကြဝဠာအနန္တ၌ ထိုထိုသို့သောဘုံတို့၌ ထိုထိုသို့သော သတ္တဝါသန္တာန်၌ ပဋိသန္ဓေအခါမှစ၍ စုတေကျသည်တိုင်အောင် ဖြစ်ကြလေသမျှကုန်သော ဝိညာဏ်တို့ကိုလည်း ရှေးအဝိဇ္ဇာသင်္ခါရတို့၏အပြစ်ကို ရှုသကဲ့သို့ အပြစ်မြင်အောင်ရှုရာ၏၊ ရှုပုံမှာ–၎င်းသင်္ခါရသုံးပါးတို့၏ အကျိုးဖြစ်သော ဝိညာဏ်တို့သည် မိမိ မိမိတို့၏ သိတတ်သောသဘောလက္ခဏာတို့ဖြင့် ဖြစ်ပေါ်လာခဲ့ကုန်သော ဘဝတိုင်း၌ပင် ဥပါဒ်ဟုဆိုအပ်သော ဇာတိတည်းဟူသော ဖြစ်ပေါ်မှုလက္ခဏာသို့ ရောက်ကုန်ခြင်းကြောင့်သာလျှင် ၎င်းသိမှုဝိညာဏ်သဘောတို့သည် စင်စစ် ထိုထိုသော သတ္တဝါဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ ထင်ရှားလာကုန်၏။ ထင်ရှားသည်ဟု ဆိုသည်မှာလည်း သတ္တဝါ, အသက် စသည်ဖြင့် ထင်ရှားသည်မဟုတ်၊ အာရုံကိုသိတတ်သော သဘောလက္ခဏာ အနေတို့ဖြင့်သာလျှင် ထင်ရှားလာကုန်သည်။ ထိုသို့ ထင်ရှားကုန်ခြင်းသည် စင်စစ် ဖြစ်ပေါ်သော သဘောလက္ခဏာသို့ ရောက်ကုန်ခြင်းကြောင့်သာလျှင် ထင်ရှားခြင်းသို့ ရောက်ကုန်၏၊ ၎င်းဖြစ်ပေါ်ခြင်းလက္ခဏာသို့မရောက်ကုန်လျှင် စင်စစ် ၎င်းသိမှုသဘောလက္ခဏာတို့သည် မထင်ရှားလေကုန်၊ ထို့ကြောင့် သိမှုလက္ခဏာရှိသော ဝိညာဏ်တို့ကို ဖြစ်ပေါ်ခြင်းလက္ခဏာနှင့် မကင်းကုန်သော သင်္ခတတရားတို့ဟု ဘုရားရှင်ဆိုအပ်လေသည်။

ထိုတခုတခုသော အသိသဘောဝိညာဏ်သည် ဖြစ်ပေါ်ခြင်းလက္ခဏာသို့ ရောက်သောအခါ သိခြင်းသဘောလက္ခဏာအနေဖြင့် ထင်ရှားမှုသည် အားရှိ၏၊ ၎င်းဖြစ်ပေါ်မှုကိုလွန်၍ ဋ္ဌီဟုဆိုအပ်သော တည်ဆဲအခါသို့ရောက်လျှင် စင်စစ် အားနည်းပါးသဖြင့် မူလပေါ်မှုအတိုင်း မဟုတ်ဘဲလျက် ရင့်ရော်ဖောက်ပြန်လေတော့၏၊ ထိုအခါ ၎င်းတည်ဆဲဖြစ်သော သိမှုဝိညာဏ်သဘောကို ဇရာသည် နှိပ်စက်အပ်သည်မည်၏။ ထိုဇရာဖြင့် ရင့်ရော်ဖောက်ပြန်ပြီးနောက် ၎င်းသိမှုဝိညာဏ်သဘောသည် ပျက်ခြင်းတည်းဟူသော ဝယလက္ခဏာဟု ဆိုအပ်သော ဘင်သို့သာလျှင် ရောက်၍ ကွယ်လေတော့၏၊ ထိုအခါ ၎င်းအသိသဘော ဝိညာဏ်ကို အပျက်တည်းဟူသော မရဏတရားသည် ထပ်မံ၍ နှိပ်စက်ပြန်လေ၏။ ထိုသို့ နှိပ်စက်ခြင်းကြောင့် ၎င်းအသိသဘောဝိညာဏ်သည် စင်စစ် ကွယ်ပျောက်လေ၍ မရှိခြင်း အဘာဝသို့သာလျှင် ရောက်လေတော့၏။

ထိုနောက် တဖန် ထပ်မံ၍ ဖြစ်ပေါ်ခြင်းသို့ရောက်ပြန်လျှင် နောက်ဖြစ်သော အသိဝိညာဏ်သဘောသည်လည်း ထင်ရှားပြန်လေ၏။ ဖြစ်ပေါ်ခြင်းကိုလွန်၍ ဋ္ဌီဟုဆိုအပ်သော တည်ဆဲအခါသို့ရောက်လျှင် ရှေးနည်းအတူ အားနည်းပါး သဖြင့် မူလပေါ်မှုအတိုင်းမဟုတ်ပါဘဲလျက် ရင့်ရော်ဖောက်ပြန်လေတော့၏၊ ထိုအခါ ၎င်းတည်ဆဲဖြစ်သော အသိသဘောကို ဇရာသည် နှိပ်စက်အပ်သည်

မည်၏။ ထိုဇရာဖြင့် ရင့်ရော်ဖောက်ပြန်ပြီးနောက် ၎င်းသိမှုဝိညာဏ်သဘော သည် ရှေးနည်းအတူ ပျက်ခြင်းတည်းဟူသော ဝယလက္ခဏာဟု ဆိုအပ်သော ဘင်သို့သာလျှင်ရောက်၍ ကွယ်လေတော့၏၊ ထိုအခါ ၎င်းနောက်ထပ်ပေါ်သော **အ**သိဝိညာဏ်ကိုလည်း အပျက်တည်းဟူသော မရဏသည် ထပ်မံ၍ နှိပ်စက်ပြန် လေ၏။

**စကြဝဠာအနန္တရှိ ဝိညာဏ်တို့၏သဘော။** ။ဤသို့လျှင် အစမထင် သံသရာက စ၍ ယခုတိုင်အောင် အနန္တစကြ ဝဠာ၌ ပေါ်လာသမျှသော အသိသဘောဝိညာဏ်တို့သည် စင်စစ် သတ္တဝါ၊ အသက် စသည်မဟုတ်ကုန်ပါဘဲလျက် အာရုံကို သိတတ်သောသဘောလက္ခဏာ **အား**ဖြင့်သာလျှင် ဖြစ်ပေါ်ဖြစ်ပေါ်ကုန်၍ ထင်ရှားကုန်၏၊ ဖြစ်ပေါ်လာ၍ တည်ဆဲခဏတို့လည်း ဇရာ၏အနှိပ်စက်ကို ခံရကုန်လျက် ရင့်ရော်ဖောက်ပြန်ကြ ကုန်၏၊ ၎င်းနောက် ဝယဟုဆိုအပ်သော အပျက်မရဏသည် ကုန်ဆုံးအောင် နှိပ်စက်၍ ကွယ်စေမှုကို ပြုခြင်းကြောင့် ပေါ်လာမြဲအတိုင်း မိမိတို့၏ သဘော လက္ခဏာတို့ဖြင့် မနေနိုင်ကုန်ဘဲ ကွယ်ပျောက်ရလေကုန်၏။

ထို့ကြောင့် ထိုသင်္ခါရ၏အကျိုးဖြစ်သော သိမှုသဘောဝိညာဏ်အဆက်ဆက် တို့သည် မြဲခြင်းတည်းဟူသော နိစ္စလက္ခဏာမှလည်း ကင်းကုန်၏၊ ချမ်းသာခြင်း တည်းဟူသော သုခလက္ခဏာမှလည်း ကင်းကုန်၏၊ ၎င်းအသိသဘောတို့ကို မပျက်မစီးနေနိုင်ရန် တစုံတယောက်သော သူသည်လည်း မတားဆီးနိုင်ခြင်း ကြောင့် ၎င်းအသိသဘောဝိညာဏ်၌ ပိုင်ဆိုင်သူအရှင်လည်း မပါမရှိ၊ မူလပေါ် လာစဉ်ကလည်း အာရုံကို သိတတ်သော သဘောလက္ခဏာအားဖြင့်သာလျှင် ပေါ်လာလေကုန်သည်၊ စင်စစ် သတ္တဝါ၊ အတ္တ၊ အသက်၊ အကောင် ဟူ၍ ရှုကြည့် အပ်ရန်လည်း မရှိကုန်၊ ထို့ကြောင့် ၎င်းအသိသဘောတို့ကို အနတ္တတရားဟု ခေါ် ဆိုအပ်လေကုန်သည်။ ထိုဆိုအပ်ပြီးသော အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတို့ကို အဖန်ဖန်သုံးသပ်၍ ကောင်းစွာ မြင်လျှင် ၎င်းအာရုံကို သိတတ်သော သဘောလက္ခဏာရှိသော ဝိညာဏ်တည်းဟူသော သင်္ခတတရား၌ ဟုတ်မှန်သော အပြစ်ဒေါသတို့ကို ကောင်းစွာမြင်သည်မည်၏။ ထိုအသိသဘော ဝိညာဏ်၌ အပြစ်ဒေါသတို့ကို ကောင်းစွာ မြင်လျှင် ၎င်းအသိဝိညာဏ်တို့နှင့် အတူတကွ ယှဉ်ဘော် ယှဉ်ဘက်ဖြစ်ကုန်သော သမ္ပယုတ္တဓမ္မ ဖြစ်ကုန်သော စေတသိက်တရားတို့၏ အပြစ်ကိုလည်း ကောင်းစွာ မြင်လေတော့၏ဟု မှတ်။ အဘယ်ကြောင့်ဆိုသော် ၎င်းစေတသိက်တရားတို့သည် အသိဝိညာဏ် ဖြစ်ပေါ် လျှင် အတူဖြစ်ပေါ်ကုန်၏။ အသိဝိညာဏ်ကွယ်လျှင် ၎င်းတို့လည်း အတူတကွ ကွယ်ကြလေခြင်းကြောင့်တည်း။ ထို့ကြောင့် သိမှုဝိညာဏ်တည်းဟူသော သင်္ခတ တရား၏ အပြစ်ဒေါသကိုမြင်လျှင် ၎င်းနှင့်အတူ ယှဉ်၍ဖြစ်ကုန်သော စေတသိက်

တရားဟူသမျှတို့၌လည်း ထိုဝိညာဏ်၏ ဒေါသကိုမြင်သောနည်းအတိုင်း မြင်လေတော့၏ဟု မှတ်ကြလေ။

ဤ ပြဆိုအပ်ပြီးသော ဝိညာဏ်၏ ဖြစ်ပျက်မှု စသည်တို့ကို ပြဆိုအပ်သောနည်းကိုမှီ၍ အလုံးစုံသော သင်္ခတပရမတ်ဖြစ်ကုန်သော တရားဟူသမျှတို့၌လည်း ဖြစ်မှု, ရင့်မှု, ပျက်မှုတည်းဟူသော သင်္ခတဒေါသအပြစ်ကို မြင်အောင်ကြည့်ကြလေ။

**လက္ခဏာရေး ၃-ပါး ထင်လာပုံ။** ။ထိုပြဆိုအပ်ပြီးသော အသိဝိညာဏ်တည်းဟူသော သင်္ခတတရား၏ အပြစ်တွေ**ကို** **ကောင်း**စွာ မြင်ပြီးနောက် တဖန် ရှေး၌ ပြဆိုအပ်ပြီးသော နည်းအတိုင်း အကြောင်းသင်္ခါရ အကျိုးဝိညာဏ်တို့သည်သာလျှင် သတ္တဝါ, ပုဂ္ဂိုလ်, အသက်စသည် မဟုတ်ကုန်ဘဲလျက် အဆက်မပြတ် ဖြစ်ပေါ်ကြပြီးလျှင် မပြတ်မလပ်ဖြစ်ပေါ်ကုန်၍ ဌီသို့ ရောက်ကုန်တိုင်း ရောက်ကုန်တိုင်း ဇရာသည် နှိပ်စက်အပ်သည်တို့ကိုရင်း၊ ဇရာနှိပ်စက်ပြီးနောက် တဖန် အပျက် တည်းဟူသော မရဏဘင်သည် ထပ်မံ၍ နှိပ်စက်အပ်ပြန်ခြင်းကြောင့် သက်သာခွင့်ကိုမရကုန်ဘဲ ဒုက္ခဖြစ်ကုန်၍သာလျှင် ကွယ်ပျောက်ကြကုန်သည်တို့ကိုရင်း အဖန်တလဲလဲ မြင်အောင် သုံးသပ် ဆင်ခြင်ကြည့်ရှုနေရမည်။

ထိုသို့နေလျှင် ၎င်းအကြောင်းအကျိုး တရားနှစ်ပါး၌ သတ္တဝါ, အတ္တစသည်ကိုလည်း မထင်မမြင်ပြီ။ စင်စစ် နိစ္စ စသည်ကိုလည်း မထင်မမြင်ပြီ။ စင်စစ် သုခစသည်ကိုလည်း မထင်မမြင်လေပြီ၊ စင်စစ် အနတ္တသဘောသာလျှင် ကေန် ဖြစ်သည်၏ အဖြစ်ကိုရင်း၊ ဒုက္ခသဘောသာလျှင် ကေန် ဖြစ်သည်၏ အဖြစ်ကိုရင်း၊ မမြဲသောသဘော၏ အဖြစ်ကိုရင်း တရေးရေး မြင်လေတော့၏။

**နိဗ္ဗိန္ဒာဉာဏ် ဖြစ်ပုံ။** ။ထိုသို့ မြင်ခြင်းကြောင့် ၎င်း**အ**ကြောင်းဖြစ်သော သင်္ခါရ အကျိုးဖြစ်သော သိမှု ဝိညာဏ် အဆက်ဆက်တို့၏ ဖြစ်ပေါ်မှုကို အလိုမရှိဘဲ ငြီးငွေ့ စက်ဆုပ်လေတော့၏။

**မုဉ္စိတုကမျတာဉာဏ်။** ။ထိုသို့ ငြီးငွေ့စက်ဆုပ်ဖန် များလတ်သော် နောင် တဖန် ဆက်သွယ်၍ ဖြစ်ပေါ်မှုကို အလိုမရှိလေပြီ။ လွတ်လိုမှုကိုသာလျှင် အလွန် အလိုရှိလေ၏။ ထိုသို့ လွတ်လိုမှုကို အလိုရှိ၍ လွတ်ရာကိုသာလျှင် အဖန်တလဲလဲ စုံစမ်း ရှာဖွေလေတော့၏။ ထိုသို့စုံစမ်းရှာဖွေလတ်သော် ဤသို့သောအကြံသည် ဖြစ်၏။

**နေက္ခမ္မဝိတက် ဖြစ်ပုံ။** ။ဘယ်လိုဖြစ်သနည်းဟူမူ အကြင်မျှလောက် ဖြစ်ပေါ်ခြင်းတည်းဟူသော ဥပါဒ်ဟု ဆိုအပ်သော ဇာတိ

သဘောသည် ရှိသေး၏။ ထိုမျှလောက်ကာလပတ်လုံး ၎င်းအကြောင်းအကျိုး သင်္ခါရဝိညာဏ်တည်းဟူသော သင်္ခတတရားတို့မှ မလွတ်နိုင်ဟု အကြံဖြစ်လေ၏။ အဘယ်ကြောင့် မလွတ်နိုင်သနည်းဟူမူ ထိုအကြောင်းအကျိုး တရားနှစ်ပါးတို့သည် စင်စစ် ဖြစ်ပေါ်မှုလက္ခဏာသို့ရောက်မှသာလျှင် ထင်ရှားရှိနိုင်ကုန်သည်၊ ဖြစ်ပေါ်မှုလက္ခဏာသို့မရောက်ကုန်လျှင် စင်စစ် ထင်ရှားမရှိလေကုန်။ထို့ကြောင့် ၎င်းတရားတို့သည် ဖြစ်ပေါ်မှုလက္ခဏာရှိသော ဥပါဒ်ဟု ခေါ်ဆိုအပ်သော ဇာတိမှလည်း မလွတ်ကုန်သောတရားတို့သာလျှင် ကေန်ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ကုန်ခြင်းကြောင့် ဖြစ်ပေါ်မှုမှ မလွတ်ကုန်လျှင် ထိုအကြောင်းအကျိုး တရားနှစ်ပါးတို့မှ မလွတ်နိုင်ဟု ကေန် အကြံဖြစ်လေသတည်း။

**နိဗ္ဗာန်ကို မှန်းဆ၍ သိလာပုံ။** ။ထိုသို့ အကြံဖြစ်ပြီးနောက် တဖန် လွတ်ရာကို စုံစမ်းလတ်သော် စင်စစ် ဖြစ်ပေါ်ခြင်းလက္ခဏာရှိသော ဇာတိမှ လွန်မြောက်မှသာလျှင် ကေန် ၎င်းအကြောင်းအကျိုးတရားနှစ်ပါးတို့မှ လွတ်နိုင်သည်ဟု အကြံဖြစ်လေတော့၏။ ထိုသို့ အကြံဖြစ်ပြီးမှ ဖြစ်ပေါ်ခြင်းလက္ခဏာရှိသော ဇာတိမှ လွန်မြောက်ရာ သဘောကို ရှာဖွေစုံစမ်းလတ်သော် ၎င်းဖြစ်ပေါ်ခြင်း သဘောလက္ခဏာရှိသော ဇာတိနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်လျက် တည်ရှိသော မဖြစ်ပေါ်သော သဘောလက္ခဏာရှိသော အဇာတိသဘော တပါးကိုသာလျှင် ထောက်ဆ၍ သိလေတော့၏။ ၎င်းသဘောကို ဘယ်လို ထောက်ဆ၍ သိလေသနည်းဟူမူ လောက၌ အပူရှိလျှင် ၎င်း အပူမှ လွန်မြောက်၍တည်သော အပူ၏ဆန့်ကျင်ဘက် အအေးသဘောသည် ထင်ရှားရှိသကဲ့သို့၎င်း၊ လောက၌ ယုတ်မာသော တရားရှိလျှင် ၎င်းမှ လွန်မြောက်၍တည်သော ဆန့်ကျင်ဘက်ဖြစ်သော ကောင်းသောတရားသည်လည်း ကေန် ရှိသကဲ့သို့၎င်း ထိုနည်းအတူ ဖြစ်ပေါ်ခြင်းလက္ခဏာရှိသော ဇာတိသဘောရှိလျှင် ၎င်း၏ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်ပေါ်ခြင်း လက္ခဏာရှိသော အဇာတိသဘောသည်လည်း ကေန် ရှိမြဲပေတည်းဟု လောကဓမ္မတာသဘောကိုမြင်သဖြင့် ထောက်ဆ၍ သိလေတော့၏။ ထိုသို့ ထောက်ဆ၍ သိပုံကိုလည်း အဋ္ဌသာလိနီ အဋ္ဌကထာ စာမျက်နှာ(၃၄)၌ ပြဆိုအပ်သော ဗုဒ္ဓဝင်ပါဠိတော် စာမျက်နှာ (၃၀၇) ၌ လာသော—

ယထာပိ ဒုက္ခေ ဝိဇ္ဇန္တေ၊ သုခံ နာမပိ ဝိဇ္ဇတိ။
ဧဝံ ဘဝေ ဝိဇ္ဇမာနေ၊ ဝိဘဝေါပိ ဣစ္ဆိတဗ္ဗကော။
ယထာပိ ဥဏှေ ဝိဇ္ဇန္တေ၊ အပရမ္ပိ ဝိဇ္ဇတိ သီတလံ။
ဧဝံ တိဝိဓဂ္ဂိ ဝိဇ္ဇန္တေ၊ နိဗ္ဗာနံ ဣစ္ဆိတဗ္ဗကံ။
ယထာပိ ပါပေ ဝိဇ္ဇန္တေ၊ ကလျာဏမပိ ဝိဇ္ဇတိ။
ဧဝမေဝ ဇာတိ ဝိဇ္ဇန္တေ၊ အဇာတိပိ ဣစ္ဆိတဗ္ဗကံ။

ဟူ၍ လာရှိသည်ကိုင်း၊ ထိုနည်းအတူ ဥဒါန်းအဋ္ဌကထာ ဆယ်ကြောင်းပေ ၁၁-ချပ် ကျောဘက် (ဆဋ္ဌမူ နှာ ၃၅၃) ၌ လာရှိသည်ကိုင်း ထောက်၍ သိကြလေ။

အနက်သိကြောင်း မြန်မာပြန်ကား—

အပိ၊ ဖြစ်သင့်ဖြစ်ရာသော ဥပမာ ဥပမေယျကို ဆိုဦးအံ့။ ဒုက္ခေ၊ ဆင်းရဲခြင်းသည်။ ဝိဇ္ဇန္တေ၊ ရှိလတ်သော်။ သုခံ နာမပိ၊ ချမ်းသာမည်သည်လည်း။ ဝိဇ္ဇတိ ယထာ၊ ရှိသကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ ဘဝေ၊ ဖြစ်ခြင်းတရားသည်။ ဝိဇ္ဇမာနေ၊ ရှိလတ်သော်။ ဝိဘဝေါပိ၊ ဖြစ်ခြင်းတရား၏ ကင်းရာကင်းကြောင်း ဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကိုလည်း။ ဣစ္ဆိတဗ္ဗကော၊ အလိုရှိအပ်၏။

အပိ၊ ဖြစ်သင့်ဖြစ်ရာသော ဥပမာ ဥပမေယျကို ဆိုဦးအံ့။ ဥဏှေ၊ အပူသည်။ ဝိဇ္ဇန္တေ၊ ရှိလတ်သော်။ အပရံ၊ အပူမှတပါးသော။ သီတလံပိ၊ အအေးသည်လည်း။ ဝိဇ္ဇတိ ယထာ၊ ရှိသကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ၊ တိဝိဓဂ္ဂိ-တိဝိဓဂ္ဂိမှိ၊ ရာဂ ဒေါသ မောဟ တည်းဟူသော သုံးပါး အပြားရှိသော မီးသည်။ ဝိဇ္ဇန္တေ၊ ရှိလတ်သော်။ နိဗ္ဗာနံ၊ မီးသုံးပါးတို့၏ ငြိမ်းရာငြိမ်းကြောင်း ဖြစ်သော နိဗ္ဗာန် သဘောကို။ ဣစ္ဆိတဗ္ဗကံ၊ အလိုရှိအပ်၏။

အပိ၊ အံ့။ ပါပေ၊ မကောင်းမှုသည်။ ဝိဇ္ဇန္တေ၊ ရှိလတ်သော်။ ကလျာဏ-မပိ၊ ကောင်းမှုသည်လည်း။ ဝိဇ္ဇတိ ယထာ၊ ရှိသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဇာတိ၊ ဖြစ်ခြင်းသဘောသည်။ ဝိဇ္ဇန္တေ၊ ရှိလတ်သော်။ အဇာတိပိ၊ မဖြစ်ခြင်း သဘောကိုလည်း။ ဣစ္ဆိတဗ္ဗကာ၊ အလိုရှိအပ်၏။

ဤသို့ ပြဆိုအပ်သော ပါဠိတို့တွင် **ဇာတိ၏ ပဋိပက္ခ** **အဇာတိကိုထောက်၍** စင်စစ် ဖြစ်ပေါ်ခြင်း လက္ခဏာရှိသော ဇာတိတရားရှိလျှင် ၎င်း၏ ဆန့်ကျင်ဘက် ဖြစ်သော မဖြစ်ပေါ်ခြင်း လက္ခဏာရှိသော **အဇာတိ** တရားသည်လည်း ကေန် ဆန့်ကျင်ဘက်အားဖြင့် ရှိသည်ကို ဘုရားရှင်သည် ဗုဒ္ဓဝင်ပါဠိတော်၌ ပညာရှိတို့ သိဘို့ရန် ပဋိပက္ခအားဖြင့် ပြပေသည်ကို ကေန်ပညာရှိတို့ ထောက်ဆ၍ သိအပ် သည်သာလျှင် ကတည်းဟု မှတ်ကြလေ။

**နိဗ္ဗာန်သည် ပရမတ္ထ ထင်ရှားရှိပုံ။** ။ထိုသို့ ထောက်ဆ၍ သိအပ်သော မဖြစ်ပေါ်ခြင်းသဘောသည် စင်စစ် အသင်္ခတဓာတ် နိဗ္ဗာန် ဖြစ်၏။ ထိုမဖြစ်ပေါ်ခြင်း သဘောသည်သာလျှင် ကေန် ဖြစ်ပေါ်ခြင်း သဘောလက္ခဏာရှိသော ဇာတိနှင့် ဆန့်ကျင်ဘက်ပြုလျက် ထင်ရှားရှိသောကြောင့် ပရမတ္ထသဘော ဖြစ်၏။ အဘယ်ကြောင့် ပရမတ္ထသဘော၏ အဖြစ်ကို ထင်ရှားသိရလေသနည်း ဟူမူ ဖြစ်ခြင်းလက္ခဏာရှိသော ဇာတိတရားသည် စင်စစ် ပရမတ္ထသဘော ဖြစ်၏၊ ထို ပရမတ္ထ သဘောဖြစ်သော ဇာတိ၏ ဆန့်

ကျင်ဘက်ဖြစ်သော မဖြစ်ပေါ်သော လက္ခဏာရှိသောတရားသည်လည်း စင်စစ် သဘောအားဖြင့် ထင်ရှားရှိခြင်းကြောင့် ပရမတ္ထသဘောတရားဟု ထင်ရှားသိရလေသည်။ ဤ ပါဠိတော်ဖြင့်သာ သိရသည်မဟုတ်သေး။

အတ္ထိ ဘိက္ခဝေ အဇာတံ။

ဟူ၍ ဟောတော်မူအပ်သော ဣတိဝုတ် ပါဠိတော် စာမျက်နှာ (၂၂၀) ကို ထောက်၍လည်း သိကြလေဦး။

ဘိက္ခဝေ၊ တို့။ အဇာတံ၊ ဖြစ်ပေါ်မှုလက္ခဏာမှ ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်ပေါ်သော လက္ခဏာရှိသော အသင်္ခတဓာတ်တည်းဟူသော နိဗ္ဗာန်တရားသည်။ ဝါ၊ တနည်းကား။ အဇာတံ၊ များစွာသော အကြောင်းတရားတို့သည် ပေါင်းဆုံညီညွတ်ခြင်းကြောင့် ဖြစ်ပေါ်မှုမရှိဘဲလျက် ဇာတိ၏ ပဋိပက္ခအားဖြင့် သာလျှင် မဖြစ်ပေါ်သော လက္ခဏာအားဖြင့် ထင်ရှားတည်ရှိသော အသင်္ခတဓာတ် နိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိပေ၏။

ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်ကိုထောက်၍ မဖြစ်ပေါ်သော သဘောလက္ခဏာရှိသော တရားသည် စင်စစ် ပရမတ္ထ သဘောဖြစ်ကြောင်းကို ထင်ရှားသိကြလေ။ ဤ ပါဠိတော်ဖြင့်သာ သိရသည်မဟုတ်သေး။ ၎င်းကိုဖွင့်သော အဋ္ဌကထာ၌လည်း—

အတ္ထိ ဘိက္ခဝေ အဇာတန္တိ ဣမိနာပိ စ သုတ္တေန နိဗ္ဗာနဓာတုယာ ပရမတ္ထတော သဗ္ဘာဝေါ သဗ္ဗလောကံ အနုကမ္ပမာနေန သမ္မာသမ္ဗုဒ္ဓေန ဒေသိတောတိ။

ဟူ၍ ဖွင့်ပြအပ်သော ဣတိဝုတ် အဋ္ဌကထာ စာမျက်နှာ(၁၅၅)ကို ထောက်၍လည်း သိကြလေဦး။

အတ္ထိ ဘိက္ခဝေ အဇာတန္တိ ဣမိနာပိ စ သုတ္တေန၊ အတ္ထိ ဘိက္ခဝေ အဇာတံ ဟူသော ဤသုတ်ဖြင့်လည်း။ နိဗ္ဗာနဓာတုယာ၊ နိဗ္ဗာနဓာတ်၏။ ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ သဗ္ဘာဝေါ ထင်ရှားဖြစ်သင့်ခြင်းကို။ သဗ္ဗလောကံ၊ အလုံးစုံသော သတ္တလောကကို။ အနုကမ္ပမာနေန၊ အစဉ်သနားတော်မူသဖြင့်။ ဝါ၊ အစဉ်သနားတော်မူသော။ သမ္မာသမ္ဗုဒ္ဓေန၊ သစ္စာလေးပါး တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင်သာလျှင် ထိုးထွင်း၍ သိတော်မူတတ်သော မြတ်စွာဘုရားသည်။ ဒေသိတော၊ ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

ဤကား အနက်သိကြောင်း မြန်မာပြန်တည်း။

ဤ ပြဆိုအပ်သော ပါဠိတို့တွင် **ပရမတ္ထတော သဗ္ဘာဝေါ**-ဟူသော ပါဠိကို ထောက်၍ ၎င်းအဇာတံဟူ၍ ဟောတော်မူသော ဇာတိ၏ ပဋိပက္ခသဘောသည် စင်စစ် ပရမတ္ထသဘောဖြစ်ကြောင်းကို ထင်ရှားသိကြလေ။

**နိဗ္ဗာန်၌ အိုနာသေမှု မရှိပုံ။** ။ထိုမဖြစ်ပေါ်ခြင်း သဘောသည်သာလျှင် စင်စစ် ဖြစ်ပေါ်ခြင်း လက္ခဏာရှိသော ဇာတိသဘောမှ ကင်းလေခြင်းကြောင့် ပျက်စီးခြင်းလည်း မရှိလေပြီ။ ထိုသို့ ဖြစ်ပေါ်ခြင်း လက္ခဏာ ပျက်စီးခြင်း လက္ခဏာတို့မှကင်း၍ မဖြစ်ပေါ်သော သဘောလက္ခဏာအားဖြင့် ထင်ရှားတည်ရှိပေ၏။ ထိုသို့ တည်ရှိသော ၎င်း မဖြစ်ပေါ်သော လက္ခဏာရှိသော ပရမတ္ထသဘောတရားသည် အခါခပ်သိမ်း ရင့်ရော်ခြင်းသို့လည်း မရောက်လေပြီ တည်မြဲတိုင်းသာလျှင် တည်ရှိပေ၏။ အဘယ်ကြောင့် ရင့်ရော်ခြင်းသို့ မရောက်ဘဲတည်မြဲတိုင်းသာ တည်ရှိလေသနည်း ဟူမူ ဖြစ်ပေါ်မှုလက္ခဏာရှိသော ဇာတိတရားမှ ကင်းသည်၏ အဖြစ်ကြောင့်တည်း။ ထို့ကြောင့် ဓမ္မပဒအဋ္ဌကထာရှင်သည် အပ္ပမာဒဝဂ်အဖွင့် စာမျက်နှာ (၁၄၅)၌—

> အမတံ ဝုစ္စတိ နိဗ္ဗာနံ၊ တဉှိ အဇာတတ္တာ န ဇီယတိ န မီယတိ၊ တသ္မာ အမတန္တိ ဝုစ္စတိ။

ဟူ၍ ဖွင့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

နိဗ္ဗာနံ၊ မီးဆဲ့တပါးတို့၏ ငြိမ်းရာငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်ကို။ အမတံ၊ မပျက်မစီးဘဲ တည်မြဲတိုင်းတည်သော တရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ တံ၊ ထိုနိဗ္ဗာန်သည်။ အဇာတတ္တာ၊ ဖြစ်ပေါ်မှု မရှိသည်၏ အဖြစ်ကြောင့်။ ဝါ၊ ဖြစ်ပေါ်မှု၏ ဆန့်ကျင်ဘက်ဖြစ်သည်၏ အဖြစ်ကြောင့်။ န ဇီယတိ၊ မဆွေးမြေ့။ န မီယတိ၊ မပျက်စီး။ တသ္မာ၊ ထိုသို့ မဆွေးမြေ့ မပျက်စီးသည်၏အဖြစ်ကြောင့်။ အမတန္တိ၊ အမတဟူ၍။ ဝါ၊ ဆွေးမြေ့ပျက်စီးခြင်း မရှိဘဲ တည်မြဲတိုင်း တည်သော တရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤပြဆိုအပ်သော ပါဠိတို့တွင် **အဇာတတ္တာ**ဟူသော ဟိတ်ပါဠိဖြင့် ဖြစ်ပေါ်မှုလက္ခဏာမရှိသည်ကို အနွယအားဖြင့် ပြ၍၊ မဖြစ်ပေါ်သော လက္ခဏာရှိသည်၏ အဖြစ်ကို ဗျတိရိက်ဖြင့် ပြပေ၏။ (န ဇီယတိ၊ န မီယတိ)ဟူသော ပါဠိတို့ဖြင့် ထိုမဖြစ်ပေါ်သော သဘောလက္ခဏာရှိသော တရားသည် ဖြစ်ပေါ်မှု လက္ခဏာမှ ကင်းသည်၏ အဖြစ်ကြောင့် အခါခပ်သိမ်း ရင့်ရော်ဆွေးမြေ့

ပျက်စီးမှု မရှိသည်၏အဖြစ်ကို ပြ၏။ ထိုသို့ပြခြင်းကြောင့် ၎င်းမဖြစ်ပေါ်သော သဘောလက္ခဏာရှိသော အမတဟု ခေါ်အပ်သော နိဗ္ဗာနဓာတ်သည် အခါ ခပ်သိမ်း မိမိ၏ သဘောလက္ခဏာအားဖြင့် တည်မြဲတည်နေသည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလေသည်။

ထိုဆိုအပ်ပြီးသော မဖြစ်ပေါ်သော သဘောလက္ခဏာရှိသောဓာတ်သည် စင်စစ် သင်္ခတ၏ လက္ခဏာဖြစ်သော ဖြစ်ပေါ်မှုတည်းဟူသော ဉပါဒ်မှလည်း ကင်း၏၊ ပျက်မှုတည်းဟူသော ဝယလက္ခဏာမှလည်း ကင်း၏၊ တည်မြဲတိုင်း သော မဖြစ်ပေါ်သော လက္ခဏာမှလည်း အခါခပ်သိမ်း ရင့်ရော်ဖောက်ပြန် သည်၏ အဖြစ်လည်း မရှိသောကြောင့် သင်္ခတဌီမှလည်း ကင်း၏။ ထို့ကြောင့် ထိုမဖြစ်ပေါ်သော သဘောလက္ခဏာရှိသော တရားသည် စင်စစ် သင်္ခတတရားမှ ဆန့်ကျင်ဘက်ဖြစ်လျက် တည်သောကြောင့် အသင်္ခတသဘောတရားဟူ၍ မှတ် ကြလေ။

## နိဗ္ဗာန်၌ ဌီတည်နေမှု ရှိကြောင်း ပြဆိုချက်

ထိုမဖြစ်ပေါ်သော သဘောလက္ခဏာရှိသော တရားတပါးသည်သာလျှင် ဖြစ်ပေါ်ခြင်းတည်းဟူသော ဉပါဒ်အပိုင်းအခြားမှ ကင်းသည်၏ အဖြစ်ကြောင့် **န ဥပ္ပါဒေါ ပညာယတိ** ဟူ၍ ဟောတော်မူအပ်သော အသင်္ခတလက္ခဏာနှင့် လည်း ပြည့်စုံ၏၊ ပျက်စီးခြင်းတည်းဟူသော ဝယလက္ခဏာအပိုင်းအခြားမှ ကင်းသည်၏ အဖြစ်ကြောင့် **န ဝယော ပညာယတိ** ဟူ၍ ဟောတော်မူအပ် သော အသင်္ခတလက္ခဏာနှင့်လည်း ပြည့်စုံ၏။ ဖြစ်မှုပျက်မှုမှကင်းပြီးလျှင် မိမိ၏ မဖြစ်ပေါ်ခြင်း လက္ခဏာအားဖြင့်သာလျှင် အခါခပ်သိမ်း ဖောက်ပြန်မှုမရှိဘဲ တည်မြဲတည်နေသောကြောင့် **န ဌိတဿ အညထတ္တံ ပညာယတိ** ဟူ၍ ဟော တော်မူအပ်သော အသင်္ခတလက္ခဏာနှင့်လည်း ပြည့်စုံ၏၊ ထိုသို့ ပြည့်စုံသော ကြောင့် ၎င်းမဖြစ်ပေါ်သောသဘောသည် စင်စစ် အသင်္ခတဓာတ် ဖြစ်လေ၏ဟု သိကြလေ။

**နိဗ္ဗာန်နှင့် ပညတ် ထူးခြားပုံ။** ။ထိုအသင်္ခတဓာတ်၏ကား ဖြစ်ပေါ်မှုဟု ဆို အပ်သော ဉပါဒ်အပိုင်းအခြားမရှိ၊ ပျက်မှုဟု ဆိုအပ်သော ဝယအပိုင်းအခြားမရှိ၊ ထိုအသင်္ခတဓာတ်၏ မဖြစ်ပေါ်ခြင်း လက္ခဏာဖြင့် ထင်ရှားစွာ အမြဲတည်ရှိခြင်းကြောင့် ဌီအပိုင်းအခြားသော်ကား ရှိနေ၏။ အကယ်၍ အသင်္ခတဓာတ်၌ ဌီအပိုင်းအခြား မရှိလျှင် ၎င်းအသင်္ခတ ဓာတ်ကို စင်စစ် တည်ရှိသည်ဟု မဆိုနိုင်ပြီ။ ဘာဝမျှမရှိသော အဘာဝပညတ် သာလျှင် ဆိုရလိမ့်မည်။ ပညတ်တရားသာလျှင် ဉပါဒ်အပိုင်းအခြား၊ ဌီအပိုင်း

အခြား၊ ဘင်အပိုင်းအခြားမှ ကင်း၏။ ထိုသို့ကင်းခြင်းကိုလည်း ဋီကာကျော် အာကာသာနဥ္စာယတနစျာန်အဖွင့် စာမျက်နှာ (၉၅)၌—

ဥပ္ပါဒါဒိအန္တရဟိတတာယ နာဿ အန္တောတိ အနန္တံ။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍ရှင်း၊

**ဥပ္ပါဒါဒိအန္တရဟိတတာယာတိ** ဥပ္ပါဒဋ္ဌိတိဘင်္ဂသင်္ခါတပရိစ္ဆေဒဝိရဟိတဘာဝတော။ **အန္တောတိ** ပရိစ္ဆေဒေါ။

ဟူ၍ မဏိသာရမဉ္ဇူ ပ-နှာ ၂၆၁-၌ မိန့်အပ်သည်ကို ထောက်၍ရှင်း သိကြလေ။

အနက်သိကြောင်း မြန်မာပြန်ကား—

ဥပ္ပါဒါဒိအန္တရဟိတတာယ၊ ဥပါဒ်စသော အပိုင်းအခြားမှ ကင်းသည်၏ အဖြစ်ကြောင့်။ ဝါ၊ ဥပါဒ်ဋ္ဌီဘင်ဟူသော အပိုင်းအခြားမှ ကင်းသည်၏ အဖြစ်ကြောင့်။ အဿ၊ ထိုကသိုဏ်းကိုးပါးတို့တွင် တပါးပါးသော ပဋိဘာဂနိမိတ်ကို ခွါ၍ရအပ်သော ကောင်းကင်ပညတ်အား။ ဝါ၊ ၏။ အန္တော၊ အပိုင်းအခြားသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုသို့ ဥပါဒ်ဋ္ဌီဘင် အပိုင်းအခြားမရှိသည်၏ အဖြစ်ကြောင့်။ တံ အာကာသံ၊ ထိုကောင်းကင်ပညတ်သည်။ အနန္တံ၊ အနန္တံ မည်၏။ (ဤကား ဋီကာကျော် အနက်သိကြောင်း မြန်မာပြန်တည်း။)

ဥပ္ပါဒါဒိအန္တရဟိတတာယာတိ၊ ဥပ္ပါဒါဒိအန္တရဟိတတာယ ဟူသည်ကား။ ဥပ္ပါဒဋ္ဌိတိ ဘင်္ဂသင်္ခါတပရိစ္ဆေဒဝိရဟိတဘာဝတော၊ ဥပါဒ်ဋ္ဌီဘင်ဟု ဆိုအပ်သော အပိုင်းအခြားမှ ကင်းသည်၏အဖြစ်ကြောင့်။ အန္တောတိ၊ အန္တောဟူသည်ကား။ ပရိစ္ဆေဒေါ၊ အပိုင်းအခြားသည်။ (ဤကား မဏိသာရမဉ္ဇူပါဌ်၏ မြန်မာပြန်တည်း။)

ဤသို့ ပြဆိုအပ်သည်တို့ကိုထောက်၍ ကောင်းကင်ပညတ်၌ ဥပါဒ် ဋ္ဌီ ဘင် မရှိသည်၏အဖြစ်ကို သိကြလေ။ ကောင်းကင်ပညတ်၌ ဥပါဒ် ဋ္ဌီ ဘင် မရှိသည်ကိုဆိုလျှင်လည်း အလုံးစုံသော ပညတ်တို့၌ပင် ဥပါဒ် ဋ္ဌီ ဘင်မရှိဟူ၍ ဆိုရာ ရောက်လေတော့၏ဟု မှတ်ကြလေ။ ရှေး၌ ပြဆိုခဲ့သော အသင်္ခတဓာတ် နိဗ္ဗာန်၌မူကား ဥပါဒ်အပိုင်းအခြား၊ ဘင်အပိုင်းအခြားမရှိ မိမိ၏ သဘော လက္ခဏာဖြင့် မဖောက်မပြန် မြဲစွာတည်နေမှုဟု ဆိုအပ်သောဋ္ဌီတိ အပိုင်း အခြားမူကား ဧကန် ရှိသည်ဟု သိကြလေ။ထိုသို့ သိစေတော်မူလိုသောကြောင့် ဘုရားရှင်သည် တိကအင်္ဂုတ္တိုရ်ပါဠိတော်၌ပင်—

န ဌိတဿ အညထတ္တံ ပညာယတိ။

ဟူ၍ ဟောတော်မူလေသည်။

ဌီတဿ၊ မဖြစ်ပေါ်သော သဘောလက္ခဏာ,မပျက်သော သဘောလက္ခဏာဖြင့် တည်နေသော အသင်္ခတဓာတ်၏။ အညထတ္တံ၊ တပါးသောအဖြစ်ဖြင့် ဖောက်ပြန်သည်၏ အဖြစ်သည်။ န ပညာယတိ၊ မထင်။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်၌(ဌီတဿ)ဟု ဘုရားရှင်ဟောတော်မူအပ်သည်ကို ထောက်၍ စင်စစ် အသင်္ခတဓာတ်နိဗ္ဗာန်၌ (ဌီ) အပိုင်းအခြားရှိသည်ကို ထင်ရှားသိကြလေ။

ဌီဆိုသည်မှာ—မိမိ၏ သဘောလက္ခဏာအားဖြင့်သာလျှင် ထင်ရှားစွာ တည်နေမှုကို ဆိုသည်။ ထိုအသင်္ခတဓာတ်နိဗ္ဗာန်၌ ဌီ အပိုင်းအခြားရှိပါလျှင် သင်္ခတဌီနှင့် ဘယ်လို ထူးပါသနည်းဟု မေးငြားအံ့။ သင်္ခတတရားတို့သည် ဖြစ်ပေါ်ကုန်မှသာလျှင် မိမိတို့ သဘောလက္ခဏာအားဖြင့် ထင်ရှားကုန်သည်၏ အဖြစ်ကြောင့် ဌီသို့ ရောက်သောအခါ ရင့်ရော်ဖောက်ပြန်သည်၏ အဖြစ်သို့ ရောက်၏။ ထို့ကြောင့် ဘုရားရှင်သည် (ဌီတဿ အညထတ္တံ ပညာယတိ)ဟု ဟောတော်မူအပ်၏။

**ပါဠိတော်အဓိပ္ပါယ် ရှင်းချက်။** ။အသင်္ခတဓာတ်မူကား ဖြစ်ပေါ်မှုမှ ကင်းသည်၏ အဖြစ်ကြောင့် မဖြစ်ပေါ်သော သဘောလက္ခဏာဖြင့်သာ တည်ရှိလေခြင်းကြောင့် ဖောက်ပြန်ခြင်း မရှိပြီ၊ ထို့ကြောင့် န **ဌီတဿ အညထတ္တံ ပညာယတိ** ဟူ၍ ဟောတော်မူအပ်လေသည်။ ဤသို့ ဟောတော်မူအပ်သော ပါဌ်တို့တွင်(ဌီတဿ)ဟူသော ပါဌ်ဖြင့် အသင်္ခတဓာတ်၌ (ဌီ)ရှိသည်၏အဖြစ်ကို ထင်ရှား သိစေတော်မူအပ်သည်။ န **အညထတ္တံ** ဟူသောပါဌ်ဖြင့် သင်္ခတတရားများ ဖောက်ပြန်သလို ဖောက်ပြန်မှု လက္ခဏာကို တားမြစ်တော်မူလေသည်။ ထို့ကြောင့် အသင်္ခတဓာတ်၌ မဖောက်မပြန် မိမိ၏ လက္ခဏာဖြင့် မြဲစွာတည်နေမှု တည်းဟူသော (ဌီ) အပိုင်းအခြားရှိသည်ကို ထင်ရှား သိကြလေ။

**ပဉ္စာသအဋ္ဌကထာ ဖွင့်ပြချက်။** ။ထို ဘုရားရှင် ဟောတော် မူအပ်သော ပါဠိတော်ဖြင့်သာ သိရသည်မဟုတ်သေး၊ မူလပဉ္စာသအဋ္ဌကထာ ဒုတိယအုပ် ပြဟ္မနိမန္တနိကသုတ်အဖွင့် စာမျက်နှာ(၃၁၀)၌-

အနန္တန္တိ တယိဒံ ဉပ္ပါဒဝယ အန္တရဟိတတ္တာ အနန္တံ နာမ။

ဟူ၍ ဖွင့်ဆိုအပ်သည်ကို ထောက်၍လည်း သိလေဦး။

အနန္တန္တိ၊ အနန္တံဟူသည်ကား။ တယိဒံ တံ ဣဒံ နိဗ္ဗာနံ၊ ထိုအသင်္ခတဓာတ်နိဗ္ဗာန်သည်။ ဉပ္ပါဒဝယအန္တရဟိတတ္တာ၊ ဖြစ်ပေါ်ခြင်းတည်းဟူသော ဥပါဒ်အပိုင်းအခြား ပျက်ခြင်းတည်းဟူသော ဘင်အပိုင်းအခြားမှ ကင်းသည်၏ အဖြစ်ကြောင့်။ အနန္တံ နာမ၊ အနန္တမည်၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာရှင်၏ စကားရပ်တို့တွင် **ဥပ္ပါဒဝယ-အန္တရဟိတတ္တာ** ဟူသော ဟိတ်ပါဠ်ဖြင့် အသခ်တဓာတ်နိဗ္ဗာန်၌ ဖြစ်ပေါ်ခြင်းဟု ဆိုအပ်သော ဥပါဒ်အပိုင်းအခြား၊ ပျက်ခြင်းတည်းဟူသော ဝယ အပိုင်းအခြား ကိုသာလျှင် မရအပ်၊ မိမိ၏ မဖြစ်ပေါ်သောလက္ခဏာ၊ မပျက်စီးသောလက္ခဏာ ဖြင့်မူကား ကေန် တည်ရှိပေ၏ ဟူသော အဓိပ္ပါယ်ကို သိစေတော်မူ၏။ ထိုသို့ သိစေတော်မူလိုသောကြောင့် ဖြစ်ပေါ်မှုကို ဟောသော ဥပ္ပါဒသဒ္ဒါ၊ ပျက်မှုကို ဟောသော ဝယသဒ္ဒါ နှစ်ပါးကို ယူတော်မူ၍ **ဥပ္ပါဒဝယအန္တရဟိတတ္တာ-ဟု** ဟိတ်ခပ်လေသည်။ **ဌိတဿ အန္တ** ကိုမူကား ယူတော်မမူအပ်။ ထိုသို့ ယူတော်မမူခြင်းသည် ၎င်းအသခ်တဓာတ်၌ မိမိ၏သဘောလက္ခဏာဖြင့် မြဲစွာတည်နေသော ဌိတိ အပိုင်းအခြားကို ကေန်ရအပ်၏ ဟူသော အဓိပ္ပါယ်ကို ထင်ရှား သိစေတော်မူသည်ဟု မှတ်။

**သီလက္ခန်အဋ္ဌကထာ ပြဆိုချက်။** ။ထို့ကြောင့် ဒီဃနိကာယ် သုတ်သီလက္ခန် အဋ္ဌကထာ ကေဝဋ္ဋသုတ် အဖွင့် စာမျက်နှာ (၃၂၅) ၌လည်း ၎င်း(အနန္တ) ဟူသောအသခ်တဓာတ် ဟော ပုဒ်ကိုပင်—

ဥပ္ပါဒန္တော ဝါ ဝယန္တော ဝါ ဌိတဿ အညထတ္တန္တော ဝါ ဧတဿ နတ္ထီတိ အနန္တံ။

ဟူ၍ ဖွင့်ပြပေသည်။

အနက်သိကြောင်း မြန်မာပြန်ကား—

ဧတဿ နိဗ္ဗာနဿ၊ ထိုအသခ်တဓာတ် နိဗ္ဗာန်အား။ ဥပ္ပါဒန္တော ဝါ၊ ဖြစ်ပေါ် ခြင်းတည်းဟူသော ဥပါဒ်အပိုင်းအခြားသည်၎င်း။ ဝယန္တော ဝါ၊ ပျက်ခြင်း တည်းဟူသော ဘင်အပိုင်းအခြား သည်၎င်း။ ဌိတဿ၊ မဖြစ်မပျက်သော သဘောလက္ခဏာဖြင့် တည်နေသော အသခ်တဓာတ်၏လည်း။ အညထတ္တန္တော ဝါ၊ တပါးသော အဖြစ်ဖြင့် ဖောက်ပြန်သော အပိုင်းအခြားသည်၎င်း။ နတ္ထိ၊ မရှိ။

ဤပြဆိုအပ်သော အဋ္ဌကထာရှင်၏ စကားရပ်တို့တွင်—

**ဧတဿ ဥပ္ပါဒန္တော ဝါ** နတ္ထိ-ဟူသော ပါဠ်တို့ဖြင့် ၎င်းအသခ်တဓာတ်နိဗ္ဗာန်၌ ဖြစ်ပေါ်ခြင်းဟု ဆိုအပ်သော ဥပါဒ်အပိုင်းအခြားသည် မရှိဟု သိစေ၏။

**ဧတဿ ဝယန္တော ဝါ** နတ္ထိ-ဟူသောပါဠ်တို့ဖြင့် ပျက်ခြင်းဟုဆိုအပ်သော ဝယ တည်းဟူသော ဘင်အပိုင်းအခြားသည် မရှိဟု သိစေ၏။

**ဌိတဿ**-ဟူသောပါဠ်ဖြင့် ဥပ္ပါဒန္တ ဝယန္တမှ ကင်းသော မဖြစ်မပျက်သော သဘောသည် ကေန်တည်ရှိ၏ဟု **သိစေတော်မူ၏။**

**အညထတ္တဿ ဝါ** **နတ္ထိ**-ဟူသော ပါဠိတို့ဖြင့် ၎င်းတည်ရှိသော အသင်္ခတ ဓာတ်နိဗ္ဗာန်၏ အခါခပ်သိမ်း ရင့်ရော်ဖောက်ပြန်ခြင်းသည် မရှိဟူသော အဓိပ္ပါယ်ကို အနွယအားဖြင့် မရင့်ရော် မဖောက်ပြန်ဘဲလျက် မြဲစွာတည်ရှိမှုကို ဗျတိရိက်ဖြင့် သိစေတော်မူ၏။ ထိုသို့ သိစေတော်မူသောကြောင့် အသင်္ခတဓာတ်၌ ကေန် မိမိသဘောလက္ခဏာအားဖြင့် မဖောက်မပြန် တည်ရှိသည်ကို ထင်ရှားသိကြလေ။

ဤပြဆိုအပ်သော အဋ္ဌကထာစကားနှင့် ရှေး၌ ပြဆိုအပ်ခဲ့ပြီးသော မူလပဏ္ဏာသအဋ္ဌကထာစကားသည် ထပ်တူထပ်မျှသာလျှင် ဖြစ်ပေ၏ဟု မှတ်။

ထိုဆိုအပ်ပြီးသော မဖြစ်ပေါ်သော လက္ခဏာ, မပျက်ခြင်း လက္ခဏာဖြင့် မဖောက်မပြန်ဘဲလျက် မြဲစွာတည်ရှိသော သဘောတရားကိုသာလျှင် ဘုရားရှင်သည် အသင်္ခတဓာတ်ဟု ဆိုလေသည်။ ထို့ကြောင့် ဘုရားရှင်သည် တိကအင်္ဂုတ္တိုရ်ပါဠိတော် စာမျက်နှာ (၁၅၀)၌—

> တီဏိမာနိ ဘိက္ခဝေ အသင်္ခတဿ အသင်္ခတလက္ခဏာနိ။ ကတမာနိ တီဏိ၊ န ဥပ္ပါဒေါ ပညာယတိ၊ န ဝယော ပညာယတိ၊ န ဌိတဿ အညထတ္တံ ပညာယတိ။ ဣမာနိ ခေါ ဘိက္ခဝေ တီဏိ အသင်္ခတဿ အသင်္ခတလက္ခဏာနိ။

ဟူ၍ ဟောတော်မူအပ်လေသည်။

မြန်မာပြန်ကို စာမျက်နှာ (၃၉၀) ၌ ပြန်ကြည့်လေ—

ထိုအသင်္ခတ တရားသည်သာလျှင် စင်စစ် မဂ်၏ အာရုံဖြစ်ပေ၏၊ ထိုမဂ်၏ အာရုံဖြစ်သော အသင်္ခတဓာတ်ကို သင်္ခတတရား၏အပြစ်ဒေါသဟု ဆိုအပ်သော ဖြစ်ပေါ်မှု တည်းဟူသော ဥပါဒ်ဟု ဆိုအပ်သော ဇာတိ၊ ဖြစ်ပါ်ပြီး၍ မိမိ၏ သဘောလက္ခဏာတို့ဖြင့် တည်ဆဲခဏ၌လည်း ရင့်ရော်မှုအားဖြင့် ဖောက်ပြန်မှု ပျက်စီးခြင်း တည်းဟူသော ဘင်မရဏ၊ ဤဆိုအပ်ပြီးသော ဇာတိ ဇရာမရဏတို့နှင့်သာလျှင် အဖန်တလဲလဲ ပေါ်လာတိုင်း ပေါ်လာတိုင်း ဆက်ဆံလျက် မပြတ်မလပ်ပျက်စီး၍ ဒုက္ခဖြစ်နေသည်ကို ထင်မြင်နေသော ယောဂီပုဂ္ဂိုလ်တို့သည် ၎င်းသင်္ခတ တရားမှ လွန်မြောက်သောသဘောကို ဉာဏ်ဖြင့် စုံစမ်းရှာဖွေလတ်သော် ရှေး၌ ပြဆိုအပ်ခဲ့သည့်အတိုင်း ၎င်းသင်္ခတ လက္ခဏာသုံးပါးနှင့် ပြည့်စုံသော သုခမရှိသော ဒုက္ခအစစ်ဖြစ်သော သင်္ခတတရားတို့နှင့် ဆန့်ကျင်ဘက်ဖြစ်လျက် တည်သော မဖြစ်မပျက်သော သဘောလက္ခဏာရှိသော သုခအစစ်ဖြစ်သော အသင်္ခတသဘောကိုသာ ဉာဏ်ဖြင့် ထောက်ဆ၍ ကေန်သိလေတော့၏။

**နိဗ္ဗာန်သို့ ပြေးဝင်သော ဉာဏ် ဖြစ်ပုံ။** ။ထိုသို့ ထောက်ဆ၍ သိသော ယောဂီ ပုဂ္ဂိုလ်သည် သင်္ခတ တရား ဖြစ်သော အကြောင်းအကျိုး သင်္ခါရဝိညာဏ်တို့၏ မပြတ်မလပ်ဖြစ်ပေါ်ခြင်း လက္ခဏာသို့ ရောက်ရခြင်း၊ မပြတ်မလပ် ရင့်ရော်ဖောက်ပြန်ခြင်းသို့ ရောက်ရခြင်း၊ မပြတ်မလပ် ပျက်စီးခြင်းသို့ ရောက်ရခြင်း တည်းဟူသော သင်္ခတဒေါသ၊ ၎င်းသင်္ခတ တရားတို့၌ မြဲခြင်း နိစ္စ၊ ချမ်းသာခြင်း သုခ၊ သတ္တဝါဟူသော အတ္တမရှိသော သင်္ခတဒေါသအပြစ်တော့ကို မြင်လေလေ၊ ၎င်းသင်္ခတဒေါသလက္ခဏာတို့မှ ကင်းနေသော မဖြစ် မပျက်မှု လက္ခဏာဖြင့် မြဲစွာတည်နေသော အသင်္ခတ ဓာတ် နိဗ္ဗာန်သို့ ဝိပဿနာဉာဏ်ဖြင့် အာရုံပြု၍ ပြေးဝင်လေလေသာ ဖြစ်၏။ ထိုသို့ ပြေးဝင်သည်၏အဖြစ်ကို ထင်ရှားသိစေလိုသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် အာနာပါန ကမ္မဋ္ဌာန်းကို ဖွင့်ဆိုရာအခဏ်း စာမျက်နှာ (၂၈၂)၌၎င်း၊ ပါရာဇိကဏ် အဋ္ဌကထာ တတိယပါရာဇိကအဖွင့် စာမျက်နှာ (၃၅)၌၎င်း—

> ဝိပဿနာ ဟိ တဒင်္ဂဝသေန သဒ္ဓိံ ခန္ဓာဘိသင်္ခါရေဟိ ကိလေသေ ပရိစ္စဇတိ၊ သင်္ခတဒေါသဒဿနေန စ တဗ္ဗိပရီတေ နိဗ္ဗာနေ တန္နိန္နတာယ ပက္ခန္ဒတီတိ ပရိစ္စာဂပဋိနိဿဂ္ဂေါ စေဝ ပက္ခန္ဒနပဋိနိဿဂ္ဂေါတိ စ ဝုစ္စတိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ဟိ ယသ္မာ၊ အကြင်ကြောင့်။ ဝိပဿနာ၊ ဝိပဿနာ ဉာဏ်သည်။ တဒင်္ဂ-ဝသေန၊ ထိုထို အနိစ္စာနုပဿနာစသော တဒင်္ဂ၏ အစွမ်းဖြင့်။ ဝါ၊ တဒင်္ဂပဟာန်၏အစွမ်းဖြင့်။ ခန္ဓာဘိသင်္ခါရေဟိ၊ ခန္ဓာကိုဖြစ်စေတတ်သော အဘိသင်္ခါရတို့နှင့်။ သဒ္ဓိံ၊ တကွ။ ကိလေသေ၊ ကိလေသာတို့ကို။ ပရိစ္စဇတိ စ၊ စွန့်လည်း စွန့်တတ်၏။ သင်္ခတဒေါသဒဿနေန စ၊ သင်္ခတဖြစ်သော ဘုံသုံးပါး၌ အကျုံးဝင်သော စိတ် စေတသိက် ရုပ်တရားတို့၏ ဖြစ်တတ်ပျက်တတ်သည်၏ အဖြစ်ဟု ဆိုအပ်သော အပြစ်ဒေါသကို မြင်ခြင်းကြောင့်လည်း။ တဗ္ဗိပရီတေ၊ ထို ဖြစ်ပျက်တတ်သောသဘောလက္ခဏာရှိသော သင်္ခတတရားမှ ပြန်သော မဖြစ်မပျက်သော သဘောလက္ခဏာရှိသော။ နိဗ္ဗာနေ၊ အသင်္ခတဓာတ်ဖြစ်သော နိဗ္ဗာန်၌။ တန္နိန္နတာယ၊ ထိုနိဗ္ဗာန်သို့ ညွတ်လေသောအဖြစ်ဖြင့်။ ပက္ခန္ဒတိ၊ ပြေးဝင်လေ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာဉာဏ်ကို။ ပရိစ္စာဂ ပဋိနိဿဂ္ဂေါ-စေဝ၊ ပရိစ္စာဂ ပဋိနိဿဂ္ဂေါ ဟူ၍ သာလျှင်၎င်း။ ပက္ခန္ဒနပဋိနိဿဂ္ဂေါတိ စ၊ ပက္ခန္ဒန ပဋိနိဿဂ္ဂေါ ဟူ၍သာလျှင်၎င်း။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤ ပြဆိုအပ်သော ပါဌ်တို့တွင် **ဝိပဿနာ။ပ။ သင်္ခတဒေါသ ဒဿနေန စ တဗ္ဗိပရီတေ နိဗ္ဗာနေ တန္နိန္နတာယ ပက္ခန္ဒတိ**-ဟူသော ပါဌ်တို့ကို ထောက်၍ မဂ်ဖြစ်မှု မရှိမီ ရှေးအဖို့ကပင် တင်ကူး၍ ဝိပဿနာဉာဏ်ဖြင့် သင်္ခတတရားတို့၏ အပြစ်ကိုမြင်လျှင် ၎င်းသင်္ခတတရားတို့နှင့် စင်စစ် ဆန့်ကျင်ဘက်ဖြစ်သော မပျက်မစီးဘဲ အမြဲတည်ရှိသော အသင်္ခတဓာတ်နိဗ္ဗာန်သို့ စင်စစ် ထောက်ဆ၍ သိသဖြင့် အာရုံပြု၍ ပြေးဝင်သကဲ့သို့ ရောက်သည်၏အဖြစ်ကို ရှေး၌ ပြဆိုအပ်ခဲ့သည့်အတိုင်း ထင်ရှားသိကြလေ။

ဤပြဆိုအပ်သော အဋ္ဌကထာ စကားရပ်တို့ဖြင့်သာ သိရသည် မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ စာမျက်နှာ (၁၀၂-၃)၌လည်း—

> သင်္ခတဒေါသဒဿနေန စ တဗ္ဗိပရီတေ နိဗ္ဗာနေ နိန္နတာယ ပက္ခန္ဒနတော။

ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍လည်း သိကြလေဦး။

အနက်သိကြောင်း မြန်မာပြန်ကား—

သင်္ခတဒေါသ ဒဿနေန စ၊ သင်္ခတဖြစ်သော စိတ် စေတသိက် ရုပ်တရားတို့၏ မမြဲသည်၏အဖြစ်, မချမ်းသာသည်၏အဖြစ်, သတ္တဝါမဟုတ်သည်၏အဖြစ်, ဇရာ မရဏ တည်းဟူသော ရင့်ရော်ပျက်စီးတတ်သည်၏အဖြစ်ဟု ဆိုအပ်သောအပြစ် ဒေါသတို့ကို မြင်ခြင်းကြောင့်လည်း။ တဗ္ဗိပရီတေ၊ ထိုနိစ္စ သုခ စသည်မရှိသော သင်္ခတတရားမှပြန်သော။နိဗ္ဗာနေ၊ နိစ္စ သုခ ဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်သို့။ နိန္နတာယ၊ ညွတ်သည်၏အဖြစ်ဖြင့်။ ပက္ခန္ဒနတော၊ ပြေးဝင်ခြင်းကြောင့်။

ဤသို့ပြဆိုအပ်သည်ကို ထောက်၍လည်း ဝိပဿနာဉာဏ်ဖြင့် သင်္ခတတရားတို့၏ အပြစ်ကိုမြင်လျှင် ၎င်းသင်္ခတတရားတို့နှင့် စင်စစ် ဆန့်ကျင်ဘက် ဖြစ်သော မပျက်မစီးဘဲ အမြဲသုခဖြစ်လျက် တည်သော အသင်္ခတဓာတ် နိဗ္ဗာန်သို့ စင်စစ် ထောက်ဆ၍ သိသဖြင့် အာရုံပြု၍ ပြေးဝင်လာသကဲ့သို့ ရောက်သည်၏ အဖြစ်ကိုထင်ရှားသိကြလေ။ ဤအဋ္ဌကထာဖြင့်သာ သိရသည် မဟုတ်သေး၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော် စာမျက်နှာ (၁၃)၌လည်း သင်္ခတဒေါသကို မြင်သဖြင့် ၎င်းမှဆန့်ကျင်ဘက်ဖြစ်သော နိဗ္ဗာန်သို့ ဝိပဿနာဉာဏ်ဖြင့် ထောက်ဆ သိ၍ အာရုံရောက်ပုံကို—

> ဥပ္ပါဒေါ ဒုက္ခံ, အနုပ္ပါဒေါ သုခန္တိ သန္တိပဒေ ဉာဏံ၊ ပဝတ္တံ ဒုက္ခံ, အပဝတ္တံ သုခန္တိ သန္တိပဒေ ဉာဏံ။ပ။

စသည်ဖြင့် များစွာသော ဆန့်ကျင်ဘက်တရားတို့သည် လာရှိပေ၏။ အလိုရှိလျှင် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ယူလေ။

အနက်သိကြောင်း မြန်မာမြန်ကား—

ဥပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်းရှိသော သင်္ခတတရားသည်။ ဒုက္ခံ၊ ဇရာမရဏတို့သည် မပြတ်မလပ် နှိပ်စက်အပ်သောကြောင့် ဆင်းရဲ၏။ အနုပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်း လက္ခဏာမရှိသော။ ဝါ၊ မဖြစ်ပေါ်ခြင်း လက္ခဏာသာလျှင်ရှိသော အသင်္ခတ ဓာတ်သည်။ သုခံ၊ ဇရာမရဏတို့ မနှိပ်စက်အပ်သောကြောင့် ချမ်းသာလှပေ၏။ ဣတိ၊ ဤသို့။ ဝိဇာနနံ၊ သိသောဉာဏ်သည်။ သန္တိပဒေ၊ အလုံးစုံသော သင်္ခါရ တရားတို့၏ ငြိမ်းရာငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်၌။ ဉာဏံ၊ သိသောဉာဏ် မည်သည်။ ဟောတိ၊ ဖြစ်၏။

ပဝတ္တံ၊ ဘုံသုံးပါး၌ ဖြစ်ပေါ်ခြင်းရှိသော တရားသည်။ ဒုက္ခံ၊ ဇရာမရဏတို့ သည် မပြတ်မလပ် နှိပ်စက်အပ်သောကြောင့်ဆင်းရဲ၏။ အပဝတ္တံ၊ ဖြစ်ပေါ်ခြင်း လက္ခဏာမရှိသော။ ဝါ၊ မဖြစ်ပေါ်ခြင်း လက္ခဏာသာလျှင် ရှိသော အသင်္ခတ ဓာတ်သည်။ သုခံ၊ ဇရာ မရဏတို့ မနှိပ်စက်အပ်သောကြောင့် ချမ်းသာလှ၏။ ဣတိ၊ ဤသို့။ ဝိဇာနနံ၊ သိသောဉာဏ်သည်။ သန္တိပဒေ၊ အလုံးစုံသော သင်္ခါရ တရားတို့၏ ငြိမ်းရာငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်၌။ ဉာဏံ၊ သိသောဉာဏ် မည်သည်။ ဟောတိ၊ ဖြစ်၏။

**သန္တိပဒဉာဏ်။** ။ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ဖြစ်ပေါ်ခြင်း ရှိသော သင်္ခတတရားတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်ပေါ်သော သဘောလက္ခဏာရှိသော သဘောတရားသည်သာလျှင် စင်စစ် ချမ်းသာလှ၏ဟု နိဗ္ဗာန်ကို လောကီဝိပဿနာဉာဏ်ဖြင့် ထောက်ဆ၍ ကေန် သိနိုင်ကြောင်းကို ထင်ရှားသိကြလေ။

ထိုအသင်္ခတဓာတ်နိဗ္ဗာန်ကို ထောက်၍ သိသောဉာဏ်ကို **သန္တိပဒဉာဏ်** ဟု ခေါ်အပ်သည်။ ဤကား အထူးမှတ်ဘွယ်တည်း။

ထိုဆိုအပ်ပြီးသော အသင်္ခတဓာတ်သည်သာလျှင် စင်စစ် နိဗ္ဗာန်စစ် ဖြစ် ကြောင်းကိုငှ်း၊ ထိုနိဗ္ဗာန်ကိုသာလျှင် စင်စစ် အာရုံပြု၍ သိအပ်ကြောင်းကိုငှ်း ပညာရှင်တို့ကို ထင်ရှားသိစေခြင်းအကျိုးငှါ ပဋိသမ္ဘိဒါမဂ်ပါဠိတော် စာမျက်နှာ (၁၅)၌ ထင်ရှားပြဆိုတော်မူလိုသောကြောင့်—

ဥပ္ပါဒေါ သင်္ခါရာ, အနုပ္ပါဒေါ နိဗ္ဗာနန္တိ အဘိညေယျံ။
ပဝတ္တံ သင်္ခါရာ, အပဝတ္တံ နိဗ္ဗာနန္တိ အဘိညေယျံ။လ။
ဇာတိ သင်္ခါရာ, အဇာတိ နိဗ္ဗာနန္တိ အဘိညေယျံ။
ဇရာ သင်္ခါရာ, အဇရာ နိဗ္ဗာနန္တိ အဘိညေယျံ။
မရဏံ သင်္ခါရာ, အမတံ နိဗ္ဗာနန္တိ အဘိညေယျံ။

ဟူ၍ များစွာ ပြဆိုလေသည်။

ဥပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်းရှိသော သခ်တတရားသည်။ သခ်ါရာ၊ သခ်ါရတရားမည်၏။ အနုပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်းလက္ခဏာ မရှိသော။ ဝါ၊ မဖြစ်ပေါ်ခြင်းလက္ခဏာသာလျှင်ရှိသော အသခ်တဓာတ်သည်။ နိဗ္ဗာနံ၊ ဝိပဿနာဉာဏ်, ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် သိအပ်သော နိဗ္ဗာန်တရားမည်၏။ ဣတိ၊ ဤသို့။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့်သိအပ်၏။

ပဝတ္တံ၊ ဘုံသုံးပါး၌ဖြစ်ပေါ်ခြင်းရှိသောတရားသည်။ သခ်ါရာ၊ သခ်ါရတရားမည်၏။ အပဝတ္တံ၊ ဖြစ်ပေါ်ခြင်းလက္ခဏာမရှိသော။ ဝါ၊ မဖြစ်ပေါ်ခြင်းလက္ခဏာရှိသော အသခ်တဓာတ်သည်။ နိဗ္ဗာနံ၊ ၏။ ဣတိ၊ သို့။ အဘိညေယျံ၊ အပ်၏။

ဇာတိ၊ ဖြစ်ခြင်းသဘောသည်။ သခ်ါရာ၊ သခ်ါရတရားမည်၏။ အဇာတိ၊ ဖြစ်ခြင်းမရှိသော။ ဝါ၊ မဖြစ်ခြင်းသဘောလက္ခဏာရှိသောတရားသည်။ နိဗ္ဗာနံ၊ ၏။ ဣတိ၊ သို့။ အဘိညေယျံ၊ သိအပ်၏။

ဇရာ၊ သခ်တတရားတို့ကို ဆွေးမြေ့ရင့်ရော်စေတတ်သော သဘောသည်။ သခ်ါရာ၊ သခ်ါရတရားမည်၏။ အဇရာ၊ ဆွေးမြေ့ရင့်ရော်ခြင်းမရှိသော။ ဝါ၊ မရင့်ရော်သော သဘောတရားသည်။ နိဗ္ဗာနံ၊ ၏။ ဣတိ၊ သို့။ အဘိညေယျံ၊ သိအပ်၏။

မရဏံ၊ သခ်တတရားတို့၏ ပျက်စီးခြင်းသဘောတည်းဟူသော မရဏတရားသည်။ သခ်ါရာ၊ သခ်ါရတရားမည်၏။ အမတံ၊ ပျက်စီးခြင်းမရှိသော။ ဝါ၊မပျက်စီးသော သဘောတရားသည်။ နိဗ္ဗာနံ၊ ဝိပဿနာဉာဏ်,ဂေါတြဘူဉာဏ်,မဂ်ဉာဏ်, ဖိုလ်ဉာဏ်,ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် သိအပ်သောနိဗ္ဗာန်တရားမည်၏။ ဣတိ၊ သို့။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။ (ဤကား မြန်မာပြန်တည်း။)

**ပါဠိတော်အစိပ္ပါယ်ရှင်းချက်။** ။ဤပါဠိတော်၌ ပြဆိုအပ်ကုန်သော ပါဠိတော်စကားရပ်တို့တွင် **ဥပ္ပါဒေါ ပဝတ္တံ ဇာတိ** ဟူသောပါဌ်တို့ဖြင့် သခ်တတရားတို့၏ **ဥပါဒ်ခဏ** ကို ပြအပ်၏။ ထိုဥပါဒ်ခဏဟုဆိုအပ်သော ဖြစ်ပေါ်ခြင်းနှင့်မကင်းသော တရားဟူသမျှသည် သခ်ါရတရားသာလျှင် မည်လေသည်ဟု ပြအပ်၏။ **အနုပ္ပါဒေါ အပဝတ္တံ အဇာတိ** ဤသုံးပုဒ်တို့ဖြင့် ၎င်းသခ်တတရားတို့၏ ဖြစ်ပေါ်ခြင်းလက္ခဏာနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်လျက် မဖြစ်ပေါ်သောသဘောလက္ခဏာဖြင့်တည်ရှိသော **အသခ်တဓာတ်နိဗ္ဗာန်** ကို ပြအပ်၏။

**သခ်တငြိနှင့် အသခ်တငြိ။** ။**ဇရာ သခ်ါရာ** ဟူသောပါဌ်ဖြင့် အလုံးစုံသော သခ်တတရားတို့ကို ငြိသို့ ရောက်တိုင်း ရောက်တိုင်း အားနည်းအောင် ပြုလုပ်တတ်သော ဇရာသဘောကို ပြအပ်၏။ ထိုဇရာသဘောဖြင့် အလုံးစုံသောသခ်တတရားတို့သည် ငြိသို့ ရောက်တိုင်း ရောက်တိုင်း

ဖောက်ပြန်ခြင်းရှိသည်၏အဖြစ်ကိုပြအပ်၏။ **အဇရာ** ဟူသောပါဠိဖြင့် အသင်္ခတ ဌီကိုပြအပ်၏၊ ဘယ်လိုပြအပ်သနည်းဟူမူ ဇရာနှင့် အဇရာသည် စင်စစ် ဆန့် ကျင်ဘက်ဖြစ်လျက် တည်၏။ ထိုသို့တည်ခြင်းကြောင့် **ဇရာ** ဟူသောပုဒ်ဖြင့် **သင်္ခတတရားတို့၏ ဌီတိကို** ပြအပ်လျှင် အဇရာဟူသောပုဒ်ဖြင့်လည်း အသင်္ခတ၏ ဌီကို ပြအပ်လေသည်သာတည်းဟု ပြန်သောအားဖြင့် သိရလေသည် ဟူလို။ ထို့ကြောင့် အဇရာဟူသောပုဒ်ဖြင့် အသင်္ခတဓာတ်၌လည်း **အသင်္ခတဌီ** ရှိသည်၏ အဖြစ်ကို သိလေ၊ အသင်္ခတဌီဟူသည်မှာ ၎င်းအသင်္ခတဓာတ်သည် မိမိ၏ မဖြစ် မပေါ်သော သဘောလက္ခဏာအားဖြင့် အမြဲတည်ရှိသည်ဟု ဆိုလိုသည်။

**မရဏံ သင်္ခါရာ** ဟူသောပါဠိဖြင့် အလုံးစုံသောသင်္ခတတရားတို့၏ ပျက်စီးခြင်း တည်းဟူသော ဘင်အခိုက်ကို ပြအပ်၏၊ ထိုပါဠိဖြင့် အလုံးစုံသော သင်္ခတတရား တို့သည် အခါခပ်သိမ်း မမြဲသည်ကို ပြအပ်၏၊ အမတံဟူသောပါဠိဖြင့် ၎င်း ပျက်စီးခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သော မပျက်မစီးသော သဘောရှိသော အသင်္ခတဓာတ်သည် ကေန်ရှိ၏ဟု ပြအပ်၏၊ ထိုဆိုအပ်ပြီးသော ပဋ္ဌပက္ခတရား နှစ်ပါးတို့တွင် ဖြစ်ပေါ်ခြင်း,ရင့်ခြင်း,ပျက်ခြင်းသဘောလက္ခဏာရှိသော သင်္ခတ တရားသည် သင်္ခါရဘရားမည်သည်၏အဖြစ်ကို စင်စစ် သိကြလေဟု **သင်္ခါရာ** ဟူသောပုဒ် **အဘိညေယျံ** ဟူသောပုဒ်တို့ဖြင့် ထင်ရှားစွာသိစေရန် ပြပေအပ်၏၊ မဖြစ်ပေါ်ခြင်း သဘောလက္ခဏာ, မရင့်ခြင်း လက္ခဏာ, မပျက်ခြင်း လက္ခဏာ ရှိသော အသင်္ခတဓာတ်သည် စင်စစ် ဝိပဿနာဉာဏ်, ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့၏ အာရုံပြုရာဖြစ်သော နိဗ္ဗာန်ပေတည်းဟု ပညာရှိတို့သိနိုင်စေရန်အလို့ငှါ **နိဗ္ဗာနံ** ဟူသောပုဒ် **အဘိညေယျံ** ဟူသောနှစ်ပုဒ် တို့ဖြင့်ပင် လက်ညှိုးဖြင့် တစုံတခုသောဝတ္ထုကို ညွှန်ပြသကဲ့သို့ ထင်ထင်လင်းလင်း ညွှန်ပြတော်မူအပ်၏။ ထိုသို့ပင် ညွှန်ပြအပ်သော်လည်း ပညာမရှိသောသူတို့သည် ကား စင်စစ် မသိကြကုန်လတ္တံ့၊ ပညာရှင်တို့သည်ကား စင်စစ် စဉ်းစားဆင်ခြင် ကြကုန်လျှင် တနေ့တခြား သိခြင်းသို့ရောက်ကုန်လတ္တံ့သတည်း။

**ဂေါတြဘူဉာဏ် နိဗ္ဗာန်ကို မြင်ခြင်း။** ။၎င်းပြဆိုအပ်သော သဘောလက္ခဏာ ရှိသော အသင်္ခတဓာတ် နိဗ္ဗာန်ကိုသာ လျှင် ဂေါတြဘူဉာဏ်သည်လည်း အာရုံပြုလေ၏။ ထိုသို့ ပြုကြောင်းကိုလည်း ၎င်းပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော် စာမျက်နှာ(၆၃)၌—

> အနုပ္ပါဒံ ပက္ခန္ဒတီတိ ဂေါတြဘူ။ **အပဝတ္တံ** ပက္ခန္ဒတီတိ ဂေါတြဘူ။ လ။
> အဇာတိံ ပက္ခန္ဒတီတိ ဂေါတြဘူ။ အဇရံ ပက္ခန္ဒတီတိ ဂေါတြဘူ။
> အမတံ ပက္ခန္ဒတီတိ ဂေါတြဘူ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

အနုပ္ပါဒံ၊ ဖြစ်ပေါ်ခြင်း လက္ခဏာမရှိသော။ ဝါ၊ မဖြစ်ပေါ်ခြင်း လက္ခဏာသာလျှင်ရှိသော အသင်္ခတဓာတ်သို့။ ပက္ခန္ဒတိ၊ အာရုံပြုသောအားဖြင့် ပြေးဝင်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဂေါတြဘူ၊ ဂေါတြဘူ မည်၏။ ။အပဝတ္တံ၊ သို့။ ပက္ခန္ဒတိ၊ တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဂေါတြဘူ၊ ၏။ ။အဇာတိံ၊ သို့။ ပက္ခန္ဒတိ၊ တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဂေါတြဘူ၊ ၏။ ။အဇရံ၊ သို့။ ပက္ခန္ဒတိ၊ တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဂေါတြဘူ၊ ၏။ ။အမတံ၊ သို့။ ပက္ခန္ဒတိ၊ တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဂေါတြဘူ၊ ၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ ထိုရှေး၌ ပြဆိုအပ်ပြီးသော မဖြစ်မပျက်သော သဘော အသင်္ခတဓာတ်သဘောသည်သာလျှင် စင်စစ် ဂေါတြဘူဉာဏ်၏ အာရုံဖြစ်သည်၏ အဖြစ်ကို ထင်ရှား သိကြလေ။

**သောတာပတ္တိ မဂ်ဉာဏ် ဖြစ်ပေါ်ပုံ။** ။ထိုဆိုအပ်ပြီးသော ဂေါတြဘူ၏ **အာရုံ**ဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သဘောကိုမြင်၍ မဂ်ဖြစ်လိုသော ယောဂါဝစရပုဂ္ဂိုလ်တို့သည် ရှေး၌ ပြဆိုအပ်ခဲ့သည့်အတိုင်း သင်္ခတတရားတို့၏မမြဲသောအဖြစ်, ဆင်းရဲသောအဖြစ်, သတ္တဝါအတ္တ မဟုတ်သောအဖြစ်, ဇာတိ ဇရာ မရဏ သဘောတို့နှင့် မကင်းသည်၏ အဖြစ် စသော သင်္ခတအဖြစ်တွေကို ကောင်းစွာ မြင်ပြီးမှသာလျှင် ၎င်းသင်္ခတတရား၏ သဘောနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်ပေါ်သော သဘော လက္ခဏာ၊ မပျက်ဘဲ အမြဲရှိနေသော သဘော လက္ခဏာ၊ ထာဝရ ချမ်းသာနေသော သဘောလက္ခဏာ စသော ဂုဏ်တို့နှင့်ပြည့်စုံနေသော ၎င်း အသင်္ခတဓာတ်နိဗ္ဗာန်သို့ မပြတ်မပြတ် ဝိပဿနာဉာဏ်တည်းဟူသော သန္တိပဒဉာဏ်ဟု ခေါ်ဆိုအပ်သော လောကီဉာဏ်ဖြင့် နိစ္စ သုခ စသော အခြင်းအရာဖြင့် ထောက်ဆ ထောက်ဆ၍ သိပြီးလျှင် အဖန်ဖန် စေလွှတ်ခဲ့အံ့၊ အကြင်အခါ မဂ်ဖြစ်တော့မည်ဟုဆိုလျှင် သင်္ခတ ဒေါသတွေကို ကောင်းစွာ မြင်ခြင်းသို့ ရောက်၏။

**အနိစ္စဟု ရှု၍ မဂ်တရား ရပုံ။** ။ထိုသို့ရောက်၍ သင်္ခတ တရားကို မမြဲသော အနိစ္စ အနေဖြင့် ရှုလျှင် အသင်္ခတဓာတ် သဘောလက္ခဏာသို့ စေလွှတ်သောအခါ နိစ္စအနေဖြင့် စေလွှတ်၍ကြည့်လေ၏။ ထိုအခါ မဂ်ဖြစ်ထိုက်သောပုဂ္ဂိုလ် ဖြစ်အံ့၊ ၎င်းအသင်္ခတဓာတ်သဘောကို နိစ္စ အနေဖြင့် ထင်ထင်လင်းလင်း အဟုတ် အဟုတ် ထိုးထွင်း သိမြင်လေ၏။ ထိုအခါ သောတာပတ္တိမဂ်ဉာဏ် ဖြစ်၏။ ထိုသို့ မဂ်ဉာဏ်ဖြစ်သည်၏ အဖြစ်ကို ထင်ရှားသိစေလိုတော်မူသောကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော် ဝိပဿနာကထာ စာမျက်နှာ (၄၁၁) ၌—

ပဥ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဥ္စန္နံ ခန္ဓာနံ နိရောဓော "နိစ္စံ နိဗ္ဗာန"န္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ပဉ္စ၊ ငါးပါးကုန်သော။ ခန္ဓေ၊ ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာတို့ကို။ အနိစ္စတော၊ မမြဲသောအားဖြင့်။ ပဿန္တော၊ ဝိပဿနာဉာဏ်ဖြင့် ရှုမြင်သော ပုဂ္ဂိုလ်သည်။ အနုလောမိကံ၊ လောကုတ္တရာမဂ်အားလျော်သော။ ခန္တိံ၊ တရားကို နှစ်သက်တတ်သော သဘောဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ ခန္ဓာတို့၏။ နိရောဓော၊ ဖြစ်ပေါ်ခြင်း မရှိဘဲ ကွယ်ကြောင်း ဖြစ်သော အသင်္ခတဓာတ်သည်။ နိစ္စံ၊ မြဲသော။ နိဗ္ဗာနံ၊ ရာဂစသော မီးတို့၏ ငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်တရားမည်၏။ ဣတိ၊ သို့။ ပဿန္တော၊ ရှုမြင်သော ပုဂ္ဂိုလ်သည်။ သမ္မတ္တနိယာမံ၊ မဖောက်မပြန်သော သဘောရှိသော မိမိ၏အခြားမဲ့၌ အကျိုးပေးသောအားဖြင့် မြဲသော လောကုတ္တရာမဂ်သို့။ ဩက္ကမတိ၊ သက်၏။

အပေါင်းဆိုလျှင် အစိပ်ပါဝင်ခြင်း။ ။ဤသို့ ဟောတော်မူအပ်သော ပါဠိတော် စကားရပ်တို့တွင် ပဉ္စက္ခန္ဓေဟူ၍ အပေါင်းခန္ဓာငါးပါးကိုပင် ပြသော်လည်း အစိပ်စိပ်အားဖြင့်လည်း ရှုမြင်အပ်ကြောင်းကိုလည်း ၎င်းပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ စာမျက်နှာ (၃၁၇) ၌—

ပဉ္စက္ခန္ဓေတိ သမူဟတော ဝုတ္တေပိ ကောကက္ခန္ဓဝသေန အတ္ထ-ဝဏ္ဏနာ ကလာပသမ္မသနဉာဏနိဒ္ဒေသေ ဝိသုံ ဝိသုံ အာဂတတ္တာ ပရိ-ယောသာနေ စ ဝိသုံ ဝိသုံ ခန္ဓာနံ ဝသေန အနုပဿနာနံ ဂဏှိတတ္တာ သမူဟေ ပဝတ္တာဝစနာနံ အဝယဝေပိ ပဝတ္တိသမ္ဘဝတော စ ကတာတိ ဝေဒိတဗ္ဗာ။ ဝိသုံ ဝိသုံ ပဝတ္တသမ္မသနာနံ ကေတော သံခိပိတွာ ဝစန-ဝသေန ဝါ ပဉ္စက္ခန္ဓေတိ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။

အနက်သိကြောင်း မြန်မာပြန်ကား—

ပဉ္စက္ခန္ဓေတိ၊ ပဉ္စက္ခန္ဓေဟူ၍။ သမူဟတော၊ အပေါင်းအားဖြင့်။ ဝုတ္တေပိ၊ ဆိုအပ်သော်လည်း။ ကောကက္ခန္ဓဝသေန၊ တပါးပါးသော ခန္ဓာ၏ အစွမ်းအားဖြင့်။ အတ္ထဝဏ္ဏနာ၊ အနက်၏အဖွင့်ကို။ ကလာပသမ္မသနဉာဏနိဒ္ဒေသေ၊ ကလာပသမ္မသနဉာဏ်ကိုညွှန်းပြရာစကားရပ်၌။ ဝိသုံ ဝိသုံ၊ အသီးအသီး။ အာဂ-

တတ္တာ စ၊ လာသည်၏အဖြစ်ကြောင့်ငှင်း။ ပရိယောသာနေ စ၊ အဆုံး၌လည်း။ ဝိသုံ ဝိသုံ၊အသီးအသီး။ခန္ဓာနံ၊ခန္ဓာတို့၏။ဝသေန၊အစွမ်းအားဖြင့်။အနုပဿနာ-နံ၊ အစဉ်ရှုခြင်းတို့ကို။ ဂဏ်ှတတ္တာ စ၊ ယူအပ်သည်၏အဖြစ်ကြောင့်ငှင်း။ သမူ-ဟော၊ အပေါင်း၌။ ပဝတ္တာဝစနာနံ၊ အပြားအားဖြင့် ဖြစ်ကုန်သော စကားတို့၏။ အဝယဝေပိ၊ အစိပ်စိပ်ဖြစ်သော စကား၌လည်း။ ပဝတ္တိသမ္ဘဝတော စ၊ ဖြစ်သင့်ခြင်းကြောင့်ငှင်း။ ကတာ၊ ပြုအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ဝါ၊ တနည်းကား။ ဝိသုံ ဝိသုံ၊ အသီးအသီး။ ပဝတ္တာသမ္မသနာနံ၊ ဖြစ်ကုန်သော သုံးသပ်ထိုက်သော တရားတို့ကို။ ကေတော၊ တပေါင်းတည်း။ သံခိပိတွာ၊ ချုံး၍။ ဝစနဝသေန၊ ဆိုအပ်သည်၏ အစွမ်းဖြင့်။ ပဥ္စက္ခန္ဓေတိ တေံ ဝစနံ၊ ပဥ္စက္ခန္ဓေဟူသောဤစကားတော်ကို။ ဝုတ္တံ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိ-တဗ္ဗံ၊ သိအပ်၏။

ဤသို့ ဖွင့်ဆိုအပ်သော အဋ္ဌကထာ စကားတော်ကိုထောက်၍ အပေါင်းကို ဆိုသော်လည်း အစိပ်စိပ်လည်း သုံးသပ်အပ်ကြောင်းကိုငှင်း၊ ထို အစိပ်စိပ်သော သင်္ခတတရားတို့ကို သုံးသပ်၍လည်း မဂ်ဖြစ်ကြောင်းကိုငှင်း ထင်ရှားသိကြလေ။

ထို ဆိုအပ်ပြီးသော သင်္ခတတရားဖြစ်သော ခန္ဓာငါးပါးတို့ကို အစိပ်စိပ် အားဖြင့်ဖြစ်စေ၊ အပေါင်းအားဖြင့်ဖြစ်စေ၊ အဖန်ဖန် အနိစ္စအားဖြင့် သုံးသပ်၍ ကောင်းစွာ အပြစ်ကိုမြင်၍ ငြီးငွေ့လတ်သော် ငှင်းသင်္ခတတရားနှင့် ဆန့်ကျင် ဘက်ဖြစ်သော မဖြစ်မပျက်သော သဘောလက္ခဏာဖြင့် အမြဲတည်သော အသင်္ခတသဘောသို့ ဝိပဿနာဉာဏ်ဖြင့် အဖန်ဖန် အနိစ္စအဖြစ်ဖြင့် ထောက်ဆ ထောက်ဆ၍ ရှုအပ်၏။ ထိုသို့ ရှုသောဉာဏ်ကို **သန္တိပဒဉာဏ်**ဟု ခေါ်ဆိုအပ် သည်။ ထို **သန္တိပဒဉာဏ်**ဟု ဆိုအပ်သော လောကီဉာဏ်ဖြင့် အဖန်ဖန် ထောက် ဆ၍ သိဖန်များလျှင် အကြင်အခါ ထိုးထွင်းသိမြင်ခြင်းသို့ရောက်၏။ ထိုအခါ မဂ်ဉာဏ် ဖြစ်လေ၏။ ထို့ကြောင့် ငှင်းပါဠိတော်ကို ဖွင့်သော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာရှင်သည် စာမျက်နှာ(၁၁၇)၌ပင်—

> **ပဥ္စန္နံ ခန္ဓာနံ နိရောဓော နိစ္စံ နိဗ္ဗာနန္တိ ပဿန္တောတိ** အာဒီနဝ-ဉာဏနိဒ္ဒေသေ ဝုတ္တနယေန ဝိပဿနာကာလေ သန္တိပဒဉာဏဝသေန နိစ္စံ နိဗ္ဗာနန္တိ ပဿန္တော။ **သမ္မတ္တနိယာမံ ဩက္ကမတီတိ** မဂ္ဂက္ခဏေ ဩက္ကမတိ။

ဟူ၍ ဖွင့်ဆိုအပ်လေသည်။

အနက်သိကြောင်း မြန်မာပြန်ကား—

**ပဥ္စန္နံ ခန္ဓာနံ နိရောဓော နိစ္စံ နိဗ္ဗာနန္တိ ပဿန္တောတိ**၊ ပဥ္စန္နံ ခန္ဓာနံ နိရောဓော နိစ္စံ နိဗ္ဗာနန္တိ ပဿန္တော ဟူသည်ကား။ အာဒီနဝဉာဏနိဒ္ဒေသေ၊

အာဒီနဝဉာဏနိဒ္ဒေသ၌။ ဝုတ္တနယေန၊ ဆိုအပ်ပြီးသောနည်းဖြင့်။ ဝိပဿနာ-ကာလေ၊ ဝိပဿနာရှုသောကာလ၌။ သင်္ခတပဒဉာဏဝသေန၊ အလုံးစုံသော သင်္ခါရတရားတို့၏ ငြိမ်းရာငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်ကို သိတတ်သော ဝိပဿနာဉာဏ်၏ အစွမ်းဖြင့်။ နိဗ္ဗာနံ၊ အသင်္ခတဓာတ်နိဗ္ဗာန်သည်။ နိစ္စံ၊ မြဲသော တရားပေတည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ ရှုမြင်သော ယောဂါဝစရ ပုဂ္ဂိုလ်သည်။ သမ္မတ္တနိယာမံ ဩက္ကမတီတိ၊ သမ္မတ္တနိယာမံ ဩက္ကမတိ ဟူသည် ကား။ မဂ္ဂက္ခဏေ၊ လောကုတ္တရာ မဂ်ခဏ၌။ ဩက္ကမတိ၊ သက်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ သင်္ခတတရားတို့၏ မမြဲသောအပြစ်ကို မြင်၍ ၎င်းသင်္ခတတရားတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန် သဘောကို ဤတရားသဘော တပါးသာလျှင် စင်စစ် မြဲသည်ဟု အဖန်တလဲလဲ ထောက်ဆ၍ သိမြင်သော ယောဂါဝစရပုဂ္ဂိုလ်သည်သာလျှင် ထိုနိဗ္ဗာန် သဘောကို တဆင့်ထက်တဆင့် ဉာဏ်ရင့်ခြင်းသို့ ရောက်၍ စင်စစ် ထိုးထွင်း၍ သိပြီးလျှင် လောကုတ္တရာမဂ်သို့ သက်ဝင်ရောက်နိုင်သည်၏ အဖြစ်ကို ရှေး၌ ပြဆိုအပ်ခဲ့သည့်အတိုင်း ထင်ရှား သိကြလေ။

ဤကား အနိစ္စအားဖြင့် သင်္ခတဒေါသကိုမြင်၍ ၎င်းသင်္ခတတရားမှ ပြန် သောအားဖြင့် အသင်္ခတဓာတ်ကို နိစ္စအားဖြင့်မြင်၍ မဂ်ဖြစ်ပုံကို ထင်ရှား ပြဆိုတော်မူအပ်သော စကားရပ်ပေတည်း။

**ဒုက္ခဟုရှု၍ မဂ်ရပုံ။** ။၎င်းသင်္ခတဖြစ်သော ခန္ဓာငါးပါးတို့ကို အနိစ္စအားဖြင့် သာလျှင်မြင်၍ မဂ်သို့ သက်ရောက်သည် မဟုတ်သေး၊ ဒုက္ခအားဖြင့်မြင်၍လည်း မဂ်သို့ ရောက်သည်သာတည်း။ ထိုသို့ ရောက်သည်၏ အဖြစ်ကို ထင်ရှားသိစေတော်မူလိုသောကြောင့် ၎င်းပဋိသမ္ဘိဒါမဂ် ပါဠိတော် စာမျက်နှာ(၄၁၁)၌ပင်—

> ပဉ္စက္ခန္ဓေ ဒုက္ခတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော သုခံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ဟူ၍ ပြဆိုတော်မူအပ်သည်။

အနက်သိကြောင်း မြန်မာပြန်ကား—

ပဉ္စ၊ ငါးပါးကုန်သော။ ခန္ဓေ၊ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့ကို။ ဒုက္ခတော၊ ဆင်းရဲသောအားဖြင့်။ ဝါ၊

ဧရာမရဏ တရားသည် နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့် မသက်သာသော အားဖြင့်။ ပဿန္တော၊ ဝိပဿနာဉာဏ်ဖြင့် ရှုမြင်သော ယောဂါဝစရပုဂ္ဂိုလ်သည်။ အနုလောမိကံ၊ လောကုတ္တရာမဂ်အားလျော်သော။ ခန္တိံ၊ တရားကို နှစ်သက်တတ်သော သဘောဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ ခန္ဓာတို့၏။ နိရောဓော၊ နောင်တဖန်ဖြစ်ပေါ်ခြင်းမရှိဘဲ ကွယ်ကြောင်းဖြစ်သော အသခ်တဓာတ်သည်။ သုခံ၊ ချမ်းသာသော သဘောဖြစ်သော။ နိဗ္ဗာနံ၊ ရာဂစသော မီးတို့၏ငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်တရား မည်၏။ ဣတိ၊ ဤသို့။ ပဿန္တော၊ ရှုမြင်သော ယောဂါဝစရပုဂ္ဂိုလ်သည်။ သမ္မတ္တ-နိယာမံ၊ မဖောက်မပြန်သော သဘောရှိသော မိမိ၏ အခြားမဲ့၌ အကျိုးပေးသောအားဖြင့် မြဲသော လောကုတ္တရာမဂ်သို့။ ဩက္ကမတိ၊ သက်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ဒုက္ခအားဖြင့် ရှုမြင်ခြင်းကြောင့်လည်း လောကုတ္တရာမဂ်သို့ရောက်သည်၏ အဖြစ်ကို ထင်ရှားသိကြလေ။

**အနတ္တ-ဟု ရှု၍ မဂ်ရပုံ။** ။ထို ဆိုအပ်ပြီးသော အနိစ္စ ဒုက္ခအားဖြင့်သာရှုမြင်၍ မဂ်သို့ရောက်သည်မဟုတ်သေး၊ အနတ္တအားဖြင့် ရှုမြင်၍လည်း မဂ်သို့ ရောက်သည်သာတည်း။ ထိုသို့ ရောက်သည်၏အဖြစ်ကို ထင်ရှားသိစေလိုသောကြောင့် ၎င်းပါဠိတော်စာမျက်နှာ (၄၁၃)၌—

> ပဉ္စက္ခန္ဓေ အနတ္တတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော ပရမတ္ထံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ဟူ၍ မိန့်အပ်လေသည်။

မြန်မာပြန်ကား—

ပဉ္စ၊ ငါးပါးကုန်သော။ ခန္ဓေ၊ တို့ကို။ အနတ္တတော၊ သတ္တဝါ အတ္တမဟုတ်သော သဘောတရားမျှသာ ဖြစ်၏ဟူ၍။ ပဿန္တော၊ ဝိပဿနာဉာဏ်ဖြင့် ရှုမြင်သော ယောဂါဝစရ ပုဂ္ဂိုလ်သည်။ အနုလောမိကံ၊ သော။ ခန္တိံ၊ ကို။ ပဋိ-လဘတိ၊ ရ၏။ ပဉ္စန္နံ၊ ကုန်သော။ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ သည်။ ပရမတ္ထံ၊ မိမိလက္ခဏာမှ တရံတဆစ်မျှ ဖောက်ပြန်ခြင်း မရှိသော မဖြစ်မပျက်သော သဘောဖြစ်သော။ နိဗ္ဗာနံ၊ မည်၏။ ဣတိ၊ ဤသို့။ ပဿန္တော၊ ရှုမြင်သော ယောဂါဝစရပုဂ္ဂိုလ်သည်။ သမ္မတ္တနိယာမံ၊ သို့။ ဩက္ကမတိ၊ သက်၏။

ဤသို့ပြဆိုအပ်သည်ကို ထောက်၍ အနတ္တအားဖြင့် ရှုမြင်ခြင်းကြောင့်လည်း မဂ်သို့သက်ဝင်ရောက်သည်ကို ထင်ရှားသိကြလေ။

**ခန္ဓာ ၅-ပါးကို ဇာတိဓမ္မ စသည်ရှု၍ မဂ်ရပုံ။**

။ထိုမှတပါးလည်း ခန္ဓာငါးပါး တို့ကို ဇာတိသဘောနှင့်မကင်းသော တရားဟူ၍ငင်း၊ ဇရာသဘောနှင့် မကင်းသော တရားဟူ၍ငင်း၊ ပျက်စီးတတ်သော မရဏတရားနှင့် မကင်းသော တရားဟူ၍ငင်း ရှုသော ပုဂ္ဂိုလ်တို့သည် သန္တိပဒဉာဏ်ဖြင့် နိဗ္ဗာန်ကို ဇာတိကင်းသော သဘော ဇရာကင်းသော သဘော မရဏကင်းသော သဘောအနေဖြင့် ထောက်ဆ၍ သိမြင်လျှင် စင်စစ် လောကုတ္တရာမဂ်သို့ ဆိုက်ရောက်သက်ဝင်နိုင်လေသည်သာတည်း။ ထိုသို့ ဆိုက်ရောက်သက်ဝင်နိုင်သည်၏ အဖြစ်ကို ထင်ရှားသိစေလိုသောကြောင့် ငင်းပါဠိတော်စာမျက်နှာ(၄၁၃)၌ပင်—

ပဉ္စက္ခန္ဓေ ဇာတိဓမ္မတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အဇာတံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ ဇရာဓမ္မတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အဇရံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ မရဏဓမ္မတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အမတံ နိဗ္ဗာနန္တိ သမ္မတ္တနိယာမံ ဩက္ကမတိ။

ဟူ၍ မိန့်အပ်လေပြီ။

ပဉ္စ၊ ကုန်သော။ ခန္ဓေ၊ တို့ကို။ ဇာတိဓမ္မတော၊ ဖြစ်ပေါ်သော သဘောရှိသော သဘောတရားအားဖြင့်။ ပဿန္တော၊ ရှုမြင်သော ယောဂါဝစရပုဂ္ဂိုလ်သည်။ အနုလောမိကံ၊ သော။ ခန္တိံ၊ ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ၊ ကုန်သော။ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ သည်။ အဇာတံ၊ ဖြစ်ပေါ်ခြင်းမရှိသော။ ဝါ၊ မဖြစ်ပေါ်သော သဘောသာလျှင် ဖြစ်သော။ နိဗ္ဗာနံ၊ မည်၏။ ဣတိ၊ ဤသို့။ ပဿန္တော၊ ဝိပဿနာဉာဏ်ဟု ဆိုအပ်သော သန္တိပဒဉာဏ်ဖြင့် ရှုမြင်သော ယောဂါဝစရပုဂ္ဂိုလ်သည်။ သမ္မတ္တနိယာမံ၊ သို့။ ဩက္ကမတိ၊ ၏။

ပဉ္စ၊ ကုန်သော။ ခန္ဓေ၊ တို့ကို။ ဇရာဓမ္မတော၊ ရင့်ရော်တတ်သော သဘောရှိသော သဘောတရားဖြင့်။ ပဿန္တော၊ သည်။ အနုလောမိကံ၊ သော။ ခန္တိံ၊ ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ၊ ကုန်သော။ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ သည်။ အဇရံ၊ မအိုသော။ ဝါ၊ ရင့်ရော်ဆွေးမြေ့ခြင်း မရှိသော။ ဝါ၊ မရင့်ရော်သော။ နိဗ္ဗာနံ၊ မည်၏။ ဣတိ၊ သို့။ ပဿန္တော၊ ဝိပဿနာဉာဏ်ဟု ဆိုအပ်သော သန္တိပဒဉာဏ်ဖြင့် ရှုမြင်သော ယောဂါဝစရပုဂ္ဂိုလ်သည်။ သမ္မတ္တနိယာမံ၊ သို့။ ဩက္ကမတိ၊ သက်၏။

ပဉ္စ၊ ကုန်သော။ ခန္ဓေ၊ တို့ကို။ မရဏဓမ္မတော၊ ပျက်စီးတတ်သော သဘော ရှိသော သဘောတရားအားဖြင့်။ ပဿန္တော၊ သည်။ အနုလောမိကံ၊ သော။ ခန္တိံ၊ ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ၊ ကုန်သော။ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ သည်။ အမတံ၊ ပျက်စီးခြင်းမရှိသော။ ဝါ၊ မပျက်မစီးသော။ နိဗ္ဗာနံ၊ မည်၏။ ဣတိ၊ သို့။ ပဿန္တော၊ သည်။ သမ္မတ္တနိယာမံ၊ သို့။ ဩက္ကမတိ၊ သက်၏။

ဤသို့ပြဆိုအပ်သော ပါဠိတော်စကားရပ်တို့ကိုထောက်၍ သင်္ခတတရားဖြစ်သော ခန္ဓာတရားတို့ကို ဖြစ်ပေါ်မှု ရင့်ရော်မှု ပျက်မှုတို့နှင့် မကင်းသည်တို့ကို မြင်သော ပုဂ္ဂိုလ်သည် အနုလောမိက ခန္တီဉာဏ်ကို ရသည်၊ ၎င်းသင်္ခတ တရားမှ ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်မပေါ်သော သဘောလက္ခဏာရှိသော နိဗ္ဗာန်ကို မဖြစ်ပေါ်သော သဘော အနေအားဖြင့်၎င်း၊ မရင့်ရော်သော သဘောအနေ အားဖြင့်၎င်း၊ မပျက်စီးသော သဘောအနေအားဖြင့်၎င်း ရှေးဦးစွာ လောကီ ဉာဏ်ဖြင့် ရှုမြင်သော ယောဂါဝစရပုဂ္ဂိုလ်သည်သာလျှင် ကေန် မဂ်သို့ သက်ဝင် ရောက်နိုင်သည်၏အဖြစ်ကို သိစေတော်မူအပ်လေသည်။

**သင်္ခတ, အသင်္ခတ သဘောကိုရှု၍ မဂ်ရနိုင်ပုံ။** ။ဤပြဆိုအပ်ပြီးသော အမြင်မျိုးသာလျှင် မဂ်သို့ ရောက်နိုင်သည်မဟုတ်သေး၊ ရှေး၌ပြဆိုအပ်ခဲ့ပြီးသော သင်္ခတလက္ခဏာနှင့် အသင်္ခတ လက္ခဏာတို့ကို တိုးထွင်း၍ သိမြင်လျှင်လည်း မဂ်သို့ ရောက်နိုင်သည်သာလျှင် တည်း၊ ထိုသို့ ရောက်နိုင်သည်၏ အဖြစ်ကိုလည်း ၎င်းပဋိသမ္ဘိဒါမဂ် ပါဠိတော် စာမျက်နှာ (၄၁၃)၌—

> ပဉ္စက္ခန္ဓေ သင်္ခတတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အသင်္ခတံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ဟူ၍ ပြဆိုတော်မူအပ်သည်။

ပဉ္စ၊ ကုန်သော။ ခန္ဓေ၊ တို့ကို။ သင်္ခတတော၊ အကြောင်းတရား တို့သည် ပေါင်းဆုံညီညွတ်၍ ပြုပြင်အပ်သောသဘောရှိသော တရားအားဖြင့်။ပဿန္တော၊ သည်။ အနုလောမိကံ၊ သော။ ခန္တိံ၊ ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ၊ ကုန်သော။ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ သည်။ အသင်္ခတံ၊ အကြောင်းတရားတို့သည် မပြုပြင် အပ်သော။ နိဗ္ဗာနံ၊ မည်၏။ ဣတိ၊ သို့။ ပဿန္တော၊သည်။ သမ္မတ္တနိယာမံ၊ သို့။ ဩက္ကမတိ၊ သက်၏။

ဤသို့ပြဆိုအပ်သည်ကိုထောက်၍ သင်္ခတတရား အသင်္ခတတရားအနေအား ဖြင့် အပြန်အလှန်သဘောပေါ်အောင် ရှုတတ်သော ယောဂါဝစရပုဂ္ဂိုလ်သည် မဂ်သို့ရောက်နိုင်ကြောင်းကို ထင်ရှားသိလေ။

**မဂ်ရစေနိုင်သည့် ဝိပဿနာ ၄၀။** ။ထိုမှတပါးလည်း ဂဏ္ဍတော ဥပဒ္ဒဝတော သလ္လတော ရောဂတော စသည်ဖြင့် ဒုက္ခလက္ခဏာရှုနည်း ၂၅-ပါး၊ အနိစ္စလက္ခဏာရှုနည်း ၁၀-ပါး၊ အနတ္တလက္ခဏာရှုနည်း ၅-ပါးတို့တွင် တပါးပါးဖြင့်ရှု၍ ထိုမှပြန်သောအားဖြင့် ဆန့်ကျင်ဘက်အနေဖြင့် နိဗ္ဗာန်သဘောကို ရှုမြင်လျှင် ကေန် မဂ်သို့ ရောက်နိုင်ကြောင်းကို ၎င်းပါဠိတော်၌ အကျယ်လာရှိလေ၏။ အလိုရှိလျှင် ၎င်းပါဠိတော်၌ ယူလေ။ ဤသို့လျှင် သင်္ခတ၏ အပြစ်ဒေါသတွေ့ကိုမြင်သော ယောဂါဝစရပုဂ္ဂိုလ်သည် ၎င်းသင်္ခတတရား၏ ဆန့်ကျင်ဘက်ဖြစ်သော အသင်္ခတဓာတ်သဘောကို ရှေးဦးစွာ လောကီဉာဏ်ဖြင့်ထောက်ဆ၍ သိပြီးမှသာလျှင် ၎င်းနိဗ္ဗာန်သို့ စေလွှတ်ဖန်များသဖြင့် ကေန် မဂ်ဉာဏ်သို့ ရောက်နိုင်လေ၏။ ထိုသို့ မဂ်ဉာဏ်သို့ ရောက်သော်လည်း ၎င်းမဂ်၏အာရုံဖြစ်သော နိဗ္ဗာန်သည် တခြားမဟုတ်၊ လောကီဉာဏ်ဖြင့် ထောက်ဆ၍သိသော သဘောအတိုင်းကိုသာလျှင် ဂေါတြဘူဉာဏ်လည်း အာရုံပြုလေသည်။ ၎င်းနောက် မဂ်လည်း အာရုံပြုလေသည်။ အာရုံအားဖြင့် မပြားကြလေ။ ထပ်တူသာလျှင် ဖြစ်လေ၏။ ထို့ကြောင့် ၎င်းပါဠိတော်၌ပင် သန္တိပဒဉာဏ်၏ အာရုံကို ပြချက် ဂေါတြဘူ၏ အာရုံကို ပြချက်သည် အတူတူပင်ဖြစ်လေတော့၏။ အလိုရှိလျှင် ၎င်းပါဠိတော်၌ ကြည့်ကြလေ။

**နိဗ္ဗာန်သဘော၌ အမြင်မှား ပျောက်ခြင်း။** ။ဤ ပြဆိုအပ်သော ဝိပဿနာအာရုံ ဂေါတြဘူ အာရုံ မဂ်အာရုံ ဖြစ်သော အသင်္ခတသဘော၌ ပြိုးပြိုးပြက်ပြက်အရောင် မြင်စရာရှိ၏လောဟု ဉာဏ်ဖြင့် ကြည့်ကြလေ။ စိုးစဉ်းမျှမရှိသည်ကိုလည်း သိမြင်ရလေ၏။ ၎င်းအသင်္ခတဓာတ်နိဗ္ဗာန်၌ ရုပ်ထူးနာမ်ထူးရှိ၏လောဟု စဉ်းစား၍ ကြည့်ကြလေ။ ထိုသို့ကြည့်ကြလျှင် ရုပ်နာမ်တရားတို့၏ ရှိမှုသည် အရိပ်အရောင်မျှ မပါရှိသည်ကို ကေန် ပညာရှင်တို့ သိကြကုန်လိမ့်မည်။

**အနုလောမိကခန္တိဉာဏ်ဖြင့် မဂ်ရပုံ။** ။ထိုဆိုအပ်ပြီးသော ပြိုးပြိုးပြက်ပြက် အရောင် စသည် မရှိသော မဖြစ်မပျက်သော သဘောကို အနိစ္စအားဖြင့်၎င်း၊ သုခအားဖြင့်၎င်း၊သတ္တဝါပုဂ္ဂိုလ်မဟုတ်သော မဖြစ်ပေါ်သော သဘောလက္ခဏာမျှသည်သာလျှင် ကေန်ရှိနေသည်၏အဖြစ်အားဖြင့်၎င်း ဝိပဿနာဟု ဆိုအပ်သော **သန္တိပဒဉာဏ်ဖြင့်** အဖန်တလဲလဲ ထောက်ဆ၍ သိပြီးမှသာလျှင် လောကုတ္တရာမဂ်အားလျော်သော အနုလောမိကခန္တိဉာဏ်ကို ရသည်။ ထိုအနုလောမိကခန္တိဉာဏ် ရပြီးမှသာလျှင် ကေန် လောကုတ္တရာမဂ်ဖိုလ်သို့ ရောက်နိုင်လေသည်ဟုမှတ်။ ထိုသို့မှတ်စေလိုတော်မူသောကြောင့် ဘုရားရှင်ဟောတော်မူအပ်သည်၏အဖြစ်ကို ၎င်းပဋိသမ္ဘိဒါမဂ်ပါဠိတော် စာမျက်နှာ(၄၁၀)၌—

သော ဝတ ဘိက္ခဝေ ဘိက္ခု နိဗ္ဗာနံ သုခတော သမနုပဿန္တော အနုလောမိကာယ ခန္တိယာ သမန္နာဂတော ဘဝိဿတီတိ ဌာနမေတံ ဝိဇ္ဇတိ။

အနုလောမိကာယ ခန္တိယာ သမန္နာဂတော သမ္မတ္တနိယာမံ ဩက္က-မိဿတီတိ ဌာနမေတံ ဝိဇ္ဇတိ။

သမ္မတ္တနိယာမံ ဩက္ကမမာနော သောတာပတ္တိဖလံ ဝါ သကဒါဂါမိ-ဖလံ ဝါ အနာဂါမိဖလံ ဝါ အရဟတ္တဖလံ ဝါ သစ္ဆိကရိဿတီတိ ဌာနမေတံ ဝိဇ္ဇတိ။

ဟူ၍ မိန့်အပ်ပြီ။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ တို့။ ဝတ ဧကန္တေန၊ စင်စစ် သဖြင့်။ သော ဘိက္ခု၊ ထိုယောဂါဝစရ ဖြစ်သောရဟန်းသည်။ နိဗ္ဗာနံ၊ အသင်္ခတဓာတ်နိဗ္ဗာန်ကို။ သုခတော၊ သုခအား ဖြင့်။ သမနုပဿန္တော၊ ကောင်းစွာ ဝိပဿနာဟု ဆိုအပ်သော သန္တိပဒဉာဏ်ဖြင့် မြင်သည်ရှိသော်။ အနုလောမိကာယ၊ လောကုတ္တရာမဂ်အားလျော်သော။ ခန္တိယာ၊ နိဗ္ဗာန်တရားကို နှစ်သက်တတ်သောသဘောဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံခြင်းသို့ရောက်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။

အနုလောမိကာယ၊ လောကုတ္တရာမဂ်အားလျော်သော။ ခန္တိယာ၊ နိဗ္ဗာန်တရားကို နှစ်သက်တတ်သော သဘောဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံခြင်းသို့ ရောက်သော ယောဂါဝစရ ရဟန်းသည်။ သမ္မတ္တနိယာမံ၊ မဖောက်မပြန်သော သဘောရှိသော မိမိ၏အခြားမဲ့၌ အကျိုးပေးသောအားဖြင့် မြဲသော လော-ကုတ္တရာမဂ်သို့။ ဩက္ကမိဿတိ၊ သက်လတ္တံ့။ ဣတိ၊ ဤသို့။ ဧတံ ဌာနံ၊ ဤ အကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။

သမ္မတ္တနိယာမံ၊ မဖောက်။ပ။ မဂ်သို့။ ဩက္ကမမာနော၊ သက်သောရဟန်း သည်။ သောတာပတ္တိဖလံ ဝါ၊ သောတာပတ္တိဖိုလ်ကိုငင်း။ သကဒါဂါမိဖလံ ဝါ၊ သကဒါဂါမိဖိုလ်ကိုငင်း။ အနာဂါမိဖလံ ဝါ၊ အနာဂါမိဖိုလ်ကိုငင်း။ အရဟတ္တ-ဖလံ ဝါ၊ အရဟတ္တဖိုလ်ကိုငင်း။ သစ္ဆိကရိဿတိ၊ မျက်မှောက်ပြုလတ္တံ့။ ဣတိ၊ ဤသို့။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။

ဤသို့ ပြဆိုအပ်သည်တို့ကို ထောက်၍ အသင်္ခတဓာတ်နိဗ္ဗာန်ကို ဝိပဿနာဟု ဆိုအပ်သော သန္တိပဒဉာဏ်ဖြင့် သုခစသောအနေဖြင့် တင်ကူး၍သိပြီးလျှင်

စေလွှတ်နေသောပုဂ္ဂိုလ်အား အနုလောမိကခန္တီဉာဏ်ဖြစ်သည်၊ ထိုအနုလောမိကခန္တီဉာဏ်ဖြစ်သော ယောဂါဝစရပုဂ္ဂိုလ်သည်သာလျှင် စင်စစ် မဂ်သို့ သက်နိုင်သည်၊ မဂ်သို့သက်မှသာလျှင် ဖိုလ်ကို မျက်မှောက်ပြုနိုင်ကြောင်းကို ရှေး၌ပြဆိုအပ်ခဲ့သည့်အတိုင်း ထင်ရှားသိကြလေ။ ဤဒေသနာတော်၌ အသင်္ခတဓာတ်ကို သုခအားဖြင့် ရှုမြင်မှုကိုဆိုကလည်း နိစ္စအနေစသည်ဖြင့်ရှုသော ယောဂါဝစရပုဂ္ဂိုလ်သည် ဧကန် မဂ်သို့ ရောက်၍ ဖိုလ်ကို မျက်မှောက်ပြုနိုင်သည်၏အဖြစ်ကို ထင်ရှားသိကြလေ။

## သင်္ခတ၏ဆန့်ကျင်ဘက်အားဖြင့် နိဗ္ဗာန်ကိုမြင်၍ မဂ်တရားရပုံ ဝီထိ ပြဆိုချက်

**နိဗ္ဗာန်ကို နိစ္စ-ဟုသိ၍ သောတာပတ္တိမဂ်ရပုံ ဝီထိ။** ။ထိုဆိုအပ်ပြီးသော အသင်္ခတဓာတ်ကို သင်္ခတမှ ပြန်သောအားဖြင့် နိစ္စသုခ စသည်မြင်၍ မဂ်ဖြစ်သော ဝီထိစဉ်ကို အနည်းငယ် ဖော်ပြဦးအံ့။ ရှေး၌ပြဆိုအပ်ပြီးသော အကြောင်းအကျိုး အဆက်ဆက်ဖြစ်ကုန်သော သင်္ခတတရားဟုဆိုအပ်သော သင်္ခါရဝိညာဏ်စသည်တို့ကို မမြဲသောအားဖြင့်၎င်း၊ မသက်မသာဆင်းရဲသောအားဖြင့်၎င်း၊ သတ္တဝါ၊ အသက် စသည် မဟုတ်သောအားဖြင့်၎င်း မှားစွာ သုံးသပ်ခဲ့၍ အသင်္ခတဓာတ်နိဗ္ဗာန်ကို နိစ္စ သုခ စသောအနေဖြင့် ရှုဖန်များ၍ သောတာပတ္တိမဂ်ဖိုလ် ဖြစ်လိုလတ်သည် ရှိသော်—

**ဘဝင် ၂-ကြိမ်။** ။မိမိ ပဋိသန္ဓေစိတ်နှင့် ဘူမိ, ဇာတိ, သမ္ပယုတ္တဓမ္မ, သင်္ခါရ အားဖြင့် တူသောစိတ်သည် ပဋိသန္ဓေစိတ်၏ အာရုံနှင့် တူသော ကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကို ထိုက်သည်အား လျော်စွာ အာရုံပြု၍ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒအားဖြင့် ဘဝင်ကိစ္စနှစ်ကြိမ် ဖြစ်၍ ချုပ်၏။

**မနောဒွါရာဝဇ္ဇန်း။** ။ထိုနောင် အကြောင်းအကျိုးအဆက်ဆက်ဖြစ်ပေါ် လျက် ချုပ်ပျက်နေကြသော သင်္ခတဖြစ်သော သင်္ခါရဟုဆိုအပ်သော အကြောင်းစေတနာ ဝိညာဏ်ဟုဆိုအပ်သော အကျိုးသိမှုသဘောစသည် တို့ကို မမြဲသောအားဖြင့် အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ် သည် အာဝဇ္ဇန်းကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။

**ပရိကံ ဥပစာ အနုလုံဇောများ။** ။ထိုနောင် ၎င်းအကြောင်းအကျိုးဖြစ်သော သင်္ခါရဝိညာဏ် စသည်တို့ကို မမြဲသော အားဖြင့် အာရုံပြု၍ မဟာကုသိုလ်သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်အသင်္ခါ-

ရိက သသင်္ခါရိကစိတ်နှစ်ခုတို့တွင် တခုခုသောစိတ်သည် ဉာဏ်နှံ့သောပုဂ္ဂိုလ်အား ပရိကံ ဥပစာ အနုလုံ၊ ဉာဏ်ထက်သော ပုဂ္ဂိုလ်အား ဥပစာ အနုလုံအားဖြင့် **ကာမဇောသုံးကြိမ်သော်**ငင်း၊ နှစ်ကြိမ်သော်ငင်း ဖြစ်၍ချုပ်၏။

**ဂေါတြဘူဇော။** ။ထိုနောင် ၎င်းစိတ်သည်သာလျှင် သင်္ခတမှပြန်သောအားဖြင့် အသင်္ခတဓာတ်နိဗ္ဗာန်ကို နိစ္စအားဖြင့် အာရုံပြု၍ ဂေါတြဘူ ဟူသော အမည်ကိုယူလျက် **ကာမဇောတကြိမ်** ဖြစ်၍ချုပ်၏။

**သောတာပတ္တိမဂ်ဇော ၁-ကြိမ်။** ။ထိုနောင် ဂေါတြဘူမှ အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတ အာသေဝန တည်းဟူသော ခြောက်ပစ္စယသတ္တိကို ခံယူလျက် ၎င်းဂေါတြဘူစိတ်သည် အာရုံပြုအပ်သော အသင်္ခတဓာတ်နိဗ္ဗာန်ကိုသာလျှင် နိစ္စအားဖြင့် အာရုံပြုလျက် ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်းကိစ္စ၊ သမုဒယသစ္စာကိလေသာကို ပယ်ဆဲလည်း ဖြစ်၊ ၎င်းပယ်ဆဲဖြစ်သောကိလေသာကိုလည်း ပယ်ခြင်းတည်းဟူသော သိခြင်းဖြင့် သိခြင်းကိစ္စ၊ နိရောဓသစ္စာဟုဆိုအပ်သော အသင်္ခတဓာတ်နိဗ္ဗာန်ကိုလည်း ဒိဋ္ဌမြင်ခြင်းတည်းဟူသော မျက်မှောက်ပြုခြင်းဖြင့် မျက်မှောက်ပြု၍သိခြင်းကိစ္စ၊ မိမိတည်းဟူသော မဂ်ကိုလည်း ဘာဝနာအစွမ်းအားဖြင့် သိခြင်းကိစ္စ၊ ဤဆိုအပ်ပြီးသော လေးပါးသောသိခြင်းကိစ္စကို တပြိုင်နက်ပြီးစေလျက် သောတာပတ္တိမဂ်ကိစ္စတကြိမ် ဖြစ်၍ချုပ်၏။

**သောတာပတ္တိဖိုလ်ဇော ၂-၃-ကြိမ်။** ။ထိုနောင် ၎င်းမဂ်မြင်ပြီးသော အသင်္ခတဓာတ်နိဗ္ဗာန်ကို နိစ္စအားဖြင့် အာရုံပြု၍ သောတာပတ္တိဖိုလ်စိတ်သည် ဉာဏ်နှံ့သောမန္ဒပုဂ္ဂိုလ် ဖြစ်အံ့၊ ဖိုလ်ဇော နှစ်ကြိမ်၊ ဉာဏ်ထက်သော တိက္ခပုဂ္ဂိုလ်ဖြစ်အံ့၊ ဖိုလ်ဇောသုံးကြိမ်ဖြစ်၍ချုပ်၏။

**ဘဝင်ကျခြင်း။** ။ထိုနောင် မိမိပဋိသန္ဓေစိတ်နှင့် ဘူမိ ဇာတိ သမ္ပယုတ္တဓမ္မ သင်္ခါရအားဖြင့် တူသောစိတ်သည် ပဋိသန္ဓေစိတ်၏အာရုံနှင့် တူသော ကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ဖြစ်၏။

ဤဝီထိကား ဝုဋ္ဌာနဂါမိနိဝိပဿနာဇောဟု ဆိုအပ်သော ပရိကံ ဥပစာ အနုလုံတည်းဟူသော ကာမဇောသည် သင်္ခတတရားတို့ကို အနိစ္စ အားဖြင့် ရှုမြင်အပ်သည်မှပြန်၍ နိဗ္ဗာန်ကို နိစ္စအားဖြင့် ဂေါတြဘူ မဂ် ဖိုလ်တို့သည် အာရုံပြု၍ ဖြစ်ပုံကိုပြအပ်သော နည်းတည်း။

ထိုသို့ပင် မဂ်သည် အသင်္ခတဓာတ်နိဗ္ဗာန်ကို နိစ္စအားဖြင့် သိဆဲဖြစ်သော်လည်း သုခစသည်၏ အဖြစ်ကိုမူကား အာရုံမပြုဘဲလျက် သိခြင်းကိစ္စသည်

အတွင်းဝင်၍ ပါရှိလေသည်သာတည်းဟု မှတ်။ ဤတွင် အနိစ္စမှပြန်၍ နိဗ္ဗာန်ကို နိစ္စအားဖြင့် သိ၍ မဂ်ဖြစ်ပုံကို ပြဆိုချက် ပြီး၏။

**နိဗ္ဗာန်ကို သုခဟု သိ၍ သောတာပတ္တိမဂ်ရပုံ ဝီထိ။** ။ငင်းအကြောင်းအကျိုး တည်းဟူသော သင်္ခါရ ဝိညာဏ်စသည်တို့ကို ဒုက္ခအားဖြင့် မြင်ခြင်းကြောင့် နိဗ္ဗာန်ကို သုခအားဖြင့် မြင်၍ မဂ်ဖြစ်လိုလတ်သည်ရှိသော် မိမိ ပဋိသန္ဓေစိတ်နှင့် ဘုမိ ဇာတိ။လ။ ဘဝင်စလန ဘဝင်ုပစ္ဆေဒဟု ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် အကြောင်းအကျိုးတရားတို့သည် အဆက်မပြတ်ဖြစ်ပေါ်ဖြစ်ပေါ် ကြကုန်၏၊ ဇရာ မရဏတို့၏ အနှိပ်စက်ကို ခံရခြင်းကြောင့် မပြတ်မလပ် ဒုက္ခ ဖြစ်နေသော သင်္ခါရ ဝိညာဏ်စသည်တို့ကို ဒုက္ခအားဖြင့် အာရုံပြု၍ ဆင်ခြင် တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည်။လ။ ချုပ်၏။

ထိုနောင် ငင်းအကြောင်းအကျိုးဖြစ်သော သင်္ခါရဝိညာဏ်စသည်တို့ကို ဒုက္ခအားဖြင့် အာရုံပြု၍ မဟာကုသိုလ် သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက သသင်္ခါရိက စိတ်နှစ်ခုတို့တွင် တခုခုသောစိတ်သည် ဉာဏ် နှံ့သော ။လ။ သုံးကြိမ်သော်ငင်း၊ နှစ်ကြိမ်သော်ငင်း ဖြစ်၍ ချုပ်၏။

ထိုနောင် ငင်းစိတ်သည်သာလျှင် သင်္ခတမှ ပြန်သောအားဖြင့် အသင်္ခတ- ဓာတ်နိဗ္ဗာန်ကို သုခအားဖြင့် အာရုံပြု၍ ဂေါတြဘူဟူသော အမည်ကို ယူလျက် ကာမဇောတကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် ဂေါတြဘူမှ။လ။ ယူလျက် ငင်းဂေါတြဘူစိတ်သည် အာရုံ ပြုအပ် သော အသင်္ခတဓာတ်နိဗ္ဗာန်ကိုသာလျှင် သုခအားဖြင့် အာရုံပြုလျက်။လ။ သောတာပတ္တိမဂ်ကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် ငင်းမဂ်မြင်ပြီးသော အသင်္ခတဓာတ်နိဗ္ဗာန်ကို သုခအားဖြင့် အာရုံ ပြု၍ သောတာပတ္တိဖိုလ်စိတ်သည်။လ။ ချုပ်၏။ ထိုနောင် မိမိ ပဋိသန္ဓေစိတ် နှင့်။လ။ ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ဤ ဝီထိကား ဝုဋ္ဌာနဂါမိနီ ဝိပဿနာဇောဟုဆိုအပ်သော ပရိကံ ဥပစာ အနုလုံတည်းဟူသော ကာမဇောသည် သင်္ခတတရားတို့ကို ဒုက္ခ အားဖြင့် ရှုမြင်အပ်သည်မှ ပြန်၍ နိဗ္ဗာန်ကို သုခအားဖြင့် ဂေါတြဘူ ဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့သည် အာရုံပြု၍ဖြစ်ပုံကို ပြအပ်သောနည်း ပေတည်း။

ထိုသို့ပင် မဂ်သည် အသင်္ခတဓာတ်နိဗ္ဗာန်ကို သုခအားဖြင့် သိဆဲ ဖြစ်သော်လည်း နိစ္စစသည်၏ အဖြစ်ကိုမူကား အာရုံမပြုဘဲလျက် သိခြင်းကိစ္စသည် အတွင်းဝင်၍ ပါရှိလေသည်သာတည်းဟု မှတ်ကြလေ။ ဤတွင် ဒုက္ခမှပြန်၍ နိဗ္ဗာန်ကို သုခအားဖြင့် သိ၍ မဂ်ဖြစ်ပုံကို ပြဆိုချက် ပြီး၏။

**နိဗ္ဗာန်ကို အနတ္တဟု သိ၍ သောတာပတ္တိ မဂ်ရပုံ ဝီထိ။** ။ငင်း အကြောင်း အကျိုးတည်း ဟူသော သင်္ခါရဝိညာဏ်စသည်တို့ကို အနတ္တသဘောအားဖြင့် မြင်ခြင်းကြောင့် နိဗ္ဗာန်ကိုလည်း သတ္တဝါ အတ္တ စသည်မရှိသော မဖြစ်ပေါ်သော သဘောလက္ခဏာမျှသာလျှင် ကေန် ရှိသည်ဟုမြင်၍ မဂ်ဖြစ်လိုလတ်သည်ရှိသော် မိမိ ပဋိသန္ဓေစိတ်နှင့် ဘူမိ ဇာတိ။လ။ ဘဝင်စလန ဘဝင်ုပစ္ဆေဒဟု ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် နိစ္စ သုခမရှိသော အကြောင်းအကျိုး သင်္ခါရဝိညာဏ်တရားတို့ကို သတ္တဝါ အတ္တ စသည် မဟုတ်၊ သဘောမျှသာလျှင် ဘုံသုံးပါး၌ ဖြစ်နေကြသည်ဟူ၍ အနတ္တအားဖြင့် အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စ ဟကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် ထိုမနောဒွါရာဝဇ္ဇန်းစိတ်သည် ဆင်ခြင်အပ်သော အကြောင်းအကျိုး သင်္ခါရဝိညာဏ်စသော သဘောတို့ကိုသာလျှင် ပြဆိုအပ်ခဲ့သောနည်းအတိုင်း အနတ္တအားဖြင့် အာရုံပြု၍ မဟာကုသိုလ် သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက သသင်္ခါရိက စိတ်နှစ်ခုတို့တွင် တခုခုသောစိတ်သည် ဉာဏ်နုံ့သော။လ။ ဖြစ်၍ ချုပ်၏။ ထိုနောင် ငင်းစိတ်သည်သာလျှင် သင်္ခတမှ ပြန်သောအားဖြင့် ထင်ရှားရှိနေသော သတ္တဝါစသည် မဟုတ်သော မဖြစ်ပေါ်သော အသင်္ခတဓာတ်နိဗ္ဗာန်သဘောကို သတ္တဝါစသည် မဟုတ်၊ မဖြစ်ပေါ်သော သဘောမျှသာ ဟုတ်၏ဟူ၍ အာရုံပြုပြီးလျှင် ဂေါတြဘူဟူသော အမည်ကို ယူလျက် ကာမဇော တကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ဂေါတြဘူမှ။လ။ ယူလျက် ငင်းဂေါတြဘူစိတ်သည် အာရုံ ပြု၍ဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သဘောကိုသာလျှင် သတ္တဝါစသည် မဟုတ်၊ မဖြစ်ပေါ်သော သဘောမျှသာလျှင် တည်နေ၏ဟု အာရုံပြုလျက်။လ။ သောတာပတ္တိမဂ်ကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ငင်းမဂ်မြင်ပြီးသော အသင်္ခတသဘောနိဗ္ဗာန်ကို ပြဆိုအပ်ပြီးသောနည်းအတိုင်း အနတ္တအားဖြင့် အာရုံပြု၍ သောတာပတ္တိဖိုလ်စိတ်သည် မန္ဒပုဂ္ဂိုလ်ဖြစ်အံ့ နှစ်ကြိမ်၊ တိက္ခပုဂ္ဂိုလ်ဖြစ်အံ့ သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် မိမိ ပဋိသန္ဓေစိတ်နှင့် ဘူမိ ဇာတ်။လ။ စိတ်သည် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ဤဝိထိကား ဝဋ္ဋာနုဂါမိနိ ဝိပဿနာဇောဟု ဆိုအပ်သော ပရိကံ ဥပစာ အနုလုံတည်းဟူသော ကာမဇောသည် သင်္ခတ တရားတို့ကို အနတ္တအားဖြင့် ရှုမြင်အပ်သည်မှ ပြန်၍ အသင်္ခတဓာတ် နိဗ္ဗာန်ကို လည်း သတ္တဝါ စသည် မဟုတ်၊ မဖြစ်ပေါ်သော သဘောလက္ခဏာဖြင့် သာလျှင် တည်ရှိသော သဘောဟူ၍ ပရမတ္ထအနေအားဖြင့် ဂေါတြဘူ ဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့သည် အာရုံပြု၍ ဖြစ်ပုံကို ပြဆိုအပ်သော နည်းပေတည်း။

ထိုသို့ပင် မဂ်သည် အသင်္ခတဓာတ်နိဗ္ဗာန်ကို ပရမတ္ထသဘောအားဖြင့် သိဆဲ ဖြစ်သော်လည်း နိစ္စ သုခ၏ အဖြစ်ကိုမူကား အာရုံမပြုဘဲလျက် သိခြင်း ကိစ္စသည် အတွင်းဝင်၍ ပါရှိလေသည်သာတည်းဟု မှတ်ကြလေ။

## မဂ်၏သစ္စာ ၄-ပါး၌ ကိစ္စ ၄-ချက်ဖြင့် သိပုံ

ထိုဆိုအပ်ပြီးသော အခြင်းအရာဖြင့် သိမှုကိစ္စပါရှိခြင်းကြောင့်သာလျှင် မဂ်သည် နိဗ္ဗာန်ကို နိစ္စအနေအားဖြင့် ဖြစ်စေ၊ သုခအနေအားဖြင့် ဖြစ်စေ၊ သတ္တဝါစသည်မဟုတ် ပရမတ္ထသဘော အနေအားဖြင့် ဖြစ်စေ တပါးပါးဖြင့် ထိုးထွင်း၍သိလျှင် သစ္စာလေးချက် ကိစ္စတို့ကို တပြိုင်နက် ထိုးထွင်း၍ သိခြင်း ကိစ္စ ပြီးလေသည်သာတည်း။ ပြီးပုံကို ထင်ရှားပြဆိုဦးအံ့။

**နိရောဓသစ္စာ၌ မျက်မှောက်ပြုခြင်း ကိစ္စ။** ။ ၎င်းမဂ်သည် နိစ္စ သုခအားဖြင့် တည်ရှိသော သတ္တဝါစသည် မဟုတ်သော မဖြစ်ပေါ်ခြင်း သဘောလက္ခဏာမျှသာလျှင်ရှိသော ပရမတ္ထ သဘော နိဗ္ဗာန်ကို အာရုံပြု၍ နိစ္စစသော အချက်တို့တွင် တချက်ချက်သော အနေအားဖြင့် ထိုးထွင်း၍ သိမြင်ခိုက် ၎င်းနိရောဓသစ္စာကို အာရုံပြု၍ မြင်အပ်သောကြောင့် သစ္ဆိကာတဗ္ဗကိစ္စကိုလည်း တပြိုင်နက် ပြီးစေ၏။

**ဒုက္ခသစ္စာ၌ ပိုင်းခြားသိခြင်း ကိစ္စ။** ။ ၎င်းမြင်အပ်သော သစ္ဆိကာတဗ္ဗကိစ္စ ဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်နှင့် ဆန့်ကျင်ဘက်ဖြစ်သော သင်္ခတတရားဖြစ်သော နိစ္စ သုခ အတ္တ စသည်မရှိသော အကြောင်းအကျိုးအဆက်ဆက် မပြတ်ဖြစ်နေသော ဝဋ္ဋဒုက္ခတို့ကိုလည်း စင်စစ် နိစ္စ သုခ အတ္တစသည် မရှိသော တရားစုဟူ၍ အာရုံမပြုဘဲလျက် ၎င်းဒုက္ခ သစ္စာ၌ ဖုံးလွှမ်းတတ်သော မောဟကို ဖျက်ဆီးလျက် မတွေ့မဝေသော ကိစ္စအားဖြင့် ပိုင်းခြား၍ သိခြင်းကိစ္စကို ပြုလျက် ဒုက္ခသစ္စာ၏ ပရိညေယျ ကိစ္စ ကိုလည်း တပြိုင်နက် ပြီးစေ၏။

**သမုဒယသစ္စာ၌ ပယ်ခြင်းကိစ္စ။** ။အစမထင် သံသရာမှစ၍ ယခုဖြစ်ဆဲဘဝ မဂ်မရမီတိုင်အောင် သတ္တဝါ အတ္တ နိစ္စ သုခ စသည်မဟုတ်သော ရုပ်နာမ်တရားတို့ကို နိစ္စ သုခ အတ္တ စသည်ဖြင့် ဖောက်ပြန်၍ ယူပြီးလျှင် ရှေးရှေးက ဖြစ်ပေါ်၍ ချုပ်ခဲ့ပြီးသော ဒိဋ္ဌိဝိစိကိစ္ဆာစသော ကိလေသာ တရားတို့၏ သတ္တိသည် နောင်ဖြစ်ပေါ်စေရန် အကြောင်းခံအားဖြင့် ရှိနေ၏။ ထိုသို့ အကြောင်းခံအားဖြင့် ရှိနေသော ကိလေသာသတ္တိကို အနုသယဟု ခေါ်ဆိုအပ်သည်။ ထိုဒိဋ္ဌိဝိစိကိစ္ဆာစသော ကိလေသာနုသယသတ္တိတို့ကိုလည်း ထိုနိစ္စ သုခစသော ဂုဏ်နှင့် ပြည့်စုံသော နိဗ္ဗာန်ကို အာရုံပြုခိုက်ဖြစ်သော မဂ်သည် ပဋိပက္ခဖြစ်နေသော သခ်တတည်းဟူသော ဒုက္ခသစ္စာ၊ ၎င်းမှ ပြန်သော နိစ္စ သုခ ဖြစ်သော အသခ်တဓာတ်နိဗ္ဗာန် ဤဆိုအပ်ပြီးသော တရားနှစ်ပါးကို တပြိုင်နက် သိရှိလေခြင်းကြောင့် နိစ္စမရှိသော တရားကို နိစ္စ၊ သုခမရှိသော တရားကို သုခ စသည်ဖြင့် တကယ်အဟုတ်စွဲယူဖောက်ပြန်ရန် မရှိသည်ကိုပြုလျက် ထိုဖောက်ပြန်ခြင်းကို ပြုတတ်သော ဒိဋ္ဌိ၊ ၎င်းတရားတို့၌ ယုံမှားစေတတ်သော ဝိစိကိစ္ဆာ စသော တရားတို့၏ မျိုးစေ့အနုသယဟု ဆိုအပ်သော ကိလေသာသတ္တိတို့ကိုလည်း တပြိုင်နက် တချက်တည်း ကုန်ခန်းစေ၍ ပယ်ခြင်းကိုလည်း ပြု၏။ ထိုကုန်ခန်းသော တရား၌လည်း တဖန် ကုန်လေသလော မကုန်လေသလောဟု တွေးတောယုံမှားခြင်းကို ဖြစ်စေတတ်သော မောဟကိုလည်း တပြိုင်နက် တချက်တည်း ဖျက်ဆီးလျက် ပယ်ဆဲဖြစ်သော တရား၌ မတွေမဝေသော ကိစ္စအားဖြင့် သိခြင်းကိစ္စကိုပြုလျက် ပဟာတဗ္ဗကိစ္စကိုလည်း တပြိုင်နက် ပြီးစေ၏။

**မဂ္ဂသစ္စာ၌ ပွါးများခြင်း ကိစ္စ။** ။၎င်း မဂ်ဉာဏ်သည် မိမိနှင့်အတူဖြစ်သော သမ္ပယုတ္တ တရားတို့နှင့် တကွ ဖြစ်လျက် အသခ်တဓာတ်နိဗ္ဗာန်ကို ထင်ထင်လင်းလင်း မြင်ခြင်းတည်းဟူသော ဘာဝနာကိစ္စကိုလည်း တပြိုင်နက် တချက်တည်း ပြီးစေပြီးလျှင် ၎င်းမဂ္ဂဘာဝနာကိစ္စ ပြီးရာ၌ နိဗ္ဗာန်ကို မြင်တတ်သော မဂ်ဉာဏ်သည် ဖြစ်လေသလော မဖြစ်လေသလောဟု တွေးတောယုံမှားခြင်းကို ဖြစ်စေတတ်သော တွေဝေတတ်သော မောဟတရားကိုလည်း တပြိုင်နက် တချက်တည်း ဖျက်ဆီးလျက် မဂ်၌ မတွေမဝေသော ကိစ္စအားဖြင့် သိခြင်းကိစ္စကို ပြုပြီးလျှင် ဘာဝိတဗ္ဗကိစ္စကိုလည်း တပြိုင်နက် တချက်တည်း ပြီးစေ၏။

ဤသို့လျှင် လောကုတ္တရာဖြစ်သော သောတာပတ္တိမဂ်သည် နိစ္စ, သုခ, ပရမတ္ထသဘောမျှသာလျှင်ဖြစ်သော အသခ်တဓာတ် သဘောလက္ခဏာကို အာရုံပြု၍ မြင်ခိုက် လေးပါးသော သိခြင်းကိစ္စသည် တပြိုင်နက် တချက်တည်း ပြီးလေ၏။ ထိုသို့ ပြီးခြင်းသည်လည်း ၎င်းအသခ်တဓာတ် နိဗ္ဗာန်သဘောကို နိစ္စအနေဖြင့်

ဖြစ်စေ၊ သုခအနေဖြင့်ဖြစ်စေ၊ ပရမတ္ထသဘောအနေဖြင့်ဖြစ်စေ အာရုံပြုခိုက် ကျန်သောအချက်တို့ကိုလည်း အကြွင်းအကျန်မရှိ သိခြင်းကိစ္စသည် တပြိုင်နက် ပါရှိလေ၏။

ထိုသို့ ပါရှိခြင်းကြောင့် သင်္ခတတရားဖြစ်သော ဒုက္ခသစ္စာကို နိစ္စ, သုခ, အတ္တ,သုဘ မရှိသောအားဖြင့် ပြန်၍ထိုးထွင်း၍ သိခြင်းကိစ္စကိုလည်း ပြီးစေလေသည်။ ထိုသို့ ပြီးခြင်းကြောင့် ၎င်းမဂ်သည် သင်္ခတတရားတို့၌ ဖောက်ပြန်၍ စွဲယူနေသော ဒိဋ္ဌိ၊ ယုံမှားနေသော ဝိစိကိစ္ဆာ စသော တရားတို့ကိုလည်း တပြိုင်နက် ကုန်ခန်းစေလေသည်ဟုမှတ်လေ။ ထိုကိလေသာတို့သည် မဂ်ဖြစ်ခိုက်၌ ကုန်ဆဲသာ ရှိနေကုန်၏၊ ကုန်ပြီး မဟုတ်ကုန်သေး၊ ထိုကုန်ဆဲဖြစ်ကုန်သော ကိလေသာတို့သည် တခြားမဟုတ်ကုန်၊ ရှေးရှေးခန္ဓာအစဉ်၌ ဖြစ်ပေါ်ကုန်၍ ချုပ်ခဲ့ကုန်ပြီးသော နောင်ဖြစ်ပေါ်ရန် အလို့ငှါ အကြောင်းခံအားဖြင့် ကိန်းရှိသော ကိလေသာနုသယသတ္တိတို့တည်း၊ ထိုကိလေသာသတ္တိကုန်လျှင် ဖြစ်ပြီးဖြစ်သော ကိလေသာတို့၏ မျိုးစေ့သည် ကုန်ခန်းသောကြောင့် အတိတ်ကိလေသာတို့လည်း မရှိလေပြီ။ နောင်ကို ဖြစ်ပေါ်ရန်လည်း ဘယ်အခါကာလ၌သော်လည်း မရှိလေပြီဟု မှတ်လေ။

**ကိလေသာ အဘာဝကို နိဗ္ဗာန်ဟု ယူသောဝါဒ။**

။ထိုမဂ်ပယ်ဆဲဖြစ်သော ကိလေသာသည် ပဟာတဗ္ဗကိစ္စအချက်နှင့်သာလျှင် ဧပ်သောကြောင့် အဘယ်မှာ မဂ်၏အာရုံ အသင်္ခတဓာတ်နိဗ္ဗာန် ဖြစ်အံ့နည်း၊ စင်စစ် မဖြစ်နိုင်ဟု သိကြလေ။ ထိုမဂ်သည် သစ္စာလေးပါးတို့ကို တပြိုင်နက် သိခြင်းကိစ္စကိုပြု၍ တကြိမ်တည်းဖြစ်ပြီးလျှင် ချုပ်လေ၏။ ထိုမဂ်နောက်၌ဖြစ်သော ဖိုလ်အခိုက်၌မူကား ၎င်းကိလေသာတို့သည် စင်စစ် မရှိလေပြီ၊ ကုန်ပြီးသာလျှင် ဖြစ်လေ၏။

ထို့ကြောင့် မဂ်၏အခြားမဲ့၌ဖြစ်သော ပဌမဖိုလ်ဇော အခိုက်၌သာလျှင် နောင် ဖြစ်ပေါ်လတ္တံ့သော ဒိဋ္ဌိ ဝိစိကိစ္ဆာ စသော ကိလေသာတရားဟူသမျှတို့သည်၎င်း၊ အပါယ်သို့ ကျရောက်စေတတ်သော ကာမရာဂ စသော ကိလေသာတို့သည်၎င်း တပြိုင်နက်တချက်တည်း မရှိခြင်း အဘာဝ ပညတ်သို့သာ ရောက်လေတော့၏။ ထိုသို့ ရောက်သော ကိလေသာတို့၏ ကုန်ခြင်း တည်းဟူသော အဘာဝသည် စင်စစ် မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိရောဓသစ္စာမဟုတ်၊ စင်စစ် မဂ်သတ္တိကြောင့် ကုန်ခန်းရသော ကိလေသာတရားတို့သာလျှင်တည်း။ ထိုမဂ်ဖြတ်မှ ကုန်သော ကိလေသာတို့၏ မရှိမှုအဘာဝကို အသင်္ခတဓာတ်ဟု ယူလျှင် အလွန်ပင်လွဲချော်သော အယူဖြစ်၏။

အဘယ်သို့ ဖြစ်သနည်းဟူမူ— မဂ်သည် မဖြတ်ဘဲလျက် ကိလေသာတို့ ကုန်ခန်းရသည်ဟု ဆိုရာလည်း ရောက်၏။ မဂ်မရောက်မီ ဂေါတြဘူ အခိုက်၌လည်း ကိလေသာတို့ မကုန်ရသေးရကား ဂေါတြဘူလည်း အာရုံပြုရန် မရှိလေပြီ၊ ထို့ပြင် ၎င်းကိလေသာတို့သည် မဂ်မဖြတ်ဘဲလျက် ကုန်နေပြီး ဖြစ်လေရကား ထိုမဂ်သည် ကိလေသာတို့ကို ဖြတ်ရန်မရှိ၊ နိရတ္ထကသာဖြစ်သည်ဟု ဆိုရာလည်း ရောက်၏။

ထို့ပြင် ကိလေသာသည် သင်္ခတ တရားသာဖြစ်ရကား ထိုသင်္ခတ တရားတို့ ကုန်မှုကိုပင် ၎င်းသင်္ခတ တရားတို့နှင့် မရောမရှက် တဖက်စီ ဖြစ်၍နေသော အသင်္ခတ ဓာတ်ပေတည်းဟု မဟုတ်မဟတ် ဖောက်ပြန်၍ ညွှန်ပြရာလည်း ရောက်၏။ ထို့ကြောင့် ထိုအယူဝါဒမျိုးကို စင်စစ် မယူအပ်ဟု မှတ်ကြလေ။

**ဖိုလ်စိတ်၏ ငြိမ်းခြင်းကို နိဗ္ဗာန်ဟုယူသောဝါဒ။** ။ထိုမဂ်ဖြတ်သော ကိလေသာတို့၏ ကုန်မှု သည်လည်း မဂ်၏အာရုံ မဖြစ်သေးလျှင် ၎င်းမဂ်ဖြတ်ပြီး၍ ကိလေသာတို့ ကုန်ပြီးမှ ဖိုလ်စိတ်၌ဖြစ်သော ချမ်းခြင်းသဘောသည်ကား အဘယ်မှာ မဂ်၏အာရုံ ဖြစ်ပါအံ့နည်း။ စင်စစ် မဖြစ်သည်သာလျှင် ကတည်း။ အဘယ်ကြောင့် ဆိုသော် မဂ်သည် အသင်္ခတဓာတ် နိဗ္ဗာန်ကို အာရုံပြု၍ ကိလေသာတို့ကို အကြွင်းမရှိ ဖြတ်တောက်မှ ကုန်ရလေသည်။ ထိုကိလေသာကုန်ပြီးမှ မိမိ၏စိတ်၌ ဧမှု ပေါ်လာရသည်ဟု ဆိုသောစကားအရမှာ ဖိုလ်အခိုက်သို့ရောက်မှသာလျှင် ဧမှုဖြစ်နိုင်ခြင်းကြောင့်တည်း။ ထို့ကြောင့် မိမိသန္တာန်၌ ကိလေသာကုန်မှ ဧမှုပေါ် လာသည်။ ထိုဧမှုကို မှိန်းကာ မှိန်းကာ တွယ်၍ အာရုံပြုပြီးလျှင် ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဖြစ်သည်ဟု ယူခဲ့လျှင် ထိုအယူလည်း အလွန်ပင်လွဲချော်သော အယူတည်း။

အဘယ်ကြောင့်ဆိုသော် ကိလေသာလည်း သင်္ခတ တရားသာလျှင် ဖြစ်၏။ ထိုသင်္ခတ တရားဖြစ်သော ကိလေသာကုန်မှုလည်း အဘာဝပညတ်သာ ဖြစ်၏။ ထိုကိလေသာကုန်မှုဖြစ်သောစိတ်လည်း သင်္ခတတရားသာလျှင် ဖြစ်၏။ ထိုစိတ်၌ ဖြစ်ပေါ်သောဧမှုလည်း ဝေဒနာတရားသာလျှင် ဖြစ်၏။ ထိုဝေဒနာတရားလည်း သင်္ခတ တရားသာလျှင် ဖြစ်၏။ ထို သင်္ခတ၏ ကုန်မှု အဘာဝ ပညတ် ကိလေသာကုန်မှု ဧမှုတည်းဟူသော စိတ်၌ဖြစ်သော ဝေဒနာတို့ကို အသင်္ခတဟု ယူမှားလေသောကြောင့် လွဲချော်သော အယူဟု မှတ်။ ထိုကဲ့သို့ ဧမှုကိုအာရုံပြု၍လည်း စင်စစ် ဂေါတြဘူမဂ်ဖိုလ် မဖြစ်နိုင်ကြောင်းကို ထင်ရှား သိကြလေ။

**အရောင်အလင်းကို နိဗ္ဗာန်ဟု ယူသော ဝါဒ။** ။ထိုမှ တပါး အသင်္ခတဓာတ် နိဗ္ဗာန်၏ သဘောလက္ခဏာ

ကိုမသိမမြင်ဘဲလျက် နိစ္စ, သုခ စသောအနေဖြင့် ထိုးထွင်းမသိနိုင်ခြင်းကြောင့် မိမိ၏ဘာဝနာစိတ်ကြောင့် ဖြစ်သော အရောင် အလင်း အကြည် ထင်နေမှုကို အသင်္ခတဓာတ်ဟု ဆိုအပ်သော မဂ်၏အာရုံ နိဗ္ဗာန်ဟု စွဲယူခဲ့အံ့၊ ထိုအယူသည် လည်း အလွန်ပင် လွဲချော်သော အယူတည်း။

အဘယ်ကြောင့် ဆိုသော် အသင်္ခတဓာတ်၌ အရောင် အဆင်း ဝဏ္ဏရုပ် မရှိသည်ကို ရှိသည်ဟု ဖောက်ပြန်၍ယူသော အယူလည်း ဖြစ်၏။ ထို့ပြင် ၎င်း အရောင်အဆင်း အကြည်တွေကို မြင်ခြင်းကြောင့် အဘယ်မှာ သစ္စာလေးပါးကို မဂ်သည် ထိုးထွင်း၍ သိခြင်းကိစ္စကို ပြီးစေနိုင်အံ့နည်း၊ စင်စစ် မပြီးစေနိုင်။ အဘယ်ကြောင့် ဆိုသော် ၎င်းအရောင် အလင်း အကြည်သည် အသင်္ခတဓာတ် မဟုတ်၊ ရူပါရုံအဆင်းသော်လည်း ဖြစ်ရာ၏၊ အာနာပါနနိမိတ်ကဲ့သို့ ပညတ်သော်လည်း ဖြစ်ရာ၏။ ထိုပညတ်ဟု ဆိုအပ်သော သညာဇအရောင် ဘာဝနာစိတ်ကြောင့်ဖြစ်သော အရောင်တို့သည် ထိုအသင်္ခတဓာတ်၌ အလျင်းမရှိ။ ထို့ကြောင့် ၎င်းအရောင်အလင်း အကြည် စသည်တို့ကို အာရုံပြု၍ မဂ်လည်း မဖြစ်၊ အရောင်မှပြန်၍ ဒုက္ခသစ္စာကိုလည်း ပိုင်းခြား၍ မသိနိုင်ဟု မှတ်ကြလေ။

၎င်းအသင်္ခတဓာတ်၌ မပျက်မစီးသော ရုပ်နာမ်သည် အလျင်းမရှိလေခြင်း ကြောင့် မြဲသောရုပ်နာမ်သည် အသင်္ခတဓာတ်ဖြစ်သည်ဟု ဘယ်အခါသော် လည်း ပညာရှိတို့ အာရုံပြုရန် မရှိပြီ၊ အဘယ်ကြောင့်ဆိုသော် ရုပ်နာမ်ဟူသမျှ သည် သင်္ခတဓာတ်သာလျှင် ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် အထူးဆိုရန် မရှိပြီ။ ယခု မဂ်ဖိုလ်၏ အာရုံဖြစ်သော အသင်္ခတဓာတ်ကို ပြဆိုကာမျှဖြင့်သာ လျှင် ထင်ရှားလေတော့ပြီဟု မှတ်လေ။ ထိုမှတပါး ငါဟုဆိုအပ်သော နာမ်ရုပ် အစု ရေးသားအပ်သော နိဗ္ဗာနတ္ထဝိနိစ္ဆယကျမ်း၌ များစွာ အကျယ်ပြလေပြီး ဖြစ်၍ ထပ်မံ၍ပြရန် မလိုပြီ။

ဤတွင် သောတာပတ္တိမဂ်ဖိုလ်ဖြစ်ခဏ်းပြီး၏။ ထိုမဂ်ဖြစ်ခိုက် မဂ်၌ပါရှိသော စေတသိက်တို့ယှဉ်ပုံနှင့် ဗောဓိပက္ခိယတရားတို့ ဝင်၍ပါပုံကိုင်း၊ သစ္စာလေးပါး တပြိုင်နက် မြင်ပုံသာဓက ပါဠိနှင့် ဥပမာတို့ကိုင်း ရှေးအဝိဇ္ဇာသင်္ခါရတို့ကို ပြဆိုရာ မဂ်စခဏ်း၌ ဖော်ထုတ်ပြအပ်ခဲ့ပြီ၊ ပြန်ကြည့်လေ။

**သန္တိပဒဉာဏ်နှင့် သောတာပတ္တိမဂ် အထူး။** ။ဤ သောတာပတ္တိမဂ် စခဏ်း၌ သန္တိပဒဉာဏ်ဟု ဆိုအပ်သော လောကီဉာဏ်ဖြင့် အာရုံပြုပုံနှင့် သောတာပတ္တိမဂ်အာရုံပြုပုံသည် ဘယ်လို ထူးပါသနည်းဟု မေးဘွယ်ရှိ၏။ ထိုသို့မေးဘွယ်ရှိသောကြောင့် ထိုအချက်ကို ထင်စွာ ပြဦးအံ့။

**မှောင်တွင်း၌လမ်းလျှောက်သူ ဥပမာ။** ။အကြင်သူသည် မှောင်ထဲ၌ လမ်း လျှောက်၏၊ ထိုလမ်းလျှောက်သောသူ သည် လမ်းမှန်းကိုမူကား သိ၍ လျှောက်သည်တည်း။လမ်းကိုမူကားမိမိ၏မျက်စိ ပသာဒ၌ဖြစ်သော စက္ခုဝိညာဏ်ဖြင့် ထင်လင်းစွာ မြင်ခြင်းဖြစ်မှု မရှိလေ။ ထိုမျှ လောက် မြင်ပြီဟု မဆိုနိုင်။ ထိုအတူ အကြင်ယောဂါဝစရပုဂ္ဂိုလ်သည် သင်္ခတ တရားတို့၏ ဒေါသကိုမြင်၍ ၎င်းသင်္ခတတရားတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော အသင်္ခတဓာတ်ကိုမူကား ထောက်ဆ ထောက်ဆသောအားဖြင့် သိရှိ၏။ထင်ထင် လင်းလင်းမူကား မြင်ခြင်းဖြစ်မှု မရှိလေ။ ထိုမျှလောက်မိမိသန္တာန်၌ မဂ်ဖြစ်ပြီ၊ သစ္စာလေးပါးတို့ကို ထိုးထွင်း၍သိပြီဟု ဆိုလည်းမဆိုနိုင်၊ဆုံးလည်းမဆုံးဖြတ်နိုင်၊ မဂ်၌လည်း ယုံမှားမကင်းရှိလေ၏။

အကြင်အခါ မှောင်ထဲ၌လမ်းလျှောက်နေစဉ် လျှပ်စစ်သည်ပြက်လတ်သဖြင့် မှောင်သည် ပျောက်၍ အလင်းသည် ဖြစ်လာ၏။ ထိုအခါ လမ်းကို ထင်ထင် လင်းလင်း မြင်ခြင်းသို့ ရောက်လေ၏။ ထိုလျှပ်စစ်ကွယ်သောအခါ မှောင်မြဲ မှောင်၍ လမ်းမှန်းကိုသိ၍သာလျှင် လျှောက်ပြန်၏။

ဤ ဥပမာအတူ အကြင်အခါ ၎င်းယောဂါဝစရ ပုဂ္ဂိုလ်အား မဂ်ဉာဏ်သည် ဖြစ်ခဲ့အံ့၊ ထိုအခါ ၎င်းအသင်္ခတ နိဗ္ဗာန်သဘော လက္ခဏာသည် နိစ္စအားဖြင့် ဖြစ်စေ၊ သုခ စသည်ဖြင့်ဖြစ်စေ အလွန်ပင်ထင်ရှားခြင်းသို့ရောက်၍ မိမိသန္တာန်၌ ယခုမှသာလျှင် ဧကန် အမြင်ဖြစ်ပြီဟုမြင်တတ်သော မဂ်ကိုလည်း ဆုံးဖြတ်နိုင်၏။ နိရောဓသစ္စာ အသင်္ခတဓာတ်နိဗ္ဗာန်ကိုလည်း ရှေးကထက်မက သဘောကျ လေ၏။ အစမထင် သံသရာက ဖြစ်ခဲ့ဘူးသော ဒိဋ္ဌိ ဝိစိကိစ္ဆာနုသယတို့ စင်စစ် ကင်း၍ နောင်တဖန် ဖြစ်ရန်မရှိသည်ကိုလည်း ပိုင်လေတော့၏။ ဘယ်အခါကစ၍ အမြင်သည် ဖြစ်လေပြီဟု မကြာမကြာ အာရုံပြု၍ သိရှိလေ၏။ ထိုနေ့ကစ၍ သဇီဝ နိဇ္ဇီဝခေါ်အပ်သော သင်္ခါရတို့ကိုလည်း နိစ္စ သုခ တကယ်ဟုတ်၏ဟု စွဲယူမှု ရရှိလေပြီ။

**ဥပမာနှင့် ဥပမေယျဟပ်ပြချက်။** ။ဤပြဆိုအပ်ပြီးသော ဥပမာ ဥပမေယျတို့ တွင် လမ်းနှင့်မူကား အသင်္ခတဓာတ်နှင့် တူ၏။ လမ်းလျှောက်သော သူနှင့် မူကား ယောဂါဝစရ ပုဂ္ဂိုလ်နှင့် တူ၏။ လမ်းမှန်းကိုသိသည်နှင့်မူကား အသင်္ခတဓာတ်နိဗ္ဗာန်ကို သန္တိပဒဉာဏ်ဟု ဆိုအပ် သော လောကီဉာဏ်ဖြင့်သိသည်နှင့် တူ၏။ ၎င်းလမ်းလျှောက်သောသူသည် လျှပ် ရောင်ကြောင့် လမ်းကို ထင်ထင်လင်းလင်း မြင်ခြင်းသို့ ရောက်သည်နှင့်မူကား ၎င်းယောဂါဝစရပုဂ္ဂိုလ်သည် အသင်္ခတဓာတ်နိဗ္ဗာန်ကို မဂ်ဖြင့်ထင်ထင်လင်းလင်း မြင်ရသည်နှင့်တူ၏။တဖန်လျှပ်ရောင်ကွယ်လျှင် ၎င်းလမ်းလျှောက်သောသူအား

လမ်းကို အမြင်မဖြစ်သကဲ့သို့ ၎င်းယောဂါဝစရ ပုဂ္ဂိုလ်အားလည်း ထိုထင်ထင် လင်းလင်းမြင်ခိုက် မဂ္ဂဝီထိဖြစ်ပြီးလျှင် ကွယ်လေပြီး၍ ၎င်းအသင်္ခတဓာတ် နိဗ္ဗာန်ကို မင်္ဂအခါ၌ကဲ့သို့ ထင်မြင်မှု မရှိလေပြီဟု မှတ်။ လမ်းလျှောက်သော ယောကျ်ား၌ နောင်တဖန် လျှပ်စစ်ပြက်သော် လမ်းကို ထင်ထင်လင်းလင်း မြင်မှု ဖြစ်ပြန်သကဲ့သို့ နောင်တဖန် မဂ်ဖြစ်သောအခါ၌သာလျှင် ထိုအသင်္ခတဓာတ်ကို ရှေးနည်းအတူ မြင်မှုဖြစ်၍ မဂ်ကိစ္စကိုပြုပြီးလျှင် ကွယ်ပြန်လေ၏ဟု မှတ် ကြလေ။

ဤတွင် လောကီမြင်မှုနှင့် လောကုတ္တရာမဂ်မြင်ပုံကို ခြားနားစွာသိရန် ပြဆို အပ်သော ဥပမာ ဥပမေယျပေတည်း။ ထိုဥပမာဥပမေယျကို ပြဆိုအပ်သော သာဓကပါဠိသည် အင်္ဂုတ္တရလိနီအင်္ဂုတ္တရ နိကာယ် ပကဏ္ဏ စာမျက်နှာ (၄၁၀) သုတ္တန္တိကမာတိကာဝိဇ္ဇူပမဒုက်အဖွင့်၌ ရှိလေ၏၊ ထို၌ ကြည့်ရှုယူကြလေ။

**သကဒါဂါမိမဂ် ဖြစ်ပုံ။** ။သောတာပန် ဖြစ်ပြီးသော ပုဂ္ဂိုလ်သည် ရှေးနည်း အတိုင်း အကြောင်းအကျိုး သင်္ခတ တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ အားဖြင့် အဖန်တလဲလဲ သုံးသပ်ပြန်၍ နိဗ္ဗာန်ကို အာရုံပြု လျက် စေလွှတ်ဖန်များလျှင် အကြင်အခါ နိရောဓသစ္စာ အသင်္ခတဓာတ်ကို သောတာပတ္တိမဂ်အခါ၌ကဲ့သို့ ထင်ထင် လင်းလင်း အမြင်ဖြစ်ခဲ့အံ့၊ ထိုအခါ သကဒါဂါမိ မဂ္ဂဝီထိ ဖြစ်၍ မဂ်အခိုက် သစ္စာလေးပါးကို တပြိုင်နက် သိပြီးလျှင် ၎င်းသကဒါဂါမိမဂ်ကြောင့် ရုန့်ရင်းသော ကာမရာဂ ဗျာပါဒစသော ကိလေသာ တို့သည် ကုန်ခန်းခြင်းသို့ ရောက်သည်နှင့်တပြိုင်နက် မရှိခြင်းသို့ ရောက်လေ၏။

**အနာဂါမိမဂ် ဖြစ်ပုံ။** ။ထိုနောက်တဖန် အနာဂါမိမဂ်ကို ရလိုသော သကဒါ- ဂါမိပုဂ္ဂိုလ်သည် ရှေးနည်းအတိုင်း အကြောင်း အကျိုး ဖြစ်သော သင်္ခါရဝိညာဏ်စသော သင်္ခတတရားတို့ကို အနိစ္စ စသည်ဖြင့် အဖန်တလဲလဲ သုံးသပ်ပြန်၍ နိဗ္ဗာန်ကို အာရုံပြုလျက် စေလွှတ်ဖန်များလျှင် အကြင်အခါ နိရောဓသစ္စာ အသင်္ခတဓာတ်နိဗ္ဗာန်ကို သောတာပတ္တိမဂ်အခါ၌ ကဲ့သို့ ထင်ထင်လင်းလင်း အမြင်ဖြစ်ခဲ့အံ့၊ ထိုအခါ အနာဂါမိမဂ္ဂဝီထိဖြစ်၍ မဂ် အခိုက် သစ္စာလေးပါးတို့ကို တပြိုင်နက်ထိုးထွင်း၍ သိပြီးလျှင် ၎င်းအနာဂါမိ မဂ်ကြောင့် သိမ်မွေ့သော ကာမရာဂ ဗျာပါဒစသော ကိလေသာတရားတို့သည် အကြွင်းမရှိကုန်ခန်း၍ ဖိုလ်သို့ရောက်သည်နှင့် တပြိုင်နက် မရှိခြင်းသို့သာလျှင် ရောက်လေတော့၏။

**အရဟတ္တမဂ်ဖြစ်ပုံ။** ။ထိုနောက် တဖန် အရဟတ္တမဂ်ကို ရလိုသော အနာဂါမိ ပုဂ္ဂိုလ်သည် ရှေးနည်းအတိုင်း အကြောင်းအကျိုး ဖြစ်သော သင်္ခါရဝိညာဏ်စသော သင်္ခတတရားတို့ကို အနိစ္စ စသည်ဖြင့် အဖန်

တလဲလဲ သုံးသပ်ပြန်၍ အသင်္ခတဓာတ်နိဗ္ဗာန်ကို အာရုံပြုလျက် စေလွှတ်ဖန် များလျှင် အကြင်အခါ နိရောဓသစ္စာဟု ဆိုအပ်သော ၎င်းအသင်္ခတဓာတ် နိဗ္ဗာန်ကို ရှေးသောတာပတ္တိမဂ်အခါ၌ကဲ့သို့ ထင်ထင်လင်းလင်း အမြင်ဖြစ်ခဲ့အံ့၊ ထိုအခါ အရဟတ္တမဂ္ဂဝီထိဖြစ်၍ မဂ်အခိုက် သစ္စာလေးပါးတို့ကို တပြိုင်နက် ထိုးထွင်း၍သိပြီးလျှင် ၎င်းအရဟတ္တမဂ်ကြောင့် ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာစသော ကိလေသာတို့သည် အကြွင်းမရှိ ကုန်ခန်း၍ ဖိုလ်သို့ရောက်သည် တပြိုင်နက် မရှိလေပြီ၊ ထိုအရဟတ္တဖိုလ်ဖြစ်သည်ကစ၍ ထိုခန္ဓာအစဉ်ကို ရဟန္တာ ဟု ခေါ်ဝေါ်သမုတ်အပ်လေသည်။

**ကိလေသာနှင့်ခန္ဓာအစဉ်ပြတ်ပုံ။** ။ထိုသို့ပင် ခေါ်ဝေါ်အပ်သော်လည်း ပုဂ္ဂိုလ် သတ္တဝါဟူ၍မရှိ၊ စင်စစ်မှာ ကိလေသာ မရှိသော ခန္ဓာအစဉ်သာလျှင် ဖြစ်နေ၏ဟုမှတ်၊ ထိုအရဟတ္တမဂ်သည် ပယ်ပြီး နောက် အလုံးစုံသော ကိလေသာနုသယတို့သည် ကုန်လေပြီးလျှင် အတိတ်၌ ဖြစ်ပြီးသော ကိလေသာမျိုးသည် ပြတ်လေတော့၏၊ ကိလေသာမျိုး မရှိခြင်း ကြောင့် နောင်ဖြစ်ပေါ်ရန် ကိလေသာတို့သည်လည်း ဖြစ်ပေါ်မှုမရှိဘဲ ကွယ်လေ တော့၏။

ထိုကိလေသာမျိုးပြတ်လျှင် ရှေးရှေးက ဆည်းပူးအပ်ပြီးသော ကံဟောင်း တို့လည်း အကျိုးပေးရန်မရှိဘဲ ကုန်လေတော့၏၊ ထိုကံဟောင်းတို့ ကုန်လေ ခြင်းကြောင့်လည်း နောင်ဖြစ်ရန် ကံသစ်လည်း မရှိလေတော့ပြီ၊ ဖြစ်ဆဲဖြစ်သော ခန္ဓာသည်သာလျှင် ကြွင်းနေ၏၊ ဖြစ်ဆဲဖြစ်သော ခန္ဓာမှတပါး နောင်ဖြစ်ရန် ကိလေသာခန္ဓာတို့ အဆက်ဆက်သည် မရှိလေပြီ၊ ထိုမရှိသော ကိလေသာခန္ဓာ တို့၏ အဘာဝပညတ်သည်လည်း မဂ်၏အာရုံမဟုတ်၊ အသင်္ခတဓာတ်နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော အရဟတ္တမဂ်ကြောင့် ကုန်ခန်းသော ကိလေသာခန္ဓာတို့၏ မရှိမှုသာ ဖြစ်လေသည်၊ ထို့ကြောင့် မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ်ကား တခြား, ကုန်ခန်းသော ကိလေသာခန္ဓာတို့၏ မရှိမှုကား တခြားစီသာ ဖြစ်၏၊ ထို့ကြောင့် မဂ်၏အာရုံ နိဗ္ဗာန်မဟုတ်ကြောင်းကို ထင်ရှားသိကြလေ။ ပစ္စဝေက္ခဏာဝီထိဖြစ်ပုံကို ရှေးအဝိဇ္ဇာသင်္ခါရတို့ကို သုံးသပ်ရာ၌ ပြဆိုအပ်သော နည်းအတိုင်း သိကြလေ။

ဤတွင် အကြောင်းသင်္ခါရ အကျိုးဝိညာဏ် စသည်တို့ကို သုံးသပ်၍ အရဟတ္တမဂ်ဖိုလ်သို့ ရောက်ပုံကို ပြချက် ပြီး၏။

ဤကား ဂေါတြဘူ မဂ် ဖိုလ်တို့၏ အာရုံဖြစ်သော
အသင်္ခတဓာတ် နိဗ္ဗာန်အဆုံးအဖြတ်တည်း။

## သဉပါဒိသေသ, အနုပါဒိသေသ နိဗ္ဗာန်နှစ်ပါးတို့၏ အဆုံးအဖြတ်နှင့်တကွ ၎င်းနိဗ္ဗာန်တို့ကို ဂေါတြဘူဉာဏ် မဂ်ဉာဏ်တို့သည် အာရုံပြု မပြုကို ပြဆိုချက်

၎င်းအသခ်တဓာတ်ခေါ်အပ်သော နိရောဓသစ္စာနိဗ္ဗာန်သည် ကိလေသာငြိမ်းကြောင်းဟု ဆိုအပ်သော သန္တိလက္ခဏာအားဖြင့် တပါးသာလျှင်ဖြစ်၏၊ ပရိယာယ်အားဖြင့် သဉပါဒိသေသနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန်ဟု နှစ်ပါးပြားရာတွင် ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် သဉပါဒိသေသနိဗ္ဗာန်ကိုဘဲ အာရုံပြုလေသလော၊ သို့မဟုတ် အနုပါဒိသေသနိဗ္ဗာန်ကိုဘဲ အာရုံပြုလေသလောဟု မေးဘွယ်ရှိ၏၊ ထိုသို့မေးခဲ့သော် သဉပါဒိသေသအမည်ကိုရပြီးသော နိဗ္ဗာန်ကိုလည်း ဂေါတြဘူ မဂ် ဖိုလ်တို့သည် အာရုံမပြုကုန်၊ အနုပါဒိသေသအမည်ကိုရပြီးသောနိဗ္ဗာန်ကိုလည်း ဂေါတြဘူမဂ်ဖိုလ်တို့သည် အာရုံမပြုကုန်၊ စင်စစ်မှာ သဉပါဒိသေသဟူသောအမည် အနုပါဒိသေသဟူသော အမည်ကို မရမီ ရှေးအဘို့ကသာလျှင် အာရုံပြုလေကုန်သည်ဟု မှတ်။

**သဉပါဒိသေသအဓိပ္ပါယ်။** ။အဘယ်ကြောင့်ဆိုသော် သဉပါဒိသေသဟူသော အမည်သည် ၎င်းအသခ်တဓာတ်နိဗ္ဗာန်ကို အာရုံပြု၍ အရဟတ္တမဂ်သည် ကိလေသာတို့ကို အကြွင်းမရှိပယ်၍ အရဟတ္တဖိုလ်သို့ရောက်သောအခါ၌ ၎င်းကိလေသာတို့သည် မရှိမူ၍ ကိလေသာမှကြွင်းသော ခန္ဓာအစဉ်သာ ဖြစ်နေလေ၏၊ ထိုသို့ ကိလေသာမှ ကြွင်းသော ခန္ဓာဖြစ်စဉ်ကို **ဉပါဒိသေသ** ဟု ခေါ်ဆိုအပ်သည်၊ ထိုသို့ ခေါ်ဆိုအပ်ကြောင်းကိုလည်း ဋီကာကျော် စာမျက်နှာ(၂၁၆)၌—

> ဉပါဒီယတိ ကာမုပါဒါဒီဟီတိ ဉပါဒိ၊ ခန္ဓပဉ္စကဿေတံ အဓိဝစနံ၊
> ဉပါဒိယေဝ သေသော ကိလေသေဟီတိ ဉပါဒိသေသော။

ဟု မိန့်အပ်ပြီ။

မြန်မာပြန်ကား—

ကာမုပါဒါဒီဟိ၊ ကာမုပါဒါန် အစရှိကုန်သော ဉပါဒါန်တရားတို့သည်။ ဉပါဒိယတိ၊ ငါ ငါ၏ကိုယ် စသည်ဖြင့် ပြင်းစွာစွဲလမ်းအပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဉပါဒိ၊ ဉပါဒိ မည်၏။ ဧတံ၊ ဤဉပါဒိဟူသောအမည်သည်။ ခန္ဓပဉ္စကဿ၊ ဉပါဒါနက္ခန္ဓာ ငါးပါးအပေါင်း၏။ အဓိဝစနံ၊ အမည်တည်း။ ဉပါဒိယေဝ၊ ဉပါဒါန်တရားတို့သည် စွဲလမ်းအပ်သော ခန္ဓာသည်သာလျှင်။ ကိလေသေဟိ၊ အရဟတ္တမဂ်သည် အကြွင်းမရှိ ပယ်အပ်ပြီးသော ကိလေသာတို့မှ။ သေသော၊ ကြွင်းသည်တည်း။ ဉပါဒိသေသော၊ ခန္ဓာသည်သာလျှင် အရဟတ္တမဂ်သည် အကြွင်းမရှိ ပယ်အပ်ပြီးသော ကိလေသာတို့မှ ကြွင်းသည်။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ ကိလေသာတို့မှကြွင်းသော ခန္ဓာဖြစ်စဉ်ကိုပင် **ဥပါဒိသေသ**ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေ။

**သဉပါဒိသေသနိဗ္ဗာန် အရကောက်ပြချက်။** ။ထို ဥပါဒိသေသဟူသောအမည်ကို ရသော ရဟန္တာ ပုဂ္ဂိုလ်၏ **အရဟတ္တဖိုလ်ကိုပင် သဉပါဒိသေသနိဗ္ဗာန်**ဟု ခေါ်ဆိုအပ်သည်။ အဘယ်ကြောင့် ခေါ်ဆိုအပ်လေသနည်းဟူမူ – ၎င်း အရဟတ္တဖိုလ်သည် ကိလေသာမှ ကြွင်းသော **ခန္ဓာ**နှင့်လည်းတကွ ဖြစ်၏။ ဝါနဟုဆိုအပ်သော တဏှာမှလည်း ထွက်မြောက်၍ တည်၏။ ထိုဆိုအပ်ပြီးသော အကြောင်းနှစ်ပါးကို စွဲ၍ ၎င်း အရဟတ္တဖိုလ်ကိုပင် **သဉပါဒိသေသနိဗ္ဗာန်**ဟု ခေါ်ဆိုအပ်သည်။ ထိုသို့ ခေါ်ဆိုအပ်ကြောင်းကိုလည်း ခုဒ္ဒကပါဌ အဋ္ဌကထာရှင်သည် တပေါ စ ဗြဟ္မစရိယဂါထာ၌လာသော နိဗ္ဗာနသစ္ဆိကိရိယာ စ-ဟူသော မင်္ဂလာအဖွင့် စာမျက်နှာ (၁၂၈)၌—

> နိဗ္ဗာနသစ္ဆိကိရိယာ နာမ ဣဓ အရဟတ္တဖလံ အဓိပ္ပေတံ။ တမ္ပိ ဟိ ပဉ္စဂတိဝါနဝါနသညိတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ဝုစ္စတိ။

ဟူ၍ မိန့်အပ်ပြီ။

မြန်မာပြန်ကား—

နိဗ္ဗာနသစ္ဆိကိရိယာ နာမ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းမည်သည်ကား။ ဣဓ၊ ဤမင်္ဂလသုတ် တပုဒ်အရာ၌။ အရဟတ္တဖလံ၊ အရဟတ္တဖိုလ်ကို။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ တမ္ပိ၊ ထို အရဟတ္တဖိုလ်ကိုလည်း။ ပဉ္စဂတိဝါနဝါနသညိတာယ၊ ဂတိငါးပါးတို့၏ တည်ကြောင်းဖြစ်သော ဝါနဟုဆိုအပ်သော။ တဏှာယ၊ တဏှာမှ။ နိက္ခန္တတ္တာ၊ ထွက်မြောက်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ အရဟတ္တဖိုလ်ကိုပင် နိဗ္ဗာန်ဟု ဆိုအပ်ကြောင်းကို သိလေ။ ထို နိဗ္ဗာန်သည် ကိလေသာမှကြွင်းသော ခန္ဓာနှင့် တကွ ဖြစ်ခြင်းကြောင့် **သဉပါဒိသေသနိဗ္ဗာန်** မည်လေသည်၏ အဖြစ်ကို ထင်ရှား သိကြလေ။ ဤအဋ္ဌကထာဖြင့်သာလျှင် အရဟတ္တဖိုလ်ကို **သဉပါဒိသေသနိဗ္ဗာန်**ဟု ခေါ်ဆိုအပ်ကြောင်းကို သိရသည် မဟုတ်သေး။ နေတ္တိပါဠိတော် စာမျက်နှာ (၅၉) သြတရဏဟာရဝိဘင်း၌—

> သာယေဝ သဉပါဒိသေသာ နိဗ္ဗာနဓာတု ဝိဇ္ဇာ။

ဟူ၍ ပြဆိုအပ်လေသည်ကိုထောက်၍လည်း **သိလေဦး။**

သာယေဝ သဥပါဒိသေသာ နိဗ္ဗာနဓာတု၊ ထို ဆိုအပ်ခဲ့ပြီးသည်သာလျှင် ဖြစ်သော သဥပါဒိသေသနိဗ္ဗာနဓာတ်သည်။ ဝိဇ္ဇာ၊ အရဟတ္တဖိုလ်ဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍လည်း ရှေး၌ ပြဆိုအပ်ပြီးသော နည်းအတိုင်း အရဟတ္တဖိုလ်ကိုပင် **သဥပါဒိသေသနိဗ္ဗာန်**ဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှား သိကြလေ။ ဤပါဠိတော်ဖြင့်သာလျှင် သိရသည် မဟုတ်သေး၊ ၎င်းပါဠိတော်ကိုဖွင့်သော နေတ္တိအဋ္ဌကထာ စာမျက်နှာ (၁၂၈) ဩတရဏဟာရဝိဘင်းအဖွင့်၌လည်း--

> သဥပါဒိသေသာ နိဗ္ဗာနဓာတူတိ အရဟတ္တဖလံ အဓိပ္ပေတံ။ တဥ္စ ပညာပဋ္ဌာနန္တိ အာဟ သဥပါဒိသေသာ နိဗ္ဗာနဓာတု ဝိဇ္ဇာတိ။

ဟူ၍ မိန့်အပ်ပြီ။

မြန်မာပြန်ကား--

သဥပါဒိသေသာ နိဗ္ဗာနဓာတူတိ ဣတ္ထ ပဒေ၊ သဥပါဒိသေသာ နိဗ္ဗာနဓာတု-ဟူသော ဤပုဒ်၌။ အရဟတ္တဖလံ၊ အရဟတ္တဖိုလ်ကို။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ တဥ္စ၊ ထိုအရဟတ္တဖိုလ်သည်လည်း။ ပညာပဋ္ဌာနံ၊ နိဗ္ဗာန်ကို အာရုံပြု၍ သိတတ်သော ပညာသာလျှင် ပြဋ္ဌာန်းခြင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သဥပါဒိသေသာ နိဗ္ဗာနဓာတု ဝိဇ္ဇာတိ ဣဒံ ဝစနံ၊ သဥပါဒိသေသာ နိဗ္ဗာနဓာတု ဝိဇ္ဇာ-ဟူသော ဤစကားတော်ကို။ အာစရိယော၊ အရှင်ကစ္စည်းဆရာသည်။ အာဟ၊ ဆိုတော်မူအပ်ပြီ။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ အရဟတ္တဖိုလ်ကိုပင် ရှေးနည်းအတိုင်း **သဥပါဒိသေသနိဗ္ဗာနဓာတ်**ခေါ်ဆိုအပ်ကြောင်းကို ထင်ရှား သိကြလေ။ ထို အရဟတ္တဖိုလ်ကို အဘယ်ကြောင့် သဥပါဒိသေသနိဗ္ဗာန်ဟု ခေါ်အပ်လေသနည်းဟူမူ--၎င်းအရဟတ္တဖိုလ်သည် ကိလေသာမီးတို့၏ ကုန်ငြိမ်းခြင်းအဆုံး၌ ဖြစ်၏။ ထိုသို့ ကိလေသာမီးတို့၏ ငြိမ်းခြင်းအဆုံး၌ဖြစ်သောကြောင့် ၎င်း အရဟတ္တဖိုလ်ကိုပင် **သဥပါဒိသေသနိဗ္ဗာန်**ဟု ခေါ်အပ်သည်။ ထိုသို့ ခေါ်အပ်ကြောင်းကိုလည်း ၎င်း နေတ္တိအဋ္ဌကထာ စာမျက်နှာ (၂၄၈) ၌--

> နိဗ္ဗာနန္တိ စေတ္ထ အရဟတ္တဖလံ အဓိပ္ပေတံ၊ တဥ္ဟိ ကိလေသနိဗ္ဗာနန္တေ ဇာတတ္တာ နိဗ္ဗာနံ နာမ။

ဟူ၍ မိန့်အပ်လေပြီ။

မြန်မာပြန်ကား—

စ၊ အထူးကို ဆိုဦးအံ့။ နိဗ္ဗာနန္တိ စေ္တာ၊ နိဗ္ဗာနံ-ဟူသော ဤပုဒ်၌။ အရဟတ္တပ္ဖလံ၊ အရဟတ္တဖိုလ်ကို။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ တံ၊ ထိုအရဟတ္တဖိုလ်သည်။ ကိလေသနိဗ္ဗာနန္တေ၊ ကိလေသာမီးတို့၏ ငြိမ်းခြင်းအဆုံး၌။ ဇာတတ္တာ၊ ဖြစ်သည်၏အဖြစ်ကြောင့်။ နိဗ္ဗာနံ နာမ၊ နိဗ္ဗာန် မည်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍ အရဟတ္တဖိုလ်ကိုပင် ကိလေသာမီးတို့၏ ငြိမ်းခြင်းအဆုံး၌ ဖြစ်သည်၏ အဖြစ်ကြောင့် နိဗ္ဗာန်ဟု ခေါ်ဆိုအပ်သည်။ ထိုအရဟတ္တဖိုလ်နိဗ္ဗာန်ကိုပင် ကိလေသာတို့မှကြွင်းသော ခန္ဓာနှင့်တကွ ဖြစ်ခြင်းကြောင့် **သဥပါဒိသေသနိဗ္ဗာန်**ဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေ။

**အကြောင်းနိဗ္ဗာန်နှင့် အကျိုးနိဗ္ဗာန်။** ။ဤ **သဥပါဒိသေသနိဗ္ဗာန်**ဟု ဆိုအပ်သော အရဟတ္တဖိုလ်သည် အကျိုးဖြစ်၏။ **အသင်္ခတဓာတ်**သည် အကြောင်းတရားဖြစ်၏။ အဘယ်ကြောင့် **အကျိုးတရား** ဖြစ်လေသနည်း ဟူမူ ၎င်းအရဟတ္တဖိုလ်သည် အသင်္ခတဓာတ် နိဗ္ဗာန်ကို သာလျှင် အာရုံပြု၍ ဖြစ်ရပေ၏။ ထို့ကြောင့် အကျိုးတရား ဖြစ်လေသည်။ အသင်္ခတဓာတ်နိဗ္ဗာန်သည် အဘယ်ကြောင့် အကြောင်းတရားဖြစ်လေသနည်း ဟူမူ ၎င်း**သဥပါဒိသေသနိဗ္ဗာန်**ဟု ခေါ်ဆိုအပ်သော အရဟတ္တဖိုလ်သည် ၎င်းအသင်္ခတဓာတ်ကို အာရုံပြုသောအားဖြင့်သာလျှင် ဧကန် ဖြစ်ရပေါ်ရ ပေ၏။ အာရုံမပြုရလျှင် စင်စစ် ဖြစ်ပေါ်ခြင်း မရှိပေ။ ထို့ကြောင့် ၎င်းအသင်္ခတဓာတ်နိဗ္ဗာန်သည် ၎င်းသဥပါဒိသေသနိဗ္ဗာန်ဟု ခေါ်ဆိုအပ်သော အရဟတ္တဖိုလ်၏ ဖြစ်ကြောင်း တရားအမှန် ဖြစ်ပေ၏ ဟူလို။

ထိုအရဟတ္တဖိုလ်၏ ဖြစ်ကြောင်းဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ကိုလည်း မိမိကို အာရုံပြု၍ဖြစ်သော ကိလေသာမှကြွင်းသော အရဟတ္တဖိုလ်တည်းဟူသော အကျိုးခန္ဓာနှင့်လည်း တကွဖြစ်ခြင်းကြောင့်၎င်း၊ ထိုအရဟတ္တဖိုလ်၏ အာရုံပြုအပ်သော အကြောင်းတရား ဖြစ်ခြင်းကြောင့်၎င်း၊ ထိုဆိုအပ်ပြီးသော အကြောင်းတရား နှစ်ပါးကိုစွဲ၍ အကျိုးဖြစ်သော အရဟတ္တဖိုလ်၏ **သဥပါဒိသေသ**ဟူသော **အ**မည်ကို အကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်၌ တင်စား၍ ဖလူပစာရအားဖြင့် **သဥပါဒိသေသ**နိဗ္ဗာန်ဟု ခေါ်ဆိုအပ်လေသည်။

**အသင်္ခတဓာတ်ကိုနိဗ္ဗာန်ခေါ်ပုံ ရှင်းချက်။** ။ထို ဆိုအပ်ပြီးသော အကြောင်းနိဗ္ဗာန်အကျိုးနိဗ္ဗာန်နှစ်ပါးတို့တွင် **အကြောင်းခံဖြစ်သော** အသင်္ခတဓာတ်ကို အဘယ်ကြောင့် နိဗ္ဗာန်ဟု ခေါ်ဆို

အပ်လေသနည်း၊ ဟူမူ-ရာဂမီးစသည်တို့၏ အကြွင်းမရှိ ငြိမ်းကြောင်းဖြစ်သော ကြောင့် နိဗ္ဗာန်ဟု ခေါ်ဆိုအပ်သည်။ ထိုသို့ ခေါ်ဆိုအပ်ကြောင်းကိုလည်း ဋီကာကျော် စာမျက်နှာ(၃၅)၌—

နိဗ္ဗာတိ ဝါ ဧတေန ရာဂဂ္ဂိအာဒိကောတိ နိဗ္ဗာနံ။

ဟူ၍၎င်း၊ အဘိဓာန် ဋီကာပါဌ်၌ သဂ္ဂကဏ္ဍ နိဗ္ဗာန်ဂုဏ်အဖွင့်၌လည်း ၎င်းနည်း တူပင် လာရှိ၏။

ဝါ၊ တနည်းကား။ ဧတေန၊ ထိုအသင်္ခတ သဘောတရားကြောင့်။ ရာဂဂ္ဂိ-အာဒိကော၊ ရာဂမီးအစရှိသည် သည်။ နိဗ္ဗာတိ၊ ငြိမ်း၏။ ဣတိ တသ္မာ၊ ထိုသို့ ရာဂမီး စသည်တို့၏ ငြိမ်းကြောင်းဖြစ်သောကြောင့်။ တံ၊ ထိုအသင်္ခတသဘော တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန် မည်၏။

ဤသို့ ပြဆိုအပ်သည်ကိုထောက်၍၎င်း၊ ထိုမှတပါး စတုကအင်္ဂုတ္တိုရ် အဋ္ဌ-ကထာ၌—

တံ ဟိ အာဂမ္မ သဗ္ဗပရိဠာဟာ နိဗ္ဗန္တိ။

ဟိ၊ ထိုစကားသင့်စွ။ တံ၊ ထိုအသင်္ခတဓာတ် နိဗ္ဗာန်ကို။ အာဂမ္မ၊ စွဲ၍။ ဝါ၊ အာရုံပြုသောကြောင့်။ သဗ္ဗပရိဠာဟာ၊ အလုံးစုံသော ရာဂစသော အပူ အလောင်တို့သည်။ နိဗ္ဗန္တိ၊ အကြွင်းမရှိ ငြိမ်းလေကုန်၏။

ဤသို့ ပြဆိုအပ်သော အဋ္ဌကထာကိုထောက်၍၎င်း၊ ရာဂစသည်တို့၏ ငြိမ်း ကြောင်း သဘောကို နိဗ္ဗာန်ဟု ခေါ်ဆိုအပ်သည်။ ထိုနိဗ္ဗာန်သည် အကြောင်းခံ ဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန် ဖြစ်၏။

အရဟတ္တဖိုလ်ကို နိဗ္ဗာန်ခေါ်ပုံရှင်းချက်။ ။အကျိုးဖြစ်သော အရဟတ္တဖိုလ်ကို မူကား—

တဉ္စ ကိလေသနိဗ္ဗာနန္တေ ဇာတတ္တာ နိဗ္ဗာနံ နာမ။

ဟူ၍ ပြဆိုအပ်သော စကားတော်ကိုထောက်၍—

ကိလေသာ နိဗ္ဗန္တိ ဧတ္ထာတိ နိဗ္ဗာနံ။

ဟူသော ဝိဂ္ဂိုဟ်အရ ကိလေသာမီးတို့၏ ငြိမ်းရာသဘောကြောင့် နိဗ္ဗာန် မည်၏ဟု သိကြလေ။

ဤသို့လျှင် အသင်္ခတဓာတ်သဘော နိဗ္ဗာန်သည် ကိလေသာတို့၏ ငြိမ်း ကြောင်းဂုဏ်ကိုစွဲ၍ နိဗ္ဗာန်ဟူသော အမည်ကို ရလေသည်။ အရဟတ္တဖိုလ်သည်

ကိလေသာတို့၏ ငြိမ်းရာဂုဏ်ကိုစွဲ၍ နိဗ္ဗာန်ဟူသော အမည်ကို ရလေသည်ဟူသော အဓိပ္ပါယ် အထူးကို သိကြလေ။

ဤသို့လျှင် အကျိုးဖြစ်သော သဉပါဒိသေသ နိဗ္ဗာန်, အကြောင်းဖြစ်သော သဉပါဒိသေသနိဗ္ဗာန်ဟူ၍ နှစ်ပါးအပြား ရှိသည်ကို ထင်ရှားသိကြလေ။

**အဘာ၀ပညတ်ကို နိဗ္ဗာန်ခေါ်သေးပုံ။** ။ရှေး၌ ပြဆိုအပ်ပြီးသော အရဟတ္တဖိုလ်ကိုသာလျှင် သဉပါဒိသေသ နိဗ္ဗာန် ဟု ခေါ်ဆိုအပ်သည် မဟုတ်သေး၊ အရဟတ္တမဂ်သည် အကြွင်းမရှိ ကိလေသာနုသယတို့ကို ဖျက်ဆီးပြီးနောက် နောင် အဆက်ဆက် ဖြစ်ပေါ်ရန် ရှိသော ကိလေသာတို့သည် ဖြစ်ပေါ်ခြင်း မရှိဘဲလျက် ကုန်လေပြီးလျှင် အဘာ၀ပညတ်သို့သာလျှင် ရောက်လေတော့၏။ ထိုကိလေသာတို့၏ ကုန်ခန်း၍ မရှိခြင်း အဘာ၀ပညတ်ကိုလည်း ခန္ဓာကြွင်းနှင့်တကွ စပ်၍ ဖြစ်ခြင်းကြောင့်၎င်း၊ ကိလေသာမီးငြိမ်းခြင်းတည်းဟူသော ပရိယာယ်ကိုစွဲ၍၎င်း **သဉပါဒိ-သေသနိဗ္ဗာန်ဟု** ခေါ်ဆိုအပ်လေသည်။ ထိုသို့ ခေါ်ဆိုအပ်ကြောင်းကိုလည်း ဣတိဝုတ်ပါဠိတော် ဒုတိယဘာဏဝါရ စာမျက်နှာ (၂၂၁)၌—

> ကတမာ စ ဘိက္ခဝေ သဉပါဒိသေသာ နိဗ္ဗာနဓာတု? ဣဓ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ ခီဏာသဝေါ ဝုသိတဝါ ကတကရဏီယော ဩဟိတဘာရော အနုပ္ပတ္တသဒတ္ထော ပရိက္ခီဏဘဝသညောဇနော သမ္မ-ဒညာ ဝိမုတ္တော၊ တဿ တိဋ္ဌန္တေဝ ပဉ္စိန္ဒြိယာနိ ယေသံ အဝိဃာတတ္တာ မနာပါမနာပံ ပစ္စနုဘောတိ၊ သုခဒုက္ခံ ပဋိသံဝေဒိ၊ တဿ ယော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ အယံ ဝုစ္စတိ ဘိက္ခဝေ သဉပါဒိသေသာ နိဗ္ဗာနဓာတု။

ဟူ၍ မိန့်အပ်ပြီ။

မြန်မာပြန်ကား—

ဘိက္ခဝေ၊ တို့။ သဉပါဒိသေသာ နိဗ္ဗာနဓာတု၊ သဉပါဒိသေသနိဗ္ဗာနဓာတ်သည်။ ကတမာ စ၊ အဘယ်နည်း။ ဝါ၊ ကား။ ကတမာ စ၊ အဘယ်မည်သော တရားသည်သာလျှင်။ သဉပါဒိသေသာနိဗ္ဗာနဓာတု၊ သဉပါဒိသေသနိဗ္ဗာနဓာတ်မည်သနည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤငါဘုရားသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ခီဏာသဝေါ၊ ကုန်ပြီးသော အာသဝေါတရားလည်း ရှိထသော။ ဝုသိတဝါ၊ သုံးအပ်ပြီးသော အရိယမဂ်တည်းဟူသော အကျင့်မြတ်လည်း ရှိထသော။ ကတကရဏီယော၊ ပြုအပ်ပြီးသော အရဟတ္တဖိုလ်ဟူသော ရဟန်းကိစ္စ ရှိပြီးထသော။ ဩဟိတဘာရော၊ စွန့်အပ်ပြီးသော ကိလေသာဝန်ရှိထသော။

အနုပ္ပတ္တသဒတ္ထော၊ အစဉ်ရောက်အပ်ပြီးသော မြတ်သောအရဟတ္တဖိုလ်တည်းဟူသော အကျိုးထူးလည်း ရှိထသော။ ပရိက္ခီဏဘဝသညောဇနော၊ အရဟတ္တမဂ်ဖြင့် ကုန်ခန်းစေအပ်ပြီးသော ဘဝသံယောဇဉ်လည်း ရှိထသော။ သမ္မာ၊ မဖောက်မပြန်။ အညာ၊ မဂ်လေးတန်ဖြင့် နိရောဓသစ္စာနိဗ္ဗာန်ကို သိပြီး၍။ ဝိမုတ္တော၊ ကိလေသာအပေါင်းမှ လွတ်ပြီးထသော။ အရဟံ၊ ရဟန္တာပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ တို့။ တဿ၊ ထိုရဟန္တာဖြစ်ပြီးသော ပုဂ္ဂိုလ်အား။ ပဉ္စ၊ ငါးပါးကုန်သော။ ဣန္ဒြိယာနိ၊ စက္ခုစသော ဣန္ဒြေတို့သည်။ တိဋ္ဌန္တေဝ၊ ခန္ဓပရိနိဗ္ဗာန် မပြုရသေးသည်အတွက်ကြောင့် ထင်ရှားတည်ကုန်သေးသည်သာလျှင်ကတည်း။ ယေသံ၊ အကြင်စက္ခုစသော ဣန္ဒြေငါးပါးတို့၏။ အဝိဃာတတ္တာ၊ မပျက်စီးသေးသည်၏ အဖြစ်ကြောင့်။ မနာပါမနာပံ၊ နှစ်လိုဘွယ် မနှစ်လိုဘွယ်သော အာရုံငါးပါးကို။ ပစ္စနုဘောတိ၊ သုံးဆောင်ရပေသေး၏။ သုခဒုက္ခံ၊ ဝိပါက်ဖြစ်သော သုခဝေဒနာ ဒုက္ခဝေဒနာကို။ ပဋိသံဝေဒိ၊ ခံစား၏။ တဿ၊ ထိုကိလေသာကုန်ပြီးနောက် ကြွင်းရစ်သေးသော စက္ခုစသော ခန္ဓာဟူသော ဥပါဒိရှိသေးသော ရဟန္တာပုဂ္ဂိုလ်အား။ ယော ရာဂက္ခယော၊ အရဟတ္တမဂ်သည် အကြွင်းမရှိ ပယ်အပ်သည်၏ အဖြစ်ကြောင့် နောင်တဖန် ဖြစ်ပေါ်ခြင်းမရှိခြင်း တည်းဟူသော အကြင်ရာဂ၏ ကုန်ခြင်းသည်။ ယော ဒေါသက္ခယော၊ အနာဂါမိမဂ်သည် အကြွင်းမရှိ ပယ်ဖျက်အပ်သည်၏ အဖြစ်ကြောင့် နောင်တဖန် ဖြစ်ပေါ်ခြင်း မရှိခြင်းတည်းဟူသော အကြင်ဒေါသ၏ကုန်ခြင်းသည်။ ယော မောဟက္ခယော၊ အရဟတ္တမဂ်သည် အကြွင်းမရှိ ပယ်ဖျက်အပ်သည်၏ အဖြစ်ကြောင့် နောင်တဖန် ဖြစ်ပေါ်ခြင်း မရှိခြင်းတည်းဟူသော အကြင်မောဟ၏ ကုန်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤခန္ဓာငါးပါးဟူသော ကိလေသာမှ ကြွင်းရစ်သော ဥပါဒိန္နကခန္ဓာဟူသော ဥပါဒိရှိသေးသော ရဟန္တာပုဂ္ဂိုလ်၏ နောင်တဖန် ဖြစ်ပေါ်ခြင်းမရှိသော ရာဂ၏ကုန်ခြင်း ဒေါသ၏ကုန်ခြင်း မောဟ၏ ကုန်ခြင်းကို။ သဉပါဒိသေသာ၊ သဉပါဒိသေသမည်သော။ နိဗ္ဗာနဓာတု၊ နိဗ္ဗာနဓာတ်ဟူ၍။ ဝါ၊ ရာဂစသော မီးတို့၏ အကြွင်းမရှိ ငြိမ်းခြင်းသာလျှင်ဖြစ်သော ဓာတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**ပါဠိတော်ယူဆပုံ ရှင်းချက်။** ။ဤပြဆိုအပ်ကုန်သော ပါဠိတို့တွင် **ဣဓ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ။လ။သုခဒုက္ခံ ပဋိသံဝေဒိ**ဟူသော ပါဠိတိုင်အောင် အရဟတ္တမဂ်သည် ကိလေသာတို့ကို အကြွင်းမရှိ ကုန်စေပြီး၍ အရဟတ္တဖိုလ်သို့ ရောက်ပြီးလျှင် ကိလေသာမှကြွင်းသော ခန္ဓာငါးပါးတည်းဟူသော ဥပါဒိတရား ရှိသေးသည်ကို ပြ၏။

**တဿ ယော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော**ဟူသောပါဠိတို့ဖြင့် ထိုခန္ဓာကြွင်း ဥပါဒိရှိသေးသော ရဟန္တာပုဂ္ဂိုလ်၏ **သန္တာန်၌** ရာဂစသော

ကိလေသာတို့သည် နောင်တဖန် ဖြစ်ပေါ်ခြင်းမရှိသော ကုန်ခြင်းတည်းဟူသော အဘာဝကို ပြသည်။

**အယံ ဝုစ္စတိ ဘိက္ခဝေ သဉပါဒိသေသာ နိဗ္ဗာနဓာတု** ဟူသောပါဠ်တို့ဖြင့် ထိုကိလေသာတို့၏ ကုန်ခြင်းတည်းဟူသော အဘာဝကိုလည်း ကိလေသာတို့မှ ကြွင်းသော ရဟန္တာဟု သမုတ်အပ်သော ခန္ဓာငါးပါးတည်းဟူသော ဉပါဒိနှင့် စပ်၍ ဖြစ်ခြင်းကိုငင်း၊ ကိလေသာတို့၏ ငြိမ်းခြင်းပရိယာယ်ကိုငင်း စွဲ၍ **သဉပါဒိသေသနိဗ္ဗာန်**ဟု ခေါ်ဆိုအပ်ကြောင်းကို ပြဆိုအပ်လေသည်။

ထို့ကြောင့် ရာဂစသည်တို့၏ နောင်တဖန် ဖြစ်ပေါ်မှု မရှိခြင်း အဘာဝကိုလည်း ပရိယာယ်အားဖြင့် **သဉပါဒိသေသနိဗ္ဗာန်**ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို ထင်ရှားသိကြလေ။

ထိုရာဂစသည်တို့၏ နောင်တဖန် ဖြစ်ပေါ်ခြင်းမရှိဘဲ အကြွင်းမဲ့ ကုန်ခြင်းတည်းဟူသော ရာဂတို့၏ မရှိခြင်းအဘာဝကိုသာလျှင် ငြိမ်းခြင်းပရိယာယ်အားဖြင့် ခန္ဓာကြွင်းကို စွဲ၍ **သဉပါဒိသေသနိဗ္ဗာန်**ဟု ခေါ်ဆိုအပ်သည် မဟုတ်သေး၊ ငင်းကိလေသာတို့၏ ကုန်ဆုံးကြောင်းဖြစ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ီတဓာတ်နိဗ္ဗာန်ကိုလည်း ဖလူပစာရအားဖြင့် **သဉပါဒိသေသနိဗ္ဗာန်** ဟု ခေါ်ဆိုအပ်သည်၊ အဘယ်ကြောင့် ခေါ်ဆိုအပ်သနည်းဟူမူ ငင်းအကြောင်းခံဖြစ်သော အသခ်ီတဓာတ်နိဗ္ဗာန်သည် ငင်းကိလေသာမီးတို့၏ ကုန်သော အဆုံး၌ ငင်းကိလေသာတို့၏ ကုန်ကြောင်း၏အဖြစ်ဖြင့် ထင်ရှားလေ၏။ ထိုသို့ ပရမတ္ထသဘောအားဖြင့် ထင်ရှားရှိသော အသခ်ီတဓာတ် နိဗ္ဗာန်ကိုပင် ငင်းကိလေသာတို့၏ ကုန်ငြိမ်းခြင်းတည်းဟူသော အဘာဝသဘောဂုဏ်ကို စွဲ၍ငင်း၊ မိမိကိုအာရုံပြု၍ဖြစ်သော မိမိ၏ အကျိုးအရာ၌တည်သော ဉပါဒိသေသဟု ဆိုအပ်သော ရဟန္တာဟု ခေါ်ဆိုအပ်သော ကိလေသာမှကြွင်းသော အာရမ္မဏိက ဖြစ်သော အကျိုးခန္ဓာနှင့် အကြောင်းအကျိုး စပ်၍ဖြစ်သော ဂုဏ်ကိုစွဲ၍ ငင်း ဖလူပစာရအားဖြင့် **သဉပါဒိသေသနိဗ္ဗာန်**ဟု ခေါ်ဆိုအပ်လေသည်။

ထိုဆိုအပ်ပြီးသော ရာဂစသည်တို့၏ နောင်တဖန် ဖြစ်ပေါ်မှုမရှိခြင်းတည်းဟူသော အဘာဝ ပညတ်တည်းဟူသော သဉပါဒိသေသနိဗ္ဗာန်၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသခ်ီတဓာတ်တည်းဟူသော ပရမတ္ထသဘော သဉပါဒိသေသနိဗ္ဗာန် ထို နှစ်ပါးကုန်သော သဉပါဒိသေသနိဗ္ဗာန်တို့တွင် အကျိုးဖြစ်သော ကိလေသာတို့၏ မရှိခြင်း အဘာဝနိဗ္ဗာန်ကို ငင်းပါဠ်တော်၌လာသော **တဿ ယော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော**ဟူသော ပါဠ်တို့ဖြင့် ထင်ရှားသိရလေပြီ၊ ကိလေသာတို့၏ကုန်ကြောင်းဖြစ်သော အသခ်ီတဓာတ်နိဗ္ဗာန်ကို

**သဥပါဒိသေသနိဗ္ဗာန်**ဟု ခေါ်ဆိုအပ်ပုံကို အဘယ်ပါဠိဖြင့် သိရပါအံ့နည်းဟု မေးငြားအံ့၊ ၎င်း**ရာဂက္ခယော**စသော ပါဠိတို့ဖြင့်ပင် စင်စစ် သိအပ်၏။

သိအပ်ပုံမှာ–၎င်း**ရာဂက္ခယော**ဟူသော ပုဒ်သည် **ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော**ဟူ၍ ဟောဆိုအပ်သော စကားရပ်တို့၌လာရှိသော **နိရောဓ**သဒ္ဒါ၊ အင်္ဂုတ္တိုရ်ပါဠိတော်၌ **လောကနိရောဓ**ဟူ၍ ဟောတော်မူအပ်သော စကားတော်၌လာသော **နိရောဓ**သဒ္ဒါကဲ့သို့ အကျိုးအကြောင်း နှစ်ပါးလုံးကိုပင် ပြဆိုသောပုဒ် ဖြစ်လေသည်။ ထိုသို့ ဖြစ်ကြောင်းကို ထင်ရှားပြဦးအံ့။

**ရာဂက္ခယ-ပုဒ်ဝိဂြိုဟ်။** ။၎င်းရာဂက္ခယော ဟူသော ပါဠိတို့တွင် **ခယော**ဟူသော ပုဒ်ကို—

ခယနံ ခယော။ ခယနံ၊ ကုန်ခြင်း။ ခယော၊ ကုန်ခြင်းဟူ၍ ဘာဝသာဓ်ပြုသော် ကုန်ခြင်းသာမန်ဟု ဆိုအပ်သော အဘာဝပညတ်ကို ရ၏။ ထိုနောက်—

ရာဂဿ ခယော ရာဂက္ခယော။ ရာဂဿ၊ ရာဂ၏။ ခယော၊ ကုန်ခြင်းတည်း။ ရာဂက္ခယော၊ ရာဂ၏ ကုန်ခြင်း။

ဤသို့လျှင် ရာဂပုဒ်နှင့် ခယပုဒ်ကို တပ္ပုရိသမာသ်တွဲလျှင် ရာဂတို့၏ မရှိခြင်း အဘာဝ ပညတ်ကိုရ၏ဟု မှတ်ကြလေ။ ထိုသို့ မဟုတ်မူ၍ ရာဂက္ခယောဟူသော ပုဒ်၌ရှိသော ခယပုဒ်ကို။

ခီယတိ ဧတေနာတိ ခယော။

ဧတေန၊ ဤ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကြောင့်။ ခီယတိ၊ ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ခယော၊ ခယမည်၏။

ဤသို့ ဟေတု သာဓနကိတ် ဝိဂြိုဟ်ပြုလုပ်သော် ကုန်ကြောင်းသဘော ဖြစ်သော **အသင်္ခတဓာတ် နိဗ္ဗာန်ကို** ရ၏။

ရာဂဿ ခယော ရာဂက္ခယော။

ရာဂဿ၊ ရာဂ၏။ ခယော၊ ကုန်ကြောင်းဖြစ်သော **အသင်္ခတဓာတ် နိဗ္ဗာန်** တည်း။ ရာဂက္ခယော၊ ရာဂ၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်။

ဤသို့ ဆဋ္ဌီတပ္ပုရိသမာသ်တွဲလျှင် ရာဂ၏ကုန်ကြောင်း အသင်္ခတဓာတ် နိဗ္ဗာန်ကိုသာ ရလေ၏ဟုမှတ်။ ထို့ကြောင့် ရာဂက္ခယော ဟူသော တပုဒ်တည်းသည်ပင် ရာဂ၏ ကုန်ခြင်းတည်းဟူသော အဘာဝပညတ်၊ ရာဂ၏ကုန်ကြောင်း ဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန် ဤဆိုအပ်ပြီးသော အနက်နှစ်ပါးစလုံးကိုပင်

ထွန်းပြသော ပုဒ်ဖြစ်သည်ဟု မှတ်ကြလေ။ **ဒေါသက္ခယော မောဟက္ခယောဟူသော** ပုဒ်တို့ကိုလည်း ထိုနည်းအတူပင် သိကြလေ။

ဤ ပါဠိတော်၌လာသော **ရာဂက္ခယောစသော** ပုဒ်တို့၏ အနက်ကိုသာ နှစ်ပါးသော အခြင်းအရာဖြင့် သိရသည် မဟုတ်သေး၊ ၎င်း အဋ္ဌကထာ၌ လာသော—

> ယော ရာဂက္ခယောတိ ရာဂဿ ခယော၊ ခီဏာကာရော အဘာဝေါ **အစ္စန္တမနုပ္ပါဒေါ**။

ဟူ၍ ဖွင့်ပြအပ်သော **ရာဂဿ ခယောစသော** ပုဒ်တို့ကိုလည်း ရှေးနည်းအတူ နှစ်ပါးသော အခြင်းအရာအားဖြင့်သာလျှင် ကေန်ထွန်းပြအပ်သည်၏ အဖြစ်ကို **စင်စစ်** သိအပ်ကုန်၏။ သိပုံကို ထင်စွာ ပြဦးအံ့။ ရာဂဿ ခယောဟူသောပုဒ်ကို ရှေးနည်းအတိုင်း "ခယနံ ခယော။ ရာဂဿ ခယော ရာဂက္ခယော"ဟု ဆဋ္ဌီတပ္ပုရိသမာသ်တွဲလျှင် ရာဂ စသည်တို့၏ မရှိခြင်း အဘာဝပညတ်ကို ရ၏။

"ခီယတိ ဧတေနာတိ ခယော။ ရာဂဿ ခယော ရာဂက္ခယော"ဟု တွဲလျှင် ရာဂတို့၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို ရ၏။

ထို့ကြောင့် **ရာဂက္ခယော**ဟူသော ပုဒ်ဖြင့်ပင် အသင်္ခတဓာတ် တည်းဟူသော နိဗ္ဗာန်ကိုလည်း အကျိုး၏ သဉပါဒိသေသနိဗ္ဗာန်ဟူသော အမည်ကို အကြောင်း၌ တင်စား၍ ဖလူပစာရအားဖြင့်ပင် **သဉပါဒိသေသနိဗ္ဗာန်**ဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေ။ ထိုသို့ သိစေအပ်သည်၏ အဖြစ်ကိုလည်း ၎င်း **ဣတိဝုတ်** အဋ္ဌကထာ၌ပင်—

> အသေသံ ပရိနိဗ္ဗုတ္တိတိ အရဟတ္တမဂ္ဂေန အသေသံ ရာဂအာဒိံ နိဗ္ဗာပေတွာ သဉပါဒိသေသာယ နိဗ္ဗာနဓာတုယံ ဌိတာ။

ဟူ၍ ဆိုအပ်လေသတည်း။

မြန်မာပြန်ကား—

အသေသံ ပရိနိဗ္ဗုတ္တိတိ၊ အသေသံ ပရိနိဗ္ဗုတ္တိ ဟူသည်ကား။ အရဟတ္တမဂ္ဂေန၊ အရဟတ္တမဂ်ဖြင့်။ အသေသံ၊ အကြွင်းမရှိ။ ရာဂအာဒိံ၊ ရာဂအစရှိသည်ကို။ နိဗ္ဗာပေတွာ၊ အကြွင်းမရှိ ငြိမ်းစေပြီး၍။ သဉပါဒိသေသာယ၊ သဉပါဒိသေသ အမည်ရှိသော။ နိဗ္ဗာနဓာတုယံ၊ နိဗ္ဗာနဓာတ်၌။ ဌိတာ၊ **တည်ကုန်၏**။

ဤပြဆိုအပ်သော အဋ္ဌကထာစကား၏ အဓိပ္ပါယ်မှာ အကြွင်းအကြွင် ပုဂ္ဂိုလ်တို့သည် အရဟတ္တမဂ်ဖြင့် ရာဂစသော မီးတို့ကို အကြွင်းမရှိ ငြိမ်းစေကုန်၏။ ထိုငြိမ်းပြီးသော ရဟန္တာဖြစ်သော ပုဂ္ဂိုလ်တို့သည် သဉပါဒိသေသနိဗ္ဗာန်၌

တည်လေ၏ဟူသော အဓိပ္ပါယ်ကို ပြဆိုတော်မူ၏။ ထိုသို့ ပြဆိုအပ်သော **စကား** တော်၏အရမှာ ရာဂ စသည်တို့၏ မရှိခြင်းတည်းဟူသော အဘာဝပညတ်ကိုလည်း ထိုရဟန္တာတို့၏ ခန္ဓာကြွင်းနှင့် စပ်နေသောကြောင့် ပရိယာယ်အားဖြင့် သဥပါဒိသေသနိဗ္ဗာန်ဟု ခေါ်အပ်သည်။ ထို သဥပါဒိသေသဟု ဆိုအပ်သော ကိလေသာမီးတို့၏ မရှိခြင်းတည်းဟူသော အဘာဝပညတ်၌သာလျှင် ထိုရဟန္တာဟု ခေါ်ဝေါ်အပ်သော အမည် နာမ ပညတ်သည် တင်ခေါ်အပ်သော အဖြစ်ဖြင့် တည်မှုကို ရည်၍လည်း **သဥပါဒိသေသနိဗ္ဗာနဓာတုယံ ဌိတာ**ဟု ဆိုတော်မူလေသည်ဟုယူလျှင် အဘာဝပညတ်၌ တည်သည်ကို ရ၏။

ထိုမှတပါးလည်း ထိုရဟန္တာဟုခေါ်ဆိုအပ်သော ပုဂ္ဂိုလ်သန္တာန်၌ဖြစ်သော ဖိုလ်စိတ္တုပ္ပါဒ်ကိုပင်"သဥပါဒိသေသနိဗ္ဗာန်"ဟု ဟောတော်မူအပ်သော ဒေသနာတော်ရှိသောကြောင့် ၎င်းကိလေသာမီးတို့၏ အဆုံး၌ ဖြစ်ပေါ်သော အဇ္ဈတ္တသန္တာန်၌ရှိသော အရဟတ္တဖိုလ် စိတ္တုပ္ပါဒ်၌ပင် ၎င်း ရဟန္တာဟူသော နာမပညတ်ကိုတင်၍ **သဥပါဒိသေသနိဗ္ဗာနဓာတုယံ ဌိတာ**ဟု ဆိုတော်မူလေသည်ဟု ယူလျှင်လည်း အရဟတ္တဖိုလ်ကို ရ၏။

ထိုမှတပါးလည်း ထိုရဟန္တာပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်သော သန္တာန်၌ဖြစ်သော အရဟတ္တဖိုလ်စိတ္တုပ္ပါဒ် ပစ္စဝေက္ခဏာဇော စိတ္တုပ္ပါဒ်တို့သည် ဖလသမာပတ်၏ အစွမ်းအားဖြင့်၎င်း၊ ပစ္စဝေက္ခဏာ၏အစွမ်းအားဖြင့်၎င်း အာရုံပြုတိုင်းပြုတိုင်း ၎င်းအသင်္ခတဓာတ်ဟု ဆိုအပ်သော သဥပါဒိသေသနိဗ္ဗာန်၌ တည်၏။ ထိုသို့ အရဟတ္တဖိုလ် စိတ္တုပ္ပါဒ်စသည်တို့၏ အာရုံပြုသောအားဖြင့် တည်သည်ကိုသာလျှင် ရည်၍ ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် **သဥပါဒိသေသနိဗ္ဗာနဓာတုယံ ဌိတာ**ဟု ဆိုတော်မူလေသည်ဟု ယူလျှင်လည်း အသင်္ခတဓာတ် နိဗ္ဗာန် တည်းဟူသော သဥပါဒိသေသနိဗ္ဗာန်၌ တည်သည်ကို ရ၏ဟု မှတ်ကြလေ။

ထို့ကြောင့် **ရာဂက္ခယော**ဟူသော ပါဠ်သည် ကိလေသာတို့၏ ကုန်ခြင်း အဘာဝပညတ်တည်းဟူသော **သဥပါဒိသေသနိဗ္ဗာန်** ထိုကိလေသာတို့၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ်ဟု ဆိုအပ်သော **သဥပါဒိသေသနိဗ္ဗာန်** ဤနှစ်ပါးစုံတို့ကိုပင် ပြဆိုအပ်သည်၏အဖြစ်ကို ထင်ရှား သိကြလေ။

ထိုသို့ သိကြလျှင်လည်း ထိုရှေး၌ ပြဆိုအပ်ပြီးသော အာရမ္မဏိကဖြစ်သော ကိလေသာတို့မှ ကြွင်းသော ရဟန္တာဟု သမုတ်အပ်သော ခန္ဓာကြွင်းကို၎င်း၊ ကိလေသာတို့ ငြိမ်းခြင်းဟုဆိုအပ်သော အဘာဝဂုဏ်ကို၎င်း စွဲ၍ ၎င်းကိလေသာတို့၏ ကုန်ကြောင်းဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ကိုပင် **သဥပါဒိသေသနိဗ္ဗာန်**ဟု ဖလူပစာရအားဖြင့် ခေါ်ဆိုအပ်ကြောင်းကို ထင်ရှား သိကြလေ။ ထိုသို့

ထင်ရှားသိအပ်ကြောင်းကိုလည်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စာမျက်နှာ (၁၄၀) နိရောဓသစ္စာအဖွင့်၌—

တဿ ကိလေသဝူပသမံ ဥပါဒိသေသဥ္စ ဥပါဒါယ ပညာပနီယတ္တာ သဟ ဥပါဒိသေသေန ပညာပိယတီတိ သဉပါဒိသေသံ။

ဟူ၍ မိန့်အပ်ပြီ။

မြန်မာပြန်ကား —

တဿ၊ ထိုရဟန္တာပုဂ္ဂိုလ်သည် အာရုံပြုသောအားဖြင့် ရောက်အပ်သော နိဗ္ဗာန်ကို။ ကိလေသဝူပသမဥ္စ၊ ကိလေသာ ငြိမ်းခြင်းကိုရင်း။ ဥပါဒိသေသဥ္စ၊ ကိလေသာတို့မှ ကြွင်းသော ခန္ဓာငါးပါးတည်းဟူသော ဥပါဒိကိုရင်း။ ဥပါဒါယ၊ စွဲ၍။ ပညာပနီယတ္တာ၊ အပြားအားဖြင့် သိစေအပ်သည်၏ အဖြစ်ကြောင့်။ ယံ နိဗ္ဗာနံ၊ အကြင် ရဟန္တာပုဂ္ဂိုလ်သည် မျက်မှောက်၌ အာရုံပြု၍ ရောက်အပ်သော နိဗ္ဗာန်ကို။ ဥပါဒိသေသေန၊ ကိလေသာမှ ကြွင်းသော ခန္ဓာငါးပါးဟု ဆိုအပ်သော ဥပါဒိနှင့်။ သဟ၊ တကွ။ ပညာပိယတိ၊ သိစေအပ်၏။ ဣတိ တသ္မာ၊ ထိုသို့ သိစေအပ်သည်၏အဖြစ်ကြောင့်။ တံ နိဗ္ဗာနံ၊ ထို အသင်္ခတဓာတ် နိဗ္ဗာန်သည်။ သဉပါဒိသေသံ၊ သဉပါဒိသေသ မည်၏။

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ ကိလေသာတို့ ငြိမ်းခြင်းတည်းဟူသော အဘာဝဘောဂုဏ်၊ ၎င်း အာရမ္မဏိကဖြစ်သော ရဟန္တာတို့၏ ခန္ဓာကြွင်းတည်းဟူသော ဥပါဒိမည်သော ခန္ဓာငါးပါးတရား ဤ ဆိုအပ်ပြီးသော ဂုဏ်နှစ်ပါးကို စွဲ၍ မဂ်ဖိုလ်၏ အာရမ္မဏ ပစ္စယသတ္တိဖြစ်သော အသင်္ခတဓာတ်ကိုပင် **သဉပါဒိ-သေသ**ဟု ခေါ် ဆိုအပ်သည်ဟု မှတ်။

၎င်း သဉပါဒိသေသ အမည်ကို ရသောအခါ၌ ဂေါတြဘူမဂ်တို့သည် ၎င်း အသင်္ခတဓာတ်နိဗ္ဗာန်ကို အာရုံမပြု။ အဘယ်ကြောင့်ဆိုသော် ၎င်းအသင်္ခတဓာတ်ကို "သဉပါဒိသေသ"ဟု အမည်တပ်ခေါ် ရသည်မှာ အရဟတ္တမဂ်ဖြင့် ကိလေသာတို့ကို အကြွင်းမရှိ ဖြတ်ပြီး၍ ဖိုလ်သို့ရောက်သောအခါ ကိလေသာတို့သည် စင်စစ် မရှိခြင်း အဘာဝသို့ ရောက်လေ၏။ ထိုသို့ ရောက်သော အဘာဝဘော ဂုဏ်ကိုရင်း၊ ကိလေသာမှကြွင်းသော ရဟန္တာတို့ ခန္ဓာကိုရင်း စွဲ၍သာလျှင် ဖလူပစာရအားဖြင့် ခေါ် အပ်သည်။ ကိလေသာတို့ မကုန်သေးသောအခါ၌ မခေါ် အပ်။ ထိုသို့ မခေါ် အပ်သည်၏အဖြစ်ကြောင့် ၎င်းအသင်္ခတဓာတ် နိဗ္ဗာန်သည် သဉပါဒိသေသဟူသော အမည်ကို မရမီ ရှေးအဘို့ကပင် ဂေါတြဘူမဂ် တို့၏ အာရုံဖြစ်လေသည်။ ထို့ကြောင့် သဉပါဒိသေသဟူသော **အမည်ကို** ရလတ္တံ့သော အသင်္ခတဓာတ်နိဗ္ဗာန်ကိုသာလျှင် ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်

ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ နောင်အဆက်ဆက် ဖြစ်ပေါ်လတ္တံ့သော ခန္ဓာတို့၏ ဖြစ်ပေါ်မှု မရှိခြင်းတည်းဟူသော အဘာဝပညတ်ကိုလည်း ကိလေသာတို့မှ ကြွင်းသော ခန္ဓာဒုက္ခ အပူအလောင်တို့၏ မရှိခြင်းတည်းဟူသောဂုဏ်၊ ၎င်းအပူအလောင် မရှိခြင်းကြောင့် မြေခြင်းဂုဏ် ဤနှစ်ပါးသော ဂုဏ်ပုဒ်တို့ကိုစွဲ၍ အနုပါဒိသေသနိဗ္ဗာန်ဟု ခေါ်ဆိုအပ်လေသည်ဟု မှတ်ကြလေ။

ဤကား ခန္ဓာတို့၏ မရှိခြင်းအဘာဝကို အနုပါဒိသေသနိဗ္ဗာန်ဟု ခေါ်ဆိုမှုကို ပြချက်ပေတည်း။

**အသင်္ခတဓာတ် အနုပါဒိသေသနိဗ္ဗာန်။** ။ထိုဆိုအပ်ပြီးသော နောင်ဖြစ်ပေါ်လတ္တံ့ကုန်သောခန္ဓာအဆက်ဆက်တို့၏ ဖြစ်ပေါ်ခြင်းမရှိမှုတည်းဟူသော အဘာဝကိုသာလျှင် အနုပါဒိသေသနိဗ္ဗာန်ဟု ဆိုအပ်သည် မဟုတ်သေး၊ အသင်္ခတဓာတ်နိဗ္ဗာန်ကိုလည်း ၎င်းခန္ဓာတို့၏ ကုန်ဆုံးရာ၌ ၎င်းတို့၏ ကုန်ရာဌာနအဖြစ်ဖြင့် ထင်ရှားသည်၏ အဖြစ်ကြောင့် ၎င်းပရမတ္ထသဘော အသင်္ခတဓာတ်နိဗ္ဗာန်ကိုပင် ၎င်းခန္ဓာဒုက္ခတို့၏ မရှိခြင်း အဘာဝဂုဏ်ကိုစွဲ၍ အနုပါဒိသေသနိဗ္ဗာန်ဟု ခေါ်ဆိုအပ်သည်။ ထိုသို့ ခေါ်ဆိုအပ်ကြောင်းကိုလည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်သည် နိရောဓသစ္စာအဖွင့် စာမျက်နှာ ၁၄၀-၌—

> စရိမစိတ္တတော စ ဥဒ္ဓံ ပဝတ္တိခန္ဓာနံ အနုပ္ပါဒနတော ဥပ္ပန္နာနဥ္စ အန္တရဓာနတော ဥပါဒိသေသာဘာဝေါ၊ တံ ဥပါဒါယ ပညာပနီယတော နတ္ထိ ဧတ္ထ ဥပါဒိသေသောတိ အနုပါဒိသေသံ။

ဟူ၍ မိန့်အပ်ပြီ။

မြန်မာပြန်ကား—

စရိမစိတ္တတော၊ အဆုံးစွန်သောစုတိစိတ်မှ။ ဥဒ္ဓံ၊ နောက်၌။ ပဝတ္တိခန္ဓာနံ၊ ဖြစ်လတ္တံ့ကုန်သော ဥပါဒိန္နကဖြစ်သော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ဟု ဆိုအပ်ကုန်သော ခန္ဓာငါးပါးတို့၏။ အနုပ္ပါဒနတော စ၊ နောင်တဖန် ယောနိ, ဂတိ,သတ္တာဝါသတို့၌ ဖြစ်ပေါ်ခြင်း မရှိခြင်းကြောင့်၎င်း။ ဥပ္ပန္နာနံ၊ ဖြစ်ဆဲဖြစ်ကုန်ပြီးသော ခန္ဓာတို့၏။ အန္တရဓာနတော စ၊ ကွယ်ပျောက်လေခြင်းကြောင့်၎င်း။ ယော ဥပါဒိသေသာဘာဝေါ၊ အကြင်ကိလေသာမှ ကြွင်းသော ခန္ဓာငါးပါးဟု ဆိုအပ်သော ဥပါဒိ၏ ထင်ရှားမရှိခြင်းတည်းဟူသောအဘာဝသည်လည်း။ ဟောတိ၊ ဖြစ်၏။ တံ ဥပါဒိသေသာဘာဝံ၊ ထိုကိလေသာမှ ကြွင်းသော ခန္ဓာငါးပါးဟု ဆိုအပ်သော ဥပါဒိ၏ ထင်ရှားမရှိခြင်းတည်းဟူသော အဘာဝပညတ်ဂုဏ်ကို။ ဥပါဒါယ၊ စွဲ၍။ ဝါ၊ အကြောင်းပဝတ္တနိမိတ်

ပြု၍။ ပညာပနီယတော၊ သိစေအပ်သည်၏ အဖြစ်ကြောင့်။ ဧတ္ထ၊ ဤအနုပါဒိသေသဟု ခေါ်ဆိုအပ်သော အသင်္ခတဓာတ်နိဗ္ဗာန်၌။ ဥပါဒိသေသော၊ ကိလေသာမှကြွင်းသော ခန္ဓာငါးပါးဟူသော ဥပါဒိသည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထိုသို့ ဥပါဒိမည်သော ခန္ဓာငါးပါးတို့ မရှိရာသဘော၏အဖြစ်ကြောင့်။ ဧတ္ထာတိ ပဒေန၊ ဧတ္ထဟူသောပုဒ်ဖြင့်။ နိဒ္ဒိဋ္ဌံ၊ ညွှန်ပြအပ်သော။ တံ နိဗ္ဗာနံ၊ ထိုအသင်္ခတဓာတ်ဖြစ်သော နိဗ္ဗာန်သည်။ အနုပါဒိသေသံ၊ အနုပါဒိသေသ မည်၏။

**ပါဠိတော်အဓိပ္ပါယ်ရှင်းချက်။** ။ဤပြဆိုအပ်သောပါဌ်တို့တွင် **စရိမစိတ္တတော ဥဒ္ဓံ**ဟူသောပါဌ်ဖြင့် ရဟန္တာတို့၏ စုတိစိတ်ချုပ်ပြီးသည်၏ နောက်အဘို့ကို ပြ၏။ **ပဝတ္တိခန္ဓာနံ**ဟူသောပါဌ်ဖြင့် အနာဂတ်၌ဖြစ်လတ္တံ့သော ခန္ဓာတို့ကို ပြ၏။ **အနုပ္ပါဒနတော**ဟူသောပါဌ်ဖြင့် နောင်တဖန်ဂတိ, ယောနိ, သတ္တာဝါသတို့၌ ဥပါဒ်အားဖြင့် ဖြစ်ပေါ်မှု မရှိခြင်းကို ပြ၏။ **ဥပ္ပန္နာနဉ္စ**ဟူသော ပါဌ်ဖြင့် ဖြစ်ဆဲဖြစ်သော ရဟန္တာ၏ ခန္ဓာငါးပါးကို ပြ၏။ **အန္တရဓာနတော** ဟူသော ပါဌ်ဖြင့် ရဟန္တာတို့၏ ခန္ဓာငါးပါး ကွယ်ပျောက်သည်ကို ပြ၏။ **ဥပါဒိသေသာဘာဝေ**ဟူသောပါဌ်ဖြင့် ရဟန္တာဟု ခေါ်ဝေါ်အပ်သော ခန္ဓာငါးပါးတို့ကွယ်ပျောက်လေခြင်းကြောင့် ကိလေသာမှကြွင်းသော ဥပါဒိမည်သော ခန္ဓာတို့၏ ဘာမျှ မရှိခြင်းတည်းဟူသော အဘာဝပညတ်ကို ပြ၏။ **တံ ဥပါဒါယ ပညာပနီယတော**ဟူသောပါဌ်ဖြင့် ၎င်းဥပါဒိမည်သော ခန္ဓာငါးပါးတို့၏ ထင်ရှားမရှိခြင်းတည်းဟူသော အဘာဝသဘောဂုဏ်ကို အကြောင်းပဝတ္တနိမိတ်ပြု၍ အသင်္ခတဓာတ်နိဗ္ဗာန်ကိုသာလျှင် အနုပါဒိသေသနိဗ္ဗာန် ဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိစေ၏။

**အနုပါဒိသေသပုဒ် ဝိဂ္ဂိုဟ်နှင့် ဉာဏ်ကောက်။** ။ထိုသို့ သိစေအပ်သည်၏အဖြစ်ကို ထင်ရှားပြလိုသောကြောင့် ၎င်းအဋ္ဌကထာရှင်သည်—

"နတ္ထိ ဧတ္ထ ဥပါဒိသေသောတိ အနုပါဒိသေသံ"ဟူ၍ သတ္တမီဗဟုဗ္ဗီဟိ ဝိဂ္ဂိုဟ်ကို ဖော်ထုတ်ပြပေ၏။ ထိုဝိဂ္ဂဟဝါကျပါဌ်တို့တွင် **ဥပါဒိသေသော** ဟူသော ပုဒ်၏အရကား ကိလေသာတို့ ကုန်ပြီး၍ ရဟန္တာတို့ သန္တာန်၌ ကြွင်းရှိသော ခန္ဓာငါးပါးကို ရ၏။

နတ္ထိ ဟူသော ပုဒ်၏အရကား ၎င်းခန္ဓာကြွင်းတို့၏ မရှိခြင်းတည်းဟူသော အဘာဝပညတ်ဂုဏ်ကို ရ၏။

**ဧတ္ထ**ဟူသော အညပုဒ်၏ အရကား ထိုခန္ဓာတို့၏ မရှိခြင်းတည်းဟူသော အဘာဝပညတ်ဂုဏ်၏ တည်ရာ အသင်္ခတဓာတ်နိဗ္ဗာန်ကိုသာ ရ၏။ ထိုသို့ ရခြင်း

ကြောင့် ၎င်းအသင်္ခတဓာတ်နိဗ္ဗာန်ကိုပင် အနုပါဒိသေသဟု ခေါ်ဆိုအပ်သည်၏ အဖြစ်ကို သိစေလိုသောကြောင့် **အနုပါဒိသေသံ** ဟူသောပါဠိကို ဆိုတော်မူအပ်လေသည်။

ထို့ကြောင့် ခန္ဓာတို့ မရှိသောအဆုံး၌ ခန္ဓာတို့၏ ကုန်ဆုံးရာဌာန၏အဖြစ်ဖြင့် ထင်ရှားနေသော ၎င်းပရမတ္ထသဘာဝနိဗ္ဗာန်ကိုပင် ၎င်းခန္ဓာတို့၏ မရှိခြင်းတည်းဟူသော အဘာဝဘောဂဏ်ကို စွဲ၍ အနုပါဒိသေသဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိကြလေ။

**ကိလေသာဒုက္ခနှင့် ခန္ဓာဒုက္ခတို့ ချုပ်ရာ။** ။ထိုအနုပါဒိသေသဟု ခေါ်ဆိုအပ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည် ကိလေသာဒုက္ခ ခန္ဓာဒုက္ခ နှစ်ပါးစုံတို့၏ အဆုံး၌ ကုန်ဆုံးရာဌာနအဖြစ်ဖြင့် ထင်ရှားနေသည်၏အဖြစ်ကို **သောဝဋ္ဋဿ ဒုက္ခဿဟူ**၍ ဟောတော်မူအပ်သော ဥဒါန်းပါဠိတော်ဖြင့် သိအပ်၏။ ထိုပါဠိ၏ မြန်မာပြန်ကား—

သေဝ သော ဧဝ၊ ဤမဂ်ဖိုလ်၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည်။ ဒုက္ခဿ၊ ဝဋ္ဋဒုက္ခဟူသမျှ၏။ အန္တော ပရိယောသာနော၊ အဆုံး၌ ထင်သော တရားတည်း။ ဝါ၊ အဆုံး၌တည်သော တရားပေတည်း။

ဤသို့ပြဆိုအပ်သော ပါဠိတော်ကို ထောက်၍ သိလေ၊ ဤပါဠိတော်ဖြင့်သာ သိရသည် မဟုတ်သေး။ ဣတိဝုတ်ပါဠိတော် စာမျက်နှာ(၂၂၁)၌—

> အနုပါဒိသေသာ ပန သမ္ပရာယိကာ၊
> ယမှိ နိရုဇ္ဈန္တိ ဘဝါနိ သဗ္ဗသော။

ဟူ၍ မိန့်ဆိုအပ်သည်ကိုထောက်၍လည်း သိလေဦး။

မြန်မာပြန်ကား—

ပန၊ သဉပါဒိသေသနိဗ္ဗာန်မှတပါး အနုပါဒိသေသနိဗ္ဗာန်ကို ဆိုဦးအံ့။ အနုပါဒိသေသာ၊ အနုပါဒိသေသဟု အမည်ရသော နိဗ္ဗာနဓာတ်သည်။ သမ္ပရာယိကာ၊ ရဟန္တာဟု ခေါ်ဆိုအပ်သော ခန္ဓာငါးပါးတို့ ပျက်ကွယ်ပြီးသည်မှ နောက်အဘို့၌ ထင်ရှားလေသည်တည်း။

> သမ္ပရာယိကာတိ သမ္ပရာယေ ခန္ဓဘေဒတော ပရဘာဂေ ဘဝါ-ဟူ၍ ဖွင့်ပြအပ်သော အဋ္ဌကထာပါဠိကိုမျှော်၍ အနက် ဖေယျာဇနာ လိုက်သည်။

ယမှိ၊ အကြင် ရဟန္တာတို့ ခန္ဓာကွယ်သည်မှ နောက်၌ ကုန်ရာဌာနအဖြစ်ဖြင့် ထင်ရှားသော အသင်္ခတဓာတ်နိဗ္ဗာန်၌။ သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ဝါ၊ သဗ္ဗသော၊ အလုံးစုံကုန်သော။ ဘဝါနိ၊ ဥပပတ္တိဘဝဟု ဆိုအပ်ကုန်သော ဝိပါက် ကဋတ္တာ ရုပ်တည်းဟူသော ဥပါဒိန္နက ခန္ဓာငါးပါး တရားတို့သည်။ နိရုဇ္ဈန္တိ န ပဝတ္တန္တိ၊ ဖြစ်ပေါ်မှု မရှိကုန်။

ဤကား မြန်မာပြန်တည်း။

အဓိပ္ပါယ်ကား—

အနုပါဒိသေသနိဗ္ဗာန်ဟုသည်မှာ တခြားကို မဆို ရဟန္တာတို့ ခန္ဓာ ကွယ်ချုပ်ပြီးနောက်အဘို့၌ ၎င်း ခန္ဓာအဆက်ဆက်တို့၏ ကုန်ဆုံးရာ ဌာနအဖြစ်ဖြင့် သာလျှင် ထင်ရှားလေသည်။ ထိုသို့ ထင်ရှားသော အနုပါဒိသေသနိဗ္ဗာန်၌ အလုံးစုံသော ဥပါဒိန္နကဖြစ်သော ခန္ဓာငါးပါးတရားတို့သည် အခါခပ်သိမ်း မရှိလေဟူသော အဓိပ္ပါယ်ကို သိစေတော်မူသည်။

## အထူးသတိပြုရန်အချက်ကို ပြဆိုချက်

**အထူးသတိပြုရန်။** ။ဤသိစေအပ်သော အဋ္ဌကထာစကားရပ်၌လာသော—

သမ္ပရာယိကာတိ သမ္ပရာယေ ခန္ဓဘေဒတော ပရဘာဂေ ဘဝါ။

ဟူ၍ ဖွင့်ပြအပ်သော စကားအရကို ရဟန္တာတို့၏ ခန္ဓာချုပ်မှ နောက်အဘို့၌ နိဗ္ဗာန်ဖြစ်ပေါ်လာသည်ဟူ၍ ယူမှားတတ်၏၊ ထိုသို့ မယူအပ်။ စင်စစ်မှာ ၎င်း အသင်္ခတဓာတ်နိဗ္ဗာန်သည် သင်္ခတဓာတ်တို့နှင့် မရောမရှက်ဘဲ အသင်္ခတသဘော အနေဖြင့် ဖြစ်ပေါ်မှုကင်းလျက် မဖြစ်ပေါ်သော သဘောလက္ခဏာအားဖြင့် သာလျှင် အမြဲရှိသော တရားပေတည်း။

ထိုအသင်္ခတဓာတ်သည် အခါခပ်သိမ်း ကာလဝိမုတ်သဘောသာလျှင်ဖြစ်၏။ ထိုသို့ ကာလဝိမုတ်၏အဖြစ်ကို ထင်ရှား သိတော်မူကုန်သော အဋ္ဌကထာရှင်တို့သည် ရဟန္တာတို့၏ ခန္ဓာချုပ်မှ ဖြစ်ပေါ်လာသည်ဟူ၍ အခါခပ်သိမ်း မဆိုပေ။ ဘုရားရှင်တို့လည်း မဟောပေ။ စင်စစ်မှာ ၎င်းအသင်္ခတဓာတ်ကိုသာလျှင် သင်္ခတဒေါသတို့ကိုမြင်သော ယောဂါဝစရ ပုဂ္ဂိုလ်တို့သည် မဂ်လေးတန်ဖြင့် မျက်မှောက်ပြု၍ အကြင်အခါ ကိလေသာတို့သည် ကုန်ခန်း၏။ ထိုကိလေသာတို့ ကုန်ခန်းသည်တပြိုင်နက် ၎င်းကိလေသာတို့ကြောင့် ဖြစ်ပေါ်လတ္တံ့သော ခန္ဓာအဆက်ဆက်တို့သည်လည်း ကုန်လေတော့၏။ ထိုသို့ ကုန်သော ကိလေသာ ခန္ဓာတို့၏ မရှိခြင်းသည် အဘာဝပညတ် ဖြစ်၏။ ထိုအဘာဝပညတ်၏ အဆုံး၌ ၎င်းတို့၏ကုန်ရာ ဌာန ပရမတ်ကို ရှာသော် ၎င်းအကြောင်းခံ အသင်္ခတဓာတ်သည်သာလျှင် ပရမတ္ထသဘောအားဖြင့် ထင်ရှား ရှိနေသည်။ ထိုသို့ ထင်ရှား

ရှိနေသည်ကို ပြလို၍သာလျှင် **ခန္ဓဘေဒတော ပရဘာဂေ ဘဝါ**-ဟု ဆိုလေသည်ဟု ဟုတ်မှန်သော သဘောကိုသာလျှင် ယူအပ်၏ဟု မှတ်ကြလေ။

ဤသို့ ပြဆိုအပ်ပြီးသော ပါဠိ အဋ္ဌကထာ ပါဌ်တို့ကို ထောက်၍ ရဟန္တာတို့၏ ခန္ဓာ ကွယ်ချုပ်ပြီးသည်နောက်၌ နောင်တဖန် ဘဝ ယောနိ ဂတိ သတ္တာဝါသတို့၌ ခန္ဓာတို့၏ ဖြစ်ပေါ်မှု မရှိခြင်းတည်းဟူသော အဘာဝဘောဂုဏ်ကို စွဲ၍ အသင်္ခတဓာတ်နိဗ္ဗာန်ကိုလည်း ၎င်းခန္ဓာတို့၏ ကုန်ဆုံးရာဌာန၏အဖြစ်ဖြင့် ထင်ခြင်းကြောင့် "အနုပါဒိသေသ"ဟု ခေါ်ဆိုအပ်ကြောင်းကို ထင်ရှား သိကြလေ။

ဤ ပြဆိုအပ်ပြီးသော ပါဠိ အဋ္ဌကထာတို့ဖြင့်သာလျှင် သိရသည် မဟုတ်သေး၊ သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ တဆယ့်တကြောင်းပေ ကောချပ် (ဆဋ္ဌ မူ သံ·ဋ္ဌ ၁-၂၀)၌—

ဥပါဒိဏ္ဏကာနံ ပဉ္စန္နံ ခန္ဓာနံ အပ္ပဝတ္တိဝသေန အနုပါဒိသေသံ နိဗ္ဗာနံ ကထိတံ။

ဟူ၍ မိန့်ဆိုအပ်ပြီ။

မြန်မာပြန်ကား—

ဥပါဒိဏ္ဏကာနံ၊ အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်ကုန်သော။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ဟု ဆိုအပ်ကုန်သော ခန္ဓာတို့၏။ အပ္ပဝတ္တိဝသေန၊ ဖြစ်မှုမရှိရာဌာန၏ အစွမ်းဖြင့်။ အနုပါဒိသေသံ၊ အနုပါဒိသေသ အမည်ရှိသော။ နိဗ္ဗာနံ၊ မီးဆဲ့တပါးတို့၏ ငြိမ်းရာဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ကထိတံ၊ ဆိုတော်မူအပ်၏။

**အသင်္ခတဓာတ် အနုပါဒိသေသနိဗ္ဗာန်။** ။အဓိပ္ပါယ်ကား ရဟန္တာတို့၏ခန္ဓာ ကွယ်ပြီးနောက် ခန္ဓာ အဆက်ဆက်တို့သည် နောင်တဖန် ဂတိ, ယောနိ, ဘုံ, ဘဝတို့၌ ဖြစ်ပေါ်ခြင်းမရှိဘဲ ကွယ်လေ၍ အဘာဝသာ ရှိလေတော့၏။ ထိုအဘာဝ၏ အဆုံး၌ ပရမတ္ထ သဘောဖြစ်သော အသင်္ခတဓာတ်သည် ၎င်းတို့၏ ဖြစ်ပေါ်ခြင်းမရှိရာဌာန အနေအားဖြင့် ထင်ရှားနေ၏။ ထိုသို့ ထင်းရှားခြင်းကြောင့် ၎င်းအသင်္ခတဓာတ် နိဗ္ဗာန်ကိုပင် ၎င်းခန္ဓာတို့၏ ဖြစ်ပေါ်မှုမရှိရာတည်းဟူသော ဂုဏ်ကိုစွဲ၍ "အနုပါဒိသေသနိဗ္ဗာန်"ဟူ၍ ခေါ်ဆိုအပ်ကြောင်းကို ထင်ရှားသိစေတော်မူလေသည်ဟုမှတ်။

**အဘာဝပညတ်အနုပါဒိသေသနိဗ္ဗာန်။** ။၎င်းပြဆိုအပ်သော ပါဠိတော်စကားရပ်သည် အသင်္ခတဓာတ် နိဗ္ဗာန်ကို

သာလျှင် "အနုပါဒိသေသနိဗ္ဗာန်"ဟု ထွန်းပြသည် မဟုတ်သေး။ ရဟန္တာဟု ခေါ်ဆိုအပ်သော ခန္ဓာကွယ်ပြီးနောက် အဆက်ဆက် ဖြစ်ပေါ်လတ္တံ့ကုန်သော ခန္ဓာတို့၏ ဖြစ်ပေါ်မှုမရှိခြင်း တည်းဟူသော ငြိမ်းမှုဟု ဆိုအပ်သော အဘာဝကို လည်း "အနုပါဒိသေသနိဗ္ဗာန်" ဟူ၍ပင် ခေါ်ဆိုအပ်သည်ဟု ထွန်းပြလေသေး သည်သာတည်း။ ထွန်းပြပုံကို ထင်စွာပြဦးအံ့—

ပဉ္စန္နံ ခန္ဓာနံ အပ္ပဝတ္တိဝသေန ဟူသော ပုဒ်တို့တွင် **အပ္ပဝတ္တိ** ဟူသော ပုဒ်ကို–နတ္ထိ ပဝတ္တိ ဧတ္ထာတိ အပ္ပဝတ္တိ။ ဧတ္ထ၊ ဤအသင်္ခတဓာတ်နိဗ္ဗာန်၌။ ပဝတ္တိ၊ ခန္ဓာတို့၏ ဖြစ်မှုသည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထိုသို့ ခန္ဓာတို့၏ဖြစ်မှု မရှိရာ သဘောကြောင့်။ အပ္ပဝတ္တိ၊ အပ္ပဝတ္တိ မည်၏။

ဤသို့ သတ္တမီဗဟုဗ္ဗိဟိသမာသ်ပြုမှု အသင်္ခတဓာတ် နိဗ္ဗာန်ကို ရ၏။

အကယ်၍—နတ္ထိ ပဝတ္တိ ယဿာတိ အပ္ပဝတ္တိ။ ယဿ၊ အကြင် အဘာဝ ပညတ်အား။ ပဝတ္တိ၊ ခန္ဓာအဆက်ဆက်တို့၏ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အပ္ပဝတ္တိ၊ အပဝတ္တိ မည်။

ဤသို့ စတုတ္ထီ ဗဟုဗ္ဗိဟိသမာသ်ပြုခဲ့သော် အဘာဝပညတ်ကိုသာ ရ၏။ ထိုသို့ ရသောကြောင့် ၎င်းပါဠိတော်၏ မြန်မာပြန်ကို—

ပဉ္စန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ ရဟန္တာ ခန္ဓာတို့၏။ အပ္ပဝတ္တိဝသေန၊ အဆက်ဆက် ဖြစ်မှုမရှိခြင်း တည်းဟူသော အဘာဝ၏ အစွမ်းဖြင့်။ အနုပါဒိ- သေသံ၊ အနုပါဒိသေသ အမည်ရှိသော။ ဝါ၊ ကိလေသာမှကြွင်းသော ခန္ဓာ ငါးပါး မရှိသည်၏ အဖြစ်ကြောင့် အနုပါဒိသေသဟု ခေါ်ဆိုအပ်သော။ နိဗ္ဗာနံ၊ ခန္ဓာဒုက္ခမီးတို့၏ ငြိမ်းခြင်းသဘောကို။ ဘဂဝတာ၊ သည်။ ကထိတံ၊ ဆိုအပ်၏။

ဤသို့ မြန်မာပြန်သော် ကိလေသာမှကြွင်းသော ဥပါဒိဟု ခေါ်ဆိုအပ်သော ရဟန္တာဟု သမုတ်အပ်သော ခန္ဓာငါးပါးတို့၏ အဆက်ဆက်ဖြစ်ခြင်း မရှိသော ငြိမ်းခြင်းမျှကိုပင် "အနုပါဒိသေသနိဗ္ဗာန်"ဟု ခေါ်ဆိုအပ်ကြောင်းကို ပြဆို လေသည်ဟုမှတ်လေ။

ဤ **အပ္ပဝတ္တိသဒ္ဒါ** တခုတည်းသည် တပုဒ်တည်းဖြစ်လျက် များစွာသော အနက်ကို ဟောစွမ်းနိုင်သော **သိလေသနည်း**ဟု မှတ်ကြလေ။

**ရုပ်နာမ်ကို ရဟန္တာ ခေါ်ပုံ။** ။ဤ ပြဆိုအပ်သော "အနုပါဒိသေသ နိဗ္ဗာန်" စကားရပ်တို့ကို ပြဆိုရာ၌ "ရဟန္တာ၊ ရဟန္တာ" ဟူ၍ အမည်တပ်လျက် ခေါ်ဝေါ်ပြောဆိုလျက် ရေးသားရခြင်းသည် တကယ် ရဟန္တာဟူသော သတ္တဝါတယောက်ရှိ၍ ပြောဆိုသည် မဟုတ်။ စင်စစ်မှာ

ထိုရဟန္တာဟု သမုတ်အပ်သော ခန္ဓာအစဉ်၌ဖြစ်သော ရုပ်နာမ်တရားတို့၏ ဖြစ်ပုံအခြင်းအရာကို သိစေရန်မျှသာလျှင် ခေါ်ဝေါ်အပ်သောအမည်ဖြစ်သည်၊ ဖြစ်ကြောင်းကို ထင်စွာ ပြဦးအံ့။

အကြင် အကြင် သူတို့သည် တရားကို အားမထုတ်ဘဲ ကိလေသာတို့၏ အစွမ်းဖြင့် ကာမဂုဏ်တို့ကို လိုက်စားနေ၏။ ထိုထို သူတို့ကို ပုထုဇန်ဟု ခေါ်ဆိုအပ်ကုန်သည်။ ထိုသို့ပင် ပုထုဇန်ဟု ခေါ်ဆိုအပ်ကုန်သော်လည်း ပုထုဇန်ဟူ၍ သတ္တဝါ အတ္တ တယောက်သည် ခန္ဓာမှတပါး ရှိတော့သည်မဟုတ်။ စင်စစ်မှာ ကိလေသာပြွမ်းတည်းသော ခန္ဓာကိုပင် ပုထုဇန်ဟု အမည်တပ် ခေါ်အပ်လေသည်ဟု မှတ်။

အကြင်အခါ ၎င်း ပုထုဇန် ခေါ်ဆိုအပ်သော ခန္ဓာ၌ တရားအားထုတ်ခြင်းကြောင့် သောတာပတ္တိမဂ်သို့ ရောက်ခဲ့အံ့။ ထိုအခါ ၎င်းခန္ဓာ၌ မဂ်စိတ္တုပ္ပါဒ်ဖြစ်သည်ကို သိစေခြင်းငှါ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်သို့ ရောက်သည်၊ သောတာပတ္တိမဂ်၌တည်သည်ဟု အမည်ကိုတပ်၍ ပြောဆိုကြ၏။

အကြင်အခါ ၎င်းခန္ဓာ၌ သကဒါဂါမိမဂ်သည် ဖြစ်အံ့။ ထိုအခါ သကဒါဂါမိမဂ်ပုဂ္ဂိုလ်ဟု ခေါ်အပ်ပြန်၏။ ဖိုလ်သို့ရောက်သောအခါ ဖိုလ်ပုဂ္ဂိုလ်ဟု ခေါ်အပ်လေသည်။

ဤနည်းအတိုင်း အရဟတ္တဖိုလ်သို့ ရောက်သောအခါ၌လည်း ရဟန္တာဟူ၍၎င်း၊ အသေက္ခပုဂ္ဂိုလ်ဟူ၍၎င်း၊ ကိလေသာကုန်ပြီးသော ပုဂ္ဂိုလ်ဟူ၍၎င်း ခေါ်ဝေါ်ပြောဆိုအပ်ကုန်၏။

အကြင်အခါ ၎င်းကိလေသာကုန်ပြီးသော ခန္ဓာ၌ နိဗ္ဗာန်ကို အာရုံပြု၍ ဖလ-သမာပတ်ဟု ဆိုအပ်သော ဖိုလ်စိတ္တုပ္ပါဒ်အစဉ်သည် ဖြစ်၏။ ထိုအခါ ထိုစိတ္တုပ္ပါဒ်အစဉ်ဖြစ်သည်ကို သိစေလိုသောအခါ "ရဟန္တာ ပုဂ္ဂိုလ်သည် ဖလသမာပတ် ဝင်စားနေသည်"ဟု ပြောဆိုအပ်ကုန်၏။ အကြင်အခါ ၎င်းသမာပတ်တည်းဟူသော ဖိုလ်စိတ္တုပ္ပါဒ်အစဉ်သည် နိဗ္ဗာန်၌သာလျှင် အာရုံပြု၍ တည်မှုကို ပြဆိုလိုသောအခါ"၎င်းရဟန္တာပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ တည်နေသည်"ဟု ခေါ်ဝေါ်ပြောဆိုအပ်၏။

အကယ်၍ စုတိစိတ်သည် ချုပ်ခဲ့အံ့၊ ထိုအခါ "ရဟန္တာသည် ပရိနိဗ္ဗာန် စံလေပြီ"ဟု ခေါ်ဝေါ်ပြောဆိုအပ်၏။ စုတိကျပြီးနောက် ခန္ဓာအဆက်ဆက်တို့သည် နောင်တဖန် ဖြစ်ပေါ်ခြင်းမရှိဘဲ ကွယ်ငြိမ်းသောအခါ၌လည်း ၎င်းကွယ်ငြိမ်းခြင်းတည်းဟူသော အဘာဝပညတ်ဟု ဆိုအပ်သော အနုပါဒိသေသနိဗ္ဗာန်ကို ရည်၍ ရဟန္တာပုဂ္ဂိုလ်သည် ဒုက္ခခပ်သိမ်း ငြိမ်းလေပြီဟု ပြောဆိုအပ်၏။

ထိုမှတပါးလည်း ပရိနိဗ္ဗာန်စံပြီးနောက် ဥတုဇရုပ်ကလာပ်သည် ကျန်ကြွင်းနေစဉ်၌ရှင်း၊ ဓာတ်တော်အဖြစ်၌ တည်နေစဉ်၌ရှင်း ရဟန္တာဟူသော နာမပညတ်ကိုတင်၍ ခေါ်ဝေါ်ပြောဆိုအပ်၏။

**ပုဂ္ဂိုလ်သတ္တဝါ အရေအတွက်မှ လွတ်ခြင်း။** ။ထိုမှတပါး လူဟူ၍ နတ်ဟူ၍ ဗြဟ္မာဟူ၍ရှင်း၊ ရှည်သောသူ၊ တိုသောသူ၊ မြင့်သောသူ၊ နိမ့်သောသူ၊ ချမ်းသာကို ခံစားသောသူ၊ ဆင်းရဲကို ခံစားသောသူဟူ၍ရှင်း စင်စစ် မခေါ်ထိုက်လေပြီ။ ထိုအကြောင်းကို သိစေတော်မူလိုသော ဘုရားရှင်သည် သဠာယတနသံယုတ်ပါဠိတော် ဝေဒနာသံယုတ် စာမျက်နှာ(၄၀၇)၌—

သော ဝေဒနာ ပရိညာယ၊ ဒိဋ္ဌေ ဓမ္မေ အနာသဝေါ။
ကာယဿ ဘေဒါ ဓမ္မဋ္ဌော၊ သင်္ချံ နောပေတိ ဝေဒဂူ။

ဟူ၍ မိန့်ဆိုတော်မူအပ်ပြီ။

သော၊ ထိုယောဂါဝစရရဟန်းသည်။ ဝေဒနာ၊ ခံစားတတ်သောသဘော ဝေဒနာကို။ ပရိညာယ၊ အနိစ္စစသည်ဖြင့် ပိုင်းခြားသိ၍။ ဒိဋ္ဌေ ဓမ္မေ၊ မျက်မှောက်သောကိုယ်၏ အဖြစ်၌။ အနာသဝေါ၊ အာသဝေါတရားမရှိသော ရဟန္တာသည်။ ဟုတွာ၊ ဖြစ်၍။ ဓမ္မဋ္ဌော၊ နိဗ္ဗာန်အာရုံ၌တည်သည်။ ဟောတိ၊ ဖြစ်၏။ သင်္ချံ၊ ရာဂကြီးသောသူ, ဒေါသကြီးသောသူဟူ၍ ခေါ်ဝေါ်ခြင်းသို့။ နောပေတိ၊ မရောက်။ ဝေဒဂူ၊ နိဗ္ဗာန်ကို သိပြီးသော ရဟန္တာပုဂ္ဂိုလ်သည်။ ကာယဿ၊ ခန္ဓာငါးပါးအပေါင်းဟု ဆိုအပ်သော ကိုယ်ကာယ၏။ ဘေဒါ၊ ပျက်ပြီးသည်နောက်မှ။ အနုပ္ပန္နတ္တာ၊တဖန်ခန္ဓာဖြစ်မှုမရှိသည်၏ အဖြစ်ကြောင့်။ သင်္ချံ၊လူဟူ၍ရှင်း,နတ်ဟူ၍ရှင်း,ဗြဟ္မာဟူ၍ရှင်း,ချမ်းသာဆင်းရဲကို ခံစားသောသူဟူ၍ရှင်း ခေါ်ဝေါ်ရေတွက်ခြင်းသို့။ နောပေတိ၊ မရောက်။

**အဓိပ္ပါယ်ကား** အကြင်ယောဂါဝစရပုဂ္ဂိုလ်သည် ခံစားတတ်သော ဝေဒနာကို သိမ်းဆည်း၍ ၎င်းတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ကို မဂ်လေးတန်ဖြင့် အာရုံပြု၍ သစ္စာလေးပါးတို့ကို ထိုးထွင်း၍သိပြီးလျှင် အရဟတ္တဖိုလ်သို့ ရောက်၍ နိဗ္ဗာန်ကို အာရုံပြု၍ တည်၏။ ထိုသို့ အရဟတ္တဖိုလ်ဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ တည်သည်ကိုပင် ရဟန္တာပုဂ္ဂိုလ်သည် နိဗ္ဗာန်တရား၌ တည်သည်ဟူ၍ပင် ပြောဆိုအပ်၏။ ထိုရဟန္တာကို ရာဂ ဒေါသ မောဟကြီးသောသူဟူ၍ မခေါ်ထိုက်၊ ခန္ဓာချုပ်ပြီးနောက် တဖန် ခန္ဓာမရှိခြင်းကြောင့် လူ နတ် ဗြဟ္မာဟူ၍လည်း နောင်တဖန် ခေါ်ဝေါ်စရာမရှိလေတော့ပြီဟူသော အဓိပ္ပါယ်ကို သိစေတော်မူလေသည်။ ဤကား အဓိပ္ပါယ်တည်း။

**ပါဠိတော်အဓိပ္ပါယ် ဒုတိယနည်း။** ။ဤပါဠိတော်၏ အနက်သိကြောင်း မြန်မာပြန်ကို တနည်း ပြဆိုဦးအံ့။

သော၊ ထိုယောဂါဝစရရဟန်းသည်။ **ဝေဒနာ၊** ကို။ ပရိညာယ၊ အနိစ္စစသည်ဖြင့် ပိုင်းခြားသိ၍။ ဝါ၊ သိခြင်းကြောင့်။ ဒိဋ္ဌေ ဓမ္မေ၊ မျက်မှောက်ဖြစ်သော ကိုယ်၏အဖြစ်၌။ အနာသဝေါ၊ အာသဝေါတရားမရှိသည်ဖြစ်၍။ ဓမ္မဋ္ဌော၊ အသင်္ခတဓာတ်နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော ရဟန္တာတို့၏ ဉစ္စာဖြစ်သော အရဟတ္တဖိုလ်တည်းဟူသော အသေက္ခတရား၌ တည်သည်။ ဟောတိ၊ ဖြစ်၏။ သင်္ချံ၊ ရာဂ ဒေါသ မောဟကြီးသောသူဟူ၍ ခေါ်ဝေါ်ခြင်းသို့။ နောပေတိ၊ မရောက်။ ဝေဒဂူ၊ အသင်္ခတဓာတ်နိဗ္ဗာန်ကို သိပြီးသော အသေက္ခဓမ္မဖြစ်သော အရဟတ္တဖိုလ်၌ တည်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည်။ ကာယဿ၊ ခန္ဓာငါးပါး အပေါင်းဟု ဆိုအပ်သော ကိုယ်ကာယ၏။ ဘေဒါ၊ ပျက်ပြီးသည်မှ။ ပရံ၊ နောက်၌။ အနုပ္ပန္နတ္တာ၊ ခန္ဓာဖြစ်မှု မရှိသည်၏အဖြစ်ကြောင့်။ (ထည့်) သင်္ချံ၊ လူနတ်ပြဟ္မာစသည်ဖြင့် နောင်တဖန် ခေါ်ဝေါ်ရေတွက်ခြင်းသို့။ နောပေတိ၊ မရောက်။

အဓိပ္ပါယ်ကား အကြင်ယောဂါဝစရပုဂ္ဂိုလ်သည် ခံစားတတ်သောဝေဒနာကို အနိစ္စစသည်ဖြင့် သိမ်းဆည်းခြင်းကြောင့် ၎င်းဝေဒနာတည်းဟူသော သင်္ခတ ဒေါသတို့ကို မြင်၍ ၎င်းဝေဒနာတည်းဟူသော သင်္ခတတရားနှင့် ဆန့်ကျင်ဘက်ဖြစ်၍တည်သော အသင်္ခတဓာတ်နိဗ္ဗာန်ကို နိစ္စစသောအနေဖြင့် မဂ်လေးတန်ဖြင့် ထိုးထွင်း၍သိပြီးလျှင် မျက်မှောက်ကိုယ်၏အဖြစ်၌ပင် အာသဝေါတရားမရှိသော ရဟန္တာဖြစ်၍ နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော အသေက္ခတရားဟု ဆိုအပ်သော အရဟတ္တဖိုလ်၌ တည်လေသည်။ ထိုသို့ တည်ပြီး၍ ခန္ဓာငါးပါးပျက်ကွယ်သည်မှ နောက်၌ တဖန် လူနတ်ပြဟ္မာစသည်ဖြင့် ခေါ်ဝေါ်ရေတွက်ခြင်းသို့ မရောက်လေပြီ။ အဘယ်ကြောင့် မရောက်လေသနည်းဟူမူ နောင်တဖန် ခန္ဓာဆက်သွယ်၍ ဖြစ်ခြင်းမရှိခြင်းကြောင့် တဖန်ဆက်သွယ်၍ လူဖြစ်သည်, နတ်ဖြစ်သည်စသည်ဖြင့် ခေါ်ဝေါ် ရန် မရှိလေတော့ပြီဟူသော အဓိပ္ပါယ်ကို သိစေတော်မူအပ်လေသည်။ ထိုသို့ သိစေတော်မူသောကြောင့် ရှေး၌ ဆိုအပ်ခဲ့ပြီးသော စကားရပ်တို့ကို သိလေ။

ထို နှစ်နည်းတို့တွင် ရှေးနည်းကား ဓမ္မဋ္ဌောတိ နိဗ္ဗာနေ ဌဝ ဝါ ဋ္ဌိတော ဟူ၍ ၎င်းပါဠိတော်ကို ဖွင့်ပြအပ်သော အဋ္ဌကထာရှင်၏ အလိုတည်း။

နောက်နည်းကား–“ဓမ္မဋ္ဌောတိ အသေက္ခဓမ္မေသု”ဟူ၍ ၎င်း ပါဠိတော်ကို ဖွင့်ပြအပ်သော အဋ္ဌကထာရှင်၏ အလိုတော်တည်း။

ဤဆိုအပ်ပြီးသော ရှေးနည်းကို အစဉ် မှီးသဖြင့် အသင်္ခတဓာတ်ကို အကြောင်းခံ၍ ရဟန္တာတို့ စုတိနောက် ခန္ဓာအဆက်ဆက်တို့၏ နောင်တဖန် ဖြစ်ပေါ်ခြင်း မရှိခြင်းတည်းဟူသော ငြိမ်းကောမဝ္ဝ ဖြစ်သော ခန္ဓာတို့၏ မရှိခြင်းဟူသော အဘာဝပညတ်ကိုပင် (အနုပါဒိသေသနိဗ္ဗာန်)ဟု ခေါ်ဆိုပညတ် သိစေအပ်သည်လည်းတပါး။ ၎င်း ရဟန္တာခန္ဓာတို့၏ ငြိမ်းခြင်းဟူသော အဘာဝ၏အဆုံး၌ ၎င်းခန္ဓာတို့၏ မရှိကြောင်းဖြစ်သော ခန္ဓာ ဒုက္ခတို့၏ ကုန်ဆုံးရာ ဌာနအဖြစ်ဖြင့် ထင်ရှားနေသော ပရမတ္ထ အသင်္ခတဓာတ်ကိုပင် ၎င်း ခန္ဓာတို့၏ မရှိခြင်းတည်းဟူသော အဘာဝတောဂုဏ်ကို စွဲ၍ အကျိုးဖြစ်သော ခန္ဓာတို့၏ မရှိခြင်းတည်းဟူသော အနုပါဒိသေသဟူသောအမည်ကို အကြောင်းခံဖြစ်သော ကုန်ဆုံးရာ၌ထင်သော အသင်္ခတဓာတ် နိဗ္ဗာန်၌ တင်စား၍ ဖလူပစာရအားဖြင့် "အနုပါဒိသေသနိဗ္ဗာန်"ဟု ခေါ်ဆိုပညတ် သိစေအပ်သည်လည်း တပါး။ ဤသို့လျှင် အနုပါဒိသေသနိဗ္ဗာန်သည်လည်း နှစ်ပါး အပြားရှိသည်၏ အဖြစ်ကို ထင်ရှား သိကြလေ။

ထိုနှစ်ပါးတို့တွင် ၎င်းခန္ဓာတို့၏ကုန်ဆုံးရာ၌ထင်သော အနုပါဒိသေသနိဗ္ဗာန် သည်သာလျှင် အသင်္ခတဓာတ် မည်၏။ ထို အသင်္ခတဓာတ်သည်သာလျှင် ဂေါတြဘူဉာဏ်, မဂ်ဉာဏ်တို့၏ အာရုံလည်း ဖြစ်၏။ ပရမတ္ထသဘောလည်း ဖြစ်ပေ၏။ ထိုပရမတ္ထသဘောဖြစ်သော အသင်္ခတဓာတ်ကိုသာလျှင် ဂေါတြဘူ ဉာဏ်, မဂ်ဉာဏ်တို့ အာရုံ ပြုအပ်လေသည်။ ထိုသို့ပင် အာရုံပြုအပ်သော်လည်း အနုပါဒိသေသဟူသော အမည်ကို မရမီကပင် တင်ကူး၍အာရုံပြုအပ်လေသည်။ အနုပါဒိသေသဟူသောအမည်ကို ရပြီးသောအခါ၌ကား အာရုံ မပြုအပ်လေ။ အဘယ်ကြောင့်ဆိုသော် ရဟန္တာတို့ ခန္ဓာမရှိမှသာလျှင် ထိုမရှိခြင်းတည်း ဟူသော အဘာဝဂုဏ်ကို စွဲ၍ ခေါ်ဝေါ်အပ်သောကြောင့်တည်း။ ဤတွင် မဂ္ဂဝီထိ၌ဖြစ်သော ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် မုချ စင်စစ် သဥပါဒိသေသဟူသော အမည်ကို ရပြီးသော အသင်္ခတဓာတ်နိဗ္ဗာန်၊ အနုပါဒိ- သေသဟူသောအမည်ကိုရပြီးသော အသင်္ခတဓာတ်နိဗ္ဗာန်ကို အာရုံမပြုဘဲ ၎င်း သဥပါဒိသေသဟူသောအမည် အနုပါဒိသေသဟူသော အမည်ကို ရကြောင်း ဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်ကိုသာလျှင် ၎င်း အမည်တို့ကို မရမီကပင် တင်ကူး၍ မဂ္ဂဝီထိ၌ဖြစ်သော ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် အာရုံပြုအပ်သည်၏အဖြစ်ကို ပြဆိုအပ်သောအချက် ပြီး၏။

ဤဆိုအပ်ပြီးသော သဥပါဒိသေသဟူသော အမည်ကို ရပြီးသော နိဗ္ဗာန်, အနုပါဒိသေသဟူသော အမည်ကို ရပြီးသော နိဗ္ဗာန်ကို ဂေါတြဘူ မဂ်တို့သည် မုချ အာရုံမပြု၊ အမည်ရကြောင်း ဖြစ်သောနိဗ္ဗာန်ကိုသာ တင်ကူး၍ အာရုံပြု အပ်သည်၏အဖြစ်ကို ငါ-ဟု သမုတ် နာမ် ရုပ်အစုသည် လေးမျက်နှာမြို့၌

သိတင်းသုံးစဉ်အခါ၌ လေးမျက်နှာမြို့၌နေသော တပည့်များ တောင်းပန်အပ်သည်၏အဖြစ်ကြောင့် ၁၂၇၈-ခုနှစ်က ၎င်းအချက်တို့ကို **နိရောဓဝိနိစ္ဆယကျမ်း**၏နောက်ပိုင်း၌ ဖြေဆိုအပ်လေပြီ။ ၎င်းဖြေဆိုချက်သည် ယခုပြသလို အဖြေအဆို ရေးသားရာ မရောက်ခဲ့ဘဲလျက် အကျိုးနိဗ္ဗာန်နှင့် အကြောင်းနိဗ္ဗာန် နှစ်ခုသည် ရောရှက် ရှုပ်ထွေးရှိလေသည်ကို တွေ့ရှိရ၍ ယခုတဖန် ထပ်မံ၍ ဤကျမ်း၌ ပြဆိုအပ်ခဲ့လေသည်။ ဤယခု ပြဆိုချက်ကိုသာလျှင် အတည်ပြု၍ နှိုးနှော ပြီးလျှင် ၎င်းနိရောဓဝိနိစ္ဆယ၌လာသော အချက်တို့ကို ပြင်ဆင်၍ ယူကြလေ။ (ဤကား သတိပေးချက် နှိုးဆော်ချက်ပေတည်း။)

**နိဗ္ဗာန် တပါးမှ နှစ်ပါး ဖြစ်ပုံ။** ။ဤပြဆိုအပ်ပြီးသော သဉပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန်ဟု အမည်ကို ရသော အသင်္ခတဓာတ်သည်သာလျှင် ကိလေသာတို့၏ ငြိမ်းကြောင်းအားဖြင့်၎င်း၊ ဂေါတြဘူမဂ် ဖိုလ်တို့၏ အာရုံ၏အဖြစ်ဖြင့်၎င်း မုချ တပါးတည်းသာလျှင်ရှိ၏။ ထိုသို့ တပါးသာလျှင် ရှိသော်လည်း ရှေး၌ ပြဆိုအပ်ပြီးသော နည်းအတိုင်း အကျိုး၏အမည်ကို အကြောင်းဖြစ်သော အသင်္ခတဓာတ်၌တင်စား၍ သဉပါဒိ-သေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန်ဟူ၍ ဖလူပစာရအားဖြင့် ခေါ်ဝေါ်အပ်သည်၏အဖြစ်ကို အဘိဓမ္မတ္ထသင်္ဂဟ လက်သန်းအဋ္ဌကထာရှင်သည်——

တဒေတံ သဘာဝတော ဧကဝိဓမ္ပိ သဉပါဒိသေသနိဗ္ဗာနဓာတု အနု-ပါဒိသေသနိဗ္ဗာနဓာတု စေတိ ဒုဝိဓံ ဟောတိ **ကာရဏပရိယာယေန**။

ဟူ၍ မိန့်အပ်ပြီ။

တဒေတံ တံ ဧတံ နိဗ္ဗာနံ၊ ထိုလေးပါးသောမဂ်ဖြင့် မျက်မှောက်ပြုအပ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်သည်။ သဘာဝတော၊ ကိလေသာတို့၏ ငြိမ်းကြောင်းဟုဆိုအပ်သော မိမိ၏ သဘောအားဖြင့်။ ဧက-ဝိဓမ္ပိ၊ တပါးအဘို့သာ ရှိသော်လည်း။ ကာရဏပရိယာယေန၊ အကြောင်း ပရိယာယ်အားဖြင့်။ သဉပါဒိသေသနိဗ္ဗာနဓာတု စ၊ သဉပါဒိသေသနိဗ္ဗာနဓာတ်၎င်း။ အနုပါဒိသေသနိဗ္ဗာနဓာတု စ၊ အနုပါဒိသေသနိဗ္ဗာနဓာတ်၎င်း။ ဣတိ၊ ဤသို့။ ဒုဝိဓံ၊ နှစ်ပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုအပ်သော အဘိဓမ္မတ္ထသင်္ဂြိုဟ်၌ လာသည်ကိုထောက်၍၎င်း၊ ထိုမှ တပါးလည်း နေတ္တိအဋ္ဌကထာစာမျက်နှာ(၂၁)၌——

နိဗ္ဗာနပက္ခေ ကိဉ္စာပိ အသင်္ခတာယ ဓာတုယာ နိပ္ပရိယာယေန ဝိဘာဂေါ နတ္ထိ၊ ပရိယာယေန ပန သောပါဒိသေသနောပါဒိသေသ-ဘာဝေန နိဒ္ဒိသိတဗ္ဗံ။

ဟူ၍ ပြဆိုအပ်သည်ကိုထောက်၍၎င်း သိကြလေ။

မြန်မာပြန်ကား—

နိဗ္ဗာနပက္ခေ၊ မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်၏ အဘို့၌။ နိပ္ပရိယာယေန၊ မုချတိုက်ရိုက်အားဖြင့်။ အသင်္ခတာယ ဓာတုယာ၊ အသင်္ခတဟု ဆိုအပ်သောဓာတ်၏။ ဝိဘာဂေါ၊ ဝေဘန်ခြင်းသည်။ ကိဥ္စာပိ နတ္ထိ၊ အကယ်၍ ကား မရှိ၏ရှင့်။ ပန တထာပိ၊ ထိုသို့ပင် မရှိသော်လည်း။ ပရိယာယေန၊ အကြောင်းပရိယာယ်အားဖြင့်။ ဝါ၊ အကျိုး၏အမည်ကို အကြောင်း၌ တင်စားသောအားဖြင့်။ သောပါဒိသေသ, နောပါဒိသေသ, ဘာဝေန၊ သဥပါဒိသေသ,အနုပါဒိသေသ၏ အဖြစ်ဖြင့်။ နိဒ္ဒိသိတဗ္ဗံ၊ ညွှန်းပြအပ်၏။

ဤသို့ ပြဆိုအပ်သော နေတ္တိ အဋ္ဌကထာပါဌ်ကိုထောက်၍ငင်း၊ ထိုမှတပါး သမ္မောဟဝိနောဒနီ အဋ္ဌကထာ သစ္စဝိဘင်းအဖွင့် စာမျက်နှာ(၇၄)၌—

နိရောဓောပိ ဧကဝိဓော အသင်္ခတဓာတုဘာဝတော။ ပရိယာယေန ပန ဒုဝိဓော သဥပါဒိသေသ, အနုပါဒိသေသ, ဝသေန။

ဟူ၍ မိန့်အပ်ပြီ။

မြန်မာပြန်ကား—

နိရောဓောပိ၊ ဝဋ္ဋဒုက္ခတို့၏ ဖြစ်မှုမရှိကြောင်းဖြစ်သော နိဗ္ဗာန်သည်လည်း။ အသင်္ခတဓာတုဘာဝတော၊ သင်္ခတတရားတို့မှ ပဋိပက္ခ၏ အစွမ်းဖြင့်တည်သော အသင်္ခတဓာတ်၏ အဖြစ်ဖြင့်။ ဧကဝိဓော၊ တပါး အပြားရှိ၏။ ပရိယာယေန ပန၊ အကြောင်းပရိယာယ်အားဖြင့်ကား။ ဝါ၊ အကျိုး၏။လ။ ဖြင့်ကား။ သဥပါဒိသေသအနုပါဒိသေသဝသေန၊ သဥပါဒိသေသနိဗ္ဗာန် အနုပါဒိသေသ နိဗ္ဗာန်၏ အစွမ်းအားဖြင့်။ ဒုဝိဓော၊နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

**ကျမ်းပြုဆရာတော်၏ တိုက်တွန်းချက်။** ။ဤသို့ ပြဆိုအပ်သည်ကို ထောက်၍ငင်း၊ အသင်္ခတဓာတ် နိဗ္ဗာန်သည် မဂ်ဖိုလ်၏ အာရုံအားဖြင့် တပါးတည်းသာဖြစ်သော်လည်း ပြဆိုအပ်ပြီးသော ပရိယာယ်အားဖြင့် နှစ်ပါးရှိသည်၏ အဖြစ်ကို ထင်ရှားသိကြလေ။

ဤ ဆိုအပ်ပြီးသော သဥပါဒိသေသ နိဗ္ဗာန်, အနုပါဒိသေသ နိဗ္ဗာန်ဟု ပရိယာယ်အားဖြင့် အမည်တပ် ခေါ်အပ်သော အသင်္ခတဓာတ် နိဗ္ဗာန်ကို မဂ်ဉာဏ်,ဖိုလ်ဉာဏ်တို့ဖြင့် အာရုံပြု၍ မြင်လိုသော ယောဂါဝစရပုဂ္ဂိုလ်တို့သည် ဤ သမုပ္ပါဒနိရောဓဂကျမ်း၌လာသော အကြောင်းအကျိုး အဆက်ဆက်ဖြစ်သော သင်္ခါရဝိညာဏ်တို့ကို အဖန်တလဲလဲ နိစ္စ,သုခ,သတ္တဝါ စသည် မရှိသည်၏

အဖြစ်တို့ကို ကောင်းစွာရှု၍ ၎င်းတို့မှ လွတ်လျက်တည်သော မဖြစ်မပေါ်သော သဘောလက္ခဏာရှိသော မပျက်မစီးသော အသင်္ခတဓာတ်ကို ရှေး၌ ပြဆိုအပ်ပြီးသည့်အတိုင်း အားထုတ်၍ စေလွှတ်ဖန်များသော် ပညာသမ္ဘာရရှိသော ပုဂ္ဂိုလ်တို့သည် စင်စစ် အစဉ်အတိုင်း သောတာပတ္တိမဂ်ကစ၍ အရဟတ္တမဂ်သို့ ရောက်ပြီးလျှင် ကိလေသာတို့ အကြွင်းမရှိ ကုန်ခန်း၍ အရဟတ္တဖိုလ်သို့ ရောက်သောအခါ ရှေးရှေး၌ရှိပြီးသော ကံဟောင်းတို့လည်း နောင်တဖန် ပဋိသန္ဓေကို ဖြစ်မှု မရှိစေဘဲလျက် ကွယ်လေ၏။ နောင်အသစ်ဖြစ်ရန် အကြောင်းလည်း မရှိလေပြီ၊ ထိုသို့ ရှိရင်းဖြစ်သော ကံဟောင်းဟု ဆိုအပ်သော အကြောင်းသင်္ခါရ တရားတို့ကုန်လျှင် အကျိုးဝိညာဏ် အဆက်ဆက်တို့ ကုန်ခန်းလေ၍ ငြိမ်းကြကုန်လတ္တံ့။ ထိုသို့ ငြိမ်းခြင်းကို အလိုရှိကုန်သော ပုဂ္ဂိုလ်တို့သည် ဤ**သမ္ဘုပ္ပါဒ-နိရောဓဂါမိနီ**၌လာသော နည်းအတိုင်း သုံးသပ်၍ နိဗ္ဗာန်ကို စေလွှတ်ကြလေ။ ထိုသို့ စေလွှတ်ကြလျှင် ဇာနိဝဋ္ဋဒုက္ခမှ လွတ်ကြကုန်လတ္တံ့။

ဤ **သမ္ဘုပ္ပါဒနိရောဓဂါမိနီ**၌လာသော အကြောင်းသင်္ခါရ အကျိုးဝိညာဏ်တို့တွင် အကြောင်းသင်္ခါရ အဆက်ဆက်သည် သမုဒယသစ္စာ မည်၏။ အကျိုးဝိညာဏ် အဆက်ဆက်သည် ဒုက္ခသစ္စာ မည်၏။ ထို အကြောင်းအကျိုး နှစ်ပါးတို့မှ လွန်မြောက်၍တည်သော မဖြစ်ပေါ်သောသဘော မပျက်မစီးသော သဘောသည် နိရောဓသစ္စာ အသင်္ခတဓာတ် မည်၏။ ၎င်း နိရောဓသစ္စာ အသင်္ခတဓာတ်ကို ထိုးထွင်း၍သိခိုက် သစ္စာလေးပါးကို တပြိုင်နက် သိခြင်းကိစ္စ ရှိသော မဂ်သည် မဂ္ဂသစ္စာ ဖြစ်၏။ ထိုသို့ ဖြစ်ကြောင်းကိုလည်း ပဋိသမ္ဘိဒါမဂ် ပါဠိတော် စာမျက်နှာ(၃၀၁)၌—

ဝိညာဏံ ဒုက္ခသစ္စံ၊ သင်္ခါရာ သမုဒယသစ္စံ၊ ဥဘိန္နမ္ပိ နိဿရဏံ နိရောဓသစ္စံ၊ နိရောဓပဇာနနာ မဂ္ဂသစ္စံ။

ဟူ၍ မိန့်အပ်ပြီ။

မြန်မာပြန်ကား—

ဝိညာဏံ၊ အစမထင် သံသရာကစ၍ ဖြစ်ပြီးဖြစ်ဆဲ ဖြစ်လတ္တံ့သော အသိဝိညာဏ်သဘောသည်။ ဒုက္ခသစ္စံ၊ စက်ဆုပ်အပ်သော အချည်းနှီး တရားအမှန် မည်၏။ သင်္ခါရာ၊ အကြောင်းအဆက်ဆက်ဖြစ်သော သင်္ခါရဟု ခေါ်ဆိုအပ်သော စေတနာ အဆက်ဆက်တို့သည်။ သမုဒယသစ္စံ၊ ထိုအကျိုးဖြစ်သော ဒုက္ခသစ္စာ၏ဖြစ်ကြောင်း တရားအမှန် မည်၏။ ဥဘိန္နမ္ပိ၊ နှစ်ပါးစုံသော အကြောင်းအကျိုးတို့၏။ နိဿရဏံ၊ ထွက်မြောက်ရာဖြစ်သော အသင်္ခတဓာတ်သည်။ ဝါ၊ အကြောင်းအကျိုး နှစ်ပါးစုံတို့မှ ထွက်မြောက်၍တည်သော မဖြစ်မပျက်သော သဘော အသင်္ခတဓာတ်သည်။ နိရောဓသစ္စံ၊ နိရောဓသစ္စာမည်၏။ နိရောဓ-

ပဇာနနာ၊ နိရောဓသစ္စာကို မတွေ့မဝေ အပြားအားဖြင့် သိတတ်သော ဉာဏ်သည်။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာ မည်၏။

ဤသို့ ပြဆိုအပ်သော ပါဠိတော်ကို ထောက်၍ အကြောင်းသင်္ခါရ အဆက်ဆက်တို့သည် သမုဒယသစ္စာဖြစ်ကြောင်းကိုင်း၊အကျိုးဝိညာဏ် အဆက်ဆက်တို့သည် ဒုက္ခသစ္စာဖြစ်ကြောင်းကိုင်း၊ ၎င်းတို့မှ လွန်မြောက်၍ တည်သော မဖြစ်ပေါ်သော သဘောလက္ခဏာရှိသော အသင်္ခတဓာတ်သည် စင်စစ် နိရောဓသစ္စာ ဖြစ်ကြောင်းကိုင်း၊ ၎င်းနိရောဓသစ္စာကိုသိသော ဉာဏ်သည် စင်စစ် မဂ္ဂသစ္စာဖြစ်ကြောင်းကိုင်း သိကြလေ။

**ကျမ်းပြုဆရာတော်၏ အာသီသ။** ။ထိုသို့သိကြပြီးလျှင် ၎င်းတရားတို့ကို သုံးသပ်ဆင်ခြင်ကြ၍ နိရောဓသစ္စာကို မျက်မှောက်ပြုပြီးလျှင် အဝိဇ္ဇာသင်္ခါရတို့ကို အကြွင်းမရှိ ကုန်ခန်းစေပြီးလျှင် အကျိုးဝိညာဏ် အဆက်ဆက်တို့၏ ဖြစ်ပေါ်မှုမရှိခြင်းတည်းဟူသော ငြိမ်းခြင်းသို့ ရောက်၍ အခါခပ်သိမ်းငြိမ်းကြစေသတည်း။

ဤတွင် သမုပ္ပါဒနိရောဓဂကျမ်း၌ သင်္ခါရပစ္စယာ ဝိညာဏံတို့၏
အဆက်ဆက်ဖြစ်ပုံ တည်းဟူသော သမုပ္ပါဒအချက်နှင့်
၎င်းတရားတို့၏ ကွယ်ကြောင်းဖြစ်သော
နိရောဓအချက်တို့ကို သိစေရန်
ပြဆိုချက် ပြီး၏။

# ပဉ္စမပိုင်း နိဂုံး

ဧတ္တာဝတာ စ ကျိုက်လပ်နဂရဝါသိနာ သဒ္ဓေန ဓမ္မကာမေန သဒ္ဓမ္မဇောတိကေန ဓနဝန္တေန ဦးမောင်ကြီးနာမဓေယျေန ယာစိ-တတ္တာ နာနာရထသမာကိဏ္ဏာယ သန္တသေဝိတာယ သဒ္ဓမ္မမာမကာနံ အာဝါသဘူတာယ သုဝဏ္ဏပဗ္ဗတနာမကာယ နဂရာယ ပုရတ္ထိမသ္မိံ ဒိသာဘာဂေ ဝါလုကစေတျာယ သမီပေ သဒ္ဓမ္မဇောတိကေဟိ ရတ-နတ္တယဂရုကေဟိ ပဠ္ဌပမုခဉပါသကေဟိ ကတေ အမ္ဗာရာမေ မနော-ရမေ ဓမ္မပါလဝိဟာရေ ဝသတာ သဒ္ဓမ္မဂရုကေန ဗုဒ္ဓသြရသဘူတေန သေနဗန္ဓုနနာဂရိကေန သာသနဇောတကေန တိကျွန္ဒြိယနာမကေန မယာ သာသနဇောတနတ္ထံ ကတာယ သမ္ပုပ္ပါဒနိရောဓဂပ္ပကရဏာယ ပဉ္စမော ပရိစ္ဆေဒေါ၊ သမ္ပုဒ္ဓပရိနိဗ္ဗာနာ ဒွေဝခဝဿေ မာဃမာသဿ သုက္ကပက္ခေ ဒသမဒိနေ သာယဏှသမယေ နိဋ္ဌံ ဂတောတိ။

အနက်သိကြောင်း မြန်မာပြန်ကား—

**ကျမ်းပြုရန် တောင်းပန်သူ။** ။စ၊ နိဂုံးချုပ်ကို ဆိုဦးအံ့။ ဧတ္တာဝတာ ဧတ္တာဝန္တေန ဝစနက္ကမေန၊ ဤမျှ အတိုင်း အရှည်ရှိသောစကားအစဉ်ဖြင့်။ ဝါ၊ ဤမျှအတိုင်းအရှည်ရှိသော သဒ္ဒါအစဉ် အနက်အစဉ်ဖြင့်။ ကျိုက်လပ်နဂရဝါသိနာ၊ ကျိုက်လပ်မြို့၌ နေလေ့ရှိသော။ သဒ္ဓေန၊ သဒ္ဓါတရားလည်း ရှိထသော။ ဓမ္မကာမေန၊ လောကုတ္တရာတရားကိုးပါး ကိုလည်း အလိုရှိသသော။ သဒ္ဓမ္မဇောတိကေန၊ သူတော်ကောင်းတို့၏ တရား ထွန်းတောက်ခြင်းကိုလည်း အလိုရှိသသော။ ဓနဝန္တေန၊ ဥစ္စာလည်းရှိထသော။ ဦးမောင်ကြီးနာမဓေယျေန၊ ဦးမောင်ကြီး အမည်ရှိထသော ဉပါသကာသည်။ ယာစိတတ္တာ၊ တောင်းပန်အပ်သည်၏ အဖြစ်ကြောင့်။

**ကျမ်းဆရာ၏နေရာဌာန။** ။နာနာရထ သမာကိဏ္ဏာယ၊ အထူးထူးသောရထား တို့ဖြင့်လည်း ကောင်းစွာပြွမ်းထသော။ သန္တသေ-ဝိတာယ၊ သူတော်ကောင်းတို့သည် မှီဝဲအပ်ထသော။ သဒ္ဓမ္မမာမကာနံ၊ သူတော် ကောင်းတရားကို မြတ်နိုးကုန်သော သူတို့၏။ အာဝါသဘူတာယ၊ နေရာဖြစ်၍ ဖြစ်ထသော။ သုဝဏ္ဏပဗ္ဗတနာမကာယ၊ ရွှေတောင် အမည်ရှိသော။ နဂရာယ၊ မြို့၏။ ပုရတ္ထိမသ္မိံ၊ အရှေ့ဖြစ်သော။ ဒိသာဘာဂေ၊ အရပ်မျက်နှာအဘို့၌။ ဝါလုကစေတျာယ၊ သဲပုံစေတီတော်၏။ သမီပေ၊ အနီး၌။ သဒ္ဓမ္မဇောတိကေဟိ၊ သူတော်ကောင်းတရားထွန်းတောက်ခြင်းကို အလိုရှိကုန်သော။ ရတနတ္တယဂရု-ကေဟိ၊ ရတနာသုံးပါးတို့၏ အပေါင်းကို အလေးအမြတ်ပြုတတ်ကုန်သော။

ပဋ္ဌပမုခဉပါသကေဟိ၊ ဦးဖိုးဆိုင်, ဦးစံညွန့်, ဦးအောင်ကျော်, ဦးရွှေထိုက်, ဦး ဖိုးသစ် ဟု ဆိုအပ်ကုန်သော ငါးယောက်အမှူးရှိကုန်သော ဥပါသကာတို့သည်။ ကတော၊ ပြုလုပ်အပ်သော။ အမ္ဗာရာမေ၊ သရက်ပင်တို့၏ ရောက်ပေါက်ရာဖြစ် သောအရာမ်၌။ မနောရမေ၊ နှလုံးမွေ့လျော်ဘွယ်ရှိသော။ ဓမ္မပါလဝိဟာရေ၊ ဓမ္မပါလကျောင်း၌။ ဝသတာ၊ နေလေ့ရှိထသော။

**ကျမ်းဆရာဇာတိနှင့် ဘွဲ့နာမည်။** ။သဒ္ဓမ္မဂရုကေန၊ သူတော်ကောင်း တရား ဟု ဆိုအပ်သော ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိ-သဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မ တရားဟူသမျှ၌ အလေးဂရုပြုတတ်ထသော။ ဗုဒ္ဓသြရသ-ဘူတေန၊ သစ္စာလေးပါးတို့ကို ဆရာမရှိဘဲ ထိုးထွင်း၍ မိမိလည်းသိ သူ့ကိုလည်း သိစေတော်မူတတ်သောဘုရားရှင်၏ သားစစ်ဖြစ်၍လည်း ဖြစ်ထသော။ သေန-ဗန္ဓနနာဂရိကေန၊ **စစ်တွေ့မြို့**၌ မွေးဖွားထသော။ သာသနဇောတကေန၊ သာ သနာတော်၏ ထွန်းလင်းတောက်ပခြင်းကို ပြုတတ်ထသော။ တိက္ခိန္ဒြိယ-နာမကေန၊ **တိက္ခိန္ဒြိယ** အမည်ရှိသော။ မယာ၊ ငါမရှိဘဲ ငါဟု သမုတ် နာမ် ရုပ်အစုသည်။

**ကျမ်း၏အပိုင်းအခြား။** ။သာသနဇောတနတ္ထံ၊ သာသနာတော်၏ ထွန်း တောက်ခြင်းအကျိုးငှါ။ ကတဿ၊ ပြုအပ်သော။ သမ္မပ္ပဒါနဒီရောဓဂပ္ပကရဏဿ၊ သမ္မပ္ပဒါနဒီရောဓဂကျမ်း၏။ ပဌမော၊ ရှေးဦးစွာ သော။ ပရိစ္ဆေဒေါ၊ အပိုင်းအခြားသည်။

**ကျမ်းပြီးသည့်ကာလ။** ။သမ္ဗုဒ္ဓပရိနိဗ္ဗာနာ၊ ဘုရားပရိနိဗ္ဗာန်စံပြီးသည်မှ။ ဒစဝခဝသေ(၂၄၆၀)နှစ်ထောင် လေးရာ ခြောက် ဆယ် ရှစ်ခုနှစ်၌။ မာဿမာသဿ၊ **တပို့တွဲလ**၏။ သုက္ကပက္ခေ၊ လဆန်းပက္ခ၌။ ဒသမဒိနေ၊ (၁၀)ရက်တို့၏ ပြည့်ကြောင်းဖြစ်သောနေ့၌။ သာယဏှသမယေ၊ ညချမ်းအခါ၌။ နိဋ္ဌံ၊ ပြီးခြင်းသို့။ ဂတော၊ ရောက်လေပြီ။ ဣတိ၊ ဤတွင် အပြီး သတ်သတည်း။

သင်္ခါရပစ္စယာ ဝိညာဏံအခဏ်း ပြီး၏။
သမ္မပ္ပဒါနဒီရောဓကကျမ်း ပဌမတွဲ ပြီး၏။

ဝင်းနောက် အကြောင်းညီညွတ်သောအခါ၌ ဆက်ရေးသားလတ္တံ့သော **ဝိညာဏပစ္စယာ** နာမရူပံကို ပြဆိုအပ်သော အခဏ်း၌ နိဗ္ဗာန်၏ ဂုဏ်ပုဒ်တို့ကို ဖော်ပြလျက် သင်္ခတနှင့် တဖက်တချက်စီ ဆန့်ကျင်ဘက်ဖြစ်၍ လွတ်မြောက် ပုံကို သိနိုင်စေခြင်းငှါ ရေးသားလိမ့်မည်ဖြစ်ကြောင်းကို သိစေလိုက်သည်။

**ဤတွင် ပြီးဆုံးခြင်းသို့ ရောက်လေပြီ။**

---

ပ-မ-ဗ-သ-စ—၁၂၁၃—၅-ဂ-၇၁—၁၀၀၀ (၁)

သမုပ္ပါဒ်နိရောဓဂကျမ်း

# မှတ်သားဖွယ် အက္ခရာစဉ်


အက္ခရာစဉ် — စာမျက်နှာ

[ အ ]

အကုသိုလ်စိတ်များ ၃၄၄
အကုသိုလ်စေတသိက်တို့၏
  သဘောလက္ခဏာ ၂၈
အကုသိုလ်ဝေဒနာရှုနည်းပုံ ၈၆
အကျိုးဝိညာဏ် ၃၂-ပါး ၁၇၉
အကြောင်းနှင့် အကျိုး ဆက်စပ်
  ဖြစ်နေခြင်း ၃၂၆
အကြောင်းအကျိုးဆက်၍
  သံသရာစက်လည်နေခြင်း ၃၂၉
အကြောင်းအကျိုး သုံးသပ်၍
  မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်ပုံ ၃၃၇
အကြောင်းအကျိုး နှစ်ပါး
  စပ်၍ ဝိညာဏ်ဖြစ်ပုံ ၃၂၅
အကြောင်းကိုစွဲ၍
  အကျိုးဖြစ်ပုံ ၃၂၈
အကြောင်းနိဗ္ဗာန်နှင့်
  အကျိုးနိဗ္ဗာန် ၄၃၇
အကြောင်းနှင့် အကျိုးမှ
  တပါး သတ္တဝါ မရှိ ၃၂၇
အကြောင်းသင်္ခါရနှင့် အကျိုး
  ဝိညာဏ်စပ်ပုံ ၃၄၈
အခြားပါဠိတော် အဋ္ဌကထာ
  ပြဆိုပုံများ ၃၇၆
အစပ်,အဆွန့်,ဝဋ် ခွဲပုံ ၃၃၇
အဆင့်ဆင့်ထောက်ဆ၍
  ရုပ်ကို ဟီန ပဏီတ ခွဲပုံ ၆၉

[ အ ]

အဆင်းပရမတ်နှင့်
  အကြောင်း ၄-ပါး ၃၆၁
အဇ္ဈတ္တရုပ် ၆၃
အညသမာန်းစေတသိက်တို့၏
  သဘောလက္ခဏာ ၂၄
အဋ္ဌကထာအဓိပ္ပါယ်ရှင်းချက် ၂၁၄
အဋ္ဌကထာအာဘော်ဖော်ပုံ ၃၇၃
အဋ္ဌကထာဆရာ ရှင်းပြပုံ ၃၇၆
အဋ္ဌကထာနည်း ကာလ
  သုံးပါးခွဲပုံ ၅၆
အတိတ်ကံအာရုံတူပုံ ၂၃၂၊၂၅၇
အတိတ်ကမ္မနိမိတ်အာရုံ တူပုံ ၂၃၂
အတိတ်ကမ္မနိမိတ်တူပုံ ၂၅၇
အတိတ်မရဏာသန္နဇောနှင့်
  ပစ္စုပ္ပန်ပဋိသန္ဓေအာရုံတူပုံ ၂၀၉
အတိတ်ရုပ် ၄၉
အတိတ်ဝေဒနာ ၇၈
အတွင်းအဇ္ဈတ္တဝေဒနာ ၈၃
အတွင်းအာယတန ၆-ပါး ၁၀၆
အထူးသတိပြုရန် အချက်ကို
  ပြဆိုချက် ၄၅၁
အထက်အရူပပဋိသန္ဓေ
  ၃-ပါး ဖြစ်ပုံ ၃၀၉
အထက်အရူပဘုံ ၃-ဘုံရောက်မည့်
  ကမ္မနိမိတ် ၃-ပါး ၃၀၇
အထက်မဂ်ဖိုလ် ၃-ပါး
  ဆိုက်ရောက်ပုံ ၁၆၅

အက္ခရာစဉ် စာမျက်နှာ

[ အ ]

အဒေါသ၏ မေ္မဝဝတ္တာန် ၄-ပါး ၃၃
အဒေါသ၏ ပရမတ္ထ
သဘောတရား ၁၅၂
အဒေါသ၏ သဘောလက္ခဏာ ၃၃
အဒ္ဓါအစွမ်းဖြင့် ကာလ ၃-ပါး ၅၆
အဓိမောက္ခ၏ ပရမတ္ထ
သဘောတရား ၁၅၁
အဓိမောက္ခ၏ သဘော
လက္ခဏာ ၂၇
အနတ္တသဘောထင်မြင်ခြင်း ၃၄၅
အနတ္တဟု ရှု၍ မဂ်ရပုံ ၄၁၇
အနာဂတ်ရုပ် ၅၀
အနာဂတ်ဝေဒနာ ၇၉
အနာဂါမ်ဖြစ်ပုံ ၁၆၆
အနာဂါမိမဂ်ဖြစ်ပုံ ၄၃၂
အနိစ္စတာရုပ် ၂၁
အနိစ္စသဘော ထင်မြင်ခြင်း ၃၄၅
အနိစ္စဟုရှု၍ မဂ်တရားရပုံ ၄၁၃
အနုပါဒိသေသနိဗ္ဗာန် ၂-မျိုး ၄၄၆
အနုပါဒိသေသ နိဗ္ဗာန်ကို
အာရုံပြုပုံ ၄၄၆
အနုပါဒိသေသပုဒ်ဝိဂြိုဟ်နှင့်
ဉာဏ်ကောက် ၄၄၈
အနုလောမိကခန္တိဉာဏ်ဖြင့်
မဂ်ရပုံ ၄၂၀
အနောတ္တပ္ပ၏ သဘောလက္ခဏာ ၂၈
အပါယ်ကျမည့် နိမိတ် ၃-ပါး ၂၄၄
အပါယ်စုတိတကြိမ် ၂၅၉
အပါယ်ပဋိသန္ဓေဖြစ်ပုံ ၂၈၊၂၄၅
အပါယ်ပဋိသန္ဓေ ဝိညာဏ်ဖြစ်ပုံ ၁၉၂
အပါယ်ပဝတ္တိဝိညာဏ်ဖြစ်ပုံ ၂၅၃

အက္ခရာစဉ် စာမျက်နှာ

[ အ ]

အပါယ်ဘုံမှ အပါယ်ဘုံကျမည့်
မရဏာသန္နပဉ္စဝိညာဏဝီထိ ၂၄၇
အပါယ်ဘုံသားပြန်ဖြစ်ပုံ ၂၅၀
အပါယ်ဘုံသားသေပုံကို အဘိ-
ဓမ္မာသဘောဖြင့်ရှင်းချက် ၂၆၀
အပါယ်ဘုံသားသေပုံနှင့် ပရမတ်
အမြင် ၂၄၅
အပါယ်မရဏာသန္နဇောအာရုံကို
ကာမသုဂတိ ပဋိသန္ဓေ
စိတ်က ယူပုံ ၂၆၁
အပါယ်မရဏာသန္နဇောနှင့်
အပါယ်ပဋိသန္ဓေအာရုံတူပုံ ၂၅၁
အပါယ်မရဏာသန္နဇောနှင့်
ကာမသုဂတိ ပဋိသန္ဓေ
အာရုံတူပုံ ၂၅၇
အပါယ်မရဏာသန္နဇောနှင့်
ပဋိသန္ဓေ အာရုံတူပုံ ၂၄၆
အပါယ်မရဏာသန္နဝီထိ ၂၄၄
အပါယ်သားသေပုံကို ပရမတ္ထ
သဘောဖြင့် ရှင်းချက် ၂၅၅
အပုညာဘိသင်္ခါရအကျိုး
စိတ်များ ၃၁၉
အပုညာဘိသင်္ခါရအကျိုး
ဝိညာဏ် ၇-ပါး ၁၈၇
အပုညာဘိသင်္ခါရအား ကျေးဇူး
ပြုပုံ ၁၃၇
အပုညာဘိသင်္ခါရဖြစ်ပုံ ၁၂၈
အပြင်အာယတန ၆-ပါး ၁၀၆
အဗျာပါရနည်း ၃၃၆
အဘာဝပညတ် အနုပါဒိသေသ
နိဗ္ဗာန် ၄၄၆၊၄၅၂

အက္ခရာစဉ် စာမျက်နှာ

[ အ ]

အဘာဝပညတ်ကို နိဗ္ဗာန်
ခေါ်သေးပုံ ၄၃၉
အဘိဓမ္မာနည်း ကာလ ၃-ပါး
ခွဲပုံ ၅၄
အဘိဓမ္မာ သဘောဖြင့် သေပုံကို
ပြချက် ၂၆၄
အရဟတ္တဖိုလ်ကို နိဗ္ဗာန်ခေါ်ပုံ
ရှင်းချက် ၄၃၈
အရဟတ္တမဂ်ဖြစ်ပုံ ၄၃၂
အရိယာပြဟ္မာတို့ အထက်ဘုံ
ပဋိသန္ဓေဖြစ်ခြင်း ၂၉၈
အရိယာပြဟ္မာတို့ အောက်ဘုံသို့
မဆင်းပုံ ၃၀၂
အရူပစုတိစိတ် ၃၁၄
အရူပ ပဋိသန္ဓေ ၄-ပါး၏အာရုံ ၃၀၆
အရူပ ပဋိသန္ဓေဝိညာဏ် ၁၉၅
အရူပ ပဋိသန္ဓေ သမ္ပယုတ်
တရားများ ၃၀၂
အရူပ ပဝတ္တိဝိညာဏ်စိတ် ၃၀၃
အရူပပြဟ္မာ၏ မရဏာ-
သန္နဇော ၃၀၅၊၃၁၄
အရူပပြဟ္မာ
ပဋိသန္ဓေစိတ် ၃၀၁၊၃၀၅
အရူပပြဟ္မာဖြစ်မည့်
ကမ္မနိမိတ် ၄-မျိုး ၂၉၉
အရူပပြဟ္မာ သေခြင်းကိုပရမတ်
သဘောဖြင့် ရှင်းချက် ၃၁၄
အရူပဘဝင် ၂-ကြိမ် ၃၀၄၊၃၁၃
အရူပဘုံမှ စုတေ၍ အရူပဘုံ၌
ပဋိသန္ဓေဝိညာဏ်စိတ်ဖြစ်ပုံ ၃၀၄
အရူပဘုံမှ ကာမသုဂတိဘုံ
ရောက်မည့် နိမိတ် ၃-ပါး ၃၁၃

[ အ ]

အရူပဘုံမှ စုတေ၍ ကာမသုဂတိ
ဘုံ၌ ဖြစ်ပုံ ၃၁၃
အရူပ ၄-ဘုံရောက်မည့် ကမ္မ-
နိမိတ် ၄-ပါး ၃၀၄
အရောင်အလင်းက ဝိပဿနာ
ညစ်ညူးစေပုံ ၃၇၀
အရောင်အလင်းကို နိဗ္ဗာန်ဟု
ယူသောဝါဒ ၄၂၉
အလောဘ၏ ဓမ္မဝတ္ထာန် ၄-ပါး ၃၃
အလောဘ၏ ပရမတ္ထသဘော
တရား ၁၅၂
အလောဘ၏ သဘောလက္ခဏာ ၃၃
အလင်းထွက်ခေါင် ပညာရောင် ၃၇၉
အဝိဇ္ဇာ၏ အပြစ်ဒေါသများ ၃၉၂
အဝိဇ္ဇာ၏ ဓမ္မဝတ္ထာန် ၄-ပါး ၄၃
အဝိဇ္ဇာ၏ သဘောလက္ခဏာ ၄၃
အဝိဇ္ဇာကြောင့် သင်္ခါရ ၃-မျိုး
ဖြစ်ပုံ ၁၂၈
အဝိဇ္ဇာပစ္စယာ သင်္ခါရာ အခဏ်း ၁၂
အဝိဇ္ဇာသည် သင်္ခါရတို့အား
ပဋ္ဌာန်း ပစ္စည်းဖြင့် ကျေးဇူး
ပြုပုံ ၁၃၅
အဝိဇ္ဇာသင်္ခါရတို့ကို ဝိပဿနာ
ရှုရန် ၁၄၂
အဝိဇ္ဇာသင်္ခါရတို့ကို သုံးသပ်ပုံနှင့်
သစ္စာလေးပါးကို တပြိုင်နက်
မြင်၍ မဂ်ဖြစ်ပုံ ၁၄၁
အသင်္ခတနိဗ္ဗာန်နှင့်စပ်၍ စိစစ်
ချက်များ ၃၅၄
အသင်္ခတဓာတ် အနုပါဒိသေသ
နိဗ္ဗာန် ၄၄၈-၄၅၂

အက္ခရာစဉ် စာမျက်နှာ

[ အ ]

အသင်္ခတဓာတ်ကို နိဗ္ဗာန်ခေါ်ပုံ ရှင်းချက် ၄၃၇
အသင်္ခတဓာတ် နိဗ္ဗာန်ကို ပြဆိုချက် ၃၈၆
အသင်္ခတဓာတ် နိဗ္ဗာန်၌ ရုပ်ထူး နာမ်ထူး ရှိမရှိကို ပြဆိုချက် ၃၈၅
အသင်္ခတ လက္ခဏာ ၃-ပါး ၃၈၉
အသညသတ် ပဋိသန္ဓေ ၁၉၇
အသညသတ်ဘုံမှ ကာမသုဂတိ ဘုံ၌ ဖြစ်ပုံ ၃၁၆
အသညသတ်ရုပ် ပဋိသန္ဓေ ၂၈၁
အဟိရိက၏ သဘောလက္ခဏာ ၂၈
အဟိတ်ကာမသုဂတိ ပဋိသန္ဓေ ၁၉၂

[ အာ ]

အာကာသရုပ် ၁၈
အာကာသာနဉ္စုတိစိတ် ၃၀၅
အာကာသာနဉ္စာဘုံမှ အရူပ ၄-ဘုံ၌ ဖြစ်ပုံ ၃၀၄
အာကာသာနဉ္စာကုသိုလ် ကမ္မနိမိတ် ၂၇၄
အာကာသာနဉ္စာယတနကုသိုလ် ကမ္မနိမိတ် ၂၇၂
အာကာသာနဉ္စာယတနပဋိသန္ဓေ အာရုံ ၃၀၂
အာကာသာနဉ္စာယတန ပဋိသန္ဓေစိတ် ၂၇၂
အာကိဉ္စညာကုသိုလ်ကမ္မနိမိတ် ၂၇၈
အာကိဉ္စညာစုတိစိတ် ၃၁၁
အာကိဉ္စညာပဋိသန္ဓေစိတ်အာရုံ ၃၁၂
အာကိဉ္စညာဘုံမှ အရူပ ၂-ဘုံသို့ ရောက်ပုံ ၃၁၀

[ အာ ]

အာကိဉ္စညာယတန ပဋိသန္ဓေ အာရုံ ၃၀၂
အာကိဉ္စညာယတန ပဋိသန္ဓေစိတ် ၂၇၆
အာကိံ, နေဝ ပဋိသန္ဓေစိတ် ၃၁၁
အာကိံ, နေဝဘုံ ပဝတ္တိဝိညာဏ် ၃၁၂
အာကိံ, နေဝဘုံရောက်မည့် ကမ္မနိမိတ် ၂-ပါး ၃၁၀
အာနာပါနနိမိတ်အရောင် သညာဇဖြစ်ပုံ ၃၆၈
အာနာပါနနိမိတ်ရောင်သည် နေ၏အရောင် မဟုတ် ၃၆၇
အာနေဉ္ဇာဘိသင်္ခါရ အကျိုး စိတ်များ ၃၂၂
အာနေဉ္ဇာဘိသင်္ခါရအကျိုး ဝိညာဏ် ၄-ပါး ၁၈၆
အာနေဉ္ဇာဘိသင်္ခါရအား ကျေးဇူးပြုပုံ ၁၃၉
အာနေဉ္ဇာဘိသင်္ခါရဖြစ်ပေါ်ပုံ ၁၃၂
အာပေါဓာတ် ၁၂
အာယတန ၁၂-ပါးကို အဝိဇ္ဇာက မသိပုံ ၁၀၆
အာယတနဓာတ် သစ္စတို့၏ အဆုံးအဖြတ် ၁၀၆
အာယတန မည်ပုံ ၁၀၆
အာရုံပြုသိနှင့် ကိစ္စသိအထူး ၁၄၈
အာဝဇ္ဇန်းဖြစ်ပုံ ၂၂၃

[ ဣ ]

ဣတ္ထိဘာဝရုပ် ၁၆
ဣဿာ၏ သဘော လက္ခဏာ ၃၀

အက္ခရာစဉ် စာမျက်နှာ

[ ဥ ]

ဥစ္ဆေဒနှင့် နတ္ထိကဒိဋ္ဌိ ၂-မျိုး ၃၃၁
ဥတုဇရုပ် အာဟာရဇရုပ် ကာလ ၃-ပါး ၅၇
ဥဒ္ဓစ္စ၏ သဘော လက္ခဏာ ၂၉
ဥပမာနှင့် ဥပမေယျဟပ်ပြချက် ၄၃၁
ဥပါဒါရုပ်ခေါ်ပုံ ရှင်းချက် ၄၈
ဥပေက္ခာ ဝေဒနာ နူးညံ့ရပုံ ၉၁
ဥပေက္ခာသမ္ဗောဇ္ဈင် ၁၆၂

[ ဧ ]

ဧကဂ္ဂတာ၏ ပရမတ္ထသဘော တရား ၁၅၁
ဧကဂ္ဂတာ၏ သဘော လက္ခဏာ ၂၅
ဧကဂ္ဂတာ စေတသိက်၏ ကိစ္စ ၄-ပါး ၁၅၉
ဧကတ္တနည်း ၃၃၅
ဧဝံဓမ္မတာနည်း ၃၃၆

[ ဩ ]

ဩဇာရုပ် ၁၈
ဩတ္တပ္ပ၏ ဓမ္မဝဝတ္ထာန် ၄-ပါး ၃၃
ဩတ္တပ္ပ၏ပရမတ္ထသဘောတရား ၁၅၂
ဩတ္တပ္ပ၏ သဘောလက္ခဏာ ၃၃
ဩဠာရိက=ကြမ်းတမ်းသောရုပ် ၆၄

[ က ]

ကံအာရုံတူပုံ ၂၄၆
ကံအာရုံပြဆိုချက် ၁၉၇
ကံ၏တရားကိုယ် ၃၄၅
ကမ္မဇရုပ် ကာလ ၃-ပါး ၅၉
ကမ္မညတာရုပ် ၂၀
ကမ္မနိမိတ်အာရုံ ၁၉၉
ကမ္မနိမိတ်တူပုံ ၂၄၈

အက္ခရာစဉ် စာမျက်နှာ

[ က ]

ကမ္မနိမိတ်ထင်ဟန် ၂၁၀
ကရုဏာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး ၄၀
ကရုဏာ၏ သဘောလက္ခဏာ ၄၀
ကာမကုသိုလ်အကျိုး ဝိညာဉ် ၁၆-ပါး ၁၇၄
ကာမကုသိုလ်ဇော ၂၉၀
ကာမပုညာဘိသင်္ခါရ အကျိုး စိတ်များ ၃၂၀
ကာမပုညာဘိသင်္ခါရအား ကျေးဇူးပြုပုံ ၁၃၅
ကာမဘုံမှ အာကိဉ္စညာယတနဘုံ ရောက်မည့်မရဏာသန္နဝီထိ ၂၈၆
ကာမဘုံမှ ဝိညာဏဉ္စာယတနဘုံ ရောက်မည့်မရဏာသန္နဝီထိ ၂၈၄
ကာမဘုံရောက်မည့် ရူပဗြဟ္မာ၏ သေခါနီးဝီထိ ၂၇၅
ကာမဘုံရောက်မည့် ရူပဗြဟ္မာ၏ သေခါနီး စက္ခုသောတ ဒွါရဝီထိ ၂၇၇
ကာမသုဂတိ စုတိစိတ် ၂၆၃
ကာမသုဂတိ ပဋိသန္ဓေစိတ် ၂၇၆၊ ၂၉၀၊ ၃၁၄
ကာမသုဂတိ ပဋိသန္ဓေစိတ် ဖြစ်ပေါ်ပုံ ၂၅၆
ကာမသုဂတိ ပဋိသန္ဓေ ၃-မျိုး ဖြစ်ပုံ ၃၁၅
ကာမသုဂတိ ပဝတ္တိဝိညာဏ် ၂၃၅၊ ၂၄၃၊ ၂၇၈၊ ၂၉၂၊ ၃၁၅
ကာမသုဂတိဘုံ၌ သေခါနီးဇောနှင့် ပဋိသန္ဓေစိတ် အာရုံတူပုံ ၂၄၀
ကာမသုဂတိဘုံမှ ဒုဂ္ဂတိဘုံ၌ ပဋိ-သန္ဓေစိတ် ဖြစ်ပုံ ၂၁၅

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|

[ က ]


ကာမသုဂတိဘုံမှ နေဝသညာဘုံ ရောက်မည့် မရဏာသန္နဝီထိ ၂၇၈
ကာမသုဂတိဘုံမှ စုတေပြီး ၎င်း ဘုံ၌ ပဋိသန္ဓေစိတ်ဖြစ်ပုံ ၂၂၉
ကာမသုဂတိဘုံမှ စုတေ၍ အရူပ ၄-ဘုံ၌ ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပုံ ၂၇၂
ကာမသုဂတိဘုံမှ စုတေ၍ အသ- ညသတ်ဘုံ၌ ရုပ်ပဋိသန္ဓေ ဖြစ်ပုံ ၂၀၀
ကာမသုဂတိဘုံမှ ရူပစတုတ္ထစျာန် ဘုံသို့ ရောက်ပုံ ၂၇၀
ကာမသုဂတိဘုံမှ ရူပ ၁၅-ဘုံ၌ ပဋိသန္ဓေ ဝိညာဏ်စိတ်ဖြစ်ပုံ ၂၆၃
ကာမသုဂတိဘုံမှ ရူပ တတိယစျာန် ဘုံသို့ ရောက်ပုံ ၂၆၈
ကာမသုဂတိဘုံမှ ရူပ ဒုတိယ စျာန်ဘုံသို့ ရောက်ပုံ ၂၆၅
ကာမသုဂတိဘုံမှ ရူပ ပဌမစျာန် ဘုံသို့ ရောက်ပုံ ၂၆၃
ကာမသုဂတိဘုံရောက်မည့် အပါယ်သား၏ သေခါနီး ငါးဒွါရ ဝီထိဖြစ်ပုံ ၂၅၇
ကာမသုဂတိမရဏာသန္နဇောနှင့် ပဋိသန္ဓေစိတ် အာရုံတူပုံ ၂၃၂
ကာယကမ္မညတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး ၃၆
ကာယကမ္မညတာ၏ ပရမတ္ထ သဘောတရား ၁၅၃
ကာယကမ္မညတာ၏သဘော ၃၆
ကာယုဇုကတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး ၃၈
ကာယုဇုကတာ၏ ပရမတ္ထ သဘောတရား ၁၅၄
ကာယုဇုကတာ၏ သဘော လက္ခဏာ ၃၈
ကာယဒွါရ၌ထင်ပုံ ၂၃၇
ကာယပသာဒရုပ် ၁၅
ကာယပဿဒ္ဓိ၏ ဓမ္မဝဝတ္ထာန် ၄-ပါး ၃၄
ကာယပဿဒ္ဓိ၏ ပရမတ္ထသဘော တရား ၁၅၂
ကာယပဿဒ္ဓိ၏သဘော လက္ခဏာ ၃၄
ကာယပါဂုညတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး ၃၇
ကာယပါဂုညတာ၏ ပရမတ္ထ သဘောတရား ၁၅၃
ကာယပါဂုညတာ၏ သဘော လက္ခဏာ ၃၇
ကာယမုဒုတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး ၃၆
ကာယမုဒုတာ၏ ပရမတ္ထသဘော တရား ၁၅၃
ကာယမုဒုတာ၏ သဘော လက္ခဏာ ၃၆
ကာယဝိညတ်ရုပ် ၁၈
ကာယဝိညာဏ် ၂၃၈၊၂၄၈၊၂၅၉
ကာယဝိညာဏ်ဖြစ်ပုံ ၂၂၄
ကာယဝိညာဏဓာတ် ၂၃
ကာယလဟုတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး ၃၅
ကာယလဟုတာ၏ ပရမတ္ထ သဘောတရား ၁၅၂

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ က ]** | |
| ကာယလဟုတာ၏ သဘော လက္ခဏာ | ၃၅ |
| ကာလခွဲပုံ မုချနည်းနှင့် ဥပစာနည်း | ၆၁ |
| ကိစ္စ ၄ ဖြာ သစ္စာ ၄-ချက် | ၁၆၆ |
| ကိလေသာအဘာဝကို နိဗ္ဗာန်ဟု ယူသောဝါဒ | ၄၂၈ |
| ကိလေသာကင်းပြီးသော ချမ်းမှုကို ပြဆိုချက် | ၃၈၁ |
| ကိလေသာကုန်ပုံ | ၃၈၁ |
| ကိလေသာဒုက္ခနှင့် ခန္ဓာဒုက္ခတို့ ချုပ်ရာ | ၄၅၀ |
| ကိလေသာနှင့် ခန္ဓာအစဉ်ပြတ်ပုံ | ၄၃၃ |
| ကုက္ကုစ္စ၏ သဘောလက္ခဏာ | ၃၀ |
| ကုသလတိက်ဖြင့် ခွဲခြင်း | ၉၄ |
| ကုသိုလ်စိတ်များ | ၃၄၄ |
| ကုသိုလ်နှင့် အဗျာကတ ဝေဒနာနှုန်းညှိရပုံ | ၈၇ |
| ကျမ်း၏ အပိုင်းအခြား | ၄၆၄ |
| ကျမ်းဆရာ၏ နေရာဌာန | ၄၆၃ |
| ကျမ်းဆရာဇာတိနှင့် ဘွဲ့နာမည် | ၄၆၄ |
| ကျမ်းပြီးသည့်ကာလ | ၄၆၄ |
| ကျမ်းပြုဆရာတော်၏အာသီသ | ၄၆၁ |
| ကျမ်းပြုဆရာတော်၏ တိုက်တွန်းချက် | ၄၅၉ |
| ကျမ်းပြုရန် တောင်းပန်သူ | ၄၆၃ |
| ကြိယာစိတ်များ | ၃၄၄ |
| ကြောင်းကျိုးမသိက ဒိဋ္ဌိဖြစ်ပုံ | ၃၃၁ |
| **[ ခ ]** | |
| ခဏအစွမ်းဖြင့် ကာလ ၃-ပါး | ၆၀ |
| ခန္ဓသဒ္ဒါအနက် | ၇၆၊၁၀၁ |
| **[ ခ ]** | |
| ခန္ဓာ ၅-ပါးကို ဇာတိဓမ္မ စသည်ရှု၍ မဂ်ရပုံ | ၄၁၈ |
| ခန္ဓာတို့၏ ရာသိလက္ခဏာကို မသိပုံ | ၁၀၅ |
| **[ ဂ ]** | |
| ဂတိနိမိတ်အာရုံ | ၁၉၉ |
| ဂတိနိမိတ်တူပုံ | ၂၄၇ |
| ဂန္ဓရုပ် | ၁၅ |
| ဂန္ဓာရုံကမ္မနိမိတ် | ၂၆၁ |
| ဂန္ဓာရုံကမ္မနိမိတ်တူပုံ | ၂၄၀၊၂၅၁၊ |
| ဂဗ္ဘသေယျပဋိသန္ဓေ | ၃၁၅ |
| ဂေါတြဘူဇော | ၄၂၃ |
| ဂေါတြဘူဉာဏ် နိဗ္ဗာန်ကို မြင်ခြင်း | ၄၁၂ |
| **[ ဃ ]** | |
| ဃာနဒွါရ၌ ထင်ပုံ | ၂၃၆ |
| ဃာနပသာဒရုပ် | ၁၄ |
| ဃာနဝိညာဏ် | ၂၃၈၊၂၄၈၊၂၅၈ |
| ဃာနဝိညာဏ်ဖြစ်ပုံ | ၂၂၄ |
| ဃာနဝိညာဏဓာတ် | ၂၂ |
| **[ င-စ ]** | |
| ငါးဒွါရ၌ မရဏာသန္နဝီထိဖြစ်ပုံ | ၂၃၇ |
| စက္ခုစသောရုပ်များ ဟီန ပဏီတ ခွဲသင့်ပုံ | ၆၈ |
| စက္ခုဒွါရ၌ ထင်ပုံ | ၂၃၆ |
| စက္ခုဒွါရဝီထိမှ ဝိပါက်စိတ်များ | ၃၁၉ |
| စက္ခုဒွါရဝီထိဖြစ်ပုံ | ၃၁၇ |
| စက္ခုဒွါရိကဝီထိစိတ်များ၌ ပဋ္ဌာန်းပစ္စည်းတပ်ပုံ | ၃၄၃ |
| စက္ခုပသာဒရုပ် | ၁၃ |

အက္ခရာစဉ် စာမျက်နှာ

[ စ ]

စက္ခုပသာဒ ဒုက္ခသစ္စာဖြစ်ပုံ ၁၁၂
စက္ခုဝိညာဏ် ၂၃၇၊၂၄၇၊
၂၅၀၊၂၀၉၊၃၁၇
စက္ခုဝိညာဏဓာတ် ၂၁
စက္ခုဝိညာဏ်ဖြစ်ပုံ ၂၂၃
စတုတ္ထစျာန်ဘုံရောက်မည့်
ကမ္မနိမိတ် ၁၂-ပါး ၂၇၀
စကြဝဠာအနန္တရှိ အဝိဇ္ဇာတို့၏
သဘော ၃၉၃
စကြဝဠာအနန္တရှိ ဝိညာဏ်တို့၏
သဘော ၃၉၇
စကြဝဠာအနန္တရှိ သင်္ခါရတို့၏
သဘော ၃၉၅
စလန, ဥပစ္ဆေဒဘဝင် ၂-ချက် ၃၁၇
စလနဘဝင် ဥပစ္ဆေဒဘဝင် ၃၀၀
စိတ်ကို ကုသိုလ် ဝိပါက်
ကြိယာ ခွဲပြခြင်း ၃၄၄
စိတ်ကို ပြိုးပြိုးပြက်အရောင်ဟု
ဟောပုံ ၃၇၄
စိတ်ဝိညာဏ်ဟူသမျှ ဝိပဿနာ
ရှုပုံ ၃၄၅
စိတ္တကမ္မညတာ၏ ဓမ္မဝဝတ္ထာန်
၄-ပါး ၃၇
စိတ္တကမ္မညတာ၏ ပရမတ္ထ
သဘောတရား ၁၅၃
စိတ္တကမ္မညတာ၏ သဘော
လက္ခဏာ ၃၇
စိတ္တဇရုပ် ကာလသုံးပါး ၅၀
စိတ္တပဿဒ္ဓိ၏ ဓမ္မဝဝတ္ထာန် ၄-ပါး ၃၄
စိတ္တပဿဒ္ဓိ၏ ပရမတ္ထသဘော
တရား ၁၅၂
စိတ္တပဿဒ္ဓိ၏ သဘောလက္ခဏာ ၃၄

အက္ခရာစဉ် စာမျက်နှာ

[ စ ]

စိတ္တပါဂုညတာ၏
ဓမ္မဝဝတ္ထာန် ၄-ပါး ၃၀
စိတ္တပါဂုညတာ၏ ပရမတ္ထ
သဘောတရား ၁၅၃
စိတ္တပါဂုညတာ၏ သဘော
လက္ခဏာ ၃၀
စိတ္တမုဒုတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး ၃၆
စိတ္တမုဒုတာ၏ ပရမတ္ထ သဘော
တရား ၁၅၃
စိတ္တမုဒုတာ၏ သဘော ၃၆
စိတ္တလဟုတာ၏
ဓမ္မဝဝတ္ထာန် ၄-ပါး ၃၅
စိတ္တလဟုတာ၏ ပရမတ္ထ
သဘောတရား ၁၅၂
စိတ္တလဟုတာ၏ သဘော ၃၅
စိတ္တသင်္ခါရ ၁၂၄
စိတ္တဝိဒ္ဓိပ္ပါဒ် ၁၆၂
စိတ္တုဇုကတာ၏
ဓမ္မဝဝတ္ထာန် ၄-ပါး ၃၉
စိတ္တုဇုကတာ၏ ပရမတ္ထ
သဘောတရား ၁၅၃
စိတ္တုဇုကတာ၏ သဘော
လက္ခဏာ ၃၉
စုတိစိတ် ၂၄၉
စုတိစိတ် ၁-ကြိမ် ၂၃၉
စုတိစိတ်ဖြစ်ပုံ ၂၅၅
စုတိနှင့် ပဋိသန္ဓေ ဆက်စပ်ပုံ ၁၀၉
စုတေခါနီး မဟာကုသိုလ်ဇော
၅-ကြိမ် ၃၀၀
စေတနာ၏ ပရမတ္ထ
သဘောတရား ၁၅၁
စေတနာ၏ သဘော လက္ခဏာ ၂၅

အက္ခရာစဉ် စာမျက်နှာ

[ဆ-ဇ]

ဆန္ဒနှင့် စိတ်တို့၏ ကိစ္စတပါးစီ ၁၆၂
ဆန္ဒိဒ္ဓိပ္ပါဒ် ၁၆၂
ဇရတာရုပ် ၂၁
ဇာတိရုပ် ၂၀
ဇိဝှါဒွါရ၌ ထင်ပုံ ၂၃၆
ဇိဝှါပသာဒရုပ် ၁၄
ဇိဝှါဝိညာဏ် ၂၃၀၊ ၂၄၀၊ ၂၅၀
ဇိဝှါဝိညာဏ်ဖြစ်ပုံ ၂၂၄
ဇိဝှါဝိညာဏဓာတ် ၂၂
ဇီဝိတိန္ဒြေ၏ သဘောလက္ခဏာ ၂၆
ဇီဝိတိန္ဒြေရုပ် ၁၇
ဇော ၅-ကြိမ် ၂၃၉၊ ၂၄၉၊ ၂၅၉
ဇောစိတ် ၇-ချက် ၃၁၀
ဇောဖြစ်ပုံ ၂၂၅

[ ဋ-တ ]

ဋီကာအမိပ္ပါယ်ရှင်းချက် ၂၀၃
တတိယစျာန်ဘုံ ပဋိသန္ဓေစိတ် ၂၆၉
တတိယစျာန်ဘုံရောက်မည့် ကမ္မနိမိတ် ၁၄-ပါး ၂၆၀
တတြမဇ္ဈတ္တတာ၏ကိစ္စ ၁-ပါး ၁၆၁
တတြမဇ္ဈတ္တတာ၏ဓမ္မဝဝတ္ထာန် ၄-ပါး ၃၄
တတြမဇ္ဈတ္တတာ၏ ပရမတ္ထ သဘောတရား ၁၅၂
တတြမဇ္ဈတ္တတာ၏သဘော လက္ခဏာ ၃၄
တဒါရုံ ၂-ကြိမ် ၂၃၉၊ ၂၄၉၊ ၂၅၉
တဒါရုံဖြစ်ပုံ ၂၂၅
တေဇောဓာတ် ၁၃

အက္ခရာစဉ် စာမျက်နှာ

[ တ-ထ-ဒ ]

တိုက်တွန်းချက် ဥယျောဇဉ် ၃၃၄
ထိန၏သဘောလက္ခဏာ ၃၁
ဒိဋ္ဌိ၏သဘောလက္ခဏာ ၂၉
ဒိဋ္ဌိမလွတ်လျှင် သံသရာမှ မကျွတ်နိုင်ပုံ ၃၃၂
ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ ၂-ပါး ၃၄၆
ဒုက္ခသစ္စာ၌ ပိုင်းခြားသိခြင်း ကိစ္စ ၄၂၆
ဒုက္ခသစ္စာပုဒ်ရှင်းပြချက် ၁၁၃
ဒုက္ခသစ္စာဖြစ်ပုံရှင်းချက် ၃၄၆
ဒုက္ခသဘော ထင်မြင်ခြင်း ၃၄၅
ဒုက္ခဟုရှု၍ မဂ်ရပုံ ၄၁၆
ဒုဂ္ဂတိဘုံမှ ကာမသုဂတိဘုံ၌ ပဋိသန္ဓေဝိညာဏ်စိတ်ဖြစ်ပုံ ၂၅၄
ဒုဂ္ဂတိဘုံမှ စုတေ၍ ဒုဂ္ဂတိဘုံ၌ ပဋိသန္ဓေဝိညာဏ်ဖြစ်ပုံ ၂၄၄
ဒုတိယစျာန် ပဋိသန္ဓေဖြစ်ပုံ ၂၆၇
ဒုတိယစျာန်ဘုံ ပဝတ္တိဝိညာဏ် ၂၆၀
ဒုတိယစျာန်ဘုံရောက်မည့် ကမ္မနိမိတ် ၁၄-ပါး ၂၆၅
ဒုတိယစျာန်ဘုံသွားမည့် မရဏာသန္နဝီထိ ၂၆၆
ဒူရရုပ် ၁၆-ပါး ၇၃
ဒူရရုပ်ဖြစ်ပုံ ၇၂
ဒေါသ၏သဘောလက္ခဏာ ၃၀

[ ဓ ]

ဓမ္မဝိစယသမ္ဗောဇ္ဈင် ၁၅၅
ဓာတ် ၁၈-ပါးကို အဝိဇ္ဇာက မသိပုံ ၁၁၀
ဓာတ် ၁၈-ပါးခွဲပုံ ၁၁၀

အက္ခရာစဉ် စာမျက်နှာ

[ န ]

နတ်ပြည်၌ဖြစ်မည့် နိမိတ်အာရုံများ ၂၂၉
နတ်ဘုံမှ အပါယ်ဘုံသို့ဖြစ်ဟန် ၂၂၂
နာနတ္တနည်း ၃၃၅
နာမ်ခန္ဓာများ ဒုက္ခသစ္စာဖြစ်ပုံ ၁၁၆
နိဗ္ဗာန် အဆုံးအဖြတ်နှင့်တကွ ၎င်းနိဗ္ဗာန်ကို ဂေါတြဘုဉာဏ် မဂ်ဉာဏ်တို့ အာရုံပြု မပြုကို ပြဆိုချက် ၄၃၄
နိဗ္ဗာန်၏အရောင်သဘော ၃၀၀
နိဗ္ဗာန်၏လက္ခဏာ ၄၂
နိဗ္ဗာန်၏သဘောကို ပြဆိုချက် ၃၅၀
နိဗ္ဗာန်ကို အနတ္တဟုသိ၍ သောတာပတ္တိမဂ်ရပုံဝီထိ ၄၂၅
နိဗ္ဗာန်ကို ဒိဋ္ဌမြင်လျက် အပြောခက်ပုံ ၁၆၃
နိဗ္ဗာန်ကို နိစ္စဟုသိ၍ သောတာပတ္တိမဂ်ရပုံဝီထိ ၄၂၂
နိဗ္ဗာန်ကို ပြိုးပြိုးပြက်ဟု ဟောရပုံ ရှင်းချက် ၃၇၂
နိဗ္ဗာန်ကိုမြင်၍ မဂ်တရား ရပုံ ဝီထိ ၄၂၂
နိဗ္ဗာန်ကို မှန်းဆ၍ သိလာပုံ ၃၉၉
နိဗ္ဗာန်ကို သိမြင်ရန် နည်းကို ပြဆိုချက် ၃၉၂
နိဗ္ဗာန်ကို သုခဟုသိ၍ သောတာပတ္တိမဂ်ရပုံဝီထိ ၄၂၄
နိဗ္ဗာန်တပါးမှ နှစ်ပါးဖြစ်ပုံ ၄၅၁
နိဗ္ဗာန်နှင့် ကိလေသာ ခန္ဓာကုန်ခြင်းတို့ မတူပုံ ၃၀၃
နိဗ္ဗာန်နှင့် ပညတ်ထူးခြားပုံ ၄၀၃
နိဗ္ဗာန်၌ ဥပါဒါရုပ်များ မရှိပုံ ၃၅၆

အက္ခရာစဉ် စာမျက်နှာ

[ န ]

နိဗ္ဗာန်၌ အိုနာသေမှု မရှိပုံ ၄၀၂
နိဗ္ဗာန်၌ ငြိတည်နေမှု ရှိကြောင်း ပြဆိုချက် ၄၀၃
နိဗ္ဗာန်၌ ဓာတ် ၄-ပါး မရှိပုံ ၃၅၄
နိဗ္ဗာန်၌ ပြိုးပြက်လက်ပြောင် အဆင်းအရောင် မရှိပုံ ၃၅၄
နိဗ္ဗာန်၌ ရုပါရုံ မရှိပုံ ၃၅၄
နိဗ္ဗာန်၌ ရုပ်နာမ်အထူး မရှိပုံ ၃၀၅
နိဗ္ဗာန်သဘော၌ အမြင်မှား ပျောက်ခြင်း ၄၂၀
နိဗ္ဗာန်သည် ပရမတ္ထ ထင်ရှားရှိပုံ ၄၀၀
နိဗ္ဗာန်သည် ရုပ်တို့၏ တည်ရာမဟုတ် ၃၅၆
နိဗ္ဗာန်သို့ ပြေးဝင်သော ဉာဏ်ဖြစ်ပုံ ၄၀၁
နိဗ္ဗာန်မမြင်က မဂ်ဖိုလ်မရနိုင် ၁၄၄
နိဗ္ဗာန်မြင်နိုင်ပုံ ရှင်းလင်းချက် ၃၄၉
နိဗ္ဗာန်မြင်မှ မဂ်ဖိုလ်ရပုံ ၁၄၄
နိဗ္ဗိန္ဒဉာဏ်ဖြစ်ပုံ ၃၉၁
နိမိတ်အာရုံ ဧကန်ထင်လာပုံ ၂၀၁
နိရောဓဓာတ်ကြီး ဖြစ်ပေါ်ခြင်း ၁၄၃
နိရောဓသစ္စာ ၁၁၇
နိရောဓသစ္စာ၌ မျက်မှောက် ပြုခြင်းကိစ္စ ၄၂၆
နိရောဓသမာပတ် သင်္ခတ အသင်္ခတမဟုတ် ၁၇၆
နေက္ခမ္မဝိတက်ဖြစ်ပုံ ၃၉၁
နေဝသညာပဋိသန္ဓေအာရုံ ၃၀၂
နေဝသညာပဋိသန္ဓေစိတ် ၂၇၁
နေဝသညာပဋိသန္ဓေစိတ်အာရုံ ၃၁၂

အက္ခရာစဉ် စာမျက်နှာ

[ ပ ]

ပကိဏ်းစေတသိက် ၆-ပါး ၁၅၁
ပစ္စဝေက္ခဏာဝီထိဖြစ်ပုံ ၁၆၃
ပစ္စုပ္ပန်ဂတိနိမိတ် အာရုံတူပုံ ၂၃၂
ပစ္စုပ္ပန် ဂတိနိမိတ်တူပုံ ၂၅၇
ပစ္စုပ္ပန်ဖြစ်ပုံ ထောက်၍ အတိတ်
  အနာဂတ် သိနိုင်ခြင်း ၃၃၀
ပစ္စုပ္ပန်ရုပ် ၅၁
ပစ္စုပ္ပန် ဝေဒနာ ၈၀
ပဥ္စဒွါရာဝဇ္ဇန်း ၂၃၇၊၂၄၇၊၂၅၈၊၂၈၉
ပဥ္စဒွါရာဝဇ္ဇန်း ၁-ချက် ၃၁၇
ပဥ္စဒွါရဝီထိ သေခါနီးဖြစ်ပုံ ၂၂၃
ပဥ္စမဈာန်ဘုံ ပဋိသန္ဓေစိတ် ၂၇၁
ပညတ်ကမ္မနိမိတ်ထင်ပုံ ၂၉၄
ပညတ်တရားကို ပြဆိုချက် ၃၈၈
ပညတ်နှစ်ပါးကို အဝိဇ္ဇာကမသိပုံ ၄၂
ပညတ်၌ ဥပါဒ်ဌီဘင်မရှိပုံ ၃၉၁
ပညာကို အရောင်အဖြစ်ဟောပုံ ၃၇၇
ပညာဗလ ၁၅၅
ပညာရောင် အမျိုးမျိုး နှိုင်း
  ယှဉ်ချက် ၃၈၀
ပညိန္ဒြေ ၁၅၅
ပညိန္ဒြေ၏ ဓမ္မဝဝတ္ထာန် ၄-ပါး ၄၁
ပညိန္ဒြေ၏ သဘောလက္ခဏာ ၄၁
ပဋိစ္စသမုပ္ပါဒ်နည်းလေးပါး ၃၃၅
ပဋိစ္စသမုပ္ပါဒ်နည်းလေးပါး
  စသည်ကို ပြဆိုချက် ၃၂၅
ပဋိသန္ဓိသမ္ပယုတ္တဓမ္မနှင့်ပဝတ္တိ
  ဝိညာဏ် ၂၇၇
ပဋိသန္ဓိသဟဇာတဓမ္မနှင့်ပဝတ္တိ
  ဝိညာဏ် ၂၇၉
ပဋိသန္ဓေစိတ်ခေါ်ပုံရှင်းချက် ၁၉၀
ပဋိသန္ဓေစိတ်နှင့်အာရုံ ၅-ပါး ၂၀၂
ပဋိသန္ဓေစိတ်နှင့်ပညတ်အာရုံ ၂၀၂
ပဋိသန္ဓေပဝတ္တိဝိညာဏ် ၂-ပါး ၁၈၈
ပဋိသန္ဓေဘဝင်စုတိတို့၏အာရုံ
  ဖြစ်သော ကံ ကမ္မနိမိတ်
  ဂတိနိမိတ်တို့ကို ပြဆိုချက် ၁၉၈
ပဋိသန္ဓေဝိညာဉ်အာရုံ ၃-မျိုး ၂၀၀
ပဋိသန္ဓေဝိညာဏ် ၁၈၉
ပဋိသန္ဓေသမ္ပယုတ်တရားနှင့်
  ပဝတ္တိဝိညာဏ် ၂၉၉
ပဌမဈာန် ရူပဘုံရောက်မည့်
  ကမ္မနိမိတ် ၂၅-ပါး ၂၆၃
ပဌမဈာန်ဘုံရောက်မည့်
  မရဏာသန္နဝီထိ ၂၆၃
ပဌမပိုင်းနိဂုံး ၄၆၃
ပဋ္ဌာန်းနည်းရှင်းချက် ၁၈၉
ပဏ္ဏာသအဋ္ဌကထာဖွင့်ပြချက် ၄၀၅
ပဏီတ=မြင့်မြတ်သောရုပ် ၆၇
ပထဝီဓာတ် ၁၂
ပရမတ္ထသဘောဖြင့် သေပုံကို
  ရှင်းချက် ၂၆၆
ပရိကံ ဥပစာ အနုလုံဇောများ ၄၂၂
ပဝတ္တိဝိညာဏ် ၁၉၁
ပဝတ္တိဝိညာဏ်အပြားကို
  ပြဆိုချက် ၃၁၆
ပဝတ္တိဝိညာဏ် ၂-မျိုး ၃၁၆
ပဝတ္တိဝိညာဏ် ၃၂-ပါး ၃၂၃
ပဿဒ္ဓိသမ္ဗောဇ္ဈင် ၁၆၁
ပါဠိတော်အဓိပ္ပါယ် ဒုတိယ
  နည်း ၄၅၆
ပါဠိတော်အဓိပ္ပါယ်ရှင်းချက်
  ၃၅၉၊၄၀၅၊၄၁၁၊၄၄၉
ပါဠိတော်ဆိုလိုရင်းဖော်ပြချက် ၄၄၇

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ပ-ဖ ]** | |
| ပါဠိတော်ယူဆပုံ ရှင်းချက် | ၄၄၀ |
| ပီတိ၏ ပရမတ္ထသဘောတရား | ၁၅၁ |
| ပီတိ၏သဘောလက္ခဏာ | ၂၇ |
| ပီတိနှင့်ပဿဒ္ဓိတို့၏ကိစ္စ | ၁၆၁ |
| ပီတိသမ္ဘောဇ္ဈင် | ၁၆၁ |
| ပုဂ္ဂိုလ်သတ္တဝါ အရေအတွက်မှ လွတ်ခြင်း | ၄၅၅ |
| ပုညာဘိသင်္ခါရအကျိုးဝိညာဏ် ၂၁-ပါး | ၁ဂ၆ |
| ပုညာဘိသင်္ခါရဖြစ်ပေါ်ပုံ | ၁၃၁ |
| ပုထုဇန်သေက္ခတို့ ဧကန္တနိမိတ် ထင်ခြင်း | ၂၁၁ |
| ပုဗ္ဗာဝရုပ် | ၁၇ |
| ဖဿ၏ ပရမတ္ထသဘောတရား | ၁၅၀ |
| ဖဿ၏ သဘောလက္ခဏာ | ၂၄ |
| ဖောဋ္ဌဗ္ဗရုပ် | ၁၆ |
| ဖောဋ္ဌဗ္ဗာရုံ ကမ္မနိမိတ် | ၂၆၂ |
| ဖောဋ္ဌဗ္ဗာရုံ ကမ္မနိမိတ်တူပုံ | ၂၄၁၊၂၅၂ |
| ဖိုလ်စိတ်၏ ငြိမ်းခြင်းကို နိဗ္ဗာန်ဟုယူသောဝါဒ | ၄၂၉ |
| ဖိုလ်စိတ်ကို သင်္ခါရအကျိုး မဆိုရပုံ | ၃၂၅ |
| ဖိုလ်စိတ်သည် သင်္ခါရ၏ အကျိုး မဟုတ် | ၁ဂ၁ |
| ဖြစ်ပျက်မြင်က မဂ်ဖိုလ်ရနိုင်ပုံ | ၃၃၇ |
| **[ ဗ ]** | |
| ဗဟိဒ္ဓရုပ် | ၆၃ |
| ဗြဟ္မာမရဏာသန္နဇောနှင့် ကာမပဋိသန္ဓေ အာရုံတူပုံ | ၂၉၁ |
| ဗြဟ္မာသေပုံ ပရမတ္ထဖြင့် ရှင်းချက် | ၂ဂ၆ |
| **[ ဘ ]** | |
| ဘဝ၏ နောက်ဆုံးစိတ် | ၃၄၄ |
| ဘဝကူးပုံ အစီအစဉ် | ၂၁၅ |
| ဘဝနိကန္တိကဇောဝီထိဖြစ်ပုံ | ၃၄၁ |
| ဘဝင်ကျခြင်း | ၃၁ဂ၊၄၂၃ |
| ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ | ၂၅ဂ |
| ဘဝင်စုတိစိတ်ဖြစ်ပုံ | ၂၂၅ |
| ဘဝင်စိတ်နှင့် စုတိစိတ်များ | ၂၃၅ |
| ဘဝင်စိတ်၌ လက္ခဏာ ယာဉ် ၃-ပါးတင်ပုံ | ၃၃၉ |
| ဘဝင်စိတ်များကို ဝိပဿနာရှုပုံ | ၃၄၁ |
| ဘဝင် ၁၅-ကြိမ် | ၃၄၂ |
| ဘဝင်နှင့် စုတိစိတ်တို့၏အာရုံ | ၂၀၅ |
| ဘဝင် ၂-ကြိမ် | ၂၃၇၊၂၄၇၊၄၂၂ |
| ဘဝင် ၂-ကြိမ်ဖြစ်ပုံ | ၂၂၃ |
| ဘုရားရှင်၏ ရူပါရုံ စကြဝဠာ အနန္တ၌ ဖြစ်ပုံ | ၃၆၄ |
| ဘုရားရှင်တို့ ရောင်ခြည်တော် ကွန့်မြူးနိုင်ပုံ | ၃၆၆ |
| ဘုံအားဖြင့် ပဋိသန္ဓေစိတ် အာရုံခွဲပုံ | ၂၀၆ |
| ဘုံအားဖြင့် ပဋိသန္ဓေ ဝိညာဏ်ခွဲပုံ | ၁၉၁ |
| **[ မ ]** | |
| မဂ်၏ အာရုံရှင်းပြချက် | ၃ဂ၁ |
| မဂ်၏ သစ္စာ ၄-ပါး၌ ကိစ္စ ၄-ချက်ဖြင့် သိပုံ | ၄၂၆ |
| မဂ်ကိစ္စ ၄-ချက်ဖြစ်ပုံ | ၁၄၇ |
| မဂ္ဂဝီထိဖြစ်ပုံ | ၁၆၂ |
| မဂ္ဂသစ္စာ | ၁၁ဂ |
| မဂ္ဂသစ္စာ၌ ပွါးများခြင်းကိစ္စ | ၄၂၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ မ ] | |
| မဂ်စိတ်၌ ပါဝင်သော စေတသိက်တရားတို့နှင့် ဗောဓိပက္ခိယတရားတို့ ကိစ္စပြုလုပ်ပုံ | ၁၅၀ |
| မဂ်ဉာဏ်၏ ဗောဓိပက္ခိယ ကိစ္စ ၅-ပါး | ၁၅၄ |
| မဂ်တရားချုပ်ပြီးနောက် မဂ်ကိစ္စ ထင်ရှားနေပုံ | ၁၆၇ |
| မဂ်တရား ဖိုလ်တရား ဖြစ်လာပုံ | ၃၅၀ |
| မဂ်ပယ်အပ်သော ကိလေသာတို့ အဘာဝဖြစ်ပုံ | ၁၆၇ |
| မဂ်ရစေနိုင်သည့် ဝိပဿနာ လေးဆယ် | ၄၂၀ |
| မင်္ဂလ မြတ်စွာဘုရား၏ ရောင်ခြည်တော် | ၃၆၄ |
| မစ္ဆရိယ၏ သဘောလက္ခဏာ | ၃၀ |
| မနသိကာရ၏ သဘောလက္ခဏာ | ၂၆ |
| မနောဒွါရ မရဏာသန္နဝီထိ | ၂၅၄ |
| မနောဒွါရ ဝီထိမှ ဝိပါက်စိတ် | ၃၁၉ |
| မနောဒွါရာဝဇ္ဇန်း | ၂၉၅၊၃၀၀၊ ၃၀၅၊၃၁၃၊၃၄၂၊၄၂၂ |
| မနောဓာတ် | ၂၃ |
| မရဏာသန္နဇော ၅-ကြိမ် | ၂၉၅ |
| မရဏာသန္နဇောမကျမီ နိမိတ် ထင်ခြင်း | ၂၁၃ |
| မဟာဘုတ် ဥပါဒါရုပ်တို့ကို ပြဆိုချက် | ၄၄ |
| မဟာဘုတ်ခေါ်ပုံရှင်းချက် | ၄၅ |
| မာန၏သဘောလက္ခဏာ | ၂၉ |
| မိဒ္ဓ၏သဘောလက္ခဏာ | ၃၁ |
| မှုချခွဲနည်းကို ယူသင့်ပုံ | ၆၂ |
| [ မ ] | |
| မုဋ္ဌိတုကမ္မုတာဉာဏ် | ၃၉၇ |
| မုဒိတာ၏ ဓမ္မဝဝတ္ထာန် ၄-ပါး | ၄၁ |
| မုဒိတာ၏ သဘောလက္ခဏာ | ၄၁ |
| မုဒုတာရုပ် | ၁၉ |
| မူလဘဝင်ကျခြင်း | ၃၄၂ |
| မောဟ၏ သဘောလက္ခဏာ | ၂၇ |
| မြတ်စွာဘုရား အလိုတော် ဖော်ပြချက် | ၃၉၀ |
| မြတ်စွာဘုရား၏ ဟောရိုး အစဉ် အလာ | ၃၈၄ |
| မှောင်တွင်း၌ လမ်းလျှောက်သူ ဥပမာ | ၄၃၁ |
| [ ယ-ရ ] | |
| ယုတ်ညံ့သော အာရုံထင်ပုံ | ၂၄၈ |
| ရတနတ္တယ ပဏာမအချီး | ၁ |
| ရသရုပ် | ၁၆ |
| ရသာရုံ ကမ္မနိမိတ် | ၂၆၂ |
| ရသာရုံ ကမ္မနိမိတ်တူပုံ | ၂၄၁၊၂၅၁ |
| ရာဂကုန်ကြောင်းနိဗ္ဗာန် | ၁၆၉ |
| ရာဂကုန်ခြင်း ၂-မျိုး | ၁၈၄ |
| ရာဂကုန်ရာ အရဟတ္တဖိုလ် | ၁၈၁ |
| ရာဂက္ခယပုဒ်အနက် ၃-မျိုး | ၁၆၇ |
| ရာဂက္ခယပုဒ်ဝိဂ္ဂြိုဟ် | ၄၄၂ |
| ရာဂက္ခယပုဒ်ဝိဂ္ဂြိုဟ် ၃-မျိုး | ၁၈၂ |
| ရဟန္တာ၌နိမိတ်မထင်ခြင်း | ၂၁၁ |
| ရဟန္တာဖြစ်စဉ် | ၁၆၆ |
| ရူပက္ခန္ဓာခေါ်ကြောင်းနှင့် ခန္ဓ-သဒ္ဒါ၊ရူပသဒ္ဒါတို့၏ အနက် | ၈၅ |
| ရူပကုသိုလ်အကျိုး ဝိညာဉ် ငါးပါး | ၁၇၅ |
| ရူပစုတိစိတ် | ၂၉၀၊၂၉၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ရ ] | |
| ရူပ ၁၀-ဘုံမှ ကာမသုဂတိဘုံ၌ ပဋိသန္ဓေ ဝိညာဏ်ဖြစ်ပုံ | ၂၇၅ |
| ရူပ ၁၀-ဘုံမှ စုတေ၍ ရူပ ၁၀-ဘုံ၌ ပင် ထပ်မံ၍ ပဋိသန္ဓေ ဝိညာဏ် ဖြစ်ပုံ | ၂၉၄ |
| ရူပ ပဋိသန္ဓေဝိညာဏ်ဖြစ်ပုံ | ၁၉၄ |
| ရူပ ပဉ္စမဈာန်ဘုံသား ပဋိသန္ဓေ ဖြစ်ပုံ | ၂၆၄ |
| ရူပ ပဉ္စမဈာန်ဘုံ ပဝတ္တိဝိညာဏ် စိတ် | ၂၆၅ |
| ရူပအရိယာတို့၏ မရဏာသန္န ဝီထိ | ၂၉၇ |
| ရူပ ၁၀-ဘုံမှ စုတေ၍ အရူပ ၄-ဘုံ၌ ပဋိသန္ဓေဝိညာဏ် ဖြစ်ပုံ | ၂၉၉ |
| ရူပ ၁၃-ဘုံမှ စုတေ၍ ရူပ ၁၅-ဘုံ၌ ပဋိသန္ဓေဝိညာဏ် ဖြစ်ပေါ်ပုံ | ၂၉၇ |
| ရူပပဋိသန္ဓေစိတ် | ၂၉၅ |
| ရူပပုညာဘိသင်္ခါရအကျိုး စိတ်များ | ၃၂၁ |
| ရူပပုညာဘိသင်္ခါရအား ကျေးဇူးပြုပုံ | ၁၃၅ |
| ရူပဗြဟ္မာစုတိစိတ် | ၂၈၆၊၃၀၁ |
| ရူပဘဝင် ၂-ကြိမ် | ၂၈၈၊၂၉၄ |
| ရူပဘုံသားတို့၏ ပဝတ္တိဝိညာဏ် | ၂၉၆ |
| ရူပသဒ္ဒါအနက် | ၇၇ |
| ရူပါရုံ၏ ထင်ရာဒွါရ | ၃၆၂ |
| ရူပါရုံကမ္မနိမိတ် | ၂၆၁ |
| ရူပါရုံကမ္မနိမိတ်တူပုံ | ၂၄၀၊၂၅၁၊၂၉၁ |
| ရူပါရုံ သဒ္ဒါရုံကမ္မနိမိတ် | ၂၈၈ |
| ရုပ်ကို အဇ္ဈတ္တ ဗဟိဒ္ဓခွဲပုံ | ၆၃ |
| ရုပ်ကို ဩဠာရိက သုခုမခွဲပုံ | ၆၄ |
| ရုပ်ကို ဒူရ သန္တိက ခွဲပြခြင်း | ၇၂ |
| ရုပ်ကို ဟီန ပဏီတ ခွဲပုံ | ၆၆ |
| ရုပ် ၁၁-ရာသီတို့ကို ပြဆိုချက် | ၄၉ |
| ရုပ်တို့၏ သဘောလက္ခဏာ | ၁၂ |
| ရုပ်နာမ်ကို ရဟန္တာခေါ်ပုံ | ၄၅၃ |
| ရုပ်သည် သဘောတရားမျှ ဖြစ်ပုံ | ၄၈ |
| [ လ ] | |
| လက္ခဏာရေး ၃ ပါး ထင်လာပုံ | ၃၉၈ |
| လဟုတာရုပ် | ၁၉ |
| လူနတ်ဖြစ်ပုံကို ပရမတ္ထအားဖြင့် ရှင်းချက် | ၂၅၆ |
| လူနတ်ပဋိသန္ဓေစိတ် ဖြစ်ပေါ်ပုံ | ၂၆၀ |
| လူနှင့်နတ် ပဋိသန္ဓေဖြစ်ပုံ | ၂၃၁၊၂၃၉ |
| လူနှင့်နတ် ပဝတ္တိဝိညာဏ် | ၂၆၂ |
| လူဘုံမှ အပါယ်ဘုံသို့ ဘဝ ကူးဟန် | ၂၁၆ |
| လူဘုံမှ နတ်ဘုံဖြစ်မည့် ဝီထိပုံ | ၂၄၀ |
| လူသေသည်ကို အဘိဓမ္မာဖြင့် ရှင်းချက် | ၂၂၅ |
| လောဘ၏ သဘောလက္ခဏာ | ၂၉ |
| လောဘဇော ၇-ကြိမ် | ၃၄၂ |
| လောကီဝိပါက်စိတ်သင်္ခါရ၏ အကျိုးဖြစ်ပုံရှင်းချက် | ၁၈၂ |
| လျင်မြန်သော သေခြင်းတမျိုး | ၂၁၂ |
| [ ဝ ] | |
| ဝစီဝိညတ်ရုပ် | ၁၉ |
| ဝစီသင်္ခါရ | ၁၂၄ |
| ဝဋ္ဋဒုက္ခအစုကြီးသာ ဖြစ်နေခြင်း | ၃၄၈ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဝ ] | |
| ဝဋ္ဋဒုက္ခအစုဟု ရှု၍ နိဗ္ဗာန်မြင်နိုင်ခြင်း | ၃၄၉ |
| ဝဏ္ဏရုပ် | ၁၅ |
| ဝါယောကသိုဏ်းပညတ် ကမ္မနိမိတ် | ၂၈၁ |
| ဝါယောဓာတ် | ၁၃ |
| ဝိစာရ၏ ပရမတ္ထသဘောတရား | ၁၅၁ |
| ဝိစာရ၏ သဘောလက္ခဏာ | ၂၇ |
| ဝိစိကိစ္ဆာ၏ သဘောလက္ခဏာ | ၃၁ |
| ဝိညာဏက္ခန္ဓာ | ၁၀၄ |
| ဝိညာဏက္ခန္ဓာကို မသိပုံကို ပြဆိုချက် | ၁၀၄ |
| ဝိညာဏဋ္ဌိစုတိစိတ် | ၃၀၈ |
| ဝိညာဏဋ္ဌာဘုံမှ အရူပ ၃-ဘုံသို့ ရောက်ပုံ | ၃၀၇ |
| ဝိညာဏ်၏ အပြစ်ဒေါသများ | ၃၉၆ |
| ဝိညာဏ်၌ လက္ခဏာယာဉ် ၃-ပါး တင်ပုံ | ၃၃၈ |
| ဝိညာဏဋ္ဌာယတနကုသိုလ် ကမ္မနိမိတ် | ၂၇၆ |
| ဝိညာဏဓာတ်တို့၏ သဘော လက္ခဏာ | ၂၁ |
| ဝိညာဏ်ဖြစ်အောင် ပြုလုပ်သူ မရှိပုံ | ၃၂၅ |
| ဝိညာဏ်ဖြစ်သည်ဟု ဟောခြင်း ရှင်းချက် | ၁၉၇ |
| ဝိညာဏဋ္ဌာယတနပဋိသန္ဓေစိတ် | ၂၇၄ |
| ဝိညာဏဋ္ဌာယတနပဋိသန္ဓေ အာရုံ | ၃၀၂ |
| ဝိတက်၏ကိစ္စ ၁-ပါး | ၁၆၂ |
| **ဝိတက်၏ပရမတ္ထသဘောတရား** | **၁၅၁** |
| **ဝိတက်၏ သဘောလက္ခဏာ** | **၂၆** |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဝ ] | |
| ဝိပဿနာပွါးသူ၌ အရောင် လင်းပုံ | ၃၆၉ |
| ဝိပါက်စိတ်များ | ၃၄၄ |
| ဝိပါက်စိတ်များကို ပြဆိုချက် | ၃၁၇ |
| ဝိရတီ ၃-ပါး | ၁၅၄ |
| ဝိမံသိဒ္ဓိပ္ပါဒ် | ၁၅၆ |
| ဝီရိယ၏ ပရမတ္ထသဘောတရား | ၁၅၁ |
| ဝီရိယ၏သဘောလက္ခဏာ | ၂၇ |
| ဝီရိယစေတသိက်၏ကိစ္စ ၉-ပါး | ၁၅၇ |
| ဝီရိယဗလ | ၁၅၈ |
| ဝီရိယိဒ္ဓိပ္ပါဒ် | ၁၅၈ |
| ဝီရိယိန္ဒြေ | ၁၅၈ |
| ဝီရိယသမ္ဗောဇ္ဈင် | ၁၅၈ |
| ဝုဋ္ဌော | ၂၄၉ |
| ဝုဋ္ဌောစိတ် | ၂၃၉၊၂၉၀ |
| ဝုဋ္ဌော ၁-ချက် | ၃၁၈ |
| ဝုဋ္ဌောဖြစ်ပုံ | ၂၂၅ |
| ဝေဒနာ၏ ပရမတ္ထသဘော တရား | ၁၅၀ |
| ဝေဒနာ၏သဘောလက္ခဏာ | ၂၄ |
| ဝေဒနာက္ခန္ဓာ | ၁၀၀ |
| ဝေဒနာက္ခန္ဓာဟု ခေါ်အပ် ကြောင်း ပြဆိုချက် | ၁၀၀ |
| ဝေဒနာကို အဇ္ဈတ္တ ဗဟိဒ္ဓခွဲပုံ | ၈၃ |
| ဝေဒနာကို အနီးအဝေးခွဲပုံ | ၉၄ |
| ဝေဒနာကို အယုတ်အမြတ်ခွဲပုံ | ၉၄ |
| ဝေဒနာကို ကာလသုံးပါးခွဲပုံ | ၇၇ |
| ဝေဒနာကို ကုသလတိတ်ဖြင့် အကြမ်းအနုခွဲပုံ | ၈၇ |
| **ဝေဒနာကို ခဏ၏အစွမ်းဖြင့် ကာလသုံးပါးခွဲပုံ** | ၈၂ |

အက္ခရာစဉ် စာမျက်နှာ

[ ဝ ]

ဝေဒနာကို သန္တတိ၏အစွမ်း အားဖြင့် ကာလသုံးပါးခွဲပုံ ၇၁
ဝေဒနာချင်းနီးပုံ ၉၉
ဝေဒနာ ၁၁-ရာသီတို့ကိုပြဆိုချက် ၈၈
ဝေဒနာတိတ်ဖြင့် ခွဲခြင်း ၉၆
ဝေဒနာတိတ်ဖြင့် ခွဲနည်း၌ ရှင်းချက် ၇၉
ဝေဒနာတိတ်ဖြင့် ဝေဒနာ အကြမ်းအနုခွဲပုံ ၇၉၊၉၀
ဝေဒနာသုံးမျိုး ၈၈
ဝေဟပ္ဖိုလ် အကနိဋ္ဌဘုံမှ အရိ- ယာတို့ အခြားဘုံမရောက်ပုံ ၃၀၂
ဝေါဟာရသေ ပရမတ္ထသေ ၂-မျိုး ၂၁၈
ဝိုင်ယာလက်ဥပမာ ၃၂၇

[ သ ]

သံသရာစက်ပြတ်ပုံကို ပြဆိုချက် ၁၈၈
သံသေဒဇနှင့် ဥပပါတ် ၃၁၅
သဉပါဒိသေသအဓိပ္ပါယ် ၄၃၄
သဉပါဒိသေသ နိဗ္ဗာန် အရကောက်ပြချက် ၄၃၅
သကဒါဂါမ်ဖြစ်ပုံ ၁၆၅၊၄၃၂
သင်္ခတ အသင်္ခတသဘောကို ရှု၍ မဂ်ရနိုင်ပုံ ၄၁၉
သင်္ခတဧနှင့် အသင်္ခတဧ ၄၁၁
သင်္ခတတရားအဓိပ္ပါယ် ၃၇၈
သင်္ခတလက္ခဏာ ၃-ပါး ၃၇၇
သင်္ခါရ၏အပြစ်များ ၁၄၁
သင်္ခါရက္ခန္ဓာ ၁၀၂
သင်္ခါရက္ခန္ဓာကို မသိပုံကို ပြဆိုချက် ၁၀၂

အက္ခရာစဉ် စာမျက်နှာ

[ သ ]

သင်္ခါရကြောင့်ဖြစ်သော ဝိညာဉ် တို့ကို အနုစိတ်၍ ပြဆိုချက် ၁၈၉
သင်္ခါရချင်း နှီးနှောပုံ ၁၂၅
သင်္ခါရတရားကိုယ် ၁၂၁
သင်္ခါရတို့၏ အပြစ်ဒေါသများ ၃၉၃
သင်္ခါရပစ္စယာ ဝိညာဏံ အခဏ်း ၁၈၉
သင်္ခါရသဒ္ဒါအနက်နှင့် ပုညာဘိ- သင်္ခါရစသည် ပြဆိုချက် ၁၂၀
သစ္စာလေးပါး အဆုံးအဖြတ်ကို ပြဆိုချက် ၁၁၂
သစ္စာလေးပါးကို တပြိုင်နက် မဂ်မြင်ပုံ သာဓကပါဠိ ၁၄၅
သစ္စာလေးပါးကို ထိုးထွင်းသိပုံ ၃၅၁
သစ္စာလေးပါး၌ သိပုံလေးမျိုး ၃၅၃
သစ္စာလေးပါး မသိပုံ ၁၁၂
သညဇအရောင် ပညတ်ဖြစ်ခြင်း ၃၆၉
သညာ၏ပရမတ္ထသဘောတရား ၁၅၀
သညာ၏ သဘောလက္ခဏာ ၂၅
သညာက္ခန္ဓာ ၁၀၁
သညာက္ခန္ဓာကို မသိပုံကို ပြဆိုချက် ၁၀၁
သတိ၏ ပရမတ္ထသဘောတရား ၁၅၁
သတိ၏ သဘောလက္ခဏာ ၃၂
သတိစေတသိက်၏ ကိစ္စ ၇-ပါး ၁၅၆
သတိပဋ္ဌာန် ၁၅၈
သတိဗလ ၁၅၈
သတိသမ္ဗောဇ္ဈင် ၁၅၈
သန္တတိအစွမ်းဖြင့် ကာလသုံးပါး ၅၈
သန္တိကရုပ် ၁၂-ပါး ၈၄
သန္တိကရုပ်ဖြစ်ပုံရှင်းချက် ၈၅
သန္တိပဒဉာဏ် ၄၁၀
သတိန္ဒြေ ၁၅၈

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ သ ] | |
| သန္တိပဒညာဏ်နှင့် သောတာပတ္တိမဂ်အထူး | ၄၃၀ |
| သန္တီရဏ | ၂၄၉၊ ၂၈၉ |
| သန္တီရဏစိတ် | ၂၃၀၊ ၂၅၉ |
| သန္တီရဏ ၁-ချက် | ၃၁၀ |
| သန္တီရဏဖြစ်ပုံ | ၂၂၄ |
| သဒ္ဒရုပ် | ၁၅ |
| သဒ္ဒါရုံကမ္မနိမိတ်တူပုံ | ၂၄၀၊ ၂၅၁၊ ၂၆၁၊ ၂၈၁ |
| သဒ္ဓါ၏ ပရမတ္ထသဘောတရား | ၁၅၁ |
| သဒ္ဓါ၏ သဘောလက္ခဏာ | ၃၂ |
| သဒ္ဓါစေတသိက်၏ ကိစ္စ ၂-ပါး | ၁၆၀ |
| သဒ္ဓါဗလ | ၁၆၀ |
| သဒ္ဓိန္ဒြေ | ၁၆၀ |
| သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး | ၁၅၀ |
| သဗ္ဗာကုသလသာဓာရဏစေတသိက် ၁၉-ပါး | ၁၅၁ |
| သမ္ပဋိစ္ဆိုင်း | ၂၃၀၊ ၂၄၀၊ ၂၅၉၊ ၂၈၉ |
| သမ္ပဋိစ္ဆိုင်း ၁-ချက် | ၃၁၀ |
| သမ္ပဋိစ္ဆိုင်းဖြစ်ပုံ | ၂၂၄ |
| သမ္ပယုတ်တရားများနှင့် ပဝတ္တိဝိညာဏ် | ၂၇၃ |
| သမ္ပပ္ပဓာန် | ၁၅၉ |
| သမယအစွမ်းဖြင့် ကာလ ၃-ပါး | ၅၉ |
| သမာပန္န အသမာပန္နဖြင့်ခွဲခြင်း | ၉၁၊ ၉၇ |
| သမာပန္နဒုက်ခွဲပုံရှင်းချက် | ၉၂ |
| သမာဓိန္ဒြေ | ၁၆၀ |
| သမာဓိဗလ | ၁၆၀ |
| သမာဓိသမ္ဗောဇ္ဈင် | ၁၆၀ |
| သမ္မာအာဇီဝ၏ကိစ္စ ၁-ပါး | ၁၆၁ |
| [ သ ] | |
| သမ္မာအာဇီဝ၏ ဓမ္မဝဝတ္ထာန်လေးပါး | ၄၀ |
| သမ္မာအာဇီဝ၏ ပရမတ္ထသဘောတရား | ၁၅၄ |
| သမ္မာအာဇီဝမဂ္ဂင် | ၁၆၁ |
| သမ္မာအာဇီဝ၏ သဘောလက္ခဏာ | ၄၀ |
| သမ္မာကမ္မန္တ၏ကိစ္စ ၁-ပါး | ၁၆၁ |
| သမ္မာကမ္မန္တ၏ ဓမ္မဝဝတ္ထာန်လေးပါး | ၄၀ |
| သမ္မာကမ္မန္တ၏ ပရမတ္ထသဘောတရား | ၁၅၄ |
| သမ္မာကမ္မန္တမဂ္ဂင် | ၁၆၁ |
| သမ္မာကမ္မန္တ၏ သဘောလက္ခဏာ | ၄၀ |
| သမ္မာဒိဋ္ဌိမဂ္ဂင် | ၁၅၅ |
| သမ္မာဝါစာ၏ကိစ္စ ၁-ပါး | ၁၆၀ |
| သမ္မာဝါစာ၏ ဓမ္မဝဝတ္ထာန်လေးပါး | ၃၉ |
| သမ္မာဝါစာ၏ ပရမတ္ထသဘောတရား | ၁၅၄ |
| သမ္မာဝါစာ၏ သဘောလက္ခဏာ | ၃၉ |
| သမ္မာဝါစာမဂ္ဂင် | ၁၆၁ |
| သမ္မာဝါယာမမဂ္ဂင် | ၁၅၀ |
| သမ္မာသတိမဂ္ဂင် | ၁၅၆ |
| သမ္မာသမာဓိမဂ္ဂင် | ၁၅၉ |
| သမ္မာသင်္ကပ္ပမဂ္ဂင် | ၁၆၂ |
| သမုပ္ပါဒနိရောဓဂပုဒ်တို့၏ ဝစနတ္ထနှင့် ကျမ်း၏လဒ္ဓဂုဏ် | ၅ |
| သမုဒယသစ္စာ | ၁၁၇ |
| သမုဒယသစ္စာနှင့် လက္ခဏာယာဉ် ၃-ပါး | ၃၄၇ |
| သမုဒယသစ္စာ၌ ပယ်ခြင်းကိစ္စ | ၄၂၇ |

အက္ခရာစဉ် စာမျက်နှာ

[ သ ]

သမုဒယသစ္စာဖြစ်ပုံရှင်းချက် ၃၄၇
သဝိပါက ဝေဒနာကြမ်း၍ အဝိ-
ပါက ဝေဒနာနုပုံ ၈၈
သဿတနှင့်အတ္ထိတာဒိဋ္ဌိ ၂-မျိုး ၃၃၁
သဟဇာတ် တရားများနှင့် ပဝတ္တိ
ဝိညာဏ် ၂၇၅
သဟိတ်ကာမပဋိသန္ဓေ ၁၉၃
သာသဝအနာသဝဖြင့်ခွဲခြင်း ၉၃၊၉၈
သာသဝဒုက် ခွဲပုံရှင်းချက် ၉၃
သိအပ်သော ဉေယျတရား
၃-ပါး ၃၀၆
သီလက္ခန် အဋ္ဌကထာပြဆိုချက် ၄၀၆
သုခနှင့် ဒုက္ခဝေဒနာ ရှန့်ရင်းရပုံ ၉၀
သုခုမ=နူးညံ့သောရုပ် ၆၆
သုဂတိဘုံဖြစ်မည့် နိမိတ် ၃-ပါး ၂၅၄
သုတ္တန်နည်း ကာလ ၃-ပါးခွဲပုံ ၅၃
သုဒ္ဓမနောဒွါရ၌ ရူပါရုံထင်ပုံ ၃၆၃
သေခါနီးကာလ မရဏာသန္နဇော
မကျမီ နိမိတ်ထင်ပုံ ၂၀၀
သေခါနီး ငါးဒွါရ၌ နိမိတ်ထင်ပုံ ၂၃၆
သေခါနီး ဝီထိကျပုံ ၂၁၇
သေခြင်းကို ပရမတ်ဖြင့်
ရှင်းချက် ၂၄၉
သောတဒွါရ၌ ထင်ပုံ ၂၃၆
**သောတဒွါရဝီထိစသည်** ၃၁၉၊၃၄၄

အက္ခရာစဉ် စာမျက်နှာ

[ သ ]

သောတပသာဒရုပ် ၁၄
သောတပသာဒစသည်
ဒုက္ခသစ္စာ ဖြစ်ပုံ ၁၁၅
သောတဝိညာဏ် ၂၃၀၊၂၄၀၊
၂၅၀၊၂၈၉
သောတဝိညာဏဓာတ် ၂၂
သောတဝိညာဏ်ဖြစ်ပုံ ၂၂၃
သောတာပတ္တိဖိုလ်ဇော
၂-၃-ကြိမ် ၄၂၃
သောတာပတ္တိမဂ်ဇော တကြိမ် ၄၂၃
သောတာပတ္တိမဂ်ဉာဏ်
ဖြစ်ပေါ်ပုံ ၄၁၃
သောတာပတ္တိမဂ်နောင်
ဖိုလ်ဖြစ်ပုံ ပစ္စဝေက္ခဏာ
ဇောတို့ဖြစ်ပုံ အထက်
မဂ်တို့ ဖြစ်ပုံ ၁၆၂
သောတာပန်၏ အကျိုးတရား ၁၆၄
သောဘနစေတသိက်တို့၏
သဘောလက္ခဏာ ၃၂

[ ဟ ]

ဟဒယဝတ္ထုရုပ် ၁၇
ဟိရီ၏ ပရမတ္ထသဘောတရား ၁၅၂
ဟိရီ၏ သဘောလက္ခဏာ ၃၂
ဟီန=ယုတ်ညံ့သောရုပ် ၆၆

သမုပ္ပါဒနိရောဓကျမ်း

# ဂါထာသူစိ


| ဂါထာယော | ပိဋ္ဌကော် |
|---|---|
| **[အ-ဣ-ဧ]** | |
| အနာဂတေပိ သံသာရေ | ၃၃၂ |
| အနုပါဒိသေသာ ပန သမ္ပရာယိကာ | ၄၅၀ |
| ဣစ္ဆန္တာ ဝဋ္ဋမောက္ခံ တံ | ၂ |
| ဧတ္ထ ဒီဃဉ္စ ရဿဉ္စ | ၃၅၇ |
| ဧဝံ ကမ္မေ ဝိပါကေ စ | ၃၃၂ |
| ဧဝမေတံ အဘိညာယ | ၃၃၄ |
| **[က ဂ]** | |
| ကမ္မံ နတ္ထိ ဝိပါကမှိ | ၃၂၈ |
| ကမ္မဿ ကာရကော နတ္ထိ | ၃၂၇ |
| ကမ္မာ ဝိပါကာ ဝတ္တန္တိ | ၃၂၆ |
| ကိဉ္စိ ဓမ္မတ္ထ မိပ္ပါယေ | ၁ |
| ကျိုက်လတ် ဣတိ စ ဝေါဟာရေ | ၁ |
| ဂမ္ဘီရပစ္စယေ ဓမ္မေ | ၁ |
| **[ဒ-န]** | |
| ဒက္ခိဏေယျံ ဝရံ ခေတ္တံ | ၁ |
| ဒိဋ္ဌိဗန္ဓနဗန္ဓာ တေ | ၃၃၃ |
| နိဗ္ဗာနဉ္စေဝ ပညတ္တိ | ၁၄၃ |
| **[ပ-ဖ]** | |
| ပက္ခိပိတွာန ဗုဒ္ဓဿ | ၁ |
| ပဋိသန္ဓိဘဝင်္ဂဉ္စ | ၂၀၆ |
| ဖလေန သုညံ တံ ကမ္မံ | ၃၂၉ |
| **[ယ]** | |
| ယထာပိ ဥဏှော ဝိဇ္ဇန္တေ | ၃၉၉ |
| ယထာပိ ဒုက္ခေ ဝိဇ္ဇန္တေ | ၃၉၉ |
| ယထာပိ ပါပေ ဝိဇ္ဇန္တေ | ၃၉၉ |
| **[ဝ]** | |
| ဝဇ္ဇာဝဇ္ဇာနုသာသန္တာ | ၁ |
| ဝိညာဏံ အနိဒဿနံ | ၃၅၇ |
| ဝေဟပ္ဖလေ အကနိဋ္ဌေ | ၃၀၃ |
| **[သ]** | |
| သံပကာသယိ သတ္တာနံ | ၁ |
| သံသာရမုတ္တကာမေဟိ | ၁ |
| သတ္တသညံ ဂဟေတွာန | ၃၃၂ |
| သဒ္ဒေန ဓမ္မကာမေန | ၁ |
| သမုပ္ပါဒံ နိရောဓဉ္စ | ၂ |
| သော ဝေဒနာ ပရိညာယ | ၄၅၅ |

## သမုပ္ပါဒနိရောဓဂကျမ်း၌
## ကိုးကားမှီငြမ်းပြုသည့် ပါဠိ, အဋ္ဌကထာ, ဋီကာများ

### ပါဠိတော်များ

သီလက္ခန်ပါဠိတော်
သံယုတ်ပါဠိတော် (ပ)
သံယုတ်ပါဠိတော် (ဒု)
သံယုတ်ပါဠိတော် (တ)
ပရိဝါပါဠိတော်
အင်္ဂုတ္တိုရ်ပါဠိတော်
ဓမ္မသင်္ဂဏီပါဠိတော်
ဝိဘင်္ဂပါဠိတော်
ဥဒါန်းပါဠိတော်
ပဋိသမ္ဘိဒါမဂ်ပါဠိတော်
နေတ္တိပါဠိတော်

### အဋ္ဌကထာများ

သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ
မူလပဏ္ဏာသ အဋ္ဌကထာ
ပါရာဇိကဏ် အဋ္ဌကထာ
အင်္ဂုတ္တရ အဋ္ဌကထာ
အဋ္ဌသာလိနီ အဋ္ဌကထာ

### အဋ္ဌကထာများ

သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ
(ဝိဘင်း အဋ္ဌကထာ)
ခုဒ္ဒကပါဒ အဋ္ဌကထာ
ဓမ္မပဒ အဋ္ဌကထာ
ဥဒါန်း အဋ္ဌကထာ
ဣတိဝုတ် အဋ္ဌကထာ
အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ
(သင်္ဂြိုဟ်)
ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ
နေတ္တိ အဋ္ဌကထာ

### ဋီကာများ

သာရတ္ထဒီပနီဋီကာ
ဝိမတိဋီကာ
မူလဋီကာ
ဝိသုဒ္ဓိမဂ္ဂ မဟာဋီကာ
ပေါရာဏဋီကာ
မဏိသာရ မဉ္ဇူသာဋီကာ
အဘိဓမ္မတ္ထ ဝိဘာဝိနီဋီကာ

# နောက်ဆက်တွဲ

## အဘိဏှသုတ် ပါဠိတော်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဉ္စိမာနိ ဘိက္ခဝေ ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ ဣတ္ထိယာ ဝါ ပုရိ-
သေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

ကတမာနိ ပဉ္စ——

(၁) ဇရာဓမ္မောမှိ၊ ဇရံ အနတီတောတိ အဘိဏှ ပစ္စဝေက္ခိတဗ္ဗံ။

(၂) ဗျာဓိဓမ္မောမှိ၊ ဗျာဓိံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

(၃) မရဏဓမ္မောမှိ၊ မရဏံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

(၄) သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါမှီ-
တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

(၅) ကမ္မဿကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပ္ပဋိသရ-
ဏော၊ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ
ဒါယာဒေါ ဘဝိဿာမီတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ ဣတ္ထိယာ ဝါ
ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

## အဘိဏှသုတ် နိဿယ

ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စ၊ ငါးပါးကုန်သော။ ဣမာနိ ဌာနာနိ၊ ဤ
အကြောင်းတရားတို့ကို။ ဣတ္ထိယာ ဝါ၊ မိန်းမသည်၎င်း။ ပုရိသေန ဝါ၊
ယောကျ်ားသည်၎င်း။ ဂဟဋ္ဌေန ဝါ၊ လူသည်၎င်း။ ပဗ္ဗဇိတေန ဝါ၊ ရဟန်း
သည်၎င်း။ အဘိဏှံ၊ နေ့ ညဥ့် မပြတ်။ ပစ္စဝေက္ခိတဗ္ဗာနိ၊ ဆင်ခြင်အပ်ကုန်၏။

ပဉ္စ၊ ငါးပါးတို့သည်။ ကတမာနိ၊ အဘယ်သည်တို့နည်း။

(၁) အဟံ၊ ငါသည်။ ဇရာဓမ္မော၊ အိုခြင်းသဘောရှိသည်။ အမှိ၊ ဖြစ်၏။
ဇရံ၊ အိုခြင်းသဘောတရားကို။ အနတီတော၊ မလွန်နိုင်ချေ။ ဣတိ၊ ဤသို့။
အဘိဏှံ၊ နေ့ညဥ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

(၂) အဟံ၊ ငါသည်။ ဗျာဓိဓမ္မော၊ နာခြင်းသဘောရှိသည်။ အမှိ၊ ဖြစ်၏။ ဗျာဓိံ၊ နာခြင်းသဘောတရားကို။ အနတီတော၊ မလွန်နိုင်ချေ။ ဣတိ၊ ဤသို့။ အဘိဏှံ၊ နေ့ညဥ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

(၃) အဟံ၊ ငါသည်။ မရဏဓမ္မော၊ သေခြင်းသဘောရှိသည်။ အမှိ၊ ဖြစ်၏။ မရဏံ၊ သေခြင်းသဘောတရားကို။ အနတီတော၊ မလွန်နိုင်ချေ။ ဣတိ၊ ဤသို့။ အဘိဏှံ၊ နေ့ ညဥ့် မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

(၄) မေ၊ ငါ့အား။ သဗ္ဗေဟိ၊ ခပ်သိမ်းကုန်သော။ ပိယေဟိ၊ ချစ်နှစ်လို အပ်ကုန်သော။ မနာပေဟိ၊ နှလုံးကို ပွါးစေတတ်သော အဆွေအမျိုး, အဆွေ ခင်ပွန်း, ချစ်ကျွမ်းဝင်သူတို့နှင့်။ နာနာဘာဝေါ၊ အရပ်တပါးသို့ ပြောင်းသွား သဖြင့် ရှင်ကွဲ ကွဲရခြင်းသည်၎င်း။ ဝိနာဘာဝေါ၊ ဘဝတပါးသို့ ပြောင်းသွား သဖြင့် သေကွဲ ကွဲရခြင်းသည်၎င်း။ အမှိ၊ ဖြစ်တတ်ချေ၏။ ဣတိ၊ ဤသို့။ အဘိဏှံ၊ နေ့ ညဥ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

(၅) အဟံ၊ ငါသည်။ ကမ္မဿကော၊ ကံသာလျှင် မိမိဥစ္စာရှိသည်။ ကမ္မ-ဒါယာဒေါ၊ ကံသာလျှင် အမွေခံရှိသည်။ ကမ္မယောနိ၊ ကံသာလျှင် အကြောင်း ရင်း ရှိသည်။ ကမ္မဗန္ဓု၊ ကံသာလျှင် အဆွေအမျိုးရှိသည်။ ကမ္မပ္ပဋိသရဏော၊ ကံသာလျှင် ကိုးကွယ်, လည်းလျောင်းရာ ရှိသည်။ အမှိ၊ ဖြစ်၏။

ကလျာဏံ ဝါ၊ ကောင်းသည်လည်း ဖြစ်သော။ ပါပကံ ဝါ၊ မကောင်း သည်လည်း ဖြစ်သော။ ယံ ကမ္မံ၊ အကြင် ကံကို။ ကရိဿာမိ၊ ပြုအံ့။ တဿ-ကမ္မဿ၊ ထိုကောင်းမှု, မကောင်းမှု ကံ၏။ ဒါယာဒေါ၊ ကောင်းမွေ, ဆိုးမွေ ခံသည်။ ဘဝိဿာမိ၊ ဖြစ်ရအံ့။ ဣတိ၊ ဤသို့။ အဘိဏှံ၊ နေ့ညဥ့် မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣမာနိ ပဉ္စ ဌာနာနိ၊ ဤငါးပါးသောအကြောင်း တရားတို့ကို။ ဣတ္ထိယာ ဝါ၊ မိန်းမသည်၎င်း။ ပုရိသေန ဝါ၊ ယောကျ်ားသည်၎င်း။ ဂဟဋ္ဌေန ဝါ၊ လူသည်၎င်း။ ပဗ္ဗဇိတေန ဝါ၊ ရဟန်းသည်၎င်း။ အဘိဏှံ၊ နေ့ညဥ့် မပြတ်။ ပစ္စဝေက္ခိတဗ္ဗာနိ၊ ဆင်ခြင်အပ်ကုန်၏။

အဘိဓမ္မာသုတ် နိဿယ ပြီး၏။

## ရုပ်နာမ်တို့၏ အဖြစ်အပျက်မြင်ရန် အရေးကြီးပုံ

ယော စ ဝဿသတံ ဇီဝေ၊
အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊
ပဿတော ဥဒယဗ္ဗယံ။

အနက်။ ။ယော စ၊ အကြင်သူသည်လည်း။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်တို့၏ ဖြစ်ပုံ ပျက်ပုံကို။ အပဿံ၊ မရှုမကြည့် မမြင်မိဘဲ။ ဝဿသတံ၊ ကာလ ရှည်ကြာ အနှစ်တရာပတ်လုံး။ ဇီဝေ၊ အသက်ရှည်၏။

တဿ၊ ထိုသူ၏။ ဇီဝိတံ အနှစ်တရာ အသက်ရှည်ခြင်းထက်။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်တို့၏ ဖြစ်ပုံ ပျက်ပုံကို။ ပဿတော၊ ရှုကြည့် ဆင်ခြင် သိမြင်သောသူ၏။ ဧကာဟံ၊ ကာလမကြာ တရက်တာမျှ၊ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်လှချေ၏။

မြန်မာပြန်။ ။အကြင်သူသည် ရုပ်နာမ်ဘရားတို့၏ ဖြစ်ပုံ ပျက်ပုံကို မရှု မကြည့် မမြင်မိဘဲ နှစ်ပေါင်းတရာကြာအောင် အသက်ရှည်၏။

ထိုသူ၏ အနှစ်တရာကြာအောင် အသက်ရှည်ခြင်းထက် ရုပ်နာမ်တို့၏ ဖြစ်ပုံ ပျက်ပုံကို ရှုကြည့်ဆင်ခြင် သိမြင်သူ၏ တရက်တာကလေးမျှ အသက်ရှည်ရခြင်းက ပိုမို၍ မြတ်လှပေသည်။

ထို့ကြောင့် ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုကို မြင်အောင် ရှုကြည့်ကြပါလေ။

၆

ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ

ဗုဒ္ဓသာသနာအဖွဲ့

၌

ရိုက်နှိပ်ပြီးသော

# ကမ္မဋ္ဌာန်းဆိုင်ရာ
# မြန်မာပြန် ကျမ်းစာအုပ်များ

---

၁။ ပဋ္ဌိသမ္ဘိဒါမဂ် မြန်မာပြန်

၂။ ဝိသုဒ္ဓိမဂ် မြန်မာပြန် ပဌမတွဲ

၃။ ဝိသုဒ္ဓိမဂ် မြန်မာပြန် ဒုတိယတွဲ

၄။ ဝိသုဒ္ဓိမဂ် မြန်မာပြန် တတိယတွဲ

၅။ လယ်တီ ဒီပနီပေါင်းချုပ် ပဌမတွဲ

၆။ ပရမတ္ထသရူပဘေဒနီ ဒုတိယတွဲ

၇။ ဋီကာကျော် မြန်မာပြန် တတိယတွဲ

၈။ ဝိပဿနာဒီပနီ

၉။ ဘာဝနာဒီပနီ

---

တိပိဋက ပါဠိ-မြန်မာအဘိဓာန် ၆-တွဲ ထွက်ပြီ။

မဟာဗုဒ္ဓဝင်- ၅-တွဲ (၆-အုပ်) ထွက်ပြီ။